www.burmeseclassic.com



BURMESE CLASSIC .com

ဥဒယကျေးရွာစာပေ

# မဒိမ်ကံ

ခင်ခင်ထူး

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အမှာစာ

(၁)

ရွှေအမြုတေမဂ္ဂဇင်းတွင် လပေါင်း (၁၆) လတိုင်တိုင် အခန်းဆက်ဝတ္ထုရှည်အဖြစ် ကျွန်မ ရေးသားခဲ့သော 'မအိမ်ကံ' လုံးချင်းဝတ္ထု ပြီးမြောက်သွားသည့်နောက် စာအုပ်အဖြစ် ထုပ်ထုပ်ပိုက်ပိုက် ထုတ်ဝေနိုင်လိုက်သည့်အတွက် ကျွန်မ အလွန်ဝမ်းသာမိပါသည်။ စာရေးဆရာတစ်ယောက်အနေဖြင့် မိမိအားထုတ်ခဲ့ရသော စာအုပ်တစ်အုပ် စာအုပ်စင်ပေါ် တင်နိုင်ပြီဆိုသော ခံစားမှုကို ကျွန်မဆိုလိုခြင်း ဖြစ်ပါ၏။

ကျွန်မအနေဖြင့် စာအုပ်ပေါင်း (၂၀) ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သော်လည်း လုံးချင်းဝတ္ထုအနေဖြင့်မူ 'မအိမ်ကံ' သည် စတုတ္ထမြောက် လုံးချင်းဝတ္ထုဖြစ်ပါသည်။ သည်ဝတ္ထုကြီးကို ရေးသားရန် စိတ်ကူးစဉ်ကတည်းက ကျွန်မမှာ ရေးချင်စရာ၊ ထည့်ချင်စရာ၊ ဖြည့်ချင်စရာတွေ များခဲ့သည်။ အိမ်ကို ရောက်လာသမျှ စာပေမိတ်ဆွေများ၊ စာရေးဆရာများ၊ ရပ်ရှင်နယ်မှ မိတ်ဆွေများကို မရေးမီကပင် ဇာတ်လမ်းအကြမ်း ပြောပြဖြစ်ခဲ့သည်။ မိတ်ဆွေများကလည်း 'မအိမ်ကံ' အကြောင်း လုံးချင်းဝတ္ထုအဖြစ် ပြီးမြောက်အောင် ရေးသားရန် အားပေးခဲ့ကြပါသည်။ သို့သော်လည်း ကျွန်မကိုယ်တိုင် ချမရေးဖြစ်သေးဘဲ စိတ်ကူးအတွင်း အောင်းထားခဲ့သည့်နှစ်တွေ အတော်ကြာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စင်စစ် 'မအိမ်ကံ' ဝတ္ထုကျော့ရှိုးမှာ ကျွန်မတို့ရွာတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အဖြစ်မှန်ဇာတ်လမ်းဖြစ်သည်။ ကျွန်မတို့ငယ်ငယ် ရွာမှာနေစဉ်က ဝိုင်းတိုက်အပြင် ထွက်ကစားတော့မည်ဆိုလျှင် လူကြီးမိဘများက မှာတတ်သော စကားရှိပါသည်။ "ကစားတာ လွတ်လွတ်ကင်းကင်း ကစားကြ...မကံ ပဲမှော်တိုက် ဘက် သွားမကစားကြနဲ့" ဆိုသည့်စကား ဖြစ်သည်။ ကျွန်မတို့ကလည်း သည်လို မှာတိုင်း ကြားရိုးကြားစဉ် သဘောထားခဲ့ကြသည်။ မကံပဲမှော်တိုက်သည် ခြံကျယ်ကြီး တစ်ခြံအတွင်းတွင် ထီးထီးကြီးရှိနေသော ပဲမှော်တိုက်ကြီးဖြစ်၍ ကျွန်မတို့ငယ်စဉ် ကပင် ဆွေးလှပါပြီ။ ဘူးလို၊ ဖရုံလိုအပင်များသာမက နွယ်ရှင်ကြီးတွေ၊ ချုံနွယ်ကြီး တွေ ငုံထားသော ထိုပဲမှော်တိုက်ဆီကို ဘယ်ကလေးမှ တကန်တက သွားကစား တာမျိုး မရှိကြသော်လည်း လူကြီးတွေကတော့ သတိရတိုင်း မှတ်မှတ်ရရ မှာတတ် တာကလည်း အမှန်ပင်။

ကျွန်မတို့ နည်းနည်းကလေး သိတတ်သည့်အရွယ်ရောက်တော့ မကံဆိုတာ ဘယ်သူလဲလို့ မေးမိခဲ့သည်။ အမေတို့၊ ကြီးတော်တို့က သည်လိုမေးလျှင် ကောင်း ကောင်းမဖြေပါ။ "မကံ ဆိုတာ မကံပေါ့အေ..." ဆိုတာနှင့် ပြီးရသည်ချည်းပင်။ ပဲမှော်တိုက်က ဘာဖြစ်လဲဆိုတော့လည်း "ပဲမှော်တိုက်က ပြိုတော့မှာလေ...မတော် ကစားနေတုန်း ပြိုကျရင် ဘယ့်နှယ်လုပ်မတုံး" ဆိုတာလောက်သာ ဖြေကြပါ၏။ တချို့ကလည်း မကံပဲမှော်တိုက်က နေဝင်ရင် မီးလက်တာ မြင်ရသတဲ့ဆိုတာမျိုး၊ သီချင်းညည်းသံ ကြားရတယ် ဆိုတာမျိုး၊ အမဲသား ပိသလုံးတွဲကြီး ဆွဲသွားတာ ပဲမှော်တိုက်အထိ စွတ်ကြောင်းရာကြီး တွေ့သတဲ့တော် ဆိုတာမျိုး မရေမရာ ပြောကြ တာများကိုလည်း ကျွန်မတို့ အကြားနာခဲ့ရသည်။ မီးရောင်ကို ဘယ်သူမြင်တာလဲ၊ သီချင်းသံကို ဘယ်သူကြားတာလဲ၊ စွတ်ကြောင်းရာကြီးကို ဘယ်သူတွေ့တာလဲ ဆိုတော့လည်း ဝေဝေဝါးဝါး ရှိကြပြန်သည်။ မဟုတ်သလိုလို၊ ဟုတ်သလိုလို။ သေချာတာကတော့ ကျွန်မငယ်ငယ်က မကံပဲမှော်တိုက်ဆိုတာကြီးကို ကြောက်ရွံ့ခဲ့ရ တာတော့ အမှန်ပင်။

ကျွန်မကြီးတော်တွေထဲက အသက်အကြီးဆုံး ကြီးတော်ကြီးကတော့ စိတ်ကူး ရသည့်အခါ "မကံက အင်မတန်လှသာကိုးအေ့ တစ်ရွာကတောင် လာငေးရသယ့် မိန်းမ...အသားကလေးများ ပဲတီချဉ်သန့်သန့်လို ဝါပြီး မှည့်နေသာအေ့...ဆံပင်များ ဆိုရင် တံကောက်ကွေး ရိုက်ကရော. မျက်ခုံးတွေက တံစဉ်ကွေး...မျက်လုံးတွေက ဖန်တူလုံး ..အသားကလေးတွေများ တုန်နေသလား မှတ်ရသယ်..." ဆိုတာမျိုး ပြောဖူးသည်။ သည်လောက်ပဲ များများစားစား ကြားခဲ့ရဖူးပါ၏။ ဖန်တူလုံးဆိုတာက ကလေးတွေ ကစားသော ဖန်ဂေါ်လီလုံးကလေးလို ကြည်လင်နေသည့်သဘောကို ဆိုလိုပါသည်။

BURMESE CLASSIC .com



ကျွန်မငယ်ငယ်က ကြားခဲ့ဖူးသော မကံ (ဒေါ်ကံ) အကြောင်းက ပြည့်ပြည့် စုံစုံမဟုတ်ပါ။ ပြောကြသလောက်သာ ကြားခဲ့ရခြင်းဖြစ်၍ ကျွန်မအာရုံထဲ နှင့်နှင့်စူးစူး ရောက်မလာခဲ့သေးပါ။ တစ်ခေတ်တစ်ခါက ရွာမှာ အလွန်ချောမောလှပသော ရွာသူ မိန်းမချောတစ်ယောက် ရှိခဲ့သည်။ ဥစ္စာစည်းစိမ် ပြည့်စုံသည်။ လယ်ယာကိုင်းခင်း ပြည့်စုံသည့် သူကြီးသမီး ဖြစ်သည်ဆိုတာလောက်သာ ရင်ထဲရောက်ခဲ့ရသည်။

(၂)

ကျွန်မတို့မိဘများ ရွာမှ မြင်းခြံကို ပြောင်းရွှေ့နေထိုင်ခဲ့ကြပြီးသည့်နောက် မြင်းခြံမြို့တွင် ကျွန်မတို့မောင်နှမတစ်တွေ ကျောင်းနေခဲ့ကြသည်။ နှစ်စဉ် နွေကျောင်း ပိတ် ရွာပြန်တိုင်း မိဘဆွေမျိုးများအရိပ်တွင် ခိုလှုံကြရင်း တောစကားကို တောနား နှင့် ကြားခဲ့ရတာတွေသာ များခဲ့သည်။ တောသူတောင်သား ဆွေမျိုးသားချင်းတို့၏ ရိုးစင်းသော ဘဝတွေကြားမှာ အနေများခဲ့ရသည်။ ကျောင်းဖွင့်လို့ မြို့ကိုပြန်ရသော် လည်း စိတ်က ရွာကိုပင် လွမ်းဆွတ်ကြသည်။ ကျွန်မတို့ အရွယ်ကလေးရလာတော့ ရွာမှာ မကံပဲမှော်တိုက် မရှိတော့ပါ။ ပြိုကျသွားတာလား၊ ဖြိုဖျက်ပစ်လိုက်ကြတာလား တော့ မသိရ။ ပဲမှော်တိုက် မရှိတော့တာကိုတော့ သတိထားမိခဲ့ပါ၏။ မကံပဲမှော်တိုက် မရှိတော့သည့်အခါ မကံပဲမှော်တိုက်ဘက် သွားမကစားကြနဲ့ ဆိုသည့်စကားလည်း မေ့မေ့ပျောက်ပျောက် ဖြစ်ရတော့သည်။ သည်လိုနှင့် မကံဆိုသော ရွာမိန်းမချော တစ်ယောက်၏အကြောင်းသည် ကျွန်မတို့ရွာကလေးမှာ ရှားရှားပါးပါး ကြားရသော အကြောင်းအရာ ဖြစ်ခဲ့ရပါ၏။

ကျွန်မ ခုနစ်တန်းကျောင်းသူအရွယ်တွင် မြင်းခြံမြို့မှ မန္တလေးမြို့သို့ မိသားစု ပြောင်းရွှေ့ခဲ့ကြသည်။ မန္တလေးမှာ အထက်တန်းပညာ၊ တက္ကသိုလ်ပညာတွေ ဆည်းပူးခဲ့သည်။ တစ်ရက်မှာတော့ အမေက မကံပဲမှော်တိုက်အကြောင်း စကား ရောက်ရာမှ မကံ၏ဘဝဇာတ်လမ်းကို စိတ်လိုလက်ရ ပြောပြခဲ့သည်။ အမေတို့က မမကံ ခေါ်ကြပါ၏။ မမကံ ဆိုသော်လည်း အမေတို့နှင့် ခေတ်ပြိုင် ရွယ်တူရွယ်တန်း မဟုတ်ပါ။ မကံခေတ်ကောင်းစဉ်က အမေတို့က တော်တော်ကို ငယ်ကြသေးသည် ဖြစ်၍ သူတကာ မမကံ ဆိုလို့ မမကံခဲ့ရသည်ဟု ဆိုပါ၏။ သို့သော် မမကံ၏ ဇာတ်လမ်းကို အမေတို့ကိုယ်တိုင် အရွယ်ရောက်တော့ ကောင်းကောင်းသိခဲ့ ကြားခဲ့ကြ ရပြီ။ အမေက သည်စကားအကြောင်းအရာကို ပြောပြတော့ အံ့သြခဲ့ရပါ၏။

နောက်ပိုင်း ရွာကိုရောက်လို့ မိကြီး ထွေးကြီး၊ ကြီးတော်ကြီးတို့ကို တစ်စစီ မေးရင်းက ဒေါ်ကံ့ဘဝကို သိခဲ့ရသည်။ ကျွန်မငယ်စဉ်က ကြောက်ရွံ့ခဲ့မိသော မကံပဲမှော်တိုက်နှင့် နီးနွယ်နေသော ဒေါ်ကံ့ဘဝဇာတ်ကြောင်းက ကျွန်မ စာတွေ မရေးခင်ကတည်းက ကျွန်မရင်ထဲ စူးစူးခိုက်ခိုက် ခိုဝင်နေခဲ့ပါ၏။ ကျွန်မ စာတွေ ရေးဖြစ်လာတော့ ဒေါ်ကံ့ဘဝကို ဝတ္ထုရေးချင်မိသော်လည်း ဝတ္ထုတိုကလေးတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com

အနေဖြင့် အားမရချင်။ သည်တော့ ရှာပြန်ရောက်တိုင်း ဒေါ်ကံနှင့်ပတ်သက်စပ်ယှက်သမျှတွေကို ကျွန်မ ရှာဖွေတီးခေါက်ရင်းက ဒေါ်ကံ့ဘဝကို ဖြည့်ခဲ့ရသည်။ ဘဝရုပ်လုံးအကြမ်းပေါ်လာတော့မှ အတန်ငယ် ခြုံငုံမိသောဇာတ်လမ်း ဖြစ်ခဲ့ရသည်။ သည်ဇာတ်လမ်းကို ကျောရိုးပြု၍ ကျွန်မ၏ စိတ်ကူးများနှင့် ပေါင်းစပ်ကာ 'မအိမ်ကံ' ဝတ္ထုအဖြစ် ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။

တကယ်ရေးမည်ဆိုပြန်တော့ နှစ်ကာလနှင့်ချီကာ ရင်ထဲ မွေးထားရင်း ထည့်ချင်သည့်ဇာတ်ကွက်တွေကို စိတ်ကူးဖြင့် အကြိမ်ကြိမ် ပုံဖော်ရပါသည်။ နောက်ခံအဖြစ် ကာလသတ်မှတ်ရပါသည်။ ထိုကာလနောက်ခံနှင့် လျော်ညီသော အခင်းအကျင်းကို ချရပါသည်။ ဝတ္ထုကို အထောက်အကူပြုမည့် စာအုပ်များကို ရှာရဖွေရ ဖတ်ရမှတ်ရပါသည်။ နှစ်တစ်ရာပြက္ခဒိန် စာအုပ်တစ်အုပ်ဝယ်ကာ မအိမ်ကံ မွေးဖွားသည်မှ ဇာတ်လမ်းပြီးဆုံးချိန်အထိ ရက်စဉ်မလွဲအောင် တေးရ မှတ်ရပါ၏။ ဝတ္ထုတည်ရာ မြင်းခြံနယ် မြေပုံတစ်ချပ် ကိုယ်တိုင်ဆွဲကာ ရွာများ၊ လမ်းများ၊ အထင်ကရနေရာများကို ပုံစံချရသည်။ မအိမ်ကံတို့ ဆွေစဉ်မျိုးဆက်ဇယားကို ဆွဲရသည်။ ဝတ္ထုပါ ဇာတ်ကောင်များ၏ အမည်နှင့်တွဲကာ ဇာတ်ကောင်စရိုက်ကို ရေးမှတ်ထားရပါ၏။

တကယ်တန်းချရေးဖြစ်သည့်အခါမှာတော့ အခန်းတွေ ကြိုတင်ခွဲထားခဲ့သော်လည်း အခန်းတစ်ခန်းချင်းမှာ ထည့်ချင်တာတွေ ရှိလာပြန်သဖြင့် တစ်ခန်းကနေ နှစ်ခန်း၊ သုံးခန်း ပွားရတာများလည်း ရှိခဲ့ပါသည်။ ဇာတ်လမ်း ဝေဝေဆာဆာရှိစေရန် ဇာတ်ကောင်များများ ထည့်ရတာမျိုးရှိသလို၊ အခြားအဖြစ်အပျက်တွေကို အံဝင်ခွင်ကျ ပေါင်းစပ်ရတာမျိုးလည်း ရှိရပြန်ပါ၏။ တစ်လချင်းရေးရင်းက ထည့်ချင်စိတ်ရှိတာကလေးတွေ ထည့်မိသည်လည်း အခါခါပင်။

(၃)

မအိမ်ကံဝတ္ထု ချမရေးမီ တစ်နှစ်က ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာဦးဝင်းငြိမ်း ကျွန်မတို့အိမ်ကို အလည်ရောက်လာခဲ့ပါသည်။ ဆရာက မန္တလေးမြို့ကိုရောက်တိုင်း အချိန်ရလျှင်ရသလို ကျွန်မတို့မိသားစုထံ ရောက်လာတတ်မြဲဖြစ်၍ ကျွန်မတို့ကို မောင်နှမရင်းသဖွယ် စောင့်ရှောက်သူ ဖြစ်ပါသည်။ ကျွန်မ မအိမ်ကံ ဇာတ်လမ်း တည်ထားပုံကို ပြောပြသည့်အခါ ရွှေအမြုတေမဂ္ဂဇင်းမှာ အခန်းဆက်ဝင်ရန် ခွင့်ပြုခဲ့သည်။ ရေးသည့်အခါတွင်လည်း စိတ်လွတ်ပြီး ရေးရန်နှင့် ဖော်ပြမည့်ကာလအတိုင်းအတာနှင့် စာမျက်နှာကို မစဉ်းစားဘဲ ရေးနိုင်သမျှ ရေးပါရန်ပင် မှာခဲ့ပါသည်။ မန္တလေးမြို့သို့ အကြောင်းအားလျော်စွာ ရောက်လာသည့်အခါတိုင်း အိမ်ကို လာရောက်လည်ပတ်ရင်း စိတ်ခွန်အားပေးခဲ့သည့်အတွက်လည်း ကျွန်မမှာ များစွာ အားဖြစ်ရပါ၏။ မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြသည့်အခါတွင်လည်း ပန်းချီ



ဆရာ ဆရာဖေညွန့်ဝေ၏ လက်ရာကောင်းများနှင့် လစဉ် နေရာပေး ဖော်ပြခဲ့သည့်အတွက် ဆရာ ဦးဝင်းငြိမ်း၊ ဆရာဖေညွန့်ဝေ၊ ဆရာမျိုးမြင့်ညိမ်း၊ ကိုလင်းနိုင်ဦးနှင့် ရွှေဝိုင်းတော်သူ ဝိုင်းတော်သားများကို ကျေးဇူးများစွာ တင်ရပါသည်။

သည်ဝတ္ထုကို ရေးရာတွင် ကျွန်မအဖို့ရာ အဓိက ဖော်ပြလိုရင်း အချက်တစ်ချက် ရှိပါသည်။ မြန်မာမိန်းကလေးများ၏ ကိုယ်ကျင့်တရားနှင့် ရှာမလေ့ရပ်မလေ့ကို မြတ်နိုးလေးစား တန်ဖိုးထားတတ်သောစိတ်နှလုံးကို ကျွန်မတတ်စွမ်းသမျှ ဝတ္ထုတွင် ထည့်သွင်းလိုခြင်း ဖြစ်ပါ၏။ မြန်မာကျေးတောသဘာဝများနှင့် ကျေးတောနေ တောသူတောင်သားများ၏ စိတ်နေသဘောထားကို အခါအားလျော်စွာ ဖွဲ့နွဲ့ပြချင်သည်။ အထူးသဖြင့် ဖက်စိမ်းကွမ်းတောင် (သို့မဟုတ်) မြဖက်ကွမ်းတောင် (သို့မဟုတ်) မြစိမ်းကွမ်းတောင်ဆိုသည့် ကွမ်းတောင်ကို ကိုင်ရသည့် မြန်မာမိန်းကလေးတို့တွင် ပြည့်စုံရသော အရည်အချင်းများသည် ရွာ့စံပြမိန်းကလေး (တစ်နည်း) ရွာ့ကျက်သရေ ဖြစ်ပါ၏။ ငှက်ပျောဖက်ရွက်ကွမ်းတောင်သည် ရွှေကွမ်းတောင်၊ ငွေကွမ်းတောင်၊ ကျောက်စီကွမ်းတောင်များထက် ပိုမို၍ တန်ဖိုးထားခြင်းခံရသဖြင့် ဖက်စိမ်းကွမ်းတောင်ကိုင်ဘဝသည် ရှေးခေတ် မိန်းမပျိုကလေးများအဖို့ရာ တန်ဖိုးအားဖြင့် မက်စက်သော ကိုယ်ကျင့်တရား နိမိတ်ပုံ ဖြစ်ရပါ၏။ ရပ်ရွာက ရွေးချယ်သည့် ကွမ်းတောင်ကိုင်ဆိုသော ဆုလာဘ်ကို တပ်မက်သလို အများက သတ်မှတ်ထားသော စည်းစံနှင့်အညီ ရိုးရိုးသားသား စင်စင်ကြယ်ကြယ် စောင့်စည်းခဲ့ကြခြင်းသည်လည်း ချစ်စရာ လူမှုဓလေ့ကောင်း ဖြစ်ရပါ၏။ အစစအရာရာ ပြည့်စုံသော်လည်း ကွမ်းတောင်ကိုင်ဖြစ်ချင်လှသော စိတ်ခံစားမှုအားကြီးသူ မအိမ်ကံအကြောင်း ဇာတ်လမ်းသည် တွေးတောဆင်ခြင်ဖွယ် တစ်စုံတစ်ရာ ပါသည်ဟု ဆိုလျှင် ကျွန်မ ရေးဖွဲ့ရကျိုး နပ်ပါပြီ။

သည်ကနေ့ခေတ်မှာတော့ ကွမ်းတောင်ကိုင်ရမည့် မိန်းကလေးအတွက် စံတွေ ထုံးတွေပင် လျော့ရဲလာသည့်အလျောက် အလျဉ်းသင့်သူက သင့်သလို ကွမ်းတောင်ကိုင်နေကြပါပြီ။ မည်သူမဆို ရုပ်ရည်အသင့်အတင့်ရှိလျှင် ကိုင်နိုင်ကြပါပြီ။ ရှေးကတော့ သည်လိုမရပါ။ ရွာက သတ်မှတ်ထားသော စံသည်ပင် ဥပဒေကဲ့သို့ ‥ည်ပါသည်။ တစ်နည်းအားဖြင့် အပျိုစင်ဘဝကို ကျက်သရေရှိစွာ စောင့်ရှောက်တတ်သောအလေ့နှင့် အကျင့်စာရိတ္တကောင်းကို မွေးမြူပေးကြခြင်းဟု ကျွန်မထင်သည်။ ကွမ်းတောင်ကိုင်ဘဝကို အလှအဖြစ် ခံယူသူတွေ ရှိသကဲ့သို့ပင် ဘဝအဖြစ် ခံယူသူတွေလည်း ရှိခဲ့သည်။

'မအိမ်ကံ' ဝတ္ထုသည် ကွမ်းတောင်ကိုင်ဘဝကို မက်စက်ခဲ့ရှာသူ မိန်းမချောတစ်ယောက်၏ ဘဝဇာတ်လမ်းလို့သာ ဆိုချင်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(ဃ)

သည်စာအုပ်ကို ရေးရန်အတွက် စာအုပ်စာတမ်းများ ဖတ်ရပါသည်။ အထူးသဖြင့် ဝတ္ထုနောက်ခံနှင့်ပတ်သက်၍ မြန်မာ့နိုင်ငံရေးနှင့်နွယ်သော စာအုပ်စာတမ်းများကို ဖတ်ရှု၍ မှတ်စုထုတ်ရပါသည်။ မြန်မာ့သမိုင်းရက်စဉ်များကို ရွေးထုတ်ရပါသည်။ ထိုစာအုပ်များကို ရေးသားခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို ဦးထိပ်ပန်ဆင်ပါကြောင်း ဖော်ပြလိုပါသည်။ လူပုဂ္ဂိုလ်များကိုလည်း မေးရမြန်းရသည်လည်းရှိရာ၊ ကျွန်မကို အထူးကူညီခဲ့သူမှာ ဆရာညီစေမင်း ဖြစ်ပါသည်။ မြင်းခြံမြို့နှင့် ထိုခေတ်ကာလ နိုင်ငံရေးအခြေအနေများကို ပြောပြရုံမက ညကြီးသန်းခေါင် တယ်လီဖုန်းနှင့် လှမ်းမေးသည်ကိုပင် ဆရာက ဖြေကြားပေးခဲ့ပါသည်။ ကျေးဇူးတင်ရပါ၏။ သည်ဝတ္ထုကို ရေးရာတွင် ကျွန်မနှင့် ဆွေးနွေးဖက်၊ ငြင်းခုံဖက်၊ အကြံဉာဏ်ကောင်းပေးဖက်ဖြစ်သော ခင်ပွန်းသည်ကိုလည်း ကျေးဇူးတင်မိပါသည်။

စာအုပ်အဖြစ် ဖြစ်မြောက်စေရန် အစစအရာရာ ကူညီခဲ့သော ကိုဝင်းချို (ရှုဝံစာပေ) မိသားစုကိုလည်းကောင်း၊ မျက်နှာဖုံး ရေးဆွဲပေးခဲ့သော ပန်းချီဆရာ ဆရာမြင့်မောင်ကျော် ကိုလည်းကောင်း၊ လိုအပ်လျှင် သူပိုင်ကားတစ်စီးဖြင့် အကူအညီပေးခဲ့သော ဆရာညိုထွန်းလူ+မမိမိသော် ဇနီးမောင်နှံအားလည်းကောင်း၊ ကွန်ပျူတာစာစီပေးသော ညီမငယ် မိုးသူဇာ မိသားစုကိုလည်းကောင်း၊ ရွှေအမြုတေမဂ္ဂဇင်းတွင် အခန်းဆက် ဖော်ပြစဉ်ကတည်းက စိတ်လက်ရှည်စွာ ဖတ်ရှုအားပေးခဲ့ကြသော ရွှေပရိသတ်ကြီးကိုလည်းကောင်း၊ ပေးစာများဖြင့် ဝေဖန်အားပေးခဲ့ကြသော အနယ်နယ်အရပ်ရပ်မှ ချစ်သော စာဖတ်သူများကိုလည်းကောင်း၊ အဝေးမှ ဆက်သွယ်ကာ နှုတ်အားဖြင့် အားပေးခဲ့ကြသော ကျွန်မ၏ ချစ်စွာသော စာဖတ်ပရိသတ်အားလုံးကိုလည်းကောင်း ကျေးဇူးဥပကာယ တင်ပါကြောင်း ဆိုချင်ပါ၏။

ကျက်သရေရှိသော မြန်မာမိန်းကလေးများ ဖြစ်နိုင်ကြပါစေ...။

ခင်ခင်ထူး

၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ

မန္တလေး

BURMESE CLASSIC .com

(၁)

"ဇေယျတု ၅၀၂၁ သကရဇ် ဒီဃ ၁၂၈၂ ခုနှစ် ကြွင် ၁၉၄ သူရိယကံ ဝေါဟာရမာသ တပို့တွဲလွှတ် ၁၂ ရက် ၁ နေ ညစက် ၉ နာရီ၊ မြမ္မာ ၄ ချက်တီး အချိန်နာရီ ပတ်ပြီ ၉ ဗီဇနာ ၇ ပြဲ ၉ ခရာ ကံလက် မိန်စမ်း ၁ နွေ့ ဟောရတ် ၁ တြင် ၁ နဝင်လက်ဇို နက္ခတ် ၁၂ လုံ ၃ ပတ် ၅၂ လိတ္တာ တက်လက်ဇို လျှက်ထိုနာရီ၏ တိသမရ နက္ခတ်ကား မိကသီဒုတိယပတ် တိမတ်သောအခါ ရတနာသုံးပါး ဦးထိတ္တင်၍ သမီးရတနာ ဖွားသည် နာမံ မအိမ်ကံ အသက် ၁၂၀ ရှည်စေ၍ ပြီစေသော်"

www.burmeseclassic.com

www.burmeseclassic.com

(၂)

"သညာမည်တွင် အိမ်ကြီးရှင်မှာ၊ ကောင်းအင်ညီမျှ ပုတ္တာဓိတရာ၊ သည်းချာရင်သွေး ကျွန်ကျေးလယ်ယာ၊ လုပ်တာဆောင်ခင်း ဆင်မြင်းကျွဲနွား၊ ရဲရဲပေါ်စ ဆန်းသစ်လသို့၊ ဆဆထမ်းပိုး တက်တိုးမြဲမြဲ၊ ကျောက်သံပတ္တမြား စီးပွားချမ်းသာ၊ ရတနာရွှေငွေ မြစ်ရေ သီတာ၊ ရောတင်းကြမ်း ထမ်းပိုးလျှမ်းသို့၊ နစ်လိုစည်ပင် နေ့တိုင်းဝင်၍၊ လိုအင်ရေးရှု ရောက်ပါစီ...၊ ကွမ်းခွက်စွဲသုံး ရွှင်ပြုံးသာကြည်၊ ရွှေစည်ရွှေထီး စံရငြီးမှ၊ သမီးမောင်နှံ မြဲမြဲသာရှင်၊ ကင်းစင်ဝေဒနာ၊ သက်တစ်ရာ ရှည်ပါစီတော်.. "

ရွာလက်သံည် 'အမေကြီး ရိုးပုံ' ၏ အသံက မီးနေခန်း ခပ်ကျဉ်းကျဉ်းကလေးထဲတွင် လေးလေးတွဲတွဲနှင့် ခပ်ညည်းညည်းကလေး ထွက်ပေါ်လာသည်။ အသက်ရှစ်ဆယ်ကျော် လက်သည် အမယ်အိုကြီး၏ မီးနေခန်းဝင် ဆုတောင်းသံက ကတုန်ကရီ ရှိလှသည်။ တိတ်ဆိတ် ငြိမ်သက်နေသော မီးနေခန်းကလေးသည် ဆုတောင်းသံကြောင့် လွမ်းစရာလိုလို၊ အတိတ်နိမိတ် တစ်ခုခုကို ဆောင်ကြဉ်းလာသလိုလို ခံစားရ၏။ သားဖွားရမည့် ကိုယ်ဝန်သည် 'မပန်းရုံ' ကတော့ ကြမ်းပြင်မှာ ခြေဆင်းထိုင်ရင်းက အမေကြီးရိုးပုံကို ငေးကြည့်နေလေ၏။

အသက်ရှစ်ဆယ်ကျော်ပြီဆိုသော်လည်း 'ဇောင်ချမ်းကုန်း' ရွာမှာတော့ မီးရေးဖွားရေး ကိစ္စတွေမှာ အမေကြီးရိုးပုံ မပါလို့မပြီးပါ။ အတွေ့အကြုံ ကြီးလှပြီ။ ဇောင်ချမ်းကုန်းမှာမှမဟုတ်။ အနားပတ်လည်က နရန်းရွာတွေဖြစ်သော တည်ပင်ကန်၊ ချယားကုန်း၊ လင်းနေကုန်း၊ ရှားတော၊ အိုးပေါက်၊ ကြက်တငို၊ ညောင်ဘုတ်၊ ယာကြီးပြင် စသည့်ရွာတွေကပါ အမေကြီးရိုးပုံကိုပင့်ကာ မီးနေခန်း ဝင်ခိုင်းတတ်ကြမြဲဖြစ်၏။ လှေတန်လှေ၊ လှည်းတန်လှည်း လာရသည့်အခါရှိသလို ခြေကျင်လျှောက်လာရသည့်အခါလည်း ရှိ၏။ ဘယ်လောက်ခရီးဝေးကလာလာ မီးဖွားမည့်အိမ် ရောက်ပြီဆိုသည်နှင့် ဖျင်တဘက် ခေါင်းပေါင်းကြီးကို ချွတ်၊ ပြောင်းဖူးဖက်လိပ်ကို ဖွာရင်း မီးနေခန်းကို ကြမ်းတစ်ချောင်းချင်း အရင်လိုက်ကြည့်တတ်သည်။ မီးနေခန်း ပြင်ဆင်ထားပုံကို အကဲခတ်သည်။ အိမ်မနှင့် မီးနေဆောင်အကွာအဝေးကို ချင့်သည်။ ပြီးတော့မှ မီးနေသည့် အင်္ကျီရပ်ကို ကြည့်သည်။ စိတ်ထဲ မကျေမနပ်ရှိလျှင် ဘယ်လိုမိန်းမသားကိုမှ ထောက်ထားသူ မဟုတ်။

www.burmeseclassic.com

"ညည်းက လင်ယူသားမွေးအလုပ်ကို ပြောင်းဖူးအခွံခွာသလောက် အောက်မေ့သာလားအေ့...မအေက ဥပမိသမ္ဘတ္တိဖြစ်မှ မွေးမယ့်ကလေးက ဥပမိသမ္ဘတ္တိဖြစ်သာ...မအေက ဥပမိသမ္ဘတ္တိမဖြစ်ရင် မွေးမယ့်ကလေးကလည်း စာကလေးအမွေးနုတ်ပေါ့အေ...ဥပမိဝိပ္ပတ္တိခေါ်သယ်...ကလေးဆိုသာ မွေးကတည်းက ခေါင်းလက္ခဏာ၊ နားလက္ခဏာ၊ မျက်စိလက္ခဏာ၊ လျှာလက္ခဏာ ပါလာသာရယ်... လျှာဆိုပါတော့အေ...ကလေးက လျှာလယ်ရှိုက်ရင် မိဘများမှာ ရွှေငွေစပါး ပေါသယ်၊ ကျီးလျှာနဲ့တူတော့ ချစ်သူခင်သူ ပေါသယ်၊ လျှာဝန်းတော့ ပညာကြီးသယ်၊ လျှာဖြူတော့ ခက်ထန်သယ်၊ လျှာပါးတော့ ဘုန်းကြီးသယ်၊ လျှာရှည်တော့ လူအများ ဝပ်ရခ,ရသယ်"

အမေကြီးရိုးပုံက ခေါင်းကလေး တတုန်တုန် နှုတ်ခမ်းပါးကလေး တလှုပ်လှုပ်နှင့် ပြောနေခြင်းဖြစ်သည်။ မီးနေခန်းထဲမှာရှိသမျှ မိန်းမသားတွေက အမေကြီးရိုးပုံစကားတွေကို ငေးပြီး နားထောင်နေကြ၏။ မပန်းရုံကတော့ အမေကြီးရိုးပုံ ရောက်လာပြီဆိုကတည်းက အားရှိလှပြီ။ အသက်တစ်ဝက် ကိုယ့်ဘက် စီးမိပြီ။

"နှာခေါင်းလက္ခဏာတွေ ပြောပါဦး အမေကြီးရိုးပုံရဲ့"

မိန်းမတစ်ယောက်က ခင်မေးလိုက်တော့ အမေကြီးရိုးပုံက ကိုင်ထားသောခါးကို ငန့်ခနဲ ဆန့်လိုက်သည်။ လက်ကြားမှာ ညှပ်ထားသော ပြောင်းဖူးဖက်လိပ်ကြီးကို ဘေးကဒန်ဖလားထဲ ထိုးစိုက်ချလိုက်သည်။ နှုတ်ခမ်းကလေးကို လျှာဖြင့် တစ်ချက်သပ်လိုက်ရင်းက ဆိုသည်။

"နှာခေါင်းများတော့ ကြောင်နှာခေါင်းနဲ့တူမှ ပညာကြီးသာ...ငါ့နှာခေါင်း ကြည့်ပါလား...သစ်နှာနဲ့တူတော့ အမှုပြီးအောင် ဆောင်ရွက်တတ်သယ်၊ သမင်နှာနဲ့တူတော့ ကြွယ်ဝသယ်၊ နှာတိုတော့ ဥစ္စာပါးသယ်၊ နှာပွတော့ ကြမ်းကြုတ်သယ်၊ နှာပိန်တော့ ယုတ်ညံ့သယ်...သဟာကြောင့်ပြောသာ ကလေးမှာ ဥပမိသမ္ဘတ္တိ ပြည့်စုံဖို့က မအေမှာ တည်သယ်...ရတနာသုံးပါး အောက်မေ့ရသယ်၊ လင်သားကို ရိုသေရသယ်၊ စိတ်အေးငြိမ်းအောင် ထားရသယ်...၊ ဒါနဲ့ နေပါဦး...မေးစမ်းပါရစီဦးဟဲ့...ကိုယ်ဝန်ကြီးနဲ့ ညည်း ဘာများ ချင်ခြင်းတပ်သတုံးဟဲ့"

ကိုယ်ဝန်ဆောင်မိန်းမများသည် တစ်ခုခုကို စားချင်သောက်ချင်သည့် အာသီသရှိတတ်ကြမြဲမို့ အမေကြီးရိုးပုံက မေးခြင်းဖြစ်သည်။ တချို့ကလည်း အစားအသောက်ရယ် မဟုတ်ဘဲ ဆေးလိပ်ပြာ လျက်သည့်မိန်းမ၊ အိုးခြမ်းကွဲ စားသည့်မိန်းမ၊ မီးသွေးခဲ စားသည့်မိန်းမ၊ မြေကြီးခဲ စားသည့်မိန်းမ၊ ဖိုလယ်ပြာ လျက်ချင်သည့်မိန်းမ စသဖြင့် ရှိတတ်ကြသည် မဟုတ်လား။

"ကျုပ်ဖြင့် ကိုယ်ဝန်တစ်လျှောက်လုံး ငှက်ပျောအူနုနုကလေးတွေ စားချင်နေတော့သာပါပဲတော်"

"အလိုတော်...ဆန်းလှချည့်လား...အင်း အင်း ငှက်ပျောဆိုသဟာက မင်္ဂလာယူရသဲ့ အပင်ဟဲ့...ကန်တော့ပွဲထိုးတော့လည်း ငှက်ပျော ပါရသယ်၊ သဲဖြူခင်း ရာဇမတ်ကာတော့လည်း ငှက်ပျောပင် စိုက်ရသယ်...အလှူအတန်းများရှိတော့လည်း ငှက်ပျောလက်နဲ့ ဖက်စိမ်းကွမ်းတောင် ထိုးရသယ်...ကောင်းပါလေ့ ကောင်းပါလေ့"



အမေကြီးရိုးပုံက မျက်စိကို စုံမှိတ်ကာ ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ချင်ခြင်းတပ်သည့်အပေါ်မှာ နိမိတ်ကောက်ရာမှာလည်း ကျွမ်းကျင်သည်။ အတွေ့အကြုံ ကြီးရင့်သူပီပီ မီးဖွားရာတွင် အဖိတ်အစင်မရှိ မွေးဖွားပေးနိုင်သူလည်း ဖြစ်သည်။ ကိုယ်တိုင်က လက်ထိလက်ရောက် မွေးဖွားမပေးနိုင်တော့သည့်တိုင် အရံလက်သယ်မိန်းမကြီး လေး,ငါးယောက်ကိုလိုသမျှ ပြောပြခိုင်းစေနိုင်သူဖြစ်၏။ ပြုဖွယ်ကိစ္စမှန်သမျှကို ပါးစပ်ဖြင့် စိမ်ရင်းက သင်ကြားပေးသည်။ အဆူအပြော အငေါက်အငန်းကလေးလည်း မလွတ်။

"ညည်းတို့က ဗိုက်ကြီးသယ်စောင့်ပြီး လက်သယ်လုပ်စားချင်သာပဲရှိသာကိုးအေ့...မီးနေသယ်ဆီက တံစိုးစားချင်သာနဲ့ မဟုတ်ကရော ဟုတ်ကရော မလုပ်ချင်နဲ့...တစ်သက်လုံး ဘဝလုပ်ရမယ့်ကလေးကို ကျက်သရေ မယုတ်စေနဲ့...အချင်းတောင်ဖြောင့်အောင်မမြှုပ်တတ်သဲ့ဟာမတွေ...ပေါင်းရူးဆုန် မြောက်ဘက်ကို မြှုပ်ရသယ်၊ နတ်ပြာတွဲကျတော့ အနောက်ဘက် မြှုပ်ရသယ်...အချင်းရယ်လို့ မြေကြီးထဲ ဇတ်ခနဲ ထိုးလိုက်လို့ ဖြစ်သာမှတ်ဘူးအေရဲ့"

အမေကြီးရိုးပုံလာလျှင် ချဉ်ပေါင်နီရွက်၊ ကန့်ကြုတ်နီရွက်၊ ပရန္နဝါရွက်၊ မိုးနံရွက်၊ ကာသစ်ရွက်၊ ဒန့်သလွန်ရွက်တွေ ခူးလာတတ်သည်။ ရေတ်ကောင်း ပါလာတတ်သည်။ ထန်းကြောဖာတောင်းကလေးထဲမှာတော့ သူငယ်နာဆေးတွေ ပါလာတတ်ပါသည်။ နွယ်ချိုပဲဆိတ်၊ စပါးကြီးသည်းခြေ၊ ဇင်ရွှေးဖြူ၊ ကြွက်ချေး၊ ဆိတ်ဖူး၊ လင်းနေ၊ ရှိန်းခို၊ စမုံမျိုးငါးပါး၊ ကြောင်ပန်း၊ မိဿလင်၊ ကန့်အိတ်၊ ပတဲကောက အစ အမြစ်အတုံးသေးသေးကလေးတွေပါပါလာတတ်သည်။

သည်မနက်တော့ အမေကြီးရိုးပုံ ခပ်စောစောကတည်းက သည်အိမ်ကြီးကို ရောက်နေခဲ့သည်။ အိမ်ရှင် သူကြီးဦးသာထန်နှင့် ဆွေရိပ်မျိုးရိပ် မကင်းတာကတစ်ကြောင်း၊ အသက်လေးဆယ်နီးကာမှ သားသမီးပေါ်သည့် ဦးသာထန်၏ နောက်အိမ်ထောင် မပန်းရုံ၏ ကိုယ်ဝန်ရင့်မှည့်ပုံကို အားမရသည်ကတစ်ကြောင်းကြောင့် ဗိုက်နာပြီဆိုကတည်းက ရောက်လာခဲ့ခြင်းဖြစ်၏။ အိမ်ထဲရောက်ပြီဆိုကတည်းက မပန်းရုံကို မျက်လုံးသီသီကလေးများဖြင့် ကြည့်သည်။ သွေးစမ်း၊ ဗိုက်စမ်းပြုသည်။ လက်ကောက်ဝတ်သွေးကြောစမ်းသည်။ မျက်အိမ်မျက်ခမ်း ဖြဲကြည့်သည်။ စကားပြောသည့်အသံကို နားထောင်ကြည့်သည်။ ဆံပင်ကို တစ်ချောင်းနှစ်ချောင်း နုတ်ကြည့်သည်။ လျှာကို ကြည့်သည်။ လက်ဖဝါးကို ကြည့်သည်။ ဝမ်းစုစုကို ဘေးတိုက်ကြည့်သည်။

"မွန်းတိမ်းမှ မွေးမှာပါအေ...ကိုင်းပါတော် ပြောလိုက်ပါ့မယ် ညည်းကိုယ်ဝန်က မိန်းကလေးမွေးမှာအေ့...ညည်းတူရင်တော့ ချောမှာပေါ့ ပန်းရုံရယ်...ငါ့တူ သာထန့်တူရင်တော့ ခွေးဘီးလူးရုပ် ထွက်ရုံရှိသာပဲ...လောလောဆယ် ညည်းလုပ်ရမယ့်အလုပ်က ရတနာသုံးပါးကို အာရုံပြု၊ မွေးလာမယ့်ကလေးကို မေတ္တာပို့၊ ကမေ့က တပို့တွဲလပြည့်ကျော် ဆယ့်လေးရက်ဆိုတော့ ကလေးက အဆင်းလှတတ်သတဲ့...

www.burmeseclassic.com

www.burmeseclassic.com

မယုံရင် မွေးတော့ ကြည့်ပေါ့အေ"

"ဟုတ်ကဲ့လား အမေရိုးပုံရယ်...မိန်းကလေးလား"

"ညည်းနှယ်အေ...ရိုးပုံပါသဲ့...ဘယ်တုံးကများ လွဲဖူးလို့တုံး...ငါမွေးပေးသဲ့ ကလေးတွေ စုထားရင်တောင် တစ်ရွာတည်လောက်ပြီဟဲ့...အခုက တပို့တွဲ...'ကုံရာသီမှာလေ မှုန်ပြာရီပါလို့ နှင်းဝေးဆိုင်း'ဆိုသာကော...တောင်လေကလေးကလည်း ပြက်ချင်ချင် ဥတုကလည်း ချမ်းစီးစီးဆိုတော့ မအေရော ကလေးပါ အနေဆင်းရဲသဟဲ့"

အမေကြီးရိုးပုံနှင့် မိန်းမကြီး သုံးလေးယောက်က မပန်းရုံကို ပိတ်ကြမ်းစဖြင့် ခေါင်းပေါင်းပေးကြသည်။ မီးနေခန်းအလယ်လောက်မှာ ဖွစောင်နှစ်ထည် ခင်းကာ ထဘီဟောင်းသုံးလေးထည် ခင်းထားသည့်အိပ်ရာကို အသင့်ပြုထားကြသည်။ နံ့သာဖြူ ကရမက်ကလေး သွေးကာ မီးနေခန်းပတ်လည် လိုက်တောက်သည်။ မပန်းရုံ၏ နဖူးကို လိမ်းပေးသည်။ လက်ဖဝါးနှစ်ဖက်ကို ပွတ်ကာ နံ့သာဖြူနံ့ပေးသည်။ နနွင်းနံ့ပေးသည်။

"ညည်း လမ်းကလေးလျှောက်နေစမ်း...ကမ္ဘဇလေ လှုပ်တော့ မွေးရဖွားရ လွယ်သယ်...တုတ်တန်းက ချထားသဲ့ တန်းကြိုးကလေးကိုင်ပြီးရပ်  အလွှတ်မဲ့ မရပ်နဲ့"

မီးနေခန်းထောင့်မှာ ထင်းတွေ ပုံထားသည်။ မီးအိုးကင်းကြီး ရှိသည်။ အိုးငယ်ဖြင့် ထည့်ထားသော ဆန်လွတ်နနွင်းဝါဝါတွေ ရှိသည်။ စမုံငါးပါး လှော်ထားသော နမ်းထုပ်ကြီး ရှိပြီ။ မပန်းရုံက လမ်းကလေး မလှုပ်လဲ့လှုပ်လဲ့ လျှောက်ရင်းက လက်တစ်ဖက် ခါးကိုထောက်ရင်း မျက်နှာကြီး ရှုံ့မဲ့နေသည်။ "အမေ...အမေ နာလိုက်သာတော်" အော်နေသော်လည်း အမေကြီးရိုးပုံက တစ်ချက်လှည့်မကြည့်။

"အင်း...သည်အသံတွေ ကြားခဲ့ရပေါင်း များလှပေါ့...ဃရာဝါသ သံဝါသ နောက်ဆက်တွဲတွေပေါ့အေ...ဗိုက်ကလေး နာတော့မှ အမေကယ်ပါ အဖေကယ်ပါ အော်ကြကရော...ညည်းလင် သာထန် လှမ်းခေါ်ပါလားအေ့...တစ်ဝက်မျှခံပါလားလို့လေ...ညည်းကသာ အော်နေ ညည်းလင်ကဖြင့် ပဲမှော်စင်အောက်မယ် နိုင်ငံရေးတရားဦးဟောနေပါရောလားအေရဲ့..."

အမေကြီးရိုးပုံက အစွဲမညီသော ပြောင်းဖူးဖက်လိပ်က မီးကို တံတွေးဖြင့်ဖိရင်း ပြောနေခြင်းဖြစ်သည်။ မပန်းရုံကတော့ ကိုသာထန်ကိုလည်း သတိမရ၊ နိုင်ငံရေးတရား ဆိုတာကိုလည်း နားမလည်။ ဝမ်းဗိုက်တစ်ခုလုံး ဆုပ်ညှစ်ထားသလို ခံစားနေရတာကိုပဲ သိသည်။

"အမေကြီးရိုးပုံရယ်...ကျုပ်ဗိုက်ထဲ ဒလက်လှည့်နေသလို နာလွန်းလှလို့ပါတော်...မွေးတော့မယ်ထင်ပါရဲ့တော်...အမယ်လေး ကျွတ်...ကျွတ်...အမေ...အမေရေ"

အမေကြီးရိုးပုံက မီးနေခန်းဝက ထရံဇလီသတ်တံခါးမကို မှီရင်း ဆေးလိပ်ဖွာမပျက် အကဲခတ်နေသည်။ မိန်းမကြီးတွေကတော့ နေ့လား ညလား မီးဖွားတော့မည့် မပန်းရုံကို အားပေးနေကြသည်။ မပန်းရုံက ဦးသာထန်၏ ဒုတိယအိမ်ထောင်ဖြစ်သည်။ ဦးသာထန်ထက် အသက်ဆယ်နှစ်လောက် ငယ်သည်။ မျက်နှာကျသွယ်သွယ်၊ အသားအရေ ဝင်းစက်စက်၊ နဖူးရှင်းရှင်း၊ ဆံအုံကောင်းကောင်းဆိုတော့ မိန်းမချောစာရင်းဝင်လေသည်။ အသက်သုံးဆယ်ကျော်ကာမှ မုဆိုးဖို ဦးသာထန်နှင့် အကြောင်းပါရသော်လည်း လင်ကောင်းရသည်လို့တော့ ဆိုနိုင်



ပါ၏။ သူကြီးမျိုးရိုး၊ မြေရှင်ထန်းရှင်ဖြစ်ရုံသာမက အိမ်ထောင်ကျပြီဆိုကတည်းက သူကြီးကတော်ဘွဲ့ကို မပန်းရုံ ရလေသည်။ ဦးသာထန်၏ ပထမ မယားက မွေးသည့် သားယောကျ်ားလေး မောင်မြတ်သာကိုပင် သားရင်းပမာ ချစ်ရှာသူလည်း ဖြစ်သည်။ ဦးသာထန်နှင့် ညားပြီး သားသမီးမပေါ်ပေါက်တော့ သည်တစ်သက် မောင်မြတ်သာကိုသာ သားအဖြစ် သဘောပိုက်ထားခဲ့သည်။ မောင်မြတ်သာကလည်း သူ့အသက် လေး,ငါးနှစ်သားလောက်က ကွယ်လွန်သွားခဲ့သည့် မိခင်ကို မမှတ်မိသလိုလို မှတ်မိသလိုလိုရှိသော်လည်း ဖအေဖြစ်သူ နောက်အိမ်ထောင်ထူပြီး အိမ်ပေါ်ရောက်လာသည့် ဒေါ်ပန်းရုံကို မိခင်လို သဘောထားသည်။ အမေပန်းရုံလို့ ခေါ်ခဲ့သည်။ အရှိန်အစော်ကြီးသော၊ မပူမပင် မကြောင့်မကျရသော ဘဝဆိုသော်လည်း သည်အိမ်ကြီးမှာ ကလေးရယ်လို့ သူတစ်ယောက်တည်းသာရှိသည်။ အိမ်ကြီးမှာ အလုပ်လာလုပ်ကြသည့် စာရင်းငှား ကိုဖိုးငွေ၏သားကလေး ဖိုးတုတ်ကို တစ်ခါတစ်ခါ အဖော်ပြုရသည်။ ရွာဘုန်းကြီးကျောင်းမှာ ကျောင်းနေခွင့်ရချိန်မှာတော့ သူငယ်ချင်းတွေနှင့်အတူ ဆော့ကစားခွင့်ရပြီ။ အိမ်နှင့်ကျောင်း ကူးလူးပြေးလွှားရင်း မောင်မြတ်သာ ဆယ်နှစ်သားအရွယ် ရောက်လာခဲ့သည်။ သည်အချိန်မှာ အမေပန်းရုံက သူ့အတွက် ညီလေး ဒါမှမဟုတ် နှမကလေးတစ်ယောက် မွေးဖွားဖို့ ဖြစ်လာခဲ့သည်။

"ယောကျ်ားလေးလား မိန်းကလေးလား မသိပါဘူး လူကလေးရယ်...လူကလေးက ညီလေး လိုချင်သာလား...နှမလေး လိုချင်သာလား"

တစ်ခါတစ်ရံ အမေပန်းရုံက မေးလျှင် မောင်မြတ်သာ အဖြေရခက်သည်။ ယောကျ်ားကလေးအချင်းချင်းဆိုလျှင်တော့ ကြမ်းကြမ်းတမ်းတမ်း ပြေးလွှား ကစားနိုင်သည်။ သူ့အတွက် အဖော်ရမည်။ ကျောင်းက သူငယ်ချင်း ဖိုးအောင်လို နှမကလေးတစ်ယောက်လည်း သူ ရချင်သည်။ မဖြေမဖြစ် ဖြေရသည့်အခါတွေမှာတော့ နှမကလေး လိုချင်တယ်လို့ ဖြေခဲ့သည်သာ ဖြစ်၏။

"အမေပန်းရုံက ဘာလိုချင်သာလဲ...အမေပန်းရုံ မွေးသာကို ကျုပ်ချစ်မှာပဲ"

"အမေပန်းရုံကတော့ မိန်းကလေး လိုချင်သာပေါ့ကွယ်...သားယောကျ်ားကလေးက လူလေးရှိပြီးသားပဲဟာ...မိန်းကလေးဆိုတော့ ကူဖော်လောင်ဖက် ရသာပေါ့"

"ကျုပ်လည်း မိန်းကလေးပဲ လိုချင်သယ်...မြန်မြန်မွေးပေးတော့ဗျာ"

မောင်မြတ်သာ၏အဖြေကို အဖေရော အမေပါ သဘောကျကြမြဲ။ ကျေနပ်ကြမြဲ။ မပန်းရုံ မီးဖွားမည့်နေ့က မောင်မြတ်သာကို ဘုန်းကြီးကျောင်း ပို့ထားရသည်။ ကလေးဆိုတော့ မီးနေခန်းထဲ ရောက်လာနိုင်သည်။ အော်ကြီးဟစ်ကျယ် ရှိနိုင်သည်မဟုတ်လား။

"ငါ့သား...မင်းအမေပန်းရုံ မီးဖွားပြီးမှ မောင်ငွေ့ကို အခေါ်ခိုင်းလိုက်မယ်...ကျောင်းမှာပဲနေ ကြားလား...ဆရာတော့်ကို အဖေလျှောက်ထားသယ်"

အဖေ့စကားကို နားထောင်ရသော်လည်း မောင်မြတ်သာ ကျောင်းမှာ သွားမနေချင်။ အိမ်ကြီးမှာပဲ နေချင်သည်။ အမေကြီးရိုးပုံတို့ကပါ ဝိုင်းငေါက်တော့မှ ကျောင်းဘက် ထွက်သွားတော့၏။ ဦးသာထန်ကတော့ မပန်းရုံ မွေးဖို့ဖွားဖို့ အစစအရာရာ စီစဉ်ပေးသော်လည်း မိန်းမတစ်ယောက် သားသမီး ဖွားစီးရတာ သူတို့တာဝန် သူတို့ကိစ္စဆိုတာလောက်သာ သဘော

www.burmeseclassic.com

www.burmeseclassic.com

ထားပုံရသည်။ တစ်နေ့ တစ်နေ့ တိုင်းရေးပြည်ရေးတွေ ထိုင်ပြောနေရတာနဲ့ပဲ ပြီးသူဖြစ်၏။ မပန်းရုံအရေးထက် ပြီးခဲ့သည့် တန်ဆောင်မုန်းလက ရန်ကုန်မြို့မှာ ဖြစ်ပေါ်ခဲ့သော တက္ကသိုလ်ကျောင်းသားသပိတ်က သူ့အတွက် ပိုအရေးကြီးနေသည်။ တိုင်းပြည်အခြေအနေ မငြိမ်မသက်ဖြစ်လာလျှင် သူကြီးရာထူးကလေး မမြဲမှာ စိုးရိမ်မိလို့ပဲ ဖြစ်သည်။ ရာထူးဂုဏ်ရှိန်ဂုဏ်ဝါကို မက်စက်ခြင်းထက် သူ့အဘိုး သူ့အဘ လက်ထက်က ဆင်းသက်လာသော သူကြီးမျိုးရိုးပျက်သွားမှာ ပူပန်မိရသည်။ သည်အမွေကို သား မောင်မြတ်သာအား လက်ဆင့်ကမ်းပေးနိုင်ဖို့က သူ့တာဝန်ဖြစ်သည်။

သည်ကနေ့တော့ မပန်းရုံ မီးဖွားမည့်လက္ခဏာ ပြလာသဖြင့် အမေကြီးရိုးပုံက ဦးသာထန်တို့အဖွဲ့ကို အိမ်မကြီးပေါ်မှာ ငြင်းတာ ခုံတာတွေ ခွင့်မပြုတော့။ ရေနွေးကြမ်းတစ်အိုး၊ ဆေးလိပ်တစ်ဗန်း၊ လက်ဖက်တစ်အုပ်ဖြင့် အိမ်နောက်ဖေး ခြံထောင့်မှာရှိသော ပဲမှော်တိုက်အောက် ရွှေ့ခဲ့ရသည်။ ယောကျ်ားသားတွေ၏ အသံဖလံတွေ ကြားနေရလျှင် မပန်းရုံအတွက် အနှောင့်အယှက်ဖြစ်နိုင်သည်။

"မင်းတို့ အရည်မရ အဖတ်မရ စကားတွေ ပဲမှော်တိုက်အောက် သွားအော်ကြ သာထန်ရေ... ယောကျ်ားသံကြားရင် မင့်မယား အပျိုမွေးက ကလေးထွက်ဖို့ ခက်ကရော့မယ်... မင်းနှယ် ကိုယ့်မယား ကလေးမွေးမှာ တစ်ချက်လှည့်မကြည့်ဘူး... ဘာတွေကများ မယားထက် အရေးကြီးလို့တုံး"

"ဒေါ်ကြီးရိုး ရှိသားကပဲဗျာ... ကျုပ် စိတ်ချပါသယ်... ပစ်မထားပေါင်ဗျာ... ကျုပ်က နားစွင့်နေသာပါ... မပန်းရုံ ချောချောသာသာ မွေးရင် ဒေါ်ကြီးရိုးကို မြင်းခြံဈေးက တာပလာကိုးထဘီ ဝယ်ကန်တော့မယ်ဗျာ ကိုင်း..."

ထိုနေ့ ညနေ နေဆင်းရေဆင်းမှာ မပန်းရုံ သမီးမိန်းကလေး မွေးသည်။ အမေကြီးရိုးပုံ နိမိတ်ဖတ်ခဲ့သလို သမီးမိန်းကလေးဆိုတော့ ကြားရသူတွေပင် အံ့သြယူကြရသည်။ မိန်းမော နေသည့် မပန်းရုံ၏ နဖူးထက်က ချွေးတွေကို လက်သည်အမျိုးသမီးကြီး ဒေါ်စာက ဖျင်တဘက်နှင့် သုတ်ပေးသည်။ မမွေးခင်ကတည်းက ရွတ်ပေးနေကြသော အင်္ဂုလိမာလသုတ်တော်ကို ရပ်ပြီး မေတ္တာသုတ်ကို ရွတ်ပေးကြသည်။ အမေကြီးရိုးပုံက မပန်းရုံ၏ ဆံထုံးမှာ ထိုးစိုက်ထားသည့် သစ်ကြွပ်စကို ဆွဲနုတ်ကာ သူ့ခေါင်းက ဆံထုံး တမာသီးကလေးမှာ ထိုးစိုက်လိုက်သည်။ သစ်ကြွပ်ဆိုသည်မှာ သစ်ပင်ခုတ်ရာမှ ကျန်ရစ်သော သစ်စဖြစ်သည်။ သစ်ကြွပ်စကို သားသမီး ဖွားရခက်သူ မိခင်များ၏ခေါင်းတွင် စိုက်ပေးလျှင် အဖွားရလွယ်သည်ဟု အယူရှိကြ၏။ ပြီးတော့ မီးနေသည်ကို လူးပေးဖို့ နနွင်းတစ်အင်တုံ ဖျော်ခိုင်းလိုက်သည်။ အုတ်ပူထိုးဖို့ အုတ်ခဲနှစ်လုံးကို မီးဖုတ်ခိုင်းထားသည်။ ခပ်စောစောကတည်းက ဖိုခိုင်းထားသော မီးအိုးကင်းကြီးကို မီးနေသည် နား အရွှေ့ခိုင်းလိုက်သည်။ သည်အချိန်ကစပြီး မီးနေသည် မီးနားမှာ နေရတော့မည်။

"ကလေးက တနင်္ဂနွေသမီးဆိုတော့ ကျက်သရေ ဦးခေါင်းမှာ နေသယ်... ခေါင်းကို သန့်အောင်ထား... မင်းမိဖုရားကြိုက်နဲ့ ယုဉ်မွေးသဲ့မိန်းကလေးဟဲ့... လပြည့်ကျော် ဆယ့်နှစ်ရက်ဖွားသဲ့ကလေး ကြွယ်ပိုးကြွယ်ဝ ရှိတတ်သတဲ့... ကောင်းလိုက်သဲ့ဇာတာက



လည်းတော်... အင်း ညည်းတို့က လူ့ပြည်မှာ နေကြရဦးမှာ စောင့်ကြည့် မင်းကတော် မဖြစ်တော့ ပြော..."

အမေကြီးရိုးပုံက မွေးလာသည့်ကလေးနှင့် မိခင်ကို ဘိုးဘွားမိဘ စိမ်ရေမသင့်စေရန် ယတြာပြုပေးသည်။ မြေစိမ်ရေ၊ ရေစိမ်ရေ၊ နေစိမ်ရေ၊ သဲစိမ်ရေ ရှိခဲ့လျှင် လွတ်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ မြေစိမ်ရေသင့်တော့ ခြေကတင် ညောင့်ကိုင်နာတတ်သည်။ ရေစိမ်ရေသင့်တော့ ကြက်မျက်သင့်တတ်သည်။ နေစိမ်ရေသင့်တော့ ဝမ်းပြုတ်ပြုတ်မြည်တတ်သည်။ မျက်ဝန်းမည်းသည်။ သဲစိမ်ရေသင့်တော့ ဝမ်းနာတတ်သည်။ အမေကြီးရိုးပုံက တစ်ခုချင်း ရှင်းပြရင်း သင်လေသည်။ အမေကြီးရိုးပုံစကားကို နာယူရင်း မိန်းမသားကြီးတွေက မီးနေ မီးဖိုကြီး ရဲနေအောင် ယပ်ခတ်ကြသည်။ မပန်းရုံတစ်ကိုယ်လုံး နနွင်းတွေ လူးပေးကြသည်။ နနွင်းလုံးကလေးတွေ မပန်းရုံပါးစပ်ထဲ ခွံ့ကာ မျိုခိုင်းကြသည်။ နှမ်းထုပ်ကို ငယ်ထိပ်ပေါက်အောင် ရှူခိုင်းကြသည်။ သွေးဟောင်းသွန်ပြီး သွေးသစ်လောင်းချိန်ဆိုတော့ မီးနေသည်ခမျာ ထစ်ခနဲရှိ သွေးလန့်တတ်သည်။ သည်တော့ မီးမထွက်မချင်း မီးနေခန်းကလေးထဲမှာ မိန်းမသားတွေ အုပ်သင်းဖွဲ့ကာ စောင့်ပေးကြရသည်။ သူကြီးကတော် မပန်းရုံကိုမှ မဟုတ်ပါ။ မီးနေသည်ကို ဂရုတစိုက် စောင့်ရှောက်ကြခြင်းသည်ပင် ဓလေ့ဖြစ်ပါ၏။ ဇောင်ချမ်းကုန်းရွာ၏ ဓလေ့ဖြစ်ပါ၏။

"အေးသင်... သာထန်ကို ခေါ်စမ်း... သူ့သမီး ကြည့်လို့ရပြီလို့... ကိုင်း ငါလည်း ပြန်လိုက်ဦးမယ်... အရေးရှိတော့ ငါ့ကိုခေါ်လှည့်"

မပန်းရုံကတော့ မိန်းမူးနေဆဲ။ မိခင်ဘေးနားမှာတော့ မွေးကင်းစ သမီးငယ်ကလေးကို ဆန်ကောချပ်ကလေးထဲမှာ အနီးကလေးဖြင့် ထွေး၊ ပုဆိုးဟောင်းကလေးခင်းကာ သိပ်ထားသည်။ ပြည့်ဝင်းသော မျက်နှာကလေးက ပြုံးယောင်သန်းနေသည့်နှယ်ရှိ၏။ ထိုညက ထူးထူးခြားခြား တပို့တွဲလဆုတ်ရက်တွေဆိုတော့ ညကြီးမှောင်မည်းမှာ အနောက်ရမ်းလေကြီး ပြင်းပြင်းတိုက်သည်။ မီးနေခန်းထဲက မီးအိမ်သည်ပင် ယိမ်းထိုးနေသည်။

"ပန်းရုံ... တို့ရှိသယ် ကြားလား... ကလေးလည်း ကျန်းမာသယ်၊ မကြောက်နဲ့... လေကျသာပါ... မိုးမပါဘူးရယ်"

လက်သည်မိန်းမသားကြီးတွေက မပန်းရုံကို အားပေးကြသည်။ မပန်းရုံက မျက်လုံးများဖြင့် မကြောက်ကြောင်း အဖြေပေးရင်း ကလေးကို စောင်းငဲ့ကြည့်သည်။ မိန်းမကြီးတွေက ခေါင်းကို အလှည့်အလှုပ်မခံ။ မီးယပ်ခေါင်းကိုက် စွဲတတ်တယ်ဆိုတော့ မပန်းရုံမျက်နှာကို တည့်တည့်ထားလိုက်ရသည်။ သမီးကလေး... လှရဲ့လား။

"ဒေါ်စာကြီး သမီးက ဘယ်သူနဲ့တူတုံး"

"ညည်းနဲ့တူပါ့အေ... အသားကို ဖွေးဥလို့... သည်မှာကြည့်"

ဒေါ်စာကြီးက မပန်းရုံ ရင်ဘတ်နားအထိ ကလေးကို မြှောက်ပြသည်။ ဝိုင်းဝိုင်းပြည့်ပြည့် သမီးကလေးမျက်နှာကို မြင်လိုက်ရသည့်ခဏ မပန်းရုံရင်တွေ လှပ်ခနဲ ခုန်ရသည်။ သမီးကလေးကို ပွေ့ချီလိုက်ချင်သော်လည်း မလှုပ်ချင်အောင် ပင်ပန်းလွန်းသောကြောင့် အသာမှိန်းနေလိုက်ရ၏။ ထိုညက တစ်ညလုံး လေပြင်းကြီး ဆက်ကျနေခဲ့သည်။ သန်းခေါင်ကျော်တော့ အခါမဟုတ် မိုးကလေးပင် ရွာလိုက်သေးသည်။ မပန်းရုံ တစ်ချက်ကလေး မှေးခနဲ အိပ်ပျော်သွား

www.burmeseclassic.com

www.burmeseclassic.com

ပြန်၏။ အိပ်မက်ထဲမှာ မိုးကြီးလေကြီးတွေ ကျနေသည်။ အဝေးက အော်သံကြီးတွေကိုပင် ကြားနေရသလိုလို။ ဦးသာထန် ကလေးလာကြည့်သွားတာကိုပင် မသိလိုက်။

ဦးသာထန် မီးနေခန်းပေါက် လာရပ်တော့ ဒေါ်စာကြီးက မှန်အိမ်ကို တန်းမှဖြုတ်ကာ ဆန်ကောထဲ သိပ်ထားသည့်ကလေးမျက်နှာကို မြင်သာအောင် ပြသည်။ မပန်းရုံနှင့်တူကြောင်း လေသံနှင့် ပြောပြတော့ ဦးသာထန်က သမီးမျက်နှာကို ဝအောင် လှမ်းကြည့်ရင်း ပြုံးလိုက်သည်။ ဟုတ်တယ်…မပန်းရုံနဲ့တူတယ်။ ပဲမှော်တိုက်အောက်က လူအုပ်ဆီကို အပြေးသွားရင်းက ဝမ်းခေါင်းသံကြီးဖြင့် ပြောလိုက်သည်။

"ကျုပ်သမီးက မအေတူဗျ…ချောမှာပဲ၊ ကျုပ်ဖြင့် ငါးဆယ်ကျော်ကာမှ ကံပေါ်သယ် အောက်မေ့မိပါရဲ့…သမီးကလေးရောက်လာသာ ကျုပ်တို့အိမ်ရဲ့ ကံပဲပေါ့ဗျာ…ဟုတ်သယ် သမီးက အိမ်ရဲ့ကံကလေးပဲ…သမီးနာမည်ကို 'မအိမ်ကံ' လို့ ကျုပ်ပေးလိုက်ပြီဗျာ"

လင်းခနဲ ပြက်လိုက်သော လျှပ်စီးကြောင်းနှင့်အတူ ကောင်းကင်ပြိုသံကြီး ကြားလိုက်ရပြီးနောက် ပဲမှော်တိုက်ကြီးပင် သိမ့်ခနဲတုန်သွားခဲ့သည်။ ခဏတွင်းမှာပင် မိုးရေတွေ ဒလဟော သွန်ကျလာသည်။ ဦးသာထန်မှာ ကြက်သီးမွေးညှင်းများပင် ထောင်းခနဲ ထသွားရသည်။ မီးနေသည်များ သွေးလန့်သွားလေမလား စိုးရိမ်လိုက်မိသည်။ သို့သော် မီးနေဆောင်ဘက်ဆီက ဘာသံမှ မကြားရ။

ထိုညက ဇောင်ချမ်းကုန်းရွာ၏ ပိန်းပိတ်အောင် မှောင်မည်းနေသည့် တပို့တွဲလဆုတ် ညတစ်ညမှာပင် မအိမ်ကံကို မွေးဖွားခဲ့သည်။ သည်မွေးဖွားခြင်းသည် လောကအတွက် ထူးဆန်းသည့်ကိစ္စမဟုတ်ပါ။ သို့သော် မအိမ်ကံ မွေးဖွားလာခြင်းသည် ဇောင်ချမ်းကုန်းရွာကလေးအဖို့တော့ ထူးဆန်းသော အဖြစ်အပျက်တစ်ခု မွေးဖွားလာတော့မည့် ကနဦးနိမိတ်လို့တော့ ဆိုနိုင်မည်ထင်ပါ၏။ ပထမဆုံး ထူးဆန်းသည့်ဖြစ်ရပ်မှာ အိမ်ခေါင်းရင်းမှာ နှစ်ပေါင်းများစွာမပွင့်ဘဲ အပွင့်မြှုနေသည့် ဆပ်သွားဖူးပင်ကြီး ထိုညကစ၍ မွှေးကြိုင်သော ရနံ့များဖြင့် အပွင့်တွေ ပြလာခြင်းဖြစ်သည်။ တစ်ဆောင်းတွင်းလုံး ရေခန်းနေခဲ့သော ရွာဦးဘုန်းကြီးကျောင်းရိပ်က သောက်ရေကန်ကြီး ညတွင်းချင်း မိုးရေတွေ အပြည့်လျှံသွားခဲ့သည်။ အခါမဟုတ် မိုးရွာသွန်းပြီးနောက် ကောင်းကင်တစ်ခွင်လုံး ကြယ်ရောင်ဖြင့် လင်းကျင်းသွားခဲ့သည်။ လဆုတ် လတစ်ခြမ်းပဲ့ကလေးသည်ပင် မိုးမည်းကို ခွဲ၍ ကိုယ်ထင်ပြခဲ့သည်။

သို့သော် ပဲမှော်တိုက်ပေါ်မှာ ငှက်ဆိုးတစ်ကောင် သုတ်ခနဲ လာနားနေခဲ့သည့်အဖြစ်ကိုတော့ မည်သူတစ်ဦးတစ်ယောက်မျှ မသိခဲ့ပါလေ။

■

(၃)

"နမော တဿတိ။ အောင်မြေကူးဆိပ်၊ ဇမ္ဗူဒိပ်ဟု၊ တံဆိပ်ခေါ်သညာ၊ သာသနာရောင်၊ ကျွန်းမြခေါင်၊ နေရောင်မကာသာသို့…" (သျှီး)

"ဆယ်ဖြာဦး ဆီမီးဝါ၊ လျှပ်စစ်တန်ဆောင်၊ ပြိုင်တိုင်းရှောင်သည်၊ ဘုန်းခေါင်သာသနာ၌…" (သျှီး)

"ပရမေ သည်သမ္ဗုဒ္ဓ၊ ငါးမာရ်ဖျက်ခြေ၊ သုံးလူ့ဆွေသည်၊ ဟောမိန့်ချေပြခဲ့၏…" (သျှီး)

"ခြောက်နတ်ရွာ မှန်မလွဲ၊ ဇောင်ချမ်းကုန်းရွာ၊ ကုသိုလ်ရှာသည်၊ အလှူဒါန ခြိမ့်ခြိမ့်သဲ၏…" (သျှီး)

မနက်ခင်း ရှင်လောင်းသွင်းချိန်…။

သူကြီးပိုင် အိမ်ကြီးအပေါ်ထပ်က လှမ်းကြည့်လျှင် ရွာအနောက်လှမ်းလှမ်းက သီးနှံစိုက်ခင်းတွေကို မြင်ရသည်။ သူကြီး ဦးသာထန်၏ အိမ်ကြီးက ရှေးအိမ်ကြီးဖြစ်၍ ရေနံရည်ဝချင်တိုင်းဝနေသဖြင့် တစ်အိမ်လုံး နေရာလပ်မရှိအောင် ညိုမှောင် စိုအိနေသည်။ သူကြီး ဦးသာထန်၏ ဘိုးဘွားများလက်ထက်ကတည်းက ဆောက်ထားသည့်အိမ်ဖြစ်၍ ကာလနှစ်ထမ်း ကြာလှပြီ။ ဦးသာထန်၏အဖေ သူကြီး ဦးဘိုးခလက်ထက်တုန်းကတော့ အိမ်ကြီးမှာ ဝဲလင်းဆောင်တစ်ဆောင် ချဲ့ခဲ့သေးသည်။ အရှေ့ဘက်လှည့်သောအိမ်များတွင် အရှေ့တောင်ဘက်စွန်းမှာ ဖောက်ထားသည့် ဧည့်ခံနေရာကို ဝဲလင်းဆောင် ခေါ်ကြခြင်းဖြစ်၏။ သည်ဝဲလင်းဆောင် တစ်ဆောင်လုံးမှာ မှော်ပွင့်မှော်တန်းခေါ်ကြသည့် သစ်သားပန်းကလေးတွေ စီစီရီရီ ထုဆစ်ထားသည်။ သစ်သားပန်းကလေးတွေကို အနားတစ်လျှောက် မန်ကျည်းရွက်တန်းဖြင့် အနားသပ်ထားသည်။ မြင်းခြံမြောက်လက် ဆီမီးခုံနယ်က လက်သမားဆရာ ဆရာမွန်း၏လက်ရာဟု အစဉ်အဆက် ပြောခဲ့ကြပါ၏။ အိမ်မကြီးအပေါ်ထပ်ကို တက်သည့်လှေကားကပင် အပြန့်ကျယ်ဝန်းလှသည်။ လှေကားဆံတစ်ထစ်တိုင်းမှာ ငွေဒင်္ဂါးပြားကြီးတွေကို အချပ်လိုက် သံဖြင့် ရိုက်ကပ်ထားသဖြင့် မအိမ်ကံ အိမ်ပေါ်တက်တိုင်း ငွေဒင်္ဂါးပြားတွေကို နင်းတက်တတ်သည်။ အပေါ်ထပ်ပြတင်းပေါက်တွေကတော့ မဖွင့်သလောက်ပင်။ ပြတင်းပေါက်အပေါ်က မှန်လည်းတွေကတော့ တစ်ဝက်စာလောက် ပွင့်နေကြသော်လည်း ဖုန်တွေ ပိုးမျှင်တွေ တင်းကြမ်း။

www.burmeseclassic.com

www.burmeseclassic.com



အိမ်အပေါ်ထပ်ကို လှေကားကြီးက တက်လာလျှင် လှေကားခုံနေရာကျယ်ကျယ်ကြီးကို ကျော်ရသည်။ အပေါ်ထပ်အခန်းများသို့ ကူးနိုင်သည့် တံခါးမကြီးသုံးချပ်ရှိသော်လည်း အလယ်တံခါးမကြီးကိုသာ အသုံးပြုကြတာ များသည်။ ကျန်သည့်တံခါးမကြီး နှစ်ချပ်က ထုံးစံအတိုင်း အပိတ်။ အလယ်တံခါးကြီးက ဝင်မှ အပေါ်ထပ်အခန်းကျယ်ထဲကို ရောက်နိုင်သည်။ လှေကားအတက်တွင် အိမ်အပေါ်ထပ်ကြမ်းနှင့် တစ်ပြေးတည်း ဆင်ထားသော လျှောတံခါးကြီးလည်း ရှိသေးသည်။ လျှောတံခါးကြီးကို တွန်းပြီး ပိတ်လိုက်လျှင် လှေကားအဝ ပိတ်သွားတော့သည်။ သည်လျှောတံခါးကို ည အိပ်ရာဝင်လေတိုင်း သူကြီး ဦးသာထန်က မှတ်မှတ်ရရ တွန်းပိတ်လေ့ရှိ၏။ ပြတင်းပေါက်တံခါးတွေ ပိတ်ထားတော့ အပေါ်ထပ် အိမ်မကြီးတစ်ခုလုံးကလည်း အမြဲတမ်း မှောင်မည်းနေလေ့ရှိ၏။ မှန်လည်တံခါးတွေဆီက ဝင်လာသည့်အလင်းရောင်ကြောင့် ရှေးခေတ်သုံး ပရိဘောဂတွေကို ခပ်ဝါးဝါးမြင်နိုင်ပါ၏။ သည်ပရိဘောဂတွေကို မအိမ်ကံ အလွန်သဘောကျသည်။

အသက် ဆယ်နှစ်စွန်းစွန်း မိန်းကလေးတစ်ယောက် ဆိုသော်လည်း မအိမ်ကံသည် အရွယ်နှင့်မမျှအောင် ရင့်ကျက်သည်လို့ပင် ပြောရမည်ထင်ပါ၏။ ငယ်ငယ်ကတည်းက သူ့တကာကလေးတွေလို ကစားခုန်စား သိပ်မရှိ။ ရွာလယ် ညောင်ပင်အောက်မှာ ကလေးသံတွေ ပွက်လောကြီး ညံနေတတ်သော်လည်း မအိမ်ကံက သွားကစားလေ့မရှိ။ တစ်ခါတစ်ရံ အမေပန်းရုံက ပေးလွှတ်ကစားစေသည့်တိုင် ငုတ်တုတ်ထိုင်ကြည့်ကာ ပြန်လာတာများသည်။ စိတ်ကူးရလျှင် အစ်ကိုဖြစ်သူ မောင်မြတ်သာနှင့် တိုင်တို့တမ်း၊ တူပုန်းတမ်း စသဖြင့် ရှားရှားပါးပါး ကစားလေ့ရှိသော်လည်း များသောအားဖြင့် တစ်ယောက်တည်းနေတာ များသည်။ ခြံကျယ်ဝင်းကျယ်ကြီးထဲက နှစ်ထပ်ပျဉ်ထောင်အိမ်မြင့်မြင့်ကြီးမှာ နေစရာ ထိုင်စရာ မရှားသော်လည်း အားအားရှိလျှင် မအိမ်ကံက အပေါ်ထပ်ကို တက်လာလေ့ရှိသည်။ အိမ်မကြီးအပေါ်ထပ် အတွင်းခန်းကိုမဝင်ဘဲ လေသာဆောင် ထုတ်ထားသည့် အဆောင်ရှည်ကြီးမှာ နေကုန်နေခန်း နေချင်နေတတ်ပါ၏။ လေသာဆောင်မှာ တန်းလျား၊ ကုလားထိုင်ရှည်ကြီးတစ်လုံးရှိတော့ မအိမ်ကံအတွက် အဆင်ပြေသည်။ အဆောင်ရှည်ထောင့်မှာ ခုံပုဝိုင်းကလေးတစ်လုံးရှိသည်။ နဂါးသုံးကောင်သဏ္ဌာန် ခြေချောင်းတပ်ခုံပုကလေးပေါ်မှာ ခူးလာသည့် ဆပ်သွားဖူးပန်းတွေတင်ကာ ရွာလမ်းကို အပေါ်စီးက လှမ်းကြည့်နေတတ်သည်။ ဆပ်သွားဖူးနံ့ သင်းအီအီကို မအိမ်ကံ ကြိုက်သည်။

တစ်ခါတစ်ရံ အစ်ကိုမောင်မြတ်သာ သင်ပေးထားသောစာကို ကျောက်သင်ပုန်းတစ်ချပ်ပေါ် ရေးမှတ်ခြင်း၊ နှုတ်မှ တိုးတိုးရွတ်ဆိုခြင်း ပြုနေတတ်သည်။ ဇောင်ချမ်းကုန်းရွာမှာ ဘုန်းတော်ကြီးစာသင်ကျောင်း ရှိသော်လည်း မိန်းကလေးများ သွား၍မတက်ကြရပါ။ ယောကျ်ားကလေးများနှင့်သာဆိုင်သော အလုပ်ဟုသာ သဘောထားကြသည်။ မအိမ်ကံကိုတော့ အဖေလုပ်သူက စာသင်ပေးဖို့ မောင်မြတ်သာကို တာဝန်ပေးထားသည်။ ရွာမှမိန်းကလေးတော်တော်များများ စာမတတ်ကြသော်လည်း ဘုရားရှိခိုးတတ်ကြသည်။ အိမ်တွင်းမှုအလုပ်မှန်သမျှ မိခင်နှင့်အတူ ဒိုးတူဘောင်ဖက် လုပ်ကိုင်ရင်း တတ်ကြသည်။ ထမင်းဟင်းချက်၊ ပဲနှုတ်၊ နွားစာရိတ်၊ ဝါဖတ်၊ ဗိုင်းငင်၊ ရက်ကန်းအတတ်တွေကို တတ်ကြသည်။ မအိမ်ကံကတော့ သည်အလုပ်တွေ လုပ်စရာမလို။ အိမ်မှာ အမေပန်းရုံကို ဝိုင်းကူကြသူတွေ အများကြီးရှိသည်။ သည်တော့ မအိမ်ကံအဖို့ အိမ်ကြီးအပေါ်ထပ်က သည်နေရာကလေးမှာ လာလာနေတတ်တာ မဆန်းလှပါ။



အဝေးရွာတွေက လှည်းတွေ တအီအီ ဖြတ်သန်းနေကြသည့် ဖုန်ထူထူ ရွာလယ်လှည်းလမ်း ဂရန်းဂရင်းပေါ်မှာ သွားလာနေကြသည့် လူမျိုးစုံ၊ အဆင်အသွေးပေါင်းစုံကို ငေးရတာကိုလည်း မအိမ်ကံ ဝါသနာပါပုံရသည်။ တချို့က လှည်းစီးလာရတာ ဘယ်လောက်တောင်ကြာခဲ့ကြသည်မသိ။ လှည်းကြမ်းကြီးတွေပေါ်မှာ စောင်ကျားကြီးတွေခြုံကာ ထိုင်လျက် ငိုက်သူကငိုက်၊ ပိုးလို့ပက်လက် လန်သူကလန်၊ လှည်းဆွဲရာ လိုက်နေကြသူတွေဖြစ်သည်။ တချို့ကတော့ လှည်းပေါ်မှာ ထမင်းထုပ်တွေ ဖွင့်စားနေကြသူတွေ၊ တချို့က ခုံဖိနပ်ကြီးဝတ်၊ ကားဖိနပ်ကြီးစီးကာ ကုန်းကြောင်းလျှောက်ကြသူတွေ။ တချို့က ဖိနပ်ပင်မပါကြ။ အရှေ့ ကြည်းတောခေါင်ခေါင် ရွာများနှင့် အနောက်မြစ်နားတန်းရွာများ ကူးလူးကြသော ခရီးလမ်းသင့်ရာ ဇောင်ချမ်းကုန်းရွာကလေးကတော့ ရွာသူရွာသား ရွာလှည်းများပင်မက အဝေးကလူတွေ လှည်းတွေပါ မအိမ်ကံတို့ အိမ်ကြီးရှေ့က ရွာလယ်လမ်းမကြီးပေါ် လွန်းထိုးရက်ယှယ် ရှိတတ်သည်။ လူတွေကြည့်လိုက်လျှင် ချွေးတွေသံတွေနှင့်။ ဖုန်နှင့် သောကောရောကော ဖြစ်နေသည့် အဝတ်အစားတွေကလည်း နွမ်းပါးလွန်းလှသည်။ ရက်ကန်းထည် ဂျတ်ခုတ်ထဘီ၊ ဖျင်ကြမ်းနှစ်နံစပ်တွေဆိုလျှင် အကွက်ပင်မပေါ်ကြတော့။ ယောကျ်ားသားကြီးတွေကတော့ ဖျင်ပုဆိုး ခပ်တိုတိုဝတ်ကာ ကြောပြောင်ကြီးတွေနှင့်။ တချို့ လှည်းကြမ်းပင် မစီးနိုင်ကြဘဲ အထုတ်ကြီးတွေ ထမ်းပိုးဖြင့် လျှိုထမ်းကာ ဒရွတ်သိုးသီ အပြေးအလွှားနိုင်လွန်းလှသည်။ မအိမ်ကံအဖို့ နေ့စဉ်နှင့်အမျှ သည်မြင်ကွင်းသည်တောသူတောင်သား လူမှုဘဝတွေကိုသာ မြင်တွေ့နေကျဖြစ်၏။

ရွာလမ်းပေါ်မှာ လူတွေ လှည်းတွေ မရှိလျှင်တော့ အောက်ဘက် ခပ်လှမ်းလှမ်းက အသီးတွေ အက်ကွဲနေတတ်သည့် သလဲပင်ကြီးက သလဲသီးတွေကို ငေးနေတတ်ပါ၏။ တစ်ခါတလေ လေနှင့် လွင့်ပါလာတတ်သော မှို့စကြော်ကလေးတွေ၊ သစ်ရွက်ကလေးတွေ ဝဲနေတာကိုအစအဆုံး လိုက်ကြည့်နေမိသည်။ အောက်ထပ်မှာ ညှော်သည်တွေ တရုန်းရုန်း ရှိနေချိန်ဆိုလျှင်တော့ မအိမ်ကံ တစ်နေကုန် မဆင်းတော့။

"မအိမ်ကံရေ…ထမင်းစားကြရအောင်လေ ဆင်းခဲ့တော့"

အောက်ထပ်က တစ်ယောက်ယောက်ခေါ်သံ ကြားသည့်တိုင် မအိမ်ကံ ဆင်းချင်မှဆင်းသည်။ အောက်ထပ်မှာ ဟင်းတွေ စုံနေမှန်းသိသော်လည်း လှည်းပေါ်က လှည်းသမားမိသားစုစားကြသည့်ထမင်းအိုးတောင်း ဟင်းအိုးတောင်းဆီကိုသာ အာရုံရောက်နေတတ်သည်။ ဘာဟင်းတွေနဲ့များ စားနေကြပါလိမ့်။ ဆီမပါ ပျားမပါ ခရမ်းချဉ်သီး ဒလိမ်းထိုးချက် ချဉ်စုတ်စုတ်နဲ့များလား။ ငါးပိကလေး စလောင်းကပ်ကင်ပြီး ငရုတ်သီးထောင်းကလေးနဲ့လည်း ဖြစ်နိုင်ပါ၏။ ဒါမှမဟုတ် မန်ကျည်းသီးနုနုကလေးတွေ ထောင်း၊ ငါးပိကလေးလူးကာ ကြော်လာသည့် ချဉ်ငံစပ်စပ်လည်း ဖြစ်နိုင်တာပဲမဟုတ်လား။ အိမ်အောက်ထပ်က မအိမ်ကံ စားနေကျထမင်းဝိုင်းနဲ့တော့ ကွာချင်တိုင်းကွာရော့မည်။ အိမ်မှာက ညှော်သည်စောင်သည် ပြတ်သည်မရှိတော့ ထမင်းပြည့်ဝင်အိုးကြီးက ဖောင်းလန်နေတတ်သည်။ ရွာမှာ အမဲပေါ်၊ ငါးဖော်လေတိုင်း ရှေးအစဉ်အလာအရ သူကြီးအိမ်ကို အသားတွဲပေး၊ ငါးတွဲပေး ဝလေ့ရှိသည်။ အဦးအဖျားတွေကလာပို့သမျှ မီးဖိုဆောင်မှာ ချက်ပြုတ်ထားသည့် သားငါးနံ့တွေက လှိုင်နေတတ်သည်။ တစ်ခါတစ်ရံ မြို့က ရောက်လာတတ်ကြသော အဖေ့ညှော်သည်တွေထဲမှာ အဖေကိုယ်တိုင်က ခယဝပ်တွ

www.burmeseclassic.com

ပြုရသည့် လူကြီးလူကောင်းဆိုသူတွေ ပါလာတတ်သည်။ အဲသလိုနေ့တွေမှာတော့ သားညှိန့်၊ ငါးညှိန့်၊ အရက်နံ့၊ ပိုလိုနံ့တွေ တစ်အိမ်လုံး နံစော်နေတော့သည်။ သည်လိုအနံ့တွေကို မအိမ်ကံ မကြိုက်။ အဲသလိုနေ့တွေဆိုလျှင် ဆပ်သွားဖူးပင်ကြီးက ဆပ်သွားဖူးပန်းတွေခူးကာ ခပ်ဝေးဝေး ပဲမှော်တိုက်ဘေးမှာ သွားနေလိုက်သည်ချည်းဖြစ်၏။

သည်ကနေ့လည်း မနက်ခင်းစောစောကတည်းက အိမ်အပေါ်ထပ် လေသာဆောင်ကို မအိမ်ကံ ရောက်နေခဲ့သည်။ အိမ်မှာ အဖေရော အမေရော အစ်ကိုရော မရှိကြ။ ရွာမှာ အလှူရှိသည် မဟုတ်လား။ အလှူရှိလျှင် တစ်ရွာလုံးက ဝိုင်းကြ ဝန်းကြ ရှိကြရသည်။ သည်တစ်ခါ အလှူက အလှူကြီးဖြစ်သည်။ အဖေပင် မနက်မိုးမလင်းခင်က အလှူအိမ်ကို သွားနှင့်ပြီ။ အမေ အလှူသွားမည်ပြင်တော့ မအိမ်ကံကို ခေါ်သေးသည်။ မအိမ်ကံက ဝတ်ခါစားခါ ဟန်ပန် လုပ်ရမည့် လူစုစုထဲကို သိပ်မသွားချင်၍ မလိုက်ဘဲ အိမ်မှာ ကျန်နေရစ်ခဲ့သည်။ ခါတိုင်း စိုက်ခင်းတွေထဲမှာ လူမှုံမှုံကလေးတွေ ပွစာတက်နေတတ်သော်လည်း ကနေ့ စိုက်ခင်းဆင်းသူ မရှိ။ မအိမ်ကံကတော့ မျှော်ကြည့်နေကျ ကွင်းပြန့်ကြီးတွေကို ငေးနေလိုက်သည်။

"ကံကလေးရေ နမလေး...အလှူလှည့်လာပြီ သွားကြည့်ရအောင်"

အစ်ကိုဖြစ်သူက အိမ်ကို တကူးတက ပြန်လာပြီး အပေါ်ထပ်အထိ တက်လာကာ ခေါ်တော့မှ မအိမ်ကံ ဆင်းဖို့ပြင်သည်။ အစ်ကိုက သူ့ကို 'ကံကလေး' ဟုခေါ်သလို၊ မအိမ်ကံ ကလည်း မောင်မြတ်သာကို သူတကာတွေလို မောင်ကြီးဟု မသုံးဘဲ 'အစ်ကို' လို့သာ ခေါ်လေ့ရှိ၏။ အဖေ၊ အမေနှင့် အိမ်ကြီးက သူရင်းငှားတွေအားလုံးက ကလေးဆိုပေသိ 'မအိမ်ကံ' ပဲ ခေါ်ကြသည်။ တစ်ရွာလုံးကလည်း မအိမ်ကံ ခေါ်ကြတာပါပဲလေ။ အသက်ဆယ်နှစ်စွန်းစ ကလေးငယ်ဆိုသော်လည်း မအိမ်ကံက အနေအထိုင် သိသိပ်သည်။ စကားနည်းသလောက် အပြောအဆို လိမ္မာညင်သာသည်။ စကားတစ်ခွန်းကို ဖြစ်ကတတ်ဆန်း မပြောဘဲ တွေးတွေး ဆဆ နှိုင်းနှိုင်းချိန်ချိန် ဆိုတတ်သည်။ ရွယ်တူသူငယ်ချင်းများနှင့် အချင်းချင်း တွေ့ကြဆုံကြ လျှင်ပင် မအိမ်ကံရှေ့မှာ ရိုသွားရလောက်အောင် အနေတည်တာကလည်း မအိမ်ကံ၏ ဘဝက ပါလာသည့် အရှိန်အစော် ဖြစ်လိမ့်မည်။

"အစ်ကို လိုက်ပို့မှာလား"

"ဟဲ့ ကံကလေးရဲ့ လိုက်ပို့စရာလိုလို့လား...ကိုယ့်ရွာကိုယ့်အသိချည်းပဲဟာကို...အခုန ရွှဲတိုက်သံ မကြားလိုက်ဘူးလား...မဏ္ဍပ်ထဲ ရှင်လောင်းဝင်ကြတော့မယ် ကံကလေး ရဲ့...သွားကြည့်ချေ"

"ဟင့်အင်း...အစ်ကိုလိုက်ပို့မှ...မအိမ်ကံတစ်ယောက်တည်းတော့ သွားချင်ပေါင်"

"ခက်ကရောဟာ နင့်မလဲ...ကိုင်း လာလာ"

မောင်နှမနှစ်ယောက် လှေကားကြီးက ဆင်းခဲ့ကြသည်။ ရွာလယ်လမ်းကို အပြေး ကလေး ဖြတ်ခဲ့ကြကာ ပဲတွေလှန်းထားသည့် ကြီးတော်စိန့် ဝိုင်းထဲက တလင်းကို ခါးက ဖြတ်ကူးလိုက်တော့ အလှူမဏ္ဍပ်ရှေ့ ဒုတ်ဒုတ်ထိ ရောက်ပြီ။ မဏ္ဍပ်ရှေ့မှာ ကလေးတွေရော လူကြီးတွေရော မွစာကြီးတက်နေလေသည်။ လူတွေ တကျိတ်ကျိတ် တိုးဝှေ့နေကြတာကိုက ပျော်စရာကောင်းလှသည်။ မအိမ်ကံသည်ပင် လူတွေကြားထဲ တိုးချင်လာသည်။ အစ်ကိုဖြစ်သူ၏




ပုဆိုးစကိုဆွဲရင်း မဏ္ဍပ်ထဲ ဝင်ကြတော့မည့် ရှင်လောင်းအဝင်ကို ခြေဖျားထောက်ကာ မျှော်သည်။ မဏ္ဍပ်ပေါက်မှာ ချိတ်ထားသည့် ရွဲလုံးကြီးတွေကို လှမ်းကြည့်သည်။ မဏ္ဍပ်ဝမှာ ရွဲလုံးရောင်စုံ သီချိတ်ကြတာ ဓောင်ချမ်းကုန်းရွာဓလေ့ ဖြစ်သည်။

"မွေးနံ့သာကြူသည့်၊ သုံးလူသာသနာ၊ များလှသံဃာ၊ ကျောင်းဝိဟာမှာ၊ တစ်ဝါထမ်း တို့ပါလော..." (သျှိုး)

"လောကမျက်ရှု၊ သဗ္ဗညု၊ ခွင့်ပြုသာသနာ၊ ထမ်းချင်ပါကြောင်း၊ မောင်ခွင့်တောင်း သည်၊ အကြောင်းလွှတ်သင့်ပါ၏..." (သျှိုး)

"လွှတ်ပါဦးတော့၊ ကြော့မှုုံးသည်တစ်ဝါ၊ နိဗ္ဗာန်ကိုလှမ်း၊ ရွှေစာထမ်းသည်၊ ရဟန်း ပြုချင်ပါ၏..." (သျှိုး)

"သုံးလဖြင့်ကြာရဘူး၊ မောင်ကြီးသစ္စာ၊ ထားခဲ့ပါသည်၊ မြတ်စွာစိတ်နွေ့ရူးပါစေ..." (သျှိုး)

လမ်းဘက်ဆီက သျှိုးသံတွေ ဒိုးသံတွေ စီစီကြီး ကြားရပြီ။ မဏ္ဍပ်ဝမှာ လူတွေ များသည်ထက်များလာပြီ။ မောင်မြတ်သာက နှမလက်ကိုဆွဲကာ မြင်ကွင်းကောင်းမည့်နေရာကို ရွေးသည်။ မဏ္ဍပ်ဝက လမ်းဘက်ကို လှည့်ထားသော်လည်း လမ်းနေရာက ကျဉ်းလှသည်။ သည်မြေကွက်ကျဉ်းကျဉ်းကလေးထဲမှာ လူတွေ အများကြီးထပ်ရောက်လာကြတော့မည်။ မဏ္ဍပ် ထဲမှာလည်း လူအပြည့်။ ရှင်လောင်းလှည့်လာကြသည့် လူတန်းကြီးက နီးသည်ထက်နီးလာ လေပြီ။ ခြေဖျားကလေး ထောက်ကာ ထောက်ကာ မျှော်ကြည့်နေသော မအိမ်ကံကို မောင်မြတ်သာ က ဇွေ့ခနဲ ပွေ့ချီမြှောက်လိုက်သည်။

"မြင်ရလား ကံကလေး"

"မြင်ရပြီ အစ်ကို"

ရှေ့ဆုံးက သာသနာ့အလံကိုင်၊ နောက်က ကန်တော့ပွဲရွက်၊ နောက်က ပရိတ်အိုး၊ ခရစင်တော်အိုး ရွက်ကြသူတွေ၊ နောက်ကမှ သင်္ကန်းပိုက်၊ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အပျိုတွေ၊ အပျိုတန်းရှည်ကြီးနောက်မှာ မောင်ရှင်လောင်းတွေ မြင်းကိုယ်စီဖြင့်၊ နားရဲလှည်းယာဉ် ကြော့ကြော့။ နောက်ဆုံးမှာတော့ အရုပ်ဆရာ ဘိုးပြန့်လက်ရာများဖြစ်သည့် ဖိုးသူတော်ရုပ်၊ အဘိုးအိုရုပ်၊ တောင်သူကြီးရုပ်တွေ။ သည်အရုပ်ကြီးတွေကို မအိမ်ကံ ချစ်သည်။ တကယ့်လူပုံစံ ချိုးထားသည့် နီးရုပ်ကြီးတွေမှာ စက္ကူကပ် ဆေးခြယ်ထားမှန်း သိသော်လည်း အရုပ်ကြီးတွေက သဘာဝကျလွန်းပါ၏။ ဖိုးသူတော်ရုပ်မှာ ရေသဖန်သီးတွေကို စိပ်ပုတီးလုပ်ကာ ဆွဲထားသည်။ နှုတ်ခမ်းမွေးကားကား၊ ဆေးလိပ်ကြီး ပါးစောင်ခဲထားသည့် အဘိုးကြီးရုပ်ကလည်း မာန်ပါလှ၏။ ရင်ကြီးမောက်မောက်၊ လည်ပင်းအစ်အစ်နှင့် နီးတဘက်ရက် အရုပ်ကြီးတွေကို ရွာက အလှူတိုင်း မှာ တွေ့ဖူးသော်လည်း မအိမ်ကံ ကြည့်၍မဝနိုင်။

"ကာလအလိုက် သူ့စိတ်ကြိုက် x x ကျပ်ကြီးမပိုက် ခေါင်းစိုက်စိုက် x x တိမ်းလိုက် မိန်းလိုက် အိမ်တိုင်းဝင် x x လက်ဆောင်မြင် ခုရော့ချက်ချင်း x x ဆန်စ ငွေစ ဖျင်စပါ လိုရာ လိုရာ ရေးချည့်မယွင်း x x"

www.burmeseclassic.com

www.burmeseclassic.com

ဒုံးသီချင်းဆိုတတ်သည့် ကိုလူငွေ့ဟစ်သံက ပွက်ပွက်ရိုက်နေသည့် ဒိုးသံ လှည်း၊ အော်သံ ခေါ်သံတွေကြားက စူးထွက်နေ၏။ အရုပ်ကြီးတွေက ကြီးလွန်းတော့ စိတ်ရှိတိုင်း သွားလို့မရ၊ တလှုပ်လှုပ်။ မြင်းစီး မောင်ရင်လောင်းတွေကလည်း တရွေ့ရွေ့။ ပရိက္ခရာကိုင်၊ ပန်းတောင်ကိုင်၊ ကွမ်းတောင်ကိုင် အပျိုကြီး အပျိုငယ်တွေက တစ်ဆစ်စီ။ မအိမ်ကံ၏ မျက်လုံးများက ငှက်ပျောဖက်ထိုး ဖက်စိမ်းကွမ်းတောင်ကြီး ကိုင်လာသည့် မိန်းမချောဆီမှာ ရှိနေသည်။ ဘာကြောင့်ရယ်မသိ။ ငှက်ပျောဖက်ညွန့် စိမ်းစိမ်းဖူးဖူးကလေးကို ကလပ်ပေါ်မှာ တင်ကာ ကိုင်လာသည့် သည်မိန်းမချောကို လူတွေ စိတ်ဝင်တစားရှိနေကြတာကိုလည်း မအိမ်ကံ သတိထားမိသည်။ အစ်ကို့ပေါ်မှ လျှောဆင်းကာ လူအုပ်ကြားထဲ တိုး၍ အနားကပ် ရပ်ကြည့်နေလိုက်သည်။

"အဲဒါ ဖက်စိမ်းကွမ်းတောင်ကိုင်လေ မအိမ်ကံရဲ့...ဘွားလေးသီရဲ့သမီး မငွမ်းဖြူလေ"

မအိမ်ကံဘေးမှာ ရပ်နေသော သူနှင့်ရွယ်တူမိန်းကလေးတစ်ယောက်က ပြောလိုက်ခြင်းဖြစ်သည်။ ခေါင်းကို အသာငဲ့ကြည့်လိုက်တော့ တောင်ပိုင်းက အရီးမြသမီး ရွှေမှုံ။ ရွှေမှုံက ရွာတောင်ဖျားမှာ နေသူဆိုတော့ မအိမ်ကံနှင့် အနေတော့ လှမ်းသည်။ ရွာကလေး ပလုပ်တုတ်မှာ တစ်ရွာတည်းနေကြသူတွေဆိုတော့လည်း အခင်အမင်တော့ ရှိပါ၏။ ရွှေမှုံပြတော့မှ ကွမ်းတောင်ကိုင် မငွမ်းဖြူကို ခပ်စူးစူး ကြည့်လိုက်မိသည်။ ဆံထုံးပုံ့ပုံ့မှာ ဆံမြိတ်ရှည်ကလေး ချကာ နှင်းဆီဖြူတစ်ပွင့်သာ ပန်ထားသည်။ ဖြူဖြူအိအိ အသားကလေးမှာ သူတကာလို နံ့သာတွေ တင်းနေအောင် လူးမထား။ ပကတိအလှဖြင့်သာ ယဉ်စစ ဝင်းပနေသည်။ ကျောက်ဘယက် နှစ်သွယ်တန်းကလေးက လည်တိုင်မှာ ယီးလေးခိုထားကာ လှသောမျက်နှာနှင့် ယဉ်သောခန္ဓာကို စည်းခြားထားသလိုရှိနေသည်။ အင်္ကျီလက်ရှည် နို့စိမ်းရောင်၊ ချိတ်ပိုးစိမ်းထဘီနှင့် သိုင်းထားသည့် ပဝါစိမ်းက ဖက်စိမ်းကွမ်းတောင်နှင့် လိုက်ဖက်လှသည်။ ရွာမှာ တွေ့ရခဲသည့် ကတ္တီပါ ပုံတော်ဖိနပ်ပေါ်က ခြေဖမိုးသားဝင်းဝင်းမှာလည်း ရွှေခြေကျင်းကြီးတွေက ထင်နေသည်။ ကြဲဆစ်လက်ကောက်တွေ ဝတ်ထားသည့် လက်နှစ်ဖက်ထဲမှာတော့ ဖက်စိမ်းကွမ်းတောင်။ ခါတိုင်းအလှူတွေမှာလည်း ဖက်စိမ်းကွမ်းတောင်ကိုင် ပါမြဲဖြစ်သော်လည်း မအိမ်ကံ အာရုံမကျခဲ့။ သည်တစ်ခါတော့ သူ့ရှေ့မှာ တလှုပ်လှုပ် ရွေ့လျားနေသည့် ရွှေကွမ်းတောင်ကိုင်ကို တရွေ့ချင်း လိုက်ကြည့်နေမိသည်။ ကတ္တီပါ ပုံတော်ဖိနပ်ကလေး ရွေ့နေသရွေ့ မအိမ်ကံမျက်လုံးတွေ လိုက်ရွေ့ကာ ကြည့်နေမိခြင်းဖြစ်ပါ၏။

"လှလိုက်သာနော် မအိမ်ကံ...ငါတော့လေ ကြီးလာရင် ဖက်စိမ်းကွမ်းတောင်ကိုင် ဖြစ်ပါရစေ ဆုတောင်းမိသယ် သိလား...နင်ကော မကိုင်ချင်ဘူးလား"

ရွှေမှုံက သူ့ခါးကလေးကို တင်းနေအောင်ဖက်ရင်းက မေးနေခြင်းဖြစ်သည်။ နင်ကော မကိုင်ချင်ဘူးလားတဲ့...။ ဟုတ်သားပဲ။ အဲသလိုလည်း စဉ်းစားနိုင်ပေသားပဲ။ မအိမ်ကံက ဒုံးရုပ်ကြီးတွေကို ငေးကြည့်ရင်းက တွေတွေကလေး စဉ်းစားသည်။ ဖက်စိမ်းကွမ်းတောင်ကိုင်ဆိုတာ ဖြစ်ချင်တိုင်း ဖြစ်ခွင့်ရှိလို့လား။ ရွာထဲမှာ အပျိုပေါင်း သောင်းခြောက်ထောင် ရှိတဲ့အထဲက ဘယ်လိုအပျိုမျိုးကို ခေါင်ကောက်ရွေးတာလဲ။ ဖက်စိမ်းကွမ်းတောင် ကိုင်နိုင်ပါမှဆိုတော့ အပျိုကြီးဖားဖားဖြစ်အောင်တော့ စောင့်ရဦးမှာ သေချာသည်။



"ကိုင်ချင်သာပေါ့ ရွှေမှုံရယ်...ဒါပေမဲ့ ငါတို့ ငယ်ပါသေးသယ်...ငါသာ ဖက်စိမ်းကွမ်းတောင် ကိုင်ရရင် မြဲနေအောင် ပွေ့ထားမှာပဲအေရဲ့"

ရွှေမှုံက မအိမ်ကံကို ထူးဆန်းသလို မော့ကြည့်လိုက်သည်။ မဏ္ဍာပ်ပေါက်ထဲ ရှင်လောင်းသွင်းပြီးသွားချိန်မှာတော့ လူတွေ မဏ္ဍာပ်ထဲ လုံးထွေးဝင်သူကဝင်၊ ထမင်းရုံဘက် သွားသူကသွားနှင့် အလှူကြီးတစ်ခုလုံး အုံးအုံးထနေတော့သည်။ ထမင်းရုံက မဏ္ဍာပ်နှင့် အနည်းငယ်လှမ်းသောနေရာမှာ ထန်းလက်များ ကာထားသည့် သီးသန့်နေရာဖြစ်သည်။ ထမင်းရုံဆီက ဟင်းနံ့တွေ ပျံ့တက်လာတော့ မအိမ်ကံ ထမင်းဆာသလိုလို ဖြစ်လာသည်။ အလှူဆိုတော့ ကိုယ့်ရွာ သူ့ရွာက ဖိတ်ထားကြသူတွေ မရောက်မဖြစ် မီးခိုးတိတ်လာကြသူတွေချည်း ဖြစ်ပါ၏။ အိမ်ဆူးဆို့၊ ကလေးလက်တို့၊ ခွေးအို့အို့ ဆိုသလို ဝက်ဝက်ကွဲအောင် အိမ်ပစ်ယာပစ် လာကြသူတွေ ဖြစ်၏။ အလှူ့ရှင်ကလည်း သည်လို လှူရတန်း ရ ကျွေးရမွေးရတာကို ကျေနပ်တတ်ကြသည်။

"ကံကလေး ပြန်ချင်ပြီလား...မဏ္ဍာပ်ထဲ ဝင်ဦးမလား...လာလေ"

အစ်ကိုက လာခေါ်တော့ မအိမ်ကံက ထမင်းရုံဘက်ဆီ လက်ညှိုးထိုးပြရင်း ဆိုသည်။

"အစ်ကို...မအိမ်ကံ ထမင်းဝင်စားချင်တယ်"

"ဟာ...ဟုတ်ရဲ့လား ကံကလေးရဲ့...ထမင်းရုံထဲ ငါ့နှမ စားရဲလို့လား"

"စားရဲပါ့"

ထမင်းရုံထဲကို မောင်နှမနှစ်ယောက် တိုးဝင်သွားတော့ ရွာဆော် မောင်သောင်းက ဆီးကြိုပြီး ဒေ့ကောင်းစောင်ကောင်း လူကြီးသူမများကို တည်ခင်းဧည့်ခံသည့် သီးသန့်နေရာကို ခေါ်သွားသည်။ မအိမ်ကံက အဲသလို မစားချင်။ ခုံမြင့်စားပွဲပေါ်မှာ တည်တည်ပပ စားရခြင်းထက် မြေကြီးပေါ်မှာ ခုံပိုင်းတွေခင်းကာ ဖင်ထိုင်စားရသည့် လူအုပ်ကြားထဲ ရောနှောစားချင်၏။ ကြေးဒွန်းစိုက်ထားသည့် မှန်ရောင်ဟင်းချိုကို ဖလူးဖလဲမြည်အောင် သောက်ချင်သည်။ ပဲတီချဉ်သုပ်နှင့် ငါးခြောက်ဖုတ်ဆီရွှဲရွဲကို လက်ကြားယိုအောင် နယ်ရင်း လက်ချောင်းတွေကို စုတ်ရင်း စားချင်သည်။ ခုံမြင့်ပေါ်က ဝက်သားနီ ဆီပြန်ချက်ကိုကြည့်ပြီး မအိမ်ကံ စားချင်စိတ်မရှိတော့ပါ။

"စားလေ ကံကလေး"

"မစားချင်တော့ဘူး အစ်ကို...အိမ်ပဲပြန်တော့မယ်"

"ဟော ဖြစ်ရပြန်ပြီ...ကဲကဲ ဒါဆို အိမ်ကျမှစားပေါ့...အိမ်မှာလည်း အလှူက ထမင်းအုပ်ပို့ထားသားပဲ...ကိုင်း လာလာ"

မောင်နှမနှစ်ယောက် ပြန်လာတော့ ကြီးတော်စိန် ဝိုင်းတိုက်က မဖြတ်တော့ဘဲ ရွာအနောက် တာလမ်းကိုပေါက်သည့် လမ်းသွယ်တစ်ခုက ပြန်လာခဲ့ကြခြင်းဖြစ်၏။

"အစ်ကို မမငွမ်းဖြူက လှသယ်နော်"

"ဟ...လှသာပေါ့ဟ...ကွမ်းတောင်ကိုင်ပဲ"

"ကွမ်းတောင်ကိုင်ဆိုသာ ဘာကိုပြောသာလဲအစ်ကို"

"အင်း...ကွမ်းတောင်ကိုင်ဆိုသာ ကွမ်းတောင်ကိုင်ရလို့ နေမှာပေါ့ဟ"

"အဲသာတော့ အစ်ကိုပြောမှလား...ကွမ်းတောင်ကိုင်က လှမှ ဖြစ်သာလားလို့"

www.burmeseclassic.com

www.burmeseclassic.com

"အင်းပေါ့...လှဖို့တော့ လိုမှာပေါ့ နှမလေးရာ...ကံကလေးကြီးရင် ကွမ်းတောင်ကိုင် ဖြစ်မှာပဲ...ငါ့နှမက လှသာပဲဟာ"

အစ်ကို့စကားကို မအိမ်ကံ သိပ်တော့ စိတ်မချ။ သူမြင်ခဲ့ရသလောက် ဖက်စိမ်းကွမ်းတောင်ကိုင် မမဥမ်းဖြူက ချောတာတော့အမှန်ပင်။ ချောသည် လှသည်ဆိုသည့် အချက်တစ်ချက်တည်းနှင့်သာ ရွေးကြကြေးဆိုလျှင် ရွာအနောက်ပိုင်းက မုဆိုးမ ဒေါ်ကြီးအုံသမီး မကြာဥကို ဘာလို့မရွေးကြသလဲ။ မကြာဥက ပိုချောတာကို တစ်ရွာလုံး ပြောနေကြတာပဲ။ မအိမ်ကံ စိတ်ထဲမှာ သည်အကြောင်းအရာက စလုံးစခု ဖြစ်နေခဲ့ပြီ။ ခါတိုင်း သူ့ခေါင်းထဲ မရောက်ခဲ့ဖူးသော အကြောင်းအရာက သည်မနက်တော့ သူ့ရင်ထဲမှာ မြေပဲဥသလို ဥနေကြပြီ။

အိမ်ရောက်တော့လည်း မအိမ်ကံ သည်အချက်ကိုပဲ စဉ်းစားနေမိသည်။ အကောင်းဆုံးကတော့ အမေပန်းရုံကို မေးခြင်းပင်။ အမေကတော့ ပြောနိုင်လိမ့်မည်။ အမေအားလောက်မည့် အချိန်မှာ မေးဖို့ ချောင်းသော်လည်း အမေ မအားတာကို မြင်နေရသည်။ ညနေဘက်ကျတော့လည်း အလှူအိမ်ကို တရားနာ သွားနေလို့ မမေးဖြစ်။ တရားနာက ပြန်လာတော့မှ အမေ့နားကို မအိမ်ကံ ကပ်ရတော့သည်။

"အမေ"

"သမီး မအိမ်ကံ...ဘာများပါလိမ့်တော်"

မအိမ်ကံက အမေ့ကို မော့ကြည့်သည်။ သူ့စိတ်ထဲ အမေ့ကို ချောသည်ဟု ထင်သည်။ 'သူကြီးကတော်တို့များ ကျက်သရေရှိချက်တော့တော်...ဘဝကံ ပါလာလို့ထင်ပါရဲ့' ဆိုသည့် စကားမျိုးကို မအိမ်ကံ မကြာခဏ ကြားဖူးသော်လည်း အမေ့ကို စကားလှအောင် ပြောကြတာပဲလို့ အောက်မေ့ခဲ့သည်။ အမေ တကယ်လှတာပါပဲလား။ ရွာကတော့ မအိမ်ကံက မအေတူဟု ဆိုကြသည်။ ဒါဆိုရင် သူလည်း လှတာပဲပေါ့။ ဒါဆိုရင်...။

"အမေ့ကို မေးချင်လို့...သည်နေ့ အလှူလှည့် သွားကြည့်တော့ ဖက်စိမ်းကွမ်းတောင်ကြီး ကိုင်ထားသဲ့ မမဥမ်းဖြူကို တွေ့ခဲ့သယ်...အမေကြီးသိရဲ့သမီးလေ"

"အေး...အမေသိပါတယ်...ပြောပါဦး"

"ကွမ်းတောင်ကိုင်ဆိုသာ ဘာကိုပြောသာလဲဟင် အမေ"

သမီးကလေး မအိမ်ကံဆီက သည်လိုမေးခွန်းမျိုးကို ဒေါ်ပန်းရုံ မျှော်လင့်မထားတော့ ဘာပြောရမှန်းမသိအောင် ဖြစ်သွားခဲ့သည်။ သည်မေးခွန်းမျိုးကို ခါတိုင်း ဖြေဖူးလက်စ မရှိတာ ပါသလို၊ သမီးနားလည်အောင် မဖြေတတ်တာလည်း ပါပါ၏။ မအိမ်ကံက မအေကို စိုက်ကြည့်နေသည်။ အမေ ဖြေတော့လေဆိုသည့် မျက်နှာကလေးက အသနားခံနေသည့်နှယ် ရှိလေ၏။ ဒေါ်ပန်းရုံ ဘယ်လိုဖြေရပါ့မလဲ။ ကွမ်းတောင်ကိုင်ဆိုတာ ဘာလဲ အမေလို့ သမီးကလေးက မေးနေပြီ။

"ကွမ်းတောင်ကိုင်ဆိုသာ တစ်ရွာလုံးက သူကလေးတော့ဖြင့် ဖြစ်ထိုက်ရဲ့လို့ တညီတညွတ်တည်း ရွေးချယ်ခံရသဲ့ မိန်းကလေးပေါ့ သမီးရယ်...ရုပ်ရည်လည်း ချောရမယ်...မိဘကလည်း ပစ္စည်းဥစ္စာ အတန်အသင့်ရှိသဲ့ ရွာ့မျက်နှာဖုံး ဖြစ်ရမယ်...ပြီးတော့ မိန်းကလေးက အကျင့်စာရိတ္တ ကောင်းရမယ်...သူ့မှာ ရည်းစားသနာရယ်



လို့လည်း မရှိရဘူး...နာမည်ပျက် မရှိရဘူး...လျှပ်ပေါ်လော်လည် မရှိရဘူးပေါ့ သမီးရယ်"

"ဒါဆိုရင် ကွမ်းတောင်ကိုင် ဖြစ်ရောလား အမေ"

"တစ်ချက်နှစ်ချက်တော့ ကျန်သေးသယ်သမီးရဲ့...အမေလည်း သိသလောက် ပြောပြရသာ...ကွမ်းတောင်ကိုင်ဖြစ်ဖို့က ရွာက ရွေးသာပေါ့...သမီးကြီးတော့ နားလည်လာမှာပါလေ"

မအိမ်ကံကတော့ တစ်ချက်နှစ်ချက်တော့ ကျန်သေးတယ်ဆိုတာကိုသာ သိချင်နေသည်။ အမေ့ကိုတော့ မအိမ်ကံ ယုံပါသည်။ အမေ တကယ်မသိလို့ ပြောတာနေမှာပါလေလို့ စိတ်ကို ဖြေသည်။ အမေက မအိမ်ကံ၏ ခေါင်းကလေးကို ပွတ်သပ်ရင်း ဆက်ပြောသည်။

"သူကြီးသမီးမို့ ကွမ်းတောင်ကိုင် ဖြစ်ရမယ်လို့တော့ မရှိဘူး သမီးရဲ့...ကွမ်းတောင်ကိုင် ရွေးသဲ့နေရာမှာ ရွာက ဘက်လိုက်သယ်ဆိုသာလည်း မရှိဘူး...ဖြစ်ထိုက်တယ်လို့ အများက သဘောတူကြရင် ဖြစ်ရသာမျိုးပဲ"

အမေ့စကားကို မအိမ်ကံ ကျေနပ်သွားသည်။ မျက်နှာနုနုကလေး ဝင်းပသွားလေ၏။ ဖြစ်ထိုက်တယ်လို့ အများက သဘောတူကြရင် ဖြစ်ရတာမျိုးပဲ ဆိုသည့်စကားကို မအိမ်ကံ စွဲစွဲမြဲမြဲ မှတ်ထားလိုက်သည်။

"မအိမ်ကံ ကွမ်းတောင်ကိုင် ဖြစ်ချင်သယ်အမေ...တစ်ရွာလုံးက သဘောကျအောင် မအိမ်ကံ နေပြမယ်...အမေကြည့်နေ"

မအိမ်ကံကံ သည်စကားကို ပြောပြီးသည်နှင့် အိမ်ရှေ့ကို ပြေးထွက်သွားခဲ့သည်။ မွေးကတည်းက စကားနည်းခဲ့သော သမီးက သည်စကားမျိုး ပြောလိုက်ခြင်းကို ဒေါ်ပန်းရုံ အံ့ညြသွားခဲ့သည်။ ရှားရှားပါးပါး တစ်ဦးတည်းမွေးခဲ့ရသော သမီးကလေးဆီက သည်စကားမျိုး ပြောလာလိမ့်မည် မထင်ခဲ့သလို၊ ဒေါ်ပန်းရုံ ထည့်လည်းမတွက်မိခဲ့။ တိုက်တိုက်ဆိုင်ဆိုင် မေးလာတော့လည်း သမီးကို ထည့်မပြောခဲ့သည့် စကားတစ်ခွန်း နှစ်ခွန်း ကျန်နေသေးတာ သူ့အသိဆုံးဖြစ်သည်။ တမင်ချန်ထားခဲ့သည့် သည်စကားတွေကို ပြောနိုင်လောက်သည့် ခွန်အားလည်း သူ့မှာမရှိ။ ဖြေကတည်းက သတိထားဖြေခဲ့ရသည်။ ဒေါ်ပန်းရုံသည် နေရာမှာပင် တောင့်တောင့်ကြီး ရပ်နေဆဲ။ ရင်ဘတ်ပေါ်အထိ စီးကျလာသော မျက်ရည်များကိုပင် မသိမ်းနိုင် မဆည်းနိုင်။

"မအိမ်ကံရယ်...သည်ဘဝမှာတော့ သမီးကလေး ကွမ်းတောင်ကိုင်ဖြစ်ခွင့် မရှိနိုင်တော့ဘူး ဆိုတာ တစ်နေ့နေ့ သိလာမှာပါကွယ်"

■

www.burmeseclassic.com

## (၄)

"သည်နေရာကို ငါမရောက်ဖူးဘူး…ငါ့ရွာလည်းမဟုတ်ဘူး…သည်လူတွေကိုလည်း ငါတစ်ခါမှ မမြင်ဖူးပါဘူး…ငါဘယ်လိုနေရာကို ရောက်နေရတာပါလိမ့်…လူတွေကလည်း များလိုက်သာ…လှည်းတွေကလည်း မနည်းဘူးကြီးရယ်…ဘုရားပွဲ ရှိလို့များလား"

သည်တစ်ခါတော့ မအိမ်ကံတစ်ယောက်တည်း ရပ်နေခြင်းဖြစ်သည်။ ခါတိုင်း ဘယ်ကိုပဲသွားသွား တကောက်ကောက်ပါနေကျ အစ်ကိုဖြစ်သူ မောင်မြတ်သာပင် မပါခဲ့။ မအိမ်ကံ ရပ်နေသည့်ကွင်းကြီးက ရွာတစ်ခြမ်းစာလောက်ရှိသည်။ သစ်ပင်မရှိ၊ မြက်တစ်ပင် မပေါက်သော ကွင်းခြောက်ခေါင်ခေါင်ကြီးသာဖြစ်၏။ ကျွဲ၊ နွားများဖြင့် နင်း၍ မာသည်ထက် မာအောင် တလင်းခေါက်ထားသည့် စပါးတလင်း၊ ပဲတလင်းများလို ပြောင်တင်းနေသည့် ကွင်းကြီးထဲမှာ လူတွေ အပြည့်။ လူတွေအားလုံး ဝတ်ကောင်းစားလှတွေ ဝတ်ထားကြသည်။ ကလေးတွေကလည်း ခါတိုင်းမြင်နေကျ ကလေးတွေလို နွမ်းရိနွမ်းရော်မဟုတ်ကြဘဲ သစ်လွင်တောက်ပနေကြသည်။ မအိမ်ကံကိုယ်တိုင်လည်း ခါတိုင်း အိမ်မှာဝတ်နေကျ အဝတ်အစားမျိုးနှင့်မဟုတ်။ ပိုးစပ်ပိန်းထဘီစိမ်းကလေး ဝတ်ထားသည်။ အင်္ကျီလက်နားမှာ ကြာယပ်များပါသော နိုင်လွန်စ ပါးပါးကလေးပေါ်မှာ ဘော်ကြယ်အစိမ်းအပွင့်အခက်ကလေးတွေ ထိုးထားသည်။ ကတ္တီပါပုံတော် ဖိနပ်စိမ်းကလေးနှင့် ရွှေခြေကျင်းနှင့်။ ခေါင်းပေါ်က ဆံရစ်ဝိုင်း ဆံထုံးကလေးမှာ ဒေါင်းဒလိတ်ပန်းကလေး ခွေပန်ထားလိုက်သေး၏။ မျက်လုံးဝိုင်းဝိုင်းကြည်ကြည်နှင့် ဝင်းဝင်းစက်စက်ကလေး လှလွန်းနေသော မအိမ်ကံ။

ကွင်းကြီးထဲမှာ ရာနှင့်ချီသောလူတွေ ကြိတ်ကြိတ်တိုးနေကြသည်။ ကွင်းကြီး၏ မြောက်ဘက်မှာတော့ အတော်မြင့်သော တောင်မကြီးရှိသည်။ တောင်ပေါ်မှာ စေတီတစ်ဆူရှိသည်။ စေတီစိန်ဖူးတော်ကို နေရောင်ခြည်ထိသည့်အခါတိုင်း ဝင်းခနဲ လက်လက်သွားတာကို မအိမ်ကံ သတိထားမိသည်။ စေတီတော်ရှိရာ တောင်ကုန်းကလေးပေါ်ကို တက်ရောက်ဖူးချင်စိတ်တွေပင် ပေါ်လာခဲ့သည်။ ကွင်းပြင်ကြီးထဲကို အရပ်လေးမျက်နှာက မောင်းဝင်လာကြသည့် လှည်းတွေကလည်း အံ့သြစရာကောင်းအောင် များလွန်းလှသည်။ သည်လှည်းတွေကကော ဘယ်ကလာလို့ ဘယ်ကို သွားကြမှာပါလိမ့်။ အရင်ရောက်သည့်လှည်းတွေက လှည်းချွတ်နှင့်ကြ



ပြီ။ နွားတွေကို ထမ်းပိုးတုံးမှ ချွတ်ပြီးကြသည်နှင့် ခပ်ဝေးဝေးကို ဆွဲသွားကာ ပြောင်းရိုးတွေ ချကျွေးကြသည်။

နေထန်းတစ်ဖျားလောက်ရောက်တော့ လူတွေအားလုံး တောင်မြင့်ကလေးပေါ် တရွေ့ရွေ့ တက်ကြပြီ။ စေတီတော်ကလေးဆီ အဖူးအမြော်တက်ကြခြင်းဖြစ်ပုံရ၏။ တစ်ယောက်တည်း ရပ်နေသည့် မအိမ်ကံက လူတွေထဲမှာ အသိအကျွမ်း တစ်ယောက်တလေ ပါလိုပါငြား လိုက်ရှာမိသေး၏။ မတွေ့ပါ။ လူတွေအားလုံး သူစိမ်းတွေချည်းဖြစ်၏။ လူကြီးတစ်ယောက်ယောက် မဟုတ်သော်မှ ကလေးတစ်ယောက်ယောက်ကိုတော့ဖြင့် သိဖို့ကောင်းပါ၏။ သို့သော် မအိမ်ကံ စိမ်းသည့်လူတွေချည်း ဖြစ်နေသည်။ ထူးဆန်းတာက မအိမ်ကံကိုလည်း ဘယ်သူကမှ သိသူ မရှိခြင်းပင်။ မအိမ်ကံရပ်နေသည့်ဘေးမှာ သွားလာနေကြသော်လည်း သူ့ကို တစ်ချက်ကလေးမှ လှည့်မကြည့်ကြ။ မအိမ်ကံရပ်နေရင်း ရေဆာလာသဖြင့် ဘေးဘီကို လိုက်ကြည့်သည်။

မိန်းမကြီးတစ်ယောက်က မြေရေတကောင်းကလေးကို ကိုင်ကာ လူတွေကို ရေ တစ်ခွက်စီ ငှဲ့တိုက်နေသည်။ မအိမ်ကံ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သည်လောက်များတဲ့လူ တွေကို သည်ရေတကောင်းကလေးနဲ့ ငှဲ့တိုက်နေတာ ရေတွေ ကုန်လောက်ရောပေါ့။ မအိမ်ကံက လူအုပ်ကြားထဲ တိုးကာ မိန်းမကြီးရှေ့ အရောက်သွားသည်။ ရေကုန်သွားပြီလားဆိုသည့်စိတ်ဖြင့် မြေရေတကောင်းကလေးကို စိုးရိမ်တကြီး လှမ်းကြည့်လိုက်မိသည်။ မြေရေတကောင်းကလေးက ရေစိုပြန်ကာ ရေပေါက်ကလေးတွေပင် သီးထနေသလားထင်ရသည်။ မိန်းမကြီးက ခွက်ပေါင်းများစွာ ငှဲ့ပေးနေသော်လည်း ရေတကောင်းထဲက ရေတွေထွက်နေတုန်းဆိုတော့ အံ့ဩစိတ်ဖြင့် အနားကို ကပ်သွားခဲ့သည်။ မိန်းမကြီးက မအိမ်ကံကို မြင်ပုံမရ။ တခြားသောကမ်းလာသည့် လက်တွေထဲကိုသာ ရေခွက်ကို ငှဲ့ငှဲ့ထည့်ပေးနေသည်။ ရေခွက်ထဲက ရေကို မြင်လိုက်ရတော့ မအိမ်ကံပင် ရေပိုဆာလာခဲ့သည်။

"မအိမ်ကံကို ရေတစ်ခွက်လောက်တိုက်စမ်းပါ…ရေဆာလွန်းလို့ပါ…"

မအိမ်ကံက လက်ကလေးကို ကမ်းပေးရင်းက ရေတစ်ခွက်တောင်းသည်။ မိန်းမကြီးက ကြားပုံမရှိ၊ မြင်ပုံလည်းမရ။ မအိမ်ကံ ဝမ်းနည်းသွားသည်။ ရေကလေးတစ်ခွက်တောင် မတိုက်ချင်ကြဘူးလား။ မအိမ်ကံဘေးက မိန်းမတစ်ယောက်ဆိုလျှင် သူတစ်ဝက်သောက်သည်။ ခါးထစ်ခွင်ထားသည့်ကလေးကို တစ်ဝက်တိုက်သည်။ ပိုနေသည့်ရေတွေကို မြေပေါ်သွန်လိုက်တော့ ရေက မအိမ်ကံ ခြေဖမိုးတွေကို လာစင်သည်။ မအိမ်ကံက နောက်တစ်ကြိမ် ရေတစ်ခွက် ထပ်တောင်းသော်လည်း မရ။ ရှိပါစေတော့လေ…လမ်းမှာရှိဦးမှာပါ။ မအိမ်ကံ ဆက်လျှောက်လာခဲ့သည်။ လူတွေကြားထဲမှာ တစ်ခါတစ်ရံ မြေပေါ် ခြေမကျဘဲ လူလှိုင်းကြီးစီးရသလို ခပ်ဝေးဝေးကို ပါသွားခဲ့ရသည်။ လူတွေများသလောက် လူအချင်းချင်း စကားပြောသံ၊ အော်နေတစ်နေသံတွေကြောင့် တောင်ပေါ်လမ်းကလေးတစ်လျှောက်လုံး စီစီညံနေ၏။ စေတီတော်ကုန်းမြေက အဝေးကမြင်ရသလောက် မမြင့်လှဟု ထင်ရသော်လည်း တကယ်တက်မိပြန်တော့ အတက်မဆုံးနိုင်တော့။ တောင်ပေါ်လမ်းကျဉ်းကလေးမှာ လူတွေ ညပ်ညပ်ကြီး ပိတ်နေသည်။ တော်တော်လေး တက်မိချိန်မှာတော့ မအိမ်ကံ ရေဆာလွန်းလှပြီ။ အာခေါင်များ ခြောက်ပေါ်ရာက အဖတ်လိုက်ကွာကျတော့မလား အောက်မေ့ရ၏။ ရေတစ်ပေါက် ဘယ်မှာများ သောက်ရပ့ါ။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာမှာတော့ ခရီးသွားများ ခဏ္တခဏနားခိုစရာ လမ်းဇရပ်တစ်ဆောင်ကို တွေ့ရသည်။ လမ်းကို ခွထိုးထားသော လမ်းဇရပ်ဖြစ်၍ ဟိုဘက်ဒီဘက်မှာ ထိုင်စရာ နားစရာ ကွပ်ပျစ်ကြီးတွေထိုးထား၏။ ဇရပ်ကလေးကို သက်ကယ်မိုးထားသည်။ သောက်ရေအိုးကလေးတွေက တစ်ဖက်မှာ ဆယ်အိုးစီလောက် တည်ထားသည်။ သောက်ရေအိုးကလေးတွေရှေ့မှာ ခရီးသည်တွေ အလုအယက် တိုးကာဖေ့ကာ ရေသောက်နေကြသည်။ သည်တစ်ခါတော့ မအိမ်ကံ နည်းနည်းလေးစွန့်စားလိုက်သည်။ လူတွေကြားထဲတိုးကာ ရေအိုးပေါ်က နီးရေခွက်တစ်ခွက်ကို မရအရလှမ်းယူလိုက်သည်။ ရေခွက်ကို အိုးထဲနှစ်ခပ်လိုက်တော့ ရေကို မမီဘဲ ဖြစ်နေရသည်။ ခါးကလေးကိုဆန့်၊ ခြေဖျားကလေးကိုထောက်ကာ ငုံ့ခပ်သော်လည်း ရေခွက်နှင့်ရေ ထိသည်ဆိုရုံကလေး ထိ၍ ခပ်လို့မရဘဲဖြစ်နေသည်။ ရေအိုးရော ခွက်ရော ရေပါရှိနေသည့်ကြားက ရေမသောက်ရသည့်အဖြစ်ကို မအိမ်ကံ မခံချင်။ ရေအိုးစင်ပေါ်ကို မရကုတ်ကပ်တက်ခပ်ဖို့ပြင်လိုက်သည်။ ခါးမှာ လျော့ရဲရဲဖြစ်နေသည့် ပိုးစပ်ပိန်းထဘီကလေးကို တိုတိုဝတ်၊ ကြာယပ်ထိုးထားသည့် အင်္ကျီလက်စကို ပင့်တင်လိုက်ရင်း ရေအိုးစင်ဘောင်တန်းကို လှမ်းဆုတ်လိုက်သည်။

“မမီလို့လား…လာ လာ မမ ခပ်ပေးမယ်…ရေအိုးစင်ပေါ် မတက်ရဘူး”

မအိမ်ကံမော့ကြည့်လိုက်သည်။ မအိမ်ကံ ဘယ်လိုမှ ထင်မထားသည့် မိန်းမချော တစ်ယောက်က မအိမ်ကံကို ပြုံးကြည့်နေသည်။ အင်္ကျီလက်ရှည် နို့စိမ်းရောင်၊ ချိတ်ပိုးစိမ်းထဘီနှင့် ပဝါစိမ်းကလေးသိုင်းထားသည့် ရွှေကွမ်းတောင်ကိုင် မမငွမ်းဖြူ…။ သည်လောက်များသည့် လူတွေကြားမှာ မမငွမ်းဖြူကို တွေ့လိုက်ရတော့ မအိမ်ကံ အံ့သြဝမ်းသာဖြစ်ရသည်။ မမငွမ်းဖြူက ရေတစ်ခွက်ခပ်ပေးတော့ နီးရေခွက်ကလေးကို ကမ်းယူရင်း ရေကို ကျိုက်ချလိုက်သည်။ အေးလိုက်စက်လိုက်သည့်ရေ…။

“မအိမ်ကံ ရေဆာနေသာ ကြာလှပြီ…အခုမှပဲ သောက်ရတော့သယ်တော်”

အနားမှာရပ်နေသည့် မမငွမ်းဖြူကို ရေခွက်ကလေးလှမ်းပေးရင်း ဝမ်းသာအားရ ပြောလိုက်သည်။ မအိမ်ကံ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရပြန်၏။ မအိမ်ကံ လက်ထဲက နီးရေခွက်ကို ဆောင့်ကြီးအောင့်ကြီးလှမ်းယူလိုက်သူမှာ မမငွမ်းဖြူ မဟုတ်တော့ဘဲ ရုပ်ဆိုးဆိုး မိန်းမ တစ်ယောက် ဖြစ်နေခြင်းကြောင့်ပင်။ လူတွေက ရေအိုးစင်ကလေးရှိရာကို အလုအယက်တိုးနေ တော့ မအိမ်ကံ ကြာကြာမရပ်နိုင်ပဲ တိုးထွက်လာခဲ့ရသည်။ မမငွမ်းဖြူ ဘယ်ရောက်သွားပြီလဲ။ လူအုပ်ကြားထဲ ရှာဖွေကြည့်သော်လည်း မအိမ်ကံ မသိသူတွေချည်း ဖြစ်နေသည်။ မမငွမ်းဖြူ တောင်ပေါ်ကို ဆက်တက်သွားပြီထင်ပါရဲ့။ ရေအေးကလေးတစ်ပေါက် သောက်လိုက်ရ တော့လည်း မအိမ်ကံ လန်းဆန်းကျေနပ်သွားသည်။

စေတီတော်ရှိရာ တောင်ကုန်းကလေးပေါ်ရောက်ဖို့နီးပြီ။ တစ်ဆစ်ချိုးကွေ့လိုက်ရုံဖြင့် ရောက်နိုင်ပြီ။ စေတီတော်ရှိရာ ရင်ပြင်တော်ကို မအိမ်ကံရောက်တော့ မောနေသည်။

“ဟင်…လူတွေ ဘယ်ရောက်ကုန်ကြပါလိမ့်”

ရွှာက ခပ်ကျယ်ကျယ် အိမ်ဝိုင်းတိုက်တစ်တိုက်စာလောက်သာရှိသော ရင်ပြင်တော်ပေါ်မှာ မအိမ်ကံတစ်ယောက်တည်းမှ တစ်ယောက်တည်း။ ဒါဆိုရင် လူတွေ ဘယ်ရောက်ကုန်ပြီလဲ။ စေတီတော်တစ်ဘက်က ချောက်ထဲကျကုန်ကြပြီလား။ မအိမ်ကံ မတွေးတတ်ပါ။ ရင်ပြင်



တော်ပေါ်မှာ တက်လာသမျှလူတွေ မရှိတော့တာကတော့ အမှန်ပင်။ အရှေ့အနောက် တောင်မြောက်ဝဲယာကို မအိမ်ကံ လှမ်းကြည့်မိသည်။ ဟိုးအဝေးဆီက သစ်တောတွေကို ညို့ညို့ကြီးမြင်ရသည်ကလွဲလျှင် လူသူလေးပါး အရိပ်အယောင်မရှိ။ စေတီတော်ကလေးရှေ့မှာ မအိမ်ကံ ပုဆစ်ဒူးတုပ်ထိုင်ကာ ရတနာသုံးပါးကို ရည်မှတ်၍ ကန်တော့သည်။ အမေပန်းရုံ သင်ပေးထားသည့် တည်ခြင်းငါးပါးပြည့်စုံအောင် ကန်တော့သည်။ စေတီကလေးရှေ့မှာ ထီးကြက်တော်ဟု ခေါ်ကြသည့် ထီးဖြူတစ်စင်းရှိ၏။ ကျောက်ထီးဟုခေါ်ကြသည့် ကျောက်သားထီးတွေကြားမှာ ထီးဖြူတော်တစ်စင်းက ကျက်သရေရှိလှပါ၏။ ထီးဖြူတော်ကို ဘယ်သူများ လှူထားတာပါလိမ့်လို့ တွေးနေစဉ်မှာပင် မမငွမ်းဖြူကို လှမ်းတွေ့လိုက်ရသည်။ သူ့ကိုလှမ်းမြင်တော့ ပြုံးပြသည်။ မမငွမ်းဖြူက အလှူနေ့က ဝတ်ထားသည့် အဝတ်အစားအတိုင်းပင်။ လည်တိုင်မှာ ကျောက်ဘယက် နှစ်သွယ်တန်းကလေးပင် ပါလိုက်သေးသည်။

“မမငွမ်းဖြူရယ်…မအိမ်ကံဖြင့် တစ်ယောက်တည်းရယ်လို့ စိတ်အားငယ်လိုက်ရသာ မပြောပါနဲ့တော့…လူတွေလည်း ဘယ်ရောက်ကုန်ကြမှန်း မသိပါဘူးတော်”

“လူတွေက ထီးဖြူတော်လာကပ်လှူကြသာကော မအိမ်ကံရဲ့…ပြန်ကုန်ကြပြီလေ… အခု သည်ရင်ပြင်တော်ပေါ်မှာ မမနဲ့ မအိမ်ကံ နှစ်ယောက်ပဲ ကျန်တော့သာ”

“မမငွမ်းဖြူက ဘာလာလုပ်သာလဲဟင်…”

“ဖက်စိမ်းကွမ်းတောင် လာပို့သာလေ…သည်စေတီရင်ပြင်ပေါ်မှာ မိန်းကလေး တစ်ယောက်ကို ကွမ်းတောင်ကိုင် လွှဲပေးရမှာ မအိမ်ကံရဲ့”

“ဖက်စိမ်းကွမ်းတောင်က ဘယ်မှာလဲ”

“ဟိုမှာလေ…ကျောက်ထီးရိပ်အောက်က ကျောက်ပန်းခုံကလေးပေါ်မှာ မတွေ့ဘူးလား”

ကျောက်ထီးကြီးက မှိုပွင့်တစ်ပွင့်နှင့်တူသည်။ ကျောက်ထီးရိုးက လုံးပတ်ထွာဆိုင်လောက်ရှိပြီး ကျောက်သားထီးရွက်က ကြာရွက်ကြီးလို အုပ်မိုးထားသည်။ နှစ်ပေါင်း ဘယ်လောက်တောင်ကြာပြီမသိ၊ ကျောက်တွေပင် ပွဲနေပြီ။ ကျောက်ထီးပောင်း အရိပ်အောက်မှာ ကျောက်ပန်းခုံကလေးရှိ၏။ ပန်းခုံကလေးပေါ်မှာ ဖက်စိမ်းကွမ်းတောင်။ အောက်ခံက ပွတ်လုံးထိုး သစ်သားကလပ်ခုံဖြစ်၍ ဟင်္သာပြဒါးရောင်တွေပင် မှိန်နေပြီ။ သစ်သားကလပ်ခုံပေါ်မှာ ငှက်ပျောဖက်ညွန့်စိမ်းစိမ်းဖြင့် ထိုးထားသော ဖက်စိမ်းကွမ်းတောင်ကလေးက ဖူးဖူးကြွကြွကလေး။ မအိမ်ကံက ဖက်စိမ်းကွမ်းတောင်ကို စူးစူးကလေးလိုက်ကြည့်နေမိသည်။ သည်ကွမ်းတောင်ကလေးကို မအိမ်ကံ ကိုင်ကြည့်ချင်နေသည်။

“အို…မထိနဲ့ မထိနဲ့ မအိမ်ကံ…ဖက်စိမ်းကွမ်းတောင်ဆိုတာ လွှဲပြီးမှ ကိုင်ရသာ… မမက လွှဲပေးသဲ့သူမှ ကိုင်ရသာ”

“မမငွမ်းဖြူရယ်…သည်ကွမ်းတောင်ကလေးကို မအိမ်ကံကို လွှဲပေးပါနော်…မအိမ်ကံ ဖက်စိမ်းကွမ်းတောင် ကိုင်ချင်လို့ပါနော် နော်…”

နေရောင်ခြည်က ဘုရားရင်ပြင်တော်ပေါ်မှာ စူးစူးတောက်နေ၏။ တောင်အောက်ခြေမှာ သူတွေ လှည်းတွေအပြည့်။ လူအုပ်ဆီက အော်သံဟစ်သံတွေကိုလည်း မအိမ်ကံ ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

မမငွမ်းဖြူက မအိမ်ကံ၏ သနားစဖွယ်မျက်နှာကလေးကို ကရုဏာဖြင့် ပြုံးကြည့်နေသည်။ မအိမ်ကံ မစောင့်နိုင်တော့။ ကျောက်ပန်းခုံပေါ်က ဖက်စိမ်းကွမ်းတောင်ကို လက်လှမ်းယူလိုက်သည်။ မအိမ်ကံ လှမ်းလာသည့်လက်ကလေးကို မမငွမ်းဖြူက အသာအယာ ဖယ်ထုတ်ပစ်လိုက်သည်။ မအိမ်ကံက စိုးရိမ်တကြီး မော့ကြည့်လိုက်တော့ မမငွမ်းဖြူ၏ မျက်နှာက တည်သွားခဲ့ပြီ။

"ဟဲ့...မအိမ်ကံရဲ့...ဖက်စိမ်းကွမ်းတောင်ဆိုသာ ချထားသဲ့ဟာကို ယူမ,လိုက်ရုံနဲ့တော့ လက်ဝယ်ရောက်သာပဲ ရှိမှာပေါ့အေ...အရေးကြီးသာက ဖက်စိမ်းကွမ်းတောင် ကိုင်ခွင့်ရှိမှဖြစ်သာ...နေပါဦးအေ မလောပါနဲ့...သည်လောက်လွယ်လွယ်တော့ ဘယ်ဖြစ်ပါ့မလဲ"

"အို...မလိုချင်ဘူး...မရလို့ကို မဖြစ်ဘူး...ဖယ်ပါ"

မအိမ်ကံက ဇွတ်အတင်းဝင်လုသည်။ မငွမ်းဖြူက ကွမ်းတောင်ကို သူ့လက်ကလေးဖြင့် လိုက်ကွယ်ရင်း ရယ်မောနေသည်။ ကြာတော့ မအိမ်ကံ မောဟိုက်လာသည်။ ကျောက်ထီးကို ပတ်ပြေးနေရသည်နှင့်ပင် တူတော့သည်။ ဖက်စိမ်းကွမ်းတောင်ကြီးကတော့ လုငင်သူနှင့် ကာကွယ်သူ မိန်းကလေးနှစ်ယောက်ကို ကြည့်နေပုံဖြင့် ငြိမ်သက်လျက်။ တစ်ခါမှာတော့ မအိမ်ကံ ဇွတ်ဝင်တိုးကာ ဖက်စိမ်းကွမ်းတောင်ကို လှမ်းကိုင်လိုက်သည်။ လက်ထဲမှာတော့ ဖက်ဖူးထိပ်က ကျေးရုပ်ကလေး ပါလာခဲ့သည်။ ငှက်ပျောဖက်စိမ်း ကြက်တူရွေးကလေးကို ငုံ့ကြည့်လိုက်ရင်း မအိမ်ကံ လန့်သွားခဲ့သည်။

"အို...သွားပါပြီတော်"

"ဟဲ့...ကံကလေး...ဘာတွေယောင်နေသာလဲ...ထ ထ မျက်နှာသစ်...ကံကလေးဖို့ အစ်ကို လက်ဆောင်လုပ်ထားသယ်"

မအိမ်ကံနားထဲမှာ ခပ်ဝေးဝေးက ဂူဂူဝါးဝါးအော်သံတွေ ကြားနေရတုန်းဖြစ်၏။ ခန္ဓာကိုယ်ကို တစ်ယောက်ယောက် လာလှုပ်နှိုးမှန်း သိလိုက်တော့မှ မျက်လုံးတွေ မဖွင့်ချင် ဖွင့်ချင် ဖွင့်ကြည့်လိုက်သည်။ အစ်ကိုက သူ့မျက်နှာကို မိုးကာ ငုံ့ကြည့်နေသည်။ မအိမ်ကံ အိပ်ရာက လူးလဲထလိုက်တော့မှ အမေပါ မနီးမဝေးမှာ ထိုင်နေမှန်းသိတော့သည်။ ဒေါ်ပန်းရုံကတော့ မိုးကြီးစင်စင်လင်းကာမှ ထယောင်နေသည့်သမီးကို လှမ်းကြည့်ရင်း ပြုံးလေ၏။

"ငါ့သမီးနယ်တော်...ဘာတွေများ အိပ်မက်မက်နေရသာတုံး...သွားပါပြီတော်တဲ့ အော်လိုက်သာ ဘာတွေများဖြစ်လို့တုံး သမီးရဲ့"

မအိမ်ကံက ချက်ချင်းမထသေးဘဲ အိပ်မက်ကို ပြန်စဉ်းစားနေမိသည်။ သည်အရွယ်ထိ သည်လိုအိပ်မက်ရှည်ရှည် သည်တစ်ခါပဲ သူမြင်မက်ဖူးသည်။ ပြီးတော့ မြင်လွယ်ကာ မေ့လွယ်ကာ မဟုတ်ဘဲ အိပ်မက်အစကနေ အဆုံးအထိ သူမှတ်မိနေတာလည်း ထူးဆန်းလှ၏။

"မအိမ်ကံ နောက်တော့ ပြောပြမယ်...အိပ်မက်က အရှည်ကြီးပဲအမေရဲ့"

"အရှည်ကြီးဆိုလည်း နောက်မှပြောပါအေ...ကျုပ်တို့ မအားသေးပါဘူး"

မအိမ်ကံက အိမ်ရှေ့ ဖွန်ပန်းရုံကြီးအောက်မှာ မျက်နှာသွားသစ်သည်။ ပြီးတော့ အခန်းထဲဝင်ကာ သနပ်ခါးလူးသည်။ မနက်မိုးလင်း မျက်နှာသစ်ပြီးသည်နှင့် မျက်နှာပေါ် သနပ်ခါး တင်တတ်ကြတာ ကျေးတောသူတို့ သဘာဝဖြစ်သည်။ သနပ်ခါးမရှိဘဲ မျက်နှာပြောင်ကြီးဆိုလျှင်



အပူသည်နှင့်တူသည်။ အဲသလို မနေကောင်းဆိုသည့်အစွဲက အစဉ်အဆက် ပါလာခဲ့ကြသူတွေဖြစ်သည်။ မျက်နှာကို သနပ်ခါးလူးပြီးတော့ မအိမ်ကံခေါင်းပေါ်က ဆံထုံးကလေးကို ဖြည်လိုက်သည်။ ခါတိုင်းဆိုလျှင်တော့ သနပ်ခါးလူးပြီးသည်နှင့် အမေပန်းရုံဆီ ပြေးသွားကာ ခေါင်းရှင်းဆီလူး ဆံထုံးထုံး အလုပ်ခိုင်းနေကျ။ သည်ကနေ့တော့ မအိမ်ကံ စိတ်လိုလက်ရ ကိုယ်တိုင်ပဲ ခေါင်းကို ဖြီးသင်သည်။ ပဲနံ့သာစေ့ကလေး ရောဘ်ထည့်ထားသည့် ဆီမွှေးမွှေးကို ရွှဲနေအောင်လူးသည်။ အမေပန်းရုံက ဆံပင်ကို ဆီလူးမှကြိုက်သည်။ "ဆံစ မခြောက်ကောင်းဘူး သမီးရဲ့" ဟု ဆိုတတ်သည်။ မအိမ်ကံ ဆံပင်ကလေးတွေ အမြဲတမ်း မည်းနက်စိုလက်နေတတ်သည်။ မထုံးတတ် ထုံးတတ် ဆံထုံးကလေးကို ထိပ်မှာ ထုံးလိုက်သည်။ ပြီးတော့မှ နဖူး၊ နားသယ်၊ နောက်စေ့က ဆံပင်ကလေးတွေကို ဖြီးချလိုက်တော့ မအိမ်ကံ ခေါင်းပေါ်မှာ ဆံရစ်ဝိုင်းကလေးပုံပေါ်သွားခဲ့ပြီ။ မျက်နှာသစ်ရင်း ရေစိုသွားသည့် ထဘီနှင့်အင်္ကျီကို လဲသည်။ အဖေ မြို့ကဝယ်လာသော ဂျော်ဂျက်စ ပဒုမ္မာအင်္ကျီ အသီးတပ်နှင့် အမေပန်းရုံလက်ရာ ရက်ကန်းချည်ထည် ကန့်လန့်စင်းကလေးကို ဝတ်လိုက်သည်။ မှန်ပေါ်မှာ အမေပန်းရုံတင်ထားသော စံပယ်အိပ်နံကုံးကလေးကို ဆံထုံးမှာ ရစ်ပန်လိုက်သည်။ မအိမ်ကံ ပန်းကြိုက်မှန်းသိတော့ ခြံထဲမှာ ပန်းပင်တွေစုံနေအောင် စိုက်ထားပေးကြသည်။ မအိမ်ကံကလည်း ခြံထဲမှာပွင့်သမျှပန်း အကုန်ပန်တတ်သည်။

"မအိမ်ကံရေ ထမင်းကြော် စားရအောင်ဟေ့"

သူရင်းငှား ကိုဖိုးငွေ၏အိမ်သူ မလုအုံက လှမ်းခေါ်တော့မှ မအိမ်ကံ အခန်းထဲက ထွက်လာခဲ့သည်။ အမေပန်းရုံကတော့ ဧည့်ဆောင်မှာ ဆေးလိပ်သောက်ရင်းက မအိမ်ကံကို လှမ်းကြည့်နေသည်။ ဆံထုံးကလေး ဒရွဲ့ဒစောင်းကိုမြင်တော့ ပြုံးသည်။

"အံမယ်...ငါ့သမီး ကနေ့ ကိုယ့်ဘာသာ ဆံထုံးတွေထုံးလို့ပါလား...အမေ့ကို လာမလုပ်ခိုင်းတော့ဘူးပေါ့လေ...အင်း သမီးကို နားကပ်ပန်ဖို့ နားထွင်းပေးရဦးမယ်...ညည်းအဖေ စိတ်အားလက်အားရှိသဲ့အခါ အမေ တိုင်ပင်ပါဦးမယ်လေ...သမီး ငယ်တော့ငယ်ပါသေးသယ်"

ဇောင်ချမ်းကုန်းရွာမှာ သမီးမိန်းကလေးများကို နားထွင်းမင်္ဂလာ ပြုလုပ်ပေးတတ်ကြသည်။ သမီးမိန်းကလေး အသက်ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်အရွယ် အပျိုဖော်ဝင်စအချိန်တွင် နားထွင်းပေးခြင်း၊ နားကပ်ပန်ပေးခြင်းအလေ့ရှိကြသည်။ သောင်သာသူက သောင်သာသလို တခမ်းတနား ပြုလုပ်ပေးကြသည့် အလှူမင်္ဂလာတစ်မျိုးလည်း ဖြစ်၏။

အမေ့စကားကို ကြားလိုက်ရတော့ မအိမ်ကံရင်ထဲ သိမ့်ခနဲပင် ဖြစ်သွားသည်။ မအိမ်ကံတို့လို မိန်းမသားကလေးများအဖို့ နားကပ်ပန်လိုက်ခြင်းအားဖြင့် အပျိုဖြစ်ပြီဆိုသည် သဘောကို ဆောင်သည်မဟုတ်ပါလား။ နားကပ်ပန်ဖို့ သိပ်မမက်စက်လှသော်လည်း မအိမ်ကံ အပျိုတော့ ဖြစ်ချင်ပြီ။ အပျိုဖြစ်လျှင် တစ်ရွာလုံးက ချီးကျူးထောပနာပြုရသည့် အလှပဂေး တစ်ယောက်ဖြစ်အောင် နေပြမည်။ တွေးရင်းဖြင့်ပင် မအိမ်ကံမှာ လှချင်ပချင်စိတ်ကလေး ဝင်လာမိတော့၏။

"ကံကလေး လာဟ...ငါနမ စောင့်ရသာနဲ့ အစ်ကိုဖြင့် ဗိုက်ဆာလှပြီ"

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံ အစ်ကိုရှိရာ မီးဖိုဆောင်ဘက် အပြေးကလေး ကူးသွားသည်။ မောင်မြတ်သာက မအိမ်ကံကို ထမင်းခူးပေးပြီး ငါးရံ့ခြောက်ဖုတ်ကလေးကို ဖွဲ့ထည့်ပေးလိုက်သည်။ အသက်ချင်း ဆယ့်နှစ်နှစ်လောက်ကွာသော်လည်း မောင်မြတ်သာက နှမကလေးကို သိပ်ချစ်ရှာသည်။ မအိမ်ကံငယ်ငယ် နို့စို့အရွယ်ကတည်းက ချီပိုးထိန်းယခဲ့ရသူမဟုတ်လား။

"အစ်ကို...မနက်ဖြန် မြင်းခြံသွားတော့မှာပေါ့"

"မသွားသေးပါဘူး ကံကလေးရယ်...ကျောင်းတွေက ဘယ်တော့လောက် ပြန်ဖွင့်မယ် ဆိုနိုင်ပါဘူး...မြင်းခြံမှာလည်း ပုလိပ်တွေ တော်တော်ချထားသသဲ့"

"ပုလိပ်တွေ...ဟုတ်လားအစ်ကို...အဖေ့ဆီလာသဲ့ ဧည့်သည်တွေနောက်က ပါလာသဲ့ ဟို...ဘောင်းဘီကြီးတွေနဲ့ လူတွေလား"

"အေး...ဟုတ်သယ်"

"ပုလိပ်တွေ ဘာလို့ချထားရသာတုံး အစ်ကိုရဲ့"

မအိမ်ကံ မေးသည့်မေးခွန်းကို မောင်မြတ်သာ ဘယ်လိုဖြေရမည်မသိ။ သည်အချိန်မှာ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားအများစု ပါဝင်သည့် အရေးတော်ပုံ တပ်သားများက အစိုးရပုလိပ်ဌာနများကို ဝင်စီးနေကြချိန်ဖြစ်သည်။ တချို့ဒေသများတွင် ကျေးရွာသူကြီးများထံမှ သေနတ်များကို သိမ်းယူကြသည်။ သည်အရေးက မြင်းခြံနယ်အထိ ကူးစက်ပြန့်ပွားလာပြီး စစ်ပုလိပ်များကလည်း ကျေးရွာများအထိ လိုက်လံနှိမ်နင်းနေကြသည်။ ကြားရသမျှ သတင်းများအရ ဖမ်းဆီးရမိသော အရေးတော်ပုံတပ်သားများ၏ခေါင်းကို ဖြတ်၍ လူမြင်ကွင်းတွင် ပြထားသည်ဟုပင် ဆို၏။

"အင်း...ကံကလေး နားမလည်နိုင်သေးပါဘူးကွယ်...အစ်ကိုတစ်ခုပြောထားရဦးမယ်...ဒီရက်တွေထဲ အဖေအလုပ်ရှုပ်နေသာမြင်သယ်မှတ်လား...အဖေ့နား သိပ်မကပ်နဲ့...ဧည့်သည်တွေ ပါလာရင်လည်း ငြိမ်ငြိမ်နေနော် ကံကလေး"

မောင်မြတ်သာက နှမကို သည်လောက်ပဲ သတိပေးနိုင်၏။ အဖေကတော့ သူ လက်လှမ်းမီရာ ရွာစဉ်လည်ကာ အရေးတော်ပုံထဲ ဝင်မပါကြဖို့ ရွာသားများကို နားချသည်။ မနက်တိုင်လျှင် မြင်းကြီးစိန်ပွင့်ကိုစီးကာ အဖေထွက်သွားလိုက်သည်မှာ ညနေစောင်းမှ အိမ်ပြန်ရောက်လာတတ်သည်။ အဘိုးအဘ လက်ထက်ကတည်းက ကျေးရွာများအပေါ် ဩဇာညောင်းခဲ့သော သူကြီးအရှိန်အဝါကြောင့် ဦးသာထန်စကားကို ကန့်လန့်မတိုက်ကြသော်လည်း ကျေးရွာလူထုကို သည်လောက်ကြီးအထိ လိုက်ပြောနေတာမျိုးကို မောင်မြတ်သာမကြိုက်။ မောင်မြတ်သာက ပြောတော့ "ဒါ အဖေ့အလုပ်ပါ လူကလေးရယ်" လို့သာ စကားကို ပိတ်ပစ်တတ်သည်။ အဖေ့ကို စိတ်မချသည်နှင့် မောင်မြတ်သာ မြို့ကို မသွားဖြစ်သေးတာလည်း ပါသည်။ လာမည့်နှစ်မှာ ဝင်ဖြေရတော့မည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုလည်း မောင်မြတ်သာ စိတ်မပါတာလည်း ပါပါသည်။ ပညာကို လိုလားသော်လည်း အဖေ ရည်မှန်းသော မြို့အုပ်ဆိုသည့်အလုပ်ကို မောင်မြတ်သာ လုံးဝစိတ်မဝင်စားမိ။ မောင်မြတ်သာကတော့ ကိုယ့်ရွာကိုယ့်တောမှာပဲ အခုလို အေးအေးနေချင်သည်။ မြေနှင့်ယာနှင့် လုပ်ကိုင်စားသောက်ရသည့်ဘဝကို တွယ်တာသည်။ သည်အိမ်ကြီးထဲမှာပဲ အဖေရယ်၊ အမေပန်းရုံရယ်၊ ကံကလေးရယ် အတူနေရလျှင် ပြည့်စုံပြီ။



"အစ်ကို မြင်းခြံရောက်နေရင်လည်း...အမေပန်းရုံနဲ့ပဲနေ...ညရေးညတာ အကြောင်းပေါ်လာရင် အိမ်ကြီးထဲမှာမနေနဲ့...သည်မီးဖိုဆောင်တံခါးကနေ နောက်ဖေး ပဲမှော်တိုက်ဘက်ကိုပြေး...ကြားလား ကံကလေး"

မောင်မြတ်သာက တိုးတိုးကျိတ်ကျိတ် ပြောလာလေတော့ မအိမ်ကံ မျက်လုံးကလေး ကလယ်ကလယ်ဖြင့် ဟိုကြည့်သည်ကြည့် ဖြစ်နေရှာသည်။ မအိမ်ကံတို့ ခြံဝိုင်းကျယ်ကြီးထဲမှာ အိမ်မကြီးက တစ်ဆောင်ရှိသည်။ အိမ်မကြီးနှင့်ဘေးတိုက် နောက်နား ခပ်ကျကျမှာ သူရင်းငှားကိုဖိုးငွေတို့နေသော မြေစိုက်အိမ်ကလေးရှိသည်။ ခြံနောက်ဖေး ခပ်လှမ်းလှမ်းမှာတော့ အတော်အဘန်အိမ်တစ်ဆောင်လောက်ရှိသည့် ပဲမှော်တိုက်ရှိသည်။ ပဲမှော်တိုက်ဆိုသည်မှာ နွားစာအတွက် ပဲမှော်များ သိမ်းဆည်းရန် ဆောက်ထားသော အဆောင်ဖြစ်သည်။ ခြေတံရှည်နှစ်ထပ်ဆောင်ဆိုတော့ အောက်ထပ်မှာ နွားတွေထားသော နွားတင်းကုပ်ဖြစ်ပြီး အပေါ်ထပ်မှာမှ ပဲမှော်တွေ အပြည့်တင်ထားတတ်သည်။ တစ်နှစ်စာထွက်သည့် မြေပဲရိုး၊ ပဲရိုး၊ ပြောင်းရိုးတွေကိုက ပဲမှော်တိုက်နှင့် အပြည့်အသိပ်ဖြစ်သည်။ ပဲမှော်တိုက်ပေါ်တက်သည့် ဝါးလှေကားကလေးက ရွှေ့လို့ရနိုင်အောင် အရှင်တပ်ထားခြင်းဖြစ်၏။

အိမ်မကြီးက နှစ်ထပ်ကျွန်းပျဉ်ထောင်အိမ်ကြီးဆိုသော်လည်း အပေါ်ထပ်မှာ လူနေလေ့မရှိ။ အောက်ထပ်မှာလည်း ကျွန်းပြားတွေအပြည့်ခင်းထားတာဆိုတော့ အိပ်ခန်း၊ ဧည့်ဆောင်၊ မီးဖိုဆောင်က ကြမ်းတစ်ပြေးတည်းရှိသည်။ ဧည့်ဆောင်က ရှေ့မှာသပ်သပ်၊ အိပ်ခန်းနှင့်ပစ္စည်းပစ္စယ တိုလီမုတ္တခန်း၊ အဝတ်အစားလဲခန်းနှင့် မီးဖိုဆောင်က သပ်သပ်လိုဖြစ်နေသည်။ မအိမ်ကံနှင့် အမေပန်းရုံအိပ်သည့်အခန်းကနေ ဘေးတိုက်ကူးသွားလိုက်လျှင် အဝတ်အစားလဲခန်းကိုကျော်ပြီး မီးဖိုဆောင်ကိုရောက်သည်။ မီးဖိုဆောင်မှာ အပြင်ကိုထွက်သည့် နောက်ဖေးတံခါးမကြီးရှိသည်။ နောက်ဖေးတံခါးမကြီးကထွက်လိုက်လျှင် ဒူးဆစ်လောက်မြင့်သည့် ခွေးကတက်ခုံရှိသည်။ ခွေးကတက်ခုံပေါ်ကဆင်းမှ မြေကြီးပေါ်ကို ရောက်သည်။ ပဲမှော်တိုက်က နောက်ဖေးတံခါးမကြီးနှင့်တန်းတန်း ခြံနောက်ဖေးထောင့်မှာ ရှိတာဆိုတော့ တန်းတန်းမတ်မတ်ကြီးသွားလိုက်ရုံ။ ဘာရယ်မသိဘဲ မအိမ်ကံခေါင်းထဲ သည်လမ်းကြောင်းက စွဲထင်သွားတော့၏။

"ကဲ ကဲ...ထမင်းစား...ပြီးရင် အိမ်ပေါ်တက်ကြည့်ချဦး...ခုံကလေးပေါ်မှာ ကံကလေးဖို့ အစ်ကို အရုပ်ကလေး တင်ထားသယ်...ကြားလား"

မောင်မြတ်သာက စကားလမ်းကြောင်းလွှဲလိုက်သည်။ သည်တော့လည်း မအိမ်ကံမှာ ကလေးပီပီ စိတ်ပြောင်းသွားသည်။ အစ်ကိုလုပ်ပေးထားသည်ဆိုသော အရုပ်ကလေးကို မြင်ချင်လှပြီ။ ထမင်းကို ခပ်သုတ်သုတ်စားပြီး အိမ်အပေါ်ထပ်ကို အပြေးတက်လာခဲ့သည်။ ခါတိုင်းဆိုင်နေကျနေရာကို ရောက်လာတော့ ခုံဝိုင်းကလေးပေါ်မှာ တင်ထားသည့် အရုပ်ဆိုတာကို မြင်လိုက်ရသည့် တစ်ခဏမှာပင် မအိမ်ကံမျက်စိတွေ ပြာဝေသွားသည်။ ကြည့်စမ်းပါဦး...လှလိုက်တာနော်။ ဒါ ဘယ်သူ့လက်ရာလဲ။ အစ်ကိုပဲနေမှာပေါ့။ မအိမ်ကံ ဒါမျိုးကလေး လိုချင်နေမှန်း အစ်ကို ဘယ်လိုလုပ်သိတာပါလိမ့်။ လက်ရာက ကောင်းကောင်းမွန်မွန် ဖြစ်ဖြစ်မြောက်မြောက် မဟုတ်သော်လည်း ဖက်စိမ်းကွမ်းတောင်မှန်းတော့ သိသာသည်။ ငှက်ပျောပင်ကို အောက်ခံကလပ်အဖြစ် ခံထားကာ၊ ထိုငှက်ပျောအူတုံးမှာ ဝါးချောင်းကလေးတွေ အရွယ်စုံစိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

စေတီပုံ ချိုးယူထားသည်။ ငှက်ပျောဖက်အစိမ်းနှင့်အဝါကို တစ်လှည့်စီလိမ်၍ ဝါးချောင်းကလေးကို မှေးတင်ထားသည်။ စေတီပုံ ရှုးတက်သွားသည့် ဝါးကလေးတွေချင်း အပ်ချည်မျှင်ရောင်စုံနှင့် ဆက်ယူပြီး အပ်ချည်မျှင်တွေမှာ ပန်းပွင့်ကလေးတွေ ချိတ်သီထားသည့် ဖက်စိမ်းကွမ်းတောင်ကလေး ဖြစ်ပါ၏။ ထိပ်ဖျားမှာ ကြက်တူရွေးရုပ်ကလေးပင် ပါလိုက်သေးတော့သည်။

ဖက်စိမ်းကွမ်းတောင်ကလေးကို မြင်လိုက်ရတော့ စောစောက မက်ခဲ့သည့်အိပ်မက်ကို ပြန်သတိရမိသည်။ အိပ်မက်အစမှအဆုံး မအိမ်ကံ မှတ်မိနေသည်။ လူတွေ လှည်းတွေ တဝေါဝေါ ဆူညံနေသံတွေ၊ တောင်ကုန်းကလေးပေါ် တရွေ့ရွေ့တက်ခဲ့ပုံတွေ၊ စေတီတော် ရင်ပြင်ပေါ်က ကျောက်ထီးဖြူကြီးအောက်က ဖက်စိမ်းကွမ်းတောင်ကလေး…၊ ပြီးတော့ သူ့လက်ထဲမှာ ပါလာသည့် ကျေးရုပ်စိမ်းစိမ်းကလေး…။

မအိမ်ကံက အစ်ကိုဖြစ်သူ လုပ်ပေးထားသည့် ကွမ်းတောင်ကလေးကို ကောက်မယူလိုက်သည်။ ပြီးတော့ လက်နှစ်ဖက်ဖြင့် ယှက်သိုင်းကာ ပွေ့ကြည့်လိုက်သည်။ တကယ့်ကွမ်းတောင်ကိုင် အပျိုချောတစ်ယောက်၏ ဟန်ပန်ဖြင့် တရွေ့ရွေ့လျှောက်ကြည့်သည်။ ခြေဖျားကလေးကိုထောက်၊ လည်တိုင်ကလေးကို မော့ကာ ကြော့ကြော့ကလေး နေကြည့်သည်။ ပြီးတော့မှ ငှက်ပျောအူကွမ်းတောင်ကလေးကိုပိုက်ရင်း လှေကားထစ်တွေကို တစ်ထစ်ချင်း နင်းကာ ဆင်းလာခဲ့တော့သည်။ သည်မှာတင် အမေ့အော်သံကို အလန့်တကြား ကြားလိုက်ရသည်။

"မအိမ်ကံ…ညည်းလက်ထဲက ကွမ်းတောင်ရုပ်ကို အခု ချထားလိုက်စမ်း"

■

(၇)

"ကျေးရှူးရှင် အဖေနှင့် အမေပန်းရုံသို့ စာအားဖြင့် ကြားရောက်ပါသည်။ နယုန်လပြည့်ကျော် ၃ ရက်နေ့ကပဲ မြင်းခြံမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါသည်။ ကျေးရှူးရှင် ဆရာကြီး ဦးဘခင်နှင့် ဆရာကြီးကတော်တို့က ကျွန်တော့်ကို အောက်မေ့လျက် ရှိကြကြောင်း ပြောဆိုကြပါသည်။ ဆရာကြီးနှင့် ဆရာကြီးကတော်တို့လည်း ကျန်းမာလျက် ရှိကြပါသည်။ ဆရာကြီးက အရှင်နှစ်ပါး ပါတော်မူပြီး အနှစ်နှစ်ဆယ်လောက်အတွင်းမှာ မြန်မာများ ဝံသာနုစိတ်ဓာတ်နှင့် ဝံသာနုလုပ်ငန်းများတွင် များစွာ နိုးကြားလာကြကြောင်း၊ ယခုဆိုလျှင် ဆရာစံကို ဖမ်းမိလျှင် ဆုတော်ငွေ ကျပ်တစ်သောင်းအထိ ချီးမြှင့်မည်ဟု အင်္ဂလိပ်အစိုးရက ကြေညာချက် ထုတ်ထားကြောင်းတွေကို ညဘက်များတွင် ပြောပြပါသည်။ မနှစ်တုန်းက ကမ္ဘာနှင့်အဝှန်း ကြုံကြိုက်ကြရသော ကမ္ဘာ့စီးပွားပျက်ကပ်သည် ကျွန်တော်တို့တိုင်းပြည်ကိုပါ ထိခိုက်လျက်ရှိကြောင်း၊ မြင်းခြံမှာပင် စပါးတင်းတစ်ရာလျှင် ခြောက်ဆယ်၊ ခုနစ်ဆယ် ဈေးအထိ ကျဆင်းနေကြောင်း၊ သည်ကြားထဲ အင်္ဂလိပ်အစိုးရက လူခွန်၊ လယ်ခွန်၊ သဿမေခွန်များဖြင့် ဖိစီးလျက်ရှိကြရာ မြန်မာပြည်လယ်သမားများနှင့်တကွ တိုင်းသူပြည်သားတို့ များစွာပင်ပန်းဆင်းရဲ ဖြစ်ကြရကြောင်းကို ကြားရသည့်အခါ တုန်လှုပ်မိပါသည်။ မြင်းခြံမှာတော့ အခြေအနေ မအေးဆေးပါ။ အစိုးရက သူပုန်ဟု သတ်မှတ်ထားသော အရေးတော်ပုံတပ်သာများ အားကောင်းလျက်ရှိပါ၏။

ယခုစာကို တလုတ်မြို့နေ လက်သမားဆရာကြီး ဦးဟန်နှင့်ကြုံ၍ ပေးလိုက်ခြင်းဖြစ်ပါသည်။ သူကြီးမင်းထံ လုံခြုံစွာ ပေးပို့ပါမည်ဟုလည်း ပြောပါသည်။ အဖေနှင့်တကွ အမေပန်းရုံ နှမကလေး မအိမ်ကံတို့ကို အဝေးက မေတ္တာပို့သလျက်ရှိပါကြောင်း။ ကျွန်တော့်ကျောင်းကိစ္စများကို ဆရာကြီးက ခေတ်ကာလအခြေ အနေများကို တွက်ဆ၍ စဉ်းစားပေးမည် ပြောပါသည်။ မြင်းခြံမြို့တွင် အခိုက်အတန့်အားဖြင့် ကျွန်တော် နေရဖွယ်ရှိပါသည်။ အကြောင်းထူးလျှင် စာရေးပါဦးမည်။

မိဘနှစ်ပါးနှင့်တကွ နှမကလေး ကျန်းမာကြပါစေသော်…။

မောင်မြင့်သာ"

www.burmeseclassic.com

www.burmeseclassic.com

သူကြီးဦးသာထန်က စာကို အထပ်ထပ်အခါခါဖတ်ပြီး ဇနီးဖြစ်သူ ဒေါ်ပန်းရုံကို လှမ်းကမ်းသည်။ ပြုံးပြုံးကြီး ကျေနပ်နေရာက မျက်နှာကို ရှုံ့ပစ်လိုက်ပြန်သည်။

"ပန်းရုံနှယ်…စာရေးသာတွေဘာတွေများတော့ အဟုတ်ဟ…မြင်းခြံက ဘိလစ်စာရေးများ ရေးကြသလို ရေးနိုင်သာ…သည်ကောင့်ကို ငါမကြိုက်သာက စာရေးရင် စာထိပ်က နမောဗုဒ္ဓါယ သိဒ္ဓံ ထည့်ရေးပါဆိုသာ ဘယ်တော့မှ ထည့်မရေးဘူး… ခေတ်ကာလသားသမီးများ ရှေးထုံးတွေ မလိုက်နာချင်ကြဘူး ထင်ပါရဲ့"

မပန်းရုံက စာကို စာလုံးပေါင်းဖတ်နေရတာဆိုတော့ ဦးသာထန်စကားတွေကို စင်းလုံးကောက် မကြားသလိုရှိနေသည်။ မျက်မှောင်ကလေး ကြုတ်ကာ စာကို စူးစူးစိုက်စိုက် ဖတ်နေခြင်းဖြစ်၏။ စိတ်နှင့်မဟုတ်ပဲ ပါးစပ်ကပါ အသံထွက်၍ တရွရွရွတ်နေရသည် မဟုတ်လား။

"ဆရာကြီးနှင့် ဆရာကြီးကသဲ့…တော်တို့လည်းသဲ့ ကျမာရက်သဲ့…ရှိကြပါသည် သဲ့…"

"ဟာ…ဆရာကြီးနှင့် ဆရာကြီးကတော်တို့လည်း ကျန်းမာလျက် ရှိကြပါသည်လို့ ဖတ်စမ်းပါ ပန်းရုံရာ…နင်ကလည်း အမရပူရလမ်းခွဲလို့ဖတ်သာ အစ်မ, ဘာဘူနဲ့ရ.လန့်ကွဲ ဆိုသာလို ဖြစ်နေပြီ"

"အောင်မာလေး ကိုပိဋကတ်အိုးကွဲကြီးရေ…တော်သာ အရေးကြီးပါသယ်…ကျုပ်က ပဲသွင်းဆေးသွင်း စာရင်းကလေး တို့မှတ်ရသာပါ…တော်သာ့ စာများများတတ်ဖို့ လိုသာ…အင်္ဂလိပ်သခင်တွေ မျက်နှာရအောင်လို့လေ"

မပန်းရုံက သည်လိုပြန်အော်တော့လည်း ဦးသာထန်က ဘာမှပြန်ပြောနေသူမဟုတ်။ မပန်းရုံက သူ့ထက် အသက်ဆယ်နှစ်လောက် ငယ်သည့်ဇနီးဆိုပေသိ ဣန္ဒြေရှိသည်။ ချေချေငံငံရှိသည်။ သူကြီးကတော်ဆိုသည့် ဂုဏ်သိမ်နှင့်လျော်စွာ ဆိုတတ် ပြောတတ် နေတတ်ထိုင်တတ်သူဖြစ်ပါ၏။ စာကတော့ ရှေးခေတ်မိန်းမသားများထုံးစံ သေစာရင်စာလောက် ဖတ်တတ်လျှင်ပင် ဟန်ကျလှပြီ။ ဦးသာထန်၏ ပထမဇနီး (မောင်မြတ်သာ၏မိခင်) ဆုံးပြီး သုံးလေးနှစ်ကြာတော့ လူကြီးတွေကပဲ ပြောဆိုစပ်ဟပ်ပြီး ပေးစားခဲ့ကြခြင်းဖြစ်သည်။ ဦးသာထန်နှင့် မပန်းရုံ အကြောင်းပါကြတော့ ရွာက လှည်းစည်းကုံးနဲ့ ကျေးသားရုပ်လို့ ကွယ်ရာမှာ ပြောကြသည်။ လှည်းစည်းကုံးမှာ နွားနှစ်ကောင် ပခုံးတင်သည့် ထမ်းပိုးတုံးနှင့် လှည်းအိမ်မဆီက ထွက်လာသည့် လှည်းဦးပွတ်ဆုံရာနေရာဖြစ်သည်။ လှည်းလက်တံနှစ်ချောင်းနှင့် ထမ်းပိုးတုံးကို ပြုတ်မထွက်အောင် ချည်တုတ်ထားသည့်နေရာဖြစ်၍ သူ့အထက်မှာ သစ်သားကျေးရုပ်ကလေး ပါရှိတတ်သည်။ စည်းကုံးနေရာက ဘုကြီးမောက်ကြီးနိုင်သလောက် ကျေးရုပ်ကလေးကလည်ကလေးဆန့်ကာ ချစ်စရာ အလွန်ကောင်းသည်။ ဦးသာထန်က ရုပ်ဆိုးသည့် မုဆိုးဖိုဖြစ်၍ မပန်းရုံက ချောမောသည့် အပျိုကြီးဆိုသည့်သဘောကို တင်စားကြခြင်းဖြစ်၏။

ဦးသာထန်ကလည်း ခေသူမဟုတ်ပါ။ သည်လိုစကားတွေ သူ့ဆီရောက်လာတော့ "ကျုပ်က မပန်းရုံနဲ့ ၁၁ဂ ဘဝကတည်းက တံမျဉ်းခင်းပြီးသားပါဗျာ ဖြောင့်လိုက်သာမှ တန်းလို့" လို့ ပြန်ပက်သည်။ တံမျဉ်းခင်းသည်ဆိုသည်မှာ ရှေးက မျဉ်းဖြောင့်ဖြောင့်လိုချင်သည့်အခါ ရေဆွတ်ထားသည့်ကြိုးဖြင့် မျဉ်းချခြင်းကို ပြောခြင်းဖြစ်သည်။



"ကိုရင်…ကျုပ် အတည်ပြောသာ…ကျုပ်တို့မလဲ မြေနဲ့ယာနဲ့ ကျွဲနဲ့ပုတ်နဲ့ နေနိုင်မှတော့ လူမုန်းများသဲ့ သူကြီးအလုပ်က နားစေချင်သာပဲ…မောင်မြတ်သာရေးသ်လောက်ဆိုရင် ခေတ်အခါလည်း ကောင်းပုံမရဘူး…ဘယ်လိုမကောင်းသာလဲလို့တော့ ကျုပ်လည်း မပြောတတ်ဘူး…ဒါပေသိ လူတွေက အင်္ဂလိပ်အစိုးရကို တော်တော် မျက်မုန်းကျိုးနေကြသာတော့်…တစ်နွယ်ငင် တစ်စင်ပါဆိုသလို တော့်အတွက် ကျုပ် စိုးရိမ်သယ် ကိုရင်ရဲ့"

မပန်းရုံက မောင်မြတ်သာ လူကြုံပါးလိုက်သည့်စာကို အိတ်ထဲပြန်ထည့်ရင်း သုန်သုန်မှုန်မှုန်ပြောလိုက်ခြင်းဖြစ်သည်။ ဦးသာထန်က စဥ့်လက်ဖက်အစ်ကြီးထဲမှ လက်ဖက်တစ်မြုံနှိုက်ဝါးသည်။ လက်ကို ဖျင်လက်သုတ်ပဝါဖြင့် သုတ်သည်။ မယားဖြစ်သူ မပန်းရုံ သည်တစ်ခါ ပြောလိုက်သည့်စကားက သူ့အတွက် ထူးဆန်းနေသည်။ မပန်းရုံက ခေတ်ကာလ ဖြစ်ပျက်နေတာတွေကို လုံးကြီးခဲရ သိသူမဟုတ်။ မောင်မြတ်သာ၏စာကိုလည်း အရေလည် အပတ်စေ့အောင် နားလည်တာမျိုးမဟုတ်။ မပန်းရုံ သည်စကားတွေ ဘယ်ကဘယ်လို သယ်ဆောင်လာတာပါလိမ့်။ ဦးသာထန် တွေးရပြီ။ ရွာထဲမှာကော သည်စကားတွေ ပြန့်ကုန်ပြီလား။

တခြားသူ မဆိုထားနှင့်၊ သားတော်မောင် မောင်မြတ်သာသည်ပင် ရွာကို ပြန်လာသည့်အခါ မြို့ကအသံတွေ ပါလာတတ်သည်။ မြို့မှာ ဝံသာနုသံတွေ ညံနေချိန်မှာ တောရွာများတွင် ကိုယ့်ထမင်းထုပ်ကိုယ် အေးအေးစားကာ နေပူမိုးရွာ လုပ်စားနေကြတုန်းဖြစ်သည်။ သို့သော် ဆရာစံ အရေးအခင်းမှာတော့ ကျေးလက်တောရွာတွေကိုပါ ရိုက်ခတ်လာတော့သည်။ သည်ရိုက်ခတ်မှုကို သူကိုယ်တိုင် မိုးကြိုးပစ်ရာ ထန်းလက်ကာခဲ့ရသည်မဟုတ်လား။

"ငါ ဆယ့်ငါးနှစ်သား အရှင်နှစ်ပါး ပါတော်မူတော့ ငါ့အဖေ သူကြီးခများ တုန်လှုပ်သွားရှာသာကို ငါမှတ်မိသယ် မပန်းရုံရယ်…သူ့သူကြီးရာထူး ပြုတ်သွားမှာ စိုးရိမ်သာကိုး…နောက်တော့ ဘုရင်က ခန့်ခဲ့သဲ့ သူကြီးတွေကို ချက်ချင်းမဖြုတ်ဘဲ ပြန်ခန့်တော့မှ အဖေ စိတ်အေးသွားပြီး ငါ့ကို သူကြီးဖြစ်ရေး လုံးပမ်းတော့သာပဲ…အခု ငါ သူကြီးဖြစ်မှ အဖေ့စိတ်ကို သဘောပေါက်တော့သယ်…တိုင်းပြည် ကယောက်ကယက်မှာ အဆောင်အယောင်လိုသယ် မပန်းရုံ…ပြီးတော့ ငါတို့က သူကြီးမျိုးရိုး…ငါ့လက်ထက်ကျကာမှ အတိမ်ကောမခံနိုင်ဘူးဟာ…အင်္ဂလိပ်သစ္စာခံသာမဟုတ်ပါဘူး…ငါ့အလုပ် ငါလုပ်သာပါဟာ"

အင်္ဂလိပ်အစိုးရက ကျေးရွာသူကြီးများကို အုပ်ချုပ်ရေးအခြေမကျမီ အခွင့်အရေးတွေ ပေးသည်။ တစ်နယ်နှင့်တစ်နယ်၊ တစ်ရွာနှင့်တစ်ရွာ အခွင့်အရေးချင်းတူတာတော့မဟုတ်။ အထူးသဖြင့် သစ္စာခံကြသူ သူကြီးများကို သူကြီးစားမြေပေးခြင်း၊ သဿမေဓအခွန်တော် လွှတ်ငြိမ်းခွင့်ပြုခြင်း၊ အငှားချ လယ်ယာကိုင်းကျွန်းတွေက အကောက်အယူခွင့်ပြုခြင်း၊ အခွန်လွှတ်မြေ လုပ်ကိုင်ခွင့်ပေးခြင်း စသည့်အခွင့်အရေးများ ပေးကြသည်။

"ပြောကြစို့ဆိုရင် ငါ့မယ် သျှောင်တစောင်းနဲ့ ထိုးကွင်းနဲ့ ရင်ကွဲအကျႌနဲ့ ဖျင်ပုဆိုးဖိုသီဖတ်သီနဲ့ အဖေ့ထန်းတောထဲ တစ်သက်လုံး မူးနေရမယ်ထင်သာ…ငါ့ကို သူကြီးဖြစ်စေချင်တော့ ထ,ထူရာက ထလိုက်သာ အခုတော့ ထိုင်မဖြစ်တော့ဘူး…အထင်

www.burmeseclassic.com

www.burmeseclassic.com

ကြီးလို့ရယ် ဘာရယ်တော့ မဟုတ်ပါဘူး ..သည်အင်္ဂလိပ်အကောင်တွေကို ထချဖို့တော့ မလွယ်လောက်ဘူးထင်သယ်နော် နင်စဉ်းစားကြည့်စမ်း...သဘော်လေးငါးစင်းနဲ့ မန်းလေးနန်းတော် တက်သိမ်းသဲ့ဟာ...အာဂမှတ်လို့"

ဦးသာထန်က မွေးလာသည့်သားကြီး မောင်မြတ်သာကို သူ့အဖေတုန်းကလိုပဲ သူကြီးရာထူးလောက် အောက်စားထား၍ မြို့ပိုင် အရေးပိုင်လောက်ထိ ဖြစ်စေချင်သည်။ မောင်မြတ်သာ အရွယ်ရောက်ကတည်းက မြင်းခြံမြို့က အလွတ်ပညာသင်ကျောင်း ဆရာကြီး ဦးဘခင်အိမ်ကို ပို့ထားခဲ့သည်။ ကျောင်းသွားအပ်တုန်းကဆိုလျှင် ရွာက လှည်းရှစ်စီးပါခဲ့သည်။ ပဲတွေ၊ နှမ်းတွေ၊ ချည်ထည်အုပ်တွေ၊ နွားသားရေချုပ်တွေကအစ မြင်းခြံရောက်မှ ဝယ်သည့်မုန့်သေတ္တာများ၊ စီးကရက်သံဘူးများပါ ကန်တော့ပစ္စည်းအဖြစ်ထည့်ကာ ပန်းဖယောင်းတိုင်၊ ကန်တော့ပွဲစုံဖြင့် အပ်ခဲ့ခြင်းဖြစ်သည်။ လစဉ် မောင်မြတ်သာအတွက် စားစရိတ်၊ သုံးစရိတ်၊ ကျောင်းစရိတ်တွေပါ လောက်လောက်ငငပေးပို့မြဲဖြစ်သည်။ ကိုယ်တိုင် မပို့နိုင်သော်မှ အိမ်က သူရင်းငှား ကိုဖိုးငွေကို အပို့လွှတ်ရသည်။ တစ်ခါတစ်ရံ အိမ်ဗာဟီရကလေး ဝယ်ရင်းခြမ်းရင်း ဒေါ်ပန်းရုံ လိုက်သည့်အခါ လိုက်လေ့ရှိ၏။ ဦးသာထန်က သူကြီးကလည်းဖြစ်ပြန်၊ တောသား လူချမ်းသာကလည်းဖြစ်ပြန်ဆိုတော့ မြို့မှာ မျက်နှာငယ်ရတာမျိုးတော့ မရှိ။ မြင်းခြံမြို့မှ ဆရာကြီး ဦးဘခင်က ကျေးလက်တောရွာများမှ ပညာလိုလားသော ကျောင်းသားများကို အိမ်မှာခေါ်ထားကာ ပညာသင်ပေးသည်။ ကျောင်းထားပေးသည်။ တိုင်းရေးပြည်ရေးအခြေအနေတွေကို ညဘက်တွေမှာ ပြောပြတတ်သည်။ ခေတ်နှင့်လျော်ညီစွာ အင်္ဂလိပ်စာကိုလည်း အထူးကြပ်မတ် သင်ကြားပေး၏။

"ပန်းရုံနှယ်...တစ်နှစ်သားဟာများ လူကလေးကို မြင်းခြံလိုက်ပို့တော့ လှည်းဆိုက်သယ်ဆိုရင်ပဲ ဆရာကြီးက ထွက်လာသဲ့ပြီး အင်္ဂလိပ်လို ဒွတ်ဒက် ရွတ်ရက်နဲ့ ပြောကရော...မောင်မြတ်သာကလည်း လှည်းပေါ်ကဆင်းကတည်းက ဗမာလိုမပြောတော့ဘူးဗျာ ..နင့်နှယ် ဖြောင်းသခင်တို့ပြောသလို ပြောနေသာ ..ခက်သာက မင့်သားက အိမ်ရောက်တော့လည်း ကလေးလိုနေသာကွ...နှမနဲ့ လိုက်တမ်းပြေးတမ်း ကစားချင် ကစားနေသာ...ရွာက လူတွေရှေ့များ ဘိုလိုပြောကရောမရှိဘူး"

"သြော် ကိုရင့်နှယ်...ဘိုလိုပြောတော့ကော ရွာက ဘယ်သူနားလည်မှာသဲ့တုံးတော့"

ဒေါ်ပန်းရုံက မိထွေးဆိုသော်လည်း မောင်မြတ်သာကို သားအရင်းနှင့်မခြား ချစ်ရှာပါသည်။ မောင်မြတ်သာကလည်း သူ့ကို လေးစားသလို နှမကလေး မအိမ်ကံကို အတော်ချစ်ရှာသည်။ မအိမ်ကံလို့ပင် မခေါ် 'ကံကလေး' လို့ ပါးစပ်ကမချ ခေါ်တတ်သည်။ အကြောင်းအားလျော်စွာ ရွာပြန်ရောက်လျှင် နှမကို စာသင်ပေးတတ်သည်။ မအိမ်ကံက ဆယ်နှစ်သမီးသာသာ ရှိသေးသော်လည်း ဒေါ်ပန်းရုံထက် စာသွားနေပြီ။

"အင်းလေ.. မြင်းခြံဆိုသဟာက မြို့ကိုး ..လူရေးလူစ လည်ဝယ်သာလည်း မပြောနဲ့...အကြားအမြင်များသဲ့နေရာမှုတ်လား မသိသာရှိလို့ မေးချင်ဦးတော့ ပညာရှိတွေနေသဲ့အရပ်ဆိုတော့ အဖေပြောဖူးသလို ပဋိရူပကျသယ် ပြောရမှာပေါ့"

"ကျုပ်တို့ရွာလိုဟာမျိုးကျတော့ ဘယ်သူရှိလိမ့်မတုံးတော့ မြင်းခြံက ဝတ်လုံတော်ရ ဦးစိန်မောင့်တပည့် အမှုပွဲစား ကျော်ဒင်လောက်ကို အဟုတ်လုပ်နေရသာကိုး"



ကိုကျော်ဒင်က ရွာခံလူလတ်ပိုင်းအရွယ် အမှုပွဲစားဖြစ်သည်။ ကျေးရွာတွေမှာ မပြီးပြတ်သည့်အမှု၊ တရားတဘောင် အစွဲအဆို ရှိသည့်အမှုတွေမှာ ကိုကျော်ဒင်နှင့် တိုင်ပင်ကြရသည်။ ပြီးမှ ကိုကျော်ဒင်က မြို့နေ ဝတ်လုံတော်ရ ဦးစိန်မောင်နှင့် တွေ့ဆုံပေးသည်။ ရွာက ကိုကျော်ဒင်ကို ဝိုစားရယ်စား ခေါ်ကြသည်။ အမှုပွဲစားဆိုတော့ အနားရွာတွေက အမှုသွား အမှုလာကိစ္စတွေကိုပါ ကိုကျော်ဒင်က သွားရောက်မေးမြန်းရသည်။ အကြံဉာဏ်ပေးရသည်။ လိုအပ်လျှင် မြင်းခြံခေါ်သွားရသည်။ မြို့နှင့် တောရွာတွေကို ချောင်းပေါက်အောင် ကူးလူးနေရသူဆိုတော့ မြို့သတင်း ရွာသတင်းတွေကို ကိုကျော်ဒင့်ဆီက ကြားရတတ်သည်။ အင်္ဂလိပ်အစိုးရပိုင်းက ခုံထောက်များကပင် သတိပြုခြင်းခံရသူအဖြစ် နာမည်ကြီးလာသည့်အခါ ကိုကျော်ဒင်၏လှုပ်ရှားမှုကို အနီးအနား သူကြီးတွေကပါ စနည်းနာကြရသည်။

"ကျော်ဒင်ဆိုလို့ လှည်းသမား သာညို ပြောသလောက်ဆိုရင် မြင်းခြံ၊ နွားထိုး၊ တောင်သာဘက်က လူစိမ်းသူစိမ်း ဂိုက်ကောင်းဆိုက်ကောင်းတွေနဲ့ တရုန်းရုန်းဆိုပဲ...သည်ကောင့်မယား ဘယ်သူသဲ့...သန်းပုလား...ပြောထားစမ်း ..အလကားနေရင်း နယ်နှင်ခံနေရမယ်"

ကိုကျော်ဒင်ကလည်း အကင်းအညာရှိသူဖြစ်၏။ သူကြီး ဦးသာထန်ကိုပင်မက အနီးအနား ရွာနီးချုပ်စပ်က သူကြီးတွေ၊ ရွာမျက်နှာဖုံးတွေကိုပါ ပုဆစ်တုပ်ပေါင်းသည်။ ရွာသူရွာသားများနှင့် အရောတဝင် ဖက်လှဲတကင်းနေသည်။ ဒါကြောင့်လည်း ကိုကျော်ဒင်ဆိုလျှင် ကလေးလူကြီးအားလုံးက ခင်မင်ကြသည်။

မောင်မြတ်သာသည် မြင်းခြံတွင် အခိုက်အတန့်အားဖြင့် နေရဖွယ်ရှိသည်ဟု စာရေးခိုက်သည့်အတိုင်းပင် ရွာကို ပြန်မရောက်လာတော့။ တစ်ခါတစ်ရံ လူကြုံဖြင့် စာတိုကလေးရေးကာ မာကြောင်း သာကြောင်း ရေးပို့နေသဖြင့် အဆက်အသွယ်မပြတ်ခြင်းဖြစ်၏။ မြင်းခြံနှင့် ဇောင်ချမ်းကုန်းမှာ ဝေးလှသည်တော့ မဟုတ်ပါ။ ခရီးခုနစ်တိုင် ရှစ်တိုင်လောက်တော့ ရှိမည်မှန်သော်လည်း သည်တုန်းက အကြောင်းထူးကိစ္စမှလွဲလျှင် မြို့ကို အရောက်အပေါက် နည်းကြသည်။ တချို့ဆိုလျှင် အသက်အရွယ်သာ လွန်ကရော၊ မြို့ကိုမရောက်ဖူးဘဲ တိမ်းပါးသွားကြရှာသူတွေပင် မနည်း။ ကိုယ့်ရွာ ကိုယ်ဌာနေကလွဲလျှင် မြို့ဆိုတာကို သွားဖို့ ရွံ့ကြောက်ကြတာလည်း ပါသလို၊ မလွှဲသာမရှောင်သာ သွားရလျှင်လည်း ဖျိုးခနဲ ဖျတ်ခနဲ ပြန်လာတတ်ကြသည်။ ကိုယ့်ရွာပြန်ရောက်မှ ဟင်းကျကြသူများဖြစ်၏။

မအိမ်ကံကတော့ အစ်ကိုဖြစ်သူ ပြန်မလာသည့်ရက်တွေမှာ အိမ်ကြီးအပေါ်ထပ်က လေသာဆောင်မှာပဲ တက်ထိုင်နေတာများသည်။ အစ်ကိုသင်ပေးခဲ့သော စာတွေကလည်း အံရလွန်းလို့ အလွတ်ပင် ရနေပြီ။ လက်ရေးလှ လေ့ကျင့်သည့် ကျောက်သင်ပုန်းကလေးပင် သုံးခြစ်ရာတွေ ထင်ကုန်ပြီ။ မြို့က အစ်ကိုဝယ်လာခဲ့သော ကျောက်တံဘူးကလေးတစ်ဘူးလည်း ကုန်ပြီ။

"မအိမ်ကံရေ...သမီးပျင်းရင် အမေတို့ရက်ကန်းခတ်တာ လာကြည့်လှည့်လေ...သည်မှာ ကျေးဥလည်း ပါလာသယ်...ဆင်းခဲ့ပါလား သမီးရဲ့"

အောက်ထပ်မှ အမေပန်းရုံက လှမ်းခေါ်တော့ မအိမ်ကံ စိတ်လိုလက်ရ ဆင်းလာခဲ့သည်။ ကျေးဥပါလာတယ်ဆိုလို့ ဆင်းလာခဲ့ခြင်းဖြစ်၏။ ကျေးဥသည် မအိမ်ကံနှင့်ရွယ်တူ

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတစ်ယောက်ဖြစ်ပြီး၊ ကျေးဥ၏အမေ အရီးကြာညွန့်က အမေ့ကို ရက်ကန်းအကူ လာရက်ပေးခြင်းဖြစ်၏။ အစ်ကို ရွာမှာမရှိသည့်ရက်တွေမှာ ကိုဖိုးငွေနှင့် မလှအုံတို့၏ သား နှစ်ယောက်ဖြစ်သော ဖိုးတုတ်နှင့် ဖိုးကူးက မအိမ်ကံအတွက် အဖော်ဖြစ်ရသည်။ ဖိုးတုတ်က မအိမ်ကံထက်လည်း ကြီး၊ ရွာဦးဆရာတော်ကျောင်းမှာ ကိုရင်ဝတ်နေတာဆိုတော့ ဖိုးကူးနှင့်အတူ လက်ပုတ်ချား ဆော့ရသည်။ ဖိုးကူးကတော့ မအိမ်ကံထက် နှစ်နှစ်လား သုံးနှစ်လား ငယ်သည်။ ယောကျ်ားကလေးသဘာဝ ရွာလယ်ညောင်ပင်အောက် ပြေးပြေးလွှားလွှား ဆော့ကစားချင်သော် လည်း မအိမ်ကံကို ကြောက်တာနှင့်ပဲ အိုးပုတ်တမ်း ကစားရတာ များသည်။

အိမ်ဘေးအဆွယ်က ရက်ကန်းရုံကလေးထဲကို မအိမ်ကံ ဝင်လာတော့ ကျေးဥက ဆတ်သွားဖြင့် ချည်စာတွေ ရှင်းနေသည်။ ရှင်မီးအင်္ကျီ ညစ်ထပ်ထပ်နှင့် ဖျင်လုံချည်ကြမ်းကလေး တင်းနေအောင်ဝတ်ရင်းက သူ့အရပ်နှင့် မမီတမီ ချည်စ,တန်းလန်းကို ခုံကလေးခုကာ ချည်စာတွေကို သတ်ချနေခြင်းဖြစ်၏။ အရီးကြာညွန့်က ရက်ကန်းစင်မှာ တိုင်ချည်ဆင်နေသည်။ အမေပန်းရုံကတော့ ရက်ကန်းစင်ကို နံ့သာဖြူ ကရမက်ရေတွေ ပက်ဖျန်း၊ ရက်ကန်းစင်တိုင် တွေမှာ ဒေါနခက်တွေ ချည်ပြီး ရက်ကန်းရှင်မကို ပူဇော်နေလေ၏။

"သမီး မအိမ်ကံ လာလေ...အမေတို့ သည်ကနေ့ကစပြီး ရက်ကန်းရက်ကြတော့ မှာ...ညည်းအစ်ကို မောင်မြတ်သာအတွက်လေ...မောင်မြတ်သာက သူ့အတွက် ပင်နီ တစ်အုပ် ရက်ပေးပါဆိုလို့ မကြာညွန့်ရေ...ကျေးဥကို အဖော်ခေါ်ရသာက မအိမ်ကံ ပါ ရက်ကန်းခတ် သင်ချင်လို့...မိန်းကလေးမှန်ရင် ရက်ကန်းတော့ ခတ်တတ်မှ... ယောကျ်ား စာမတတ်တော့ အကန်းနဲ့တူသတဲ့၊ မိန်းမများ ရက်ကန်း မတတ်ရင် အကျိုးနဲ့တူသတဲ့...သမီးက ငယ်သေးတယ်ဆိုပေသိ အမြင်အကြားကလေး ရှိထား ပါမှ...လာ လာ သမီး ဟောသည် တညင်းလုံးမှာ ချည်ရစ်စမ်း...အမေပြမယ် အလွယ်ကလေးရယ်"

မအိမ်ကံ ရက်ကန်းရယ်လို့ မခတ်တတ်သေးသော်လည်း ရက်ကန်းစင်က အခေါ် အဝေါ်တွေကိုတော့ တောသူပီပီ အကြားနာထားပါ၏။ ဒါက လက်ခတ်၊ ဒါက ယဉ်သွား၊ ဒါက အောက်မေးတုံး၊ ဒါက နတ်လှွား၊ ဒါက ကျွမ်းသီး စသဖြင့် ခေါ်တတ်နေပြီ။ မအိမ်ကံတို့အိမ်က ရက်ကန်းစင်ကြီးက ရှေးရက်ကန်းစင်ကြီးဖြစ်သည်။ အဖေ ဦးသာထန်၏အမေ (အမေကြီးသန့်) ရက်ကန်းစင်ဆိုတော့ အဖေ့တစ်သက်ပင် မကတော့။ လက်ခတ်နှင့် ရောင်ကိုင်နဖူးစီးပြားတွေမှာ ကနုတ်ခွေတွေ၊ ဖောင်းပန်းတွေ ပါသည့် ရှားနှစ်ရောင် ရက်ကန်းစင်ကြီးဖြစ်သည်။

အမေပန်းရုံက ချည်တစ်အုပ်စာ ဒါမှမဟုတ် ငါးစပ်တင်းတိမ်စောင်တစ်ထည်စာ ရက်တော့မည်ဆိုလျှင် ရွာအနောက်ပိုင်းက အရီးကြာညွန့်ကို အကူခေါ်ကာ ရက်ခိုင်းလေ့ရှိသည်။ ပုဆိုးတစ်ထည်စာ၊ ထဘီတစ်ဆင်စာလောက်ကတော့ အမေပန်းရုံ နိုင်ပါသည်။ ဝါကနေ ချည် ဖြစ်အောင် လုပ်ရတာကိုလည်း အမေပန်းရုံက ပန်းသည်မထင်။ ဝါဖန်တာ၊ ဝါကြိတ်တာ၊ ဝါ ဖတ်တာ၊ ဗိုင်းလိပ်တာတွေကို မလှအုံကပါ ကူသည်။ လသာရက်များတွင် အိမ်ရှေ့ကပြင်မှာ နီးချောဖျာတစ်ချပ်ခင်း၍ အမေပန်းရုံတို့ မိန်းမတစ်သိုက် ဗိုင်းငင်နေကြတာ ပျော်စရာပင် ကောင်း သည်။ စကားပြောရင်း ဗိုင်းငင်အကူလာပေးကြသူတွေကို အမေပန်းရုံက ကောက်ညှင်းပေါင်းဖြင့်



ညှော်ခံသည်။ အခကြေးငွေရယ် ပေးရတာမျိုး မဟုတ်။ သူကြီးကတော်ရယ်လို့ မျက်နှာလို မျက်နှာရ လာလုပ်ပေးကြတာမျိုးလည်း မဟုတ်ပါ။ ရက်ကန်းစင်ရှိသည့်အိမ်တိုင်းမှာ ဗိုင်းငင် သည့်ဓလေ့ ရှိကြသည်။ ဗိုင်းငင်ပြီးသားချည်ဝင်တွေကို ခြားတစ်စင်းဖြင့် ရစ်ရသည်။ ဆေးဆိုးရ သည်။ ထမင်းပျော့ပျော့ဖြင့် ချည်စာနင်းရသည်။ ဝါလုံးနှစ်လုံးမှာ တင်ပြီး ချည်စာသတ်ရသည်။ ကျက်ဖောက်ရသည်။ ရက်ကန်းရှယ်ရသည်။ ရက်ကန်းစင်မှာ ရက်ကန်းဆင်နိုင်ဖို့အရေး အဆင့် တွေ အများကြီးကျော်ဖြတ်ရသည်။ ဒါကိုပဲ တောရွာသူတို့ဘာဝ ကြည်မွေ့ကြရတာပဲ မဟုတ် လား။ အိမ်တိုင်းလိုလိုမှာ သည်အလုပ်တွေ လုပ်နေကြသည့်မိန်းမတွေကို မအိမ်ကံ မြင်နေ တွေ့နေရတာပဲ မဟုတ်လား။

"မအိမ်ကံက သူ့အစ်ကိုကို သိပ်ချစ်သာ မကြာညွန့်ရဲ့...တခြားအထည်ဆို သူစိတ်ဝင် စားချင်မှဝင်စားမှာ...သူ့အစ်ကိုအတွက်ဆိုသာနဲ့ လုပ်တော့သာပဲ တွေ့လား"

"ဟုတ်ပတော်...မောင်မြတ်သာကလည်း ချစ်ရှာသာပါပဲ သူကြီးကတော်ရဲ့...မအိမ်ကံ ငယ်ငယ်တုန်းကဆို ကလေးကြီး ကျောပိုးပိုးပြီး ရွာလည်ပြရသာ အမော...သူ့နှမ ချောရဲ့လား မေးရသာလည်း အမော...မအိမ်ကံကလည်း ကြီးလေ ချောလေပါပဲ တော်"

အမေပန်းရုံနှင့် အရီးကြာညွန့်တို့ ရက်ကန်းစင်မှာ ပြောသမျှစကားတွေ မအိမ်ကံ ကြားနေရသည်။ တညင်းလုံးမှာ ချည်ရစ်ရင်းက အစ်ကို့ကို သတိရလာသည်။ လွမ်းလာမိသည်။ မျက်ရည်ကလေးပင် လည်လာလေတော့သည်။

"အမေ...အစ်ကို သည်တစ်ခေါက် မြင်းခြံသွားနေသာ ကြာလိုက်သာတော်"

"ငါ့သမီး အစ်ကိုကို လွမ်းတတ်နေပါပကော...ညည်းအစ်ကိုဆီက လူကြုံနဲ့ စာလာ သယ်...မြင်းခြံမှာ ကြာဦးမသဲ့တော်...သမီးလွမ်းရင် ညည်းအဖေ မြင်းခြံသွားတော့ လိုက်သွားပါလား သမီးရဲ့...မြို့လည်း ရောက်ဖူးရသာပေါ့"

"အဖေက မြင်းခြံသွားမှာမို့လား"

"သွားမှာလေ...ဘယ်ရက်ဆိုသာတော့ အမေလည်းမသိဘူး...ညည်းအဖေ မေးကြည့် ပေါ့"

အဖေ့ကိုတော့ မအိမ်ကံ မမေးချင်ပါ။ အဖေ့ကို ကြည့်လိုက်လျှင် အားရသည်မရှိ။ တပည့်တပန်းတွေ တရုံးရုံးနှင့် ထွက်ချင်ထွက်နေတတ်သလို၊ ဧည့်သည်ကလည်း အမြဲရှိသည်။ လက်ဖက် ရေနွေးကြမ်းဧည့်သည်၊ အရက် ကြက်ကြော်ဧည့်သည်၊ အဖေက ခေါက်ငန်းရသော ဧည့်သည်၊ အဖေကိုယ်တိုင်က မျက်နှာလုပ်ရသည့်ဧည့်သည် စသဖြင့် ဧည့်သည်အမျိုးမျိုး ရှိနေတတ်သည့် အဖေ့စကားဝိုင်းကို မအိမ်ကံ မရောက်တာများသည်။ တစ်ခါတစ်ရံ အမှု သင်းကဲများ ရောက်လာတတ်သည့်အခါမျိုးတွင် အဖေ့အသံကျယ်ကျယ်လောင်လောင်ကြီးကို မအိမ်ကံ မကြိုက်။ ကြမ်းပြင်ပေါ်မှာ ပုဆစ်ဒူးတုတ်ကာ အဖေ့အငေါက်အငန်း ခံနေကြရရှာသော အကျီမပါ၊ ပုဆိုးမွဲပြာပြာနှင့် ရွာသားတွေကို မအိမ်ကံ သနားသည်။ နောက်ဖေး ပဲမှော်တိုင် အောက်က ထိပ်တုံးဆိုတာကြီးကို မအိမ်ကံ မုန်းသည်။ အဖေ့ကို လက်ဆောင်လာဆက်ကြသော အသားတွဲ၊ ငါးတွဲ၊ ငှက်ပျောခိုင် စတာတွေကို မအိမ်ကံ မစားရက်။ အဖေ့ကို မအိမ်ကံ မချစ်

www.burmeseclassic.com

www.burmeseclassic.com

ဘူးလားဆိုတော့ ချစ်တော့ချစ်သည်။ သို့သော် အဖေက မအိမ်ကံကို ပိုက်ပိုက်ပွေ့ပွေ့ နေခဲ့သည်။ တစ်ခါတစ်ရံ စိတ်လိုလက်ရရှိသည့်အခါများမှာတော့ မအိမ်ကံကို စချင်စနေတတ်ပြန်သည်။ မအိမ်ကံ ပါးဖောင်းဖောင်းကလေးနှစ်ဖက်ကို သူ့လက်ဝါးကြမ်းကြမ်းကြီးနှစ်ဖက်ဖြင့် ညှပ်ပြီး "ငါ့သမီးက ချောလိုက်သာဟယ်...မင်းကတော် စိုးကတော်ရပ်ကွယ့်" ဟု အားပါးတရ ဆိုချင်ဆိုတတ်ပြန်၏။

"သူကြီးမင်းက မြင်းခြံကို ဘာကိစ္စနဲ့သွားရမှာတုံး သူကြီးကတော်ရဲ့...မောင်မြတ်သာ ဆီကိုလား"

"ဒါဘာပွဲသဲ့တော်ရေ...ဒါဘာပွဲသဲ့...ဘာဒါဘာသာလဲတော့ ကျုပ်လည်း မသိပေါင်တော်...အိမ်ကလူကဖြင့် တစ်ဒါဘာထဲ ဘာနေတော့သာပဲ"

"ဩော်...ဩော်"

ဒေါ်ပန်းရုံ မသိသလို အရီးကြာညွန့်ကလည်း သိတာမဟုတ်။ ဒါက သူတို့မိန်းမသားများနှင့်မဆိုင်သောအလုပ်လို့သာ နားလည်လိုက်ကြသည်။ ဦးသာထန်ကတော့ ဖြောင်းသခင်နယ်လှည့်ရာမှ အပြန်တွင် စီစဉ်မည်ဆိုသော ဒါဘာပွဲကို အမျှော်ကြီးမျှော်နေခဲ့ရသည်ပင် ကြာပြီ။ ဦးသာထန်သည် မြန်မာမင်းလက်ထက်မှာ မွေးခဲ့သူပီပီ သူ့ကိုယ်သူ ခေတ်အမြင် ခေတ်အသိ မရှိတာကိုလည်း နားလည်ပါ၏။ သို့သော် အင်္ဂလိပ်အစိုးရမင်းတို့ကြိုက်အောင် လုပ်ခြင်းထက် သူ့တာဝန် သူကျေချင်သည်။ သူ့ဝတ္တရားကို သူအပျက်မခံ။ အနယ်နယ်အရပ်ရပ်မှာ လယ်သမားတွေ ထကြွနေကြတာကို ရွာကို လာတတ်သော မြန်မာအရာရှိတွေ ပြောပြလို့ သူသိထားသည်။ သည်ဘက်နယ်တွေမှာ လယ်သမားပြဿနာမရှိအောင် အုပ်ချုပ်နိုင်သည့် သူကြီးတွေကို ဒါဘာပွဲမှာ ဆုချီးမြှင့်မည့်အကြောင်း မြင်းခြံမြို့မှာ အရေးပိုင် ဖြောင်းသခင်က ပြောခဲ့သည် ဆိုသောစကားကို ကြားကတည်းက ဘာဆုများပါလိမ့်ဆိုသည့် အိပ်မက်ကို မက်နေသူဖြစ်သည်။ သူလည်း ရလိမ့်မည်ဟု မျှော်လင့်ထားသည်။ မြင်းခြံနယ်မှာ မြို့သူကြီး သုံးဆယ်ကျော်၊ ကျေးရွာသူကြီး သုံးရာကျော်ရှိသဖြင့် သူကြီးများအပါအဝင် အင်္ဂလိပ်သစ္စာခံများအားလုံး တက်ရသည့် ပွဲကြီးဖြစ်သည်။

"ပန်းရုံရေ...ပန်းရုံ ..ပန်းရုံ"

"တော်"

အိမ်ခြံပေါက်အဝင်ကတည်းက တကြော်ကြော်အော်ဟစ်လာသော ဦးသာထန်အသံက တစ်အိမ်လုံး ဟိန်းဟိန်းထနေသည်။ ရက်ကန်းခတ်ရင်းက တိုင်ချည်ပြတ်သွားသဖြင့် နှတ်ပြန်ဆက်နေသော ဒေါ်ပန်းရုံလက်ကလေးတွေပင် တုန်သွားရသည်။ ပြန်ထူးသံကိုလည်း မကြား၊ တကြော်ကြော် မနားတမ်း တရုံတည်းသာရုံနေတော့၏။ သူကြီးမင်း ဘာတွေများ အရေးကြီးလာရပါလိမ့်တော်။ ရက်ကန်းခုံမှာ အထိုင်ကျနစေရန် ခါးမှာ သိုင်းထားသော ပုဆိုးကွင်းကို ကမန်းကတန်း ဖြုတ်ချကာ ရက်ကန်းစင်အောင်တန်းကို ကျော်၍ အပြေးအလွှား ထွက်ခဲ့ရသည်။ အိမ်ရှေ့ မနော်နွယ် သရက်ပင်ကြီးအောက်မှာ မြင်းကြီးစိန်ပွင့်ကို ကြိုးချည်ရင်းက နှုတ်ခမ်းမွှေးကြီး တလှုပ်လှုပ်ဖြင့် ပြုံးပြုံးကြီးလုပ်နေသော သူကြီးမင်းကို တွေ့လိုက်ရသည်။ သည်အပြုံးတွေကို ဆယ်နှစ်ကျော် ဆယ့်ငါးနှစ် ပေါင်းသင်းလာခဲ့သော ဒေါ်ပန်းရုံက သိပါ၏။



"ဘာတွေများ ဝမ်းသခွပ် ထလာသာတုံး ကိုရင်ရဲ့"

ဒေါ်ပန်းရုံက သည်လိုခနဲ့တဲ့တဲ့မေးလိုက်တော့လည်း ဦးသာထန် အရှက်သား။ မျက်နှာပိုးသတ်လိုက်ရင်းက မင်နှင့်မောင်းနှင့် ဝေါက်ဆတ်ဆတ် ပြောချလိုက်သည်။

"မင့်လင်တော်မောင် ငါသူကြီးမင်း ဖိန်းနွဲ့ခါ မြင်းခြံကို ဒါဘာပွဲ သွားတက်ရမဟေ့...ပြင်စရာရှိသာ ပြင်ဆင်ထားကြပေရော့"

ဦးသာထန် သည်လိုပြောလိုက်တာကို ဒေါ်ပန်းရုံ နားလည်လိုက်ပါ၏။ မြင်းခြံမြို့ကို တစ်ခေါက်သွားတိုင်း ဆီပုံးတွေ၊ အမဲသားခြောက်တွေ၊ ချည်အုပ်တွေ ထည့်ပေးလိုက်ရမြဲမဟုတ်လား။ မြင်းခြံ ကိုးဆောင်တိုက်ဆရာတော်ဘုရားကို လှူဒါန်းဖို့ ဆီတစ်ပုံး၊ မြင်းခြံမြို့ပိုင်ကြီးအတွက် ဆီတစ်ပုံး၊ မောင်မြတ်သာနေသည့် ဆရာကြီး ဦးဘခင်အတွက် ဆီတစ်ပုံး၊ မြေစိုက်မီးဖိုချောင်ထဲမှာ ရှာငါးဆယ်ဝင် စဉ့်အိုးကြီးတွေရှိသည်။ နောက်ချေးမံ၍ သိမ်းဆည်းထားသော ဆီအိုးကြီးတွေထဲက တစ်အိုးဖောက်ရမည်။ ဆီက အသင့်ရှိသော်လည်း အမဲခြောက်က အဆင်မသင့်သေး။ မလှအုံကို မြောက်ဘက်ရွာ လွှတ်၍ မှာခိုင်းရတော့မှာပဲ။ ခြံထဲက ဝါဆိုသရက်တွေလည်း ခူးထည့်ပေးလိုက်မည်။ မောင်မြတ်သာအတွက် ပင်နီကတော့ ရက်တုန်းဆိုတော့ မီလောက်မည်မထင်။ အိမ်အပေါ်ထပ်မှာ အပြန့်လိုက် ကျင်းထားသော ကြက်သွန်နီ၊ ကြက်သွန်ဖြူကလေးတွေပါ ထည့်ကန်တော့မှ လှမှာပေါ့။ သကာရည်အိုးကလေးတွေလည်း ထည့်ပေးလိုက်ပါဦးမှ။ ဒေါ်ပန်းရုံ ခေါင်းထဲမှာ စီကာစဉ်ကာ စာရင်းတို့နေရသည်။ သူတို့မှာ ဒါပဲ ကုန်စရာရှိတာမဟုတ်လား။

"ဟဲ့ ပန်းရုံ...ငါပြောသာ ကြားရဲ့လား"

"ဘာတုံးတော့်"

"ငါ့အတွက် မန်းလေးက ဝယ်လာသဲ့ ပိုးချိတ် ရွှေဖလားရောင်နဲ့ တာဖတ်တာတိုက်ပုံဖြူ ထည့်ပေးလိုက်ဖို့ မမေ့နဲ့...ပြီးတော့ ခေါင်းပေါင်းဖို့ ပုသိမ်ပဝါနှစ်ပိုင် ..ပြီးတော့ ကတ္တီပါကွင်းထိုးဖိနပ်...ပြီးတော့..."

"အံမာလေး ကိုရွှေလှအိုးကွဲကြီးရေ့...နောက်ပိုင်းဓာတ်ထုပ်များ ခင်းဦးမလို့လား"

"ဟာ သည်မိန်းမ...မင့်ယောကျ်ားက ဘာဆိုသာလဲ သတိထားဦးမှပေါ့...ဖြောင်းသခင်ကိုယ်တိုင် တက်မယ့်ပွဲ...သာမညောင်ညမှတ်လို့ဗျာ"

ဦးသာထန်ကို ဘက်ပြိုင်မပြောချင်တော့တာမို့ ဒေါ်ပန်းရုံ အိမ်နောက်ဖေးဘက် ထွက်လာခဲ့သည်။ သူ အခုကလုပ်ရမည့်အလုပ်က ကောက်ညှင်းမုန့်မှုန့် ထောင်းရမည်။ မောင်မြတ်သာအတွက် မုန့်ဆီကြော် လက်ကြားဆီယိုနှင့် မုန့်ဖက်ထုပ်တွေ ထည့်ပေးလိုက်ရမည်မဟုတ်လား။ မောင်မြတ်သာက ရွာမုန့်ကလေးတွေ ကြိုက်ကကြိုက်ပါဘိသနဲ့။

"လှအုံရေ...တောင်ရပ်က မသန်းတို့ ဘုမတို့အသိုက်ကို ခေါ်ချေစမ်းဟေ့ ..မောင်းထောင်းခိုင်းချင်လို့လို့ပြော...ပြီးရင် ညည်း မြောက်ရွာကို ပြေးဦး...အသားထိုးသမားကိုဝါသီးကို တွေ့အောင်ရှာ...အမဲညှင်း လေး ငါးပိဿာလောက် သန်ဘက်ခါညနေ လာပို့လှည့်လို့...ဩော် နေဦး နေဦး...လှည်းသမား ကိုသာညိုကို ညနေ သူကြီးအိမ်ဘက် လျှောက်ခဲ့ဦးလို့လည်း ပြောခဲ့စမ်းဟေ့"

www.burmeseclassic.com

www.burmeseclassic.com

သူကြီးကတော်က လှမ်းဟစ်လိုက်တော့ မြက်စဉ်းဖို့ပြင်ရာက မလှအုံ အပြေးတစ်ပိုင်း ထွက်လာခဲ့သည်။ ကိုဖိုးငွေနှင့် မလှအုံတို့မှာ ဦးသာထန် တူနှင့် ဒေါ်ပန်းရုံ တူမ နှစ်ဖက်တော် ဆွေမျိုးတွေဆိုတော့ ဆဲလည်း မနာ၊ ဆိုလည်း မနာ။ သူကြီးအရိပ်ကို ခိုကာ အလုပ်နှင့်အကိုင်နှင့် မပူမပင် မကြောင့်မကျ နေရတာကိုက ကျေးဇူးတရား ကြီးမားလှပြီ အောက်မေ့ကြသူတွေဖြစ်၏။

အမေပန်းရုံ ရက်ကန်းရုံထဲက အပြေးထွက်သွားသည်နှင့် မအိမ်ကံလည်း ထွက်လိုက်လာခဲ့သည်။ မလှမ်းမကမ်းမှာရပ်ရင်း အဖေနှင့်အမေကို အကဲခတ်သည်။ အမေပန်းရုံ နောက်ဖေးကို ရောက်သွားတော့ အမေ့နား ပြေးကပ်လိုက်သည်။

"အမေ...အဖေ မြင်းခြံကို သွားရတော့မှာပေါ့ ဟုတ်လား...မအိမ်ကံ အစ်ကို့ဆီ လိုက်ချင်သဲ့အကြောင်း ပြောပေးဦးလေ အမေရဲ့"

"သြော် ဟုတ်သားပဲ...သမီးလိုက်ဖြစ်ရင် အမေလုပ်ပေးရဦးမှာတွေ ရှိသေးသယ်...ကဲ လာလာ ညည်းအဖေ သွားပြောရအောင်"

အဖေက အိမ်ကြီးဧည့်ဆောင်ထိပ်မှာ ထန်းပက်လက်ကုလားထိုင်ကြီးဖြင့် ထိုင်နေသည်။ မအိမ်ကံကိုမြင်တော့ အဖေက လက်နှစ်ဖက်ကို ဆန့်တန်းကာ "လာပါဦး သမီးရဲ့...အဖေ့ အနားမျှား တအောင့်တဖြုတ်တောင် မကပ်ဘူး" ဆိုကာ မအိမ်ကံကို ဆီးပွေ့သည်။ ဒေါ်ပန်းရုံက သားအဖနှစ်ယောက်ကိုကြည့်ရင်း ပြုံးလိုက်သည်။ သူတကာတွေ မြေးချီနေသည့်အရွယ်မှာ ဦးသာထန်က သမီးကလေး ပလူမွေး ပလူတောင်ကို ပွေ့နေရတုန်းပါလား။

"တော့်သမီးက သူ့အစ်ကို လွမ်းလို့သဲ့တော်...မြင်းခြံလိုက်ချင်လို့သဲ့"

မအိမ်ကံက အဖေကို မော့ကြည့်လိုက်သည်။ အဖေ့မျက်နှာက ပြုံးနေရာက တည်တည် ကြီးဖြစ်သွားသည်။ မြင်းခြံလိုက်ခွင့် မပေးရင်တော့ အဖေ့ကို မအိမ်ကံ စိတ်ကောက်ပစ်လိုက်ဖို့ တေးထားလိုက်သည်။ ခြံဝမှာ ချည်ထားခဲ့သော မြင်းကြီးစိန်ပွင့်က တစ်ချက် ထဟီလိုက်တော့ မနော်နွယ်သရက်ပင်ပေါ်က ငှက်ကလေးတွေပင် ဝေါခနဲ လန့်ပျံကုန်ကြလေ၏။

မနက်စောစော ကြက်ဦးတွန်ကတည်းက မအိမ်ကံ အိပ်ရာက နိုးနေခဲ့သည်။ တစ်ခါမှ မရောက်ဖူးသော မြို့ဆိုတာကို ရောက်ချင်သည့်စိတ်စောတာ ပါသလို၊ တစ်အိမ်လုံး မီးတွေထိန် အောင် ထွန်းရင်း ပစ္စည်းတွေ လှည်းပေါ်တင်နေကြသည့်အသံတွေက ကျွက်ဆူကျွက်ဆူနှင့်ပြီ မဟုတ်လား။

"ဟော...ငါ့သမီး နိုးပြီလား...အမေက နှိုးရလိမ့်မယ်ထင်နေသာ...ကဲ ကဲ မျက်နှာ သစ်ချေ...အမေ ဖြီးလိမ်းပေးမယ်"

မျက်နှာကို အပြေးကလေး သစ်ပြီး အဝတ်အစားလဲခန်းဟုခေါ်သော သနပ်ခါး၊ ကျောက်ပျဉ်၊ မှန်တင်ခုံရှိရာအခန်းထဲ ဝင်ခဲ့သည်။ အမေနှင့်အတူ မလှအုံကပါ ဝိုင်းကူရင်း မအိမ်ကံကို အလှပြင်ပေးကြ၏။

"မြို့ကျရင် ငါ့သမီးကို ကျကျနန ပြင်ပေးနော် လှအုံ...ဟောသည်ပွဲထိုင်မျက်နှာချေကို ရေနဲ့ဖျော်ပြီး မျက်နှာကလေး နုညက်နေအောင် လိမ်းပေး...မျက်ခုံးမွေးကို တံတွေး ကလေးဆွတ်ပြီး ပွတ်နော်...ငါ့သမီးက မျက်လုံး မျက်ခုံး ကောင်းသယ်...ဆံပင်ကို



နှစ်ပတ်လျှိုကလေး တင်းနေအောင်ထုံးပြီးရင် အစကို ဆံထုံးထဲ သေချာပြန်သွတ်... တွေ့လား...ပြီးရင် ဆံတောက်ကလေးကို သေချာဖြီးချ...ပေးစမ်း ဇွန်ပန်းကုံး... ပန်းပန်ရင်လည်း အပွင့်ကလေးတွေပေါ်အောင် ရစ်ပန်...လိပ်ခွံဆင်စွယ်ဘီးကလေးကို ရှေ့ကနေ စိုက်"

အမေပန်းရုံ ပြသမျှ မလှအုံက အင်းလိုက်နေရသည်။ လမ်းခရီးဆိုတော့ သရက်ထည် အပွင့်ရိုက်ထဘီကလေးနှင့် ဖဲပန်းမှာ ဇာအနားသပ်ထားသည့် လူကြီးရင်ဖုံးပုံ အင်္ကျီအငယ်စား ကလေး ဝတ်ထားရာ မအိမ်ကံက အဘွားအိုပေါက်စကလေးလို ချစ်စရာကောင်းနေသည်။ မအိမ်ကံ မြို့မှာဝတ်ဖို့ ထန်းခေါက်ဖာနှင့်တစ်လုံးစာ လှည်းပေါ်တင်ထားနှင့်ပြီ။ မအိမ်ကံကို နားကပ် ပန်မပေးရသေးတော့ ရွှေမဆင်ရသေးပါ။ နားကပ်ပန်ခြင်းမင်္ဂလာပြီးပါမှ အရွယ်ရောက် သည်ဟု ယူဆကာ ရွှေဆင်တတ်ကြတာ ဓောင်ချမ်းကုန်းရွာဓလေ့ဖြစ်သည်။

"ပန်းရုံရေ...ထွက်ခဲ့တော့ဟ...သမီးကလေးပေါက်စကို ဘာတွေ သလောက်ပြင်ဆင် ပေးနေရသာတုံး...ကတည်းမှဗျာ...နွားတွေ နေပူမိမှာစိုးလို့ စောစောထွက်ပါမယ် ဆိုသဲ့ဟာကို..."

"ပြီးပါဘိတော်...ပြီးပါဘိ...သမီးကို မှာစရာရှိသာ မှာနေလို့ပါ"

"ငါ ဖအေတစ်ယောက်လုံး ပါပါသယ်ဟာ"

"သြော်...တော်ပါပေသိ သမီးက တော်နဲ့ အတူနေမှာမှုတ်ဘူး...သူ့အစ်ကိုနဲ့နေမှာ သိရဲ့လား...သည်မယ် ကိုသူကြီးမင်းရဲ့...သူမျှားမြို့မှာ မူးရူးလည်း မနေနဲ့ဦး"

"ရော်...သည်မိန်းမဟာ...ဖိုးငွေရေ လှည်းကောက်တော့ဟ...ကနေ့တော့ မြင်းခြံ ရောက်ရုံပါပဲ...မနက်ဖြန်ညမှ မင်းပွဲလုပ်မှာဆိုတော့ နွားသက်သာအောင်သာ မောင်း...ကိုင်း သွားပဟ ကျောင်းအမ..."

"သွားရော့နော်...လှအုံရေ သမီးကို ဂရုစိုက်နော်"

ဒေါ်ပန်းရုံအသံက အဖျားကလေးဆွတ်ကာ တုန်ခါသွားသည်။ သမီးကလေးကို မခွဲစဖူး ခွဲရတာမို့ ဝမ်းပါးမိတာလည်း ပါပါ၏။ မအိမ်ကံက အမေပန်းရုံကို လက်ကလေးပြကာ နှုတ်ဆက်လိုက်တော့ အမေက အင်္ကျီလက်ဖျားကလေးဖြင့် မျက်ရည်တို့နေတာ လှမ်းမြင်လိုက်ရ သည်။ မအိမ်ကံရင်ထဲ ကျင်ခနဲဖြစ်သွားရပြီး လှည်းပေါ်မှ ခုန်ဆင်းကာ အမေ့ထံ ပြန်ပြေးချင် စိတ်ပင် ပေါက်မိ၏။ မအိမ်ကံဘဝမှာ ပထမဆုံးအကြိမ် ဝမ်းနည်းမှုကို ခံစားရခြင်းလည်း ဖြစ်သည်။

ဓောင်ချမ်းကုန်းရွာထဲက သူကြီး ဦးသာထန်တို့ လှည်းသုံးစီးနှင့် ထွက်လာတော့ အရှေ့မိုးကောင်းကင်မှာ ရောင်နီပျိုးစပဲ ရှိသေးသည်။ လှည်းပေါင်းမိုး တပ်ထားသော ရှေ့ဆုံးက လှည်းပေါ်မှာ ဦးသာထန်သားအဖနှင့် လှည်းမောင်း ကိုဖိုးငွေ၊ မလှအုံတို့ လိုက်ပါလာခဲ့သည်။ လှည်းပေါ်မှာ ဖျာကြမ်းခင်း၊ ဖျာကြမ်းပေါ်မှာ မှိုင်းလုံးကော်ဇောတစ်ချပ်ခင်းကာ ဦးသာထန်က ရှေ့ပိုင်းမှာ ခန့်ခန့်ကြီးထိုင်ကာ မအိမ်ကံက ပေါင်းမိုးအလယ်ခေါင်မှာထိုင်လျက် မလှအုံကတော့ လမ်းခရီးစားဖွယ်သောက်ဖွယ်ထည့်သည့် တောင်းကြီးနှင့် လှည်းနောက်မြီးမှ စီးလိုက်ခဲ့သည်။ နောက်လှည်းနှစ်စီးကတော့ ပေါင်းမိုးမပါသည့် ပစ္စည်းတင်လှည်းများဖြစ်၏။ တစ်စီးက

www.burmeseclassic.com

www.burmeseclassic.com

သူကြီးမင်းပိုင် လှည်းဖြစ်၍ တပည့်ကျော်သုံးယောက်ပါပြီး၊ တစ်စီးက လှည်းသမား ကိုသာညို၏ ဝန်တင်လှည်းဖြစ်သည်။

ရှားတော၊ အိုးပေါက်၊ ကြက်တင် ရွာစဉ်တွေကို ဖြတ်ကျော်ခဲ့ကြတော့ မိုးစင်စင်လင်းခဲ့ပြီ။ ရွာချင်းဆက် ရွာတချို့ကို ရွာခြေက ပန်း၍၊ တချို့ရွာတွေက လှည်းလမ်းကျတော့ ရွာတွေထဲက ဖြတ်ရသည်လည်းရှိပါ၏။ တချို့ရွာတွေကတော့ ရွာဆက်ကျဲသည်။ ပဲခင်း၊ နှမ်းခင်းတွေကြား ကန်သင်းဆုံက ဖြတ်မောင်းရသည်။ မအိမ်ကံက သည်လိုခရီးရှည် တစ်ခါမှမထွက်ဖူးတော့ ရွာရိပ် ရှုခင်းမြင်ကွင်းတွေကို လှည်းပေါ်က ငေးရင်းလိုက်လာခဲ့၏။ သူတို့အိမ်ကြီးပေါ်မှ လှမ်းမြင်ရသောရွာက ယာခင်း ကိုင်းခင်းတွေလို စိုက်မြေကျယ်ကျယ်ကြီးတွေကိုလည်း မြင်ရသည်။ ထန်းတောညို့ညို့၊ သစ်ပင်စိမ်းစိမ်းကြီးတွေကိုလည်း မကြာမကြာတွေ့ရသည်။ တချို့နေရာတွေမှာတော့ သစ်ကြီးဝါးကြီးမရှိဘဲ၊ ကွင်းခြောက်ခေါင်ခေါင်ကြီးတွေကို ဖြတ်ရတော့ လမ်းဘေးဆူးကိုင်းခြုံနွယ်ပင်ကလေးတွေကို မအိမ်ကံ စိတ်ဝင်စားမိ၏။ အညာကျေးလက် တွေမှာပေါက်လေ့ရှိသည့် စီးစောင်း၊ ဆူးဖြူ၊ ဆူးရစ်၊ ပဒိုင်း၊ နဘူး၊ ကတက်၊ ဘောက် စသည့် အပင်မျိုးစုံကို တစ်လမ်းလုံးနံ့အောင် မလှအုံကို မေးနေတတ်၏။ ခတ္တာပွင့်ကြီးတွေနှင့်တူသော ပဒိုင်းညိုပွင့်ကြီးတွေကိုမြင်တော့ ပန်းကြိုက်သော မအိမ်ကံမှာ ဆင်းခူးချင်စိတ်ပင် ပေါ်မိ၏။

နေပူစပ်ခါးကြီးထဲမှာ နွားကျောင်းပြန်သူတွေ၊ မြက်ထုံးရွက်လာကြသူတွေ၊ ထင်းခြောက်စည်း ရွက်လာကြသူတွေ၊ ပေါင်းလိုက်နေကြသူတွေ၊ အထုပ်ကြီးတွေ ရှေ့နောက်တင်ကာ ထမ်းပိုးလျှိုထမ်းလာကြသူတွေ ။ လှည်းပေါင်းမိုးအရိပ်ထဲက လှမ်းမြင်ရသော မြင်ကွင်းတွေက ကျုပ်ခြောက်ခြောက်။ လူတွေကလည်း မည်းခြောက်ခြောက်။

"ကိုဖိုးငွေ လှည်းရပ်ပါဦး...မအိမ်ကံ ရေသောက်ချင်လို့"

မအိမ်ကံက အစ်ကို မောင်မြတ်သာခေါ်သလို ကိုဖိုးငွေ၊ မလှအုံလို့ပဲ ခေါ်သည်။ မအိမ်ကံက လှည်းပေါ်က ဆင်းဖို့ ကော်ဇောအောက်က ဖိနပ်ကလေးကို နှိုက်ယူသည်။ ကိုဖိုးငွေက လှည်းကို စုတ်သတ်ခါ ရပ်လိုက်ပြီး မလှအုံက ရေတကောင်းဘူးဆို့ကို ဖွင့်ကာ ရေတစ်ခွက်ငှဲ့သည်။ ရေခွက်လှည့်ပေးလိုက်တော့ မအိမ်ကံက လှည်းအောက် ရောက်နေပြီ။ လှည်းပေါ်မှာ ငိုက်ပါလာသည့် ဦးသာထန် ဆပ်ခနဲ နိုးသွားကာ ဘာဖြစ်လို့ လှည်းရပ်တာလဲ မေးသည်။

"မအိမ်ကံ ရေသောက်ချင်လို့တဲ့"

"ဟဲ့ ငါ့သမီး လှည်းပေါ်မှာ ရေပါသဲ့ဟာကို မသောက်ဘဲနဲ့"

"မအိမ်ကံ သောက်ရေအိုးစင်ကရေ သောက်ချင်လို့ပါ"

ရေအိုးစင်ကလေးက မြင်ရတာနှင့်ပင် သောက်ချင့်စဖွယ်။ မန်ကျည်းပင် ပါးပျဉ်းကြီးထဲတွင် သစ်သားခုံကလေးသွင်း၍ ရိုက်ထားသော ရေအိုးကလေးက ဆီတွေ လောင်းချထားသလို စိုလက်နေသည်။ မအိမ်ကံက ရေအိုးဖုံးထားသော သစ်သားပြားကလေးပေါ်မှာ မှောက်လျက်တင်ထားသော နီးရေခွက်ကလေးဖြင့် နှိုက်ခပ်ကာ ရေတွေ တစ်ဝကြီးသောက်လိုက်သည်။ ပိုနေသောရေကို မန်ကျည်းပင်ပါးပျဉ်းကြီးကို လောင်းချလိုက်သည်။ လှည်းပေါ်ပြန်တက်တော့ မအိမ်ကံက စကားတစ်ခွန်း ဆိုလေသည်။



"မအိမ်ကံ အိပ်မက်ထဲက ရေအိုးစင်ကလေးနဲ့တူလို့ ဆင်းသောက်သာအဖေရဲ့... အေးလိုက် စက်လိုက်သာလည်း အိပ်မက်ထဲကအတိုင်းပါပဲ"

လှည်းပေါ်တွင် ပါလာသူတွေကတော့ မအိမ်ကံစကားကို နားမလည်။ ကလေးစကားမို့ ပြုံးကြသည်။ မအိမ်ကံကတော့ သူ့အိပ်မက်ထဲက ရေအိုးစင်ကလေးနှင့် တစ်ထေရာတည်းတူနေတာကိုပဲ အံ့သြနေမိသည်။

"သမီး မအိမ်ကံ...ထမင်းဆာပြီလား"

"မဆာသေးပါဘူး အဖေရဲ့"

"အေးအေး...ဒါဖြင့်ရင် တို့ ရာကျော်ဇရပ်ရောက်မှ ထမင်းစားကြသာပေါ့ ဖိုးငွေရာ"

မအိမ်ကံတို့ တောသူတောင်သားများသည် မနက်မိုးလင်းလျှင် ထမင်းကြမ်း ဆီပူထိုးကို ရေနွေးကြမ်းကလေးနှင့် မျှောလိုက်ရမှ အာသာပြေတတ်သည်။ အဖေပြောသည့် ရာကျော်ဇရပ်ဆိုတာ ဘယ်ဆီနေမှန်း မသိသော်လည်း မအိမ်ကံ မဆာသေးတာတော့ အမှန်ပင်။ ခပ်စောစောကမှ အမေပန်းရုံ ထည့်ပေးလိုက်သော မုန့်ဆီကြော်တစ်ယှက်ကို စားထားတာလည်း ပါပါလိမ့်မည်။

ခရီးဆက်လာလိုက်တော့ မြင်ကွင်းတွေက စိမ်းစိုလာသည်။ သရက်ပင်ကြီးတွေ၊ မန်ကျည်းပင်ကြီးတွေ၊ ရေသဖန်းပင်ကြီးတွေ၊ တောသပြေပင်ကြီးတွေက အခက်ချင်းယှက်နေကြသည်။ သစ်ပင်ကြီးတွေပေါ်မှာ လူးလာခေါက်တုံ့ ပျံသန်းနေကြသော ကျေးငှက်မြည်သံကလေးတွေကိုပင် ကြားနေရသည်။ ချိုးလည်ပြောက်ကလေးများ၊ ကြက်တူရွေးများ၊ တောကြက်များကို တစ်ခါတစ်ခါ မြင်တွေ့ရတော့ မအိမ်ကံ ပျော်လာမိသည်။ ရှေ့တစ်ခေါ်လောက်မှာ ချောင်းရိုးကလေးကို ဘွားခနဲ တွေ့လိုက်ရပြီ။ ချောင်းရိုးကလေးကို မေးတင်ကာ ဆောက်ထားသော ဇရပ်ဆောင်ကလေးက ရေနံဝကာ မည်းမည်းစိုနေသည်။ ခြေတံရှည် ရင်ကွဲဇရပ်ကလေးဖြစ်ပြီး သစ်သားကြမ်း ခင်းထားသည်။ အလယ်ကောင်တွင် လမ်းခြား၍ ဟိုဘက် သည်ဘက် ကြိုက်သည့်နေရာမှာ ခြေဆင်းလဲလူ နားနေနိုင်ပါ၏။ လှည်းတွေကို တောင့်ကာရပ်လိုက်တော့ မအိမ်ကံ လှည်းပေါ်က ဖုတ်ဖက်ခါဆင်းပြီး ဇရပ်ကလေးထဲ ပြေးဝင်လာခဲ့သည်။

"အို ကြည့်စမ်းပါဦး...။ ဇရပ်ဆောင်ကလေးကလည်း မအိမ်ကံအိပ်မက်ထဲက ဇရပ်ကလေးလိုပါပဲလား"

ကိုဖိုးငွေတို့တစ်သိုက်က နွားတွေကို ချွတ်ကာ ချောင်းရိုးကလေးထဲ ရေသွားတိုက်ကြသည်။ မလှအုံက ထမင်းအိုးတောင်း ဟင်းအိုးတောင်းတွေချကာ ထမင်းဝိုင်း ပြင်လေသည်။ မအိမ်ကံတို့သားအဖက တစ်ဝိုင်း။ ကျန်သူတွေက တစ်ဝိုင်း။ မအိမ်ကံက ချောင်းရိုးကလေးဆီ ဆင်းပြေးပြီး လက်ဆေးသည်။ လက်ဆေးရင်းဖြင့် မအိမ်ကံ မျက်နှာတွေရော လည်ကုတ်တွေပါ ရေဖြင့်ပက်ကာ ဆွတ်ပစ်လိုက်သည်။ မျက်နှာချေတွေ ပျက်သွားသော်လည်း မျက်နှာကလေး အေးသွားခဲ့သည်။ ချောင်းရိုးစပ်မှာ ပေါက်နေသော ဟင်းညှပ်ပွင့်ကလေးတွေကို လိုက်ခူးသည်။ မုစဉ်းထိုးနီနီကလေးတွေကို လိုက်ဖမ်းသည်။ မအိမ်ကံ ပျော်လိုက်တာ။

"မအိမ်ကံရေ...ထမင်းစားရအောင်လေ...လှည်းပြန်ထွက်ရဦးမှာ လာခဲ့တော့"

မလှအုံက လှမ်းခေါ်တော့မှ ဇရပ်ပေါ်ကို မအိမ်ကံ တက်လာခဲ့သည်။ ဦးသာထန်ကတော့ သမီးပျော်နေပုံကိုကြည့်ပြီး သဘောကျနေလေ၏။ အိမ်မှာ ထမင်းစားရတာထက်

www.burmeseclassic.com

www.burmeseclassic.com

သည့်ဇရပ်ဆောင်ကလေးပေါ်မှာ စားရသည့်ထမင်းက မအိမ်ကံအတွက် ပိုလို့ပင် မြိန်နေသေးသည်။

"လှည်းတွေ ရပ်ထားလို့ ဘယ်သူတွေပါလိမ့်လို့...ဖောင်ချမ်းကုန်း သူကြီးမင်းပါလား ဗျို့"

မြင်းတစ်ကောင်စီးလာသော ခရီးသည်လည်း သည်ဇရပ်မှာ ခရီးကြုံနားဖို့ ဝင်လာဟန်ရှိ၏။ ဝါးဖတ်ခမောက်ကြီးကို ချွတ်ရင်း ဇရပ်ထဲဝင်လာသည်။ ဦးသာထန်ကိုတွေ့တော့ နှုတ်ဆက်သည်။ မအိမ်ကံတို့ ထမင်းစားနေသည့်ဘေးမှာ ဝင်ထိုင်သည်။

"ဩ ဆရာကြည်...မြို့ကပြန်လာသာထင်ပ...ထမင်းသုံးဆောင်ပါဦး"

"သုံးဆောင်ပါခင်ဗျာ သုံးဆောင်ပါ...သူကြီးမင်း ဒါဘာပွဲ သွားတက်မလို့လား"

"ဟုတ်ပါသယ်"

ဆရာကြည်သည် ကြည်တော်ကုန်း ရွာခံဆေးဆရာဖြစ်သည်။ အသက်လေးဆယ်ကျော်ငါးဆယ်တွင်းလောက်တော့ ရှိရော့မည်။ ဆရာကြည်က လွယ်အိတ်ထဲက ဖော့ဖြူလိပ်ကြီးတစ်လိပ် နှိုက်ကာ ဒန်မီးခတ်ဖြင့် မီးညှိရင်း ဖွာသည်။ သုံးလေးရှိုက်လောက် ဆက်ဖွာတော့မှ မီးစွဲညီလေသည်။

"အင်း...သည်တစ်ခါ ဒါဘာပွဲကတော့ အင်္ဂလိပ်တွေ အတော်ကလေး အရသာတွေ့မယ့်ပွဲပဲဗျို့...ဆရာစံကို ဖမ်းမိသွားကြပြီလေ"

ဆရာကြည့်စကားကို ကြားတော့ အားလုံး မှင်သက်မိသွားကြသည်။ ကိုဖိုးငွေတို့လူစု မပြောနှင့် သူကြီး ဦးသာထန်ကိုယ်တိုင်ပင်လျှင် ဆုပ်လက်စ ထမင်းလုတ်ကို ပြန်ချထားလိုက်သည်။ ဆရာကြည်ကတော့ ဖော့ဖြူလိပ်ကြီးကို မီးခိုးတွေ အူအောင်ဖွာရင်းက မေးရိုးကြီးများပင် ထောင်လာသလားမှတ်ရသည်။ ကိုဖိုးငွေက ထမင်းကို ကပျာကသီ လက်စသတ်ပြီး ဆရာကြည့်အနား လာထိုင်သည်။

"ဆရာစံကို ဖမ်းမိသွားကြပြီဆိုတော့ လယ်သမားအရေးက ဘယ့်နှယ်ရှိမတုံး ဆရာကြည်ရဲ့"

"ဆက်ချကြမယ်လို့ ထင်သာပဲ...ဘာလို့လဲဆိုတော့ ဆရာစံ တစ်ဦးတည်းက အာခံနေသာမှ မဟုတ်သာ...သာယာဝတီ၊ ဟင်္သာတ၊ ပြည်၊ ပုသိမ်၊ ဖျာပုံ...ဟောတဖြည်းဖြည်းနဲ့ ကျုပ်တို့အထက်ဗမာပြည်ပိုင်းက လယ်သမားထုကပါ ဖားစီးငါးစီးဖြစ်နေကြသာကိုးဗျ...ပခုက္ကူ၊ မကွေး၊ မင်းဘူး၊ မိတ္ထီလာ၊ မြင်းခြံ၊ မုံရွာ၊ ရမည်းသင်း၊ ရေနံချောင်း...အခုဆို ရှမ်းပြည်နယ်ဘက်ကတောင် ပါလာကုန်ကြပြီ"

"သဟာဖြင့် တိုင်းပြည် မငြိမ်သေးဘူးပေါ့နော ဆရာကြည်"

"ဘယ့်နှယ်လုပ် ငြိမ်နိုင်မှာလဲဗျာ...တိုင်းပြည်ကို မတရားလုပ်နေကြသဲ့ဟာ"

ဦးသာထန်က ချောင်းတစ်ချက်ဟန့်လိုက်သည်။ ကိုသာညိုတို့လူစုက လှည်းကောက်ဖို့ ပြင်ကြပြီ။ ကိုဖိုးငွေက ဆရာကြည်ကို သတင်းတွေ မေးချင်သေးသော်လည်း ဦးလေးသူကြီးကို ကြောက်ရွံ့ရသူဆိုတော့ နောက်ကို အသာရှိလိုက်ရသည်။ ကိုဖိုးငွေက နိုင်ငံရေးကို နားလည်သူမဟုတ်သော်လည်း ညီဖြစ်သူ မောင်မြတ်သာ ရွာပြန်လာတိုင်း မြို့စကားတွေ ပါနေကျ ကြားနေကျမို့ အတန်အသင့်တော့ တီးမိခေါက်မိ ရှိပါ၏။



မအိမ်ကံကတော့ ဇရပ်ပေါ်က စကားဝိုင်းကို စိတ်ဝင်စားသူမဟုတ်။ ထမင်းစားပြီးတော့ ချောင်းရိုးကလေးဆီ တစ်ခေါက်သွားပြီး လက်ဆေးရင်း ချောင်းစပ်က ရွှံ့တွေ ယူလာခဲ့သည်။ ရေသဖန်းရွက်များဖြင့် လုံအောင်ထုတ်၍ လှည်းပေါ် တက်ခဲ့သည်။ ဦးသာထန်က ဆရာကြည်ကို နှုတ်ဆက်ပြီး လှည်းပေါ်တက်မည်အလုပ်မှာ သူ့တပည့်ကျော်သုံးယောက်ကို မျက်စပစ်ပြလိုက်သည်။ သူကြီးလက်ကျကို မီသော တင်ခွေး၊ ဖိုးဆောင်း၊ ငပျော့တို့ သုံးယောက်က ဆရာကြည်အနားကပ်၍ တိုးတိုးပြောသည်။

"ဆရာကြည်...ကိုယ်က ဆေးဆရာပဲ ဆေးပဲကုစမ်းပါဗျာ...ရွာတွေမှာ နိုင်ငံရေးတရားတော့ မဟောပါနဲ့...ကျုပ်တို့ရွာတွေက အေးအေးချမ်းချမ်းနေကြသဲ့ရွာတွေပါ...ဒုက္ခရောက်အောင် မလုပ်လိုက်ပါနဲ့"

ဆရာကြည်က ဆေးလိပ်အသောက်မပျက် ပြုံးသည်။ သည်အထာ သည်ကြောတွေကို နောပြီးသား။ ဆေးတစ်ဖုံနှင့် ကိုးဆယ့်ခြောက်ပါး ကုနေသူမဟုတ်လား။

"ရွာတွေ ဒုက္ခရောက်နေသာ ကြာပြီကော...ခင်ဗျားတို့မသိသာကို ကျုပ်က အံ့သာ"

"ကျုပ်တို့ရွာတွေမှာ ဘာဒုက္ခရောက်ကြလို့လဲဗျ...ကိုယ့်ထမင်းကိုယ်စားနေကြသာပဲ... ပုလိပ်သတ်လို့ သေတဲ့သူ ဘယ်နှယောက်ရှိလဲ ကိုင်း..."

"ပုလိပ်က မသတ်ပေသိ လက္ခဏာ ပါးရှားကြလို့ ငတ်နေကြသာရော...ဘာပြောချင်လဲ"

ဆရာကြည့်က ဆေးလိပ်ထိုင်သောက်နေရာက ဝုန်းခနဲ ထမတ်တတ်ရပ်လိုက်သည်။ လမ်းခရီးမှာ အနှောင့်အယှက် အတားအဆီး မကြုံချင်၊ မင်္ဂလာယူရမည့်ခရီးဆိုတော့ သူကြီးက သူ့တပည့်သုံးယောက်ကို လှမ်းခေါ်လိုက်သည်။ သူကြီးက လှမ်းခေါ်တော့မှ သုံးယောက်သား ဇရပ်ထဲက ထွက်ခဲ့ကြတော့၏။ ဆရာကြည်ကလည်း သူ့ဆေးလွယ်အိတ်ကို ကောက်လွယ်ကာ ဇရပ်အပြင်ထိ လိုက်လာပြီး လှမ်းပြောလိုက်သည်။

"သူကြီးမင်း ဒါဘာပွဲကအပြန်ကျရင် ဆုံကြဦးစို့ဗျာ...ထိပ်တုံးကြီးကြီးသာ လုပ်ထားတော့ဗျို့"

ကိုဖိုးငွေက ကျော်မကောင်း ကြားမကောင်း ဖြစ်မှာစိုးသည့်အတွက် လှည်းကို အသာရှိမောင်းထွက်လာခဲ့သည်။ ရှေ့လှည်းက နွားတွေပြေးတော့ နောက်လှည်းတွေကပါ အပြေးလိုက်လာသည်။ ဖုန်တွေ ထောင်းထောင်းထနေသဖြင့် မအိမ်ကံပင် အမေခြုံပေးလိုက်သော ကတ္တီပါခြုံထည်ကလေးဖြင့် နှာခေါင်းရော ပါးစပ်ပါ အုပ်ထားရသည်။ ဆေးဆရာ ဆရာကြည်ကို မအိမ်ကံ သိပါသည်။ မအိမ်ကံတို့ရွာတွေဘက်မှာ မကျန်းမမာဖြစ်သူတိုင်း ဆရာကြည့်ကိုပင့်ကာ ဆေးကုကြရသည်။ ငွေရယ် ကြေးရယ်မဟုတ်ဘဲ ဆေးဖိုးလောက်ယူကာ ဆေးကုပေးသူဖြစ်သည်။ ငွေကြေးမတတ်နိုင်သူတွေကို အလကားကုပေးသည်။ ဆရာကြည်က ဖောင်ချမ်းကုန်းရွာကို တစ်ခါတစ်ရံမှ ရောက်လာတတ်သော်လည်း အစ်ကိုမောင်မြတ်သာ မြို့က ပြန်ရောက်ပြီကြားလျှင်တော့ အမြဲလာတွေ့တတ်သူဖြစ်သည်။ အစ်ကိုကလည်း ဆရာကြည်ကို လေးစားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"သည်ကောင် ဆေးကလေး မတောက်တခေါက်ကုတတ်သာနဲ့ ဆရာလုပ်နေသာ... အင်မတန်ရိုင်းသဲ့ကောင်...ငါလိုသူကြီးရှေ့တောင် ရမ်းရမ်းကားကားစကားတွေ ပြောသယ်...ဒါဘာပွဲကျရင် ကြည်တော်ကုန်းသူကြီးကို ပြောရဦးမယ်...အို ရှုတ်ပါသယ်ကွာ နိုင်ငံရေးလုပ်နေပါသယ်ဆိုပြီး ပုလိပ်ကို တစ်ခါတည်း လက်တို့လိုက်သာကောင်းပါသယ်"

"ဦးလေးကလည်း ဆရာကြည်က နိုင်ငံရေး ဟုတ်ထင်ပေါင်ဗျာ...ကြားလာသဲ့သတင်း ပြောသဲ့ဟာကို"

"ဖိုးငွေ...မင်းကိုပါ ငါ ထိပ်တုံးခတ်ပစ်လိုက်မကွနော်...ဟွန်း"

ကိုဖိုးငွေ ဇက်ကလေးပုသွားရသည်။ မလှအုံကတော့ လင်ဖြစ်သူကို လျှာရှည်ရန်ကောဆိုသည့်ပုံဖြင့် လှည်းနောက်ကနေ မျက်စောင်းတစ်ချက် ခဲလိုက်သည်။ မအိမ်ကံကတော့ ရေသဖန်းရွက်ဖြင့် ပတ်ယူလာခဲ့သည့် ရွှံ့ထုပ်ကလေးကို ဖြည်ကာ အရုပ်ကလေးတွေ လုပ်နေလိုက်သည်။ နေထန်းတစ်ဖျားလောက်ရောက်တော့ အပူရှိန်က ပေါင်းမိုးရိုင်ကြမ်းကို ဖောက်ပြီး စိမ့်ဝင်လာတာမို့ ကြာတော့ မအိမ်ကံ နုံးလာသည်။ ခဏနေတော့ မျက်တောင်ကလေးစင်းကာ မလှအုံပေါင်ပေါ် ခေါင်းချ၍ အိပ်ပျော်သွားတော့သည်။

မအိမ်ကံ အိပ်ရာကနိုးလာတော့ မြင်းခြံမြို့အဝင်လမ်းမပေါ်ကို ရောက်နေပြီ။ မလှအုံက ရေတကောင်းထဲက ရေတစ်ခွက်ငှဲ့တိုက်လိုက်တော့မှ လန်းဆန်းသွားရသည်။ မြို့အဝင် ထနောင်းပင်တန်းကလေးက လှလိုက်တာ။ ပင်စည်ကြီးတွေက ဝါခြောက်ခြောက်နိုင်သလောက် အရွက်သေးသေးလေးတွေက စိတ်စိတ်ကလေးနှင့် စိမ်းစိုနေသည်။

"မအိမ်ကံ...ဟိုမှာ ဘိုင်စကယ် ဘိုင်စကယ်"

မလှအုံပြတာကို လှမ်းကြည့်လိုက်တော့ ရွာမှာ ယောကျ်ားကလေးများ လိမ့်သောခွေနှစ်ခွေကိုဆက်ကာ အပေါ်မှထိုင်၍ စီးလာသော ဘိုင်စကယ်ဆိုတာကို တွေ့လိုက်ရသည်။ အဖေက လာမယ့်နှစ်မှာ အစ်ကို့ကို အိန္ဒိယဘိုင်စကယ်တစ်စင်း ဝယ်ပေးမည် ပြောဖူးထားတာကို အမှတ်ရမိ၏။ ပြောင်းပြာချောင်းကြီးကိုဖြတ်တော့ မအိမ်ကံမှာ ရင်ဖိုမိရသည်။ သစ်သားချောင်းကူးတံတားပေါ်က စီးကြည့်လိုက်လျှင် အရှေ့မှ အနောက်သို့ ဝါးလုံးထိုးစီးဆင်းနေသော ချောင်းရေတွေကို မြင်လိုက်ရလို့ဖြစ်သည်။ မိုးတွင်းဆိုတော့ ရေပြင်ကလည်း ကမ်းနှစ်ဖက်ပြည့်လုပြည့်ခင်။ ပြောင်းပြာချောင်းကိုဖြတ်ပြီးတော့ မြင်းခြံမြို့ရိပ်ထဲ တဖြည်းဖြည်းဝင်လာခဲ့ပြီ။

ဦးသာထန်တို့ လှည်းသုံးစီး ပွဲစားကြီး ဦးကျော်ဂေါင်တို့ပွဲရုံဝင်းကြီးထဲ ရောက်ချိန်မှာ နေအတော်ရင့်နေလေပြီ။ ဦးကျော်ဂေါင်တို့ပွဲရုံဝင်းမှာ ကျယ်ဝန်းလှပါ၏။ လှည်းချည်း အစီးတစ်ရာ နှစ်ရာ ချွတ်နိုင်လောက်အောင် ကျယ်သည်။ ကုန်လှောင်သည့်ပွဲရုံအဆောက်အဦများနှင့် ဟင်းလင်းပွင့်နေသည့် တန်းလျားကြီးတွေလည်း ရှိသည်။ ခြံ၏ညာဘက်ထောင့်ရှိ နှစ်ထပ်ကျွန်းပျဉ်ထောင်အိမ်ကြီးကတော့ ရေနံနှင့်ဖုန်များရောကာ ညိုဝါဝါရောင် ပေါက်နေသည်။ ပုန်းညက်ပင်ကြီးများ၊ မာလကာပင်များ၊ သရက်ပင်ကြီးများ အုပ်ဆိုင်းလျက် ရေတွင်းကုန်းဆီက ရေစာတ်ကြောင့် အေးမြနေပုံပေါ်သည်။ ဦးသာထန်တို့လှည်းတွေ ဝင်လာတော့ ပွဲစားကြီးက ထွက်ကြိုသည်။ အင်္ကျီမပါသော ခန္ဓာကိုယ်ပေါ်က မှဲ့သီးတွေကို အဝေးက မြင်နေရသည်။



ချောင်းဒေါင်းထည်ပုဆိုးကို တိုတိုဝတ်ပြီး နှီးယပ်တောင်ကြီး တဖျတ်ဖျတ်ခတ်ရင်း ပြုံးရွှင်နေသည့် ဦးကျော်ဂေါင်ကို မအိမ်ကံ လှမ်းကြည့်နေမိသည်။ ဦးသာထန်တို့ အခင်းတွေက ထွက်သမျှ သီးနှံတွေ သွင်းနေကျဆိုတော့ စားရေအိမ် သောက်ရေအိမ်အဖြစ် ခင်မင်ခဲ့တာကိုပဲ နှစ်ပေါင်းမနည်းတော့ပြီ။

"သူကြီးတို့ နောက်ကျလိုက်တာ...ဘယ်အချိန်က ထွက်လာကြတာတုံး...မနက်စာများရော သုံးဆောင်ပြီးကြပလား...အလို...သမီးကလေးပါ ခေါ်လာပါရော့လား... ကိုင်းဟော့...မောင်ထွန်းမောင်တို့ နောက်လှည်းကပစ္စည်းတွေ သယ်ချကြ...နေရာထိုင်ခင်း ပေးကြပါဟဲ့...ကိုင်း သူကြီး ခဏနားလိုက်ပါဦး...သားအဖနှစ်ယောက် အိမ်ပေါ်မှာပဲ တည်းကြပါ...ဧည့်သည်တွေကတော့ ပွဲရုံထဲ ကျယ်ကျယ်တည်းနိုင်ကြပါတယ်...မမြမေရေ မမြမေ...သည်မှာ ဇောင်ချမ်းကုန်းသူကြီးတို့ လာကြသဟော့... သမီးကလေးလည်း ပါတယ်...ခေါ်ပါဦးဟ"

ဦးကျော်ဂေါင်က ပွဲစားပီပီ စကားတွေ ရွှန်းရွှန်းဝေနေတော့သည်။ ဦးသာထန်က တန်းလျားခုံရှည်မှာ ဝင်ထိုင်ပြီး ရေနွေးဖလပ်ဘူးထဲက ရေနွေးတစ်ခွက်ငှဲ့ကာ ဖရူးဖရူးမြည်အောင် သောက်သည်။ ကိုဖိုးငွေတို့အဖွဲ့က ပွဲရုံတန်းလျားတွေဘက် သွားကြသည်။ မလှအုံကတော့ မအိမ်ကံနှင့် အတူနေရစ်ခဲ့သည်။

"ဩော် သူကြီး ဦးသာထန်တို့ပါလား...မနက်ကတည်းက မျှော်နေကြတာပါရှင်...ဒါ သမီးကရေးလား ချစ်စရာကလေးနော်...နာမည်ဘယ်လိုခေါ်သလဲကွယ့်"

"မအိမ်ကံ တဲ့...ဗျား"

မအိမ်ကံက နှုတ်ဆွံ့နေတော့ ဦးသာထန်က ဝင်ဖြေလိုက်သည်။ မအိမ်ကံ၏ မျက်လုံးများက ပွဲစားကြီးအိမ်မှာ ပြောက်ကျိုပြောက်ကျား ချိတ်ထားသော ဓာတ်ပုံတွေဆီကို ရောက်နေသည်။ သူ တစ်ခါမှမမြင်ဖူးတာမို့ အတော်ကလေး ထူးဆန်းနေပုံပေါ်သည်။ ပွဲစားကြီးနှင့် ပွဲကတော်ကြီးကို တစ်လှည့်၊ ဓာတ်ပုံများကိုတစ်လှည့်ကြည့်ကာ အံ့သြနေမိ၏။ သည်ဘက်က ပုံတွေကကော ဘယ်သူတွေများပါလိမ့်။ စက္ကူညိုညိုကြီးတွေပေါ်မှာ လူရိပ်တွေထင်အောင် ဘယ်လိုများလုပ်ထားတာပါလိမ့်။

"နာမည်က တယ်ကောင်းပါလား သူကြီးရဲ့...မအိမ်ကံတဲ့လား...သမီးက အိမ်ရဲ့ ကံကလေးပေါ့...ဥပဓိကလေးကလည်း ကောင်းပါ့ဗျာ...အင်း မအိမ်ကံ"

ပွဲစားကြီးက ခေါင်းတညိတ်ညိတ်နှင့် မအိမ်ကံအမည်ကို ရွတ်နေလိုက်သေးသည်။ မအိမ်ကံကတော့ အစ်ကိုနှင့် တွေ့ချင်လှပြီ။ အစ်ကိုရောလို့ အဖေ့ကို တိုးတိုးမေးတော့ "ညည်းအစ်ကိုက ဆရာကြီးဦးဘခင်တို့အိမ်မှာနေသာ...မနက်ကျမှ အဖေလိုက်ပို့မယ်" လို့ ဖြေသည်။ မအိမ်ကံ စိတ်ညစ်သွားရပြီ။

မြင်းခြံမြို့ကိုရောက်တာတောင် အစ်ကိုနဲ့ မတွေ့ရသေးဘူးတဲ့လား။ "မြင်းခြံဆိုတာ အကျယ်ကြီးသမီးရဲ့...အဖေတို့ရွာလို တောင်ပိုင်းနဲ့မြောက်ပိုင်း တအောင့်ကလေးသွားလို့ ရသာ မဟုတ်ဘူး" လို့ပြောတော့ မအိမ်ကံ နားမလည်နိုင်။ ညနေပိုင်းမှာ ရေမိုးချိုး ထမင်းစားပြီးတော့ ဒေါ်မြမေက မလှအုံနှင့် မအိမ်ကံကို အိမ်အပေါ်ထပ်မှာ နေရာချထားပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အောက်ထပ်မှာတော့ ဦးကျော်ဂေါင်နှင့် ဦးသာထန်တို့အပြင် ပွဲစားကြီး၏ မိတ်ဆွေများဆီက စကားသံအူအူသည်းသည်းကို မအိမ်ကံ ကြားနေရသည်။ အိမ်ကြီးအပေါ်ထပ်ကနေ ဆီးကြည့်လိုက်တော့ အိမ်တွေကို မျက်စိတစ်ဆုံး လှမ်းမြင်ရသည်။ များလိုက်တဲ့အိမ်တွေလားတော်။ မအိမ်ကံတို့ရွာ ဆယ်ရွာစာလောက် ရှိလေမလားဘဲ။ ဝဲာလမ်းပေါ်မှာ သွားလာနေကြသော လူတွေ၊ လှည်းတွေကိုရော၊ ဘိုင်စကယ်တချို့တလေကိုပါ မှောင်ရီပျိုးစမှာ ဝိုးတဝါး မြင်နေရသည်။ ကြည့်နေရင်းမှပင် မအိမ်ကံမြင်ကွင်းထဲမှာ မီးရောင်တွေထိုးကာ လင်းခနဲဖြစ်သွားသည်။ ပြီးတော့ ပုစဉ်းရင်ကွဲတွေလို အသံတွေမြည်ကာ ယာဉ်တစ်စီး ဖြတ်မောင်းလာတာကို မြင်လိုက်ရသည်။

"မလှအုံ့…မလှအုံ့ရေ ဟိုမှာ…"

မလှအုံ့က အပြေးကလေးထွက်ကာ ကြည့်သည်။ မော်တော်ကားဆိုတာလောက်တော့ မလှအုံ့ မမြင်ဖူးပေမယ့် သိလိုက်ပါ၏။

"အဲသာ ဖြောင်းသခင်စီးသဲ့ မော်တော်ကားဆိုသာပေါ့ မအိမ်ကံရဲ့"

"ဖြောင်းသခင်ဆိုသာ ဘာလဲဟင်…"

"ဖြောင်းသခင်ဆိုသာ အင်းဂလိပ်မင်းကို ခေါ်သာနေမှာပေါ့…ဦးလေး ခဏခဏ ခေါ်သံကြားဖူးသာပဲ"

အောက်ထပ်စကားဝိုင်းကလည်း တဖြည်းဖြည်းနှင့် အရှိန်တွေရလာပြီး နိုင်ငံရေးစကားဝိုင်းဘက် ကူးသွားခဲ့သည်။ ဦးကျော်ဂေါင်က သီးနှံတွေ တောဘက်က တက်မလာတော့ကြောင်း၊ ဈေးကလည်း မကောင်းတော့ တောင်သူတွေ အခက်တွေ့ကြရကြောင်းတွေ ပြောနေသည်။ ဦးကျော်ဂေါင် ရန်ကုန်ပွဲရုံများသို့ ဈေးနာရန် ရောက်သွားခိုက် ဗမာဘောလုံးအသင်းနှင့် မျက်နှာဖြူဘောလုံးအသင်းတို့ ဘီအေအေကစားကွင်းမှာ ကစားကြတာကို ကြည့်ခဲ့ရကြောင်း၊ ဘောလုံးပွဲပြီးကာနီးမှာ 'တို့ဗမာ'သီချင်းစာရွက်တွေ ဝေငှလို့ တစ်ရွက်ရလာခဲ့ကြောင်း၊ တို့ဗမာအစည်းအရုံးဝင် သခင်တွေက တို့ဗမာသီချင်းကို ဘောလုံးကွင်းထဲမှာ ဆိုကြကြောင်း၊ ပွဲကြည့်ပရိသတ်က 'တို့ဗမာကွ…တို့ဗမာကွ'လို့ အော်ကြကြောင်း၊ ထိုနေ့က ဗမာအသင်းက မျက်နှာဖြူအသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် နိုင်ခဲ့ကြောင်း၊ တို့ဗမာ သီချင်းဆိုပွဲတွေ အနယ်နယ်မှာ ကျင်းပနေကြကြောင်းတွေ ပြောပြရာက စာရွက်တစ်ရွက် ထ,ယူကာ ဧည့်သည်တွေကို ပြသည်။ တစ်ယောက်က စာသားတွေချည်း ဖတ်ပြသည်။

*"တကောင်း…အဘိရာဇာ၊ တို့ဗမာ…သာကီမျိုးဟာမို့ မညှိုးဂုဏ်တေဇာ၊ ယိုးဒယားနှင့် ကုလားကိုပါ တိုက်ခိုက်ခါ အောင်ခဲ့တာ တို့ဗမာ…၊ စိန်မှန်ကင်းစစ်…အဖြစ်ကြီးဖြစ်လျက် ထင်းတစ်လှည့်ကြုံရ…ထုံးနှင့်မသွေ လောကဓမ္မတာပေ…ငါတို့ကံခေဖြစ်ရပြန်သလေ…သို့သော် အရင်းကိုစစ်လျှင် ဗမာပြည် ငါတို့ ငါတို့ပြည်…"*

"ပွဲမင်းကြီးက ကြားလာရက်ကနဲ့ အသံကလေး ဘာလေးနဲ့ ဆိုပြပါဦးဗျ… နားထောင်ကြည့်ချင်လိုက်တာ"

"ကျုပ်က မရပေါင်ဗျာ…ဟောသည်က မိတ်ဆွေကျောင်းဆရာ ကိုမြကွန့်ကတော့ ရသဗျို့…ကိုင်း ကျောင်းဆရာ ဆိုပြပါဦး"



ကျောင်းဆရာ ကိုမြကွန့်က နှစ်ခါပွဲတောင်းမခံဘဲ ဝေါက်ခနဲ ထဆိုသည်။ မအိမ်ကံပင် အပေါ်ထပ်မှာ မနေနိုင်တော့ဘဲ အောက်ထပ်ကို လှေကားတစ်ဝက်လောက်အထိ ဆင်းလာသည်။ ကျောင်းဆရာက လက်သီးလက်မောင်းတန်းကာ ဆိုနေခြင်းဖြစ်၏။ မအိမ်ကံကတော့ လူကြီးတွေ စုပြီး သီချင်းဆိုနေကြတာကို မှင်တက်မိ ငေးမောကြည့်နေမိသည်။ ဘာမှန်းတော့မသိ။

"အဖေတို့လူကြီးတွေ မူးနေကြသာလားမသိဘူးနော် မလှအုံ့"

"ဟုတ်လောက်သယ် ကိုင်း အိပ်ကြပါစို့အေ…မနက်ကျ မောင်မြတ်သာဆီ သွားရမှာနဲ့"

အင်္ဂလိပ် မျက်နှာဖြူက ဖိတ်သည့် ဒါဘာပွဲကိုလာတက်သည့် ဦးသာထန်ကတော့ ငြိမ်နေရသည်။ အိမ်ရှင်နှင့်ဧည့်သည်တွေကလည်း ရိုးရိုးသားသား စကားရောက်သွားရာက သီချင်းပါ ထဆိုကြခြင်းဖြစ်ရာ ဦးသာထန်ကို စော်ကားလိုစိတ် ရှိကြတာတော့မဟုတ်။ ဦးကျော်ဂေါင်က အခြေအနေကို ရိပ်စားမိတော့မှ စကားလမ်းကြောင်း ပြောင်းလိုက်သည်။ တောနယ်များဆီက စိုက်ရေး ပျိုးရေးအကြောင်း၊ လယ်ခွန် မြေခွန် လူခွန်တွေအကြောင်း၊ ကျေးရွာသူကြီးများ၏ လုံ့လကြောင့် ကျေးရွာတွေမှာ ငြိမ်ဝပ်ပိပြားနေကြောင်းတွေကို စကားစသည်။ ဦးသာထန်ကလည်း သူ့ကို အားနာနေကြမှန်း သိလိုက်သည်။ စကားတွေက ရှေးဟောင်းနှောင်းဖြစ်တွေဘက်ကို ကူးသွားခဲ့သည်။ ဦးကျော်ဂေါင်က ညဉ့်နက်တော့မှ လူစုခွဲကြရန် တောင်းပန်သဖြင့် ဦးသာထန် အိမ်ပေါ်တက်လာခဲ့၏။ တော်တော်လည်း မူးနေလေပြီ။ ဘာရယ်မဟုတ်ဘဲ ရီဝေရီဝေဖြင့် ခေါင်းထဲပေါ်လာတာကို ညည်းသည်။

"တို့ဗမာ သာကီမျိုးဟာမို့…မညှိုးဂုဏ်တေဇာ…အေ့"

■

www.burmeseclassic.com

www.burmeseclassic.com

(၆)

မနက်မိုးလင်းတော့ ပွဲစားကြီးအိမ်က အငွေ့တထောင်းထောင်းထနေသည့် စားဖွယ်သောက်ဖွယ်တွေ စားပွဲကြီးနှင့်မဆံ့အောင် တည်ခင်းကာ တည်တည်ပပဧည့်ခံကြသည်။ စားသောက်ပြီးတော့ မအိမ်ကံတို့ လှည်းနှစ်စီးဖြင့် ထွက်ခဲ့ကြသည်။ အလာတုန်းကလိုပဲ ကိုဖိုးငွေမောင်းသည့်လှည့်ပေါ်မှာ ဦးသာထန်သားအဖနှင့် မလှအုံ လိုက်ခဲ့သည်။ ဦးသာညိုလှည်းပေါ်မှာတော့ တပည့်များနှင့် ဝန်စည်စလွယ်တွေ တင်ထားသည်။ ဆီပုံးများ၊ ကြက်သွန်နီ ဂုန်နီအိတ်များ၊ သရက်သီးတောင်းများ တင်ထားခြင်းဖြစ်၏။

ပွဲစားကြီးအိမ်ကထွက်တော့ မြင်းခြံမြို့သည်ပင် လင်းနေပြီ။ မြင်းခြံမြို့၏ လမ်းကျယ်ကျယ်များ၊ ရှေးတိုက်ကြီးများ၊ ကုန်စုံဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ဈေးဘက်ကို အလုအယက်ပြေးလွှားနေကြသည့် ဈေးသည်များ၊ အိုးလှည်း ထင်းလှည်း စသည့် တအီအီလှည်းများကအစ မအိမ်ကံ မျက်စိအလွှတ်မခံဘဲ တအံ့တသြ လိုက်ကြည့်နေမိသည်။ မသိတာရှိတော့ ဖအေ့ကိုမေးသည်။ မအိမ်ကံ သဘောအကျဆုံးကတော့ ဘိုင်စကယ်တွေကိုပဲ ဖြစ်သည်။ ဘီးကလေးနှစ်ဘီးပေါ်က တန်းပေါ်မှာ မလဲမပြိုဘဲ စီးသွားကြတာကို အံ့သြမိရ၏။ မြင်းခြံမြို့လယ်လမ်းမကြီးက ကျယ်လိုက်တာ။ လူတွေ အများကြီး သွားလာနေကြသည်။ လူတွေ အိမ်တွေထဲမှာရှိကြသေးရဲ့လား။ ဘယ်ကိုများ သွားလာနေကြတာပါလိမ့်။ မြန်မာမဟုတ်သော လူမျိုးခြားတွေကိုလည်း တွေ့သည်။ အလှတွေ ပြင်ထားသည့် မိန်းမတွေကိုလည်း တွေ့သည်။ ယောကျ်ားကြီးတွေကတော့ ခပ်ရိုးရိုး ဝတ်ကြစားကြသော်လည်း မအိမ်ကံတို့ရွာကလူတွေလို သျှောင်တစောင်းထုံးတွေ မဟုတ်ကြ။ ဘိုကေပါးတွေနှင့်သာ အတွေ့များသည်။ လမ်းထောင့်တချို့မှာလည်း လက်နက်ကိုင်ပုလိပ်တွေကို တွေ့ရသည်။

"ဘေးကို... ဘေးကို"

မအိမ်ကံတို့လှည်းရှေ့က အော်ရင်း တွန်းသွားသည့် လက်တွန်းလှည်းကြောင့် ကိုဖိုးငွေပင် လှည်းကို တုန့်လိုက်ရသည်။ လက်တွန်းလှည်းပေါ်မှာ အိတ်တွေတင်ထားလိုက်တာ အပြည့်။ ရှေ့က လက်တံနှစ်ချောင်းကို လူက ဆွဲနေတာတွေ့တော့ နွားနဲ့ ဘာလို့မဆွဲတာပါလိမ့်လို့ မအိမ်ကံ စဉ်းစားကြည့်မိသည်။ မနက်စောစောကြီးမှာ ချွေးတွေ ရွှဲနေသည့် လက်တွန်းလှည်းဆွဲသူကိုကြည့်ရင်း မြို့ကလူတွေလည်း ပင်ပန်းကြတာပါပဲလားလို့ တွေးမိသည်။ ဟင်းရွက်ထုပ်



ကြီးတွေ မနိုင်မနင်း ရွက်ကာ လျှောက်နေကြသော တောဈေးသည်များ၊ ခံတောင်းကြီးတွေရွက်ပြီး ခုံဖိနပ်မြီးတို့ တဖွပ်ဖွပ်သံပေးကာ အပြေးတစ်ပိုင်း သွားနေကြသည့် မိန်းမကြီးတွေကလည်း ကြည့်ရတာနှင့်ပင် ဆင်းရဲပုံ ပေါက်နေကြတာပါလား။

"မြို့ကလူတွေလည်း ဆင်းရဲကြသာပဲနော် အဖေ"

"ရော်... မအိမ်ကံနှယ် ပင်ပန်းဆင်းရဲသာပေါ့... တစ်ဝမ်းတစ်ခါးစားရဖို့ မြို့ရော တောရော အတူတူပေါ့ဟ... ချမ်းသာသာလည်းရှိ ဆင်းရဲသာလည်း ရှိပေါ့... လုပ်မှ စားရသဲ့လူချည်းပါဟာ... ဘာမှမလုပ်ဘဲ ထိုင်စားနေသော သူကြီးတွေလောက်ရှိသာပဲ"

ကိုဖိုးငွေကို ဦးသာထန်က ဇက်ပိုး လှမ်းအုပ်လိုက်၏။ တူတော်မောင်ကလည်း ဖြစ်ပြန်။ ငယ်စဉ်ကတည်းက မိဘများ မရှိရှာတော့ အိမ်ခေါ်ထားရာက ငယ်မွေးခြံပေါက်လို ဖြစ်နေပြန်ဆိုတော့ ကိုဖိုးငွေကို ဦးသာထန်က မရှုးမကောင်း သဘောထားတာလည်း ပါပါသည်။

"မအိမ်ကံက မြို့ဆိုရင် ချမ်းသာသဲ့လူတွေချည်း နေသယ်မှတ်သာ"

အတော်ကလေး လှည်းမောင်းမိလာတော့ မြို့လယ်လောက်ကို ရောက်လာခဲ့ပြီ။ လူတွေခပ်အုပ်အုပ် စည်ကားနေသော မြင်းခြံဈေးကြီးကို လှည်းပေါ်ကနေ လှမ်းမြင်နေရသည်။

"အဲသာ မြို့က ဈေးဆိုသာပဲသမီးရဲ့... သမီးအစ်ကိုကို ဈေးထဲလိုက်ပို့ခိုင်း... ကြားလား သမီး... ရောက်ခဲ့မှ..."

မအိမ်ကံက လှည်းပေါင်းမိုးကလေးထဲက ဒူးကလေးထောက်၊ ကိုယ်ကလေးဆန့်၊ လည်ပင်းကလေး ညောင်ရေအိုးလိုမျှော်ပြီး အရအမိ လှမ်းကြည့်လိုက်သည်။ လူတွေ ပျားပချီးသန်းသလို ရှုတ်ထွေးလှုပ်ခတ်လို့ပါလား။ ဈေးကို လှမ်းကြည့်ရင်း တစ်နှစ်က ရွာမှာ က,သွားသော အငြိမ့်ပွဲခင်းနှင့်တောင် တူသည်ထင်မိ၏။

ဦးသာထန်က ကိုဖိုးငွေကို "ကိုးဆောင်တိုက် ဝင်ဦးကွာ" ခိုင်းသည်။ လမ်းမကြီးကဖွဲ့ဆင်းကာ ကျောင်းဝင်းဝရောက်တော့ လှည်းရပ်လိုက်သည်။ တပည့်များက ဆီတစ်ပုံး၊ ကြက်သွန်တစ်အိတ်၊ သရက်သီးတစ်တောင်း ထမ်းကြရင်း ဦးသာထန်နောက်က လိုက်ကြရသည်။ ဦးသာထန်မြင်းခြံရောက်တိုင်း ကိုးဆောင်တိုက်ဆရာတော်ကို လာရောက်ဦးခိုက် ဖူးမြော်မြဲ ဖြစ်သည်။ ကျောင်းပေါက်ဝမှာ တံမြက်စည်းလှည်းနေသော ဦးပဥ္စင်းက ဆရာတော်ကြီး ဆွမ်းစားကြွသည်ဆိုတော့ ကျောင်းထဲဝင်ကာ ခန်းနေဦးပဥ္စင်းကို လှူရန်များ ကပ်လိုက်ရသည်။

"ဇောင်ချမ်းကုန်းက ဒကာကြီး ဦးသာထန်နော်... ဆရာတော်ကြီး ပြန်ကြွလာရင် လျှောက်လိုက်ပါ့မယ်"

"သူကြီးမင်း ဦးသာထန်ပါဘုရား"

"ဩော် ဟုတ်ကဲ့လား... ကောင်းပြီ... ကောင်းပြီ"

ကိုဖိုးငွေက သူ့ဦးလေး သူကြီးမင်းအဖြစ်ကို ပြုးသည်။ သူကြီးမင်းမပါလို့ ပြန်ဖြည့်တာကို ပြုံးခြင်းဖြစ်သည်။ လှည်းပေါ်ရောက်တော့ ကိုဖိုးငွေက ပြောသည်။

"ဦးဇင်းနှယ်... ကျုပ်တို့သူကြီးကို သူကြီးမှန်းသိဟန်မတူဘူးနဲ့တူသယ်... ခက်ပါ့ဗျား"

သူကြီး ဦးသာထန်ကတော့ ကိုဖိုးငွေ တကယ်ပြောနေသည် ထင်ပုံရသည်။ ဘာမှတော့ မပြော။ ကိုးဆောင်တိုက်ရှေ့က မြင်ကွန်းမင်းသားကြီး ကောင်းမှုတော် ဆယ်နှစ်မုခ်ဘုရားကိုပါ

www.burmeseclassic.com

www.burmeseclassic.com

ဝင်ဖူးကြသည်။ ရွာက ကိုးတောင်ပြည့်ဘုရားကိုပင် မအိမ်ကံ သတိရလိုက်မိ၏။ ဆယ့်နှစ်မုန် ဘုရားရှေ့မှာ ပုဆစ်ဒူးကလေးတုပ်ကာ မအိမ်ကံက အမေပန်းရုံ သင်ပေးထားသမျှ ဘုရားရှိခိုး၊ ဆုတောင်း၊ မေတ္တာပို့တွေ ကုန်စင်အောင် ရှိခိုးနေတာဆိုတော့ ဖအေက စောင့်နေရပါ၏။ သမီးမိန်းကလေးဆိုတော့ လိမ္မာရေးခြားရှိအောင်၊ ချက်တတ်ပြုတ်တတ်အောင်၊ အပြောအဆို ချေင်အောင်၊ အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာအောင် မိခင်ကပဲ သင်ပြရသလို၊ မိခင်များ၏ အဆိုအဆုံးအမ ကိစ္စလည်းဖြစ်သည်။ အမေပန်းရုံက သမီးကို ဘုရားရှိခိုးတွေ သင်ထားတာ ဦးသာထန်ပင် မသိ။ သူကိုယ်၌ကပင် မအိမ်ကံလောက် ဘုရားရှိခိုးတတ်သူမဟုတ်တော့ သမီးဖြစ်သူကို အံ့သြရသည်။ ဝမ်းသာရသည်။ သည်သမီးကလေး မွေးကတည်းက လာဘ်လာဘတွေ ဝင်သည်။ သူလည်း အရှိန်အဝါ ကြီးလာခဲ့သည်။ ကောင်းကျိုးပေးသည့်သမီးအဖြစ် ဦးသာထန် ခံယူသည်။

"ဖိုးငွေရဲ့ သားဆိုသာက အားကွ…သမီးကတော့ ထီးကွ…ငါ့မှာ အားရော ထီးရော ပြည့်စုံနေပြီ…အသက်တွေကြီးလို့ အိုမင်းမစွမ်းဖြစ်ရင်တောင် အားကိုးရမယ့်ကလေးတွေဟေ့…"

လှည်းပြန်ထွက်လာတော့ ဦးသာထန်က ကိုဖိုးငွေကို ပြောနေခြင်းဖြစ်ပါ၏။ ဦးသာထန်တကယ်လည်း ဝမ်းသာသည်။ အခုပဲကြည့်လေ…။ မြင်းခြံနယ်သူကြီး သုံးရာလောက်ထဲမှာ ဖြောင်းသခင်က သူ့ကို အသိအမှတ်ပြုကြောင်း၊ လုပ်ရည်ကိုင်ရည်ကို နှစ်ခြိုက်ကြောင်း ကြားထားနှင့်ပြီဆိုတော့ ဆုတစ်ဆုရဖို့ သေချာသလောက် ရှိနေပြီ။ ငွေခွားပဲရမှာလား၊ စလွယ်ပဲရမှာလား၊ နှစ်လုံးပြူးလောက်ရလျှင်တော့ နယ်တစ်ကြောမှာ ဟိုးဟိုးကျော်ရော့မည်။

ကန်ဦးရပ်က ဆရာကြီး ဦးဘခင်ဝိုင်းတိုက်ကြီးမှာ ပွဲစားကြီးဝိုင်းတိုက်လိုပင် ကျယ်ဝန်းပါသည်။ ဦးသာထန်တို့လှည်းတွေ အိမ်ရှေ့တံခါးပေါက်မှာ ကျိုးကျိုးကျွတ်ကျွတ်မြည်အောင် ရပ်လိုက်တော့ ပထမဆုံးထွက်လာသူမှာ မောင်မြတ်သာဖြစ်သည်။ မောင်မြတ်သာက လှည်းနောက် လာရပ်ပြီး လှည်းနောက်က စွယ်ရန်းနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့်ကိုင်ရင်း ပေါင်းမိုးထဲကို ခေါင်းထိုးကြည့်သည်။

"အဖေ လာမယ်ဆိုသာတော့ သိပါရဲ့ …ကံကလေး ပါလာမယ်လို့ကို မထင်သာ… အခုပဲ ပွဲစားကြီးအိမ်ဘက်ထွက်ပြီး မေးချေဦးမယ် စိတ်ကူးနေသာ အဖေရဲ့ …ငါ့နှမကလေး ပါလာလို့ ဝမ်းသာလိုက်သာဗျာ…ကိုင်း ဆင်း…လာ အစ်ကိုပွေ့ချပေးမယ်"

မအိမ်ကံက ဖိနပ်ကလေး လက်တစ်ဖက်ဖြင့် စုကိုင်ရင်း လှည်းနောက်မြီးဘက်တိုးထွက်လာတော့ မောင်မြတ်သာက ချိုင်းနှစ်ဖက်မှမ,ကာ လှည်းအောက်ချပေးသည်။ ဖိနပ်ကလေး အသာချစီးနေသည့်နှမကို ကြည့်ရင်း မောင်မြတ်သာ ပြုံးသည်။ နှမကလေးမျက်နှာကို မေးစေ့ကနေ မ,၍ စေ့စေ့ကြည့်၏။ မအိမ်ကံက ခေါင်းမှာ ပန်ထားသည့် ပုန်းညက်ပန်းခိုင်ကလေး ပြုတ်မှာစိုးတော့ လက်ဖြင့်ကာထားလိုက်သည်။ ဒါကိုပင် အားလုံးက ဝိုင်းရယ်ကြသည်။ အလှမျက်မှာစိုးသည့်နှမကို မောင်မြတ်သာ သဘောကျလို့မဆုံး။ ကြယ်သီးတံတပ်ထားသည့် ရင်ဖုံးအင်္ကျီကလေးနှင့် လက်ရှည်လက်ပွမှာ ရောင်စုံချည်များဖြင့် ပန်းကလေးတွေ ထိုးထားသည်။ ဖဲလုံချည်ကလေးကလည်း စိုအိနေကာ ကတ္တီပါဖိနပ် စီးထားသည့် ခြေဖနှံမို့မို့ကလေးပေါ် အိတွဲကျနေတာဆိုတော့ အမယ်အိုပေါက်စကလေးနှင့် တူသည်။ ရွာမှာတုန်းကတော့ ချမ်းသာသူ



မိဘများ၏သမီးပီပီ သန့်ရှည်ပြန့်ရည် နေရသည်မှန်သော်လည်း ရိုးရိုးကလေးသာ ဝတ်တာစားတာ များပါ၏။ မြို့ကိုလာတာဆိုတော့ မြို့ဂုဏ်နှင့်လိုက်အောင် ဝတ်လာပုံရသည်။ မျက်နှာကလေးမှာ စိန်လည်ပျံ မျက်နှာချေကလေး ပုတ်ထားတော့ ပန်းသွေးရောင်ဟပ်ဟပ်ပြေးနေသည်။ ဆံရစ်ဝိုင်းဆံထုံး နှစ်ပတ်လျှိုကလေးကို ခပ်ဖိဖိပုံ့ထားသည့်အပေါ်မှာ ပုန်းညက်ပန်းခိုင်ကလေး ဆံညှပ်ဖြင့် ထိုးပန်ထားလိုက်သေးသည်။ သည်တော့လည်း နဂိုချောသည့် မအိမ်ကံအလှက တောက်ပရွှန်းလက်နေတော့၏။

"အမေပန်းရုံ နေကောင်းရဲ့လား ကံကလေး"

"ကောင်းသယ် အစ်ကို…အမေက အစ်ကို့ဖို့ ပင်နီတစ်အုပ် ရက်နေသာ…မအိမ်ကံတောင် ကူရက်ပေးနေရသေးသယ်"

"ဟုတ်လား…ကံကလေးက ရက်ကန်းခတ်တတ်ပြီလား…ကောင်းပါလေ့ဗျာ… ရေစီးကြောင်းပင်နီကလေးများတော့ ဝတ်ရသေးသာပေါ့အေ"

မောင်မြတ်သာက အရွှန်းဖောက်လိုက်တော့ အားလုံး ဝိုင်းရယ်ကြသည်။ သားအဖတစ်တွေ မေးကြပြောကြ ရယ်ကြမောကြတုန်းမှာ ဆရာကြီးကတော် ထွက်လာသည်။ ဝဝဖိုင့်ဖိုင့်ဥပမိရုပ်ကောင်းကောင်းနှင့်ဖြစ်၏။ ဆရာကြီးကတော်ဆိုသည့်ဂုဏ်နှင့် လိုက်ဖက်သူဖြစ်သည့် အပြင် မျက်နှာပေါ်မှာ အပြုံးတွေပါ ဆင့်လိုက်တော့ ကျက်သရေရှိသော မိန်းမသားအဖြစ် မြင်ရုံနှင့် သိသာလှပါ၏။

"အိမ်ရှေ့က အသံတွေကြားလို့ ထွက်လာတာ…သူကြီးမင်း ကြွလာတာကိုး… ကြွကြပါရှင်…ဝင်ကြပါရှင်…မောင်မြတ်သာ ခေါ်ပါကွယ့်…အလို သူကလေးက မောင်မြတ်သာနှမကလေးများလား…သူကြီးမင်း သားတော်မောင်က နှမအကြောင်း တဖွဖွပြောရတာ အမောာ…အားလုံး အိမ်ထဲကို ကြွကြပါရှင့်"

မအိမ်ကံက ဆရာကြီး ဦးဘခင်၏အိမ်ကိုရောက်လာတာ ဝမ်းသာနေသည်။ အစ်ကိုနှင့်တွေ့ရတာတစ်ကြောင်း၊ အိမ်ကြီးက ပွဲစားကြီးအိမ်လို မှောင်ကုပ်မနေဘဲ လင်းလင်းချင်းချင်း ဖြစ်နေတာတစ်ကြောင်းမို့ ထင်ပါ၏။ ထရံကာ ဝါးကပ်မိုးနှစ်ထပ်အိမ်ဆိုသော်လည်း အထားအသို ခေတ်မီသန့်ရှင်းသည်။ ကျယ်လွင့်သည်။ ပြတင်းပေါက်တွေ များတော့ လေကလေးလည်း ရသည်။ ဧည့်ခန်းမှာ အရောင်တင်ဆီတွေ လက်နေအောင် သုတ်ထားသည့် ကျွန်းကွပ်ပျစ်ကြီး ခင်းထားသည်။ ကွပ်ပျစ်ပေါ်မှာတော့ ရွာသုံး ထမင်းစားခုံဝိုင်းကလေး ချထားကာ မြင်းခြံချောင်းဒေါင်းထည် စားပွဲခင်းအကွက်ကလေး ခင်းထားသည်ကပင် ရိုးရိုးကလေးနှင့် ရှင်းသန့်နေသည်။ ကျွန်းကွပ်ပျစ်ပေါ်မှာ တစ်ယောက်ထိုင် ပန်းတနော် သင်ဖြူးကလေးတွေ လေး,ငါးချပ် ခင်းထားလိုက်သေးသည်။ ခုံဝိုင်းကလေးပေါ်မှာတော့ ကြိမ်ထိုးရေနွေးကြုတ်နှင့် စဥ့်ရေနွေး ပန်းကန်များ ရှိ၏။

ဦးသာထန်တို့ သားအဖတစ်တွေ ကွပ်ပျစ်ပေါ်ထိုင်နေစဥ်မှာ ကိုဖိုးငွေတို့တစ်သိုက်က ဆရာကြီးကို ကန်တော့မည့်ပစ္စည်းများကို ချကြသည်။ ဆရာကြီးကတော်က တပည့်တစ်ယောက်ကို လှမ်းခေါ်၍ ကာကာဆိုင်က လက်ဖက်ရည်ဝယ်ခိုင်းကာ ဧည့်ခံသည်။ ဦးသာထန်တို့ စကားတွေ စကားပြောနေစဥ်မှာပင် ဆရာကြီး ရောက်လာသည်။ ဆရာကြီးက အသားညိုညို ပိန်ပိန်

www.burmeseclassic.com

www.burmeseclassic.com

သွယ်သွယ်ဖြစ်၏။ ခေါင်းမှာ ပဝါပေါင်းကာ ပင်နီတိုက်ပုံနှင့် ချည်ပုဆိုးအကွက်ကို ရိုးရိုးသာ ဝတ်ဆင်ထားလေသည်။ ဆရာကြီး၏ တည်ကြည်သောမျက်နှာတွင် မျက်လုံးများက သိသိသာသာ စူးရှလွန်းလှ၏။ မအိမ်ကံကို လှမ်းကြည့်နေတော့ အစ်ကိုတို့ဆရာကြီးဆိုသည့်စိတ်ဖြင့် ကြောက်ရွံ့လာကာ ခေါင်းကလေးငုံ့ထားရသည်။ အဖေနှင့် ဆရာကြီး စကားပြောနေစဉ် တစ်ချိန်လုံး အစ်ကိုမောင်မြတ်သာဘေးမှာ မအိမ်ကံ ခပ်ကုပ်ကုပ်ကလေး ထိုင်နေမိ၏။

"စကားတော့ ကောင်းလှပါရဲ့ ဆရာကြီးရယ်.. မြို့ရောက်တုန်းရောက်သခိုက် လုပ်စရာကလေးတွေ ရှိသေးလို့ ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပါပြီ သူကြီးမင်း…သားအတွက်တော့ အစစအရာရာ စိတ်ချသာထားပါရော့"

သူကြီး ဦးသာထန်က အားလုံးကို နှုတ်ဆက်ကာ ပြန်သွားခဲ့သည်။ မောင်မြတ်သာနှင့် တွေ့ရပြီဆိုတော့ မအိမ်ကံကို အစ်ကိုနှင့်အပ်ကာ မလှအုံပါ ဈေးဝယ်ရန် ပြန်လိုက်သွားသည်။ မောင်မြတ်သာက နှမကို သူတို့ကျောင်းသားများနေကြသော အဆောင်ဘက် ခေါ်လာခဲ့သည်။ အစ်ကို၏မိတ်ဆွေတွေက မအိမ်ကံကို ဝိုင်းကြည့်ကြရင်း "ကိုမြတ်သာနှမကလေးက အချောသားဗျ" လို့ ပြောကြတော့ မောင်မြတ်သာက ပြုံးနေလေသည်။ စာသင်ဆောင်ထဲမှာ ရှားစေးရောင် သေတ္တာကြီးတစ်လုံးကိုတွေ့တော့ မအိမ်ကံက "ဒါ ဘာကြီးလဲ" လို့ မေးသည်။ မောင်မြတ်သာက အဖုံးကို ဖွင့်ကာ ခလုတ်ဖြူကလေးတွေကို နှိပ်ပြသည်။ ဒင်ဒင်ဒေါင်ဒေါင် မြည်သွားတော့ မအိမ်ကံ လန့်သွားသည်။

"ဒါ စန္ဒရားလို့ ခေါ်သယ်…နိုင်ငံခြားက လာတဲ့ တူရိယာပေါ့…အသံတွေ စုံသယ် ကံကလေးရဲ့"

"အစ်ကို တီးတတ်သလား…မအိမ်ကံကို တီးပြပါလား"

"အစ်ကို ကောင်းကောင်းမတီးတတ်သေးပါဘူ…သင်တော့သင်နေသယ်…အစ်ကိုတို့ ညကျ သီချင်းတိုက်ကြမှာမို့ စာသင်ဆောင်မှာ ချထားသာလေ"

မောင်နှမနှစ်ယောက် အဆောင်ဘက်က ပြန်လာပြီး ဆရာကြီးထံ ခွင့်ပန်ကာ မအိမ်ကံကို မြို့ထဲ လိုက်ပြဖို့စီစဉ်သည်။ ဘိုင်စကယ်တစ်စီးကို ဆွဲထုတ်လာပြီး မအိမ်ကံကို နောက်ကယ်ရီယာခုံပေါ် ထိုင်ပုံထိုင်နည်း ပြသည်။ ဖင်ထိုင်ခုံနောက်က တန်းလေးကို ကိုင်ထား၊ ခြေနှစ်ဖက် ဘီးကြားမညပ်အောင် ချထား၊ လူကို ဝိတ်မျှအောင် ငြိမ်ငြိမ်ကလေးထိုင် စသဖြင့် သင်ပေးသည်။ ကယ်ရီယာခုံပေါ် တင်ပေးလိုက်တော့ မအိမ်ကံက ကြောက်နေသေးသည်။ မောင်မြတ်သာက မအိမ်ကံကို ကယ်ရီယာပေါ် တင်ကာ တစ်ပတ် နှစ်ပတ်လောက် တွန်းပြပေးတော့မှ စီးဝံ့သွား၏။ မောင်နှမနှစ်ယောက် ဘိုင်စကယ်တစ်စီးဖြင့် ဈေးကိုရောက်ကြသည်။ ဂါးဗားမင်းကျောင်းကို ပြသည်။ ဘီအမ်အီးကျောင်းကို ပြသည်။ နှစ်ကျိတ်ရှစ်ဆူဘုရား၊ စွန်းလွန်းဂူကျောင်း။ မြင်းခြံမြို့ကလေးတစ်ဝိုက် ကြည့်သာမြင်သာရှိသမျှ စက်ဘီးနင်းရင်း ပြောပြသည်။

"ဒါက ပါလက်လမ်း ခေါ်သယ်…မစ္စတာပါလက်ဆိုတဲ့ အင်္ဂလိပ်မျက်နှာဖြူ ခင်းသွားတဲ့လမ်းမို့ ပါလက်လမ်း ခေါ်ကြသာ…သူတို့ကားတွေသွားဖို့ခင်းတဲ့ ကျောက်ခင်းလမ်းပေါ့"



"အဖေပြောပြောနေတဲ့ ဗြောင်းသခင်ဆိုသာကကော အစ်ကို"

"အင်္ဂလိပ်အရေးပိုင် မစ္စတာဘရောင်းကို တို့ဗမာတွေက ခေါ်တတ်သလိုခေါ်သာ ကံကလေးရဲ့…ဘရောင်းသခင်လို့ခေါ်သာ…ဘရောင်းဆိုတဲ့ အရှင်သခင်လို့ မျက်နှာလုပ် ခေါ်ကြသာပေါ့"

"အင်္ဂလိပ်တွေကို ဘာဖြစ်လို့ အရှင်သခင်လို့ ခေါ်ရသာလဲ…သူတို့က ဘာမို့လို့ မျက်နှာလုပ်ရသာလဲဟင် ..အစ်ကို"

"အင်း ..ကံကလေး နားလည်အောင် အစ်ကိုရှင်းပြမယ်…ဟိုသစ်ပင်အောက်မှာ နားရင်း ပြောပြမယ်လေ"

မောင်မြတ်သာက ဘိုင်စကယ်ကို တမာပင်အုပ်အုပ်ကြီးအောက်မှာ ရပ်လိုက်သည်။ မအိမ်ကံကို ကယ်ရီယာပေါ်မှ ချပေးလိုက်သည်။ တမာပင်အောက်မှာ တမာသီးကလေးတွေ တဖြုတ်ဖြုတ်ကြွေကျနေသည်။ တမာမြစ်ဆုံကြီးပေါ်မှာ ထိုင်ချလိုက်ကြရင်း မောင်မြတ်သာက မအိမ်ကံ နားလည်လောက်မည့်စကားများကို ရွေးကာ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ ကျူးကျော်နယ်ချဲ့လာကြပုံတွေကို စီကာပတ်ကုံး ပြောပြလိုက်သည်။ မအိမ်ကံ သည်စကားတွေကို တစ်ခါမျှ မကြားဖူးခဲ့။ ရွာမှာနေစဉ်တစ်လျှောက်လုံး သည်လိုပြောပြမည့်သူလည်း မရှိ။ အစ်ကို ပြောပြတော့ မအိမ်ကံ စိတ်ဝင်တစား ဖြစ်မိရုံမက အံ့သြလွန်းလို့ အစ်ကို့ကို တစ်ခုပြီးတစ်ခု မေးနေမိတော့၏။

"ဆရာစံ ဆိုသာကကော ဘယ်သူလဲဟင်…ရာကျော်ဇရပ်ပေါ်မှာ မအိမ်ကံတို့ ထမင်းစားကြတုန်းက ဆေးဆရာ ဆရာကြည်ပြောသာ ကြားလိုက်သယ်"

မအိမ်ကံက မေးခွန်းတစ်ဆင့်တက်လိုက်တော့ မောင်မြတ်သာကလည်း တစ်ဆင့်တက် ရှင်းပြရပြန်သည်။ မောင်နှမနှစ်ယောက် စကားကောင်းနေတော့ ညနေ နေအတော်ကြီးစောင်းမှ ဆရာကြီးအိမ် ပြန်ရောက်ခဲ့တော့၏။ အပြန်လမ်းမှာတော့ ဘိုင်စကယ်စီးရတာကို မအိမ်ကံ သိပ်မကြောက်တော့ပါ။ ရွာက လှည်းစီးရသလောက် သဘောမတွေ့လှသော်လည်း မြန်မြန်ပြေးနိုင်တာကိုတော့ မအိမ်ကံ ကြိုက်ပါသည်။ မြို့မှာ ဘိုင်စကယ်ဆိုတာကို စီးဖူးခဲ့ပြီ။ ရွာရောက်လျှင် အမေပန်းရုံကို ကြွားနိုင်ပြီ။ ဆရာကြီးအိမ်ရောက်တော့ မအိမ်ကံကို လာခေါ်သည့် ကိုဖိုးငွေလှည်းလည်း ရောက်လာ၏။ မအိမ်ကံ ပြန်မလိုက်ချင်သေးပါ။ အစ်ကိုနှင့်အတူ သည်အိမ်မှာပဲ နေချင်သည်။

"မအိမ်ကံ ပြန်မလိုက်ချင်ဘူး ကိုဖိုးငွေ…အဖေ့ကိုသာ ပြောပြလိုက်တော့ ..မလှအုံကိုလည်း မအိမ်ကံဆီ လွှတ်လိုက်…အစ်ကိုနဲ့ပဲနေမယ် ဒါပဲ"

မအိမ်ကံက ကိုဖိုးငွေကိုပင် ငေါက်နေသေးတော့၏။ မျက်နှာကလေး စူထားပြီး တစ်ဖက်လှည့်ကာ ထိုင်နေသော နှမကို မောင်မြတ်သာကလည်း ပြန်မလွှတ်ရက်ပြန်။

"ကိုင်း…ကိုဖိုးငွေရေ ပြန်ချေတော့…အဖေ့ကိုသာ ကျွန်တော်က ကံကလေးကို ခေါ်ထားလိုက်သယ် ပြောလိုက်ပါ…မလှအုံကို တစ်ခေါက်လာပို့လှည့်ပေါ့…ကံကလေး အဖော်ရအောင်လို့…နေဦး ကိုဖိုးငွေလည်း ထမင်းစားပြီးမှပြန်"

"မစားတော့ပါဘူး မောင်မြတ်သာရာ…မင်းအဖေက မင်းသိသဲ့အတိုင်းပဲ…ကိုင်း

www.burmeseclassic.com

www.burmeseclassic.com

ငါပြန်မယ်...မအိမ်ကံက ဝေါက်လိုက်၊ မင်းအဖေက ဝေါက်လိုက်နဲ့ မဖြစ်သေးဘူး... ပြေးတော့မယ်"

မအိမ်ကံ ရေမိုးချိုး ထမင်းစားပြီး တအောင့်လောက်နေတော့ မလှအုံ ရောက်လာသည်။ ဆရာကြီးကတော်က မအိမ်ကံတို့ကို အိမ်အပေါ်ထပ်မှာ နေရာချထားပေးသည်။ ဆရာကြီးရော ဆရာကြီးကတော်ပါ သဘောမနောကောင်းကြသူများဖြစ်၏။ တစ်နေကုန် ဘိုင်စကယ်တစ်စီးဖြင့် မြို့ပတ်လိုက်ရလို့လား မသိပါ။ သင်ဖြူးဖျာကလေးပေါ် ခဏလှဲရင်းက မအိမ်ကံ မှေးခနဲ အိပ်ပျော်သွားသည်။ နားထဲမှာ အသံတွေ တဝေါဝေါ တိုးဝင်လာသလိုဖြစ်တော့မှ အိပ်ရာက ဖျတ်ခနဲ နိုးတော့၏။ မလှအုံကတော့ ပါးစပ်ကြီး ဟောင်းလောင်းပွင့်ကာ အိပ်ပျော်နေသည်။ အသံတွေထွက်လာရာ အဆောင်ဘက်ဆီကို ပြတင်းပေါက်က ငုံ့ကြည့်လိုက်သည်။ ကျောင်းဆောင်ထဲမှာ လူတွေ ဝင်ချည်ထွက်ချည် ရှိနေကြသည်။ တူရိယာသံကို ကြားလိုက်တော့ မနက်တုန်းက အစ်ကိုပြသော စန္ဒရားသံဆိုတာပဲ ဖြစ်ရမည်။ နားထောင်လို့ကောင်းလိုက်တာ။ ရွာက မောင်းဆိုင်းထက်ပင် ကောင်းသေးသည်။ သီချင်းသံက လူတွေတစ်အုပ်ကြီးဆိုနေတာမျိုးတော့ မဟုတ်။ တစ်ယောက်တည်းက ခပ်အုပ်အုပ်ဆိုပြနေသည့်အသံ ဖြစ်သည်။

*"နောင်ဥဒါန်း ဘယ်မကြေစရာ x x ရာဇဝင်တင်ထား မျိုးရိုးနွယ်လာ x x ကမ္ဘာတစ်ခွင်မှာဖြင့် ဗမာအထင်အရှား x x တို့ခေတ်တွင်မှ ညှိုးကြတော့မှာလား တို့ဗမာ x x တို့ဗမာ မဟုတ်လေသလား (တို့ဗမာ ငါတို့ဗမာ x x တို့ဗမာ ငါတို့ဗမာ) x x ဒါ ငါတို့ဗမာ x x ဒါ ငါတို့ဗမာ x x အားလုံးညီညီ ယောကျ်ားဘသား တို့ဗမာ x x"*

မအိမ်ကံပင် မနေနိုင်တော့ပါ။ အောက်ထပ်ကိုဆင်းကာ တန်းလျားဆောင်ဘက်ကို လျှောက်လာခဲ့သည်။ စန္ဒရားသံနှင့် သီချင်းသံကို ပီပီသသကြီး ကြားနေရသည်။ အခန်းထဲမှာ လူကြီးတွေရော၊ လူငယ်တွေပါ မနည်းလှပါ။ ရှေ့မှနေ၍ စန္ဒရားတီးကာ သီချင်းဆိုပြနေသူကို မအိမ်ကံ ခြေဖျားကလေးထောက်ကာ ကြည့်သည်။ သီချင်းတစ်ပိုဒ်ဆိုလိုက်၊ တစ်ပိုဒ်ပြောပြလိုက် ဆိုတော့ မအိမ်ကံပင် စိတ်ဝင်တစား ရပ်နားထောင်နေမိ၏။ နိုင်ငံရေးကမ္ဘဝါဆိုသည့်စကားတွေလည်း များများပါလေ၏။ ရှေ့ဆုံးခုံမှာ အစ်ကိုမောင်မြတ်သာ ထိုင်နေတာကို မြင်နေရသည်။ လက်ထဲမှာလည်း သီချင်းစာရွက်တစ်ရွက်စီ ကိုင်ထားကြတာ တွေ့ရသည်။ သည်သီချင်းကိုပဲ ထပ်ခါထပ်ခါ ကြော့ကြော့ဆိုပြနေတော့ မအိမ်ကံပင် ရချင်ချင်။

"သမီး ကြည့်ချင်လို့လား...လာ ဒေါ်ဒေါ်လိုက်ပြမယ်..ကြည့်လို့ရပါတယ် သမီးရဲ့"

မအိမ်ကံ ပခုံးပေါ်ကို လက်တစ်ဖက်လာတင်ရင်း မေးလိုက်တော့ မအိမ်ကံ လန့်သွားမိသည်။ ဆရာကြီးကတော်...။ မအိမ်ကံကို အတန်းနောက်ကို ပို့ပေးလိုက်သည်။ မအိမ်ကံ အထဲရောက်သွားပြီး ခဏနေတော့ အားလုံး မတ်တတ်ရပ်ကာ သီချင်းကို အသံမကျယ်စေဘဲ ခပ်အုပ်အုပ်ဆိုကြသည်။ ကျယ်ကျယ်ဆိုလို့လည်းမဖြစ်ပါ။ သည်ကနေ့ည ဗြောင်းသခင်က မြင်းခြံမြို့ပေါ် အရေးပိုင်ခြံဝင်းထဲမှာ ဝန်ထမ်းကောင်းဆုတွေ ပေးနေလောက်ပြီ။ တစ်မြို့လုံးမှာ အင်္ဂလိပ်ဘက်သား စုံထောက်တွေ လှည့်နေလောက်သည်။ ဆရာကြီးဆိုလျှင် အိမ်ရှေ့ခြံဝက တမာပင်ရိပ်အမှောင်မှာရပ်ရင်း အခြေအနေကို အကဲခတ်နေရသည်။ သီချင်းဆုံးတော့ အားလုံး



ပြန်ဖို့ နှုတ်ဆက်ကြသည်။ ဧည့်သည်တွေ ပြန်သွားတော့မှ မောင်မြတ်သာက မအိမ်ကံကို မြင်လေသည်။

"ကံကလေး အစ်ကိုတို့သီချင်းဆိုသာ လာကြည့်သာပေါ့ ဟုတ်လား...မအိပ်သေးဘူးလား"

"အဲသာ ဘာသီချင်းတုံးအစ်ကို...မအိမ်ကံဖြင့် သည်ရောက်ကတည်းက သည်သီချင်း ကြားရသာပဲ...မနေ့ညက ပွဲမင်းကြီးအိမ်မှာလည်း ဆိုသံကြားခဲ့ရသယ်"

"တို့ဗမာသီချင်းခေါ်သယ်...အင်္ဂလိပ်မျက်နှာဖြူတွေကို တို့လူမျိုးက မဆီမဆိုင် သခင်ခေါ်နေရသာ မခံချင်လို့ ငါတို့ဗမာ ငါတို့လူမျိုးကသာ သခင်လို့ပြောသာ ကံကလေးရဲ့"

"မအိမ်ကံလည်း အဲသည်သီချင်း ရချင်သယ်...အစ်ကိုသင်ပေးပါလား"

မအိမ်ကံစကားကို ကြားလိုက်ရတော့ မောင်မြတ်သာ အံ့သြသွားသည်။ မအိမ်ကံကို အူဝဲကလေးကတည်းက မောင်မြတ်သာ ချီပိုးထိန်းယခဲ့ရသူမို့ နှမအကြောင်းကို သူကောင်းကောင်း နားလည်ပါ၏။ မအိမ်ကံသည် သူတကယ်စိတ်ပါဝင်စားရှိတာကိုမှ ပြောတတ် လုပ်တတ်သူ ဖြစ်သည်။ ဟန်ဆောင်မှုမရှိ။ မအိမ်ကံက စကားနည်းသည်။ ပြောလျှင်လည်း လေးလေးနက်နက် တည်တည်ကြည်ကြည်ပြောတတ်သည်။ ကလေးဘဝကတည်းက ပြေးလွှားခုန်ပေါက် ဆော့ကစားလိုခြင်းထက် တစ်ယောက်တည်း အေးအေးဆေးဆေးနေတာများသည်။ ရွာထဲမှာလည်း ဟိုဟိုသည်သည် လျှောက်သွားတတ်သူမဟုတ်။ အချိန်ရှိသမျှ အိမ်ကြီးပေါ်တက်ကာ ခုံတန်းလေးပေါ် ထိုင်၍ သူနှစ်သက်သံလိုသာ နေ၏။ မအိမ်ကံ၏ ထူးခြားချက်မှာ အရွယ်နှင့်မလိုက် ထိုးထွင်းဉာဏ်ကောင်းခြင်းပဲ ဖြစ်သည်။

နောက်ရက်မှာတော့ မအိမ်ကံ မြို့ထဲကို မလည်ဖြစ်တော့ပါ။ ဆရာကြီးအိမ်မှာပဲ အစ်ကိုနှင့်အတူနေကာ 'တို့ဗမာ'သီချင်းသင်သည်။ မအိမ်ကံကို မောင်မြတ်သာ သိပ်မသင်လိုက်ရပါ။ မအိမ်ကံက သီချင်းစာရွက်ကိုတောင် မကြည့်ဘဲ ဆိုနိုင်သွားခဲ့ပြီ။ အသံထားတတ်ခဲ့ပြီ။ မအိမ်ကံတို့မောင်နှမ သီချင်းတက်နေကြပုံကိုကြည့်ပြီး ဆရာကြီး ဦးဘခင်က ပြုံးလေသည်။ အဖေ ဦးသာထန်က အင်္ဂလိပ်အရေးပိုင်ပေးသည့်ဆုကို လက်ခံဖို့ မြင်းခြံကိုလာစဉ်မှာ သားဖြစ်သူ မောင်မြတ်သာက နှမကလေးကို တို့ဗမာသီချင်း သင်ပေးနေတာကိုတွေးရင်း ပြုံးမိခြင်းဖြစ်၏။

"အစ်ကိုတို့ရွာကို ဆေးဆရာ ဆရာကြည်လာသာ မြင်မိသလား ကံကလေး"

"တစ်ခါတစ်ခါတော့ မြင်မိသယ်အစ်ကိုရဲ့...ဘာလို့လဲဟင်..."

"ကံကလေး...အစ်ကိုပြောသာ သေချာနားထောင်...တို့ဗမာသီချင်းစာရွက်ကလေး တစ်ရွက် အစ်ကိုထည့်ပေးလိုက်ချင်သယ်...ဆရာကြည် ရွာလာသဲ့အခါ ပေးလိုက်...အစ်ကိုပေးလိုက်သာလို့ပြော...ဘယ်သူမှ မသိစေနဲ့နော်"

"အဲသည်သီချင်းစာရွက်က အရေးကြီးလို့လား"

"အင်္ဂလိပ်တွေက မကြိုက်ဘူး ကံကလေးရဲ့...အစ်ကိုတို့က မြင်းခြံမှာ တို့ဗမာအစည်းအရုံးဆိုတာ ဖွဲ့စည်းတော့မှာ...နောက်တော့ အစ်ကိုပြောပြပါ့မယ်...အဖေ့ကို မပြောနဲ့နော် ကံကလေး"

www.burmeseclassic.com

www.burmeseclassic.com

"အင်းပါ…မအိမ်ကံ အဝတ်ဖာထဲ ထည့်ယူသွားမယ်…မလှအုံတောင် မသိစေရဘူး…ဆရာကြည့်ကိုပေးရင် နိုင်ငံရေးကမ္ဘဝါလို့ ပြောလိုက်မယ်"

မအိမ်ကံစကားကို မောင်မြတ်သာက အားရပါးရ ရယ်သည်။ နားလည်လောက်သည့် စကားလုံးများသုံးကာ တိုင်းပြည်အခြေအနေတွေ ပြောပြတော့ မအိမ်ကံမျက်စိထဲမှာ အိမ်တွင် ဝင်ထွက်သွားလာနေကြသည့် ရွာသူရွာသားတွေကို မြင်ယောင်လာခဲ့သည်။

"ကံကလေးကို အစ်ကို တစ်ခုပဲ မှာချင်သယ်…တိုင်းရေးပြည်ရေး အခြေအနေ မကောင်းလို့ ရွာတွေမှာ ဗရုတ်ဗရက်ဖြစ်ခဲ့ရင် အစ်ကိုမှာထားသဲ့အတိုင်း ပဲမှော်တိုက်ဘက်ကို ပြေးပုန်းနေနော်…ဘာကိုမှတော့ ကြောက်စရာမလိုပါဘူးကွယ်"

မောင်မြတ်သာက နမကို အထပ်ထပ်မှာသည်။ ရွာတွေမှာက သူကြီးကလွဲပြီး အားကိုးစရာ ရှိတာမဟုတ်။ လူမိုက် လူရမ်းကားဆိုတာမျိုးက တောရွာတွေမှာ ထစ်ခနဲဆို အတင့်ရဲတတ်ကြသည်။ အဖေ့ကိုလည်း သူ စိုးရိမ်သည်။ အဖေက သူကြီးရာထူးကလေး မက်မောနေတာကလွဲလို့ အကျိုးသင့် အကြောင်းသင့် ဘာတစ်ခုမှ နားလည်ရာသူမဟုတ်။ အဖေကိုယ်တိုင်သည်ပင် သူကြီးဆိုသော်လည်း တစ်ပါးနိုင်ငံသား အင်္ဂလိပ်အစိုးရ၏ အခိုင်းအစေခံတစ်ယောက်မဟုတ်လား။

နောက်တစ်နေ့မနက်မှာ ဦးသာထန်သည် ကိုဖိုးငွေလှည်းနှင့် ရောက်လာသည်။ သားဖြစ်သူ မောင်မြတ်သာနှင့် စကားတွေပြောကြတော့ မောင်မြတ်သာက ဖအေပေသိ သတိပေးသင့်သလောက် ပေးရှာသည်။ သားက ပြောတော့လည်း ဦးသာထန်က လေပျော့ကလေးနှင့် ဆိုရှာပါ၏။

"အေးပါကွယ်…အဖေ သတိရှိပါသယ်…အဖေ့အလုပ်ကို အဖေလုပ်သာကလွဲလို့ ရွာသူရွာသားတွေကို ဒုက္ခမပေးပါဘူး…မနှစ်က သရောကြီးခိုင်းလို့မို့ ဝတ်ကြသာပါ…သည်နှစ် မိုးပြန်ကောင်းလာပါဘီကွယ်…အခွန်အခလည်း လျှော့ကောက်ရုံမကဘူး အဖေ့အိတ်ထဲကတောင် စိုက်ရပါသေးတယ်…မင်းသာ ပညာတတ်အောင်သင်ပါကွာ…မင်း မြင်းခြံမြို့အုပ်ဖြစ်တော့ သည်ဥပဒေတွေ ပြင်လိုက်ပေါ့ကွ ငါ့သားရ…ငွေလိုရင်လည်း မှာလိုက်…အခုကော လောက်ရဲ့လား"

သည်လိုဆိုပြန်တော့လည်း မောင်မြတ်သာ စိတ်မကောင်းပြန်။ အဖေ့လို ရိုးရိုးသားသား ဘာမျှမသိရှာသည့် ကျေးရွာသူကြီးတွေ တိုင်းပြည်ထဲမှာ ဘယ်လောက်တောင် ရှိနေမလဲ။ သားသမီးအပေါ် ထားရှိသော ဖခင်၏မေတ္တာတရားကို ခံစားလိုက်ရတော့ မျက်ရည်လည် လာမိ၏။ အဖေ့ကို ထိုင်ကန်တော့ရင်း မောင်မြတ်သာ မျက်ရည်ကျတော့ ဦးသာထန်ကပါ ငိုချင်လာပုံရသည်။

"မငိုပါနဲ့ ငါ့သားရယ်…မင်းငိုတော့ အဖေပါ မျက်ရည်ကျချင်သကွာ"

ဆရာကြီးနှင့် ဆရာကြီးကတော်တို့ကိုပါ နှုတ်ဆက်ကာ ဦးသာထန်တို့ ပြန်ဖို့ပြင်ကြရသည်။ ကိုဖိုးငွေက လှည်းကောက်ပြီး ပစ္စည်းပစ္စယတွေ တင်သည်။ မအိမ်ကံက မျက်နှာချေမလိမ်းဘဲ ဆံပင်ကလေး ကပိုကရိုနှင့် သနပ်ခါးပါးကွက်ကလေး ကွက်ထားသည်။ ရွာရက်ချည်ထည်ကလေးပဲ ဝတ်ထားသည်။ မလှအုံ အလှပြင်ပေးတော့ မအိမ်ကံက "မအိမ်ကံ ဗမာထည်တွေပဲ ဝတ်တော့မယ်" ဆိုလေ၏။



ပွဲစားကြီးအိမ်ရောက်တော့ ဝယ်ခြမ်းထားသော ကုန်များကို တင်ကာ လှည်းသုံးစီးတောင့်ထားလိုက်ကြ၏။ ကိုဖိုးငွေက ကတ္တီပါပိတ်စဖြင့် ပတ်ထားသည့်ပစ္စည်းကို ပေါင်ပေါ်က မချဘဲ အရိပ်တကြည့်ကြည့် ကိုင်တွယ်ထားရာက မလှအုံ လှည်းပေါ်ရောက်တော့ "ဒါကို လွတ်မကျစေနဲ့…ဂရုတစိုက်ကိုင်နော်" ဟုဆိုကာ လက်ရောက်အပ်လိုက်သည်။ မလှအုံက လှည်းနောက်မြီးမှာ ထိုင်ရတာဆိုတော့ ပစ္စည်းထုပ်က လှည်းဖျားရောက်နေသည်။ ဦးသာထန် လှည်းပေါ်တက်လာတော့ ပစ္စည်းဘယ်မှာလဲ မေးသည်။ လှည်းနောက်မြီးက လှအုံဆီမှာ အပ်ထားတယ်ဆိုတော့ ကိုဖိုးငွေကို ဆူပါတော့သည်။

"မင်းနှယ်ကွာ…အရေးကြီးသဲ့ပစ္စည်း လှအုံအပ်ရသယ်လို့…ယူလိုက် ငါကိုင်ခဲ့မယ်"

ကိုဖိုးငွေက လှည်းပေါ်မှ ဆင်းယူကာ သူကြီးလက်ကို အပ်သည်။ မအိမ်ကံက ကတ္တီပါပိတ်စ ပတ်ထားသည့် ရှည်မျောမျောပစ္စည်းကို တစ်ချက်လှမ်းကြည့်ရုံသာကြည့်သည်။ လှည်းသုံးစီးထွက်လာခဲ့ကြပြီ။ ပြောင်းပြာချောင်းထိပ်ရောက်တော့ မောင်မြတ်သာက ဘိုင်စကယ်တစ်စီးနှင့် ကြိုစောင့်နေတာ တွေ့လိုက်ရပြန်သဖြင့် မအိမ်ကံ ဝမ်းသာသွားသည်။

"အစ်ကို ..ရွာကိုလာခဲ့ဦး…မအိမ်ကံ မျှော်နေမှာ"

"အေးအေး…အစ်ကိုလာခဲ့မယ်…အမေပန်းရုံဖို့ ခြုပဝါကလေး ဝယ်ပေးလိုက်သယ်ရော့…အဖေ ဒါက အဖေ့ဖို့ ပတ်ပဝါနဲ့ စိပ်ပုတီး"

"ငါ့သားနယ်…ဘာကိစ္စ ဝယ်ပေးရသာတုံး ..ပိုက်ဆံကို မင်းသုံးပါကွာ ..အဖေတို့မှာ ပြည့်စုံပါသယ်…သည်မယ်လူကလေးရဲ့ အဖေ ညက ဒါဘာပွဲမှာ ဗြောင်းသခင်တို့က ချီးမြှင့်သဲ့ နှစ်လုံးပြူးသေနတ်…ဂုဏ်ပြုစက္ကူနဲ့ ရွှေရင်ထိုးကလေးလည်း ပါသေးသယ်…တွေ့လား လူကလေး"

မှန့်ရလာသော ကလေးသူငယ်တစ်ယောက်ပမာ ရွှေရင်ထိုးကလေးနှင့် သေနတ်ထည့်ထားသော ကတ္တီပါအိတ်ကို မောင်မြတ်သာရှေ့ ထိုးပေးနေသော ဦးသာထန်ကိုကြည့်ပြီး သက်ပြင်းချမိ၏။ မောင်မြတ်သာက ဝတ်ကျေတန်းကျေ ကိုင်ကြည့်လိုက်ရင်း တစ်ခုခုပြောမည်ပြုပြီးမှ ပါးစပ်ပြန်ပိတ်လိုက်သည်။ မအိမ်ကံကလည်း သည်တော့မှ သေနတ်မှန်းသိလေ၏။ အမေပန်းရုံအတွက် အစ်ကိုပေးလိုက်သော ခြုပဝါကလေးကို ကိုင်ထားရင်းမှ သူ့အတွက် ဘာမှပါမလာတာကို ဖျတ်ခနဲ သတိရလိုက်သည်။ မအိမ်ကံက လှည်းပေါင်းမိုးထဲမှာပဲ လှည်းနောက်ကို လှည့်ထိုင်ကာ မျက်ကလေး စူထားရင်း အစ်ကို့ကို ကဏ္ဍကောစ လုပ်နေလေ၏။

"ကံကလေး…ဘာကောက်နေသာလဲကွယ့်"

မောင်မြတ်သာက လှည်းနောက်ကို ဘိုင်စကယ်တွန်းလာရင်း နမမျက်နှာကို ငုံ့ကြည့်လိုက်သည်။ အစ်ကို နောက်ရောက်လာတော့ မအိမ်ကံက မျက်နှာကို ရှေ့လှည့်လိုက်ပြန်သည်။ မောင်မြတ်သာက အားရပါးရရယ်ရင်း လှည်းပေါ်ကို အထုပ်ကလေးတစ်ထုပ် တင်ပေးလိုက်သည်။ နမ၏ပါးကလေးကို လှမ်းဖျစ်လိုက်ပြီး ဘိုင်စကယ်ကို နင်းဖို့ပြန်လှည့်လိုက်တော့ မအိမ်ကံက လှမ်းအော်သည်။

"အစ်ကို…ရွာကိုလာခဲ့"

"အေး အေး"

www.burmeseclassic.com

www.burmeseclassic.com

မောင်မြတ်သာ ဘိုင်စကယ်စီးထွက်သွားတော့မှ ရှေ့လှည်း စထွက်ရတော့သည်။ နေရောင်ပင် လှည်းပေါင်းမိုးပေါ် ပူခနဲကျလာခဲ့ပြီ။ မအိမ်ကံက အထုပ်ကလေးကို ပတ်ထားသည့် ကြိုးစကလေးကို ဖြည်လိုက်တော့ အထဲက ဂျပ်စက္ကူဘူးကလေး ထွက်လာသည်။ စက္ကူဘူးကို ဖွင့်လိုက်တော့ မအိမ်ကံ တအံ့တသြဖြစ်သွားရသည်။ လုံးဝန်းဖွေးဖြူသော ပုလဲလုံးကလေးများကို သီကုံးထားသည့် ပုလဲပုတီးကုံးကလေး။ ပုလဲကုံးကလေးကို လက်နှစ်ဖက်ဖြင့် ယူကာ လည်တိုင်ကလေးမှာ ဆွဲလိုက်သည်။ ပုလဲကုံးကလေးက ရှည်တော့ မလှအုံက နှစ်ကျော့ရစ်ပေးသည်။ မအိမ်ကံရင်ဘတ်ပေါ်မှာ ပုလဲပုတီးကလေးနှစ်ကုံး ဆင့်ဆွဲထားသလို ဖြစ်သွားပြီ။ မလှအုံက ဖာတောင်းထဲက သစ်သားဘောင်ကွပ် မှန်ချပ်ကလေးကို ထောင်ပြလိုက်သည့်အခါမှာတော့ မအိမ်ကံ မျက်စိထဲမှာ ရွာကွမ်းတောင်ကိုင် မမငွမ်းဖြူကို မြင်ယောင်လာမိ၏။ မမငွမ်းဖြူ၏ လည်တိုင်ကြော့ကြော့ကလေးမှာ ယီးလေးခိုနေသည့် ကျောက်ဘယက်နှစ်သွယ်တန်းကလေး၊ နို့စိမ်းရောင်အင်္ကျီ၊ ချိတ်ထဘီစိမ်းစိမ်းနှင့် ပခုံးပေါ် သိုင်းတင်ထားသော ပဝါစိမ်းကလေး၊ ပြီးတော့ ကြံဆစ်လက်ကောက်တွေ ဝတ်ထားသည့် လက်နှစ်ဖက်ထဲက ဖက်စိမ်းကွမ်းတောင်...။

"မအိမ်ကံ လှရဲ့လား မလှအုံ"

"လှပါ့တော်...ကျုပ်ညီမ မီသယ့်လူ ရှိနိုင်ပေါင်"

"မအိမ်ကံကြီးရင်လေ ..မမငွမ်းဖြူလိုပဲ ကွမ်းတောင်ကိုင်လုပ်မှာ သိလား"

မအိမ်ကံက မှန်ချပ်ကလေးထဲက သူ့မျက်နှာဝိုင်းဝိုင်းပြည့်ပြည့်ကလေးကို ကြည့်ရင်း ပြောလိုက်တော့ မလှအုံ ကိုယ်ကလေးပင် ဆတ်ခနဲဖြစ်သွားရသည်။ မအိမ်ကံကလေးက ကွမ်းတောင်ကိုင် ဖြစ်ချင်သတဲ့လား။ ဘယ်ကရတဲ့ စိတ်ကူးပါလိမ့်တော်။

အပြန်ခရီးမှာတော့ တလုတ်မြို့အဝင် ဇရပ်ကြီးမှာ ထမင်းစား ရပ်နားကြသည်။ ပွဲစားကြီး ဦးကျော်ဂေါင်အိမ်က ချက်ထည့်ပေးလိုက်သော ထမင်းဟင်းတွေမှာ ဗောင်းလန်လို့ပင် နေသည်။ ခရီးကြုံတစ်ထောက်နားကြသော ခရီးသည်တွေကိုပင် ဝေငှကျွေးမွေးရသေးသည်။ ထမင်းစားတော့လည်း ဦးသာထန်က သေနတ်အိတ်ကို လက်ကမချ တပွေ့ပွေ့နှင့်။ လှည်းတွေစုံ သလောက် လူတွေကလည်း စုံပြီကိုး။ ဓောင်ချမ်းကုန်းသူကြီးမှာ သေနတ်ရှိသတဲ့ဆိုသည့် သတင်းကလည်း ပြန့်စေချင်သည်မဟုတ်ပါလား။

မအိမ်ကံကတော့ ဇရပ်ပေါ်မှာ နားခိုနေကြသော မိသားစုတစ်စုဆီကိုသာ အာရုံရောက် နေလေသည်။ ဟောင်းနွမ်းစုတ်ပြဲနေသော အဝတ်အစား ရော်တီရော်ဖတ်ဖြင့် ကလေးသုံးယောက် မှာလည်း မျက်ဆံကလေးတွေ ချောင်လို့။ မအိမ်ကံတို့ ထမင်းစားကြတာကို ငေးကြည့်နေရှာ သော သည်မိသားစုကို ထမင်းစားရင်းက သတိထားမိသည်။ မအိမ်ကံက စားလက်စထမင်း ဇလုံကို ရေဖြင့်ဆေးပြီး ထမင်းဟင်းတွေ အမောက်ကြီးထည့်ပုံကာ သွားကျွေးတော့ မစားဝံ့ဖြစ်နေ ရှာသေးသည်။ နောက်တော့လည်း တစ်ယောက်တစ်လုတ် စလုံးစကောက် စားလိုက်ကြတာ တက်တက်စင်ပြောင်လေသည်။

"မလှအုံ ထမင်းနဲ့ဟင်း ရှိသေးသမှုတ်လား...ထပ်ထည့်ပေးလိုက်ပါဦး"

ထမင်းစားလို့ဝတော့မှ မအိမ်ကံ စကားပြောကြည့်သည်။ ဘယ်ရွာကလာလို့ ဘယ်ကို များ သွားကြမှာပါလိမ့်။ လူတွေကြည့်ရတာ ကောင်းကောင်းကျန်းမာကြပုံ မပေါ်။



"ညောင်တိုရွာက ထွက်လာကြတာ...ရွာမှာ ဆင်းရဲလွန်းလွန်းလို့ မြင်းခြံသွား အလုပ် လုပ်စားကြမလို့ပါ ကလေးမရယ်"

"ဘာအလုပ်လုပ်ကြမှာလဲတော့်"

"ဘောက်ပေါ့ ကလေးမရယ်...ခိုင်းသူရှိရင် ထမင်းတော့ စားရမှာပဲ"

"ဩော်...ဩော်"

မအိမ်ကံနားထဲတွင် အစ်ကိုမောင်မြတ်သာ ပြောလိုက်သောစကားတွေကိုသာ ပြန်ကြား ယောင်နေမိတော့၏။

"အစ်ကိုတို့ တိုင်းပြည်က ပင်ကိုသဘာဝအရ ချမ်းသာသယ် ကံကလေးရဲ့... ဒါပေသိ လူတွေကတော့ မချမ်းသာကြရှာဘူး...သည်အင်္ဂလိပ်ကောင်တွေက သွေး စုတ် ချယ်လှယ်နေကြသာကိုးကွယ့်...ဒါကိုသိသဲ့လူတွေက ဘယ်ကျေနပ်ပါ့မလဲ... မကျေနပ်လို့လည်း မကျေနပ်ကြောင်း မပြဝံ့ကြဘူး...ဆင်းရဲသဲ့လူတွေ တွေ့ရင် တတ်စွမ်းသမျှ ပေးပါ ကျွေးပါ ကံကလေးရယ်...ကုသိုလ်ရပါသယ်..."

အစ်ကိုပြောတာတွေ တကယ်ပါလားဆိုသည့်အသိကလေး ဝင်လာတော့ မအိမ်ကံ ရင်ဖိုမိရ၏။ အပြန်ခရီးမှာတော့ မအိမ်ကံ ငှက်ကလေးတွေကိုလည်း လိုက်မကြည့်ဖြစ်တော့ပါ။ ပုစဉ်းကလေးတွေကိုလည်း လိုက်မဖမ်းဖြစ်တော့ပါ။ လှည်းပေါ်မှာ ငိုက်မြည်းရင်းက အိပ်ပျော် သွားခဲ့၏။ အိပ်မက်တွေတောင် မက်လိုက်သေးသည်။ အိပ်မက်ထဲမှာ တို့ဗမာသီချင်းသံတွေကို ကြားနေရသလို ပုလဲပုတီးကုံးကလေးဆွဲကာ ပြေးလွှားဆော့ကစားနေတာတွေလည်း ပါသည်။ လှည်းတစ်ချက်အဆောင့်မှာတော့ မအိမ်ကံ အိပ်ရာက နိုးခဲ့သည်။ နေက ခေါင်ခိုက်အောင်ပူ လာတော့ နွားတွေကို သစ်ပင်ရိပ်ကောင်းကောင်းအောက်မှာ တအောင့်တဖြုတ် အနားပေးရသည်။ နွားတွေ နေပူမိလျှင် ဆီးချုပ်ဝမ်းချုပ်ကိုင်တတ်သည်။

"အဖေ အစ်ကိုပေးလိုက်သဲ့စိပ်ပုတီးကော"

"ဟေ ဘယ်ကျပါလိမ့်...စောစောက လှည်းပေါ်တက်တုန်းက ပါပါသေးသယ်"

မအိမ်ကံက အမေပန်းရုံအတွက် ပေးလိုက်သည့် ခြုံပဝါကလေးနှင့် ပုလဲပုတီးကုံး ကလေးကို မလှအုံကိုအပ်ရင်းက အဖေ့ကိုပေးလိုက်သည့်ပစ္စည်းတွေကို ဖျတ်ခနဲ လှမ်းကြည့်မိ သည်။ ပတ်ပဝါကလေးကို အဖေ့လည်ပင်းမှာ သိုင်းလျက်သားတွေ့သော်လည်း စိပ်ပုတီးကိုတော့ မတွေ့။ မအိမ်ကံ မေးလိုက်မှ ဟိုရှာသည်ရှာလုပ်နေသော ဦးသာထန်ကို ကိုဖိုးငွေက သူ့အိတ် ထဲ ထည့်ထားသည့် စိပ်ပုတီးကို ထုတ်ပြသည်။

"ဦးလေးက သေနတ် မဲနေသာကိုးဗျ...ပုတီးကျသာ ~ယ်သိပါ့မတုံး...သည်မယ် ကျုပ်သိမ်းထားပါ့ဗျာ သူကြီး စိပ်ပုတီးမလိုပါဘူးဗျာ သေနတ်ရှိ ပြီးသာပဲ . ကျုပ်ယူလိုက်ပြီ"

"အောင်မာ ခွေးသား...ယူသာ ရိုးရိုးယူသာမှုတ်ဘူး ငါ့များ သူငယ်ချင်းသားကျလို့"

ညနေစောင်းတော့ ရွာခြေလှည်းသုံးစီး ဆိုက်မိကြပြီ။ ရွာကို သူကြီးလှည်းရောက်ပြီ ဆိုကတည်းက ဆွေမျိုးသားချင်းတွေ၊ လူကြီးသူမတွေ တဖွဲဖွဲရောက်လာကာ သူကြီးရလာသည့် ပစ္စည်းတွေကို ကြည့်ကြသည်။ မအိမ်ကံကတော့ လှည်းပေါ်ကဆင်းဆင်းချင်း အမေပန်းရုံကို

www.burmeseclassic.com

www.burmeseclassic.com

ပြေးဖက်လိုက်သည်။ သုံးညတာ ခွဲခွာခဲ့ရသော အမေ့ရင်ငွေ့နွေးနွေးကလေးက တစ်လမ်းလုံး စိတ်ပင်ပန်းလာသမျှ လန်းဆန်းပြေပျောက်သွားရသည်။ အမေပန်းရုံက မောင်မြတ်သာ ကန်တော့လိုက်သော ခြုံပဝါကလေးကို ခြုံကြည့်ရင်း သမီးလည်တိုင်က ပုလဲကုံးကလေးကို ပြုံးကြည့်နေသည်။

"လူကလေး နေကောင်းရဲ့လား"

"ကောင်းသယ်အမေ...သီတင်းကျွတ်ကျရင် ရွာကို ပြန်ခဲ့မယ်သဲ့"

"ငါ့သမီး မြို့မှာ ပျော်ခဲ့ရဲ့လား"

အမေပန်းရုံက တခုတ်တရမေးတော့မှ မအိမ်ကံ ပြန်စဉ်းစားကြည့်မိသည်။ မြို့ဆိုတာ ပျော်စရာကောင်းရဲ့လား။ မအိမ်ကံ သူ့အဝတ်ဖာတောင်းကလေးထဲက ဆရာကြည်ကိုပေးဖို့ သီချင်းစာရွက်ကလေးကို သတိရသွားသည်။

"အမေ...ရွာကို ဆရာကြည်လာရင် ပေးဖို့ အစ်ကိုက စာထည့်ပေးလိုက်သယ်... ဘယ်သူမှ မပြော့နဲ့သဲ့"

"ဟောတော့်...ဘယ်သူ့မှ မပြောနဲ့လည်းဆိုသေး ..အမေ့ကို ဘာလို့ပြောသာတုံး ကဲ့"

အမေပန်းရုံကပြောတော့ မအိမ်ကံ ရှက်ရယ်ကလေးရယ်ကာ ပြေးထွက်သွားခဲ့သည်။ အိမ်ရှေ့က ဆပ်သွားဖူးပန်းရုံကြီး အပွင့်တွေခဲနေပြီ။ ဆပ်သွားဖူးပန်းတွေ ခူးပြီးတော့ မအိမ်ကံ အိမ်ကြီးပေါ်ကို တက်လာခဲ့၏။ ရင်ထဲမှာ ကျဉ်းကျပ်မှုတွေ မရှိတော့ပြီ။

အိမ်အောက်ထပ်ဆီက အဖေ့အသံ အောအောကြီးကို ကြားနေရသည်။ ခါတိုင်းထက် အသံတွေ ပိုကျယ်နေသလား အောက်မေ့ရ၏။ မနက်ဖြန်ညနေ ဝက်တစ်ကောင်ပေါ်မည်။ လူကြီးတွေဖိတ်ပြီး အိမ်မှာ ထမင်းကျွေးမည်ဆိုတာလည်း ပါသည်။ လဆန်းရက်မှာ မြင်းခြံ 'စပယ်ကြည်' အငြိမ့်ငှားပြီး ရွာကို ဧည့်ခံဦးမည်ဆိုတာလည်း ပါသည်။ အငြိမ့်ခံမည်ဆိုသည့်အသံ ကြားလိုက်ချိန်မှာတော့ မအိမ်ကံ ရင်ကလေး လှိုက်ခနဲဖိုသွားရသည်။

ရွာမှာ အငြိမ့်ပွဲ မကြည့်ရတာ ကြာပါပကော။ အငြိမ့်သံကြားတော့ ဆပ်သွားဖူးပန်းကလေးတွေ ပစ်ချကာ အောက်ထပ်ကို ဒုန်းဆင်းလာခဲ့သည်။ လှေကားဆံတွေပေါ် သံဖြင့်ရိုက်ထားသော ငွေဒင်္ဂါးပြားကြီးတွေပင် လွင့်စင်ကုန်မလား မှတ်ရသည်။

■

(၇)

မအိမ်ကံ မြင်းခြံက ပြန်လာပြီးကတည်းက အိမ်ကြီးမှာလည်း တလှုပ်လှုပ်ရှိနေခဲ့ပါသည်။ သူကြီး ဦးသာထန် မြင်းခြံက သေနတ်ဆုရလာသည် ဆိုသည့်သတင်းက အတော်မွှေးနေလေပြီ။ ဓောင်ချမ်းကုန်းမှာ အငြိမ့်ပွဲ ပါမတဲ့ဆိုသည့်သတင်းကလည်း ဟိုးဟိုးကျော်လှပါ၏။ ရွာတွေဆိုတော့ တစ်နှစ်တစ်ခါ ရွာဘုရားပွဲ၊ ဆွမ်းကြီးလောင်းပွဲဖြစ်ဦးတော့ အငြိမ့်တို့ ဇာတ်တို့ ဆိုတာ ပါဖို့မသေချာ။ ဘုန်းကြီးပျံပွဲတွေမှာတော့ မထည့်မဖြစ် ထည့်လေ့ရှိကြသည်ဆိုသော်လည်း မျှော်ကောင်းသောအရာမဟုတ်။ တစ်ရွာမှာ ပွဲရှိသတဲ့၊ ဇာတ်ရှိသတဲ့ဆိုလျှင် ရွာပေါင်းစုံက လှည်းတပ်ကြီးတွေ ဖုန်တထောင်းထောင်းရောက်လာတတ်ကြသည်။ တချို့များ ပွဲရက်မတိုင်ခင် လေးငါးရက်ကတည်းက စားအိုးစားခွက်၊ နွားစာ ပြောင်းရိုးပါမကျန်အောင် သယ်ယူလာကြကာ ပွဲခင်းစပ်မှာ မီးခိုးတလူလူရှိတတ်ကြသည်။ ဘုန်းကြီးပျံပွဲ မရှိလို့ကတော့ ရွာမှာ ပွဲကြည့်ရဖို့ မသေချာပါ။

အခုလည်း သူကြီး ဦးသာထန် သေနတ်ဆုရတာကို ဝမ်းသာရကောင်းမှန်းလည်း မသိ၊ ဂုဏ်ယူရမှန်းလည်း နားမလည်။ ပွဲကြည့်ဖို့သာ အားခဲကြသူတွေဖြစ်သည်။ ဓောင်ချမ်းကုန်း ရွာတင်မက နရန်းရွာတွေကပါ လာကြမှာဆိုတော့ တစ်နယ်လုံး တလှုပ်လှုပ် တရွရွဖြစ်နေကြပြီ။

"ဓောင်ချမ်းကုန်းသူကြီး သေနတ်ဆုရသာ ဘယ်လိုကြောင့်တုံး ဆရာကြည်ရဲ့... ကျုပ်တို့ရွာတစ်ကြောမယ် သူကြီးတွေ မှိုကျင်းပွင့်သလို များသယ့်ဟာ...သူ့ကျမှ ဘယ့်နှာရသာသဲ့တုံး"

ရွာသားတချို့က အရိုးခံမေးကြခြင်းဖြစ်သည်။ ဆေးဆရာ ဆရာကြည်က အကျိုးနှင့် အကြောင်းနှင့် ရှင်းပြတတ်သူဆိုတော့ ရင်ထဲ မရှင်းတာရှိလျှင် သည်လိုပဲ မေးနေကျဖြစ်သည်။ ဆရာကြည်က ဆေးဆရာဆိုတော့ အနယ်နယ်ကို အပင့်အကြွသွားရတာ များသည်။ ကြားလာသမျှ သတင်းတွေ ရွာမှာ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး ဖြန့်တတ်သည်။ အင်္ဂလိပ်မုန်းတီးရေး တရားတွေဆိုတော့ လူတိုင်းတော့ ပြောလို့မဖြစ်ပါ။

"အင်္ဂလိပ်ဆိုသာ တိုင်းတစ်ပါးသားတွေပဲကွ...လက်နက်ဆိုလို့ အပ်တိုတစ်ချောင်း ကိုင်ရင်တောင် သူပုန်သတ်မှတ်ချင်သာကွာ...သေနတ်ကြီးတစ်လက် ဆုချသည်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်လွန်းလို့ပေါ့ကွ…သည်သေနတ်နဲ့ သူတို့ကို ရန်မလုပ်ဘူးလို့ ယုံကြည်လို့ပေါ့…သူ့ကျမှ ဘာလို့ရသာတုံးဆိုတော့ အင်္ဂလိပ်က သူ့ကို သဘောကျလို့ပေါ့"

"သူကြီးသေနတ်က တကယ်ပစ်လို့ရလို့လား ဆရာကြည်ရဲ့…ကျည်ဆံထွက်ကဲ့ လား"

တစ်ယောက်က မရှင်းတာကို ထည့်မေးသည်။ ဆရာကြည်က ရယ်၏။ ဆရာကြည် ရယ်သည့်အခါ နှုတ်ခမ်းမွေးကြီးတွေ ကော့တက်သွားတတ်သည်။ အသားဖြူဖြူ သျှောင်တွဲကလေးနှင့် ဖျင်ကြမ်းအင်္ကျီ လည်ကတုံးလက်ရှည်ကြီးကို နွမ်းနွမ်းမိုးမိုး ချွတ်သည်မရှိ။ သည့်အတွက်လည်း ဗမာအင်္ဂါရပ် ပီသသူ၊ ဗမာ့ဆေးဆရာ သမားရပ်ရှိသူအဖြစ် အားလုံးက လက်ခံကြသည်။ နိုင်ငံရေးနှင့်ပတ်သက်လို့တော့ အင်္ဂလိပ်ကို ရွံမုန်းလှသူဖြစ်သည်။

"ကျည်ဆံပါ ပေးသာပေါ့ကွ…အရေးအကြောင်းဆိုရင် လက်ပါးစေ သူကြီးတွေရဲ့အားကို လိုချင်လို့ ပေးသာပေါ့…တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသာလို ဆုလည်းပေး လူယုံလည်းမွေးထားသာကွ ..မယုံရင် မင်း သူပုန်ထကြည့်ပါလား .."

"ဘယ်လိုပဲဖြစ်ဖြစ်ဗျာ…ရွာကတော့ သည်သေနတ်ကြောင့် ပွဲကြည့်ရသာပေါ့ ဆရာကြည်ရဲ့"

"မင်းတို့က ကြည့်ချင်ပွဲလောက် စိတ်ရောက်ကြသာကိုးကွ…သည်သေနတ်က တစ်နေ့ထပေါက်မှာကျ မမြင်ကြဘဲ"

ဝါဆို ဝါခေါင် တော်သလင်း သုံးလစလုံး ဦးသာထန်အိမ်မှာ လူအဝင်များလှသည်။ ညဥ့်အိပ်ညဥ့်နေ ဧည့်တွေလည်း များသည်။ အိုးကြီးချက်ပြုံ ချက်ပြုတ်နေကြရတာကပင် ထင်းခေါင်းချင်းဆိုင်ရလှပြီ။ ပွဲရက်ကို ဦးသာထန်ရော ဒေါ်ပန်းရုံပါ ရွာကျောင်းဆရာတော်နှင့် ကြိုတွက်ကာ ရွေးထားခဲ့ကြသည်။ တော်သလင်းလပြည့်ကျော် ၄ ရက်။ စနေနေ့။

"မြတောင် တော်သလင်းဆိုတော့ ကြာသပတေးနဲ့ စနေက အညွန့်ရက်…ရက်ရာဇာရက်များ ကျသယ်…မိုးလေမကျရင်တော့ လုပ်နိုင်ပါရဲ့ ..ခေတ်အခါလည်း ထည့်တွက်ကြပေါ့ကွာ…"

ဆရာတော်ကတော့ သည်လောက်ပဲ မိန့်လိုက်ခြင်းဖြစ်သည်။ ရက်ရာဇာရွေးတာကို သာမန်တောသူတောင်သားတွေလည်း လက်ာသွားအရ သိကြပြီးသား။ သို့သော် ဆရာတော်ကို လျှောက်ထား၊ ရက်ယူကြခြင်းသည် ရွာ့အစဉ်အလာဖြစ်သည်။ ဆရာတော်ဘုရားကိုယ်တိုင် ပေးသည့်ရက်ကို လိုချင်ကြ၍ဖြစ်ပါသည်။ တန်ခူးသာကျော်၊ ထွန်းပေါ်ကဆုန်၊ နယုန်ညွန့်စ၊ အောင်လှဝါဆို၊ သာလိုဝါခေါင်၊ မြတောင် တော်သလင်း ..။

မျှော်လင့်ထားသည့်အတိုင်းပင် ဦးသာထန်တို့ခြံဝင်းကြီးရှေ့က မြေကွက်လပ်ကြီးမှာ လှည်းတွေ ရာနှင့်ချီကာ ရောက်နေကြပြီ။ လှည်းတွေအားလုံး အငြိမ့်စင်ကို ခေါင်းထိုးကာ ရပ်ထားကြတော့ လှည်းပေါ်ကနေ ပွဲကြည့်နိုင်ကြသည်။ နွားတွေကတော့ လှည်းတန်းကြီးနှင့် မနီးမဝေးမှာ ချွတ်ထားကြ၏။ လှည်းတွေဘေးမှ မြေစိုင်ခဲကျစ်ကျစ် သုံးလုံးဆိုင်ကာ ဝါးယောင်းထင်းခြောက် တစ်ပွေ့စာဖြင့် ချက်ပြုတ်နေကြသည့် အဝေးပွဲကြည့်တွေ များလှသည်။ မအိမ်ကံက အိမ်ရှေ့မှာ ရောက်နေသော လှည်းတပ်ကြီးကိုကြည့်ကာ အခုကတည်းက ပျော်လှပြီ။ လှည်းတွေကြား တိုးခွေ့ဝင်ကာ ချက်ပြုတ်နေကြတာတွေကို လိုက်ကြည့်တတ်သည်။ ရပ်ရှည်စင်စင်၊



မျက်နှာကလေး ကြည်ကြည်လင်လင်၊ ဝတ်စားဆင်ယင်ပုံ သန့်သန့်ပြန့်ပြန့်ကလေးဆိုတော့ မအိမ်ကံကို သူကြီးသမီးမှန်း သိကြသူတွေ များသည်။

"ဘာတွေချက်နေသာတုံး ကြီးတော်ရဲ့"

"ငရုတ်သီးငပိစပ်ချဉ်ချက်ကလေးပါအေ…ပွဲကြည့်ရင်းစားဖို့ ချက်သာ"

"ဘယ်ရွာကလှည်းတုံးတော့"

"ကြက်တငိုက လာကြသာ"

"အများကြီးလား…ဘယ်နှစီးတောင်တုံး"

"ရှိမပေါ့…အစီးနှစ်ဆယ်အစိတ်တော့"

ဒယ်ပါးပါးထဲက တဗျစ်ဗျစ်မြည်နေသည့် ငါးပိ၊ ခရမ်းချဉ်သီး၊ ငရုတ်သီးလှိမ့်ချက်က စားချင့်စဖွယ်။ နောက်တစ်လှည်းကိုကူးတော့ ထမင်းအိုးကို မီးကျီးရဲရဲမှာ လှည့်ကာ လှည့်ကာ နှပ်နေသည်။ အိုးကြီးက ကြီးပါဘိခြင်း။

"ဘယ်နှလုံးချက်တုံး အရီးရဲ့"

"နှစ်ခွက်ချက်ရယ်"

ကွင်းလုံးနှံ့အောင် မအိမ်ကံ တစ်လှည်းချင်းလိုက်ကြည့်သည်။ ဟင်းတွေက အမျိုးမျိုး။ တောထမင်း တောဟင်း အမယ်ပေါင်းစုံက မွှေးလှကြိုင်လှပါဘိ။ လှည်းတွေ တစ်အုပ်ကြီးဆီက မီးခိုးတွေ အူအူထနေတာကလည်း ကြည့်လို့တစ်မျိုးကောင်းနေသည်။ တချို့က လှည်းအောက်မှာ အိပ်ကြလို့။ တချို့က လှည်းပေါ်မှာ။ တချို့က တန်းကြီးဆက်ကာ သန်းရှာနေကြသည်။ ပွဲခင်းထဲမှာ ဖျာနေရာဦးကြသူတွေကြောင့် စီစီညံနေသည်။ ရွာပေါင်းစုံက လူတွေတစ်အုပ်ကြီးဆိုသော်လည်း လူနေလူထိုင် အသွင်အပြင်တွေကတော့ သိပ်မကွာလှပါ။ ယောကျ်ားတွေက သျှောင်တွဲဆံထုံးကြီးတွေနှင့် ဖျင်ပုဆိုး ခေါင်းပေါင်းကြီးတွေနှင့်။ တချို့ဆို အင်္ကျီမပါ ကျောပြောင်ကြီးတွေနှင့်ဖြစ်သည်။ မိန်းမတွေကလည်း ရက်ကန်ထည် အကွက်မပေါ် ထဘီခါးချပ်ကြီးတွေ ဖိုသီဖတ်သီနှင့်။ မအိမ်ကံ ခေါင်းထဲတွင် အစ်ကိုပြောလိုက်သောစကား ပေါ်လာသည်။

"အစ်ကိုတို့တိုင်းပြည်က ချမ်းသာသယ် ကံကလေးရဲ့…ဒါပေမဲ့ လူတွေကတော့ ဆင်းရဲရှာကြသယ်"

လှည်းတပ်ကြီးကို တစ်ပတ်ပတ်ပြီးတော့ အငြိမ့်စင်ကလေးဘက် မအိမ်ကံ ထွက်ခဲ့သည်။ ထန်းပင်တွေကို ရင်ခေါင်းလောက်ဖြတ်ကာ မြေထဲစိုက်လိုက်တော့ ခါးစောင်းလောက် အမြင့်ရသည်။ ထန်းတုံးတွေပေါ်မှာ တန်းပစ်ကာ ကပ်ကြမ်းဆင့်သည်။ သူ့အပေါ်ကမှ ဖျာကြမ်းကြီးတွေ ခင်းကြသည်။ တိုင်လေးတိုင်စိုက်၊ တိုင်ချင်း တန်းပစ်၊ ချုပ်လိုက်တော့ အငြိမ့်စင်ကြီး ဖြစ်သွားသည်။ ဒါကို မအိမ်ကံက အံ့သြရသည်။ မင်းသမီးတွေ က,ဖို့ စင်ကြီးဖြစ်သွားတာကို သူ့မျက်စိအောက်မှာပဲ တဖြည်းဖြည်းချင်း မြင်ရသည်ကိုပင် မယုံနိုင်အောင် ဖြစ်နေသည်။

မြင်းခြံ စပယ်ကြည်အငြိမ့်က မအိမ်ကံတို့အိမ်ကို လှည်းငါးစီး ခြောက်စီးတိုက်နှင့် တစ်ရက်ကြိုရောက်လာကြခြင်းဖြစ်သည်။ ဆိုင်းလှည်း နှစ်လှည်းမှာ ဆိုင်းဆရာတွေ ပါလာခဲ့သည်။ မင်းသမီး စပယ်ကြည်ကို တိုးဝှေ့ကြည့်ကြသူတွေ မနည်းပါ။ မျက်ခုံးက သေးသေးကွေးကွေးကလေးတွေ။ ဖြန့်ယပ်တောင်ကလေးကို ဆုပ်ကာ ဖြန့်ကာလုပ်ရင်း ပရိသတ်ကို ပြုံးပြ

www.burmeseclassic.com

www.burmeseclassic.com



တာကပင် မင်းသမီးဟန် ပါလှပါသည်။ အခြားမင်းသမီးကလေးတွေလည်း နှစ်လက် သုံးလက် ပါသေးသည်။ အဖေ့ကို ဆိုင်းတစ်ပွဲ စင်တစ်ပွဲ ကန်တော့ပွဲတောင်းတာကအစ မအိမ်ကံ ထောင့်စေ့အောင်ကြည့်သည်။ အိမ်အပေါ်ထပ်မှာ လှည်းကျင်းသန့်စင်ကာ သင်ဖျာချောကြီးတွေ ခင်းပေးထားသည်။ ရေနွေး၊ သရက်ချဉ်နှင့် ရောသုပ်ထားသည့် သရက်ချဉ်လက်ဖက်၊ မြေပဲ ထန်းလျက်ကြော်၊ မုန့်ဆီကြော်တွေကအစ မြင်းခြံက မှာယူထားသည့် သနပ်ဖက်လိပ်များ၊ ရွာလက်ရာ ဖက်ဖြူလိပ်ကြီးများအဆုံး လိုလေသေးမရှိ။ မအိမ်ကံကတော့ ကလေးပီပီ မင်းသမီး စပယ်ကြည်အနားက မခွာ။ အမေပန်းရုံက မအိမ်ကံကို ပုတ်ပြရင်း ပြောလိုက်သည်။

"ဒါ သမီးလေ…မအိမ်ကံ သဲ့"

"ဩော်…ဩော်…မအိမ်ကံတဲ့…လှလိုက်တဲ့နာမည်…က,မလား သင်ပေးမယ်လေ"

အမေပန်းရုံ ဆင်းသွားတော့ မအိမ်ကံ လိုက်မသွားပါ။ မင်းသမီးဘေးမှာ ငုတ်တုတ်။ မင်းသမီးက က,ချင်ရင် သင်ပေးမယ်ဆိုတော့ မအိမ်ကံ ရှက်လို့ပင်သွားခဲ့သည်။ က,တော့ က,တတ်ချင်သားပဲ။ လူရှေ့သူရှေ့တော့ မကဝံ့ပေါင်။ အိမ်အပေါ်ထပ်မှာ ဆိုင်းဆရာ၏ ဝါးပတ္တလားနှင့် သီချင်းတိုက်ကြတော့လည်း မအိမ်ကံမှာ ထမင်းမေ့ ဟင်းမေ့။ မင်းသမီးက အသံကောင်းလိုက်တာ။ ပတ္တလားဆရာကြီးကိုတော့ မင်းသမီးက ကြောက်ရပုံပေါ်သည်။ တစ်ခါတစ်ခါ ငေါက်လိုက်လျှင် မအိမ်ကံပင် ကိုယ်ကလေး ဆတ်ခနဲ တုန်သွားမိပါ၏။

"နင့်မလဲ အလုပ်ထဲ စိတ်မရှိဘူး…ဒုန်းပြေးချင်တော့သာကိုး…နွေလယ်ခေါင် x x နွေလယ်ခေါင် x x …ဆိုတာ ခပ်လေးလေးဝင်…ပြန်ဆို"

*"စဉ်းစားပြန်တော့ အနေမချောင် x x (နွေလယ်ခေါင် x x နွေလယ်ခေါင်) x x ဆင်ပြောင်နှစ်သလိုပ x x အချစ်ဝင်တဲ့အပျိုရယ် x x အကြိုက်ဝင်တဲ့အပျိုရယ် x x တကယ့်ကို x x ဩော် တကယ့်ကို တူတယ်မောင်ရယ် x x မလွတ်နိုင်ပေါင်ရှင် x x ဘယ်လိုပင် ရှန်းရှာတော့ x x ကိုယ်သာချူးတယ် မှန်းဖွယ် x x သည်အချစ် မောင်ရယ် x x"*

"ဟုတ်ပြီ…ဟုတ်ပြီ ခေါင်းထဲ အသေမှတ်"

"ဟုတ်ကဲ့ပါ ဆရာ"

ထိုညက အငြိမ့်က,မည့်ညမဟုတ်သည့်အတွက် သီချင်းတွေကို ညနေစောင်းသည်အထိ တိုက်ကြသည်။ မအိမ်ကံက ပတ္တလားကြီးဘေးမှာ ပုံ့ပုံ့ကလေး။ သီချင်းတွေ အခေါက်ခေါက် တိုက်နေကြတာဆိုတော့ မအိမ်ကံပင် အလွတ်ရပြီ။ သီချင်းတိုက်တာကို မအိမ်ကံ မြင်ဖူး ကြားဖူးတာ နှစ်ခါရှိပြီ။ တစ်ခါက မြင်းခြံမှာ အစ်ကို မောင်မြတ်သာတို့ သီချင်းတိုက်တာ ကြုံဖူးသည်။ အဲသည်အခါက သီချင်းကြောင့်ပဲလားတော့ မသိပါ။ မအိမ်ကံမှာ ကျောချမ်း သလိုလို ပျော်သလိုလို ခံစားရသည်။ အခုတစ်ခါ သည်အိမ်ကြီးပေါ်မှာ မင်းသမီး သီချင်း တိုက်တာ ကြားဖူးရပြန်ပြီ။ သည်မင်းသမီးဆိုတဲ့သီချင်းကတော့ လွမ်းစရာလိုလို ဘာလိုလို။ သီချင်း၏အဓိပ္ပာယ်ကို မအိမ်ကံ မသိပါ။ ဆိုသည့်အသံက ပတ္တလားသံကလေးနှင့်ဆိုတော့ ရင်ထဲ သနားကရုဏာ ဖြစ်ရတာကတော့ အမှန်ပင်။

သီချင်းတိုက်လို့ ပြီးကြတော့ မင်းသမီးက ပတ္တလားဆရာကြီးကို ရိုရိုသေသေ ဦးချကန်တော့သည်။ ဆိုင်းဆရာကြီးက ပတ္တလားကို ထားခဲ့ကာ အိမ်ပေါ်က ဆင်းသွားတော့



မင်းသမီးကလည်း အတွင်းခန်း မိန်းမဖော်တွေရှိရာဘက်ကို ကူးသွားသည်။ မအိမ်ကံက ပတ္တလားလက်ခတ်ဘုတွေ ကောက်ကိုင်ကာ တစ်လုံးချင်း ခေါက်ကြည့်သည်။ ထွက်လာသည့် အသံတွေကို မအိမ်ကံ သဘောကျသည်။

"ဟဲ့ ဟဲ့ သမီးရဲ့ မလုပ်ရဘူး…လာ လာ သမီး…မမတို့ အေးအေးသက်သာ နေကြပါစီ"

"မအိမ်ကံ မင်းသမီးလုပ်ချင်သယ်အမေ…မင်းသမီးသီချင်း မအိမ်ကံ ရပြီ"

"အလိုတော်…မကြံကြီးမစည်ရာ…လွယ်မှတ်လို့လား မအိမ်ကံရဲ့…ကဲပါ…ဆင်း ဆင်း"

အမေဇွတ်ခေါ်လို့သာ ဆင်းခဲ့ရသော်လည်း သီချင်းတိုက်ဦးမည်ထင်လို့ မအိမ်ကံ မဆင်းချင်သေး။ ပတ္တလားတစ်ရွက်ကို ဒေါင်ခနဲ ခေါက်ဖြစ်အောင် ခေါက်ခဲ့ပါသေးသည်။ လှေကားကဆင်းတော့ သီချင်းညည်းရင်း ဆင်းလာခဲ့၏။ မင်းသမီး အခေါက်ခေါက်အခါခါ တိုက်ခဲ့သည့်သီချင်း။

*"မြင်းစီးလို့လာပါသယ် x x မင်းသမီးကို ယူမလို့တဲ့ x x လှပျိုမောင်ရယ် x x စပယ်ကြည်တွေ့အောင် ကြွခဲ့ပါ x x ဩော် ကျွန်မရှိရာအဆောင် x x မတိုပေါင် ပေးမယ်ရှင် အပျိုက သဘောကျသလိုပ x x ကိုကိုက သုံးဆောင် x x"*

လှေကားအောက်ဆုံးအထစ်ကို ရောက်နေပြီဖြစ်သည့် အမေပန်းရုံက မအိမ်ကံ လှေကားက ဆိုရင်းညည်းရင်း ဆင်းလာသည်ကို စောင့်ရင်း သီချင်းစာသားကို ကြားသွားတော့ မျက်လုံးပြူးပြသည်။ သမီးကို ပြုံး၍လည်း ကြည့်သည်။

"အမေ့သမီးက အတတ်ကြီးပါကော…သမီး ငယ်သေးသယ်…ဒါမျိုး မဆိုရဘူး… ဒါက အပျိုတွေမှ ဆိုရသာအေ့…ကိုင်း ရေချိုးချေ ထမင်းစားရအောင်"

"မအိမ်ကံ မမတို့နဲ့စားမှာနော် အမေ"

"ကိုင်းပါအေ…စားပါ စားပါ…ရေချိုးလိုက်ဦးသမီးရဲ့"

မအိမ်ကံကို မလှအုံက ရေလိုက်ချိုးပေးသည်။ မအိမ်ကံတို့ရွာတွင် ရေတွင်းဆိုလို့ ရွာအရှေ့မှာ တစ်တွင်း၊ သူကြီးအိမ်မှာ တစ်တွင်း ဒါပဲရှိသည်။ ရွာဦးဆရာတော် ကျောင်းဝင်း ကြီးထဲက မိုးရေကန်ကြီးကတော့ သောက်ရေကန်ဖြစ်၍ ရေချိုးရေခပ်ဆိုလျှင် ရွာအရှေ့တွင်းကို သွားကြရတာ များသည်။ ပွဲရက်ဆိုတော့ မအိမ်ကံတို့ရေတွင်းမှာလည်း လူတွေအပြည့်။ မအိမ်ကံ က ရေချိုးရင်း အငြိမ့်သီချင်းဆိုတော့ မလှအုံပင် အံ့သြရသည်။

မနက်ဖြန် ပွဲည။ အကြိုညကတည်းက မအိမ်ကံတို့အိမ်မှာ စည်လိုက်သည့်ဖြစ်ခြင်း။

ရေမိုးချိုးပြီးတော့ မအိမ်ကံ အိမ်အပေါ်ထပ်ကို အသာတက်လာခဲ့ပြန်သည်။ မင်းသမီး တွေ နေသည့်အခန်းဘက်ဆီက ဘာသံမျှ မကြားရဘဲ ငြိမ်နေသည်။ တစ်မှေးမှေးကြပုံရပါ၏။ လှည်းကွင်းဘက်ကို မအိမ်ကံ လှမ်းကြည့်လိုက်သည်။ နေဝင်သွားပြီဆိုတော့ လှည်းကွင်းဆီက ချက်ပြုတ်နေကြသည့် ထမင်းမီး ဟင်းမီးအရောင်တွေကို တရဲရဲမြင်နေရသည်။ အိမ်ကြီးပေါ်မှာ ထွန်းပေးဖို့ အောက်လင်းဓာတ်မီး ထွန်းလက်စကို တစ်ဖက်ကဆွဲရင်း ကိုဖိုးငွေ လှေကားက တက်လာခဲ့၏။ ကိုဖိုးငွေက အောက်လင်းဓာတ်မီးကို တန်းမှာ ချိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုဖိုးငွေ…အစ်ကို မြင်းခြံက ပြန်မရောက်လာသေးဘူးနော်"

"မရောက်သေးပေါင်ဟာ…နင့်အဖေလည်း တမျှော်မျှော်နဲ့…ဟုတ်သယ်ဟာ… မောင်မြတ်သာ ကနေ့တော့ လာဖို့ကောင်းပြီ"

အောက်လင်းမီးရောင်က ဝင်းစက်နေသည်။ ဝိုင်းတိုက်ထဲမှာ နှစ်လုံးထွန်းထားတော့ အပ်ကျတာကိုပင် မြင်ရလောက်ပါ၏။ ဟုတ်သားပဲ။ အစ်ကို ဘာဖြစ်လို့ သည်ရက်တွေထဲ မလာသေးတာပါလိမ့်…။ အစ်ကိုဆိုမှ မအိမ်ကံ သတိရတော့သည်။ ကြည်တော်ကုန်းက ဆရာကြည့်ကို မအိမ်ကံ သီချင်းစာရွက် ပေးရဦးမှာပါလား။ ဆရာကြည် သည်ပွဲကို လာမှာတော့ သေချာလောက်ပါသည်။ သီချင်းစာရွက် ပျောက်လို့မဖြစ်။ သူသိမ်းထားသည့်နေရာမှာမှ ရှိသေးရဲ့လား။ မအိမ်ကံ လေ့ကားက ပြေးဆင်းလာခဲ့၏။

■

ပွဲညမှာ သူကြီး ဦးသာထန် လူလုံးပြလွန်းလှသည်။ တစ်နေ့လုံး အရက်သောက်ထားသည့် အရှိန်ကြောင့် မျက်နှာ အဆီပြန်ကြီးနှင့်ဖြစ်၏။ မျက်နှာပိုးက မသေချာ။ အသံတွေ တဟေးဟေး ပေးလားပေး၏။ ဆုချလား ချပြန်၏။ တစ်ပုဒ်ဆိုပါဦး၊ တစ်ပုဒ်ကပါဦး အော်လားအော်၏။ ဒေါ်ပန်းရုံကတော့ လင်တော်မောင် သူကြီးကိုကြည့်ကာ ဝမ်းသာနေလေသည်။ ပြောသာပြောရတာ၊ ရွာအပေါ် ရပ်အပေါ်၊ မအိမ်ကံတို့သားအမိအပေါ် ကောင်းရှာသူဖြစ်သည်။ အိမ်မှာ ထိပ်တုံးကြီး ချထားသော်လည်း ဘယ်သူ့ခြေထောက်မှ မစွပ်ရသေး။ ဆိုးသွမ်းလွန်းသူ၊ ကလန်ကဆန်ရှိသူတွေကို ရှောင်ခိုင်းထားတတ်သည်။ ကယ်လို့ မ,လို့ မရသည့် အမှုအခင်းကလွဲလို့ ညှာတာရှာပါ၏။

ပွဲမထွက်ခင်ကတည်းက လေသာဆောင်မှာ မီးကြီး ထိန်ထိန်ထွန်းကာ လက်တင်ကျွန်းသားကုလားထိုင်ကြီးပေါ်မှာ ဦးသာထန် အကျအနထိုင်သည်။ လေသာဆောင်ပေါ်မှာ ဆယ့်နှစ်ရွာသူကြီးတွေပါ ဖိတ်ကြားထားကာ အရက်၊ ပိုလို၊ အမဲဟင်းလျာ လိုလေသေးမရှိ ချက်ပြုတ်ကြော်လှော်ဧည့်ခံသည်။ မြင်းခြံမြို့မှ ပုလိပ်နှစ်ယောက်ကိုပါ ခေါ်ထားခဲ့သည်။ ဗြောင်းသခင် မလာသော်လည်း မြို့က အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူတချို့လည်း လာကြသည်။

"ပန်းရုံ…မောင်မြတ်သာ ရောက်မလာသေးတာကလွဲရင် ငါ့ပွဲက စည်သားပဲကွ… ငါ့သား ဘယ့်နှယ်ဖြစ်နေပါလိမ့်မလဲနော်"

ဒေါ်ပန်းရုံ အပေါ်ထပ် လေသာဆောင်ကို တက်လာကာ ဆေးလိပ်ပွဲ လက်ဖက်ပွဲလာဖြည့်ချိန်မှာ ဦးသာထန်က ညည်းလိုက်ခြင်းဖြစ်သည်။ ဒေါ်ပန်းရုံက မောင်မြတ်သာကို အကြိုသွားသည့် ဖိုးငွေလည်း ပြန်ရောက်မလာသေးကြောင်းလောက်သာ ဖြေခဲ့သည်။ လူစိမ်းဧည့်တွေ ရှိသေးတာမဟုတ်လား။ ဒေါ်ပန်းရုံကိုယ်တိုင်ကလည်း ဝမ်းမနာသားကို မျှော်နေခဲ့သည်။ ဖအေ့ပွဲကို မလာတာကတော့ သားတစ်ယောက်အနေနှင့် ရုပ်ဆိုးသည်ဟု ထင်သည်။ ဖအေ့ပွဲ မလာဘူးဆိုသည့်စကားက အများကြားတော့လည်း ကောင်းနိုင်တာမဟုတ်။ သို့သော် ဒေါ်ပန်းရုံက သည်ကိစ္စကို အလေးအနက်ပြောနေလျှင် ဦးသာထန်က ပိုဆိုးလာတော့မည်။ သားအပေါ် ဒေါသ ပါလာနိုင်သည်။

မောင်မြတ်သာ မလာလို့ မျှော်ရသူတွေထဲမှာ နမဖြစ်သူ မအိမ်ကံလည်း ပါပါ၏။ သည်လိုနေ့မှာ အစ်ကိုရှိလျှင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲ။ အမေက "ညည်း



အစ်ကို ရည်းစားရှိလို့ မလာသာနေမှာပေါ့" လို့ ပြောတုန်းက မအိမ်ကံ အစ်ကို့ကို စိတ်ခုမိသေးသည်။ ရည်းစားဆိုသည့်စကားကို ကောင်းကောင်းနားမလည်သော်လည်း အခြားတစ်ပါး မိန်းမသားကို ချစ်ခြင်းဆိုတာလောက်တော့ သိပါ၏။ အစ်ကို့မှာ သည်ဖအေ၊ သည်မအေ၊ သည်နှမထက် ပိုချစ်ရသူ ရှိသေးလို့လား။ သည်စကားကြောင့် မအိမ်ကံ ဝမ်းနည်းရသည်။ ကိုဖိုးငွေကို မြင်းခြံအရောက် နေ့ချင်းပြန် သွားခေါ်ခိုင်းလိုက်သည်ဆိုတော့ ပါချင်လည်း ပါလာနိုင်သည်။ နေ့ချင်းပြန်ဆိုတော့ မိုးချုပ်ချင်ချုပ်နိုင်တာပေါ့။ သို့သော် မင်းသမီးထွက်ချိန်အထိ လှည်းပြန်မရောက်သေး။ လှည်းပြန်ရောက်လာတော့လည်း မောင်မြတ်သာ ပါမလာပါ။

"ဘာသဲ့တုံးကွ"

"သည်နှစ် ဖြေရမယ့်စာမေးပွဲက အရေးကြီးသယ် ဆိုမှတ်သာပဲ…စာပျက်မှာ စိုးလို့ ဆိုလား ဦးလေးရဲ့…စာတွေလည်း ကျက်နေသယ် ပြောသလားလို့ပဲ…ပြီးတော့ ဟိုဒင်းဆိုလား…"

"မင်းအမေလင် ဆိုလားတွေချည်းပဲ…ဘာမှ ရေရေရာရာမရှိဘူး…သွား သွား လူကောင် တွေ့ခဲ့ရက်နဲ့ ပါအောင်ခေါ်မလာဘူး…မင်းနော်"

"ဦးလေးသားက ဦးလေးလိုပဲ ပြောရသာ တယ်မကောင်းချင်ဘူး"

"ဟာ ဒီကောင်"

ကိုဖိုးငွေက တောသားပီပီ ရင်ထဲရှိတာ ပြောလိုက်ခြင်းဖြစ်သည်။ ပြောတတ်သလို ပြောတာဆိုတော့ စိတ်ဆိုးရခက်သည်။ ပွဲကြီး ဘယ်လောက်ပဲ စည်ကား စည်ကား သားမလာတာကိုတော့ ဦးသာထန်ရော၊ ဒေါ်ပန်းရုံပါ စိတ်မကောင်းကြ။ မအိမ်ကံကတော့ နှုတ်ခမ်းကလေးစူကာ ရင်ထဲ တလိပ်လိပ်တက်လာအောင် စိတ်ခုနေရှာသည်။ သည်အချိန်မှာ မနေ့ညနေဘက်က တိုက်သည့် 'မိုးကျမောင်' သီချင်းကို မင်းသမီးက ဆိုလိုက်တော့ အစ်ကို့ကို စိတ်ဆိုးတာ ခဏတော့ ပြေပျောက်သွားခဲ့ပါ၏။

အငြိမ့်ပွဲကို အိမ်ကြီးအပေါ်ထပ်ကနေ ကြည့်ကြသည်ဆိုသော်လည်း အဖေဖြစ်သူ ဦးသာထန်တို့နှင့် အတူကြည့်တာတော့မဟုတ်။ မအိမ်ကံက တစ်နေရာဖြစ်သည်။ ပွဲညက မအိမ်ကံ ဖဲပြောင် ကြက်တူရွေးစိမ်းကလေး ဝတ်ထားသည်။ မျက်နှာမှာ မျက်နှာချေတွေ ဖွေးနေအောင် လိမ်းထားကာ ပါးနီကလေး ရဲနေအောင် ဆိုးထားတော့ ဇာတ်ခုံပေါ်က မင်းသမီး စပယ်ကြည်နှင့်ပင် တူသလိုလို။ ခေါင်းမှာ ရွှေကတော့ကလေး စွပ်ထားတော့ ရေးက နန်းတွင်းသူကလေးနှင့် ဆင်ပြန်ပါ၏။ ကတ္တီပါ သုံးမြှောင့်ခြုံထည်ကလေး ခြုံလိုက်တော့ တကယ့်အပျိုကြီးတစ်ယောက်လို ဟန်ပါလှပါသည်။ အမေပန်းရုံခများမှာတော့ ပွဲကောင်းကောင်း ကြည့်ရသည်မရှိရှာပါ။ မလှအုံလည်း မနားရ။ လူပြက်တွေ ပြက်လုံးထုတ်တော့ ပွဲကြည့်သူတွေက တအုံးအုံးရယ်ကြတာ အတောမသတ်နိုင်။

"ပါတူ ရေ"

"ဟေ လကွာ"

"သည်ပွဲက ဘာပွဲတုံးဟ"

"ဟ…တို့ရွာက ဆယ့်နှစ်ရွာအုပ်သူကြီးမင်း ဦးသာထန် နှစ်လုံးပြူးတဲ့ ပွဲလေကွာ"

(ဝါး ဟား ဟား ဟား)

www.burmeseclassic.com

www.burmeseclassic.com

"နှစ်လုံးပြူး ဆုရတဲ့ပွဲ ပြောပါဟယ် မင်းနှယ်...သူကြီး နှစ်လုံးပြူး ရတာ ငါတော့ ဝမ်းသာသကွယ်"

"ဘာပြုလို့တုံး ဘာဂျာရဲ့"

"ဟ...ငှက်ပစ်ချင်တော့ ခဏငှားလို့ရတာပေါ့မောင်ရ"

(ဝါး ဟား ဟား ဟား)

"မင်းကွာ မဟုတ်တာပြောရှော့မယ်...ဗြိတိသျှအစိုးရမင်းက ပေးတဲ့ဆု သေးသိမ်အောင် မပြောပါနဲ့...သူကြီးမှာ နှစ်လုံးပြူးရှိတော့ တစ်မျိုးတော့ ကောင်းသကွ..."

"ပြောပါဦး"

"မုန့်လေပွေ လုပ်စားရင် မုန့်လှန်ရတာပေါ့ကွာ"

(ဝါး)

ပွဲထဲက လူပြက်တွေပြက်တာကို ဦးသာထန်ကလည်း တဝါးဝါးရယ်သည်။ ဆုတော်ငွေတစ်ရာပင် ဆုချခိုင်းလိုက်သေး၏။ အရက်ကလေးကလည်း မူးနေတော့ သူ့သေနတ်အကြောင်း ထည့်ပြက်သဟဲ့ဆိုကာ ဝမ်းသခွတ်ထပြီး တဟီးဟီးရယ်သည်။ လူပြက်ခွင်ပြီးသွားတော့ မင်းသမီးက စောစောက ဆိုလက်စ ကုလက်စသီချင်းကို ပြန်ဆိုပြန်သည်။ ဝါးပတ္တလားသံနှင့် မင်းသမီးအဆိုသံက တဝေါဝေါလှုပ်နေသည့်ပွဲခင်းကိုပင် ငြိမ်သွားစေသည်။

*"မြင်းစီးလို့လာပါသယ် x x မင်းသမီးကို ယူမလို့တဲ့ x x လူပျိုမောင်ရယ် x x စပယ်ကြည်တွေ့အောင် ကြွခဲ့ပါ x x ဪ ကျွန်မရှိရာအဆောင် x x မတိုပေါင် ပေးမယ်ရှင် အပျိုက သဘောကျသလိုပ x x ကိုကိုက သုံးဆောင် x x လက်ဖက်ကလေးရယ် ရတက်အေးဖွယ် x x ကာဖီချိုချို ပိုလိုပါမောင် x x စေ့စေ့ငှ အစုံ မလိုပေါင် x x"*

သည်သီချင်း အဆိုပိုဒ်မှာ တိုက်တိုက်ဆိုင်ဆိုင် ပွဲခင်းစပ်နှင့် ခပ်ဝေးဝေး မီးရောင်မမှိန်တမှိန်မှာ မြင်းတစ်စီးနှင့် လူတစ်ယောက် ရှိနေသည်။ သျှောင်ငိုက်တွဲနှင့် တဘက်ကြားကြီးခြုံထားသော လူတစ်ယောက်ဖြစ်သည်။ မအိမ်ကံက မင်းသမီးကို ငေးနေရာက မြင်းကြီးကို ဖျတ်ခနဲ မြင်လိုက်သည်။ အလို...ကြည်တော်ကုန်းက ဆေးဆရာကြီး ဆရာကြည်ပါလား။ အစ်ကိုပေးလိုက်သည့် စာရွက်ကလေး ပေးရဦးမှာ မဟုတ်လား။

စာကလေးက အစ်ကိုပေးလိုက်ကတည်းကဆိုလျှင် ကြာပဲကြာလှပြီ။ ကြည်တော်ကုန်းအထိ ဆရာကြည်ကို သွားပေးဖို့ကလည်း ကလေးတစ်ယောက်အတွက် ခက်လှပါသည်။ လူကြုံလည်း မပါးဝံ့။ အစ်ကိုက ဘယ်သူမှ မသိစေနှင့် မှာထားခဲ့တာမဟုတ်လား။ အခုတော့ ဆရာကြည် ပွဲခင်းထဲကို ရောက်လာတာ အခန့်သင့်လိုက်လေ။ သည်အခိုက်မှ မပေးလိုက်ရလျှင် နောင် တွေ့ဖို့မလွယ်။ အိမ်အောက်ကို တစ်ယောက်တည်း မဆင်းရလို့လည်း အမေပန်းရုံကမှာထားသည်။ မအိမ်ကံ ဘယ်လိုလုပ်ရပါ့။ ပွဲခင်းထဲကနေ ဆရာကြည် ပျောက်သွားမှာလည်း စိုးရသေးသည်။

"အမေ...မအိမ်ကံ အောက်ခဏဆင်းချင်းသယ်"

"ဘာလုပ်ချင်လို့လဲ သမီး"

"ဟို...ဟို ဗိုက်ဆာလို့ပါအမေ...မအိမ်ကံ ပုစွန်စာကြော် ဝယ်စားချင်သယ်"



"ဪ အေး အေး...လှအုံရေ သမီးကို လိုက်ပို့ပေးလိုက်ပါဦး...ဟုတ်သာပေါ့...ပွဲဈေးတန်းဘက်လည်း သမီးရောက်ချင်မှာပေါ့...ကဲ သွားသွား"

မလှအုံက မအိမ်ကံလက်ကလေးကိုဆွဲပြီး လှေကားထစ်တွေအတိုင်း အောက်ထပ်ဆင်းခဲ့ကြသည်။ သည်တစ်ခါတော့ ရင်ခုန်ရလွန်းသဖြင့် မအိမ်ကံ ခြေဖဝါးကလေးတွေက ငွေဒင်္ဂါးပြားကြီးတွေကိုပင် နင်းမိသည် မထင်မိပါ။

"မလှအုံ...မအိမ်ကံ အခန်းထဲ ခဏဝင်ဦးမယ်"

"ဘာလုပ်မလို့တုံးဟဲ့...အရေးထဲမှ"

"မအိမ်ကံ စုထားသဲ့ ပိုက်ဆံကလေး ဝင်ယူမလို့"

ပြောပြောဆိုဆို မအိမ်ကံက မင်းတုံးထိုးထားသော တံခါးကို ဖွင့်၍ အခန်းထဲဝင်သွားသည်။ မှောင်ကြီးမည်းထဲမှာပဲ အဝတ်ဖာကလေးကို စမ်း၍ စာရွက်ခေါက်ကလေးကို ယူလိုက်သည်။ ပြီးတော့ ဖဲထဘီခါးကြားထဲ လိပ်သွင်းကာ ထွက်လာခဲ့၏။

"ကဲ လာ လာ...ပွဲခင်းထဲ လူကွဲဦးမယ်...ကတည်း"

မလှအုံက ပွဲကောင်းတုံး ပစိပစပ်များရပ့မလားဆိုသည့်ပုံနှင့် မအိမ်ကံကို ဖောင့်ခနဲဆွဲ၍ ပွဲဈေးတန်းဘက် ထွက်လာခဲ့၏။ "တစ်သက်မှတစ်ခါ ကြည့်ရသယ့်ပွဲကလေး ဇိမ်မကျချက်တော့အေ..." ဟုပင် ဆိုလိုက်သေး၏။ အမှန်က မအိမ်ကံကို ဆိုလိုခြင်းမဟုတ်။ မလှအုံမှာ ရက်ကန်းစင်မှာ ရက်ကန်းရှယ်သလို သူကြီးဦးသာထန် ဂုဏ်တင်သည့်ပွဲမှာ အလုပ်တွေများနေရတာမဟုတ်လား။ တောသူတောင်သားဆိုတာမျိုးက ပွဲလမ်းသဘင်ကို မြေကြီးပေါ် ဖင်ထိုင်ပြီး ကျောက်ချကြည့်လိုက်ရမှ အားရပါးရနိုင်သည် ထင်ကြ၏။ ဆိုင်းဝိုင်းက ပတ်စာစမ်းချိန်ကစလို့ ကတ္တီပါကားလိပ်ကြီး ဇာတ်ခုံပေါ် ပုံခနဲကျမှ ထပြန်တတ်ကြသူတွေမဟုတ်လား။ ကိုဖိုးငွေတစ်ယောက်ကတော့ဖြင့် ဆူဆူဆဲဆဲကြားထဲက ဇာတ်ခုံထောင့်မှာ ဆေးလိပ်ကြီးခဲလျက် ငုတ်တုတ်ထိုင် ပွဲကြည့်နေတော့၏။

*"ရှေးကျတဲ့ဖျင်ဟာ မြင်ပါကြသော် x x ပြည်သူပြည်သား သုံးစွဲကြသနော် x x ကောင်းလွန်းလို့ငယ်တယ် ဘယ့်နှယ်ရှိစ x x သည်မှာ ဖျင်ဟာ ဝါဖျင်ကြမ်းစစ်သနော် x x ကျွန်မက ဖျင်ကြမ်းတစ်မျိုးနော် x x ရိုးပေတဲ့ သုံးကြမယ် x x ကြားတဲ့လူ ပြောလိုက်နော် x x ပျော်ပျော်ပေါင်းဖို့ ရှေးမင်းသမီး ဝါဖျင်ကြမ်းခုပေါ် x x ရှေးကျတယ် ပြောသလားနော် x x"*

မင်းသမီး စပယ်ကြည်က ဝါဖျင်ကြမ်းသီချင်းကို ဆိုတော့ ပွဲခင်းကြီးတစ်ခင်းလုံး ငြိမ်ကျသွားလေသည်။ သည်အချိန်မှာ ကျယ်လောင်သော လက်ခေါက်မှုတ်သံကြီး ရှူးခနဲ ပေါ်လာပြီး တစ်ဆက်တည်း မြင်းဟီးသံကြီး ကြားလိုက်ရသည်။ ပွဲဈေးတန်းဘက် တိုးသွားနေရသော မအိမ်ကံပင် ခြေလှမ်းကလေး တုံ့သွားမိ၏။ မအိမ်ကံက ဆရာကြည်များလားလို့ ထင်လိုက်မိသည်။ သေနတ်ကို ဟန်ရေးတပြပြလုပ်နေသည့် ဦးသာထန်က ပွဲခင်းကို လှမ်းကြည့်လိုက်သည်။ ပွဲခင်းမှာ ထူးထူးခြားခြားတော့ ဘာမှမရှိ။ မြင်းကြီးပေါ်မှာ စောင်ကျားကြီးခြုံလျက် ပွဲကြည့်နေသော ဆရာကြည်ကို သတိထားမိသွားပုံပေါ်၏။ ဦးသာထန်မျက်လုံးတွေက ဆရာကြည်ကို စိုက်ကြည့်နေသောကြောင့် မအိမ်ကံမှာ ဇက်ကလေး ပုထားရတော့၏။ ဆရာကြည့်အနား မတိုးရဲဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

မလှအုံက လှည်းဝိုင်းကြီးနောက်ကို ပတ်ခေါ်သွားသည်။ ပွဲမကြည့်ဘဲ လမ်းသလား နေကြသူတွေလည်း အများသားပါလား။ အပျိုကလေးတွေအနားမှာ လူပျိုကာလသားတွေ ရစ်သိုးရစ်သီ လုပ်နေကြတာကိုလည်း တော်တော်ရှောင်ရသည်။ အကြော်ဆိုင်က များများမရှိပါ။ နှစ်ဆိုင်ပဲရှိသည်။ တစ်ဆိုင်မှာတော့ မအိမ်ကံကြိုက်သည့် ပုစွန်စာရွက်ကြော်မရှိ။ မလှအုံက ခပ်လှမ်းလှမ်းကဆိုင်ကို သွားဝယ်မည်ဆိုတော့ မအိမ်ကံက သည်ဘက်ဆိုင်ကပဲ စောင့်နေခဲ့တော့မည်ဟုဆိုကာ နေရစ်ခဲ့၏။ ရွာခံဆိုင်တွေဆိုတော့ စိတ်မချစရာမရှိ။ မလှအုံ ထွက်သွားတော့ မအိမ်ကံ ဆရာကြည်ရှိရာကို မျှော်ကြည့်လိုက်သည်။ ပြီးတော့ အဖေရှိရာ အိမ်ကြီးလေသာဆောင်ကိုလည်း လှမ်းအကဲခတ်ရသည်။ အဖေတို့ဝိုင်းက ကျယ်ကြီးကျယ်လောင်စကားတွေ ပြောနေကြတာကို ကြားနေရသည်။ ဆယ့်နှစ်ရွာသူကြီးတွေကို သေနတ်ကြီးထုတ်ပြကာ တကြွားကြွား ဖြစ်နေပုံ ရပါ၏။ ဆရာကြည့်ဆီ အာရုံရှိတော့ပုံမပေါ်။ အစ်ကိုမောင်မြတ်သာ မလာတာကိုပင် မေ့သွားပြီထင်သည်။

*"အသက်နှစ်ဆယ်ကျော် အပျိုဖျန်း xx ရွှေခြံမြို့က လာခဲ့ပြန်တော့ xx ရွှယ်တူမောင့်ကိုမျှော် xx ရှိးပုံတော် တမင်မဆန်းပေမယ့် xx ဖျင်ကြမ်းကြီးကျွန်မ xx သုံးသင့် သုံးသင့် ပါသနော် xx"*

စပယ်ကြည်၏ အရစ်အဆွဲကလေးများဖြင့် နွဲ့နွဲ့ကလေးဆိုနေသော သီချင်းကို ပွဲခင်းတစ်ခင်းလုံး အာရုံစိုက်နေကြပုံ ပေါ်သည်။ ငြိမ်သက်လို့နေ၏။ မအိမ်ကံကို လူတွေ သတိမပြုမိကြတာကပင် ခပ်ကောင်းကောင်း။ ဆရာကြည့်မြင်းကြီးရှိရာကို မအိမ်ကံ ခပ်သုတ်သုတ်ကလေး ပြေးကပ်လိုက်သည်။ ရင်တွေ ခုန်ရလွန်းသဖြင့် အသက်တစ်ချက်ရှူကာ ရပ်လိုက်သည်။ အိမ်ပေါ်ကို တစ်ချက်မော့ကြည့်လိုက်တော့ မီးရောင်အောက်မှာ အဖေတို့သူကြီးတွေကို ကောင်းကောင်းမြင်နေရသည်။ မအိမ်ကံကိုတော့ မြင်ဟန်မတူပါ။ အချိန်မရှိ။ ခပ်မြန်မြန်လုပ်မှ ဖြစ်မည်။ မအိမ်ကံက မြင်းကြီးကို ကားရားခွထားသော ဆရာကြည့်ခြေသလုံးက ပုဆိုးစကို ဆွဲလိုက်သည်။

"ဟဲ့...ကလေးမ"

"အစ်ကိုမြတ်သာ မြင်းခြံက ပေးလိုက်သာတော့...သီချင်းစာရွက်..."

"ဟင်...ဩော် အေး အေး"

ဆရာကြည်က မအိမ်ကံလက်ထဲက စာရွက်ခေါက်ကို ယူပြီးချိန်မှာ မအိမ်ကံ အနားမှာမရှိတော့။ လှစ်ခနဲ ပျောက်သွားလေပြီ။ မောင်မြတ်သာ ပေးလိုက်သည့် သီချင်းစာရွက်ဆိုကတည်းက 'တို့ဗမာ' သီချင်းစာရွက်ပဲ ဖြစ်ရမည်ဆိုတာ ဆရာကြည် အတတ်သိသည်။ ထိုစဉ်မှာပင် ပုလိပ်တစ်ယောက် ရောက်လာကာ ဆရာကြည့်မြင်းကြီးကို ပွဲခင်းစပ်မှ ဝေးရာကို သွားချည်ထားဖို့ ပြောသည်။ ဆရာကြည်က ဘာမှ ပြန်မပြောတော့ဘဲ မြင်းကို ခပ်ဝေးဝေး ဆွဲလာခဲ့သည်။ သည်အချိန်မှာ ပုလိပ်နှင့် စကားများနေလို့မဖြစ်ပါ။

ပွဲခင်းစပ်မှ ခြံဝဆီသို့ မြင်းကြီးဆွဲလာရင်းက အကြော်ဆိုင်ရှေ့မှာ ဆောင့်ကြောင့်ကလေး ထိုင်နေသော မအိမ်ကံကို လှမ်းတွေ့လိုက်ရသည်။ တော်သလင်းမိုး ကန်သင်းကျိုးဆိုသော်လည်း အညာရွာတွေမှာ မိုးမလိုက်သေးပါ။ မိုးခြောက်လေခြောက် သည်လိုတော်သလင်းမျိုးက သည်ဘက်နှစ်တွေမှ ကြုံကြရတာဆိုတော့ တောင်သူတွေက ညည်းတတ်ကြသည်။ ပွဲခင်းကလေးမှာ လူစည်သော်လည်း အကြော်ဆိုင်ဘက်မှာတော့ လူရှင်းလှ၏။

"ကလေးမ...ငါ့မြေးက မောင်မြတ်သာနှမကလေး မဟုတ်လား"



အနားကို လူကြီးတစ်ယောက်လာရပ်ပြီးမေးလိုက်တော့ မအိမ်ကံလန့်သွားသည်။ ဆရာကြည်...။ သူ့မြင်းကြီးကို လူတစ်ယောက်က အမှောင်ထဲမှာ ကိုင်ထားတာကိုလည်း လှမ်းတွေ့လိုက်ရသည်။

"နေပါဦး...သည်ပွဲကို မောင်မြတ်သာ လာသလား ငါ့မြေး"

"မလာပါဘူး ဘကြီးရယ်...အစ်ကိုမလာလို့ အဖေ ဒေါသဖြစ်နေသာရယ်တော့...အမေကပြောတော့ မြို့မှာ သူ့ရည်းစားရှိလို့ မလာသာပြောသယ်"

ဆရာကြည်က ရယ်သည်။ ကလေးပီပီ ချစ်စရာကောင်းလိုက်တဲ့ကလေးမ။ ဆရာကြည်က ဘေးဘီကိုကြည့်ရင်းက တိုးတိုးကလေးပြောသည်။ တိုးလွန်းသောကြောင့် မအိမ်ကံ နားမလည်ပါ။ ဆရာကြည်က နှစ်ခါထပ်ပြောသည်။ ပြောသမျှ မှတ်ထားလိုက်သည်။

"ငါ့မြေး...မောင်မြတ်သာလာရင် ဘကြီးတို့ရွာဘက် လာပါဦးလို့ ပြောလိုက်ပကွယ်...တို့ရွာဘက်မယ် မောင်မြတ်သာတို့နဲ့ ဆက်သွယ်မယ့်သူတွေ များလာပြီလို့ ပြောလိုက်... ဘကြီးလည်း မြင်းခြံသွားဦးမှာပါ..."

သည်အချိန်မှာပဲ မလှအုံတစ်ယောက် အကြော်ထုပ်နှင့် ရောက်လာခဲ့သည်။ ဆရာကြည်နှင့် စကားတွေပြောနေသော မအိမ်ကံကို တွေ့လို့ အံ့ဩသွားပုံရသော်လည်း ဆရာကြည်ကို လေးစားရင်းစွဲရှိသူဆိုတော့ ပြုံးရင်းနှုတ်ဆက်ရသည်။

"ဆရာကြီး...အကြော်များ သုံးဆောင်ပါဦး"

"မစားတော့ပါဘူးကွယ်...ခရီးကလှမ်းလို့ သွားချေဦးမယ်...အင်း...မင်းသမီးဆိုသဲ့ ဖျင်ကြမ်းအင်္ကျီသီချင်း ကြိုက်လှသကွယ်"

ဆရာကြည်သည် မှောင်ကြီးထဲက သူ့မြင်းကြီးဆီသွားကာ လွှားခနဲတက်လိုက်သည်။ မြင်းကိုင်ပေးသူက ပွဲခင်းထဲပြန်ဝင်သွားလေ၏။ မလှအုံလည်း မအိမ်ကံလက်ကိုဆွဲကာ အိမ်ကြီးဆီ ခပ်သုတ်သုတ်ပင်ပြန်ခဲ့သည်။ လာရင်းဖြင့် တစ်စုံတစ်ရာကို သတိရသွားသလို မှာသည်။

"မအိမ်ကံ...ညည်း ဆရာကြည်နဲ့တွေ့သာ ညည်းအဖေ မသိစေနဲ့...ညည်းအဖေနဲ့ ဆရာကြည်က တည့်ချင်သာမှုတ်ဘူး...ကြားလား မအိမ်ကံ"

"ဟုတ်လား မလှအုံ...ဘာဖြစ်လို့ မတည့်ကြသာလဲတော့"

"ဟဲ့ တစ်ယောက်က အင်္ဂလိပ်သေနတ်...တစ်ယောက်က ဖျင်ကြမ်းထည်လေဟဲ့"

ဘာရယ်မဟုတ်ဘဲ မလှအုံက ပါးစပ်ထဲတွေ့တာ ကောက်ပြောလိုက်ခြင်းဖြစ်သည်။ မလှအုံပြောသည့်စကားတွေကို မအိမ်ကံ နားမလည်ပါ။ အင်္ဂလိပ်သေနတ်ဆိုတာ အဖေဆုရသည့် သေနတ်ကို ပြောတာထင်ပါရဲ့။ ဖျင်ကြမ်းထည်ဆိုတာ စောကစောက မင်းသမီးဆိုတဲ့သီချင်းပဲ။ ဘာဆိုင်လို့လဲ။ မလှအုံတစ်ယောက်ကတော့ စကားကို ဘောက်တိဘောက်ထိုး ပြောနေကျ မဟုတ်လား။ မအိမ်ကံ နားမလည်တာကို ဖွတ်ပေပြီး မတွေးချင်တော့။ လှေကားထစ်တွေကိုသာ ခပ်ဖိဖိနင်းရင်း အိမ်ပေါ်အပြေးတက်ခဲ့သည်။ ပုစွန်စာကြော်စားရင်း စပယ်ကြည်သီချင်းဆိုတာကို မျက်လုံးကလေးတွေလည်နေအောင် ကြည့်နေလိုက်တော့၏။ ဝါးပတ္တလားသံကလေးကလည်း နားထောင်လို့ကောင်းပါဘိ...။

*"ပျိုကြည်မေ xx ကုမ္ပဏီအသင်းဖွဲ့ဖို့စီစဉ် xx မြို့တိုင်းပင် ရပ်တိုင်းပင် xx ယောပွင့်လုံချည် ပင်နီချောကိုဆင် xx"*

■

www.burmeseclassic.com

www.burmeseclassic.com

ပွဲရက်တွေပြီးသွားသည့်နောက်ပိုင်းမှာတော့ မအိမ်ကံပျင်းနေခဲ့သည်။ အိမ်ကြီးပေါ်မှာ အမေနှင့်မအိမ်ကံသာကျန်တော့သည်။ အဝေးကလာကြသော ဆွေတွေမျိုးတွေ၊ ဧည့်တွေ စောင်တွေလည်း ပြန်ကြပြီ။ အဖေကတော့ အိမ်မှာကပ်သည်မရှိ။ သေနတ်ဆုရပြီးသည့်နောက်ပိုင်းမှာ ပိုလို့တောင် အလုပ်များနေခဲ့သည်။ ဖြောင်းသခင်ကလည်း မကြာခဏလှမ်းခေါ်ကာ အလုပ်တွေ ဆင့်ခိုင်းသည်။ ဆယ့်နှစ်ရွာသူကြီးတွေလည်း အိမ်ကို နှစ်ရက်ခြား သုံးရက်ခြား ဆိုသလို ရောက်လာခဲ့ကြ၏။

"သရက်ဘက်မယ်ရှိသဲ့ ကမ္ဘနယ် ခြောက်ပင်ရွာသူကြီး အစည်းအဝေးလုပ်နေတုန်း ဆရာညဏ်ဆိုသဲ့လူ ခေါင်းဆောင်သဲ့ ဂျွန်တပ်တွေက ဝင်ခုတ်လို့ တော်တော်သေကြသယ်...သရက်နယ် ရေနံ့သာနဲ့ ထုံရွာမှာလည်း အင်္ဂလိပ်တပ်ကို ဝင်တိုက်ကြသတဲ့...အဲသာကို ဖြောင်းသခင်က သည်ဘက် မြင်းခြံနယ်ကို ကူးစက်လာမှာ စိုးနေသယ်...ခင်ဗျားတို့ သတိရှိကြဖို့ ခေါ်ပြောရသာ..."

အဖေ့အသံက လှည်းဆီခြောက်သော လှည်းအီသံလိုဖြစ်နေသည်။ သည်စကားတွေကို မအိမ်ကံ မကြားချင်လို့မရ။ ပြည်၊ ဝက်ထီးကန်၊ ဟင်္သာတ ဂါတ်တဲဝင်း၊ ဟင်္သာတ လယ်တီ စာဖြူစု၊ ရှမ်းနယ်တောင်ပျောက်ရွာတွေမှာ ဂျွန်တပ်တွေက အင်္ဂလိပ်တပ်များကို အတင်းဝင်ရောက်တိုက်ခိုက်နေတာကိုလည်း ကြားနေရသည်။ သိပ်မကြာခင်မှာပဲ ဆရာစံကို သာယာဝတီထောင်အတွင်း ကြိုးပေးသတ်လိုက်ကြောင်း ကြားရပြန်သည်။ မအိမ်ကံကတော့ အဖေတို့ ဘာတွေပြောနေမှန်း ကောင်းကောင်းနားမလည်သော်လည်း အရေးတကြီးကိစ္စတွေ ဖြစ်ပျက်နေမှန်းတော့သိပါ၏။

"ငါ မြင်းခြံရောက်တိုင်း ကျောင်းဆရာကြီး ဦးဘခင်အိမ်ဝင်ပါသယ်ကွာ...မင့်သားကို တစ်ခါမှ မတွေ့ဘူး...ရေနံချောင်းဘက် ချောက်ဘက် ခရီးထွက်သယ်ချည်း ပြောကြသယ်...ငါ့ပွဲကိုကျတော့ စာပျက်မှာစိုးလို့ မလာနိုင်ဘူးသဲ့...ကျောင်းမှာမရှိဘဲ ဘာကိစ္စ ခရီးထွက်နေသာပါလိမ့်...ဆရာကတော်ပြောသာတော့ ရွာပြန်လာဦးမယ် ကြားခဲ့သာပဲ"

ဖြောင်းသခင်ခေါ်သဖြင့် မြင်းခြံကိုသွားရတိုင်း အစ်ကိုမြတ်သာအကြောင်း ပါလာတတ်သော်လည်း တစ်ခါမှ သားအဖချင်း တွေ့ခဲ့ရသည်ဆိုတာမပါ။ အစ်ကို ဘာတွေလုပ်နေတာလဲ မအိမ်ကံမသိ။ တို့ဗမာသီချင်း လိုက်ဆိုနေတာပဲလား။ အစ်ကို ရွာကထွက်သွားတာ ဘာလိုလိုနှင့် ခြောက်လတောင်ကျော်ခဲ့ပြီ။ သီတင်းကျွတ်ကျောင်းပိတ်ရက်မှာတောင် ပေါ်မလာလေတော့ မအိမ်ကံပင် စိုးရိမ်တတ်လာခဲ့ပြီ။ အစ်ကို့အတွက် အမေပန်းရုံ လှမ်းပို့လိုက်သော ပင်နီတစ်အုပ်နှင့် အစ်ကို ပင်နီဖျင်ကြမ်းသမားများ ဖြစ်နေရော့သလားလို့ပင် မအိမ်ကံ တွေးတတ်လာခဲ့ရပြီ။

အမေပန်းရုံကတော့ သူ့ထုံးစံ အေးတိအေးစက်။ သားအတွက် ဗေဒင်မေးသည်။ နတ်မေးသည်။ အိမ်မှာ ကန်တော့ပွဲထိုးသည်။ ယတြာပေါင်းစုံပြုကာ ကိန်းချေသည်။ လူပုံချော သားတော်မောင်ကို မိန်းမတွေက ဆေးခပ်ထားကြလို့နေမှာဆိုတာလည်း ပါသည်။

"သင်းအတွက် ဘာမှမလုပ်ပါနဲ့ ပန်းရုံရာ...မိဘတောင် လှည့်မကြည့်သဲ့ကောင်...ဘေးတွေ့ရုံထက် ဘာရှိလိမ့်မတုံး...မာသည် သာသည် စာတစ်စောင်တောင် ရေးဖော်မရသာတော့ မိုက်လုံးကြီးလှသယ်"




အဖေစိတ်နာမည်ဆိုလည်း နာစရာ။ သည့်အိမ်ကြီးမှာ မအိမ်ကံ သံယောဇဉ် တွယ်ရမည့်လူရယ်လို့ သုံးဦးသာရှိသည်။ သည်အထဲက တစ်ယောက်ပဲ့နေရသည့်အဖြစ်။ အဖေကလည်း အားရသည်မရှိ။ အမေကလည်း ယာခင်းကိုင်းခင်းကိစ္စ၊ အိမ့်ဝေယျာဝစ္စများနှင့် ပြီးရသူဖြစ်သည်။ မအိမ်ကံက အရွယ်ကလေးမရောက်တရောက်ဆိုတော့ ကလေးစိတ်နှင့် လူကြီးစိတ် အကူးအပြောင်းလို့ ဆိုနိုင်ပါ၏။

တစ်ခါတစ်ခါ ကလေးလို နေချင်နေတတ်သည်။ ဆပ်သွားဖူးပန်းတွေခူးကာ အလယ်ခေါင်အပွင့်ကလေးတွေ ခြွေ၍ ကြိုးရှည်တစ်ချောင်းနှင့် သီချင်သီနေတတ်သည်။ ဖိုးကူးနှင့်အတူ အိုးပုတ်တမ်း ဆော့ချင်ဆော့နေတတ်သည်။ တစ်ခါတစ်ရံ ဝါချောင်းကလေးတွေကို လေးတိုင်စင်စိုက်ကာ ဇာတ်ခုံကလေးဆောက်ပြီး သီချင်းဆိုချင်ဆိုသည်။ သီချင်းကလည်း ဟုတ်တိပတ်တိရတာဆိုလို့ သုံးပုဒ်ပဲရှိသည်။ တို့ဗမာသီချင်း၊ ဖျင်ကြမ်းထည်သီချင်း၊ မိုးကျမောင်သီချင်း။

လူကြီးစိတ်ဝင်ပြန်တော့လည်း ခပ်တည်တည် ခပ်အေးအေး၊ အပျိုကြီးဂိုက်ဖမ်းကာ မလှုပ်တလှုပ်ရှိပြန်လေ၏။ များသောအားဖြင့်တော့ အိမ်ကြီးအပေါ်ထပ်က လေသာဆောင်မှာ ထိုင်ကာ ရွာအပြင် စိုက်ခင်းတွေဘက်ငေးရင်း အစ်ကို့ကို လွမ်းနေတတ်သည်။ သည်လိုနှင့် တစ်နေ့ကုန်ချင်ကုန်သွားတော့တာမဟုတ်လား။

သည်ကနေ့တော့ ဘာကြောင့်ရယ်မသိ။ ညကြီးမင်းကြီးရောက်သည့်တိုင် မအိမ်ကံ အိမ်ပေါ်က မဆင်းမိ။ ခပ်စောစောကတည်းက အရှေ့ကောင်းကင်မှာ ပြူထွက်လာသည့် လမင်းကြီးကို ဝရန်တာ မေးကလေးထောက်ရင်း မော့ကြည့်နေမိသည်။ သည်ကနေ့ညက ပြာသိုလပြည့်ည။ ရွာလယ်လမ်းသည်ပင် လရောင်ကြောင့် အလင်းဖုန်ဖုန်ဖြင့် ဝါဝင်းနေသည်။ လရောင်ကြောင့် အိမ်ဝိုင်းတိုက်ကြီးရှေ့က ပွဲခင်းနေရာတလင်းပြောင်ကြီးသည်လည်း ဖွေးဖွေးကြီး ရှိနေသည်။ မအိမ်ကံက ရေတွင်းနံဘေးက လရောင်ကျနေသည့် အုန်းလက်တွေကို ငေးနေခဲ့သည်။ လက မမြင့်သေးတော့ ဝိုးတဝါးအလင်းရောင်သာရှိ၏။ အောက်ထပ်မှ အမေပန်းရုံ၏ ဘုရားရှိခိုးသံနှင့် ကြေးစည်ရိုက်သံကို ကြားနေရသည်။ ခါတိုင်း အသံတဟိုဟို ရှိတတ်သော မလှအုံ၏အသံပင်မရှိ။ အဖေက မြင်းကြီးစိန်ပွင့်နှင့် တောင်ရွာဘက်ကို သွားနေချိန်ဖြစ်သည်။ ရွာအရှေ့ဖျားဆီက မြင်းခွာသံသဲ့သဲ့ကို ကြားနေရသည်။ အဖေတော့ ဟုတ်မည်မထင်။ အဖေပြန်လာလျှင် ရွာတောင်တံခါးက ဝင်မှာသေချာသည်။ ခရီးသွားဧည့်သည်ထင်ပါရဲ့။ တအောင့်လောက်နေတော့ ခွေးဟောင်သံနှင့်အတူ ခြံပေါက်ဝဆီက လူရိပ်တစ်ရိပ် မြင်လိုက်ရသဖြင့် မအိမ်ကံ မျက်လုံးပြူးကာ လှမ်းကြည့်သည်။

"အမေပန်းရုံ...အမေပန်းရုံ...ကံကလေး"

ကြည့်စမ်း...။ အစ်ကို့အသံများလား။ သေချာပါသည်။ သူ့ကို ကံကလေးခေါ်တာ အစ်ကိုတစ်ယောက်ပဲရှိတာမဟုတ်လား။ မအိမ်ကံ အိမ်ပေါ်ကအပြေးဆင်း အိမ်ရှေ့တလင်းကို ဖြတ်ကာ ခြံတံခါးဆီ အရောက်သွားလိုက်သည်။ ခြံဝင်းပေါက်ရှိလက်ခုပ်တစ်ဖောင်မက မြင့်သော ပျဉ်တံခါးကြီးနားရောက်တော့ မအိမ်ကံ အသံပြုလိုက်သည်။

"အစ်ကိုလား"

"အေး...ကံကလေးလား...အစ်ကိုပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုမှန်းသေချာတော့မှ မအိမ်ကံမှာ မဝံ့မရဲစိတ်တွေ ပျောက်သွားရသည်။ သံကွင်းတစ်ဖက်တစ်ချက်မှာ ထိုးထားသော သစ်သားချောင်းကြီးကို ဘေးဘက်မ,တွန်းလိုက်တော့ ခြံတံခါးပွင့်သွားသည်။

"အစ်ကို"

"ကံကလေး...အဖေတို့ကော"

"အဖေ တောင်ရွာဘက်သွားသယ်...အမေပန်းရုံ ဘုရားရှိခိုးနေသာ...အစ်ကို့ကို စိတ်ဆိုးနေကြသာရယ်တော့"

မောင်မြတ်သာက ခြံတံခါးကို ချက်ချင်းပြန်ပိတ်ကာ သစ်သားချောင်းကြီးပြန်ထိုးလိုက်သည်။ နှမဖြစ်သူ၏ ပခုံးကိုဖက်ကာ အိမ်ကြီးဘက်ဆီ လျှောက်လာတော့ အစ်ကို့ဆီက ချွေးနံ့တွေ နံနေတာ မအိမ်ကံ သတိထားမိလိုက်သည်။ အစ်ကို ခရီးဝေးက ပြန်လာပုံရသည်။ အစ်ကို ဘာနဲ့ဘယ်လိုပြန်လာတာပါလိမ့်။ လွယ်အိတ်တစ်လုံးသာပါသော အစ်ကို့ပုံက မြင်းခြံမှာ တွေ့ခဲ့တုန်းက ကျောင်းသားပုံမျိုးမဟုတ်။ အိမ်ထဲကိုဝင်တော့ မီးရောင်က အစ်ကို့မျက်နှာကို လာဟပ်သည်။ အို...အစ်ကို့မျက်နှာတွေ ညှိုးမည်းသွားလိုက်တာ...။

အမေပန်းရုံက အစ်ကို့ကိုတွေ့ရတော့ အံ့သြဝမ်းသာဖြစ်ရရှာသည်။ မျက်ရည်တွေ စီးကျလာ၏။ ကိုဖိုးငွေနှင့် မလှအုံကလည်း မောင်မြတ်သာကို ဘွားခနဲ တွေ့လိုက်ရတာ တစ္ဆေအခြောက်ခံလိုက်ရသည့်နှယ် တအံ့တသြကြီးငေးကြလို့။

"အဖေကော"

"မင်းအဖေ တောင်ရွာဘက် ခဏသွားသယ် ပြန်လာတော့မှာပါ...မင်းကွယ် မင်းအဖေ ပွဲခံသဲ့နေ့က မလာလို့ စိတ်ဆင်းရဲနေရှာသယ်.. လာသခိုက် ကြာကြာနေဦးကွယ်"

မောင်မြတ်သာ ရေမိုးချိုး အဝတ်အစားလဲပြီးတော့ အမေပန်းရုံက ထမင်းခူးခပ်ကျွေးသည်။ သည်အချိန်မှာ မြင်းခွာသံတဖြောင်းဖြောင်းနှင့် ခြံဝကခေါ်သံကြားရသဖြင့် အမေပန်းရုံက တံခါးပြေးဖွင့်သည်။ ဦးသာထန်က မြင်းကြီးစီးရင်း ခြံထဲဝင်လာကာ မြင်းချည်တိုင်မှာ မြင်းကို ချည်သည်။ မြင်းချည်နေသည့် ဦးသာထန်ကို ဒေါ်ပန်းရုံက မောင်မြတ်သာရောက်လာကြောင်း ပြောပြရင်း သားလေးစိတ်ဆင်းရဲအောင် ဆူဆူပူပူ မလုပ်ဖို့ တောင်းပန်သည်။ ဦးသာထန်ကတော့ ဒေါ်ပန်းရုံစကားကို နားဝင်ဟန်မတူ။ သေနတ်ကြီးကိုင်လျက် အိမ်ထဲတန်းဝင်လာခဲ့သည်။

"အဖေ"

မောင်မြတ်သာက မော့ကြည့်လိုက်ချိန်မှာပင် အရက်ခိုးတွေ ဝေနေသည့် ဦးသာထန်က သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

မအိမ်ကံ၏ အော်သံက ချောက်ချားဖွယ်ရာ စူးစူးကြီး ပေါ်ထွက်လာခဲ့လေသည်။

■

(၈)

မအိမ်ကံ ပထမဆုံးရသည့်အနံ့မှာ မာလကာရွက်နံ့၊ သွေးဆေးနံ့တွေ ဖြစ်သည်။ သည်အနံ့က အမေပန်းရုံ မူးသည် မော်သည်ဆိုလျှင် ရှူနေကျအနံ့ဖြစ်သည်။ ကိုဖိုးငွေက မာလကာရွက်ရင့်ရင့် လက်တွင်းတစ်ဆုပ်ခူးကာ ရေပင်မဆေးဘဲ လက်ဖဝါးကြမ်းကြမ်းထဲ ထည့်ချေသည်။ မာလကာရွက် သတ္တုရည်တွေ နူးလာပြီဆိုတော့ သွေးဆေးမှုန့် မန်ကျည်းနှစ်စေ့လောက်ထည့်ကာ ပွတ်ပြန်သည်။ ပြီးမှ မအိမ်ကံ နဖူးထိပ်မှအောက်ကို ဆွဲဆွဲချသည်။ နှာခေါင်းနားရောက်တော့ ခဏကလေးရပ်ကာ အနံ့တွေ များများဝင်အောင် ရှူစေသည်။ ပြီးပြန်တော့ အောက်မေးဖျားအထိ ဆက်ဆွဲချ။ သည်အနံ့ကို မအိမ်ကံ မှိုင်းမှိုင်းကလေး ရှူနေခဲ့သည်။ သူ့နားထဲမှာ အသံတွေ စီစီ စီစီ ကြားနေရဆဲဖြစ်သည်။

အဖေကော့...အမေပန်းရုံကော...အစ်ကိုကော...။

မအိမ်ကံ နောက်ဆုံးမှတ်မိတာ အဖေက အစ်ကို့ကို သေနတ်နှင့် ထိုးချိန်လိုက်တာကိုပဲ ဖြစ်သည်။ အစ်ကို့ကို အဖေ တကယ်များ ပစ်လိုက်လေသလား။

"သမီး မအိမ်ကံ သတိရပြီလား...ရှူစမ်း...ငယ်ထိပ်ပေါက်အောင်ရှူ..."

အမေပန်းရုံက မအိမ်ကံနဖူးပေါ် ဝဲကျနေသည့် ဆံစကလေးတွေကို သပ်တင်ပေးနေတာလည်း မအိမ်ကံ သိနေပါသည်။ မျက်လုံးတွေဖွင့်ကြည့်တော့ ဆေးနံ့ပေးနေသော ကိုဖိုးငွေ၏ လက်ဖဝါးကြီးနှစ်ဖက်က မျက်နှာပေါ်မှာပိတ်လို့။ မာလကာရွက် သွေးဆေးနံ့ကို မအိမ်ကံ တစ်ဝရှူလိုက်ပါ၏။

"သမီး...ဘယ့်နှယ်နေတုံး"

"ရင်ဘတ်တွေ ခုန်နေသယ် အမေ"

မအိမ်ကံက နလုံးတွေ မငြိမ်သေးတာကို ပြောတတ်သလို ပြောလိုက်ခြင်းဖြစ်သည်။ တကယ်လည်း ရင်ဘတ်ကလေးတစ်ခုလုံး လှည်းမီးချသည့် ဒေါက်ဖိုက ဖားဖိုကြီးလို နိမ့်ချည် မြင့်ချည်။ အဖေ့ကိုရော အစ်ကို့ကိုရော မအိမ်ကံ မမြင်တော့ စိုးရိမ်သည်။ အရေးထဲ ကိုဖိုးငွေ ဆေးငွေ့ပေးသည့်လက်ကြီးက တမှောင့်။ မအိမ်ကံ မျက်နှာကလေး ငုံ့နေရသည်။

"ကိုင်းပါ ကိုဖိုးငွေရဲ့...တော်လောက်ပါပြီ...မအိမ်ကံတောင် မွန်းလာပြီ"

www.burmeseclassic.com

www.burmeseclassic.com

မလှအုံက ငေါက်တော့မှ ကိုဖိုးငွေလည်း ရပ်တော့သည်။ အမေပန်းရုံက မအိမ်ကံ လက်ကလေးတွေကို ဆုတ်ကိုင်ရင်း အဖေနှင့် အစ်ကို့အကြောင်းကို ရှင်းပြသည်။ ဦးသာထန်က တကယ်ပစ်လိုက်တာမဟုတ်ဘဲ သားဖောဖြင့် ကရုဏာဒေါသော ချိန်ရွယ်သာချိန်ခြင်းဖြစ်ကြောင်း၊ မောင်မြတ်သာက ဖအေကို ခြေစုံဖက်၍ တောင်းပန်ခဲ့ကြောင်း၊ ဦးသာထန်က သေနတ်ကို ထရံမှာထောင်ကာ ကျူကျူပါအောင် ငိုခဲ့ကြောင်း၊ သည်နောက်တော့ သားဖြစ်သူကို ဘာတစ်ခွန်းမှမပြောဘဲ မြင်းကြီးစီးပြီး ထွက်သွားခဲ့ကြောင်း၊ မောင်မြတ်သာက နမကိုပွေ့ကာ ခုတင်ပေါ် တင်ပေးပြီး စိုးရိမ်တကြီးစောင့်နေခဲ့ကြောင်း စသည်ဖြင့် မအိမ်ကံ ပုံလဲကျပြီးနောက် အခြေအနေတွေကို အမေပန်းရုံကပြောပြတော့ မအိမ်ကံ မျက်လုံးပြူးကလေးနှင့် နားထောင်နေခဲ့သည်။

"အစ်ကိုကော..."

"အခုပဲ ထသွားသာ...အပေါ်ထပ်မှာ အင်္ဂလိပ်ဘိုးအုပ်ဖတ်နေသယ်"

မလှအုံက မီးဖိုကျင်းကိုဆင်းကာ ဆန်လက်တစ်ဆုပ်ပြုတ်သည်။ ယုန်သားခြောက်ကျပ်တင်ကို မီးကလေးအုံပြီးမှ ချေဖွဲ့ထည့်သည်။ နူးနူးအိအိ ဆန်ပြုတ်ကို မအိမ်ကံ နှစ်ပန်းကန် လောက် သောက်ပစ်လိုက်သည်။ ယုန်သားကျပ်တင်နံ့ကို မခံနိုင်သော်လည်း အမေက အတင်း စားခိုင်းတော့ မငြင်းသာပါ။ ဆန်ပြုတ်သောက်ပြီးတော့ မအိမ်ကံကို မလှအုံက အဝတ်လဲပေးသည်။ ဆန်ပြုတ်ပူပူကြောင့် ချွေးကလေးတွေ ရွှဲလို့။ ပင်နီအကျီလက်ရှည်နှင့် ချည်ပွထည် ပြောင်ထဘီမည်းမည်းကလေး ဝတ်ပေးထားတော့ တကယ့်အဘွားအို လူမမာကလေးနှင့် တူလေသည်။ မလှအုံက ဆံပင်တွေစုသိမ်းကာ ပန်းစည်းကြိုးကလေးနှစ်ချောင်းဖြင့် ပေါင်ပေး ထားတော့ မျက်နှာကလေး ရှင်းနေသည်။

လက်ထဲက အင်္ဂလိပ်စာအုပ်အထူကြီးကို လက်ညှိုးထိုးညှပ်ပြီး မောင်မြတ်သာ ဆင်းလာခဲ့သည်။ ခရီးပန်းလာတာမို့ စာဖတ်ရင်း တစ်မှေးအိပ်ပျော်သွားခဲ့သေးသည်။ ဖျတ်ခနဲ အနိုး မှာ နမဖြစ်သူကို တစ်ခေါက်လာကြည့်ခြင်းဖြစ်သည်။ နမကလေးကို လန်းလန်းဆန်းဆန်း တွေ့ရတော့ ဝမ်းသာသွားရှာသည်။

"ကံကလေး ကြောက်သွားသလား...အစ်ကိုဖြင့် စိုးရိမ်လိုက်ရသာ...အဖေက တကယ် ပစ်ပါ့မလား ကံကလေးရဲ့...အစ်ကိုကလည်း အပြစ်ရှိပါသယ်လေ...မိဘ စိတ်ဆင်းရဲ အောင် လုပ်မိသာကိုး...သို့သော်လည်း..."

အပြင်ဘက်စဉ့်အိုးမှာ လက်တွေဆေးပြီး ပုဆိုးခါးပုံစနှင့် သုတ်ရင်း ဝင်လာသည့် ကိုဖိုးငွေက မောင်မြတ်သာ စကားကျကို စောင့်ပြီးမှ တစ်ခွန်းဝင်ပြောလေသည်။ မလှအုံက မောင်မြတ်သာအတွက် ယုန်သားကျပ်တိုက်ဆန်ပြုတ် သွားထည့်သည်။

"ချက်ချင်းတော့ မပြန်ပါနဲ့ဦးကွာ...ရွာမှာနေပါဦး...ခေတ်ကာလကြီးက မကောင်းလှ ဘူး...မင်းအဖေကလည်း ခုတလောမြင်းတစ်စီးနဲ့ မိုးလင်းချင်လင်းသာ...ပြောသာ ပြောရသာ...မင်းအဖေသေနတ်ရှိသာ တော်ရုံလူက ခြံနား မကပ်ဝံ့ဘူးကွ...သရက်ပင် ကန်မှာ ဓားပြက သူကြီးတောင် ဝင်ရိုက်သွားသာ မျော့လို့သဲ့"



ထိုညက မအိမ်ကံ တော်တော်နှင့်အိပ်မပျော်။ လသာရက်ဆိုသော်လည်း ခါတိုင်း လသာရက်တွေလို ရွာထဲမှာ သွားသွားလာလာ သိပ်မရှိကြ။ ရွာအနောက်ပိုင်းက လူခေါ်သံ၊ ခွေးဟောင်သံတွေ ကြားရသော်လည်း တစ်ခဏချင်းမှာပင် တိတ်ဆိတ်သွားပြန်သည်။ မအိမ်ကံ က လရောင်ကျနေသော ကြမ်းကပ်ပြတင်းပေါက်နားမှာ အိပ်သည်။ ခေါင်းအုံးပေါ် မေးကလေး ထောက်ကာ မှောက်အိပ်နေတော့ အိမ်ရှေ့တာလမ်းကြီးကို မြင်ရသည်။ လရောင်တွေက ပွဲခင်းနေရာဟောင်း တလင်းပြင်မှာ ဝင်းစက်နေ၏။ ညဉ့်ကြီးတော်တော်နက်ကာမှ အဖေ သူ့မြင်းကြီးဖြင့် ပြန်လာသည်။ ကိုဖိုးငွေက ခြံတံခါးကြီး ပြေးဖွင့်ပေးတာရော၊ အဖေ မြင်းကြီး စီးဝင်လာတာရော၊ ကိုဖိုးငွေက မြင်းကို မြင်းဇောင်းဘက် ဆွဲသွားတာရော အကုန်လုံးကို မြင်ရသည်။ အဖေက ဖွန်ရုံကြီးဘေးက စဉ့်အိုးမှာ မျက်နှာသစ်၊ ခြေဆေးပြီးမှ ဘေးပေါက်မှ အိမ်ထဲဝင်ဖို့ ပြင်သည်။

"အဖေ"

"ဟေ...သမီး၊ ဟဲ့ မအိပ်သေးဘူးလား...နေကောင်းပြီလား...ညဉ့်နက်လှပေါ့"

"အဖေ့စောင့်နေသာ"

"အောင်မာဗျာ..."

သမီးကလေးက သည်လိုဆီးကြိုလိုက်တော့ ဦးသာထန် ကျေနပ်သွားပုံရသည်။ တဟားဟား ရယ်ရင်းဖြင့် အိမ်ကြီးထဲလှမ်းဝင်လာခဲ့သည်။ မလှအုံက မှန်အိမ်ကို ဧည့်ခန်းမှာ တစ်လုံး၊ မီးဖိုချောင်မှာတစ်လုံး ထွန်းလိုက်သည်။ မီးလင်းသွားတော့ အဖေ့မျက်လုံးတွေက ကိုကြည့် သည်ကြည့်နှင့်ဆိုတော့ အမေပန်းရုံက "လူကလေး ခရီးပန်းလို့ အိပ်သွားရှာပြီ" လို့ပြောလိုက်သည်။

"ထမင်းစားမှာလား...တော့်တပည့်တွေကော"

"ရွာတောမှာ အမှုစစ်ရင်း ထမင်းစားခဲ့ပြီးပြီ...သံည်ကောင်တွေ ညဘက်မှာ ကင်းချ ထားသယ်...တလုတ်မြို့ဘက်မှာ ဓားပြတွေ တော်တော်သောင်းကျန်းနေသတဲ့ကွ... သည်ဘက်နယ်တောင် ငါ့ကို ကြောက်ကြလို့..."

"ဦးလေး နှစ်လုံးပြူးကြီးကြောက်ကြသာ ထင်ပါရဲ့ဗျာ"

ကိုဖိုးငွေက ထရံမှာထောင်ထားသော သေနတ်ကြီးကို လှမ်းကြည့်ရင်းက ပြောလိုက်သည်။ သူ့ဦးလေးသူကြီးမင်းမှာ နှစ်လုံးပြူးသေနတ်ကြီးရှိတာ ဘာရယ်မဟုတ်ဘဲ အားရှိမိသလို တစ်ချက်မှ သေနတ်သံမကြားဖူးတာကိုလည်း သံသယဖြစ်မိ၏။ ဒါမျိုးက စမ်းလို့ပြလို့လည်း ဖြစ်တာမဟုတ်။

"ကဲ ကဲ ဖိုးငွေတို့ လှအုံတို့ အိပ်ချေကြတော့လေ ..သမီးလည်း အိပ်တော့"

မအိမ်ကံ အိပ်ရာထဲဝင်တော့ မြောက်ပြန်လေကလေးသွေးလာသည်။ ရေတွင်းကုန်းမှာ စင်တင်၍ စိုက်ထားသော ခွာညိုပန်းရနံ့သင်းသင်းကလေးက နှာဝကို လာချူသည်။ မနက် ကျရင် ခွာညိုပန်းတွေခူးပြီး ရွာရှေ့က ရွှေစေတီဘုရားကို ပန်းသွားကပ်ရမည်။ ပြီးတော့ ရွာကွမ်းတောင်ကိုင် အပျိုချော မမငွမ်းဖြူကို ခွာညိုပန်းတွေ သွားပေးရဦးမည်။ လရောင်ကို ငေးရင်း စိတ်ကူးတယဉ်ယဉ်ဖြင့် မအိမ်ကံမျက်လုံးကလေးတွေ မှေးစင်းလာသည်။ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com

မောင်မြတ်သာကတော့ သူ့စာအုပ်ကြီးကို သည်းကြီးမည်းကြီး ဖတ်နေပုံရသည်။ အစ်ကို့အခန်းဘက်က မီးရောင်ကို မအိမ်ကံ တစ်စွန်းတစ်စ မြင်နေရလို့ဖြစ်သည်။ ခဏနေတော့ လရောင်တစောင်းထိုး အလင်းထဲမှာပင် မအိမ်ကံ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။

တပို့တွဲလ…။

■

မအိမ်ကံတို့ခြံထဲက ပေါက်ပန်း လဲပန်းတွေပွင့်ကြပြီ။ နှင်းတဖွဲဖွဲ တပို့တွဲ ပေါက်လဲ ငုံကားကား။ မအိမ်ကံတို့အိမ်မှ မဟုတ်ပါ။ တစ်ရွာလုံးက အပင်တွေလည်း ပွင့်ကြပါ၏။ ဆပ်သွားဖူး၊ ပုန်းညက်၊ ဇွန်၊ မြတ်လေး၊ သရဖီ၊ ကံ့ကော် စသည့် ရနံ့မွှေးသည့်ပန်းတွေကို မအိမ်ကံ သဘောကျသည်။ သည်ပန်းတွေ တုံးပြန်တော့ ရာသီက နွေဘက်ကို ယိမ်းချင်ပြီ။

တပို့တွဲလထဲမှာပဲ အစ်ကိုမောင်မြတ်သာ မြင်းခြံကို ပြန်သွားခဲ့သည်။ အဖေနှင့် ဘယ်လိုညှိနှိုင်းပြီးပြတ်သွားခဲ့ကြတာလည်းဆိုတာတော့ မအိမ်ကံ မသိ။ မလှအုံကိုမေးတော့ 'ဘယ့်နှယ်မှ ပြီးသံမကြားပေါင်အေ…ညည်းအဖေကလည်း မြင်းကြီးနဲ့ထွက်နေသာပဲ၊ ညည်းအစ်ကိုလည်း အင်္ဂလိပ်ဘိုးအုပ်ကြီးနဲ့ပြီးနေသာပဲ' လောက်သာပြောသည်။ မအိမ်ကံကတော့ အစ်ကို ရွာမှာရှိစဉ်အခါက အနောက်ကုန်းရွာက ဆွေမျိုးတွေဆီ အလည်သွားခဲ့ကြတာကို အောက်မေ့နေမိပါသည်။ အစ်ကိုက လှည်းကို ကိုယ်တိုင်မောင်း၍ မအိမ်ကံကို လှည်းပေါ်ပွေ့တင်ကာ မောင်နှမနှစ်ယောက်တည်း ထွက်ခဲ့ကြခြင်းဖြစ်၏။

အစ်ကိုလှည်းမောင်းတာ မစီးရသည်မှာပင် ကြာပြီ။ အနောက်ကုန်းကို သွားသည့်လမ်းက မအိမ်ကံတို့ရွာမှ အနောက်စူးစူးကို မောင်းထွက်ရသည်။ ညောင်ငါးခွကို ရောက်လျှင် နှစ်လမ်းကွဲသွားသည်။ တစ်လမ်းက အနောက်ကုန်း၊ လေးပင်အိမ်၊ တည်တောဘက်သွားသည့်လမ်းဖြစ်သည်။ တစ်လမ်းကတော့ ကြည်တော်ကုန်း၊ ချယားကုန်း၊ လင်းနေကုန်းဘက်သွားသည့်လမ်းဖြစ်ပါ၏။ သည်ရွာတွေကို မအိမ်ကံ မကြာခဏ ရောက်ဖူးပါသည်။ ဆွေတွေမျိုးတွေရှိသည် မဟုတ်လား။ ညောင်ငါးခွရောက်တော့ အစ်ကိုက လှည်းကို အနောက်ကုန်းဘက်ကို မမောင်းဘဲ တခြားလမ်းကို ဒုန်းမောင်းလေတော့သည်။

"အစ်ကို ဘယ်ကိုသွားနေသာလဲ…အနောက်ကုန်းက ဟိုဘက်လမ်းဟာကို"

"အပြန်ကျမှဝင်မှာ…အခုက ကြည်တော်ကုန်းကို သွားမှာဟ…ဆရာကြည်နဲ့တွေ့ချင်လို့"

ဟုတ်ပေသားပဲ။ အစ်ကိုရှိနေစဉ်ရက်တွေမှာ ကြည်တော်ကုန်းကို ရောက်အောင်လာခဲ့ဖို့ ဆရာကြည် မှာထားခဲ့တာကို မအိမ်ကံ မေ့နေသည်။ ပွဲညက ဆရာကြည်နှင့်တွေ့သည့်အကြောင်း အခုမှပဲ အစ်ကို့ကို ပြောပြရသည်။ အစ်ကိုက မအိမ်ကံခေါင်းကလေးကိုပွတ်ကာ ရယ်သည်။

"အစ်ကို…ဆရာကြည့်အိမ်သွားရင် မအိမ်ကံ ကိုဖိုးပေါက်တို့အိမ်မှာ ချထားခဲ့…အပြန်ကျမှ ဝင်ခေါ်နော်"

ကြည်တော်ကုန်းမှာလည်း မအိမ်ကံတို့ဆွေမျိုးတွေ ရှိသည်။ ရွာတွေဆိုတာက တစ်ရွာသားနှင့်တစ်ရွာသမီး အကြောင်းဆက်ပေါင်းဖက်ရာက ပေါက်ဖွားလာကြသော ဆွေတွေမျိုးတွေ ရှိတတ်ကြမြဲမဟုတ်လား။ ရင်းတာ ခြားတာပဲ ကွာသည်။



"အေး အေး…အစ်ကို ဆရာကြည်တို့အိမ်မှာဘဲ ထမင်းစားလိုက်တော့မယ်…ကံကလေးက ကိုဖိုးပေါက်အိမ်စားလိုက်နော်"

မအိမ်ကံကို ကိုဖိုးပေါက်တို့အိမ်ဝမှာချခဲ့ကာ မောင်မြတ်သာ လှည်းဆက်မောင်းသွားသည်။ မအိမ်ကံတို့ မောင်နှမရောက်လာတော့ ကြည်တော်ကုန်းက ဆွေမျိုးတွေက ဝမ်းသာကြသည်။ ရွာချင်းဝေးတာမဟုတ်သော်လည်း အကြောင်းရှိမှ ရောက်ကြရတာမဟုတ်လား။ ကိုဖိုးပေါက်တို့အိမ်ကို အိမ်မ,ထားကာ ရောက်လာသော်လည်း ဆွေမျိုးတွေအိမ်မှာ တစ်လှည့်စီ အချိန်ကုန်ရသည်။ ဆွေဆွေမျိုးမျိုးတွေအိမ်မှာ တစ်လှည့်စီသွားလာရင်း ပင်ပန်းဆင်းရဲကြရှာသော တောသူတောင်သားများ အနေဆင်းရဲ အစားဆင်းရဲဘဝတွေ မြင်တွေ့ခဲ့ရပါ၏။ အစ်ကိုပြန်လာခေါ်တော့ နေတောင်အတော်မြင့်လှပြီ။

ညောင်ငါးခွ လှည်းလမ်းဆုံကိုရောက်တော့ အနောက်ကုန်းကို ချိုးကြရပြန်သည်။ သည်မှာလည်း ဆွေတွေမျိုးတွေ များလှပါသည်။ တတ်နိုင်သူတချို့က မအိမ်ကံတို့ကို ရွာထွက်လက်ဆောင်တွေပေးကြသလို မတတ်နိုင်သူတွေကတော့ မေတ္တာဖြင့်သာ ဧည့်ခံကြရှာသည်။ အနောက်ကုန်းက လှည်းပြန်လှည့်ကြတော့ နေစွယ်ပင်ကျိုးခဲ့ပြီ။ စားကျက်ကွင်းမှ ပြန်သိမ်းလာကြသော ဆိတ်အုပ်၊ နွားအုပ်တွေက ရွာလမ်းမှာ ဖုန်တထောင်းထောင်း။ နွားမပန်းရအောင် နေချိုမှ ပြန်ခဲ့ကြခြင်းဖြစ်သော်လည်း ဆောင်းနေမို့ အဝင်စောသည်ထင်ပါ၏။ ရွာဝင်တော့ မိုးစုတ်စုတ်ချုပ်ပြီ။ ခြံထဲ လှည်းဝင်လာတော့ ကိုဖိုးငွေက လှည်းဆီးချွတ်သည်။

"မောင်နှမနှစ်ယောက် သွားလိုက်ကြသာ မိုးကို ချုပ်ကရောဗျား"

သည်ခရီးက နောက်တစ်ရက်မှာတော့ ပြဿနာပေါ်လာခဲ့သည်။ မအိမ်ကံတို့မောင်နှမ ကြည်တော်ကုန်းရောက်ကြတာကို ဦးသာထန် သိသွားရာက အစ်ကိုမောင်မြတ်သာနှင့် အကြီးအကျယ် စကားများကြသည်။ ဦးသာထန်က ဆရာကြည့်ကို မကြည်ညို။ အင်္ဂလိပ်အစိုးရကို အာခံလို့တော့လည်းမဟုတ်။ ဦးသာထန်က သူ့နယ်တစ်ဝိုက် ဆယ့်နှစ်ရွာမှာ ဆရာကြည်လို လူမျိုး မရှိစေချင်တာပဲဖြစ်သည်။

"ငါ့နယ်မှာ သူပုန်သူကန်မရှိတာ လိုချင်သာကွ…ဆရာကြည်က မြင်းခြံနဲ့ဆက်ပြီး အစိုးရအရှိအသေတန်အောင် လုပ်နေသာတွေကို သူတို့အထောက်တော်တွေက သိသယ်…စောင့်ကြည့်နေကြသာ…မောင်မြတ်သာရယ် မင်းက ဆရာကြည့်အိမ်သွားပြီး တံစက်မြိတ်ခိုသယ်ဆိုတော့ ငါလည်း ခွေးဖြစ်ကရော…"

"အဖေတို့ပြဿနာတွေ ကျွန်တော်မသိပါဘူး…ဆရာကြည်က ဘာမှလည်းမဟုတ်ပါဘူးဗျာ …နယ်မှာ လူရှိသေ ရှင်ရိုသေပါ …သူ့ဆေးနဲ့ လူရောကျွဲ နွားပါ ချမ်းသာနေကြသာမဟုတ်လား…ကျွန်တော်သွားသာ ရိုးရိုးပါ"

"ဘာရိုးရိုးလဲ မောင်မြတ်သာရဲ့…မင်းတို့ ကြည်တော်ကုန်းအရှေ့ဘက် ထန်းတောထဲ သီချင်းဆိုကြသာကို သူများပြောမှ ငါသိရသယ် ..အင်္ဂလိပ်များ မင်းတို့က ဝါလုံးနဲ့ ထိုးချချင်လို့ ရပ်မလားကွ မောင်မြတ်သာရ"

"အဖေရာ ..အင်္ဂလိပ်တွေကို အဖေသစ္စာခံသာ အဖေ့အလုပ်ပါ ..တစ်တိုင်းပြည်လုံး ကျွန်ဖြစ်နေသာကို အဖေကပါ ပလိုင်းပေါက်နဲ့ ဖားကောက်နေသော ခက်သာ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ်ကွာ...မင်း သည်ကိစ္စတွေထဲ ပယောဂမပါစေနဲ့...ငါ ဒါပဲပြောမယ်..မင်းကို ပညာသင်ပေးသာ အေးအေးသင်...သခွပ်ပင်က မီးတကျည်ကျည် မင်းက တမှောင့်"

အဖေနှင့်အစ်ကိုတို့ အော်နေကြတာ မအိမ်ကံကြားနေရသည်။ မလှအုံပြောသလို အဖေက ဆရာကြည်နှင့် တည့်ပုံမရ။ အစ်ကိုကလည်း တစ်ခွန်းမခံ ပြန်အော်နေတာမျိုး မဟုတ်သော်လည်း အစ်ကို့မျက်နှာကြီး နီနေသည်။ အဖေကတော့ ကျူးလို့သာအော်နေတော့၏။

"မင်း မြို့မှာလည်း စာကောင်းကောင်းမသင်ဘူးလို့ ငါကြားသယ်...ငါလာတိုင်း မင်း ခရီးထွက်နေသာချည်းပဲ...သည်မယ် မောင်မြတ်သာ...မင်းကို ပညာတတ်အောင် သင်ပေးနေသာ ငါ့အမွေကို ခံယူဖို့...ပညာမှ မလိုလားရင် မင်း ရွာပြန်ခဲ့တော့ သူကြီးလုပ်တော့ကွာ...ဒါပဲ"

သည်ပြဿနာဖြစ်ပြီးနောက်ပိုင်းမှာ မောင်မြတ်သာ မြို့ပြန်ဖို့စီစဉ်တော့သည်။ မြို့ပြန်မည့်နေ့က အမေပန်းရုံကို ထိုင်ကန်တော့သည်။ မအိမ်ကံကို နှုတ်ဆက်သည်။ ကိုဖိုးငွေနှင့် မလှအုံတို့ မိသားစုကို နှုတ်ဆက်သည်။ အဖေကတော့ ထုံးစံအတိုင်း အိမ်မှာမရှိပါ။

"ကြာရင် ကျွန်တော် ငရဲကြီးရတော့မှာ အမေပန်းရုံ...အဖေက အင်္ဂလိပ်သစ္စာခံ ချင်လွန်းလို့ သူကြီးဖြစ်လာသဲ့သူမဟုတ်သာ ကျွန်တော်သိပါရဲ့...ဒါပေမဲ့ သူကြီးလုပ်နေရရင် ပြီးရောဆိုတာမျိုးနဲ့တော့ ခေတ်ကာလကြီးနဲ့ မကိုက်လောက်တော့ဘူး..."

"အမေတို့ကတော့ ဒါတွေ ဘာမှနားမလည်ပါဘူး လူကလေးရယ်...အမေတို့မှာ ပြေးကြည့်မှ သည်သားအမိ သားအဖ လေးယောက်ရှိသာ...မင်းက တစ်မြို့တစ်ရွာမှာဆိုတော့ အားတော့ငယ်မိသား...မင်းအဖေကလည်း ဘူးတူးဘားတားဆိုတော့ အမေ့မှာ တစ်ချိန်လုံး ပူနေရတော့သာ...မင်းနှမကလေးကလည်း မင်းပြန်မလာသာ ကြာရင် လွမ်းတတ်နေပြီကွယ့်"

အမေပန်းရုံကပြောတော့ မောင်မြတ်သာက နှမကလေးကို ဖက်ပြီး နှစ်သိမ့်ရှာသည်။ အစ်ကိုချော့တော့ မအိမ်ကံကပါ ငိုမိတော့၏။

"ကိုင်း ကိုင်း သွား သွား...နေမြင့်ရင် နွားတွေ ပန်းလိမ့်မယ်...စာတော့ မကြာမကြာ ရေးကွယ်"

အစ်ကို့လှည်းကို ရွာထိပ်အထိ မအိမ်ကံ လိုက်နှုတ်ဆက်သည်။ အစ်ကိုပြန်သွားကတည်းက အိမ်ကြီးမှာ မအိမ်ကံတစ်ယောက်တည်း ကျန်ခဲ့တာဆိုတော့ ရင်ထဲမှာ ဟာတာတာ ဖြစ်ရသည်။ တပို့တွဲလပြည့်ရက်မှာ ကျင်းပကြမည့် ရွာက ထမနဲပွဲကိုသာ မျှော်ရသည်။ ဇောင်ချမ်းကုန်းရွာ၏ ထမနဲမလေ့မှာ ပွဲရယ်လမ်းရယ် မပါသော်လည်း တစ်နယ်လုံးက အုန်းအုန်းထ လာကြရသော ပွဲဖြစ်ပါ၏။ တပို့တွဲလဆန်း ဆယ့်လေးရက်နေ့တိုင်ပြီဆိုလျှင် ရွာမှာရှိသမျှ အိမ်တိုင်းက ဆင်းရဲ ချမ်းသာမရွေး တတ်အားသမျှသော ကောက်ညှင်းဆန်၊ ဆန်၊ မြေပဲဆံ၊ အုန်းသီး၊ နှမ်း၊ ဆီ၊ ထင်းကအစ လာရောက်လှူဒါန်းကြသည်။ ရွာဦး ရွှေစေတီ ဘုရားရင်ပြင်မှာ ထန်းခေါက်တောင်းကြီးတွေချကာ အလှူခံပြီးညမှာ ထမနဲတွေ တစ်ဒယ်ပြီး တစ်ဒယ် ထိုးကြတော့သည်။ လရောင်အလင်းဖြင့် ရွာလုံးကျွတ် ထမနဲထိုးပွဲကြီး ဖြစ်ပါ၏။



မနက်အရုဏ်ကျင်းတော့ ထမနဲဒန်အိုးကြီးတွေ ဘုရားရင်ပြင်တော်ထက်မှာ အငွေ့တထောင်းထောင်းနှင့်။ ရွာဘုရားတွေကို ထမနဲဆွမ်း ကပ်ကြသည်။ ရွာကျောင်းနှင့်တကွ အနီးဝေါစရဂါမ်ရှိ ဘုန်းကြီးကျောင်းများသို့ လှည့်လည်လှူဒါန်းကြသည်။ တစ်ရွာလုံးရှိသမျှ လူကုန် ကြိုက်သလောက် သုံးဆောင်နိုင်ရုံမက အဝေးရွာတွေကပါ ထမနဲ လာယူကြသည်။ လှည်းတွေနှင့် လာသူလာကြ၊ ခြေကျင်လျှောက်ကာ လာသူလာကြ။ ပါလာသမျှ အိုးခွက်များဖြင့် ထမနဲတွေ ပြည့်ပြည့်မောက်မောက် ထည့်ပေးလိုက်ကြသည်သာ။ သည်ဓလေ့က ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းလာခဲ့ကြသည့်ဓလေ့ဆိုတော့ နှစ်ထမ်းရလှပြီ။ ထမနဲပွဲချိန်ရောက်လျှင် မအိမ်ကံ အမြဲပျော်ရသည်။

ဘုရားမှာ စုပေါင်းထမနဲထိုးကြသလို ကိုယ့်အိမ်မှာလည်း တစ်ဒယ်တစ်အိုး ထိုးကြပါသေး၏။ မလှအုံက ရွာမှာတော့ ထမနဲအထိုးကောင်း။ မအိမ်ကံတို့အိမ်မှာ ယာဂုကျို၊ ထမနဲထိုး ကောင်းလှသော မလှအုံကြောင့် မကြာခဏ လုပ်စားလေ့ရှိပါသည်။ ယာဂုကို ရက်မန်းခေါ်ကြသည်လည်းရှိပါ၏။ ရက်မန်းကျိုတာကတော့ ရေခြောက်ဆ ဆန်တစ်ဆပြုတ် ကျိုခြင်းဖြစ်၍ ကရိကထမများလှပါ။ ထမနဲကတော့ ယောကျ်ားသန်သန်ကြီးတွေပါမှ ဖြစ်သည်။ မလှအုံ ထမနဲအထိုးကောင်းဆိုတာက အစပ်အဟပ် နားလည်ခြင်းကို ပြောခြင်းဖြစ်ပါ၏။ မလှအုံက မြေပဲဆံကို သဲပူဖြင့် လှော်ရင်းက မအိမ်ကံကို နည်းပေးသည်။ ညည်းကြီးတော့ ထမနဲထိုးတတ်ကရောပေါ့လို့လည်း ဆိုသေးသည်။

"ထမနဲများတော့ ဆီဆုံနှမ်းဆီလေးမှ ကောင်းသာ..ရှေးက တို့အဖေများက စာစပ်ကလေးတောင် ကျက်ထားကြသာအေ့...'စားတော်ရ ဆန်ပေါက်ဝါ လေးပြည်သာ ထည့်မြ၊ ချိန်ပိသာ လျှံကြည်ရွှဲအောင်လို့ နှမ်းဆီလည်းထည့်ပြန်'...သဲ့တော်။ ပါရသာတွေကတော့ ကောက်ညှင်းဆန် လေးပြည်၊ မြေပဲဆံ ရှစ်ဆယ်သား၊ နှမ်းဆီက တစ်ပိဿာ၊ နှမ်းက သုံးဆယ့်နှစ်ကျပ်သား၊ အုန်းသီးစိတ် နှစ်ဆယ်သား၊ ဆား ခုနစ်ကျပ်သား၊ ချင်း သုံးကျပ်သား...ဒါအချိုးပဲ...အဖေက ချင်းနုဖပ် သိင်္ဂီမျှင်ရွှေ သုံးကျပ်မသွေ..နည်းစဉ်ဆက် သမုဆွေရယ် ဥပဒေမော်ကွန်းပလေးလို့ ဆိုပြသေးသာ..."

"အဲသာ...ဘာပြောသာတုံး မလှအုံရဲ့"

"ဟောတော့်...ညည်းနှယ် ဖြစ်ရပလေ...ရှေးက ဘုရင့်နန်းတော်မှာထိုးသဲ့ ထမနဲအချိုးလို့ ပြောသာ...သည်အချိုးဟာ ဥပဒေပဲလို့ ပြောသာ"

"ဘုရင်တွေက ထမနဲထိုးစားလို့လား မလှအုံရဲ့"

"ဟဲ့ ဘုရင်တွေလည်း ပါးစပ်နဲ့ပဲဟဲ့"

သမီးဖြစ်သူနှင့် မလှအုံ ပြောနေတာတွေကို ဒေါ်ပန်းရုံ မလှမ်းမကမ်းက ရယ်မိသည်။ မလှအုံ၏ ထမနဲအချိုးမှာ တကယ်လည်း ကောင်းပါ၏။ တစ်ရွာလုံးကလည်း မလှအုံကို လာမေးတတ်ကြပါ၏။ တချို့ကလည်း စာနှင့်ပင် ရေးကူးကြသည်။ သို့သော် ထမနဲထိုးကာ [illegible] တော့ တစ်ခေါက်လာမေးကြသူတွေချည်း။ အခုလည်း မအိမ်ကံကို သင်ပေးနေပြန်ပါ [illegible]။ မအိမ်ကံကြီးတော့ ထမနဲထိုးရအောင်လို့တဲ့။ ဒေါ်ပန်းရုံက ဒါကို သဘောကျခြင်း [illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ လှအုံရဲ့...ငါ့သမီး ငယ်ပါသေးအေ...ထမနဲထိုးဖို့ အဝေးကြီးလိုပါသေးသယ်"

"ငယ်တုန်းသင်ရသာကော...ကြီးရင် ထမနဲများ ခေါင်းထဲတောင် ထည့်မှာမှုတ်ဘူး"

မအိမ်ကံတို့ဝိုင်းတိုက်ထဲမှာ မီးကျင်းကြီးတွေ နှစ်ကျင်းသုံးကျင်းတူးကာ ထမနဲထိုးကြသည်။ ယောက်ျားကြီးတွေပင် ချွေးပေါက်ပေါက်ကျကြ၏။ ရေကုန်အောင်ထိုးတော့ ဆီတွေးတွေးဖြင့် နပ်နပ်ပျောင်းပျောင်းရှိသည်။ အထားခံသည်။ စားရတာ အရသာရှိသည်။ ဘုရားဆွမ်းတော်တင်ဖို့ လင်ပန်းနှင့်တစ်ချပ် 'ဦး' ဖယ်ပြီး ရွာကျောင်းဆရာတော်ထံ ဦးဦးဖျားဖျားပို့လှူကြရသည်။ ရွာထဲရပ်ထဲ အိမ်ပေါက်စေ့အောင် ဝေငှရသည်။ အဝေးရွာကလာကြသောလှည်းတွေကို ရော့ဟဲ့ အင့်ဟဲ့ ကမ်းကြရပါ၏။ တပို့တွဲကုသိုလ်ခေါ်ကြပါသည်။

"အမေ...မအိမ်ကံ ဘုရားကုန်းသွားတော့မယ်"

လရောင်ကလေးပေါက်လာတော့ ရွာထိပ်ရွှေစေတီဘုရားဆီက လူသံတွေ အုပ်အုပ်အုပ်အုပ်နှင့် ကြားနေရပြီ။ ထမနဲထိုးပွဲ စကြပြီထင်ပါရဲ့။

"သွားလေ သမီး...လှအုံတော့ မအားဘူး...ကျေးဥတို့နဲ့သွားပေါ့သမီးရဲ့...အပြန်ကျအမေ လာကြိုလှည့်မယ်"

မအိမ်ကံတို့အိမ်မှာ ထမနဲထိုးလာကူသော အရီးကြာညွန့်၏သမီး ကျေးဥနှင့် မလှအုံသား ဖိုးကူးကိုပါ အဖော်ခေါ်ကာ ဘုရားကုန်းဆီ အပြေးထွက်ခဲ့ကြသည်။ ကိုဖိုးငွေနှင့်မလှအုံ၏သားနှစ်ယောက်မှာ မအိမ်ကံတို့အတွက် တအားဖြစ်လာခဲ့ပြီ။ အကြီးကောင် ဖိုးတုတ်ဆိုလျှင်လူပျိုသိုးကလေးဆိုတော့ ကိုဖိုးငွေကို ကူနိုင်နေပြီ။ ဖိုးကူးကလည်း လက်တိုလက်တောင်းခိုင်းရပြီ။ အထူးသဖြင့် မအိမ်ကံ၏ အနှံ့အတာအခံရဆုံးဖြစ်၏။

မအိမ်ကံတို့ ဘုရားကုန်းကိုရောက်တော့ မိုးဗြဲဒယ်ကြီးတွေ မီးတရဲရဲထိုးကာ ထမနဲပွဲစ,နေပါပြီ။ ယောက်ျားတွေက ဆောင်းတွင်းကြီးဆိုသော်လည်း အင်္ကျီမကပ်နိုင်။ တစ်ကိုယ်လုံးချွေးဒီးဒီးကျနေကြသည်။ မိန်းမပျိုကလေးတွေကတော့ မြေပဲဆံအခွံချွတ်သူချွတ်၊ နှမ်းထောင်းသူထောင်း၊ အုန်းသီးစိတ် ထိုးသူထိုး၊ မုန့်ကျက်လျှင် ထုတ်ပိုးနိုင်ရန် ငှက်ပျောဖက် သုတ်သူသုတ်။ စကြနောက်ကြ ပြောင်ကြလှောင်ကြနှင့် ဆူညံနေတော့သည်။ သည်အပျော်တွေက မအိမ်ကံကိုကူးစက်လို့လာသည်။ တစ်ချိန်လုံး အိမ်တွင်းအောင်းကာ စိတ်ရှုပ်ထွေးခဲ့ရသမျှ သည်မှာကျလွတ်လပ်ပေါ့ပါးလှပါ၏။ ပျော်လိုက်သာတော်။

"မအိမ်ကံ...ဟိုမှာ ရွှေမှုံတို့ ဘုရားပန်းကုံးနေကြသယ်...ပန်းကူကုံးချေရအောင်"

ဘုရားရင်ပြင်ပေါ်မှာ နီးချောဖျာချပ်ကြီးတွေခင်းကာ မအိမ်ကံတို့အရွယ် မိန်းကလေးတွေ ဇလပ်ပန်းဖွေးဖွေးကလေးတွေ ကုံးနေကြသည်။ မအိမ်ကံနှင့်ကျေးဥလည်း ပန်းဝင်ကုံးကြသည်။

"ဟော မအိမ်ကံ ..သည်လိုမှန်းသိ ညည်းကို ဝင်ခေါ်ပါသယ်တော်...လာ လာ"

ရွှေမှုံက သူ့ဘေးက နေရာကလေးကို ကျုံ့ပေးလိုက်သည်။ တောင်ပိုင်းက အရီးမြ၏သမီး ရွှေမှုံ။ ရွှေမှုံက သူကြီးသမီး မအိမ်ကံကို အလွန်ခင်သည်။ ရွှေမှုံမှမဟုတ်ပါ။ မအိမ်ကံကိုရွယ်တူမိန်းကလေးတိုင်းက ခင်ချင်ကြသည်။ သူကြီးသမီးဆိုသည့် အရှိန်အဝါ ကြီးရသည့်အထဲအနေအထိုင် တည်လွန်းသော မအိမ်ကံကို အားလုံးက ယို့ကြရသည်။ မအိမ်ကံနှင့် ခင်ရမင်ရ


www.burmeseclassic.com

သည်ကို တစ်ဂုဏ်အောက်မေ့ကြလေသည်။ ဇလပ်ပန်းတွေထည့်ထားသော ပန်းဆန်ကာခုံးကြီးထဲက အပွင့်လှလှကလေးတွေကို ရွေးကာ မအိမ်ကံလက်ထဲ ထည့်ကြသည်။ သည်ပန်းတွေကိုညနေကတည်းက တစ်ရွာလုံးရှိသမျှအိမ်တွေမှာ လည်ဆွတ်ခဲ့ကြတာဆိုတော့ အမောက်အလျှံ။ ပန်းတစ်ကုံးကုံးပြီးတိုင်း ဘုရားစေတီဖောင်းရစ်မှာ သွားသွားခွေတင်ကြ၊ ချိတ်ဆွဲကြတာဆိုတော့စေတီတစ်ဆူလုံး ဇလပ်ပန်းကုံးတွေ ဖွေးနေတော့သည်။

"ဟောတော့ ရွှေမှုံ...ညည်း နားကပ်ပန်ပြီပေါ့"

ကျေးဥ၏ အလန့်တကြားအော်လိုက်သံကြောင့် မအိမ်ကံလက်ထဲက ကုံးလက်စဇလပ်ပွင့်ကလေးပြုတ်ကျသွားရသည်။ ပြီးတော့ ရွှေမှုံကို ဆတ်ခနဲမော့ကြည့်လိုက်မိသည်။ ရွှေမှုံ့မျက်နှာကလေး ရဲသွေးထနေလေ၏။

"အေးဟဲ့...မကြာသေးပါဘူးအေ...ညည်းရော"

ကျေးဥကလည်း ခေါင်းကလေးညိတ်ပြသည်။ ရွှေမှုံနှင့်ကျေးဥတို့ ဘာတွေပြောနေကြမှန်း မအိမ်ကံ နားမလည်ပါ။ ရွှေမှုံနားက ရွှေအပ်ကလေးကိုတစ်လှည့် ကျေးဥနားကတမာရိုးကလေးကိုတစ်လှည့် ကြည့်ရင်း အံ့ဩနေမိ၏။ ပန်းငုံ့ကုံးနေကြသည့် တချို့မိန်းကလေးတွေမှာလည်း နားပေါက်ကလေးတွေနှင့်။ တချို့က ရွှေအပ်မတတ်နိုင်တော့ တမာရိုးကလေးထိုးကြသည်။ အပ်ချည်မျှင်ကလေးတွေ သွင်းထားကြသည်။ အမေပန်းရုံက သူ့ကို ဘာလို့နားကပ် ပန်မပေးသေးတာပါလိမ့်။

*"တပို့တွဲ xx ပေါက်လဲရယ်တဲ့ ငုံစီစီ xx ဖူးတံကချို xx သည်ရာသီ ဇာဟီကအပြောင်း xx ပျိုတို့မောင် ရွှေသျှောင်တွဲယ်နှင့် xx ခါမမီ ယာယီခွဲလို့ရယ် xx လွဲပေါ့ သည်ဆောင်း xx"*

ထမနဲထိုးနေကြသည့်ဝိုင်းမှ ကာလသားတစ်ယောက်က အသံဝါကြီးနှင့် ထဟစ်လိုက်တော့ တဝေါဝေါ ဆူနေသည့် အသံများပင် တိတ်သွားလေသည်။ တစ်ယောက်က ပုလွေကိုထမှုတ်သည်။ ပုလွေသံနှင့် သီချင်းသံက လိုက်ဖက်ညီလွန်းလှသည်။ မအိမ်ကံရင်ထဲ ကျင်ခနဲဖြစ်သွားကာ ဘာကိုလွမ်းမှန်းမသိ လွမ်းနေမိတော့၏။

■

သည်လိုလတွေမှာ မအိမ်ကံတို့ရွာက လက်ပံပွင့်ကောက် ထွက်ကြရသည်။ ဆောင်းအကုန် နွေအကူး လေရူးမြူးချိန်။ လက်ပံပင်ပေါ်က ဥဩငှက်ကလေးတွေ တွန်မြည်ကြသည့်အသံကိုက နွေရောက်တော့မည့် နိမိတ်ပုံပဲဖြစ်သည်။ မလှအုံက ထန်းခေါက်လျှော်တောင်းကြီးခါးထစ်ခွင်ကာ လက်ပံပွင့်ကောက်သွားမည်ဆိုတော့ မအိမ်ကံနှင့် ဖိုးကူးပါ လိုက်သွားကြ သည်။ လက်ပံခေါင်းနှင့် ဝက်သားဟင်းလေးချက်ကို သူကြီး ဦးသာထန် ကြိုက်လေတော့ နှစ်ပေါက်စားရအောင် ကောက်ကာ အခြောက်ခံထားကြရသည်။ လက်ပံခေါင်းခြောက်ကိုပုတ်တောင်းပြည့်အောင် လှောင်ကာ တစ်နှစ်လုံး ညှော်မပြတ်သော သူကြီးမင်း၏ ညှော်သည်တော်များအတွက် တောစာ ဟင်းတစ်ခွက်တိုးရ၏။

"ကြည့်ပါဦးအေ...လဲပွင့်တွေ ကြွေထားသာ နည်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"လဲပွင့်လို့ခေါ်သာ ဟုတ်ပါရဲ့...ဘာလို့ခေါ်သာလဲ မလှအုံရဲ့"

"ဟဲ့...လက်ပံပွင့်ကို လဲပွင့်ခေါ်သာပဲ...ဘာလို့ခေါ်သာလဲလို့ ငါလည်း ဘယ်သိပါ့"

သည်ဘက်နယ်က ရွာတွေမှာ လက်ပံပွင့်လို့ ခေါ်ခဲပါသည်။ ပေါက်ပွင့် လဲပွင့်လို့ သုံးကြသည်။ ပေါက်ပွင့်ကလည်း ရဲရဲ၊ လဲပွင့်ကလည်း မှည့်မှည့်။ လက်ပံသီးကို လဲသီး၊ လက်ပံမှို့ကို လဲမှို့ ခေါ်ကြသည်။ တချို့က လက်ပံပင်ကို လဲပင်ခေါ်တတ်ကြသည်။ လဲပွင့်တွေ ကောက်လိုက်ကြ၊ နီးရာ ပုံထားကြ၊ လဲပင်တန်းအရိပ်အောက်မှာပဲ ပွင့်ဖတ်တွေ ခြွေကြ။ ပျော်စရာကောင်းလိုက်တာ။ လဲပွင့်ကောက်သူတွေကလည်း မနည်း။ အိမ်ရောက်တော့ ဖျာကြမ်းကြီးတွေခင်းကာ နေသွေ့စေရသည်။ သွေ့ပြီဆိုတော့မှ ပုတ်တောင်းထဲထည့်ကာ ပုဆိုးဟောင်း အုပ်ထားရုံသာ။ လဲပွင့်ကောက်က ပြန်တော့ လမ်းမှာ မအိမ်ကံက မေးသည်။

"အဖေတော့ အစ်ကို့ကို စိတ်ဆိုးနေသာလား မသိဘူးနော်...မလှအုံ"

"ညည်းအဖေလား...မဆိုးပေါင်တော်...ထမနဲနဲ့ သကာရည်တွေ ပို့ခိုင်းလို့ အိမ်က ကိုဖိုးငွေ သွားပို့ရသေးသာကော"

"ဟုတ်လား...မအိမ်ကံ မသိလိုက်ပေါင်တော်"

သည်လိုဆိုတော့လည်း စိတ်ချမ်းသာရပါ၏။ မအိမ်ကံတို့မှာ မိသားစု များများမရှိတော့ အဖေ့ကိုလည်း ချစ်ရသည်။ အမေ့ကိုလည်း ချစ်ရသည်။ အစ်ကို့ကိုလည်း ချစ်ရသည်။ သည်မိသားစုကလေးထဲမှာ အမုန်းမရှိစေချင်။ အစ်ကို ရွာကို အပြီးပြန်လာလျှင် ကောင်းသား။

သည့်နောက်ရက်တွေမှာတော့ အိမ်ကြီးပေါ်မှာ မအိမ်ကံ နေကုန်ရတော့သည်။ တပို့တွဲကုန်လို့ တပေါင်းကူးတော့မည်။ တောင်လေတွေ တဟူးဟူးတိုက်လာလေပြီ။ သစ်ရွက်တွေကလည်း ကြွေလိုက်ကြတာ။ အိမ်ဝိုင်းထဲမှာ သစ်ရွက်ကြွေတွေ လှဲလို့ကျင်းလို့ပင် မနိုင်နိုင်။ ရွာရိုးတစ်လျှောက် ဖုန်ခိုးတွေ အလိမ်းလိမ်းမှုန်နေတော့၏။ ရွာအိမ်တန်းတွေဆီက သားသည်မအေများ၏ ကလေးပုခက်လွှဲ သီချင်းသံတွေကို ကြားနေရသည်။ ရွာရက်ကန်းအချို့ဆီက ရက်ကန်းခတ်သံ တဂျောင်းဂျောင်းကို ကြားရတာကလည်း ဘာရယ်မသိ လွမ်းစရာပင်။

ရာသီမိန်ငယ် ဂိမှာန်ရက်ပြောင်း လတပေါင်းမို့ ရွက်ဟောင်းတို့ ကြွေကြလေပြီ။ သရဖီနှင့် အင်ကြင်းပန်းတွေ အပြိုင်ပွင့်ကြဦးမှာပေါ့။ နွေဦးတစ်လှည့် ပေါက်လေပြီ။

■

သရဖီနှင့် အင်ကြင်းပန်းတွေ လှိုင်လှိုင်ပွင့်ကြသည့် နွေတစ်ကြော့ကို ရောက်ခဲ့ပြန်ပါပြီ။ နွေရောက်လေတိုင်း အစ်ကို မောင်မြတ်သာ ရွာကို ပြန်လာနေကျ ဖြစ်သော်လည်း သည်နှစ် ပြန်လာနိုင်မည် မထင်ကြောင်း လူကြုံဖြင့် စာရောက်လာသည်။ သည်နှစ် မောင်မြတ်သာက မြင်းခြံကျောင်းမှာ မဟုတ်တော့။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်ကို ကျောင်းသွားတက်နေရပြီ။ အဖေ ဦးသာထန်နှင့် စကားများပြီးနောက်ပိုင်း ရွာကို သုံးခေါက်လား လေးခေါက်လား ပြန်လာခဲ့သေးသည်။

မောင်မြတ်သာ ပြန်လာလေတိုင်း တိုင်းရေးပြည်ရေး သတင်းတွေက တစ်ခုမဟုတ်တစ်ခု ပါလာတတ်မြဲ။ ဗြိတိသျှနန်းရင်းဝန်ကြီး မစ္စတာ မက္ကဒေါ်နယ်က အိန္ဒိယပြည်နှင့် ခွဲရေးတွဲရေးကို မြန်မာလူမျိုးတို့၏ ဆန္ဒခံယူမည့်အကြောင်း၊ ဒိုင်အာခီဥပဒေပြကောင်စီအမတ်ရွေးကောက်ပွဲ ပြုလုပ်ခဲ့ရာ တွဲရေးသမားများက မဲအရေအတွက်ဖြင့် အနိုင်ရသွားကြောင်း၊ ချောက်မြို့ ရေနံမြေ၌ တို့ဗမာအစည်းအရုံးကို စတင်ဖွဲ့စည်းလှုပ်ရှားနေပြီဖြစ်ကြောင်း၊ လန်ဒန် တွင် မြန်မာပြည်ဆိုင်ရာ စားပွဲဝိုင်း ဆွေးနွေးပွဲများ ကျင်းပခဲ့ကြကြောင်း စသည်ဖြင့်...။

အစ်ကိုမောင်မြတ်သာ၏ စကားတွေကို အဖေက နားဝင်သူမဟုတ်ပါ။ အစ်ကို့နားမှာ အမြဲကပ်နေတတ်သော မအိမ်ကံကတော့ နားမလည်သော်လည်း အကြားနာခဲ့ရသည်။ သည်ဘက်ပိုင်း ရွာပြန်လာသည့်အခေါက်တွေမှာ အစ်ကိုက မအိမ်ကံကို အင်္ဂလိပ်စာ အခြေခံတွေကိုပါ သင်ကြားပေးခဲ့သည်။ ဒါကိုတော့ အဖေက သဘောကျ၏။ မအိမ်ကံကလည်း ဉာဏ်ကောင်းလေတော့ သင်ပေးသမျှ အလွတ်ကျက်မှတ်နိုင်ခဲ့သည်။ အစ်ကိုက မအိမ်ကံအတွက် စာအုပ်နှင့် ဖောင်တိန်တစ်ချောင်းပါ ဝယ်လာခဲ့သည်။ ဖတ်စရာစာအုပ်အချို့လည်း ထားခဲ့သည်။ ဗမာစာကိုတော့ မအိမ်ကံ စာလုံးပေါင်းဖတ်စရာ မလိုလောက်အောင် ဖတ်နိုင်ခဲ့ပြီ။

"ဥဩ ဥဩ...ဥဩ"

ထိုင်နေကျအိမ်ကြီးအပေါ်ထပ်က လေသာဆောင်မှာထိုင်ရင်း အတွေးဝင်နေသည့် မအိမ်ကံမှာ ဥဩသံတွေကို ကြားလိုက်ရတော့ ဆတ်ခနဲ တုန်သွားမိသည်။ ကြားနေကျ ဥဩသံကိုပင် လန့်ခနဲဖြစ်သွားကာ ခေါင်းထဲ မူးဝေသွားသလိုလိုပင် ခံစားမိရ၏။ အဝေးလဲပင်တွေဆီက ဥဩငှက်သံတွေ ဆက်တိုက်ဆိုသလိုပင် ကြားနေရသည်။ မှိုင်းမှုန်ရီဝေနေသော ကောင်းကင် ညို့လာပြီဆိုသည်နှင့် ပုစဉ်းရင်ကွဲတွေ အော်ကြပြီ။ ပုစဉ်းရင်ကွဲတွေ ဘယ်ကြိုဘယ်ကြားက အော်မြည်နေကြတာလဲ။ နားကွဲလုမတတ်ပါပဲတော်။

အိမ်အောက်မှာ မလှအုံက သရဖီပန်းတွေ နှီးတောင်းထဲထည့်ကာ အပ်တစ်ချောင်းနှင့် ကုံးသည်။ သုံးကုံးကို ဘုရားတင်မည်။ တစ်ကုံးက အရီးပန်းရုံဖို့၊ ကျန်တစ်ကုံးကိုတော့ မအိမ်ကံ ပန်လိမ့်မည်။ မလှအုံက ပန်းကုံးကလေးတွေကိုင်ပြီး အိမ်ပေါ်ကို တက်လာခဲ့၏။ ကျွန်းလှေကားဆံပြားကြီးတွေကို နင်းတက်လာခိုက်မှာပင် ပန်းကုံးတစ်ကုံး လှေကားဆံပေါ် ပြုတ်ကျသွားခဲ့သည်။ မလှအုံက ပန်းကုံးကလေးကို ငုံ့ကောက်လိုက်ချိန်မှာတော့...။

မလှအုံ ချက်ချင်းပြေးဆင်းသွားကာ အရီးပန်းရုံကို ရှာသည်။ ဒေါ်ပန်းရုံက အိမ်ကြီးထဲမှာ မရှိ။ ခြံထောင့် ပဲမှော်တိုက်ဘေးမှာ တံမြက်စည်းလှဲနေသံကြားတော့ မလှအုံ အမောတကော ရောက်သွားရသည်။ ဒေါ်ပန်းရုံက တံဘက်ကြီးတစ်ထည် ခေါင်းပေါင်းကာ မတ်တတ် တံမြက်စည်းဖြင့် တဖျင်းဖျင်းလှဲနေခိုက်ဖြစ်၏။

"အရီးပန်းရုံ...အရီးပန်းရုံ...မ ..မအိမ်ကံ အပျိုဖြစ်ပါပကောတော်"

"ဟဲ့...ဘယ်လိုဟဲ့...ညည်းဟာ ဘာစကားတုံး"

မလှအုံ သရဖီပန်းကုံးတာကအစ လှေကားပေါ် တက်သွားသည်အထိ စီကာပတ်ကုံး ပြောနေသည်။ သရဖီပန်းကုံးတစ်ကုံး ပြုတ်ကျသွားလို့ ငုံ့ကောက်လိုက်သည့်အခါ...။ လှေကားဆံ တစ်ထစ်ချင်း လိုက်ကြည့်လိုက်သည့်အခါ ...။

"လှေကားဆံမှာ ရိုက်ထားတဲ့ ဒင်္ဂါးပြားတွေ တွေ့လား...မအိမ်ကံက အဲသည်ဒင်္ဂါးပြားတွေ နင်းပြီး တက်နေကျလေ...အခု ဒင်္ဂါးပြားတွေဘေးမှာ ဘာတွေ့ခဲ့သည်မှတ်တုံး..."

www.burmeseclassic.com

"လိုရင်းပြောစမ်းပါ လှအုံရယ်...ညည်းဟာကလည်း..."

မလှအုံ ပြောပြလိုက်သည့်အခါမှာတော့ ဒေါ်ပန်းရုံ တံမြက်စည်းကိုင်လျက် တွေသွားခဲ့သည်။ အို...ဟုတ်ကဲ့လား...။ မလှအုံက ညာစရာမရှိ။ ဖြစ်ချင်လည်း ဖြစ်နိုင်သည်။ ဖြစ်လည်းဖြစ်နိုင်သည်။ သမီးကလေးက အသက်ပဲ ဆယ့်နှစ်နှစ်လား...ဆယ့်သုံးနှစ်ထဲမှာလား...။ အင်းလေ...ဒါတွေကို ရှောင်လွှဲလို့ မဖြစ်နိုင်ပါ။ ဒေါ်ပန်းရုံ မျက်ရည်တွေ ဝဲနေသည်။ မလှအုံကလည်း မျက်ရည်တွေ ဝဲနေသည်။ မလှအုံက မျက်ရည်စတွေကို လက်ဖမိုးနှင့် သုတ်ရင်းက ဝမ်းနည်းသံနှင့် ပြောလေသည်။

"မနေ့ကအထိ ကလေးဘဝထဲမှာပါ အရီးရယ်...ကနေ့ အပျိုဘော်ဝင်ပြီဆိုသာကိုပဲ ကျုပ်မယုံနိုင်သာပါတော်...ကျုပ်ညီမကလေးကို ကလေးလိုပဲ ကျုပ်မြင်ချင်သာတော့...ဘာဖြစ်လို့မှန်းမသိဘူး...ကျုပ်ရင်ထဲ တစ်မျိုးကြီးပဲ"

"ငါ မအေ ပိုဆိုးတော့မပေါ့အေ...ညည်း အခုလာပြောတော့ တာဝန်တွေ ပိုများလာပြီလို့လည်း ခေါင်းကြီးသွားမိသယ်...မိန်းကလေးဆိုသာ အရွယ်ရောက်လာရင် မိဘများမယ် ဝန်တာကြီးသလို သူ့အတွက်လည်း ဝန်တာတွေ ပိုလာသာအေရဲ့...သည်ကြားထဲ ညည်းညီမက..."

ဒေါ်ပန်းရုံ ရှိုက်သံကြောင့် မလှအုံက မော့ကြည့်သည်။ ဒေါ်ပန်းရုံပါးပေါ်မှာ မျက်ရည်ပေါက်တွေ စီးကျနေလေသည်။

"ပြောလေ အရီး"

"သူက ကွမ်းတောင်ကိုင် လုပ်ချင်လိုက်သာ ရှုးလို့...ညည်းလည်းသိသားပဲ...သို့ပေသိ...ငါ့သမီးကလေးမှာက..."

ဒေါ်ပန်းရုံက ရှိုက်ကြီးတငင် ငိုကြွေးလေတော့ မလှအုံက သက်ပြင်းချသည်။ ကုက္ကိုရွက်ခြောက်တွေ တဖျောဖျောကျလာတာကို ငေးနေမိ၏။ လေပွေတစ်ချက် ထသွားတော့ တာလမ်းပေါ်မှာ ဖုန်ဝဲကတော့ထိုးလေသည်။ ဝဲကတော့ကြီးက လေတိုက်ရာ ဝဲလှည့်ရင်းပါသွားလေ၏။

"ကျုပ်သိပါသယ် အရီးရယ်...ကျုပ်ကိုလည်း သတိရတိုင်း မေးသေးသာရယ်တော့...ကျုပ်ကလည်း ပြောမထွက်သာနဲ့ ဝေ့လည်ချောင်ပတ် ဖြေလိုက်သာချည်းပဲ...ကိုင်းအဲသာထား...၊ မအိမ်ကံကို လိုက်ကြည့်ဦးလေ အရီးရဲ့"

"လှအုံရယ်...ညည်း ထမနဲထိုးနည်း သင်ပေးတုန်းက ငါတောင် ပြောမိသေးသယ်...လှအုံရယ် ငါ့သမီး ငယ်ပါသေးအေ...ထမနဲထိုးဖို့ အဝေးကြီးလိုပါသေးသယ်လို့...အခုတော့ ထမနဲထိုးရမယ့်အရွယ် ရောက်လာပါပကောအေရယ်..."

ဒေါ်ပန်းရုံနှင့် မလှအုံ လှေကားအတိုင်း တစ်ထစ်ချင်း တက်လာခဲ့ကြသည်။ လှေကားဆံတွေကို ရေဆေးပြီး တရော်ကင်ပွန်းရည်ဖျန်းဖို့ မလှအုံကို တိုးတိုးမှာသည်။ အိမ်ကြီးလေသာဆောင်မှာ မအိမ်ကံတစ်ယောက်တည်း။ လေထဲလွင့်လာသည့် မှို့စကြာကလေးကို မမီမကမ်းလှမ်းဖမ်းနေ၏။ သည်လိုတော့လည်း ကလေးလေးလိုပါပဲလား သမီးရယ်။

"သမီး"



အမေပန်းရုံက မအိမ်ကံကို ပြေးဖက်ကာ ငိုလေတော့သည်။ မအိမ်ကံကလည်း မအေကို ဖက်ရင်း ဝမ်းနည်းပက်လက် ငိုပါ၏။ ဘေးက မလှအုံလည်း မျက်ရည်မဆည်နိုင်။

"မအိမ်ကံ သည်ကနေ့ နေရတာ တစ်မျိုးကြီးပဲအမေရယ်...ဘာဖြစ်သာလဲဟင်"

"သမီး သည်နေ့ကစပြီး ကလေးလို နေလို့မရတော့ဘူး...ကိုင်း ရေချိုးချေဦး...ပြီးမှ အမေပြောပြမယ်...လှအုံနဲ့ လိုက်သွား...သွား သမီး သွား"

လေဝဲကတော့ကြီးက မအိမ်ကံတို့ ဝိုင်းတိုက်ထဲမှာ ဝဲလှည့်ရင်း သစ်ရွက်ခြောက်တွေကိုပါ ကောင်းကင်ထက် ဆွဲယူသွားခဲ့သည်။ ရုတ်တရက် ကောင်းကင် ညို့လာတော့ ပုစဉ်းရင်ကွဲမြည်သံတွေ ဆူပွက်လာပြန်လေ၏။

ထိုညက မအိမ်ကံ အိပ်မပျော်ပါ။ အမေပန်းရုံက မလှအုံကို မအိမ်ကံနှင့် အတူအိပ်စေသည်။ ခါတိုင်းတော့ မအိမ်ကံ အိပ်ချင်သည့်နေရာမှာ အိပ်နေကျ။ အမေပန်းရုံနှင့် အတူသွားအိပ်ချင်အိပ်သည်။ မအိမ်ကံတစ်ယောက်တည်း အိပ်လိုက်တာလည်း ရှိသည်။ အခုတော့ အမေက မအိမ်ကံကို အဖော်တစ်ယောက်နှင့်အတူ အိမ်ကြီးပေါ်မှာ ပြောင်းရွှေ့ပေးတော့မည်ဆိုသည်။ နေ့ခင်းက မအိမ်ကံတို့အိမ်ကြီးအပေါ်ထပ်ကို ရှင်းကြလင်းကြသည်။ မအိမ်ကံအတွက် အခန်းတစ်ခန်း သီးသန့်ပြင်ဆင်ပေးကြသည်။ ကျောက်ပြင်၊ ဿနပ်ခါးကအစ မအိမ်ကံ အဝတ်အစားတွေပါ ရွှေ့ပေးခြင်းဖြစ်၏။ အမေပန်းရုံ ခေါ်သလိုခေါ်ရလျှင် အပျိုခန်းဟု ဆို၏။

အပျိုခန်း...။

သည်စကားလုံးက မအိမ်ကံကို ခြောက်လှန့်နေသည်။ အပျိုခန်းမှာ အိပ်ရသူဆိုလျှင် မအိမ်ကံ အပျိုပဲပေါ့။ အပျိုဆိုတာ ဘာကိုပြောတာပါလိမ့်။ တကယ်တမ်းကျတော့ မအိမ်ကံ အပျိုမဖြစ်ချင်သေးပါ။ ကလေးလိုပဲ နေချင်ပြန်ခဲ့သည်။

"အို...မြန်မြန်အပျိုဖြစ်တော့လည်း မြန်မြန်ဖက်စိမ်းကွမ်းတောင် ကိုင်ရသာပေါ့"

မျက်စိထဲမှာ ဖက်စိမ်းကွမ်းတောင်အုပ်ကြီးကို ကိုင်ထားသည့် မမဂွမ်းဖြူကို မြင်နေရသည်။ ပြီးတော့ မအိမ်ကံကိုယ်တိုင် ကွမ်းတောင်ကိုင် ဖြစ်နေပြန်သည်။ လှလိုက်သည့် မအိမ်ကံ...။ ဖက်စိမ်းတစ်လှည့် ဖက်ဝါတစ်လှည့် ကွက်ပြောက်ထိုးထားသည့် ဖက်စိမ်းကွမ်းတောင်ကြီးကိုကိုင်ရင်း ရွာလယ်လမ်းအတိုင်း စိတ်ဖြင့် လျှောက်ကြည့်သည်။ ထိုအချိန်မှာပင်...ပဲမှော်တိုက်ဘက်ဆီက 'ဂီး'ခနဲ အော်လိုက်သော ငှက်တစ်ကောင်၏အော်သံကြီးကို ကြားလိုက်ရလေသည်။ သည်အသံကြောင့် မအိမ်ကံ ထိတ်ပျာသွားခဲ့ရသည်။

"အမေ"

အမေ့အခန်းဘက်က ထူးသံမကြားရ။ မအိမ်ကံ ချွေးတွေပြန်လာခဲ့သည်။ ညဘက်မှာ ငှက်အော်သံတွေ မအိမ်ကံ အကြိမ်များစွာ ကြားဖူးပါ၏။ သည်တစ်ခါ ငှက်အော်သံကတော့ သူ့ကို ရည်စူးကာ ထိုးလိုက်သလို ရင်ထဲကို စူးခနဲ ဖောက်ဝင်သွားခဲ့ခြင်းဖြစ်သည်။ မအိမ်ကံ ရေဆာလိုက်တာ။ မလှအုံကို နှိုးရ ကောင်းမလား။ မလှအုံခမျာလည်း တစ်နေကုန် ပန်းရှာလို့ ထင်ပါ၏။ ဟောက်သံကြီးပြုလျက် တုတ်တုတ်မျှမလှုပ်။ ကိုယ့်အိမ်ကိုယ်ပဲလေ၊ ဘာကြောက်စရာရှိသလဲ။ မအိမ်ကံ အိပ်ရာက လူးလဲထကာ မီးခွက်ကို စမ်းသည်။ မတွေ့။ မလှအုံ ဘယ်မှာထားအိပ်ပါလိမ့်။ မအိမ်ကံ ခုတင်ပေါ်က ဆင်းကာ အခန်းတံခါးပေါက်ဆီ လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးအောက်ချက်ကို ဖွင့်ပြီးတော့ အပေါ်က ချက်ကို မမီဖြစ်ရသည်။ မှန်တင်ခုံရှိရာ စမ်းသွားပြီး ဖင်ထိုင်သည့် ခွေးခြေခုံကလေးကို မ,ယူလာခဲ့သည်။ ခုံပေါ်တက်ကာ တံခါးအပေါ်ချက်ကို ဖွင့်သည်။ အခန်းအပြင်ဘက်ကို ထွက်လိုက်တော့ စိမ့်ခနဲပင် အေးသွားမိသည်။ သစ်သားကြမ်းပြင်ကို ခြေထိုးစမ်းရင်း သောက်ရေအိုးစင်ရှိရာ တစ်လှမ်းချင်း လှမ်းထွက်ခဲ့သည်။ တစ်လှမ်း...၊ နှစ်လှမ်း...၊ သုံးလှမ်း...လေးလှမ်း...ငါးလှမ်း......။

"ဂီး"

"အမေ..."

အိမ်မကြီးရှေ့မှ ငှက်တစ်ကောင် အတောင်ခတ်လိုက်သည့်အသံကိုပင် မအိမ်ကံ ကြားလိုက်ရသည်။ တောင်ပံခတ်လိုက်သည့် လေက မအိမ်ကံကိုပင် လာဟပ်လေသလား အောက်မေ့မိ၏။ မအိမ်ကံ တစ်ကိုယ်လုံး အေးစက်သွားရာက ပြုလဲကျမသွားအောင် အနားရှိ ကျွန်းလုံးအိမ်တိုင်ကြီးကို လှမ်းဖက်လိုက်ရင်း မျက်စိတွေ စုံမှိတ်ထားလိုက်သည်။ အိမ်အပြင်ခန်းမှာ ဘယ်သူမှ မရှိ။ ဘာကိုမျှ မမြင်ရ။ မှောင်နှင့်မည်းမည်း။ တစ်ဘက်အခန်းဆီက အမေ့အော်သံကို ကြားလိုက်ရသည်။

"မအိမ်ကံ မကြောက်နဲ့...အမေလာပြီ သမီး"

■

(၉)

ကဆုန်လဆန်း (၁၄) ရက်၊ ကြာသပတေးနေ့ (ရက်ရာဇာ)...။

မအိမ်ကံတို့ရွာတွေမှာ နဘာန်ပွဲ (နားပန်ပွဲ) တွေ ပြုလုပ်လေ့ရှိကြပါသည်။ နားပန်မည့် မိန်းမကလေးများအတွက် အပျိုဖော်စာရင်းဝင်ပါပြီဟု ရွာကို အသိပေးသည့်ပွဲလည်း ဖြစ်သည်။ သားယောကျ်ားကလေးကို ရှင်သာမဏေပြုပေးကြသကဲ့သို့ သမီးမိန်းကလေးများကိုလည်း နားတွင်းမင်္ဂလာ ပြုလုပ်ပေးတတ်ကြသည်မှာ မြန်မာတို့၏ ရိုးရာအစဉ်အလာဖြစ်သည့်အတိုင်း ဧောင်ချမ်းကုန်းရွာတွင်လည်း သမီးမိန်းကလေး အရွယ်ရောက်ကြောင်း အသိအမှတ်ပြုသည့် နဘာန်ပွဲကို မဖြစ်မနေ ကျင်းပလေ့ရှိကြပါသည်။

မအိမ်ကံ နားပန်မည့်နေ့က ထူးထူးခြားခြား တိမ်တံခွန်တွေ ထွက်နေခဲ့သည်။ ကောင်းကင်ထက်မှာ တလိပ်လိပ်တက်နေသော တိမ်ဖြူတံခွန်ကြီးကို တအံ့တသြ ရှိကြရသည်။ လူတွေက တစ်ယောက်တစ်ပေါက် စကားကြိုးထုံးကြရာက တစ်ရွာလုံး ပြန့်သွားခဲ့၏။ အတိတ်နိမိတ် ကောက်တတ်သော 'အဘိုးပြိုင်း'ကတော့ အရှေ့တောင်က တိမ်တံခွန်ထွက်လို့ စစ်မက်ရောက်တတ်သည်ဟု နိမိတ်ဖတ်လေသည်။ သည်ကနေ့ ကြာသပတေးနေ့ ဖြစ်သည့်အတွက် နားပန်မည့် မအိမ်ကံကလေးအဖို့မှု ကတော်ဆယ်ပါး တစ်ပါးအပါအဝင် ဖြစ်လိမ့်မည်ဟု ဆိုလေသည်။

မအိမ်ကံ နားထွင်းမည့်နေ့ဆိုတော့ အိမ်မှာ လူတွေ တရုံးရုံးရှိနေကြသည်။ ပွဲကြီးလမ်းကြီးမဟုတ်သော ပြုလုပ်မြဲ ရိုးရာဓလေ့ဆိုသော်လည်း တတ်နိုင်သူက တတ်နိုင်သလို ဘုရားအမှူးပြု၍ သံဃာတော်များအား ဆွမ်းလုပ်ကျွေးကြသည်။ လူပရိသတ်ကို ဖိတ်ကြားကျွေးမွေးကြသည်။ အဝေးရွာက ဆွေမျိုးသားချင်းတွေလည်း ရောက်နေကြရပါ၏။

"အုံ, ဟဲ, နာ, ကျင်, စွာ နားထွင်းမပြုရာတဲ့...တနင်္ဂနွေ, သောကြာ, စနေ, တနင်္လာ, အင်္ဂါနေ့များမှာ နားမထွင်းရဘူး...ရွှေ, ပန်း ခေါ်ထ နေ့နှစ်ဝ ထွင်းကြ နားကိုသာတဲ့...ဗုဒ္ဓဟူးနဲ့ ကြာသပတေးနေ့ နှစ်နေ့ပဲ ထွင်းကြရသယ်"

နားဖောက်ဆရာပေးသည့် နှစ်ရက်ထဲက အခါပေးတတ်သူ အဘိုးပြိုင်းကိုယ်တိုင် ရွေးပေးသည့်ရက်မှာ ကြာသပတေးနေ့ဖြစ်၏။ ကဆုန်လမှာ ကြာသပတေး ရက်ရာဇာကျသည်။

www.burmeseclassic.com

www.burmeseclassic.com

လဆန်း ဆယ့်လေးရက်ဆိုတော့ မနက်ဖြန် ကဆုန်လပြည့်။ လဆုတ်ရက်ဆိုလျှင် ဆုတ်ယုတ်တတ်သည်ဟုလည်း အယူရှိကြပါ၏။

ရွာက နားထွင်းဆရာလည်း ခေါ်ကြ၊ နားဖောက်ဆရာလည်း ခေါ်ကြသည့် ဆရာသောင်းက သတ္တုဘူးကလေးကို ဖွင့်ပြသည်။ အထဲမှာ ရွှေအပ်၊ ငွေအပ်၊ ဘော်အပ်ကလေးတွေပါသည်။ နားပွင့်ဖူးဖူးကလေးတွေပါသော အပ်ချောင်းရှည်ရှည်ကလေးတွေဖြစ်၏။ အဘိုးပြိုင်းပေးသည့်အချိန်က မနက် စက်နာရီ ကိုးနာရီခွဲဆိုတော့ မအိမ်ကံတို့အိမ်က သံစုံချိန်သီးနာရီကြီးကို အောက်ထပ် ကျွန်းတိုင်ကြီးမှာ ပြောင်းချိတ်ထားရသည်။ အေးခုတင်နှစ်ချပ် ဆက်ခင်းကာ ကော်ဇောကြီးတွေ ခင်းထားသည်။ ကန်တော့ပွဲတစ်ပွဲက ခေါင်းရင်းဘက်မှာ။ ဗျပ်တစ်ချပ်ထဲမှာတော့ ထမင်းပွဲ၊ ဟင်းပွဲ၊ မုန့်ဆီကြော် အဖြူ, အနီ၊ ငါးကြော်၊ ကွမ်းယာ၊ လက်ဖက်။ စုံလှပါ၏။

လိုမနက်က မအိမ်ကံ၏အလှကို ဇောင်ချမ်းကုန်းရွာသူရွာသားတို့ နောင်နှစ်ပေါင်းများစွာကြာအောင် ပြောလို့ပင်မဆုံးခဲ့ကြ။ ဆယ့်သုံးနှစ်သမီးဆိုသော်လည်း မျက်နှာကလေးက ပွင့်လွှန်းလှ၏။ နားသယ်စပ်က ဆံနုကလေးတွေ ထိုးစဆိုတော့ နားရွက်ဝင်းဝင်းကလေးနှင့် လိုက်ဖက်လှပါသည်။ မျက်လုံးစိမ်းစိမ်း၊ မွေးညှင်းရှိန်းရှိန်း၊ မျက်တောင်ရှည်ကြီးတွေက ညွတ်ညွတ်စင်းစင်း။ မျက်ခုံးနှစ်ဖက်က ဆန်းဦးစ သော်တာလို ရစ်ရစ်ငိုက်ငိုက်ကလေး ကွေးရှုံသာ။ အပျိုသွေးကလေး ဖက်လာတော့ အသားအရေက ဝါဝင်းနုစိုလာသည်။ လည်တိုင်ကြော့ကြော့ရှင်းရှင်းကလေးမှာ ပြည့်တင်းသော ပခုံးနှစ်ဖက်ကြားက ဝင့်ဝင့်စားစားကလေး လှနေသည်။ နားကပ်ပန်ဖွင်းမင်္ဂလာပြီးရင်တော့ သည်လည်တိုင်မှာ ရတနာလည်ဆွဲကလေးတွေ ယီးလေးခိုနေကြရော့မည်။ နားကို နားကပ် ဦးဦးဖျားဖျား မင်္ဂလာယူ ဆင်ယင်ပြီးလျှင် မအိမ်ကံကို ရွှေဆင်နိုင်ပြီ။ ပိုးသားနုနုအင်္ကျီလက်ရှည် ပန်းသွေးကလေးနှင့် တောင်မြို့အချိတ်ထဘီ ပန်းဆီရောင်ကလည်း မအိမ်ကံ၏အလှကျက်သရေကို မြှင့်ပေးသလိုရှိသည်။ ဆံရစ်ဝိုင်းဆံထုံးကလေးမှာတော့ ပယ်ကုံးကလေး ရစ်ခွေပန်ထားပြန်၏။

ဆရာသောင်းက အခါတော်နီးသည်နှင့် အေးခုတင်ပေါ်တက်ကာ ဘုရားဝတ်ပြုသည်။ သတ္တုဘူးကို ဖွင့်ကာ ဒေါ်ပန်းရုံ ရွေးပေးထားသည့် ရွှေအပ်ကို ငွမ်းစပေါ်တင်သည်။ ပြီးမှ ကန်တော့ပွဲကို မြှောက်ကာ နယ်ရှင် ပယ်ရှင်တွေကို ပွဲအပ်သည်။

"ဩော်း ဇယတု ဇယတု...။ အောင်ဆုမင်္ဂလာ၊ ပေးတတ်စွာသား၊ ဆရာသမီးလှ၊ အဘိဝိသုကာ၊ ကဝါလမိုင်း၊ အကိုင်းအခက်၊ အရွက်မလွတ်၊ စောင့်နေတတ်သည်...။ ရှင်နတ်များတို့၊ နေ့ကား ကောင်းစွာ၊ ရက်မှာ သန့်လှ၊ ချိန်အကျတွင်...။ ပြုဖွထမင်းပွဲ၊ ပြင်ဆင်ခင်း၍၊ မျှားခြင်းစုံစီ၊ မုန့်ဆီငါးကြော်၊ စားတော်များစွာ၊ ကွမ်းယာလက်ဖက်၊ ထက်မြက်စွာလှ၊ မွှန်ရသကို၊ ကြည်မြရွှင်သာ၊ ကျွေးမွေးပါ၏...။ ဟိ...ဖဟိ...ဣမံ...သတ္တံ...ဘုဉ္ဇာဟိ...ဘုဉ္ဇာဟိ..."

အိမ်ကံ မျက်လုံးကလေးတွေ မှိတ်ထားသည်။ တင်းတိမ်စောင်ကြီးတွေ ကာထားသည့်ဘက်က နေထိုးသဖြင့် မအိမ်ကံ၏ မျက်နှာပေါ်မှာ ပုစွန်ဆီရောင်တွေ ဟပ်နေသည်။ ဆရာသောင်းက မအိမ်ကံ၏ နားရွက်ဖျားကလေးတွေကို လက်နှင့်စမ်းကာ ဖျစ်ကြည့်သည်။



အခါတော် အချိန်မကျသေး။ ရွာသူရွာသားတွေက မအိမ်ကံကို မျက်လုံးပေါင်းများစွာဖြင့် ငေးကြည့်နေကြ၏။ ဒိုးပတ်ဝိုင်းက ပွဲဆူအောင် တဗိန်းဗိန်း တီးကြလေပြီ။

"နဘန်ပွဲတွေ ကျုပ်တို့ ရော်က်ရလှပါပြီတော်...မအိမ်ကံလောက်ချောသာဖြင့် ကျုပ်တစ်သက် ကြုံဖူးဘူး...ဘုရားစူးရစေ့ အဟုတ်ပြောသာ"

ရွာတောင်ဖျားမှာနေသည့် အမေကြီးညွန့်က တင်းတိမ်စနားအထိ ကပ်လာကာ မျက်လုံးပေါ် လက်ဝါးကလေးကာရင်းက ပြောနေခြင်းဖြစ်သည်။ အားလုံးကလည်း ဝိုင်းဝန်းထောက်ခံသည့်သဘောဖြင့် မအိမ်ကံကို မြင်ရအောင် တိုးဝှေ့ကြည့်ကြသည်။

"အဘိဝါဒန သီလိဿနိစ္စံဝုဍ္ဍာပစာယိနော၊ စတ္တာရော ဓမ္မာဝဍ္ဍန္တိအာယုဝဏ္ဏော သုခံဗလံ...။ ကျမ်းဂန်ပါဠိလာ ရှိသည်နှင့်အညီ သီလ စသောဂုဏ်အားဖြင့် ကြီးသောသူ, အသက်အရွယ်အားဖြင့် ကြီးသောသူတို့ကို ရိုသေမြတ်နိုး ရှိခိုးပူဇော်...ဆိုတဲ့အတိုင်း ရတနာသုံးပါးနှင့်တကွ အမိ, အဘ, ဆရာ ဂုဏာဝယ ဆွေမျိုးမိတ်သင်္ဂဟတို့ကို ငါ့သမီး ကန်တော့စမ်းကွယ့်..."

မအိမ်ကံက ဘုရားစင်ဘက်ကိုလှည့်၍ ဝတ်ပြုသည်။ အဖေနှင့်အမေကို ကန်တော့သည်။ အိမ်ဦးခန်းမှာ ထိုင်လျက်ရှိနေကြသော ရွာမိ ရွာဖ သက်ကြီးဝါကြီး ဆွေဆွေမျိုးမျိုးများအားလုံးကို ရည်မှတ်၍ ဦးသုံးကြိမ်ချသည်။

"ဤသို့ပြုရ မြတ်ပုညကြောင့် သဗ္ဗဘေးဒဏ် ရန်မာန်မရှိ ပကတိကျန်းမာ လန်းလန်းဖြာလျက်...ချမ်းသာတိုးပွား...ကျွဲနွားဆင်မြင်း...ကျွန်သင်းခြွေရွေ...အထွေထွေနှင့် ရွှေငွေစိန်ကျောက်...ထိန်ထိန်တောက်၍ သိမ်မောက်ဖြိုးခါ...မိုးသို့ရွာသည်...လိုရာကြံတိုင်း ပြီးစေသော်..."

လူတွေက ညွတ်ညွတ်ကြီး ပြုံကျနေကြပြီ။ ချိန်သီးနာရီကြီးလည်း ဒင်ခနဲထိုးပြီ။ နားဖောက်ဆရာက ရွှေအပ်ဖြင့် ညာဘက်နားကို ဆတ်ခနဲ ထိုးဖောက်လိုက်လေပြီ။ မအိမ်ကံက တစ်ချက်ကလေးမလှုပ်။ သိပင်မသိလိုက်သည့်ဟန်ဖြင့် ကျောက်ဆစ်ရုပ်ကလေးလို မလှုပ်မယှက်ရှိလေ၏။ မအိမ်ကံ ရှန်းလျှင် ဖေးမကြမည့် မိန်းမကြီးများပင် လှုပ်ချိန်မရလိုက်ကြ။ ဒိုးသံလှုသံတွေက ပိုဆူညံလာခဲ့သည်။ အာဂဟဲ့...သတ္တိခဲဟဲ့...တစ်ချက်မတွန့်ဘူးဟဲ့ ဆိုကာ ကလေးမအေတွေက ရှေ့ကို တိုးသည်ထက် တိုးလာကြ၏။ ရွယ်တူမိန်းကလေးများကလည်း မအိမ်ကံကို အားကျစိတ်ဖြင့် ငေးနေကြသည်။ ဆရာသောင်းက နားပေါက်ထဲဝင်သွားသော ရွှေအပ်ကို ခေါက်ထားလိုက်သည်။ နောက် ဘယ်ဘက် ..။

"ကိုင်း....အောင်ပါပြီ...အောင်ပါပြီ...အောင်ပါပြီ...၊ ဟောသည်ဆေးကို နေ့စဉ်ထည့်ပေး...ရွှေနားတောင်း ဖုံခေါင်းလောက် ပန်နိုင်ပဟဲ့...နားတော့ ချဲ့ပေးရဦးမှာဗျား...ရွှေကိုလိပ်ပြီး ထိုးသွင်းထားရုံပ...ကိုင်းပင်ရိုး သက်ကယ်ရိုးများလည်း ကောင်းပါရဲ့...တမာနဲ့မြေဇာ ရောထိုးတော့လည်း တမာက ဟိုဘက်နည်းနည်းတိုးပါဦး မြေဇာက ဟိုဘက်နည်းနည်းတိုးပါဦးနဲ့ ကျယ်ရပါသဗျား"

ဆရာသောင်းစကားကို အားလုံးက သဘောကျစွာ ရယ်ကြသည်။ ဇောင်ချမ်းကုန်းရွာမှာ တမာနှင့်မြေဇာ ဥပမာရှိသမှတ်လား။ တမာကလည်း 'မြေဇာ မြေဇာ ယားလှသယ်

www.burmeseclassic.com

ဟိုဘက် တိုးပါကွယ်'၊ မြေဇာကလည်း 'တမာ တမာ ခါးလှသယ် ဟိုဘက်တိုးပါကွယ်'။ ဟိုတိုး သည်တွန်းလုပ်ကြရင်း နားပေါက်ကျယ်သွားတတ်သည်ဟု အယူရှိကြသည်။

နားဖောက်သည့်ကိစ္စပြီးတော့ မအိမ်ကံ အေးခုတင်ကြီးပေါ်က ဆင်းသည်။ မလှအုံ လာပေးသော ငွေဖလားကြီးကို ပိုက်လျက် အိမ်ကြီးဝင်ပေါက်က ခုံမြင့်မှာ ရပ်လိုက်သည်။ ငွေဖလားကြီးထဲက ဆန်ပန်းပေါက်ပေါက်များနှင့် ရောထားသော ငွေအကြွေစေ့တွေကို ကြဲချလိုက်သည်။ မအိမ်ကံ လက်ဆုတ်တွင်းက ဖွေးခနဲ ဖွေးခနဲ ခုန်ထွက်လာသော ငွေအကြွေစေ့တွေကို လူတွေက အလုအယက် ကောက်ကြသည်။

အမေပန်းရုံက သမီးချော မအိမ်ကံကိုပဲ ငေးနေမိလေသည်။ အရွယ်ရောက်လာသော သမီးကလေးအတွက် ဝမ်းသာဝမ်းနည်း မျက်ရည်တွေ စီးကျလာသည်။ တခါးဝမှာ နတ်သမီးကလေးတစ်ပါး ရပ်နေတာများလား...။ သမီးကလေး မအိမ်ကံ ဟုတ်ကဲ့လား...။ သူကြီးဦးသာထန်ကတော့ သူ့ဧည့်သည်များကို ဧည့်ခံဖို့ နေရာက ထသွားခဲ့ပြီ။

သည်အချိန်မှာတော့ အိမ်ဘေးက ထန်းလက်ကာ ထမင်းရုံကို ဖွင့်လိုက်လေပြီ။ လူတွေကို ထမင်းစကျွေးပြီ။ မအိမ်ကံ နားပေါက်မှာ သွေးမစို့ပါ။ တချို့ဆိုလျှင် သွေးစိမ်းရှင်ရှင် ကျတတ်ကြသည်။ အော်ဟစ်ငိုယို ရှိကြသည်။ မျက်ရည် နှာရည်တွေထွက်ကာ ထွန့်ထွန့်လူး တတ်ကြသည်။ မအိမ်ကံမှာတော့ ဒါတွေ မရှိပါ။ ထမင်းရုံထဲပင် ဝင်ကြည့်လိုက်သေးသည်။ ဒိုးပတ်ဝိုင်းက လူဝင်ကသည့် ခြင်းကြားရုပ်ကြီးကိုပင် ငေးနေခဲ့သေးသည်။

ထမင်းရုံအပြင်ထွက်လာတော့ အပျိုကြီး၊ အပျိုလေးတွေ စုနေသည့် စားပွဲဝိုင်းကြီးရှေ့ကို ရောက်လာခဲ့သည်။ စားပွဲခုံကြီးပေါ်မှာ ရေနွေးပွဲ၊ လက်ဖက်ပွဲ၊ မုန့်ပွဲများ ပြင်ဆင်ပေးနေကြသော အပျိုတွေကြား မအိမ်ကံ ဝင်ရောလိုက်သည်။ သူလည်း ရွာမှာ သာရေး၊ နာရေး ရှိတိုင်း ပါရတော့မည်။ ရွာဓလေ့အရ ချမ်းသာဆင်းရဲမရွေး၊ သာရေး နာရေး ကိစ္စကြီးငယ် မှန်သမျှ ဝိုင်းဝန်းလုပ်ဆောင်ပေးတတ်ကြသည်။ ကာလသားခေါင်း၊ ကာလသမီးခေါင်းတွေ တာဝန်ချရာမှာ စိတ်ကြည်ကြည်၊ သဒ္ဓါဖြူဖြူ ဆောင်ရွက်ပေးကြမြဲဖြစ်၏။ တချို့က ပန်းကန်ဆေး၊ တချို့က ရေခပ်၊ တချို့က လက်ဖက်ချ ကွမ်းချ၊ တချို့က ဧည့်ခံ၊ တချို့က ထမင်း ရုံစသည်ဖြင့် ယောကျ်ားကလေးများနှင့်တွဲကာ ကုသိုလ်ယူကြရသည်။

"ချောလိုက်သာ မအိမ်ကံရယ်...ညည်းနှယ် တကယ်ပဲတော်"

ရွှေမှုံက လက်သုတ်ပဝါကလေးတွေ ခေါက်ရင်းက မအိမ်ကံကို နှုတ်ဆက်တော့ မအိမ်ကံက ရှက်ပြုံးကလေးနှင့်။ ကြည့်စမ်း ရွှေမှုံတောင် ရွှေနားဆွဲကလေး ဝတ်နေပြီ။ ဆံတောက်ကလေး မသိမ်းတသိမ်း ဆံစ မတိုမရှည်တွေကို ပင့်တင်ကာ အုပ်လုံးသိမ်းနေပြီ။ ရွှေမှုံတို့က ရွာတောင်ဖျားမှာဆိုတော့ မအိမ်ကံနှင့် အတွေ့အဆုံ နည်းသော်လည်း တစ်ရွာတည်းသူချင်းတွေမှုတ်လား။ အတွေ့အထိ အဆက်အဆံ ရှိကြရတော့မည်။ ရွှေမှုံက တောင်သူကြီးသမီးမို့ ပစ္စည်းဥစ္စာ အတန်အသင့်ရှိသော်လည်း မအိမ်ကံလို နဘန်ပွဲတော့ မလုပ်ခဲ့ပါ။ ဘုန်းကြီးကျောင်းကို ဆွမ်းတစ်အုပ်ပို့ကာ နားဖောက်ခဲ့ခြင်းသာဖြစ်၏။ ဒါလည်း နားထွင်းမင်္ဂလာ အထမြောက်တာပဲမဟုတ်လား။ အဓိကကတော့ အပျိုကလေး ဖြစ်လာခြင်းနှင့်အတူ နားဖောက်ထားနှင့်ပြီးသား ဖြစ်ရမည်။



ထိုနေ့က မအိမ်ကံ၏ နဘန်ပွဲ အောင်မြင်စွာ ပြီးမြောက်ခဲ့လေသည်။ အမေပန်းရုံက နားဖောက်ဆရာ ဆရာသောင်းကို ငွေတစ်ရာ ကန်တော့လိုက်သည်။ သည်တုန်းက ဆရာသောင်းရသည့် နားဖောက်ကြေးမှာ တစ်ဆယ် အများဆုံးဖြစ်လေသည်။ ဆရာသောင်းက မအိမ်ကံကို ဆုတောင်းစာတွေ ထပ်ရွတ်ပေးလိုက်သေး၏။ ဆရာသောင်း ပြန်သွားတော့ အမေပန်းရုံက မအိမ်ကံနားကို လိုလိုမယ်မယ် ဆေးလိမ်းပေးသည်။ ရွှေအပ်ကလေးနေရာမှာ ရွှေဖက်လိပ်ကလေး ထိုးပေးလိုက်သည်။ ဆေးက အဆီဆိုတော့ ရွှေဖက်လိပ်ကလေးက လျှောခနဲ ဝင်သွားသည်။

"ကဲ သမီး...သည်နေ့ကစပြီး သမီး အိမ်အောက်ထပ်က အခန်းမှာ မနေရတော့ဘူး...အပေါ်ထပ်မှာ ပြင်ထားသဲ့ အပျိုခန်းကို ပြောင်းရမယ်...သမီးအတွက် အဖော်ရအောင် ညညကျရင် ကျေးဥ လာအိပ်ပေးလိမ့်မယ်နော်"

မအိမ်ကံက ခေါင်းကလေးကို ဆတ်ခနဲညိတ်ကာ အိမ်အပေါ်ထပ်ဆီ ပြေးတက်ခဲ့သည်။ မအိမ်ကံ နင်းနေကျ လှေကားဆံမှာ ရိုက်ထားသည့် ဒင်္ဂါးစေ့တွေကို တစ်ထစ်ချင်း နင်းတက်လာခဲ့တာပေမယ့် သည်တစ်ခါ မအိမ်ကံခြေသံကလေးက ညင်သာလို့နေပါပကော။ အပျိုဖြစ်ပြီဆိုသည့်အသိကြောင့်များလား။ မအိမ်ကံ နူးညံ့သွားတာတော့ အမှန်ပင်။

■

ထိုညက မအိမ်ကံ တော်တော်နှင့် အိပ်မပျော်ပါ။ အိမ်ကြီးအပေါ်ထပ်က အပျိုခန်းကို ပြောင်းရွှေ့လာရတာကိုပဲ မအိမ်ကံ ဘဝတစ်ခု ခြားသွားသလို ခံစားရသည်။ စင်စစ် အိမ်တွေမှာ အပျိုခန်းရယ်လို့တော့ သီးသန့်ဖွဲ့ထားတာမျိုး မရှိပါ။ အရွယ်ဝင်လာပြီဖြစ်သည့် မိန်းကလေးတစ်ယောက်အတွက် အနေအထိုင် လုံခြုံမှုရှိစေရန် ကောက်ကာငင်ကာ သတ်မှတ်ပေးလိုက်ရသော အခန်းတစ်ခန်းသာ ဖြစ်ပါ၏။ အခုလည်း အပျိုခန်းဆိုပေမယ့် အိမ်အောက်ထပ်မှ အိမ်အပေါ်ထပ်အခန်းပိုတစ်ခန်းရှိရာကို ရွှေ့လာရခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ခါတိုင်း ရှိချင်သလိုရှိခဲ့သည့်အခန်းတစ်ခန်းက သူမ ရွှေ့လာသည်နှင့် အပျိုခန်းဖြစ်ရပြီ။

မအိမ်ကံမှာ ကလေးဘဝတစ်လျှောက်လုံး နေခဲ့ရသော အောက်ထပ်က အခန်းကလေးကို လွမ်းငိုတာပါသလို၊ အမေပန်းရုံနှင့်လည်း တစ်စုံတစ်ရာ စည်းခြားသွားသလိုလို ခံစားရပါ၏။ ခါတိုင်းတော့ အိပ်ချင်ပြီဆိုလျှင် မအေ့ရင်ခွင် ခေါင်းထိုးဝင်ပြီး အိပ်နေကျ။ မအိမ်ကံတစ်ယောက်တည်း အိပ်သည့်ညတွေမှာလည်း တစ်ဘက်အခန်းမှာ အမေပန်းရုံအသံက ကြားနေရတာ မဟုတ်လား။

စောစောပိုင်းတုန်းကတော့ အမေပန်းရုံနှင့် မလှအုံတို့ အိမ်ကြီးအပေါ်ထပ်ကို ဘုရားတက်ကန်တော့ကြရင်း မအိမ်ကံ ခေါင်းကဆံပင်ကလေးကို အမေက ဖြီးသင်ပေးခဲ့သေးသည်။

"သည်တစ်ခါ ဆံရစ်ဆံတောက်ကလေး ရှည်လာရင် အမေညှပ်မပေးတော့ဘူး...ဆံတောက်ဖားကလေးနဲ့ပဲ နေတော့နော်သမီး...ဒါမှ အုပ်လုံးသွင်းလို့ရမှာ...သမီးဆံပင်က ကောင်းသယ်...နောက်နှစ်လောက်များဆိုရင် နောက်တွဲဆံထုံးတောင် ထုံးလို့ရလောက်သယ်"

မအိမ်ကံက အမေ့ရင်ခွင်မှာ လှဲချလိုက်သည်။ အမေပန်းရုံကို မော့ကြည့်ရင်း စကားတစ်ခွန်း မေးခဲ့သည်။ အမေပန်းရုံ ဘယ်လိုမှ ထင်မထားသည့်စကား။ ဖြေနိုင်သလောက်တော့ ဖြေခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"အမေ…အပျိုဆိုသာ ဘာလဲဟင်"

"သြော်…အပျိုဆိုသာ မိန်းကလေးသဘာဝ အရွယ်ရောက်ပြီလို့ ပြောသာပေါ့ သမီးရဲ့…အရွယ်ရောက်ပြီဆိုတော့ အိမ်မှုကိစ္စ ဗာဟီရက,အစ ရွာရေး ရပ်ရေးကိစ္စတွေမှာ ဝင်လို့ တင့်တယ်ပြီပေါ့…မီးဖိုချောင်မှာလည်း သမီးလက် သမီးခြေ ဝင်လုပ်လို့ရပြီ…စိုက်ခင်း ကိုင်းခင်းထဲလည်း လုပ်ချင်သပဆိုရင် ဝင်လုပ်လို့ရပြီ…နောက်ဆို အမေတို့လို ဖြစ်လာမှာပေါ့ သမီးရဲ့"

မအိမ်ကံက အမေ့စကားကို နားထောင်ရင်း အတွေးကလေး ဝင်လာသော်လည်း အမေ့ကိုတော့ မပြောဖြစ်ပါ။ မအိမ်ကံ အတွေးထဲတွင် အပျိုဖြစ်လာရင် ကွမ်းတောင်ကိုင်ဖြစ်ဖို့ အရေးသာ ရှိနေသည်။ သို့သော် သည်ကိစ္စကို အမေ ဘာဖြစ်လို့ ထည့်မပြောတာပါလိမ့်ဆိုတာလည်း သတိထားလိုက်မိသည်။

မနက်တုန်းက နဘန်ပွဲမှာ မအိမ်ကံကို ချောကြောင်း လှကြောင်း တစ်ရွာလုံးက ဝိုင်းချီးကျူးသံတွေ မအိမ်ကံ ငုတ်တုတ်ထိုင်ရင်း ကြားခဲ့ရသည်။ ရွာမှာ အချောဆုံးဆိုလျှင် သူသာလျှင် ကွမ်းတောင်ကိုင် ဖြစ်ရုံရှိတာပေါ့။ ဖြစ်ကိုဖြစ်ရမှာပေါ့။ မအိမ်ကံ သည်လိုပဲ တွေးထားခဲ့သည်။

"ကဲ ကဲ…အိပ်ချင်အိပ်ကြတော့…ကျေးဥ တံခါးတွေ ဂလန့်သေချာအောင်ချ…ဖိုးကူးက အပြင်ခန်းမှာ အိပ်လိမ့်မယ်…လှအုံ သမီးအတွက် ရေတကောင်းဘူး ရေဖြည့်ထားရဲ့လား…မအိမ်ကံက တစ်ရေးနိုး ရေဆာတတ်သယ်"

"ရေဖြည့်ပြီးပါပြီတော့…ဖိုးကူး ညဘက် မမကံ ခိုင်းရင် ထလုပ်ပေးလိုက်နော်"

ထိုညမှစ၍ မအိမ်ကံနှင့် အနီးဆုံးနေရာမှာ ကျေးဥနှင့် ဖိုးကူးတို့ ရောက်လာခဲ့ကြသည်။ ကျေးဥကို အမေပန်းရုံက မအိမ်ကံ အဖော်ရရုံမက အိမ်အတွက် ကူဖော်လောင်ဖက်အဖြစ် တစ်ခါတည်း ခေါ်ထားလိုက်ခြင်းဖြစ်သည်။ ဖိုးကူးကတော့ မအိမ်ကံနှင့် သွေးသားဆိုလည်း ဟုတ်သည်။ ကိုဖိုးငွေနှင့် မလှအုံတို့သားဆိုတော့ တစ်အိမ်တည်း တစ်ဝိုင်းတည်း အတူကြီးပြင်းခဲ့ရသူလည်း ဖြစ်သည်။ ဖိုးကူးနှင့် ကျေးဥတို့ နှစ်ဦးစလုံး၏ မိဘများကလည်း မအိမ်ကံတို့ တံစက်ရိပ်ကို ခိုလှုံနေကြရသူတွေ မဟုတ်လား။

အမေပန်းရုံတို့ ဆင်းသွားတော့ ကျေးဥက လှေကားအတက် တံခါးမကြီးကို ချက်ထိုး ပိတ်လိုက်သည်။ တအောင့်နေတော့ လှေကားအဖုံးလျှောတံခါးကြီးကို အောက်မှ ဆွဲပိတ်သံ ကြားလိုက်ရတော့၏။ အောက်ထပ်က အဖေ့အသံသြသြကြီးကို တစ်ချက် တစ်ချက် ကြားနေရသော်လည်း ခါတိုင်းလို ညည့်သည်တွေရော၊ လူဝင်လူထွက်တွေပါ တရုံးရုံးနှင့် ဆူညံနေတာ မမြင်ရသည့်အတွက် မအိမ်ကံ တစ်မျိုးတော့ စိတ်ချမ်းသာရပါ၏။ အဖေ့သာပြောရတာ၊ သူမကိုယ်တိုင်ပင်လျှင် လူနှစ်ယောက် ရုံထားရသူ ဖြစ်နေပြီမဟုတ်လား။ ဖိုးကူးနှင့် ကျေးဥ။

"မမကံ…ကျုပ် ဘာလုပ်ပေးရဦးမတုံး"

"မလုပ်ပေးရပါဘူးဟယ်…နင် အိပ်ချင်အိပ်တော့လေ ဖိုးကူး"

မအိမ်ကံ စကားဆုံးသည်နှင့် ဖိုးကူးက အခန်းအလယ်မှာ ခင်းထားသော အိပ်ရာထဲ တိုးဝင်သွားတော့သည်။ မအိမ်ကံနှင့် ကျေးဥလည်း အပျိုခန်းထဲ ဝင်ခဲ့ကြ၏။ ကျေးဥက လသာ မှန်အိမ်ကလေးကို ခေါင်းရင်းတိုင်မှာ ချိတ်လိုက်ပြီး အခန်းတံခါးကို ချက်ချပိတ်လိုက်သည်။





"မှန်အိမ် ငြိမ်းလိုက်တော့မယ်နော်"

"ငြိမ်းလိုက်တော့လေ…အပြင်မှာ လသာနေသားပဲ"

မှန်အိမ်မီးကလေး ငြိမ်းလိုက်တော့ အခန်းထဲမှာ မှောင်သွားလို့လားမသိ၊ အပြင် လရောင်က ပိုလင်းနေသည် ထင်ရ၏။ ကြမ်းကပ်ပြတင်းမှ လှမ်းမြင်ရသော လဝန်းကြီးက ပြည့်ပြည့်တင်းတင်းကြီး။ မနက်ဖြန် ကဆုန်လပြည့်။ ခါတိုင်း လသာရက်တွေမှာ မအိမ်ကံ မြင်ရသောမြင်ကွင်းက ကလေးတစ်ယောက် မြင်ရသော မြင်ကွင်းမျိုးသာဖြစ်၏။ သည်တစ်ခါ အပျိုတစ်ယောက်က မြင်ရသည့် လသာညမျိုးပါလား။ ကောင်းကင်တစ်ဆန့် လရောင်ပြင်ကျယ်ကြီးကို လှမ်းမြင်နေရသည်။ မအိမ်ကံကိုယ်တိုင်သည်ပင် လရောင် လွင်ပြင်ကျယ်ကြီးထဲ တစ်ယောက်တည်း လျှောက်သွားနေရသလို ခံစားနေရ၏။

မနေ့တစ်နေ့ကပဲ သူမကို ကလေးတစ်ယောက်လို သဘောထားခဲ့ကြသည်။ အခုတော့ အပျိုလို နေရပြန်ပြီ။ သေချာတာကတော့ သည်တစ်ခါ လရောင်က အပျိုတစ်ယောက်၏ လရောင် ဆိုသည်ပင်…။

■

အညာရွာတွေမှာဆိုတော့ ရာသီချိန် မိုးကလေး အုံ့ပြက်ပြက်ရှိလာလျှင်ပင် ကောင်းကင်ကို မော့ကြည့်ကြရပြီ။ ရွာသော်ရှိ မရွာသော်ရှိ မိုးရိပ်မိုးဆင်ကလေး မြင်ရတော့ တအားဖြစ်ရသည်။ တစ်ခါတလေတော့ တိမ်ပုပ်မိုးကလေး ဖျောခနဲကျပြီးသည်နှင့် မိုးမင်မိုးခဲတွေ ဘယ်ရောက်ကုန်ကြမှန်းမသိ။ စိုက်ချိန် ပျိုးချိန်ဆိုတော့လည်း တောင်သူတွေ မိုးမျှော်ကြရပြီ။

မိုး စနေ၊ လေ ရာဟု ဆိုသည့်အတိုင်း အနောက်တောင်အရပ် စနေထောင့်မှ မိုးတိမ်ညိုမည်းမည်းကြီးတွေ အုပ်ကြီးသင်းကြီး ဖွဲ့တက်လာလျှင် တောင်သူတွေ လက်ခမောင်းခတ်ချင်ကြလေပြီ။ သည်တိမ်ညိုတွေသာ မိုးအဖြစ် ရွာချလိုက်လျှင် သစ်စေ့ မြေချလို့ရပြီမဟုတ်လား။ မိုးတစ်စက် ရေတစ်ရွက် ဆိုသကဲ့သို့ မိုးရေက နှူးလိုက်သည့် မြေနူးနူး၏တန်ဖိုးက ကြီးပါဘိသနှင့်။ ရေတစ်အိုး မိုးတစ်ပေါက်လို့လည်း ဆိုကြပါ၏။ မိုးသားမိုးရိပ်တွေ ဆင်နေသည့် အုံ့မှိုင်းမှိုင်းကောင်းကင်အောက်ဝယ် ဖောင်ချမ်းကုန်းတစ်ရွာလုံး ကသုတ်ကရက် ရှိနေကြသည်။ သည်မိုးကလေးသာ အောင်လျှင် မြေအစိုဓာတ်ကလေး ရနိုင်ကြပြီ။

အခင်းမြေ ထွန်မည့်သူက ထွန်သွား၊ ထယ်သွား ပြင်ကြရသလို၊ နောက်ချေးချမည့်သူက နောက်ချေးပုံကြ၊ ပျိုးကြဲမည့်မျိုးပဲ ရွေးသူက ရွေးကြနှင့် သစ်စေ့ကလေး မြေကျဖို့အရေး ခေါင်းမအေးနိုင်ကြပြီ။ သီတင်းကျွတ် အခါမိုးကလေး ရွာပြီးလျှင်တော့ တစ်နှစ်တာအတွက် စိုက်ခင်းဝင်ဖို့ ပြင်ကြရသည်။ အိမ်ကြီးဘေးက အဖီကလေး ဆွယ်ထားသော ဖောင်းတဲကလေးထဲမှာ အမေပန်းရုံတို့နှင့်အတူ မအိမ်ကံပါ မျိုးပဲ ကူရွေးပေးနေခဲ့သည်။ မြေပဲစေ့ အဖျင်းအမှော်၊ ပိုးထိုးလောက်ကိုက်တွေ ရွေးပစ်ရခြင်းဖြစ်၏။ အောင်ပေ့၊ ကြီးပေ့၊ လုံးဆံကောင်းပေ့ဆိုသည့် မြေပဲစေ့တွေကို တစ်စေ့ချင်း ရွေးထုတ်ရသည်။ မျိုးစေ့မှန်မှ အပင်သန်မည် ဆိုသမှုတ်လား။

"မအိမ်ကံရေ…မအိမ်ကံ"

ခြံပေါက်ဝဆီက မအိမ်ကံနာမည်ကို တကြော်ကြော်ခေါ်သံကြားလိုက်ရတော့ မအိမ်ကံ

www.burmeseclassic.com

www.burmeseclassic.com

ပင်အံ့သြသွားမိရသည်။ ခါတိုင်းဆိုလျှင် အိမ်ကိုလာကြသူတွေက သူကြီးမင်း၊ သူကြီးကတော်လို့ပဲ အသံပြုတတ်ကြသည်။ ကိုဖိုးငွေနှင့် မလှအုံကို ခေါ်ချင်ခေါ်ကြမည်။ သည်တစ်ခါ မအိမ်ကံကို အမည်တပ်ကာ ခေါ်နေပါပကော။ မအိမ်ကံ လည်ကလေးဆန့်ကာ ခြံဝကို မျှော်ကြည့်လိုက်တော့ ရွာအပျိုခေါင်း မခင်တုတ်က ဝါးခြမ်းကလေး လက်ဆွဲကာ အသံပြုရင်း ဝင်လာတာတွေ့လိုက်ရသည်။

"အေ...ခင်တုတ် သည်ကိုလာခဲ့...တို့ သည်ဘက်မှာဟေ့"

မလှအုံက ဖောင်းတဲထဲက ထွက်ကာ မခင်တုတ်ကို လှမ်းခေါ်လိုက်သည်။ မခင်တုတ်က ရွာအပျိုခေါင်း၊ အပျိုကြီးဆိုသော်လည်း အသက်လေးဆယ်လောက်တော့ ရှိပြီ။ အပျိုကြီးကလည်း ဖြစ်ပြန်၊ ကျယ်ကြီးကျယ်လောင်ကလည်း ရှိပြန်ဆိုတော့ အလိုလို ရွာအပျိုခေါင်းဖြစ်ရဟန်တူပါ၏။ ရွာအပျိုခေါင်းက ရွာမှာ သာရေး နာရေး အကြောင်းကိစ္စရှိလျှင် အပျိုစာရင်းပေါက်သူတွေကို ဦးဆောင်ကာ တာဝန်ခွဲဝေပေးရသည်။ အပျိုတွေကို ဆော်သြရသည်။ ဦးစီးပွဲကိုင် ပိုင်နိုင်ကျွမ်းကျင်ရသည်။ မဲ့တစ်ပေါက်မစွန်းရလေအောင် အပျိုထိန်းတတ်ရသည်။ သြဇာရှိရသည်။ ထကြွဝီရိယ ရှိရသည်။ အပျိုတွေကလည်း သူ့စကားကို ပယ်ရှားဝံ့ကြတာမဟုတ်။

"ရွာပတ်လာရသာ သူကြီးကတော်ရေ့...မောချက်တော်"

"အင်း...ရွာရေး ရပ်ရေး ဆောင်ရသာ ကုသိုလ်လည်း ရပါရဲ့ ခင်တုတ်ကယ်...လက်ဖက်ကလေးတစ်ရိုး ဝါးစမ်းပါဦး...ဒါနဲ့ အလှူက ဘယ့်နယ်ကြောင့် တန်ဆောင်မုန်းရွှေ့လိုက်ရသာသဲ့တုံး"

သူကြီးကတော် ဒေါ်ပန်းရုံက လက်ဖက်အစ်ကလေး ထိုးပေးရင်းက မေးသည်။ ရွာမှာ အလှူရှိမှန်းတော့ မအိမ်ကံလည်း သိပါ၏။ ရွာအရှေ့ပိုင်းမှာနေသည့် ကြီးတော်ဆံကြော် ၏ မြေးဖိုးပေါက်ကို သင်္ကန်းဆီးပေးဖို့ ရွာကို တိုင်ပင်တုန်းကတော့ တပေါင်းလထဲ လုပ်ဖို့ရက်သတ်ခဲ့ကြသည်။ ရွာတွေမှာက စိုက်ခင်း သစ်ခင်းသိမ်းပြီးချိန် တပေါင်း၊ တန်ခူးလတွေမှာ အလှူပွဲ ကျင်းပတတ်ကြမြဲဖြစ်သည်။ အလှူ့ရှင်လည်း အား၊ အလှူကူကြသူတွေလည်း အားမည့်အချိန်ကို ရွေးကြခြင်းဖြစ်သည်။ သို့သော် ရွာကို တိုင်ပင်ပြီးကာမှ တန်ဆောင်မုန်းလထဲ ရက်ရွှေ့လိုက်ပြီဆိုတော့ ရက်လိုပါသေးတယ်ဆိုသူတွေလည်း ခါးတောင်းထကျိုက်ကြရတော့၏။

"သည်လို သည်လို သူကြီးကတော်ရေ...ကိုမဲတူတို့ မိသန်းတို့သဘောကတော့ သူ့သာငပေါက်ကို သည်တစ်မိုး ရန်းလိုက်စေချင်သေးသာပေါ့...ဒါပေသိလို့ ကြီးတော်ဆံကြော်ခမျာ နဲ့တဲ့တဲ့မဟုတ်လား...တော်ကြာ မြေးဦးကလေး သင်္ကန်းဝတ်နဲ့ မြင်မသွားရရင် ခမျာ ဘဝကူး ကောင်းရာမှာမဟုတ်ဘူး...သွားလေသူ ဘကြီးမှတ်မလဲ တစ်သက်လုံး ရှာဖွေသွားသမျှ သမီးမိန်းကလေးချည်း မွေးခဲ့သာဆိုတော့ သားရဟန်း မဖူးဖူးလိုက်ရှာဘူးလေ...သူတို့ရှာဖွေထားသမျှဥစ္စာ သည်အလှူမှ မဦးလိုက်ရင် မဖြစ်ချေဘူးဆိုပြီး မိသန်းက ဆရာတော် သွားလျှောက်ရသာကော...သဟာနဲ့ ဆရာတော်က ရက်ပြင်ရွှေးပေးလိုက်ရသာပဲတော်ရေ့...ပေးစမ်းဟဲ့လှအုံ ရေတစ်ခွက်"



မခင်တုတ်က စကားတွေ တရစပ်ပြောပြီး မောပန်းသွားပုံရ၏။ မလှအုံ ကမ်းပေးသော ရေမှုတ်ကို ယူကာ အထက်တစ်ဝက် အောက်တစ်ဝက် သောက်ချလိုက်သည်။ လက်ဖက်ကလေးတစ်ရိုး လှျာပေါ်တင်ရင်းက ဒေါ်ပန်းရုံ ဖွာလက်စ ပြောင်းဖူးဖက်လိပ်ကို ကောက်ဖွာပြန်လေ၏။

"အေးလေ...သည်လိုကြည့်ပြန်တော့လည်း ဟုတ်ရှာသာပေါ့...ဘာပဲဖြစ်ဖြစ်အေ ရွာမှာ အလှူရှိသာ ဝမ်းသာရသေးသဟဲ့...ခေတ်ကာလကြီးကလည်း ကျပ်တီးနေတော့ အလှူဖြစ်ဖို့တောင် မလွယ်ပါဘူးအေ"

အမေပန်းရုံ ပြောမှ မအိမ်ကံ သတိထားမိသည်။ ရွာမှာ အလှူပွဲမရှိတာ ကြာပါပကော။ ဒေါ်ပန်းရုံနှင့် မခင်တုတ်တို့ကတော့ ရွာအကြောင်း ရပ်အကြောင်းတွေ စကားဖောင်ကြသည်။ ပဲအကြောင်း၊ နှမ်းအကြောင်း၊ ထန်းအကြောင်းမှသည် တိုင်းသတင်း ပြည်သတင်းတွေအထိ စကားရောက်သွားကြသည်။ အပျိုခေါင်းပီပီ အိမ်ပေါက်စေ့ ရောက်နေတတ်သော မခင်တုတ်ထံမှ သတင်းကလည်း စုံလှပါ၏။

"ပြောရဦးမယ် သူကြီးကတော်ရေ...တလောက ဆူးလေကုန်းရွာမှာ ဓားပြတိုက်သွားသာ ကြားလိုက်ကဲ့လား...အဲသာ အလှူအိမ်ကို ဝင်တိုက်သာသဲ့တော်...သည်လိုပဲ သူတို့က တပေါင်းလ လှူမယ်ဆိုတော့ ရှိသမျှ ပိုက်ဆံအထုပ်လိုက် တိုက်သွားသာသဲ့...မပေးလို့ကလည်း မဖြစ်ဖူးသဲ့တော်...ဓားပြက အလှူရှင်ကို လည်ပင်း ဓားနဲ့လှီးသွားသဲ့အပြင် မိန်းမကိုလည်း ဆန်ကောအပေါက်ဖောက်ပြီး ခေါင်းစွပ်လှည့်သာ လည်ပင်းသွေးစိမ်းရှင်ရှင် ထွက်သသဲ့တော်...ကြားရသာနဲ့တင် ကြောက်စရာ...ပြောသာမှပြောရသာ...ကျုပ်တို့ရွာသူကြီးမင်း ကျေးဇူးတင်ရပါသော်ကော...သူကြီးမင်း နှစ်လုံးပြူးအရှိန်က ကြီးသကိုး...ဝရဇိန်လက်နက်လောက် အားကိုးရသာ"

မခင်တုတ်စကားကို ကြားတော့ ဒေါ်ပန်းရုံ သက်ပြင်းကလေး အသာချရသည်။ အိမ်က ကိုရွှေသူကြီးမင်းကြားလျှင် သွေးကြွရှာရော့မည်။ ခေတ်အခါ မကောင်းရသည့်အထဲ သည်နှစ်လုံးပြူးကြီး တပြပြနှင့် ရွာစဉ်လှည့်နေတာကို ဒေါ်ပန်းရုံ မကြိုက်လှပါ။ တကယ့်အရေးရယ် အကြောင်းရယ် ဖန်လာလို့ ပစ်ရခတ်ရတာ ကိစ္စမရှိ။ တော်ရုံကိစ္စကို သေနတ်ကြီးတကားကား လုပ်နေလျှင် ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ဖို့သာရှိသည်။ သည်ကြားထဲ မြို့က ကောက်ခံခိုင်းသော အခွန်အတုပ်တွေ ဆက်ရတာကလည်း တစ်ဒုက္ခ။ တောသူတောင်သားများ ဝတ်ဆင်ဖို့ထင်ထား၊ စားဖို့တောင် ကျပ်လာကြပြီမဟုတ်လား။ အခွန်အတုပ်တွေ မပြည့်လို့ အိမ်က ငွေစိုက်ရတာကလည်း နှစ်စဉ် မလွတ်ချင်။ လင်တော်မောင် သူကြီးက အပူရှေစာမစားတာလည်း သိပါ၏။ အထက်ကို မျက်နှာလိုအားရ တာဝန်ကျေချင်တာလည်း မှန်ပါ၏။ သို့သော် လူဆိုတာ မပြောနိုင်။ ချစ်သူရှိသလို မုန်းသူကလည်း ရှိနိုင်သည်။

"သာနဲ့ နေစမ်းပါဦး ခင်တုတ်ကယ်...ကွမ်းတောင်ကိုင် မိဂွမ်းဖြူက လင်ယူတော့မှာဆို"

"ဒက်သေပေါ့အေ...မြောက်ရပ်က ဦးကြီးသာဒွန်းရဲ့သား သာမောင်နဲ့ဟာကော လူကြီးချင်းတောင် နားဖောက်ပြီးကြပေါ့...လှအုံ ညည်း ဘယ်အိပ်ပျော်နေသတုံး"

"ကျုပ်မေးချင်သာ အဲသာမဟုတ်ပါဘူးတော်...မိဂွမ်းဖြူ လင်ယူတော့မယ်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

ရွာက ကွမ်းတောင်ကိုင်အသစ် ရွေးရတော့မှာမှတ်လားအေ့...ညည်းတို့ ဘယ်သူ့များ လျာထားကြသတုံးလို့"

မလှအုံက ခေါင်းထဲပေါ်တာ လွှတ်ခနဲ မေးလိုက်ခြင်းဆိုသော်လည်း ဒေါ်ပန်းရုံပင် ဆတ်ခနဲ တုန်သွားခဲ့သည်။ မအိမ်ကံကတော့ ကြက်သီးကလေးများပင် ဖျန်းသွားခဲ့ရသည်။ မျက်လုံးကလေးတွေ ကျယ်သွားရသည်။ ကွမ်းတောင်ကိုင်အသစ် ရွေးတော့မယ်ဆိုပါလား။ ဒါကလည်း ရွာရပ်ထုံးစံဖြစ်သည်။ ကွမ်းတောင်ကိုင်မည့် အပျိုချောတစ်ယောက်ဟာ ယောကျ်ား တစ်ယောက်နှင့် စပ်ဟပ်ထားပြီဆိုတာမပြောနှင့် ရည်းစားသနာတောင် ကင်းရမည်ဆိုသည် မဟုတ်လား။

"အခု သည်အလှူ စ,ကြည့်ရမှာပဲအေ...ရွာကတော့ စိမ်းမြနဲ့ ခင်အိကို လူပြောများ နေကြသာပဲ...သည်နှစ်ယောက် ဘယ်သူ့သဘောရသတုံး သူကြီးကတော်ရဲ့"

"ကျုပ်တော့ မမှန်းတတ်ပါဘူးတော်...အများကြိုက်သလိုပေါ့"

အပျိုခေါင်း မခင်တုတ်က ရွာလည်ရင်း ရပ်ရွာသဘောထား တီးခေါက်ကြည့်ခြင်း ဖြစ်သည်။ ကွမ်းတောင်ကိုင် ဖြစ်ထိုက်သူ မိန်းကလေးနှစ်ဦး (သို့မဟုတ်) သုံးဦးလောက် ဖြစ်နေလျှင် အများသဘောကြိုက်ရာ မိန်းကလေးကို ကွမ်းတောင်ကိုင် တင်မြှောက်ရမြဲဖြစ်သည်။ အလှူပွဲရောက်ကာမှ သည်မိန်းကလေးလက်ထဲ 'ရော့ အင့်'နှင့် ဖက်စိမ်းကွမ်းတောင် ထည့်ပေး လိုက်ရတာမျိုးမဟုတ်။ ရပ်ရွာအသံဖလံကို တစိမ့်စိမ့်နားထောင်ရင်း ဖြစ်ထိုက်ဖြစ်သင့်သူကို အများသဘောညီနိုင်သမျှညီအောင် ရွေးကြရသည်။ ရွာခေလေ့၊ ရွာ့ထုံးစံ၊ ရွာ့အယူနှင့် စင်းလုံးချော ကိုက်ညီပါမှ ကွမ်းတောင်ကိုင် ဖြစ်ကြရသည်။

"ကျုပ်အမြင်ပြောရရင်တော့ ရုပ်ရည်သနရုပ္ပ ရှိသာချင်းအတူတူ စိမ်းမြက အနေ အထိုင် သိုသိပ်သယ်တော့...ခင်အိက နည်းနည်းလှုပ်ချင်သယ်"

'ကွမ်းတောင်ကိုင်မယ့် မိန်းကလေးတွေကို သည်လိုစကားခင်းကြရင်း ရွေးကြရသာ ပါလား...တစ်ယောက်က သိုသိပ်သတဲ့...တစ်ယောက်က လှုပ်ချင်သတဲ့...လူတွေက သည်အထိ လိုက်ကြည့်နေကြတာပါလား...ရုပ်ရည်ရော အနေအထိုင်ပါ ပြည့်စုံမှ ဖြစ်ရသာမျိုး ထင်ပါရဲ့'

မအိမ်ကံက သည်စကားတွေကို စိတ်မဝင်စားသလိုလို ပဲစေ့ကလေးတွေ တစ်စေ့စီရွေး နေရင်း တွေးနေခြင်းဖြစ်သည်။ အရွယ်ကလေး လားလားမြောက်လျှင် သူ့ကိုလည်း ရွာရပ်က သည်လို အကဲခတ်တာမျိုး၊ ဝေဖန်တာမျိုးတွေ ရှိလာလိမ့်မည်။ သည်အချိန်မှာ မအိမ်ကံသည် လည်း အများစံထားလောက်သည့် ကျောက်ကောင်းတစ်ပွင့်လို တန်ဖိုးရှိအောင် နေထိုင်ရတော့ မည်။ မိန်းကလေးတစ်ယောက်အဖို့ အချောအလှထက် ဣန္ဒြေသိက္ခာနှင့် ကိုယ်ကျင့်တရား ကောင်းဖို့ လိုသည်ဆိုတာလောက်တော့ မအိမ်ကံ အကဲဖမ်းလိုက်နိုင်ခဲ့ပြီ။

"ကိုင်း...ကိုင်း ကျုပ်လည်း တစ်အိမ် ဖင်တစ်ထိုင် တစ်ထိုင်နဲ့ အပျိုအိမ် မနှံ့သေးဘူး တော်ရေ...သည်မှာ လာရင်းကိစ္စက မအိမ်ကံကို အပျိုဖိတ် ဖိတ်သာ...အတော်ပဲ လက်စနဲ့ ကျေးဥလည်း အပျိုဖိတ် ယူထားလိုက်တော့...သွား ရော မနှော"

မအိမ်ကံက လက်ထဲကို ရောက်လာသော ပဝါကလေးကို တအံ့တသြ ကြည့်နေခဲ့မိ



သေးသည်။ အပျိုဘဝဖြင့် ပထမဆုံး အဖိတ်ခံရသည့် ပဝါကလေးပါလား။ ရင်များပင် ခုန်လာ ခဲ့သည်။ အမေ့ကိုလည်း ရှက်စနိုး လှမ်းကြည့်မိသည်။ ဇောင်ချမ်းကုန်းရွာမှာ သည်ဓလေ့ရှိသည်။ အပျိုတွေကို ပဝါ၊ ပန်းခိုင်၊ ရင်ထိုး၊ သနပ်ခါးအစ် စသည်ဖြင့် ကမ်းပြီး ဖိတ်ကြရသည်။ ကာလသားတွေကိုတော့ မြင်းခြံမြို့မှ သနပ်ဖက်ဆေးလိပ်၊ ပိုလို၊ ခေါင်းလိမ်းဆီဘူး၊ ပဝါ စသည်ဖြင့် တတ်နိုင်သူက တတ်နိုင်သလို တစ်စုံတစ်ရာ ကမ်းရင်း ဖိတ်ကြားရသည်။ လူကြီးသူမတွေကိုတော့ ဖက်ရွက်ကို ကတော့ထိုး လက်ဖက်သားထည့်၍ တည်းစပ်ဖြင့်တည်းကာ လက်ဖက်ထုပ်ကမ်း၍ ဧည့်ခံဖိတ်ကြားရသည်။ ကာလသားနှင့် အပျိုတွေကိုတော့ ရွာရှိလူကုန် ဖိတ်ကြားကြသော်လည်း လူကြီးဖိတ်ကိုတော့ သတ်သတ်မှတ်မှတ် ရွေးဖိတ်ကြပါသည်။

အလှူက တန်ဆောင်မုန်းလထဲဆိုသော်လည်း အပျိုဖိတ် ဖိတ်ခြင်းခံရပြီဆိုသည်နှင့် အလှူအိမ်ကို မရောက်မဖြစ် ရောက်ကြရတော့သည်။ ကူစရာရှိတာကို ကူလုပ်ပေးကြရသည်။ နေ့ခင်း နေ့လယ် အားလပ်ချိန်ကလေးတွင် အလှူအိမ်ပြေး၍ ကြက်သွန်လှီးရ၊ ဆန်ရွေးရ၊ ရေခပ်ရနှင့် မအိမ်ကံရော ကျေးဥပါ မအားကြရတော့ပြီ။ ဒေါ်ပန်းရုံကတော့ သမီးကလေး အိမ်မှာ တငုတ်တုတ်တုတ်ထိုင်နေရတာနှင့်စာလျှင် အခုလို ရွာထဲ ရပ်ထဲ သွားဖော်လာဖော် ရတာကိုပဲ ဝမ်းသာရသည်။ နီးစပ်ရာစုကြရင်း အပျိုတွေတစ်သိုက်ကြီး သွားကြလာကြရသည်ဖြစ်၍ ဒေါ်ပန်းရုံ လိုက်ထိန်းစရာ မလိုတော့။ ကိုယ့်ရပ်ကိုယ့်ရွာ စိတ်မချစရာလည်း မရှိ။ ဘယ်တုံးကမှ လည်း မကြားဝံ့ မနာသာ မရှိခဲ့။

မအိမ်ကံကလည်း အပျိုကလေး ဖျန်းလာသကောရယ်လို့ ပလွှားလွှားနိုင်သူကလေး မဟုတ်။ ကလေးဘဝကတည်းက အနေတည်ခဲ့သူကလေးဖြစ်သည်။ သူကြီးသမီးရယ်လို့ ရွာပေါ် ရပ်ပေါ် ထောင်လွှားတာမျိုးလည်း မရှိ။ မအိမ်ကံမှာ စာနာတတ်သောနှလုံးသားရှိသည်။ ဆင်းတောင့်ဆင်းရဲ တောသူတောင်သားများဘဝကို ကိုယ်ချင်းစာတတ်သည်။ မိဂုဏ် ဖဂုဏ်၊ ဆွေဂုဏ် မျိုးဂုဏ် ကြီးသူဆိုသော်လည်း အခုလို ရပ်ရေးရွာရေးထဲ ပါခွင့်ရပြန်တော့ သူတကာ စားပြီး ပစ်ထားခဲ့သည့် အလှူအိမ်က ထမင်းပန်းကန်ကိုပင် ဆေးနိုင်ခဲ့သူဖြစ်ပါ၏။

■

"ဖက်စိမ်းကွမ်းတောင် ချိုးသဲ့အခါ ငှက်ပျောဖက် ရွေးတတ်ဖို့၊ အကိုင် နူးညံ့ဖို့ အရေးကြီးသယ်အေ့...ငှက်ပျောလက်ကို အပင်က ခုတ်ပြီး ဆုတ်ယူကတည်းက အနာအကွဲ မရှိရအောင် သပ်သပ်ရပ်ရပ် ဆုတ်ယူတတ်ရသယ်...ပြီးတော့ တည်းစပ် ချောင်းကလေးတွေကိုလည်း တစ်ဖက်ချွေပြီး ချွန်ထားရသယ်...ဒါမှ ကွမ်းတောင်ချိုး သဲ့အခါ ကိုယ့်စိတ်ကြိုက် ကိုင်နိုင်မှာပေါ့အေ..."

အလှူမဏ္ဍပ်ထဲကို မအိမ်ကံ ဖိနပ်ကလေးချွတ်ပြီး ဝင်လာတော့ ရှိသမျှလူတွေက လုပ်လက်စ ရပ်ထားကြကာ ငေးကြည့်နေကြသည်။ သည်ပွဲက မအိမ်ကံအဖို့ ပထမဆုံး အပျိုဖိတ် ဝင်ရသည့်ပွဲကလည်း ဖြစ်ပြန်၊ ချက်ချင်းကြီး အပျိုဖျန်းကလေး ဖြစ်လာခြင်းနှင့်အတူ ဝင်းဝင်းစက်စက် လှသူကလေးကလည်း ဖြစ်ပြန်ဆိုတော့ မအိမ်ကံသည်ပင် အထူးအဆန်းလို ဖြစ်နေတော့သည်။ ကျောက်ဖြူနားကပ်ကလေး တဖျပ်ဖျပ်နှင့် လှလွန်းနေသည်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

အလှူမဏ္ဍပ်ထဲကို ညနေစောင်းကတည်းက အပျိုတွေ ရောက်နှင့်နေကြရသည်။ မနက်ဖြန် အလှူရှင်လောင်းလှည့်မှာဆိုတော့ သည်ကနေ့ညမှာ မဏ္ဍပ်ထဲတွင် မိန်းမကြီးပိုင်းမှ ဦးဆောင်ကာ ဖက်စိမ်းကွမ်းတောင် ချိုးကြရပြီ။ ဖောင်ချမ်းကုန်းရွာမှာ ဖက်စိမ်းကွမ်းတောင် ချိုးတတ်သည့်သူ တစ်ခေတ်တစ်ယောက်တော့ ရှိစမြဲ။ ရှေးအစဉ်အဆက် မိကြီး ဒွေးကြီးများက လက်ဆင့်ကမ်းခဲ့သော လက်မှုပညာဆိုတော့ တိမ်ကောသည်မရှိခဲ့။ ကွမ်းတောင်ချိုး ဖိတ်ပြီဆိုကတည်းက အလှူရှင်က ကန်တော့ပွဲရွက်ကာ ပွဲအပ် ဖိတ်ရခြင်းဖြစ်သည်။ အလှူ့ရှင်က ကျွန်တော်, ကျွန်မတို့က မင်္ဂလာဖက်စိမ်းကွမ်းတောင် ချိုးပေးဖို့ ပွဲလာအပ်ကြပါတယ်၊ ဘယ်နေ့ ဘယ်ရက် ကြွပါလို့ နှုတ်ကလည်း ဖိတ်ရသည်။

မဏ္ဍပ်အလယ်မှာ ခင်းထားသော ဖျာကြမ်းတွေပေါ်မှာ တစ်ရွာလုံးက အပျိုတွေ စုထိုင်ကာ ကွမ်းတောင်ချိုးတာကို ငေးကြည့်နေကြသည်။ ထမင်းစား စားပွဲဝိုင်းကြီး ရေစင်စင် ဆေးပြီး ချခင်းထားသည်။ အပေါ်က ပိတ်ဖြူသန့်သန့် ခင်းရသည်။ ဆန်ပန်းပေါက်ပေါက် ကြဲထားရသည်။ သစ်သားကလပ်ပြောင်ကြီးပေါ်မှာ ဖက်စိမ်းကွမ်းတောင်အုပ်ကလေးဖြစ်အောင် ဘယ်လိုလုပ်မှာပါလိမ့်ဆိုတာကို မအိမ်ကံ စိတ်ဝင်စားနေမိပါ၏။ ကွမ်းတောင်ချိုးမည့် မမကြည်သန်းက ငှက်ပျောဖက် အစိမ်းလက်နှင့် အဝါလက်များကို ခုံပေါ်ချကာ စိတ်ရှည်လက်ရှည် ပြသနေခြင်းဖြစ်သည်။ မမကြည်သန်းကို ကူညီမည့် အမျိုးသမီးတွေကလည်း လေး,ငါးယောက်လောက် ရှိနေသည်။

"ကလပ်ရဲ့အလယ်က ပန်းလည်တိုင်ကို မြဲမြဲကြီး ခိုင်အောင်စိုက်ရသယ်...ပြီးမှ ဖက်စိမ်းကို ဖူးနေအောင် ချိုးရသာ"

မမကြည်သန်းက ဖက်စိမ်းကတော့ဖူးထိုးနေချိန်မှာ ကျန်မိန်းမသူတွေက ကလပ်ကြာ၊ ကွေးထောက်ကုံး၊ စိန်တောင်၊ ကြာဖူး၊ ကြာဖတ်၊ ကြက်တူရွေးရုပ်ကလေးတွေ ထိုးနှင့်ကြရသည်။ အစိမ်းတစ်လှည့် အဝါတစ်လှည့် တည်းစပ်ဖြင့် တည်းကာ ကွက်ပြောက်ထိုးယူသွားတာ လွယ်မယောင်နှင့် လက်ဝင်လှပါ၏။ ကလပ်အောက်ခြေမှာ ကလပ်ကြာကို ဝိုင်းပတ်ကာ စိန်တောင်ကြာဖူးများကို တစ်ဆင့်စီတင်သည်။ ဖက်စိမ်းကတော့ဖူးကလေးပတ်လည်မှာ ကြာဖူး၊ ကြာဖတ်ကလေးတွေ ကပ်လိုက်တော့ စေတီပုံ ဖက်စိမ်းကွမ်းတောင် ရုပ်လုံးပေါ်လာပြီ။ ပန်းလည်တိုင်ထိပ်မှာ ကြက်တူရွေးရုပ်ကလေးက အမြီးကလေး ကော့ကော့။ အောက်မှာ ထီးနှင့် ကြာဖတ်။ ကွမ်းရွက်များကို လိပ်၍ ကတော့တွင် ထောင်ထည့်သည်။

"ဟောသည် ရောင်စုံချည်မျှင်ကလေးတွေကို ပန်းလည်တိုင်ကနေ ကလပ်အခြေထိ ဆိုင်းချည်တာက ကွမ်းတောင်လည်း ခိုင်သယ် ..အမြင်လည်း လှသယ်...ကွမ်းတောင် ချိုးသဲ့သူဆိုသာ မျက်စိရေးတတ်ရသယ်..."

ပုံပေါ်သွားပြီဖြစ်သော ဖက်စိမ်းကွမ်းတောင်ကလေးက စိမ်းစို ဖူးညွန့်လို့နေသည်။ စောစောတုန်းက သစ်သားပြောင်ကလပ်ကြီးသည်ပင် မထိရက် မတို့ရက်စရာ ဖက်စိမ်း ကွမ်းတောင် ဖြစ်သွားရတာကို မအိမ်ကံ မလှုပ်မယှက် စိုက်ကြည့်နေသည်။

"ပြီးရင် ပန်းကုံးကလေးတွေ ဆွဲချင်လည်းဆွဲပေါ့...ခါတိုင်း အလှူတွေက တပေါင်း တန်ခူးဆိုတော့ စံပယ်ကုံးကလေးတွေ တွဲလွဲဆွဲရသာကိုးအေ့...အခုဟာက တန်ဆောင်



မုန်းလကြီးဆိုတော့ စံပယ်မပေါ်သေးတော့ စိန်သဇင်ပန်းကလေးတွေ တစ်ခက်စီ ထိုးရုံရှိမှာပေါ့"

ဖက်စိမ်း ကွမ်းတောင်ကလေးကို မမကြည်သန်းက မ,ကာ ဟိုဘက် သည်ဘက် လှည့်၍ ခေါင်းငုံ့ကြည့်ပြီး အပြန်ပြန်အလှန်လှန် စစ်ဆေးသည်။ သဘောမကျတာတွေ့တော့ ပြင်ပြန်လေ၏။ စိတ်တိုင်းကျပြီဆိုတော့မှ လက်လွှတ်သည်။ ချိုးပြီးသွားသော ဖက်စိမ်းကွမ်းတောင် ကလေးကို မ,ယူကာ အလှူမဏ္ဍပ်ထိပ် သံဃာစင်ရှေ့က ရွှေကွမ်းတောင်၊ ငွေကွမ်းတောင် ပန်းတောင်တွေထားရာ ခုံရှည်ကြီးပေါ် သွားတင်လိုက်သည်။ အလှူတိုင်းမှာ မြင်နေကျဆိုသော် လည်း ကြည့်၍မဝချင်ကြ။

"ကွမ်းတောင် ချိုးပြီးသွားပဟဲ့...လှလိုက်သဲ့ ကွမ်းတောင်ကလေးတော်... ကျက်သရေ ရှိချက်တော့.."

လူတွေက ဝိုင်းအုံကြည့်ကာ ချီးမွမ်းကြတော့ မမကြည်သန်းက သူ့ကွမ်းတောင်ကလေး ကို ပြုံးကြည့်နေလိုက်သေး၏။ တိုးဝှေ့ကြည့်နေကြသော လူတွေကြားထဲမှာ မအိမ်ကံက ရှေ့ဆုံး ကိုရောက်အောင် တိုးကြည့်သည်။ သဘာဝငှက်ပျောဖက်စိမ်း ကွမ်းတောင် ရောက်လာတော့ ရွှေကွမ်းတောင် ငွေကွမ်းတောင်များပင် အရောင်မှေးမှိန်သွားသည် ထင်ရ၏။ အပျိုတိုင်းက ကိုင်ချင်ကြလွန်း၍ အိပ်မက်မက်ရသည့် ဖက်စိမ်းကွမ်းတောင်ပါလား။ ဖက်စိမ်းကွမ်းတောင် ကိုင်ရပြီဆိုမှ ရွာ့ကွမ်းတောင်ကိုင်အစစ်။ ရွာ့ကျက်သရေဆောင်၊ ရွာ့ဂုဏ်ဆောင် မိန်းမချောစာရင်း ပေါက်သူအတွက် မင်္ဂလာနိမိတ်ပုံ။

မအိမ်ကံကတော့ အရွယ်တိုင်လို့မှ ဖက်စိမ်းကွမ်းတောင် မကိုင်ရလျှင် ဘယ်ကွမ်း တောင်မှ မကိုင်ဟု စိတ်ထဲ တေးထားလိုက်မိသည်။

"ဟဲ့ စိမ်းမြ...သည်မယ် ကြည့် ..ကွမ်းတောင်ဆိုသာ ပွေ့တတ်မှ လှသာရယ်... ဖက်စိမ်းကွမ်းတောင်ကို ပွေ့ရင် ဟောသည် ကလပ်ခုံကို သိမ်းပြီး ပွေ့ရသယ်... ညောင်းရင် ခါးဆစ်ပေါ် မှေးတင်ပြီးပွေ့ ..ရွက်ချင်လည်းရွက်...ဖက်ဖူးဖက်ညွန့်ကို မယိုင်မညွတ်စေနဲ့... လွတ်မကျစေနဲ့ ..ဟိုတင် သည်တင် မတင်နဲ့...ဘယ်သူ့မှ ခဏကိုင်ထားပါ မလွှဲနဲ့ .."

ရွာက ရွေးချယ်လိုက်သော ကွမ်းတောင်ကိုင်အသစ် စိမ်းမြက ရှေ့သို့ တိုးလာသည်။ ရွာလက်ရက်ထည် ချည်ချောလုံချည်ကလေးနှင့် ပင်ဝါချည်အင်္ကျီလက်စကကလေး ဝတ်ထား တာပေမယ့် စိမ်းမြက ဥဒေါင်းငှက်ကလေးတစ်ကောင်လို လှပကြော့ရှင်းလို့နေသည်။ သနပ်ခါး ပါးကွက်ကလေး ရေးရေးခြယ်ကာ ဇီဇဝါပွင့်ကလေးကို ဆံထုံးအခြေမှာ ကပ်ပန်ထားသည်။ နားရွက်နောက်က ဆံတောက်ကွေးကလေးက နားသယ်အထိ ကော့ပျံနေလေ၏။ မျက်လုံး မျက်ဖန် နက်နက်ကြည်ကြည်ကလေးနှင့် နှုတ်ခမ်းပါးကလေးကို စေ့စေ့လေး ပြုံးထားရင်းက ဖက်စိမ်းကွမ်းတောင်ကလပ်ကို မ,ယူလိုက်သည်။ ကွမ်းတောင်လည်ရစ်ကလေးကို သွယ်ပျောင်း သော လက်အစုံဖြင့် သိမ်းပွေ့ကာ ခြေတစ်လှမ်း နှစ်လှမ်း လျှောက်ကြည့်သည်။ မဏ္ဍပ်ထဲက လူအုပ်က စိမ်းမြကို ငေးကြလို့။ မအိမ်ကံတို့အရွယ် အပျိုဖျန်းကလေးတွေကတော့ အားကျ

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဖြင့် မျက်ရည်များပင် ဝဲနေကြလေသည်။ စိမ်းမြက ကွမ်းတောင်ကလပ်ကလေးကို ခုံပေါ် ပြန်တင်လိုက်တော့ မအိမ်ကံ ရှေ့ကို ယောင်ယောင်ရမ်းရမ်း တိုးသွားလိုက်မိပါ၏။

"ဩော်...မအိမ်ကံ ကိုင်ကြည့်ချင်လို့လား...အခုက ကိုင်လို့ရပါသယ်...လာလေ ရှေ့တိုးခဲ့..."

မမကြည်သန်းက ကွမ်းတောင်ကို နေသားတကျ ပြင်တင်ရင်းက မျက်လုံးကလေးတွေ လည်နေသည့် မအိမ်ကံကို တွေ့သွားသည်။ မအိမ်ကံ ဟန်ပင်မဆောင်နိုင်ပါ။ ကွမ်းတောင် တင်သည့်စင်အနား တိုးကပ်လိုက်သည်။ လက်နှစ်ဖက်ကို ဆန့်ထုတ်ပြီး ပွေ့တော့မည့်ဟန် အပြင်လိုက်မှာပင်...။

"မအိမ်ကံ...လာ လာ...ညည်းအဖေ မေးနေသယ်"

မအိမ်ကံ၏ လက်ကောက်ဝတ်ကလေးကို တစ်ယောက်ယောက်က လှမ်းဆုတ်လိုက်ခြင်း ခံလိုက်ရသည်။ မအိမ်ကံ လှည့်ကြည့်လိုက်သည်။

"အို...အမေ...အမေလိုက်လာသာလား"

"အေး...ညည်းအဖေက ခေါ်ခိုင်းလိုက်လို့...လာ သမီး"

မအိမ်ကံက ဖက်စိမ်းကွမ်းတောင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သက်ပြင်းကလေး မှျင်းမှျင်းချကာ အမေပန်းရုံနောက် လိုက်ခဲ့ရတော့သည်။

■

(၁၀)

ဇောင်ချမ်းကုန်းရွာကလေး၏ အလှူဝင် အကြိုညသည် လဆန်းရက် ကောင်းကင်က လမင်းကြောင့် သာတောင့်သာယာ ရှိလှပါသည်။ ရွာလမ်းသည်ပင် ခါတိုင်းနှင့်မတူဘဲ အသက်ဝင်လာသော မြွေတစ်ကောင်ကဲ့သို့ တလူးလွန့်လွန့် ရှိနေခဲ့ပါ၏။ တစ်ဦးကိုတစ်ဦး တကြော်ကြော် ခေါ်သံများ၊ မရှိသူ မပြည့်စုံသူတွေက ရှိသူ ပြည့်စုံသူတွေထံ ပြေးကြ လွှားကြ၊ ဗွားကြ ရမ်းကြဖို့ ကူးလူးနေကြသံများ၊ လျှောက်ပြန်သံပေး ကာလသားတို့၏ သီချင်းတဟိုးဟိုး ဆိုညည်းသံများဖြင့် ရွာကလေး၏ညသည်ပင် ခါတိုင်းညများနှင့်မတူဘဲ ရှိနေခဲ့သည်။ တစ်ရွာ့တစ်ရွာ အကူးအလူး နောက်ကျသော အဝေးရွာပြန်လှည်းများနှင့် အလှူအိမ်ကို ညအိပ်လာကြသော ဆွေလှည်း မျိုးလှည်းများဆီက အီသံများပင် မစဲသေးပါ။

မအိမ်ကံတို့ အိမ်ကြီးပေါ်မှာတော့ ခါတိုင်းထက်ပင် မီးရောင်တွေ ထိန်ထိန်ညီးညီး ရှိနေခဲ့သည်။ ညဦး ထမင်းစားပြီးကတည်းက မနက်အလှူအိမ်သွားဖို့ ပြင်ကြဆင်ရပြီ။ မအိမ်ကံအတွက် မနက်ဝတ်မည့်အဝတ်အစားတွေကို ဒေါ်ပန်းရုံကိုယ်တိုင် ရွေးချယ်ထားပြီးဖြစ်၏။ နံ့သာခံပေါ်မှာ သုံးစင်း ဂမုန်းနွယ် အနီရောင်အချိတ်ထဘီနှင့် ပိုးပျော့ပန်းထိုး အင်္ကျီအနီကလေးကို ဆင်မြန်းပေးဖို့ စိတ်ကူးထားသည်။ သည်အချိတ်ထဘီကို မအိမ်ကံ အပျိုဖြစ်ပါပြီဆိုကတည်းက မြင်းခြံ ပွဲကတော်ကြီးကတစ်ဆင့် တောင်မြို့အထိ လှမ်းမှာထားရတာဖြစ်သည်။

ရွှေ၊ ငွေ လက်ဝတ်ရတနာတွေကလည်း ညဦးကတည်းက ဝတ်ဖို့ အဆင်သင့်ထုတ်ထားရတာဆိုတော့ ဒေါ်ပန်းရုံကိုယ်တိုင် အပေါ်ထပ်ကို တက်လာခဲ့ပြီး ဘုရားစင်တံကဲနောက်မှာထားသည့် ယွန်းသေတ္တာကို ထုတ်ယူသည်။ အလျားနှစ်ထွာ၊ အနံတစ်ထွာ၊ စောက်တစ်မိုက်ခန့်ရှိမည့် ရေးယွန်းသေတ္တာမည်းမည်းကို ဖွင့်လိုက်သည့်အခါ ရွှေသားနှင့် ကျောက်ထည်တွေ မောက်မောက်ကြီးရှိနေလေသည်။ ကျောက်ဘယက်၊ ကျောက်လည်ဆွဲ၊ ကျောက်လည်ကပ်၊ ကျောက်လည်တုံ၊ ကျောက်လက်ကောက်။ နားတောင်းတွေကလည်း အမျိုးမျိုး။ ကျောက်တစ်လုံးနားတောင်း၊ ခြယ်နားတောင်း၊ နဝရတ်ကိုးသွယ်နားတောင်း၊ နားတောင်းကြက်ရင်၊ တစ်ပွင့်ဖိနှိုးဖူးကြီး ပွင့်နေသည့် နားတောင်းဆိုလျှင် နားရွက်မှာ ကြာကြာမပန်နိုင်ဘဲ ငိုက်ကျနေအောင် လေးလှသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေထည်တွေကိုတော့ လုံးပတ်ထွာဆိုင် ဝါးပိုးဝါးဆစ်ဘူးကြီးနှင့် ထားရသည်။ ဝါးပိုးဝါးဆစ်ဘူးကြီးကိုတော့ အိမ်ဦးတိုင်မှာ ဓာတာခြင်း၊ တံခွန်ကုက္ကား၊ တိုလီမုစ္စထည့်သည့် ဘူးသီးခေါင်းခြောက်များဖြင့် အရောရောအထွေးထွေး ချိတ်ဆွဲထားခြင်းဖြစ်သည်။ အဖိုးတန် ရွှေထည် ကျောက်ထည်များကို သေတ္တာတစ်လုံးထဲထည့်ကာ သော့ခတ်သိမ်းဆည်းခြင်းမျိုး မဟုတ်ဘဲ သည်လိုထားရတာကတော့ ရုတ်တရက် သူခိုး၊ ဓားပြရန်ဝင်လျှင် အမှုမဲ့ အမှတ်မဲ့ ရှိအောင်လို့ဖြစ်၏။ သည်လိုနေရာမှာ သည်ပစ္စည်းတွေထားမှန်း ဒေါ်ပန်းရုံနှင့် မလှအုံကလွဲ၍ သူကြီးမင်း ဦးသာထန်ပင် မသိ။ သူကြီးမင်းက ထားသိုသည့်နေရာကိုမှမဟုတ်ပါ။ ဘာပစ္စည်းတွေ ဘယ်လောက်ရှိမှန်း မသိတာလည်း ပါပါသည်။

အခုလည်း အိမ်ကြီးအပေါ်ထပ်မှာ ဒေါ်ပန်းရုံတစ်ယောက်တည်း တံခါးချက်ချကာ မအိမ်ကံအတွက် ရွေးချယ်နေခြင်းဖြစ်၏။ လက်စွပ်တွေကိုတော့ အိတ်ရှုံ့ကလေးနှင့် ထားရသည်။ ဒေါ်ပန်းရုံက ဖျင်တဘက် ဖြန့်ခင်းကာ ဝါးဆစ်ဘူးကိုရော၊ အိတ်ရှုံ့ကိုပါ သွန်ချလိုက်၏။ ဒေါ်ပန်းရုံ အပျိုဘဝက ပါလာသည့် ရွှေထည်များအပြင် လက်ထက်ပွား ရွှေထည်တွေကချည်း မနည်းလှပါ။ နဂါးလိမ်လက်ကောက်၊ ကြံဆစ်လက်ကောက်၊ ကျားခေါင်းလက်ကောက်၊ စတီလက်ကောက်၊ ဆောက်ဖြတ်ထိုးလက်ကောက် စသဖြင့် လက်ကောက်မျိုးစုံကချည်း အရန် နှစ်ဆယ်လောက်ရှိလိမ့်မည်။ မြင်းစီး၊ လုံ့ထိုး၊ ဂျော့ဘုရင်ဦးခေါင်း၊ ဝေလမင်းသားခေါင်း စသည့် ရွှေဒင်္ဂါးပြားတွေကိုလည်း ဒေါ်ပန်းရုံက ရသလောက် စုထားသေးသည်။

ဒေါ်ပန်းရုံက မအိမ်ကံအတွက် ကျောက်ထည်ကလေးတွေချည်း ဆင်ရင်ကောင်းမလား လို့ စဉ်းစားသည်။ သမီးခမျာ ပထမဆုံး အပျိုစာရင်းပေါက် အလှူဆိုတော့ တောက်တောက်စားစားကလေး ရှိစေချင်ပါ၏။ နဂိုရုပ်ရည် ချောမောလှပသူဆိုတော့ ရွှေမကူ ကျောက်မဆင်သော်လည်း လှသည် မှန်ပါ၏။ သို့သော် ရွှေငွေရတနာကလေးဖက်တော့ ကျက်သရေ ပိုရသည်။ အသွင်တင့်ရသည်။ မအိမ်ကံအတွက် စိတ်ကြိုက်တစ်ဆင်စာထုတ်ပြီးမှ ကျေးဥအတွက် ရွှေဆွဲကြိုးတစ်ကုံးနှင့် ကြံဆစ်လက်ကောက်တစ်ရန် ရွေးရပြန်သည်။ ဒေါ်ပန်းရုံက သူ့အတွက်ရော မလှအုံအတွက်ပါ တစ်ခါတည်း ထုတ်ယူပြီးတော့ ယွန်းသေတ္တာနှင့် ဝါးဆစ်ဘူးကို နေသားတကျ ပြန်ထားလိုက်သည်။ အောက်ကိုဆင်းလာတော့ မလှအုံက ကျောက်ပြင်ကြီး ချခင်းကာ သနပ်ခါးတွေ ပျစ်နှစ်နေအောင် သွေးနေသည်။

"လှအုံ…ငါတော့ မျက်စိထဲ လှမယ်ထင်သာ ရွေးယူလာသာပဲအေ…ညည်းညီမနဲ့ လိုက်ကောင်းပါရဲ့…ရှိသမျှ ထုတ်ဆင်တောလည်း ကလရွှေ ခွေးနင်းဖြစ်မှာ ဒိုးရသယ်…သည်ကြည့်စမ်း ကျောက်လည်တုံကလေးနဲ့ ကျောက်လက်ကောက်နှစ်ကွင်းပဲ ဆင်မယ်…ဒါက ကျေးဥဖို့ ဆွဲကြိုးနဲ့ လက်ကောက်တစ်ရန် ရော့ ဒါက ညည်းဝတ်ထား…တစ်ခါတည်းသာ ဆင်ထားလိုက်ပါအေ… မနက်မှ ဝတ်နေရင် ကသီပါသယ်"

မလှအုံက သွေးလက်စ သနပ်ခါးကို ပစ်ထားခဲ့ကာ လက်သွားဆေးသည်။ မအိမ်ကံနှင့် ကျေးဥကို ရွှေထည် ကျောက်ထည်တွေ ဆင်ပေးသည်။ ဒါတွေပြီးတော့မှ အလှူကို အကြောင်းပြု၍ ရောက်လာကြမည့် ဧည့်သည်တွေအတွက် ချက်ဖို့ပြုတ်ဖို့ စီစဉ်ကြရပြန်သည်။ အလှူအိမ်ကို လာကြသည်ဆိုသော်လည်း နီးစပ်ရာ ဆွေဆွေမျိုးမျိုးတွေအိမ်ကို ရောက်တုန်းပေါက်တုန်း



ဝင်ကြ ထွက်ကြရတာဆိုတော့ အိမ်တိုင်းလိုလိုက ဧည့်ခံရန် ကြိုတင်စီစဉ်ထားကြရသည်။ သူ့ရွာ ကိုယ့်ရွာ သူ့အလှူ ကိုယ့်အလှူ ရွာရပ်က စည်ကားသိုက်မြိုက်အောင် ဝိုင်းကြရသည် ဆိုခြင်းမှာ တစ်ရွာလုံးက သည်လိုကျွေးမွေးဧည့်ခံကြတာမျိုးလည်း ပါပါ၏။

မအိမ်ကံက ကိုယ့်ဝင်းကိုယ့်ခြံအတွင်းမှာဆိုတော့ ဇာအနားကွပ် ရှင်မီးအင်္ကျီဖြူကလေးသာ ပေါ့ပေါ့ပါးပါးဝတ်ထားခဲ့သည်။ ကျေးဥနှင့် မအိမ်ကံတို့ လသာသာ အိမ်ရှေ့ကွက်လပ်မှာ ဖျာကြမ်းတစ်ချပ်ခင်းကာ ပဲညှစ်ရင်း စကားထိုင်ပြောနေခဲ့ကြသည်။

"ညနေက မမကြည်သန်း ချိုးသဲ့ ကွမ်းတောင်ကြီး လှလိုက်သာနော် ကျေးဥ…ညည်းတွေ့လိုက်ကဲ့လား…"

"တွေ့ပါ့အေ…ငါဖြင့် ကိုင်ချင်လိုက်သာ မပြောနဲ့တော့…ငါသာ မမစိမ်းမြဆိုရင် ဘယ့်လောက်ကောင်းလိုက်မလဲလို့ တွေးမိသေးသာ…မနက်ဖြန်ကျရင် မမစိမ်းမြ သိပ်လှနေမှာပဲနော်"

"ငါလည်း သည်လိုပါပဲဟယ်…မမကြည်သန်းက မအိမ်ကံ ပွေ့ကြည့်ပါလားဆိုတော့ ငါ့မယ် တဆပ်ဆပ်တုန်လို့…ကိုင်ကာနီးကျကာမှ အမေလာခေါ်လို့…ငါဖြင့် ရင်ထဲ ဟာကျန်ရစ်ခဲ့သယ်အေရယ်"

လရောင်က ကြည်လင်လွန်းလှပါသည်။ ရွာလမ်းပေါ်မှာ လူအကူးအသန်း အသွားအလာတော့ နည်းသွားပြီ။ ဘုန်းကြီးကျောင်းဆီက ည ရှစ်နာရီ စည်ထိုးသံ ကြားလိုက်ရသည်။ ဘုရားဝတ်တက်ချိန်။ လေကလေးသွေးလိုက်တိုင်း ရေတွင်းကုန်းဘက်ဆီက တတိုင်းမွှေးပန်းနံ့တွေ တစ်ခါတစ်ခါ ရောက်လာတတ်ပါ၏။ မအိမ်ကံကတော့ လရောင်ထဲမှာထိုင်ရင်း ညနေက မြင်ခဲ့ရသည့် ဖက်စိမ်းကွမ်းတောင်ကြီးကို မြင်နေမိသည်။ ကျေးဥပြောသလို ကိုင်ချင်စရာ၊ ပွေ့ချင်စရာကောင်းလှသည့် ကွမ်းတောင်။ ဖြစ်ရပုံများတော့ မမကြည်သန်းက သူ့ကို ကိုင်ကြည့်လို့ရပါတယ်ဆိုကာမှ သူ့လက်တွေကို ဆတ်ခနဲ ဆွဲယူခြင်းခံလိုက်ရသည်။ အမေ့လက်တွေက လိုတာထက် ပိုပြီး အားပါနေတာ မအိမ်ကံ တွေးရင်းပင် သတိရနေမိ၏။ အမေကိုယ်တိုင် မဏ္ဍပ်တွင်း လိုက်လာလိမ့်မည်ဟု မအိမ်ကံ မထင်မိခဲ့။ အဖေက ခေါ်ခိုင်းတယ်ဆိုပါဦး၊ ဖိုးကူးတို့၊ ကျေးဥတို့၊ မလှအုံတို့ကို လွှတ်လိုက်လျှင် ပြီးပါလျက် အမေပန်းရုံ ဘာကိစ္စ ကိုယ်တိုင်လိုက်လာရတာပါလိမ့်။ အင်းလေ…အလှူအိမ်ဆိုတော့ အမေလည်း လာချင်တဲ့အချိန် လာမှာပဲပေါ့။ မအိမ်ကံ အဲသလိုလည်း တွေးမိပါ၏။ ထူးဆန်းတာက အဖေ ခေါ်ခိုင်းသည်ဆိုသော်လည်း အိမ်ရောက်တော့ အဖေမရှိ။

"သူ့အင်္ကျီက ရွှေကြယ်သီးတွဲ ရှာမတွေ့လို့သဲ့…သမီးကို ကလေးမျက်စိနဲ့ အရှာခိုင်းမလို့ပါသဲ့အေ…တွေ့သွားသယ်နဲ့ တူပါရဲ့"

"အမေကလည်း အဖေ့ရွှေကြယ်သီးတွဲကို မအိမ်ကံ ရှာမှသဲ့လား…ကျေးဥတို့ ဖိုးကူးတို့ ရှိလျက်နဲ့…"

"ညည်းအဖေက ညည်းဆိုမှညည်းလေ ဖအေ့သမီးရဲ့…ခေါ်ချေဆိုတော့ ကျုပ်က ခေါ်ရသာပေါ့"

သည်ကိစ္စ သည်လောက်နှင့် ပြီးသွားသော်လည်း မအိမ်ကံ သည့်ထက်လည်း ပိုမတွေးတတ်ပါ။ သို့သော် သည်တိုက်ဆိုင်မှုက ထူးဆန်းသလိုလိုရှိတာတော့ သတိထားမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် သူမဘဝမှာ ဖက်စိမ်းကွမ်းတောင် ချိုးတာ သည်တစ်ခါ ပထမဆုံး မြင်ဖူးခြင်း ဖြစ်သည်။ ရွာမှာ အိမ်တိုင်းလိုလို ရှိနေသည့် ငှက်ပျောရွက်ဖားဖားကြီးတွေကို သည်လို အလှဆင်လိုက်တော့လည်း လှသွားသာပါပဲလား။ အစိမ်းနု၊ အစိမ်းရင့်၊ အစိမ်းဝါ၊ အဝါစိမ်း၊ အဝါနု၊ အဝါ...စသည့် ငှက်ပျောဖက်သဘာဝအရောင်တွေကို တွဲကာ စပ်ကာ ချိုးလိုက်တော့ စိန်ဖူးစိန်တောင်လို ကွမ်းတောင်ကြီး မျက်စိရှေ့မှာပင် ပေါ်လာခဲ့သည်။ သစ်ရွက်နှင့် ထုထားသည့် ပန်းပုရုပ်ကို မအိမ်ကံ ပွေ့ချင်လွန်းလှသည်။ မမကြည်သန်းက မျိုးရိုးအလိုက် ကွမ်းတောင်ချိုး ကောင်းလှသူဟု ဆိုပါသည်။

"ကျေးဥရယ်...မမစိမ်းမြ ကိုင်ပြီးလျှောက်တာတွေ့တော့ ငါဖြင့် ခြေဖျား လက်ဖျား တွေများ အေးလို့...ပွေ့သဲ့ဟန် လျှောက်သဲ့ဟန်ကလည်း မမဝွမ်းဖြူလိုပဲနော်... မမစိမ်းမြလည်း လှသာပါပဲ"

ညနေက မဏ္ဍပ်အတွင်းမှာ အပျိုတွေ စုံလှသည်။ ပြင်ပြင်ဆင်ဆင် မရှိပေမယ့် မနက်ကွမ်းတောင်ကိုင်မည့် မမစိမ်းမြ၏ လုံးသွယ်သွယ် အရပ်အမောင်းနှင့် သွယ်ဖြူသော မျက်နှာကလေးက ပေါ်လှသည်။ ဖက်စိမ်းကွမ်းတောင်ကို ပွေ့လိုက်တော့ ပိုပြီးလှလာသည်လို့ ထင်သည်။ မမကြည်သန်း ပြောလိုက်သည့်စကားကိုပင် မအိမ်ကံ ကြားယောင်နေမိသည်။ ကွမ်းတောင်ကိုင်မည့်သူအတွက် စည်းကမ်းချက်တွေများလား...။

"ဟဲ့ စိမ်းမြ...သည်မယ် ကြည့်...ကွမ်းတောင်ဆိုသာ ပွေ့တတ်မှ လှသာရယ်... ဖက်စိမ်းကွမ်းတောင်ကို ပွေ့ရင် ဟောသည် ကလပ်ခုံကို သိမ်းပြီး ပွေ့ရသယ်... ညောင်းရင် ခါးထစ်ပေါ် မှေးတင်ပြီးပွေ့...ရွက်ချင်တော့လည်းရွက်ပေါ့အေ...ဖက်ဖူး ဖက်ညွန့်ကို မယိုင်မညွတ်စေနဲ့ မဖိမိစေနဲ့...ကွမ်းတောင်ကို လွတ်များမကျစေနဲ့... ဟိုတင် သည်တင် မတင်နဲ့...ဘယ်သူ့မှ ခဏကိုင်ထားပါဦးရယ်လို့ မလွှဲနဲ့... မဏ္ဍပ်က စထွက်ပါပြီဆိုကတည်းက ရှင်လောင်းလှည့်အပြန် မဏ္ဍပ်ထဲ ပြန်ဝင်ပါပြီ ဆိုမှ ညည်း အောက်ချခွင့်ရှိတော့သယ်မှတ်...ဖက်စိမ်းကွမ်းတောင်ဆိုသာ အရှိန်အစော် ကြီးသယ်နော်..."

မမကြည်သန်း ပြောခဲ့သည့်စကားကို မအိမ်ကံ မမေ့။ စကားလုံးတွေကိုပင် အလွတ်ရ နေခဲ့သည်။ သည်လိုစကားမျိုး မအိမ်ကံ အရင်က မကြားဖူးပါ။ ရွှေကွမ်းတောင်၊ ငွေကွမ်းတောင်၊ ဟင်္သာရုပ်ကွမ်းတောင်တွေ တစ်လှေကြီးရှိနေပါလျက် ဘယ့်နှယ်ကြောင့်များ ဖက်ရွက်ကွမ်းတောင်က တန်ခိုးကြီးနေရတာပါလိမ့်။ ကျေးဥကို မေးလို့လည်း သိစရာအကြောင်းမရှိတော့ လရောင် အောက်မှာ ငုတ်တုတ်ထိုင်နေရင်း ဖက်စိမ်းကွမ်းတောင်ကိုသာ စိတ်ရောက်နေရတော့သည်။ ကျေးဥက ပဲညှစ်ရင်း စားရအောင် လက်ဖက်တစ်အစ် သွားယူဦးမည်ဆိုကာ အိမ်မကြီးဘက် ပြန်ဝင်သွားတော့ လရောင်ကွင်းထဲမှာ မအိမ်ကံတစ်ယောက်တည်း ကျန်နေခဲ့သည်။ မီးဖိုဘက်ဆီ မှာတော့ ချက်ပြုတ်နေကြသံတွေ ကြားနေရပါ၏။ ဘယ်အချိန်လောက်များရှိနေပြီလဲ။ ညဉ့် တော့ ရင့်စပြုပြီ။ ကိုးနာရီလား ဆယ်နာရီလား။ အလှူအိမ်ဘက်ဆီက မီးရောင်တွေ အမှောင်ကို လာဟပ်နေတာ လှမ်းမြင်နေရ၏။ ထိုစဉ်မှာပင် ကျေးဥပြန်ရောက်လာခဲ့သည်။ လက်ဖက်အစ် ကလေးကိုင်ရင်း ဖျာပေါ်ဝင်ထိုင်သည်။



"မအိမ်ကံ...ဒေါ်ကြီးပန်းရုံက အကျီုထူထပ်ဝတ်ဦးလို့ မှာလိုက်သယ်...ရှင်မီးကလေး နဲ့ အေးရော့မယ်သဲ့"

ဟုတ်သားပဲ။ မအိမ်ကံ နည်းနည်းကလေး အေးသလိုလို ခံစားရပြီ။ အိမ်ဘက်သွားဖို့ ထလိုက်ချိန်မှာပင်...။

"ဒိုင်း..."

တိတ်ဆိတ်နေသော ညကို ပြင်းထန်သော အသံကြီးတစ်သံက ထွင်းဖောက်ထွက်ပေါ် လာခဲ့သည်။ ကျေးဥသည်ပင် စားလက်စ လက်ဖက်တွေ ပြုတ်ကျသွားခဲ့ပြီး မအိမ်ကံသည်လည်း ဆတ်ခနဲတုန်သွားလေသည်။ နှစ်ယောက်သားအိမ်မကြီးဘက်ကို ပြေးဝင်လာခဲ့ကြ၏။ နောက်ဖေး ဆောင်ဆီက အမေပန်းရုံ ဗြုန်းခနဲ ထွက်လာကာ အလန့်တကြား အော်ဟစ်လိုက်သည်။

"မအိမ်ကံ...ကျေးဥ...ဘယ်မှာလဲ...အထဲဝင်ခဲ့ကြတော့...သမီး မအိမ်ကံရေ..."

"အမေပန်းရုံ...မအိမ်ကံ သည်မှာ အိမ်ပေါ်ရောက်ပြီ အမေ"

"လှအုံ...ဟဲ့လှအုံ...ဝင်းတံခါးပိတ်ထားရဲ့လား...ညည်းဦးလေးပြန်လာမှဖွင့်ပေး... အခုပြေးပိတ်စမ်း..."

မလှအုံက ဝင်းတံခါးဆီ ပြေးကာ အသားချောင်းကြီးကို သံကွင်းထဲထည့်လျှိုလိုက် သည်။ အလှူအိမ်ဘက်ဆီက လူအော်သံကြီးတွေ လှိုက်တက်လာခဲ့၏။ "အလှူအိမ်ကို ဓားပြ ဝင်သာ...ဓားပြ...ဓားပြ"ဆိုသည့်အသံကို ကြားလိုက်ရသည်။ ဘုရား...ဘုရား...။ အပျိုခေါင်း ပြောသွားသည့် ဆန်ကောပေါက် လည်ပင်းစွပ်ပြီး လုည့်ကြသည်ဆိုသော ဓားပြတွေများလား တွေးမိရင်း ဒေါ်ပန်းရုံမှာ ဘုရားပင် တ,မိပါ၏။ ရွှေတွေ၊ ကျောက်ထည်တွေ ညွတ်နေအောင် ဆင်ထားသည့် မအိမ်ကံနှင့် ကျေးဥကို သတိရလိုက်တော့ အိမ်ပေါ်အပြေးတက် ရပြန်သည်။ မီးတိုင်တွေမှုတ်ထားသဖြင့် မီးရောင်မရှိတော့ မှောင်နင့်မည်းမည်း။ သည်တော့ မလှအုံကို ဖယောင်းတိုင်တို့နှင့် မီးခြစ်ပုံး ယူခဲ့ဖို့ အော်ရပြန်၏။ မအိမ်ကံ အခန်းထဲမှာ ဖယောင်းတိုင်တို ကလေး ထွန်းပြီး ဆင်ထားသမျှ ကပျာကသီ ချွတ်ကြရသည်။ သူကြီးအိမ်ကို ဓားပြတွေ ရောက်မလာနိုင်ဘူး မပြောနိုင်။ သူကြီး ဦးသာထန် ချမ်းသာတာ တစ်နယ်လုံးက သိပြီးသား မဟုတ်လား။ အရေးထဲ သူကြီးကိုယ်တိုင်က အိမ်မှာမရှိ။ သူကြီး မရှိတာထား။ ကိုဖိုးငွေပင် ရှိ။ သားအဖသုံးယောက်စလုံး အလှူအိမ်ကို သွားဝိုင်းနေကြသည်။ အိမ်မှာ မိန်းမသားတွေ ချည်း။ လူလူချင်း လုံးသတ်ရလို့ကတော့ ဒေါ်ပန်းရုံ မကြောက်ပါ။ အခုဟာက လက်နက် ပါသည်။

ရူးရူးဝါးဝါးအော်သံဟစ်သံတွေ ကြားရပြီး သေနတ်သံတစ်ချက် ပေါ်လာပြန်၏။ ရွာကလေးပင် ခါသွားသည်ထင်ရ၏။ ဓားပြများ၏ အော်သံ၊ အလှူအိမ်မှာ ရှိကြသည့် ဧည့်သည် နှင့် ရွာခံများ၏ အော်သံတွေ ရောထွေးကာ ဆူပွက်နေသဖြင့် ဘာသံကိုမှ သဲသဲကွဲကွဲ မကြားရ။ လမ်းဘက်ဆီက တဖုတ်ဖုတ်နှင့် ပြေးလွှားနေကြသည့် အသံတွေလည်း ကြားရသည်။ စီးနင်း လိုက်သည့် အသံကြောင့် မအိမ်ကံတို့သားအမိပင် တစ်ဦးကိုတစ်ဦး ဖက်ထားမိကြသည်။ မလှအုံက ကျေးဥကို ဖက်ထားသည်။

www.burmeseclassic.com



"မအိမ်ကံ...ကျေးဥ...မကြောက်နဲ့နော် အမေပန်းရုံရှိသယ်...လှအုံ ညည်းဦးလေး အသံနားစွင့်ဦး...ဝင်းတံခါးဖွင့်ရဦးမှာ မမေ့နဲ့...ဓားပြတိုက်နေသာအေ့ ..မြင်းနဲ့တော့ ဟုတ်ဟန်မတူဘူး...မြင်းခွာသံ ဟီးသံမကြားမိဘူး ..အရေးထဲ ညည်းဦးလေးကလည်း ဘယ်သဝေထိုးနေသလဲ ပြောတတ်ပေါင်အေ .."

ဒေါ်ပန်းရုံက တစ်စုံတစ်ရာ သတိရဟန်ဖြင့် ယွန်းသေတ္တာနှင့် ဝါးဆစ်ဘူးကြီးကို ဖွင့်ယူပြီး ဖျင်အိတ်ထဲ ထည့်သည်။ အပေါ်က ကြိုးတင်းတင်းချည်ပြန်ပါ၏။ ပြီးတော့ အိတ်ကို တဘက်နှင့်ပတ်သည်။

"ဝိုင်းတိုက်ရှေ့ကို ဓားပြတွေ လာသံကြားရင် ဟောသည်အထုပ်နဲ့ ကလေးနှစ်ယောက် ကို ခေါ်ပြီး နောက်ဖေးချောင်ကို ပြေး...ဆူးခက်ထရံအောက်ခြေမှာ ခွေးယက်ထားသဲ့ ချိုင့်ရှိသယ်...အမှိုက်တွေယက်ပြီး ထွက်ရင် လွတ်သယ်...မပုတင်တို့ ဝိုင်းတိုက် ရောက်အောင် ပြေးကြ...ငါ့ကိုမငဲ့နဲ့...ကြားလား"

မလှအုံက အင်း...ပင် မလိုက်နိုင်။ ဒေါ်ပန်းရုံက မအိမ်ကံတို့တစ်တွေကို အောက်ထပ် ကို ခေါ်လာခဲ့ပြန်ကာ အိမ်နောက်ဖေး ယင်းမာပင်ရိပ်မှာ ခိုရင်း အခြေအနေကို အကဲခတ်သည်။ အော်သံတွေကြားရတုန်း။ ရိုက်သံ နှက်သံတွေပါ ကြားနေရသည်။ ဒေါ်ပန်းရုံက အနားမှာရှိနေသည့် ငါးရှဉ့်ခေါင်းဓားကို ဆွဲကိုင်ထားလိုက်သည်။ ထိုစဉ်မှာပင် ဝိုင်းတိုက်နောက် ဆူးထရံ ကြားက အသံအုပ်အုပ်ကို ကြားလိုက်ရသည်။

"သူကြီးကတော်...သူကြီးကတော်"

"ဘယ်သူလဲ"

"ကျုပ်တို့ပါ...ကံဆောင်တို့"

ဒေါ်ပန်းရုံက စည်းရိုးခြေကို ကပ်သွားကာ အကျိုးအကြောင်းမေးသည်။ လရောင်နှင့် ဆိုတော့ တစ်ဖက်က လူရိပ်လူခြေတွေ မြင်ရသည်။ လေးငါးယောက်တော့ ရှိလိမ့်မည်။ ကံဆောင်က ရွာအနောက်ဝိုင်းတိုက်များမှာ နေထိုင်သူဖြစ်သည်။ ဘာများပါလိမ့်။

"သူကြီးမင်းကော...အလျှုအိမ်ကို ဓားပြတိုက်နေသာဗျ...ဓားပြ လေးငါးယောက် လောက်တော့ရှိမယ်...ကျုပ်တို့မှာ ဓားတွေ, လင်းလေးတွေတော့ပါသယ်...သူကြီးမင်း ဝင်ကူရင် ကျုပ်တို့ ဝိုင်းကြမလို့..."

ကံဆောင်က အသံခပ်အုပ်အုပ်ဖြင့် ပြောသည်။ ဒေါ်ပန်းရုံက သူကြီးမင်း အနောက် ရွာဘက်ကို ညနေ သုံးနာရီလောက်ကတည်းက သွားကြောင်း ပြောပြလိုက်သည်။ ကံဆောင်တို့ ဘက်က အသံတိတ်သွားသော်လည်း အလှူအိမ်ဘက်က စီခနဲ အသံတွေထွက်လာပြန်သည်။ အလှူအိမ်ဆိုတော့ သည်အချိန်က တကယ့်ခေါင်ချိန်ဖြစ်သည်။ အငေးဧည့်သည်တွေရော၊ ရွာခံတွေပါ စုမိချိန်ဖြစ်သည်။ ဝတ်စားထားကြချိန်ဖြစ်သည်။ ကျေးရွာတွေမှာ သီးနှံပေါ်ချိန်၊ အလှူချိန်တွေမှာ ဓားပြတိုက်လေ့ရှိတာကို ဒေါ်ပန်းရုံ သိထားသော်လည်း နှစ်လုံးပြူးတစ်လက် ဆုရထားသည့် ဇောင်ချမ်းကုန်းကိုတော့ မသမာသူတွေ ထိပါးကြမည်မထင်ခဲ့။

"ကျုပ်တို့...ရွာအနောက် နတ်ထွင်းညောင်ပင်က သူကြီးကို စောင့်မယ် သူကြီး ကတော်..တကယ်လို့ ကျုပ်တို့နဲ့လွဲရင် အဲသည်မှာ ကျုပ်တို့အဖွဲ့ ရှိသဲ့အကြောင်းနဲ့



သူကြီးက သေနတ်နဲ့ လှန့်ပစ်ပေးရုံပဲဆိုသာ ပြောပေးပါ...ကျုပ်တို့ ညာသံပေးလိုက် မယ်...ဇောင်ချမ်းကုန်း လူစည့်ရာ ကျလွန်းလို့ပါဗျာ..."

ကံဆောင်တို့ ဆူးခြေရိပ်က ပျောက်သွားကြပြီ။ အရေးထဲ အိမ်က သူကြီးမင်း ဘယ်များ ကြွတော်မူပါလိမ့် ..။ သူကြီးသေနတ်ကလည်း ဆုရပါပြီဆိုကတည်းက တစ်ချက်မှ ဖောက်သံမကြားဖူးတော့ ဒေါ်ပန်းရုံမှာ လင်သားအတွက်လည်း စိုးရိမ်သည်။ မတော် သူ့သေနတ် က မပေါက်ဘဲ ဓားပြသေနတ်က ပေါက်ခဲ့သော်...။ ဓားပြဆိုကတည်းက သူတို့ကိုယ်သူတို့ သေလူလို့ တွက်ထားကြပြီးသား။ သူကြီး ဦးသာထန်က အသက်ကြီးပြီ။ အထအသွား အလှုပ် အရှား လေးလှပြီ။ သူပစ်ကိုယ်ပစ် ပစ်ကြရပြီဆိုလျှင် ဓားပြတွေက တစ်ဖူသာနိုင်သည်။ သည်လိုတွေးမိတော့လည်း ဒေါ်ပန်းရုံ စိတ်ပူရပြန်ပါ၏။

"မြင်းခွာသံတွေ ကြားသယ်...ရွာအနောက်ဘက်ဆီကတော်ရေ့...ဦးလေးများ ဖြစ်နေ မလား ပြောတတ်ဘူး..."

မလှအုံက ခပ်သဲ့သဲ့ထွက်ပေါ်လာသော မြင်းခွာသံတွေကို ကြားရသည်နှင့် ထအော် လိုက်ခြင်းဖြစ်သည်။ ဒါလည်း သဘာဝတော့ မကျပါ။ တကယ်ဆိုလျှင် မြင်းခွာသံက သူကြီး စီးလာသည့် မြင်းခွာသံပဲဖြစ်ရမည်။ အခုက မြင်း လေး,ငါးကောင်နှင့် လာသံမျိုးဖြစ်၏။ နောက်တော့လည်း မြင်းခွာသံတွေ ပျောက်သွားပြန်ပေရာ အိမ်က သူကြီးမင်း မဟုတ်နိုင်တော့။ မအိမ်ကံကတော့ ရှင်မီးအကျီကိုပင် မလဲရသေး။ အမေပန်းရုံ ခေါင်းပေါင်းထားသည့် တဘက်ကို ယူခြုံထားရသည်။ ကျေးဥကတော့ ကြောက်လွန်းလို့ တဆပ်ဆပ်တုန်လျက်။ သိပ်မကြာလိုက် ပါ။ သေနတ်သံ တစ်ချက်ကြားလိုက်ရပြီး ညာသံပေးလိုက်ကြသည့်အသံတွေ ဟေးဟေးညံလာ ခဲ့သည်။ တစ်ဆက်တည်းမှာ သံချောင်းမွှေသံတွေ ကြားရပြီ။ သည်ကြားထဲက အော်သံကြီး တစ်သံ ထွက်လာခဲ့သည်။

"လိုက်ဟေ့...လိုက်ဟေ့ ..ထွက်ကြဟေ့...ရှိတဲ့လက်နက် ဆွဲထွက်ကြပါလား... ဇောင်ချမ်းကုန်းသားကွ...သွေးနီကြောင်း ပြကြစမ်းပါ...လိုက် လိုက်...အင်တိုင်းတော ခြေဘက် ပြေးသာဟေ့...ဟေး ဟေး..."

ကံဆောင်၏ အော်သံကြီးက ငြိမ်ကုပ်နေကြသော ဇောင်ချမ်းကုန်းကို ခပ်ကြမ်းကြမ်း လှုပ်နှိုးလိုက်သည်။ ဓားပြတွေဆီက သေနတ်သံတစ်ချက် ကြားလိုက်ရသေးသော်လည်း ရွာ အနောက်မြောက် အင်တိုင်းတော ကျိုးကျိုးကျဲကျဲကို အကာအကွယ်ယူကာ ပြေးကြပုံရသည်။ ဒေါ်ပန်းရုံက အိမ်ကို လင်းသွားအောင် ချက်ချင်း မီးတွေပြန်ထွန်းခိုင်းလိုက်သည်။ ရွာထဲက အိမ်တွေလည်း ဟိုတစ်အိမ် သည်တစ်အိမ် မီးကလေးတွေ ဖျိုးဖျိုးဖျောက်ဖျောက် တစ်ပြန်လင်း လာခဲ့သည်။ တစ်ရွာလုံး တုန်လှုပ်ချောက်ချားနေကြရာက ဓားပြတွေ လက်လွတ်ထွက်ပြေးကြ သည်ဆိုတော့မှ အသံတွေ စီစီ စီစီ ထွက်လာကြသည်။ လူရိပ်လူခြေ တလှုပ်လှုပ်ရှိလာကြသည်။ ဒေါ်ပန်းရုံက လင်သားအတွက် ရင်ပေါ်လက်တင် ပူပန်နေရှာပါ၏။

"အရီးပန်းရုံရယ်...လက်ထဲက ဓားလည်း ချပါဦးတော့...ဓားပြတွေ ပြေးပြီထင်ပါ ရဲ့...ကျုပ်ဖြင့်တော်...ရင်တွေ တုန်လိုက်သာ ဖြောင်းဆန်လို့..."

မီးတွေ ပြန်ထွန်းပြီး ထွက်လာသည့် မလှအုံက ဓားကြီးကိုင်လက်စ တွေတွေကြီးရပ်နေ သော ဒေါ်ပန်းရုံလက်ထဲက ဓားကို ဆွဲယူသည်။ မအိမ်ကံက ရွာကို ဓားပြတွေ ဝင်ကြသည်

www.burmeseclassic.com

www.burmeseclassic.com

ဆိုကတည်းက မိန်းကလေးပီပီ ရင်ကလေး ဖိုမိခဲ့သော်လည်း မအေက ငါးရှဉ့်ခေါင်း ဓားရှည်ကြီးကို ကိုင်တာတွေ့တော ကြောက်စိတ်တွေ လွင့်စင်သွားခဲ့သည်။ အကယ်၍ ဓားပြတွေ ဝင်လာလျှင် မလှအုံနှင့် အနောက်ဝိုင်းတိုက်ဘက် လိုက်မပြေးဘဲ အမေပန်းရုံနှင့် အတူနေရစ်ခဲ့ဖို့ ဆုံးဖြတ်ထားပြီးသား။ သူတို့ မှောင်ရိပ်ခိုနေရာ ယင်းမာပင်ကြီးနှင့် မနီးမဝေးမှာ ပဲမှော်တိုက်ရှိသည်။ ပဲမှော်တိုက်ဘေးမှာ မြက်စဉ်းဓားမကြီး နှစ်လက် သုံးလက်ရှိတာကိုလည်း မအိမ်ကံသိပါ၏။ အရေးကြုံလျှင် ဓားမတစ်လက် ပြေးဆွဲရင်း အမေနှင့်အတူ ခုခံမည်။ အမေပန်းရုံကို တစ်ယောက်တည်းထားခဲ့ပြီး ကိုယ်လွတ်မရုန်းချင်။ နှုတ်က ဖွင့်မပြောသော်လည်း မအိမ်ကံ ခေါင်းထဲ သည်လိုတွေးထားခဲ့သည်။

လမင်းကြီးကတော့ ဖောင်ချမ်းကုန်းရွာကလေးကို အလင်းရောင်တွေ သွန်ကြဲပေးနေဆဲပင်။ နာရီဝက်လောက်ကြာတော့ လူသံ သူသံတွေ တဝေါဝေါ ကြားလာရသည်။ အိမ်ရှေ့ဝင်းဝဆီက သူကြီးမင်း၏ ခေါ်သံ ကြားရတော့ မလှအုံ ဝင်းတံခါး ပြေးဖွင့်သည်။ သူကြီး၏ မြင်းနှင့်အတူ မြင်းသုံး,လေးစီးပါ ပါလာ၏။ လက်နက်ကိုယ်စီ ကိုင်ထားကြသော လူတွေက အစိတ်သုံးဆယ်လောက်ရှိမည်။ လင်းလေးတွေ၊ ဒူးလေးတွေ၊ ဘတ်ခွတွေ၊ ဓားရှည်တွေ၊ ဝါးချွန်တွေ ကိုယ်စီကိုင်ထားကြသူတွေ။ ချွေးတွေသံတွေရွှဲကြလို့။

"ကိုင်း ထိုင်ကြဟေ့…လှအုံ စားစရာ ဘာရှိတုံးဟေ့…ချစမ်း…မောင်ညွန့်တို့ ကနေ့ည မပြန်ကြနဲ့တော့ သည်မှာအိပ်…တို့ရွာသားတွေလည်း ထိုင်ကြဦးကွာ"

သူကြီး ဦးသာထန်က ရေအိုးစင်က ရေတစ်ခွက် တဂွပ်ဂွပ်သောက်ရင်း ပြောလိုက်ခြင်းဖြစ်ပါ၏။ မအိမ်ကံကတော့ တစ်ချိန်လုံး ယင်းမာပင်ရိပ်မှာ မိုးတိုးမတ်တတ်ရပ်နေခဲ့ရာက ဝိုင်းတိုက်ထဲမှာ လူလေး,ငါးဆယ်လောက် အုံခဲလာပြန်တာကို အံ့သြနေမိသည်။ အဖေတို့ ဘယ်လိုဖြစ်လာကြတာပါလိမ့်။ ကိုကံဆောင်တို့နဲ့ အဖေနဲ့ ဘယ်မှာတွေ့ကြတာလဲ။ မြင်းတွေနဲ့ လူတွေကကော။ အမေပန်းရုံက မနက် အလှူလာညှော်တွေကျွေးဖို့ လုပ်ထားသည့်မုန့်တွေ ချတည်သည်။ မလှအုံက ရေနွေးအိုးကြီး ကျိုင်ကျိုင်ဆူအောင် တည်နှင့်ပြီ။ သူကြီးက သေနတ်ကြီးကို ပွတ်သပ်နေ၏။

"ပန်းရုံရေ…ငါ့သေနတ်က ဓားပြတစ်ယောက်တော့ မိအောင်ပစ်နိုင်ခဲ့ပါကောနှမရဲ့…အင်တိုင်းတောခြေကို ဓားပြတွေ စွပ်ပြေးကြတုန်း လကလည်း သာသာဆိုတော့ တစ်ချက်တည်းပစ်လိုက်သာ ဟပ်ထိုးလဲသာပဲ…စိုးသောင်တို့ အလောင်းကောက် သွားကြလေရဲ့…"

သူကြီး ဦးသာထန်က မျက်နှာကြီး ပွုးနေအောင် မော်ထားရင်း ဟန်ပါပါပြောနေခြင်းဖြစ်၏။ သည်စကားကြားတော့ ဒေါ်ပန်းရုံ ရင်မောရပြန်သည်။ ခေတ်ကာလအခြေအနေအရ သူနိုင်တုန်းသူ၊ ကိုယ်နိုင်လှည့်ကိုယ်မဟုတ်လား။ သေနတ်ရှိသည့်ရွာကို ဓားပြတိုက်ဝံ့ကြခြင်းသည်ပင် မထေမဲ့မြင်ရှိကြသည့်သဘောဆိုတော့ အခါသင့်လို့ တစ်လှည့်ပြန်လာမှာ စိုးတာပါပါသည်။ မအိမ်ကံကတော့ အဖေ့စကားထဲက 'အလောင်းကောက်သွားကြလေရဲ့' ဆိုတာကို တွေးနေမိသည်။ အဖေ့လက်ချက်ဖြင့် ဓားပြတစ်ယောက် သေခဲ့ပုံရပါ၏။ သူတစ်ပါး ပစ္စည်း လုကာယက်ကာလိုချင်ကြသူတွေဆိုတော့လည်း အသက်နှင့် ရင်းရတာပါပဲလား။ သည်အချိန်မှာ ကိုကံဆောင့်အသံထွက်လာသည်။



"ဖြစ်ပုံက ရွာကို ဓားပြဝင်လာသာကို ကျုပ်တို့ အနောက်စုက စ,သိပြီ…အနောက်ဘက်က ဝင်လာကြသာကိုး…မြင်းမပါကြဘူး…လူလုံးချည်း ဝင်လာကြသာ…လေးယောက်တစ်သုတ်…ငါးယောက်တစ်သုတ် အလှူလာသလိုလို ဘာလိုလို ဝင်လာကြသာ…ရွာပြင်မှာ တစ်ယောက်ရှိပုံတော့ ရသယ်…ရွာထဲဝင်လာသာ ကိုးယောက်ပဲ…ပြောင်းရှည်တစ်လက် ပါသယ်…ခေါင်းဆောင်လုပ်သူက ခြောက်လုံးပြူး ပါပုံရသယ်…ကျုပ်လည်း မသင်္ကာသာနဲ့ ခပ်လှမ်းလှမ်းကနေ လိုက်အကဲခတ်သာ…ဒက်ထိပဲဗျာ…အလှူအိမ်ဝင် ဓားပြတိုက်ကြတော့သာပဲ…ဒါပေသိ သူတို့က လက်နက်တွေနဲ့ဆိုတော့ ကျုပ်တို့လည်း မလှုပ်ဝံ့ကြဘူး…သူကြီးမရှိတာလည်း ကျုပ်တို့ သိပေသိ ပြန်ရောက်လိုရောက်ငြား သူကြီးကတော် သွားမေးကြမယ်ဆိုပြီး လာမေးကြသာ…သူကြီးမရှိသေးဘူးဆိုတော့ ကျုပ်တို့ချင်း လူစုပြီး ရရာလက်နက်သာ ဆွဲခဲ့ကြဆိုပြီး သူကြီးမင်းအလာကိုရော ဓားပြအပြန်ကိုပါ အနောက်စု နတ်ထွင်းညောင်ပင်အောက်က စောင့်နေကြသာ"

"ဓားပြတွေ အင်တိုင်းတောခြေဘက် လာမယ်ဆိုသာ ခင်ဗျားတို့က ဘယ့်နှယ်လုပ်သိကြသာတုံး"

တစ်ယောက်က ထ,မေးသည်။ ကိုကံဆောင်က နဂိုရှင်းပြချင်နေတုန်း သည်မေးခွန်းဝင်လာတော့ ဝမ်းသာသွားပုံရပါ၏။ ပါးစပ်က မုန့်စတွေကို ပုဆိုးခါးပုံ ဖြည်သုတ်ရင်းက ဖြေလေ၏။

"ဟ သူတော်ရာ…တို့ရွာက သုံးဘက်သုံးတန် ရွာတွေချည်းကောကွ…အနောက်စုက ဝင်လာသာ အနောက်စုက ပြန်ထွက်မှာပဲ…အဝင်တုန်းက လာသဲ့လမ်း ပြန်သုံးမှာပဲကွ…အင်တိုင်းတောခြေက ကျိုးတိုးကျဲတဲဆိုတော့ တော်ရုံလူက မလိုက်ဝံ့ကြသာရော…သူတို့လည်း ကိုယ်ရောင်ဖျောက်နိုင်ကြသာရောဆိုတော့ သည်ဘက်က လွဲလို့ တခြားထွက်စရာမရှိဘူးလကွာ…ငါသာ ဓားပြတိုက်ရင်လည်း သည်လိုစဉ်းစား မှာပဲ"

ကိုကံဆောင့်စကားကို ရွာသားတွေက အားရပါးရ ရယ်ကြသည်။ ထိုညက အလှူအိမ်သွားကူနေရသော ကိုဖိုးငွေ ပြန်ရောက်မလာသောကြောင့် အောက်လင်းဓာတ်မီး မထွန်းနိုင်ခဲ့ကြ။ ဓားပြဝိုင်းလိုက်ကြသည့် ရွာသားတွေ သူကြီးအိမ် ပါလာကြတာဆိုတော့ ဓားပြလိုက်သည့်အထဲ ကိုဖိုးငွေ မပါတာ သေချာလောက်သည်။ မလှအုံကတော့ သူ့ယောကျ်ားအကြောင်း ကောင်းကောင်းသိသူဆိုတော့ "သင်း တချောင်ချောင် ကပ်နေသာနေမှာပဲ…လာမှ တွယ်လိုက်ရဦးမယ်" ဟု တေးထားလိုက်၏။ ဒေါ်ပန်းရုံက မီးတိုင်ခွက်တွေရော မှန်အိမ်တွေပါ ထွန်းရုံမက ဖယောင်းတိုင်တွေပါ ထွန်းပေးထားသဖြင့် လင်းချင်းနေပါသည်။

သူကြီး ဦးသာထန်က သူ့ရွာသားတွေကို ဝေ့ကြည့်လိုက်သည်။ ရွာကိစ္စ၊ ရွာအကြောင်းတွေမှာ အရေးရှိလာသည့်အခါ အားကိုးရတာကိုလည်း ဝမ်းသာနေပါ၏။ သည်တစ်ချီ ဓားပြတွေကို မောင်းထုတ်ပစ်နိုင်သည့်အတွက် နောင် ဖောင်ချမ်းကုန်းကို အထင်မသေးဝံ့ကြတော့ပြီ။ သည်ည သူတို့ အစီအစဉ်ချခဲ့တာကလည်း ကောင်းပေသကိုး။

www.burmeseclassic.com

www.burmeseclassic.com

"သည်လိုကွ…ငါက အနောက်တန်းရွာတွေဘက် နွားခိုးမှု သွားစစ်ရသာ…လ,က လည်း သာရက်ဆိုတော့ ညဥ့်နက်ခံပြီး ပြန်လာသာ…ကြက်တောတို့ မောင်ညွှန့်တို့ တစ်တွေက မြင်းတစ်စီးစီနဲ့ လိုက်ပို့ကြတော့ လမ်းမှာ စကားတပြောပြောနဲ့ပေါ့ ကွာ…လမ်းမှာ သေနတ်သံ ထိန်းခနဲ ကြားတော့ တို့ရွာဘက်ကပဲဆိုသဲ့ပြီး မြင်းကို ဒုန်းစိုင်းလာခဲ့သာမှာ အနောက်စုထိပ်ရောက်တော့ မောင်ကံဆောင် သစ်ပင်ရိပ်က ထွက်လာပြီး အကျိုးအကြောင်းပြောသာကိုးကွ…သည်တော့ ငါက ရွာအလှူအိမ်နား ကပ်နိုင်သလောက်ကပ်ပြီး သေနတ်ဖောက်မယ်…ကံဆောင်တို့က အလှူအိမ်ကို ခပ်ဝေးဝေးက ပန်းပြီး စောင့်ကြ…ဓားပြတွေ ဆုတ်သာနဲ့ ဖိသာလိုက်ကြ…ငါက တောခြေကို မြင်းနဲ့ပြန်လာပြီး စောင့်မယ်ဆိုပြီး စီစဉ်ကြသာကိုး…တို့တွက်သဲ့အတိုင်း ဓားပြတွေ ဒဏ်သေဝင်လာသာပဲဟေ့…"

သူကြီးမင်းက စကားတွေ ဖောင်လောက်အောင်ပြောတော့ သူကြီးနှင့် အတူပါလာ သည့် မြင်းစီးသမား ကြက်တောက ဝင်ထောက်သည်။

"သူကြီးကလည်း လက်ဖြောင့်သယ်ဟေ့…လသာသာ တောခြေကို ဓားပြလေးငါး ယောက်လောက် ဝင်ပြေးသယ်ဆိုသာနဲ့ လူအုပ်ထဲ ထိုးသဲ့ပြီးပစ်လိုက်သာ တစ်ယောက် ထွေးခနဲ ကျသာပဲ…နည်းနည်းလှမ်းတော့ ချက်ချင်း အနားတော့ မကပ်ရဲဘူး… သူတို့မှာ လက်နက်ပါသေးသာကိုး"

"ဟ ကြက်တောရ…လူအုပ်ကြား ထိုးပစ်လိုက်သာ မဟုတ်ပါဘူးမောင်ရာ…နောက် ဆုံးတစ်ကောင်ကို ကျကျနန ချိန်ပြီးပစ်လိုက်သာပါဟ…မင်းနှယ်…မင်းပြောပုံက ငှက်အုပ်ထဲ လေးခွနဲ့ပစ်လို့ ကံဆိုးသဲ့တစ်ကောင် ထိသွားပုံမျိုး ဖြစ်နေပြီကွ… ငါလခွေး…ကိုင်းဟေ့ အလှူအိမ်ဘက် ကူးကြရအောင်"

သူကြီးက စွတ်ရွတ်ပစ်လိုက်လို့ မှန်တာမဟုတ်ကြောင်း ရှင်းနေသေးသည်။ ထိုစဉ်မှာပဲ လူတစ်အုပ် ဝိုင်းတိုက်ဝကို ရောက်လာကြသည်။ အလှူရှင်လင်မယားနှင့် လူဆယ်ယောက်၊ ဆယ့်တစ်ယောက်လောက်ရှိမည်။ အလှူ့အစ်မက တဘက် မျက်နှာအုပ်ပြီး ငိုနေသဖြင့် အားလုံး ငြိမ်သက်သွားကြသည်။ အလှူ့ရှင်က မျက်နှာမကောင်း။ ထိတ်လန့်ခြင်းပင် ပြေသေးဟန် မတူပါ။

"သူကြီးမင်း ကျေးဇူးကြောင့်ပါဗျာ…ကျုပ်တို့ မဏ္ဍပ်ထဲ အိမ်ထဲ ရှိသမျှလူတွေဆီက ရှိသမျှပစ္စည်း အကုန်ချွတ်ပုံပြီးကြပြီ…ပုဆိုးပိုင်း ချထားသဲ့အထဲ ပုံထားကြစမ်းဆိုတော့ ပုံရသာပေါ့ဗျာ…ကျုပ်ရော ကျုပ်မိန်းမရော ပါးတွေ နားတွေရိုက်ပြီး ရှိသမျှ ထုတ် စမ်း…ဒါပဲလား…ကျန်သေးသယ်နဲ့ချည်း ပြောနေသာပါဗျာ…ကျုပ်တို့ကလည်း ရှိလို့လှူရသာမဟုတ်ပါဘူး…မဖြစ်လို့ကို လှူရသာပါ…ပိုက်ဆံရယ် ဘာရယ် မကျန် ပါဘူးဆိုသာလည်း မရပါဘူး…တွန်းရိုက်နေတော့သာ…ငှားရမ်းဝတ်ထားသဲ့ လက်ဝတ်ရတနာ အကုန်ချွတ်ပုံပေးသာတောင် အားမရနိုင်ဘူး…"

"အခု ပစ္စည်းတွေ အကုန်ပါသွားပြီပေါ့ ဟုတ်လား…မောင်မဲတူ"

"ကံကောင်းလို့ပါလား သူကြီးရယ်…ဟောသည် သူကြီးတူ ဖိုးငွေကျေးဇူးကြောင့်ပေါ့ ဗျာ…ဓားပြတွေက သူကြီး ရွာမှာမရှိသာ သိကြသယ်ဗျ…ဘယ့်နှယ်သိနေသလဲတော့



ဆိုတတ်ပေါင်ဗျာ…ဓားပြကို စိမ်တိုက်နေတော့သာ…သူကြီးသေနတ်သံလည်း ကြား ရော ပုဆိုးထုပ်ကို ပွေ့အပြေး ဖိုးငွေက လှစ်ခနဲ ထလုယူထားလိုက်တော့သာပဲ… ဘာတစ်ခုမှ ပါမသွားဘူး…ဒါပေသိ…"

အလှူ့အစ်မ မမိသန်းက ကျူကျူပါအောင် ငိုတော့သည်။

"ပစ္စည်းတွေ ပါမသွားသာတော့ ကံကောင်းကြပါရဲ့ သူကြီးမင်းရယ်…ဓားပြတွေက အခြေမလှလို့ ကတိုက်ကရိုက် ပြန်ဆုတ်ကြရင်း မလိုက်ဝံ့အောင် ခြောက်လှန့်ပစ်လိုက် သာမှာ…ကျုပ်မိန်းမဘက်က တူတော်သဲ့ ထုံးဘိုစုရွာသား မောင်ကျော်ခကို ကျည် တစ်ချက်ထိသွားခဲ့သယ်…"

"အလို…ကျုပ်တို့လည်း အခုပဲ အလှူအိမ်ကို လာကြဖို့ပဲ…လူထိခဲ့သေးသာလား… ဖြစ်ရလေ…ကျုပ်ပစ်လိုက်သဲ့ဓားပြတော့ သေသယ်ထင်သာပဲ…အလောင်းသွားကောက် ကြလေရဲ့…ပြန်မရောက်ကြသေးဘူး…ပြောပါဦး…ထုံးဘိုစုက မောင်ကျော်ခ ဘယ့်နှယ်နေတုံး…"

"ရင်ဘတ်မှန်သာ…သွေးထွက်လွန်မှာစိုးလို့ ဆေးဝါရည်လောင်းပြီး ဖျင်တဘက်နဲ့ နာနာပတ်ထားရသယ်…မြင်းခြံဆေးရုံပို့မှရမယ်…သူကြီးမင်းကို လာအစီရင်ခံ သာပါ…သတိတော့ ရှိပါသေးရဲ့…ကျုပ်တို့လည်း အလှူရက်ဆိုတော့ မဖြစ်စကောင်း ဖြစ်စကောင်း ဖြစ်မှာစိုးသာပါဗျာ…ခမျာ ကံကောင်းပါစေ ဆုတောင်းရသာပဲ"

အလှူ့အစ်မကတော့ ဘာစကားမျှ မပြောနိုင်ဘဲ ရှုံ့းပွဲချ ငိုနေလေတော့သည်။ မအိမ်ကံက ချောက်ချားစရာကောင်းလှသော စကားသံတွေထဲမှာ မြုပ်နေသလို ခံစားနေရ၏။ ထုံးဘိုစုရွာကို မအိမ်ကံ သိပါသည်။ မကြာခဏလည်း ရောက်ဖူးသည်။ အလှူ့ရှင်တွေက ထုံးဘိုစုအဆက်တွေဆိုတော့ နှစ်ရက် သုံးရက်ကပင် အမျိုးတွေ ကြိုရောက်နေကြရတာ ရွာ ထုံးစံ။ ဓားပြတွေကို ရွာက စီးမိလိုက်နိုင်သော်လည်း မမျှော်လင့်သော ကျည်ဆံတစ်ချက်က အဝေးရွာက ဧည့်သည်ကို ထိမှန်သွားခဲ့သတဲ့။ ဘုရား…ဘုရား…။ အဖေပြောသလောက်ဆိုလျှင် ကနေ့ည ဓားပြတစ်ယောက်လည်း တောခြေမှာ သေခဲ့ပြီ။ အခုလည်း လူတစ်ယောက် သေနတ် မှန်ထားပြန်သတဲ့။ မြင်းခြံဆေးရုံကို ပို့ရမတဲ့။ မြင်းခြံကို တော်တော်နှင့် မရောက်နိုင်ကြသေးပါ။ ဝိုင်းတိုက်ထဲမှာ လူအားလုံး အလှူအိမ် လိုက်သွားကြချိန်မှာတော့ အိမ်မှာ မိန်းမတွေသာ ကျန်ရစ်ခဲ့သည်။ အရီးကြာညွှန့်တို့ မိန်းမတစ်သိုက်က သတင်းပလင်းကို နားစွင့်ရင်း အမေပန်းရုံ အနီးမှာ စောင့်ရှောက်ရင်း ကျန်ရစ်ခဲ့ကြခြင်းဖြစ်သည်။ သို့သော် ကိုဖိုးငွေတစ်ယောက်ကတော့ဖြင့် ယောင်လည်လည်နှင့် ဆေးထိုင်ဖွာရင်း ကျန်နေခဲ့၏။

"ကိုဖိုးငွေ…ရွာသားတွေ ဓားပြဝိုင်းလိုက်ကြတော့ တော် ဘာလုပ်နေရစ်ခဲ့သာတုံး… တော့်မလည်း ယောကျ်ားတန်မဲ့ သတ္တိနည်းချက်တော့ အံ့ အံ့ပါရဲ့တော်"

မလှအုံက တစ်ချိန်လုံး တေးထားရသမျှ ဖွင့်ချလိုက်တော့သည်။

"ရော် သည်မိန်းမ…ခက်တော့နေပါဘိ…ဓားပြလက်ထဲက ရွှေထုပ်လုယူရသာ ဘယ်လောက်စွန့်စားရသယ်မှတ်သတုံး…မတော် လှည့်များပစ်လိုက်ရင် ကျော်ခနေရာ ငါရောက်ရပြီမှတ်…ရွှေထုပ်ကြီး ပိုက်ထားပြီး ပျောက်မှာစိုးလို့ လူဖြင့် နေရာက

www.burmeseclassic.com

www.burmeseclassic.com

မရွှေ့ဝှံဘူး…ခါးပြထလိုက်လိုက်ချင်သေးသဗျာ…ရွှေထုပ်ကြီးနဲ့ ဝန်လေးချက်တော့ အဟုတ်…"

လူတွေ ရုတ်ရုတ်သဲသဲကြား ကိုဖိုးငွေမှာ နေရာက မရွှေ့ဝှံဟု ဆိုပါသည်။ ခါးပြတွေ ပြေးတော့မှ ဆိုင်ရာ ပိုင်ရာကို ပစ္စည်းတွေ တစ်ခုချင်း အပ်နှံပြီး သူ့ပစ္စည်း ကိုယ့်ပစ္စည်း ရကြပါပြီဆိုမှ ဟင်းချရသည်ဆို၏။ သည်တော့မှ မလှအုံမှာ သူ့ယောကျ်ား လူရိုးလူအူကို ငေးကြည့်ရင်း ငိုအားထက် ရယ်အားမသန်မိအောင် ထိန်းထားရတော့သည်။ ကိုဖိုးငွေက ဆေးတစ်ဖွာ နှစ်ဖွာ ဖွာပြီး အလှူအိမ်ဘက် ထသွားလေသည်။

"မကြာညွှန့်ရယ်…ထုံးဘိုစုက ကျော်ခ မဖိတ်မစင်ပါစေနဲ့ ဆုတောင်းရမှာပဲ… ဖိတ်စင်ပြီဆိုရင်တော့…"

"ကျုပ်လည်း အဲသာပဲ တွေးနေသာ သူကြီးကတော်ရဲ့…ဖွဟဲ့ မပြောကောင်း ပြောကောင်း ဖိတ်စင်များသွားရင်…အလှူလည်း…"

မအိမ်ကံနှင့် ကျေးဥက လူကြီးတွေပြောတာ နားမလည်သလို ငေးနေကြသည်။ မတော်တဆ ဖိတ်စင်ပြီဆိုပါတော့ ဘာဖြစ်နိုင်လို့လဲ။ အလှူ ဘာဖြစ်မှာလဲ။ မအိမ်ကံ ဖျတ်ခနဲ မေးလိုက်သည်။

"ဖိတ်စင်တော့ ဘာဖြစ်လို့လဲ အမေ"

"ဖိတ်စင်ပြီဆိုရင် အလှူပျက်ပြီပေါ့ သမီးရယ်…ဒုမင်္ဂလာကိစ္စပေါ်လာရင် သုမင်္ဂလာကိစ္စက နောက်ဆုတ်ပေးရသာပေါ့…အလှူရက်ရွှေ့ရသယ်…ရွာမှာ သာရေးနဲ့ နာရေး အပြိုင်မပေါ်ကောင်းဘူး…ခမျာများ ကုန်ခန်းထားသာတွေ အလဟဿဖြစ်ရသာ ထား…အခါကောင်း အခါဦး ပျက်ရသာ မကောင်းဘူးပေါ့ သမီးရယ်"

အမေပန်းရုံက တကယ်စိတ်ဆင်းရဲနေပုံရပါသည်။ မလှအုံလည်း မျက်နှာမကောင်း။ မိန်းမကြီးတစ်သိုက်လုံး ရေ့စကားမဆက်နိုင်ကြတော့။

လူသေရင် လုပ်လက်စမင်္ဂလာကိစ္စတွေ ရက်ရွှေ့ပေးကြရသတဲ့လား။ အခုတော့ သေနတ်မှန်ထားသူက မြင်းခြံကို သွားနေရတုန်း။ ဒဏ်ရာ ဘယ်လောက်ပြင်းထန်လို့ ဘယ်လောက်တောင် အခြေအနေဆိုးသလဲဆိုတာ ဘယ်သူမှမသိ။ မနက်ဖြန်မနက် အလှူနှင့် နာရေး ဘယ်ကိစ္စက သေချာသည် မပြောနိုင်သေးသည့် အခြေအနေမှာရှိနေသည်။ သည်အလှူအတွက် တစ်ရွာလုံး ဝိုင်းထားဝန်းထားကြရသည်။ တစ်ရွာလုံးကလည်း အားခဲထားကြရသည်။ ချက်သူတွေက ချက်နေကြပြီ။ ရှင်လောင်းစီးဖို့ မြင်းတွေ ငှားပြီးပြီ။ လှူဖွယ်ဝတ္ထုတွေ စီစဉ်ပြီးပြီ။ ရွာလမ်းတစ်လျှောက် ရွှေထီးတဝင်းဝင်းနှင့် ရှင်လောင်းလှည့်ဖို့ ပြင်ထားကြပြီ။ မြင်းခြံကို ပို့လိုက်ပြီဆိုသော လှည်းပေါ်က လူနာ၏ သေခြင်းရှင်ခြင်းက ဇောင်ချမ်းကုန်း၏ မနက်ဖြန် မနက်ခင်းကို သာရေးလား၊ နာရေးလား အဆုံးအဖြတ်ပေးတော့မှာပါလား။

"ကျော်ခ ပျက်စီးရင်တော့ အလှူပွဲ ရက်ရွှေ့ရသာထား…စိမ်းမြလည်း လာဘ်ဦးလွဲရရှာပြီပေါ့ မပန်းရုံရယ်…ဖက်စိမ်းကွမ်းတောင်မှ မပွေ့ရသေးဘူး…အလှူပွဲပျက်ရင် စိမ်းမြလည်း လာဘ်ဦးလွဲလို့ ကွမ်းတောင်ကိုင်ဘဝ လက်လွှတ်ရရှာတော့မှာပေါ့…ဒုက္ခတွေ တသီကြီးပါလားတော်"



အို…။ အရိုးကြာညွှန့် ဘယ်လိုပြောလိုက်တာပါလိမ့်။ မအိမ်ကံ နားကလေးကို ပေပြီး နားထောင်နေရာက ကိုယ်ကလေးပင် ဆတ်ခနဲတုန်သွားရသည်။ သည်ကိစ္စက မမစိမ်းမြကိုပါ ထိခိုက်တော့မှာတဲ့လား။ ပထမဆုံး ဖက်စိမ်းကွမ်းတောင် ကိုင်ရမည့်ပွဲမှာ နာရေးပေါ်လို့ အလှူရက်ရွှေ့ရရင် ကွမ်းတောင်ကိုင်လည်း လာဘ်ဦးလွဲရသတဲ့လား။ သည်ဖက်စိမ်းကွမ်းတောင်ကို ပထမဆုံးကိုင်ရမယ့်နေ့ဟာ သိပ်ကို အရေးကြီးပါလား။

ညနေကပင် ကွမ်းတောင်ကို မမစိမ်းမြ ပွေ့ကြည့်ခဲ့သေးသည်။ လမ်းလျှောက်ကြည့်ခဲ့သေးသည်။ မနက်ဖြန်မနက် နေခြည်မှာ ရွှေရည်ဝင်းမည့် ထီးတန်းကြီးနှင့်အတူ ဖက်စိမ်းကွမ်းတောင်ကို ပွေ့ချီခွင့်၊ ရွက်ခွင့်ရမည့် ကွမ်းတောင်ကိုင် အပျိုချောကို တစ်ရွာလုံးက ငေးကြတော့မှာမဟုတ်လား။ အခုတော့ သည်ဖက်စိမ်းကွမ်းတောင်က လှည်းပေါ် ပါသွားသည့် လူ့အသက်တစ်ချောင်းနှင့် ဆက်စပ်နေပါပကော။ အရိုးကြာညွှန့် ပြောသလို ဒုက္ခတွေ တသီကြီးများ ဖြစ်လာဦးမှာလားမသိ။

"အင်း…စိမ်းမြသာ လာဘ်ဦးလွဲလို့ကတော့ ခင်အိက ကွမ်းတောင်ကိုင်ဖြစ်ပြီပေါ့ အေ…စိမ်းမြကံ ခင်အိကံပဲဟဲ့…"

ကြီးတော်ဒေါင်းက ပြောင်းဖူးဖက်လိပ်ကြီးကို တွန်းဖွာနေရာက ခပ်လေးလေးကြီး ဝင်ပြောသည်။ မအိမ်ကံကတော့ တစ်နေ့အတွင်းမှာ တွေ့ခဲ့ရ ကြုံခဲ့ရ ကြားခဲ့ရတာတွေကိုပဲ မယုံသလို ဖြစ်နေရသည်။ လောကထဲမှာ မအိမ်ကံ နားမလည်နိုင်သေးတာတွေ အများကြီးပါပဲလား။

မိုးကြီးစင်စင်လင်းမှ အဖေပြန်ရောက်လာခဲ့သည်။ အဖေ့အသံသြသြကြီးကြောင့် မအိမ်ကံ နိုးသွားခဲ့ခြင်းဖြစ်သည်။ တကယ်ဆိုလျှင် သည်အချိန်မှာ မအိမ်ကံပင် အလှူမဏ္ဍပ်ထဲမှာ ရှိနေရမှာ မဟုတ်လား။ ဘယ်သူကမှ မနှိုးပုံထောက်တော့…။ မအိမ်ကံ အောက်ထပ်ကို ပြေးဆင်းလာခဲ့သည်။ အဖေ ဘယ်လိုသတင်းမျိုး ယူလာပါလိမ့်။

"ပန်းရုံရေ…စိတ်မကောင်းစရာပဲအေ…ကျော်ခတော့ မြင်းခြံမရောက်ခင် လှည်းပေါ်တင် ပျက်စီးသသွဲ့…"

မအိမ်ကံသည်ပင် အဖေ့စကားကြောင့် ခေါင်းတွေ ချာချာလည်သွားခဲ့ရလေသည်။ လှေကားလက်ရန်းကို ကိုင်ကာ မျက်လုံးကလေး ပြူးထားသော်လည်း မျက်စိထဲမှာ ဘာကိုမျှ မမြင်မိ။ မမစိမ်းမြလက်ထဲက ဖက်စိမ်းကွမ်းတောင်ကြီး လွတ်ကျခဲ့ပါပကော…။

■

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

မြန်မာသက္ကရာဇ် ၁၂၉၆ ခု၊ တပေါင်းလထဲကို ရောက်လာခဲ့ပြီ။

ဖောင်ချမ်းကုန်း ရွာကလေးမှာ ပဲတွေ သိမ်းကြရလေပြီ။ ရွာအနောက်စိုက်ခင်းတွေဆီက သီချင်းသံတွေ ညံနေချိန်ဖြစ်၏။ မိုးခေါင်ရေရှား အရပ်ဆိုတော့ စပါးထက် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စိုက်ကြရသည့်ဒေသဖြစ်သည်။ စိုက်ပျိုးမြေက ထွက်သမျှ သစ်စေ့သစ်နှံတွေကလည်း ဈေးကောင်းလှတာ မဟုတ်ပါ။ သို့သော် သည်လိုမှ မစိုက်လျှင် ငုတ်တုတ်ထိုင်ငတ်ရုံသာ။ သစ်စေ့သစ်နှံကလေး စိုက်ပျိုးထားတာကမှ ဘာပဲဖြစ်ဖြစ် ငွေကလေး ကြေးကလေး မြင်ရသည်။ ပဲပေး နှမ်းပေး အလှမ်းပေးယူလို့ရသည်။ အဖျင်းဆုံး နွားစာ ပဲရိုးပဲမျှော်ကလေးတော့ ရသေးသည်မဟုတ်လား။

"အရီးပန်းရုံရယ်…ပဲတွေကတော့ မတရားသီးပါရဲ့…ဈေးမရသာ ခက်သယ်…မြင်းခြံမှာလည်း ရတ်ရတ် ရတ်ရတ်ဆိုတော့ ရွာက သီးနှံရောင်းသွားသဲ့လူတွေ ဖုတ်ပူမီးတိုက် ပြန်ပြေးလာကြရသာသဲ့တော့…"

"ရသလောက်ပေါ့ လှအုံရယ်…မြေရှိရက်နဲ့ မစိုက်လို့ကလည်း မဖြစ်ပြန်ဘူး… မြင်းခြံမှာ ရတ်ရတ် ရတ်ရတ်ဆိုသာ ဘာတုံးဟဲ့…ဘာကြားလို့လဲ…"

"သိပေါင်တော်…ကျုပ်လည်း ပြောတတ်ပါဘူး…ပဲသွားရောင်းကြသဲ့ တောင်ချောင်က လှသစ်တို့ ပြန်လာတော့ မြင်းခြံမှာ စစ်ပုလိပ်တွေ တွေ့ခဲ့သယ် ပြောသာပဲ…မြို့ကလည်း ခါတိုင်းလို မစည်ဘူးသဲ့…သူတို့လည်း ရသဲ့ဈေးနဲ့ ရောင်းပြီး ဒုန်းပြန်လာကြရသယ် ပြောသာပဲတော့…"

ဟုတ်တော့လည်း ဟုတ်လောက်သည်။ သည်ဘက်ရက်တွေမှာ တောနယ်တွေက မြို့ကို အသွားအလာ နည်းကြသည်။ ရိတ်ချိန် သိမ်းချိန်လည်း ဖြစ်ပြန်၊ တိုင်းပြည့်အရေးကလည်း တလှုပ်လှုပ်ဆိုတော့ မလိုဘဲ သွားကြလာကြတာမျိုး မရှိကြတော့။ ရွာတွေမှာလည်း ကိုယ့်ရွာ ကိုယ့်ကင်းများဖွဲ့ကာ တစ်ရွာတစ်ရွာ အသံနားထောင်နေကြရ၏။ ဓားပြသံ၊ ခိုးသားခိုးဝှက်သံတွေကလည်း ဟိုက သည်က တချိန်းချိန်းကြားနေရသည်။ ခါတိုင်းနှစ်တွေမှာ တပေါင်းလဆိုသည်နှင့် ဘုရားပွဲ၊ နတ်ပွဲ၊ အလှူပွဲ၊ ဘုန်းကြီးပျံပွဲတွေ တစ်ရွာမဟုတ်တစ်ရွာ ရှိနေကျ။



ရွာတွေမှာ စီးပွားရေး မကောင်းကြတော့ ဆွမ်းသိမ်းပွဲလောက်နှင့် ပြီးကြရသည်။ ဘုန်းကြီးပျံပွဲကိုလည်း အဖြစ်သာ ကျင်းပနိုင်ခဲ့ကြသည်။

မအိမ်ကံကတော့ မနက်မိုးလင်းလာပြီဆိုသည်နှင့် မျက်နှာသစ်၊ ဖြီးလိမ်းပြင်ဆင်ပြီးသည်နှင့် ဆွမ်းတော်၊ ရေချမ်းတော်၊ ပန်းတော် ကပ်သည်။ ဘုရားရှိခိုးသည်။ ရှိခိုးသည့်အခါ အဝေးကို ရောက်နေသည့် အစ်ကိုဖြစ်သူကို ရည်စူးကာ မေတ္တာပို့နေကျဖြစ်၏။ အစ်ကို မောင်မြတ်သာ မလာတာကြာပြီ။ အိမ်က ပိုက်ဆံငွေကြေး တောင်းတာမျိုးလည်း မရှိ။ ဘယ်ကျောင်းတက်လို့ ဘယ်အတန်းတွေ ရောက်နေမှန်းလည်း မအိမ်ကံ မသိ။ မအိမ်ကံလည်း စာမတက်ရတာ ကြာပြီ။ ရန်ကုန်လို မြို့ကြီးဆီမှ သတင်းစကားရဖို့ဆိုတာကလည်း မလွယ်။

သည်ရက်တွေထဲမှာ အစ်ကိုဖြစ်သူကို မအိမ်ကံ သတိရနေမိသည်။ ခြံဝ မနော်နွယ် သရက်ပင်ကြီးပေါ်က ကျီးသာတာလည်း နှစ်ရက် သုံးရက် ရှိပြီ။ အမြဲတမ်း ဧည့်လာသည့် အိမ်ဆိုတော့ ရွှေကျီးသာသော်လည်း ဧည့်မမျှော်မိကြတော့။ သည်တစ်ခါ ကျီးသာပုံကတော့ ဆန်းလှသည်။ ကျီးတွေ အပြိုင်အာကြတာမျိုးဖြစ်၏။ မအိမ်ကံ သိသလောက်တော့ အရှေ့အရပ်က ရွှေကျီးသာလျှင် အဆွေခင်ပွန်း လာတတ်သတဲ့။ တောင်အရပ်က ရွှေကျီးသာလျှင် ဆရာသမား လာတတ်တယ်။ အနောက်အရပ်က သာတော့ ဘေးတွေ့တတ်တယ်။ မြောက်အရပ်က သာလျှင် သတင်းကောင်း ကြားရတတ်တယ် ဆိုသမှတ်လား။ အခုတော့ အိမ်အရှေ့တည့်တည့်က သာတာဆိုတော့ အဆွေခင်ပွန်းကောင်း လာမည်ဆိုသည့် နိမိတ်ပုံဖြစ်၏။

တစ်မနက် မအိမ်ကံ ဘုရားရှိခိုးပြီး အိမ်အပေါ်ထပ်က ဆင်းလာခိုက် အိမ်ရှေ့မှာ လှည်းတစ်စီး ဆိုက်လာတာ တွေ့လိုက်ရသည်။ ဘယ်သူတွေများပါလိမ့်။ အဖေ့ဧည့်သည်တွေပဲ ဖြစ်လိမ့်မည်ထင်သည်။ မလှအုံက ဝင်းတံခါးကြီး ပြေးဖွင့်ပြီး တံခါးနှစ်ချပ်စလုံး လှပ်ပေးလိုက်တော့ ဝိုင်းတိုက်ထဲအထိ လှည်းမောင်းဝင်လာခဲ့သည်။

"အမေပန်းရုံ…နှမကလေး ကံကလေးရေ…"

အလို…။ အစ်ကို မောင်မြတ်သာ…။ လှေကားတစ်ဝက်မှာရပ်ပြီး အကဲခတ်နေရာက အစ်ကို့အသံ ကြားလိုက်တာကြောင့် မအိမ်ကံ အပြေးဆင်းလာခဲ့သည်။ လှည်းပေါ်မှာ အစ်ကိုနှင့်အတူ လူကြီးဧည့်သည်တွေပါ ပါနေတော့ စိတ်ဆိုးမာန်ဆိုး ထုရိုက်ပစ်ချင်စိတ်ကို မနည်း မျိုသိပ်ထားရတော့သည်။ ကြည့်ပါဦးတော့။ အရပ်ကြီးရှည်ရှည်၊ နှုတ်ခမ်းမွှေးသန်သန်ကြီးနှင့် ညှင်းသိုးသိုးဖြစ်နေလိုက်တာ။ မအိမ်ကံက အစ်ကို့ကို ငေးကြည့်နေလိုက်သည်။ မောင်မြတ်သာကလည်း ကျောက်ဖြူနားဆွဲတန်းလန်းကလေးနှင့် အရွယ်ရောက်လာပြီဖြစ်သော နှမကိုကြည့်ကာ အံ့သြနေတော့သည်။

"လူကလေး…ဧည့်သည်တွေ အိမ်ထဲခေါ်လေကွယ်"

အမေပန်းရုံက ခရီးဦးကြိုရင်း ပစ္စည်းတွေချဖို့ ပြင်သည်။ မလှအုံတို့ သားအမိသားအဖ တွေပါ ပြေးထွက်လာကြသည်။ ကိုဖိုးငွေက ဧည့်လှည်းကို ဝိုင်းချွတ်ပေးသည်။ ကိုဖိုးငွေ့သား အကြီးကောင် ဖိုးတုတ်က နွားတွေကို ပဲမှော်တိုက်ဘေး ကုက္ကိုပင်ကြီးအောက် ဆွဲသွားကာ နွားစာကျွေးနှင့်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဖိုးတုတ်တောင် လူပျိုကြီးဖြစ်နေပါပကောကွ…သန်လိုက်သဲ့ကောင်ကြီး…ဟိုကောင်ကော ဖိုးကူး…"

ဖိုးတုတ်နှင့် ဖိုးကူးတို့ညီအစ်ကိုမှာ သွေးသားမကင်းသည့် ညီတွေဖြစ်သလို သည်ဝိုင်းတိုက်ထဲမှာပဲ ငယ်စဉ်တောင်ကျေး ပလူမွေး ပလူတောင် ဘဝကတည်းက အတူနေခဲ့ကြရ၊ ကြီးပြင်းခဲ့ကြရသူတွေမဟုတ်လား။ အမေပန်းရုံကလည်း သွေးရင်းသားရင်းနှင့်မခြား ချစ်ခင်ရှာပါ၏။ ဖိုးကူးဆိုလျှင် နှမငယ် မအိမ်ကံ၏ တောင်ဇာေးဖြစ်သည်။ လက်ဆွဲပုံးဖြစ်သည်။ မအိမ်ကံ သွားလေရာ ပါတတ်သည့်အပြင် လှည်းမောင်းကျွမ်းကျင်သဖြင့် ခရီးယာယီတွေမှာ ပါနေကျဖြစ်၏။

မောင်မြတ်သာနှင့်အတူ မြင်းခြံက ဆရာကြီး ဦးဘခင်လည်း ပါလာတာ တွေ့ရတော့ မအိမ်ကံ အံ့သြသွားမိသည်။ ပြီးတော့ အစ်ကိုနှင့်ရွယ်တူလောက်ရှိမည့် လူတစ်ယောက်လည်း ပါသည်။ အစ်ကိုက ကျောင်းဆရာ ကိုတောက်ထိန်ဖြစ်ကြောင်း မိတ်ဆက်ပေးသည်။ ကျောင်းဆရာ ကိုတောက်ထိန်မှာ ပိန်သွယ်သွယ် အသားအရေ ဖြူဖပ်ဖြူရော်နှင့် ဖြစ်သော်လည်း စကားပြောသည့်အခါ အသံမာလှသည်။ ဖျင်ကြမ်းတိုက်ပုံ ခပ်နွမ်းနွမ်းကို မချွတ်တမ်း ဝတ်ပုံရသည်။ ကျောင်းဆရာဆီက ပရုပ်ဆီနံ့နှင့် ကြေးနံ့တွေရောကာ အောက်တောက်တောက်ပင် နံ့နေတော့၏။

"ငါ့သားလာမယ်လို့တော့ တွက်သား…ကျီးတွေကလည်း သာလိုက်သာ သုံး,လေးရက် ဆက်ကရော…မင်းအဖေကတော့ ထုံးစံအတိုင်းပေါ့ကွယ်…ဆယ့်နှစ်ရွာ လှည့်နေသာပေါ့…ပြန်လာပါလိမ့်မယ်…ဆရာကြီးကော ဆရာလေးပါ စိတ်ချမ်းသာလက်ချမ်းသာ နားနေကြပါ…အားနာစရာမရှိပါဘူး…ရေမိုးချိုးချင်တော့လည်း ဖိုးတုတ် ငင်ပေးပါလိမ့်မယ်"

ကျောင်းဆရာကြီး ဦးဘခင်နှင့် ဆရာလေး ကိုတောက်ထိန်ကို အိမ်အောက်ထပ် အေးခုတင်ပြန့်ကြီးပေါ်မှာ နေရာထိုင်ခင်းပေးသည်။ မောင်မြတ်သာက ဆရာကြီးတို့အား ရေမိုးချိုးဖို့ စီစဉ်ပေးပြီး အိမ့်အနောက်ဘက်ခန်းကို ကူးလာခဲ့သည်။ မလှအုံနှင့်အတူ ထမင်းဟင်း ကူချက်နေသော နှမကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်သည်။

"ငါ့နှမက သည်နှစ် ကြီးကောင်အဝင်မြန်လိုက်သာအေ…အမေပန်းရုံ…ကံကလေးက ဘယ်နှနှစ်တုံး"

"မောင့်နှမ ဆယ့်ငါးနှစ်တော်"

"အင်းလေ ရှိရောပေါ့…ငါ့နှမက ချောကလည်းချော လိမ္မာလည်း လိမ္မာဆိုတော့ သည်နယ်တစ်ကြော ထင်ပေါ်ဦးမှာပေါ့ကွာ…ဒါထက် အမေပန်းရုံ…မဂ္ဂမ်းဖြူ အိမ်ထောင်ကျပြီလား"

"မင်း အခုမှ အိပ်မက် ထ,မက်မနေနဲ့…ဟိုကဖြင့် သားဦးကလေးတောင် ရပြီ"

"အိပ်မက် မမက်ပေါင်ဗျာ…ရွာက ချောသဲ့မိန်းကလေးရယ်လို့ သတိရလို့ပါ"

မအိမ်ကံကတော့ အစ်ကိုရောက်လာတာကို ပျော်နေခဲ့သည်။ အစ်ကိုနှင့် ရွာစဉ်ကိုးပေါက် လျှောက်လည်မည်။ အနောက်တန်းရွာတွေက ဆွေမျိုးတွေဆီ သွားကြမည်။ နောက်သုံးလေးရက်ဆိုလျှင် ကြည်တော်ကုန်းမှာ ဘုရားပွဲရှိသည်။ သည်ဘက်ရွာတွေမှာ ကြည်တော်ကုန်း ဘုရားပွဲ ဖြစ်သည်ဆိုသည့်သတင်းက ပြီးခဲ့သော တပို့တွဲလကတည်းက သတင်းပြေးနေခဲ့သည်။ သို့သော် မြို့ဇာတ် မြို့အငြိမ့် တက်မငှားနိုင်ကြပါ။ တောမင်းသမီးတစ်လက်ငှားကာ အရပ်မောင်းဆိုင်းကလေး ခင်းကြမည်။ အခု အစ်ကိုရောက်လာတာ အတော်ပင်။ အစ်ကို့ကို ကြည်တော်ကုန်း ဘုရားပွဲ လိုက်အပို့ခိုင်းရမည်။



ဧည့်သည်တွေ ရေမျိုးချိုးပြီးတော့ ထမင်းပွဲပြင်ကာ ကျွေးမွေးဧည့်ခံသည်။ အစ်ကို မြတ်သာက ရေချိုးရင်း ပါးသိုင်းမွေး နှုတ်ခမ်းမွေးတွေ ရိတ်လိုက်တော့ နဂိုရုပ်ပေါ်ကာ ချောမောသန့်စင်နေပါ၏။

"ကိုမြတ်သာတို့ မောင်နှမတွေက အတော်ချောကြတာပဲဗျ"

ကျောင်းဆရာ ကိုတောက်ထိန်က ပြောတော့ ဟင်းလာဖြည့်သော မအိမ်ကံမျက်နှာကလေး နွေးသွားရသည်။ မောင်မြတ်သာက "ထမင်းထပ်ထည့်ဦးလေဗျာ" လို့ အရွှန်းဖောက်လိုက်တော့ ဝါးခနဲ ရယ်ကြသည်။ သည်လိုဆိုတော့လည်း အစ်ကိုတို့တစ်တွေက ခင်ဖို့အကောင်းသား။

ထမင်းစားပြီးကြပြီ ဆိုကတည်းက စကားတွေ တတွတ်တွတ်ပြောနေလိုက်သည်မှာ ခုတင်ကို နေကြီးပူပူထိုးနေတာကိုပင် သတိထားမိကြပုံမရ။ စာရွက်တွေထုတ်ကာ ရေးကြခြစ်ကြတာလည်း ရှိပါ၏။ မလှအုံက ရေနွေး ဒိုင်ခံတည်ပေးနေရသည်ပင် တည်အိုးကြီး သုံးအိုးကျပြီ။ နေကျချိန်လောက်မှာတော့ သူကြီး ဦးသာထန် ပြန်ရောက်လာခဲ့သည်။ သားဖြစ်သူရော၊ ဧည့်သည်တွေကိုပါ တွေ့လိုက်တော့ ဝမ်းသာသွားရှာပါ၏။ ကပျာကသီ ရေချိုးပြီး ဆရာကြီးအား ဝင်ထိုင်သည်။ ဆရာကြီးက ဇော်ချမ်းကုန်းကို လိုက်လာရသည့်အကြောင်းတွေ ရှင်းပြသည်။

"သည်လို သူကြီးမင်းရဲ့…ကျွန်တော်တို့က ကျောင်းဆရာတွေဆိုတော့ တိုင်းပြည်နိုင်ငံ့အရေးကလည်း သပ်သပ်ပေါ့…တစ်ဘက်က စာသင်ကြရမယ့်အရွယ်မှာ စာသင်ခွင့်ကတော့ ရှိဖို့ကောင်းတယ်ဆိုတဲ့ စေတနာနဲ့ သည်ဘက်ရွာတွေမှာ အဆင်ပြေမယ့်နေရာ ရွေးပြီး ကျောင်းတစ်ကျောင်း ဖွင့်ချင်ကြတာပါပဲ…မောင်မြတ်သာကလည်း သူ့ရပ်သူ့ရွာ ပတ်ဝန်းကျင်မှာ စာသင်ကျောင်းကလေး ရှိစေချင်လေတော့ အစိုးရအထောက်အပံ့ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်တော်တို့ကပဲ ဝိုင်းဝန်းပြီး လုပ်ပေးချင်တယ်…သင်ပြမယ့် ကျောင်းဆရာကို ကျွန်တော်တို့ပေးမယ်…အဆောက်အဦ ပရိဘောဂကို ရွာက စီစဉ်ရင် ဖြစ်နိုင်မယ်ထင်လို့ လာညှိနှိုင်းကြတာပါ"

"ဆရာကြီးတို့စိတ်ကူးက ကောင်းပါရဲ့…တော်ကြာ အုပ်ချုပ်ရေးဘက်က စကားပြောလာပါ့မယ်"

"ဒါကတော့ မြို့ပိုင် နယ်ပိုင်များကို ခွင့်တောင်းရမှာပေါ့ သူကြီးမင်းရယ်…ကျွန်တော်တို့ သည်လိုဖွင့်ပေးတဲ့ မူလတန်းကျောင်းတွေ ရှိနေပါပြီ…ပြီးတော့ ဖွင့်မှာက ကြည်တော်ကုန်းမှာ ဖွင့်မှာပါ…ဆရာကြည်နဲ့လည်း မြင်းခြံမှာ ညှိနှိုင်းပြီးကြပါပြီ"

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းသဲ့ကိစ္စပေါ့ ဆရာကြီးရယ် ..ကျုပ်က ကန့်ကွက်စရာမရှိပါဘူး ...ကျုပ်တို့က သူကြီးသာ လုပ်နေသာပါ...ရွာသူရွာသားများအပေါ် မိလိုဖလို ကျင့်ကြံပြီး ကျောသား ရင်သားမခြား စောင့်ရှောက်နေသာ ရှိသာပဲ ..ငါးနှစ်တစ်ကြိမ် သူကြီးရွေးတော့လည်း ကျုပ်ပဲဖြစ်သာပါပဲ...ကျေးရွာကော်မီတီဆိုသာတွေကလည်း ကျုပ်ပြီးရင် ပြီးသာပါ .. ကျုပ်ကလည်း မြို့ပိုင်ကို ပြောပါဦးမယ်"

ထိုခေတ်က တောင်သူလယ်သမားများကို အစိုးရက ချပေးသည့် အမတော်ကြေးငွေများကို ကျေးရွာသူကြီးနှင့် အာဏာပိုင်များ ပူးပေါင်းကာ လယ်သမားများ တောင်သူများကို မချေးငှားဘဲ အတိုးချစားကြတာတွေ ခေတ်စားသည်။ သီးနှံထွက်သော်လည်း သီးနှံပျက်စာရင်းသွင်းကာ အခွန်တော်လျှော့ပေါ့ရန် တင်ပြကြတာလည်း ရှိသည်။ ကျေးရွာသူ ရွာသားတွေကို ဖိစီးကြသည်။ မြို့ပိုင် နယ်ပိုင်များကို အောက်ကျို့ခံကြသလောက် ဆင်းရဲသူ ဆင်းရဲသားတို့ကို အနိုင်ကျင့်ကြတာတွေရှိသည်။ ဦးသာထန်ကတော့ သည်လိုသူကြီးမျိုးမဟုတ်ပါ။ မျိုးချစ်စိတ်မရှိတာလည်းမဟုတ်။ သူကြီးလုပ်နေရခြင်းကို ကျေနပ်နေသူသာ ဖြစ်ပါ၏။ တစ်ခုတော့ရှိသည်။ အထက်အုပ်ချုပ်သူတွေ အငြိုငြင်ခံရမှာကိုတော့ စိုးသူဖြစ်သည်။ သူကြီးဝတ္တရား ကျေချင်တိုင်း ကျေအောင် ကြိုးစားခဲ့ခြင်းဖြစ်၏။

သားဖြစ်သူ မောင်မြတ်သာကိုလည်း အုပ်ချုပ်ရေးပိုင်းက ငြိုငြင်မှာစိုးသည်။ မနှစ်က ရွှေဘိုမြို့ တို့ဗမာအစည်းအရုံးမှ သခင်အချို့ကို နေ့ချင်းပြီး ရုံးတင်ကာ အလုပ်ကြမ်းနှင့် ထောင်သုံးလစီချလိုက်တာ မြို့ပိုင်ပြောသွားလို့ ကြားဖူးထားတော့ သားကို သခင်အလုပ်တွေ မလုပ်စေချင်။ ဆရာကြည်နှင့်ပတ်သက်တာကိုလည်း မကြိုက်။ သို့သော် အခုကိစ္စကတော့ ဆရာကြီးကိုယ်တိုင် ပါလာသည့်အပြင် ကိုယ့်နယ်က ကလေးတွေ ပညာရေးဆိုတော့ အားပေးရမည့်ကိစ္စဖြစ်၏။

"အခုဟာက ဒိုင်အာခီအုပ်ချုပ်ရေးကာလဆိုတော့ တိုင်းပြည်မှာလည်း တော်တော့်ကို စိတ်ဝမ်းများကွဲနေကြပါတယ်...ဒိုင်အာခီဆိုတာ နှစ်ဖွဲ့အုပ်ချုပ်တယ်လို့ပြောတာ...ထောင့်ကိုးရာနှစ်ဆယ့်တစ်ခုနှစ်က အင်္ဂလိပ်က ဗမာပြည်ကို ပေးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်ပဲ...အင်္ဂလိပ်ဘုရင်ခံနဲ့ တိုင်းပြည်ကိုယ်စားလှယ်တွေ ပူးတွဲအုပ်ချုပ်တယ်လို့ ဆိုလိုတာပါပဲ...ဆိုးတာက ကျွန်တော်တို့တိုင်းပြည်ဟာ ခုထိ ကုလားပြည် လက်အောက်မှာ ရှိတာပဲ...တိုင်းပြည်ကိုယ်စားလှယ်တွေ ပါတယ်ဆိုပေသိလို့ ဘုရင်ခံက လက်ခံမှ ဖြစ်တာပါ..."

"ဒါဖြင့်ရင် ပြည်သူလူထုကိုယ်စားလှယ်တွေက အာဏာမရှိဘူးပေါ့...သည်လိုလား ဆရာကြီးရဲ့"

"မရှိပါဘူးခင်ဗျာ...ဘုရင်ခံက တိုင်ပင်ရုံ တိုင်ပင်တဲ့ အမတ်တွေမို့ မင်းတိုင်ပင်အမတ်ခေါ်တာပေါ့ သူကြီးမင်းရဲ့...နိုင်ငံရေးအတွေ့အကြုံလောက် ရကြတာပါ"

"ကျုပ်တို့ရွာဘုန်းကြီးက ဒါကြောင့် မိန့်သယ်ထင်ပါရဲ့...ဒကာ သူကြီးမင်းရဲ့...အရေးကြီးသာ ဟုမ်းမဒူးသဲ့...ဟုမ်းမဒူးဆိုသာ ဘာကိုခေါ်သာလဲ ဆရာကြီးရဲ့...ရှင်းပြပါဦး"



"ဟုမ္မရူးလ်ဆိုတာ ကိုယ့်တိုင်းပြည် ကိုယ်အုပ်ချုပ်မယ်လို့ ပြောတာပါ"

"ဟာ ဒါပေါ့ဗျာ...ဒါတော့ ကျုပ် လက်ခံသယ်...ကျုပ်ကတော့ ဆရာတော် လက်ခံရင် လက်ခံသာပဲ...ကျုပ်တို့ထက် ပညာရှိသဲ့ပုဂ္ဂိုလ်ဟာလေဗျာ..."

မောင်မြတ်သာကတော့ ဖအေဖြစ်သူကို ကြည့်ရင်း အဖေလည်း နိုင်ငံရေးစကားတွေပြောလာပါလားလို့တွေးရင် ဝမ်းသာရသည်။ ရွာကို ပြန်လာခဲ့ရသော်လည်း အဖေ ဆူဆူငေါက်ငေါက်လုပ်နေမလား စိုးရိမ်နေခဲ့မိသည်။ ရန်ကုန်တက္ကသိုလ် ရောက်ကတည်းက အဖေ့ဘက်က တာဝန်ကျေပွန်ခဲ့သော်လည်း သူ့ဘက်က သားသမီးဝတ္တရား မကျေပွန်သလိုလည်း ခံစားရသည်။ အဖေ့ဆီကို စာမှန်မှန်ရေးခြင်းအလုပ်ကိုပင် သူမလုပ်မိခဲ့။ အခုတော့ ဆရာကြီးကို လေးစားတာရော ကျောင်းဆရာ ကိုတောက်ထိန် ပါလာတာရောဆိုတော့ ခွန်းကြီးခွန်းငယ်တော့ မပြောရှာပါ။ အမေပန်းရုံကတော့ သား၏ကျေးဇူးရှင် ဆရာကြီးပါလာတော့ ဧည့်သည်တွေလို သဘောမထားပါ။ အိမ့်ကျေးဇူးရှင်တွေလို့သာ သဘောထားရှာပါ၏။

မအိမ်ကံကတော့ အပေါ်ထပ်မှာပဲ ကုပ်နေရသည်။ လူကြီးဝိုင်းထဲ မတိုးသာတာလည်းပါပါသည်။ ပြီးတော့ လူကြီးတွေ စကားကို နားမလည်တာလည်း ပါသည်။ ကြည်တော်ကုန်းမှာ ကျောင်းဖွင့်မည်ဆိုတာလည်း ကြားပါ၏။ ဒါကိုတော့ မအိမ်ကံ ဝမ်းသာသည်။ ဇောင်ချမ်းကုန်းမှာ ကျောင်းမထောင်ဘဲ ဘာကြောင့် ကြည်တော်ကုန်းမှာ ထောင်ကြတာပါလိမ့်။ သည်အချိန်မှာ ကျေးဥက ဆန်ကာခုံးကလေးကိုင်ကာ အိမ်ပေါ် တက်လာခဲ့၏။

"မအိမ်ကံ...နွေစံပယ်ကလေးတွေ ပွင့်နေလိုက်သာ ခဲလို့...မွှေးလိုက်သာလည်း ကြိုင်လို့တော်...ကုံးရအောင်"

"ဟုတ်ပဟယ်...စံပယ်ဦးကလေးတွေ...ညည်း အပ်ဘူးပါလာခဲ့လား"

"ပါသယ်"

မအိမ်ကံနှင့် ကျေးဥ နွေစံပယ်ပွင့်ကလေးတွေ ကုံးကြသည်။ မိုးမကျသေးတော့ အပွင့်သေးသော်လည်း အမွှေးကတော့ ရက်စက်သည်မဟုတ်လား။ မအိမ်ကံတို့အိမ်မှာ စံပယ်ရုံတွေရှိသည်။ စံပယ်အိုးပုတ်တွေဆိုလျှင် တစ်ပွင့်တစ်ပွင့် တကယ့်အိုးပုတ်လောက်ကြီးအောင် ပွင့်ကြပါသည်။ သည်စံပယ်တွေကတော့ စံပယ်ကြက်ရန်း ခေါ်ကြသည့် အချွန်အထပ် စံပယ်ပွင့်ကလေးတွေ။ ကုံးလိုက်တော့ အရှည်ကြီးရသည်။ ဘုရားစင်မှာ ဟိုဘက်ထိပ် သည်ဘက်ထိပ် ခပ်ဝိုက်ဝိုက်ကလေး ကပ်လိုက်သည်။ အိမ်အပေါ်ထပ် တစ်ထပ်လုံး စံပယ်နံ့တွေ ကြိုင်နေတော့သည်။ ထိုစဉ် ဖိုးကူးရောက်လာသည်။

"မမကံ...ကျုပ် ရွာထဲက သတင်းကြားလာခဲ့သယ်"

"ဟဲ့ ဘာသတင်းလဲ...လုပ်ပြန်ပြီ...ဘယ်ချောင်တိုးလာပြန်ပြီလဲ ဖိုးကူး"

"ဟိုတစ်ခါ ရွာအလှူမှာ ဓားပြတိုက်သာလေ...အဲသာ ဓားပြတွေကို အမှုပွဲစားကိုကျော်ဒင်က လက်ထောက်ချသာသဲ့ဗျ...ဓားပြမတိုက်ခင် တစ်ရက်က ညောင်ငါးခွနတ်ကွန်းစင်မှာ ညဘက် မီးထွန်းပြီး နတ်ပူဇော်ကြသာသဲ့...သေနတ်ထောင်ထားသာလဲသွားလို့ ဓားပြတိုက်သာ မအောင်သာလို့လည်း ပြောသယ်...သေနတ်လဲရင် ဓားပြမတိုက်ရဘူးသဲ့...အဲသည်အထဲက လာတိုက်လို့ ဓားပြသေသာသဲ့..."

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံက ဖိုးကူးပြောနေတာတွေကို ငေးပြီး နားထောင်နေခဲ့သည်။ ရွာတစ်ရွာ ဓားပြတိုက်ရမည့်ကိစ္စမှာ ဓားပြတွေက နတ်ပသကြသည် ဆိုသည့်ကိစ္စကို တွေးနေမိသည်။ နတ်က ရွာကို မစောင့်ရှောက်ဘဲ ဓားပြဘက်က ပါရရောလား။ ဖိုးကူးစကားကို မယုံလို့တော့လည်း မဖြစ်။ ဖိုးကူးက နေရာတကာရောက်သည်။ သတင်းစုံသည်။ ကလေးဆိုသော်လည်း ဆိုပီနားကြားရှိသူဖြစ်သည်။ ဓားပြတွေ နတ်ဆက်သည့်စကားက အကြောင်းမဟုတ်သော်လည်း အမှုပွဲစား ကိုကျော်ဒင်ဆိုသည့်နာမည် ပါလာတာကတော့ တာဝန်ကြီးသည်။ ဟုတ်ရင်တော်ပါရဲ့။ မဟုတ်လျှင် ရွာနှင့် ပြဿနာတက်နိုင်သည်မဟုတ်လား။

"ဓားပြ သေနတ်လဲသာ အကြောင်းမဟုတ်ပါဘူးဟာ...မမစိမ်းမြ ကွမ်းတောင်ကိုင်မဖြစ်ရတော့သာ နာသာပဲ...သနားပါသယ်...မမစိမ်းမြခမျာ ရှက်လွန်းလို့သဲ့ ငိုလိုက်သာ ကျုံကျုံကို ပါကရောသဲ့"

"ဟုတ်လား ကျေးဥ...ညည်း ဘယ်သူပြောလဲ"

"တစ်ရွာလုံး ပြောနေကြသာကောအေ့...အခုက မမခင်အိ ကွမ်းတောင်ကိုင် ဖြစ်တော့မှာသဲ့"

"အေးဟယ်...အဲဒါတော့ မတရားပါဘူး...ကွမ်းတောင်ကိုင် ရွေးပြီးကာမှ လာဘ်ဦးလွှဲသယ်များ ရှိရသေးသယ်...အလှူပွဲပျက်သာနဲ့ သည်မိန်းကလေးနဲ့ ဘာဆိုင်လို့သဲ့တုံးတော်..."

မအိမ်ကံက မကျေမနပ် ပြောနေလေတော့ ကျေးဥနှင့် ဖိုးကူးလည်း အထွန့်မတက်ဝံ့ကြတော့။ ဖိုးကူးက အခြေအနေ စောင့်ကြည့်ပြီးမှ သတင်းစကား ကျန်သေးသည့်ပုံဖြင့် စကားဆက်ပြန်၏။

"အဲသည့် ထုံးဘိုစုက ကျော်ခကလည်း သရဲတော်တော်ခြောက်သာသဲ့ဗျ..."

"ဟယ်..."

သည်တစ်ခါတော့ မိန်းကလေးနှစ်ယောက် ငြိမ်ကျသွားခဲ့ကြသည်။ ဖိုးကူး ပြောသလောက်ဆိုလျှင် ကျော်ခက သူ့ရွာ ထုံးဘိုစုနှင့် ဖောင်ချမ်းကုန်းကို ကူးနေသည်ဆို၏။ မနက်စောစော ပဲရိတ်ထွက်ကြသည့် ရွာလည်းတွေနှင့် သရဲကျော်ခ တွေ့ကြကြောင်းလည်း ပါသည်။ ရွာထဲဖြစ်နေသည့်သတင်းက ကြောက်စရာပင် ကောင်းလှသည်။ တစ်ညနေမှာ ဦးကြီးပေါ် မြောက်ဘက်ရွာကို ပဲရောင်းသွားရာက အပြန် ရွာနှင့် တစ်ခေါ်လောက်ဝေးသော ညောင်ကြပ်ပင်ကြီးအောက် ရောက်တော့ ကြက်သီးတွေ တဖျန်းဖျန်းထလာခဲ့သည် ဆို၏။ ညောင်ကြပ်ပင်အရိပ်က ထူထပ်သည့်အတွက် ထိုအပင်အောက်ရောက်လျှင် လသာရက်များမှာပင် မှောင်မည်းနေတတ်သည်။

"ဦးကြီးပေါ် ညောင်ကြပ်ပင်ရိပ်က ထွက်လာတော့ လှည်းပေါ် လူတက်လိုက်သလို အောက်မေ့လို့ လှည့်ကြည့်လိုက်တော့ ကျော်ခက လှည်းပေါ် ပက်လက်ကြီးသဲ့...ဦးကြီးပေါ်က လှည်းထားပြီး ရွာဘက် ဒုန်းပြေးခဲ့သာသဲ့...ရွာကလူတွေနဲ့ တစ်ခေါက်သွားကြည့်တော့ လှည်းက အခင်းစပ်မှာ ရပ်ရက်ကြီးသဲ့ဗျာ...နွားကြိုးကိုတောင် လှည်းရုံတိုင်မှာ ချည်ထားခဲ့သေးသသဲ့..."



သည်စကားကြားတော့ ကျေးဥက ဖိုးကူးကို ငေါက်တော့သည်။

"ဖိုးကူး တော်တော့...မပြောနဲ့တော့...နင်နော်...ငါ ဒေါ်ကြီးပန်းရုံကို တိုင်မှာ..."

"ကြားခဲ့သာ ပြောသာလေဗျာ...နားမထောင်ချင် နေကြ"

ဖိုးကူးက တစ်ဘက်ကို လှည့်သွားသည်။ ဟုတ်တာ မဟုတ်တာထား။ ရွာထဲမှာ သည်စကားတွေ ရှိနေလို့သာ ဖိုးကူး ကြားလာခဲ့ခြင်းဖြစ်လိမ့်မည်။ သည်ရွာ၊ သည်လူ၊ သည်အဝန်းအဝိုင်းကလေးထဲမှာ သည်လိုစကားတွေကလည်း ရှိရမည်မဟုတ်လား။ သည်စကားတွေကလည်း သတင်းတွေပဲမဟုတ်လား။ သည်ရွာရိပ်ဝန်းကျင်မှာတော့ သည်လိုသတင်းစကားတွေကို သည်ရွာ သည်လူတွေကလည်း ယုံကြည်ကြသည်။ ဖိုးကူးပြောတာ စိတ်ဝင်စားစရာတော့ အကောင်းသား။

"ကဲပါ ဖိုးကူးရယ်...ဆက်ပြောစမ်းပါဦး"

"အဲသာပဲဗျ...မရှိတော့ဘူး"

"နင့်ဟာကလည်းဟယ်..."

မအိမ်ကံတို့ စကားကောင်းနေတုန်းမှာပဲ ခြံထဲကို လှည်းတစ်စီး ဝင်လာပြန်သည်။ မအိမ်ကံက ဝရန်တာဘက် ထွက်ကြည့်လိုက်တော့ လှည်းပေါ်မှာ ဆရာကြည် ပါလာတာကို လှမ်းတွေ့လိုက်ရသည်။ သည်တစ်ခါ ဆရာကြည် မြင်းကြီးကို စီးမလာပါလား။

သူကြီး ဦးသာထန်ကတော့ ဆရာကြည်ကို ဘဝင်မတွေ့သော်လည်း အိမ်လာသည့်ဧည့်သည်ဆိုတော့ နှုတ်ဆက်စကားဆိုပါ၏။ ဆရာကြည်ကလည်း ကောင်းကောင်းမွန်မွန် ပြောဆိုဆက်ဆံပါသည်။ မောင်မြတ်သာက ဆရာကြည်သည် ဆရာကြီး ဦးဘခင်တို့ကို လာရောက်ကြိုဆိုတာဖြစ်ကြောင်း ရှင်းပြလိုက်သည်။

"ကျုပ်တို့ရွာတွေဘက်မယ် ရွာသူကြီးတွေရှိပေမယ့် ဆယ့်နှစ်ရွာအုပ် သူကြီးမင်း ဦးသာထန်က အကွပ်အကဲကောင်းတော့ လုပ်ရကိုင်ရသာ အဆင်ပြေပါသယ် ဆရာကြီးရယ်...သူကြီးမင်း ခွင့်ရရင်တော့ ကျောင်းတည်ကြရုံပါပဲ...ဘုန်းကြီးကျောင်းဘေးက ဆွမ်းစားဆောင်ကို ဆရာတော်က ကျောင်းဖွင့်ခွင့်ပြုပါသယ်...တဆိတ် ရွာလိုက်ကြည့်ကြရုံပါ..."

"လိုက်မှာပါ သခင်ကြည်ရဲ့...သည်က သူကြီးမင်းနဲ့တွေ့ပြီးကမင့်ပဲဟာ..."

ဆရာကြည် စကားခင်းလိုက်တာကို ဦးသာထန် ကျေနပ်သွားပုံရသော်လည်း ဆရာကြီး ဦးဘခင်နှုတ်က 'သခင်ကြည်'လို့ သုံးလိုက်တာကိုတော့ ဘဝင်မကျဖြစ်သွားပုံရ၏။ မောင်မြတ်သာက ဖအေကိုတစ်လှည့်၊ ဆရာကြီးကိုတစ်လှည့်ကြည့်ရင်း အကဲခတ်နေသည်။ မောင်မြတ်သာ၏ အမူအရာကို ဆရာကြီးက သဘောပေါက်သွားပုံမျိုးဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။ မြင်းခြံမှာကတည်းက သူကြီးမင်းရှေ့မှာ သခင် ဆိုသည့်အသုံးအနှုန်း မသုံးကြဖို့ တိုင်ပင်ထားခဲ့ကြသည်မဟုတ်လား။

"သည်က မောင်မြတ်သာကတော့ ခရီးရောက်မဆိုက် မိဘမောင်နှမများနဲ့ နေခဲ့ဦးကွယ့်...ဆရာကြီးတို့ကတော့ သည်ကနေ့ပဲ လိုက်သွားပါဦးမယ်...အဆောင်အဦသဘာဝ...ရေမြေပတ်ဝန်းကျင် သဘာဝကလေးတွေကြည့်ပြီး ပြင်သင့်တာ ပြင်ရဦးမှာကိုး..."

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြည် ရောက်လာတော့ စကားဝိုင်းက ပိုစည်လာတော့သည်။ မအိမ်ကံက အစ်ကို့အနားမှာ လက်ဖက်အစ်လို ငုတ်တုတ်ဝင်ထိုင်ရင်း နားထောင်နေခဲ့သည်။ အစ်ကို ပြောနေတာတွေကို လူကြီးတွေက ခေါင်းတညိတ်ညိတ် ရှိနေကြပုံကို မြင်ရတော့ အစ်ကို့ကို ပိုပြီး လေးစားအထင်ကြီးလာမိ၏။ ပထမကမ္ဘာစစ်ကြီးနောက်ပိုင်း ဝိုင်အမ်ဘီအေ အသင်းကြီးက နိုင်ငံကောင်းစားရေး လုပ်ဆောင်လာခဲ့ပုံ၊ ဝိုင်အမ်ဘီအေတွင် လူကြီးလူငယ် ဂိုဏ်းနှစ်ဂိုဏ်း ကွဲကြပုံ၊ လူငယ်ဂိုဏ်းမှ ဂျီစီဘီအေ နိုင်ငံရေးအသင်းစုံ ဖြစ်လာပြန်ကာ၊ ဂျီစီဘီအေမှ နှစ်သင်း ကွဲရပြန်ပုံတွေကို ပြောပြခြင်းဖြစ်သည်။

"နှစ်သင်းကွဲကြတိုင်း တိုင်းပြည်နစ်နာရသယ်ဗျာ…ဝါဒကွဲကြရသယ်ဗျာ…လူချင်း အာဃာတတွေ ရှိကြသယ်ဗျာ…ဘာကောင်းသလဲ…အခု ဒိုင်အာခီကကော ဘာထူး သလဲ…အင်္ဂလိပ်တစ်ရာကို ကိုယ်စားလှယ်တစ်ယောက် ရွေးခွင့်ရပြီး ဗမာသုံးသောင်း မှာမှ ကိုယ်စားလှယ်တစ်ယောက်ပဲ ရသယ်…ရပြန်တော့ကော ဘာမှ လုပ်မရသာ အဖတ်တင်ပြန်သယ်…သည်နှစ်တော့ ၁၉၃၅ ခုနှစ် အက်ဥပဒေပေါ်လာဖို့ လုပ်ကြ ပြန်ပြီ…ခွဲရေး တွဲရေးသံတွေ ညံလာပြန်ပြီ ဆရာကြည်"

"ခွဲရေးက မြန်မာပြည်ကို ကုလားပြည်က ချက်ချင်ခွဲရေးနဲ့ ပြီးမှ ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းရေးပေါ့…တွဲရေးက ကုလားပြည်နဲ့ မြန်မာပြည် ဒိုမီနီယံအဆင့်ရောက်သည် အထိ ခဏတစ်ဖြုတ် တွဲနေရေးပေါ့"

"သည်လထဲ ရေနံချောင်းမှာ တို့ဗမာအစည်းအရုံးကွန်ဖရင့် လုပ်မယ်လို့တော့ ကျုပ်တို့ ကြားနေရသာပဲ…"

သူကြီး ဦးသာထန်ကတော့ နိုင်ငံရေးစကားတစ်ခွန်းမှ ဝင်မပြောပါ။ မပြောချင်တာ လည်း ဖြစ်မည်။ မပြောတတ်တာလည်း ပါမည်။ စင်စစ် သည်စကားတွေကို အခုမှ သူ ကြားဖူးတာလည်း ပါပါ၏။ သို့ပေသိ သားဖြစ်သူ မောင်မြတ်သာ ပြောနေတာတွေကိုတော့ သူ သဘောကျနေမိသည်။ သူ့သား သိလေခြင်း၊ တတ်လေခြင်းဆိုသည့်ဂုဏ်ကိုတော့ ခံယူပုံ ရ၏။ အထူးသဖြင့် မောင်မြတ်သာကို ဆရာကြည်က ဆရာတင်နေရပုံကို ကျေနပ်နေမိ၏။

မအိမ်ကံက ဧည့်သည်ဝိုင်းကို ရေနွေးကြမ်း ဖြည့်လိုက်၊ လက်ဖက်ပွဲ၊ အမြည်းပွဲ ချလိုက် လုပ်ရင်း စကားဝိုင်းနှင့် နီးချီဝေးချီ ရှိနေခဲ့သည်။ အမေပန်းရုံက ညနေစာ ထမင်းပွဲပြင်မည်လုပ် တော့ ဆရာကြည်က တားသည်။ ကြည်တော်ကုန်းမှာ အားလုံး စီစဉ်ပြီးခဲ့ပြီဆို၏။ မောင်ရီ ကလေးလည်း သန်းလာခဲ့ပြီ။ ဧည့်သည်တွေ ရွာကူးဖို့ ပြင်ကြသည်။ မြင်းခြံမှ ငှားလာသော လှည်းကို ပြန်လွှတ်လိုက်ပြီး ဆရာကြည့်လှည်းနှင့် အားလုံးလိုက်ကြမည်။ ဆရာကြည်က လှည်းပေါ်တက်ကာနီး သူကြီးဦးသာထန်ကို နှုတ်ဆက်ရင်း ချီးကျူးစကားဆိုသည်။

"သူကြီးမင်း လက်ဖြောင့်သာ ရွာကလူတွေ အင်မတန် အားရနေကြပါကောခင်ဗျ… ကျုပ်တို့လည်း ဝမ်းသာပါ့ခင်ဗျာ…သူကြီးမင်းရှိသာ နယ်လုံခြုံသာပေါ့…တော်ရုံဓားပြ ကပ်ဝံ့မှာမဟုတ်တော့ဘူး…ကိုင်း သွားခွင့်ပြုပါရော့…"

သည်လိုဆိုတော့လည်း ဦးသာထန် မိန့်မိန့်ကြီး ပြုံးလျက် ဧည့်သည်တွေကို ဝိုင်းတိုက် အဝအထိ လိုက်ပို့သည်။ ဧည့်လှည်းထွက်သွားတော့ အိမ်မှာ အိမ်သူအိမ်သားတွေသာ ကျန်ရစ်



တော့သည်။ မအိမ်ကံလည်း သည်တော့မှ လွတ်လပ်သွားသလို ခံစားရပါ၏။ ဦးသာထန် ကတော့ သူ့ကို လက်ဖြောင့်သည်ဟု ပြောသွားသော ဆရာကြည့်ကို သည်တစ်ခါတော့ ကြည်သာ သွားပုံပေါ်သည်။ နံရံမှာချိတ်ထားသော သူ့သေနတ်ကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

"မင်းဆေးဆရာက သည်တစ်ခါတော့ စကားကောင်း ပြောသားပါလားကွ…ဟေ"

ပြောင်းရိုးစည်းနေသော ကိုဖိုးငွေက သူကြီးစကားကြားတော့ ပြုံးလေသည်။ ဆရာကြည် က သူကြီးအကြိုက် မြှောက်ပင့်သွားသည်မဟုတ်လား။

ညနေ ထမင်းဝိုင်းမှာတော့ မိသားစု စုံစုံလင်လင် စားကြသောက်ကြတော့ အမေပန်းရုံ က ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျရှာ၏။ မအိမ်ကံကတော့ အဖေနှင့်အစ်ကို ထမင်းအတူ စားရင်း ရယ်ရယ်မောမောရှိနေကြတာကို တွေ့တော့ ဝမ်းသာရသည်။ အစ်ကိုက သူ တက္ကသိုလ် ကျောင်းသားဘဝတွေကို ပြောပြသည်။ သူကြီး ဦးသာထန်က သားပြောသည့်စကားတွေကို ခေါင်းတညိတ်ညိတ်လုပ်ရင်းက အားရကျေနပ်လျက်ရှိ၏။

"တခြားဟာတွေ အဖေ ဘာမှနားမလည်ဘူးကွာ…ငါ့သား စာသာကြိုးစား… မင်းစွမ်းသလောက် အဖေထားမှာပဲ…ဘိလပ်သွားချင်လည်း အဖေပို့မှာပဲ…တစ်ခုပဲ အဖေမှာချင်သာ…ခေတ်ဘရုတ်ဘရက်ထဲ နိုင်ငံရေးတော့မလုပ်နဲ့ကွယ်…ကျောင်းသား ဟာ စာသင်ဖို့ပဲ…သခင်လုပ်ဖို့မဟုတ်ဘူး…သည်ကတိတော့ အဖေ့ကိုပေး…"

မောင်မြတ်သာက ဖခင်ကျေနပ်အောင် ခေါင်းညိတ်ပြလိုက်ပါ၏။ ညဘက်မှာလည်း အောက်လင်းမီးကြီးထွန်းကာ ရွာရပ်က လာနှုတ်ဆက်ကြသော ဆွေမျိုးတွေနှင့် စကားကောင်း ကြပြန်သည်။ မအိမ်ကံတစ်ယောက် အစ်ကို့အနားကို မကပ်ရသေးပါ။ အစ်ကိုပြောသမျှ မြို့အကြောင်းတွေကို အဖေအပါအဝင် ရွာသူရွာသားတွေကလည်း ညဉ့်နက်သည်အထိ နား ထောင်နေကြသည်။ အစ်ကိုတို့စကားဝိုင်း သိမ်းသည်အထိ မအိမ်ကံ မစောင့်နိုင်တော့ပါ။ အိမ်အပေါ်ထပ်က အပျိုခန်းထဲမှာ ကျေးဥနှင့်အတူ အိပ်ပျော်သွားခဲ့သည်။

တပေါင်းလဆန်း ဆယ့်သုံးရက်။ လကြီးက ကောင်းကင်မှာ ဝင်းဝင်းပြည့်ပြည့်ကြီး သာနေခဲ့သည်။

❖

သည်ကနေ့ တပေါင်းလပြည့်နေ့…။

မနက်စောစော နေထွက်တပြုကတည်းက မအိမ်ကံတို့မောင်နှမ ကြည်တော်ကုန်း ရွာဘက် ကူးခဲ့ကြသည်။ ဖိုးတုတ်က အိမ်က လှည်းနှင့်လိုက်ပို့သည်။ လှည်းက သည်ရာသီမှာ အခင်းထဲက ပဲလုံးတွေ အိမ်တလင်းပြန့်ရောက်အောင် တိုက်နေရသည့်အချိန်ဆိုတော့ ချက်ချင်း ပြန်ရသည်။ ပဲလုံးဆိုသည်မှာ ပဲပင်တွေကို အပင်လိုက် ရိတ်ပြီး လုံးလုံးထားကြခြင်းကို ခေါ်ပါ ၏။ ပဲလုံးတွေကို လှည်းပေါ်ရောက်အောင် ဝါးချွန်ဖြင့် ထိုးထိုးတင်ကြရသည်။ တလင်းကို ရောက်တော့ အလုံးလိုက် ဖြန့်ထားပြီး နေပြင်းပြင်း ပြထားရသည်။ အတော်ကလေး ခြောက်ပြီ ဆိုတော့မှ နွားနှင့် အထပ်ထပ်နယ်ရခြင်းဖြစ်သည်။ အတောင့်တွေအားလုံး ကွဲလောက်ပြီဆိုမှ ပဲရိုး၊ ပဲမှော်တွေကို ပြာတီး ရွေးဆယ်သန့်စင်ကာ ပုတ်ထဲ ကျီထဲ သွတ်ကြရသည်။ သည်အချိန်

www.burmeseclassic.com

www.burmeseclassic.com

က မထင်မှတ်ဘဲ မိုးလေကျတတ်သည့်အတွက် ပဲသိမ်းပြီးကာမှ 'ဟင်း'ချကြရပါ၏။ မပြီးသေးပါ။ ပဲရိုး ပဲမှော်တွေကို ဆောင်းထဲထည့်ကာ ပဲမှော်တိုက်ပေါ် ရွက်ရွက်ပြီး တင်ကြရသည်။ သည်လို သိုလှောင်ထားပါမှ နှစ်ပေါက်စာ နွားစာအတွက် စိတ်အေးရမည်မဟုတ်လား။

"မောင်မြတ်သာ...မင်းနှမကို ခင်ငြိမ်းလက်ထဲ သေချာအပ်ထည့်ခဲ့နော်...ပြီးမှ လူကလေး သွားချင်ရာသွား..."

ကျေးဥ မအားတာမို့ မထည့်လိုက်နိုင်သဖြင့် မအိမ်ကံတစ်ယောက်တည်း အမေက စိတ်ချပုံမရ။ အမေပန်းရုံ၏ ညီမဝမ်းကွဲ ဒွေးလေးခင်ငြိမ်းထံ အရောက်အပ်နံ့ဖို့ အထပ်ထပ်မှာလိုက်ရာသည်။ ဖိုးတုတ်က ကြည်တော်ကုန်းရွာ ဆရာကြည့်အိမ်ပေါက်ဝတွင် မောင်နှမနှစ်ယောက် ချခဲ့ပြီး တအောင့်ပင် မထိုင်တော့ဘဲ ချက်ချင်းဆိုသလို ရွာပြန်လှည့်မောင်းသွားတော့၏။

"သခင်မြတ်သာတို့မောင်နှမ လာကြသဟေ့...ခေါ်ကြပါကွယ်"

ဆေးဆရာ ဆရာကြည့်အိမ်မှာ ရွာသူရွာသားတွေ အပြည့်။ ခါးပုံစတွေထဲမှာ နီးတစ်ဆုပ်စီ ထည့်လိမ်ထားကြရင်း ဓားတွေ၊ တူရွင်းတွေ၊ ငန်းပြားတွေ ကိုယ်စီကိုင်ထားကြသည်။ ဆွမ်းစားဆောင်ဘေးမှာ ကျောင်းရုံးအဖြစ် တဲပြန့်ကြီး ထိုးကြမည့်သူတွေဖြစ်သည်။ ဆရာကြီး ဦးဘခင်၊ ဆရာ ကိုတောက်ထိန်နှင့် ဆရာကြည်တို့ တစ်ယောက်ကိုတစ်ယောက် နာမည်ရှေ့က 'သခင်' ထည့်ခေါ်ကြတာကို မအိမ်ကံ သတိထားမိသည်။ အစ်ကို့ကိုလည်း သခင်မြတ်သာတဲ့။ အဖေကတော့ အစ်ကို့ကို သခင်မလုပ်ရဟု တားမြစ်သည်။ သခင်ဆိုတာ ဘာများပါလိမ့်။

"မအိမ်ကံ...ငါ့တူမ ချောလိုက်သာတော် ကတည်းမှ..."

ဘယ်ကနေ သတင်းကြားလာသည်မသိ။ ဒွေးလေးခင်ငြိမ်း ပေါက်ချလာသည်။ မအိမ်ကံကို ကျောတသပ်သပ်လုပ်ရင်း ကြည်တော်ကုန်းရွာသူရွာသားတွေရှေ့ ဂုဏ်ခံနေလိုက်သေး၏။ အစ်ကိုမြတ်သာက ဒွေးလေးခင်ငြိမ်းလက်ထဲကို မအိမ်ကံကို ထည့်လိုက်ကာ သူကတော့ ဆရာကြည်တို့နှင့်အတူ ရွာအရှေ့ ဆရာတော်ကျောင်းဘက်ဆီ လိုက်သွားတော့၏။

"မအိမ်ကံ ရောက်လာသာ အံကိုက်ပဲဟေ့...ဒွေးလေးတို့ရွာ ဘုရားပွဲရှိသယ်...မနက်ဖြန်မနက် ရွာက နို့ဆွမ်းကပ်ကြမှာ..."

မအိမ်ကံတို့ ဇောင်ချမ်းကုန်းရွာမှာ တပို့တွဲလပြည့်နေ့ ထမနဲဆွမ်းကပ်ကြသလို ကြည်တော်ကုန်းရွာမှာလည်း တပေါင်းလပြည့်နေ့ နို့ဆွမ်းကပ်ကြသည့်ဓလေ့ ရှိပါသည်။ သည်ဓလေ့က သုဇာတာဒေဝီ ဘုရားရှင်အား ဃနာနို့ဆွမ်း ကပ်လှူရာမှ စီးဆင်းလာသော ယဉ်ကျေးမှုဟု လူကြီးသူမများက ဆိုကြသည်။ သံဃာတစ်ပါး ဆွမ်းသပိတ်တစ်လုံး ဆွမ်းစုံ၊ ဆွမ်းဟင်းစုံ ကပ်လှူကြသည့်အပြင် နို့ဆွမ်းကိုလည်း သန့်သန့်ချက်ကြပြီး စုပေါင်းလောင်းလှူကြသည်။ အချင်းချင်း သူ့အိမ်ကိုယ့်အိမ် ဝေငှကြသည်။ ရွာနီးချင်းတွေ လာရောက်သမျှ ကျွေးမွေးကြသည့်အပြင် ချိုင့်ကြီးချိုင့်ငယ်ဖြင့် ထည့်ပေးလိုက်ကြသေးသည်။

"ဘုရားရှင်လက်ထက်က ဃနာနို့ဆွမ်းချက်သာက ကြန်အင်လက္ခဏာကောင်းသဲ့ နွားမတစ်ထောင်က နို့ကိုညှစ်...နွားငါးရာကို တိုက်သယ်...နွားငါးရာရဲ့နို့ကို ညှစ်ပြီး နွားနှစ်ရာ့ငါးဆယ်ကို တိုက်သယ်...အဲသလိုနဲ့ နောက်ဆုံး နွားခြောက်ကောင်ကရသဲ့



နို့ကို သန့်သန့်ညှစ်ပြီး သလေးဆန်နဲ့ ရောကျိုရသယ်...သိကြားမင်းက ထင်းယူလာပြီး ဗြဟ္မာကြီးတွေက နို့အိုးပေါ် ထီးတော်မိုးပေးသယ်...နတ်မင်းကြီးလေးပါးက နို့အိုးကို စောင့်ကြပ်ကြသလိုပဲ နတ်တွေက ပျားရည်ဇွက်လိုက်သဲ့အခါ အင်မတန်အရသာနဲ့ပြည့်စုံသဲ့ နို့ဆွမ်းကိုရသယ်...ဘုရားရှင်ကို ကပ်သဲ့အခါ လေးဆယ့်ကိုး လုတ်ဘုဉ်းပေးတော်မူသယ်..."

အမေပန်းရုံ၏ကြီးတော်၊ မအိမ်ကံ၏အမေကြီး ဒေါ်သန့်က ပြောပြသော ဃနာနို့ဆွမ်းချက်ပုံကို မအိမ်ကံ တလေးတစား နားထောင်နေမိသည်။ အမေကြီးသန့်ပြောပြသော ဃနာနို့ဆွမ်းချက်ပုံကို မအိမ်ကံ စိတ်ဝင်စားသွားသည်။ သူ့အိမ်မှာလည်း နို့ဆွမ်း၊ ကိုယ့်အိမ်မှာလည်း နို့ဆွမ်း။ ဘုန်းကြီးကျောင်းတွေမှာလည်း နို့ဆွမ်းတွေ မိုးဗြဒယ်ကြီးတွေ၊ ဆန်တစ်တင်းချက်ဒန်အိုးကြီးတွေ ဖိုချင်းဆက်အောင် ချက်ကြတာ ပျော်စရာပင်ကောင်းလှပါသည်။ မအိမ်ကံပင် သောက်ရလွန်းအားကြီးတော့ အီတောက်လာခဲ့သည်။ ဖိုးကူးတို့ ကျေးဥတို့ ပါလာရင် ကောင်းသား။ ဟိုရွာ သည်ရွာက လာကြသည့် ဧည့်တွေကို ကျွေးမွေးဧည့်ခံရုံမက ချိုင့်ကြီးချိုင့်ငယ်များဖြင့် ထည့်ပေးလိုက်ကြသေးသည်။ မအိမ်ကံတို့ရွာက အလှမ်းနည်းနည်းဝေးသည်က တစ်ကြောင်း၊ ဇာတ်ပွဲ အငြိမ့်ပွဲ မပါသည်က တစ်ကြောင်းကြောင့် ခါတိုင်းနှစ်တွေလို လှည်းတွေနှင့် အင်တိုက်အားတိုက် လာကြတာမျိုးတော့ မရှိ။

ခါတိုင်းနှစ်တွေမှာတော့ မြို့ဇာတ်၊ မြို့အငြိမ့်တွေ ပါတတ်သည်။ တချို့နှစ်တွေမှာ နယ်လှည့် က,ပြသော ရုပ်သေးပွဲပင် ရောက်လာတတ်သကဲ့သို့ တချို့နှစ်တွေမှာ အရပ်ပြဇာတ်ကလေးတော့ အဖြစ်လောက်ထည့်ကြသည်။ သည်နှစ်တော့ ရွာခံမောင်းဆိုင်းနှင့် ကြည်တော်ကုန်းအရှေ့ဘက်ရွာ ကန်ကုန်းက ဓာတ်စက်ကိုပဲ ငှားနိုင်ကြသည်။ ကန်ကုန်းဓာတ်စက်က သည်ဘက်တစ်ကြောမှာ တော်တော်ငှားရပါ၏။ ဘုရားပွဲ ကျောင်းပွဲများမှာပင်မက မီးနေသည် မီးထွက်လို၊ ကာလသား ကာလသမီး 'မြန်း'ကြသည့်ပွဲတွေလိုမှာလည်း ဓာတ်စက်ထည့်အလေ့ ရှိကြသည်။ ဒါကို 'ဓာတ်စက်ပွဲပါသယ်' ပြောလေ့ရှိကြပါသည်။

ညနေစာ စောစောစားပြီး အစ်ကို့ကို မျှော်သော်လည်း ပြန်ရောက်မလာ။ ဆရာကြည့်အိမ်မှာပဲ ရှိသလား၊ ဘုန်းကြီးကျောင်းမှာပဲလားတော့မသိ။ စိတ်တော့ မပူပါ။ တစ်ရွာလုံးက သူကြီးမင်း ဦးသာထန် သားသမီးတွေကို အထူးစောင့်ရှောက်ကြသလို၊ ဆရာကြည့်သြဇာကလည်း ကြီးသည်မဟုတ်လား။ သည်ကြားထဲ အမျိုးတွေကလည်း ဇကွဲဆညာ (ဆန်ကွဲဆန်ညှာ) များလှပါဘိသနှင့်။

မအိမ်ကံ တည်းသည့် ဒွေးလေးခင်ငြိမ်းတို့အိမ်မှာ မအိမ်ကံနှင့် ရွယ်တူမိန်းကလေးနှစ်ယောက်ရှိသည်။ မကြီးနှင့် မငယ်။ ဒွေးလေးခင်ငြိမ်း၏ သမီးတွေဆိုတော့ မအိမ်ကံနှင့် ညီအစ်မနှစ်ဝမ်းကွဲ တော်စပ်သည်။ မကြီးတို့နှင့်အတူ မအိမ်ကံက ညနေဘက် သောက်ရေတွင်းရေခပ်သွားကြတော့လည်း လိုက်သည်။ တစ်အိမ်တစ်အိမ် အိုးငှား ပစ္စည်းငှား သွားကြတော့လည်း ပါသည်။ ဒွေးလေးတို့အိမ်မှာ တင်းတိမ်ကြီးတွေ ကာထားသည်။ သင်ဖြူးတွေ ခင်းထားသည်။ အောက်လင်းဓာတ်မီး မရှိတော့ ရေနံမီးခွက်ကြီးတွေ ချိတ်ထားရပါ၏။ အိမ်ရှေ့ တလင်းကို ပြောင်သန့်နေအောင် လှည်းကျင်းကာ ဖျာကြမ်းတွေ ခင်းထားသည်။ နို့ထမင်းအိုးကြီးတွေမှာ

www.burmeseclassic.com

www.burmeseclassic.com

တော့ မီးတရဲရဲ။ မအိမ်ကံ ရောက်နေသည်ဆိုတော့ ရွာကာလသားတွေကလည်း ဒွေးလေးတို့ အိမ်ကို အဝင်အထွက် များလှသည်။

"သည်နှစ် တို့ရွာ မစည်ပါဘူးအေ...မောင်းဆိုင်းကလေးနဲ့ နွှဲရသာပါ...ရွာတွေမလဲ ဗုဒ္ဓဘာသာတွေဆိုတော့ မရှိသဲ့ကြားက လှူရသာ...မရှိကြရှာဘူး...ဆွမ်းကလေး လောင်းဖို့ နို့ဆွမ်းမှ မချက်နိုင် မဖြစ်ရလေအောင် ရှိသာနဲ့ ထလုပ်ကြရသယ်"

ဒွေးလေးက ရွာ့အခြေအနေ ပြောပြသဖြင့် မအိမ်ကံ စိတ်မကောင်းဖြစ်ရသည်။ မအိမ်ကံနှင့်အတူ သွားလာနေသည့် မကြီးနှင့် မငယ်တို့ဆိုလျှင် အပျိုပေါက်ကလေးတွေပေမယ့် တောက်တောက်ပပ မရှိကြတာကို သတိထားမိသည်။ မအိမ်ကံက သည်တစ်ခေါက် ဇောင်ချမ်းကုန်းဘက် ရောက်လျှင် အိမ်ကိုဝင်ခဲ့ဖို့ မှာသည်။ သူ့အဝတ်အစားတွေထဲက တချို့ ဖဲ့ပေးချင်လို့ မှာခြင်းဖြစ်၏။

ညဘက် နို့ဆွမ်းကျိုသည့် မီးဖိုကြီးတွေမှာ မီးတရဲရဲ အရှိန်ဖြင့် အိမ်ဝင်းထဲ လင်းနေသည်။ ရွာမောင်းဆိုင်းဆရာတွေက ကိုယ့်ပစ္စည်းကလေးတွေကို သယ်လာကြပြီး တလင်းထောင့်မှာ စုကြပြီ။ နဲ့ဆရာကြီးကို လူတွဲခေါ်လာတာ တွေ့တော့ မအိမ်ကံ သနားသွားသည်။ မျက်စိမမြင်ရှာသူ နဲ့ဆရာကြီးကို နေရာချပေးကြ၏။ ဒိုးဆရာက လက်ဖဝါးထဲက ပတ်စာကို ဖနောင့်ချင်းပွတ်ကာ ပွတ်ကာ နယ်သည်။ တအောင့်နေတော့ မောင်းဆိုင်းနှင့် တွဲကမည့် မင်းသမီးကလေး ဖြီးလိမ်းဝတ်စားပြီး ရောက်လာတော့ ကာလသားတွေက ရှိခနဲ လက်ခေါက်မှုတ်ကြလေ၏။ မောင်းဆိုင်းက ဒေသ့ခံတီးတီးနေခိုက် မင်းသမီးကလေးက တလင်းပြန့်ထဲက ပွဲကြည့်ပရိသတ်ကို ကျောပေးထိုင်နေသည်။ အဖေ့ အငြိမ့်ခံပွဲတုန်းက အိမ်မှာလာကသည့် မင်းသမီး စပယ်ကြည်ကိုပင် သတိရမိသေးသည်။

"ဓာတ်စက်ပွဲက ဘယ်တော့ထည့်မှာလဲ"

"မောင်းဆိုင်းပြီးမှ ဖွင့်မှာ မအိမ်ကံရဲ့...ပထမတော့ ရွာလယ်က ရီးသာဖဲတို့ ဝိုင်းတိုက်ထဲမှာ ဖွင့်ကြမလို့ စီစဉ်ထားသာ...အခု မအိမ်ကံ သည်အိမ်မှာ တည်းလို့ သဲ့...သည်မှာ ဖွင့်ကြမှာလေ"

မအိမ်ကံ အားပင်နာသွားခဲ့ရသည်။ သူ့ကြောင့် မောင်းဆိုင်းရော၊ ဓာတ်စက်ပွဲပါ သည်ကို ရွှေ့လာကြတာကဲ့လား။ နို့ဆွမ်းချက်နေကြသည့် မီးဖိုတွေဆီက မီးတောက်တွေ ဖျိုးဖျိုးဖျင်းဖျင်း တောက်လောင်နေကြသည်။ ရေနံတိုင်မီးခွက်တွေကြောင့် သိပ်ကြီးမလင်းလှသော ကြည်တော်ကုန်းရွာကလေး၏ ညထဲမှာ သူ မောင်းဆိုင်းနှင့် အက ကြည့်ရဦးမည်။ ဓာတ်စက်ပွဲ နားထောင်ရဦးမည်။ မအိမ်ကံ ပျော်သလိုလို၊ လွမ်းသလိုလို ခံစားနေရ၏။ သည်အချိန်မှာ ဝေးခနဲ အော်သံကြားလို့ လှည့်ကြည့်လိုက်တော့ လူတစ်ယောက်က အောက်လင်းဓာတ်မီးကြီး တစ်လုံးကို မီးထွန်းလျက်က ရွက်လာခြင်းဖြစ်၏။

"ဆရာတော်ကြီး ပို့ခိုင်းလိုက်သာဗျို့...မောင်းဆိုင်းမှာ ထွန်းဖို့သဲ့...မအိမ်ကံ ပွဲကြည့်ရအောင်လို့သဲ့..."

အောက်လင်းမီးဆရာက အော်ရင်းဝင်လာခြင်းဖြစ်၏။ သည်စကားကြောင့် အောက်လင်းမီးရောင် ဖြာခနဲကျနေသည့် မအိမ်ကံရှိရာ ကပြင်ကို အားလုံးက လှမ်းကြည့်လိုက်ကြသည်။



ကျောပေးထားသော မင်းသမီးကလေးပင် လှည့်ကြည့်သည်။ အောက်လင်းဓာတ်မီး ရောက်လာတော့ မောင်းဆရာတို့၏ လက်သံပင် ပိုပြီး သွက်လာသည် ထင်ရ၏။ ဒါကတော့ ဆရာကြည့်စိတ်ကူး ဖြစ်ပုံရသည်။ မောင်းဆိုင်းက နှစ်ချီနှစ်လား တီးပြီးတော့ မင်းသမီးကလေး ထလာခဲ့သည်။ တောမင်းသမီးကလေးဆိုတော့ အဝတ်အစားကလည်း နွမ်းပါးလှသည်။ ဘော်ကြယ်ပွင့်ကလေးတွေ ပြုတ်တာပြုတ်၊ ကျန်တာကျန်။ ချွေးပြိုက်ပြိုက်ကျအောင် ဆိုလိုက် က,လိုက်ရှာပါ၏။ မအိမ်ကံက မောင်းဆိုင်းအဖွဲ့ကို ဆုတော်ငွေ ငါးဆယ် ဆုချလိုက်သည်။ မင်းသမီးကလေးကို ဆုတော်ငွေ ငါးကျပ်နှင့် နဲ့ဆရာကြီးအား ငွေတစ်ဆယ် သီးသန့်ကန်တော့လိုက်သေးသည်။ ရွာကာလသားပေါက်များ၏ မျက်လုံးတွေကတော့ မင်းသမီးကလေးထက် မအိမ်ကံဆီမှာ ပိုရှိနေကြသည်။

အောက်လင်းမီးရောင်အောက်မှ မအိမ်ကံအလှက မင်းသမီးကလေးထက်ပင် ပိုပြီး တောက်ပြောင်ရွှန်းပလို့နေသည်။ ခရမ်းပြာရောင် ချည်ချောအချိတ်ထဘီကလေးနှင့် ဖဲပြောင်ခရမ်းသွေးစိုစို အပွင့်ထိုးကလေး ဝတ်ကာ ဝင်းစက်နေသော မအိမ်ကံ မျက်နှာဖူးဖူးကလေးက မိုးပေါ်က ကျလာသည့် နတ်သမီးကလေးနှင့်တောင် တူနေသည်။ အုပ်လုံးသိမ်းစ ဆံရစ်ဆံတောက်ကလေးမှာ စံပယ်တွေ ဖွေးနေအောင် ပန်ထားသည်။ ရွှေဒင်္ဂါးပြား တစ်ပြားဆွဲ ဆွဲကြိုးကုံးကလေးနှင့် စတီလက်ကောက် နှစ်ရန်သာ ဝတ်ဆင်ထားသော်လည်း တောသူတောင်သားတွေကြား မအိမ်ကံက တောက်ပနေတာ အမှန်ပင်။ သူကြီးမင်း ဦးသာထန်၏ အရှိန်၊ ချမ်းသာကြွယ်ဝသော အဆင့်အတန်းရှိရှိလူတန်းစားက ပေါက်ဖွားဆင်းသက်လာသော မိန်းမချောတစ်ယောက်၏ အရှိန်တို့ကြောင့် ရွာကာလသားတို့ အနားတောင် မသီဝံ့ကြသော်လည်း မျက်လုံးများဖြင့် ခိုးခိုးကြည့်ကြသည်။ သည်မျက်လုံးတွေနှင့် ဆုံမိတိုင်း အပျိုဖျန်းကလေး မအိမ်ကံမှာ ရင်ထဲ တနွေးနွေးဖြစ်ရသည်။ ထိုညက အောက်လင်းမီးရောင်အောက်က မအိမ်ကံ အလှကို ကြည်တော်ကုန်းတစ်နယ်လုံးက အသိအမှတ်ပြုကြရ၏။

"ချောလိုက်သဲ့ မအိမ်ကံနယ်နော်...တစ်သက် တွေ့ဖူးပါဘူး"

မအိမ်ကံကတော့ ကိုယ့်ရပ်ကိုယ့်ရွာ မဟုတ်တော့ အိမ်ရှေ့ ကပြင်က မဆင်းပါ။ မကြီးတို့နှင့်အတူ သင်ဖြူးဖျာကလေးပေါ်မှာ ပုံ့ပုံ့ ကျုံ့ကျုံ့ကလေးထိုင်ရင်း မောင်းဆိုင်းကိုသာ ငေးနေခဲ့သည်။ အကနှင့် မောင်းဆိုင်းသိမ်းပြီးတော့ ကွက်လပ်မှာ စားပွဲတစ်လုံးချပြီး ဓာတ်စက်ဆရာက သူ့ဓာတ်စက်ကို တင်သည်။ ဓာတ်စက်ဆိုတာ သေတ္တာပြားပြားကလေးသာ ဖြစ်ပါသည်။ အသံချဲ့သည့်စက်တွေ၊ အော်လံကြီးတွေ မပါဘဲ ဓာတ်ပြား လည်အောင် မောင်းတံနှင့် လှည့်၍ ဓာတ်ပြားမွတ်အောင် လည်ပြီဆိုမှ အပ်ထောက်လိုက်ခြင်းဖြစ်သည်။ ထိုအခါ ဓာတ်ပြားကို အပ်ခြစ်သံနှင့်အတူ မင်းသားမင်းသမီးတို့၏ ဆိုသံ ငိုသံတွေ ထွက်ပေါ်လာခြင်းဖြစ်၏။ သည်ဓာတ်ထုပ်တွေ သည်ဓာတ်စာတွေကိုပဲ ဓာတ်ပွဲတစ်ပွဲ ကြည့်ရသလို ဖျာကြမ်းတွေပေါ် ငုတ်တုတ်ထိုင်ကာ နားထောင်ကြခြင်းဖြစ်သည်။

*'ရွှေချိုးဖြူရယ် ရိုးကမူစွန်း x x ခွန်းထောက်မကူ x x အို လေး လေး လေး လွမ်း*
*ပျောက်သူ x x မောင်နဲ့သာ ဖော်ကွဲတာကတူ x x ကွဲသပ သည်းဝလှိုင်ဆူ x x*
*သောင်ငူမြေမှာ ရေဆာသူက မလာ x x ပင်နန်းသိုက်လည်တစ်မျိုး x x အို ချိုးဖို*

www.burmeseclassic.com

www.burmeseclassic.com

*ဖျာပါကြွယ် x x ဖျာပါပူတယ် x x တောင်စွယ်ထက်ဖွေရှိး x x ခါခါကူဝယ်*
*တစ်ကောင် ငှက်ရွှေချိုး x x'*

ခတ်စက်သံကို တုတ်တုတ်မလှုပ် ငြိမ်နားထောင်နေကြသော ဖျာကြမ်းပေါ်က ပရိသတ်ကို မအိမ်ကံ မျက်စိဝေ့ကြည့်လိုက်သည်။ တဘက်ခေါင်းပေါင်းကြီးတွေ ပေါင်းကာ ပြောင်းဖူး ဖက်ဖြူလိပ်ကြီးတွေ ထောင်းထောင်းထဖွာရင်း ခတ်ထုပ်ကို စိတ်ပါလက်ပါ နားထောင် နေကြသော အဘိုးကြီး အမယ်ကြီးများကိုလည်း တွေ့ရသည်။ သနပ်ခါးဖွေးဖွေး ပန်းတဝေဝေဖြင့် အစုလိုက်ဖွဲ့ကာ နားထောင်နေကြသော အပျိုတွေကိုလည်း တွေ့ရသည်။ ခတ်စက်အနား ဝိုင်းအုံကာ ခတ်ပြားလည်တာကို ငေးကြည့်နေကြသော ကာလသားတစ်စုကိုလည်း တွေ့ရ သည်။ သားသယ်မအေတွေကတော့ ကလေးကို နို့တစ်ဖက်လှန်တိုက်ထားကြရင်းက ခတ်စက် ရှိရာဘက်ကို လည်ပင်းတွေ မျှော်ထားကြသည်။ သည်လူတွေအားလုံး သည်စက်ကလေးက ထွက်လာသောအသံကို နားထောင်ရင်း ပျော်ပွဲလုပ်ကြရတာကိုပဲ မအိမ်ကံရင်ထဲ သနားကရုဏာ ဖြစ်နေမိသည်။ နွမ်းနွမ်းပါးပါး ဆင်းရဲသား တောသူတောင်သားတွေကြား ကြီးပြင်းလာသူ ဆိုသော်လည်း သည်လိုဘဝတွေကို မအိမ်ကံ တစ်ခါမှ စာနာမကြည့်မိခဲ့ဖူးပါ။ တောနေ တောထိုင်ချင်းအတူတူ မအိမ်ကံတို့က ချမ်းသာပြီး သူတို့တစ်တွေက ဘာကြောင့် ဆင်းရဲနေကြ ရသလဲ။ မအိမ်ကံ အာရုံတွေက ခတ်ကွက်ခတ်လမ်းဆီမှာ မရှိတော့။ သည်လူတွေအကြောင်း ကိုသာ စိတ်ရောက်နေမိတော့၏။ အမြင်တွေလည်း ဝါးလျက်၊ အသံတွေလည်း ဝါးလျက်။

"ဟော…ကံကလေး မအိပ်သေးဘူးလား…ခတ်စက် နားထောင်နေသာပေါ့လေ …
ဟုတ်လား"

မအိမ်ကံအနားကို အစ်ကိုမောင်မြတ်သာ ရောက်လာတာကိုပင် သတိမထားမိလိုက်ပါ။ ခဏနေတော့ ခတ်ထုပ်ပြီးသွားသည်။ ခတ်စက်လည်း သိမ်းပြီ။ အောက်လင်းမီးရောင်ပင် မှိန်ကျလာခဲ့ပြီ။ ခတ်စက် လာနားထောင်ကြသည့် ပရိသတ်လည်း စဲစပြုလာပြီ။ အစ်ကို့ ဘေးမှာတော့ လူရွယ်တော်တော်များများ ဝိုင်းအုံနေလေသည်။ မအိမ်ကံကလည်း မကြီးကို လက်တို့ကာ အိပ်ခန်းတွင်း ဝင်လာခဲ့သည်။ တစ်နေကုန် လူတွေကြား ရှိနေခဲ့ရသဖြင့် မအိမ်ကံ စိတ်ပန်းလူပန်းနှင့် ငိုက်မျဉ်းစပြုလာခဲ့သည်။ အစ်ကို့အသံသြသြကြီးကိုတော့ အိမ်ဦး ခန်းဘက်ဆီက ကြားနေရတုန်း။

တစ်ချိမှာတော့ အစ်ကို့ တောက်ခေါက်သံ ခပ်ပြင်းပြင်းကို ကြားလိုက်ရသည်။ အိပ်ပျော်စ ပြုနေသော မအိမ်ကံပင် လန့်ခနဲ ဖြစ်သွားကာ တံခါးဝကိုသွား၍ အစ်ကိုတို့ကို ချောင်းကြည့်လိုက်သည်။

အစ်ကို ဘာတွေများ ဖြစ်နေတာပါလိမ့်။

■

(၁၂)

မအိမ်ကံ၏အလှက ကြည်တော်ကုန်းသူ ကြည်တော်ကုန်းသားများမှတစ်ဆင့် ဝေးနီး ရွာတွေအထိ တောမီးလောင်သလို ပျံ့နှံ့သွားခဲ့လေသည်။ ကြည်တော်ကုန်း နို့ဆွမ်းလောင်းလှူပွဲကို မောင်နှမနှစ်ယောက် ရောက်လာကြသည့်အကြောင်းမှစ၍ မအိမ်ကံက နဲ့ဆရာကြီးနှင့် မင်းသမီး ကလေးအပါအဝင် မောင်းဆိုင်းအဖွဲ့ကို ဆုငွေချခဲ့သည်ကအစ ရွာမှ ဆင်းရဲသူ ဆင်းရဲသား အချို့ကို တတ်စွမ်းသလောက် သဒ္ဓါကြည်ဖြူ ပေးကမ်းစွန့်ကြဲသွားခဲ့သည်အဆုံး မအိမ်ကံ၏ ရုပ်အဆင်းလှခြင်းနှင့် စိတ်အချင်းလှခြင်းတွေကို စကားရောက်တိုင်း ပြောဖြစ်နေကြသည်ဆို၏။ မအိမ်ကံတို့မောင်နှမ ကြည်တော်ကုန်းက ပြန်ရောက်လာပြီး သိပ်မကြာခင်မှာ မကြီး၊ မငယ် ညီအစ်မနှစ်ယောက် ဖောင်ချမ်းကုန်းကို ရောက်လာခဲ့ကြရာ သူတို့ရွာတကြောမှာ မအိမ်ကံ သတင်းမွှေးလှကြောင်း ပြောသွားခဲ့ကြခြင်းဖြစ်၏။

"ငါတို့ရွာတွေမယ် ညည်းအကြောင်း ပြောလို့မဆုံးကြပေါင်အေ…လှလိုက်သာ ချော
လိုက်သာနဲ့ နေသာပဲ…ငါ ပြောလိုက်ရသယ်ဟဲ့…ငါတို့အမျိုးက ဒေါင်းမျိုးဟဲ့လို့…
ကြီးလေ ချောလေဟဲ့လို့…ငါတို့မလဲ မအိမ်ကံ့အမျိုးဆိုတော့ ဂုဏ်ရှိပအေ"

ဒွေးလေးခင်ငြိမ်းကလည်း အိမ်ရောက်သခိုက် သည်လိုစကားတွေ ပြောခဲ့သည်။ အမေပန်းရုံကတော့ မအေပီပီ သမီးချော ကောင်းသတင်းကြောင့် ဝမ်းသာသော်လည်း စိတ်ဖြောင့် လက်ဖြောင့် ဝမ်းမသာနိုင်သလို ရှိခဲ့သည်။ မလှအုံက စကားဝင်ဖာရှာပါ၏။

"ချောမှာပေါ့အေ…မအေချော ဖအေချောကိုး"

"သူကြီးမင်း တူလို့ကတော့ မချောလောက်ပါဘူး လှအုံရယ်…မောင်မြတ်သာ
ကြည့်ပါလား…ဖအေ့ရုပ်တစ်ရုပ်တည်း"

"မောင်မြတ်သာလည်း ချောသာပါပဲတော်…ကျုပ်မောင်က သက်ကတိုကျောင်းသား
ဂုဏ်တောင် ပိုသေး…မိန်းကလေးလိုတော့ မှုန်မနေဘူးပေါ့တော့်"

ကြည်တော်ကုန်းက ဆွေမျိုးတွေ ပြန်သွားကြသော်လည်း မအိမ်ကံတို့အိမ်မှာ ဆွေမျိုး ပြတ်သည်မရှိ။ များသောအားဖြင့် အချေးအငှား အတောင်းအရမ်း လာကြသူတွေ များလှသည်။ ရွာတွေမှာ အနေဆင်းရဲ အစားဆင်းရဲ ဖြစ်နေကြတာ မအိမ်ကံ နေ့တိုင်းကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com





တချို့မိသားစုတွေဆိုလျှင် သုံးလွန်းတင် စားနေကြရသည်ဟု ဆိုပါ၏။ နံ့စားပြောင်း၊ ဆန်နှင့် ပဲ သုံးမျိုးရောကာ ချက်ထားသည့် ထမင်းဖြစ်သည်။ ပြောင်းဆန်ချည်း ချက်စားကြသူရတွေ လည်း ရှိကြသည်။ ပြောင်းဆန်ထမင်း နီကျင်ကျင်က မာလွန်းလှသပြင့် ပီလောပင်းချိုနှင့် မျှောချရသည်။ တချို့ကတော့ ရွာခရိုးပေါက် အဝေရာညွန့်များကို ပြုတ်ကာ တို့ကာစားနေကြ ရသည်။ သည်နှစ် မအိမ်ကံတို့ရွာတွေမှာ ဝါလည်း မကောင်း၊ နှမ်းလည်း မသာ။ စိုက်ပျိုး ကြသမျှ အဖတ်မတင်ကြတာတွေလည်း ကြားနေရ၏။ မနှစ်တုန်းကထက် သည်နှစ် မိုးပို၍ ခေါင်သည်မဟုတ်လား။ တောသူတောင်သား သားသမီးဆိုတော့ သည်ဝေဒနာတွေကို မအိမ်ကံ ခံစားစာနာတတ်ပါ၏။

"သူကြီးကတော်နယ်...ဝါလုပ်သာလည်း အဖတ်မတင်ဘူးရယ်...ဂွမ်းသား မပါချက် တော့...ဂျယ်ဝါတွေများပြီး လှီလိုက်သာ မပြောပါနဲ့တော့ ..ပျဝင်လိုက်သာလည်း တစ်ခင်းလုံး ပြာဖြူးထားသာကြည့်တော့...ဝါဆိုလထဲတုန်းက ဆီဆမ်းပိုးကျသယ့် အခင်းတွေလည်း ပျက်ရသာ မနည်းဘူး"

အမေပန်းရုံဆီကို ငွေကလေး ကြေးကလေး လာလှည့်ကြသူတွေက အခင်းပျက်ပုံ တွေကို ညည်းပြနေတာဆိုတော့ မအိမ်ကံ အကြားနာလှပြီ။ ပြာသို တပို့တွဲ နှင်းဖွဲဖွဲမှာ နံ့စားပြောင်းတွေ သိမ်းကြသည်။ နံ့စားပြောင်းခွဲဝါတွေကို ငှက်ကြိုက်သဖြင့် ငှက်ခြောက်ရတာ ကလည်း အလုပ်တစ်လုပ်။ သည်ဘက်ရွာတွေမှာ ပြောင်းဆန် ကောင်းကောင်းရဖို့သာ စဉ်းစား ကြသည်။ ပြောင်းပင်ကို ဒုက္ခပေးတတ်သော သိကြားလောင်မီးပင်တွေကိုလည်း ဂရုစိုက်ရသည်။ ပြောင်းပင်ခြေမှာ ပေါက်တတ်သော အပင်ကလေးတွေဖြစ်သည်။ ပြောင်းပင် မကြီးခင် သိကြား လောင်မီး အခင်းထဲ အပေါက်များလာလျှင် တစ်ခင်းလုံး ခြောက်လေတော့သည်။

မအိမ်ကံက အဝေးရွာတွေက ဒုက္ခဖြင့် ရောက်လာကြသော ဆွေမျိုးတွေကို ချက်ချင်း မပြန်ခိုင်းဘဲ တစ်ည နှစ်ည အိပ်စေသည်။ ပေးစရာကမ်းစရာရှိတာ သူကိုယ်တိုင် ဆုံးဖြတ်ပြီး ပေးကမ်းတာများပင် ရှိလာခဲ့သည်။ အမေပန်းရုံကလည်း မပြောရှာပါ။ သမီးကလေး အပျိုဖြစ် လာမှတော့ သူ့ခြေသူ့လက် ဆုံးဖြတ်ခွင့်ပြုထားခဲ့ပြီ။ မအိမ်ကံ ပေးချင်တာကို ငြိငြင်တာမျိုးတော့ မရှိ။ တစ်ခါတလေတော့ ထိန်းရသည်။ ပေးရကမ်းရမည့်အမျိုးကလည်း များသားမဟုတ်လား။

"သမီးပေးသာ အမေကြည်ဖြူပါသယ်...ညည်းအဖေအမျိုး အမေ့အမျိုးရယ်လို့ မခွဲခြားပါဘူးအေ...ဒါပေသိ အတိဒုက္ခရောက်ရသူတွေချည်းဆိုတော့ မျှတပေးရမှာ မဟုတ်လား...စိတ်ရှိတိုင်းတော့လည်း မလုပ်နဲ့ပေါ့အေ"

တချို့ရွာတွေက သူခိုးဓားပြပူလို့ သူကြီး ဦးသာထန်၏ ရွာရိပ်ကို လာခိုကြသူတွေ လည်း ရှိသည်။ အင်္ဂလိပ်အစိုးရက ရွာသိမ် ရွာဖျား ဇနပုဒ်ကလေးတွေကို ဖျက်သိမ်းစေကာ ရွာကြီးတွေကို လာရောက်ပူးပေါင်းစေတာလည်းရှိပါ၏။ သည်လိုရောက်လာကြသူတွေထဲမှာ ဆွေရိပ်မျိုးရိပ် မကင်းကြသူတွေ ပါတော့ နေစရာ ထိုင်စရာ လုပ်ကိုင်စားစရာတွေ စီစဉ်ပေးရ သည်။ မျိုးရေးရိက္ခာအတွက် ပံ့ပိုးရသည်။ နှမ်းတောင်သူတွေ အချေးအငှား အပေါင်အနှံ လာတော့လည်း မအိမ်ကံတို့မှာ မနေသာပါ။

"ကျုပ်တို့ရွာတွေဘက်မယ် နှမ်းခင်းတွေ ပွင့်လိုက်သာ ပွင့်လိုက်သာနဲ့ ဝမ်းသာလုံး တက်နေကြသာတော့...ကြက်ချေးကလေးစုတုံး မိုးကြီးတစ်မ ရွာချလိုက်သာ အပွင့် တွေ ကုန်ကရော...နှမ်းတွေလည်း ခရမ်းစေ့ထိုးတော့သာနဲ့ပဲ ဆီပွက်လို့ မထွက်တော့ ဘူးပေါ့...သည်နှစ် မျက်ရည်တောင် ကျမိပါရဲ့ မပန်းရုံရယ်...ကျုပ်တို့ မြေကလေး နှစ်ကွက် အပေါင်သဘော ယူထားပါ...မျိုးဖိုးကလေးတော့ ချေးပါဦး ကျောင်းအစ်မ ရယ်..."

"မြေနှစ်ကွက်လည်း အပေါင်မလိုချင်ပေါင်ဘူး မစောလှရယ်...မယူရက်ပါဘူး... ကျုပ်တို့မလည်း လုံ့ပုံ့နေရသာပါ...ဆွေမျိုးတွေလည်း ဥတကာနဥ္စသင်္ဂဟော ဆိုသာ လို မျှတပေးကမ်းနေရသာဆိုတော့ ချေးတန်သလောက်တော့ ချေးလိုက်ပါ့မယ်... တခြားကလည်း လှည့်ပေါ့"

အမေပန်းရုံက လာသမျှအမျိုး 'လှန်' လွှတ်တဲ့အမျိုး မရှိသော်လည်း လက်တော့ မကြီးဝံ့ပါ။ ဆန်ကလေး ပဲကလေး ပေးသင့်သူကို ပေးသည်။ ငွေအလိုအားဖြင့် ချေးငှားသင့်သူကို ချေးငှားသည်။ မျိုးပဲ၊ မျိုးနှမ်း၊ မျိုးဝါစေ့ ရနိုင်သည့်နေရာက ရနိုင်အောင် နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းပြုသည်။ မအိမ်ကံတို့ တောဆိုတာက အိမ်တိုင်းလိုလိုမှာ လက်ပံခေါင်း ခြောက်၊ သရက်သီးခြောက်၊ ခရမ်းသီးခြောက်၊ ဘူးသီးခြောက်၊ မန်ကျည်းသီးမှည့်ကအစ လှောင် ထားတတ်သည့်အလေ့ရှိသည်။ တောရွာ တောဓလေ့ ဘူး၊ ဖရုံ၊ သခွား၊ ပဲသီး၊ ပဲစောင်းလျား စသည့် ဟင်းသီးဟင်းရွက်ကလေးတွေ စိုက်ကြသည်။ ငရုတ်၊ ချဉ်ပေါင်၊ ခရမ်းချဉ်တွေကလည်း ဘယ်အခင်းခူးခူး ရနိုင်ကြသည်။ ရွာခရိုးပေါက် ကင်းပုံ၊ ကျီးအာ၊ ကြက်သဟင်း၊ နဘူး ရွက်ကလေးတွေ ဆိတ်ကာ ဆွကာ ဟင်းတစ်ခွက်ချက်လို့ရသည်။ အခါရက်၊ ကဆုန်ရက်တွေမှာ မန်ကျည်းရွက်နုတွေ အကြမ်းဘက် မကူးတကူး အဖူးကလေးတွေပါ ရောဖက်လျက် 'ဆား' ဖြင့် အချဉ်သိပ်ကာ၊ မြေပဲထောင်းကလေး ဆီချက်ကလေး တစ်ပေါက် နှစ်ပေါက် ထည့်ရုံဖြင့် ဟင်းတစ်နပ်အဖြစ် ပြီးနိုင်ကြသူတွေ ဖြစ်ပါ၏။ တောသူတောင်သားများအဖို့ ထမင်းတစ်နပ် အတွက် ကြောင့်ကြနေကြရတာမျိုး မရှိသည့်ကြားက မဝရေစာ ဖြစ်နေရတာကို မအိမ်ကံ စိတ်မချမ်းသာပါ။

မအိမ်ကံ ဆယ်နှစ်သမီးလောက်က မြင်းခြံနယ်၊ နွားထိုးကြီးနယ်က ရွာတွေမှာ သရောကြီးခိုင်းခဲ့ဖူးတာ လူကြီးတွေ ပြောစကားအရ ကြားခဲ့ဖူးသည်။ ပိုက်ဆံက ရှားပါး၊ သီးနှံတွေက မကောင်း၊ မိုးခေါင် ရေခေါင် ဆိုတော့ ဆင်းရဲသားအများစုမှာ ကျပ်တည်းကြသည်။ စားကောင်းသမျှ ပြုတ်စားကြသည်။ သုပ်စားကြသည်။ အော့အန် ဝမ်းလျှောဖြစ်ရသူတွေလည်း ရှိရာက အဖိတ်အစင်ပင် ရှိကြသည် ဆိုပါ၏။

ပြီးခဲ့သည့် လေး,ငါး,ခြောက်နှစ်က နွားထိုးကြီးနယ် မိုးခေါင်ပုံအကြောင်း အမေပန်းရုံ ပြောပြတာကို မအိမ်ကံ မမေ့နိုင်။ နွားထိုးနယ်မှာ ဝါစိုက်တောင်သူတွေ အများအပြားရှိသည်။ ထိုရွာတွေမှာ ပဲနှင့်ဝါကို အလှည့်ကျစိုက်ကြသူတွေ များပါသည်။ မိုးရေ တစ်ပေါက်မှရသည့် အတွက် မိုးမျှော်နေကြသူ တောင်သူတွေ ငတ်တုတ်ဒုက္ခရောက်ကြရပုံတွေ ပြောပြသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com

စပယ်ရိုင်းသီးကိုပင် ဖွေးပင်အမြစ် နုကလေးများ နုတ်နုတ်စင်းထည့်ကာ ရောပြုတ်စားခဲ့ကြရပုံ တွေလည်း ပါ၏။ အတိဒုက္ခရောက်ကြရသူတွေ မြို့တက်ပြီး မြို့အုပ်ကို အကူအညီတောင်းသည့် အခါ အင်္ဂလိပ်အရေးပိုင်က လမ်းဖောက်အလုပ်ခိုင်းပြီး လုပ်ခပေးရန် စီစဉ်ပေးသဖြင့် အသက်ရှင် ချောင်သွားရပုံလည်း ပါပါသည်။

"အမေရယ်...မအိမ်ကံတို့ရွာတွေလည်း အဲသလို နေကြမှာပဲ...မအိမ်ကံတို့ အိမ်မှာ တော့ အိုးကြီး အိုးငယ်တွေနဲ့ ချက်နေရသာ မီးမပြတ်ဘူးနော် အမေ"

"အမေတို့ရွာတွေမှာလည်း ဒုက္ခရောက်ကြရသာပါပဲသမီးရယ်...ဒါပေသိ မြေကို နှစ်နှစ် သုံးနှစ်လုပ်ပြီးမှ ပြောင်းကြ၊ ပဲကြ၊ နှမ်းကြ၊ ဝါစိုက်လုပ်ကြတော့ မြေဆီကောင်း လို့ အသီးအနှံ ရသင့်သလောက် ရသေးသာကိုး သမီးရဲ့...သမီး ဆယ်နှစ်သမီးလောက် သရောကြီးခိုင်းတုန်းက သမီးက ငယ်သေးသာကိုး...ဒါတွေ သမီး ဘယ်နားလည် နိုင်မှာလဲကွယ်"

မအိမ်ကံတို့ရွာတွေဘက်ကို မြို့အုပ်နှင့်အတူ အင်္ဂလိပ်ပုလိပ်များ ပါလာတတ်သည်။ အမတော်ငွေတွေ ပါလာကြသဖြင့် စောင့်ရှောက်ရန် လိုက်လာကြသူတွေ ဖြစ်ပါသည်။ မြို့အုပ် မြို့ပိုင်နှင့် ပုလိပ်တွေ ပါလာလျှင် ပိုက်ဆံတွေပါမှန်း သိကြသဖြင့် သူကြီးဖြစ်သူ အဖေ့ကို လာရောက်ကန်တော့ကြတာတွေ မအိမ်ကံ မြင်နေရသည်။ အမတော်ကြေးရဖို့ရော၊ ထောက်ခံ ပေးဖို့ပါ သူကြီးအပေါ်မှာ တည်သည်။ ထန်းရည်ရောင်းသူ၊ အရက်ရောင်းသူတွေကလည်း အဖေ့ကို ခြေသလုံးနှိပ်ပေးမတတ် ရှိသေကိုင်းညွှတ်တတ်ကြသည်။ ဆူးကပ်ကာ ကင်းစောင့်ရတာ တွေမှာလည်း ရွာသားတွေ ပါကြရသလို လှည်းတွေဆင့်တော့လည်း ပါကြရသည်။

"ငါကသာ ကိုယ့်ရွာသူရွာသားတွေ ဘုရားထူး မခံသာပါအေ...မြို့ရောက်တော့ ရုံးထဲ တွေ့သဲ့လူ ထူးလိုက်ရသဲ့ဘုရား အမြှုပ်ထွက်ကရော...အခန်းထဲဝင်တော့လည်း ဖိနပ်ချွတ်ရသေးသာ...ပြန်ထွက်တော့လည်း လက်အုပ်ချီပြီး နောက်ပြန်ဆုတ်ထွက် ရသာ...ကောင်းတော့ မကောင်းပါဘူးဟာ"

အမပေန်းရုံကို အဖေပြောခဲ့တဲ့စကားတွေကို မအိမ်ကံလည်း ကြားခဲ့ဖူးသည်။ အစ်ကို ပြောခဲ့ဖူးသည့် "အင်္ဂလိပ် မျက်နှာဖြူတွေကို တို့လူမျိုးက မဆီမဆိုင် သခင်ခေါ်နေရသာ မခံချင်လို့ ငါတို့ဗမာ ငါတို့လူမျိုးကသာ သခင်လို့ပြောသာ ကံကလေးရဲ့" ဆိုသည့်စကားကို ပြေးသတိရလိုက်မိပါ၏။ အဖေလို သူကြီးကိုယ်တိုင်က ဘုရားထူးရသတဲ့၊ လက်အုပ်ချီရသတဲ့။ မအိမ်ကံရင်ထဲ ဖျင်းခနဲ ဖြစ်သွားခဲ့ရသည်။

ညဘက် အိပ်ရာဝင်တော့လည်း ကျေးဥက သူတို့အိမ်ကအကြောင်းတွေ စကားရောက် သွားရာက ပြောပြတော့ မအိမ်ကံ အံ့သြရသည်။ ကျေးဥက သူ့အဖို့ မအိမ်ကံတို့အိမ်မှာ လာနေရသဖြင့် နေရ စားရတာ မကြောင့်ကြရသော်လည်း အိမ်ကမိသားစုတွေကတော့ နေဝင် မိုးချုပ်အထိ နေပူကျောပြောင် အလုပ်လုပ်ပါမှ ထမင်းတလုတ်တစ်ဆုပ် စားရတာတွေ ပြောပြ သည်။ ကျေးဥကို အခုမှ မအိမ်ကံ သဘောပေါက်ရတော့၏။

သည်ကနေ့မနက်စောစော မအိမ်ကံတို့အခင်းတွေ ပေါင်းပေါက်ရှိသဖြင့် အလုပ် သမားတွေ ကျွေးရန် မလှအုံက ဆီထမင်းတစ်ဒယ် ထိုးသည်။ ဆီထမင်း ကျက်လျှင်ကျက်ချင်း





ပင် မအိမ်ကံနှင့် ကျေးဥကို တစ်ပန်းကန် ထည့်ကျွေး၏၊ ကျေးဥက နွားချေးကျုံးနေရာက လက်ဆေး ထလာသည်။ မအိမ်ကံက ဆီထမင်း ကြိုက်လှသဖြင့် တစ်လုတ်ပြီးတစ်လုတ် စားနေ သော်လည်း ကျေးဥက မတို့ချင်သလို လုပ်နေတော့ မအိမ်ကံက စားလေ ကျေးဥရဲ့လို့ ပြောရသည်။ တိုက်ပန်းကန်နှင့်တစ်ချပ် အမောက်ထည့်ထားသည့် ဆီထမင်းဝါဝါနှင့် ပဲပြုတ် နှမ်းဆီဆမ်းက မွှေးလှသဖြင့် မအိမ်ကံ တော်တော်စားလိုက်သည်။ မအိမ်ကံက လက်သုတ် တော့မှ ကျေးဥက ဆီထမင်းကို နှိုက်သည်။

"မအိမ်ကံ...ဝပြီလား"

"ဝပေါ့...ညည်းသာ မကြိုက်သာ"

"ကြိုက်ပါသယ်အေရယ်...ငါက ညည်းဝရင် အိမ်က အမေနဲ့မောင်လေးကို သွား ကျွေးချင်လို့ပါ"

မအိမ်ကံ စိတ်မကောင်း ဖြစ်သွားရသည်။ ကျေးဥကို စိုက်ကြည့်နေမိ၏။ အပျိုဖျန်း ကလေးတွေချင်းအတူတူ ကျေးဥမှာ နွမ်းနွမ်းပါးပါးနှင့် သူတစ်ပါးအိမ်က အလုပ်ကိုသာ လုပ်နေရရှာသည်။ သူ့တစ်ဝမ်းတစ်ခါး စားရပြန်တော့လည်း စိတ်မဖြောင့်နိုင်ရှာ။ အိမ်ကို ယူသွားပါရစေတဲ့။ မအိမ်ကံက မီးဖိုချောင်ဘက်ကို ထသွားပြီး ဒယ်ပြကြီးထဲက ဆီထမင်းတွေကို ငှက်ပျောဖက်နှင့် ထုပ်လာခဲ့သည်။ သူတို့စားလက်စ ဆီထမင်းတွေပါ ထပ်ပေါင်းထည့်သည်။

"ကျေးဥ အိမ်ယူသွား...ညည်းမောင်လေးတွေကိုပါ သွားကျွေးချေ သွား သွား..."

"မအိမ်ကံရယ်...ငါက သည်အိမ်လည်း စားသေးသယ်...အိမ်လည်း ယူသွားသေး သယ်ဆိုတော့ ဒေါ်ကြီးပန်းရုံတို့ ဒွေးလှအုံတို့က ဆူနေပါဦးမယ်"

"ကျေးဥ ညည်းကို အမေပန်းရုံတို့က ပြောဖူးလို့လား...ငါပေးသာကို ယူသွား"

ကျေးဥက ဆီထမင်းထုပ်ကို မ,လိုက်တော့ မအိမ်ကံက ဖျင်လက်သုတ်ပဝါနှင့် လက်ချောင်းက ဆီတွေ သုတ်ရာက ငေါက်ခနဲ ထသည်။ မအိမ်ကံက မှန်ရှေ့မှာ ဝါးဘီးကလေး ဖြင့် ခေါင်းဖြီးလိုက်ပြီး ထဘီလတ်လတ် လောလောကလေးလဲလိုက်သည်။

"အမေ...မအိမ်ကံ ကျေးဥတို့အိမ် လိုက်သွားမလို့"

"အေး အေး...သွား...အကြာကြီးမနေနဲ့နော်"

"ဟုတ်ကဲ့ပါ အမေရဲ့"

ကျေးဥတို့အိမ်ကို မအိမ်ကံ မကြာခဏ ရောက်ဖူးပါသည်။ ကျေးဥအမေ အရီး ကြာညွှန့်ကို ရက်ကန်းခတ်ဖို့ အခေါ်လွှတ်လျှင် မအိမ်ကံပဲ သွားခေါ်ပေးရသည်။ သို့သော် သည်ဘက်ရက်တွေမှာ အမေပန်းရုံက မအိမ်ကံကို အပြင်သိပ်မလွှတ်တော့။ ကျေးဥတို့အိမ်မှ မဟုတ်၊ ဘယ်ကိုမှ မရောက်ရသလို ဖြစ်နေတာ ကြာပြီ။ သည်လိုရောက်နေကျဆိုသော်လည်း ကျေးဥတို့မိသားစု၏ စားဝတ်နေရေး အခြေအနေကို မအိမ်ကံ မစပ်စု၊ ခေါင်းထဲမရောက် တာလည်း ပါပါသည်။ ရွာထဲမှာ ကျေးဥတို့လို မိသားစုတွေ ဘယ်လောက်တောင် ရှိနေကြ သလဲ။ အရာရာပြည့်စုံသူ သူကြီးသမီး၊ မြေပိုင် ထန်းပိုင်သမီး မိန်းမချော မအိမ်ကံရင်ထဲ သနားစာနာတတ်ပါ၏။ သူနေတတ်သလို တည်တည်ကလေး နေတာကလွဲလျှင် မအိမ်ကံ၏ မျက်ဝန်းတွေထဲမှာ ကြင်နာမှုအငွေ့အသက်တွေ ရှိမြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျေးဥတို့ ဝိုင်းထဲရောက်တော့ အိမ်မှာ ဘယ်သူမှ မရှိ။ ခနော်နီခနော်နဲ့ ခြေတံရှည်အိမ်ကလေးကို တံခါးစေ့ထားသည်။ အခင်းတွေထဲ အလုပ်ဆင်းနေကြပုံပေါ်သည်။ အိမ်ဝိုင်းဆိုသော်လည်း တစ်ဝိုင်းနှင့်တစ်ဝိုင်း ခြံစည်းရိုးခတ်ထားတာမျိုး မရှိ။ ကျေးဥတို့ အိမ်စည်းရိုးမှာ သီးပင်ကြီးတစ်ပင်နှင့် လက်မောင်းလောက်တုတ်သော သနပ်ခါးပန်းပင်တစ်ပင်ရှိသည်။ သီးပွေးတွေထနေသော သီးပင်ကြီးအောက်မှာ ဝါးကွပ်ပျစ်နိမ့်ကလေးရှိ၏။ တစ်ဘက်ဝိုင်းဆီမှာ မီးခိုးတွေ အူနေသော ထင်းမီးဖိုကျင်းကို တွေ့ရသော်လည်း လူရိပ်လူယောင် မမြင်။

"မအိမ်ကံ…ညည်း သည်ကနေစောင့်…ငါ အခင်းထဲ ပြေးလိုက်ဦးမယ်"

"ငါပါ လိုက်မှာပေါ့ဟဲ့ ကျေးဥရဲ့"

"မလိုက်ပါနဲ့အေ…ငါက ပြေးမှာ…ချက်ချင်းပြန်လာခဲ့မယ် ခဏပါ"

ကျေးဥက မအိမ်ကံအဖြေကိုပင် မစောင့်ပါ။ ဆီထမင်းထုပ်ကြီး ပွေ့ကာ ချက်ချင်းပြေးလေသည်။ အိမ့်နောက်ဖေး ဝိုင်းကြိုဝိုင်းကြားက ပြေးသွားခြင်းဖြစ်၏။ ကျေးဥအဖြစ်ကိုကြည့်ရင်း မအိမ်ကံ ရယ်လည်းရယ်ချင်သည်။ စိတ်မကောင်းလည်း ဖြစ်ရသည်။ ရယ်ချင်တာက ကျေးဥ၏ အမူအရာကြောင့်ဖြစ်သည်။ စိတ်မကောင်းဖြစ်ရတာကတော့ မိသားစုအပေါ် အရွယ်နှင့်မမျှ သိတတ်မှုကြောင့် ဖြစ်ပါ၏။ ကျေးဥထွက်သွားတော့ မအိမ်ကံတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ကျေးဥတို့အိမ်အဝင်စည်းရိုးက ဝါးလုံးတန်းမှာ အရိုးကြာညွန့် ချည်ခင်တွေ ဆေးဆိုးပြီး အခင်လိုက် လှမ်းထားတာတွေ့သဖြင့် ကွပ်ပျစ်ပေါ်က ထကာ ချည်ခင်ကလေးတွေဆီ လျှောက်ခဲ့သည်။ အနက်၊ အနီ၊ အဝါ၊ အဖြူ၊ အစိမ်း။

ချည်ခင်ကလေးတွေ တန်းမှာလှမ်းထားတာ လှလိုက်တာ။ အရိုးကြာညွန့် ဘာများရက်မလို့ပါလိမ့်။ အရိုးကြာညွန့်က အခင်းအားချိန်မှာ ရက်ကန်းအငှားရက်သူဖြစ်သည်။ ဖောင်ချမ်းကုန်းရွာမှာ အရိုးကြာညွန့်၏ ရက်ကန်းလက်ရာကို မသိသူမရှိ။ ဘယ်အိမ်ကများ ချည်ခင်တွေ အပ်တာပါလိမ့်။ မအိမ်ကံက ချည်ခင်ကလေးတွေကို လက်ဖြင့်တို့ကာ ကြည့်နေချိန်မှာ အနားက ခေါ်လိုက်သံကြောင့် ဆတ်ခနဲပင် တုန်သွားမိသည်။

"အရိုးကြာညွန့်တို့ မရှိကြဘူးလားဗျာ"

ချည်ခင်တန်းတစ်ဘက်က လူကို ချည်ခင်ကွင်းရောင်စုံတွေကြားမှာ မြင်နေရသည်။ လူလုံးမကွဲသော်လည်း သူနှင့်မတိမ်းမယိမ်း လူငယ်တစ်ယောက်ဆိုတာတော့ မအိမ်ကံ သိသည်။ လူငယ်က အသံပြုရင်းဖြင့် အိမ်ဝိုင်းထဲ ဝင်လာပြီး သနပ်ခါးပင်ရိပ်မှာ မတ်တတ်ရပ်နေရင်းက မအိမ်ကံကို ကြည့်နေသည်။ အရိုးကြာညွန့်တို့ မရှိကြဘူးလားလို့ သူ့ကိုမေးနေမှန်း သိသော်လည်း မအိမ်ကံ ပြန်မဖြေဖြစ်ပါ။ ဘေးအိမ်ကို မအိမ်ကံ လှမ်းကြည့်လိုက်သော်လည်း မီးခိုးတွေ အူနေသော မီးဖိုကျင်းကလွဲ၍ လူသူလေးပါး မမြင်။ အသံဗလံဆိုလို့လည်း ခပ်လှမ်းလှမ်းစိုက်ခင်းတွေဆီက လူသံသဲ့သဲ့ကလွဲလျှင် ငှက်မြည်သံကိုပင် မကြားရ။ မအိမ်ကံက တစ်ခါပြန်ကြည့်တော့ လူငယ်က ပြုံးပြနေသည်။

"ကျေးဥဆီ လာသာလား မအိမ်ကံ…"

သူ့နာမည်ကိုခေါ်ပြီး မေးနေပါရောလား။ တစ်ရွာသားတော့ ဟုတ်ဟန်မတူပါ။ ဖောင်ချမ်းကုန်းရွာသားထဲက ဖြစ်မည်ထင်၏။ ချည်ခင်တွေဘက်ကို တစောင်းလှည့်ထားရာက မအိမ်ကံ ခေါင်းကလေးကို ငုံ့လိုက်တော့ ကျောက်ဖြူနားဆွဲကလေး လှုပ်ခါသွားသည်။



"ဟုတ်သယ်ရယ်…"

ကိုယ့်အိမ် ကိုယ့်ဝိုင်းထဲမှာမဟုတ်ဘဲ သူတစ်ပါးအိမ်ဝိုင်းထဲမှာ ယောကျ်ားကလေးတစ်ယောက်နှင့် နှစ်ယောက်တည်းရှိနေရသည့်အဖြစ်ကို မအိမ်ကံ သတိထားမိတော့ မလုံမလဲဖြစ်မိသည်။ ကျေးဥကလည်း အရေးထဲ ကြာလိုက်တာနော်။

"ကျေးဥတို့ ဘယ်သွားကြသာလဲ…ကြာဦးမလားမသိဘူး မအိမ်ကံ"

"ကျေးဥ အခင်းထဲ သွားသယ်…အခုပြန်လာတော့မှာပါ…မစောင့်ချင်လည်း မှာခဲ့လေ…မအိမ်ကံ ပြောလိုက်ပါ့မယ်"

"ကျုပ်ကလည်း စောင့်ရမှာပါ…အမေက အရိုးကြာညွန့်ကို အခေါ်ခိုင်းလိုက်လို့"

"ရက်ကန်းခတ်ခိုင်းဖို့လား"

"ဟုတ်ပါသယ်…ချည်ခင်တွေ ရပြီလားလို့ လာမေးသာ"

သည့်နောက်တော့ စကားစ,ကောက်မရကြသလို တိတ်ဆိတ်သွားပြန်လေ၏။ လူငယ်က မအိမ်ကံ မတ်တတ်ရပ်နေတာကို အားနာသွားဟန်တူသည်။ ကွပ်ပျစ်စွန်းတွင် ထိုင်နေရာက မတ်တတ်ထရပ်သည်။ သီးပင်ခြေမှာ ရှိနေသည့် ထန်းပလပ်ကုလားထိုင်ဘက်ကို လျှောက်သွားကာ ကုလားထိုင်ပေါ်က အဝတ်ဟောင်းတွေဖယ်ပြီး ထိုင်သည်။ မအိမ်ကံဘက် တည့်တည့်ကြီး ထိုင်မိလျက်သား ဖြစ်နေသည်။

"မအိမ်ကံ…ထိုင်လေ"

"ရပါသယ်"

"အစ်ကိုကြီးမြတ်သာ ပြန်သွားပြီလား"

"ပြန်သွားသာ ကြာပါပြီ…အစ်ကိုနဲ့ သိလို့လား"

"သိသာပေါ့ မအိမ်ကံ…ကျုပ်က ဖောင်ချမ်းကုန်းသားပဲဟာ…မအိမ်ကံ မမြင်လို့နေမှာ ကြည်တော်ကုန်း ဓာတ်စက်ပွဲတုန်းက ကျုပ် အစ်ကိုကြီးမြတ်သာနဲ့ အတူရှိနေသာ…မနက်မှ ရွာပြန်လာသာရယ်"

"သြော်…"

အစ်ကိုမြတ်သာနှင့် ခင်တယ်ဆိုတော့ အစ်ကိုလုပ်နေသည့် အလုပ်တွေထဲမှာ ပါနေသူများလား။ ကြည်တော်ကုန်းကို ညအိပ်ညနေ လာသည်ဆိုကတည်းက အစ်ကိုရှိသည့်နေရာကို လိုက်တာပဲဖြစ်ရမည်။ အစ်ကိုမောင်မြတ်သာနှင့် ရွယ်တူမဟုတ်သော်လည်း အစ်ကို့နောက်မှ သည်လိုလူငယ်တွေ တစ်ထွေးကြီး ပါလာတာကို မအိမ်ကံ ထိုညက တွေ့လိုက်ရသည်မဟုတ်လား။ ထိုညက အစ်ကို့တောက်ခေါက်သံကြောင့် မအိမ်ကံပင် ရင်တုန်သွားခဲ့ရသေးတာကော။

"အဲသည်ညက အစ်ကို့နောက်မှာတော့ တစ်အုပ်ကြီးတွေ့သား…မအိမ်ကံ အိပ်[illegible]ပင်တော့ အစ်ကို့တောက်ခေါက်သံတောင် ကြားလိုက်ရသေးရဲ့…"

"ကျုပ်တို့ကို တောက်ခေါက်သာ မဟုတ်ပါဘူးဗျာ…အင်္ဂလိပ်တွေကို တောက်ခေါက်သာပါ…အဲသည့်ညက ကျုပ်တို့ တစ်ညလုံး မအိပ်ကြဘူး…အစ်ကိုကြီးမြတ်သာ စကားတွေ နားထောင်နေခဲ့ကြသာရယ်"

ထိုစဉ်မှာပင် ကျေးဥ အမောတကော ပြန်ရောက်လာခဲ့သည်။ မအိမ်ကံနှင့် လူငယ်တစ်ယောက် စကားပြောနေတာတွေ့တော့ မအိမ်ကံက သူ့ကိုများ ဆူနေလေမလား တွေးမိသေး

www.burmeseclassic.com

၏။ အခုတင်ပဲ မအိမ်ကံကို တစ်ယောက်တည်း ထားခဲ့ရပါမလားလို့ အမေက သူ့ကို ဆူနေသေးသည်မဟုတ်လား။

"မအိမ်ကံရေ...ညည်းကိုထားခဲ့လို့ အမေက ငါ့ကိုဆူနေသာ...အိမ်မှာ နေစရာ ထိုင်စရာ မတင့်မတယ်နဲ့သဲ့...သာအောင် ရောက်နေသာလား"

"အေး...အမေက အရိုးကြာညွန့်ကို ချည်ခင်တွေရရင် ရက်ကန်းဝင်ဖို့ အပြောခိုင်းလိုက်လို့..."

"ချည်ခင်တွေက မနက်ဖြန်ဆိုရင် ရပြီ...ညနေ အမေ့ကို ကြီးတော်စံရွှေဆီ လွှတ်လိုက်မယ်လေ..."

"အေး အေး...ဆက်ဆက်ပြောလိုက်နော် ကျေးဥ...မအိမ်ကံ ကျုပ်ပြန်မယ်နော"

မအိမ်ကံကို နှုတ်ဆက်ရင်းက စိုက်ခနဲကြည့်လိုက်သော အကြည့်ကြောင့် မအိမ်ကံ ရင်ကလေးဖိုသွားမိသည်။ မအိမ်ကံ၏ မျက်နှာကလေးမှာ နေရောင်ထိုးထားသော ကျီးအာသီးမှည့်တစ်လုံးလို ရဲမှည့်သွားခဲ့ရပါ၏။ သည်လို သူစိမ်းယောကျ်ားပျိုကလေးတစ်ယောက်၏ အကြည့်စူးစူးကို မအိမ်ကံ အရင်က မကြုံဖူးခဲ့ပါ။ အသားညိုညို၊ မျက်ဝန်းနက်နက် ဘိုဆံတောက် ပါးပါးနှင့်ဆိုတော့ လူငယ်က လှပုံချောတစ်ယောက်ဖြစ်၏။ ဝတ်ပုံစားပုံကြည့်ရုံဖြင့် တောင်သူကြီး အရိုးအဆက်ထဲက ဖြစ်မည်ဟု မှန်းလို့ရသည်။ ထောင်လိုက်စင်း ရက်ကန်းကျပုဆိုးကို သပ်သပ်ရပ်ရပ်ဝတ်ထားသဖြင့် အရပ်ရှည်သလိုလိုတော့ရှိသား။ မအိမ်ကံက သူ့ကို နှုတ်ဆက်တာကို ကြောင်ကြည့်နေပြီးမှ "ဟုတ်ကဲ့" ဟု ဆိုလိုက်၏။

"သွားကြစို့ မအိမ်ကံ...ဒေါ်ကြီးပန်းရုံက ငါ့ကို ဝေါက်တော့မလားမသိဘူး"

"မဝေါက်ပါဘူးကျေးဥရယ်...မကြာလှသေးပါဘူး...ဒါထက် သူက ဘယ်သူတုံး ကျေးဥရဲ့"

"ဟောတော်...မအိမ်ကံ သိသယ်မှတ်သာ...အဲသာ ရွာတောင်ပိုင်းက ဦးကြီးသာဒွန်းနဲ့ ကြီးတော်စံရွှေတို့ သားအထွေးဆုံးလေ...မမဥ္စမ်းဖြူနဲ့ညားသယ့် ကိုကြီးသာမောင်ရဲ့ ညီအငယ်ဆုံး သာအောင်ရယ်"

"တစ်ရွာတည်းသားဆိုတော့ မြင်ဖူးသလိုလိုတော့ ရှိပါရဲ့...လူနဲ့နာမည်နဲ့ တွဲမသိသာ...ကဲ သွားကြစို့"

ကျေးဥက တစ်လမ်းလုံး သာအောင့်မိဘတွေအကြောင်း ပြောလာခဲ့သည်။ ငွေကြေး အချမ်းသာကြီး မဟုတ်သော်လည်း မြေပိုင်၊ ထန်းပိုင်၊ ဂုဏ်နှင့်ဒြပ်နှင့် နေထိုင်ကြသူများဟု ဆို၏။ သာမောင်၊ သာဆောင်၊ သာအောင် ညီအစ်ကိုသုံးယောက်စလုံးက မိဘစီးပွားကို တက်တက်စီး ဝင်လုပ်နိုင်ကြပြီဆိုတော့ ကြီးတော်စံရွှေက သားသုံးယောက်အားနှင့် မျက်နှာကို မော်ထားတော့တာ လည်း ပါသည်။ ရွာက ထွက်သည့် ပဲတွေ၊ နှမ်းတွေ၊ ဝါတွေကို ခိုင်ခံသိမ်းပြီး မြို့တက်ရောင်းကြတာ၊ ငပြေပေါင် ယာပေါင် အပေါင်အနှံများခံ၍ သီးနှံပေါ်ချိန် အတိုးဖြင့် သိမ်းတာတွေကိုလည်း ကျေးဥပြောမှ သိရတော့သည်။

သာအောင်တို့အဖေ ဦးကြီးသာဒွန်းနှင့် ကြီးတော်စံရွှေတို့ အကြောင်းပါတော



ကြီးတော်စံရွှေ မိဘများက သဘောမတူခဲ့ကြ။ ကြီးတော်စံရွှေတို့က ပစ္စည်းရှိသည်။ ဦးကြီး သာဒွန်းက လူရိုးကြီးဖြစ်ရုံမက လယ်ခင်း ကိုင်းခင်းမှာလည်း သုံးမဖြစ်တော့ သူရင်ငှား နှစ်ယောက် သုံးယောက်ထားကာ ကြီးတော်စံရွှေကပဲ ဦးစီးဦးဆောင်လုပ်ခဲ့သည်။ ကြီးတော်စံရွှေ ၏ အမွေအစကြောင့် မိဘက ပေးလိုက်သည့် လက်ငုပ်လက်ရင်း မြေနှစ်ကွက် သုံးကွက်ကနေ အခုတော့ မြေဆယ်ကွက်မက ရှိနေပြီ။ ဖယ်ကြီးတော့ ဒိုးငယ်၊ ဒိုးကြီးတော့ ဖယ်ငယ်ဆိုတာလို ဦးကြီးသာဒွန်း ရိုးသလောက်၊ လက်ကြောမတင်းသလောက် ကြီးတော်စံရွှေက ခေါင်းတိမောင်းတိ ရှိသည်။ သည်တော့ အိမ်မှာ ကြီးတော်စံရွှေ၏ဩဇာ ကြီးလာခဲ့သည်။ ကြီးတော်စံရွှေ၏စကား တည်လာခဲ့သည်။ ကျေးဥပြောတာတွေကို မအိမ်ကံ ပါးစပ်အဟောင်းသား နားထောင်နေသည်။

"သည်ကြားထဲက ဦးကြီးသာဒွန်းကို ပြောသေးသသဲ့...ကျုပ်မလဲ ဆန်ဖြူဆန်ကောင်း ထဲ မျက်သီးခတ်မိသလိုပဲ ပြုတ်ဆတ်ဆတ်နဲ့ပါတော်သဲ့...လင်မယားနှစ်ယောက်သာ ရန်းလိုက်ရင် ဇမ္ဗူပေါ် လူဇော်တောင်ဖြစ်သေးသဲ့...လူတွေက ဦးကြီးသာဒွန်းက ရိုးလှပါတော်...ရှာထားသဲ့ပစ္စည်း မဖြုန်းမတီးရှာပါဘူးပြောတော့ ကြီးတော်စံရွှေက ဆန်ကောမဟုတ် ဆန်ကာမဟုတ်ပါတော်လို့ ပြောသသဲ့...သည်လောက်ချမ်းသာ လာသာတောင် အားမရဘူး"

"နေပါဦး ကျေးဥရဲ့...ညည်းကို ဒါတွေ ဘယ်သူကပြောသာတုံး"

"ရွာထဲ ရပ်ထဲပြောနေကြသာပေါ့ မအိမ်ကံရဲ့...သည်လိုပဲ ကြားနေရသာ"

"အင်း...ပြောပါဦး"

ကျေးဥပြောသလောက်ဆိုလျှင် ကြီးတော်စံရွှေက ပိုက်ဆံမျက်နှာပဲ ကြည့်သည်ဆို၏။ ဆင်းရဲသူ ဆင်းရဲသားများအပေါ် အရင်းပေး၊ အတိုးချ။ မဆပ်နိုင်တော့ တိုးရင်းပေါင်းမှတ်ကာ အရင်းဖြစ်၊ ထိုအရင်းပေါ် အတိုးချ၊ မဆပ်နိုင်တော့ တိုးရင်းပေါင်းဖြစ်။ ထိုအခါ ဆင်းရဲသူ ဆင်းရဲသားတို့ခမျာ ရှိသည့်ပစ္စည်း လက်ရောက်ထိုးအပ်ရတော့သည်ဆို၏။ ဆပ်သည့်ကြားက အကြွေးမကျေသေးလျှင် တစ်ယောက်ယောက်ကို အိမ်ခေါ်ခိုင်းသည်။ ယောကျ်ားသားဆိုလျှင် သူရင်ငှားအလုပ်၊ မိန်းမသားဆိုလျှင် အိမ်အကူအလုပ်။ ပိုက်ဆံနှင့်တွက်၍ နှစ်ပေါက်သွားလုပ် ပေးကြရသည်။

သည်စကားတွေကို ကြားတော့ မအိမ်ကံ အံ့ဩမိရပါသည်။ သည်လိုလူတွေ ဖောင် ချမ်းကုန်းမှာ တကယ်ရှိနေတာလား။ သည်လို ရက်စက်မှုတွေကို ဆင်းရဲသူ ဆင်းရဲသားတွေ လည်း ကျောပိုး ရင်စီး ခံနေကြရရှာသတဲ့လား။

"ဟုတ်ရဲ့လား ကျေးဥရယ်...အဲသလိုလူတွေ ရွာမှာ တကယ်ရှိလို့လား...မအိမ်ကံဖြင့် ကြားရသာတောင် စိတ်မချမ်းသာလိုက်သာ..."

"မအိမ်ကံနယ်နော်...ပြောရကျုပ်လိုက်သာ...မအိမ်ကံက အိမ်ပေါ်မှာပဲနေတော့ ရပ်စကား ရွာစကား ဘယ်ကြားပါ့မလဲ...ငါတို့ဖြင့် ဓားနဲ့ဆား လဲရသာ ထပ်နေပေါ့... အမေ့ကို ရက်ကန်းခတ်ခေါ်သာချင်းတူလို့ ဒေါ်ကြီးပန်းရုံခေါ်သာနဲ့ ကြီးတော်စံရွှေ ခေါ်သာ မတူဘူး...သူတို့ဆီ ရက်ကန်းသွားခတ်ရင် ဘာမှမရခဲ့သဲ့အပြင် အကြွေး တောင် တင်ရသေးသာ"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို ကျေးဉ"

"ဒေါ်ကြီးပန်းရုံဆိုရင် ရက်ကန်းခတ်ခရော...အပြန် ဆန်ရော ပဲရော ကျုံးထည့်ပေးလိုက်သာချည်းပဲ...ကြီးတော်စံရွှေဆီ သွားခတ်ရင် လုပ်ခရယ်လို့ ပိုက်ဆံမပေးဘူးရယ်...ဆန်တစ်စိတ် ပေးလိုက်သာ...ရက်ကန်းခလည်း နှိမ်ပြီးသား...ဆန်လည်း ရောင်းပြီးသာ ဖြစ်ကရော..."

မအိမ်ကံ ခေါင်းကို ခါရမ်းလိုက်မိသည်။ ကျေးဉစကားတွေကို ကြာရတာ ယုံချင်စရာတောင် မရှိပါလား။

"သားတွေကကောဟယ်"

"သားတွေက မအေ ဘာပြောဝံ့မှာသဲ့တုံး...သားအကြီး ကိုသာမောင်က မမငွမ်းဖြူနဲ့ ရသယ်လေ မအိမ်ကံရဲ့...မမငွမ်းဖြူ ကွမ်းတောင်ကိုင်တောင် ကံကောင်းလို့ သူ့သားနဲ့ရသဲ့ပုံ လေသံလွှင့်သေးသာ...မမငွမ်းဖြူဆို အခု ကွမ်းတောင်ကိုင်လို မနွဲ့နိုင်တော့ဘူးဟဲ့...ကလေးတစ်ဖက်နဲ့ ပဲပိုးထိုး ရွေးနေရသာ"

"အိုဟယ်..."

ကွမ်းတောင်ကိုင်ဟောင်း မမငွမ်းဖြူတစ်ယောက် ဆန်ကောတစ်ချပ်နဲ့ ပဲပိုးထိုးရွေးရတဲ့ဘဝ ရောက်နေရသတဲ့လား။ အင်းလေ...မိန်းမသားဆိုတော့လည်း အိမ်ထောင်ရက်သား ကျသွားရင် အိမ်ထောင့်တာဝန် ဝိုင်းလုပ်ရမှာပေါ့။ အိမ်ထောင့်တာဝန်တွေ ထမ်းရွက်ရမှာပဲပေါ့။ ပဲပိုးထိုးရွေးရတာကို အောက်ကျသည်လို့ မအိမ်ကံ မမြင်ပါ။ သို့သော် ချွေးမချောကိုသော်မှ နင့်နင့်ပိုးပိုး ပြောရက်ဆိုရက်တာကို စိတ်မချမ်းသာ ဖြစ်ရပါသည်။

သည်အကြောင်းတွေက မအိမ်ကံ ညဘက် အိပ်ရာဝင်သည်အထိ အတွေးဆက်နေမိသည်။ ကျေးဉ အိပ်ပျော်သွားသော်လည်း မအိမ်ကံ အိပ်မပျော်နိုင်။ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ဘာပဲဖြစ်ဖြစ် ယောကျ်ားကလေးတစ်ယောက်၏ မျက်လုံးတွေကို မအိမ်ကံ ဦးဦးဖျားဖျား ကြုံခဲ့ရပြီ။ သူ့မျက်လုံးတွေက နဂါးတစ်ကောင်လို အစိုးအငွေ့တွေများ ပါနေရော့သလား။ မအိမ်ကံရင်ထဲ အုံအုံနွေးနွေးကြီး ခံစားရတာ ခုထိမပျောက်ချင်သေး။ သည်အသက်အရွယ်အထိ ယောကျ်ားကလေးတစ်ယောက်နှင့် နှစ်ယောက်တည်း နဖူးတွေ့ ဒူးတွေ့ မဆုံဖူးခဲ့လေတော့ သည်အဖြစ်က ထူးဆန်းနေသလိုလို ခံစားနေမိရပါ၏။ ပြီးတော့ အစ်ကိုမြတ်ဘကိုလည်း လေးစားပုံရသည်။ မအိမ်ကံကိုလည်း တလေးတစားရှိတာပဲမဟုတ်လား။

"မအိမ်ကံက အိမ်ပေါ်မှာချည်းနေတော့ ရွာစကား ရပ်စကား ဘယ်ကြားပါ့မလဲ" ဆိုသည့် ကျေးဉစကားက အမှန်ပဲဖြစ်သည်။ လောကထဲမှာ မအိမ်ကံ မသိသေးတာတွေ အများကြီးရှိသေးပါလား။ မအိမ်ကံ မခံစားဖူးသည့် ခံစားမှုတွေ ရှိသေးပါလား။ အတွေး တွေကြားကပင် မအိမ်ကံ မျက်လုံးကလေးတွေ စင်းလာရာက အိပ်ပျော်သွားခဲ့သည်။

■



သည်ကနေ့ အဖိတ်နေ့။ ၁၂၉၈ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်။ မနက်ဖြန် ဝါဆိုလပြည့်။

ဝါဆိုလပြည့်နေ့ဆိုလျှင် မအိမ်ကံတို့ရွာတွေမှာ ဝါဆိုပန်းကပ် လေ့ရှိသည်။ တစ်ရွာလုံးက ဘုန်းကြီးကျောင်းတွေ၊ စေတီဘုရား၊ ဆင်းတုဘုရားတွေမှာ ဝါဆိုပန်း ကပ်လှူကြမြဲဖြစ်၏။ ပွဲကြီးလမ်းကြီးရယ်မဟုတ်ဘဲ၊ အခါကြီးရက်ကြီးအနေဖြင့် ဘုန်းတော်ကြီးကျောင်းတွေကို ဝါဆိုမုန့်၊ ဝါဆိုဆွမ်း ချက်ပြုတ် ပေါင်းထုပ်ကာ ဆက်ကပ်လှူဒါန်းကြသည်။ မအိမ်ကံတို့လို အပျိုကလေးတွေက ရွာရိပ်ဝန်းကျင်က ပွင့်သမျှပန်းတွေကို လည်ရှူးကြရင်း ကိုယ့်အစုနှင့်ကိုယ် လှလှပပ ကျော့ကျော့ယဉ်ယဉ်ကလေး ဝတ်ဆင်ကာ ပန်း၊ ရေချမ်း၊ ဆီမီး သွားရောက်ပူဇော်ကြသည်။ သည်ကနေ့လိုညဆိုလျှင် မအိမ်ကံတို့အိမ်မှာ မုန့်ဖက်ထုပ်၊ မုန့်ဆီကြော်တွေ လုပ်ကြမှာဖြစ်သည်။

မအိမ်ကံက မနက်မိုးလင်း ပြုနေကျအတိုင်း မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး အိမ်အပေါ်ထပ် အပျိုခန်းထဲမှာ သနပ်ခါးရေကြိုကလေး လိမ်း၊ ဆံပင်ကို အုန်းဆီမွှေးကလေးလူးကာ ဆံထုံးကလေး ထုံးနေသည်။ မအိမ်ကံ ဆံပင်တွေ အုပ်လုံးသိမ်းလို့ရသွားခဲ့ပြီ။ နှစ်ပတ်သျှို ဆံထုံးပုံ့ပုံ့ကလေးကို ထုံးပြီး ညဦးကုံးထားသော မြတ်လေးပန်းကုံးကလေးကို ရစ်ပန်လိုက်၏။ အိမ်နေရင်းဝတ် ချည်ထည်ကန့်လန့်စင်းကလေးနှင့် ပင်ဝါ ရင်ဖုံးလက်စကအင်္ကျီကလေးကို ရိုးရိုးသာ ဝတ်ဆင်ထားပါ၏။ မျက်ခုံးမွေးထူထူပေါ်က သနပ်ခါးမှုန်တွေကို ဘီးဖြင့် ခြစ်နေတုန်း အိမ်အောက်ထပ်မှ မြင်းဟီသံတစ်ချက်ကြားလိုက်ရသဖြင့် ပြတင်းပေါက်က ငုံ့ကြည့်လိုက်သည်။ အဖေက သူ့မြင်းကြီးစိန်ပွင့်ကို ပါးချပ်ကြိုးတွေ တပ်နေတာ တွေ့နေရပါ၏။ အဖေက သူ့မြင်းကြီးကို အင်မတန်ချစ်ရှာပါသည်။ အဖေက လှည်းစီးခဲသည်။ ပစ္စည်းတင်စရာ ဝန်ပါလျှင် လှည်းစီးသည်ကလွဲ၍ တော်ရုံတန်ရုံ မြင်းကိုသာ စီးလေ့ရှိ၏။ မြင်းက ခရီးတွင်သည်။ လှည်းမောင်းသမား လူပိုခေါ်စရာမလို။ မြင်းနဲ့ဆိုတော့ ကြိုကြိုကြားကြား ရောက်နိုင်တာလည်း ပါပါ၏။

"အဖေ"

မအိမ်ကံ ခေါ်သံကြောင့် ဦးသာထန် မော့ကြည့်လိုက်သည်။

"ဟေဗျာ .ဟေဗျာ"

"အဖေတို့မလဲ အိမ်ကပ်သယ်မရှိဘူး...အခုက ဘယ်သွားမလို့တုံး"

"ကပ်နိုင်ပေါင်ဗျာ...ညည်းအမေရှိသားဟာကော..."

"အဖေ...မအိမ်ကံကို မြင်းစီးသင်ပေးစမ်းပါ့..."

"ဟေ...အေး ဟုတ်သယ်...ငါ့သမီးကို တစ်ရက် အဖေသင်ပေးရမယ်"

အဖေက သည်လိုဆိုလိုက်တော့ မအိမ်ကံ ကျေနပ်သွားပါ၏။ အဖေ့ကို မအိမ်ကံ ချစ်ပါသည်။ အဖေက သူ့အလုပ်လောက်သာ ဂရုစိုက်သူဖြစ်သော်လည်း မအိမ်ကံတို့တစ်တွေကို မပူမပင် မကြောင့်မကြ ထားရှာသည်။ မြို့အုပ် မြို့ပိုင်များနှင့် သင့်အောင် ပေါင်းတတ်သလို ရွာက ရွာသူရွာသားတွေအပေါ် အခွန်အတုပ် အဖိစီးလွတ်အောင် ခေါင်းခံရှာသူဖြစ်သည်။ သူ့ဘစ်ပါးအပေါ် မတရားပြုကျင့်တာမျိုး မရှိသော်လည်း သူကြီးဆိုသည့်ဂုဏ်ကိုတော့ အဖေ

www.burmeseclassic.com

www.burmeseclassic.com

မက်စက်သည်။ သည့်အတွက်လည်း အစိုးရပိုင်းကို တာဝန်ကျေချင်သလောက် ကျေနေသူသာ ဖြစ်၏။ အဖေ မြင်းကြီးနှင့်ထွက်သွားသည်အထိ မအိမ်ကံ ပြတင်းဝက ငေးကြည့်နေခဲ့သည်။

အဖေ ထွက်သွားပြီး သိပ်မကြာခင်မှာ အိမ်ရှေ့ကို လှည်းတစ်စီး လာရပ်သည်။ လှည်းသမားက လူနှစ်ယောက် ချသားခဲ့ပြီး မောင်းထွက်သွားတာကို မအိမ်ကံ လှမ်းကြည့်နေခဲ့၏။ ဘယ်သူဟွေများပါလိမ့်။ အဖေ မြင်းကြီးနှင့် ထွက်သွားကတည်းက ဝိုင်းတံခါး မပိတ်ရသေးတော့ ဧည့်သည်နှစ်ယောက်က ဝိုင်းတိုက်ထဲ တန်းဝင်လာခဲ့သည်။

"သူကြီးမင်း...သူကြီးကတော်တို့..."

နောက်ဖေးက မလှအုံ ပြေးထွက်လာသည်။

"ကြွကြွပါ...သူကြီးမင်းတော့ အနောက်တန်းဘက် သွားထင်ပါရဲ့...သူကြီးကတော် ရှိပါသယ်...ဩော် ဘယ်သူများမှတ်သယ်...ကိုထိန်တောက်ကိုး..."

မအိမ်ကံ ရယ်ချင်သွားသည်။ ဆရာလေး ကိုတောက်ထိန်ကို မလှအုံက ကိုထိန်တောက်တဲ့။ ဆရာလေးကတော့ မလှအုံကို ပြုံးလို့သာ ကြည့်နေသည်။ ဆရာလေး ကိုတောက်ထိန်က သူ့ထုံးစံ တိုက်ပုံအင်္ကျီကြေကြေကို ဝတ်ထားသည်။ အရိုးပေါ် အရေတင် ပိန်ပါးပါးဆိုတော့ လမ်းလျှောက်တိုင်း ကိုင်းကိုင်းကြီးဖြစ်နေ၏။ ဧည့်သည်တွေက အိမ်မကြီးဘက် ဆက်မသွားကြဘဲ အိမ်ရှေ့ သရက်ပင်အောက်မှာ ခင်းထားသော ဧည့်ခံစားပွဲမှာ ဝင်ထိုင်ကြသည်။ မအိမ်ကံ အိမ်ပေါ်က ဆင်းလာခဲ့သည်။ အမေပန်းရုံလည်း ထွက်လာခဲ့ပြီ။

"ဆရာလေးတို့ လာလည်ကြသာလား...ဘယ့်နှယ်တုံး ကျောင်းကော အဆင်ပြေရဲ့လား...ကျုပ်တို့လည်း မရောက်ရပါဘူး...ဝတ္တရားများ ပျက်ချက်တော့..."

"လာလည်ကြတယ် ပြောပါတော့ခင်ဗျာ...သည်ကနေ့ အဖိတ်နေ့ဆိုတော့ မနက်ဖြန် ကျောင်းပိတ်မှာနဲ့ ရက်တွက်ပြီး ထွက်လာကြတာပါ...လှည်းဆရာတော့ ရွာထဲဘက် မောင်းသွားတယ်...ခဏတစ်ဖြုတ်ပါပဲ"

"မဟုတ်သာ ဆရာလေးရယ်...သည်မှာ ထမင်းသုံးဆောင်ပြီးမှ ခရီးဆက်ကြပါ...ထမင်းဟင်းများတော့ တကူးတက မရှိပါဘူး...အရန်သင့်ပါသယ်"

မလှအုံက ဆရာလေးတို့အတွက် ရေနွေးပွဲ လာချသည်။ ဆရာလေး ကိုတောက်ထိန်က အမေပန်းရုံကို တိုက်ပုံထဲက စာတစ်စောင်ထုတ်ပေးသည်။ စာက တွန့်ကြေနေပြီ။ မနေ့တစ်နေ့ကပဲ စာရောက်လာကြောင်း၊ မိခင်နှင့် နှမလက်ထဲ ထည့်ဖို့ မှာလိုက်ကြောင်းတွေ ပြောပြသည်။ အမေပန်းရုံက စာကို မအိမ်ကံကို ကမ်းပေးပြီး "ဖတ်စမ်း သမီး" ဟု ဆိုသည်။ မအိမ်ကံက စာခေါက်ကလေးကို ဖြည်ကာ ဖတ်ပြလိုက်သည်။

'ကျေးဇူးရှင် အဖေ၊ အမေနှင့်တကွ နှမ ကံကလေးတို့ ကျန်းမာချမ်းသာကြပါစေလို့ အဝေးက ကျွန်တော် မေတ္တာပို့သပါသည်။

အကြောင်းမှာ ပြီးခဲ့သည့် တန်ခူး ကဆုန်ရက်များက ရွာကို ပြန်မလာနိုင်သည့်အတွက် အထူးစိတ်မကောင်းဖြစ်ရပါသည်။ ကျွန်တော်လည်း လာမယ့်တစ်နှစ် ကျောက်တက်ပြီးလျှင်တော့ ရွာကို အပြီးပြန်လာနိုင်ပါတော့မည်။



ကျွန်တော်များ၏ မိတ်ဆွေကြီး ကျောင်းဆရာ သခင်တောက်ထိန်ကိုလည်း အစွမ်းရှိသမျှ ကူညီကြပါရန်နှင့် အရေးအကြောင်းရှိပါက သူ့ကို ပင် ပြောဆိုတိုင်ပင်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ကျွန်တော်လည်း မြင်းခြံမြို့ကို တစ်ခေါက် လာရောက်ရန် အကြောင်းပေါ်လျက်ရှိပါသည်။ မြင်းခြံမြို့တွင် တို့ဗမာအစည်းအရုံး ညီလာခံကို ဝါဆိုလဆန်း ၁၀ ရက်တွင် ကျင်းပရန် ရှိသည့်အတွက် ဖြစ်ပါသည်။ မြင်းခြံကိစ္စပြီးလျှင် ရွာကို လာကောင်းလာပါမည်။ အဖေ့ကိုတော့ နှုတ်မှ အသိပေးပါရန် မေတ္တာရပ်ခံပါသည်။

သခင်မျိုးဟော့ တို့ဗမာ
သား မောင်မြတ်သာ'

မအိမ်ကံက စာရွက်ကလေးကို ခေါက်ရင်းက အစ်ကိုမောင်မြတ်သာကို သတိရနေမိသည်။ အစ်ကို့စာက ခါတိုင်းစာတွေလိုမဟုတ်ဘဲ သခင်မျိုးဟော့ တို့ဗမာသံတွေ ညံနေသည် ထင်မိသည်။ ကျောင်းဆရာ သခင်တောက်ထိန် ပြောနေသည့်စကားတွေကို ကြိုးစားပြီး နားထောင်နေရသည်။ စာက ရက်အတော်ညောင်းမှ ရောက်လာခြင်းဖြစ်သည်။ စာထဲမှာ မြင်းခြံ တို့ဗမာအစည်းအရုံးညီလာခံက လဆန်းဆယ်ရက်နေ့ဆိုတော့ ကနေ့ပဲ လဆန်းဆယ့်လေးရက်ရှိနေပြီ။ အစ်ကို ရွာလာမည်ဆိုလျှင် ရောက်ဖို့တောင် ကောင်းနေပြီမဟုတ်လား။

"ကျုပ်တို့လည်း ကိုယ့်သား ဘာတွေလုပ်လို့ လုပ်နေမှန်း မသိပါဘူး...ဒါပေသိ သူလည်း အရွယ်ရောက်နေသဲ့ ပညာတတ်တစ်ယောက်ပေပဲလို့ ဖြေရပါသယ်...သူ့ဖအေကတော့ ဒါတွေ မကြိုက်ချင်ဘူး ဆရာလေးရဲ့...နို့ နေပါဦး...တို့ဗမာ အစည်းအရုံး ညီလာခံဆိုသာ ဘာလုပ်ကြသာတုံး"

"တို့ဗမာအစည်းအရုံး ညီလာခံက မနှစ်က တပေါင်းလထဲ ရေနံချောင်းမှာ ကျင်းပခဲ့ပါသေးတယ်...အခု ဒုတိယအကြိမ်က မြင်းခြံမှာ ကျင်းပတာပါ...တို့ဗမာ သခင်လူကြီးတွေလည်း ပါကြပါတယ်...ရည်ရွယ်ချက်ကတော့ အင်္ဂလိပ်ဆန့်ကျင်ရေးနဲ့ လုံးဝ လွတ်လပ်ရေးရည်မှန်းချက်ပါပဲ...ကိုယ့်တိုင်းပြည်မှာ ကျွန်တော်တို့လူမျိုး တွေသာ အရှင်သခင်ဖြစ်တယ်ဆိုတဲ့ ခံယူချက်နဲ့ အချင်းချင်း သခင်တပ် ခေါ်ကြတယ်...တို့ဗမာအစည်းအရုံးဝင် သခင်တွေ အစည်းအဝေးလုပ်ကြတာပေါ့ သူကြီးကတော်ရယ်"

"တို့ဗမာ အစည်းအရုံးမှာ မိန်းမတွေကော ပါသလား ဆရာလေး"

မအိမ်ကံက စိတ်ဝင်တစားမေးလိုက်တော့ ဆရာလေး ကိုတောက်ထိန်က ပြုံးသည်။ မအိမ်ကံကိုလည်း တလေးတစားကြည့်သည်။

"မိန်းမတွေလည်း ပါတာပေါ့ မအိမ်ကံ...အမျိုးသမီးတွေကျတော့ သခင်မ ခေါ်တယ်...သခင်မ မပန်းရုံ...သခင်မ မအိမ်ကံ အဲသလိုပေါ့..."

အမေပန်းရုံကော မအိမ်ကံပါ ပြုံးလိုက်ကြသည်။ သခင်မ မအိမ်ကံ...။ သခင်မ

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံ...။ ကိုယ့်တိုင်းပြည်မှာ ကိုယ်သာ အရှင်သခင်။ ဆရာလေး ကိုတောက်ထိန်၏ စကားသံက မအိမ်ကံနားထဲမှာ ပဲ့တင်ကြီး ရိုက်လျက်ရှိသည်။

"မြင်းခြံညီလာခံမှာ သခင်လေးမောင်တို့...သခင်ညီတို့...သခင်ထွန်းအုပ်တို့... သခင်ဗစိန်တို့...သခင်အောင်ဆန်းတို့ အပါအဝင် ကိုယ်စားလှယ်နှစ်ရာကျော်လောက် တက်ကြတာပါ...အမှုဆောင်အဖွဲ့ ဆယ့်တစ်ယောက် ရွေးကြတယ်...ကျွန်တော်တော့ မရောက်ပါဘူး...သခင်ကြည် သွားတက်လို့ သိရတာပါ"

"သည်လိုလုပ်တော့ အင်္ဂလိပ်အစိုးရမင်းက ကြိုက်ကဲ့လား"

"ဘယ်ကြိုက်ပါ့မလဲ သူကြီးကတော်ရယ်...အင်္ဂလိပ်စစ်ပုလိပ်တွေ မြင်းခြံမှာ ခြေရှုပ် နေကြရောပေါ့...သို့သော် တို့ဗမာအစည်းအရုံးကတော့ ဆက်လုပ်ကြမှာပါပဲ"

စကားပြောနေရာက ဆရာလေး ကိုတောက်ထိန်သည် တိုက်ပုံထဲက ပရုတ်ဆီဘူးကို နှိုက်ယူပြီး တကော် ကော်ယူကာ ဇက်ကြောတွေကို ပွတ်သည်။ နှာခေါင်းဝကို တရှုတ်ရှုတ် ပွတ်သည်။ ဆရာလေး ကိုတောက်ထိန် ငြင်းနေသည့်ကြားက မလှအုံက ထမင်းခူးခပ် ကျွေးသည်။ အဖေ ဦးသာထန် မရှိတာလည်း ခပ်ကောင်းကောင်းပင်။ အဖေရှိလျှင် ဆရာလေး ကိုတောက်ထိန် အပြောရခက်နေလိမ့်မည်။ ဆရာလေးနှင့် ပါလာသူက စကားတစ်ခွန်းမှ မပြောသော်လည်း ဆရာလေးတပည့်ရင်း ဖြစ်ပုံရ၏။ ထမင်းစားသောက်ပြီးကြတော့ ဆရာလေး နှင့် ဧည့်သည်တို့ နှစ်ယောက်တည်း လှည်းစောင့်ရင်း စကားတွေ ပြောနေခဲ့ကြသည်။

အမေပန်းရုံက ဆရာလေးအတွက် ရက်ကန်းကျ ပုဆိုးတစ်ထည်၊ ပင်နီတိုက်ပုံ တစ်ဝတ်စာနှင့် စားဖွယ်သောက်ဖွယ်များ တောင်းနှင့်တစ်လုံး လက်ဆောင်ပေးသည်။ လှည်း ရောက်လာတော့ ဆရာလေးကို မအိမ်ကံတို့ အိမ်ဝင်းအဝအထိ လိုက်ပို့ရင်း နှုတ်ဆက်ကြသည်။ ဆရာလေးက မအိမ်ကံဘက်ကို လှည့်ပြီး ပြုံးပြုံးကြီးနှုတ်ဆက်သည်။

"သခင်မ မအိမ်ကံ ဆရာလေးတို့ သွားမယ်နော်"

"တော်...ဟင် ဟုတ်ကဲ့...ဟုတ်ကဲ့..."

ဆရာလေး နှုတ်ဆက်စကားကြောင့် မအိမ်ကံ ကြောင်သွားပြီးမှ ပြုံးချင်လာမိ၏။ ထိုစဉ်မှာပင်...ဝိုင်းတံခါးဝကို မြင်းတစ်စီးနှင့် လူတစ်ယောက် ပေါ်လာခဲ့သည်။ မအိမ်ကံတို့ ဝိုင်းဝမှာ လူတွေတစ်ပြုံကြီး ဆုံမိကြသလို ဖြစ်သွားသည်။ ရုတ်တရက် ဦးသာထန်များပြန်ရောက် လာလေသလား ထင်လိုက်ကြသေး၏။ ကြည်တော်ကုန်းရွာက ဆေးဆရာ ဆရာကြည်။ သခင်ကြည်...။ သခင်ကြည်က မြင်းပေါ်က ဆင်းပြီး မြင်းဇက်ကြိုးကို ကိုင်ထားရင်းက ချိတုံချတုံဖြစ်နေသည်။ ခြံအတွင်းဘက်ကိုလည်း လှမ်းကြည့်သည်။ ဆရာလေး ကိုတောက်ထိန် တို့ လှည်းကလည်း ထွက်မဖြစ်သေးဘဲ တောင့်ထားရတော့သည်။

"သခင်ကြည်...ဘာများပါလိမ့်"

"သူကြီးမင်း ရှိသလား..."

"မရှိဘူးခင်ဗျ"

"တော်ပါသေးရဲ့...မပြောမပြီး မတီးမမြည်ပဲဗျို့...အခုပဲ ရွာကို လူကြုံရောက်လာ သယ်...မြင်းခြံ တို့ဗမာအစည်းအရုံးပြီးသဲ့ရက်မှာ သခင်တွေ တော်တော်အဖမ်းခံရ



သယ်...ကျုပ်ကြားရသလောက် သခင်သန်းပါသယ်...သခင်ဗစိန်ပါသယ်...သခင်ညီ ပါသယ်...သခင်အောင်ဆန်း ပါသယ်...သခင်ထွန်းမြင့် ပါသယ်..."

အားလုံး ငြိမ်သွားကြသည်။ နွားရုန်းလိုက်သဖြင့် လှည်းသမား၏ စုတ်သတ်သံ တကျွတ်ကျွတ်ကလွဲလျှင် အားလုံး တောင့်တောင့်ကြီးတွေ ဖြစ်သွားကြသည်။ သခင်ကြည်က တအောင့်ကြာမှ စကားဆက်သည်။

"သူကြီးကတော် စိတ်ထိန်းပါဗျာ...သခင်မြတ်သာလည်း အဖမ်းခံရသယ်..."

■

www.burmeseclassic.com

## (၁၃)

တပို့တွဲလဆုတ်ရက်များ၏ ရွာညသည် ပိန်းပိန်းကြီး မှောင်မည်းနေသည်။ မအိမ်ကံက ကောင်းကင်ရောင်ဖြင့် မြင်ရသော သစ်ပင်ရိပ်မည်းမည်းကြီးတွေကို ဘာရယ်မဟုတ်ဘဲ ငေးနေမိ၏။ သည်ကနေ့ လပြည့်ကျော် ၁၁ ရက်။ မနက်ဖြန်ဆို ၁၂ ရက်။ အတိအကျ ပြောရလျှင် မနက်ဖြန် ၁၃၀၀ ပြည့်နှစ် တပို့တွဲလဆုတ် ၁၂ ရက်။ မအိမ်ကံ ၁၈ နှစ်ပြည့် မွေးနေ့။ မအိမ်ကံ ၁၈ နှစ်ပြည့်သွားတာ မြန်လွန်းလှသည်ဟု ထင်နေမိ၏။ လွန်ခဲ့သော ၁၈ နှစ်က သည်လို မှောင်ကြီးမည်းမည်း ညတစ်ညမှာ သူ့ကို မွေးခဲ့သည်။ တပို့တွဲလဆိုတော့ လက်တွေ ခြေတွေ ထုံခဲအောင် အေးစက်သော သည်လိုညမျိုးပဲ ဖြစ်လိမ့်မည်။

"မအိမ်ကံ…မီးထွန်းလိုက်မယ်လေ…ပြတင်းပေါက်က လေတွေ စွတ်နေသာ မအေးသဲ့အတိုင်းပဲ…ဖျားနေပါဦးမယ် မအိမ်ကံရယ်…မနက်ဖြန် ဆွမ်းကပ်မှာ နှာစေးနေလိမ့်မယ်"

ကျေးဥဆီက အသံကြားရခြင်းဖြစ်သည်။ ဟုတ်တော့ဟုတ်ပါ၏။ တပို့တွဲလ ဆောင်းလေက အေးစက်လွန်းလှပါသည်။ သည်အအေးဓာတ် လေထဲမှာ ဆပ်သွားဖူးနံ့တွေ သင်းသင်းကလေး ပါနေတာကိုပါ ခံစားရသည်။ မအိမ်ကံကို မွေးသည့်ညက နှစ်ပေါင်းများစွာ အပွင့်မပြဘဲ မြုံနေခဲ့သည့် ဆပ်သွားဖူးရုံကြီး အနံ့တသင်းသင်း အပွင့်တွေ ပြလာခဲ့သည်။ တစ်ဆောင်းတွင်းလုံး ရေမရှိခဲ့သော ရွာဦးကျောင်းရိပ်က သောက်ရေကန်ကြီးသည်လည်း အခါမဲ့မိုးရေကြောင့် ပြည့်လျှံသွားခဲ့သည်။ သည်အဖြစ်တွေက မလှအုံပြောသလို အတိတ်နိမိတ်တွေများလား။ မလှအုံက မအိမ်ကံ မွေးဖွားသည့်ညကအကြောင်းတွေ ပြန်ပြောပြတိုင်း ရင်ကလေးဖိုခဲ့ရသည်ချည်း ဖြစ်ပါသည်။ အခုလည်း ဆပ်သွားဖူး ပန်းနံ့တွေ ညဦးကတည်းက မွှေးနေခဲ့သည်။

"အတိတ်နိမိတ်ဆိုသာ မအိမ်ကံသိသလိုလိုတော့ ရှိပါရဲ့…ဘာကိုပြောသာလဲ မလှအုံ"

တစ်ခါက သည်စကားတွေပြောဖြစ်ကြတုန်း မအိမ်ကံ မလှအုံကို မေးခဲ့ခြင်းဖြစ်သည်။ မလှအုံက မအိမ်ကံအမေးကို ခပ်ဝါးဝါးပဲဖြေသည်။ လွန်ခဲ့သည့် သုံးလေးနှစ်က ထင်ပါရဲ့။

"မအိမ်ကံရယ်…အတိတ်နိမိတ်ဆိုသာ အတိတ်နိမိတ်ပေါ့အေ…ညည်းနှယ် ရှင်းပြီးသားဟာကို ရှုပ်အောင်လုပ် မေးရော့မယ်"



"မသိလို့ပါ မလှအုံရဲ့… ပြောပြစမ်းပါ"

"သေချာတော့ ပြောတတ်ပေါင်အေ…အဖေတို့ရွတ်ခဲ့သာများတော့ မှတ်ယူ ကြောင်းဟိတ်၊ ပြည့်နိမိတ်နှင့်၊ အတိတ်ဘဝေါ၊ နတ်ပြောပြဆောင်၊ တဘောင်စနည်း ဆိုသာတွေ ရှိသယ်သဲ့ တစ်ခုခုဖြစ်လာမယ်တော့မယ်ဆိုသာကို ကြိုတင်ပြသဲ့သဘောနေမှာပေါ့အေ"

"မလှအုံကလည်း မရှင်းလိုက်သာတော်"

"မရှင်းလည်း ဆရာတော် ဦးပဏ္ဍိလာမှ မေးအေ…ညည်းနှယ် မသိပါဘူးဆိုကာမှ…"

အခုတော့ မနက်ဖြန်ဆိုလျှင်ပင် မအိမ်ကံ အသက် ၁၈ နှစ် ပြည့်တော့မည်။ သူ့မဘဝမှာ ဘာမှတော့ ထူးထူးခြားခြားဖြစ်ခဲ့တာမရှိ။ သူ့မဘဝမှာ ဂုဏ်သတင်းကောင်းဖြင့် တင့်တောင်းတင့်တယ် နေခဲ့ရသည်။ မိဂုဏ်ဘဂုဏ် ကြီးခဲ့သည်။ ဆွေဂုဏ်မျိုးဂုဏ် မြင့်ခဲ့သည်။ ဒါကို ထူးခြားသည်ဟုဆိုလျှင်လည်း ဖြစ်နိုင်ပါ၏။

မအိမ်ကံငယ်ငယ်က အိပ်မက်တွေ မကြာခဏမက်ခဲ့တာကိုလည်း မှတ်မိနေခဲ့ပါ၏။ အိပ်မက်တွေထဲမှာ သူမ မမြင်ဖူး မရောက်ခဲ့ဖူးသော တောင်ကုန်းကြီးတွေ၊ ရင်ကွဲဇရပ်တွေ၊ တောင်ပေါ် စေတီကလေးနှင့် သီးပင်တော၊ သနပ်ခါးပင်တောတွေလည်း ပါသည်။ ဒါတွေကကော အတိတ်နိမိတ်တွေပဲလား။ အိပ်မက်တွေဟာ တကယ်ဖြစ်လာတတ်သလား။ ဒါလည်း မအိမ်ကံ မသိပါ။ သည်ဘက်နှစ်တွေမှာတော့ အိပ်မက်မမက်တာ ကြာပြန်ပြီ။ ကျောက်ကလပ်ပေါ်မှာ တင်ထားသည့် ဖက်စိမ်းကွမ်းတောင်ကြီးကို အိပ်မက်မက်ခဲ့ဖူးတာ မအိမ်ကံ မမေ့နိုင်သေး။

"မအိမ်ကံ မီးထွန်းပေးရမလားလို့ "

"နေပစေ ကျေးဥရယ်…မှောင်မည်းနေသာကို ငါ တမင်ကြည့်နေသာ…မအိမ်ကံ မွေးသဲ့ညက သည်လိုပဲ မှောင်ပိန်းနေမှာပဲနော် ကျေးဥ…ငါ အဲသာကို စဉ်းစားကြည့်နေသာ"

"မကြားကောင်း မကြားသာ မအိမ်ကံရယ်…မှောင်မည်းနေသာကိုများ ထိုင်ကြည့်နေရသယ်လို့"

"မှောင်တာကလည်း တစ်မျိုးကြည့်လို့ကောင်းသာပါပဲ ကျေးဥရယ်…သစ်ပင်မည်းမည်းကြီးတွေ အမှောင်ထဲမှာ မတ်တတ်အိပ်နေကြသလိုပဲ…ပဲမှော်တိုက်ကြီးကလည်း မှောင်ကြီးထဲမှာ ပုဆစ်တုပ်ပြီး ထိုင်နေသလိုပဲ…ကျေးဥ လာကြည့်စမ်း…ပဲမှော်တိုက်ခေါင်ပေါ်မှာ ငှက်ကြီးတစ်ကောင်…ဘာငှက်လဲ မသိဘူးနော်"

ကျေးဥက အဝတ်တွေ ခေါက်နေရာက ထလာခဲ့ကာ ပြတင်းဝမှတစ်ဆင့် လှမ်းမြင်နေရသော ပဲမှော်တိုက်ကို မျှော်ကြည့်လိုက်သည်။ ဟုတ်ပါရဲ့…။ ငှက်ကြီးတစ်ကောင် ခေါင်ပေါ်မှာ နားနေတာ ကောင်းကင်အလင်းရိပ် နောက်ခံဖြင့် မြင်နေရသည်။ ငှက်ကြီးက မလှုပ်မယှက်။ ညကြီးဆိုတော့ ဇီးကွက်လား၊ လင်းဝက်လား၊ လင်ကောင်ပိုးလား။ တစ်တီတူးကတော့ သည်လောက် မကြီးနိုင်။ မအိမ်ကံရော ကျေးဥပါ ငှက်ကြီးကို လှမ်းကြည့်နေသလို ငှက်ကြီးကလည်း သူတို့နှစ်ယောက်ကို စိုက်ကြည့်နေသလို ထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"မအိမ်ကံ...ပြတင်းပေါက် ပိတ်လိုက်တော့ တော်ကြာ ငှက်ဆိုးဖြစ်နေပါ့မယ်အေ... ငှက်ဆိုးဆိုသာ ထိုးလိုက်ရင် နိမိတ်မကောင်းဘူးသဲ့"

"နိမိတ်ဆိုသာ ဘာလဲ ကျေးဥ"

"နိမိတ်ပါဆိုမှ မအိမ်ကံရယ်...နိမိတ်ပေါ့အေ"

ကျေးဥအဖြေကြောင့် မအိမ်ကံ ပြုံးမိသည်။ ဆောင်းလေကလေး စွတ်လာသော ပြတင်းပေါက်ကို မအိမ်ကံ ပိတ်လိုက်သည်။ ပြတင်းပေါက် မပိတ်ခင်ကလေးမှာ မအိမ်ကံ မျက်လုံးတွေက ပဲမှော်တိုက် ခေါင်လျှောက်ကို လှမ်းကြည့်ဖြစ်အောင် ကြည့်လိုက်မိသေးသည်။ တစ်ချိန်လုံး နားနေသည့် ငှက်ကြီးက အတောင်ကိုဖြန့်လိုက်ပြီး မအိမ်ကံရှိရာဘက်ကို ထပျံရန် အားယူလိုက်တာကို မြင်လိုက်ရသည်။ မအိမ်ကံက ပြတင်းပေါက်ကို ကမန်းကတန်း ချက်ထိုးလိုက်သည်။ ရေတကောင်းထဲက ရေကို ခွက်ပြည့်ငှဲ့ကာ အားရပါးရ သောက်ချလိုက်သည်။ ဆောင်းတွင်းရေဆိုတော့ အသည်းတွေပင် ကျင်သွားသလား မှတ်ရ၏။ ကျေးဥက မှန်အိမ်ကလေးထွန်းလိုက်တော့ အခန်းထဲမှာ အလင်းပြန့်သွားလေသည်။ မအိမ်ကံ မအိပ်ချင်သေးပါ။ လက်ကလေးတွေကို ဆုပ်နယ်ရင်း အတွေးတွေ ဝင်နေမိသည်။

"အအေးထဲ ရပ်သာ များသွားသလားမသိပါဘူး ကျေးဥရယ်...လူကို ထုံခဲ့သွားသာပဲ...မနက်ဖြန်ဆို မအိမ်ကံ ဆယ့်ရှစ်နှစ်ပြည့်ပြီ...ဆယ့်ရှစ်နှစ်လုံးလုံး သည်အိမ် သည်ဝိုင်းတိုက်ထဲ သည်အဖေ သည်အမေ သည်ဆွေမျိုးတွေနဲ့ နေခဲ့ရလို့လားတော့ မသိပေါင်အေရယ်...ငါတော့ ဘာမှ မကြာလိုက်သလိုပဲ"

ကျေးဥက အဝတ်တွေ ခေါက်ပြီးတော့ နေ့လယ်က ဖွပ်လျှော်ထားသည့် ခေါင်းအုံးစွပ်တွေကို ယူကာ တစ်လုံးချင်းစွတ်ရာက မအိမ်ကံကို ကြည့်လိုက်သည်။ မအိမ်ကံပြောတော့လည်း ပြောစရာပင်။ မအိမ်ကံနှင့် မတိမ်းမယိမ်း ကျေးဥကိုယ်တိုင်သည်ပင် အုပ်လုံးဖားဖား လူပုံထွားထွား ဖြစ်နေပြီ။ အလုပ်ကြမ်း လုပ်ရရှာသော တောသူမိန်းကလေးပီပီ အစားသန်သန် အသွားသန်သန်ထဲကဆိုတော့ မျက်နှာ အဆီပြန်မှာ သနပ်ခါး မကပ်ချင်။ မအိမ်ကံကတော့ ဘဝပေးကုသိုလ်ကောင်းလှပါ၏။ မြင်ရသူတိုင်းက ငေးရသော အလှပဂေးဖြစ်၏။ သည့်အတွက်တော့ မအိမ်ကံကို ကျေးဥအနေနှင့် အလှချင်းရော ဘဝချင်းပါ ဘယ်တုံးကမှ ယှဉ်ခဲ့တာမရှိ။ မအိမ်ကံ၏အလှကို တစ်ရွာလုံးက အသိအမှတ်ပြုကြသလို ကျေးဥကလည်း အသိအမှတ်ပြုခဲ့ရှာသူသာဖြစ်သည်။ မအိမ်ကံနှင့် ကြမ်းတစ်ပြေးတည်း အိပ်ခွင့်ရနေတာကိုပင် ဝမ်းသာရသူဖြစ်ပါ၏။

သို့သော် မအိမ်ကံ၏ဘဝမှာ တစ်စုံတစ်ရာသော အာသာဆန္ဒသည် ဘယ်တော့မှ ပြည့်ဝနိုင်စရာမရှိ ဆိုသည့်အချက်ကို သိထားသူပီပီ တစ်ခါတစ်ခါ မအိမ်ကံ၏အလှကို မြင်ရတိုင်း ကျေးဥ ရင်နာမိရသည်။ သည်စကားကို အမေကိုယ်တိုင် ကျေးဥကို ပြောခဲ့ခြင်း ဖြစ်သည်။ ငယ်ငယ်တုန်းက ပြောခဲ့တာမဟုတ်။ မနေ့တစ်နေ့ကမှ လူသူလေးပါးကင်းသော တောထဲမှာ ခရမ်းချဉ်ဆွတ်ရင်း ပြောပြခြင်းဖြစ်၏။ သည်စကားကြားတော့ ကျေးဥ မျက်ရည် ကျခဲ့ရသည်။



"ညည်း သည်စကားကို ယောင်လို့မှ မထွက်လိုက်နဲ့နော် ကျေးဥ...ညည်း အရွယ်ရောက်လာလို့ အမေပြောသာ...မအိမ်ကံခမျာ ကျောက်ကောင်းများ အမျက်ကလေး တစ်ချက် ပါတတ်သလိုပေါ့အေ...အရာရာ ပြည့်စုံလေခြင်းလို့တော့ ဘယ်ရှိနိုင်ပါ့မလဲ"

အမေကိုယ်တိုင်က ကျေးဥကို ပိတ်ထားသောစကားဆိုသော်လည်း မအိမ်ကံကို ပြန်ပြောပြချင်လိုက်တာ အူတွေများ ယားလို့။ သို့သော် အရာရာကို ကျေးဥ နားလည်ပါသည်။ ဘဝကပဲ သူမကို ဘယ်လိုနေရထိုင်ရမည်ဆိုတာ သတ်မှတ်ပေးထားပြီးသားမဟုတ်လား။ သူ့နှုတ်ကသာ သည်စကားထွက်လိုက်လို့ကတော့ မိုးကောင်းကင် မီးဟပ်ဖို့သာ ရှိတော့မည်။

"မနက်ဖြန်ဆိုရင် မအိမ်ကံ ဆယ့်ရှစ်နှစ်ပြည့်ပြီ...ကွမ်းတောင်ကိုင်စာရင်းဝင်ပြီ...သည်အရွယ်ရောက်အောင် ငါဖြင့် စောင့်လိုက်ရသာ ကျေးဥရယ်...ဆယ့်ရှစ်နှစ်ဆိုသာ မနေ့တစ်နေ့ကလိုပဲလို့ ငါပြောခဲ့သယ်နော်...ဒါပေသိ ကွမ်းတောင်ကိုင်စာရင်းဝင်ဖို့တော့ ကြာလိုက်သာအေရယ်...ငါဖြင့်လေ မနက်မိုးလင်းမှာကို အမှောင်ထဲက စောင့်ရသလိုပဲ"

ကျေးဥကတော့ မအိမ်ကံကို ဘာမှပြန်မပြောပါ။ ခေါင်းအုံးစွပ် စွပ်ပြီးသားခေါင်းအုံးတွေကို လက်ဖြင့် ဖိကာ ဖိကာ ပြန့်အောင်ဖြန့်ရင်း ကြားသလိုလို မကြားသလိုလို လုပ်နေခဲ့သည်။ ထိုစဉ်မှာပင် လေအသင့်မှာ ဆပ်သွားဖူးပန်းနံ့တွေ သင်းလာခဲ့ပြန်ပါ၏။

ထိုညက ကျေးဥ အစောကြီး အိပ်ပျော်သွားခဲ့သော်လည်း မအိမ်ကံ အိပ်မပျော်နိုင်သေးပါ။ စိတ်တွေက ဟိုရောက် သည်ရောက်။ အစ်ကိုမြတ်သာကိုလည်း သတိရသည်။ အစ်ကိုမောင်မြတ်သာ ထောင်ကျပြီးနောက်ပိုင်း မောင်နှမနှစ်ယောက် အတွေ့ရကျဲလွန်းလှသည်။ မြင်းခြံ တို့ဇာမာအစည်းအရုံးညီလာခံမှာ အဖမ်းခံရသည်ဆိုသော်လည်း အကြာကြီးတော့ မဟုတ်။ ငါးလလား ခြောက်လလား အစ်ကို အဖမ်းခံခဲ့ရခြင်းဖြစ်၏။ ထောင်က ထွက်ပြီးသည့်နောက် အစ်ကိုမောင်မြတ်သာ ကျောင်းဆက်မတက်တော့သလို ရွာကိုလည်း ပြန်မလာဖြစ်တော့ဘဲ မြို့မှာပဲ အနေများသည်။ အင်္ဂလိပ်အစိုးရကို အကြည်ညိုပျက်စေရန် တရားဟောမှုကြောင့် အစ်ကို ကျောင်းထုတ်ခံရခြင်းဟု ကြားရသည်။ အဖေ့ကိုလည်း အစ်ကိုနှင့်ပတ်သက်ပြီး အထက်က ခေါ်ယူသတိပေးခြင်း ခံခဲ့ရသည်။

အဖေကတော့ ရာထူးနှင့် သားကြားမှာ အနေရကြပ်နေပုံရပါ၏။ အစ်ကို ရွာပြန်မလာခြင်းအပေါ် အဖေက ဖြူသည် မည်းသည် တစ်ခွန်းမဟသော်လည်း တစ်ခါတစ်ရံတော့ သားကို လွမ်းပုံရသည်။ အဖေမျှော်မှန်းသော မြင်းခြံမြို့အုပ်ရာထူးကား အစ်ကိုနှင့် အဝေးကြီးဝေးသွားပြီဖြစ်ကြောင်း သဘောပေါက်ပုံရပါ၏။ အစ်ကိုနှင့်ပတ်သက်ပြီး ဂုဏ်တယူယူ ရှိခဲ့ရှာသောအဖေ စိတ်ဓာတ်ကျသွားပြီထင်သည်။ အမေပန်းရုံသည်ပင် သည်ဘက်နှစ်တွေမှာ အရွယ်ကျစပြုရုံမက နှုတ်လည်း နည်းသွားခဲ့တာ မအိမ်ကံ သတိထားမိသည်။ တစ်အိမ်လုံး သူ့ခြေသူ့လက် သူ့ဆုံးဖြတ်ချက်တွေအတိုင်း ရှိစေရော့ဟု အမေပန်းရုံကိုယ်တိုင်က မအိမ်ကံကို လွှဲအပ်ထားခဲ့တာပဲကြည့်လေ။ အိမ်မှာ ချက်ရေးပြုတ်ရေးကအစ ပဲရောင်း နှမ်းရောင်းအထိ မအိမ်ကံ သဘောအတိုင်း ရှိစေခဲ့သည်။ အမေပန်းရုံ ဖယ်ပေးသော နေရာမှန်သမျှ အလိုလို မအိမ်ကံ

www.burmeseclassic.com

www.burmeseclassic.com



ဝင်နေရပြီ။ စိုက်ရေး ပျိုးရေး၊ လူမှုရေးမကျန် "မအိမ်ကံကို မေး" လို့သာ အမေပန်းရုံက သမီးကို ဦးစားပေးနေတော့သည်။

ရွာအကြောင်း ရပ်အကြောင်းတွေဆီ စိတ်ရောက်ချိန်မှာတော့ ငှက်တစ်ကောင်၏ စူးစူးဝါးဝါးအော်လိုက်သံကို မအိမ်ကံ ကြားလိုက်ရသည်။ အာခေါင်ခြစ်အော်လိုက်သံမျိုး...။

"ဖွဟဲ့...လွဲပါစေ ဖယ်ပါစေ..."

ငှက်အော်သံကြီးက တစ်ကောင်တည်းမို့သာ တော်တော့သည်။ မအိမ်ကံ ကြောက်တော့ မကြောက်ပါ။ အပြင်ခန်းမှာ ဖိုးကူးရှိသည်။ ဘေးမှာ ကျေးဥရှိသည်။ သို့သော် မအိမ်ကံ ရင်တွေတုန်ခါသွားတာကတော့ ချက်ချင်း ငြိမ်ကျမသွားသေး။ ပဲမှော်တိုက် ခေါင်ပေါ်မှာ နားနေသည့် ငှက်ကြီးများလား...။ တစ်ရွာလုံး အိပ်မောကျနေကြပြီထင်၏။ အဝေးဆီကို အော်ရင်း ပျံသွားသည့် ငှက်အော်သံကလွဲလျှင် ညသည် တိတ်ဆိတ်လျက်။

မအိမ်ကံ၏ ဆယ့်ရှစ်နှစ်အဝင် အကြိုညသည် တဖြည်းဖြည်း အမှောင်ရင့်လာရာက အမှောင်ဆုံးဆိုသည့်အချိန်ကို တဖြည်းဖြည်း တိုးဝင်လာခဲ့သည်။ အောက်ထပ်ရှိ သံစုံနာရီကြီးဆီက နာရီသံ ဆယ့်နှစ်ချက်ကို စိတ်ဖြင့် ရေတွက်နေရင်းကပင် မအိမ်ကံ မေ့ခနဲ ပျော်သွားခဲ့လေသည်။

■

သည်တစ်မနက်ခင်းလုံး မအိမ်ကံတို့အိမ်မှာ ဆွမ်းကျွေးကိစ္စဖြင့် ပြီးရတော့သည်။ မအိမ်ကံ ဆယ့်ရှစ်နှစ်ပြည့် မွေးနေ့ရက် ကျရောက်သဖြင့် ဘုန်းကြီးငါးပါး ဆွမ်းကျွေးခြင်းဖြစ်၏။ ညှော်သည် စောင်သည်တွေ ဖိတ်ကြားခြင်းမရှိဘဲ သဒ္ဓါဆွမ်းကပ်ရုံဆိုတော့ ကရိကထများတာမျိုးတော့ မရှိ။ သက်တော် ရှစ်ဆယ်ကျော် ရွာဦးကျောင်းထိုင်ဆရာတော်ကြီးပါ ကြွရောက်တော်မူသဖြင့် သူကြီးမင်း ဦးသာထန်ကိုယ်တိုင် ဆရာတော့်ရှေ့က မထဝံ့ဘဲ လက်အုပ်တချီချီ ရှိနေခဲ့၏။ ဆရာတော်ကြီး ဘွဲ့တော်မှာ ဦးကုမာရ ဖြစ်သော်လည်း ရွာရပ်က ဘိုးကု လို့သာ ခေါ်ဝေါ်သုံးနှုန်းကြပါသည်။ သက်တော် ရှစ်ဆယ်ကျော်ဆိုသော်လည်း တစ်ပါးကျွန် ဖြစ်နေရသည့်ဘဝမို့ တိုင်းရေးပြည်ရေးက ခွာသည်မရှိ။ မြို့ဒကာတွေနှင့်ဆက်ကာ သတင်းစာဟောင်းတွေ အလှူခံထားသဖြင့် တိုင်းအကြောင်း ပြည်အကြောင်းကို မျက်ခြည်မပြတ် ဖတ်ရှုနေသူ ဖြစ်သည်။ ဆွမ်းစားပြီးနောက် အချိုပွဲ ခဲဘွယ် ဘောဇဉ် တည်းရင်း ဦးသာထန်နှင့် စကားတွေ ကောင်းနေခဲ့သည်။

"ဘယ့်နှာတုံး မောင်သာထန်ရဲ့...မနှစ်က တစ်နှစ်လုံးလိုလို အင်္ဂလိပ်တွေ အကျပ်ရိုက်ခဲ့ကြပါသကော...မင်းသား မောင်မြတ်သာကော နိုင်ငံရေးနယ်ထဲ ရောက်နေ ဆို..."

ဆရာတော်မိန့်သည့် မနှစ်က တစ်နှစ်လုံးလိုလိုဆိုတာက ပြီးခဲ့သည့်နှစ် ၁၂၉၉ ခု၊ တပို့တွဲ တပေါင်းလောက်ကတည်းက လှုပ်လာသည့် တိုင်းပြည်အခြေအနေကို ဆိုလိုခြင်းဖြစ်သည်။ ၁၂၉၉ နှင့် ၁၃၀၀ ပြည့်နှစ်များသည် အင်္ဂလိပ်ခရစ်နှစ်နှင့်ဆိုလျှင် ၁၉၃၈ ခုနှစ် ကျရောက်ပေရာ နှစ်ဆန်းပြီဆိုကတည်းက ပဲခူး၊ ဝေါနယ် လယ်သမားများ ပဲခူးအရေးပိုင်ရုံးကို ဝိုင်းခဲ့ကြသည်။ ချောက် ဘီအိုစီ အလုပ်သမားများ၊ ရေနံချောင်း ရေနံမြေ အလုပ်သမားများ၏



တောင်းဆိုချက်တွေ ထွက်လာခဲ့သည်။ မြင်းခြံ တို့ဗမာအစည်းအရုံးက ဦးဆောင်ကာ စတီးဘရားသားချည်စက် လှုပ်ရှားမှုရှိခဲ့သည်။ ရေနံချောင်း လည်ပေါ်တန်ဆောင်းအတွင်း အစည်းအဝေးကြီးမှ ဗမာနိုင်ငံလုံးဆိုင်ရာ ရေနံမြေအလုပ်သမား အစည်းအရုံးကို စတင်ဖွဲ့စည်းထူထောင်ခဲ့ကြသည်။ တတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးညီလာခံကို ပြည်မြို့မှာကျင်းပရာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း သဘာပတိပြုခဲ့သည်။

"ပြည်မြို့ တို့ဗမာညီလာခံကြီးပြီးတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း အဖွဲ့နဲ့ သခင်ဗစိန်၊ သခင်ထွန်းအုပ်အဖွဲ့ ကွဲကြဆို မောင်သာထန်...ကွဲသာတော့ မကြိုက်ဘူးကွာ...တို့လူမျိုးအချင်းချင်းကွဲသာ တို့လူမျိုးပဲ နစ်နာသာပဲကွ"

"တင်ပါ့ဘုရား...ကွဲသာတော့ မကောင်းပါဘူးဘုရား...တပည့်တော်လည်း အဲသလောက်တော့ ကြားမိပါသဘုရား"

"မင်းနယ်ကွာ...ကြားမိရုံပဲလား...တို့ မြင်းခြံချည်စက် အလုပ်သမားတစ်ထောင်ကျော်က သူတို့လိုလားချက်တွေ တောင်းသာကို ဒေါက်တာဘမော် ညွန့်ပေါင်းအစိုးရက ဒေါက်တာသိန်းမောင်ကို စုံစမ်းဖို့လွှတ်သကွာ...မြင်းခြံအလုပ်သမားတွေရဲ့ လိုလားချက်ကို အစိုးရက လိုက်လျောရသကွာ...ဒါတွေ မင်း မကြားဘူးလား...ဟေ...မနှစ်က သည်အသံတွေများ ညံနေသယ့်ဟာ..."

"တင်ပါ့ဘုရား...ကြားမိပါသဘုရား...ဟုတ်လောက်ပါသဘုရား..."

"ဟ...မောင်သာထန်ရဲ့...ငါ တောင်ဝှေးနဲ့ ထရိုက်လိုက်ချင်စမ်းလှကွာ...ဘယ့်နှယ် ဟုတ်လောက်ပါသဘုရားလဲ...မင်းကျွေးသဲ့ဆွမ်းစားပြီး ထရိုက်ရ မကောင်းလို့သာ...တိုင်းရေးပြည်ရေးများလည်း သိပါမှပေါ့ကွာ..."

"တင်ပါ့...ရိုက်ရင်လည်း ခံရုံပါဘုရား..."

မအိမ်ကံကတော့ အဖေနှင့် ဆရာတော်ဘုရားတို့ စကားအချီအချကို နားထောင်ရင်း မရယ်မိအောင် နေရတော့သည်။ ဆရာတော်ကြီးကို အဖေက ချစ်ကြောက်ရိုသေရှိတာကို မအိမ်ကံ သိပါသည်။ ငယ်ဆရာလည်းဖြစ်ပြန်၊ ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်လည်း ဖြစ်ပြန်ဆိုတော့ စိတ်မထင်လျှင် တကယ်ရိုက်နှက် ဆုံးမတတ်တာ ဝသီတော်ပင်ဖြစ်နေပြီ။ အဖေက ဆရာတော့်အမေးကို ကပ်ဖိုးကပ်ဖဲ့တိုက်နေခြင်းလည်းမဟုတ်။ တကယ့်ကို ဖြေတတ်သလိုဖြေခြင်းသာဖြစ်၏။ အင်္ဂလိပ်အုပ်ချုပ်ရေးဘက်မှာ ပါနေရသူဆိုတော့ အူပုံအူပါးလုပ်နေတာလည်း ဖြစ်နိုင်ပါ၏။ ဆရာတော်ကြီးနှင့် အတူကြွလာကြသော ဆရာတော်များကလည်း တိုင်းရေးပြည်ရေးကိစ္စတွေ ပါလာသဖြင့် ဆရာတော်များကို ဦးချကာ မအိမ်ကံ အသာလျှိုထွက်လာခဲ့သည်။

ခြံထောင့်က ရေတွင်းကုန်းဘက်ဆီ မအိမ်ကံ လျှောက်လာခဲ့သည်။ သည်နေရာမှာ သစ်ပင်ပန်းပင်ကလေးတွေရှိသည်။ ငှက်ပျောတောကြီးရှိသည်။ အမေပန်းရုံနှင့် မလှအုံ စိုက်ထားသည့် အပင်တွေဖြစ်သည်။ မအိမ်ကံ စိုက်ခဲ့သည့် ခတ္တာပင်ကလေးတွေ၊ တတိုင်းမွှေးပင်ကလေးတွေပင် ဖူးကြပွင့်ကြ ဝေဆာလှပြီ။ မအိမ်ကံတို့ရွာက ပူပြင်းသည့် အညာရွာဆိုသော်လည်း မအိမ်ကံတို့ ဝိုင်းတိုက်ထဲမှာ ရေပေါသဖြင့် အပင်ကလေးတွေ ဖြစ်လှပါသည်။ အစေ့ကြီးတွေ မိုးထိုးနေသည့် သရက်ပင်ကြီးတွေက အမျိုးစုံအောင်ရှိသည်။ သုံးလုံးတစ်တောင် မနော်ရွှယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘဲကောက်၊ဧ ဘးမောက်၊ မင်းကြီးလက်ရုံး၊ တစ်ငုံသရက် စသည်ဖြင့် ။ မာလကာပင်တွေကတော့ အူဖြူရော အူနီပါ လေးငါးပင်စီ ရှိကြသည်။ ခြံထောင့်မှာ အပွင့်တွေရဲနေသည့် ပေါက်ပန်းပင်ကြီးပင် ကြီးလှပြီ။ နှစ်စဉ် တပို့တွဲ တပေါင်းဆိုလျှင် ရဲရဲတောက်အောင် ပွင့်သည့်အပင်ဖြစ်၏။ တပေါင်းမဆန်းသေးသော်လည်း မြိုင်တောဆီက ဥသြသံသဲ့သဲ့ကိုပင် ကြားနေရပြီ။

"မအိမ်ကံ"

ဖျိုးဖျိုးဖျောက်ဖျောက် သစ်ရွက်ခြောက်နင်းသံနှင့်အတူ ကျေးဥရောက်လာသည်။ ကျေးဥမျက်နှာက ရှက်ရွံ့သလိုလို၊ ထိတ်လန့်သလိုလိုဖြစ်နေတာကို မအိမ်ကံ သတိထားလိုက်မိ၏။ ကျေးဥ ဘာများဖြစ်လာလို့ပါလိမ့်။ ကျေးဥက အိမ်ကြီးဘက်ဆီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး မအိမ်ကံအနား တိုးလာခဲ့သည်။ ဝိုင်းတိုက်ခြံဝဆီမှာ ဆရာတော်ဘုရားများ ပြန်ကြွသွားတာကို မအိမ်ကံ အဝေးကပဲ လက်အုပ်ချီလိုက်ရသည်။ အဖေနှင့် အမေပန်းရုံတို့က လက်အုပ်ချီကြရင်း ဆရာတော်များကို အိမ်ဝအထိ လိုက်ပို့ကြတာကိုလည်း မြင်ရပါ၏။

"မအိမ်ကံ"

"ပြောလေ ကျေးဥရဲ့...ညည်း ဘာဖြစ်လာသာလဲ...မျက်နှာမသာမယာနဲ့..."

ကျေးဥက မျက်နှာပျက်ရာကပင် တစ်ချက်ရယ်လိုက်ပြီး ခါးကြားထဲ ညှပ်ထားသည့် စာတစ်စောင်ကို မအိမ်ကံလက်ထဲ ထည့်ပေးလိုက်သည်။ မအိမ်ကံက လက်ထဲရောက်လာသည့် စာကို ဖတ်ရန် ပြင်လိုက်တော့ ကျေးဥက မအိမ်ကံကို ဆီးဖြူပင်ကြီးဘက် ဆွဲခေါ်လာခဲ့ပြန်၏။ မအိမ်ကံမှာ ကျေးဥဆွဲခေါ်ရာ ပါလာရင်း နားမလည်နိုင်အောင် ဖြစ်နေရသည်။

"ဘာလဲဟဲ့...ညည်းဟာက...ဘာစာလဲ...ဘယ်သူ့စာလဲ"

"သာအောင်က ပေးလိုက်သာ...မအိမ်ကံကို စာပေးချင်လို့ ပြောနေသာတော့ နှစ်ရက်သုံးရက်ရှိပြီ...ငါက ယူမလာဝံ့လို့...မနေ့တုန်းကတော့ ဇွတ်ပေးလိုက်သာပဲအေ..."

"အို..."

မအိမ်ကံ ဘယ်လိုမှထင်မထားသည့်စကားတွေပါလား။ သာအောင်က စာပေးခိုင်းလို့ ဆိုတော့...၊ သာအောင် ဆိုတာ...။ မအိမ်ကံ အမှတ်ရပြီ။ ကျေးဥတို့အိမ်မှာ ဖျတ်ခနဲ ဆုံခဲ့ရသော လူပုံချောချော ကာလသားကို ပြောနေတာပဲဖြစ်မည်။ သာအောင်က စာပေးခိုင်းလို့ ဆိုတော့ ဘာစာဖြစ်နိုင်မလဲ။ မအိမ်ကံနှင့် သာအောင် ဘယ်လိုမှ ပတ်သက်စရာမရှိ။ စာပါးစရာ လည်း အကြောင်းမရှိ။ ကျေးဥကတစ်ဆင့် ပါးရအောင်ကလည်း မအိမ်ကံနှင့် ကျေးဥ ဆက်ဆံ ရေးတွင် ကိုယ်ရေးကိုယ်တာကိစ္စတွေအထိပါ ပါဝံ့စရာမရှိ။

"ဘာစာလဲဟဲ့ ကျေးဥ ညည်း ဝင်မရှုပ်နဲ့နော်"

မအိမ်ကံက မျက်နှာကလေးကို တည်လိုက်ရင်း ကျေးဥကို စိုက်ကြည့်လိုက်သည်။ ကျေးဥခမျာ မျက်လုံးကလေး ပြူးသွားရင်း မျက်နှာမှာ သွေးမရှိတော့။

"ငါက ပြောသေးသာပါအေ...ယူမသွားဝံ့ပါဘူးလို့...ငါ မအိမ်ကံကို ကြောက်သယ်လို့ဆိုတော့...သာအောင်က စာက အရေးကြီးလို့ပါသဲ့...မအိမ်ကံလက်ထဲ ထည့်လိုက်ရုံပါပဲသဲ့...ပြီးတော့ ဘယ်သူ့မှ မပြောရဘူးလို့လည်း မှာတော့..."

"ဒါနဲ့ပဲ ညည်းက ယူလာရသယ်ပေါ့လေ"



"အရေးကြီးသယ် ဆိုသာကော မအိမ်ကံရဲ့...ယူမလာရင်လည်း ငါ့မှာ တစ်ပြစ်ဖြစ်တော့မယ်"

မအိမ်ကံက ဆုတ်ထားလက်စ စာအိတ်ကို ဖြန့်လိုက်သည်။ စာအိတ်က တွန့်ကြေနေတာဆိုတော့ စာအိတ်ထိပ်ကို အသာအယာဆုတ်လိုက်သည်။ အိမ်ကြီးဘက်ကို တစ်ချက်လှမ်းကြည့်ရင်း စာအိတ်ထဲက ထွက်လာသည့်စာကို ဖြည်းဖြည်းချင်း ဖြေဖြန့်ပြီးမှ စိတ်ထဲက ဖတ်နေမိသည်။ ကျေးဥကတော့ မအိမ်ကံမျက်နှာကို မျက်တောင်မခတ်စတမ်း ကြည့်နေခဲ့သည်။ သည်စာဖတ်ပြီး မအိမ်ကံက ကုတ်များ ဆွဲလိုက်လေမလား ဆိုသည့်စိတ်ဖြင့် အသာအယာပင် နောက်ကိုဆုတ်နေမိ၏။ မအိမ်ကံက စာကိုဖတ်ရင်း မျက်မှောင်ကြုတ်လိုက်၊ အိမ်ကြီးဘက် လှမ်းကြည့်လိုက်၊ စာကို ဆက်ဖတ်လိုက် လုပ်နေသည်။ မျက်နှာကလေး တင်းနေရာက ပြေလျော့သွားတာကိုတော့ ကျေးဥ သတိထားလိုက်မိသည်။ မအိမ်ကံက စာကိုဖတ်ပြီးသွားသည့်အခါ စာရွက်ခေါက်ရိုးအတိုင်း စာကို ပြန်ခေါက်သည်။ စာအိတ်ကလေးထဲကို အသာပြန်ထည့်သည်။ မျက်နှာကလေးက ပြုံးပျော့ပျော့ကလေး။

"ညည်း သည်စာကို သာအောင်က ပေးသယ်ရယ်လို့ ဘယ်သူ့မှ မပြောနဲ့နော် ကျေးဥ...စာအရဆိုရင် သာအောင်က ငါ့ကိုတွေ့ချင်သာသဲ့...သူခေါ်သဲ့နေရာကို ငါ သွားရမှာပေါ့...အမေပန်းရုံတို့မသိအောင် သွားရမှာဆိုတော့..."

သည်တစ်ခါ ထိတ်လန့်သွားသူက ကျေးဥပင်။ လူပျိုကာလသားတစ်ယောက်က နှစ်ကိုယ်တွေ့ချင်ပါသည်ဆိုသည့်နေရာကို မအိမ်ကံက လူကြီးမိဘတွေ မသိအောင် သွားမယ် ဆိုနေပြီမဟုတ်လား။ ဒါ ဘာစာပါလိမ့်။ ဘာသဘောတွေပါလိမ့်။ မအိမ်ကံကလည်း သဘောလွယ်လှချည်းလား။ သည်ကိစ္စက ပန်းနံ့လို လေထဲမှာ ဝေ့ရင်း ပျောက်သွားနိုင်တာမျိုးမဟုတ်။ တစ်ယောက်မှတစ်ယောက် စကားလက်ဆင့်ကမ်းသွားနိုင်သည်။ ထိုအခါ စာကို စ,ယူလာသူက ဘယ်သူလဲမေးလျှင် 'ကျေးဥ' ဆိုသည့်နာမည် ပါရတော့မည်။ ဒါဆိုရင် ကျေးဥတို့သားအမိ ဇောင်ချမ်းကုန်းက ပြေးရဖို့သာ ရှိတော့သည်။

"မဟုတ်သာ မအိမ်ကံရယ်...ကာလသားတစ်ယောက်က တွေ့ချင်သာနဲ့ သွားတွေ့ရ ရော့လား...မလုပ်နဲ့ မလုပ်နဲ့...မီးတွေ လောင်ကုန်လိမ့်မယ်...သာအောင့်အမေက ပိုးစိုးပက်စက်နိုင်ပါဘိသနဲ့အေ"

"စာထဲမှာ သာအောင်က တွေ့ပါရစီဆိုမှတော့ တွေ့ရမှာပေါ့ ကျေးဥရဲ့...မတွေ့ရင် ငါ သတ္တိနည်းရာကျမှာပေါ့...ပြီးတော့ စာက ညည်းယူလာသာလေအေ...ငါကတော့ အမှန်အတိုင်းပြောမှာပဲ..."

"မလုပ်ပါနဲ့ မအိမ်ကံရယ်...စာကို ပြန်ပိတ်ပြီး ပြန်ပေးစမ်းပါ...ငါ သာအောင့်ကို ပြန်ပေးလိုက်မယ်...ငါ ကြောက်လွန်းလို့ပါအေ...ရှိကြီးခိုးပါရဲ့"

"အလိုတော်...သည်စာကို ယူလာတော့လည်း ညည်း...ပြန်ယူသွားပါရစီဆိုတော့လည်း ညည်း...ညည်းက ငါ့ကို ကလေးမှတ်လို့လား...ဘွာခတ်လို့ ရရောသဲ့လား"

"ကိုင်းပါ...ဒါတော့ ယူလာမိသာ မိကျေးဥအပြစ်ပဲ ထားလိုက်ပါတော့...သာအောင့်ကိုတော့ မအိမ်ကံ သွားမတွေ့ရဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲအေ့..."

"အို...ငါ မပြောတတ်ပါဘူး...မိန်းကလေးဆိုသာ ဆူးနဲ့ဖက်လိုမဟုတ်လား"

"သာအောင်က ဆူး ဟုတ်ချင်ဟုတ်မှာပေါ့အေ...မအိမ်ကံကတော့ ဖက်ရွက်တစ်ရွက် မဟုတ်ဘူး ကျေးဥရေ့...ဆူးကြောင့် ပေါက်ရသဲ့ဖက်ရွက် ဘယ်တော့မှ အဖြစ်မခံ ပေါင်"

မအိမ်ကံက စာကို ခါးကြားထဲ ထိုးသွင်းပြီး အပေါ်အင်္ကျီကို ဆွဲချလိုက်သည်။ ပြီးတော့ အိမ်ကြီးဘက်ကို လှည့်ထွက်သွားပါ၏။ သည်တော့လည်း ကျေးဥခမျာ ဓားချွေးတွေ စို့ပြန်နေသည့် နဖူးကို အင်္ကျီလက်မောင်းဖြင့် သုတ်ရင်း ဒရောသောပါး အပြေးလိုက်ရတော့ သည်။ အိမ်မကြီးအရောက် အမေပန်းရုံအထွက်နှင့်ကြုံသည်နှင့် ကျေးဥကုတ်ကို လှမ်းဆွဲသည်။

"မအိမ်ကံရော ကျေးဥရော အော်မကြား ခေါ်မကြားနဲ့...ဘယ်များသွားနေကြသာ တုံး ကျေးဥ ပြေးစမ်း...ညည်းအမေ ပြေးခေါ်စမ်း...ငါ ခိုင်းစရာလေးရှိလို့"

ကျေးဥခမျာ အမေပန်းရုံခိုင်းတော့လည်း မငြင်းသာပါ။ အမေရှိမည်ထင်သည့်နေရာကို ပြေးရတော့သည်။ မအိမ်ကံကတော့ အပေါ်ထပ်ကို တက်လာခဲ့ကာ အခန်းတံခါးကို ပိတ်လိုက်ပြီး အိပ်ရာပေါ် လှဲလိုက်သည်။ ခါးကြားညှပ်ထားသည့်စာကို ထုတ်ပြီး တစ်ခါထပ်ဖတ်သည်။ စာက အစ်ကိုမောင်မြတ်သာ ရေးပေးလိုက်သည့်စာရယ်ပါ။ ကျေးဥကို စ,ချင်လို့ သာအောင်ကပဲ ရည်းစား စာ မေတ္တာစာ ပေးလေဟန် ပြောခဲ့ခြင်းဖြစ်သည်။ အစ်ကိုမောင်မြတ်သာနှင့် သာအောင်တို့ သည်ရက်ထဲမှာ တွေ့ခဲ့ကြပုံပေါ်သည်။ သာအောင်က သူ့အိမ်အတွက် မြင်းခြံကို မကြာခဏ အသွားအလာရှိသူဖြစ်သည်။ ဒါဆို အစ်ကို မြင်းခြံမှာ ရှိနေသည်ပေါ့။ စာက အစ်ကိုမောင်မြတ်သာ လက်ရေးမှ လက်ရေးအစစ်။

'နှမကလေး မအိမ်ကံ

အစ်ကို စာရေးလိုက်ပါ၏။ အစ်ကိုလည်း မြင်းခြံနှင့်ရန်ကုန်မြို့ကို အိမ်ဦးကြမ်းပြင် ကူးလူးနေရပါသည်။ တလောက အင်္ဂလိပ်အစိုးရ အကြည်ညိုပျက်အောင် တရားဟောမှုဖြင့် ထောင်ထဲဝင်ရပါသေးသည်။ နှကလေးတို့လည်း သည်သတင်း ကြားပြီးကြရောပေါ့။ စိတ်မချမ်းမသာ ဖြစ်မှာကိုလည်း အစ်ကိုသိပါ၏။ သို့သော် အစ်ကိုတို့လို မျိုးချစ်စိတ်ရှိကြ သူများအဖို့တော့ သိပ်တော့လည်း ဆန်းလှသည်မဆိုနိုင်ပါ။ ရွာကို အစ်ကို ပြန်မလာနိုင်တာကို ခွင့်လွှတ်ကြစေချင်ပါသည်။ အဖေ့ကို စိတ်အနှောင့် အယှက်မဖြစ်စေချင်တာလည်း ပါပါ၏။

အခုစာကတော့ ကံကလေးတစ်ဦးတည်းကို ရေးလိုက်သည့်စာ ပါပဲ။ အကြောင်းမှာ အစ်ကိုတို့လုပ်နေသည့်အလုပ်အတွက် ငွေကြေးလိုအပ် နေတာကြောင့် ကံကလေးအနေနဲ့ တိုင်းချစ်ပြည်ချစ်စိတ်ကို အရင်းခံလျက် တတ်အားသလောက် အလှူငွေ ထည့်ဝင်လိုက်စေလိုပါသည်။ အိမ်က



ပစ္စည်းကို မရိုးမဖြောင့် ခိုးယူသည်လည်း မဖြစ်စေချင်ပါ။ ကံကလေးပိုင် ငွေကြေးကိုသာ တတ်စွမ်းသမျှ သန့်ရှင်းစွာ လှူဒါန်းစေချင်ပါသည်။ နောင်အခါ အစ်ကိုနှင့်တွေ့မှ အကြောင်းစုံကို ပြောပြပါမည်။

သည်စာကို ယူဆောင်လာသူ မောင်သာအောင်မှာ အစ်ကိုတို့၏ အလွန်ယုံကြည်ရသော ရွာခံလူကောင်းတစ်ယောက် ဖြစ်သည့်အတွက် ကံကလေးကလည်း ယုံကြည်စွာ လက်ရောက်ပေးအပ်လိုက်နိုင်ပါသည်။

အဖေနှင့်တကွ အမေပန်းရုံ၊ ကံကလေးတို့ ကျန်းမာကြပါစေ

သခင်မျိုးဟေ့ တို့ဗမာ

သခင်မြတ်သာ'

အစ်ကို့စာကို တစ်ခေါက်ထပ်ဖတ်ပြီး မအိမ်ကံ ငိုင်သွားခဲ့သည်။ ကိုယ့်အိမ်က မရိုးမဖြောင့် ရယူသည့် ငွေကြေးဥစ္စာ မဖြစ်ပါစေနှင့်ဆိုသည့် အစ်ကိုဖြစ်သူ စာပါသဘောထားမျိုး မအိမ်ကံမှာလည်း ရှိသည်။ သည်ဘက်နှစ်ကာလတွေအတွင်း အမေပန်းရုံက အိမ့်စီးပွား၊ အိမ့်ဗာဟီရတွေအားလုံး မအိမ်ကံကို တဖြည်းဖြည်း လွှဲအပ်လာခဲ့သည်။ သစ်ခင်း စိုက်ခင်းက ဝင်ငွေ၊ ထန်းပင်တစ်အုပ်တစ်မက ဝင်ငွေ၊ မြေငှားချထားခြင်းက ဝင်ငွေ စသည်ဖြင့် ဝင်နေသည့် ငွေတွေကို မအိမ်ကံပဲ ကိုင်နေရတာ ကြာပြီ။

အမေပန်းရုံက တစ်ရက်မှာ မအိမ်ကံကို စဉ့်အိုးတစ်လုံး ထုတ်ပြသည်။ စဉ့်အိုးထဲမှာ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်လာခဲ့ကြသော ရွှေထည် ကျောက်ထည် လက်ဝတ်လက်စားတွေ များလှပါ၏။ မအိမ်ကံပင် ယခင်က မမြင်ဖူးတာတွေချည်းဖြစ်၏။ သည်လက်ဝတ်လက်စား တွေထဲမှာ အများဆုံးက လက်ကောက်နှင့် လက်စွပ်တွေဖြစ်သည်။ မြန်မာလူမျိုး ဥစ္စာခန ကြွယ်ဝသူတို့၏ အယူအစွဲဖြစ်သည့် နဝရတ်ကိုးပါးစလုံးရှိသည်။ *'ပတ္တမြား ဘုန်းတောက်၊ မြကျောက် အေးချမ်း၊ စိန်စွမ်းဂုဏ်ရောင်၊ ကြောင်ကား သိဒ္ဓိ၊ မဏိနီလာ၊ မေတ္တာကံချုပ်၊ ဂေါမုတ်ခွန်အား၊ ဥဿဖရား ကျန်းမာ၊ သန္တာကြီးကဲ၊ ပုလဲကျက်သရေ၊ ကိုးဂုဏ်ဝေ...'* ဆိုသည့်အတိုင်း အတိတ်ဆောင် နိမိတ်ဆောင်ကာ စုဆောင်းထားကြခြင်းဖြစ်သည်။

"ကိုသာထန့်အမေ...ညည်းတို့ဘွားအေကြီးက ဥစ္စာရတနာ စုရာမှာ အင်မတန် တော်သယ်...သီပေါအရှင်ဘုရင်လက်ထက်တော်တုန်းက နန်းတွင်းသူတွေဆီကတောင် ရအောင်ဝယ်သာသဲ့...အမေတော့ သည်ပစ္စည်းတွေ တစ်ခါမှ ထုတ်မဝတ်ခဲ့ဖူးပေါင် အေ...မက်ရေစက်ရေလည်း မရှိလှပါဘူး...ငါ့သမီး အရွယ်ရောက်တော့ ဝတ်ချင် ဝတ်ပေါ့...ဒါ ညည်းတို့မောင်နှမပိုင်သဲ့ပစ္စည်းတွေပဲ"

အမေပန်းရုံ သွန်ပြထားသော စဉ့်အိုးထဲက ရတနာတွေထဲမှာ စိုက်ဘီး၊ ပန်းခိုင်၊ ပန်းခက်၊ ရင်ထိုး၊ လည်တုံ၊ ဆံထိုး၊ နားကပ်၊ နားတောင်း၊ ဘယက်၊ လည်ကပ်၊ လည်ဆွဲ၊ ရွှေဒင်္ဂါးပြား စသည်ဖြင့် များလှပါ၏။ နယားလက်ကောက်၊ စတိလက်ကောက်၊ ကြံခေါ် လက်ကောက်၊ ရွှေဆတ်ခိုင်လက်ကောက်၊ ပန်းလက်ကောက်တွေကလည်း အစုံလိုက်။ သည် ရတနာစဉ့်အိုးထဲက လက်ဝတ်လက်စားတွေကို မအိမ်ကံ ပိုင်ဆိုင်သည်ဟု မဆိုသာ။ မိဘနှစ်ပါး ရှိကြသေးသည်။ အမေပန်းရုံက ညည်းတို့မောင်နှမပိုင်ပစ္စည်းတွေဆိုသော်လည်း ဒါတွေကိုတော့

www.burmeseclassic.com

www.burmeseclassic.com





မအိမ်ကံ မထိချင်။ သူတစ်ပါးမသိဘဲ ယူခြင်းသည် ခိုးခြင်းမြောက်သည်ဟု မအိမ်ကံ ထင်ပါ၏။

အစ်ကိုဖြစ်သူ၏ တိုင်းရေးပြည်ရေး ဆောင်ရွက်ချက်များကို မအိမ်ကံ လိုက်လံဝမ်းသာ ကူညီချင်စိတ်တွေ ယိုဖိတ်နေမိသော်လည်း ငွေရယ် ကြေးရယ်လို့ ထုပ်ထုပ်ထည်ထည် ပေးစရာ မရှိ။ မအိမ်ကံ ဘာပေးရမလဲ။ နဘန်ပွဲ (နားပန်ပွဲ) အပြီးမှာ အမေပန်းရုံ မအိမ်ကံကို မင်္ဂလာ ကျက်သရေနှင့် ပြည့်စုံစေခြင်းငှာ ရွှေနားကွင်းကလေးနှင့်အတူ စတီလက်ကောက်နှစ်ရန် သံကွင်းဆက် ဆွဲကြိုးတစ်ကုံး လုပ်ပေးခဲ့သည်။ "ကိုင်း…သည်ကနေ့ကစပြီး ငါ့သမီး မအိမ်ကံ ရွှေတွေ ငွေတွေ ပိုင်ပါပြီတော်…ဆထက်တိုးလို့ တိုးပါစီ ပွားပါစီ" လို့ အမေနှုတ်က ရွတ်ခဲ့ တာလည်း မအိမ်ကံ မှတ်မိသည်။ ဟုတ်ပေသား။ သည်ပစ္စည်းတွေကတော့ မအိမ်ကံကိုယ်ပိုင် ဖြစ်သည်။ သည်အထဲက လက်ကောက်နှစ်ရန်ပေးမယ်ဆိုရင် စိတ်သန့်ကိုယ်သန့် ပေးနိုင်သားပဲ။

မနက်ဖြန်ခါလောက် သာအောင်နှင့် အမြန်တွေ့ပြီး အစ်ကို့အတွက် လက်ကောက် နှစ်ရန်နှင့် စာတစ်စောင်ပေးဖို့ မအိမ်ကံ စိတ်ပိုင်းဖြတ်လိုက်သည်။ အစ်ကို့စာကို ဝှက်ထား လိုက်ပြီး မအိမ်ကံ အောက်ထပ်ကို ဆင်းလာခဲ့သည်။ အောက်မှာ ထမင်းပွဲကြီးခင်းကာ ထမင်းစားနေကြပြီ။

"သမီး ထမင်းမစားသေးဘူးလား…လာ တစ်ခါတည်း ဝင်"

"မအိမ်ကံ မစားချင်သေးပါဘူးအမေ…ကျေးဥကို စောင့်ဦးမလားလို့"

"ညည်းသဘောပါအေ…ဆာတော့လည်း ခူးခပ်သာ စားကြတော့"

အမေတို့ မလှအုံတို့ အောက်ထပ်မှာ ထမင်းစားကြတုန်း အစ်ကိုမောင်မြတ်သာကို လှူကြဲပေးလိုက်ရန် စာရေးမည် စိတ်ကူးမိတော့ အိမ်ပေါ် ပြန်တက်လာခဲ့သည်။ အိမ်ပေါ်မှာ အစ်ကို ရွာလာစဉ်အခါက မအိမ်ကံကို စာသင်ပေးဖို့ ယူလာတတ်သော ဗလာစာအုပ်များနှင့် ခဲတံတွေရှိသည်။ မအိမ်ကံ စာမသင်ရတာတောင် ကြာပြီ။ တစ်ခါတစ်ရံ အိမ်မှာရှိသည့် အစ်ကို့စာအုပ်တွေကို မအိမ်ကံ ယူဖတ်တာကလွဲလို့ စာပင်မရေးဖြစ်ခဲ့။ သို့သော် ရွာတွင် မအိမ်ကံလို ရွယ်တူရွယ်တန်း မိန်းကလေးတွေထဲမှာတော့ မအိမ်ကံ စာဖတ်တတ်ခြင်းသည်ပင် တစ်ဂုဏ်ဖြစ်ရသည်။

အခန်းတံခါးကို ပိတ်လိုက်ပြီး ဝမ်းလျားမှောက်ရင်း မအိမ်ကံ စာရေးသည်။ ဘယ်က စ,ရေးရမှန်းမသိ။ ဘာတွေရေးရမှန်းလည်း မသိ။ သူ့ရင်ထဲရှိသမျှ ဖွင့်အံကာ စီကာပတ်ကုံး ရေးချင်သော်လည်း အားလုံးငုံမိအောင် ရေးနိုင်ဖို့တော့ မလွယ်ပါ။ မအိမ်ကံ လက်ကလေးတွေပင် တဆတ်ဆတ်တုန်လျက်ရှိပါ၏။

'အစ်ကို မောင်မြတ်သာ

စာပေးလိုက်တာ ရပါ၏။ အစ်ကို နေကောင်းထိုင်သာ ရှိစေရန် မအိမ်ကံ နေ့စဉ် ဘုရားမှာ ဆုတောင်းနေပါ၏။ မေတ္တာလည်း ပို့နေပါ၏။ အဖေတို့ အမေတို့လည်း ကျန်းမာချမ်းသာကြပါသည်။ တိုင်းရေးပြည်ရေး အတွက် မအိမ်ကံ ပိုင်ဆိုင်သည့် လက်ကောက်နှစ်ရန်ကို သာအောင်နှင့်





လှူလိုက်ပါသည်။ အစ်ကိုတို့လိုရာသုံးကြပါ။ အစ်ကို့လက်ထဲရောက်လျှင် ရောက်သည့်အကြောင်း စာရေးပါဦး…။

ကျန်းမာပါစေ

ကျန်းမာပါ၏

ကံကလေး'

မအိမ်ကံက သူ့စာကို သူဖတ်ရင်း ဝမ်းသာနေသည်။ ရေးထားသည့် စာနှစ်ကြောင်း သုံးကြောင်းကို အကြိမ်ကြိမ်ပြန်ဖတ်သည်။ သေချာပြီဆိုတော့ ခေါင်းအုံးအောက်ကို အခေါက် လိုက် ထိုးထားလိုက်သည်။ မအိမ်ကံတို့ရွာမှာ စာအိတ်ရယ်လို့ မရှိတော့ အဖေ့ထံ ရောက်လာ တတ်သည့် ရုံးစာအိတ်အဟောင်းတစ်လုံး မနက်ကျမှ ရှာထည့်တော့မည် စိတ်ကူးထားသည်။ ခေါင်းအုံးပေါ် ခေါင်းတင်ရင်း အစ်ကို့ကို စိတ်ရောက်ရပြန်၏။ အစ်ကို ဘာတွေများလုပ်နေ တာပါလိမ့်။

တိုင်းရေးပြည်ရေးကို မအိမ်ကံ ပဲသိမ်းပဲကောက် နားလည်လွန်းလှသည်တော့ မဟုတ်။ အကြားရ နာလွန်းလို့ ရေးတေးတေးသိထားတာတော့ရှိသည်။ တိုင်းပြည် ကျွန်ဘဝရောက်နေ ရသည် ဆိုသည့်အချက်ဖြစ်၏။ ထိုကျွန်ဘဝက လွတ်မြောက်ရေးအတွက် အစ်ကိုတို့လူငယ်တွေ လုံးပမ်းနေကြတာကိုလည်း သဘောပေါက်ပါ၏။ ရပ်ရွာ ဆင်းရဲနေတာကို သိနေတော့လည်း တိုင်းပြည်ပါဆင်းရဲနေသည်ကို သိပါ၏။ မအိမ်ကံတို့ ရွာတွေမှာ စပါးစိုက်သောလယ် မရှိဘဲ ပဲခင်း၊ နှမ်းခင်းတွေသာ ရှိသည်။ စိုက်သာစိုက်ရသော်လည်း ပဲဈေး၊ နှမ်းဈေးတွေက မကောင်း လှပါ။ တစ်နှစ်နေနေ၊ တစ်နှစ်ဆန်းဆန်း ဆင်းရဲပန်းတောင်း လုပ်ကိုင်စားသောက်နေကြရ သူတွေက မအိမ်ကံမျက်စိရှေ့မှာ ရှိနေကြသည်။

သည်ဘက်နှစ်တွေမှာ အမေပန်းရုံက မအိမ်ကံကို သူ့ခြေသူ့လက် စီမံခွင့်ကလေး ပေးလာသည့်အတွက် ရွာမှာ အတိဒုက္ခရောက်နေကြသူတွေကို တွေ့တိုင်း မအိမ်ကံ ထောက်ပံ့ ကူညီနိုင်ခဲ့သည်။ ကိုဖိုးငွေတစ်ယောက်တည်း ကျုံးနေရသော အလုပ်တွေကို သူရင်းငှား ထပ်ငှားကာ လုပ်စေသည်။ ဖိုးတုတ်နှင့် သူရင်းငှား ကိုစံအေးကို တွဲလုပ်စေကာ ကိုဖိုးငွေကို အိမ်မှာပဲ အုပ်စီးစေခဲ့သည်။ ဖိုးကူးကလည်း တောအလုပ် ကူနိုင်ခဲ့ပြီ။ ပဲဆွတ်၊ ပဲသိမ်းအလုပ် တွေကိုတော့ ကျေးဥနှင့် လွှဲရသည်။ ရွာထဲမှာ အဆင်းရဲဆုံးဆိုသူတွေကို ခေါ်ကာ အလုပ်စေခိုင်း သည်။ ရက်ကန်းစင် ငါးစင်ဆင်ပြီး ရက်ကန်းရုံထောင်ကာ ရွာက ကာလသမီးတွေကို အရီး ကြာညွန့်အား ဦးစီးစေသည်။ မအိမ်ကံ၏ ရက်ကန်းရုံထွက် ပိတ်ညက် ပိတ်ကြမ်းတွေကို မြင်းခြံဈေးကို သွင်းနိုင်ဖို့ မအိမ်ကံကိုယ်တိုင် မြင်းခြံကိုသွားဖို့လည်း ရှိသည်။ အခုတော့ ရက်ကန်းရုံက အစပဲရှိသေးသမို့ အထည်သိပ်မကျသေး။ လုပ်ခရယ်လို့ များများစားစား မရနိုင်သော်လည်း ထမင်းစားရဖို့တော့ အဆင်ပြေကြသည်။ မြေရှိပြီး သစ်စေ့သစ်ဆံ မရှိ ကြသည့် တောင်သူတွေကို မျိုးပဲ တစ်တင်းတစ်ခွဲဆိုသလို ဝေငှပေးကမ်းခြင်းလည်းပြုသည်။ မအိမ်ကံ သည်လိုလုပ်နေတာတွေကို အဖေရော အမေကပါ အပြစ်မဆိုသည့်အပြင် နှစ်သက်ကြောင်း အားရပင် ရှိကြလေသည်။

"ငါ့မှာ သားက အားမကိုးရဘဲ သမီးက လက်ရုံးဖြစ်နေပါပကောပဲ ပန်းရုံရဲ့"

www.burmeseclassic.com

www.burmeseclassic.com



အဖေ့နှုတ်ကပင် မြည်တမ်းလာခဲ့သည်။ မအိမ်ကံကတော့ အစ်ကို့ကို အပြစ်မမြင်ပါ။ အစ်ကိုမြတ်သာသည် မအိမ်ကံတို့အိမ်အတွက်ထက် ပြည့်လက်ရုံးဖြစ်နေတာကိုပဲ မအိမ်ကံ ကျေနပ်နေသည်။ တိုင်းပြည်အတွက် အစ်ကိုလိုလူတွေ ရှိနေဖို့လိုအပ်တာကို မအိမ်ကံ သဘော ပေါက်သည်။ အစ်ကို့လုပ်ငန်းကို မအိမ်ကံ တတ်စွမ်းသမျှ ကူညီနိုင်ဖို့သာ စိတ်ထဲရှိပါ၏။

"မအိမ်ကံ...မအိမ်ကံ"

ကျေးဥရောက်လာမှ မအိမ်ကံ အတွေးရပ်တော့သည်။ သာအောင်ကပဲ မအိမ်ကံကို မေတ္တာစာကမ်းလိုက်သလိုလို ပြောထားတော့ ကျေးဥ စိတ်ဆင်းရဲနေတာ မအိမ်ကံ သိပါသည်။ အကျိုးအကြောင်းမှန်ကို ချက်ချင်းမပြောသေးဘဲ အောင်းထားလိုက်သည်။ ကျေးဥက မအိမ်ကံကို အကဲခတ်နေသလို မအိမ်ကံကလည်း ကျေးဥအရိပ်အခြေကို ကြည့်ကာ ရယ်ချင်နေမိ၏။ ကြာတော့လည်း ကျေးဥကို သနားလာသည်။ မအိမ်ကံ တစ်ခုတော့ စဉ်းစားသည်။ သာအောင်က တစ်ဆင့် ရောက်လာသည့်စာက မရိုးမသားမဟုတ်ဘဲ အစ်ကိုမောင်မြတ်သာ လူကြုံပါးလိုက်သည့် စာသာဖြစ်ကြောင်း ဖွင့်ပြောသည့်တိုင်၊ အစ်ကိုဖြစ်သူက အလှူခံသည့်ကိစ္စ၊ မအိမ်ကံ လက်ကောက်တွေ လှူသည့်ကိစ္စတွေကိုတော့ ဖွင့်မပြောဘဲထားရန်ဖြစ်၏။ ဘာပဲဖြစ်ဖြစ် စာပါအတွင်းရေးတွေပါ ဖွင့်ပြောလိုက်လျှင် သည်စကား သည်သတင်းက ရွာထဲ ရပ်ထဲ ရောက်သွားနိုင်သည်။ ကျေးဥကို လူရင်းထား ချစ်ခင်နေရသော်လည်း ကိစ္စတိုင်း သိရန်မလိုဟု မအိမ်ကံ တွက်သည်။ သည်ကိစ္စကိုလည်း ပေါ့ပေါ့ပါးပါးလောက်သာ ပြောရမည်။

"ကျေးဥရယ် ညည်းစိတ်ဆင်းရဲနေသာ ငါသိသားပဲ...သာအောင်က မအိမ်ကံကို မရိုးမသား ပေးလိုက်သယ့်စာ မဟုတ်ပေါင်အေရယ်...အစ်ကို မြင်းခြံက လူကြုံပါး လိုက်သယ့်စာပါ...အဖေတို့ အမေတို့ မသိအောင် ပေးလိုက်သာရယ်ပါ"

သည်စကားကြားတော့မှ ကျေးဥမျက်လုံးကလေးတွေ လက်လာတော့သည်။ ပြုံးနိုင် ရယ်နိုင်လာသည်။ မအိမ်ကံ လက်ကလေးတွေကို ဆုပ်ကိုင်ကာ ဝမ်းသာကြောင်း အမူအရာ ပြသည်။

"ဝမ်းသာပါ့တော်...ငါက သာအောင် မလိမ့်တပတ်နဲ့ ရည်းစားစာ အပေးခိုင်းသယ် မှတ်နေသာ...သည်လိုသာဆိုရင်တော့ ငါတို့သားအမိ နေစရာတောင် ရှိမှာမဟုတ် ဘူး...နောက်တစ်ခုက..."

"ဘာလဲ ကျေးဥ..."

"မအိမ်ကံကို ငါ နှမျောသယ်အေ...ရည်းစားသနာ မရှိစေချင်သေးဘူး...သာအောင် နဲ့ဆို ပိုတောင်မဖြစ်စေချင်သေးသယ်...သာအောင့်အမေက သူ့သားတွေကို ရွာ ကွမ်းတောင်ကိုင်တွေနဲ့ချည်း ပေးစားချင်နေသာမဟုတ်လား..."

"ကျေးဥရယ်...သာအောင့်ကို ငါမကြိုက်ပါဘူး...စကားပမာ ကြိုက်မိသယ်ပဲ ထားပါ ဦးတော့ ငါလည်း ကွမ်းတောင်ကိုင်ရတော့မှာပဲဟဲ့...သူ့အမေက သဘောမတူဘဲ ရှိပါ့မလား..."

မအိမ်ကံစကားကြောင့် ကျေးဥရင်တွေ 'ဒိန်း'ခနဲ လှုပ်သွားခဲ့သည်။ ကျေးဥကိုယ်တိုင်က မေ့မေ့လျော့လျော့ ပြောလိုက်သည့်စကားကို မအိမ်ကံ ထောက်လိုက်တော့မှ သတိထားမိ



တော့သည်။ 'ငါလည်း ကွမ်းတောင်ကိုင်ရတော့မှာပဲ' တဲ့လား မအိမ်ကံရယ်...။ အမေပြောထားသည့်စကားကို ဖျတ်ခနဲ သတိရမိရာက ကျေးဥမျက်နှာကလေး အိုကျသွားခဲ့၏။ မအိမ်ကံကို ကျေးဥ ဘယ်လိုပြောရပါ့မလဲတော်...။ ကျေးဥ မျက်ရည်တွေဝိုင်းသွားတာ မြင်လိုက်တော့ မအိမ်ကံစိတ်ထဲ မကောင်းဖြစ်သွားသည်။ ကျေးဥကလည်း ကျလုလုမျက်ရည်ကို ထိန်းလိုက်နိုင်ပါ၏။

"ကျေးဥရယ်...ညည်းစိတ်ပူအောင် ငါ တမင်စသာပါအေ...စိတ်မကောင်းမဖြစ်ပါနဲ့...တစ်ခုတော့ ငါ့ကို ကူညီဦးဟယ်..."

"ဘာများပါလိမ့်တော်..."

"မအိမ်ကံ သာအောင်နဲ့တော့ တွေ့ရမှကိုဖြစ်မှာ...ဘယ်လိုတွေ့ရမလဲတော့ ငါလည်း မသိဘူး...ကူစဉ်းစားပေးပါဦး"

"ဘာကိစ္စများ တွေ့နေမှာလဲ မအိမ်ကံရယ်...အစ်ကိုမောင်မြတ်သာကို စာပြန်ဖို့ဆိုရင် ငါပဲ သာအောင့်ကို ပေးလိုက်ရင် ဖြစ်သာပဲ"

"အဲသလိုတော့ မအိမ်ကံ သိသာပေါ့...မဖြစ်ဘူး...ကိုယ်တိုင်တွေ့ပြီး မေးချင်သာလေး တွေလည်း ရှိသေးသာကိုး...အစ်ကို့အတွက် အရေးကြီးသယ်"

"အို...ဟုတ်လား...နေပါဦး ငါ စဉ်းစားပါဦးမယ်"

ကျေးဥက သာအောင်နှင့် မအိမ်ကံ နှစ်ယောက်သား တွေ့ရမည့်နေရာကို စဉ်းစားသည်။ ဟိုတစ်ခါလို ကျေးဥတို့အိမ်မှာပဲ ဖျတ်ခနဲတွေ့လိုက်လို့ ဖြစ်သားပဲ။ ခဏတစ်ဖြုတ်တွေ့တာပဲ။ သည်လိုဆိုတော့လည်း တစ်ခါက နှစ်ခါတွေ့တာမျိုး ဖြစ်လာတော့ ရိုးရိုးသားသား ဆိုပေသိ တစ်ယောက်ယောက်မြင်နိုင်သည်။ ကျေးဥတို့ဝိုင်းတိုက်တွေက တဲတွေ၊ အဖီတွေ ဗလုံစီထိုးနေတာ မဟုတ်လား။ ပြီးတော့ လမ်းမတန်းကို ထွက်ဖို့က အိမ်ကြိုအိမ်ကြားလမ်း ကလေးတွေကိုပဲ သုံးကြရတော့ အသွားအလာ များလှသည်။ နို့ဖြင့်...ဘယ်မှာတွေ့ရင်ဖြစ် မလဲ...။ ရွာအနောက်ဘက် စိုက်ခင်းတွေဘက်ကော။ စိုက်ခင်းအနောက်ဖျား ညံပင်တောကွင်းမှာ ကျေးဥတို့ ငရုတ်ခင်း၊ ခရမ်းခင်း ငုပ်စိကလေးတွေရှိသည်။ အခင်းစောင့် တဲပျက်ကလေးတစ်လုံး ရှိသည်။ ဘူးနွယ်ကြီးတွေ ခေါင်ပေါ်တက်နေသဖြင့် အမိုးတစ်ခြမ်း ပြိုနေသည့် တဲပျက်ဖြစ်သည်။ သာအောင့်ကို စောစောကြီးကတည်းက တဲပျက်ထဲရောက်အောင် သွားစောင့်ခိုင်းရမည်။ ကျေးဥနှင့် မအိမ်ကံက ထမင်းဇပီးချိန် (ထမင်းစားပြီးချိန်) လောက် လိုက်သွားကြရုံ။ ကျေးဥက သူတွေးရသလောက် ပြောပြတော့ မအိမ်ကံ စဉ်းစားသည်။ သာအောင့်လက်ထဲ ရွှေထုပ်ထည့်ပေး လိုက်တာကို လူမမြင်ဖို့ကလည်း အရေးကြီးသည်။ ရော့ အင့်၊ ပေးလိုက်လို့ကလည်း ဖြစ်တာ မဟုတ်။ အကျိုးသင့် အကြောင်းသင့်တော့ ရှိရဦးမည်မဟုတ်လား။

"ကျေးဥရယ်...အဲသည်တဲကတော့ ဟုတ်ပါပြီ...တစ်ယောက်ယောက် တွေ့သွားမှ ပိုပြီး ကျော်မကောင်း ကြားမကောင်း ဖြစ်မှာစိုးရသယ်...ရွာထဲ ရပ်ထဲ အမှတ်မထင် တွေ့သာကမှ အပြောလွတ်ဦးမယ်"

"ဟုတ်သယ်လေ...မအိမ်ကံက သာအောင်နဲ့ စကားမေးချင်သေးသယ်...စာပြန်လည်း ပေးချင်သေးသယ်ဆိုသာကိုး...ငါတို့အိမ်စုကျတော့ မအိမ်ကံ ရောက်လာသာနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျီးကန်းအုပ်ထဲ ဟသ်ာရောက်သလို ထင်းခနဲ ကွင်းခနဲ မြင်သာသာပေါ့...ရွာက မအိမ်ကံကို ချစ်ကြတော့ အမြဲကြည့်နေကြသာရယ်"

မအိမ်ကံပင် ကျေးဥစကားကို သဘောကျနေမိသည်။ ကျေးဥပြောသည့်စကားက အမှန်ပင်။ မအိမ်ကံကို တစ်ရွာလုံးက ချင်ခင်ကြသည်။ စိတ်ကောင်းနှလုံးကောင်းရှိသူအဖြစ် လေးစားကြည်ညိုကြတာလည်း ပါသည်။ စက်စက်ယိုအောင် လှလွန်းသူကလေးဆိုတော့ ဖောင်ချမ်းကုန်းလိုရွာမှာ မအိမ်ကံ ပုန်းလျှိုးကွယ်လျှိုး သွားချင်လာချင်လို့ မဖြစ်နိုင်ပါ။ ဒါဆိုလျှင်တော့ သူတို့မှာ ရွေးချယ်စရာ ညပင်တောကွင်းစပ်ကို သွားကြရုံသာ ရှိတော့သည်။

"ကျေးဥရယ်...ညည်းရောက်မလာခင်ကလေးတင် မအိမ်ကံ တွေးနေမိသာ...ငါ ဆယ့်ရှစ်နှစ်ပြည့်သဲ့နေ့မှာပဲ အိမ်ကလူကြီးမိဘမသိအောင် အလုပ်နှစ်ခု လုပ်ရတော့မှာ ပါလားလို့လေ...တစ်ခုက အိမ်ကမသိအောင် အစ်ကို့ဆီ စာပေးရမှာ...တစ်ခုက ..."

"တစ်ခုက ဘာလဲ..."

"ရွယ်တူကာလသားတစ်ယောက်နဲ့ အိမ်ကမသိအောင်...အင်းလေ...ရွာကမသိအောင် နှစ်ကိုယ်ကြား တွေ့ရမှာလေ..."

"ဟုတ်သားအေ..."

ကျေးဥ အောက်ထပ်ကို ဆင်းတော့ မအိမ်ကံပါ ဆင်းလိုက်သွားပြီး အဖေ့စားပွဲအံဆွဲထဲက စာအိတ်ညိုကြီးတစ်လုံး ယူလာခဲ့သည်။ ထမင်းစေ့ ကွမ်းသီးလုံးလောက် နိုက်လာခဲ့သည်။ အိမ်ပေါ်ပြန်တက်လာကာ ရေးပြီးသားစာကို စာအိတ်ကြီးထဲထည့်။ စာအိတ်ကို ထမင်းလုံးနှင့် စေးနေအောင် ကပ်လိုက်သည်။ လက်ကောက်လေးကွင်းကို လက်ကိုင်ပဝါအဖြူကလေးနှင့် ထုပ်ရင်းက လက်ကိုင်ပဝါထောင့်စွန်းမှာ ပိုးချည်ဖြင့် ထိုးထားသော မအိမ်ကံ ဆိုသည့်စာလုံးကလေးဆီ မျက်စိရောက်မိသည်။ သည်လက်ကိုင်ပဝါပေါ်က မအိမ်ကံအမည်ကို အစ်ကိုတွေ့မှာ သေချာသည်။ လက်ကောက်ထုပ်နှင့်စာကို ပိတ်၊ အိတ်ရှုံ့ကလေးထဲထည့်ပြီး အိတ်ရှုံ့ကြိုးကို တင်းတင်းရစ်လိုက်သည်။ ဒါဆို စာလည်း အဆင်ပြေပြီ။ ရွှေလက်ကောက်တွေလည်း အဆင်ပြေပြီ။ ကျေးဥ အိမ်ခဏအပြန်မှာ သာအောင့်ကို ချိန်းခဲ့လိမ့်မည်။

နောက်တစ်နေ့တစ်မနက်ခင်းလုံး မအိမ်ကံ ရင်တွေခုန်နေခဲ့ပါ၏။ သူလုပ်ရမည့် အလုပ်တွေဟာ စင်ကြယ်ရဲ့လားလို့လည်း တွေးရပါ၏။ အစ်ကိုမောင်မြတ်သာကို ဆက်သွယ်ရန် သည်နည်းမှတစ်ပါး အခြားနည်း မရှိလေတော့ ရင်ဖိုဖိုနှင့်ပင် ရွေးချယ်လိုက်ရခြင်းဖြစ်သည်။ သက်ပြင်းကလေးတွေသာ အခါခါချမိတော့သည်။

"အမေ...မအိမ်ကံ အနောက်တောက အကွက်တွေ မြေပဲအုရဲ့လားလို့ ကျေးဥနဲ့ သွားကြည့်ချေဦးမယ်..."

"အေး အေး...နေသိပ်မမြင့်ကြစေနဲ့...အပြန်ကျ ချဉ်ပေါင် နွားစငှတ်ကလေးတွေ တစ်အိုးချက်လောက် ခူးခဲ့ကြစမ်းအေ"

နွားစငှတ်ကလေးတွေကို မအိမ်ကံလည်း ကြိုက်သည်။ ဟင်သီးဟင်းရွက်ခင်းတွေ နွေပေါက်လို့ အသီးအညွန့် တုံးသည့်အခါ နွားတွေက ဝင်စားကြသည်။ ထိုသို့ နွားစားရာမှ တက်လာသော အငှတ် အညွန့်ကလေးတွေကို ရွာက တစ်အိုးစား တစ်နပ်ချက်ရ ပုဆိုး



တစ်စလွယ် ခူးတတ်ကြသည်။ ကျေးဥနှင့် မအိမ်ကံ ရွာ့အနောက်ဘက်ကွင်းတွေဆီ ထွက်လာခဲ့ကြသည်။ ညပင်တောက ရွာ့စိုက်ခင်းတွေနှင့် တော်တော်လှမ်းသည်။ အခင်းစောင့်တဲကလေး ငုတ်တုတ်ကို အဝေးက မြင်လိုက်ရတော့ မအိမ်ကံ ရင်ခုန်ရပြန်ပါ၏။

"ကျေးဥ...ညည်းက ခရမ်းပင်တွေနား နေခဲ့...ငါက လူခြေကြည့်ပြီးမှ ဝင်မယ်... သာအောင့်ကို သေချာပြောခဲ့ရဲ့လား"

"ရောက်လောက်ပြီထင်သယ်...အစောကြီး သွားစောင့်မယ် ပြောသာပဲအေ့"

မအိမ်ကံနှင့် ကျေးဥတို့ ကွင်းတွေထဲ ဖြတ်လျှောက်နေကြတာကို အခင်းထဲ ရောက်နေကြသည့်လူတွေက အော်ဟစ် နှုတ်ဆက်ကြသည်။ မအိမ်ကံနှင့် ကျေးဥကလည်း ပူးတိုး နှုတ်ဆက်ကြရင်း ဟိုဘက်လိုလို သည်ဘက်လိုလို ဝေ့နေကြရသေး၏။ ညပင်တော ကွင်းစပ်ကို ရောက်ပြီ။ မအိမ်ကံရင်တွေ တလှပ်လှပ်ခုန်ရပြန်ပါပြီ။ ရင်ပုံထဲ ထည့်လာသည့် ရွှေထုပ်နှင့် စာအိတ်ကို လက်နှင့်ဖိစမ်းရင်း တစ်ကွင်းလုံးကို အကဲခတ်ရသေးသည်။

"မအိမ်ကံ သွားတော့...လူသူအရိပ်အခြေတွေ့ရင် ငါ သီချင်းဆိုလိုက်မယ်...သီချင်း မဆုံးမချင်း အသာအောင်းနေချေ..."

ကျေးဥက သည်လိုဆိုတော့ အဟုတ်သားပါလား။ မအိမ်ကံက တဲပျက်ကို အကဲခတ်သည်။ တဲက ငြိမ်ချက်သားကောင်းလှပါ၏။ လူရိပ်လူခြေ ရှိပုံမရ။ မြွေပါးကင်းပါးရော ကင်းရဲ့လား။ နှစ်ယောက်သား ချဉ်ပေါင်နွားစငှတ်ကလေးတွေ ခူးကြရာမှ တဲနောက်ဖေးဘက်ကို မအိမ်ကံ တိုးကပ်လိုက်သည်။ ကျေးဥကိုပင် မမြင်ရတော့။ မအိမ်ကံ အသံပြုလိုက်သည်။

"သာအောင်..."

ဘာသံမှမရှိ။ ပြန်ထူးသံလည်း မကြား။ မအိမ်ကံ တစ်ချက် ထိတ်သွားခဲ့သည်။ ကွင်းဘက် ခပ်ဝေးဝေးဆီက ဇာတ်တုပ်ငိုချင်းချဆိုနေသံကို ကြားနေရတာကလွဲလျှင် အခြား ဘာသံမှမရှိ။ ပြိုကျနေသည့် တစ်ဘက်စောင်းစောင်း အမိုးဟောင်းအောက်ကို မအိမ်ကံ ငုံ့ဝင် လိုက်သည်။ မြေစိုင်ခဲတစ်လုံးကို မအိမ်ကံ ခလုတ်တိုက်မိစဉ်မှာတော့ လက်ကြီးတစ်ဘက်က သူ့ခါးကို လှမ်းပွေ့ယူခြင်း ခံလိုက်ရသည်။

"အို...အမေ့..."

■

www.burmeseclassic.com

## (၁၄)

သည်တဒင်္ဂအတွင်း မအိမ်ကံ၏ ခံစားမှုမှာ နွေးအိုသော အထိအတွေ့အာရုံကို သိလိုက်ခြင်း ဖြစ်ပါသည်။ သူမတစ်ကိုယ်လုံး လေထုထဲ မြောက်တက်သွားရာက လေဟာနယ်ထဲမှာ အသည်းတအေးအေး ပြုတ်ကျသွားသလို ခံစားနေရပြီး ရင်တွေကလည်း တလှပ်လှပ် ခုန်လာခဲ့ခြင်းဖြစ်၏။ မိန်းကလေးဗီဇသဘာဝ ရင်ကို လက်နှစ်ဖက်ယှက်လိုက်ရင်း ကာထားလိုက်မိတာကိုလည်း မျက်တစ်ခတ်အတွင်းမှာ သိလိုက်ပါ၏။ မအိမ်ကံ သတိမထားမိသည့်အရာမှာ တဲပျက်တံခါးဝမှာ ရှိနေသော ဒဂကျော် (တံခါးကျော်) မြေတစ်ဝက်မြုပ် ဝါးလုံးကိုဖြစ်သည်။ မြေစိုင်ခဲမဟုတ်။ အရင်က သည်တဲကလေးကို သေသေသပ်သပ် ဆောက်ထားခဲ့ပုံပေါ်ပါသည်။ အခင်းစောင့်တဲတွေလို အမိုးမိုး အကာလေးဖက်ချထားတာမျိုးမဟုတ်။ ကဲလားထောက် ပြတင်းတွေပါ ပါအောင်ဆောက်ထားသည့် လူနေတဲကြီးတစ်တဲ ဖြစ်ခဲ့ဟန်တူပါ၏။

မအိမ်ကံ ဟန်ချက်အပျက်မှာ သာအောင်က လက်တစ်ဖက်ဖြင့် ထိန်းလိုက်သဖြင့် ကျေးဇူးတင်လိုက်မိသော်လည်း မခံချင်စိတ်ကလေးကလည်း ဖျင်းခနဲ ပါလာခဲ့သေးသည်။ သို့သော် မအိမ်ကံက စိတ်ကို ချက်ချင်းလိုလို ထိန်းလိုက်နိုင်ပါ၏။ သာအောင်သာ လှမ်းမဖက်လိုက်လျှင် ရှေ့ကို ဟပ်ထိုးလဲဖို့သာ ရှိတော့သည်။ မအိမ်ကံ ရင်ခုန်တာ မပျောက်ချင်သေး။ ရင်ထဲမှာ မောတော ဆို့တို့ ကတုန်ကယင်ကြီး ဖြစ်နေသည်။

"မအိမ်ကံက ဒဂကျော်တန်းကို မမြင်လိုက်ဖူးထင်သယ်...လဲမှာစိုးလို့ပါ မအိမ်ကံ...အားနာပါသယ်ဗျာ..."

သာအောင်ကလည်း အကြေကြေအမွမွဖြစ်သွားသော သူ့စိတ်ကို ပုံမှန်ရောက်အောင် ပြန်စုစည်းနေရပုံပေါ်သည်။ ဖက်ထားသည့်လက်တွေကို ချက်ချင်ဖြေလျှော့ပေးလိုက်ပါ၏။ တောင်းပန်နေသောအသံကလည်း ပကတိ ရိုးသားမှုဆိုတာ မအိမ်ကံ သိပါ၏။ သာအောင်က သူမသာ ကြားနိုင်သောအသံဖြင့် ပြောနေခြင်းဖြစ်သည်။ မအိမ်ကံ အော်လိုက်သော 'အို...အမေ့' ဆိုသည့်အသံကကော ကွင်းထဲကို ရောက်သွားလေသလား။ ဘယ်သူတွေများ ကြားသွားပါလိမ့်။ မအိမ်ကံမှာ သူ့နှလုံးခုန်သံကို ပြန်ငြိမ်အောင် ကြိုးစားနေရခြင်းနှင့်အတူ အထိတ်တလန့် ဖြစ်နေခဲ့သည်။ ရှာပြင် ကွင်းကျယ်ထဲက တဲအိုတဲပျက်ကြီးတစ်လုံးထဲမှာ ဆွေမတော် မျိုးမစပ်



ရွယ်တူ သူစိမ်းယောကျ်ားကလေးတစ်ယောက်နှင့် သည်လိုလာတွေ့မိခြင်းသည်ပင် အမှားဖြစ်ကြောင်း မအိမ်ကံ သတိထားမိလိုက်သည်။

တဲအပြင်ဘက်ဆီက ကျေးဥ၏ သီချင်းညည်းသံ ခပ်တွေးတွေးကလေး ကြားနေရဆဲ။ လူရိပ်လူယောင် ရှိသည်ဆိုသည့်သဘောဖြင့် ကျေးဥ သီချင်းညည်းနေခြင်းမဟုတ်လား။ သာအောင်နှင့် မအိမ်ကံက ပဝါတစ်ကမ်းစာ အဝေးမှာ ငြိမ်နေကြသော်လည်း တစ်ယောက်ကို တစ်ယောက် မလုံ့မလဲကြည့်နေကြသလို ရှိပါ၏။ ပဲရိတ်နေကြသူတွေဆီက ဝူးထိုးသံ၊ အော်ဟစ်မှာကြားသံ၊ သီချင်းဆိုသံ၊ တဟားဟားရယ်သံတွေ ကြားရလေ မအိမ်ကံ မျက်နှာကလေးမှာ သွေးမရှိလေ။ ကိုယ့်ကိုယ်ကိုယ်လည်း ဘာကိစ္စ သည်လောက်တောင် အတင့်ရဲမိပါလိမ့်လို့ အပြစ်တင်မိသေးသည်။ သီချင်းဆိုသံတစ်သံဆိုလျှင် သည်တဲနှင့် မဝေးလှရော့သလား။ အသံကြားနေရတာကပင် ဝေးလှပုံမပေါ်ပါ။

"နေခြည့်နေခြည်ငယ်လေ နေခြည်က ထိုးသနဲ့ x x ရွှေပြည့် ရွှေပြည် ရွှေပြည်စိုးတွေက x x တောင်ဖွေတရိုးမှာ ခင်ရယ် ခေါင်ရွှေဖိုးတွေ သာလှပါ x x ဂန္ဓာ့ ဂန္ဓာ ဂန္ဓာလမ်းမှာလ မြန်စွာ့ မြန်စွာ မြန်စွာလှမ်းပါရ x x ပေါက်စကလေးတွေက ယောက်ဖခွေးခေါ် ပန်းထိမ်ငှက်ကယ် တူနှယ် သံသာလှပါ x x"

သာအောင်က ပြောစရာစကားမရှိသလို တွေတွေကြီး ရပ်နေပါ၏။ မအိမ်ကံက တွေ့လိုပါသည်ဆိုလို့သာ လာခဲ့ရသော်လည်း သာအောင်ကိုယ်တိုင်က ဇဝေဇဝါ။ အခုလည်း မအိမ်ကံ စကားကျကို စောင့်နေခြင်းသာဖြစ်၏။ တွေ့ချင်လှသူက နှုတ်ဆိတ်နေသည်မဟုတ်လား။ မအိမ်ကံက နှလုံးကလေးငြိမ်ပြီဆိုတော့မှ ခါးထဲထိုးထည့်လာသည့် အိတ်ရှုံ့ထုပ်ကို နုတ်ယူလိုက်သည်။ သာအောင့်ကို လှမ်းပေးသည်။ သာအောင်က အိတ်ကိုတစ်လှည့် မအိမ်ကံကိုတစ်လှည့် ကြည့်ရင်း နားမလည်ဖြစ်နေပုံရ၏။ မအိမ်ကံက မျက်နှာကလေး တည်လိုက်ပြီး တိုးတိုးကလေး ပြောလိုက်သည်။

"အစ်ကိုနဲ့ ဘယ်မှာတွေ့သာလဲ"

သာအောင် အခုမှ အကြောင်းရင်းကို သဘောပေါက်သွားဟန်ဖြင့် စိတ်ကလေးနှုံးသွားပုံရသည်။ သူကလည်း လေသံဖြင့်ပြောသည်။ သည်တဲထဲမှာ သိပ်ကြာကြာနေလို့ မကောင်းနိုင်မှန်း သူလည်း သိပုံရ၏။

"မြင်းခြံ ပဲရောင်းရင်း ရောက်ခဲ့သာ...ဆရာကြီး ဦးဘခင်အိမ် ဝင်မေးတော့ ရှိသယ်ဆိုသာနဲ့ ကျုပ် ရောက်သွားသာပါ...ရန်ကုန်မှာလိုလို မြင်းခြံမှာလိုလိုဆိုတော့ ကျုပ်လည်း ကံစွပ်ကံညား သွားမေးရသာပဲ...သခင်မြတ်သာ ရှိသယ်ဆိုတော့ ဝမ်းသာရပုံများ...စာနှစ်စောင် ရေးပေးလိုက်သာ စောင့်ယူခဲ့သယ်...ဆရာလေးကိုတောက်ထိန်အတွက် တစ်စောင်နဲ့ မအိမ်ကံအတွက် တစ်စောင်...မှာချင်သာရှိရှိ လူကြုံပါးစရာရှိရှိ ကျုပ်ကိုပဲ ပါးလိုက်ဖို့လည်း မှာလိုက်သယ်"

"မြင်းခြံကို ဘယ်တော့သွားမှာလဲ"

"မအိမ်ကံ ပါးရမယ့်ကိစ္စက အရေးကြီးရင် ကျုပ်က သွားရုံပေါ့...သခင်မြတ်သာက ကနေ့ရှိပေမယ့် နောက်တစ်နေ့ ရှိချင်မှရှိသာဆိုတော့ မြန်မြန်တော့ သွားမလားလို့"

www.burmeseclassic.com

www.burmeseclassic.com



သာအောင်က မအိမ်ကံကို မကြည့်ဘဲ မအိမ်ကံ ခလုတ်တိုက်လိုက်သည့် တံခါးကျော် ဝါး မပြုပ်တစ်မြုပ်ကို ကြည့်ရင်း ပြောနေခြင်းဖြစ်သည်။ မအိမ်ကံကတော့ သာအောင့်ကို ကြည့်နေခဲ့သည်။ အသားမည်းမရော်၊ မျက်လုံးမျက်ဖန် ကောင်းကောင်းနှင့် လူပုံရိုးရိုးဖြစ်၏။ အစ်ကိုမြတ်သာက ယုံကြည်လို့သာ နမအပျိုဆီ လွှတ်လိုက်တာပဲ ထင်ပါရဲ့။

"အဲသာလေး အစ်ကို့လက်ထဲရောက်အောင် ဆောင်ကျဉ်းပေးဖို့ပါပဲ...ဒါထက် အစ်ကို ဘာတွေလုပ်နေသာလဲ သာအောင် သိသလား"

"သူကတော့ တိုင်းရေးပြည်ရေးလောက် ခေါင်းထဲရှိသာပါပဲ...ဘာလုပ်နေသလဲတော့ ပြောဖို့ခက်သားပဲ"

ဒါလည်း ဟုတ်ပေသား။ အစ်ကို့မိရင်းဖရင်း မိသားစုကတောင် မသိနိုင်တဲ့ကိစ္စ သူစိမ်းတစ်ယောက်က သိဖို့ဆိုတာ ခက်ရော့မည်။ သာအောင်က အိတ်ရှုံ့ကလေးကိုကြည့်ရင်း ဘာတွေလဲလို့ မေးချင်ပုံရသော်လည်း နှုတ်ကတော့ ဖွင့်မမေးပါ။ မအိမ်ကံကပဲ စလှူပ်လိုက်သည်။ တော်လောက်ပြီ။ သည့်ထက်ပိုနေလို့လည်း မကောင်းနိုင်တော့ပြီ။ သို့သော် မအိမ်ကံ တစ်ခုတော့ စဉ်းစားသည်။ အထဲမှာ ရွှေစတွေ ပါသည်။ ယူသွားသူကလည်း စိတ်ရှင်း ကင်းဖို့လိုသည်လို့ စဉ်းစားမိသည်။

"တဆိတ်...အိတ်ရှုံ့ကလေးကို ဖွင့်ကြည့်လိုက်ပါဦး...ကျုပ်ပေးလိုက်သဲ့ပစ္စည်းကလေးတွေ သိစေချင်လို့ပါ"

သာအောင်က အိတ်ရှုံ့ကို ဖွင့်သည်။ အထဲက လက်ကိုင်ဝပါနှင့် ထုပ်ထားသော အထုပ်တစ်ထုပ် ထွက်လာသည်။ အထုပ်ကို အသာဖြည်လိုက်တော့ လက်ကောက်နှစ်ရန်နှင့် စာတစ်စောင်။ သည်တော့မှ မအိမ်ကံကို မော့ကြည့်သည်။ အံ့သြသွားပုံလည်း ရသည်။

"တို့ဗမာအစည်းအရုံးကို လှူဖို့ထင်ပါရဲ့...ကျုပ်လည်း ပဲရောင်းရသဲ့ငွေကလေးထဲက ဖဲ့လှူခဲ့သေးသယ်...မများပါဘူး...တော်တော်ကလေး လှူကြသယ်လို့ ကြားသယ်"

အစ်ကိုလုပ်နေသမျှ သာအောင်သိပုံတော့ ပေါ်၏။ မအိမ်ကံ စိတ်ချလက်ချ ရှိရပြီ။ သာအောင်ပင် အစ်ကို့အလုပ်တွေကို သိနေသည်မဟုတ်လား။ မအိမ်ကံကတော့ အစ်ကိုက လှူပါဆိုလို့သာ လှူလိုက်ခြင်းဖြစ်၏။ အစ်ကို့ကို ရွာလာခဲ့ဖို့ မှာလိုက်ရင် ကောင်းမလား။ ဖြစ်နိုင်မည်မထင်ပါ။ လာလို့ရရင် လာမှာပေါ့။ အဖေတို့ အမေတို့ကို အစ်ကိုလည်း တွေ့ချင်ရှာ မှာပေါ့။ အခွင့်မသာလို့သာ မလာတာနေမှာပါလေ။

"အစ်ကို ကျန်းကျန်းမာမာ ရှိရဲ့မဟုတ်လား"

"ကျန်းမာပါရဲ့"

"သည်စာ သွားပေးလို့ တွေ့ရင် ရွာဘက်များ လှည့်ခဲ့ပါဦးလို့ ကံကလေးက မှာလိုက်သယ် ပြောပါ...တွေ့လည်း တွေ့ချင်ပါရဲ့...မျှော်လည်း မျှော်မိပါရဲ့..."

"တွေ့ရင်တော့ ပြောလိုက်ပါ့မယ်...ကျုပ်အထင် သူလည်း မြင်းခြံမှာ ကြာရှည်ကြာမိုး နေမယ့်ပုံတော့ မရဘူး...အင်္ဂလိပ်ပုလိပ်တွေက သခင်တွေကို အကဲခတ် စောင့်ကြည့် နေကြသာသဲ့...ဆရာကြီး ဦးဘခင်တော့ ရှိမှာပါ"



မအိမ်ကံက ထရံပျက် ကြိုးတိုးကျဲတဲကြားက ဘေးဘီကို အကဲခတ်ရင်း ချောင်းကြည့်သည်။ လူသူလေးပါးရယ်လို့တော့မတွေ့။ သီချင်းသံတွေ၊ အော်သံဟစ်သံတွေတော့ ငြိမ်နေပြန်ပါ၏။ ချဉ်ပေါင်ခင်းစပ်က ကျေးဥသီချင်းသံ ပေါ်လာပြန်လေသည်။

"သစ်ပုလွေ တောင်သလဲရယ်နှင့် x x နရွဲပင် ကြောင်လျှာ x x ပျဉ်းနှင့်ထောက်ရှာ x x ရှုတိုင်းရယ်သာ မာလကာနဲ့ကနစိုး x x တောသရက်ကယ်နှင့် x x အလိုတော် တောသရက်ကယ်နဲ့ ရောယှက်ကာ ရှောက်ချို နှောက်ပြန်ရတယ် x x သီးမောက်လို့ ဖြိုး x x အိုး x x ဟိုး x x"

ကျေးဥဆိုလိုက်သည့်သီချင်းသံက လိုသည်ထက် ပိုကျယ်နေပါရောလား။ မအိမ်ကံပင် ချွေးကလေး စို့သွားခဲ့သည်။ အပြင်ကို မထွက်နဲ့ဦးလို့ ပြောနေမှန်း မအိမ်ကံ သိနေတော့ ကိုယ်ကလေးကိုပင် ကျုံ့ထားမိ၏။ တစ်ယောက်ယောက်တွေ့လို့ကတော့ မီးလောင်နိုင်သည်။ "ဘာတဲ့ဟဲ့ ..ဘယ်လိုတဲ့ဟဲ့" ဆိုသည့်စကားတွေ ပြန့်ကားသွားလျှင် စာရိတ္တကိုပင် ထိခိုက်လာနိုင်တာမဟုတ်လား။ ရွာရပ်က မအိမ်ကံကို ခပ်ရှုပ်ရှုပ်ထဲကပါအေလို့ အထင်ခံလိုက်ရရင် တော့လား၊ ကွမ်းတောင်ကိုင်ဖြစ်ဖို့ ရည်မှန်းထားသမျှ သဲထဲရေသွန် ဖြစ်ရတော့မည်။ သာအောင်ကတော့ အထုပ်ကို ပြန်ထုပ်ပြီးနှင့်ပြီ။ သူကတော့ သိပ်များများစားစား စဉ်းစားနေပုံမျိုးမရှိ။ သူ့ခမျာ မအိမ်ကံ မရောက်ခင်ကလည်း စောင့်နေခဲ့ရသည်။ အခုလည်း တဲထဲ အောင်းနေရတာ ကြာပြီ။ ပြန်ချင်ရှာရော့မည်။ ပြန်လို့မဖြစ်ပါ။

"မထွက်လိုက်နဲ့နော်...ကျေးဥသီချင်းဆိုနေသာက လူရှိသယ်လို့ ပြောနေသာရယ် .. ကျုပ်တော့ ကျေးဥသီချင်းသံတိတ်မှ ထွက်ဝံ့မှာပဲ...သာအောင် နေခဲ့ဦးနော်"

သာအောင်က မအိမ်ကံကို ငေးကြည့်နေခဲ့သည်။ သနပ်ခါးရေကျဲကလေး လူးထားတော့ မျက်နှာကလေးက ဝင်းဝင်းစက်စက်။ ရှာရက်ကန်းကျ အထည်ကို ဝတ်ထားသော်လည်း အချိုးအဆက်ကျသူကလေးဆိုတော့ ကြည့်လို့ကောင်းလှပါ၏။ ကျေးဥက သီချင်းကို ပြန်ပြန်ကျော့နေပြန်တော့ နှစ်ယောက်စလုံး မထွက်သာ။ ဘူးပင်ကြီး နွယ်တက်နေသော တဲစောင်းစောင်းကြီးက အတန်အသင့်တော့ လုံခြုံပါ၏။ မြွေပါးကင်းပါးကြောင့် သည်အထဲ ဝင်ကြသူ ရှိပုံမရ။ ကျေးဥအသံ တိတ်သွားခဲ့ပြီ။ အပြင်မှာ အခြေအနေကောင်းပုံရပြီ။ မအိမ်ကံက ထရံကြားက မြင်သလောက် ချောင်းကြည့်ပြန်၏။

"ကျေးဥသီချင်းသံ မကြားတော့ဘူး...ကျုပ်အရင်ထွက်လိုက်မယ်နော်...မအိမ်ကံတို့ ရွာခြေလောက်ရောက်မှ ထွက်ပါ...နေလို့ဖြစ်ကဲ့မဟုတ်လား"

"ဖြစ်ပါသယ်"

"ပစ္စည်းတွေသာ ရောက်အောင်ပို့လိုက်ပါတော့...ကျုပ်သွားမယ်နော်"

မအိမ်ကံက မြွေတစ်ကောင်လို လျှောခနဲထွက်လာခဲ့သည်။ ကျေးဥက ချဉ်ပေါင်ခင်း ဘေးရပ်ရင်း မအိမ်ကံကို မြင်တော့ လက်ရိပ်ပြ၏။ မအိမ်ကံက ဏှာခြေကလေးနှင့်ပင် ကျေးဥဆီ မလှုပ်တလှုပ် လျှောက်လာခဲ့သည်။ သည်လို လျှောက်တာကလည်း အမောတကော အပြေး အလွှားအမူအရာ မပြချင်လို့ဖြစ်၏။ ကျေးဥကလည်း စိုးရိမ်နေပုံရသည်။ နှစ်ယောက်သား ခြေဖျားလက်ဖျားကလေးတွေများ အေးလို့။

www.burmeseclassic.com

www.burmeseclassic.com

"ကြာလိုက်သာ မအိမ်ကံရယ်...ငါဖြင့် လူကြည့်ရသာနဲ့ ဇက်လည်လှပြီ...နောက်များ တော့ တန်ပါ့...ဒါမျိုးများတော့ တော်ပါပြီအေ"

"ညည်းသယ်လာတဲ့ဓာတ်ထုပ်ပဲ ကျေးဥရယ်...ကိုင်း သွားကြစို့...နေစမ်းပါဦး သိချင် ကလည်း ဆိုလိုက်ရသာ...လူတွေ့သာကော ဟုတ်ရဲ့လားအေ"

"ငါက အလကားနေရင်း ဆိုပါ့မလားအေ့...တဲအနားဆီတော့ လူမလာပါဘူး... မသန်းခင်တို့ အကွက်ဘက်မှာ နွားစာရိတ်သူတွေရှိသယ်ဟဲ့...ဘယ်သူမှတော့ ရိပ်မိ ကြပုံ မရပါဘူး...စိတ်ပူလိုက်သာအေ ညည်းနှယ်..."

နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ လမ်းမှာ သည်ကနေ့ ကြုံရပုံတွေ ပြောကြရင်း ခိုးခိုးခစ်ခစ် ကျိတ်ရယ်ကြရပါ၏။ မအိမ်ကံကတော့ ရင်ခုန်မပျောက်သေး။ အဖေတို့ အမေ တို့သာ သိလိုက်လို့ကတော့ နောက်များ ဘယ်တော့မှ ခြံဝိုင်းတိုက်ထဲက ထွက်ရမှာမဟုတ်။ အစ်ကို့အတွက် စွန့်စားရသော်လည်း သည်အလုပ်မျိုး နောက် ဘယ်သောအခါမျှ မလုပ်တော့လို့ လည်း မအိမ်ကံ တွေးခဲ့ပါ၏။ ကျေးဥက မထင်သောစကားကို ဆိုပြန်လို့ နွေးခနဲ ဖြစ်ရပြန် သည်။

"ငါက ဒေါ်ကြီးပန်းရုံကို မပူဘူးတော့်...သာအောင့်အမေ ကြီးတော်စံရွှေကို ပူသာ... သည်မိန်းမကြီးက သူ့သားတွေနဲ့ပတ်သက်ရင် ဘယ်သူ့မှ မျက်နှာထောက်သာ မှုတ်ဘူး...မအိမ်ကံကို အပြောခံရမှာပဲ စိုးသာ..."

မအိမ်ကံတို့ ဝိုင်းတိုက်ထဲရောက်တော့ အမေပန်းရုံတို့ပင် မျှော်နေကြပြီ။ မအိမ်ကံကို ယုံကြည်တော့ အမေပန်းရုံက ဘာမှတော့ မပြောရှာပါ။ ကြာတာတော့ ကြာခဲ့သည်မဟုတ်လား။ မလှအုံကတော့ ကျေးဥကို ဗျစ်တောက်ဗျစ်တောက်လုပ်သည်။

"ညည်းတို့ နချေးကျင်းထဲများ ကျရော့လားလို့အေ...နွားဇင့တ်ခူး ထွက်သွားလိုက်ကြ သာ ဆန္ဒန်ဆင်မင်းရှိသဲ့တောကို သောနုတ္တိုရ်သွားသလို ဖြစ်နေပြီ"

"တစ်ညွှန့်ချင်း စစ်စစ်ပေါက်ပေါက် ဆိတ်ရသာ ဒွေးလှအုံရဲ့...ကွင်းထဲရောက်တုန်း အခင်းတွေဘက်လည်း ကြည့်ရသေးသာ..."

"စိတ်ပူလို့ ပြောရသာအေ့...ကိုင်း ပေးစမ်း...စပ်ချဉ်ကလေးချက်ပြီး ပဲရေဖွကလေးနဲ့ ဖက်ရအောင်...ညည်းအဖေ သူကြီးတော့ အကြိုက်ပေါ့အေ"

အမေပန်းရုံကိုမြင်တော့ မအိမ်ကံ ပို၍ပင် ဝမ်းနည်းမိရပါ၏။ အမေပန်းရုံက မအိမ်ကံ ကို ယုံကြည်သလောက် အားလည်းကိုးသည်။ အိမ်မှုလုပ်ငန်းဆောင်တာတွေကို လွှဲပေးနေပြီ။ အသက်ကလေးလည်း ရရှာပြီ။ သူကြီးကတော်ဆိုသော်လည်း စီးစီးပိုးပိုးမရှိ။ ဘယ်သူ့ကိုမှ မောက်မောက်မာမာမရှိ။ သူတကာအိမ်ထောင့်ရှင် ရွာသူတွေလိုသာ နေထိုင်ကျင့်ကြံပြောဆိုသူ ဖြစ်ပါ၏။ မအိမ်ကံမှာ အမေမသိအောင် လုပ်ခဲ့မိသည့်အတွက် အပြစ်ရှိသလို ခံစားလာရသည်။ သာအောင်နှင့် တွေ့ခဲ့ပုံကို ပြောမဖြစ်သော်လည်း အစ်ကိုမောင်မြတ်သာ ပေးလာသော စာ အကြောင်းကိုတော့ အခါသင့်လျှင် ပြောဖို့ စိတ်ကူးလိုက်သည်။

"ကိုင်း...ကိုင်း ရေမိုးချိုးကြ...ကျေးဥ ညည်းအိမ် ခဏပြန်ချင်ပြန်ဦးလေ...မှောင်မှ လာခဲ့...သည်ကျမှ ထမင်းစား"




"မပြန်တော့ဘူး ဒေါ်ကြီး"

"အေး အေး...ညည်းသဘောပါ"

မအိမ်ကံနှင့် ကျေးဥ ရေတွင်းကုန်းဘက်ဆီ ထွက်လာခဲ့ကြသည်။ ရေတွင်းကုန်းစပ်မှာ ပေါက်နေသော ကံ့ကော်ပင်ကြီး အဖူးတွေ စီနေပြီ။ မအိမ်ကံကတော့ အရွက်သေးသေးချွန်ချွန် ကလေးတွေကြားက ပွင့်လာတတ်သည့် ကံ့ကော်ပွင့်ကလေးတွေကိုပဲ မျှော်နေမိတော့သည်။

■

ဇောင်ချမ်းကုန်း ဘုန်းကြီးကျောင်းဘေးက သစ်ပင်ရိပ်မှာ ဆရာတော်က ကုလားထိုင် တစ်လုံးဖြင့်ထိုင်ကာ တော်သလင်းလ အပူဒဏ်ကို ရှောင်လျက်ရှိ၏။ ကျောင်းပေါ်မှာ မနေနိုင် သဖြင့် အောက်သို့ဆင်းကာ သီတင်းသုံးနေခြင်းဖြစ်သည်။ ထိုစဉ်မှာပဲ ကြည်တော်ကုန်းရွာက ဆရာလေး ကိုတောက်ထိန် ကျောင်းဝင်းအတွင်း ဝင်လာကာ ဆရာတော့်ခြေရင်းမှာ ပျဝပ်ရင်း ဝတ်ဖြည့်သည်။

"မြို့က သတင်းစာဟောင်းတွေ လူကြုံပါးလိုက်လို့ လာလှူတာပါဘုရား..."

ဖျင်တဘက်တစ်ထည်ဖြင့် ပတ်ယူလာသော သတင်းစာအဟောင်းထုပ်ကြီးကို ဆရာ တော့်လက်ရောက် ကပ်လိုက်သည်။

"ဘယ့်နှယ်တုံး ဒကာတောက်ထိန်ရဲ့...ကျောင်းဖွင့်ရသာ အဆင်ချောရဲ့လား... ကလေးတွေ ကျောင်းတက်ကြရဲ့လားကွယ့်"

"တိုင်းရေးပြည်ရေးကြောင့် ထင်ပါတယ်ဘုရား...ကျောင်းသားဦးရေက ထင်သလောက် မရှိပါဘုရား...တပည့်တော်တို့လည်း မြင်းခြံက လူကြီးတွေကို သည်လိုဖြစ်နေတာ တော့ ပြောထားပြီးပါပြီ...ရှိသလောက်နဲ့ ဖွင့်ပါဆိုလေတော့ တပည့်တော်ကလည်း ဖွင့်ရတာပါပဲဘုရား"

"သတင်းစာဟောင်းကလေးတွေ လာပို့သာတော့ ဝမ်းသာသကွယ်...ဒါထက် အခြေ အနေ အကျိုးဘယ့်နှယ် အကြောင်းဘယ့်နှယ် ရှိသတုံးဒကာရဲ့"

သခင်တောက်ထိန်က သည်နှစ်ထဲမှာ ဖြစ်ပျက်သမျှ အကြောင်းအရာတွေ လျှောက် ထားသည်။ ဥရောပနိုင်ငံတွေဘက်ဆီမှာ ကမ္ဘာစစ်ဖြစ်နေကြောင်း၊ ဂျာမန်တွေက ပိုလန်ပြည်ကို ဝင်ရောက်တိုက်ခိုက်ရာက ဒုတိယကမ္ဘာစစ်မီး ထတောက်နေပြီဖြစ်ကြောင်း၊ မြန်မာပြည်မှာလည်း အလုပ်သမားတွေ လယ်သမားတွေ တစ်စခန်းထကြကာ နိုင်ငံရေးအရ အင်္ဂလိပ်ကို အခြေပျက် အောင် နှံ့နေကြကြောင်း၊ မန္တလေးမြို့သူမြို့သား တစ်သိန်းကျော် စုရုံးချီတက်သည်ကို အင်္ဂလိပ် စစ်ပုလိပ်က ပစ်ခတ်ကြောင်းတွေ ပါ၏။

"နို့...ဥရောပမှာ စစ်မီးထတောက်နေပြီဆိုတော့...ဥရောပဆိုသာ ဘယ်ဆီမှာတုံး ကွယ့်"

"တင်ပါ့...ဥရောပဆိုတာ ဝေးပါတယ်ဘုရား...တပည့်တော်တို့ရဲ့ အနောက်ဘက်ဆီ ပင်လယ်ခြားနေတဲ့အရပ်ပါပဲဘုရား...အခု အင်္ဂလိပ်တွေဟာလည်း ဥရောပထဲက တစ်နိုင်ငံပါပဲ...ဥရောပဆိုတာထဲမှာ ပြင်သစ်တို့ ဂျာမနီတို့လည်း ပါပါတယ်ဘုရား"

"တို့ရွာတွေဘက်ဆီကို ရောက်လာနိုင်သလား"

www.burmeseclassic.com

www.burmeseclassic.com

"အကြောင်းဆက်စပ်ရင်တော့ စစ်ဆိုတာ ဝေးတယ် နီးတယ် မဟုတ်တော့ပါဘုရား… ရောက်လာနိုင်ဖို့တော့ များနေပါပြီ"

"အင်း…မကောင်းသူထိပ် ကောင်းသူထိပ်ပေါ့လေ…"

ဆရာတော်က သက်တော် ရလှပြီဆိုသော်လည်း တိုင်းရေးပြည်ရေးမှာ စိတ်အားထက်သန်တော်မူရှာသည်။ သိတန်သလောက်လည်း သိတော်မူပါ၏။ သို့သော် တရားဓမ္မနှင့် ပျော်မွေ့ရသူတွေအဖို့ တရားဓမ္မကိုသာ လက်ကိုင်ထားရသည်။ မတရားမှု အဓမ္မကို မကြိုက်တာ သဘာဝကျပါ၏။

"တပည့်တော်ကို ပြန်ခွင့်ပြုပါဦးဘုရား"

"အို ဒကာကလည်း မြန်လှချည့်…ထမင်းကလေး ဘာလေး စားသွားဦးမှပေါ့"

"မစားတော့ပါဘူးဘုရား…တပည့်တော် မအိမ်ကံဆီလည်း ဝင်စရာရှိသေးလို့ပါ ဘုရား"

"မအိမ်ကံ"

"တင်ပါ့…သခင်မြတ်သာက စကားကြုံပါးလိုက်လို့ပါဘုရား"

"သြော်…အင်း…ဟုတ်ပါပြီလေ…"

ဆရာတော်ကို ဝတ်ဖြည့်ကာ ဆရာလေး ကိုတောက်ထိန် ရွာလည်က သူကြီးအိမ်ဘက်ကို လျှောက်ခဲ့သည်။ လမ်းမှာ နွားစာရိတ် ပြန်လာသော ကိုဖိုးငွေနှင့် ပက်ပင်းကြီး ဆုံကြသည်။

"ရော်…ဆရာလေး ဘယ်ကြွမလို့တုံး"

"သြော်…ကိုဖိုးငွေ…မအိမ်ကံ ရှိလား"

"မအိမ်ကံတို့ တောထဲမှာ ဝါကောက်နေကြသယ်…သူကြီးကတော်တော့ ရှိရဲ့"

"သြော် ဟုတ်ပါပြီဗျာ…ဒါထက် မအိမ်ကံတို့ ဘယ်အခင်းဘက်ဆီ ဝါကောက်ကြတာတုံးဗျ"

"အဲသည် ကြည်တော်ကုန်းဘက် ထွက်သွဲ့လမ်းဘေးက ခုကန်ကွက်တွေဘက်မှာပဲ ရှိလိမ့်မယ်"

"ကောင်းပါပြီ…ကဲ ကျွန်တော် ရွာပြန်ရင်း နှုတ်ဆက်လိုက်ပါဦးမယ်လေ"

"အိုဗျာ…ဆရာလေးကလည်း ဓောင်ချမ်းကုန်းရောက်ကာမှ မြန်းဆို လှည့်ပြန်လို့ ဖြစ်ပါ့မလား…အိမ်လိုက်ခဲ့ပါဦး"

မြက်ထုံးကြီးထမ်းကာ တံစဉ် ခါးထိုးလျက် ဒေါင်းတိမောင်းတိကြီး ပြောနေသော ကိုဖိုးငွေကို တောင်းတောင်းပန်ပန်နှင့်ပင် ဆရာလေး ကိုတောက်ထိန် ထွက်လာခဲ့ရ၏။

မအိမ်ကံတို့ရွာတွေမှာတော့ ၁၃၀၁ ခုနှစ် တော်သလင်းလထဲ ရောက်သည့်တိုင် မိုးကောင်းကောင်းမရကြ။ ဝါတွေတော့ ရကြပါ၏။ တပေါင်းလ ပဲတွေသိမ်းပြီးကတည်းက မိုးကို မျှော်ကြသော်လည်း ဟုတ်တိပတ်တိ မရွာခဲ့။ နေကလည်း ဝက်ဝက်ကွဲအောင် ပူလှသည်။ ပဲခင်းကို မြေလှန်ကာ နယုန်လထဲတုန်းက တစ်စွက်စွက်လိုက်သော မိုးနှင့်အတူ ဝါကြဲခဲ့ကြခြင်းဖြစ်၏။ ဝါဆိုဝါခေါင် ကျော်ခဲ့သော်လည်း မိုးက ပုဆိုးတစ်စွက်စာ ရွာတယ်ဆိုရုံလေးသာ ရွာသည်။ မိုးအကောင်းကြီး မဟုတ်သော်လည်း ဝါတော့ ရတန်သလောက် ရခဲ့ကြသည်။ ဓောင်ချမ်းကုန်းရွာ ဝါကောက်ပွဲကတော့ ခါတိုင်းနှစ်တွေလို စည်မြဲစည်ပါ၏။




ဝါပင်မှ ဝါသီးရသည်။ ဝါသီးထဲက အမျှင်တွေးကို ဝါပေါက်ခေါ်ကြကာ အစေ့ထုတ်ပြီးသားကိုတော့ ဂွမ်း၊ ဝါဂွမ်း၊ ဂွမ်းပေါက် ခေါ်ကြပါသည်။ ဝါကို တစ်ချိန်တည်းကောက်လို့မရ။ တစ်ပင်တည်းမှာပင် အောက်ကိုင်းများ အသီးသီးနေကြသော်လည်း အပေါ်ကိုင်းတွေမှာ ဖူးကြ ပွင့်ကြတုန်းလည်း ရှိတတ်ပါ၏။ အသီးရင့်လာလျှင် အညိုရောင်သို့ ပြောင်းသွားကာ အက်ကွဲလာသည်။ အက်ကွဲကြောင်းထဲက ဝါပေါက်တွေ ကန်ထွက်ဖို့ ပြင်ကြလေပြီ။ မိုးများတာကို မကြိုက်သည့်အပင်တွေဆိုသော်လည်း မိုးတော့ လိုသင့်သလောက်လိုသည်။ မအိမ်ကံတို့အရပ်ကတော့ ဝါကလေးမျိုး အစိုက်များကြသည်။

တော်သလင်းလ ပူပူလောင်လောင်ဆိုသော်လည်း ရွာသူတွေ ဝါကောက်ကြရတာကိုပင် ပျော်ကြရသည်။ ခေါင်းပေါင်းသူတွေက ပေါင်း၊ ခမောက်ဆောင်းသူက ဆောင်း၊ ဖျင်ကြမ်းလက်ရှည်အကျႌကြီးတွေ ဝတ်ကာ သနပ်ခါးကို ပျစ်ထူကြီးလိမ်းထားကြရသည်။ ခုံဖိနပ်မြီးတိုစီး၊ ထဘီတိုတိုပါအောင်ဝတ်ပြီး ဝါခင်းထဲ တိုးကြရတာဆိုတော့ နေပူ ဝါပူ ခံကြရသည်။ ရွာသူဝါကောက်သမများနည်းတူ မအိမ်ကံပင် ဝါခင်းထဲရောက်နေခဲ့သည်။ ကိုယ့်အခင်းက ဝါကို ဝါကောက်လိုက်သူတွေ ရှိသော်လည်း မအိမ်ကံကိုယ်တိုင်က ကောက်ချင်လို့ လိုက်ခြင်းဖြစ်ပါ၏။ မအိမ်ကံလိုပင် အခင်းရှင်ဖြစ်သော ရွှေမှုံလည်း တစ်ဘက်အခင်းမှာ ကိုယ်တိုင်ဝါကောက်နေသည်။

"မအိမ်ကံရေ…ဟောသည်မှာ မုန့်ဝက်သခေါက် ရှိသတော်…လာစားလှည့်ဦးဟေ့"

ရွှေမှုံက တစ်ဘက်အခင်းကနေ လှမ်းဟစ်သည်။ မုန့်ဝက်သခေါက်မှာ ဝက်သားသုံးထပ်နှင့်တူအောင် ထန်းလျက်ဖောက်ထားသည့် မုန့်နှစ်ညိုနှစ်ထပ်ကြားမှာ ထန်းလျက်မဖောက်သည့် မုန့်နှစ်ဖြူ ညှပ်ထားသည့် မုန့်ကျွဲသည်းတစ်မျိုးဖြစ်သည်။ မုန့်ဝက်သားခေါက်ကို မုန့်ဝက်သခေါက် ခေါ်ခြင်းဖြစ်၏။ ဝါကောက်သမများ အဆာပြေစားရန် တောမုန့်တွေ ဝါခင်းဘေးမှာ လင်ပန်းတွေထဲခင်းကာ ညှော်ခံကြတာ ဓလေ့ဖြစ်သည်။ မြေရေနွေးခရားမည်းမည်းကြီးတစ်လုံးနှင့် စဥ့်ခွက်ရေနွေးသောက်ပန်းကန်လုံးကလေးတွေလည်း ချပေးထားတတ်သည်။ ဘေးမှာ သောက်ရေအိုးကြီးတစ်လုံးကိုလည်း အုန်းမှုတ်တပ်ပေးထားရပါ၏။ သူ့အခင်းကိုယ့်အခင်းကမုန့် သည်လိုပဲစားကြသည်။ မနက်စောစောကြီး ဝါခင်း နှင်းရိုက်ပြန်တော့ ကောက်လို့မကောင်း။ နေမြင့်မှ ကောက်ကြရသည်။ သည်တော့ ကိုယ့်အိမ်က ထမင်းကြမ်းတစ်ဆုတ်တစ်ခဲစားကာ အလုပ်ခွင်မသိမ်းမချင်း အခင်းရှင်တည်သည့် သရေစာနှင့် အဆာဖြေရသည်။ ရေနွေးကြမ်းကတော့ ပြတ်ရသည်မရှိပါ။

"စားတော့ ရွှေမှုံရေ…ငန်းပြတ်အောင် လိုက်လိုက်ဦးမယ်…ကျုပ်တို့အိမ်ကမုန့်လည်း လာစားကြဦးနော်…မလှအုံတော့ မလာသေးဘူး…ဖိတ်သာဖိတ်ရသာ မုန့်က မရှိသေးဘူး အေရဲ့…"

မအိမ်ကံက ဝါခင်းတစ်ကွင်းလုံးကြားအောင် ပြန်အော်ရင်း သူ့စကားသူလည်း ရယ်သည်။ အပင်တန်းလေးငါးတန်းပဲကျန်သည်။ ကျေးဥက ဆွတ်ပြီးသား ကောက်ပြီးသား ဝါပေါက်တွေကို ခြင်းကြားတောင်းဖြင့် ထည့်ရွက်ကာ ရိုင်ပတ်ပတ်ထားသော လှည်းဆီကို သွားသွားပို့ရသည်။ ချွေးကလေးတွေများအုလို့။ ကျေးဥသယ်လာသမျှကို ဖိုးတုတ်က လှည်း

www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှ ဆီးယူကာ လှည်းအိမ်ထဲလောင်းရသည်။ ဖိုးကူးကတော့ မအိမ်ကံဘေးမှာ။ ယောကျ်ား လေးဆိုတော့ ဝါကောက်မလိုက်ချင်။ မအိမ်ကံကို ကြောက်လို့သာ လိုက်ခဲ့ရသည်။ စိတ်က ညောင်ပင်အောက်မှာ ရွယ်တူတွေ ဒီးတိုက်နေသော ကျည်းသားရိုက်သည့်ပွဲကိုရောက်နေသည်။ အဖျားနှစ်ဘက် တစောင်းစွေဖြတ်ထားသည့် တစ်ထွာလောက်ရှိသည့် တုတ်ချောင်းကလေးကို တစ်တောင်လောက်တုတ်ချောင်းဖြင့် ရိုက်နက်ကစားသော သည်ကစားနည်းကို မလှအုံက မကြိုက်။ မျက်လုံးမျက်ဆန် မှန်မှာစိုးတော့ ဖိုးကူး ကျည်းသားရိုက်ကစားလျှင် မလှအုံက ကျော ကော့အောင် ထုတော့သည်။ ဖိုးကူးမှာ ဝါကောက်တာကို စိတ်မရောက်တော့ မုန့်ပို့ နောက်ကျသော မအေ မလှအုံကို မည်းတော့သည်။

"အမေ့ကောက်ညှင်းပေါင်းကလည်း ဝါကောက်သိမ်းမှ လာမယ်တူပါရဲ့ဗျာ...အမေ တို့ သိပ်နှေးသာ"

ဖိုးကူးစကားကြောင့် မအိမ်ကံ ရယ်မိသည်။ ဖိုးကူးက အကစားမက်တော့ ပါလာ ကတည်းက မသွက်ချင်။ ဝါကောက်ချိန်ကလေးမှာ လူအားကောင်းကောင်းနှင့် သွက်သွက် ကောက်ကြရတာဆိုတော့ ဖိုးကူးလုပ်အားကလေးကလည်း လက်တိုလက်တောင်း အဆင်ပြေတာ ပါလို့ မအိမ်ကံက ခေါ်လာခြင်းဖြစ်သည်။ ရွာဘက်ဆီက ကောက်ညှင်းပေါင်းတောင်းကြီး ရွက်လာသော မလှအုံကိုမြင်တော့ ဖိုးကူးမှမဟုတ် မအိမ်ကံလည်း ဝမ်းသာသွားသည်။ မလှအုံ ပေါင်းသည့် ကောက်ညှင်းပေါင်းက အနပ်အပျောင်းကောင်းသည်။ ပဲလွန်းစေ့ပြောက်ထိုး ထားသည့် ကောက်ညှင်းဖွေးဖွေးက ဆီငွေ့ကလေးပြန်ကာ မွှေးနေတတ်သည်။ ဖိုးကူးက မအေကို ပြေးကြိုရင်း ဆွဲလားလုံးလားလုပ်တော့ မလှအုံပင် အတည်မကျချင်။

"အောင်မယ်လေးဟဲ့နော်...တောင်းရော လူရော မှောက်ကျတော့မှာပဲ ..တစ်မနက် လုံး ပေါင်းလာသဲ့ကောက်ညှင်းပေါင်း ဝါခင်းထဲသွန်ချသလိုဖြစ်တော့မှာပဲ...ဟဲ့ ကောင်လေး"

ဖိုးကူးက မအေ့ခေါင်းပေါ်က ကောက်ညှင်းပေါင်းတောင်းကို ဖွတ်ဆွဲချကာ ပခုံးစွန်း တင်ရင်း ထမ်းလာခဲ့သည်။ ကောက်ညှင်းပေါင်းတောင်းကို လှပ်လိုက်တော့ ပိတ်ဖြူသန့်သန့် ခံကာ ထည့်လာသည့်ကောက်ညှင်းပေါင်းတွေက အငွေ့တထောင်းထောင်း။ ဖိုးကူးက တစ်ဆုပ် စာ ဖွဖွကလေးကော်ယူကာ လက်ထဲမှာ တဇိဇိဆုပ်သည်။ ပါးစပ်ထဲသွတ်လိုက်ချိန်နှင့် မလှအုံက ခေါင်းကို ဒေါင်ခနဲ ခေါက်လိုက်ချိန်မှာ တစ်ပြိုင်နက်ဖြစ်သွားလို့ မအိမ်ကံမှာ ရယ်လိုက်ရသည် ဖြစ်ချင်း။

"စားပါစေ မလှအုံရယ်...ဖိုးကူးက မနက်လင်းကတည်းက ဆာနေသာ...မအိမ်ကံ တောင် ပြန်လွှတ်တော့မလို့ပါ..."

"ဘာကိစ္စ...ညောင်ပင်အောက် ကျည်းသားရိုက်ဖို့လား...မလွှတ်ရပေါင်တော် တစ်လက်ဆွန်း တစ်လက်ဆုပ်ခိုင်းရမယ့်ဟာ...တော်လွန်းလို့ခေါက်သာ မမက် စားဦးစားဖျား မစားရဘူးဆိုသာကို...လက်ပေနဲ့နှိုက်လိုက်သာများ ဖိုးဖိုးဖပ်ဖပ်နဲ့"

ကောက်ညှင်းပေါင်းရောက်လာပြီဆိုတော့ မအိမ်ကံက ခင်းလုံးကြားအော်တော့သည်။ မလှအုံက တည်ခရားကြီးနှင့် ရေနွေးအိုးကြီးတစ်အိုး ဆွဲလာခဲ့ရာ ရေနွေးဖန်ဖန်ကလေး




သောက်နိုင်ကြပါ၏။ လင်ပန်းသန့်သန့်ထဲကို ကောက်ညှင်းပေါင်းတွေ ဖြန့်သည်။ နှမ်းထောင်း နှင့် ဆီပန်းကန်သပ်သပ် ပါသေးသည်။ ကိုယ့်အခင်းအတွက် ကိုယ့်အစီအစဉ်နှင့်ကိုယ် စီမံကြ သော်လည်း သရေစာတွေက စုံလှသည်။ မအိမ်ကံက ရွှေမှုံကို လှမ်းခေါ်လိုက်သဖြင့် ရွှေမှုံတို့ အသိုက်က လေးငါးယောက် ကူးလာကြသည်။ မအိမ်ကံဘေးမှာပဲ ဝိုင်းထိုင်ကြ၏။

"မအိမ်ကံရယ်...အသားတွေများ မည်းကုန်ပါ့မယ်...ဝါခင်းထဲ လိုက်လာရသလား အေ"

ရွယ်တူ သူငယ်ချင်းမတစ်ယောက်က မအိမ်ကံကိုကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။ မအိမ်ကံကတော့ ပြုံးရုံသာ။ တစ်ရွာလုံးက မိန်းမသားတွေချည်းစုရာ ဝါခင်းထဲကို မအိမ်ကံ တမင်လိုက်လာခြင်းဖြစ်သည်။ ကျောပူခေါင်းပူ ပင်ပန်းတကြီးရှိကြသော်လည်း တဟေးဟေး တဟားဟားဖြင့် အော်ကြဟစ်ကြ စကြပြောင်ကြတာကို မအိမ်ကံ ပျော်သည်။

"ဝါဖတ်လေး ဖြူဖြူစင်စင် ရွှေလက်တောက်နဲ့ငင်
မြနဘန်ဒီ ရှင်ဘန်ဒီ...ဇော်ဂျီဝင်တဲ့ နတ်ကယ်လေး
(တိမ်းပေတော့ ယိမ်းပေတော့)
တောင်ခြေရင်း ဝါခင်းစောင့်တဲ့ ဖိုးအောင်ကျော်
မိုးခေါ်လို့ပေး ခေါ်လို့ပေး (မိုးထိုး...မိုးထိုး)"

တစ်ယောက်တစ်ပေါက် ဆိုကြ ကကြရင်း ကောက်ညှင်းပေါင်းကို ဆီကလေး တို့ကာ နှစ်ကာ စားနေကြတာကိုကြည့်ရင်း မအိမ်ကံပင် ဆာလောင်လာခဲ့သည်။ မနက်က အခင်းထဲ ထွက်မလာခင် ထမင်းပူ နှမ်းဆီဆမ်းကို ကြက်သွန်ပေါင်းကြော်ကလေးနှင့် စားခဲ့သေး သော်လည်း သူတကာစားတော့ စားချင်ချင်။

ဝါဂွမ်းပင်ငုံ ဖူးပွင့်စုံ၊ ဆွတ်တုံမေရို့ ဗိုင်းငင်ဖို့၊ ဗိုင်းငင်ဝါချည် လက်ရက်ထည် ဆိုသကဲ့သို့ တောသူတောင်သားတွေအဖို့ သည်ဝါကထွက်သောဂွမ်းကို အခြေခံကာ ဝတ်ဆင်ကြ ရသဖြင့် ဝါကိုတော့ စိုက်ဖြစ်အောင်စိုက်ကြသည်။ ဝါခင်းတွေဆက်နေတော့ ဂွမ်းပေါက်ရောင် တဖွေးဖွေးက တမျှော်ကြီးရှိနေပါ၏။ အခင်းတွေများသလောက် ရွာသူဝါကောက်သမတွေ များသည်။ ရွာသူတွေများသလောက် စကားတွေကလည်း စတုတ်တိုက်ချနေရသည်။ လှူရေး တန်းရေး၊ သားရေး သမီးရေး၊ ချစ်ရေး ကြိုက်ရေးတွေကအစ ဝါခင်းထဲမှာ အကုန်ကြားရသည်။

"လှခင်က ဘယ်က လှခင်ရမတုံး အနောက်ချောင်ထဲက ကလေးနှစ်ယောက် မအေ လှခင်ဟာအေ ..လင်သေသာ ဘာကြာသေးလို့တုံး ..ငိုလိုက်သာ ငိုလိုက်သာ တက်တက်နေလို့ ယောကျ်ားသန်သန်တွေ မနည်းဖြည်ချကြရသာကော ..အခု လင်ယူတော့မှာသဲ့တော်...မတက်တော့ဘူးလားမသိဘူး..."

"ဘယ်သူနဲ့တုံး ..ဟုတ်လို့လားအေ"

"ရော် ..ဟုတ်လိုက်သာမှ နေ့ခင်းကြောင်တောင် ငါ့ယောင်ဘယ်သူဆွဲ ဆိုသာလို ဆွဲတောင်ပြလိုက်ချင်သေး ကြက်တငိုသားမှဆိုးဖို့ ကိုကြာသီးလေ ရွာလာလာနေသဲ့ လှည်းကောက်လိုက်သဲ့ လူဟာကောအေ့ "

"သိပေါင်..."

www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့ မသိလောက်ဘူး...ငါ့အိမ်နားမှာ ကြက်တင်ဆက်တွေရှိလို့ သိရသာ... သီတင်းကျွတ် ယူကြမယ် ပြောသာပဲ..."

"တစ်ပင်လဲမှ တစ်ပင်ထူပေါ့အေ...ယူချင်လည်းယူမှာပေါ့ ညည်းတို့ကလည်း... ကလေးနှစ်ယောက်နဲ့ ကောင်းကောင်းမွန်မွန် လုပ်ကျွေးရင်ပဲ ဝမ်းသာစရာပေါ့..."

စကားတွေက သဘောထားအမျိုးမျိုး။ သတင်းတွေက ပဲတောင်းမှောက်ကျသလို ဝေါခနဲ ရှိလာကြပါ၏။ မအိမ်ကံကတော့ သည်လိုစကားတွေကြားရတာ ထူးဆန်းနေသလို ခံစားရသည်။ သူမဘဝမှာ များသောအားဖြင့် တစ်ယောက်တည်းနေခဲ့ရတာ များခဲ့သည်။ ငွေရေကြေးရေချမ်းသာသော သူကြီးသမီးဆိုတော့ အခြေအနေတွေကလည်း လူတွေနဲ့ ခွဲခြားထားသလို ရှိခဲ့သည်။ ခြံခတ်ဝိုင်းတိုက်ထဲမှာ ပွင့်ရသောပန်းတစ်ပွင့်လို နေခဲ့ရသည်။ မအိမ်ကံ ကိုယ်တိုင်က အခြေမခြားချင်သော်လည်း အနေခြားခဲ့ရသည်။ ကိုယ်တိုင်က အေးအေးဆေးဆေး နေချင်တာလည်း ပါပါလိမ့်မည်။ အရွယ်ကလေးနည်းနည်းရောက်လာတော့မှ ကျေးဥ ရောက်လာခြင်းဖြစ်၏။ ကျေးဥဆီကလည်း သည်လိုစကားတွေ ကြားရခဲ့သည်။ မလွှဲသာမှ ပွင့်ထွက်လာတာလောက်ကိုသာ ကြားရသည်။ အာပြဲချက်လန် သောသောညံညံကြီး ရယ်ကြ မောကြတာတွေက သည်လိုနေရာမှာမှ ကြားနိုင်တာမဟုတ်လား။

မအိမ်ကံဘေးမှာ အပျိုမဖြစ်တဖြစ်ကလေးတွေ၊ အပျိုရည် အပျိုဘဝ လှလှကြီးရောက်ကြသူတွေ၊ အရွယ်ကလေးလွန်စ အပျိုကြီးတွေ စုံလှသည်။ နေကြီးပူလောင်ထဲမှာ လုပ်ကိုင်စားသောက်ကြရသော်လည်း မလုပ်သည့်နေ့ ထမင်းရေစာ ဝနိုင်စရာမရှိ။ မနက်ထမင်း ညထမင်း မှန်မှန်စားရဖို့ နေမကြောက် မိုးမကြောက် လုပ်ကိုင်စားကြရသူတွေဆိုသော်လည်း ပင်ပန်းသည် မထင်ကြ။ ကျရာဘဝမှာ နေပျော်အောင် နေနေကြရရှာတာပါလား။ မအိမ်ကံ စိတ်တွေက သည်လိုတွေးမိတော့လည်း ထိုင်းမှိုင်းသွားရပြန်ပါ၏။

"တို့ရွာက ကွမ်းတောင်ကိုင် မမခင်အိသတင်းကော ကြားပြီးကြပြီလား"

"ကြားပါ့တော်..."

"ငါတို့ ကြားသေးပေါင်အေ...ပြောပါဦး"

"ဟောတော်...ညည်းတို့ ဘယ်သွားသေနေကြသာတုံး...ကြီးတော်စံရွှေ့သား ကိုသာဆောင်နဲ့ မမခင်အိ ယူကြတော့မှာ..."

ကြီးတော်စံရွှေဆိုတော့ မအိမ်ကံစိတ်ကလေး လှုပ်ရှားရပြန်သည်။ ကြီးတော်စံရွှေ့သား သာအောင်နှင့် တွေ့ခဲ့ရသော တဲပျက်ထဲက ပုံရိပ်တွေကို ပြန်မြင်နေခဲ့သည်။ ကြီးတော်စံရွှေနှင့် ပတ်သက်လို့ ကျေးဥ ပြောစကားတွေကိုလည်း မအိမ်ကံ အမှတ်ရနေခဲ့သည်။ အခု မမခင်အိက ကိုသာဆောင်နဲ့ ဆိုနေပါပကောလား။ သည်သတင်းတော့ မအိမ်ကံ မကြားပါ။ ကျေးဥကလည်း မပြောခဲ့။

"ကြီးတော်စံရွှေက သူ့သားတွေကို ရွာကွမ်းတောင်ကိုင်တွေနဲ့ချည်း ပေးစားမှာဟေ့လို့ မောင်းခတ်ထားသာလေ...သား အငယ်ကောင်လည်း ကွမ်းတောင်ကိုင်နဲ့ပဲ ပေးစားမှာ သဲ့တော့် လာပုံက..."

"သာအောင့်ကိုလား"





"သူက ပေးစားချင်ဦးတော့ ကွမ်းတောင်ကိုင်တွေက သူ့သားတွေကို ယူဦးမှကိုးအေ့... သူ့သားတွေက ရွှေဇွန်းကိုက်မွေးထားလို့လား...ငါသာ ကွမ်းတောင်ကိုင်ဖြစ်ကြည့် စမ်း...ပက်ခနဲ ပြောပစ်လိုက်စမ်းမယ်..."

"အေးပါအေ...ညည်းပက်ခနဲ ပြောမယ့်ကိစ္စ နောက်မှပြော ..ကွမ်းတောင်ကိုင် အရင် ဖြစ်အောင် လုပ်ပါဦးဟဲ့ ..တစ်နေ့လုံးထိုင်ကြည့်လို့ နှစ်ပြားမတန်သဲ့ မိန်းမက များ..."

"သည်ဘဝမဖြစ် နောက်ဘဝပေါ့အေ ..စောင့်ရလှ တစ်ဘဝပေါ့..."

သည်စကားကြားတော့ မအိမ်ကံ စိတ်မကောင်းဖြစ်သွားမိသည်။ ကွမ်းတောင်ကိုင် သည်ဘဝမဖြစ်တော့ နောက်ဘဝတဲ့လား။

ကွမ်းတောင်ကိုင်ဖြစ်ဖို့ နောက်တစ်ဘဝ စောင့်လိုက်ဦးမဟဲ့ ဆိုသူကို မအိမ်ကံ လှမ်းကြည့်လိုက်မိသည်။ ရုပ်ရည်မရှိရှာသော်လည်း ညိုညိုညက်ညက် မိန်းကလေးတစ်ယောက် ဖြစ်သည်။ ကြီးတော်စံရွှေက ပေးစားချင်ဦးတော့ ကွမ်းတောင်ကိုင်က ယူဦးမှကိုး ဆိုသူကလေးကို လည်း မအိမ်ကံ ပြုံးကြည့်လိုက်သည်။ ဟုတ်သားပဲ။ ကွမ်းတောင်ကိုင်ကပဲ သူ့သားတွေကို ရချင်လှချည်ရဲ့၊ ယူချင်လှချည့်ရဲ့ ဖြစ်နေရသလိုလိုကိုး။ ငါကွမ်းတောင်ကိုင် ဖြစ်ပါပြီတဲ့။ သာအောင့်ကို ယူရမှာလား...။ သည်လိုတွေးမိတော့လည်း သာအောင့်ရင်ငွေ့ နွေးနွေးကို ဖျတ်ခနဲ သတိရလိုက်မိသည်။ မအိမ်ကံနှင့် သာအောင့်သတင်းကော ကြားပြီးကြပြီလား ဆိုတာမျိုးများ ကွယ်ရာမှာ ပြောနေကြရော့လား။

"ပိုက်ဆံရှိတော့ ခေါင်းခေါက်ရွေးနိုင်သာပေါ့အေ...မိန်းကလေးရှင်တွေကလည်း ငြင်းဖို့ခက်ကြရှာမှာပဲ...ကိုယ့်သမီး သောင်သာသဲ့အရိပ်ထဲ ထားချင်ကြမှာပေါ့..."

အပျိုကြီးတစ်ယောက်က မှတ်ချက်ပြုခြင်းဖြစ်၏။

"မမခင်အိ အိမ်ထောင်ပြုတော့မယ်ဆိုတော့ ရွာကလည်း ကွမ်းတောင်ကိုင် ရွေးရတော့ မှာပေါ့"

"အင်းပေါ့...ရွာအတွက် ကွမ်းတောင်ကိုင်ကတော့ ပဲတို့ နှမ်းတို့ မျိုးထားရသလိုကိုး အေရဲ့...နောက်ဖြစ်မယ့်ကွမ်းတောင်ကိုင်က သာအောင်နဲ့ ညားဖို့ရှိမှာပေါ့..."

"သာအောင်တို့များ ကွမ်းတောင်ကိုင် ထိုင်စောင့်နေရသလိုပါလားအေ...ဟန်ကျ ချက်တော့..."

"အဲသည်ကောင်က လက်ကြောမတင်ပေါင်အေ...ကန့်ကလျနဲ့ပါ...အဖေတို့ ပြောသာတော့ မြို့နဲ့ဆက်ပြီး နိုင်ငံရေးလုပ်နေသာသဲ့..."

"နိုင်ငံရေးလုပ်သယ်ဆိုသာ ဘာကိုပြောသာလဲ..."

"သိပေါင်အေ...မအိမ်ကံ မေးကြည့်ပါလား..."

သူကြီးသမီးဆိုတော့ နိုင်ငံရေးလုပ်သည်ဆိုတာလောက်ကို သိနိုင်သည်ဆိုသည့် အမြင်ဖြင့် ရိုးရိုးသားသားပြောမှန်းသိသော်လည်း မအိမ်ကံက မဖြေပါ။ ပြုံးရုံသာ ပြုံးပြလိုက်သည်။ မရပါ။ အားလုံးက မအိမ်ကံကို ဝိုင်းကြည့်နေကြကာ သိသလောက် ပြောပြပါရန် တောင်းပန်နေကြသယောင်ဆိုတော့ မအိမ်ကံ မယုတ်မလွန် ဖြေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"နိုင်ငံရေးဆိုသာ ကိုယ့်တိုင်းပြည် ကိုယ့်နိုင်ငံ အရေးကိစ္စလို့ပြောသာပါ...မအိမ်ကံ တို့ တိုင်းပြည်ကို အင်္ဂလိပ်တွေက အုပ်ချုပ်နေသာမဟုတ်လား...အဲသာကို မခံချင်လို့ အင်္ဂလိပ်ကို ဆန့်ကျင်ရေးလုပ်သာကို ပြောသာ..."

"အေးပေါ့ဟယ်...ကိုယ့်ရှင်ဘုရင်မှ မဟုတ်သာ"

မလှအုံလည်းပြန်ပြီ။ အပျိုတွေ အခင်းဆင်းကြတော့ မအိမ်ကံ ဝါခင်းထဲ မဝင်တော့ဘဲ ဝါခင်းစပ်က သနပ်ပင်ကြီးအောက် သွားထိုင်နေခဲ့သည်။ အိမ်ကိုလည်း မပြန်ချင်သေး။ ဘာပဲ ဖြစ်ဖြစ် မအိမ်ကံခေါင်းထဲ အတွေးတွေ ဝင်နေခဲ့ရပြီ။ မမခင်အိ ကွမ်းတောင်မကိုင်ရတော့ဘူး ဆိုရင် ရွာကွမ်းတောင်ကိုင်က ဘယ်သူဖြစ်မှာလဲ။ သူမဘဝမှာ ကွမ်းတောင်ကိုင် ဖြစ်ကိုဖြစ်ရမည် ရုပ်ရည်ရှိသည်။ ငွေဂုဏ်ကြေးဂုဏ် မျိုးဂုဏ် ရိုးဂုဏ်ရှိသည်။ အကျင့်စာရိတ္တ အရာမှာလည်း ယင်ချေးတစ်ပြောက်စာ ရှိခဲ့သူမဟုတ်။ အဖေ့အရှိန်အဝါနှင့်ပင် ဖြစ်မည်ဆိုလျှင် ဖြစ်လောက် သည်။ သို့သော် ကွမ်းတောင်ကိုင်ဆိုတာက ရွာက ရွေးချယ်ရခြင်းဖြစ်ပါ၏။ ရွာနှလုံးသား တွေထဲက အများကြိုက် ပွင့်လန်းလာရသည့် အလှပန်းတစ်ပွင့် ဖြစ်ပါ၏။ သည်တစ်ခါတော့ သူ့အလှည့်ကျပြီ။ သူ့ရှေ့က ကွမ်းတောင်ကိုင်တွေကို မျှော်ငေးရင်း အဝေးကို လှမ်းကြည့်ခဲ့ရ သည့်ဘဝက အခုတော့ သူ့အရွယ် သူ့အလှည့် ရောက်လာရပြီမဟုတ်လား။

လူမှန်းသိပြီဆိုကတည်းက ရွာ့ကွမ်းတောင်ကိုင် ဖြစ်ချင်ခဲ့ရှာသူ ရွာ့မိန်းမပျိုတစ်ယောက် အတွက်တော့ ရင်ခုန်ချင်စရာ အချိန်ကာလကို ရောက်လာခဲ့ပြီ။ သည်လို တွေးမိပြန်တော့ မအိမ်ကံ သူ့ကိုယ်သူ ကွမ်းတောင်ကိုင်တစ်ယောက်လို မြင်နေရပါ၏။ ဖက်စိမ်းကွမ်းတောင် ကြီးကို ပွေ့ရင်း တစ်လှမ်းချင်းလှမ်းလာတာကို ရွာစုံက လူတွေ ငေးနေကြတာကိုလည်း မြင်ယောင်နေမိသည်။

"လှခေါင်ချုပ်သည့် ရွှေရုပ်သွင် ခြောက်ပြစ်ကင်းရှောင် ပျိုနတ်ယောင် ကွမ်းတောင် လက်မှာ ဆောင်၍..." (သျှိုး)

"မယ့်သခင် လူယဉ်လှ ရတုသံချို ရကန်ဆို လူပျိုဝန်းရံခလို့လေး..." (သျှိုး)

"ငွေလိုပြောင် သဲရောင်ခင်း...ဓောင်ချမ်းရွာလယ် လမ်းကျယ်ကျယ်မှာ လှဖွယ်အစုံ ကျင်း၍..." (သျှိုး)

"ပျိုခင်စု ရွယ်နုလှသဇင်...ဝတ္တုလှုပ္ပဖွယ် အသွယ်သွယ် ကြီးငယ်ရှေ့နောက် ပြင်၍..." (သျှိုး)

မအိမ်ကံ နားထဲမှာ သျှိုးလိုက်သံတွေကိုပင် တစီစီကြားယောင်နေမိ၏။ ဓောင်ချမ်း ကုန်း ရွာလယ်လမ်းမှာ မအိမ်ကံ ကွမ်းတောင်ကိုင်သည့်နေ့က လူတွေ များလှသည်။ ရွာပေါင်းစုံ က လှည်းတွေနှင့် လာကြတာကပဲ ဓာတ်ပွဲလာကြသလို ရှိတော့သည်။ မအိမ်ကံ ကွမ်းတောင်ကိုင် လို့တဲ့...လှလိုက်သာ စက်စက်ယိုလို့တဲ့။ ကလေးလက်တို့ အိမ်ဆူးဆို့ ခွေးအို့အို့ မကျန်အောင် ရောက်လာကြသူတွေကြောင့် ဓောင်ချမ်းကုန်းလည်း မြေညွတ်အောင်ရှိလေပြီ။

"ဆုတ်ကြပါဦး...ဖယ်ကြပါဦး...မအိမ်ကံကလေးကို ကြည့်စမ်းပါရစီ"

လူတွေကြား တိုးရင်း ဝှေ့ရင်း အော်ကြသည့်အသံတွေကလည်း ပွက်ကြီးထလျက် ရှိပါ၏။ လူတွေ လူတွေ...။ အို...မအိမ်ကံ မွန်းလိုက်တာ။ ဖယ်ကြ ရှားကြစမ်းပါဦး။ ကွမ်းတောင်များ တိုက်မိကြပါဦးမယ်...။





"မအိမ်ကံရေ...ဝေး...မအိမ်ကံ...အမောပြေရင် မုန့်လာစားပါဦး"

အဝေး ဝါခင်းဆီက လှမ်းဟစ်လိုက်သော အသံကြောင့် စိတ်ကူးတွေ ယဉ်နေမိသော မအိမ်ကံ ဖျတ်ခနဲနိုးသလို ဖြစ်သွားခဲ့သည်။ ဘယ်သူပါလိမ့်။ နောက်တစ်ခါအော်တော့မှ ရွှေမှုံ့အသံမှန်း ကျက်မိလိုက်သည်။

"စားတော့ ရွှေမှုံရေ...ကောက်ညှင်းပေါင်း စားသာ များသွားလို့ပါအေ"

ရွှေမှုံ...။

ရွှေမှုံကလည်း မြေပိုင်ယာပိုင်သမီးဖြစ်၏။ မအိမ်ကံ အလှကို မမီသော်လည်း အယဉ် မှာတော့ သူလည်း တစ်ဘာသာချောရှာပါ၏။ မျက်နှာမှာ မွေးရာပါ အပြုံးရိပ်ကလေး ပါသည့်အပြင် အပြောအဆို နူးညံ့သည်။ တောင်သူကြီးသမီးဆိုသော်လည်း ကျော့ရေ မော်ရေ နေတတ်သူမဟုတ်။ အလုပ်များ ဖြန်းဖြန်းကွဲ လုပ်နိုင်သူကလေးဟု ရွာမှာ နာမည်ရသူဖြစ်သည်။ အနေအထိုင် ကျစ်လစ်သည်။ ဗိုင်းကောင်းကျောက်ဖိရှိသည်။ ရွှေမှုံသည်လည်း ကွမ်းတောင်ကိုင် ခွင့် ရနိုင်သည့်မိန်းကလေးမျိုးဖြစ်သည်။

"ရွှေမှုံလိုမိန်းမချောတွေ ရွာထဲမှာ ဘယ်နှယောက်တောင် ရှိသေးသလဲ"

မအိမ်ကံ စိတ်ထဲမှာ စာရင်းကောက်ကြည့်မိသည်။ မအိမ်ကံက အချောအလှအရာမှာ 'ခေါင်'က ရှိတာကိုတော့ သူမကိုယ်တိုင် သိထားခဲ့သည်။ အနားရွာတွေကပင် မအိမ်ကံ၏ အလှကို စကားကြုံတိုင်း ပြောကြရသည်မဟုတ်လား။

မအိမ်ကံ ဥသစ်ပင်ရိပ်က ထလာခဲ့ကာ ဝါပင်တွေကြားတိုးဝင်လာခဲ့သည်။ တော်သလင်း နေက ပုစွန်လုံး ပက်လက်လန်အောင် ပူပြင်းလှပါ၏။ ပူကာမှပူရော့ မအိမ်ကံ အိမ်မပြန်ချင် သေးပါ။ ဝါခင်းတွေထဲမှာ ဟေးဟေးဝါးဝါး ပျော်ကြသူတွေဆီက အပျော်တွေ ကူးရသည်။ ရယ်စကား ရွာစကား ကြားရသည်။ မမခင်အိ အိမ်ထောင်ပြုတော့မည်ဆိုသည့်သတင်းကိုပဲ ကြည့်လေ။ ငုပ်လျှိုးနေခဲ့သော ကွမ်းတောင်ကိုင် ဖြစ်ချင်စိတ်များပင် ပြန်လည် ဖူးပွင့်လာခဲ့ရ သည် မဟုတ်လား။ ဝါပေါက်ကလေးကို ဆွတ်ရင်း မအိမ်ကံ သီချင်းကလေးပင် ညည်းနေခဲ့ မိသည်။

"ကွမ်းတောင်ကိုင်တစ်ယောက်တော့ ရွေးရပြန်သာပေါ့အေ...အလှူအတန်း ကျဲသဲ့ ခေတ် ဆိုပေသိ လာမယ့် ဦးတန်ခူးမှာ လှူမယ့်အလှူ နှစ်လှူလောက်ရှိမှာတော့"

မအိမ်ကံ ဘေးအခင်းဆီမှာ အော်ကြီးအော်ကျယ် ပြောနေကြသည့်စကားသံကြောင့် သီချင်းအညည်းရပ်လိုက်ကာ ဘယ်သူတွေပါလိမ့်လို့ မျှော်ကြည့်လိုက်သည်။ ရွာမှာ အလှူရှိတော့ မှာတဲ့ ။ ဒါဆိုရင် ...။ မအိမ်ကံ သိချင်သည့်မေးခွန်းကို တစ်ယောက်က မေးလိုက်သည်။

"ဒါဆိုရင် ကွမ်းတောင်ကိုင်က ဘယ်သူဖြစ်မယ်ထင်သတုံး..."

မအိမ်ကံ ကိုယ်ကလေးပင် တောင့်သွားခဲ့သည်။ ဘယ်သူဖြစ်မယ်ထင်သတုံးတဲ့။ မေးသူက မေးနေပြီမဟုတ်လား။ ရွာ့အသံကို ကြားရတော့မည်။ အသက်ကလေးကိုပင် အောင့်ထားလိုက်မိပါ၏။

"ပြောနေကြသာတော့အေ ..."

■

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

"အမေလေး သူစိတ်ဆိုးလို့ ရစ်ရိုးနဲ့ရိုက်လိုက်လေ x x ကျောစိစိကြေ x x ပျိုတို့
မောင် လာကာမှ x x ဒဏ်ရာကို လှန်ကာပြလို့ရယ် x x ငိုပါ့မယ်လေး x x"

ရုတ်တရက် ကောက်ကာငင်ကာ ထဆိုလိုက်သော သီချင်းသံကြောင့် မအိမ်ကံခမျာ ကြားချင်သည့်စကား မကြားလိုက်ရတော့ပါ။ မအိမ်ကံနှင့် မနီးမဝေးမှာ ရှာကွမ်းတောင်ကိုင် လျှာထားသည့်အကြောင်း ပြောဆိုနေကြတာကို အသက်အောင့် နားထောင်နေမိသည်။ ရှာသူ တစ်ယောက်က သူ့သဘောထားကို ပြောရန် စကားဟလိုက်စဉ်မှာ သီချင်းသံ ထွက်လာခြင်း ဖြစ်၏။ မအိမ်ကံ လှမ်းကြည့်လိုက်တော့ အပျိုကြီး မသောင်းလှ ဖြစ်နေသည်။ မသောင်းလှက သီချင်းတွေ ပြောက်တိပြောက်ထိုး ဆိုတတ်သော်လည်း ဘယ်သီချင်းမှ အစအဆုံးမရ။ သို့သော် ဇာတ်ထုပ် ဇာတ်လမ်းတော့ အခင်းကောင်း။ သည်လို အုပ်နှင့်သင်းနှင့်လုပ်ရသော အလုပ်တွေမှာ မသောင်းလှကို တကူးတကပင် ခေါ်ရသည်။ ကြားချင်တာ မကြားလိုက်ရတော့ မအိမ်ကံ သက်ပြင်းကလေးသာ ရှိုက်လိုက်ရတော့သည်။

"သောင်းလှရယ်...အမေက ရစ်ရိုးနဲ့ရိုက်သာ ကျောသိသိကြေသယ်ဆိုတော့ အပြစ်က ကြီးလှပါကောဟဲ့..."

"ကြီးဆို ရည်းစားထားသယ့်အမှုကိုး ဝိုင်းစိန်မရဲ့...ရည်းစားထားသာ အမေသိသွား တော့ လာစမ်းဟဲ့ဆိုပြီး ရစ်ရိုးနဲ့ရိုက်သာ ကျောလုံးပုပ်ကရော.."

မသောင်းလှနှင့် မဝိုင်းစိန်မတို့ ရိုးရိုးသားသား ပြောနေကြတာမှ ဟုတ်ရဲ့လား။ မအိမ်ကံ ထိတ်ခနဲပင် ဖြစ်သွားရပါ၏။ မအိမ်ကံနှင့် သာအောင်တို့ တဲပျက်ထဲတွေ့ခဲ့ကြတာ ကိုများ သိကြရော့လား။ သူတို့နှစ်ယောက်ကိုများ သမီးရည်းစား ထင်ကြရော့လား။ ရည်းစား ထားလို့ အမေက ကျောစိစိကြေအောင် ရိုက်သတဲ့။ သီချင်းက ထူးတော့ထူးဆန်းသား။ ပျိုတို့မောင် လာကာမှ ဒဏ်ရာကို လှန်ကာပြလို့ရယ် ငိုပါ့မယ်လေး ဆိုတာကကော။ အမေရိုက် သည့် ကျောဒဏ်ရာကို ချစ်သူကို လှန်ပြရရင် ရှက်စရာကြီး။

"တချို့က ချောသနှင့် x x တို့တောနယ်ရွာစဉ်မတော့ x x မြို့ကျောဘွယ် တန်ဆာ ဆင်ကြပုံက x x အပြာတွင် ဖဲရောင် ခရမ်းရယ်နှင့် x x ပဝါယဉ် ဖဲစောင်မှ ဆန်း



တယ်လို့ x x ထာဝစဉ် ပွဲဆောင်ကို မြန်းကြတယ် x x ကဲ ပြောင်ခန်းဖော်တယ် နော်ကွယ် x x အလိုရှင် x x လှည်းဆောင်ပန်းပေါ် x x"

နေပူပူ ဝက်ဝက်ကွဲမှာ လွမ်းလောက်အောင် ဆိုလိုက်သော ဝါခင်းထဲက သီချင်းတွေကို ကြားရတော့ အမောပြေရသား။ တောသူတောင်သားတွေဆိုတော့ လက်လှုပ်မှ ပါးစပ်လှုပ်ရ တာထား၊ လက်လှုပ်တာတောင် ပါးစပ်မလှုပ်ရတာတွေ များလှသည်။ တချို့များ ထမင်းပင် စားခဲ့ကြရရဲ့လားမသိ။ အခင်းရှင် ဧည့်ခံသော မုန့်ပဲသွားရေစာနှင့် ပြီးကြရတာကို မအိမ်ကံ မြင်နေရပြီ။ အစ်ကိုပြောခဲ့ဖူးသည့် နိုင်ငံက ချမ်းသာပြီး လူတွေက ဆင်းရဲနေကြတာဆိုတာ ဒါကိုပြောတာပဲ ဖြစ်ရမည်။ သည်လူတွေအတွက် တတ်နိုင်သမျှ ကွမ်းတစ်ယာ ရေတစ်မှုတ် ကမ်းဆိုသလို မအိမ်ကံမှာ စိတ်ကူးတွေရှိပါ၏။ ရွာနှင့် ရွာဝန်းကျင်က ထွက်သမျှ ဝါတွေကို ပေါက်ဈေးနှင့်ဝယ်မည်။ ရက်ကန်းစင် လေး,ငါးစင် အိမ်မှာ ထပ်ဆင်မည်။ ရွာထဲက ရက်ကန်း စင် ရှိသမျှအိမ်တွေကို ချည်ပေး အထည်ယူ၊ ရက်ခပေးပြီး ရသမျှ ခတ်ခိုင်းမည်။ ရွာထည် တောထည်ကလေးတွေဆိုသော်လည်း အဆင်အကွက်လှလှကလေးရက်လျှင် သည်လိုခေတ် ကာလမှာ အသုံးများနိုင်သည်။ ရုပ်သေးစင်မှာ ဆိုသွားသည့် လင်္ကာတစ်ပုဒ်ကို မအိမ်ကံ မှတ်မိနေသည်။

"မိန်းမတွေ အငြိမ်မနေစမ်းပါနဲ့ x x ရက်ကန်းခေါ် ဗိုင်းဝါအလုပ်ကိုလ x x အများ တကာ အားမနာလို့မဟုတ်ပါဘူး x x အများအလာမှာ ခါး ဗလချာ မစုတ်ရအောင် ကွယ် x x အားထုတ်ဖို့ကောင်း x x"

မအိမ်ကံတို့ရွာတွေမှာ ရက်ကန်းစင်တွေ များသော်လည်း ရက်ကန်းအလုပ်ထက် ရိုးရာတောင်သူအလုပ်ကို ခါးချိုးချင်ကြသူတွေ များသည်။ ရက်ကန်းအလုပ်က ကရိကထ များသလို ရက်ကန်းထွက်ထည်ကလေးတွေက ငွေပေါ်ခက်သည်ဟု ယူဆကြသည်။ တစ်ကိုယ်စာ ဝတ်သာရုံကလွဲလို့ အရင်းအနှီးရယ်လို့လည်း မတတ်နိုင်ကြတော့ ငွေရင်းစိုက်ပြီး ဝင်ငွေရအောင် မရှာတတ်ကြတာလည်း ဖြစ်ဟန်တူပါ၏။ ဒါကိုပဲ သည်ဘက်နှစ်တွေမှာ မအိမ်ကံ မြင်လာ ခဲ့သည်။ အရင်းအနှီး စိုက်မည်။ ရက်ကန်းခတ်သားတွေကို လုပ်ခပေးမည်။ ရသမျှအထည်တွေ မြို့ကိုပို့မည်။ သည်စိတ်ကူး အမေပန်းရုံကို ပြောပြတော့ အမေကလည်း သဘောတူသည်။

"အမေတို့ငယ်ငယ်ကများ ရက်ကန်းမတတ်ရင် အကန်းလောက် ခေါ်ချင်ကြသာ... မိန်းကလေးများတွေ့ရင် ကာလသားရဲ့မအေက ရက်ကန်းရှင်မ တတ်ပါစလို့ မေးကြ သာ...မတတ်ဘူးဆိုရင် လူ့ဘဝ ဘာလာလုပ်သာတုံး ဆိုသဲ့မျက်နှာနဲ့ကြည့်သာ... အမေတို့ခေတ်အထိ တင်လိုက်ရသဲ့ ဝါပခြင်းနတ်...တင်လိုက်ရသဲ့ ရက်ကန်းရှင်မ... တချိန်းချိန်းပေါ့အေ..."

အမေပန်းရုံ ပြောတာကို မအိမ်ကံ စိတ်ဝင်တစား နားထောင်နေခဲ့ဖူးသည်။ လောလော ဆယ် မအိမ်ကံတို့ခေတ်မှာတောင် ဝါပခြင်းနတ်ကို တင်ကြတုန်း။ ဝါစိုက်သည့်ရွာတွေမဟုတ် သား။ မိုးမရွာတော့လည်း တင်ကြရသည်။ ခြင်းကြားတောင်းကို ဆံစုတပ်၊ ပန်းပန်၊ ထဘီအင်္ကျီ ဝတ် ပေးပြီး မိန်းမကြီးတွေက ခြင်းနှုတ်ခမ်းက မ,ကာ ယိမ်းပေးကြသည့် နတ်တင်ပွဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ရွှေမိုးတဲ့ရွာစေချင် x x ငှက်ပျောပင် ဆင်အံဖီးနဲ့ နတ်ကြီးကိုတင် x x ရပ်ရွာသူ နယ်အရှင် x x ရေတင်အောင် ရွာပါလား x x မိုးနတ်သိကြား x x"

"တောင်ဘက်လယ်ခင်း တောင်ခြေရင်း x x ဝါခင်းစောင့်တဲ့ဖိုးအောင်ကျော် x x မိုးခေါ်လို့ပေး x x ခေါ်လို့ပေး x x"

"ဖိုးအောင်ကျော် လာမည့်ရေးနှင့် မိုးသံကိုပေး x x ပြောင်းပင်ညိုမြ မိုးလိုက ရေရမြက်ပင် ယသမင် x x ဖော်ဂျီရှင်မ နတ်ကယ်လေး x x တိမ်းပေတော့ ယိမ်းပေတော့ x x"

"ဝါဖတ်လေး ဖြူဖြူစင်စင် ရွှေလက်တောင့်နှင့်ငင် x x"

မိန်းမကြီးတွေက ခြင်းကြားနတ်စီးလျှင် လေး,ငါးယောက် ထိန်းမရဟု ပြောတာကြားဖူးသည်။ ယသမင်ဂျီရွာသူ မနှင်းဆီနှင့် ယာခင်းရှင်သား ဖိုးအောင်ကျော်တို့၏ အချစ်ဇာတ်လမ်းတွင် မနာလိုသူ ကုန်းကောင်သူကြီးသားက တိုက်သဖြင့် ဘုရင်က အပုတ်ထင်ကာ ဖိုးအောင်ကျော်ကို ဖမ်းစေသည်။ ဖိုးအောင်ကျော် ကမ်းပါးစောက်ထဲ ပြုတ်ကျပြီး သေရာက နတ်ဖြစ်သည့်အခါ မနှင်းဆီလည်း ရက်ကန်းခတ်ရာက ရင်ကွဲနာကျသေသည်ဟု စကားရှိသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ။ မအိမ်ကံတို့ရွာတွေမှာ ရက်ကန်းရှင်မ နတ်ကို တင်ကြမြှောက်ကြရပါ၏။

"မမကံ...ဟိုမှာ ကြည်တော်ကုန်းက ကျောင်းဆရာကြီး..."

ဖိုးကူး လှမ်းပြတော့ ဝါကောက်ရင်းက မအိမ်ကံ လှမ်းကြည့်လိုက်သည်။ ကြည်တော်ကုန်း ကျောင်းဆရာဆိုတော့ ဆရာလေး ကိုတောက်ထိန်ပေါ့။ ကန်သင်းဆုံထောင့်မှာ ပေါက်နေသော သနပ်ပင်ရိပ်ကနေ မအိမ်ကံကို စောင့်နေတာ လှမ်းမြင်လိုက်ရသည်။ မအိမ်ကံလည်း ဝါတွေကို ကျေးဥလှမ်းပေးပြီး သစ်ပင်ရိပ်ကို ပြေးလာခဲ့သည်။ ဆရာလေး ဝါခင်းထဲအထိ လိုက်လာတာ အကြောင်းထူးရှိလိမ့်မည်။

"ဗျို့ ဆရာလေး...ရေနွေးသောက်ဦးလေ...ဘယ်လာသာတုံးတော့"

ဆရာလေး ကိုတောက်ထိန်ကို ရွာတွေက သိနေကြပါသည်။ ရွာက ကျောင်းသားအချို့ ကြည်တော်ကုန်းကို ကျောင်းသွားတက်ကြတာရှိပေမယ့် တစ်ယောက်စ နှစ်ယောက်စထက် မပို။ မအိမ်ကံတို့ရွာတွေမှာ ဘုန်းတော်ကြီးကျောင်းတွေကိုသာ အားကိုးကြသည့်အလေ့ရှိသည်။ ခေတ်ပညာတတ်စေလိုသူတွေကတော့ ဆရာလေး ကိုတောက်ထိန်၏ လောကဓာတ်ကျောင်းကို ပို့ကြသည်။ သို့သော် သည်လိုအသိစိတ်ရှိသူကလည်း အရှားသား။

မအိမ်ကံ အနားကို ရောက်လာတော့ ဆရာလေး ကိုတောက်ထိန်က မျက်လုံးကြီး ပြူးကြည့်နေခဲ့သည်။ သူကြီးသမီးက ကိုယ်တိုင် ဝါကောက်နေသလားဆိုသည့်မျက်နှာ။ ပူရ လောင်ရသည့်အထဲ ဖျင်ထူတိုက်ပုံကြီးကို မချွတ်။ အတွင်းအင်္ကျီက ဟနေသည့်နေရာတွေမှာ ချေးကြောင်းတွေ မြင်နေရသည်။ ထောင်းခနဲထလာသည့် ပရုတ်ဆီနံ့ကလည်း တော်သလင်းနေနှင့် မအပ်စပ်သလို ဖြစ်နေပါ၏။ ဆရာလေး ကိုတောက်ထိန်၏ဘဝကို မအိမ်ကံ သေသေချာချာ မသိသော်လည်း တိုင်းပြည်အတွက် ဘဝတစ်ခုလုံး မြှုပ်နှံကာ ပေပေတေတေနေရင်း ပေးအပ်ထားသည့်တာဝန်ကို ကျေပွန်ရှာသူဆိုတာလောက်တော့ သဘောပေါက်ပါ၏။ ဆရာလေး



ရောက်လာကာမှ မအိမ်ကံတို့နယ်တစ်ရိုး တိုင်းရေးပြည်ရေး အသိအမြင် ကျယ်လာကြသလို၊ မျိုးချစ်လူငယ် သခင်ပေါက်စကလေးတွေ မှိုလိုပွင့်လာကြတာလည်း မအိမ်ကံသိပါ၏။ အထူးသဖြင့် ဆရာကြည် ရှိနေသော ကြည်တော်ကုန်းရွာကိုမှ ရွေးပြီး စာသင်ကျောင်းတစ်ကျောင်း ဖွင့်လှစ်လိုက်ခြင်းသည်ပင် တို့ဗမာအစည်းအရုံး၏ လက်တက်တစ်ခုအဖြစ် တည်ဆောက်နေတာ မဟုတ်လား။ အနီးအနား ရွာတွေကလည်း ဆရာလေး ကိုတောက်ထိန်ကို ပင့်ကြ ဖိတ်ကြကာ ညှော်ခံကြ၊ စကားလက်ဆုံကျကြ၊ လက်ဆောင်ပေးကြတာတွေ ရှိပါသည်။ ဝါခင်းထဲက နှုတ်ဆက်ကြသူတွေကို ဆရာလေးက တုံ့ပြန်နှုတ်ဆက်ရင်း အရိပ်ပိုကျသောနေရာအထိ ဆုတ်သွားသဖြင့် မအိမ်ကံလည်း လိုက်သွားရ၏။

"မအိမ်ကံ ဝါခင်းထဲမယ်ဆိုလို့ ကျုပ်လိုက်လာတာပါ...ဘာရယ်မဟုတ်ပါဘူးဗျာ... ဆရာတော်ကို သတင်းစာတွေ လာပို့ရင်း ဝင်လာတာ...သခင်မြတ်သာက လူကြုံ မှာလိုက်တယ် မအိမ်ကံ"

အစ်ကိုက မှာလိုက်တယ်ဆိုတော့ မအိမ်ကံ ရင်ကလေး လှပ်ခနဲဖြစ်သွားရ၏။ အစ်ကို မြတ်သာ မြင်းခြံကို ရောက်နေတာလား။

"သခင်မြတ်သာ ရေနံချောင်းဘက်မှာရှိတယ်...မအိမ်ကံ လှူလိုက်တဲ့ပစ္စည်းတွေ ရတယ်လို့လည်း မှာလိုက်တယ်...ပြီးတော့..."

ဆရာလေးက တိုက်ပုံအင်္ကျီထဲ ထိုးထည့်ယူလာသော လက်ကိုင်ပဝါကို ထုတ်ကာ မျက်နှာကို သုတ်သည်။ စကားတစ်ခွန်းပြောဖို့ ခက်နေပုံလည်း ရပါ၏။

"ပြောပါဆရာလေး...အစ်ကို ဘာမှာလိုက်သေးလဲ"

"မအိမ်ကံအဖေ သူကြီးမင်းကို လာမယ့်ရွေးကောက်ပွဲမှာ ဝင်မပြိုင်ဖို့ မအိမ်ကံတို့ သားအမိက အတတ်နိုင်ဆုံး နားချပေးကြပါလို့ လေးလေးနက်နက် မှာလိုက်ပါတယ်...မအိမ်ကံ ဝမ်းထဲပဲ ထားနော်...အခုဟာက အင်္ဂလိပ်တွေကို ကျုပ်တို့ ပြန်ချကြတော့မယ်"

ဆရာလေးစကားကို ကြားတော့ မအိမ်ကံ ရင်ဘတ်ကို လက်ဖြင့်ဖိထားလိုက်မိပါ၏။ ဘုရား...ဘုရား...အင်္ဂလိပ်တွေကို အစ်ကိုတို့က ပြန်အာခံကြတော့မယ်ဆိုတော့ အင်္ဂလိပ်ဘက်တော်သား ဖြစ်နေသည့် အဖေ့အတွက် မအိမ်ကံ စိုးရိမ်ရပြီ။

"ဒါ...ဒါဆိုရင်...အဖေ...အဖေ့အတွက်..."

"အဲဒါကြောင့် သခင်မြတ်သာက မအိမ်ကံကို တိုးတိုးတိတ်တိတ် မှာလိုက်တာပဲ... လာမယ့် သူကြီးရွေးကောက်ပွဲမှာ သူကြီးမင်း ဝင်မပြိုင်ရင် ဘာမှ ပြဿနာမရှိပါဘူး... သူကြီးမင်း ဝင်အရွေးခံလို့ သူကြီးရာထူးပြန်ရရင် နောက်ထပ် လေးနှစ် အုပ်ချုပ်ရဦးမယ်...အဲသည်လေးနှစ်အတွင်း တိုင်းပြည်မှာ အရေးကိစ္စ ပေါ်လာနိုင်တယ် မအိမ်ကံ...သည်တစ်ခါ အရေးကတော့ အေးမယ်မဟုတ်ဘူး"

ဆရာလေး စကားဆုံးတော့ မအိမ်ကံ ငိုင်သွားခဲ့ရသည်။ အဖေ့သူကြီးမင်းရာထူးကို မမက်သော်လည်း အပြောရခက်လှသော အဖေ့ကို နားချဖို့ဆိုတာ လွယ်မှလွယ်ပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com

သားအပေါ် စိတ်လျှော့လိုက်ပြီဆိုသော်လည်း အဖေ့မာန်တွေက မကျသေး။ အမေပန်းရုံကိုတော့ မအိမ်ကံ သေသေချာချာ ပြောပြရတော့မည်။

"ကျုပ်ကတော့ ရွာတွေဘက် ပြန်လာချင်မှ လာရတော့မှာပါ...တခြားတာဝန်တွေ ပေးကြမလိုလို ကြားနေတာပါပဲ"

ဆရာလေး ကိုတောက်ထိန်က ရွာကို ထားခဲ့ရမှာလည်း စိတ်မချမ်းမသာရှိပုံမရ။ သည်ရွာမှာ တစ်သက်လုံးထားလျှင် တစ်သက်လုံးနေမည်။ ပြန်လာခဲ့ဆိုလျှင် ငေါက်ခနဲ ထပြန်မည် ဆိုသည့်ခံစားမှုသာ ရှိပုံရပါ၏။ တို့ဗမာအစည်းအရုံးက စေသမျှ သွားရုံသာ ဆိုသည့်သဘောပေလား။

"ဒါဖြင့် ကြည်တော်ကုန်းကျောင်းကို ပိတ်ရတော့မှာပေါ့...ဟုတ်လား ဆရာလေး"

မအိမ်ကံက ခေါင်းထဲပေါ်လာတာကို မေးလိုက်ခြင်းဖြစ်သည်။ အဖွင့်ကြီးဖွင့်ပြီးကာမှ ကျောင်းဆရာကို ပြန်ခေါ်မည်ဆိုတော့ ကျောင်းကလေးဖွင့်စဉ်က အစ်ကိုကိုယ်တိုင် လာရောက်ခဲ့တာကို သတိရကာ နှမြောမိပါ၏။ ဆရာလေးကတော့ ပိန်ချိုင့်နေသော မျက်နှာကို လက်ကိုင်ပဝါဖြင့် ဖိသုတ်ရင်းက မအိမ်ကံကို ပြုံးကြည့်နေသည်။

"မပိတ်ပါဘူး မအိမ်ကံ...ကျုပ်မရှိလည်း ကျောင်းဆရာတစ်ယောက်တော့ လွှတ်ကြပါ လိမ့်မယ်...ကျုပ်တို့ကျောင်းတွေ ဘယ်တော့မှ မပိတ်ဘူးဗျ...စိတ်သာချ..."

ဆရာလေးက အသံမြှင့်ပြောရင်းက မအိမ်ကံကို နှုတ်ဆက်သည်။ ကန်သင်းဆုံကို ဖဲ့နင်းကာ စိုက်စိုက်စိုက်စိုက်နှင့် ထွက်သွားသည်။ ဆရာလေးကို လှမ်းကြည့်ရင်းက မအိမ်ကံ ရင်ထဲ အစ်ကိုလည်း တစ်ရပ်တစ်ပါးမှာ သည်လိုနေရှာလေမလား တွေးမိကာ ဆရာလေး နောက်ကို ပြေးလိုက်မိ၏။

"ဆရာလေး...ဆရာလေး...အစ်ကိုနဲ့ တွေ့ဦးမလားလို့"

"မပြောနိုင်ဘူး မအိမ်ကံ...အင်း တွေ့ရင်လည်း တွေ့နိုင်ပါရဲ့...ဘာမှာချင်လို့လဲ"

"အခွင့်သာရင် ရွာကို ပြန်ခဲ့ပါဦးလို့ မှာလိုက်သဲ့အကြောင်း ပြောပေးပါ ဆရာလေး"

"ကောင်းပါပြီ...ကိုင်း သွားမနော်"

ဆရာလေး ကိုတောက်ထိန် ပြန်သွားပြီ။ မအိမ်ကံက လှည်းတွေပေါ်မှာ မောက်မောက်ကြီး ဖွေးနေသည့်ဝါတွေကို ငေးရင်း အစ်ကို့ကို လွမ်းလိုက်မိသည်။ အဖေရယ်၊ အမေရယ်၊ အစ်ကိုရယ်၊ ကံကလေးရယ် အတူပြန်နေဖို့ အခွင့်အလမ်းမှ ရှိပါဦးမလား။ အစ်ကိုတို့တစ်တွေ အင်္ဂလိပ်မျက်နှာဖြူတွေကို ခံချကြတော့မတဲ့။ သည်လိုဆိုလျှင် အစ်ကိုကကော ဘယ်နေရာကနေ ဘယ်လိုတာဝန်တွေနဲ့ ရှိနေမလဲ။

စိတ်ထားမြင့်မြတ်ပြီး တိုင်းပြည်နှင့်လူမျိုးကိုချစ်သော အစ်ကို။ ဇောင်ချမ်းကုန်းရွာ ဆယ့်နှစ်ရွာအုပ် သူကြီးမင်း ဦးသာထန်၏သား၊ မြေတွေ ယာတွေ ထန်းတွေ လက်ညှိုးထိုးမလွဲ ပိုင်ဆိုင်သော၊ ဘိုးမွေဘွားမွေ တစ်သက်စားမကုန်အောင် ကြွယ်ဝသော မအိမ်ကံတို့တစ်တွေကို ကျောခိုင်းလို့ သူယုံကြည်ရာ သူလုပ်နေသော သခင်မြတ်သာ...။

တစ်နေ့တော့ အစ်ကို ရွာကို ပြန်လာမှာပါလေလို့ မအိမ်ကံ မျှော်လင့်ရုံသာ။

■





သီတင်းကျွတ် တန်ဆောင်မုန်း မိုးလေကလေး ကင်းတုန်း တောင်သူတွေ အသက်ရှူချိန်ကလေး ရသည်။ မအိမ်ကံတို့တစ်ရွာလုံး ရှိသမျှ မိန်းမမှန်သမျှ ဝါတွေ ရောက်လာကတည်းက မနားကြရတော့ပြီ။ မအိမ်ကံပင် အိမ်နောက်ဘက် သြဇာပင်တော၊ သလဲပင်တောကို ရှင်းကာ တဲပြန့်ကြီးထိုးပြီး ရက်ကန်းနှစ်စင် ထပ်ဖြည့်သည်။ တစ်စင်ကို ရွာရက်ကန်း လက်သမားကြီး ဘကြီးဆုံနှင့် သီးသန့်ဆင်ယူသည်။ ကျေးဥအမေ အရီးကြာညွန့်ကို ရက်ကန်း ခေါင်းထားကာ လိုသည့်နေရာတွေမှာ သင်ကြားပြသစေသည်။

ဝါပွင့်ဖွေးဖွေးတွေကို ကြည့်ရင်း မအိမ်ကံ မျက်စိထဲမှာ ရက်ကန်းစင်တွေက ထွက်လာမည့် ရွာထည်တွေကို မျက်စိထဲ မြင်နေသည်။ ရွာထွက်ဖျင်ထည်ဆိုတော့ မာလကျင်၊ ဂျွန်းငါးကောင်၊ ပေါ်ပလင်၊ တာဖက်တာ၊ ဘူးသီးပိတ်လို မြို့ပိတ်တွေကိုမှ တိုးနိုင်ပါ့မလားဆိုသည့် စိတ်ကလေးတော့ ခုနေခဲ့ပါ၏။ တစ်ဘက်ကလည်း တောထည်ကလေးတွေ လက်ရက်ကန်း ထည်ကလေးတွေကလည်း မျက်နှာငယ်စရာတော့ မရှိဟု တွေးမိသည်။ အစစအရာရာ ရှားပါးနေသောခေတ်မှာ ရက်ကန်းဖျင်ထည်တွေသာ အများစုနှင့် လက်လှမ်းမီနိုင်တာကိုတော့ မအိမ်ကံ ယုံပါ၏။

"ဗိုင်းတောင့်တွေကို အုပ်အုပ်ဆိုင်းဆိုင်းထားမှ ဗိုင်းလိပ်တွေ လေမလွင့်တော့မပေါ့... တောင်းတွေထဲ ထည့်ကြစမ်း...ဗိုင်းကောင်း ကျောက်ဖိရသဟဲ့"

အရီးကြာညွန့်ကိုယ်တိုင်က ရက်ကန်းတစ်စင်မှာ ထိုင်ကာ စံနမူနာ ရက်ပြသည်။ ရွာမှာ ရက်ကန်းခတ်ချင်သူကလေးတွေ ရှာရမခက်ပါ။ လုပ်ချင်လွန်းလို့ မအိမ်ကံပင် ထောင့်စေ့အောင် စီစဉ်ပေးနေရသည်။ ခတ်နိုင်လေ ပိုက်ဆံ မြင်ရလေဆိုတော့ တစ်ဝမ်းတစ်ခါးတော့ အဆင်ပြေရပါ၏။ မအိမ်ကံကို အဖေရော အမေရောက လုပ်ချင်တာလုပ်ကရော့လို့ လွှတ်ထားကြတာတော့ မဟုတ်ပါ။ ထိန်းကြ ကွပ်ကြတာတော့ ရှိပါသည်။ အထည်တွေ ထွက်လာပါပြီတဲ့။ မြင်းခြံကို သွားပြီး ရောင်းဝယ်ဖောက်ကား လုပ်ရမည်။ ငွေကြေး အပေးအယူတွေ ရှိလာမည်။ မိန်းမပျိုကလေးတစ်ယောက်အနေနှင့် ဦးစီးဦးဆောင် လုပ်ရမှာကို မိဘများပီပီ စိုးရိမ်ကြသည်။ စိုးရိမ်သည့်အထဲမှာ မလှအုံလည်း ပါပါ၏။

"မအိမ်ကံရယ်...ညည်းရုပ်ညည်းရည်နဲ့ မိဘအိုးထဲက ထမင်းတစ်လုတ် ငုတ်တုတ် ထိုင်စားစမ်းပါအေ...လမ်းခရီးတွေကလည်း မကောင်းဘူးနော်...ညည်းတော့ အတင့် ရဲသယ် ထင်သာပဲ"

"မလှအုံရယ်...ကျုပ်ချမ်းသာဖို့မှ မဟုတ်သာ...ရွာက ဆင်းရဲလွန်းလို့ ကျုပ်ထလုပ်ရသာပါ...ရွာကလူတွေ ဝမ်းစေ့အောင် ကျုပ်မကျွေးနိုင်တောင်မှ လက်ချည်း စုံပစ် ထိုင်နေရသာနဲ့စာရင် မိန်းကလေးတွေ တစ်ဝမ်းတစ်ခါး လှကြပါစီ ဆိုသဲ့စိတ်နဲ့ ပါတော်"

"အေးပါ...အေးပါ...သခင်မြတ်သာ နှမရယ်"

မလှအုံက သည်လိုပြောတော့ မအိမ်ကံ ပြုံးမိရသည်။ အထည်တွေကို မြင်းခြံမြို့ သွားသွင်းချိန်မှာ အစ်ကိုနှင့်တွေ့လျှင် ကောင်းမည်။ အဖေကတော့ ပွဲစားကြီး ဦးကျော်ခေါင်နှင့် ပွဲကတော် ဒေါ်မြမေတို့နှင့် ဆက်ပေးတာကလွဲလျှင် ဘာမျှမပြောပါ။ သမီးပျိုက သည်လိုအလုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်နေတာကိုပဲ အားရကျေနပ် ရှိပုံရပါ၏။ အမေပန်းရုံကတော့ ပွဲစားကြီးဇနီးမောင်နံ့ကို ယုံကြည် စိတ်ချရကြောင်း၊ မအိမ်ကံ မမွေးခင်ကတည်းက ရွာသိန်ရှ်တွေ သွင်းနေကျ မိတ်ဆွေ ရင်းတွေဆိုတော့ လူမတတ်သော်မှ လက်ဖက်ထုပ်တတ်မှာဖြစ်ကြောင်း၊ ဘာပဲလုပ်လုပ် ရတနာ သုံးပါး ဂုဏ်ကျေးဇူးကိုသာ အောက်မေ့ရန်လိုကြောင်း ပြောပြရှာပါ၏။ မအိမ်ကံကတော့ အထည်တွေ မြင်းခြံဈေးသွင်းဖို့ထက် အစ်ကိုနှင့် တွေ့လိုသည့်အချက်လည်း ပါပါသည်။

"ရက်ကန်းရှင်မ မ,ချက်တော့ သည်နှစ် ဝါပေါက်တွေ ရလိုက်သာ မနည်းပါဘူး"

ဝါဖတ်လေးဖြင့် ခြင်းကြားတောင်းကြီးထဲ ငုံ့ကာ ဝါဖတ်ရင်း နှင်းခင်က ပြောသည်။

"ရက်ကန်းရှင်မ မနှင်းဆီ ဝါခင်းစောင့်သဲ့ ဖိုးအောင်ကျော်နဲ့ အဆင်ပြေလို့နေမှာပေါ့ အေ…ဒါထက် ကျေးဥ…နင်ကြားသလား…မမခင်အိနဲ့ ကိုသာဆောင်တို့ မြန်းကြ တော့မှာသဲ့တော်…သည်ရက်ထဲပဲသဲ့"

မအိမ်ကံက ဗိုင်းတောင့်ကလေးတွေစည်းရင်းက နှင်းခင်စကားကို နားစွင့်လိုက်သည်။ မမခင်အိတောင် အိမ်ထောင်ပြုတော့မှာပါလား။ ဒါဆိုရင် ရွာက ကွမ်းတောင်ကိုင်အသစ် ရွေးကိုရွေးရတော့မည်။ မအိမ်ကံက သူသိလိုသောအချက်ကို မေးလိုက်ချင်သော်လည်း မေးလို့ မကောင်းနိုင်။ လုပ်ချင်လှ စက်စက်ယို ထင်ကြရော့မည်။

"လာမယ့်အလှူမှာ တို့ရွာက ကွမ်းတောင်ကိုင်အသစ် မြင်ရဦးတော့မှာပေါ့အေနော… ကျေးဥ"

နှင်းခင်က စကားလှမ်းစလိုက်တော့ ကျေးဥကိုယ်ကလေး ဆတ်ခနဲပင် တွန့်သွား လေ၏။ နှင်းခင်က အရိုးခံအတိုင်း မေးလိုက်ခြင်းဖြစ်သော်လည်း ကျေးဥက စကားစ,မရှည် ချင်တော့ လေပျော့ကလေးနှင့် စိတ်မဝင်စားသည့်ပုံ ပြုသည်။

"ပြောတတ်ပေါင်ဟာ…ရွာရပ်က ရွေးကြမှာပေါ့…သေချာပါသယ်အေ ညည်းရော ငါရော ကွမ်းတောင်ကိုင် မဖြစ်သာတော့…"

"အလှူကလည်း ဝေးပါသေးအေ…တန်ခူးမှဆိုတော့ ဒါတွေ ဘယ်သူမှ ခေါင်းထဲ ထည့်အားပေါင်…ကိုင်း ကောင်မတွေ စကားတွေ နင်းများမနေကြနဲ့…လုပ်စရာရှိသာ တွင်အောင်လုပ်ကြစမ်း"

မလှအုံက ဝင်ငေါက်လိုက်တော့ နှင်းခင် ဇက်ကလေးပုသွားရသည်။ မလှအုံ လော လည်းလောစရာ။ ညဘက်မှာ ဗိုင်းငင်ကြရဦးမည်။ အရီးကြာညွှန့်က တောင်ရွာ မြောက်ရွာက လက်ရာကောင်း ဖျင်ထည်ကလေးတွေ ယူလာပြီး မအိမ်ကံကို နမူနာပြသည်။ မအိမ်ကံက တစ်ထည်ချင်း ယူကြည့်ရင်း အဆင်ကောင်း၊ အထည်ကောင်းကလေးတွေ ရွေးသည်။ အတိုင် ချည်ပင်တွေ မပူးရန် တစ်ပင်ချင်းဖော်၍ ချည်လမ်းရှင်းခြင်း ခွဲခြင်းကို စည်းဖော်သည် ခေါ်ကြ ၏။ ကမ်းကတော့ ရက်ကန်းထည် အနားသားတွေကို ခေါ်သည်။ အနားသား ပိပိထပ်ထပ် သပ်သပ်ရပ်ရပ်ရှိမှ အထည်ခိုင်သည်။ လှသည်။ စည်းရောကမ်းရော သေသပ်မှုရှိမရှိ အထည် ကိုင်ကြည့်ရုံနှင့် မအိမ်ကံ သိပါ၏။ မအိမ်ကံ ငယ်စဉ်တောင်ကျေးကတည်းက အမေပန်းရုံနှင့် အရီးကြာညွှန့်တို့ ရက်ကန်းခတ်သည့်အနား နေခဲ့ရသူမဟုတ်လား။ အရီးကြာညွှန့်က စည်းဖော် နည်း၊ ကမ်းခတ်နည်းတွေမှာ ကျွမ်းကျင်သည်။



"စည်းကမ်းကောင်းသယ်ဆိုသာ သဟာကိုခေါ်သာပေါ့အေ့…စည်းအဖော်တတ်တော့ အထည်မှာ ရေစီးကြောင်းတို့ ချည်ကျော်ချည်ကျတို့ မပါဘူး…ကမ်းကလေး သပ်ရပ် တော့ အနားသားက ပိပိထပ်ထပ်ရှိသယ်…လူမလဲ သည်လိုပဲအေရဲ့…စည်းကမ်း ကောင်းမှ လူ့အဖိုးတန် ဖြစ်ရသယ်"

အရီးကြာညွှန့်ပြောမှ စည်းကမ်းဆိုသည့်စကားအဓိပ္ပာယ်ကို မအိမ်ကံ နားလည် ရသည်။

သည်ရက်တွေထဲမှာ မအိမ်ကံ မအားရပါ။ ရက်ကန်းစင် ချည်တန်းဆင်နိုင်ရေး လုံးပမ်းရတာ မလွယ်လှ။ ဗိုင်းငင်ရ၊ ခြားရစ်ရ၊ ချည်စာနင်းရ၊ ဆေးဆိုးရနှင့် အိမ်ရှိလူကုန် အနားမနေရ။ မြင်းခြံကို အထည်သွင်းဖို့က လောက်လောက်လားလား ထည်ထည်ဝါဝါကလေး တော့ ရှိဖို့လိုသည်။ အဓိကကတော့ လူကြိုက်များသည့် ပင်နီကြမ်း၊ ပင်နီချောထည်တွေ တွင်တွင်ရက်ရပါ၏။

"ငါ့သမီး မြင်းစီးသင်ချင်လှဆိုအေ့…အဖေ သည်ရက်ထဲ အားပါပြီ…ငါ့သမီး သင်ချင်ရင် အဖေသင်ပေးမယ်"

ညစာထမင်းဝိုင်းမှာ အဖေက ပြောလာတော့ မအိမ်ကံပင် အံ့အားသင့်သွားခဲ့ရသည်။ သင်ချင်တုန်းကတော့ တကယ့်ကို စိတ်ကလေးရှိလို့ ပြောလိုက်တာပေမယ့် အဖေက တကယ် သင်ပေးမည်ဆိုသောအခါ မဝံ့ဘဲဖြစ်နေရပါ၏။ ကွမ်းတောင်ကိုင်ဖို့ ရင်ခုန်နေရသူ မအိမ်ကံအဖို့ မြင်းကြီးနှင့် တလွှားလွှားဆိုလျှင် ရွာက အမြင်ကောင်းနိုင်ပါ့မလား။ ရွာမှာ မိန်းကလေး မြင်းစီးတာ မရှိသလောက် ရှားသည်။

"လေးဘက်သွား…မတ်သွား…လမ်းတိုသွားကလေး အရင်သင်ရမယ်…ပြီးမှ လေးဘက် ခွာစုံပြေးကလေး စီးကြည့်ပေါ့…ငါ့သမီး စီးတတ်ရင် အဖေက မြစ်ခြေ ဘက်က မြင်းမှာပေးမဗျား…"

"တော့်သမီး အပျိုပေါက်ကလေး မဟုတ်တော့ဘူး သူကြီးမင်းရဲ့…အပျိုကြီး ဖားဖား ဝေလှပေါ့…မြင်းကြီးနဲ့ မတော်တော့ပါဘူး"

အမေပန်းရုံက ဝင်ဖြတ်လိုက်သည်။ အမေပန်းရုံကတော့ တစ်လျှောက်လုံး အေးတိ အေးစက် နေလာခဲ့သော သမီးမအိမ်ကံကို အခုလို ရွာနှင့် ရပ်နှင့် ထဲထဲဝင်ဝင် ရှိလာတာကိုပဲ ဝမ်းသာနေပုံရသည်။ ဝိုင်းတိုက်ထဲမှာ လူတွေ တရုံးရုံး လုပ်ကြကိုင်ကြ၊ ဆိုကြအော်ကြ၊ စားကြသောက်ကြတာကိုကြည့်ပြီး ရွာ'ဆူ'ပကောရယ်လို့ ကျေနပ်နေပုံလည်းရသည်။ တောဆူမှ မြို့ဝသတဲ့။ တောရွာတွေ ဆူဖြိုးပါမှ မြို့ပါ ချမ်းသာမည်မဟုတ်လား။

"အောင်မာဗျာ…မြင်းစီးသယ်ဆိုသာ တတ်ထားရုံပေါ့ ကျောင်းအစ်မရဲ့…မြင်းပေါ် တစေနေမှာမှ မဟုတ်သာ…တတ်အပ်သဲ့ပညာဗျ ဘာမှတ်လို့တုံး"

အဖေက မလျှော့ပါ။ မအိမ်ကံကပါ အကြောင်းရှာပြီး ငြင်းရတော့သည်။

"မအိမ်ကံ ရက်ထည်တွေ မြင်းခြံသွားသွင်းရမှာရှိသေးသယ် အဖေရဲ့…မအားသေး ပါဘူး"

"ရော်ဗျာ…ဘာဆိုင်လို့တုံး…ညည်းအထည်တွေက ဂွမ်းထဲက ခုန်မထွက်သေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ကိုင်းပါတော်…ဘယ့်နှယ်များ ဖြစ်နေပါလိမ့်…သူ့အစ်ကို မောင်မြတ်သာလာမှ သင်ပေးပါလိမ့်မယ်"

အမေပန်းရုံက အစ်ကို့ကို ထည့်ပြောလိုက်တော့မှ သူကြီးလည်း ငြိမ်သွားတော့သည်။ သားကိုပဲ သတိရလို့လား။ အဖေ့မျက်နှာ အိုစာသွားလိုက်တာ။ အသက်အရွယ်ကလည်း ထောက်လာတော့ အဖေ ဟိုတုန်းကလောက် မသွက်တော့တာလည်း ပါသလို သားတော်မောင် အတွက် ရတက်မအေး ဖြစ်နေရှာတာလည်း ပါလိမ့်မည်။ သည်ဘက်နှစ်ပိုင်းတွေမှာ အဖေ လူရောစိတ်ပါ ကျသွားခဲ့ပြီ။ မြင်းတစ်စီး၊ သေနတ်တစ်လက်နှင့် ရွာရိုးကိုးပေါက် သိပ်မထွက်ချင်တော့တာ မအိမ်ကံ သိပါ၏။ သမီးကလေး မအိမ်ကံ အပျိုဖြစ်လာပြီးနောက်ပိုင်း ဝိုင်းတိုက်ထဲကို လူသူ အရောက်အပေါက် တော်တော်လျော့သွားခဲ့သည်။

"အေးဟာ…တိုင်းရေးပြည်ရေးက မသာယာရသ့ဲအထဲ မောင်မြတ်သာလည်း ဘယ်ဆီများ ရောက်နေမှန်းတောင် မသိရဘူး…မြို့ကျောင်းသွားထားမိသာတောင် မှားနေပြီလားဟာ…ဖအေ့အမွေ မခံယူချင်သဲ့ လူမိုက်…ဘယ့်နှယ် အင်္ဂလိပ်မင်းကို သွားပြီး အံတုချင်လို့ ရပါ့မလား…လေ့သင်းဝန်မင်း မြင်းခြံက စောင့်တိုက်သာတောင် မရခဲ့သဲ့ဟာ…"

"အခုက လေ့သင်းဝန်မင်းခေတ် မဟုတ်တော့ဘူး အဖေရဲ့…တစ်တိုင်းပြည်လုံးက လှုပ်သဲ့ခေတ် ရောက်ပြီ"

မအိမ်ကံစကားကြောင့် ဦးသာထန်ပင် သမီးဖြစ်သူကို လှမ်းကြည့်မိသည်။ ပြီးတော့ ပြုံးသည်။ အားရပါးရ အော်တော့သည်။

"ဟေ…ငါ့အိမ်မှာ သခင်တွေ သခင်မတွေချည်းပါလားဟ ဟေ…ငါ့ကိုလည်း လာမယ့် သူကြီးရွေးပွဲ မဝင်တော့နဲ့သဲ့…သားအမိနှစ်ယောက်စလုံး နားချနေလိုက်ကြပုံများ…ဒါ ညည်းတို့ကို သခင်မြတ်သာက သင်သာမဟုတ်လား…ငါမသိဘူးမှတ်လို့…"

အဖေ့ကို မအိမ်ကံ တအံ့တသြ မော့ကြည့်လိုက်မိပါ၏။ ဒါတွေကို အဖေသိနေပုံ ထောက်တော့ တို့ဗမာအစည်းအရုံးအတွက် မအိမ်ကံ အလှူငွေထည့်တာတွေရော၊ သာအောင်နှင့် တွေ့ကြတာတွေပါ သိများနေပြီလား။

"လူကလေးနဲ့ မဆိုင်ပေါင်တော်…လူအိုခါးကုန်း တချုံးချုံးဖြစ်နေလို့ ကျုပ်တို့က ပြောရသာ…လူက နားထင်နားရင်း လက်တွင်းတစ်နှိုက်နဲ့…ကိုယ့်ကိုယ်ကိုယ် အိုသယ်မထင်သေးသာများ အံ့ပါရဲ့…သည်အရွယ်က ဆရာတော့်သင်္ကန်းရိပ် ခိုရတော့မယ့်အရွယ်…တော့် စိတ်မချတော့ ကျုပ်မလဲ ဥပုသ်သီတင်းနဲ့ ဝေးနေရသယ်…တပေါင်းလ ရှင်ကြီးတင်တို့အလှူမှာ တော် ဒုလ္လဘဝတ်ဖို့ စဉ်းစား…သူကြီးက ပြုတ်ရင် ကျုပ်က ဗိုက် ဗျောတီးပြီး က,လိုက်စမ်းမယ်"

အမေပန်းရုံက ထမင်းပန်းကန်တွေသိမ်းရင်း အဖေ့ကို ဒုလ္လဘဝတ်ခိုင်းနေတာကို မအိမ်ကံ ကြားလိုက်ရတော့ စိတ်က တခြားရောက်ရပြန်၏။ အရိုးကြီးတင်တို့လှူမှာ တန်ရူးလဆိုတော့ ကြာ သုံး,လေးလလောက် လိုတော့သည်။ ရွာက ကွမ်းတောင်ကိုင်အသစ် ရွေးမည့်အသံ



လည်း မကြားရသေး။ သြော်…ကွမ်းတောင်ကိုင်ရဖို့များ ခဲယဉ်းလိုက်တာ။ ဝါသီးက ဝါ၊ ဝါက ဂွမ်း၊ ဂွမ်းက ချည်ခင်၊ ချည်ခင်က အထည်ဖြစ်ရတာကမှ လွယ်သေး။

ဝိုင်းတိုက်ထဲမှာ ဂွမ်းစကလေးတွေ ဝေ့နေကြသည်။ မအိမ်ကံက ဂွမ်းစကလေးတွေကို ငေးရင်း သူ့စိတ်တွေလည်း လွင့်မျောနေကြသည်။ ချည်ခင်တွေ ဆေးဆိုးနေကြသည့် မလှအုံတို့ဘက်ဆီက တဟားဟားရယ်သံတွေ ကြားနေရသည်။ အဖေကလည်း ထမင်းစားပြီးကတည်းက ကွပ်ပျစ်ပေါ်မှာ ကျောဆန့်ရင်း ဘားတွေတွေးနေသည်မသိ။ မိန်းကလေးတစ်သိုက်ဆီက သီချင်းသံ လွင့်တက်လာသည်။

"နှမလေး မောင်မချစ် ပစ်ပါတော့ သည်မြို့င်လယ် x x မောင့်ကိုပင် လေလံရောင်း ကောင်းလိမ့်ထင်တယ် x x ပျိုတို့လင် ရှင်မချစ်ရင် ပစ်ခဲ့တော့ကွယ် x x"

သီချင်းသံကြားတော့ ကွပ်ပျစ်ပေါ် လှဲနေသည့် သူကြီးက ငေါက်ခနဲ ထသည်။ မိန်းကလေးတွေဘက်ကို မမြင်ရသော်လည်း အသံကို လှမ်းငေ့သည်။

"အောင်မာဗျာ…ဘာသီချင်းများတုံးဟ…မိန်းကလေးတွေဗျနော ..မဦးမချွတ်…… ကာလကလေးတွေများဗျာ…"

အဖေ့စကားကြောင့် မအိမ်ကံပင် ပြုံးမိလေ၏။

■

တပေါင်းတလီ ရောက်ခဲ့ပြန်ပြီ။ ဥသြငှက်သံတွေ တစ်ရွာလုံး ဟိုကသည်က အော်မြည်လျက်ရှိကြ၏။ ရွက်ဟောင်းရွက်ကျင် တဝဲဝဲကြွေလွင့်လို့ ပုရစ်နုကလေးတွေ ထိုးစပြုနေသော သစ်ပင်ပန်းပင်ကလေးတွေက နွေကို ရင်ဆိုင်ဖို့ အသင့်ပြင်နေကြပြီ။ ရွာထိပ်က သရဖီပန်းပင်ကြီး ပင်လုံးကျွတ် ဝါဝင်းလျက် အနံ့တွေ သင်းကြိုင်လျက်ရှိ၏။

မအိမ်ကံတို့ အိမ်ရှေ့မှာ လှည်းသုံးစီး အဆင်သင့်ဖြစ်ပြီ။ မအိမ်ကံ၊ ကျေးဥ၊ ဖိုးတုတ်နှင့် မိုးကူးတို့က လှည်းတစ်စီး၊ အထည်ထုပ်များနှင့် တောလက်ဆောင်တွေက လှည်း တစ်စီး၊ စားအိုးစားခွက်များနှင့် သူကြီးမင်းတပည့်ကျော်များက လှည်းတစ်စီး။

"ဖိုးတုတ်…မင်းလှည်း ရှေ့ကထွက်…နောက်လှည်းမှာ သန်းကျော်တို့သုံးယောက် ပါလိမ့်မယ်…ထမင်းစားတော့ ရာကျော်ဇရပ်မှာ စားကြ…နွားတွေ ညာကြကွာ…မြင်းခြံကို နေနဲ့ရောက်ရင် ပြီးသာပဲ…"

သူကြီးက ထန်းပလပ်ကုလားထိုင်ပေါ်ထိုင်ရင်း စီမံနေခြင်းဖြစ်၏။ အမေပန်းရုံကတော့ မအိမ်ကံကို မှာစရာရှိတာတွေ မှာသည်။ မှာစရာတွေကလည်း များသား။

"ပွဲကတော် မမြမေကို တိုင်ပင်ပေ့ါ သမီးရယ်…သူတော်ကောင်းတွေပါ…ဈေးနာကိုက်ရင်လည်း အကြွေးချန်တန်သလောက် ချန်ရောင်းခဲ့ပေ့ါ…မမြမေကို အစပ်ခိုင်း"

"ဆရာတော်ဘုရားကြီးကျောင်းကို လှူဖွယ်တွေ အရင်ဝင်ကပ်ခဲ့…ဦးဖင်း ဦးခေမိန္ဒကို တွေ့အောင်ရှာပြီး အကျိုးအကြောင်းပြော လှူခဲ့…"

"ရက်တွေလည်း ညောင်းမနေနဲ့ဦးနော် သမီး…အမေတို့က သွားကတည်းက ပူရသာ… ပြန်လာမှ ဟင်းချရမှာနော်"

www.burmeseclassic.com

www.burmeseclassic.com

"မောင်မြတ်သာ တွေ့ရင်လည်း အိမ်အခြေအနေ ပြောပြပေါ့အေ...ရွာလည်း တစ်လှည့် မျက်နှာလာပြဦးလို့ ပြော...ဖအေက တွေ့ချင်ရှာသာလည်း ပြော... သူကြီးရွေးပွဲ ဝင်မပြိုင်တော့ဘူးဆိုသာလည်း သေချာရှင်းပြ...ကြားလား သမီး"

ကိုဖိုးငွေနှင့် မလှအုံကလည်း သားတွေကို မအိမ်ကံစကား နားထောင်ကြဖို့ မှာသည်။ ကျေးဥက မြင်းခြံလိုက်ရမှာဆိုတော့ မျက်နှာကို မှုန်နေအောင် ချယ်ထားပါ၏။ မတ်တတ်စင်း ရင်ဖုံးလက်ရှည်ကလေးနှင့် သရဖီပန်းကုံးကြီးကို ဆံထုံး ရစ်ပန်ထားလိုက်သေးသည်။ အရီးကြာညွှန့်ကလည်း သမီးပျိုကို သေသေချာချာအပ်သည်။

"မြို့မှာ ပျောက်ကျန်ခဲ့မှာစိုးသာ...မအူမလည်နဲ့...လူတော့ ပူပေါင်အေ"

လှည်းတွေ ထွက်လာကြပြီ။ သွားနေကျလမ်းဆိုသော်လည်း အိမ်မှာချည်း အောင်းနေရသူ ဆိုတော့ မအိမ်ကံ ပျော်ပါသည်။ ကျေးဥကတော့ မြို့ဆိုတာကြီးကို တွေးပြီး စိတ်မော နေပုံရပါ၏။ "ငါတော့ ညည်းခေါ်လို့သာ လိုက်ရသယ် မောတောကျပ်တပ်ကြီး...ကိုယ့်ရွာကိုယ်ပဲ အသက်ရှူ ချောင်သယ်..." ဆိုလို့ မအိမ်ကံမှာ ရယ်ရသေးသည်။

"ဒါဆိုရင် ညည်း မြို့သားနဲ့ရရင် ဘယ့်နှယ်လုပ်ပါ့"

"မြို့သားယူပြီး ရင်မမောချင်ပေါင် မအိမ်ကံရယ်...နွားတောင် နဖားမထိုးတတ်မှတော့ ဘာလုပ်မှာသဲ့တုံး"

ကျေးဥစကားကို မအိမ်ကံ သဘောကျမိပါ၏။ ကိုင်း...မအိမ်ကံကရော မြို့သားကို စိတ်ကူးမှာလား...။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးခွန်းထုတ်ကြည့်ရင်း ပြုံးမိသည်။ ရာကျော်ဇရပ်ကို ရောက်တော့ လှည်းချွတ်ပြီး ထမင်းစားနားကြသည်။ ရာကျော်ဇရပ်ထဲမှာ ခရီးသွားလှည်းနှစ်စီးနှင့် မိသားစုတွေ နားနေကြသည်။ မြို့က ပြန်လာကြတာထင်ပါရဲ့။ လှည်းပေါ်မှာ မြို့ပြန်ပစ္စည်းတွေ တင်လို့။

"ကျုပ်တို့က ကြက်သွန်ရောင်း ပြန်လာကြသူတွေပါ...ဈေးမကောင်းဘူး ကလေးမရဲ့...ငွေကလေး ပေါ်ချင်တော့ ရရာရဈေး ရောင်းခဲ့ရသာပဲ...အပြန် မြို့ပစ္စည်းကလေး ရွာထဲ ပြန်ရောင်းဖို့ တင်လာသာ"

တောင်သူလယ်လုပ်ဘဝတွေမှာတော့ မြေနှင့်လုပ်အား ရင်းထားရသော်လည်း လက်ထဲ ငွေရှင်ဖို့ မသေချာသော ကာလပါကလား။

မအိမ်ကံတို့ မြင်းခြံကို အချိန်ကောင်း ရောက်ကြသည်။ မြို့အဝင်ကတည်းက ကျေးဥရော ဖိုးတုတ်၊ ဖိုးကူးညီအစ်ကိုပါ မျက်လုံးတွေ ပြူးနေအောင် လိုက်ကြည့်ကြသည်။ စည်ကားလှသော လူတွေ၊ ကျယ်ပြန့်လှသော လမ်းတွေ၊ တိုက်တာအဆောက်အဦတွေ၊ မြင်းလှည်း နွားလှည်း စက်ဘီးတွန်းလှည်း ယာဉ်ရထားတွေကို ငေးမောကြရင်း တောနှင့်ကွာခြားပုံကို တအံ့တသြ ရှိနေကြပုံပေါ်သည်။ လက်တတို့တို့ ခြေတတို့တို့နှင့်။ ပွဲကတော်ကြီးတို့ ခြံဝ ရောက်တော့ မအိမ်ကံတို့ကို ဆီးကြိုကြပါ၏။

"မျှော်နေတာပါ သမီးရယ်...ဖအေသူကြီးက လူကြုံနဲ့ လှမ်းမှာထားလို့ ရောက်မယ် ဆိုတာ သိပါရဲ့...ကိုင်း ဝင် ဝင်...ဝင်ကြ...လှည်းတွေ ချွတ်ကြ..."



ပွဲကတော်ကြီးက မအိမ်ကံနှင့် ကျေးဥကို အိမ်မကြီးမှာ နေရာချပေးသည်။ ဖိုးကူးတို့ ညီအစ်ကိုကိုတော့ အဝေးဧည့်တွေ တည်းခိုရာ တဲပြန့်ကြီးမှာ နေရာချသည်။ မအိမ်ကံက ကုန်တွေ လက်ဆောင်တွေကို ခွဲခြား နေရာချထားပြီး ဧည့်ခန်းမှာ ထိုင်ကြသည်။ မိန်းကလေး တစ်ယောက်က ဘိလပ်ရည်ပုလင်းနှစ်လုံးနှင့် ဖန်ခွက်တွေ ယူလာကာ ဧည့်ခံသည်။ ဖန်ခွက်ထဲ ဘိလပ်ရည်တွေ ဖောက်ထည့်တော့ အမြှုပ်တစီစီထသွားတာကို ကျေးဥ ငေးကြည့်နေသည်။ မအိမ်ကံကို လက်တို့ရင်း ဘယ့်နှယ်တုံး ဆိုသည့်သဘောဖြင့် လက်တို့သည်။

"သောက်လေ ကျေးဥ...ဘိလပ်ရည်ခေါ်သာလေ...သောက်ကြည့်..."

ကျေးဥက မအိမ်ကံကိုကြည့်ပြီး မအိမ်ကံလုပ်သမျှ လိုက်လုပ်နေရှာသာ။ မအိမ်ကံက ဘိလပ်ရည်သောက်တော့ လိုက်သောက်သည်။ မအိမ်ကံက သောက်ဖူးလက်စရှိလို့ ဣန္ဒြေမပျက်သော်လည်း ကျေးဥကတော့ ဝမ်းထဲအကျမှာ လန့်သွားပုံပေါ်သည်။ ဟားခနဲ တစ်ချက် အော်လိုက်ရင်း ရှုံ့မဲ့သွားတော့၏။

"စပ်ရှားရှားကြီးပါလားအေ...မူးများနေမလားမသိပါဘူး...အော်ဂလီဆန်ချက်တော့"

မအိမ်ကံတို့ ရေမိုးချိုးပြီးတော့ ပွဲရုံက ထမင်းကျွေးသည်။ ထမင်းစားသောက်ပြီးတော့ မအိမ်ကံက ရွာအခြေအနေ၊ အထည်ရက်လုပ်ရသည့်အခြေအနေ၊ ရွာကမိန်းကလေးတွေ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် လုပ်ပေးရသည့်အကြောင်းတွေကို ပြောပြသည်။ ပွဲကတော်ကြီးက မအိမ်ကံကိုကြည့်ရင်း ဝမ်းသာနေပုံရပါ၏။ မအိမ်ကံ ပြောသမျှ လိပ်ပတ်လည်ပြီဆိုမှ စကား ဝင်ပြောသည်။

"ကိုင်းပါ မအိမ်ကံရယ်...ဈေးထဲက အထည်သည်တွေနဲ့ ဆက်ပေးပါဆိုတော့လည်း ဆက်ပေးပါ့မယ်...စိတ်ချရတဲ့လူရင်းတွေ ရှိပါ့ကွယ်...ဒေါ်ဒေါ်ကိုင်တဲ့ပစ္စည်းတွေ မဟုတ်ပေသိ ဒေါ်ဒေါ်ယူပါဆိုရင်လည်း ကုန်သစ်သဘော ကိုင်နိုင်ပါတယ်...တစ်ဝက် ချေ တစ်ဝက်ဆိုင်း မဟုတ်ပါဘူးကွယ်...ငွေကျေချေလိုက်ပါ့မယ်...မအိမ်ကံ စေတနာ မေတ္တာ ကြားရတော့ ဒေါ်ဒေါ်လည်း ကုသိုလ်ဝင်ယူတယ် အောက်မေ့ပါ..."

"ဒေါ်ဒေါ်ယူလိုက်ရင်တော့ တံခွန်နဲ့ကုက္ကားပေါ့ ဒေါ်ဒေါ်ရယ်...ဒေါ်ဒေါ်တို့ကို ဝန်မပိုစေချင်လို့ပါ...အထည်တွေက ချည်ဖိုး၊ ဆေးဖိုး၊ ရက်ခဖိုးအပေါ် မူးတင် မတ်တင်လောက်ပဲ ယူထားပါသယ်...ချည်အုပ်တွေနဲ့ စောင်တွေဆိုပေသိ နောက် အခေါက်တွေမှာ ပုဆိုး၊ ထဘီကအစ စားပွဲခင်း၊ လက်သုတ်ပဝါကလေးတွေအထိ မအိမ်ကံ စိတ်ကူးထားပါသယ်...ဒေါ်ဒေါ်လည်း ဈေးနဲ့ပစ္စည်း အကဲခတ်ပါဦး လေ..."

ပြောရေးဆိုရေး ချက်ချာလှသော မအိမ်ကံကို ဒေါ်မြမေက သဘောကျနေသည်။

"မြို့တက်ပြီး ပွဲစားလုပ်ရင်တော့ ကြီးပွားလိုက်မယ့်ဖြစ်ချင်း မအိမ်ကံရယ်...ပြောတတ် ဆိုတတ် ရှိလိုက်တာများ...ရုပ်ကလေးကလည်း ချော...သဘောမနောကလည်း ကောင်း...နှုတ်ရေးကလည်း ကြွယ်...လာဘ်ကလည်း မြင်ပါ့...မအိမ်ကံကို ရတဲ့သူ တော့ ကံကောင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မအိမ်ကံကတော့ ပြုံးနေလိုက်သည်။ ဘာပဲဖြစ်ဖြစ် အဆင်ပြေသွားတာကိုပဲ မအိမ်ကံ ဝမ်းသာပါ၏။ မအိမ်ကံ ကိုယ်တိုင်ဦးစီးပြီး ရင်းနှီးလုပ်ကိုင်ထားရသည့် လုပ်ငန်းကလေး နေရာမထ အကြောင်းလှရပြီမဟုတ်လား။ လာရင်းကိစ္စကတော့ အကြမ်းဖျင်း သဘောတူပြီ ကြလို့ ငွေသိမ်းပြီး ပြန်ရုံသာရှိတော့သည်။ အစ်ကို့သတင်း စနည်းနာဖို့ မအိမ်ကံ လုံးပမ်းရဦး မည်။ လုပ်ငန်းအဆင်ပြေ ပြီးမြောက်မှတော့ ကနေ့တစ်ညအိပ်ပြီး မနက်စောစောပြန်ရင်ကော။ ဒါဆို ဆရာကြီးဦးဘခင်အိမ်ကို ကနေ့ညနေပဲ သွားရမည်။ တပေါင်းကျ နေရှိန်က အလင်း တွေ ပြန့်ကြဲနေဆဲ။

"ပွဲစားကြီး မတွေ့ရသေးပါလား ဒေါ်ဒေါ်"

"ကိုသာဂေါင် ရန်ကုန်သွားတယ်...ဟုတ်ပေါ့ မပြောမိသေးဘူး...တိုင်းရေးပြည်ရေးက မဟန်လေတော့ အောက်ပြည် ဈေးကွက်စနည်းနာရင်း ရစရာရှိတာကလေးတွေလည်း သိမ်းရင်း သွားလေရဲ့...အောက်ပိုင်းတော့ စပါးဈေး မကောင်းဘူးကြားတယ် .. မအိမ်ကံတို့ဘက်ကော သီးနှံထွက်ကဲ့လား"

"သည်နှစ် ဝါတော့ ကောင်းသယ်ဒေါ်ဒေါ်...အသီးအနှံကတော့ မိုးမရဘူး"

"အသီးအနှံ မကောင်းတော့ တောင်သူတွေ မလှူရ မတန်းရဘူးပေါ့လေ...ခါတိုင်းနှစ် တွေဆို ဒေါ်ဒေါ်တို့ပဲ ရွာတွေဘက်ကို အလှူတစ်ဆင်စာ ဝမ်ခြမ်းပေးနေရတာ... သည်နှစ်တော့ တပေါင်းသာရောက်ကရော တစ်လှူမှကို မလာကြတာ"

ရွာတွေမှာ လှူမည်တန်းမည်ဆိုလျှင် မြင်းခြံမြို့က ပွဲရုံဆက်ကို အာမခံစေကာ အလှူအတွက် လိုအပ်သမျှပစ္စည်းတွေ အကြွေးယူနိုင်သည်။ အလှူတစ်လှူစာ လိုချင်သလောက် ယူရုံသာ။ အလှူပြီးလျှင် ဆပ်။ မကျေတော့လည်း စာရင်းမှတ်ပြီး သီးနှံပေါ်တော့ တိုက်ဈေးနှင့် ဆပ်ကြရသည်။

"ကဲ ကဲ...မအိမ်ကံတို့ ခရီးပန်းလာတော့ နားကြပါဦး...အိမ်အပေါ်ထပ်မှာ အသင့် ပါပဲ"

"အချိန်ကလေးရှိသေးတယ်ဆိုတော့...မအိမ်ကံ ဆရာကြီး ဦးဘခင်တို့ဆီ သွားချင် သယ် ဒေါ်ဒေါ်...အစ်ကို့သတင်း စုံစမ်းရင်း..."

"အစ်ကို့သတင်းဆိုလို့...အခု ဆရာကြီး ဦးဘခင်အိမ် အဝင်အထွက်လုပ်တဲ့သူတွေကို ပုလိပ်က စောင့်ကြည့်နေတာ မအိမ်ကံရဲ့...သတိဝီရိယနဲ့တော့ သွားပါလေ... သိပ်မိုးမချုပ်စေနဲ့...အိမ်က မောင်တင်မောင် ထည့်လိုက်ပါဦးမယ်...ကိုင်း သွားမှာဖြင့် လည်း သွားကြ"

ဒေါ်မြမေက သမီးအကြီးဆုံးက မွေးသော မြေး မောင်တင်မောင်ကို စက်ဘီးတစ်စီး ဖြင့် ရှေ့က လမ်းပြထည့်လိုက်သည်။ ဖိုးကူးကတော့ သူနှင့်ရွယ်တူကောင်လေးတစ်ယောက် ဘိုင်စကယ်စီးတာကို သဘောကျနေသည်။ ရွာပြန်ရောက်လျှင် အဖေ့ကို ဘိုင်စကယ် အဝယ်ခိုင်းမည်ဆို၏။ မအိမ်ကံက တစ်လက်စတည်း ကိုးဆောင်တိုက်ဆရာတော်ကို လှူဖွယ် ပစ္စည်းတွေ ဝင်လှူသည်။ ဦးပဥ္စင်း ဦးခေမိန္ဒက အဖေ့အတွက် စတုမဓုပုလင်းတွေ လက်ဆောင် ပြန်လိုက်သည်။ ညနေခင်း ပူပူလောင်လောင်ထဲမှာ မြင်းခြံမြို့သည်ပင် အငွေ့ပျံနေလေသည်။ လမ်းတိုင်းမှာ လူတွေ၊ လှည်းတွေ၊ လမ်းသွားလမ်းပြန်တွေ များလှ၏။ ဆရာကြီး ဦးဘခင်



အိမ်ရှေ့မှာ လှည်းကို တောင့်လိုက်တော့ မအိမ်ကံက အရင်ဆင်းသည်။ ဖိုးတုတ်၊ ဖိုးကူးနှင့် ကျေးဥတို့က လှည်းပေါ်မှ မဆင်းကြဘဲ မအိမ်ကံကို ကြည့်နေကြသည်။ မအိမ်ကံပင် ထိတ်ခနဲ ဖြစ်သွားခဲ့သည်။

ခြံတံခါးကြီး ပိတ်ထားပါလား။ လူမှရှိရဲ့လား။ လူရိပ်လူခြေလည်း မမြင်။ ဆရာကြီး ကတော် ကိုသော်မှ မတွေ့ရ။ ခါတိုင်း ကျောင်းသားတွေ တရုံးရုံးနှင့် ရှိနေတတ်သော ဆရာကြီးအိမ်က တိတ်ဆိတ်နေတော့ မအိမ်ကံ အံ့သြရပါ၏။ ခြံစည်းရိုးတိုင်တွေနားအထိ မအိမ်ကံ တိုးကပ်ကာ ငုံကြည့်သည်။ ဝင်းတံခါးပေါက်ဆီ လျှောက်သွားကာ အထဲကို မြင်ရ သလောက် ခြေဖျားကလေးပင် ထောက်ကြည့်လိုက်ပါ၏။

"ဘယ်သူ့တွေ့ချင်လို့ပါလိမ့်ဗျာ"

အသံကြောင့် မအိမ်ကံ ကိုယ်ကလေး ဆတ်ခနဲ တုန်သွားရသည်။ ခြံစည်းရိုးတိုင် ကြားမှာ လူတစ်ယောက်ရှိနေမှန်း မအိမ်ကံ မသိ။ ဖျတ်ခနဲ လှမ်းမေးလိုက်တော့မှ လန့်ဖျပ် သွားခြင်းနှင့်အတူ အသံရှင်ကို ရှာဖွေကြည့်မိပါ၏။ လူရွယ်တစ်ယောက်။ လူပုံကိုတော့ သဲသဲကွဲကွဲ မမြင်ရသေး။ ခြံစည်းရိုးတန်းတွေကြားက လှမ်းမြင်နေရခြင်းဖြစ်သည်။

"ကျွန်မ ဇောင်ချမ်းကုန်းရွာက မအိမ်ကံပါ...ဆရာကြီးတို့ကို တွေ့ချင်လို့ပါ...မရှိကြ ဘူးလား"

"မ ..အိမ်...ကံ"

ထိုသူက မအိမ်ကံအမည်ကို တစ်လုံးချင်း ရေရွတ်နေလိုက်သေး၏။ နောက်တော့မှ ဘာမှဆက်မမေးတော့ဘဲ ခြံတံခါးကို ဖွင့်ပေးသည်။ နေဝင်ရိုးရီအချိန် ဆည်းဆာရောင်က ခြံတံခါးပေါ် ဖြာဆင်းကျကာ အရိပ်အကွက် လည်နေသည်။ တံခါးကိုဖွင့်ပြီးမှ ဧည့်သည်ကို မော့ကြည့်လိုက်သည်။ ကုံကော်ပန်းကုံးကလေးကို ဆံထုံးပုံ့ပုံ့ကလေးမှာ ရစ်ခွေ ပန်ထားသည့် မိန်းမချောတစ်ယောက်ကို သူ့မျက်စိရှေ့မှာ တွေ့ရမည်မထင်သဖြင့်လည်း အံ့သြသွားပုံရသည်။ သရက်ထည်စ ထဘီလိမ္မော်ရောင်နှင့် ပင်နီချော ညိုညိုကလေးကြောင့် အသားကလေး ပို၍ပင် ဝင်းဝါစိုပြည်နေသည် ထင်ရ၏။ တံခါးကိုပင် ဟ,ဟာမဖွင့်ဘဲ မျက်နှာကို စိုက်ကြည့်နေသည့် လူရွယ်ကို ကြည့်ရင်း မအိမ်ကံကလည်း တွေငေးနေမိခဲ့သည်။

ဆံပင်ကို သပ်သပ်ရပ်ရပ် လှန်ဖြီးထားသော လူရွယ်က မအိမ်ကံထက် သုံး,လေးနှစ် လောက် ကြီးလိမ့်မည်ထင်ပါ၏။ အသားဖြူဖြူ၊ နဖူးရှင်းရှင်းမှာ ဆံပင်မျှင်ကလေး ဝဲကျနေသည် ကပင် မြို့သားမှန်း သိသာလှသည်။ လည်ကတုံးအင်္ကျီဖြူဖြူ၊ ကျေးတစ်ရာပုဆိုးညိုညိုကြောင့် မင်းသားဟန်ပေါက်နေသည်ဟုပင် ထင်ရပါ၏။ တစ်ယောက်ကိုတစ်ယောက် အကဲခတ်ရင်း ကြည့်နေကြသည်။ အကြည့်ချင်းဆုံနေကြသည့် မျက်လုံးတွေကို နှစ်ယောက်စလုံးက မခွာနိုင်ဘဲ ရှိကြလေသည်။ သည်တဒင်္ဂသည်ပင် မအိမ်ကံ၏ဘဝတွင် များစွာ အရိပ်ထိုးခဲ့ပါ၏။ ဘဝ ဘဝက ပြုခဲ့ဖူးကြသော မေတ္တာပါရမီသည် ထိုခဏအတွင်း၌ပင် ဝင်းခနဲ ပြက်လိုက်သော လျှပ်စီးကဲ့သို့ ရှိခဲ့လေပြီ။ နှစ်ဦးစလုံးအဖို့ ရှေးက မဖြစ်ဖူးသော၊ မပေါ်ပေါက်ခဲ့ဖူးသော မေတ္တာစာတ်သည် နှလုံးအိမ်တွင်းမှ လူးလွန့်လာကြသည့်ပမာ နွေးနွေးရှိန်းရှိန်း ရှိခဲ့ကြပါ၏။ ရုပ်အချောအလှ အဆင်းကောင်းသူရယ် ဥတ္တမောဘဂဝ ငါမင်းအလောင်းပါ ပပဝတီရဲ့...

www.burmeseclassic.com

တွင်းတွင်အောင်းပြီးတော့ ဘဝ တစ်ရာ နှစ်ရာ ပုန်းသော်လည်း လုံးလုံးကြီးပေါ်ခဲ့ပြီ' ဆိုသော ဇာတ်ထုပ်ဇာတ်စက်သီချင်းလိုပင် ဘဝတစ်ရာ နှစ်ရာ ပုန်းသူကို ခုတစ်ခဏ တွေ့လိုက်ရသကဲ့သို့ မျက်လွှာမချစတမ်း ရှိခဲ့ကြပါ၏။

ညနေ ကောင်းကင်မှာတော့ ကျီးတွေပင် နေကို ပြန်ပို့ကြပြီ။ တိမ်တွေကို အလင်းပက်ထားသော ဆည်းဆာနေရောင်ကြောင့် အကျည်းမတန်သူတွေ ပိုလှနေကြတာများလား။ မအိမ်ကံက လူရှုယ်ကို ကြည့်ရင်း သူလည်း သခင်ပဲထင်ပါရဲ့လို့ တွေးသည်။

"ကျွန်မ ဖောင်ချမ်းကုန်းရွာက သခင်မြတ်သာရဲ့နှမ မအိမ်ကံပါရှင်…ကျွန်မအစ်ကိုနဲ့ တွေ့စမ်းချင်လို့ လာခဲ့ပါသယ်…"

လူရှုယ်က အသိပြန်ဝင်လာသကဲ့သို့ ဆတ်ခနဲ ဖြစ်သွားပြီးမှ မျက်နှာတစ်ချက်ကွက်ခနဲ ပျက်သွားလေ၏။

■

(၁၉)

လူရှုယ်က မျက်နှာတစ်ချက်ပျက်သွားရာမှ သတိပြန်ဝင်လာသလို လှုပ်သွားလေသည်။ မျက်နှာက အားနာဟန်ရှိပါ၏။

"ဩော်…ကိုမြတ်သာရဲ့ နှမပေကိုး…စိတ်မကောင်းလိုက်တာဗျာ…ကိုမြတ်သာ သည်မနက်ပဲ ခရီးထွက်သွားပါတယ်…မောင်နှမချင်း လွဲရပြီကောဗျာ…ဆရာကြီးတို့ ရှိပါတယ်"

လူရှုယ်က တံခါးနှစ်ချပ်ကိုလှပ်ကာ ဖွင့်ပေးလိုက်ပြီး ကိုယ်ကို ယို့ပေးတော့ မအိမ်ကံလည်း ခြံထဲဝင်လာခဲ့သည်။ လူရှုယ်က မအိမ်ကံနောက်ကပါလာမှန်း မအိမ်ကံသိနေခဲ့သည်။ ဖိုးကူးနှင့် ကျေးဥတို့ကတော့ လှည်းပေါ်ကပဲ အကဲခတ်နေကြပုံဖြင့် မဆင်းဘဲရှိနေကြ၏။ မအိမ်ကံကို ဆရာကြီးဦးဘခင်က ဆီးကြိုသည်။ ဆရာကြီးပင် နည်းနည်းပိန်သွားသည်ထင်ရ၏။

"အလို…မောင်မြတ်သာနှမကလေးပါလား…လာ ထိုင်ပါဦးကွယ့်…ညည်း အစ်ကိုတော့ ခရီးထွက်သွားပြန်တယ်…လူငယ်တွေဆိုတော့ တိုင်းရေးပြည်ရေး လုပ်ရမယ်ဆိုရင် စိတ်ကနောက် လူက ရှေ့ကကိုးသမီးရဲ့…မိဘနှစ်ပါးကော ကျန်းခန့်သာကြရဲ့လား"

မအိမ်ကံက ဧည့်ခန်းကွပ်ပျစ်စားပွဲဝိုင်းမှာ ကျုံ့ကျုံ့ယုံ့ယုံ့ကလေး ဝင်ထိုင်သည်။ မအိမ်ကံ ဝင်ထိုင်တာကိုတွေ့မှ ဖိုးကူးနှင့် ကျေးဥက ဆရာကြီးကို ကန်တော့ဖို့ ရွာလက်ဆောင်တွေကို ထမ်းချကြသည်။ ကျေးဥက မအိမ်ကံဘေးမှာ ဝင်ထိုင်သော်လည်း ဖိုးကူးက လှည်းရှိရာပြန်သွားကာ ဖိုးတုတ်နှင့်အတူ လှည်းကူချွတ်ရင်း အိမ်ရှေ့သစ်ပင်ရိပ်မှ စောင့်နေလေသည်။ မအိမ်ကံတို့ စားပွဲဝိုင်းမှာ ဆရာကြီးနှင့်အတူ စောစောက တံခါးဖွင့်ပေးသူ လူချောကလည်း ဝင်ထိုင်သည်။

"ကျန်းမာကြပါသယ် ဆရာကြီး…အဖေကတော့ ခါတိုင်းလောက် မသွက်တော့ဘူး… အမေကတော့ အဖေ အိမ်မှာနားနေတော့ ဝမ်းသာရှာပါသယ်"

"အေးပေါ့ကွယ်…သူကြီးမင်းကလည်း အရွယ်ရပြီ စိတ်ဆောင်နေလို့သာကိုး… သားစိတ်လည်း ပါပေမပေါ့…ဆရာကြီးတို့ကလည်း မိရယ် ဖရယ် သွားတွေ့ချေပါဦး

www.burmeseclassic.com

www.burmeseclassic.com

ကွယ်လို့ မောင်မြတ်သာကို ပြောပါသကွယ်…နို့ပေမယ့် မောင်မြတ်သာခများလည်း စိတ်ရှိတိုင်း လွတ်လွတ်လပ်လပ် သွားခွင့်မသာလေတော့…"

"နားလည်ပါသယ် ဆရာကြီးရယ်…မအိမ်ကံတို့ကလည်း မျှော်ကြရတာပဲရှိသာပါ… အစ်ကို့အလုပ်ကို သဘောပေါက်ပါသယ်…တိုင်းရေးပြည်ရေးမှာ ရေတွင်းခဲကျ မြုတ်နေသာကိုပဲ ဝမ်းသာရပါသယ်…တိုင်းပြည်အရေးထက် အရေးကြီးသာ မရှိပါလားရှင်"

ဆရာကြီးက မအိမ်ကံစကားကို နှစ်ထောင်းအားရ ရှိနေရှာသည်။ နိုင်ငံရေးစိတ်ရှိပါသကောဆိုသည့် မျက်နှာဖြင့် ဘေးမှာထိုင်နေသည့် ကိုလူချော၏မျက်နှာကို လှမ်းကြည့်ရင်း စိတ်ဓာတ်ကတော့ မာပေ့ကွယ်ဆိုသည့် မျက်နှာဖြင့် ပြုံးပြသည်။

"မောင်ပြေသိမ်းရေ…မင်းတို့ဒေါ်ဒေါ်ကို ခေါ်ပါဦးကွယ့်…ဧည့်သည်ဖို့ ကာဖီရည်ကလေး ဘာလေး ဧည့်ခံရအောင်လို့…"

"သည်က နှမများအတွက် ကျွန်တော်ကိုယ်တိုင်ပဲ ကာဖီသွားဝယ်လိုက်ပါဦးမယ် ဆရာကြီး…ကိုမြတ်သာရဲ့ နှမတွေဆိုတော့ ကျွန်တော့်မှာ ဝတ္တရားလည်းရှိပါတယ်… ရွာကလာကြပြီး အစ်ကိုနဲ့ တွေ့ချင်လို့ဆိုတော့ မောင်နှမနှစ်ယောက်ဖြင့် လွဲရပြီဆိုပြီး ကျွန်တော့်မှာ စိတ်မကောင်းဖြစ်မိပါတယ်"

မအိမ်ကံက ကာဖီမသောက်ချင်ပါကြောင်း တွင်တွင်ငြင်းနေသည့်အတွက် ကိုပြေသိမ်းလည်း ကာဖီအဝယ်မထွက်တော့ဘဲ ဆရာကြီးကတော်နှင့်အတူ မအိမ်ကံတို့ကို ရေနွေးပွဲပြင်ကာ ဧည့်ခံလိုက်ရ၏။

"သမီးကတော့ ပိုတောင်ချောလာလိုက်တာကွယ်…မောင်မြတ်သာကတော့ နှမအကြောင်း တဖွဖွပြောရှာပါရဲ့…ဒေါ်ဒေါ်တို့ကလည်း အောက်မေ့ကြပါရဲ့ကွယ်"

ကိုပြေသိမ်းရှေ့မှာ ဆရာကြီးကတော်က မအိမ်ကံကို ချောကြောင်း လှကြောင်း ချီးမွမ်းလိုက်တာကြောင့် ရှက်သွေးကလေးများ ဖျန်းမိရပါ၏။ ကိုပြေသိမ်းကတော့ ဆရာကြီးကတော်၏စကားကို ထောက်ခံနေသည့်အလား မအိမ်ကံကို ငေးလို့သာ ကြည့်နေတော့သည်။

ဆရာကြီးက မောင်မြတ်သာကို မြင်းခြံစစ်ပုလိပ်တွေက စောင့်ကြည့်နေကြကြောင်း၊ အမျိုးသားအချင်းချင်း သစ္စာဖောက်ချင်သူတွေရှိနေသဖြင့် သတိဝီရိယဖြင့် ကူးလူးနေရကြောင်း၊ ညဘက်ရုပ်ဖျက်ရောက်လာရာက သည်မနက်စောစောကပဲ မြင်းခြံသင်္ဘောဆိပ်ကို ဆင်းသွားကြောင်း၊ ပခုက္ကူဘက်ကို သွားခြင်းဖြစ်ကြောင်း၊ သီသီလွဲကြရသည့်အတွက် စိတ်မကောင်းဖြစ်ရပါကြောင်းတွေ ပြောပြသည်။

"မအိမ်ကံ လှူလိုက်တဲ့ပစ္စည်းတွေရလို့ မောင်မြတ်သာက ဝမ်းသာနေရှာတယ်… စစ်ကြီးကလည်း ဖြစ်နေပြီဆိုတော့ အင်္ဂလိပ်တွေ အရှုံးမီးဝိုင်းဖြစ်နေတုန်း ကျုပ်တို့ကလည်း နိုင်ငံရေးနည်းနဲ့ သခွပ်ပင်က မီးတကျည်ကျည်လုပ်နေရတာပဲ…အင်္ဂလိပ်အခက် ဗမာ့အချက်ပေါ့ကွယ်…ခက်တာကလည်း တို့လူမျိုးမယ် လက်ရှိရာထူးဌာနန္တရကို လက်မလွှတ်နိုင်တဲ့လူတွေနဲ့ အလိုတော်ရိတွေကတစ်ဖက်…တိုင်းရေးပြည်ရေးကို ဖောက်ချလုပ်နေကြသူတွေကတစ်ဖက် ဖြစ်နေတယ်…"



ဆရာကြီးက မအိမ်ကံကိုပင် တကယ့်နိုင်ငံရေးသမတစ်ဦးသဖွယ် ပြောနေခြင်းဖြစ်၏။ တချို့စကားလုံးများနှင့် အဓိပ္ပာယ်ကို မအိမ်ကံ ရေလည်နားကျ မသိသော်လည်း သဘောတော့ပေါက်ပါ၏။ ကိုပြေသိမ်းကတော့ ဆရာကြီးရှေ့က စကားဦး မသန်းဝံ့ဟန်ဖြင့် ငြိမ်လျက်က နားထောင်နေသည်။ အစ်ကိုမောင်မြတ်သာ သူငယ်ချင်းဆိုတော့ သူလည်း နိုင်ငံရေးသမားသခင်တစ်ယောက်ဆိုတာ သေချာသွားပြီ။ နိုင်ငံရေးသမားနှင့်မတူဘဲ ဘီအေကျောင်းသားခပ်ချောချောတစ်ယောက်နှင့် တူတော့သည်။ မအိမ်ကံက ကိုပြေသိမ်းကို တစ်ချက်တစ်ချက်ခိုးကြည့်ရင်းက တွေးနေမိခြင်းဖြစ်၏။ အသားဖြူဖြူ မျက်နှာကျသွယ်သွယ်၊ ကြည်လင်တောက်ပသော မျက်ဝန်းများဖြင့် ဥပဓိရုပ်ကောင်းလှသော ကိုပြေသိမ်း၏ဟန်က မင်းသားလောက်ပင် ချောမောခံ့ညားနေသည်မဟုတ်လား။ မြို့သားဆိုတော့ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံ၊ စကားပြောပုံတွေကလည်း ယဉ်ယဉ်ကျေးကျေးရှိသည်။ ဆရာကြီး၏စကားတွေကို စူးစိုက် နားထောင်နေသည့် ကိုပြေသိမ်း၏မျက်နှာက လေးနက်တည်ကြည်လွန်းလှသည်။

ဆရာကြီး စကားစ ပြတ်သွားတော့ မအိမ်ကံက ရွာလက်ဆောင်ပစ္စည်းများကို စားပွဲပေါ်တင်ကာ ဆရာကြီးကို ကန်တော့သည်။ ဆရာကြီးက သခင်တောက်ထိန်အတွက်ဆိုကာ စာထစ်စောင်ရေးပေးသည်။ ပြီးတော့ မအိမ်ကံလက်ဝယ် စာထည့်ပေးလိုက်သည်။

"ကိုင်း…ငါ့သမီးများလည်း မိုးချုပ်ပကော…ဆရာကြီးတို့ကတော့ လူတွေ့ရင် တရားဟောချင်နေတော့တာပဲ…ကိုင်းကိုင်း…မေတ္တာနဲ့ကမ်းလိုက်တဲ့ လက်ဆောင်များရလို့ ဝမ်းသာတဲ့အကြောင်း မိဘများကို စကားပါးလိုက်စမ်းပါရစီ…မောင်ပြေသိမ်း"

"ခင်ဗျာ ဆရာကြီး…"

"မအိမ်ကံတို့လှည်းကို ပြောင်းပြာရပ်ထဲက ပွဲစားကြီး ကိုသာဂေါင်တို့အိမ် လိုက်ပို့လိုက်ပါကွယ်…မိုးချုပ်နေပါပြီ…"

"ရပါသယ်ဆရာကြီးရယ်…သည်ကမောင်ကြီး အလုပ်ပိုပါရော့မယ်…ကျွန်မ လမ်းမှတ်မိပါသယ်…"

"မိုးချုပ်ပါပြီ သမီးရယ်…မောင်ပြေသိမ်း လှည်းပေါ်လိုက်သွား နေရာရောက်မှပြန်ခဲ့"

"ဟုတ်ကဲ့ပါခင်ဗျား…"

မအိမ်ကံက ဆရာကြီးလက်ရောက် ငွေအချို့ လှူခဲ့သည်။ ဆရာကြီးက ရန်ပုံငွေပုံးထဲသွားထည့်သည်။ မအိမ်ကံက ဆရာကြီးနှင့် ဆရာကြီးကတော်ကို နှုတ်ဆက်ကာ လှည်းဘက်ထွက်ခဲ့သည်။ ဆရာကြီးတို့က လှည်းနားအထိ လိုက်ပို့ကြသည်။ ဆရာကြီးကတော်က လက်ဖက်ခြောက်ထုပ်များ လက်ဆောင်ပေးသဖြင့် မအိမ်ကံမှာ အားနာရသည်။ မအိမ်ကံနှင့် ကျေးဥလှည်းပေါ်တက်ပြီးတော့ ကိုပြေသိမ်းက လှည်းနောက်မှာပင် ချိတ်ထိုင်ရင်း မအိမ်ကံတို့ကို ကျောပေးထိုင်သည်။

"မအိမ်ကံတို့ မနက်ဖြန် ပြန်မှာပေါ့ဟုတ်လား…နေနဲ့ရောက်အောင်ပြန်ကြကွယ့်… ခေတ်အခါက မကောင်းဘူး…မောင်ပြေသိမ်း ထည့်လိုက်ရမလား…ရွာကို"

"လှည်းဖော်နှစ်စီး ပါပါသေးသယ်ဆရာကြီးရယ်…ဒုက္ခမပိုစေချင်ပါဘူး…အစ်ကို မောင်မြတ်သာကိုသာ ကျွန်မ ရောက်လာသဲ့အကြောင်း ပြောပြပေးပါရှင်…"

www.burmeseclassic.com

"စိတ်သာချရော့…ငွေထပ်လျှာသွားကြောင်းပါ ပြောပြပါ့မယ်…ကိုင်း ပြန်ကြချေဦး… မောင်တောက်ထိန်ကိုသာ စာလေးပါးလိုက်ပါရော့…"

လှည်းက ဆောင့်ခနဲ ထွက်လာခဲ့၏။ လမ်းမတန်းရောက်သည်အထိ ကိုပြေသိမ်းက စကားတစ်ခွန်း မဟ။ မအိမ်ကံကလည်း စကားမပြောဝံ့။ မြို့ကြီးသားဆိုတော့ စကားပြောရမှာ ရွံ့တာလည်း ပါပါ၏။ ကျေးဥက လှည်းရုံတိုင်ကို ဖိနပ်စွပ်ထားပြီး ရှေ့ကို လှည့်ထိုင်သည်။ မအိမ်ကံက ဘေးတိုက်။ ကျောက်လမ်းပေါ် နွားလှည်းဘီးသံ ခွေကြိတ်သံမှတစ်ပါး အခြားအသံ မရှိ။ မြင်းခြံမြို့၏ ညနေခင်းသည် လိမ္မော်ရောင်တောက်လျက်ရှိသည်။ နွေညနေဆိုတော့ မိုးချုပ်ပြီဆိုသော်လည်း ကောင်းကင်ရောင် လင်းလျက်ရှိပါ၏။

"မအိမ်ကံက သတ္တိကောင်းပဲ…ကျွန်တော်ဖြင့် သခင်မြတ်သာကို ကြည်ညိုရင်း… ရှိလို့လား မပြောတတ်ဘူး…မအိမ်ကံရဲ့ စိတ်ထားကိုပါ လေးစားမိပါရဲ့…"

ကိုမြို့သားက ကောက်ကာငင်ကာပြောလိုက်တော့ မအိမ်ကံ နားလျှံသွားခဲ့ကာ ဘာ ပြောလိုက်မှန်းမသိဘဲ ရှိခဲ့သည်။ လှည်းသံက တအိအိမြည်နေရုံမက အာရုံကလည်း တခြားမှာ ရှိနေသခိုက် ပြောလိုက်တာဆိုတော့ ကောင်းကောင်းမကြားလိုက်။

"ရှင်…"

"သြော်…မအိမ်ကံ လှူတာတန်းတာကို ပြောတာပါ…တိုင်းပြည်အတွက် သွေးရဲ လိုက်တာလို့ တွေးမိတော့ လေးစားမိတယ်လို့ ပြောတာပါခင်ဗျာ…"

"ဟုတ်ကဲ့…"

မြို့သားက ချီးကျူးနေတော့ မအိမ်ကံ ဘာပြန်ပြောရမှန်းမသိ။ ကိုမြို့သားကတော့ ခြေနှစ်ဖက်တွဲလောင်းချရင်း ကျောပေးရာက ပြောနေလို့ တော်ပါသေးရဲ့ အောက်မေ့ရသည်။ အပြန်လှည်းပေါ်မှာ မြို့သားလူချောတစ်ယောက် မအိမ်ကံနှင့် နီးနီးကပ်ကပ် ပါလာတာကို ဘာရယ်မသိ ရက်တနွေးနွေး ဖြစ်နေမိတာလည်း ပါပါသည်။ ကျေးဥကတော့ လှည်းပေါ်ကို မြို့သားကာလသား ပါလာကတည်းက တစ်ချက်ကလေး လှည့်မကြည့်။ သူ့ကို တစ်ခုခုပြော လိုက်လေမလား ကြောက်လန့်နေပုံမျိုးဖြစ်၏။ မအိမ်ကံလည်း ထူးတော့မထူးပါ။ တကယ်ဆို ကိုယ့်ကို လိုက်ပို့သူပဲ၊ အစ်ကိုဖြစ်သူ၏ မိတ်ဆွေပဲ၊ လူကောင်းသူကောင်းရယ်လို့ ဆရာကြီး ကိုယ်တိုင် ထည့်ပေးလိုက်သူပဲ။ စကားပြောရမှန်း၊ ကျေးဇူးတင်ရမှန်းတော့ အသိသား။ သို့သော် သိတာကသပ်သပ်၊ စကားမပြောဝံ့တာသပ်သပ်မဟုတ်လား။

"ကိုမြတ်သာနဲ့ မတွေ့ကြရတာ ကြာပြီပေါ့ဟုတ်လား…ကိုမြတ်သာက အင်မတန် လေးစားအတုယူထိုက်တဲ့ လူမျိုးဗျ…ကျွန်တော်တို့ထက် သတ္တိကောင်းတယ်… အပင်ပန်းအဆင်းရဲခံနိုင်တယ်…သူ့သွေးသားထဲမှာ အမျိုးကိုချစ်တဲ့စိတ်ပဲ ရှိတယ်…"

"ဟုတ်ကဲ့…"

မအိမ်ကံက 'ဟုတ်ကဲ့' တစ်လုံးနှင့် ပြီးရတော့သည်။ ဒါကို ကိုပြေသိမ်းကလည်း သိပုံရသည်။ ခြေတွဲလွဲချထားရာက ခြေကိုရုပ်လိုက်ပြီး လှည်းရုံတိုင်တွေမှီကာ ပြင်ထိုင်လိုက်သည်။ မအိမ်ကံနှင့် ဒူးချင်းပင်ထိသွားကာ ပူးပူးကပ်ကပ် ဖြစ်သွားခဲ့၏။ မအိမ်ကံက နောက်ကို ယို့သော်လည်း ကျေးဥခံနေတော့ မလှုပ်သာ။ မျက်နှာကို များများမလှည့်နိုင်ဘဲ ကိုပြေသိမ်း၏



အကြည့်ပိုက်ကွန်ထဲမှာ မိနေရတော့သည်။ ညနေခင်း ကောင်းကင်ရောင်အောက်မှာ ပကတိ လှပလွန်းလှသော မအိမ်ကံကို ကိုပြေသိမ်း ဣန္ဒြေပျက်လောက်အောင်တော့ အကြည့်မရဲရှာပါ။ သို့သော် မြို့သားဆိုတော့ မိန်းကလေးတစ်ယောက်နှင့် သည်လိုနေရတာ သိပ်မဆန်းသလို ကျဉ်းကျပ်နေပုံမျိုးတော့ မရှိ။ ရှက်သွေးကလေးစို့နေသော မအိမ်ကံကို ပြုံးကြည့်ရင်းက စသည်။

"ဟုတ်ကဲ့နဲ့ပဲ ပြီးနေပါလား မအိမ်ကံရဲ့…ကျွန်တော့်ကိုလည်း စကားတစ်ခွန်းတလေ တော့ ပြောပါဦးမှပေါ့…နားထောင်ချင်လို့ပါ…"

"ရှင်…"

မအိမ်ကံက မော့ကြည့်လိုက်သည်။ ကြည်လဲ့ပြီး အားကောင်းသော ကိုပြေသိမ်း၏ မျက်လုံးအစုံနှင့် ရင်ဆိုင်လိုက်ရချိန်မှာတော့ မအိမ်ကံ ရင်တွေခုန်ရတော့သည်။

"မဟုတ်ပါဘူး ကိုပြေသိမ်းရယ်…ကျွန်မတို့က တောသူတောင်သားတွေပါ…ရင်ထဲ ရှိသာ ပြောတတ်ကြသူတွေပါ…ကျွန်မတို့က ရိုးရိုးပြောပေမယ့် စကားမှားမှာ စိုးပါ သယ်"

"မမှားပါဘူး မအိမ်ကံရယ်…ကျွန်တော်လည်း တောသားပါပဲ…မအိမ်ကံကို ကျွန်တော် က ရင်းနှီးခင်မင်ချင်လို့ စလိုက်တာပါ…ကျွန်တော့်နာမည်အရင်းက သက်နှင်းတဲ့… သခင်အမည်ခံတော့ တိုင်းပြည်ကို သိမ်းရမယ်ဆိုတဲ့အဓိပ္ပာယ်နဲ့ ပြေသိမ်းလို့ ခံယူ လိုက်တယ်…"

"ဟုတ်ကဲ့…"

"သည်တစ်ခါလည်း ဟုတ်ကဲ့ပဲလား မအိမ်ကံရဲ့"

ကိုပြေသိမ်းက ဆိုလိုက်တော့ မအိမ်ကံပင်မကပါ လှည်းရှေ့က ဖိုးတုတ်၊ ဖိုးကူး၊ ညီအစ်ကိုနှင့် ကျေးဥတို့ကပါ ရယ်ကြသည်။ သက်နှင်းတဲ့။ တိုင်းပြည်ကို သိမ်းရမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြေသိမ်းလို့ ခေါ်တာတဲ့။ ဒါဖြင့် အစ်ကို့မှာလည်း သည်လိုနာမည်ရှိမှာပဲ။ အစ်ကိုကတော့ စာလာသမျှ သခင်မြတ်သာပဲ ရေးနေတာမဟုတ်လား။ အဓိပ္ပာယ်တစ်ခုနဲ့ မှည့်ထားတဲ့နာမည် မရှိရော့လား။

"အစ်ကို မောင်မြတ်သာကျတော့ကော…"

"ရှိတာပေါ့…အုပ်စိုးတဲ့…သခင်အုပ်စိုးတဲ့…ဒါက လျှို့ဝှက်ကိစ္စတွေကျမှ သုံးတာပါ မအိမ်ကံ…ခေါ်ရိုးခေါ်စဉ်တော့ သခင်မြတ်သာ ခေါ်တာပါပဲ"

သခင်အုပ်စိုး။ တစ်နေ့ ကိုယ့်တိုင်းပြည်ကိုယ် အုပ်စိုးရမယ်ဆိုတဲ့သဘောနေမှာပေါ့။ မအိမ်ကံ အံ့သြနေရတော့သည်။ လျှို့ဝှက်ကိစ္စတွေမှာ ခေါ်ကြတဲ့ နာမည်သက်သက်ရှိတာ မအိမ်ကံမသိ။ အစ်ကိုနှင့်တွေ့မှ ခေါ်လိုက်ရဦးမည်။

တစ်နေရာရောက်တော့ ကိုပြေသိမ်းက လှည်းကို ခဏတောင့်ခိုင်းလိုက်သည်။ လှည်း ပေါ်ကနေ ပတ်ဝန်းကျင်ကို အကဲခတ်သလိုမျိုး ကြည့်သည်။ ပြီးတော့မှ လှည်းကို ဆက်မောင်း ခိုင်းသည်။ မအိမ်ကံက တစ်ခုခုမေးမည်ပြင်လိုက်ပြီးမှ အသာငြိမ်နေလိုက်ပါ၏။ ပွဲစားကြီးအိမ် ရောက်တော့ အားလုံးဆင်းကြသည်။ လှည်းကိုတော့ ဖိုးတုတ်က ပွဲရုံဝင်းထဲ မောင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ပြေသိမ်း လိုက်ပို့သလား…လာ ထိုင်ကြဦးကွယ့် ဆရာကြီးကော နေကောင်းရဲ့လား…တစ်မြို့တည်းနေပေမယ့် မရောက်ရပါဘူးကွယ်…"

ပွဲကတော်ကြီးက ကိုပြေသိမ်းကို ရင်းရင်းနှီးနှီးပင် နှုတ်ဆက်သည်။ ကိုပြေသိမ်းက အိမ်ထဲဝင်မထိုင်တော့ဘဲ ခဏတအောင့် နှုတ်ဆက်စကားဆိုပြီး ပြန်ဖို့ပြင်လေ၏။ ပွဲကတော် ဒေါ်မြမေက ကိုပြေသိမ်းပြန်ရန် စက်ဘီးတစ်စီးငှားလိုက်သည်။ မအိမ်ကံနှင့် ကျေးဥလည်း အိမ်ထဲမဝင်သေးဘဲ ဒေါ်မြမေအနား ရပ်နေခိုက် ကိုပြေသိမ်းက စက်ဘီးကို တွန်းလာခဲ့သည်။

"ကိုင်း ..သွားပါရော့ ကိုပြေသိမ်း ..ကျေးဇူးတင်ပါရဲ့ရှင် ကျွန်မတို့ရွာဘက်လည်း ကြုံသဲ့အခါ အလည်လာခဲ့ပါဦးနော…"

မအိမ်ကံ၏ နှုတ်ဆက်သံကလေးက ကိုပြေသိမ်းအသည်းကို နင့်ခနဲ ဖြစ်သွားသည် ထင်ပါ၏။ မအိမ်ကံရှေ့မှာရပ်ရင်း ကိုပြေသိမ်းက ကြိုးစားပြုံးရင်း စကားဆိုလိုက်မိသည်။

"မအိမ်ကံတို့ရွာကို ကျွန်တော် ရောက်အောင်လာဦးမှာပါ…အဲသည်အခါကျမှသာ မသိဟန်ဆောင်မနေပါနဲ့ဗျာ…မနက်ကျရင်လည်း ကျွန်တော် လာနှုတ်ဆက်ပါဦးမယ်…ကိုင်း…အားလုံးပဲ ပြန်ပါဦးမယ်ခင်ဗျာ…"

ကိုပြေသိမ်း စက်ဘီးနှင့်ထွက်သွားတော့မှ မအိမ်ကံတို့လည်း အိမ်ထဲဝင်လာခဲ့ကြသည်။ ပွဲကတော်က အစ်ကိုနှင့် တွေ့ခဲ့ရရဲ့လား မေးသည်။ မအိမ်ကံက မနက်စောစောကပဲ ခရီးထွက်သွားကြောင်း ပြောပြလိုက်သည်။ ပွဲကတော်ကြီးက စိတ်မကောင်းဟန်ဖြင့် ငေးကြည့်နေ၏။

"မအိမ်ကံကလည်း အထည်ကိစ္စနဲ့ မြင်းခြံလာနေဦးမှာပါလေ…တစ်ခါမတွေ့ တစ်ခါ တွေ့ရမှာပေါ့…အခုန မအိမ်ကံတို့ကို လိုက်ပို့တဲ့ မောင်ပြေသိမ်းက ကျောင်းဆရာလေ မအိမ်ကံရဲ့…သည်ဘက်နယ်တွေမှာ အသင်အပြကောင်းတဲ့သူငယ်ပဲ အခုက ကျောင်းပိတ်ရက်မို့ လာလေသလား မပြောတတ်ဘူး…မိဘများကတော့ ထနောင်းတိုင်ဘက် နေကြတယ် ကြားဖူးတယ်…"

အို…ကိုပြေသိမ်းက ကျောင်းဆရာဆိုပါလား။ ကျောင်းဆရာတစ်ယောက်ကို ဆရာလေးလို့ မခေါ်မိဘဲ ကိုပြေသိမ်းလို့ချည်း ခေါ်ခဲ့ရတာကို မအိမ်ကံ စိတ်မသန့်သလို ခံစားမိရသည်။ ထနောင်းတိုင်ရွာဆိုတာကို မအိမ်ကံ ကြားဖူးပါသည်။ ဘယ်ဆီမှာဆိုတာတော့ မသိ။ ထိုညက မအိမ်ကံတို့ စားသောက်ပြီးကြသည်နှင့် ခပ်စောစောအိပ်ရာဝင်ကြသည်။ အိပ်ရာဝင်ကြသည် ဆိုသော်လည်း မအိမ်ကံကတော့ တွက်ရချက်ရ တေးရမှတ်ရတာနှင့်ပင် အချိန်လင့်ရသည်။ အားလုံးပြီးပြီဆိုပါမှ ဘုရားရှိခိုးကာ အိပ်ရာပေါ် အသာလှဲသည်။

"မအိမ်ကံရယ်…မြင်းခြံမြို့ မြင်းခြံမြို့နဲ့ တော်တော်ပြောကြသာလည်း မပြောနဲ့…စည်ကားလိုက်သာနော်…အိမ်တွေ လမ်းတွေကလည်း တကတည်း ရွာတန်းရှည်ကြီးကျလို့…ရောက်ကာစက ခေါင်းထဲနောက်တောက်တောက်တောင် ဖြစ်မိသယ်…အခုတော့လည်း ပျော်တောင်ပျော်သေး…"

ကျေးဥလည်း အိပ်ပျော်ပုံမရ။ ကိုယ့်ရွာမဟုတ်လို့ မျက်စိကြောင်နေထင်ပ။

"ဒါဖြင့် ညည်း မြို့သားကို ယူဝံ့ပြီပေါ့…ဟုတ်လား ကျေးဥ"

"မြို့သားယူရင်တော့ တစ်သက်လုံး နောက်တောက်တောက်နေမှာပါ မအိမ်ကံရယ်"



"မြို့သားယူမိရင် ထုံးနဲ့လျက်ဆားတောင် ပွတ်ရှုဖို့ ဆောင်ထားရမလို ဖြစ်နေပါလား အေ…ညည်းဟာက"

"မကလောက်ဘူး မအိမ်ကံရဲ့ ..နှလုံးသည်းခြေငြိမ်အောင် ဆီးယိုပါ ဆောင်မှ ဖြစ်မှာ .."

မအိမ်ကံနှင့် ကျေးဥတို့ မိန်းကလေးသဘာဝ ပြောကြရင်း ကျိတ်ရယ်ကြရသည်။ သူများမြို့ရွာမှာဆိုတော့ ရယ်တာတောင် စိတ်ရှိတိုင်း ရယ်လို့မကောင်းပါ။ ဣန္ဒြေမဲ့လှချည့် အထင်မခံနိုင်။ မိန်းကလေးတစ်ယောက်၏ တန်ဖိုးထဲမှာ အသံဟစ်ကာ ကျယ်ကြီးကျယ်လောင် မရယ်ရဆိုတာလည်း ပါကြောင်း အမေပန်းရုံက သွန်သင်ထားသည်မဟုတ်လား။ အထူးသဖြင့် သူစိမ်းယောကျ်ားကလေးတွေရှေ့မှာ အသံထွက်၊ မျက်ရည်စို့၊ ကိုယ်ကိုယိမ်းခါကာ မရယ်ရဟု လည်း ဆိုပါ၏။

ညနေက မြို့သားကတော့ ရိုးချင်သား။ ကျောင်းဆရာဆိုတော့ ပြည်တည်တည်မရှိ။ သခင်ဆိုတော့ အစ်ကိုမောင်မြတ်သာတို့၊ ဆရာလေး ကိုတောက်ထိန်တို့လိုပဲ နိုင်ငံရေးထဲမှာ ခေါင်းထိုးနေတဲ့ လူတစ်ယောက်ပဲ ဖြစ်မယ်ထင်ပါရဲ့။ အစ်ကို့လိုတော့ ပုန်းလျှိုးကွယ်လျှိုး နေရသည့် သခင်ခေါင်းဆောင်တော့ ဟုတ်ပုံမရ။ လူပုံဖြူသန့်သန့်ပေမယ့် စိတ်ကတော့ ထက်မြက်ပုံရ၏။

ကျေးဥအိပ်ပျော်သွားသော်လည်း မအိမ်ကံကတော့ လူတွေထဲ တိုးဝင်လာရပြီဖြစ်သော သူ့မဘဝကို တွေးနေမိသည်။ သူကြီးသမီးဆိုသော်လည်း တကယ်တော့ သူမပင်လျှင် တကယ့်တောသူကလေးတစ်ယောက်သာဖြစ်၏။ သူတို့ရွာတွေမှာ ဝေးလှသည်မဟုတ်ပါပဲနှင့် မြင်းခြံမြို့ကို မရောက်ဖူးကြသူတွေ အပုံ။ သူမဘဝမှာတော့ အစစအရာရာ ပြည့်စုံပါ၏။ ဘာမျှမပူမပင် မကြောင့်ကြရပါပဲလျက်နှင့် မြင်းခြံလိုမြို့ကြီးကို စတုတ်တိုက်ကာ ရက်ကန်းထည် စီးပွားရေး လုပ်နေရပြီ။ ဒါကလည်း သူမမှာ ရည်ရွယ်ချက်ရှိပါသည်။ ရွာက မိန်းမပျိုကလေးတွေ ဆင်းတောင့်ဆင်းရဲဘဝမှ အဖတ်ဆယ်ချင်တာလည်းပါသလို၊ သူမလုပ်အားခဖြင့် အစ်ကိုလုပ်နေသော အလုပ်အတွက် တတ်စွမ်းသမျှ ပါဝင်လှူဒါန်းချင်တာလည်း ပါပါ၏။

မအိမ်ကံမှာ ဘဝအတွက် မပြည့်စုံသေးတာဆိုလို့ တစ်ချက်သာရှိသည်။ သူမ၏ ငယ်ဘဝတစ်လျှောက်လုံး မက်ခဲ့ရတဲ့ အိပ်မက်။ သည်အိပ်မက်တော့ အပျက်မခံနိုင်ပါ။ ဖက်စိမ်းကွမ်းတောင်ကို လက်ဖြင့် မပွေ့ရသရွေ့ ဘဝဝန်မချတော့ပြီလို့တောင် ရင်ထဲစွဲထားခဲ့သည်။ တစ်ဘဝမှာ တစ်လှူ၊ တစ်လှူမှာ တစ်မနက် ကွမ်းတောင်ကိုင်ရသည်ဆိုလျှင် တော်ပြီ။

မအိမ်ကံတို့ အိပ်နေသည့်အခန်းထဲသို့ ပြတင်းဝမှတစ်ဆင့် လေပူကြီးတစ်ချက် ဝှေ့ရမ်းတိုးဝင်လာသည်။ ကျေးဥဆီက ဟောက်သံကိုပင် ကြားနေရပြီ။ မအိမ်ကံကတော့ တစ်မြို့တစ်ရွာမှာ အိပ်မပျော်နိုင်သေး။ တောင်စဉ်ရေမရ အတွေးတွေကို လွှတ်လိုက်ကာ စိတ်ကို တည်ငြိမ်အောင်ထားလိုက်သည်။ အိပ်မပျော်လေတိုင်း မအိမ်ကံ အသိမှတ်နေကျ နာသီးဖျားကလေးဆီ ထွက်လေဝင်လေကိုပဲ အာရုံညွှတ်ထားလိုက်၏။ ခဏနေတော့ မအိမ်ကံ အိပ်ပျော်သွားခဲ့ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

သည်မနက်တော့ မအိမ်ကံရော ကျေးဥပါ မနက်စောစောနိုးကြသည်။ ပွဲကတော်ကြီး ညွှန်ခံသော မနက်စာကို ကပျာကသီစားကြကာ မြင်းခြံဈေးကို ပြေးကြရပါ၏။ ဈေးထဲက အထည်ဆိုင်တချို့ကို စုံစမ်းကြည့်သည့်အခါ ပွဲကတော်ကြီး ဖြတ်သည့်ဈေးလောက် မရသဖြင့် ပွဲကတော်ကြီးတို့၏ သမာဓိနှင့် ရိုးသားမှုကို လေးစားမိရသည်။ မအိမ်ကံက ရက်ကန်းသုံး ပစ္စည်း တော်တော်များများ ဝယ်လိုက်သည်။ မဲခေါက်၊ မုန်သီး၊ ရုံးခေါက်၊ ဖလန်ခေါက်၊ နီပဆေး၊ ကျောက်ချဉ်မှုန့်ကအစ နိုင်ငံခြားက ဝင်သည်ဆိုသော ဆေးအနည်းငယ်စီကိုပါ ထည့်ဝယ်လာခဲ့သည်။ နိုင်ငံခြားဆေးဆိုးပုံ ဆေးဆိုးနည်းကိုပါ မေးမြန်းတီးခေါက်ပြီး စမ်းကြည့်ရန် ဝယ်ခဲ့ခြင်းဖြစ်သည်။ ကျန်တာကတော့ ရွာမှာ အလွယ်တကူမရနိုင်သည့် မီးဖိုချောင်သုံးပစ္စည်းများ၊ စားဖွယ်သောက်ဖွယ် ငါးခြောက်ရယ် ငါးပိရယ် ဆိုသလို စုံစေအောင် ဝယ်ရသည်။ မြင်းခြံတစ်ခေါက်ရောက်ဖို့ရာက လွယ်တာမဟုတ်။ ပြီးတော့ ပရဆေး ဆေးဝါးအနည်းအပါး ဝယ်ရသည်။ ရွာဦးဆရာတော်ကျောင်းအတွက် လှူဖွယ်တန်းဖွယ်ကိုလည်း ဦးထိပ်ထား ဝယ်ရသည်။ ပြီးတော့မှ မြင်းခြံကို တစ်ခေါက်တစ်ကျင်း ရောက်ရှာသော ဖိုးတုတ်တို့ညီအစ်ကိုနှင့် ကျေးဥတို့အတွက် တစ်ခုခုကို ဝယ်ပေးဖို့ သတိရမိ၏။

"ကိုင်း…ကျေးဥတို့ ဖိုးကူးတို့ ဘာလိုချင်သတုံး…မြင်းခြံဈေးရောက်တုန်း ရွေးကြစမ်း ဟဲ့"

မအိမ်ကံက မေးသော်လည်း သူတို့တစ်တွေ ဘာပူဆာတတ်မှာတဲ့လဲ။ တောမှာမွေး တောမှာကြီးကြသူတွေပီပီ ရွာထွက်အထည်ဝတ်ပြီး ရွာထွက်အစားအသောက်နှင့်သာ ပြီးကြရှာသူတွေမဟုတ်လား။ မအိမ်ကံဝယ်သမျှပစ္စည်းတွေကို ခေါင်းရွက်နှင့်တစ်မျိုး ပခုံးထမ်းနှင့်တစ်ဖုံ ကူကယ် ခေါက်ကယ် သယ်ပိုးနေကြရှာသော သူတို့ကိုကြည့်ကာ မအိမ်ကံ ကရုဏာသက်မိရပါ၏။ သည်တော့လည်း သင့်နိုးရာရာ ပစ္စည်းကို မအိမ်ကံကပဲ ရွေးချယ်ဝယ်ပေးလိုက်သည်။

"ကဲရော့…ဟောသာ ကျေးဥအတွက် ပရိုကိတ်လုံချည်…ဖိုးတုတ်နဲ့ဖိုးကူးကတော့ ဘန်ကောက်ပုဆိုးတစ်ထည်စီ…သည်တစ်ခါ ရွာအလှူကျရင် ငါ့မောင်တွေ ရှိုးထုတ်ရအောင်လို့တော်…"

မအိမ်ကံက ဖိနပ်ကောင်းတစ်ရန်စီလည်း ဝယ်ပေးလိုက်သေးသည်။ ရက်ကန်းရုံက အပျိုမတွေအတွက် မျက်နှာချေတစ်ဖာ ဝယ်ခဲ့သည်။ မအိမ်ကံကိုယ်တိုင်ကတော့ ဘာမှ မဝယ်ဖြစ်ခဲ့ပါ။ ဖိုးကူးကတော့ မအိမ်ကံဝယ်ကျွေးသော ကုလားမုန့်တွေကို စားရတာ ကျေနပ်နေတော့၏။ မအိမ်ကံတို့လှည်းတွေ ဈေးကပြန်လာတော့ နေကြီးတောင် အတော်မြင့်နေပြီ။ ပွဲကတော်ကြီးနှင့် ငွေပေးငွေယူ စာရင်းအပ် စာရင်းယူလုပ်ကြပြီးသည့်နောက်မှာတော့ ဆွမ်းစားချိန်ပင်ကျော်လုပြီ။ ပွဲကတော်ကြီးက ထမင်းတောင်းဟင်းတောင်း ခရီးစာထည့်ပေးနေသည့်အပြင် အိမ်မှာပါ ကျွေးလိုက်ဖို့ပြင်နေလို့ မအိမ်ကံက ဖွတ်တားရသည်။

"တော်ပါပြီ ဒေါ်ဒေါ်ရယ်…ဈေးကလည်း ဈေးမုန့်တွေစားခဲ့ကြပါသယ်…ဆာလည်း မဆာကြသေးပါဘူးရှင်…ထမင်းထည့်ပေးလိုက်သာ ကျေးဇူးများလှပါပြီ…မြို့မှာ



စောင့်ရှောက်သဲ့အကြောင်းလည်း မိဘနှစ်ပါးကို မအိမ်ကံ ပြောပြမှာပါ…ငွေကြေချေပေးလိုက်လို့လည်း ကျေးဇူးကြီးလှပါရဲ့…"

ဘာပဲဖြစ်ဖြစ် နွားတွေ နေပူမှာကိုသိသော်လည်း ညနေ ရွာဝင်မိုးမချုပ်ချင်။ ခရီးဆိုတာ မထင်မှတ်ပဲ ထောင့်တတ်တာမျိုးကလည်း ရှိသေးတာမဟုတ်လား။ မအိမ်ကံတို့လှည်းသုံးစီး ပွဲရုံရှေ့မှာ တန်းမိပြီ။ လူအုပ်ကတော့ တောင့်ပါ၏။ မအိမ်ကံကတော့ တစ်ယောက်ယောက်ကို မျှော်နေမိသေးသည်။ မနေ့ညက ကျွန်တော် လာခဲ့ပါဦးမည်ဆိုသည့် ကိုပြေသိမ်းကို ရိုးရိုးရိပ်ရိပ်သော်မှ မမြင်။ လှည်းတွေ ထွက်လာကြပြီ။

"ဒေါ်ဒေါ်…သွားပြီနော်"

"သွားကြရော့…ဘေးကင်းပါစီ…လာလမ်းသာလို့ ပြန်လမ်းချောကြပါစီရှင်…"

မအိမ်ကံက နောက်ကို တကြည့်ကြည့်။ ထိုစဉ်မှာပင် မအိမ်ကံတို့လှည်းနားကို စက်ဘီးတစ်စီး ရောက်လာခဲ့သည်။ လှည်းရုံတိုင်ကို လှမ်းကိုင်လိုက်သည့် ကိုပြေသိမ်းကို မအိမ်ကံ တွေ့လိုက်ရသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ မြို့သားက သည်တစ်ခါတော့ ယောပုဆိုးနှင့် ပင်နီချောထည်ကို သန့်သန့်ကလေးဝတ်ထားပါ၏။ မအိမ်ကံက လှည်းတွေကို အရပ်ခိုင်းလိုက်သည်။

"မနက်က စောစောကလေးထွက်လာခဲ့ဖို့ပါပဲ မအိမ်ကံ…အကြောင်းကလေးပေါ်လို့ သွားရပါတယ်…စိတ်ကတော့ တစ်မနက်လုံး…အင်း တစ်ညလုံး ဆိုပါတော့လေ… ရောက်နေမိပါရဲ့…မအိမ်ကံအတွက် ရှင်မတောင်သနပ်ခါးတုံးကလေးတွေ လက်ဆောင်ပေးချင်လို့ပါ…"

စက်ဘီးကယ်ရီယာပေါ်မှာ ညှပ်တင်လာသော သနပ်ခါးတောင်းကလေးကို ကိုပြေသိမ်းက ဖြုတ်ယူလိုက်သည်။ စက်ဘီးထောက်ကိုထောက်လိုက်ပြီး မအိမ်ကံရှိရာ လှည်းနောက်မြီးဆီ ရောက်လာခဲ့၏။

"ရှင်မတောင်သနပ်ခါးတော့စစ်ပါရဲ့…ကျွန်တော် သနပ်ခါးတုံးမရွေးတတ်ပါဘူး… ကောင်းမကောင်းတော့ ကျွန်တော့်နှမများကံပဲ…ဟိုနှမလေးအတွက်က နှစ်တုံးပါ ရော့ ရော့…ဟောသည် တောင်းကလေးကတော့ မအိမ်ကံအတွက်ပါဗျာ…"

မြင်းခြံဝါးခြင်းတောင်းကလေးထဲမှာ သနပ်ခါးတုံးတွေအပြည့်။ မိန်းကလေးပီပီ မအိမ်ကံ သနပ်ခါးတုံးကလေးတွေကို အမက်သား။ ကိုပြေသိမ်း ကမ်းပေးလိုက်သော ခြင်းတောင်းကလေးကို လှမ်းယူလိုက်ပြီး သနပ်ခါးတစ်တုံး ယူနမ်းလိုက်သည်။ မွှေးလိုက်တဲ့ သနပ်ခါး။ လူပျိုတစ်ယောက်ကပေးသော သနပ်ခါးတုံးကို သူ့ရှေ့မှာပဲ နမ်းကြည့်မိပါပကော။ အပွေးကောင်း၊ အသွေးရင့်၊ အတုံးကျစ်သော သဘာဝသနပ်ခါးတုံးကလေးတွေ။

"အားနာစရာကြီး ကိုပြေသိမ်းရယ်…တန်ဖိုးသေးမှာ မဟုတ်ဘူး…ကျေးဇူးများတင်ပါရဲ့…"

"ကျွန်တော့်နှမများအတွက် ဘာလက်ဆောင်ပေးရမလဲ စဉ်းစားနေတာဗျ…မိတ်ဆွေဆိုင်က သနပ်ခါးပင်ရင်းဆိုင်ဆိုတော့ သည်အတိုင်းဆွဲလာရတာပဲ…ပိုက်ဆံတောင် မပေးခဲ့ရသေးပါဘူး…"

www.burmeseclassic.com

www.burmeseclassic.com

ကိုပြေသိမ်း အရှန်းဖောက်လိုက်သော စကားကြောင့် မအိမ်ကံမှာ ရယ်လည်း ရယ်ချင် စိတ်မကောင်းလည်း ဖြစ်ရပါ၏။ ကိုပြေသိမ်းကတော့ သနပ်ခါးခြင်းတောင်းကလေး ပေးပြီး ကတည်းက လှည်းနောက်မှာရပ်ရင်း မအိမ်ကံကိုပဲ ကြည့်နေတော့သည်။

"မအိမ်ကံ"

"ရှင်…"

"အပြန်လမ်းမှာ သတိဝီရိယတော့ ထားသွားပါဗျာ…ဆရာကြီးအိမ် အဝင်အထွက်ကို ပုလိပ်တွေက စောင့်ကြည့်နေကြလို့ ပြောတာပါ…ကြောက်လည်း ကြောက်မသွားကြ ပါနဲ့…ဆရာကြီးရေးပေးလိုက်တဲ့စာကိုသာ သတိထားဖို့ လိုတယ်…"

မနေ့ညနေက လမ်းမှာ ကိုပြေသိမ်း လှည်းဓဏအရပ်ခိုင်းကတည်းက မအိမ်ကံ ရိပ်စားမိပါ၏။

"လူကိုများ ဖမ်းကြဦးမှာလားရှင်…ဖမ်းရင်လည်း လိုက်ဝံ့ပါရဲ့"

"မအိမ်ကံ မကြောက်တတ်မှန်း ကျွန်တော် သိပါတယ်ဗျာ…လူကိုလည်း စိုးရိမ်တာ အမှန်ပါ…ကျွန်တော်က ကိစ္စကလေးတွေသာပြတ်ရင် ဇောင်ချမ်းကုန်းအထိ လိုက်ပို့ ချင်ပါရဲ့…"

"ဇောင်ချမ်းကုန်းမှာ အသိရှိလို့လားရှင့်…ဆရာ ဘယ်မှာတည်းမှာတုံး…"

"အလို…ဆရာဆိုပါရောလား…ပွဲကတော်ကြီးတို့ ပြောလိုက်တယ် မှတ်ပါတယ်… ကိုပြေသိမ်းပဲ ခေါ်ပါဗျာ…ဇောင်ချမ်းကုန်းမှာတော့ သူကြီးအိမ် တည်းမှာပေါ့… သူကြီးသမီးကို သနပ်တုံး လက်ဆောင်ပေးထားတာကောခင်ဗျ…"

မအိမ်ကံက မျက်နှာကလေးကို ချစ်စဖွယ်ပြုံးလိုက်ရင်းက ကိုပြေသိမ်းကို နှုတ်ဆက် လိုက်သည်။

"ကိုင်း…မအိမ်ကံတို့ သွားပြီနော် ဆရာကိုပြေသိမ်း…ရွာကို စောစောရောက်ချင်လို့ ပါ…စာအတွက်တော့ စိတ်ချလို့သာနေပါတော့နော်…"

ကိုပြေသိမ်းက တစ်ခါဖြင့် ခွဲရပြီဆိုသည့်မျက်နှာဖြင့် မအိမ်ကံကို တစ်ချက်စိုက်ကြည့် လိုက်သည်။ မအိမ်ကံရင်ထဲကို ထွင်းဖောက်သွားသောအကြည့်ဆိုတာကို မအိမ်ကံပဲ သိပါသည်။ စက်ဘီးကို လှည်းကခွာလိုက်ကာ နှုတ်ဆက်ရှာပါ၏။

"ဆရာလေး…သွားပြီနော…"

ကျေးဥကပင် နှုတ်ဆက်လို့နေပါပကော။ မအိမ်ကံတို့လှည်းတွေ ထွက်လာတော့ ကိုပြေသိမ်းတစ်ယောက် နေရာက မရွေ့သေးတာကို မအိမ်ကံ မြင်နေရသည်။

မြင်းခြံမြို့အထွက်ကို လှည်းတွေရောက်သည်အထိ မောင်းလာခဲ့ကြသည်။ မြင်းခြံမြို့ အထွက်မှာ ထနောင်းပင်တန်းကြီးရှိသဖြင့် အရိပ်တော့ကောင်းလှသည်။ ထနောင်းပင်တန်းကို ကျော်ပြီး မြင်းခြံမြို့ကလွတ်သည်နှင့် နေကို မျက်နှာပြုရတော့၏။ နွားတွေကို သနားလှသော် လည်း အရိပ်ကောင်းရောက်အောင် ဖိုးတုတ်ကို ခပ်သွက်သွက်ပင် မောင်းခိုင်းလိုက်သည်။ လှည်းပေါင်းမိုးထဲသို့ လုံးဝင်လာသော ဖုန်လုံးများကြောင့် ဖျင်တဘက်ကလေးကိုထုတ်ကာ မအိမ်ကံက ခေါင်းပေါင်းလိုက်သည်။ နွားတွေပင် ချွေးစို့လာကြပြီ။ ရှေ့မှာတော့ ကုက္ကိုပင်ရိပ်



ကောင်းကောင်းကို လှမ်းမြင်နေရသည်။ ခရီးတစ်ထောက်နားဖို့ မအိမ်ကံ စိတ်ကူးလိုက်ပါ၏။ ထိုစဉ်မှာပင် မအိမ်ကံတို့လှည်းသုံးစီးနောက်သို့ စက်ဘီးလေးစီးဖြင့် ပုလိပ်သားများ လိုက်လာ ကြောင်း မအိမ်ကံ လှမ်းမြင်လိုက်ရသည်။ ရင်ထဲမှာ တစ်ချက်ထိတ်သွားခဲ့၏။ စက်ဘီးလေးစီး က မအိမ်ကံတို့လှည်းများကို ပန်းတက်သွားကာ ခပ်ဝေးဝေးကုက္ကိုရိပ်မှာ ရပ်လိုက်ကြသည်။ စက်ဘီးတွေပေါ်မှဆင်းကာ မအိမ်ကံတို့လှည်းတွေအလာကို စောင့်နေကြတာ မြင်ရတော့ မအိမ်ကံ သဘောပေါက်သွားသည်။

"ဖိုးတုတ်တို့ ကျေးဥတို့ ဘာမေးမေး စကားဦးမသန်းကြနဲ့…ပုလိပ်မေးရင် ငါ ဖြေမယ်"

"ဆရာကြီးပေးလိုက်သဲ့စာကော…"

"ရင်ပုံထဲမှာ…"

ပုလိပ်သားတွေက မအိမ်ကံတို့လှည်းသုံးစီးကို လမ်းဘေး ချရပ်ခိုင်းသည်။ လူ နှစ်ယောက်က စက်ဘီးပေါ်မှဆင်းကာ လှည်းသုံးစီးကို တစ်ပတ်ပတ်ကြည့်သည်။ ခါးကြားမှာ ခြောက်လုံးပြူးတွေ ချိတ်ထားတာမြင်တော့ ဖိုးကူးမှာ နေစရာမရှိ။ အစ်ကိုဖြစ်သူကို ကွယ်ကာ ပုလိပ်တွေကို ချောင်းကြည့်သည်။ မအိမ်ကံက ဖျင်တဘက်ကို ဖုန်တွေမွှန်ဟန်ဖြင့် မျက်နှာကို အုပ်ပေါင်းထားသည်။ ကြောက်ရွံ့ဟန် တစိုးတစိမပါဘဲ ရဲရဲကြီး ပြန်ကြည့်နေခဲ့သည်။ မျက်နှာ ပေါက်ဆိုးဆိုးနှင့်လူက တုတ်တိုတစ်ချောင်းကို ခပ်တင်းတင်းကိုင်ထားကာ သူ့လက်ဝါးကိုသူ တဖျပ်ဖျပ် ရိုက်နေသည်။ တစ်ယောက်ကတော့ မျက်နှာခပ်ပြုံးပြုံး။ သို့သော် သွေးအေးအေးနှင့် ရက်စက်မည့်ပုံမျိုး။

"ဘယ်ကများ ပြန်လာကြတာပါလိမ့်…"

"မြင်းခြံက ပြန်လာသာပေါ့ရှင်…ရွာလှည်းတွေ မြင်းခြံလာဈေးဝယ်သာ ထူးဆန်းနေ လို့လား…"

မအိမ်ကံက မျက်နှာတည်တည်ဖြင့် ပြန်ပြောလိုက်တော့ မေးသူပင် ကြောင်သွား သည်။

"ကျုပ်တို့က တာဝန်ရှိလို့ မေးနေတာ…ဘယ်ရွာကလှည်းတွေလဲ"

"ဇောင်ချမ်းကုန်းက…ဇောင်ချမ်းကုန်းသူကြီး ဦးသာထန်ရဲ့သမီး…မအိမ်ကံ"

သူကြီးသမီးဆိုသည့်စကားကို မအိမ်ကံ တမင်ထည့်ပြောလိုက်ခြင်းဖြစ်သည်။ တကယ် လည်း ထိရောက်သွားခဲ့ပါ၏။ မျက်နှာထားတွေ ပြောင်းသွားကြသည်။ မအိမ်ကံ လှည်းပေါ်က လျှောဆင်းလိုက်သည်။ မျက်နှာကို အုပ်ပေါင်းထားသည့် ဖျင်တဘက်ကို ဖယ်လိုက်သည်။ ချောမောလှပသည့် မိန်းမပျိုကလေးတစ်ယောက်ကို မထင်မှတ်ပဲ တွေ့လိုက်ရတော့ အံ့ဩသွား ကြသည်။ မျက်နှာထားဆိုးဆိုးနှင့်ပုလိပ်က လှည်းပေါ်က အထုပ်တွေကို ကိုင်ထားသည့် နံပါတ်တုတ်နှင့် လှမ်းထိုးသည်။ မအိမ်ကံ၏ မျက်နှာကလေး ရဲခနဲ ဖြစ်သွားလေသည်။

"တုတ်နဲ့မထိုးပါနဲ့…ရှင်တို့ရှာချင်ရင် တစ်လှည်းလုံးဖွင့်ရှာ…ရှင်တို့ ဗမာတွေ မဟုတ်ဘူးလား…ကိုယ့်လူမျိုးချင်း မသက်ာဖြစ်နေကြသလား…ဘုန်းကြီးပျှာန်း လျှုမယ့်ပစ္စည်းတွေရှင့်…"

www.burmeseclassic.com

www.burmeseclassic.com

အထုပ်တွေကို တုတ်နှင့်ထိုးနေသောပုလိပ်ပင် လန့်သွားလေ၏။ မအိမ်ကံအသံက မာလွန်းလှသည်။ နှုတ်စလျှာစကောင်းလှသဖြင့် ကုက္ကိုပင်အောက်မှာ စက်ဘီးဒေါက်ထောက် ရပ်နေသော ကုလားပုလိပ်နှစ်ယောက်ပင် ပြုံးခနဲ လှမ်းကြည့်ကြသည်။ ပုလိပ်တွေက အကဲမလှ ကြောင်း သိကြဟန်ဖြင့် လိုရင်းကို မေးကြသည်။

"သခင်မြတ်သာနှမပေါ့...သခင်မြတ်သာ ရွာမှာလား..."

"အစ်ကိုနဲ့ ကျွန်မတို့မိသားစု မတွေ့ကြသာ တစ်နှစ်လောက်တောင်ရှိပြီ...ဘယ်မှာ ရှိသလဲဆိုသာ ကျွန်မ မသိဘူး...ကျွန်မ မြင်းခြံကို အထည်လာရောင်းသာ..."

"ကျုပ်တို့သိပါတယ်...ဆရာကြီးဦးဘခင်အိမ်ကို ဝင်ကြသေးတယ်မဟုတ်လား..."

"ဝင်ပါ့ရှင်...ကျေးဇူးရှင်အိမ်ပဲဟာ ဝင်ရသာပေါ့...ကန်တော့ရသာပေါ့...ဘာများ ဖြစ်လို့ပါလိမ့်ရှင်"

ပုလိပ်နှစ်ယောက်က ဘာမှမပြောကြတော့ဘဲ နောက်လှည်းတွေဘက် လျှောက်သွား ကြသည်။ လှည်းပေါ်ပါလာမျှလူတွေကို လှည်းအောက်ဆင်းခိုင်းကာ ပုလိပ်သားလေးယောက် ဝိုင်းထားကြ၏။ သစ်ခေါက်တွေ၊ ဝန်စည်စလယ်တွေကို ဖွင့်ခိုင်းကြသည်။ လှည်းပေါ်ခင်းလာ သည့် ဖျာစမကျန် လှန်လှောရှာကြတာတော့ တဆိတ်လွန်လွန်းလှသည်။ မအိမ်ကံက မျက်နှာ ကလေးတင်းကာ ပုလိပ်တွေ လှုပ်ရှားသမျှ မျက်တောင်မခတ် ကြည့်နေမိ၏။ ဘာမှမတွေ့တော့မှ မအိမ်ကံတို့ကို သွားဖို့ခွင့်ပြုသည်။ မျက်နှာထားဆိုးဆိုးပုလိပ်က ကျေနပ်ဟန်မတူ။ မအိမ်ကံကို မည်းနေခဲ့သည်။

"ကျုပ်တို့က တာဝန်အရ ဆောင်ရွက်နေတာ ကလေးမ...စကားကို ကောင်းကောင်း ပြောပါ...သွားတော့...ရပြီ"

"ကျွန်မပြောသဲ့စကားထဲ ဘာများအမှားပါသွားလို့လဲ ပုလိပ်မင်းရဲ့...ဖိုးတုတ် မောင်း...ရွာအဝင် နောက်ကျရော့မယ်...အရေးထဲ အရာပေါ်"

မအိမ်ကံက လှည်းပေါ် တင်ပလွှဲတက်လိုက်ရင်း ဗျစ်တောက်ဗျစ်တောက်လုပ်သည်။ လှည်းတွေကို မောင်းခိုင်းလိုက်တော့ ဖိုးတုတ်က နွားအမြီးကိုဆွဲကာ ကြိမ်တို့လိုက်သည်။ နောက်လှည်းတွေပါ အိခနဲ မောင်းလိုက်လာကြ၏။ ပုလိပ်တွေက ချက်ချင်းမပြန်ကြသေးဘဲ ကုက္ကိုပင်အောက်မှာ ရပ်ကြရင်း မအိမ်ကံတို့လှည်းတွေကို ကြည့်နေကြသည်။ ပုလိပ်တွေနှင့် ဝေးသွားတော့ ဖိုးကူးက လက်ဝါးတစ်ချက် ဖြောင်းခနဲ ရိုက်ချလိုက်ရင်းက ဆိုသည်။

"ကျုပ်ဖြင့် ကြောက်လိုက်သာ ကျောကိုချမ်းနေသာပဲ...မမကံကတော့ ပုလိပ်ကိုတောင် ငေါက်ပစ်သာ...အားရချက်တော့"

"ဟုတ်ပ့ါ ဖိုးကူးရယ်...ငါဖြင့် မရှိသေ့စကား လှည်းပေါ်တင် ဖျန်းဖျန်းပါရော့ အောက်မေ့သာ...မအိမ်ကံက မကြောက်ဘူးတော်...အာဂမိန်းမ"

မအိမ်ကံကို နောက်လှည်းက လှည်းသမားတွေကလည်း လှမ်းချီးကျူးကြသည်။ သူကြီးတပည့်သုံးယောက်ကလည်း မအိမ်ကံကို ဖြုသွားကြပါ၏။ မအိမ်ကံကတော့ ကြောက် စိတ်မရှိဘဲ တစ်ခွန်းမခံ ပြန်အော်နိုင်ခဲ့တာကိုပဲ သူ့ကိုယ်သူလည်း အံ့ဩမိရပါ၏။ အပြစ်က ဘာလဲ။ ဆရာကြီးအိမ် ဝင်လို့လား။ သခင်မြတ်သာနှမမို့လား။ အင်္ဂလိပ်မင်း မကြိုက်လောက်



သည့်ပစ္စည်းတွေ တင်လာသည်ထင်လို့လား။ တောသူတောင်သားတွေဆိုတော့ နည်းနည်းပါးပါး ခြောက်လှန့်တာလည်း ဖြစ်နိုင်သည်။ သူ့ကိုတောင် သည်လောက်ဖြစ်နေလျှင် အစ်ကို မောင်မြတ်သာတို့၊ ကိုပြေသိမ်းတို့၊ ဆရာကြည်တို့လိုလူတွေကို ဘယ်လောက်တောင် လိုက်နေ ကြမည်မသိ။

တိုင်းရေးပြည်ရေးကို ခရေစေ့တွင်းကျ နားလည်လှသည်တော့မဟုတ်ပါ။ သို့သော် ပုလိပ်တွေက မြန်မာတွေ ဖြစ်နေကြပြီး ကိုယ့်လူမျိုးအချင်းချင်း ဒုက္ခပေးချင်နေကြတာကိုတော့ စိတ်မချမ်းသာ။ သည်ကိစ္စ အဖေများသိလျှင် ဘာပြောမည်မသိ။ အမေပန်းရုံကတော့ မိန်းမသားပီပီ အစိုးရိမ်ကြီးရှာလိမ့်မည်။ မြင်းခြံကိုမှ လွှတ်ပါတော့မလား။ ရက်ကန်းရုံကလေး ထူထောင်ပြီးကာမှ ရပ်ပစ်ရတာမျိုးတော့ အဖြစ်မခံနိုင်။ ရက်ကန်းထည်ကလေးတွေ ရက်နိုင် သမျှ ပေါ်လာသည့်ငွေကို မအိမ်ကံ အစ်ကို့အလုပ်အတွက် အားလုံးလှူဖို့ ရည်စူးပြီးသား ဖြစ်သည်။

ညနေ နေလုံးကြီး ရွာတန်းတွေပေါ် မေးတင်သွားပြီဖြစ်သော်လည်း သဲပူ၊ ဖုန်ပူကို ရှန်းရသဖြင့် နွားတွေ ပန်းလှသည်။ ခရီးမတွင်ဘဲ ရှိနေသည်။ သည်တော့ နွားတွေကို မှန်မှန်ပဲမောင်းဖို့ ဖိုးတုတ်ကို ပြောလိုက်သည်။ ဖိုးကူးကတော့ ကြောက်စိတ်ကလေး ခုနေလို့ထင်ပါရဲ့၊ ရာကျော်ဇရပ်မှာ မနားတော့ဘဲ ရွာဝင်တောက်လျှောက် မောင်းစေချင်နေ သည်။ မအိမ်ကံက လူရော နွားပါ ခဏတအောင့်နားဖို့ ဆုံးဖြတ်ထားပါသည်။ နွားတွေ အစာကျွေး ရေတိုက်လုပ်ရင်း ချွေးသိပ်စေချင်သေးသည်။

"ရာကျော်ဇရပ်မှာတော့ နားမှပေါ့ ငါ့တူရယ်...နွားတွေ ပန်းနေပါ့မယ်... သည်ဘက်ရောက်မှတော့ ကိုယ့်နယ်ထဲရောက်ပြီပဲ ဘာမှကြောက်စရာမလိုပေါင် ဟယ်...ပွဲကတော်ကြီးထည့်ပေးလိုက်သဲ့ ထမင်းတွေစားကြဦးစို့...ဆာသလိုလိုတောင် ရှိပါရဲ့"

နေကလေးစောင်းသည်နှင့် ရာကျော်ဇရပ်ကို လှမ်းမြင်ရပြီ။ မြင်ရသလောက် ဇရပ် တစ်ဝိုက် လှည်းတစ်စီးမှ မရှိပါ။ မအိမ်ကံတို့လှည်းတွေ ဇရပ်ဦးတိုက်ရပ်လိုက်ကြကာ နွားတွေချွတ်ကြသည်။ ရာကျော်ဇရပ်ပေါ်တက်ပြီး ညနေခင်းစာစားဖို့ပြင်ကြ၏။ ပွဲကတော်ကြီးက ခရီးစာဆိုတော့ ငါးရံ့ခြောက်ဖုတ်ကို ဆီရွှဲရွှဲဆမ်းပေးလိုက်သည်။ အချဉ် သနပ်တစ်ချိုင့်နှင့် ငရုတ်သီးငါးပိချက်၊ လက်ဖက်ချိုင့်၊ ငါးကျောက်ဖိကို ထန့်ထန့်ကလေးချက်ကာ ထည့်ပေးလိုက် သေး၏။ ထမင်းအိုးကလည်း အမောက်။ ထမင်းတောင်း လုပ်လိုက်ကတည်းက ဆာလို့ ထင်ပါ၏။ စားလိုက်ကြစမ်းဆိုတာများ။

"တို့မလဲ ပုလိပ်လိုက်လို့ထင်ပါရဲ့ဟယ်...စားကောင်းလိုက်သာ...ပတ်တုတ်လို့ မရဘူး"

မအိမ်ကံစကားကြောင့် အားလုံးက ရယ်ကြသည်။ ဖိုးတုတ်ရော ဖိုးကူးပါ လူပျို ပေါက်သန်သန်ကြီးတွေဆိုတော့ သီးသီးလုံးလောက် ထမင်းလုတ်ကြီးတွေ နင့်နင့်ကြီး စားနိုင်ကြ ပါ၏။ သူကြီးတပည့်တွေကတော့ ညနေထန်းရည်သောက်ဖို့ရှိလို့လား မပြောတတ်ပါ။ စကောစကကြီးပါ မအိမ်ကံရယ် မစားတော့ပါဘူး ဆိုကြ၏။ ဘာပဲဖြစ်ဖြစ် ရာကျော်ဇရပ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်မှတော့ ရွာခြေနီးပြီ။ လှည်းလမ်းလေးခွဆုံဇရပ်ဆိုတော့ ဟိုရွာ သည်ရွာကလှည်းတွေ တစ်ကြောင်းမဟုတ်တစ်ကြောင်း ဆိုက်နေကျ မဟုတ်လား။ ညနေပိုင်းဆိုတော့ ခရီးသွားတွေလည်း ပါးကုန်ကြပြီ။

ထမင်းစားပြီး လှည်းပြန်ကောက်ကြကာ ရွာခရီးဆက်ဖို့ ပြင်ကြရပြီ။ လှည်းတွေ လမ်းပေါ်အတက်မှာတော့ အရှေ့ဆီက မြင်းတစ်စီး အပြင်းစိုင်းလာတာကို မြင်လိုက်ကြရသည်။ မြင်းစီးသူက ဖျင်ကြမ်းအင်္ကျီကို ဝတ်ထားပြီး ပခုက္ကူခေါင်းပတ်စောင်ကို မင်းသပေါင်းပေါင်းကာ အမြိတ်စကလေး ထုတ်ထားပါ၏။ မျက်နှာမှာတော့ ဖုန်ခိုးတွေကို ကာသည့်အနေဖြင့် ပဝါတစ်စဖြင့် မျက်နှာတစ်ခြမ်းအုပ်ထားသည်။ မြင်းစီးလူက လှည်းတွေရှေ့ ကျော်တက်သွားပြီးမှ မြင်းကို ပြန်လှည့်သည်။

လှည်းပေါ်ကလူအားလုံးလိုလို ရင်တွေ ဖိုသွားကြပါ၏။ လာပြန်ပြီကော…။ မအိမ်ကံက လှည်းကတ်ကြမ်းနှင့် လှည်းကတ်အိမ်အခြေမှာ ကပ်ထားသော ဓားရှည်လက်ကိုင်ရိုးကို လက်နှင့်စမ်းထားလိုက်သည်။ ခရီးဝေးသွားကြပြီဆိုလျှင် လှည်းတွေပေါ်မှာ ဓားရှည်တစ်လက်စီတော့ ပါနေကျ။ လမ်းခရီးမှာ လုချင်ယက်ချင်သူတွေကလည်း မရှားဘူးမဟုတ်လား။ မအိမ်ကံက မြင်းစီးသမားတစ်ယောက်တည်း ဟုတ်ရဲ့လား ဆောဘီဝဲယာကို လည်လားကလေးဆန့်ကာ လှမ်းအကဲခတ်လိုက်သည်။ မြင်းသမားက မြင်းကို တဒေါက်ဒေါက်နင်းလာကာ မအိမ်ကံတို့လှည်းအနီးမှာ ရပ်လိုက်သည်။ ခေါင်းပေါင်းကို ဖြေချလိုက်သည်။ ပြီးမှ မျက်နှာပေါ်က ပဝါစကို ရစ်ဖြုတ်လိုက်လေ၏။ မအိမ်ကံပင် အံ့ဩလွန်း၍ ယောင်ယမ်းမိတော့သည်။

"အို…"

■

(၁၇)

မအိမ်ကံ ဘယ်လိုမှ မျှော်လင့်ထားသူမဟုတ်။ မအိမ်ကံမှမဟုတ်ပါ။ လှည်းသုံးစီးစလုံးက လူတွေအားလုံး ထင်မှတ်မထားသူက မြင်းကြီးတစ်စီးနှင့် ရေးကြီးသုတ်ပြာ လိုက်လာတာကို အံ့ဩနေခဲ့ကြသည်။ မအိမ်ကံဆိုလျှင် ပါးစပ်ကို လက်ကလေးဖြင့် ပိတ်လိုက်ကာ 'အို' လို့ပင် အော်မိရသည်အထိ ထိတ်ပျာခဲ့ရသည်။ နောက်လှည်းက လူတွေကတော့ စစ်ပုလိပ်တွေပြန်တော့ တစ်ကိုယ်တော်ဓားပြများလား တွေးကြရာက လှည်းတွေကို တောင့်ထားရင်း သတိကြီးစွာ ထားလိုက်ကြရသည်။ တစ်ယောက်တည်းဆိုတော့ ကြောက်ကြပုံတော့ မပေါ်။

"အံ့ဩသွားသလား မအိမ်ကံရဲ့…ပုလိပ်တွေ အကဲမလှတာနဲ့ မြင်းတစ်စီးငှားပြီး အတွင်းလမ်းက ပန်းလိုက်လာတာ…ကူညီစရာရှိတာ ကူညီရအောင်ပါ"

မအိမ်ကံက ကိုပြေသိမ်းကို ငေးကြည့်နေရှာသည်။ လက်တစ်ဖက်က ဖုန်တွေပေနေသည့် ပဝါစကို ခါလျက်၊ လက်တစ်ဖက်က မြင်းဇက်ကြိုးကို ပူးကိုင်ထားရင်း မအိမ်ကံတို့စီးလာသည့် လှည်းဘေးမှာ မြင်းပေါ်က မဆင်းဘဲ ပြောနေခြင်းဖြစ်ပါသည်။ မြင်းက မငြိမ်တော့ မြင်းလှည့်ရာ လူပါလှည့်နေရသည်။ မျက်နှာချင်းဆိုင်မိလိုက်၊ ဘေးတိုက်ဖြစ်လိုက်။ ခများစိတ်မချလွန်းလို့ လိုက်လာရှာပါပကော။ မအိမ်ကံ ကျေးဇူးတင်မိပါ၏။ ရင်တွေလည်း ရှိန်းရှိန်းထအောင် ခုန်ရပါ၏။ မအိမ်ကံက လှည်းရံတိုင်ကို ကိုင်ထားရင်း စကားဘယ်လိုစရမှန်းမသိအောင် ဖြစ်နေခဲ့သည်။ တော်ပါသေးရဲ့။ ကျေးဦးက စကားဝင်ပြောလို့သာပေါ့။

"ဆရာလေး ကိုပြေသိမ်း မြင်ရမှပဲ အလုံးကျတော့သယ်တော်…လိပ်ပြာဆောင်လွင့်သွားရော့လား အောက်မေ့သာ…မြို့တစ်ခေါက်လိုက်လာရသာ ရင်တွေတုန်ယိုက်ရသာ ဆရာလေးရယ်…"

ကျေးဦးစကားကြောင့် ကိုပြေသိမ်းက ရယ်သည်။ မအိမ်ကံက အလိုက်သင့်ပြုံးပြရင်း ရှက်ဆွံ့နေမိ၏။ စစ်ပုလိပ်တွေကို ငေါက်ငေါက်ငမ်းငမ်း တစ်ခွန်းမခံ ဆိုးဆိုးဆတ်ဆတ် ပြန်ပက်ခဲ့သော မအိမ်ကံ မြင်းတစ်စီးနှင့် ကိုလူချောကျမှ ရင်တွေဖိုနေမိပါလား။

"ကျေးဇူးတင်လိုက်သာ ဆရာလေးရယ်…မအိမ်ကံဖြင့် ထင်ကိုမထင်သာ…အဝေးကြီးလိုက်လာသာ အားများနာပါရဲ့…"

www.burmeseclassic.com

www.burmeseclassic.com

“အားမနာရပါဘူး…ဘယ့်နှယ်လဲ ပုလိပ်တွေ တားသေးသလား…”

“တားပြီကော ဆရာလေးရဲ့…”

“နေဦး နေဦး…ဆရာလေး မခေါ်ပါနဲ့ မအိမ်ကံ…ကိုပြေသိမ်းပဲ ခေါ်ပါ…ရင်းရင်းနှီးနှီးပေါ့…ဒါထက် ပြောပါဦး…စောစောကစကား…”

မအိမ်ကံက အသေးစိတ် ပြောပြလိုက်သည်။ မအိမ်ကံက ပုလိပ်တွေကို ပြန်အော်ခဲ့တာလည်း ပါ၏။ ကိုပြေသိမ်းတို့ သတိဝီရိယနှင့် နေကြဖို့လည်း ပါ၏။ သည်လိုလိုက်လာပြီး စောင့်ရှောက်တာကို ကျေးဇူးတင်သော်လည်း မြင်းခြံအပြန်ခရီး မိုးချုပ်မှာစိုး၍ ပြန်စေချင်ကြောင်းလည်း ပါ၏။

“ဆရာလေးရယ်…အဲ…ကိုပြေသိမ်းရယ်…မိုးကြီးတောင် စုတ်စုတ်ချုပ်လှပြီကောရှင်…ပြန်ပါရောနော…ရွာဘက်ခရီး လှမ်းပေမယ့် စိတ်ချရပါပြီ…နောက်နှစ်တိုင်လောက် လိုတော့သာပါ…ပုလိပ်ရန်ကလည်း လွတ်ပေါ့ဟာ”

ကိုပြေသိမ်းက မြင်းပေါ်က မဆင်းဘဲ ရွာဘက်ကို လှမ်းမျှော်ကြည့်သည်။ ဖုန်နှင့်ရောထွေးနေသော ရွာအုပ်အုပ်ကလေးတွေကိုသာ မြင်ရ၏။ ဆိတ်အုပ် သိုးအုပ်တွေ ရွာပြန်ဝင်ကြပြီ ဆိုသော်လည်း ဖုန်ခိုးတွေက လမ်းတစ်လျှောက်လုံး မှုန်မှိုင်းနေသည်။ မြို့သား ဖြူချောချောကို ဖုန်ခိုးတွေ ရွှန်မှာစိုးတော့ မအိမ်ကံက ပြန်ဖို့ချည်း တိုက်တွန်းနေတော့သည်။

“ပြန်ပါရော့ ကိုပြေသိမ်းရယ်…ဖုန်တွေနဲ့မို့ပါ…ကိုပြေသိမ်းတို့မြို့သားတွေနဲ့ မဖြစ်ပါဘူးရှင်”

မအိမ်ကံက ရိုးရိုးပြောလိုက်သော်လည်း ကိုပြေသိမ်းက ရယ်သည်။

“ဘယ့်နှယ် ပြန်ဖို့ချည်းပြောနေတာတုံး မအိမ်ကံရဲ့…ပို့မယ့်ပို့ ကျောင်းရောက်အောင်ပို့ ဆိုတာလို ရွာခြေအထိတော့ လိုက်ခဲ့စမ်းပါရစေဗျာ…နောက်လာတော့လည်း လမ်းမမှားအောင်ပေါ့”

“လမ်းမမှားပါဘူးရှင်…သည်တစ်လမ်းရှိသာပါ…ဇောင်ချမ်းကုန်းက လှည်းဦးတိုက်ပါရှင်”

“မဟုတ်ဘူး…နောက်ပိုင်း ကျွန်တော်က လှေနဲ့လာရမှာဗျ…”

“အလို! လှေနဲ့…ဘယ်လိုလုပ် လာလို့ရမှာတုံး”

ကျေးဥတို့တစ်တွေကပါ ကိုပြေသိမ်းကို တအံ့တသြ လှမ်းကြည့်ကြသည်။ မြစ်မနီးချောင်းမနီး ဇောင်ချမ်းကုန်းရွာကလေးကို လှေနဲ့လာမယ် ဆိုပါရော့လား…မအိမ်ကံလည်း ဇဝေဇဝါ။ မျက်လုံးကလေး ဝိုင်းလည်သွားသည်အထိ အံ့သြသွားပုံရသော မအိမ်ကံ၏ ချစ်စရာမျက်နှာကလေးကို ငေးကြည့်ရင်း ကိုပြေသိမ်းက ပြုံးသည်။

“သည်လိုပါ…ဇောင်ချမ်းကုန်းကို လာပါများတော့ ချောင်းပေါက်တော့မှာလေ မအိမ်ကံရဲ့…ချောင်းပေါက်တော့ လှေနဲ့လာရမှာပေါ့…”

ဇောင်ချမ်းကုန်းကို လှေဝင် ချောင်းပေါက်အောင် လာမလို့တဲ့လား ကိုမြို့သားရယ်…။ စကားတွေ တတ်လှချည့်လား။ မအိမ်ကံတို့ကတော့ အရိုးခံပါတော်…။ စကားဆန်းတွေ နားမလည်ရိုး အမှန်ပါ။ ဒါပေမဲ့ ကိုပြေသိမ်းရယ်…ရှင်ပြောတာ ကျွန်မသိပ့်။ မအိမ်ကံမျက်နှာ



ကလေး မှည့်သွားရာက ခေါင်းကလေးငုံ့လိုက်သော်လည်း စိတ်ထဲကတော့ စကားတွေ ပြောနေမိပါ၏။

“ကိုင်းပါလေ…ရွာခြေအထိ ကျွန်တော်လိုက်ပါ့မယ်…မအိမ်ကံတို့ လိုက်လာခဲ့ကြပါ…ခေတ်အခါက မကောင်းလို့ပါ…ယောကျ်ားသားများ ပါပေမယ့် ကျွန်တော်လည်း အခါသင့် စောင့်ရှောက်လိုက်စမ်းပါရစေ…”

ကိုပြေသိမ်းက စကားမစောင့်တော့ဘဲ မြင်းကို လမ်းဘက်လှည့်လိုက်သည်။ ပြီးတော့ မပြောမဆို ထွက်သွားလေသည်။ သည်တော့မှ မအိမ်ကံတို့လှည်းတွေ ကျည်ခနဲ လိုက်ထွက်လာခဲ့ရပါ၏။ အနောက်ဘက် အဝေးရွာတွေအထိ လှမ်းမြင်ရသော မြင်ကွင်းထဲမှာ နေလုံးတော့ ရှိပါသေးသည်။ ကျီးအာသီးမှည့်တစ်လုံးလို ရဲရဲတောက်နေသည့် နေလုံးက မအိမ်ကံ မျက်နှာကလေးကို အရောင်တွေ ဆမ်းပေးထားသလို ဖြစ်နေလို့လားတော့မသိပါ၊ မျက်နှာကလေးက ခါတိုင်းထက်ပိုပြီး ရဲနေလေတော့ စွန်လည်ပျံ မျက်နှာချေ လိမ်းထားတာနှင့်ပင် တူသည်။ ရှက်သွေးတွေ ဖျန်းနေတာလည်း ဖြစ်နိုင်ပါ၏။

တကယ်တော့ မနေ့ကမှ တွေ့၊ သည်ကနေ့မှ ကောင်းကောင်းစကားပြောခဲ့ရသော မြို့သားတစ်ယောက်က ရွာခြေအထိ လိုက်ပို့ရလောက်အောင် ဘာသဘောများပါလိမ့်လို့လည်း တွေးရပါ၏။ ကျေးဥတို့က ဘယ်လိုများ ထင်ကြလေမလဲ။ ပြီးတော့ အဖေ့လူတွေ ပါသေးသည်။ အဖေ့ဆီ စကားတွေရောက်ဖို့လည်း သေချာသည်။ နောက်တော့လည်း ကိုယ့်စိတ်ကိုယ် ဖြေရပါ၏။ အစ်ကိုမောင်မြတ်သာ၏ မိတ်ဆွေဆိုတော့ အစ်ကိုမရှိသခိုက် မိတ်ဆွေကောင်းပီပီ စောင့်ရှောက်လိုသည့်သဘောလည်း ဖြစ်နိုင်တာပဲမဟုတ်လား။

မအိမ်ကံတို့ရွာအရှေ့ရှိ ပါးပျဉ်းကြီးတွေ ခွက်ခွက်ထနေသော ရွာဝင် လက်ပံပင်ကြီးနားရောက်တော့ ကိုပြေသိမ်းက သစ်ပင်အောက်မှာ ရပ်နေသည်။ မြင်းကိုတော့ ခပ်ဝေးဝေးမှာ လှန့်ထား၏။ မအိမ်ကံတို့လှည်းတွေ ရောက်လာတော့ ခဏတောင့်ပေးလိုက်ကြရသည်။ မအိမ်ကံက ညှော်သည်ကို လေးစားသည့်အနေဖြင့် လှည်းပေါ်က ဆင်းလိုက်သည်။ ဖိနပ်ပင် မစီးတော့ဘဲ ကိုပြေသိမ်း ရပ်နေသည့် သစ်ပင်အောက်ကို သွားလိုက်သည်။ ဆံပင်ကလေးတွေ ခွေကျနေသော နဖူးရှင်းရှင်းမှာ ဖုန်တွေ ပေကျံနေတာ တွေ့ရတော့ အားနာစိတ်ကလေး ဝင်ရပါ၏။ ကိုပြေသိမ်းကတော့ ပြုံးလျက်။

“ကိုင်း မအိမ်ကံ…ကျွန်တော် သွားတော့မယ်…ရွာမဝင်တော့ပါဘူးဗျာ…သခင်မြတ်သာ သည်ကြားထဲ ရောက်လာတော့လည်း ပြောပြလိုက်ပါ့မယ်”

“ကျေးဇူးကြီးပါလေ့ ဆရာလေး…အဲ…ကိုပြေသိမ်းရယ်…အဖေတို့ အမေတို့ကို လည်း ပြောပြလိုက်ပါ့မယ်…သွားရော့နော…”

“ကျွန်တော်က လူတွေလိုက်ပို့တာ မဟုတ်ပါဘူးဗျာ…သနပ်ခါးတောင်းကလေး လိုက်ပို့တာပါ…တော်နေ မသူတော့လက် ပါမှာစိုးလို့ပါ…”

“မပါစေရပါဘူးရှင်…လိမ်းတိုင်း မေတ္တာပို့သယ်မှတ်ပါ”

ကိုပြေသိမ်းက လှန်ထားသောမြင်းကို သွားဆွဲလာကာ လှစ်ခနဲ တက်လိုက်သည်။ မအိမ်ကံက လှည်းပေါ် မတက်သေးဘဲ မြင်းကြီးစီးလျက် ထွက်သွားသော ကိုပြေသိမ်းကိုသာ လိုက်ကြည့်နေခဲ့သည်။ ကိုပြေသိမ်းက တစ်ချက်လှည့်မကြည့်ဘဲ အလင်းရောင်နည်းနေပြီဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ရွာလမ်းကြမ်းအတိုင်း ဒုန်းစိုင်းထွက်သွားတော့သည်။ ခမျာ ဘယ်အချိန်ကျမှ မြင်းခြံကို ရောက်ရှာပါ့မလဲနော်။ မအိမ်ကံ စိတ်တွေပူလိုက်ရသာတော်...။

"တောက်...ချောလိုက်သဲ့လူ့နှယ်...တို့ငယ်ငယ်က ဘုန်းကြီးပျံပွဲ လာက,သဲ့ မင်းသား တက်ခေတ်တင်...ဘာ သည်လောက်ချောလိမ့်မတုံး..."

နောက်လှည်းဆီက အသံကို ကြားမိတော့ မအိမ်ကံပြုံးရသည်။ မအိမ်ကံ လှည်းပေါ် ရောက်တော့ နေလုံးလည်း ဝင်ခဲ့လေပြီ။ တက်ခေတ်တင်ထက် ချောလှသူရယ်...။

■

"ဝိမုတ္တိတရား အလုပ်များကြသဖြင့်၊ အမှားပြုတတ်၍ အမှန်ကို မြင်၊ သဏ္ဌာန်အသွင် ဆိုတာ ရာဇဂြိုဟ်မြို့အလားကဲ့သို့၊ စာအဆို ရွာနဂိုလှပေသော၊ စေတနာ့ စေတနာ သဒ္ဓါဖြိုးဝေလျက်၊ ရွာရိုးအခြေ ယာမြေကောင်းတို့နှင့် စေတီအပေါင်း ပတ်လည်၍ လျက်၊ နတ်ပြည်ဟန်တမျှကဲ့သို့၊ အဆောင်ဆောင် အခန်းမဆုံးပေသော၊ ဇောင်ချမ်း ကုန်းမင်္ဂလာ ဂါမဋ္ဌ၊ ထာဝရပုည ကုသလဓမ္မာဖြင့်၊ ယခုဘဝအခါ အတုသလဘဂဝါ စိတ်တူမှန်းပြီး၊ နိဗ္ဗူလမ်း အတူတကွ မြန်းရအောင်၊ အလှူစခန်း ဖွင့်တော်မူကြ သော...အလှူ့ဒါယကာ ဦးသောင်းကြည်၊ အလှူ့ဒါယိကာမ ဒေါ်ထီတို့က..."

ဦးတန်ခူးလမို့ လေရူးကလေးတွေ တောင်က မြောက်က ဝှေ့နေကြသည်။ သည်နှစ် အလှူတွေ လှူနိုင်ဖို့ အားခဲထားကြသော်လည်း စီးပွားရေး မကောင်းကြသဖြင့် ဘာသံမှ မကြားရ။ ဦးသောင်းကြည်တို့ ဒေါ်ထီတို့ လှူကြမည်ဆိုသည့်စကားလည်း ကြားခဲ့ရတာမရှိ။ အခု ကောက်ကာငင်ကာ ဖိတ်စာရောက်လာတော့ မအိမ်ကံ အံ့သြရသည်။ မအိမ်ကံ သိ သလောက် ဦးသောင်းကြည်နှင့် ဒေါ်ထီတို့က ရွာ့တောင်ဖျားမှာ နေကြသူတွေဖြစ်၏။ ဦးသောင်းကြည်က လှည်းတိုက် လိုက်ရရှာသူဖြစ်၏။ တချို့ လှည်းမအား လူမအားရှိလျှင် ဦးသောင်းကြည်ကို ငှားရသည်။ ထန်းလက်တိုက်၊ ပဲမှော်တိုက်၊ ပဲလုံးတိုက် စသည်ဖြင့် ဘောက်အငှားလိုက်သူဖြစ်သည်။ သို့သော် သားကြီးကို ရှင်ပြုဖို့တော့ တမြန်နှစ်ဆီကတည်းက အားခဲထားခဲ့ကြပါ၏။ သားလူပျိုက ရှင်မပြုရသေးသော်လည်း ရည်းစားသနာ သတင်းသဲ့သဲ့ ကြားနေရပြီ။ တစ်နှစ် သောင်သာနိုး စောင့်ခဲ့ရတာနှင့်ပင် မောင်ရင်လောင်းက အသက်ဆယ့်ငါး နှစ် ကျော်ခဲ့ပြီဆိုတော့ မဖြစ်မနေ လှူရတော့သည်။ အလှူတစ်လှူစာဖြစ်အောင် လှူဖို့ဆိုတာ မလွယ်။ အားခဲထားကြသည့်ကြားက မဖြစ်မည်စိုး၍ ရွာကို အသံမပစ်ဘဲ ငြိမ်နေခဲ့ကြသည်။

မအိမ်ကံက အလှူဖိတ်စာကို တအံ့တသြ ကောက်ဖတ်နေမိသည်။ ပြီးတော့ ကျေးဉကို လိုက်ရှာသည်။

"ကျေးဉ"

ကျေးဉက မနက် ပဲဆွမ်းလောင်းရန် ပဲကြီးစေ့တွေညှစ်ရင်း ခေါင်းကြီးငုံ့ထားသည်။ မအိမ်ကံကတော့ ရွာမှာ အလှူရှိလာတာကိုပဲ ဝမ်းသာသည်။ အလှူရှိတော့ ကွမ်းတောင်ကိုင် လိုပြီ။ ဘဝအဆက်ဆက် ဆုတောင်းခဲ့ရသည်ဟုပင် ပြောရလောက်အောင် ဖက်စိမ်းကွမ်းတောင် ကိုင်ချင်လှသူဆိုတော့ ကနေ့လား၊ မနက်ဖြန်လား ကွမ်းတောင်အမည်စာရင်း ထွက်ရတော့မည်။



မအိမ်ကံစိတ်ထဲ မသိုးမသန့်ဖြစ်နေတာတော့ရှိသည်။ အလှူဖိတ်စာပင် အိမ်ရောက်လာပြီဆိုတော့ အလှူရက် မဝေးတော့ပြီ။ ဒါနဲ့တောင် ကွမ်းတောင်ကိုင် မည်သူမည်ဝါ စာရင်းမချတာကတော့ လွန်လွန်းလှသည်ထင်၏။

"ကျေးဉရယ်...အလှူဖိတ်စာတောင် ကမ်းပြီပဲဟာ...ကွမ်းတောင်ကိုင် ဘယ်သူ ဘယ်ဝါ မသိရသေးဘူးသဲ့လား...သည်အချိန်မှ မရွေး ဘယ်အချိန်ရွေးလိမ့်မတုံး... နေပါဦး...ညည်း ဘာကြားထားသလဲ"

မအိမ်ကံက ကွမ်းတောင်ကိုင် ငါပဲမဟုတ်လားလို့ မမေးချင်တော့ ဝေ့ပြီး မေးသည်။ ကျေးဉကတော့ ခေါင်းကိုမဖော်ဘဲ ပဲစေ့တွေသာ တပြွတ်ပြွတ် ညှစ်နေခဲ့သည်။

ကျေးဉ ဘယ်လိုပြောရမှာလဲ မအိမ်ကံရယ်။ မအိမ်ကံတွေးတာ အမှန်ပါပဲ။ ကွမ်းတောင်ကိုင်ဆိုတာ သည်အချိန်မှာ ဘယ်သူဘယ်ဝါဆိုတာ ရှိနှင့် သိနှင့်ရမှာပေါ့။ ရှိလည်းရှိ သိလည်းသိနေကြပါပြီလေ။

အလှူက ကတိုက်ကရိုက်အလှူဆိုပေသိ အလှူတစ်လှူဖြစ်ဖို့ လုပ်သင့်လုပ်ထိုက်တာ တွေ လုပ်ကြရသည်။ ရွာဘုန်းကြီးကို လျှောက်ထားရသည်။ ဆွေဆွေမျိုးမျိုးတွေနှင့် ညှိနှိုင်း ရသည်။ ရွာကို တိုင်ပင်ကြရသည်။ အကြမ်းအလုပ်၊ အနုအလုပ် ခွဲဝေပိုင်းခြားကြရသည်။ သင်္ကန်းပရိက္ခရာ ရှင်လောင်းဝတ် ရှင်လောင်းစား မြို့တက်ဝယ်ကြ ခြမ်းကြ ငှားကြ ရမ်းကြရ သည်။ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်း ဖိတ်ကြားကြရသည်။ ပရိတ်အိုးရွက်၊ ကန်တော့ပွဲရွက်ကအစ ပရိက္ခရာကိုင်၊ ရွှေကွမ်းတောင်၊ ငွေကွမ်းတောင်ကိုင်တွေ ဖိတ်နှင့်ရသည်။ ရွာကာလသားတွေကို ထင်းခွဲ၊ ရေခပ်၊ ထမင်းတောင်းထမ်း ဟင်းတောင်းထမ်း အလုပ်ခွဲဝေရသည်။ ရွာနီးရွာဝေး ဖိတ်ရကြားရသည်။ ချက်ရေးပြုတ်ရေး အိုးသူကြီးတွေကလည်း ကျင်းတူး၊ ရုံကာ ချက်ဖို့ပြုတ်ဖို့ စီမံကြရသည်။ ဒါတောင် ကျေးဉကိုယ်တိုင် မသိတာတွေ ရှိသေးသည်။ ခုတော့ မအိမ်ကံက ညည်း ဘာကြားထားသလဲ မေးနေပါပကော။

မအိမ်ကံရယ် ငါ ဘယ်လိုဖြေရပါ့မလဲဟယ်။ ကျေးဉမှာ မျက်ရည်တွေ ပိုးပိုးပေါက် ပေါက် ကျမလာအောင်သာ ကြိုးစားနေရပါ၏။ ပဲကြီးစေ့ စိုစိုတွေကိုသာ ငုံ့ကြည့်နေမိခဲ့၏။ မအိမ်ကံကို ဘယ်လိုဖြေရပါ့မလဲ။ ကျေးဉ စကားလုံးတွေ ရွေးချယ်နေမိပါ၏။

"ကျေးဉ"

မအိမ်ကံက စိတ်မရှည်သလို ခေါ်လိုက်တော့ ကျေးဉပင် တုန်သွားခဲ့သည်။

"မအိမ်ကံရယ်...အလှူက ကြိုဖိတ်သာပါအေ...ဆယ့်လေးငါးရက်တော့ လိုပါသေး သယ်...ရွာက သည်နှစ် အလှူမဖြစ်ဘူး ပစ်ထားရာက မဖြစ်မနေ ထလုပ်ရသဲ့အလှူ ပါ...ဒါကြောင့် ရွာသံမကြားရသာပေါ့...ဖြန်းခနဲ ထလုပ်လိုက်သာကိုး မအိမ်ကံ ရဲ့..."

မအိမ်ကံက ဖိတ်စာကို ကောက်ကြည့်လိုက်သည်။ ရက်အရဆိုလျှင်တော့ ဆယ့်တစ် ရက်လောက်တော့ လိုသေးသည်။ ဒါကလည်း ရွာသဘာဝပင်။ အဝေးက ဆွေမျိုးမိတ်သင်္ဂဟတွေ ဆီကို ဖိတ်စာတွေ ရောက်ပါမှ။ မရောက်လို့ကတော့ ဆွေခန်းမျိုးခန်း ပြတ်ကြသည်အထိ စိတ်နာတတ်ကြတာမဟုတ်လား။ ဆင်းရဲချမ်းသာမရွေး ဖိတ်စာ လက်ရောက်ကမ်းရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖိတ်စာလောက်အောင် မတတ်နိုင်ကြသည့် အလှူတွေကတော့ ရွာလုံးကြား 'ဗျိုး'ဟစ်ရသည်။ လက်ဖက်ထုပ်ကမ်း ဖိတ်ကြတာမျိုးလည်း ရှိပါ၏။ ညောင်ရွက်သန့်သန့်တွင် လက်သန်း တစ်ဆစ်လောက် လက်ဖက်သားထည့်ပြီး သုံးမြှောင့်ချိုး၊ တည်းစပ်ချောင်းဖြင့် ထိုးကာ အထုပ် ကလေးတွေ ရာချီထုပ်ကြရသည်။ ရပ်မိရပ်ဖ သက်ကြီးဝါကြီးတွေကိုတော့ ရှေးမြန်မာဘုရင်များ လက်ထက်ကလို လက်ဖက်ချောင်းကမ်းသည်ပင် ရှိပါ၏။ လက်ဖက်ညွန့် လက်ဖက်ဖူးတွေချည်း ရွေးချယ်ကာ ရှည်လုံးလုံးဝါးခြင်းရက်၊ အတွင်းက ငှက်ပျောရွက်ခံပြီး လက်ဖက်များများထည့်ထား သည့် ခြင်းတောင်းကလေး ဖြစ်သည်။ အလှူရက် ရှင်လောင်းလှည့်အပြန် လက်ဖက်နှင့်ချင်း ရောနယ်ထားသော ချင်းလက်ဖက်ကို ကန်တော့ပွဲပြင် ကြွေရည်သုတ်ဇလုံကြီးထဲ အမောက် ထည့်ကာ မဏ္ဍပ်တွင်း ဝင်လာသူတို့ကို တစ်နှိုက်စာစီ ဆီးကမ်းကြတာမျိုးလည်း မအိမ်ကံတို့ ရွာမှာ ရှိကြပါသည်။

"ဆယ့်တစ်ရက်လို လိုပါဦးတော့ ကျေးဥရယ်...သည်ရက်တွေထဲတော့ အပျိုခေါင်း မမခင်တုတ် လာရမှာပေါ့...ဖိတ်ဟယ် ကြားဟယ် သတင်းရယ် စကားရယ် ပြောရ မှာပေါ့...ငါဖြင့် မတွေ့ပေါင်"

မအိမ်ကံပြောလည်း ပြောစရာပင်။ သူကြီးအိမ်ဆိုတော့ အကြောင်းကိစ္စရှိတာကလွဲလျှင် ကူသယ်ခေါက်သယ် စွတ်ခနဲဝင် စွတ်ခနဲထွက်ကြတာမျိုး မရှိတော့ တချို့သောသတင်းတွေက သူကြီးဝိုင်းတိုက်ထဲ မရောက်နိုင်။ ရောက်နိုင်တာကျတော့လည်း သူကြီးကတော်နှင့် ပြီးရတာ များသည်။ ကျေးဥအထင်တော့ သည်သတင်းတွေ ငြိမ်ချက်သားကောင်းနေတာ အကြောင်းရှိလိမ့် မည်။ အလှူရက်မရောက်မချင်း မအိမ်ကံကို အလှူကိစ္စ မပြောရ ဆိုသည့်စကား ရှိလောက် သည်။ ဒါကို မအိမ်ကံကလည်း ရိပ်မိပုံရသည်။ တကယ်ဆိုလျှင် ကွမ်းတောင်ကိုင်ကိစ္စ အသာ ထား အလှူရှိတာကိုက အုတ်အော်သောင်းတင်း ဖြစ်ရမည့်ကိစ္စမဟုတ်လား။ အခုဟာက ဖိတ်စာကြီး ဒုတ်ဒုတ်ထိရောက်ကာမှ မအိမ်ကံ သိရတာမျိုး ဖြစ်နေခဲ့သည်။ မမခင်တုတ်ကိုလည်း ကြီးပန်းရုံတို့ ပိတ်ထားတာပဲ ဖြစ်ရမည်။ သည်ရက်တွေထဲမှာလည်း ချည်ခင်တွေ ဆေးဆိုး အလုပ်လုပ်နေရသောကြောင့် ရက်ကန်းစင်မှာ အပျိုတွေ မဝင်နိုင်ကြသေး။ ထိုစဉ်မှာပင် ဒွေးလှအုံက လှမ်းအော်သည်။

"ကျေးဥရေ...ပဲစေ့ညှစ်သာ မပြီးသေးဘူးလားဟေ့...လင်များ ရနေသလားတော်"

"ပြီးပြီ ဒွေးလှအုံရေ...လာပြီ"

ကျေးဥက စိတ်သက်သာရာ ရသွားသလို ပဲစေ့အင်တုံကို ကောက်မကာ ထပြေး လေ၏။ မအိမ်ကံက လိုက်မသွားဘဲ ဖိတ်စာကလေးကို ကောက်ကိုင်ကြည့်မိပြန်၏။ ဖိတ်စာ အောက်နားမှာ နေသူရှိန်စာပုံနှိပ်စက်၊ မြင်းခြံမြို့လို့ ရိုက်ထားတာတွေ့တော့ မြင်းခြံကို စိတ်ရောက်သွားခဲ့သည်။ မြင်းခြံကို စိတ်ရောက်တော့လည်း အစ်ကိုဖြစ်သူ ပါရတာပဲပေါ့။ ကျောင်းဆရာ ကိုပြေသိမ်း ပါရတာပဲပေါ့။ မြင်းကြီးစီးလိုက်လာသည့် ကိုလူချော ကျောင်းဆရာ ကို စဉ်းစားမိတော့ ရင်ကလေး နွေးရပါ၏။ ကျွန်တော့်သနပ်ခါးတောင်းကလေး မသူတော် လက်ထဲ ရောက်မှာစိုးလို့ပါလို့ ပြောခဲ့သည့်စကားက ဘာစကားပါလိမ့်။ တွေ့တွေ့ချင်း ဆောက်နဲ့တော့ မထွင်းလောက်ပါဘူးလေလို့သာ ခပ်ပေါ့ပေါ့တွေးရသည်။ ပြီးခဲ့သည့်ရက်တွေ



တဲ့တုန်းက ဖိုးကူးပြောခဲ့သည့်စကားကိုလည်း မအိမ်ကံ သတိရမိပါ၏။ ဖိုးတုတ်နှင့် ဖိုးကူးတို့ ညီအစ်ကို အိမ်ကနွားတွေ နွားစာကျွေးနေတုန်း မအိမ်ကံ အနားရောက်သွားခဲ့သည်။

"မမကံရာ...မြင်းခြံက ပြန်လာတုန်းက မြင်းကြီးစီးလိုက်လာသဲ့ ကျောင်းဆရာ ချောလိုက်သာဗျာ...မြင်းစီးသာများ ဟန်ပါချက်တော့ ရက်စက်သယ်...ကျုပ်ကြီးရင် ဘကြီးထန်မြင်းကြီး စိန်ပွင့် ယူစီးမှာပဲ"

ဖိုးကူးစကားကို ဖိုးတုတ်က လက်မခံပါ။ ညီဖြစ်သူကို ထငေါက်တော့သည်။

"မင်းကြီးတော့ ဘကြီးထန်ရော စိန်ပွင့်ရော သေလောက်ရောပေါ့ကွ"

မအိမ်ကံမှာ ဖိုးတုတ်စကားကြောင့် ရယ်ရခက် ငိုရခက်။ ဟုတ်တာတော့ ဟုတ်လောက် တယ် ထားပါဦး။ အဖေ့ကို သေစကားမပြောစေချင်။ ဖိုးတုတ်က ရိုးရိုးပြောလိုက်သော်လည်း မှာန်ရသေးသည်။

"အလိုတော်...တော်တို့မြင်းစီးဖို့ ကျုပ်အဖေဂိုဏ်းမလွှတ် မပြောပါနဲ့...မဦးမချွတ်... ဖွဟဲ့...ဖိုးကူး မြင်းစီးချင်ရင် မမကံ တစ်ကောင်ဝယ်ပေးပါ့မယ်...မင်းသာ မြင်းစီး သင်ထား"

"ကျုပ်က ကျောင်းဆရာကိုပဲ သင်ခိုင်းမှာ...အတော်မြင်းစီးကျွမ်းသဲ့လူ"

ဘာပဲဖြစ်ဖြစ် မအိမ်ကံတို့အိမ်မှာ ကျောင်းဆရာ ကိုပြေသိမ်းအကြောင်း ပြောကြရ ပြီကော။ မအိမ်ကံ မြင်းခြံကအပြန် ပုလိပ်အစစ်ခံရပုံ၊ ကိုပြေသိမ်း လိုက်ပို့ပုံတွေ အမေပန်းရုံကို ပြောပြခဲ့ပါ၏။ အမေပန်းရုံကတော့ ရင်ကလေးမ,ကာ စိုးရိမ်ရှာသော်လည်း တခြား ဘာမှတော့ မပြောပါ။ မလှအုံကတော့ ခပ်တိုင်းငံ ဝသီအတိုင်း ပါဖြစ်အောင် ပါလိုက်ပါသေးသည်။

"ဖိုးတုတ်တို့က ပြောပါ့တော်...မအိမ်ကံက ပုလိပ်တွေကို ငေါက်သာများ မာချက် ဆိုပဲ...ငေါက်သာငေါက်...ငါ့မောင် မောင်မြတ်သာ လိုက်ဖမ်းနေသဲ့ကောင်တွေ... အင်္ဂလိပ်က တော်တော် ..တို့ပုလိပ်တွေက ကဲကြသာများ...ကိုယ့်လူမျိုးချင်း မညှာသဲ့ ဟာတွေ...ငါမပါလို့ပေါ့အေ..."

"မလှအုံပါရင် ဘာလုပ်မှာတုံး"

မအိမ်ကံက မေးတော့ မလှအုံက ဟီးခနဲ တစ်ချက်ရယ်သည်။

"ကိုပုလိပ်တို့ နေကောင်းကြလား မေးမှာပေါ့အေ"

မလှအုံစကားကြောင့် အမေပန်းရုံရော မအိမ်ကံတို့ပါ ရယ်ကြရသည်။ အမေပန်းရုံက အထည်တွေကို ပွဲကတော်ကြီးက သိမ်းယူလိုက်လို့ ဝမ်းသာနေရှာသည်။ ရွာကလည်း မအိမ်ကံ ရက်ကန်းရုံကလေး ထူထောင်တာကို ဝမ်းသာနေကြ၏။ ရွာက မိန်းကလေးတွေ အလုပ်ကိုယ်စီ ရကြတော့ လုပ်အားအပေါ် မူတည်ပြီး လုပ်ခရကြသည်။ တောရွာဆိုတော့ ပိုက်ဆံမြင်ရဖို့ ခက်သား။ အခုတော့ မအိမ်ကံကြောင့် ပိုက်ဆံမြင်ရပြီ။ စားရေးသောက်ရေး ကျပ်သည်ဆိုသော် လည်း အရင်ကလောက် မခဲယဉ်းတော့။ မနက်ထမင်း ညထမင်း ဆက်နိုင်ကြတာကိုပဲ ဝမ်းသာကြရှာသူတွေ ဖြစ်သည်။

ထိုနေ့က မလှအုံ လှမ်းခေါ်ရာက ပျောက်သွားခဲ့သော ကျေးဥ ပေါ်မလာတော့ မအိမ်ကံပင် မေးယူရသည်။ အမေပန်းရုံက သည်တော့မှ ကျေးဥပေါ်မလာသည့်အကြောင်းကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဥအမေ မကြာညွန့် ခေါင်းမူးပြီး လဲလို့ လာခေါ်သွားကြသယ် သမီးရဲ့... သက်သာရင် ပြန်လာမှာပါ...မသက်သာတော့လည်း တစ်ညလောက် သူ့အိမ်မှာ အိပ်ပါရစေ ပြောသွားသယ်...အကယ်တန္တု ပြန်မလာခဲ့ရင် လှအုံကို ခေါ်အိပ်လေ သမီးရဲ့"

"မအိမ်ကံ အိပ်ရဲပါသယ်...နေပါစေ...အပြင်ခန်းမှာ ဖိုးကူးတို့လည်း ရှိသာပဲ.. မအိမ်ကံ အရီးကြာညွန့်ဆီ လိုက်သွားဦးမှ ကောင်းမှာပါ...သမီး သွားဦးမယ်နော် အမေ"

ဒေါ်ပန်းရုံခမျာ ထိတ်ခနဲဖြစ်သွားရာက စကားဖာသည်။ တကယ်တော့ ကျေးဥကို မအိမ်ကံအပါးက ခဏကလေး ခွာခိုင်းထားခြင်းမဟုတ်လား။ မအိမ်ကံ မေးနေသမျှ ကျေးဥက ကြောက်ကြောက်ရွံ့ရွံ့ ဖြေနေမှာစိုးတာလည်း ပါပါ၏။ မအိမ်ကံက ကွမ်းတောင်ကိုင် ဘယ်သူ ဖြစ်မယ်ကြားသလဲ မေးနေကြောင်း ကျေးဥက ဒေါ်ပန်းရုံနှင့် မလှအုံကို ပြောပြခဲ့သည်။ ကျေးဥက ကြာလျှင် မအိမ်ကံကို သနားတာနှင့်ပင် ပြောမိတော့မှာဖြစ်ကြောင်း ပြောလာသည့် အခါ မအိမ်ကံနှင့် ခဏခွဲထားလိုက်ရခြင်းဖြစ်ပါ၏။ မလှအုံက မအိမ်ကံကို ပြောင်ဖွင့်ပြောသင့်ပြီ ဖြစ်ကြောင်း၊ နောက်မှသိလျှင် လူကြီးမိဘတွေကိုပါ အထင်လွဲစရာတွေ ဖြစ်ဖို့သာရှိကြောင်း၊ အရီးပန်းရုံ မပြောလျှင် သူပြောပြလိုက်မည့်အကြောင်း ပြောပါသေးသည်။

"အလှူက ကပ်နေပြီ...ကွမ်းတောင်ကိုင် ဘယ်သူတုံး မသိရသေးဘူးဆိုသာ အဓိပ္ပာယ် မရှိတော့ဘူး...မအိမ်ကံက ပါးကပါးပါဘိသနဲ့တော်...သူများပြောမှ သူမဟုတ်မှန်း သိရင် မိုးမီးလောင်လိမ့်မနော..."

ဒေါ်ပန်းရုံမှာ မျက်ရည်တွေ မဆည်နိုင်အောင် ကျခဲ့ရသည်။ သည်မျက်ရည်က အခုမှကျရသည့် မျက်ရည်မဟုတ်။ သည်သမီးကလေး သိတတ်သည့်အရွယ် ရောက်ပါပြီဆို ကတည်းက ကျခဲ့ရသည့် မျက်ရည်။ လူတကာ့အလှူ ရွာတကာ့အလှူတွေကို သူကြီးသမီးရယ် လို့ ကိန်းကြီး ခန်းကြီး အိမ်ဦးခန်း ထိုင်ရသည့် အတန်းအစားဆိုသော်လည်း အိမ်ဦးခန်းမှာ မထိုင်ချင်ဘဲ ဖက်စိမ်းကွမ်းတောင်ကိုင်နောက် တကောက်ကောက်လိုက်နေတတ်သည့်သမီး။ ရှက်တတ်သည့် အရွယ်ရောက်လို့ အသွားအလာ နည်းသွားခဲ့သော်လည်း ကွမ်းတောင်ကလေး ကိုင်လိုက်ချင်သည့် စိတ်ကတော့ အခေါင်အဖျား တက်ချိတ်ထားသူကလေးမဟုတ်လား။ တစ်ကမ္ဘာမှာ တစ်သက်၊ တစ်သက်မှာ တစ်ခဏ သည်ဖက်စိမ်းကွမ်းတောင်ကိုမှ မကိုင်ရလျှင် လူ့ဘဝ လူဖြစ်ရကျိုး မနပ်တော့ပြီလို့ ခံယူခဲ့ရှာသူ သမီးကို မဖျောင်းဖျရက်ဘဲ ကျိတ်ငိုခဲ့ရသည့် ရက်တွေ နှစ်တွေလည်း များခဲ့လှပြီ။

"လှအုံရယ်...ဖအေသူကြီးကတော့ သမီးကလေးစိတ်ကို မသိရှာတော့ ဖာသာ ခပ်အေးအေးပေါ့...ငါ့မှာသာ ခေါင်းမီးတွေတောက်ပြီး သည်ကိစ္စကို ဘယ်လိုရင်ဆိုင် ရပါ့မလဲ ဆိုသာနဲ့ပဲ မီးစာခန်းရတော့မယ့်ဘဝပါအေ...သည်အသက်အရွယ်ရောက် သဲ့အထိ ငါ့မှာ သည်အကြောင်းရောက်လာရင် ရှောင်ဟယ် လွှဲဟယ် လုပ်ခဲ့ရသာ ညည်းအသိပဲ...အခုတော့ ငါ ဘယ့်နှယ်လုပ် ရှောင်ရပါတော့မလဲ လှအုံ...ငါ့သေမှ မမြင်ရမှာဘဲ...ငါသေမှ သည်ကိစ္စ လွတ်တော့မှာပဲလို့တောင် တစ်ခါတစ်ခါ တွေးမိ



သယ်...မအိမ်ကံ ကွမ်းတောင်ကိုင်ခွင့်ကို ငါ့အသက်နဲ့ လဲရမယ်ဆိုရင်တောင် ငါလဲခံ့ ပါရဲ့အေ...အခုတော့ သည်ကိစ္စ တို့မိသားစုအပေါ် လုံးလုံးကြီး ကျလာပါပကောလား အေရယ်..."

မအိမ်ကံကို အသက်နှစ်ဆယ်ပြည့်သည်အထိ သည်ကိစ္စ မသိအောင် ဖုံးထားလို့ ရသလားလို့ မေးစရာရှိပါ၏။ ရွာကတော့ အခြေအနေတွေ အကြောင်းအချက်တွေကို သိကြ ပြီးသား။ ဖက်စိမ်းကွမ်းတောင်ကိုင်ဆိုသည့်ရာထူးကို ရုပ်ရည်ချောမာ လှပသလောက် သဘော မနော ဖြူလှသူ မအိမ်ကံအတွက် ရွာကလည်း ကမ်းချင်လျက်နှင့် မကမ်းနိုင်၊ ပေးချင်ပါလျက်နှင့် ပေးခွင့်မသာ ဖြစ်ခဲ့ရသည်။ ကွမ်းတောင်ကိုင် ဖြစ်သင့်သည့်အကြောင်းအချက်တွေထဲက တစ်ချက် ကလေး ငြိနေသည့်အတွက် စာရင်းမပေါက်ရရှာသူကလေးမို့ အသနားပိုကာ ရွာကလည်း ကျိတ်မှိတ်မျိုသိပ်ခဲ့ကြသည်ပင် နှစ်ပေါင်းနှစ်ဆယ် ရှိခဲ့ပြီ။ နောက်ပြီး မအိမ်ကံတို့ ဝိုင်းတိုက်ထဲကို တော်ရုံလူ ဝင်ဝံ့ကြသည်မဟုတ်သလို၊ မအိမ်ကံကိုယ်တိုင်ကလည်း လူသူလေးပါးနှင့် ဒွေးရော ယှက်တင် နေတတ်ခဲ့သူမဟုတ်။ သူကြီးသမီးဆိုသည့် ဂုဏ်ဒြပ်ကြောင့် ဘယ်သူကမှလည်း အကျိုးရယ် အကြောင်းရယ် ရှင်းပြရဲကြတာမဟုတ်။ အတူတကွ နေထိုင်စားသောက်ကြရင်း မအိမ်ကံကိုသာ အရိပ်တကြည့်ကြည့် အနေနီးရှာသူ ကျေးဥသည်ပင်လျှင် စကားမဟဝံ့။ သည်ကိစ္စတွေ မအိမ်ကံကို ဘယ်သူပြောသလဲဆိုသည့် လက်သည်တရားခံဖြစ်မှာကို စိုးကြသူ တွေချည်းဖြစ်ပါ၏။ သည်သမီးကလေး စိတ်မချမ်းမသာ ဖြစ်ရှာမှာကို တစ်ရွာလုံးက စိုးရိမ်ကြ သည့်အတွက်လည်း ဒေါ်ပန်းရုံ ကျေးဇူးတင်ရပါသည်။ သည့်အတွက်လည်း ရွာကို တစ်လှည့် စောင့်ရှောက်ခဲ့သည်ဟု ဆိုနိုင်ကောင်းပါ၏။

"အရီးရယ်...သည်ကိစ္စ တစ်နေ့တော့ ပေါ်လာမှာပဲဆိုသာ မလွှဲမရှောင်နိုင်ဘူးပေါ့ လေ...သို့ပေသိ မအိမ်ကံ သဘောတစ်ခုပါ...မအိမ်ကံကသာ တရားနဲ့ဖြေရင် ပြီးရမယ့်ကိစ္စပါ...ကျုပ်ကတော့ သည်အတိုင်း စိတ်ဆင်းရဲနေရသာထက်စာရင် ဖွင့်သာပြောလိုက်ချင်သတော်..."

မလှအုံကတော့ ဆိုမြဲတိုင်းစကားကိုသာ ဆိုပါ၏။ ဒေါ်ပန်းရုံကတော့ ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုသလို သမီး မအိမ်ကံ၏ အစွဲအလမ်းကို သူမလောက် မည်သူမှ ပိုမသိနိုင်။ မအိမ်ကံက တရားနှင့် ဖြေလောက်စရာလည်း မမြင်။ ကွမ်းတောင်ကိုင် ဖြစ်တော့လည်း ဖြစ်ပေါ့၊ မဖြစ်တော့လည်း နေပေါ့လို့ သဘောထားနိုင်လို့ကတော့ အကြောင်းလား။ မအိမ်ကံက အဲသလို မိန်းကလေးမဟုတ်။ အမျှော်ကြီးမျှော်၊ အစောင့်ကြီးစောင့်ရင်း ကံအလှည့်ကျချိန်ကို သည်းခံနေရှာသူသာ ဖြစ်သည်။ သည်ဘဝ ကံအလှည့်ကျစရာအကြောင်း မရှိတော့သည်ကို သိခဲ့ပြီဆိုလျှင်တော့ အသည်းကြီးလှသောသမီးအတွက် ဒေါ်ပန်းရုံ မတွေးတတ်တော့ပြီ။

ရွာအလှူ ရှိပြီဆိုကတည်းက ဆို့တန်တာဆို့၊ ပိတ်တန်တာပိတ် လုပ်ခဲ့ရသည်။ အချိန်တန်တော့မှ သိပါစေတော့ရယ်လို့ သဘောထားခဲ့ရသည်။ အခုတော့ အချိန်တန်ခဲ့ပြီ။ အခုပဲ ကျေးဥကို မေးနေပြီမဟုတ်လား။ ကျေးဥကော ဘယ်နှရက်များ ရှောင်နိုင်မှာလဲ။ ကျေးဥက ရှောင်နေပါပြီတဲ့၊ ဒေါ်ပန်းရုံကို မေးတော့မည်။ မလှအုံကို မေးတော့မည်။ ဖိုးတုတ်နှင့် ဖိုးကူးကို မေးတော့မည်။ အနှစ်နှစ်ဆယ်လုံးလုံး အေးချမ်းသာယာလှသော သည်အိမ်ကြီးမှာ [illegible]မကြာခင် အပူတိုက်ရတော့မှာပါလား။

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံ…။

သည်ရက်ထဲမှာ ရွာထဲရပ်ထဲ မရောက်နိုင်ပဲ ရှိခဲ့ရသည်။ မြင်းခြံက ပြန်ကတည်းက စမ်းဝယ်လာသည့် နိုင်ငံခြားဆိုးဆေးတွေကို မေးမြန်းလာခဲ့သည့်အတိုင်း ချည်ရောင်ဆိုးကြည့်၊ လှမ်းကြည့်၊ ပြန်လျှော်ကြည့်လုပ်ရင်း အလုပ်တွေ များနေခဲ့သည်။ ရက်ကန်းတန်း မဆင်နိုင်သေးသောကြောင့် အပျိုတွေ မစုံနိုင်သေးသော်မှ ချည်ခင်ဆေးဆိုး ကူကြသူတွေတော့ ရှိသည်။ ခါတိုင်းသီချင်းတအေးအေး၊ ဟေးဟေးဟားဟား ရှိကြသော ရက်ကန်းသမများပင် တိတ်ဆိတ်နေကြတာကလည်း ထူးတော့ထူးဆန်းသား။ မအိမ်ကံ မေးမှပြောကြသည်။ မအိမ်ကံ ရယ်မှရယ်ကြသည်။ သည်လိုနှင့် တစ်ရက်က နှစ်ရက် ကူးလာခဲ့သည်။ နှစ်ရက်က သုံးရက် ကူးလာခဲ့သည်။ မအိမ်ကံပင် လူတွေနှင့် အဟပ်ကွာသလို ဖြစ်လာခဲ့သည်။ ကျေးဥကလည်း အနားရောက်မလာ။ မလှအုံကလည်း မရှိတာ များသည်။ အမေပန်းရုံကတော့ အခင်းထဲ အကြောင်းပြကာ အိမ်ကို မအိမ်ကံနှင့် လွှဲထားပြီး မကြာခဏ ပျောက်နေတတ်ပါ၏။

"ကျေးဥက ဘာသဲ့လဲအမေ…မလာတော့ဘူးသဲ့လား"

"မကြာညွှန့် သည်းနေလို့သမီးရေ…တောင်ရွာက ဆရာနဲ့ ကုနေရသာ…မနက်ဖြန်တော့ လာကောင်းပါရဲ့…လူမမာက ထူထူထောင်ထောင် ရှိလာပါပြီသဲ့"

"ဟုတ်ပါရဲ့အမေရယ်…သမီးလည်း ဝတ္တရားပျက်လိုက်သာ…အရီးကြာညွှန့်ကို တောင်သွားမမေးရဘူး…သမီးသွားဦးမှပါ"

"ကျေးဥလာမှာပဲ သမီးရယ်…သမီးမရောက်ပေမယ့် အမေရောက်ပါသယ်…ခါတ်စာဖိုးလေး ဆေးဖိုးလေးတောင် ပေးခဲ့သေးသာကော…ငါ့သမီး နားပါအေ…သမီးကြည့်ရသာ ပင်ပန်းလိုက်သာ…လက်မလဲ ဆေးတွေစွန်းလို့…"

"ဆေးတွေ စမ်းကြည့်နေသာအမေရဲ့…သမီး သဘောတော့ ပေါက်တောက်တောက်ဖြစ်နေပါပြီ"

အမေပန်းရုံကိုလည်း ကွမ်းတောင်ကိုင်အကြောင်း မမေးချင်တော့ မအေနှင့် စကားဆုံခိုက် သည်လောက်နှင့် ပြီးရသည်။ မအိမ်ကံတစ်ယောက်တည်း အိပ်ရသည်ပင် သုံးညရှိခဲ့ပြီ။

ထိုညကတော့ လေပူကြီးတိုက်နေသဖြင့် ပူစပ်ပူလောင်ရှိလှ၏။ ဦးတန်ခူးဆိုသော်လည်း တပေါင်းအရှိန် မကုန်ချင်သေး။ နေ့လယ်နေ့ခင်းများ အပူတွေ လျှပ်လျှပ်ထနေခဲ့သည်။ မိုးခေါင်တော့ တွင်းရေ ကန်ရေတွေပင် ခန်းချင်ချင်။ မအိမ်ကံ အိပ်မရသဖြင့် ပြတင်းပေါက်တွေဖွင့်ကာ နီးယပ်တောင်ကလေး တဖျပ်ဖျပ်နှင့်နေရသည်။ အိမ်အောက်ထပ် နာရီကြီးဆီက ဆယ့်တစ်နာရီထိုးသံ ကြားနေရသည်။ တိတ်ဆိတ်သောညမို့ ရူးရူးကြီး ကျယ်လောင်လှသည်။ တောရွာတွေဆိုတော့ လုလင်ပြန်ချိန်ပေါ့။ လုလင်ပြန်ချိန် ကြက်ကြီးပင် တွန်ပြီ။ လုလင်ပြန်ချိန်ဆိုတာ ခေါင်းထဲဝင်လာတော့ မလှအုံ ဆိုဆိုပြသည့် သီချင်းလိုလို ကဗျာလိုလို စာတွေကို မအိမ်ကံ သတိရမိသေး၏။

"စံပယ်သုံးကုံး ညကကုံး x x သုံးကုံးပြီးတော င် မောင်မလာ x x ပြန်တော့မင်းရှင် x x မင်းညိုစင် x x"



"စပါးသုံးတင်း ညကနင်း x x သုံးတင်းပြီးတော င် မောင်မလာ x x ပြန်တော့မင်းရှင် x x မင်းညိုစင် x x"

"ပြန်တော့ မင်းရှင် မချမ်းခင် x x လုလင်ပြန်တော့ x x ပြန်ပါတော့ x x"

ချစ်သူရည်းစားရှိသူ ကာလသားတွေကတော့ အပျိုတွေ စံပယ်ကုံးရာ၊ မောင်းထောင်းရာတွေမှာ ရစ်သီရစ်သီရှိကြလိမ့်မည်။ သူ့မှာတော့ ရည်းစားဆိုလို့ မူး၍ပင် ရှူစရာမရှိသေး။ မချမ်းမစီးခင် ပြန်ပါတော့မောင်လို့ ပြောရမည့် ကာလသားလည်း မရှိ။ ဟိုရက်တွေကတော့ မြင်းတစ်စီးနှင့် ကျောင်းဆရာ ကိုလူချောကို ပြန်ပါတော့ နှင်ခဲ့ဖူးပါ၏။ စဉ်းစားကြည့်တော့ သူကလည်း ချစ်သူမဟုတ်ရပါ။ သို့သော် မအိမ်ကံ သူ့ကို သတိတရရှိနေခဲ့တာ မအိမ်ကံပဲ သိပါသည်။ ဇာတ်မင်းသားထက်တောင် ချောသေးရဲ့ဆိုသူ မြို့သား ကျောင်းဆရာကတော့ စံပယ်ဆယ်ကုံး ညကကုံး ဆယ်ကုံးပြီးတော င် ရောက်လာနိုင်စရာမရှိ။ မအိမ်ကံတစ်ယောက် တွေးရင်း ပြုံးမိရပါ၏။

ထိုစဉ်မှာပင်…။ ငှက်ကြီးတစ်ကောင်၏ အတောင်ရိုက်သံကို မအိမ်ကံ ကြားလိုက်ရသည်။ အသံကြီးက ကြီးလှသဖြင့် မြင်နေကျငှက်တွေထဲကတော့ မဟုတ်နိုင်။ အိမ်ခေါင်ဆီက ထိုးစိုက်ဆင်းလာပြီး အတောင်ခပ်လျက် ပြန်သွားတာကို မအိမ်ကံ မြင်လိုက်ရသည်။ ခပ်လက်စယပ်တောင်ပင် ပြတင်းဝက ပြုတ်ကျသွားခဲ့ရပါ၏။ မအိမ်ကံကိုယ်တိုင် ကြက်သီးတွေ ဖွေးခနဲထသွားသဖြင့် ဂုဏ်တော်ကို စိတ်မှ မှတ်ရင်း ရွတ်နေမိ၏။ ငှက်ကြီးက ပဲမှော်တိုက်ဘက်ကို ပျံသွားတာကတော့ သေချာသည်။ မမှားဘူးသာဆိုလျှင် ပဲမှော်တိုက်ပေါ်မှာ နားရာက မအိမ်ကံကို လှမ်းကြည့်နေလိမ့်မည်။ သည်ငှက်ကြီးကို မအိမ်ကံ မတွေ့ရတာ ကြာပြီ။ အပြင်ခန်းမှာ ဖိုးကူးတို့ညီအစ်ကို ရှိမှန်းသိ၍ မကြောက်လှသော်လည်း မအိမ်ကံ ပြတင်းတံခါးတွေကို ပိတ်လိုက်လေသည်။

"ဂီး"

တံခါးပိတ်လိုက်လို့လား၊ တိုက်ဆိုင်တာလားမသိ။ ငှက်အော်သံကြီးက ရင်ဘတ်ကို ဆောင့်တွန်းလိုက်သလို ကျယ်လောင်လှသည်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ…ဓမ္မံ သရဏံ ဂစ္ဆာမိ…သံဃံသရဏံ ဂစ္ဆာမိ…"

မအိမ်ကံမှာတော့ ချွေးအလူးလူး။ ညသည် ပိုမိုပူလောင်လာသည်ဟုပင် ထင်ရ၏။ ကမ္ဘာလောကထဲမှာ မအိမ်ကံ သူတစ်ယောက်တည်းရှိနေသလို အားငယ်လွန်းလှသည်။ ကျေးဥရယ် လာပါတော့…။

မအိမ်ကံ အိပ်ပျော်တော့ မိုးလင်းလုလေပြီ။

■

တစ်မနက်ခင်းလုံး မအိမ်ကံ အလုပ်တွေ များနေခဲ့သည်။ အလှူအတွက် ကူဖို့ပြုဖို့ဆိုကာ ချည်စာရင်းကြသူတွေ ရက်ကန်းစင်ကို မလာနိုင်ကြတာကို မအိမ်ကံ နားလည်ပါ၏။ ရွာမှာ အလှူရှိလျှင် သည်လိုပဲ ဝိုင်းကြဝန်းကြရတာမဟုတ်လား။ တကယ်ဆိုလျှင် အဖိုးထီတို့အလှူအိမ် ကို မအိမ်ကံ ရောက်သင့်ပါ၏။ တစ်ခုထူးဆန်းနေတာက မအိမ်ကံကို ခါတိုင်းလို

www.burmeseclassic.com

www.burmeseclassic.com

အပျိုဖိတ် လာမကမ်းခြင်းပဲဖြစ်သည်။ အပျိုဖိတ် လက်ခံပြီးလျှင်တော့ အလှူအိမ်ကို သွားကာ ကူရညီရတာ ရှာထုံးစံ။ အခုတော့ မအိမ်ကံအတွက် အပျိုဖိတ်မလာ။ အလှူက အလှူကြီး မဟုတ်ပဲ သားကြီး ရှင်ဖြစ်ပဲ လှူရလို့လား။ ဒါမှမဟုတ် မအိမ်ကံကိုယ်တိုင် ဖက်စိမ်းကွမ်းတောင် ကိုင်ရမည့်သူမို့ တမင်နောက်ချန်ဖိတ်မည့်သဘောပေလား။ ညနေဘက်တော့ အလှူအိမ် သွားလိုက်ဦးမည်လို့ တေးထားလိုက်သည်။

မအိမ်ကံက ခြောက်သွေ့ပြီးသား ချည်ခင်တွေကို ချည်စာရှင်းလျှင် အရန်သင့်စေဖို့ ဖိုးတုတ်နှင့် ဖိုးကူးတို့အား အားသန်သန်ဖြင့် ချည်ခင်တွေ ဝါးလုံးလျှိုကာ ခပ်မြင့်မြင့် တန်းဆင်စေသည်။ ချည်အရောင်တွေကို ရက်ရမည့်ရက်ကန်းအဆင်အသွေး လိုက်ဖက်မှု ရှိမရှိ စိတ်ကူးဖြင့် တွဲဖက်ကြည့်သည်။ နဖူးမှ ချွေးကလေးများပင် တုတ်တုတ်ကျလေ၏။

"ရပြီ...ဖိုးတုတ်ရော ဖိုးကူးရော ထမင်းစားကြတော့...မမကံ မစားသေးဘူး မောလွန်း လို့...ရေချိုးပြီးမှ စားတော့မယ်"

မအိမ်ကံမှာ အလုပ်တွေသာ ကျုံးလုပ်နေရသော်လည်း စိတ်က အလှူအိမ် ရောက်နေခဲ့ ပါ၏။ အလှူဝင်ရက်ပင် လေး,ငါးရက်လောက် လိုတော့သည်။ မအိမ်ကံစိတ်ထဲ တစ်စုံတစ်ရာ လွဲချော်နေပြီဆိုတာတော့ သိနေခဲ့ပြီ။ သို့သော် ဘာရယ်လို့တော့ မပြောတတ်နိုင်ပါ။ ကျေးဥ ပြန်ရောက်မလာသေးတာလည်း သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။ ကျေးဥသာရှိလျှင် သည်သတင်း ရအောင်စုံစမ်းခဲ့၊ သတင်းမကြားမချင်း ပြန်မလာခဲ့နဲ့လို့ တွန်းလွှတ်လိုက်ရုံ။ အခုတော့ ကနေ့ညမှ ကျေးဥလာအိပ်မည်ဆို၏။ လာချင်လာ၊ မလာချင်နေ။ သည်ကနေ့တော့ မအိမ်ကံ သဘော်စေ့လား၊ ငရုတ်ကောင်းလား ကွဲချင်ပြီ။ အလှူအိမ်ကိုမသွားခင် မမစိမ်းမြဆီ ခဏဝင်ရ မည်။ မမစိမ်းမြ ရက်ကန်းစင်က အထည်ကလေးတွေ အဆင်ကောင်းလှကြောင်း မအိမ်ကံ ကြားထားတာကြာပြီ။ မမစိမ်းမြက တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်ရက်ကန်းစင်ကလေးရှိသည်။ စင်ကထွက်သမျှ သူ့ဖောက်သည်ကလေးနှင့်သူ သွင်းရသူဆိုတော့ မအိမ်ကံတို့လိုတော့ အင်အား မကြီးလှပါ။ မမစိမ်းမြဆီ ဝင်မည်ဆိုတော့ ခများ ကွမ်းတောင်ကိုင် လာဘ်ဦးလွှဲရဖူးတာကိုလည်း သတိရမိပါ၏။ မနက် ဖက်စိမ်းကွမ်းတောင် ကိုင်ရတော့မည့် ဒင်္ဂမော် မိန်းမချော။ ညဘက် ဓားပြတိုက်ရာမှ လူသေရသဖြင့် အလှူရက်ရွှေ့ရာက မမစိမ်းမြပါ လာဘ်ဦးလွှဲရသူအဖြစ် ဖက်စိမ်းကွမ်းတောင်ကိုင်ဘဝက လျှောကျခဲ့ရတာကိုလည်း မအိမ်ကံ မမေ့ပါ။ မမစိမ်းမြမျာ ဘယ်လိုခံစားရမည်မသိသော်လည်း မအိမ်ကံပင် ကြေကွဲခဲ့ရသည်။ သည်လိုစည်းကမ်းတွေ ဘယ်သူကများ လုပ်သွားတာပါလိမ့်။ ကွမ်းတောင်ကိုင်တစ်ယောက်ဖြစ်ဖို့ မလွယ်ကူနိုင်တာ လည်း သိထားပါ၏။ သို့သော် သည်လောက်အထိ ရက်စက်သည့် စည်းကမ်းတွေကတော့ လွန်လွန်းသည်ဟုထင်သည်။

ရေမိုးချိုးပြီး ထမင်းတောင် ကောင်းကောင်းမစားနိုင်ခဲ့ဘဲ မမစိမ်းမြတို့အိမ်ဘက် ထွက်လာခဲ့သည်။ အိမ်မှာ အမေပန်းရုံနှင့် မလှအုံကို မတွေ့သဖြင့် အဖေ့ကိုပြောကာ ထွက်လာ ခဲ့ခြင်းဖြစ်၏။ မအိမ်ကံ ရွာထဲမရောက်တာ ကြာပြီ။ ထွက်လက်စနှင့် မမစိမ်းမြအိမ် ဝင်မည်။ သည် အရိုးကြာညွန့်အိမ် ဝင်မည်။ ကျေးဥကို ဝင်ခေါ်ကာ အလှူအိမ်သွား မျက်နှာပြမည်။ သည် လောက်ဆိုလျှင် အလှူမဏ္ဍပ် ထိုးပြီးရော့မည်။ မဏ္ဍပ်ထဲမှာ ကွမ်းတောင်ကိုင်အမည်စာရင်းတော့



ပေါက်နေလောက်ပြီ။ "မအိမ်ကံကတော့ ကွမ်းတောင်ကိုင်ဖို့ အဝတ်အစားကအစ အထူးရှာဖွေ နေရမယ့် မိန်းကလေးမဟုတ်ပါဘူးဟယ်'...နီးမှ လက်ဖက်ချောင်းကမ်းရင်း ပြောလည်း ဖြစ်ပါသယ်" လို့များ ခပ်အေးအေးတွေးထားကြရော့လား။ မအိမ်ကံကလည်း ကွမ်းတောင်ကိုင် ဖြစ်ပါပြီဆိုသည်နှင့် ကျောက်စိမ်းရောင်ချိတ်နှင့် မြစိမ်းရောင် ပိုးလက်ရှည်ကလေးဝတ်ဖို့ စဉ်းစားထားပါ၏။ အမေပန်းရုံ ကြိုက်သည်ဆိုသော ကျောက်ရောင်စုံပါ ဘယက်ခွက်ကြီးကို ဆွဲမည်။ ကျောက်လက်ကောက်ကို တစ်ဘက် နှစ်ရန်စီဆို များများနေလေမလား။

"မအိမ်ကံ...ဘယ်တုံးဟဲ့"

လမ်းမှာ ဖျင်တဘက်ကလေး ခေါင်းပေါင်းတင်ရင်း လျှောက်လာသည့် ရီးလုံးတင်က မေးလိုက်သဖြင့် မအိမ်ကံ အတွေးပြတ်သွားရသည်။ အရီးလုံးတင်နှင့်အတူ မိန်းမကြီး သုံး,လေး ယောက်လည်း ပါသေးသည်။ လက်ထဲမှာ ကြက်သွန်နွှာစားကိုယ်စီနှင့်။ အလှူအိမ်ကို ကြက်သွန် လှီး သွားကြမည့်သူတွေထင်ပါရဲ့။

"အလှူအိမ်ဘက် သွားမလို့ ရီးလုံးတင်...မမစိမ်းမြတို့အိမ် မတ်တတ်ခဏတော့ ဝင်စရာလေးရှိသေးလို့ ဝင်ဦးမှာပါ"

"ဩော်...အေး အေး...ရှင်ပန်းရုံကော နေကောင်းရဲ့လားဟဲ့"

"ကောင်းသယ် ရီးလုံးတင်..."

"အေး အေး..."

မမစိမ်းမြတို့ အိမ်ဝိုင်းကြီးက ဆူးစည်းရိုးများ ကာရံလျက် သပ်သပ်ရပ်ရပ်ရှိလှသည်။ မဝင်ခင်ကပင် ရက်ကန်းစင်က ခြုသံကလေးတွေ ကြားနေရသည်။ မမစိမ်းမြက ရက်ကန်းစင် နှင့်ဝေးဝေး သရက်ပင်ကြီးအောက်က ကွပ်ပျစ်မှာ အထည်ပုံတွေကြား ညပ်နေသည်။ မအိမ်ကံကို လှမ်းမြင်လိုက်တော့ "မအိမ်ကံရေ သည်ကိုလာဟေ့..." လို့ လှမ်းခေါ်သည်။ မလာစဖူး အလာထူးလို့ အံ့သြနေပုံရပါ၏။ မျက်နှာကလေး ပြုံးထားတာကလည်း ချစ်စရာကောင်းလှ သည်။ မမစိမ်းမြ လှတုန်းပါလား။ မအိမ်ကံက ကွပ်ပျစ်စွန်းမှာ ဝင်ထိုင်ရင်း ပုဆိုးဆင်ကလေး တွေ လိုက်ကြည့်သည်။

"မမစိမ်းမြရေ...မမစိမ်းမြ အထည်ကလေးတွေ လှလို့သဲ့...မအိမ်ကံကို ပြောကြ လွန်းလို့ လိုက်လာသာ...ပြောလည်းပြောလောက်ပါရဲ့...လှလည်းလှပါရဲ့... မြင်သာနဲ့ ခတ်ချက်နာမှန်း သိသာလိုက်သာတော်..."

မမစိမ်းမြက စည်းနှောင်ထားသည့် အစည်းတွေကို ဖြေဖြန့်ပြသည်။ တစ်ထည်ချင်း စေ့စေ့ပေါက်ပေါက် ကြည့်နိုင်ရန် ဖြစ်ပါ၏။ မအိမ်ကံက အထည်တွေကို ကြည့်နေသလို မမစိမ်းမြကလည်း မအိမ်ကံကို ငေးနေခဲ့သည်။ လှလိုက်တဲ့မိန်းမချောရယ်...ညည်းနှယ် ဖြစ်ရ လေ...လို့လည်း တွေးနေပုံရသည်။ အထည်တွေကို ငုံ့ကြည့်နေတော့ မအိမ်ကံ မျက်တောင်ရှည် ကြီးတွေက ကော့ညွတ်လွန်းလှသည်။ သနပ်ခါးရေကျဲကလေး လူးထားတာပေမယ့် အသား အရေက သနပ်ခါးဝါဝါကို ဖောက်ထွက်နေသလို ဝင်းစက်ကြည်လင်လွန်းလှသည်။ အလှဆုံး ကတော့ နှုတ်ခမ်းကလေးများပင်။ လက်မောင်းဆင်း လှသလောက် ရင်ကလေးချီချီကလည်း မို့စင်သည့်ပန်းလို ပွင့်လန်းလှလေခြင်း။ မအိမ်ကံ မော့လိုက်တော့ မမစိမ်းမြက ပြုံးပြုံးကလေး ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သည့်အဆင်ကလေးတွေက မမစိမ်းမြ ထွင်သာလားဟင်…အဆင်ကူးရင် မမစိမ်းမြ ကြိုက်ပါ့မလား မသိဘူး…မအိမ်ကံ ရက်ကြည့်ချင်လိုက်သာ…"

"ကူးပါအေ…မမ ထွင်သာရယ်လို့တော့ မဟုတ်ပါဘူး…စမ်းရက်ကြည့်ရာက အဆင်ပြေသွားသာပါ…ဟိုဘက်ရွာတွေကလည်း သည့်လိုအဆင်ကူးရက်ကြသာပါပဲ…မမကလည်း ယူရသာပဲ…မအိမ်ကံ စင်က အဆင်ကလေးတွေတောင် ယူရက်ချင်သေးသာ…မအိမ်ကံက မျက်စိရေး ပိုတတ်ပါသယ်"

"ယူပါ မမစိမ်းမြရဲ့…အိမ်ကိုလာခဲ့ပါဦး"

ထိုစဉ်မှာပင် မစိမ်းမြတို့အိမ်ဝိုင်းဝမှာ အမျိုးသမီးကြီးတစ်ယောက် ရပ်နေတာကို လှမ်းမြင်လိုက်ကြရသည်။ မစိမ်းမြက လှမ်းခေါ်လိုက်တော့ သရက်ပင်ရိပ်ကို တောက်လျှောက် ဝင်လာခဲ့၏။ မျက်နှာက မကြည်မသာ။ မအိမ်ကံက အထည်တွေကို တစ်ထည်ချင်း ကောက်ကိုင်ကာ နေရောင်မှာ ထောင်အကြည့်၊ သူ့ကို စိမ်းစိမ်းကားကား ကြည့်နေသည့်မျက်လုံးတွေကို သတိထားလိုက်မိသည်။ အို…ဘယ့်နှာပါလိမ့်။

"ကြီးတော်စံရွှေ ဘယ်ကလှည့်လာသာတုံး…နေပူလိုက်သာ…ထိုင်ပါဦး"

မစိမ်းမြက ထိုင်ခိုင်းသော်လည်း ကွပ်ပျစ်မှာ ဝင်မထိုင်ဘဲ မအိမ်ကံကိုသာ စိုက်ကြည့်နေတာကို သတိထားလိုက်မိတော့ မစိမ်းမြသည်ပင် အားနာသွားခဲ့သည်။ ကြီးတော်စံရွှေက သည့်လိုပဲ မျက်နှာထား ဆိုးနေကျဆိုတော့လည်း ဘာရယ်လို့ မခန့်မှန်းနိုင်။

"သာအောင့်အတွက် ပုဆိုးဆင်ကလေး လာကြည့်သာပါအေ…ညည်းစင်က အဆင်တွေ ကောင်းလှဆိုလို့ လေး,ငါးကွင်း ယူမလားလို့…သည့်ကောင်က မအေ့နို့နံ့တောင် မစင်ချင်သေးဘူး လူပျိုလုပ်ချင်ပြီကော စိမ်းမြရဲ့…"

မအိမ်ကံပင် တောင့်ခနဲ ဖြစ်သွားခဲ့သည်။ မအေ့နို့နံ့ မစင်သေးဘဲ လူပျိုလုပ်ချင်တယ်ဆိုတာ သာအောင်နှင့် နှစ်ကိုယ်တွေ့ခဲ့ကြတာကိုများ ပြောချင်ရော့လား။ မအိမ်ကံက ဣန္ဒြေမပျက်အောင် အထည်တစ်ထည် ကောက်ယူပြန်ကာ လက်နှင့် ပွတ်ကြည့်နေလိုက်သည်။ မစိမ်းမြကတော့ ပြောရိုးပြောစဉ် ပြောနေတာပဲလို့ ထင်ပုံရသည်။

"သာအောင်က နှစ်ဆယ်ကျော်ပြီမှတ်လား ကြီးတော်ရဲ့…သည့်ခေတ် အသက် နှစ်ဆယ် မငယ်တော့ပါဘူး…ကြားရသလောက်လည်း လိမ္မာရှာသားပဲ…ထိုင်ပါဦး ကြီးတော်ရဲ့…မတ်တတ်ကြီး…"

ကြီးတော်စံရွှေက မလှုပ်။ မျက်လုံးတွေက မအိမ်ကံကိုသာ ကြည့်နေခဲ့သည်။ မအိမ်ကံက မော့မကြည့်သော်လည်း သူ့ကိုကြည့်နေတာကို စိတ်ထဲက သိနေပါ၏။ ရင်ထဲမှာ လည်း ဖျင်းခနဲ ရှိုးခနဲ ခံစားနေရသည်။ မအိမ်ကံကို ထိပါးသည့်စကား တစ်ခွန်းမှမပါသေး သော်လည်း ထိပါးနေသလို ခံစားနေမိရပါ၏။

"နှစ်ဆယ်တော့ နှစ်ဆယ်ပေါ့အေ…မိဘများမတော့ ကိုယ့်သားသမီး ငယ်သေးသယ် အောက်မေ့သာချည်းပဲ…အကြီးကောင် သာမောင်ကို ဝွမ်းဖြူနဲ့ ပေးစားသအေ…အလတ်ကောင် သာဆောင်ကို ခင်အိနဲ့ ပေးစားသအေ…ငါကိုယ်တိုင် ရွေးဆယ် ပေးစားထားသာ စိမ်းမြရဲ့…ကွမ်းတောင်ကိုင် ခေါင်ဆိုသာတွေနဲ့ ပေးစားသာ ရွာလုံးသိ…နယ်လုံးသိ…"



"သိပါသယ် ကြီးတော်ရဲ့…အခုက ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာတုံး စိမ်းမြရဲ့…အခုဟာက သည့်ကောင်က မိဘ လက်နဲ့ရေးသာ ခြေနဲ့ဖျက်ချင်သာကောအေ့…မိန်းမတွေကလည်း သာအောင့်လိုချင်တော့ မျက်နှာကလေးဘန်းပြ…ဟိုကောင်ကလည်း ဖျာလိပ်ထဲ ခွေးဝင်ရန်းမရဘူးနဲ့တူပါရဲ့…ဖွဲထောင်းလို့ ဆန်ကောင်းရပါ့မလားအေ့…"

မစိမ်းမြက အသံကြီးသြသြနှင့် ရန်တွေ့သလို ပြောနေသည့် ကြီးတော်စံရွှေကို နားမလည်နိုင်သလိုသာ ကြည့်နေမိသည်။ ဝိုင်းတိုက်ထဲ မလာစဖူး ရောက်လာသည့် မအိမ်ကံ။ မအိမ်ကံနှင့် မရေးမနှောင်း ရောက်လာသည့် ကြီးတော်စံရွှေ။ ကြီးတော်စံရွှေ ပြောနေသည့်စကားတွေကလည်း တစ်စထက်တစ်စ ရင့်သီးလာသည်။ မအိမ်ကံကိုများ ပြောနေတာလား။ မအိမ်ကံကို စောင်းမြောင်းပြောရအောင် မအိမ်ကံက စာရိတ္တကောင်းသူ ဖြစ်ရုံမက သူကြီးသမီးဆိုသည့် ဂုဏ်ဖြပ်ကြီးသူကလေးဖြစ်သည်။ ကိုယ့်ရွာသူအချင်းချင်းဆိုပေသိ အနေချင်း မနီးတာသာရှိချင်ရှိမည်။ ရွာကလေးငယ်ငယ်မှာ ဘယ်အရာ ဘယ်ကိစ္စမှ ထိန်ဝှက်ထားချင်လို့ မရနိုင်ပါ။ ဘာပဲဖြစ်ဖြစ် သူ့ဝိုင်းတိုက်ထဲမှာ စာရင်းလာရှင်းကြတာမျိုး အဖြစ်မခံနိုင်။ တစ်ဦးက ငွေကြေးချမ်းသာသူ၊ တစ်ဦးက သူကြီးသမီး။ စကားနည်းရာနည်းကြောင်း ပြောလိုက်သည်။

"ကြီးတော်ရယ် တော်ပါတော့…ကြိုက်သဲ့အဆင်သာ ရွေးပါ…ယူသွားပါ…ကြှတော့မှ ပေးသာပေါ့…"

ထိုအခါ ကြီးတော်စံရွှေက မတ်တတ်ရပ်နေတာ ညောင်းသွားဟန်ဖြင့် မြေပေါ် ငုတ်တုတ်ထိုင်ချလိုက်သည်။ သည်တော့ ကွပ်ပျစ်ပေါ် ထိုင်နေကြသည့် ငယ်ရွယ်သူ မစိမ်းမြရော မအိမ်ကံပါ အနေကျုံ့ကြရတော့သည်။ မအိမ်ကံက ချက်ချင်း မြေပေါ်ဆင်းထိုင်လိုက်သည်။

"ကြီးတော်စံရွှေရယ်…မဟုတ်သာ…အပေါ်ထိုင်ပါ…ကျွန်မတို့ ငရဲအုံ ကြီးနေပါ့မယ်"

မအိမ်ကံ အသံကို ထိန်းပြီး ခပ်အေးအေးပဲ ပြောလိုက်သည်။ ကြီးတော်စံရွှေက စကားဝိုင်းထဲ မအိမ်ကံအဝင်ကို စောင့်နေသူဆိုတော့ ချက်ချင်းတုံ့ပြန်လေတော့သည်။ မျက်နှာကြီးက ကြောက်စရာကောင်းလောက်အောင် မည်းပုပ်နေသည်။ ပါးစပ်က ပြောချင်ဇောဖြင့် တဆတ်ဆတ် လှုပ်နေသည်။ မျက်လုံးတွေက မီးလျှံတွေ ထွက်နေသလို တောက်လောင်လျက်ရှိပါ၏။

"ညည်းကို ကန်တော့ချင်လို့ပါအေ…လုံးတင်တို့က ညည်း သည့်ဘက်သွားသယ်ဆိုလို့ လိုက်လာသာပါ…ညည်း ငါ့သားနဲ့ ကင်းကင်းရှင်းရှင်းနေပါ…ကန်တော့ဆိုရင် ကန်တော့ပါရဲ့အေ…ငါ့သားက ဖက်စိမ်းကွမ်းတောင် ကိုင်မယ့်သူနဲ့ တန်းထားသာအေ့…ညည်းက ဆင်ပေါက်ဆိုပြီး ကောက်ရိုးခိုးစားလို့အေ…"

မစိမ်းမြရော မအိမ်ကံပါ အံ့သြခြင်းကြီးစွာဖြင့် ကျဉ်ခနဲ ထုံသွားခဲ့ကြပါ၏။ အထူးသဖြင့် မအိမ်ကံက သူ့ကို ရည်ရွယ်ပြီးပြောနေမှန်း မသိခဲ့ရိုးအမှန်။ အခုတော့ စော်ကားလွန်းပြီ။ မအိမ်ကံတစ်ကိုယ်လုံး သွေးတွေ ဆူလာခဲ့ကာ တပွက်ပွက်မြည်သံပင် ကြားရမတတ် ရှိလာခဲ့သည်။ မအိမ်ကံဘဝတစ်လျှောက်လုံး ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ ရွေးကြီးတစ်ရွေးသား

www.burmeseclassic.com

အတင်မခံခဲ့သူ။ ကိုယ်တိုင်က မတရား မရှိခဲ့သလို မတရားတာကိုလည်း နမ်းတစ်ချေ မခံခဲ့သူ။ သို့ပေသိ အခုကိစ္စက အကျယ်ကျယ်ဖြစ်လို့ မကောင်းတာကို သတိရလိုက်သည်။ ရက်ကန်းသံ တွေရှိသည်။ သည်နေရာက အိမ်မကြီးနှင့် ဝေးသည်။ သည်ကိစ္စ သူမဟုတ်ကြောင်း ရှင်းပြလိုက် လျှင် သည်မှာတင် ပြီးနိုင်သည်။ မအိမ်ကံက ဒေါသကိုထိန်းရင်း ခပ်တိုးတိုးပြောလိုက်သည်။

"ကြီးတော်ရယ်...မဟုတ်သဲ့စကား မပြောပါနဲ့...သာအောင်နဲ့ကျွန်မ ဘာမှလည်း မဖြစ်ရပါလား...ကြီးတော်ပေးစားချင်သူပေးစားပါ...သည်စကား သည်မှာတင် ပြီးပါ ရစေတော့..."

ကြီးတော်စံရွှေက ဆတ်ခနဲ ပြန်ရပ်ပြန်သည်။ မစိမ်းမြကလည်း မတ်တတ်ရပ်လိုက် ပြီး ကြီးတော်စံရွှေကို တောင်းပန်သည်။ အေးအေးဆေးဆေးပြောဖို့ နားချသည်။

"ညည်းစကားလားအေ ဖွဲထောင်းလို့ ဆန်မထွက်...ရွာက မိန်းကလေးတွေ စင် ထောင်ပေးပြီး ငါ့စီးပွားလည်း ပြိုင်သေး ငါ့သားလည်း ချိုင်သေး...ညည်း မှတ်ထား လိုက်... ငါ့သားက..."

မအိမ်ကံ သည့်ထက်ဆိုးလာလျှင် ဘာလုပ်ရမလဲ စဉ်းစားထားသည်။ မနီးမဝေးမှာ တောခုတ်သည့် ပိသာစီးဓားတစ်လက်ရှိနေတာ မြင်လိုက်သည်။ သည်ကနေ့တော့ သွေးမြင်ရမှ ပြီးရမှာထင်ပါရဲ့။

"ကိုင်းပါ ကြီးတော်ရယ် တိုးတိုးလုပ်ပါ...မအိမ်ကံတို့ကလည်း ဂုဏ်နဲ့ ဒြပ်နဲ့ပါ"

မစိမ်းမြက စကားဝင်ဖြတ်ပြီး တောင်းပန်သော်လည်း ကြီးတော်စံရွှေက မရပါ။ ပြောစရာရှိတာ ပြောပြီးမှ ပြန်မည့်ပုံ။ မအိမ်ကံက သည်မှာဆက်နေလို့ မကောင်းနိုင်တော့မှန်း သဘောပေါက်လိုက်ကာ မတ်တတ်ထရပ်လိုက်သည်။ ထိုအခါ မတ်တတ်ရပ်နေသည့် ကြီးတော် စံရွှေနှင့် ယှဉ်ရပ်လိုက်သလို ဖြစ်သွားတော့သည်။

"ငါ့သားက ကွမ်းတောင်ကိုင်နဲ့ ယူရမှာအေ့...ညည်းရုပ်က ပပဝတီလောက် ချော သယ်ပဲပြောပြော နဂါးဘုံ ဂဠုန်မကူးနိုင်သလိုပဲ...ညည်း သည်တစ်သက် ကွမ်းတောင် ကိုင် မဖြစ်ဘူး...ညည်းမိဘက ငယ်လင်ငယ်မယားမဟုတ်လို့ ညည်းဖြစ်စရာလည်း အကြောင်းမရှိဘူး...ငါ့သားနဲ့ များ ဝေးပါသေးရဲ့အေ..."

မိုးကြိုးပစ်ခံလိုက်ရသလို ဖြစ်သွားခဲ့သည်။ မအိမ်ကံမှမဟုတ်ပါ။ မစိမ်းမြပင် အားနာ ခြင်းကြီးစွာဖြင့် ကြီးတော်စံရွှေကို ဒေါသဖြင့် ရင်ဆိုင်ရန် မျက်နှာချင်းဆိုင်လိုက်သည်။ မိန်းမသား သုံးယောက်စလုံး၏ ဒေါသတွေက အနိမ့်အမြင့် မညီကြသော်လည်း မအိမ်ကံ၏ဒေါသကို မည်သူမျှ မီလောက်စရာမရှိတော့။ မအိမ်ကံက ပိသာစီးဓားကြီးကို ပြေးဆွဲဖို့ ဆုံးဖြတ်လိုက် လေပြီ။ ချက်ချင်းလိုလို လှစ်ခနဲပြေးကာ ပိုင်ပိုင်ကြီး ဆုတ်ကိုင်ရင်း ပြေးလာခဲ့သည်။ မစိမ်းမြက "မအိမ်ကံ မလုပ်နဲ့..." လို့ အော်ရင်း မအိမ်ကံရှေ့က ဆီးတားသည်။ မအိမ်ကံကိုလည်း လုံးဖက်လိုက်သည်။ ကြီးတော်စံရွှေက အခြေအနေမလှကြောင်းသိသည်နှင့် ချွေးခံအကျႌအိတ် ထဲက ပစ္စည်းတစ်ခု ကပျာကယာ ထုတ်ယူလိုက်ပြီး ကွပ်ပျစ်ပေါ် ပစ်ချလိုက်သည်။ မအိမ်ကံက ရှန်းသော်လည်း မစိမ်းမြက မလွှတ်။ ဓားကိုင်ထားသော်လည်း မခုတ်သာ ဖြစ်နေရတော့သည်။




"ရော့...ညည်းပစ္စည်း ညည်းယူ...သာအောင့်သေတ္တာထဲက တွေ့သာ.. ညည်း မငြင်း ပါနဲ့တော့အေ .."

ကြီးတော်စံရွှေက ပြောပြောပြေးပြေး ထွက်သွားသည့်အခါမှာတော့ မအိမ်ကံ ကျောက်ရုပ်တစ်ရုပ်လို တောင့်နေခဲ့သည်။ စကားတစ်ခွန်း မဟနိုင်ခဲ့ဘဲ ဓားမတိုကိုင်လျက်က ငုတ်တုတ် အရှုံးပေးလိုက်ရပါပကော။ ကွပ်ပျစ်ပေါ်ကအရာကို မအိမ်ကံရော မစိမ်းမြပါ ကြည့်နေကြဆဲ။ မအိမ်ကံက ပစ္စည်းကလေးကို တုန်ရီနေသောလက်များဖြင့် ကောက်ယူလိုက် သည်။ မျက်ရည်တွေက တပေါက်ပေါက်။ အံ့သြခြင်းကြီးစွာ နှုတ်ကပင် အသံထွက်သွား ခဲ့ရပါ၏။

"ဘုရား...ဘုရား"

■

www.burmeseclassic.com

(၁၈)

"ဘုရား...ဘုရား..."

ဘုရားကို အကြိမ်ကြိမ် တ,နေမိတာကိုပဲ မအိမ်ကံ နောက်ဆုံးသတိရလိုက်တော့သည်။ အသည်းအဆုတ် တစ်မြုလုံးကို ဘီလူးသဘက်တစ်ကောင် သွားစွယ်ဖြင့် ကိုက်ခဲလိုက်သလို လှပ်ခနဲ ကျင်တက်သွားသည့်ဝေဒနာက ပြင်းလွန်းလှပါ၏။ ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ သည်အရွယ်အထိ မုန်ညင်းတစ်စေ့စာမျှ ထိပါးစော်ကားခြင်း မခံရဖူးသည့် အပျိုစင်မိန်းကလေး တစ်ယောက်အဖို့ရာ စွပ်စွဲချက်တွေက အဆိပ်လူးမြားဒဏ်ကြောင့် တရှိန်ရှိန်ပြန့်လာသော အဆိပ်ဓာတ်များပမာ တစ်ကိုယ်လုံး စီးဆင်းလျက် ရှိလေသည်။ ရှက်ခြင်း၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်းများနှင့်အတူ နာကျည်းခြင်း၊ စက်ဆုပ်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ ပူးပေါင်းသွားကြရာက အမျိုးအမည်မပြောနိုင်သော ခံစားမှုတစ်မျိုး ဦးနှောက်ကို ဆောင့်လိုက်သည်ခဏ မအိမ်ကံလည်း ဖြေချလိုက်သော ခေါင်းခုစုတ်ကဲ့သို့ ခွေခနဲ ပုံကျသွားလေတော့သည်။ မအိမ်ကံ လက်ထဲက မွမွကြေနေသော လက်ကိုင်ဗဝါကလေးသည်လည်း မအိမ်ကံနှင့်အတူပင် မြေပေါ်ကျသွားခဲ့သည်။

မအိမ်ကံကိုတော့ မစိမ်းမြက အလိုက်သင့်ဖက်လိုက်သဖြင့်သာ ပြိုကျမသွားခဲ့ခြင်း ဖြစ်ပါ၏။

"ဟဲ့...ဟဲ့...လုပ်ကြပါဦး...မအိမ်ကံ ငါ့ညီမ သတိထားပါဦး...အထဲက အေးလှတို့ ထွေးတင်တို့ လာကြပါဦးဟေ့..."

မစိမ်းမြအော်သံက ရက်ကန်းခတ်သံ တချောင်းချောင်း၊ ခြုသံ့ တချွင်ချွင်ကြားပေါက် သွားပုံရပါ၏။ ရက်ကန်းခတ်နေသူ မိန်းကလေး သုံး,လေးယောက် ပြေးလာကြသည်။ မအိမ်ကံကို ကွပ်ပျစ်ပေါ် အလိုက်သင့်ပွေ့ချကြကာ ယပ်ခပ်ပေးကြသည်။ တစ်ယောက်က ထုံးနှင့် လျက်ဆားကို လက်ဖဝါးပြင်ချင်း ပူနေအောင်ပွတ်ကာ မအိမ်ကံကို ရှူစေသည်။ မအိမ်ကံခမျာ သတိလက်လွတ်ဖြစ်နေသော်လည်း ဒေါသတွေ အရှိန်ပြေသေးဟန်မတူ။ ရင်ကလေးမောက်ချည် နိမ့်ချည်ဖြင့် အသက်ရှူမမှန်သလိုဖြစ်နေသည်။ ချွေးကလေးတွေ ပြန်တက်လာကာ မျက်နှာတစ်ပြင်လုံး ပုစွန်ဆီရောင်ပြေးလျက်ရှိ၏။ ရှည်သွယ်သွယ် လက်ချောင်းကလေးတွေက



ဖြေမရလောက်အောင် ကုပ်ကုပ်ကွေးကွေး ဆုပ်ထားသည့်အတွက် မစိမ်းမြက အားနှင့်ညှစ်ကာ ဖြန့်ပေးနေရသည်။

"မအိမ်ကံ...မအိမ်ကံ...ငါ့ညီမ...ဟဲ့ တစ်ယောက်ပြေးစမ်း...ရိုးပန်းရုံတို့ မလှအုံတို့ကို သွားပြောချေ...ဖြစ်ရလေအေ...ကြီးတော်စံရွှေဟာလေ...အသက်လည်း ကြီးပါပြီ...ပြောရင်လည်း ငရဲကြီးရော့မယ်...မအိမ်ကံ...ညီမလေး..."

မစိမ်းမြက မအိမ်ကံကိုလည်းခေါ်၊ မအိမ်ကံတို့အိမ်ကိုလည်း အကြောင်းကြားခိုင်း၊ ဒေါ်စံရွှေကိုလည်း အပြစ်တင်လျက် စိတ်တွေ ပူနေရရှာပါသည်။ မအိမ်ကံကတော့ ကြိုးတွေ လျှော့လိုက်သော ရုပ်သေးမင်းသမီးရုပ်ကလေးပမာ ပုံ့ပုံ့ကလေး ငြိမ်သက်လျက်ရှိလေသည်။ မအိမ်ကံတို့အိမ်ကို မိန်းကလေးနှစ်ယောက် ပြေးကြသည်။

■

"မအိမ်ကံ...မအိမ်ကံ...သတိရပြီလား...မအိမ်ကံ...သတိထားလေသမီး...ဖိုးကူး...အိမ်ပေါ်ဘုရားစင်မှာ ပရိတ်တော်ရေပုလင်း တက်ယူစမ်း...လှအုံ...ခါးက ထဘီကို လျှော့ပေး...ဖိုးတုတ် အပြင်ထွက်စမ်း...ဆရာဆောင် သွားပင့်ချေ...ကျေးဥ...အင်္ကျီအပေါ်ကြယ်သီးတံတွေ ဖြုတ်ပေးစမ်းဟဲ့...မြနှစ်က ခေါင်းကို ယပ်ခပ်စမ်း...အေးနေအောင်ခပ်...ငါက သွေးဆေးနံ့ပေးထားမယ်..."

အမေပန်းရုံက သမီး သည်လိုဖြစ်လာလျှင် သည်လိုကုရမည်ဆိုတာ ကြိုသိထားသလို အနားရှိသည့်လူတွေကို အော်ဟစ်နေခဲ့ရှာသည်။ မအိမ်ကံကို မစိမ်းမြတို့ဝိုင်းတိုက်ဆီက လှည်းနှင့် ပွေ့တင်ယူခဲ့ကြခြင်းဖြစ်၏။ မအိမ်ကံ အခန်းပေါ်အရောက်မတင်ဘဲ အိမ်အောက်ထပ် အေးခုတင် ကျယ်ကျယ်ကြီးပေါ် အသာလှဲစေကာ သတိလည်အောင် ပြုစုကြခြင်းဖြစ်၏။ ဖခင်ဖြစ်သူ သူကြီးမင်းမရှိ၍သာ တော်တော့သည်။ ဒါတောင် ပြန်လာလျှင် ဘာပြောဦးမည်မသိ။ ဒေါ်စံရွှေကို ဝိုင်းတိုက်ဘက် နှစ်လုံးပြူးနှင့် လိုက်သွားမှာကိုလည်း ကြောက်ရသေးသည်။ သမီးဖေနှင့် ထင်မိထင်ရာ လုပ်လိုက်ပြန်လျှင် စိတ်မချမ်းသာစရာတွေ ဆက်တိုက်ကြုံရမှာကို အမေပန်းရုံ စိုးပါ၏။ ဖအေပြန်မလာခင် သမီး သတိပြန်လည်ပါစေလို့သာ ပူပူပန်ပန် ဆုတောင်းနေမိရှာသည်။

ကျေးဥက အိမ်ရှေ့ဝင်းတံခါးကြီးကို ပြေးပိတ်သည်။ ယောကျ်ားသားတွေ ဝင်လာမှာ စိုး၍ဖြစ်သည်။ မအိမ်ကံ ဝတ်စားထားသမျှ ဖြေလျှော့ထားသည်မဟုတ်လား။ ဆရာဆောင် ကြွလာကာနီးမှ လုံလုံခြုံခြုံ ပြန်ဝတ်ကြသည်။

"သမီး...မအိမ်ကံ...သတိရပြီလားသမီး...မအိမ်ကံ...ကလေးမ"

ဖောင်ချမ်းကုန်းတစ်ရွာလုံး မအိမ်ကံတစ်ယောက် သတိမေ့သွားလို့တဲ့ဆိုသည့်စကားက စ,ကာ မစိမ်းမြတို့ဝိုင်းတိုက်ထဲမှာ ဒေါ်စံရွှေနှင့် ခွန်းကြီးခွန်းငယ်ပင် ဖြစ်ကြသည့်အကြောင်း၊ ဖြစ်ရသည့်အကြောင်းကလည်း မအိမ်ကံ၏လက်ကိုင်ပဝါကို ဒေါ်စံရွှေသား မောင်သာအောင့် သေတ္တာထဲက တွေ့၍ဖြစ်ကြောင်း၊ ဖက်စိမ်းကွမ်းတောင်ကိုင်ခွင့်ရသူကိုမှ သားများနှင့် လက်ဆက်စေခဲ့သူဆိုတော့ မအိမ်ကံနှင့် သဘောမတူသည့်စကားကို ရက်ရက်စက်စက် ပြောခဲ့သည့်အကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံခမျာ ခိုးတုတ်ခိုးထည်ဖြင့် အမိခံလိုက်ရသကဲ့သို့ ခွန်းတုန့်မပြန်နိုင်ရှာဘဲ ခေါင်းငုံ့ခံခဲ့ရသည့်အကြောင်း...စသည်ဖြင့် အကြောင်းပေါင်းများစွာတို့သည် လေပွေမွှေ့ရာ ပါလာသည့် ရွက်ခြောက်များကဲ့သို့ ဆောက်တည်ရာမရ ရှိနေခဲ့သည်။

တချို့ကလည်း သည်စကားတွေကို နားမဝင်ကြပါ။ မအိမ်ကံ၏ ကာယိန္ဒြေနှင့် ကိုယ်ကျင့်တရားကို ယုံကြည်ကြ၍ဖြစ်၏။ မအိမ်ကံနှင့် မောင်သာအောင် ဘယ်လိုမှ အကြောင်းဆက်စပ်၍ မရကြဘဲ ဒေါ်စံရွှေကိုသာ အပြစ်တင်ကြသည်။ သို့သော်လည်း ထောင့်စွန်းမှာ ပိုးချည်ဖြင့် မအိမ်ကံလို့ ထိုးထားသော လက်ကိုင်ပဝါတစ်ထည်က ဘာကြောင့် သာအောင့်သေတ္တာထဲ ရောက်ရသလဲဆိုတာကိုတော့ မည်သူမှ ကျေနပ်လောက်အောင် ရှင်းမပြနိုင်ကြ။ အပျို့လက်ကိုင်ပဝါတစ်ထည် လူပျို့သေတ္တာထဲ ရောက်နေရသည်ဆိုတာကပင် ပဟေဠိဆန်သော ပုစ္ဆာတစ်ပုဒ်ပင်။ သည်ကိစ္စက ကာယကံရှင်များဖြစ်သော မအိမ်ကံမှပဲ သိလိမ့်မည်။ မောင်သာအောင်မှပဲ သိလိမ့်မည်။

ဆရာဆောင် ကြွလာတော့ မအိမ်ကံကို ကြည့်သည်။ လက်သွေးကြောစမ်းသည်။ ဆံပင်ကို ဖြန့်စေကာ စောင်ပါးပါးတစ်ထည် လွှားစေသည်။ မိန်းမပျိုဆိုတော့ အမြင်တင့်တယ်အောင် အရင်ဆောင်ရွက်ခြင်းဖြစ်၏။ ဆရာဆောင်က မလှအုံ့ကို ဆေးမှုန့်တစ်မျိုးကို စက္ကူလိပ်သေးသေး ကတော့ထိုးစေကာ နှာမှုတ်စေသည်။

"အလွန်ပြင်းသဲ့ နှာမှုတ်ဆေးပေါ့ကွယ်...မိန်, ဆေးဒန်း, ကန့်နဲ့ ဟင်းရိုင်းများနဲ့ ဖော်ထားသာ...အာကာသ မရသူ၊ မူးမေ့သူ၊ သတိလစ်သူ၊ အကြောတက်သူ၊ ဝက်ရူးကြက်ရူးပြန်သူ၊ မီးယပ်သွေးတက်သူတွေ ဒါသုံးသာပဲ...ယုတ်စွပြောရစေတော့ စုန်းတစ္ဆေပူးရင်တောင် လွင့်စင်သာဗျား...အာဂမှတ်လို့..."

မှန်လည်း မှန်ပါ၏။ မလှအုံ့က နှာမှုတ်သွင်းပေးလိုက်သည့်တစ်ခဏ မအိမ်ကံ အင်းခနဲ ညည်းကာ လှုပ်လာသည်။ မျက်လုံးတွေတော့ မပွင့်ကြသေး။ ချွေးတိတ်သွားရာက အေးစက်နေသော မအိမ်ကံမှာ ဆေးအာနိသင်ကြောင့် ချွေးကလေးများပင် စို့လာခဲ့သည်။ ဆရာဆောင်က လိမ်းဆေး၊ ရှုဆေး၊ မှိုင်းဆေး ဟူ၍ သုံးမျိုးပေးသည်။ မှိုင်းဆေးကတော့ မှိုင်းခံ၍ ရှုစေရန်ဖြစ်သည်။ လျှာပွတ်ဆေးခွဲ့သည့်အခါ မအိမ်ကံမျက်လုံးတွေ ပွင့်လာခဲ့လေပြီ။ သတိလည်လာတာတော့ ဟုတ်ပုံမရ။

"သမီး မအိမ်ကံ...သတိရပြီလား...အမေလေ...အမေပန်းရုံ...သိသလား"

ဆရာဆောင်က နံ့သာဖြူရည်ကဲ့ဖြင့် လိမ်းရမည့်ဆေးတွေပေးခဲ့သည်။ ရင်အုပ်ဆေး၊ ရင်လူးဆေးပေးခဲ့သည်။ ခြေဖဝါးတွေကို လက်မသန်သန်ဖြင့် ထောက်ရင်း မအိမ်ကံကို အကဲခတ်နေခဲ့သည်။ တစ်ချက်အထောက်မှာတော့ 'အမေရေ...'လို့ ညည်းရင်း မအိမ်ကံသတိလည်လာခဲ့ပါ၏။

"အမေ...အမေပန်းရုံ"

အသံက ဖျော့တော့လွန်းလှပါ၏။ ဆရာဆောင်က လက်ကောက်ဝတ်ကို စမ်းပြန်ကာ ပြုံးလေသည်။ သွေး၊ လေ၊ သလိပ်၊ သည်းခြေ ပုံမှန်ဖြစ်ပါပြီဟု ကတိပေးသည်။ ပါးစပ်ကလည်း တတွတ်တွတ် ရွတ်နေခဲ့ပါ၏။



"မလိုမုန်းထား၊ ရန်သူငါးနှင့်၊ ရှစ်ပါးဒေါသ၊ ဒဏ္ဍာတစ်ဆယ်၊ နှိပ်နယ်သက်ခတ်၊ ဥပါဒ်ဆယ့်ခြောက်၊ လန့်ကြောက်တုန်အေး၊ ဘေးတစ်ဆယ့်ငါး၊ အများဆက်ဆံ၊ ကံသုံးဆယ်နှင့်၊ စီစစ်ထွေလာ၊ နာကိုးဆယ့်ခြောက်၊ ဂယောက်ဂယက်၊ အိပ်မက်တပေါင်၊ နားထောင်စနည်း၊ ကမ္ဘည်းအတိတ်၊ နမိတ်နမက်၊ အချက်မကင်းတာမှန်သမျှ ရှင်းပါစေဗျား...အသွားချွတ်ယွင်း၊ ပူပြင်းသောက၊ ဗျာပါရနှင့်၊ ဒုက္ခစွန်းငြိ၊ ရောက်ရှိစစ်လည်း၊ ဆံချည်မျှခြမ်း၊ မျှမသမ်းအောင်...တနင်္ဂနွေဂြိုဟ်မင်း မ, စေဗျား..."

ဆရာဆောင်က သည်နယ်တစ်ကြောမှာ ဓာတ်ဆရာအဖြစ် ကျော်စောသည်။ ကြည်တော်ကုန်းရွာက ဆရာကြည်ကတော့ ဆေးဖော်၍ကုသော ဆေးဆရာဖြစ်၏။ ဆရာဆောင်ပြန်ကြွသွားချိန်မှာတော့ မအိမ်ကံ သတိကောင်းစွာရနေပြီ။ အမေပန်းရုံက ဆရာဆောင်ကို ကွမ်းပုဆိုးတစ်ထည် ကန်တော့သည်။ ငွေအစိတ် ကန်တော့လိုက်သည်။ မအိမ်ကံကတော့ ပက်လက်ကလေး လှဲနေရာက မျက်ရည်တွေ ခေါင်းအုံးပေါ် စီးကျအောင် ငိုလျက်ရှိ၏။ အသံတော့ မထွက်ရှာပါ။ မအိမ်ကံ စိတ်ချလက်ချကြီး ရှိပါပြီဆိုမှ အမေပန်းရုံနှင့် မလှအုံ့တို့ အသာထွက်လာခဲ့ကြသည်။ မအိမ်ကံ ခံစားမှုရှိသလောက် ခံစားလိုက်ရလျှင်တော့ စိတ်ကလေးပေါ့တန်ကောင်းရဲ့ထင်ကာ မနီးမဝေးမှာ သွားနေကြခြင်းဖြစ်ပါ၏။

ကျေးဥကိုတော့ မအိမ်ကံ အနားမှာပဲ နေစေသည်။ မအိမ်ကံ ငိုတော့ ကျေးဥလည်း ငိုချင်သည်။ သည်ပြဿနာတွေက သူသယ်လာတာမဟုတ်လား။ သာအောင်က တွေ့ချင်သည် ဆိုသည့်စကားကို ကျေးဥပဲ သယ်လာခဲ့သည်။ မအိမ်ကံက တွေ့ဖြစ်အောင် တွေ့မည်ဆိုတော့လည်း ကျေးဥ တားခဲ့ပါသေးသည်။ ဒါပေသိ မအိမ်ကံကို ကျေးဥ လွန်ဆန်ဝံ့တာမဟုတ်။ သူရင်းတိုင်နှင့် သူရင်းငှားလိုဘဝမှာ မအိမ်ကံ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ပေးဖို့ကလွဲလျှင် အခြားမရှိ။ သည်လိုနှင့် စိုက်ခင်းတွေထဲက တဲဟောင်းတစ်လုံးမှာ တွေ့ဖြစ်ခဲ့ကြတာကိုလည်း ကျေးဥ သတိရမိပါ၏။ မအိမ်ကံနှင့် သာအောင် ဘာတွေပြောကြလို့ ဘာတွေပေးကြတာတော့ ကျေးဥ အကုန်အစင်မသိရိုးအမှန်။ အခု ရွာထဲမှာ သတင်းတွေပြေးနေသလို မအိမ်ကံနှင့် သာအောင်တို့ တကယ်ကော ချစ်သူတွေဖြစ်နေကြရော့လား။ ဒါတော့လည်း ကျေးဥ လက်မခံချင်။ မအိမ်ကံ၏ စိတ်နေစိတ်ထားနှင့် အနေအထိုင်ကို သူသိနေတာပဲမဟုတ်လား။ ဒါဖြင့်ရင် မအိမ်ကံ၏ လက်ကိုင်ပဝါကလေးတစ်ထည် သာအောင့်သေတ္တာထဲ ဘယ်လိုလုပ်ရောက်နေရတာပါလိမ့်။ ဒါတော့ ကျေးဥ ဉာဏ်မမီ။

မအိမ်ကံမှာ မြို့ကဝယ်ထားသော ပိုးချည်လုံးကလေးတွေ ရောင်စုံရှိသည်။ တစ်ကွင်းကျဉ်း တစ်ကွင်းကျယ် ခွင်ကျစွပ်နိုင်သော ကြိမ်ကွင်းကလေးလည်းရှိသည်။ ကွင်းကျဉ်းပေါ်မှာ ပိတ်စကလေးအုပ်၊ ကွင်းကျယ်ဖြင့် စွပ်လိုက်သည့်အခါ ပိတ်စက အဝိုင်းလိုက် တင်းသွားသည်။ သည်အပေါ်မှ ခဲနီပြာဖြင့် နာမည်ကလေးတွေ၊ ပန်းပွင့်ကလေးတွေ၊ လိပ်ပြာကလေးတွေ အရာပေးသည်။ သည်အရာပေါ်မှာ စိတ်ကြိုက်ပိုးချည်ရောင်စုံကလေးများဖြင့် ကင်းခြေလိုက်သလို စာဖော်သည်။ အရုပ်ဖော်သည်။ မအိမ်ကံ၏ ခေါင်းအုံးစွပ်ဖွေးဖွေးမှာ ပိုးချည်ဖြင့်ထိုးထားသော မအိမ်ကံဆိုသည့် စာလုံးကလေးတွေ ထိုးထားတတ်သည်။ အောက်တစ်တန်းမှာတော့ သစ်ခက် သစ်နွယ်ကလေးတွေ၊ နှင်းဆီပွင့်လို ပန်းပွင့်ကလေးတွေပင် ပါသေးသည်။ မအိမ်ကံသုံးသော

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပဝါဖြူဖြူကလေးတွေမှာလည်း သည်လိုပင် စာလုံးကလေးတွေ ပါနေကျပင်။ အထူးသဖြင့် လက်ကိုင်ပဝါထောင့်စွန်းကလေးတွေမှာ ထိုးတတ်ပါ၏။

အခုတော့ မအိမ်ကံတစ်ဦးတည်းသာ ကိုင်တတ်သော နာမည်ထိုးလက်ကိုင်ပဝါတစ်ထည် သာအောင့်ဆီမှာ ရှိနေခြင်းသည် လူအများ ဝေခွဲမရသည့် ပြဿနာဖြစ်နေသည်။

"ကျေးဥရယ်...ငါ တစ်ခါတည်း သေသွားရင် ကောင်းသား..."

ကျေးဥတွေးနေတုန်းမှာ မအိမ်ကံဆီက ထွက်လာသောအသံ ဖြစ်ပါ၏။ ကျေးဥဝမ်းသာသွားသည်။ မအိမ်ကံ စကားတွေပြောပြီ။ ခပ်လှမ်းလှမ်းက အကဲခတ်နေကြသော အမေပန်းရုံနှင့် မလှအုံတို့ကလည်း မအိမ်ကံကို လှမ်းကြည့်ကြကာ ဝမ်းသာနေကြသည်။

"သမီးမအိမ်ကံ...နေကောင်းရဲ့လား...စကားတွေ မပြောပါနဲ့ဦး သမီးရယ်...နေကောင်းထိုင်သာရှိတော့ ပြောသာပေါ့..."

အမေပန်းရုံနှင့် မလှအုံတို့ အနားရောက်လာကြသည်။ မအိမ်ကံ နဖူးကလေးကို စမ်းကြည့်ကြသည်။ ဆေးငွေ့ကြောင့် နွေးတေးတေးခံစားရသည်။ မအိမ်ကံဆီက စကားသံ တိတ်သွားပြန်၏။ ကျေးဥကို စကားပြောပြီး မအေကို စကားမပြောတော့လည်း အမေပန်းရုံ စိတ်မောရပြန်ပါ၏။ သမီးဖြစ်သူကများ နားကျည်းသွားလေပြီလား။ သမီးဖြစ်သူခမျာ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ရွာကာလသားတစ်ယောက်နှင့် အစွပ်စွဲခံခဲ့ရသည်။ ဖက်စိမ်းကွမ်းတောင်ကိုင်ဖြစ်စရာအကြောင်းမရှိတော့တာကို သိသွားခဲ့ပြီ။

နှစ်ခုစလုံးပင် မအိမ်ကံအတွက် ကြီးမားသောထိခိုက်မှု ဖြစ်ခဲ့ရသည်။ သာအောင်နှင့် ကိစ္စကိုတော့ အမေပန်းရုံ အပ်ကျမတ်ကျ မပြောနိုင်။ ပီလောပင် ပက်ကျိတက်...ချော်ချင်လည်း ချော်မည်။ ရောက်ချင်လည်း ရောက်မည်။ ခေတ်အခါက မိန်းမချင်း ပေါင်တင်၊ လုလင်ချင်း ပန်းတောင်းသည့်ခေတ်မဟုတ်လား။ ကိုယ့်သမီးကလေးတော်လှ တော်လှ၊ ယောင်းမမြင်းစီး ထွက်နေတာ မသိလိုက်တာတွေလည်း ရှိတတ်လေတော့ မိုးလင့်၍ ပျိုးရင့်ရတာမျိုး ရှိတတ်ပါ၏။ ဖနောင့်ချော်လေသမျှ တင်ပါးဒဏ်ခံဆိုသလို မိဘဆိုတာကလည်း သားသမီးမကောင်းသမျှ ရင်စည်းခံကြရစမြဲပင်။ သို့သော် သမီးဖြစ်သူကို အမေပန်းရုံ ယုံကြည်ပါ၏။ သည်သမီးကလေးနှင့် သည်မိဘ တစ်ရေအိုးတည်း တစ်မှုတ်တည်း သောက်ခဲ့ကြသူတွေ။ ပြီးတော့ အချို့မိန်းကလေးတွေလို ဆန်ကောမမည် ဆန်ကာမမည်မဟုတ်။ တင်းပြည့်တောင်းပြည့် ပဲပြည့်ဆီပြည့် နေနိုင်သည့် မိန်းကလေး။ ဝိုင်းတိုက်ထဲက ထွက်လေ့ရှိသူမဟုတ်တာလည်း မိခင်တစ်ယောက် အနေဖြင့် သိထားပါ၏။ သည်လိုဆိုတော့ မောင်သာအောင့်ကိစ္စက တစ်စုံတစ်ရာ လွဲချော်မှုသာ ဖြစ်လိမ့်မည်။

ဖက်စိမ်းကွမ်းတောင်ကိုင်ဘဝ မရနိုင်သည့်အခြေအနေကတော့ သမီးကလေး မွေးပါပြီဆိုကတည်းက မဖြစ်နိုင်မှန်း သိခဲ့သူတစ်ယောက်အနေဖြင့် သည်ကိစ္စ သည်လိုပဲပြီးသွားလိမ့်မည် ထင်ခဲ့သည်။ သူကြီးသမီးမို့ တင့်တောင့်တင့်တယ်ဘဝမှာ နေရမှတော့ ဖက်စိမ်းကွမ်းတောင်ကိုင်ဘဝကို တပ်မက်စရာအကြောင်းမမြင်။ ဒါပေသိ သမီးက ထင်သလိုဖြစ်မလာ။ စာဥမို့ ဒေါင်းအုပ်ရတာ ကိစ္စမရှိသော်လည်း ဒေါင်းဥကို စာအုပ်ရတာမျိုး ဖြစ်လာတော့ မိခင်ပီပီ ပူရပြီ။ မနိုင်ရင်ကန်တွေ ဖြစ်လာမှာစိုးခဲ့သည်။ စိုးသော်လည်း ဖြစ်လာခဲ့ပါပကော။

သမီးကိုကြည့်ပြီး အမေပန်းရုံ ရင်နာနေမိပါ၏။ မျက်လုံးတွေစုံမှိတ်ထားသော်လည်း ခံစားရသည့်ဝေဒနာက ကြီးလွန်းလှပုံရသည်။ မလှအုံခမျာလည်း မအိမ်ကံဘေးမှာ ကျောပေးထိုင်ရင်း မျက်ရည် တွေတွေကျနေရှာပါ၏။ ကျေးဥကတော့ကော...။ ကျေးဥကလည်း ငိုပါသည်။

မအိမ်ကံအပါးက အမေပန်းရုံ ထလာခဲ့သည်။ မလှအုံကလည်း တော်ရာ ထသွားခဲ့သည်။ ကျေးဥကတော့ မအိမ်ကံကို ဆေးလူးပေးရဦးမည်။ မအိမ်ကံကို တစ်ညလုံး စောင့်ပေးရဦးမည်။

"ကျေးဥ...အမေပန်းရုံ စိတ်ဆင်းရဲနေသလားအေ...အကုသိုလ်က မအိမ်ကံမှ လာပြီးထမ်းပိုးတိုးနေသာကို စိတ်မကောင်းသာပါ...သာအောင့်ကိစ္စမှာလည်း ငါ့အပြစ်မပါပါဘူး...ဖက်စိမ်းကွမ်းတောင် ကိုင်ခွင့်မရှိဘူးဆိုတာလည်း ငါ့အပြစ် မပါပါဘူးအေ...သည်ကနေ့အထိ မအိမ်ကံ စိတ်နဲ့တောင် အကုသိုလ်မမွေးမိပါဘူး..."

ကျေးဥက မအိမ်ကံမျက်နှာကလေးကို ငေးကြည့်နေခဲ့မိသည်။ မအိမ်ကံပြောတာ အမှန်ပင်။ မအိမ်ကံက စိတ်ကောင်းနှလုံးကောင်းရှိသည်။ သွက်လက်ဖျတ်လတ်သည်။ တောသူချင်းဆိုဦးတော့ မအိမ်ကံက ဒင်ကမော် ခေါင်ကချိုးပေလိမ့်ဆိုသူဖြစ်သည်။ သာအောင့်ကိစ္စမှာ သူ့အပြစ်မရှိပါဆိုတာကို ဖွင့်ပြောလာတော့လည်း ကျေးဥ ယုံပါ၏။ မအိမ်ကံက ဆိုခဲ့စေ မြဲစေမဟုတ်လား။

ထိုညက ဦးသာထန် အိမ်အပြန်နောက်ကျသည်။ ဦးသာထန် အိမ်ကိုရောက်လာတော့ မအိမ်ကံ သူ့အခန်းရှိရာ အပေါ်ထပ်ကို ရောက်နေခဲ့ပြီ။ ကျေးဥက တံခါးကို ဂျက်ကျအောင် ပိတ်ထားသည်။ ဖိုးကူးနှင့် ဖိုးတုတ်ပါ အပေါ်မတက်စေရဘဲ မအိမ်ကံကို ဆေးလိမ်းဖို့ပြင်သည်။ မအိမ်ကံက ကျေးဥကိုပင် ရှက်နေသဖြင့် တောင်းတောင်းပန်ပန် လိမ်းပေးရပါ၏။ သည်တစ်ခါတော့ ကျေးဥက သူ့ရင်ထဲရှိသည့်စကားကို ပြောရှာသည်။

"မအိမ်ကံရယ်...ငါစိတ်မကောင်းသာက သာအောင့်ကိစ္စပါအေ...သာအောင့်ကိစ္စက ငါသယ်လာသဲ့ ဇာတ်ထုပ်မဟုတ်လား...ပြုမိလေခြင်းရယ်လို့ ငါ့မှာ စိတ်ရောက်တိုင်း စိတ်မချမ်းသာဘူး...ရွာကသာသိရင် ငါ့ကို အပြစ်တင်ကြမှာ...မအိမ်ကံခမျာ စုန်းကို သားကင်ခိုင်းသယ်ရယ်လို့လေ..."

"ကျေးဥရယ်...ညည်းနဲ့မဆိုင်ပါဘူးအေ...မအိမ်ကံက အစ်ကိုမြတ်သာကို ရွှေလှူချင်သယ်...အစ်ကိုမြတ်သာကလည်း စာနဲ့မှာတော့ စာနဲ့လက်ကောက်တွေကို မအိမ်ကံရဲ့ လက်ကိုင်ပဝါနဲ့ ထုပ်ပြီး အိတ်ရှို့ထဲထည့်ပေးလိုက်ရုံပါ...သာအောင်က အစ်ကို့ကို ရွှေတွေတော့ပေးလိုက်ပါရဲ့...လက်ကိုင်ပဝါကို ယူထားလိုက်သာနေမှာ...သည်တစ်ချက်ပဲရှိသယ်...ဒါပေမဲ့ ငါ့မှာ ညည်းကိုပဲ ရှင်းပြနိုင်သာမျိုးမဟုတ်လား...ညည်းဝမ်းထဲသာ ထားပါတော့အေ..."

သည်တစ်ခါ သွေးဆူသွားသူက ကျေးဥဖြစ်သည်။ သည်လောက်တောင် ယုတ်မာရသလား သာအောင်ရယ်လို့လည်း တွေးမိသည်။ မအိမ်ကံကို သူ့သားနှင့် စွပ်စွဲသူကလည်း ကြီးတော်စံရွှေ။ ဖက်စိမ်းကွမ်းတောင်မကိုင်ရသည့် မိန်းကလေးအဖြစ် ပထမဆုံး ဖွင့်ပြောခဲ့သူကလည်း ကြီးတော်စံရွှေ...။ မအိမ်ကံဆီက စကားသံထွက်လာပြန်၏။

"ကျေးဥ...အလှူရက်က ဖိန်းနွှဲခါနေဝ်..."

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်သယ်...သန်ဘက်ခါအလှူဝင်...ဖိန်းနွဲခါ အလှူကြီးလှည့်..."

"ဖက်စိမ်းကွမ်းတောင်ကိုင် ဘယ်သူသွဲ့တုံး ကျေးဥ..."

ကျေးဥငြိမ်သွားခဲ့သည်။ ခုမှတော့လည်း ကျေးဥ မပြောလို့မဖြစ်တော့။ သို့သော် မပြောရက်သလို နှုတ်တွေဆွံ့နေခဲ့ပြန်သည်။ မအိမ်ကံရယ်...မအိမ်ကံသာ ဖက်စိမ်းကွမ်းတောင်ကိုင် ဖြစ်လိုက်ပါတော့လား။ လှလိုက်မယ့်ဖြစ်ခြင်း။ ကျက်သရေရှိလိုက်မယ့်ဖြစ်ခြင်း။ မအိမ်ကံနှင့် လိုက်ဖက်တဲ့ ဒေါင်းစိမ်းထဘီ၊ ဒေါင်းစိမ်းလက်ရှည်ရင်ဖုံးကလေးနဲ့ဆိုရင် ဘယ်လောက်များ လှလိုက်မလဲ မအိမ်ကံရယ်...။

"ကျေးဥ...မေးနေသယ်လေ...ဖက်စိမ်းကွမ်းတောင် ဘယ်သူကိုင်ရသာတုံးလို့..."

"ရွှေမှုံ..."

"ဘယ်သူရယ် ကျေးဥ..."

"ရွှေမှုံ"

"ရွှေမှုံက မိစုံဖစုံ ငယ်လင် ငယ်မယားက မွေးသာပေါ့လေ...သည်တော့ဖြစ်ကရောပေါ့ ဟုတ်လား ကျေးဥ...ငယ်လင် ငယ်မယားမဟုတ်တော့ကော ဇနီးခင်ပွန်း မဟုတ်ရတော့ဘူးသဲ့လား...ဥုံမပါသဲ့ဂါထာက မစွမ်းရတော့ဘူးသဲ့လား...ချိုကုပ်သာနဲ့ ပဲနပျင်း (နွားပျင်း) ဖြစ်ရရောလား...မမစိမ်းမြတုန်းကလည်း သည်လိုပဲ... အလှူရက်လူသေလို့ ရက်ရွှေ့ရသာနဲ့ လာဘ်ဦးလွဲရသဲ့...ကျေးဥရယ်...ဒါတွေ ဘယ်သူကများ လုပ်ခဲ့သာလဲ အေရယ်..."

မအိမ်ကံ၏ အသံက တုန်လှိုက်နေသောအသံ ဖြစ်သည်။

"မသိပေါင်တော်...ငါလဲ အဲသဟာ တွေးနေသာပါ"

ကျေးဥက မအိမ်ကံကို အဝတ်အစားတွေ ကူဝတ်ပေးသည်။ နွေးနွေးထွေးထွေး ဖြစ်အောင် ပင်နီထည်ချည်ပွလက်စကနှင့် ရက်ကန်းကျထဘီကလေး ဝတ်စေသည်။ ဆေးအရှိန်ကြောင့် ထင်ပါ၏။ မအိမ်ကံ ငြိမ်ကျသွားသည်။ အိပ်ပျော်တာတော့ ဟုတ်ချင်မှဟုတ်မည်။ မှိန်းနေတာလည်း ဖြစ်နိုင်သည်။ ဝမ်းနည်းနေတာလည်း ဖြစ်နိုင်သည်။ တဘက်စောင်ပါးပါးကလေး လွှားပေးခဲ့ကာ ကျေးဥ အသာဆင်းလာခဲ့သည်။

သည်အချိန်မှာပင် ငှက်ကြီးတစ်ကောင်က ဖွင့်ထားသောပြတင်းပေါင်ပေါ်မှာ လာနားခဲ့သည်။ ငှက်ကြီးက မျက်လုံးတွေမှိတ်ထားသော မအိမ်ကံကို စိုက်ကြည့်နေခဲ့ပါ၏။ ပြီးမှ အသံမပြုဘဲ ထပျံသွားခဲ့သည်။ ငှက်ကြီးထပျံပြီးတဒင်္ဂမှာပဲ မအိမ်ကံ မျက်လုံးတွေ ပြန်ပွင့်လာခဲ့ပါ၏။ ကျေးဥက သူ အိပ်ပျော်သွားသည်အထင်ဖြင့် ထ,သွားခြင်းဖြစ်မည်။ တကယ်တော့ မအိမ်ကံ အိပ်မပျော်ပါ။ ထိုညကစ၍ မအိမ်ကံ တစ်သက်လုံး အိပ်ပျော်နိုင်စရာ မရှိတော့ဟုပင် ထင်သည်။ နေဝင်ရီတရော တစ္ဆေခြောက်သကဲ့သို့ ခြောက်လှန့်နေသည့်အဖြစ်ကို မေ့မပစ်နိုင်ပါ။

မအိမ်ကံ မြင်နေရသော ပြတင်းကွက်ကွက်ကလေးမှာတော့ အမှောင်သည် ကျိုင်းအုပ်ကြီးကျသလို ကျလာခဲ့လေသည်။

■




"ငါတို့မိဘများမတိုင်ခင် ဘိုးကြီး ဘွားကြီးများ...ဘေးကြီး ဘေးမကြီးများ မတိုင်ခင်ကတည်းက ရှိသယ့်စည်းကမ်း ပြောပါတော့ မအိမ်ကံရယ်...တစ်နယ်နဲ့တစ်နယ် တူချင်မှလည်းတူမယ်...တူချင်လည်းတူမှာပေါ့...ဖက်စိမ်းကွမ်းတောင်ဆိုသာက သည် အလှူပွဲကြီးအတွက် မင်္ဂလာယူပြီး ထိုးရသယ့်ကွမ်းတောင်...သစ်သားကို ခုတ်ပြီး လုပ်ထားသယ့် ရွှေကွမ်းတောင် ငွေကွမ်းတောင်များကတော့ အပျိုမှန်ရင် သင့်တင့်သလို ခေါင်းခေါက်ရွေးနိုင်ပေသိ ဖက်စိမ်းကွမ်းတောင်ကတော့ ငါတို့ရွာများမယ် အပျိုဖြစ်ရုံနဲ့ ချောလို့လှလို့ဆိုသာနဲ့ မဖြစ်ဘူး...ဒါဖြင့် ဘယ်လိုအပျိုမှ ကိုင်ရမယ် ရယ်လို့ စည်းကမ်းချက်ချထားသာလည်း မရှိပါဘူး...သို့ပေသိ အဓိကကျသဲ့ အချက်ကလေးတွေတော့ ရှိသယ်...အရေးကြီးသယ်ပေါ့အေ"

မအိမ်ကံ နေကောင်းလာသည့်မနက်က အိမ်လုပ်ဆန်ပြားသုပ်ကလေး တက်ကျွေးရင်း မလှအုံက ပြောပြနေခြင်းဖြစ်သည်။ မအိမ်ကံက မနက်စောစောကြီး နိုးနေခဲ့သည်။ ကျေးဥကတော့ သူ့ထက်ပင် စောစောနိုးကာ အောက်ထပ်ထမင်းအိုးချောင်၊ ဟင်းအိုးချောင် ဝင်နှင့်ရပြီ။ မအိမ်ကံက အိမ်ပေါ်မှာပဲ ဝရန်တာဘက်ထွက်ပြီး မျက်နှာသစ်သည်။

မအိမ်ကံတို့ရွာတွေမှာ ဆန်ပြားသုပ်စားသည့် ဓလေ့ရှိသည်။ ဆန်မုန့်နှစ်ကို ဒန်အိုးဖုံးပေါ် ပါးပါးလောင်းထည့်ကာ ရေနွေးဖြင့် ပေါင်းခံသည်။ ထိုဆန်ပြားပေါင်းခံထားသည့် မုန့်ယှက်ကို ကတ်ကြေးဖြင့် အနေတော်ညှပ်ကာ မြေပဲမှုန့်၊ ဆီနီ, ဆီဝါ၊ ပဲမှုန့်၊ ငံပြာရည်တို့နှင့် နယ်ကာ စားကြခြင်းဖြစ်သည်။ တောရွာအဖို့ရာတော့ သရေစာကောင်းပင်။ ဆန်ပြားကတ်ကြေးကိုက် အငွေ့တထောင်းထောင်းက မြေပဲမှုန့်၊ ဆီချက်နှင့် ကြက်သားဖတ်ကလေးတွေ ရောနယ်ထားသော မနက်ခင်းစာ ဖြစ်ပါ၏။ မအိမ်ကံ စားနေတာကိုကြည့်ရင်း မအိမ်ကံအမေးကို ဖြေနေရခြင်း ဖြစ်ပါ၏။

"သည်လိုအေ...သည်အပျိုမှာ မိစုံဖစုံ သက်ရှိထင်ရှားရှိရဲ့လား...ရှိရင် ငယ်လင် ငယ်မယား ဟုတ်ရဲ့လားဆိုသာ ကြည့်သယ်...နောက်တစ်ချက်က ရုပ်ရည်...သနရုပ္ပ ရှိရင်ဖြစ်သယ်...စက်နေအောင်လှမှ ရွာမှာ အချောဆုံး အလှဆုံးဆိုမှ ကွမ်းတောင်ကိုင်ဖြစ်သယ်လို့ လူတွေထင်နေကြသာ...မလိုပါဘူး...ရုပ်ရည်ပြေပြစ်သယ်... ကြည့်ပျော်ရှုပျော်လောက် ချောသယ်ဆိုရင်လည်း ဖြစ်သာပဲ...နောက် ဖက်စိမ်းကွမ်းတောင် ကိုင်ရမယ့် မိန်းကလေးရဲ့ မိဘများက ရေမျောကမ်းတင် တုံးမှီတိုင်ကပ်ဆိုလည်း မဖြစ်ဘူး...ဥစ္စာပစ္စည်း အသင့်အတင့်ရှိရသယ်...စားနိုင်သောက်နိုင်ရှိရသယ်...ကုန်းကောက်စရာမရှိသဲ့ သူရင်းငှားသမီးက ထ,မဖြစ်ဘူး...အချမ်းသာကြီး မဟုတ်သော်မှ ကျီနဲ့ပုတ်နဲ့ လှည်းနဲ့နွားနဲ့တော့ ရှိရမှာပေါ့..."

"ပြောပါဦး မလှအုံ..."

"တစ်ချက်က ဆွေဂုဏ်မျိုးဂုဏ်ရှိရသယ်...ဆွေဂုဏ်မျိုးဂုဏ်ဆိုသာ ဆွေမျိုး ပေါများသာဆိုတာထက် ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ကြသဲ့ လူရှိသေရှင်ရှိသေ ဆွေမျိုးကလည်း ရှိပါဦးမှ...ဦးလေးက ဖဲသမား အဒေါ်က ပခြုပ်သယ် ဆိုသလိုမျိုးကတော့ ဝေလာဝေးပေါ့..."

"ပခြုပ်သယ်ဆိုသာ ဘာလဲ မလှအုံရဲ့"

"သြော်...ပခြုပ်သယ်ဆိုသာ ဟိုဒင်းအေ...ပခြုပ်တို့ ဖာတို့ ပလုံးတို့လေ..."

www.burmeseclassic.com

www.burmeseclassic.com

"သြော် သြော်...သိပြီ...ဆက်ပြော"

"အဲသာပေါ့...အမျိုးထဲ ပဆစ်ကိုင် ဖဲကိုင် ကက်ကိုင်တွေနဲ့ချည်းဆိုတော့လည်း မကောင်းဘူးပေါ့အေ...အမျိုးထဲ ပခြုပ်သယ်လည်း ပါရဲ့...မိန်းမရှုင်လည်း ပါရဲ့...မိန်းမပေါ့လည်း ပါရဲ့ဆိုလို့လည်း မဖြစ်ဘူး...သဘောကအေ...မိန်းကလေးက ဘယ်မျိုးဘယ်ဆွေထဲကတုံး...ဘယ်ပင်စည်ကထွက်သဲ့ အကိုင်းအခက်တုံးဆိုသာများ အင်မတန်ကြည့်ကြသာ...ဒါကြောင့် တောသူတောင်သားများ မဟုတ်သာမလုပ်ဝံ့ကြဘူး...ယောကျ်ားသားများ ဆိုးဝံ့ဦးတော့ မိန်းမသားတွေက အမြှောင်ကပ်ပါးမလုပ်ဝံ့ကြဘူး...ချိန်စဉ်းလည်း တင်းစဉ်းလည်း မရှိဝံ့ကြဘူး...အမျိုးထဲမှာ ဈေးသည်မခံတောင်းလို စုံစီနဖာ ရှိကြသာပေမယ့် မသန့်မရှင်း မရှိရဘူးပေါ့အေ..."

မအိမ်ကံက ရွာထဲရပ်ထဲ ဆွေထဲမျိုးထဲ သည်လိုကြီးခဲ့ရတာပေမယ့် မလှအုံရှင်းပြတော့မှ သူတို့ ကြီးပြင်းရသည့်ဘဝတွေမှာ အစီပွာယ်တွေရှိကြောင်း သိခဲ့ရသည်။ အထူးသဖြင့် ကိုယ်ကျင့်တရားကို အသက်လိုစောင့်ထိန်းကြသည်။ ကွမ်းတောင်ကိုင်ရမည့် မိန်းကလေးမှ မဟုတ်။ ဘယ်မိန်းကလေးမဆို ကိုယ့်ကျင့်တရား ကောင်းကြရသည်။ ကောင်းလည်းကောင်းကြ သည်။ လူဆင်းရဲသော်လည်း အကျင့်စာဂ မဆင်းရဲကြတာ မအိမ်ကံ နားလည်ပါ၏။

"အကျင့်စာရိတ္တ ကောင်းရသယ်ဆိုသဲ့အချက်ကတော့ အရေးအကြီးဆုံးပေါ့အေ...အိမ်ထောင်ရက်သားပြုမယ်ဆိုရင်တောင် ယောကျ်ားကလေးမိဘများက ရှိသေသယ်...အဆင်းရုပ်ရည် မရှိဦးတော့ အချင်းစာဂကောင်းရင် တန်ဖိုးထားကြသာပေါ့...ဖက်စိမ်းကွမ်းတောင်ကိုင်မယ့် မိန်းကလေးက ရည်းစားမရှိရဘူး...ရည်းစားတော့ မရှိပါဘူး လူက နန့်တန့်တန့်ဆိုလို့လည်း မဖြစ်ဘူး..."

မလှအုံစကားကြောင့် မအိမ်ကံ ခပ်ယဲ့ယဲ့ပြုံးမိပါ၏။ တကယ်တော့ မလှအုံပြောပြသည့် ဖက်စိမ်းကွမ်းတောင်ကိုင်ရမည့် မိန်းကလေးတစ်ယောက်အတွက် သည်စည်းကမ်းချက်တွေက ထူးပြီးဆန်းလှတာတွေတော့မဟုတ်။ တောသူတောင်သားဘဝမှာ သည်လိုကိစ္စတွေကို တမင်စောင့်ထိန်းနေစရာလည်း မလိုပါ။ သို့သော် မိစုံဖစုံ ရှိပါလျက် ငယ်လင်ငယ်မယား မဟုတ်တာနဲ့ပဲ မိန်းကလေးတစ်ယောက်အဖို့ရာ တစ်ရေးလျော့ရတာမျိုးကိုတော့ မအိမ်ကံ လက်မခံချင်။

"မလှအုံရယ်...မိဘများမလည်း မိဘများအကြောင်းကံနဲ့ ဖြစ်ကြရသာပါ...မွေးလာသဲ့သမီးကလေးခများလည်း သူ့အကြောင်းကံနဲ့သူ လာသာပါ...ဘယ့်နှယ့်ကြောင့် သမီးခများ မိဘလောင်းရိပ် ကျရသာလဲ...မတရားလိုက်သာ...မအိမ်ကံလို မိန်းကလေးတွေ ဘယ်နှယောက်တောင် ရှိကြသလဲ...ဘယ်နှယောက်များ ရင်ကျိုးခဲ့ကြရသလဲ...မိဘများ ငယ်လင်ငယ်မယား မဟုတ်ကြသာနဲ့ ဘယ့်နှယ်ကြောင့် သမီးများခများ လူ့စည်းမကျော်နိုင်ကြရသာလဲ...မအိမ်ကံ ဖက်စိမ်းကွမ်းတောင်ကိုင်ရဖို့ နောက် တစ်ဘဝ စောင့်ရတော့မှာပေါ့...အဲသလိုလား..."

မအိမ်ကံစကားကြောင့် မလှအုံပင် စိတ်ထိခိုက်သွားခဲ့ရသည်။ ရွာကျင့်ဝတ် ရပ်ကျင့်ဝတ် အစဉ်အဆက်ရှိခဲ့တာကို မအိမ်ကံ ရင်မှပေါ့စေတော့သဘောဖြင့် ပြောပြခဲ့ခြင်းသာဖြစ်သည်။ သည်လိုစည်းကမ်းကို ဘာဖြစ်လို့ ချထားခဲ့ကြတာလည်းမဆိုနိုင်။ ဖြစ်တန်သည်ကတော့ ကွမ်းတောင်ကိုင်မိန်းကလေး၏ တန်ဖိုးကို စံအဖြစ် ထားချင်ခဲ့ကြတာလည်း ဖြစ်နိုင်သည်။



မအိမ်ကံပြောတာလည်း မှန်ပါ၏။ မိဘနှစ်ပါး၏ ကံအခြေမလှတာနှင့်ပဲ သမီးခများ တင်းတိမ်နောက်မှာ နေရတာကလည်း သဘာဝတော့ မကျ။ သို့ပေသိ ရွာရပ်က ချမှတ်သည့် စည်းမျဉ်းဆိုတော့လည်း မပြင်သာ။ သည်စည်းမျဉ်းကို ဘယ်သူကမှ စာရွက်ပေါ်ရေးခဲ့တာမဟုတ်။ ကျောက်ပြားပေါ် ဆစ်ခဲ့တာမဟုတ်။ ပေရွက်ပေါ် ကညစ်နှင့် ခြစ်ခဲ့တာမဟုတ်။ သို့သော် သည်စည်းမျဉ်းကို အစဉ်အဆက် လိုက်နာခဲ့ကြသည်။ ကွမ်းတောင်ကိုင် မယ်နီဖြစ်သတဲ့၊ မယ်ဝါဖြစ်သတဲ့ဆိုတော့လည်း အများသဘောညီကြမြဲဖြစ်ပါ၏။ စောဒကမရှိ။ ခွန်းတုံ့ခွန်းပြန်မရှိ။ မဖြစ်သင့်ပဲ ဖြစ်ရတာပါဆိုသူ မရှိ။ ဒါကလည်း ထူးဆန်းသား။

"မအိမ်ကံရယ်...အရီးပန်းရုံခများ ညည်း လူမှန်းသိပါပြီဆိုကတည်းက သည်စကားရောက်တိုင်း မျက်ရည်ကျခဲ့ရသာ ငါအသိဆုံးပဲ...ညည်းအဖေသူကြီးက သည်ကိစ္စ ခေါင်းထဲမရှိပေမယ့် ခများ မအေကိုးအေ့...တစ်နေ့ သည်ပြဿနာဆိုက်လာမယ် ဆိုသာ သိနှင့်လေတော့ တစ်နေ့တစ်ရက်မှ စိတ်မချမ်းသာခဲ့ဘူး...ဖြစ်သာလည်းဖြစ်ပါ ပြီ မအိမ်ကံရယ်...ကိုယ်ချင်းမစာလို့ ပြောသာလည်းမဟုတ်ရပါဘူး...စိတ်ကိုသာ ဖြေပါအေ...ညည်းပြသဲ့ကုသိုလ်တွေ နည်းမှ မနည်းပဲဟာ...အမြစ်ပိုးစားတော့ အဖျားခြောက်သတဲ့...ကိုယ့်စိတ်ကို ပိုးမစားပါစေနဲ့တော့နော်...ငါ့ညီမ"

မအိမ်ကံကတော့ ဘာမှမဖြေပါ။ အမေ့ကိုသာ မအိမ်ကံ သနားလှတော့သည်။ ဖက်စိမ်းကွမ်းတောင် ကိုင်ချင်သည်ဆိုတိုင်း အမေ့မျက်နှာမကောင်းတာ မအိမ်ကံ ပြန်မြင်ယောင်မိသည်။ တစ်ခါကလည်း ဖက်စိမ်းကွမ်းတောင်ကြီး ပွေ့ဖူးတယ်ရှိအောင် ပွေ့မည်အလုပ် အမေ လိုက်လာပြီး ဆွဲခေါ်သွားတာ မအိမ်ကံ မှတ်မိနေသည်။ သည်တုန်းက အမေ့ကို နား မလည်နိုင်ခဲ့။ တစ်ခါတလေတော့လည်း 'ငါ့သမီးရယ်...ကိုင်ခွင့်ရမယ့်နေ့ ကိုင်ရမပေါ့... မဥပါဒ်ပါနဲ့အေ' လို့ စကားဝေ့တာကိုလည်း ခုမှသဘောပေါက်ရတော့သည်။ မအိမ်ကံအဖို့ အနှစ်နှစ်ဆယ်လုံးလုံး ဖက်စိမ်းကွမ်းတောင်ကိုင်ရနိုးနိုး အပျော်ကြီးပျော်ခဲ့ရသော်လည်း အမေ့ခများ အနှစ်နှစ်ဆယ်လုံးလုံး ငိုခဲ့ရတာကို ဝမ်းနည်းလွန်းလှသည်။

မလှအုံ ပြန်ဆင်းသွားတော့လည်း မအိမ်ကံအတွေးတွေ ပြေးလွှားနေခဲ့ပါ၏။ ဆန်ပြားသုပ်ကလေးတစ်ဖွန်းစားလိုက်မိတာကလွဲ၍ ဘာမှလည်း မစားချင်။ ဆရာဆောင်က ဆေးသုံးရက်စာ ပေးထားသဖြင့် သုံးရက်လောက်တော့ အိမ်ပေါ်မှာ ခွေနေရဦးမည်။ နေ့လယ်ဆေးလိမ်းဖို့ စောသေးတော့ ကျေးဥပင် တက်မလာသေး။

ကနေ့ အလှူနေ့။ ညနေဘက် အလှူဝင်နတ်ပြလှည့်ကြလိမ့်မည်။ အလှူ့အိမ်ဘက်ဆီက လူစုသောကြေးစည်ရိုက်သံတွေ တဒူဝေဝေကြားနေရပါ၏။ ချာချာလည်နေသော ကြေးစည်ကြီးကို မြင်ယောင်ရင်း မအိမ်ကံ ခေါင်းတွေပါ မွှတ်မွှတ်ကြီး လည်နေသလို ခံစားနေရသည်။ ကြေးစည်နားရွက်နှစ်ဘက်ကို အသားတင်းပုတ်ဖြင့် ထုလိုက်လေတိုင်း မအိမ်ကံ ဆောက်တည်ရာမရ ရှိနေရပါ၏။ အလှူလှည့်တော့မည့် နှိုးဆော်သံဆိုတာ မအိမ်ကံ သိပါသည်။ ကြေးစည်သံကြားလျှင် ကြားရာအရပ်က အလှူမဏ္ဍပ်ကို အယုတ်အလတ်အမြတ်မရွေး၊ ကလေးလူကြီးမရွေး အပြေးလာစုကြလိမ့်မည်။ ရှင်လောင်းလှည့်တော့မည်ဆိုလျှင် ရှေ့ဆုံးက သာသနာ့အလံကိုင် ဘကြီးညို ရှိလိမ့်မည်။ ဘကြီးညိုနောက်က သာသနာပွဲရှက်မည့် အမေကြီးဆိုင် ပါလိမ့်မည်။ သည့်နောက်မှာတော့ အစဉ်အတိုင်း အလှူထုံးစံအလှူ့သဘာဝ လူတန်းကြီးစည်လာရော့မည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံးရှိသမျှလူတွေ ထန်းခေါက်ဖာ၊ သံသေတ္တာတွေထဲက အနှစ်နှစ် အလလ သိမ်းဆည်းထားကြသည့် ဝတ်ကောင်းစားလှတစ်စုံကို သည်ပွဲမှာ ထုတ်ကြလိမ့်မည်။ ခေါက်ရိုးကြီးတွေ နာလှပြီဖြစ်သော အဝတ်အထည်တွေဆီက ပရုတ်လုံးနံ့တွေ ထောင်းထောင်းထနေကြလိမ့်မည်။ အလှူမတိုင်ခင် တစ်ရက်ကတည်းက နေပူပြင်းပြင်းမှာပြရင်း မှိုနံ့ အောက်နံ့တွေ စင်အောင် လှမ်းကြလိမ့်မည်။ တချို့အင်္ကျီတွေက အဝတ်မနာလို့ အရောင်တွေ ကျန်သော်လည်း နှစ်များစွာက တရိုတသေ သိမ်းထားတာကြာသဖြင့် ရိကြ ဆွေးကြပြီ။ ပွဲသွားပွဲလာဝတ်စရာ တစ်စုံ ကောင်းကောင်းထားနိုင်ဖို့ပင် မတတ်နိုင်ကြရှာသူတွေကတော့ ရှိတာနှင့်ပင် လာကြပါလိမ့်မည်။ အင်္ကျီကြယ်သီး ပါချင်မှပါလိမ့်မည်။ အရောင်အဆင်း ရှိချင်မှရှိပါလိမ့်မည်။ သူတို့ထက် ဆိုးသူတွေကတော့ အင်္ကျီပင် ပါနိုင်ကြသူတွေမဟုတ်။ လုံးတီးပြောင်ပြောင် ကျောပြောင်ပြောင်လည်း ပါမည်။ ကျားပါးစပ်အင်္ကျီစုတ်နှင့်လည်း ဖြစ်ချင်ဖြစ်မည်။ ပခုံးပြဲ ကျောပြဲလည်း ဖြစ်ချင်ဖြစ်မည်။

ရွာမိန်းကလေးများမတော့ မရှိလျှင်လည်း အပျိုအချင်းချင်း လုံးတူရပ်တူရှာကာ ငှားရမ်းဝတ်ကြရပါ၏။ ငှားလည်းငှားကြပါသည်။ ငှားသူက သူတစ်ပါးအင်္ကျီ အငှားဝတ်ရသကောရယ်လို့ စိတ်မချမ်းမသာ မရှိသလို ငှားရသူကလည်း အပေါ်စီးက မရှိ။ အလှူမဏ္ဍပ်အတွင်းမှာ ဘုရားရှင်ကျောင်းဆောင်နှင့် ကိန်းဝပ်ပြီဖြစ်သည့်အတွက် ဖိနပ်ချွတ်ဝင်ကြရသည်။ သည်လိုဆိုတော့ ဖိနပ်တကိုင်ကိုင် မလုပ်ချင်သူတွေက ဖိနပ်မပါဘဲ လာကြတာ များသည်။

မအိမ်ကံမျက်စိထဲမှာ အလှူလှည့်လှူတန်းကြီးကို မြင်နေရသည်။ တောက်တောက်ပပကြီး မြင်နေရခြင်းဖြစ်ပါ၏။ ရွှေထီးကြီးတွေက ရှင်လောင်းတစ်ပါးနှစ်လက်ကျ မိုးကြသည်။ မြင်းကိုင်နှင့် ထီးမိုးတို့ ပိုလို တဖွားဖွားဖွာနေကြလိမ့်မည်။ ကွမ်းတဖွမ်းဖွမ်း ရှိကြလိမ့်မည်။ ဒိုးပတ်ဝိုင်းက၊ အိုးစည်ဝိုင်းက၊ မောင်းဆိုင်းဝိုင်းက သူ့အသံကိုယ်အုပ်၊ ကိုယ့်အသံ သူအုပ်သွားအောင် ဖြောင်းဖြောင်းဆူ တီးကြလိမ့်မည်။ အသံကြီး အောင်လှသော ကိုလူငွေက လည်ပင်းကြောကြီးတွေ ထောင်ထအောင် ရွာလုံးကြား ဆိုလိမ့်မည်။

"လှိုင်းကိုက်ပြန် တိမ်လိပ်နှင့်၊ ဘွဲ့ချိတ်ကယ် မဝတ်မဆင်၊ ရပ်ကြီးသူ ဖြူဖြူလတ်ကယ်၊ ကုံးစပ်နဲ့ယှဉ်၊ ကုံးစပ်ဆင်လို့ယဉ်သလား၊ နဂိုယဉ်မို့ ယဉ်သလား၊ ရွှေခါးတော် ညှိဆိုင်နှင့်၊ ငွေခါးတော် ညှိဆိုင်နှင့်၊ မတူနိုင်အနေခြားတယ်၊ ကွယ်...မိုးကျနတ်သား...အား...ဟား..."

ရွာသူတွေဆိုတော့ ကုံးစပ်ထဘီကြောင့်လည်း လှကြပါ၏။ နဂိုယဉ်မို့လည်း လှကြပါ၏။

"မလာတစ်ည လာတစ်ညနှင့်...စကားနှစ်ခွ ပုံမသေ...ပျိုတို့မောင် အလေလိုက်တယ်...ဖဲရိုက်လို့နေ...ရှိပစေ သူ့လှေနှင့်သူထား...အချိန်ကုန် ငွေပါခန်းရင်... လှမ်းခဲ့လိမ့်လား..."

မအိမ်ကံက မျက်လုံးတွေ မှိတ်ထားသော်လည်း အပျိုတန်းရှည်ကြီးကို မြင်နေမိပြန်ပါ၏။ သင်ဖြူးရွက်၊ ခေါင်းအုံးပိုက်၊ ပရိတ်အိုးရွက်၊ သင်္ကန်းမောင်းထောင်ချိုင့်ပိုက်၊ ပရိက္ခရာရွက်၊ ရွှေကွမ်းကလပ်ကိုင်၊ ငွေကွမ်းကလပ်ကိုင် စသည်ဖြင့် ဆိုင်ရာပစ္စည်းတစ်မျိုးမျိုးကို ကိုင်ကာ




ရွက်ကာ အပျိုတွေ တရွေ့ရွေ့လျှောက်နေတာကိုပါ မြင်နေရပါသည်။ ယဉ်ပလေစေ ယဉ်လို့ချည်းနေအောင်၊ ရစ်ခွေပင့်ရုံး၊ ပန်းတွေ ဆင့်ကာကုံး၊ ဆံထုံးမောက်မောက်များနှင့် လှနေကြမည်။ ဆယ့်သုံးနှစ်ရွယ်၊ ဆယ့်ငါးနှစ်ရွယ်၊ နှစ်ဆယ်မဝင့်တဝင်နှင့် ပျံသင်ပျိုလွတ်၊ နှုတ်ခမ်းကွမ်းထိန်၊ နှင်းရည်စိမ်သူကလေးတွေ ရွာမှာ များလှသည်မဟုတ်လား။

"မောင်ရင့်ဖ၊ ဒါနအလှူ့ရှင်၊ ပရိက္ခရာ၊ လွယ်ဖို့ပါသည်၊ ပီတာ မောင့်ဖခင်တည့်..."

(သျှိုး)

"မယ့်သခင်၊ လှူယဉ်လှ၊ ရတုသံချို ရကန်ဆိုသည်၊ လှူပျိုဝန်းရံခလျက်လေး..."

(သျှိုး)

"ထမ်းစင်စီး၍ ထီးရိပ်ခို၊ မြင်းမိုရ်မြင့်မား၊ ဝတီဖျားက၊ နတ်သားကျသလိုနှင့်..."

(သျှိုး)

သျှိုးသံတွေ တစ်မြိုင်မြိုင် ဒိုးသံတွေတကြိုင်ကြိုင်ဖြင့် အလှူပွဲကြီးလှည့်တော့မှာပါလား။ မအိမ်ကံ ချွေးသီးကလေးများစို့လာအောင် မွန်းကျပ်နေခဲ့သည်။ နေရောင်ပူပူ ရွာဆူဆူ တာလမ်းမှာ တစ်ရွာလုံးရှိနေကြသော်လည်း မအိမ်ကံသာ အိမ်တွင်းအောင်းနေခဲ့ရသည်။ ခါတိုင်း ရွာမှာ အလှူလှည့်ပြီဟေ့ဆိုသည်နှင့် ရွာ့ကွမ်းတောင်ကိုင်ကို အပြေးအလွှားငေးတတ်သူ မအိမ်ကံ။ သည်တစ်ခါမှာတော့ ခမ္ဘသတ် မသင်မိလို့ တရားရုံးရသလို ဖြစ်နေရလေပြီ။ ဖြစ်ချင်တော့ ဓာတ်ကလည်းအခိုက်၊ နတ်ကလည်းအတိုက်ဆိုဘိသကဲ့သို့ ကြီးတော်စံရွှေနှင့် ဖြစ်ရသည့်ပြဿနာကလည်း ရွာထဲမှာ စကားမပြယ်နိုင်တာရှိသေးသည်။

"ရွှေမှုံက ကွမ်းတောင်ကိုင် ဖြစ်ရပြီသဲ့လား...ရွှေမှုံက ရွာ့ဖက်စိမ်းကွမ်းတောင်ကြီး ပိုက်ရပြီသဲ့လား...ရွှေမှုံက မအိမ်ကံကိုနင်းပြီး လက်ကမ်းယူနိုင်လိုက်ပြီလား..."

မအိမ်ကံ ဂယောင်ချောက်ချား တွေးနေခဲ့မိပါ၏။ ထိုစဉ်မှာပင် အလှူအိမ်ဘက်ဆီက ရှင်လောင်းလှည့်လာကြသည့် အသံတွေကြားလိုက်ရသည်။ အိုးစည်သံတထုံထုံ၊ ဒိုးပတ်သံ တဗိန်ဗိန်၊ သီချင်းတဆိုဆို၊ သျှိုးလိုက်သံ တဟိုးဟိုးပင် အိမ်ကြီးပေါ်ကို ဝေ့တက်လာခဲ့ပါပကော။ ရွာမှာ အတီးလေ့သည့် ဗျောသံကို မအိမ်ကံ သတိရသည်။

"ပယောဝါ၊ ဆာပါလည်မှာယောက်ပါလို့၊ တို့နောက်လိုက်ပြန်ရင်း၊ တို့ကကြိုက်ပြန်ရင်း၊ မိုးပေါ်မှာ ပဝါပျောက်ပါလို့၊ ကောက်ရလျှင် ပေးကြပါ၊ အိမ်ပြန်လျှင် ကျုပ်လင်က တောင်းပြန်ရင်း၊ ကျုပ်က တောင်းပန်ရင်း......"

ဆာပဝါ လည်မှာ 'ယောက်' တုံးရှိသေး မိုးပေါ်မှာ ပျောက်ခဲ့ရသည့် ဗျောမင်းသားနှင့် ဘာများထူးသေးလို့တုံး။ ဖက်စိမ်းကွမ်းတောင် စိမ်းရောင်ဝါရောင်ကို ကိုင်ရမလိုလို စိတ်ရှိတုန်း မျက်စိရှေ့က ပျောက်ချင်းမလှ ပျောက်ရသည့်ပမာ ဖြစ်ရပြီ။ မအိမ်ကံ မျက်ရည်တွေ သွန်သွန်ကြီး ကျလာခဲ့ပြန်လေ၏။ ရှက်ရွံ့ခြင်းနှင့် သိမ်ငယ်ခြင်းလိုဝေဒနာမျိုးကို ခံစားနေရသည်။ မျှော်လင့်ချက်ကုန်ခန်းရသလို ဝေဒနာကလည်း ကပ်လျက်ချပ်လျက် ပါလာပါ၏။

"သမီးရယ်...စကားရှိသယ်မဟုတ်လား...ဘယ်လိုပင် ကျိန်ဆဲ ကျိန်ဆဲ အကြောင်းကုန်မှ လွဲရသသဲ့...ဘယ်လိုပင် ဆုတောင်း ဆုတောင်း အကြောင်းပါမှ ပေါင်းရသသဲ့...အကြောင်းမပါလို့ မထိုက်၊ မထိုက်လို့ မပန်ရသယ် သဘောထားပါကွယ်...ဖအေကြီးခများလည်း စိတ်ဆင်းရဲနေရှာပါသယ်...မောင်သာအောင့်အမေနဲ့ ဖြစ်ရသာ

www.burmeseclassic.com

www.burmeseclassic.com

လည်း ကြားပုံရပါရဲ့…မမေးရှာဘူး…စိတ်များထိခိုက် ထင်ပါရဲ့အေ… ဒါကြောင့် စိတ်လက်ချမ်းသာ နေပြစေချင်သယ်…"

အမေပန်းရုံက သည်ရက်ထဲမှာ ပြောခဲ့သည့်စကားဖြစ်ပါ၏။ မိဘနှစ်ပါး စိတ်ဆင်းရဲအောင် မအိမ်ကံ မလုပ်ခဲ့ဖူးပါ။ အခုတော့ မိဘနှစ်ပါး အရှက်ရကြရပြီ။ သည်အတွက်လည်း ဖြစ်သမျှအပေါ် ခံပြင်းလွန်းလှသည်။ တစ်ခါဖူးမျှ မပေါ်ခဲ့ဖူးသော ဒေါသများပင် အုံ့ပွဲ့အိုင်ဖွဲ့ ရှိခဲ့ရပါ၏။

မအိမ်ကံက ဆတ်ခနဲထလိုက်ပြီး အခန်းအပြင်ထွက်လာခဲ့သည်။ အိမ်ကြီးတစ်အိမ်လုံး လည်း ငြိမ်ချက်သားကောင်းလှပါ၏။ အမေပန်းရုံရော မလှအုံပါ အလှူကိုများ ရောက်နေကြလေသလား။ အဖေတော့ ရှိချင်ရှိမည်။ အဖေ့ထုံးစံ ပဲမှော်တိုက်ရိပ်မှာ ပက်လက်ကုလားထိုင် တစ်လုံးချကာ ဇိနတ္ထပကာသနီကျမ်းကို ဖတ်နေပုံရ၏။ အောက်ထပ်ကိုဆင်းဖို့ စိတ်ကူးလိုက်သော်လည်း မဆင်းတော့ဘဲ ဝရန်တာဘက်ကို ထွက်လာခဲ့ပါ၏။ သည်နေရာက ရွာတာလမ်းကို မြင်ရသည်။ အလှူလှည့်လာတာကို ဝိုးဝိုးဝါးဝါးတော့ မြင်နိုင်သည်။ အလှူလှည့်လာပြီဖြစ်သော်လည်း ရွာ့မြောက်ဖျား ညောင်ပင်နတ်ကွန်းဘက်ကို ရောက်နေကြသည်ထင်၏။ အသံတွေကို ဝေးဝေးကကြားရခြင်းကြောင့်ဖြစ်၏။ ရွာနတ်ကွန်းက တသီးတခြားသွားရသည်။ ရှင်လောင်း နတ်ပြမလေ့အတိုင်း ပြန်ချိုးလာမည်။ ရွာအနောက်အထိ ထိုထိုပေါက်လှည့်ကာ မဏ္ဍပ်ကို ပြန်ဝင်လေ့ရှိကြပါ၏။

သိပ်မစောင့်ရပါ။ သာသနာ့အလံကိုမြင်ရပြီ။ သာသနာ့ကန်တော့ပွဲကို မြင်ရပြီ။ အလှူလှည့် လူအုပ်ကြီးဆီကထွက်လာသော ဖုန်ခိုးတွေကြောင့် မြင်ကွင်းသည် မရှင်းလှ။ သို့သော် ဘယ်သူဘယ်ဝါ သိလောက်အောင်တော့ မအိမ်ကံ မြင်ရပါသည်။ ရွှေထီးတွေက ညနေခင်း နေရောင်ကြောင့် လက်လက်ထနေသည်။ မအိမ်ကံဆီကိုပင် အလင်းပြန်တွေ လာဟပ် နေသေးသည်။ မအိမ်ကံမှာ သည်အသက် သည်အရွယ်အထိ အလှူကို ခိုးကြောင်ခိုးဝှက်ကြည့် ရတာ သည်တစ်ခါ ဗွေဆော်ဦးပါလားလို့ပင် တွေးနေမိပါ၏။ လူတွေရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွား တာကို စိတ်ရှည်ရှည်စောင့်နေလိုက်သည်။ ဝိုင်းစပ်က ကုက္ကိုပင်ကြီးတွေကြောင့် မအိမ်ကံမြင် ရသည့် မြင်ကွင်းက သိပ်မကျယ်တော့ သည်မြင်ကွင်းထဲဝင်လာသမျှ စစ်စစ်ပေါက်ပေါက် ကြည့်နေခြင်း ဖြစ်၏။

"ရွှေမှုံ…"

မအိမ်ကံ နှုတ်က အသံပင်ထွက်သွားခဲ့ပါ၏။ ရွှေမှုံက မြင်ကွင်းဘောင်အတွင်းမှာ သွဲ့သွဲ့ကလေးယိမ်းနေသော ပဲ့ပြားပင်ကလေးနှင့်ပင် တူတော့သည်။ ရွာထဲရပ်ထဲ သည်အတိုင်း တွေ့ရိုးတွေ့စဉ် တွေ့နေရတုန်းက ရွှေမှုံမဟုတ်တော့ပါလား။ မတော်တဆပဲလား၊ တမင်ပဲလား တော့ မသိရ။ ဖက်စိမ်းကွမ်းတောင်ကို မအိမ်ကံတို့အိမ်ဘက် လှည့်ထားကာ ပွေ့ထားခြင်းဖြစ် သည်။ နောက်ထပ်တိုက်ဆိုင်မှုကတော့ ရွှေမှုံဝတ်ထားသည့် အဝတ်အစားက ဒေါင်းစိမ်းရောင် ဖြစ်နေခဲ့ခြင်းပင်။ မအိမ်ကံ မြင်ရသလောက် မြင်ကွင်းဘောင်ထဲမှာ နောက်ထပ်လူတန်းရှည်ကြီး ဖြတ်နေသော်လည်း မအိမ်ကံ မမြင်နိုင်တော့။ မျက်ရည်များဖြင့် ဘာကိုမှ မမြင်နိုင်တော့ပါ။ တဒင်္ဂသာ မြင်လိုက်ရသော ဖက်စိမ်းကွမ်းတောင်ကို မအိမ်ကံ တစ်ဘဝ မျှော်လင့်ခွင့် မရှိတော့ပြီ။ မျက်ရည်တွေတွေကျနေရင်းက နာကျည်းခြင်း၊ စက်ဆုပ်ခြင်း၊ ခံပြင်းခြင်း၊ တွေဝေခြင်း၊ ထိုင်းမှိုင်းခြင်း



စသော ခံစားမှုအထွေထွေက မီးကျိုးနှင့်လှော်သော ပေါက်ပေါက်ပွင့်များကဲ့သို့ တဖောက်ဖောက် ရှန်းကြနေခဲ့ပါ၏။

အကယ်ဆိုပါမူ မအိမ်ကံအတွက် မည်သူတစ်ဦးတစ်ယောက်ကမှ အညိုးတကြီး ရက်စက်ခဲ့ကြခြင်းမရှိ။ ဇောင်ချမ်းကုန်းရွာမှာ ဖက်စိမ်းကွမ်းတောင်ကိုင်ခဲ့ဖူးကြသော မဥမ်းဖြူ ကိုင်ခွင့်ရခဲ့သော်လည်း လာဘ်ဦးလွဲခဲ့ရရှာသည့် မစိမ်းမြ၊ ပြီးတော့ မခင်အိ…။ ယခုလက်ရှိ ကွမ်းတောင်ကိုင် ရွှေမှုံ…။ သည်မိန်းကလေးတွေအားလုံး ရွာရပ်က တစ်ညီတစ်ညွတ်တည်း ရွေးချယ်ထိုက်လို့ ရွေးချယ်ခဲ့ကြခြင်းသာဖြစ်သည်။ သည်မိန်းကလေးတွေကိုယ်တိုင်က မိန်းမ သားသဘာဝ ဖြစ်ချင်စိတ်ရှိကြလင့်ကစား ဖြစ်ရကောင်းစေ သဘောထားခဲ့ကြသူများမဟုတ်။ ကိုင်ခွင့်ရတော့လည်း ကိုင်လိုက်ကြခြင်းသာဖြစ်သည်။ ကိုင်ခွင့်မရခဲ့လျှင်လည်း ခံစားနေကြမည့် သူများမဟုတ်။ သေချာသည့်အချက်ကတော့ ဖြစ်သင့်ဖြစ်ထိုက်၍ ဖြစ်ခဲ့ကြခြင်းပင်။ ဖက်စိမ်း ကွမ်းတောင်ကိုင်တစ်ယောက် ဖြစ်ထိုက်သည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီရိုးသာမှန်လျှင် မည်သည့်မိန်းကလေးမဆို ဖြစ်ခွင့်ရှိကြသည်သာ။ မအိမ်ကံသာ ဖြစ်ခွင့်ရှိခဲ့လျှင်လည်း မအိမ်ကံ ထက်သေချာသူ အခြားမရှိနိုင်။ သည်အဖြစ်တွင် မည်သည့်ပယောဂမှမရှိ။ မည်သည့်မရိုးသားမှုမှ မရှိ။ မည်သူတစ်ဦးတစ်ယောက်၏ ကန့်ကွက်ချက်မှလည်းမပါ။ မဖြစ်ထိုက်၍ မဖြစ်ခဲ့ခြင်းဟုသာ ဆိုစရာရှိပါ၏။

သို့သော်လည်း ဖက်စိမ်းကွမ်းတောင်ကိုင်ခွင့်မရခဲ့သော မအိမ်ကံ၏အဖို့ကား ကြောက် မက်ဖွယ်ကောင်းလှသော အဖြစ်သည် ဘဝလမ်းခရီးတစ်နေရာက စောင့်ဆိုင်းလျက်ရှိလေသည်။ အမုန်းအာဃာတသည် မအိမ်ကံ၏ကိုယ်တွင်း၌ မကောင်းဆိုးဝါးသဖွယ် ကပ်ငြိရာက စ,ခဲ့ခြင်း ဖြစ်ပါ၏။

■

မအိမ်ကံ အိမ်ကြီးပေါ်က ဆင်းလာခဲ့သည်။ ရက်ကန်းစင်တွေဘက်မှာ အရီးကြာညွန့် နှင့် အခြားတစ်ယောက်သာရှိ၍ အလုပ်တွေ များနေကြသည်။ ရက်ကန်းသမကလေးတွေက အလှူရက်ဆိုတော့ အလုပ်မဝင်ကြ။ ထူးဆန်းတာက အမေပန်းရုံရော မလှအုံပါ မရှိကြခြင်း ဖြစ်၏။ ကျေးဥလည်း အလှူလှည့်ရာ လိုက်သွားပုံရသည်။ ပဲမှော်တိုက်ရိပ်မှာ တရားစာအုပ် ဖတ်နေမည်ထင်ခဲ့သော အဖေ့ကိုလည်း မမြင်။ မအိမ်ကံက ဝိုင်းတံခါးအထိ လျှောက်လာခဲ့ရုံ နှင့်ပင် ရင်တွေတုန်နေခဲ့ပါ၏။ မအိမ်ကံ ခဏကလေးရပ်ပြီး စဉ်းစားသည်။ ဆက်သွားရင် ကောင်းလေမလား၊ သွားရင်ကော သွားနိုင်ပါ့မလား။ အခုပင် နှလုံးတွေ ခုန်လှပြီ။ အို… သည်မြင်ကွင်းကို သူ ကြည့်ဖြစ်အောင်ကို ကြည့်ရမည်။

မအိမ်ကံ၏စိတ်ကူးက ဝိုးဝိုးဝါးဝါးမြင်လိုက်ရသော ရွှေမှုံကို ခပ်နီးနီးက ကြည့်ချင်၍ ဖြစ်သည်။ ရွာအနောက်ဘက်လမ်းအဝိုက်အတိုင်း ရှင်လောင်းလှည့်မှာကိုသိတော့ အိမ်ကြို အိမ်ကြားကဖြတ်ပြီး ဒွေးပိန်တို့ဝိုင်းတိုက်အထိ သွားမည်။ ဒွေးပိန်တို့ ဝိုင်းခြံစည်းရိုးက တာလမ်းနှင့် ကပ်နေတာဆိုတော့ ရွှေမှုံကို ထင်းထင်းကြီး မြင်နိုင်သည်။ ခြံစည်းရိုးဘေးက ကပ်ပြီးကြည့်နေသည့် မအိမ်ကံကို အလှူလှည့်တွေက မမြင်နိုင်။ ခြံစည်းရိုးတစ်လျှောက် ကင်ပွန်းခြုံတွေ ရှိနေသည့်အတွက် သစ်ပင်တွေထဲ မတ်တတ်ရပ်နေရုံပင်။ ဒွေးပိန်ကလည်း စပ်စုစရာမရှိ။ ဒွေးပိန်က မျက်မမြင်။

www.burmeseclassic.com

www.burmeseclassic.com



မအိမ်ကံ ခြံတံခါးဝက အသာလျှိုထွက်လာခဲ့သည်။ အလှူလှည့်တွေက တရွေ့ရွေ့ ဆိုတော့ ရွာလမ်းအဝိုက်ကို အချိန်ယူပြီးပတ်နေတာမှ ကြာဦးမည်။ မအိမ်ကံ အိမ်ကြိုအိမ်ကြား တွေက ဖြတ်ထွက်လာခဲ့သော်လည်း လူသူလေးပါးမရှိ။ တစ်ရွာလုံးက ရွာလမ်းပေါ်မှာ။ ကြည့်သူတွေကလည်း တာလမ်းပေါ်မှာ။ ဒွေးပိန်တို့ဝိုင်းထဲရောက်တော့ မအိမ်ကံ အသံမပေးဘဲ ခြစည်းရိုး ကင်ပွန်းခြုံတွေနား ကပ်လာခဲ့သည်။ သို့သော် မရပါ။ ဒွေးပိန်က ပါးလိုက်တာ လှစ်လို့။

"ဟဲ့…ဘယ်သူတုံး…"

"ကျွန်မပါ ဒွေးပိန်…မအိမ်ကံပါ"

"ရှင်အိမ်ကံလား…ညည်း အလှူလှည့် မလိုက်ဘူးလား…"

"နေမကောင်းလို့ ဒွေးပိန်ရဲ့…လမ်းဘက်ထွက်မလို့ ဖြတ်လာသာရယ်… သွားတော့ မနေ့ာ်…"

"အေး…အေး…သူတော်ကောင်းမ…သွားရော့"

မအိမ်ကံမှာ မလွဲသာ မရှောင်သာ လိမ်ပြောလိုက်ရပါ၏။ မအိမ်ကံ ကင်ပွန်းပင်တွေ ကြား ဝင်လိုက်ချိန်မှာပင် အလှူလှည့်တွေ ရောက်လာခဲ့လေပြီ။ ဒွေးပိန်ကို လှည့်ကြည့်တော့ ပြောင်းဖူးဖက် ဖွာလျက်။ သူ့ကင်ပွန်းပင်တွေကြား မအိမ်ကံ ရှိနေမှန်းမသိ။ သည်လိုနှင့် ရွှေမှုံကို မအိမ်ကံ ထင်းထင်းကြီး မြင်ခွင့်ရခဲ့သည်။ ဒေါင်းစိမ်းထဘီ၊ ဒေါင်းစိမ်းအင်္ကျီ။ ရွှေတွေက ညွတ်လို့။ လိမ်းထားသည့်မျက်နှာချေကြောင့် မျက်နှာကလေး ရဲရဲမှည့်နေလေ၏။ ကြံဆစ်လက်ကောက်တွေက များလွန်းလှသည်။ ဒေါင်းစိမ်းရောင်အင်္ကျီလက်နှင့် ဖက်စိမ်းကွမ်း တောင်စိမ်းက အစိမ်းတစ်မျိုးစီဖြင့် လှနေကြလေသည်။ ကင်ပွန်းပင်တွေကြားမှာ မအိမ်ကံ ရှိနေတာ မည်သူမျှ မမြင်ကြ။ လမ်းပေါ်က မျက်လုံးပေါင်း အရာအထောင်ကလည်း မမြင်။ အနားက ဒွေးပိန်၏မျက်လုံးနှစ်လုံးကလည်း မမြင်။ မအိမ်ကံသာ အရာအားလုံးကို မြင်နေရ ပါ၏။ ရင်ထဲမှာတော့ စကားလုံးတွေ…။

"ရွှေမှုံရယ်…ညည်း ဂုဏ်ရှိလှ ကွမ်းတောင်ကိုင်ရတုန်းပေါ့အေ…ငါက တစ်ဘဝစာ ဂုဏ်ရှိအောင်နေပြမယ်…ညည်း စောင့်ကြည့်လိုက်…"

မအိမ်ကံ အသာပြန်ထွက်လာခဲ့သည်။ ဝိုင်းတိုက်တွေ အိမ်တွေကြားကပဲ ပြန်လာခဲ့ခြင်း ဖြစ်သည်။ အိမ်ရှေ့ခြံဝင်းတံခါးကြီးနားအရောက်မှာတော့ လှည်းတစ်စီး ကျွဲခနဲ တုန့်လိုက်တာ သတိထားလိုက်မိသည်။ တောသားကြီးနှစ်ယောက်…။ မျက်နှာစိမ်းတွေ။ တစ်ယောက်က လှည်းမောင်းသူ၊ တစ်ယောက်က လှည်းစီးသူ။ ပေရေစုတ်ခြာလှသော ခေါင်းပေါင်းပေါင်းထား သည့် ကျောဘုကြီးနှင့် တောသားကြီးက လှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး မအိမ်ကံရှိရာ ခြံတံခါးဆီ လှစ်ခနဲ ကပ်လာခဲ့သည်။ မအိမ်ကံက ခြံတံခါးကို ကျောမှီပိတ်လိုက်ချိန်မှာတော့ လှည်းက တအီအီဆက်မောင်းသွားတာ ကြားနေရသည်။ မအိမ်ကံက ခြံတံခါးမောင်းကို ထိုးရန် ပြင်လိုက်စဉ်မှာပင် ကျောဘုကြီးနှင့် တောသားကြီးက ခြံတံခါး နှစ်ချပ်ကြား လက်ထိုးခံ လိုက်လေသည်။ ■

(၁၉)

ဝင်းတံခါးကြီးနှစ်ချပ်ကြားသို့ လူတစ်ယောက်က ရုတ်တရက် လက်ထိုးခံလိုက်သဖြင့် မအိမ်ကံ တံခါးမောင်းထိုးရန် မဖြစ်နိုင်တော့။ မအိမ်ကံမှာ တံခါးနှစ်ချပ် ပွင့်မသွားဖို့သာ အရင် ကြိုးစားနေရသည်။ တံခါးကြီးနှစ်ချပ်ကြား ညပ်နေသော တိုက်ပုံအင်္ကျီဝတ် လက်ကြီး တစ်ဖက်က မအိမ်ကံဘက်မှာ ရှိနေခြင်းဖြစ်သည်ပင်လျှင် ကြောက်စရာကောင်းလှသည်။ မအိမ်ကံ မြင်ရသလောက် တိုက်ပုံအင်္ကျီလက်က အနားတွေ ဖွာထွက်နေကာ အဖာအထေး ကလည်း များလှသည်။ တိုက်ပုံအင်္ကျီလက်ထဲက ထိုးထွက်နေသော လက်ဖျံနှင့် လက်ဖဝါးတစ်ခု လုံးသည်လည်း အိုးမည်းလိုလို ရှားစေးလိုလို ညစ်မွဲမွဲ ကြေးညော်တွေ ပေကျံလျက် ရှိပါ၏။

မအိမ်ကံအတွက် လုပ်စရာတစ်ချက်သာရှိသည်။ တံခါးကြီးနှစ်ချပ်ကို ကိုယ်လုံးဖြင့် ဖိခြင်းအားဖြင့် လက်ညပ်သွားစေနိုင်သည်။ သည့်ထက် အားစိုက်လျှင် ကျိုးပင်ကျိုးသွားနိုင်သည်။ လှည်းပေါ်က ဖျတ်ခနဲ ဆင်းလာပြီး တံခါးအနီးရောက်အောင် ကပ်လိုက်တာကို မအိမ်ကံ ခြံထဲအဝင်မှာ သတိထားလိုက်မိသော်လည်း သည်လို အတင့်ရဲလိမ့်မည်မထင်ခဲ့။ သူကြီးအိမ်ကို သည်လို နွမ်းပါးလှသော လှည်းသမားတစ်ယောက်က ပိုင်စိုးပိုင်နင်း လုပ်စရာအကြောင်းမရှိ။ အဖေ့လူတွေလား။ ဒါမှမဟုတ် အဖေ့ကို ရန်ပြုချင်သူတွေလား။ ခေတ်ကာလ မကောင်းတော့ တချို့ရွာတွေမှာ သူကြီးကိုပင် ဒုက္ခပေးနေကြတာတွေ ကြားရသည်။ အခုလည်း အဖေ့ကို ရန်လုပ်ချင်လို့ပဲ ဖြစ်ရမည်။ အဖေ့လူဆိုလျှင် သူကြီးမင်း ရှိသလားလောက်တော့ မေးရမည်။ အခုတော့ ပိတ်လိုက်သည့်တံခါးကိုပင် လက်ထိုးခံလိုက်သည်ဆိုတော့ လူကောင်းဖြစ်စရာမရှိ။ မအိမ်ကံ တံခါးနှစ်ချပ်ကို ကျောကပ်ဖိပစ်လိုက်သည်။

"ဟဲ့ ဟဲ့…ကံကလေး…ငါ့နှမ လက်များကျိုးပါရော့မယ်ဟာ…ဖွင့်စမ်းပါ မြန်မြန်"

အသံက ခပ်အုပ်အုပ်။ ကံကလေးတဲ့…၊ ငါ့နှမတဲ့…။ ဟယ်တော်…ဒါဆို အစ်ကို မောင်မြတ်သာပေါ့။ မအိမ်ကံက တံခါးကို ကျောဖြင့် ဖိကပ်ရာက လှည့်ကာ လူတစ်ကိုယ်စာ လောက် ဖွင့်ပေးလိုက်သည်။ အစ်ကိုမောင်မြတ်သာဆိုလို့သာကော။ ဝင်လာသည့်လူကြီးက စုတ်စုတ်ပြတ်ပြတ် နိုင်လှချည်းလား။ ကြီးမားချောင်ပွလှသော ပင်နီတူတိုက်ပုံကြီးမှာ မူလအသား ထက် ဖာကွက်က များလှပါ၏။ အရောင်အဆင်းဆိုတာတော့ ရေသနုတ်ပုဆိုးကမှ ပြောင်သေး သည်။ နှုတ်ခမ်းမွေး ဖားလျားတွေက စပါလုံးတစ်ထောက်မကအောင်ပင် ရှည်လျားလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဘုတ်သိုက်က ကြီးမားလှသော ဖျင်ခေါင်းပေါင်းကြီးပေါင်းထားသည့်ကြားက လျှံထွက်နေကြ၏။ မျက်တွင်းတွေက ချိုင့်နေလိုက်တာ။ ရင်ညွန့်ရိုး၊ လည်ပင်းရိုးတွေကလည်း ငေါ်လွန်းလှသည်။ အသားအရေကတော့ ယောဂီရောင် ကျေးတစ်ရာပုဆိုးဟောင်းလို ညိုမွဲမွဲ။ မအိမ်ကံက အစ်ကိုဖြစ်သူကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း အံ့သြနေခဲ့သည်။ အစ်ကိုရယ်…ဘယ်လိုများ ဖြစ်လာတာလဲ။ တောခြေရွာတွေဘက် မီးသွေးဖုတ်ဖိုတွင် လှည်းတိုက်ကြသူ လှည်းသမားတွေလို မျက်လုံးကလေးတွေသာ အရောင်ရှိတော့သည်။ မောင်နှမနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြတာ အကြာကြီး။ မအိမ်ကံက တံခါးမောင်းကို ထိုးလိုက်ပြီး အစ်ကိုဖြစ်သူကို လက်မောင်းက ဆွဲခေါ်လာခဲ့သည်။

"ကံကောင်းလို့ပါလား အစ်ကိုရယ်…ကံကလေးက မကောင်းသူ မကောင်းသားမှတ်လို့ လက်ကို တံခါးနဲ့ညှပ်ချိုးပစ်မလို့…"

"အလို…အင်မတန်နူးညံ့သဲ့ နှမကလေးတောင် ဒေါသတွေ ဖြစ်တတ်နေပါပကော"

အစ်ကို့စကားကြောင့် မအိမ်ကံ ဝမ်းနည်းသွားမိသည်။ မအိမ်ကံကို ညာတာတတ်သူ၊ စာနာတတ်သူ၊ ကိုယ်ချင်းစာတတ်သူ၊ သနားတတ်သူ၊ ဖေးမတတ်သူ၊ ကူညီတတ်သူ၊ ပေးကမ်းတတ်သူရယ်လို့ အားလုံးက လက်ခံထားကြတာမဟုတ်လား။ အခုတော့ ဒေါသအလျောက်တွေ ပြောနေခဲ့မိပြီ။ သည်ဒေါသတွေက မအိမ်ကံရင်ထဲ ဘယ်ကဘယ်လို ရောက်လာတာပါလိမ့်။ စောစောက ဒွေးပိန်တို့ဝိုင်းထဲရောက်တော့ မျက်မမြင်အမယ်အို ဒွေးပိန်ကပင် "ရှင်အိမ်ကံ သူတော်ကောင်းမ" လို့ ခေါ်ခဲ့သေးသည်။ ကွမ်းတောင်ကိုင် ရွှေမှုံကို တွေ့ခဲ့ပြီးမှ မအိမ်ကံ မသိဘဲ ဝင်လာသည့် အကုသိုလ်စိတ်တွေများလား။

အိမ်မှာ ဘယ်သူမှမရှိ။ ရက်ကန်းရုံထဲမှာတော့ အရီးကြာညွန့်တို့ ရှိကြပုံပေါ်သည်။ တချောက်ချောက် တလှုပ်လှုပ်ကြားနေ မြင်နေရပါ၏။ မောင်မြတ်သာက လက်ထဲက လွယ်အိတ်ကို ဘေးချကာ ခုံတန်းရှည်ကြီးပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"အဖေတို့ မရှိကြဘူးလား…အမေပန်းရုံတို့ကော မတွေ့ပါလား…"

"အဲသာပေါ့ အစ်ကို့နှယ်…ကံကလေး အလှူလှည့်သွားကြည့်ကတည်းက မရှိကြသာ…အလှူအိမ်တော့ မဟုတ်လောက်ဘူး…ဘယ်များသွားကြသယ် မပြောတတ်ဘူး…အမောဖြေဦး…ပြီးမှ ရေချိုး"

အစ်ကို မောင်မြတ်သာ သည်လိုပုံနှင့် ရတ်တရက်ကြီး ကိုယ်ထင်ပြသလို ရောက်လာလိမ့်မည် မထင်ခဲ့။ ရောက်လာပြန်တော့လည်း ညစ်နွမ်းလိုက်တာ အစ်ကိုရယ်…။ အစ်ကို့ကို ကြည့်ရင်း မအိမ်ကံ မျက်ရည်တွေ ဝိုင်းဥလာခဲ့၏။ မိဘက မြေနှင့်ယာနှင့် ထန်းဥယျာဉ်နှင့် တောလူချမ်းသာစာရင်းဝင်၊ သားကလေး မြင့်စေချင်လွန်းလို့ တက္ကသိုလ်ကျောင်းကြီး ပို့ကာမှ အစ်ကိုက ပညာရေးကို စိတ်မဝင်စား။ တိုင်းပြည်လွတ်လပ်ရေးတွင် စိတ်ဝင်စားသည်။ မအိမ်ကံကတော့ မိန်းကလေးပီပီ မိသားစု သိုက်သိုက်ဝန်းဝန်း နေစေချင်သည်။ မအိမ်ကံမှ မဟုတ်ပါ။ မိဘနှစ်ပါးကလည်း သည်စိတ်သာ ရှိကြပါ၏။ သို့သော် အစ်ကိုက တိုင်းပြည်နှင့် လူမျိုးအရေးထက် ဘယ်ဟာကမှ အရေးမကြီးဟု သဘောထားခဲ့သူဆိုတာ မအိမ်ကံ ဉာဏ်မီသလောက် သဘောပေါက်ရပါ၏။ တောင်မကြောက် တန်းမကြောက် ပြေးဟယ့်လွှားဟယ်



ပုန်းဟယ်အောင်းဟယ် ရှိရသော အစ်ကို့ဘဝကို မအိမ်ကံ တစ်ခါတစ်ခါ သနားလွန်းလှသည်။ ဘယ်လိုစားလို့ ဘယ်လိုနေရှာပါလိမ့်။ ဘယ်လိုပုန်းလို့ ဘယ်လိုရှောင်နေရပါလိမ့်။

နိုင်ငံရေးကို မအိမ်ကံ မသိသော်လည်း ကိုယ့်တိုင်းပြည် သူတစ်ပါးလက်အောက်ကျနေရတာကိုတော့ သိပါ၏။ အဖေကိုယ်တိုင် အင်္ဂလိပ်အလိုတော်ရိ သူကြီးဘဝကို တစ်စတစ်စ စိတ်ကုန်လာမှန်း မအိမ်ကံ ရိပ်စားမိသည်။ ကျွန်ဘဝက လွတ်မြောက်အောင် အစ်ကိုလုပ်နေတာကိုလည်း မအိမ်ကံ မကန့်ကွက်ချင်။ သည်တစ်ခေါက် အစ်ကိုရောက်လာတာပဲ ကြည့်လေ။ နှစ်နှင့်ချီကြာပြီးမှ မမျှော်လင့်ဘဲ ရောက်လာခဲ့သည်။ ရောက်လာတော့လည်း လွတ်လွတ်လပ်လပ် မဟုတ်။ ပုန်းလျှိုးကွယ်လျှိုးနိုင်လှပါ၏။ လူကလည်း ညှင်းသိုးသိုး ချဉ်စော်ဖတ်စော်များပင် နံလို့။ မုတ်ဆိတ်တွေက မအိမ်ကံတို့ရွာတွေဘက် ဆိတ်ကျောင်းရောက်လာတတ်သော ဦးအီစမန်နှင့်ပင် တူလှပါသကော။

"အစ်ကိုရယ်…ရောက်တုန်း မျက်နှာပေါ်က အမွေးတွေကို ရိတ်ပါဦးတော့…တကတည်း…ဦးအီစမန်ကြီးကျလို့…ညစ်ပတ်နံစော်နေလိုက်သာများအစ်ကိုရယ်…"

"မလုပ်နဲ့ ကံကလေးရေ…အစ်ကိုတို့က ရုပ်အမျိုးမျိုးနဲ့ သွားလာနေရသာပါ…ရေမိုးချိုးရင်း ခေါင်းတော့ လျှော်လိုက်ပါဦးမယ်…တရော်ကင်ပွန်းရေတော့ ရှိသမှုတ်လား"

"ရှိပါ့တော်…ဖျင်းအိုးကြီးတစ်လုံးလောက်နဲ့ လျှော်မှ ရမှာ…မအိမ်ကံ လျှော်ပေးပါ့မယ်လေ"

မအိမ်ကံစကားကြောင့် မောင်မြတ်သာက ရယ်သည်။ မောင်မြတ်သာက သူ့တိုက်ပုံအင်္ကျီကြီးကို ချွတ်သည်။ အတွင်းမှာ ကြိုးတစ်ချောင်းနှင့် ပခုံးကို လွယ်သိုင်းထားသော အဝတ်ခုကြီးကို ဖြုတ်နေသည်။ မအိမ်ကံကတော့ ထူးဆန်းလှသဖြင့် ထိုင်ကြည့်နေခဲ့သည်။ အဝတ်ခုကြီးက ပုဆိုးသုံးလေးကွင်း စုခေါက်ကာ ကျောနှင့်ပခုံးစပ်မှာ သိုင်းချည်ထားခြင်းဖြစ်၏။

"ဒါက ကျောဘုကြီးနဲ့တူအောင် ခုထားသာ နှမလေးရဲ့…ပုဆိုးလည်း ပါပြီးဖြစ်ကရော…ကျောဘုကြီးနဲ့ဆိုတော့ တော်ရုံပုလိပ် မျက်စိလည်ကရော…"

"ဖြစ်ရလေ အစ်ကိုရယ်…"

မအိမ်ကံ စိတ်မကောင်းဖြစ်ရပါ၏။ သည်ကနေ့ မအိမ်ကံတွင် စိတ်နှစ်မျိုး ရှိနေခဲ့သည်။ စောစောက ရွှေမှုံ ဖက်စိမ်းကွမ်းတောင်ကြီးပိုက်လျက် ရှင်လောင်းလှည့်လာတာ တွေ့တော့ မခံချင်စိတ်ကလေး ခုမိခဲ့သည်။ အခု အစ်ကိုမြတ်သာ ရောက်လာတော့ စိတ်မချမ်းမသာ ဖြစ်ရသည်။

"အစ်ကို ရေချိုးပြီးရင် တစ်ရေးမှေးချင်သေးသယ်…အစ်ကိုမအိပ်ရသာ နှစ်ညလား ရှိပြီ…အိပ်ရေးဝမှ ထမင်းစားမယ်…ဘာချက်ကြတုံးဟ…"

"မလှအုံနဲ့ ကျေးဥ ချက်နေကြသာပဲ အစ်ကိုရဲ့…တောစာပေါ့"

"တောစာပဲ ကြိုက်သာပါဟာ…မောင်ပြေသိမ်းကတောင် ပြောနေသေးသာ…သခင်မြတ်သာတို့အိမ် လိုက်ချင်လိုက်သာသဲ့…ကံကလေးနဲ့ ဆုံကြသေးဆို…"

"အဲသာပေါ့…မြင်းခြံရောက်သဲ့နေ့ပဲ အစ်ကိုက မြစ်ဆိပ်ဆင်းသွားသာသဲ့…ကိုပြေသိမ်းက ကူညီပါသယ်…မြင်းခြံသွားတုန်းက ရွာခြေအထိ လိုက်ပို့သယ်လေ…"

www.burmeseclassic.com

www.burmeseclassic.com

"ပြောပါသဗျာ…ငါနမကို ချောလွန်းလို့သဲ့…မောင်ပြေသိမ်းက ကံကလေးကို သဘောကျတတနဲ့တူပါရဲ့ကွယ်…မောင်ပြေသိမ်းက လူပုံနဲ့သလောက် စိတ်ဓာတ် ကောင်းသယ်…အစ်ကိုတို့လို ပုန်းလျှိုးနေရသာမျိုး မရှိပေမယ့် ပုလိပ်က သူ့လည်း စောင့်ကြည့်နေသာပဲ"

မအိမ်ကံကို ကိုပြေသိမ်းက ချောသတဲ့ဆိုတာကို မရှက်သော်လည်း ငါနမကို သဘောကျတတ ထင်ပါရဲ့ကွယ် ဆိုတာကိုတော့ အစ်ကိုမောင်ဖွားရှေ့မှာ ရှက်မိပါ၏။ သည်တော့လည်း မအိမ်ကံမှာ စကားလမ်းကြောင်း လွှဲရတော့သည်။

"အဖေတို့ အမေပန်းရုံတို့လည်း အစ်ကိုရောက်လာသာကို ဝမ်းသာကြရှာမှာ… သည်တစ်ခါတော့ ကြာကြာနေပါဦး သခင်အုပ်စိုးရယ်…"

မအိမ်ကံစကားကြောင့် မောင်မြတ်သာ မျက်လုံးပြူးသွားသည်။ ပြီးမှ ရယ်လေတော့သည်။ မအိမ်ကံကလည်း ရယ်ချင်လှပါ၏။ သခင်အုပ်စိုးလို့ ခေါ်လိုက်ရတာမဟုတ်လား။

"အလိုဗျာ…ညည်း ဘယ်သူကများ ပြောလိုက်ပါလိမ့်…ဟုတ်ဟုတ်သေးတော့ဗျာ… မောင်ပြေသိမ်းက သနပ်ခါးတောင်း လက်ဆောင်ပေးရင်း ပြောလိုက်ထင်ပ"

"ဟုတ်သယ်အစ်ကိုရဲ့…သူ့နာမည်ရင်းက သက်နှင်းသဲ့…သခင်နာမည်က ပြေသိမ်း သဲ့…အစ်ကိုက သခင်အုပ်စိုးသဲ့…ကိုင်း ကိုင်း…မအိမ်ကံ အစ်ကို့အတွက် အိပ်ရာ ပြင်ချေဦးမယ်…ရေကို နားပြီးမှချိုး…ပေး အစ်ကို့လွယ်အိတ်…"

"အေး အေး…ရော့ ကံကလေး"

အစ်ကို့လွယ်အိတ်ကိုယူပြီး မအိမ်ကံ နောက်ဖေးချောင်ဘက် ထွက်လာခဲ့သည်။ ဟင်းအိုးတွေ လှန်ကြည့်ချင်လို့ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် သည်ကနေ့မှ အစ်ကို့အကြိုက် ပဲကြီးနှပ်နှင့် မန်ကျည်းရွက်နုသုပ်ကလေး သုပ်ထားကြသည်။ ငါးစင်ရိုင်း အရည်ချိုချက်ကလေးနှင့် ငါးရံ့လုံး ငါးပိကောင်ကြော် ငရုတ်သီးစပ်စပ်ကလေးဆိုတော့ အစ်ကို ထမင်းမြိန်မှာ သေချာသည်။ အစ်ကို့ကို မအိမ်ကံကိုယ်တိုင် ခူးခပ်ကျွေးမည်။ ထမင်းအိုးကြီးကို ချွေးလှပ်လိုက်ရင်း မအိမ်ကံ ရေနွေးအိုးကြီး ထင်းမီးထပ်ထိုးခဲ့သည်။ ပြီးလျှင် အပေါ်ထပ်ကို တက်ခဲ့ပြီး ဝရန်တာမှာ အစ်ကို့အတွက် သင်ဖြူးဖျာတစ်ချပ်ခင်းရင်း အိပ်ရာပြင်ပေးလိုက်သည်။ မအိမ်ကံကတော့ ကိုပြေသိမ်းပြောလိုက်သည့် ချောလွန်းလို့တဲ့ဆိုသည့်စကားတွေသာ ကြားယောင် နေသည်။ လူပုံနဲ့သလောက် စိတ်ဓာတ်ကောင်းသတဲ့။ အစ်ကိုပြောသလို မအိမ်ကံကို သဘောကျတတဆိုတာလည်း ဖြစ်နိုင်ပါ၏။ ဒါကို မအိမ်ကံ၏ ဗီဇစိတ်အရ သိနေသလို ခံစားရသည်။

ရေတွင်းကုန်းဘက်ဆီက ရေတွေ တဗွမ်းဗွမ်းလောင်းချိုးနေသံ ကြားရပြီ။ အစ်ကို ရေချိုးပြီးလျှင် ထမင်းစားနိုင်ဖို့ အဆင်သင့် ခူးခပ်ထားရမည်။ ထမင်းစားပြီးမှ အအိပ်ခိုင်းရမည်။ မအိမ်ကံ အောက်ထပ်ကိုဆင်းလာစဉ် ဝင်းတံခါးဘက်ဆီက အသံတွေ ကြားရလို့ လှမ်းကြည့်လိုက်ပါ၏။ အဖေနှင့်အမေ ပြီးတော့ မလှအုံ။ ဆေးလိပ်ကြီးတွေ ကိုင်ကြလို့။ ဝင်းတံခါးဆီ မအိမ်ကံ ပြေးလာခဲ့သည်။ အစ်ကိုရောက်နေတာကို ပြောချင်လှပြီ။

"သမီး နေကောင်းရဲ့လား…ထမင်းကော စားပြီးပြီလား…အမေတို့ အလှူအိမ်ကို လူကြီးဖိတ်ဖိတ်လို့ သွားထိုင်ကြသာ…အမေတို့သွားတော့ သမီးမနိုးသေးလို့… မကြာညွန့်တော့ မှာခဲ့ပါရဲ့"



"အမေ…အစ်ကိုရောက်နေသယ်"

"အို…ဟုတ်လား …သူကြီးရေ လူကလေး ရောက်နေသယ်သဲ့တော်ရေ…"

"အဖေနော် အစ်ကို့ကို ဘာမှ ပြောမနေနဲ့ဦး…"

"အေးပါ သမီးရယ်…အခု ဘယ်မှာတုံးဟဲ့"

"အိမ်ထဲမှာ…"

အဖေရော အမေပါ မျက်နှာတွင် အပျော်ရိပ်များဖြင့် ဝင်းစက်သွားကြသည်။ မျှော်နေကြတာမဟုတ်လား။ နှစ်ပေါက်အောင် မျက်စိအောက်က ပျောက်နေသော သားမောင်ကို တွေ့ချင်မြင်ချင်လွန်းလှပြီ။ မလှအုံက တံခါးကို မောင်းပြန်ထိုးသည်။ အိမ်ထဲရောက်တော့ အစ်ကိုချွတ်ချထားခဲ့သော ပုဆိုးဟောင်း တိုက်ပုံဟောင်းတွေက တန်းလျားပေါ် အပုံလိုက်။ ဦးသာထန်က ကောက်ကိုင်ကာ မြှောက်ကြည့်သည်။

"တို့ရွာက အရှုးဘမောင်ဝတ်တာကမှ ပြောင်သေး ကျောင်းအစ်မရေ…နင့်သား အဝတ်တွေ ကြည့်ပါဦးတော့…"

အဖေ့စကားကြောင့် အမေပန်းရုံကော မအိမ်ကံပါ ရယ်ကြရသည်။ အရူးဘမောင်က ရွာရိုးကိုးပေါက် လျှောက်သွားနေသူမှုတ်လား။ မလှအုံက သည်စကားကို ကြိုက်ပုံမရ။

"ဖအေနဲ့သား တူပုံတော်…အင်မတန် ကစုတ်ကညစ်နိုင်ကြသာ…"

"ဟာ…သည်ဟာမ…ဘယ်စကား ဘယ်ရောက်…"

သည်လိုဆိုတော့လည်း မအိမ်ကံတို့အိမ်မှာ အပျော်သံကလေးတွေ ညံလျက်ရှိရပါ၏။

■

ညစာထမင်းဝိုင်းကတော့ နှစ်များစွာအတွင်း မိသားစု စုံစုံလင်လင်ဆုံကြသည့် ထမင်းဝိုင်းဖြစ်သည်။ မလှအုံက မနက်က ချက်ထားသည့်ဟင်းများအပြင် ညနေဘက်မှာ ကြက်သားဆီပြန်တစ်ခွက်၊ ဘူးရွက်ဟင်းချိုတစ်ခွက် ထပ်ဖြည့်ထားသဖြင့် ဟင်းတွေ အမယ်စုံလှပါ၏။ မောင်မြတ်သာက ခေါင်းပင်မဖော်နိုင်။ မအိမ်ကံက အစ်ကိုဖြစ်သူ ထမင်းပန်းကန်ထဲ ဟင်းတွေ မကြာခဏ ထည့်ပေးသည်။ ဦးသာထန်ကတော့ သားကိုကြည့်ကာ စိတ်မကောင်းဖြစ်နေပုံ ရသည်။ သားဖြစ်သူနှင့် တွေ့တွေ့ချင်း သားကိုဖက်ကာ ငိုရှာပါသေးသည်။ အသက်ကြီးကာမှ မျက်ရည်ကျရသော ဖအေနှင့် တိုင်းပြည်အရေးထက် ဘာကိုမှ သံယောဇဉ်မထားသော သားကို ကြည့်ရင်း အမေပန်းရုံလည်း မျက်ရည်တစမ်းစမ်းရှိခဲ့ရသည်။ အဖေနှင့်အမေငိုတော့ မအိမ်ကံလည်း ငိုမိသည်။

"ငါ့သားက မောင်တောက်ထိန်နဲ့ မှာသယ်ဆိုလို့ အဖေ သူကြီးအလုပ်က နားလိုက်သယ်…သူကြီးအလုပ်ကလည်း နာမည်ခံရှိတော့သာပါကွာ…ရပ်ရွာအသင်းအဖွဲ့တွေ အမျိုးမျိုးပေါ်လာပေမယ့် တို့က တောရွာဆိုတော့ အဖေ့ကို ဦးထိပ်ထားကြတုန်းပါပဲ… ငါ့သားကို အဖေက ရပ်မကွာ ရွာမကွာ အိုးမကွာ အိမ်မကွာ ဂုဏ်ရှိရှိနေစေချင်သာ ရှိသာပါ…မင်းလုပ်သာ အဖေ ဘာမှမပြောချင်ဘူး…ဒါပေသိ မင်းဆင်းရဲလွန်းလှသကွာ…"

www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားပြီး ပဲမှော်တိုက်ဘေးမှာ ထန်းကုလားထိုင်တွေခင်းကာ ထိုင်ကြသည်။ မနီးမဝေး မီးဖိုကျင်းမှာ မလှအုံက နွားနို့ကျိုနေသည်။ မောင်မြတ်သာကို နွားနို့တိုက်ရန် ဖြစ်သည်။ သားအဖတစ်တွေ ဆုံကြစဉ် ဦးသာထန်က မောင်မြတ်သာကို ပြောလိုက်ခြင်းဖြစ်၏။

"ဆင်းရဲသယ်အဖေ…ကျွန်တော်တို့ သည်အချိန်မှာ ပုလိပ်အဖမ်းခံလို့မဖြစ်ဘူး…ကျွန်တော်တို့အလုပ်က တစ်ယောက်ကိုတစ်ယောက် ချိတ်ဆက်နေကြသာဆိုတော့ ခုလပ်မှာ အဖမ်းခံရရင် ကွင်းဆက်ပြတ်သွားတတ်သယ်…အခုတောင် မီးသွေးတိုက် ပြန်တဲ့ လှည်းတွေနဲ့ လိုက်ခဲ့ရသာ…"

"အခုက တိုင်းရေးပြည်ရေးကကော ဘယ့်နှယ်တုံး…အဖေတို့ တောဘက်မှာတော့ စကားတွေက အမျိုးမျိုးပဲ…တောကြောင်တွေကလည်း ထဖို့ ခတ်ကွင်းပြင်နေကြလေရဲ့"

"အဖေ သူကြီးအရွေးမခံသာ ကောင်းသယ်အဖေ…အခုဟာက ကိုယ့်အစုနဲ့ကိုယ် ဖြစ်ကုန်ကြပြီ…မြို့တွေမှာ နိုင်ငံရေးအဖွဲ့တွေက ဖော်လံတီယာတွေ ဖွဲ့ကြသယ်…ဖော်လံတီယာဆိုသာက ကိုယ်ကြိုက်သဲ့အဖွဲ့ဘက်က အခမယူဘဲ ပါကြသာပေါ့လေ…ဒေါက်တာဘမော်က ဓားမတပ်ဖွဲ့သယ်…ဦးစောက ဂဠုန်တပ်ဖွဲ့သယ်…လက်ရုံးတပ်တို့၊ သံမဏိတပ်တို့လည်း ရှိသယ်…မြို့မှာတော့ ဆူပွက်နေကြသာပါပဲ"

"ဘာလုပ်ကြဖို့တုံး"

"အင်္ဂလိပ်ကို ချဖို့ပါပဲ…ဒါပေမဲ့ အချင်းချင်းကလည်း စောင်နေကြတော့ ခက်သားပဲအဖေ…ဒေါက်တာဗမော်က ဗမာ့ထွက်ရပ်ဂိုဏ်းဆိုသာ မနှစ်က ဖွဲ့လိုက်ပြီ…သဘောကတော့ အဖေရာ…စစ်ကြီးစတော့မယ်…အင်္ဂလိပ်က စစ်မီးလောင်သဲ့ဘက် စိတ်ရောက်နေတုန်း ကျွန်တော်တို့က အခွင့်ကောင်းယူရမယ့်သဘောပဲ"

"မင်းတို့ တို့ဗမာအစည်းအရုံးကကော…"

"နှစ်ခြမ်းကွဲကြပေမယ့် ရည်ရွယ်ချက်တော့ တူကြသယ်အဖေ…အခုဟာက သခင်ခေါင်းဆောင်တွေ ထောင်ကျတန်းကျ ဖြစ်နေကြရသယ်…သာယာဝတီ ညီလာခံ ပြီးတော့ သခင်အောင်ဆန်းတို့၊ သခင်သန်းထွန်းတို့၊ သခင်စိုးတို့၊ သခင်ဝတင်တို့ ထောင်ထဲဝင်ကြရသယ်…သခင်ဗစိန်၊ သခင်ထွန်းအုပ် အဖွဲ့ကလည်း သခင်ညီတို့၊ သခင်ခင်မောင်တို့ ထောင်ထဲရောက်နေကြပြီ…အဲတော့ အထဲမရောက်သေးသဲ့ သခင်တွေက ရှောင်နေကြရသဲ့သဘောပဲ…အကုန်လုံး ထောင်ထဲရောက်ကုန်ရင် အင်္ဂလိပ်က တစ်ပန်းသာမှာပေါ့…"

အဖေနှင့်အစ်ကို ပြောနေကြသမျှ မအိမ်ကံ လုံးစေ့ပတ်စေ့တော့ နားမလည်။ သဘောသွားလောက်ကိုသာ အကင်းပါးသူပီပီ နားလည်သလိုလိုတော့ ရှိပါ၏။ အမေပန်းရုံက မြေပဲတွေ ပူပူလောလောကြော်ကာ ချပေးသည်။ မလှအုံက နွားနို့ပူပူ အငွေ့တထောင်းထောင်း လာချပေးပါ၏။ ဆားကလေးတစ်ပွင့် နှစ်ပွင့် ဖြူးထားသော မြေပဲဆံကြော် ပူပူက စားချင့်စဖွယ်။ အစ်ကိုက အဖေနားလည်လောက်သော စကားဖြင့် ခေတ်အခြေအနေတွေ ပြောပြနေရှာပါ၏။ မအိမ်ကံ ဝမ်းသာသည်လိုဆိုတော့လည်း သားအဖတစ်တွေ ကြည်ကြည်သာ ရှိကြပါသကော။ မအိမ်ကံ ဝမ်းသာရပါ၏။



အိမ်မှာ အောက်လင်းဓာတ်မီးကြီး ရှိသော်လည်း အစ်ကိုက အထွန်းမခံ။ အလင်းရောင်တွေ များနေမှာ စိုးပုံရသည်။ တောရွာဆိုတော့ ရေနံတိုင် မီးခွက်ရှည်ကိုသာ ထွန်းထားရသည်။ မလှအုံ မီးဖိုကျင်းဆီက ထင်းမီးအလင်းရောင် အနည်းအပါးတော့ ရောက်လာတတ်ပါ၏။ ထိုညက အဖေနှင့်အစ်ကိုတို့ ညဉ့်နက်သန်းခေါင် စကားကောင်းနေကြသည်။ ကျေးဥ ရောက်လာတော့ မအိမ်ကံ အဖော်ရပြီ။

"မင်း အခုလာသာကကော စိတ်ချရရဲ့လား ငါ့သားရာ…"

"ကိုယ့်ရွာကိုယ်ဆိုတော့ ဘယ်သူကမှ တကူးတက သွားမတိုင်လောက်ဘူးလို့တော့ အောက်မေ့ရသာပဲအဖေ…ကျွန်တော် ဆရာကြည်တို့နဲ့လည်း တွေ့စရာရှိသေးသယ်…အခြေအနေကောင်းရင် လေး,ငါးရက်တော့ နေပါဦးမယ်"

မအိမ်ကံက လေး,ငါးရက်ဆိုသည့်စကားကို ကြားတော့ အစ်ကိုဖြစ်သူကို လှမ်းငေါက်သည်။

"ရွာမရောက်သေးဘူး ပြန်ရက်တွက်နေသာ သုံးခါရှိပြီ… နေပါဦးတော့လား ဆယ်ရက်တန်သည် လဝက်တန်သည်…အစ်ကိုတို့များ အဲသလိုချည်းပဲ…ဝအောင်နေလိုက်ရသယ် မရှိဘူး"

"မဟုတ်ပါဘူး နှမရာ ..အစ်ကိုတို့မှာ အဲသလောက်အချိန်မရပါဘူး ..တစ်သက်လုံးစာ လွတ်လပ်ရေးရရင် အစ်ကို နားမှာပါ…ရွာမှာ အခြေချပြီး ငါ့နှမနဲ့ တစ်သက်လုံး အတူနေမဟျား ကိုင်း .."

"အစ်ကိုသာ တစ်သက်လုံး ရွာမှာနေရင် ကံကလေးကလည်း တစ်သက်လုံး လုပ်ကျွေးပါမသဲ့တော် .."

မောင်နှမနှစ်ယောက်ကိုကြည့်ပြီး မိဘနှစ်ပါးမှာ ပီတိဖြစ်ကြရသည်။ လူကြီးတွေ စကားဝိုင်း မပြီးနိုင်ကြသေး။ ညဉ့်နက်လာတော့ မအိမ်ကံ အိပ်ချင်ပြီ။ ကျေးဥကို လက်တို့ကာ အိမ်ပေါ် တက်လာခဲ့၏။ ဖိုးတုတ်နှင့် ဖိုးကူးကတော့ ကျားကန်အိပ်နေလိုက်ကြတာ အတုံးအရုံး။ စားကောင်း သောက်ကောင်း လူပျိုပေါက်တွေဆိုတော့ ဘာအပူအပင်မှမရှိ။ မအိမ်ကံတို့ အခန်းထဲရောက်တော့ ကျေးဥက သစ်သားမီးခြစ်ပုံးဖြင့် ရေနံတိုင်ထွန်းသည်။ အလင်းပျော့ပျော့ကလေးက အခန်းထဲမှာ မှိန်မှိန်ကလေး လင်းလာခဲ့၏။ ကျေးဥက မအိမ်ကံ၏ အိပ်ရာတွေကို ခါပေး ပြင်ပေးရင်း မအိမ်ကံကို အကဲခတ်သည်။

"မအိမ်ကံ"

"ကျေးဥ"

"မအိမ်ကံကို ပြောစရာရှိလို့…"

"ပြောလေ ကျေးဥ"

ကျေးဥက ဒုတိယအကြိမ် ပြဿနာတစ်ခု ဆောင်ယူလာခြင်းများ ဖြစ်လေမလား ဆိုသည့် စိတ်ဖြင့် စပြီးသားစကားကို မဆက်ဘဲရှိပြန်၏။ မအိမ်ကံက ဘုရားဝတ်ပြုနေဟန်နှင့် ကျေးဥက ကောင်း၏ မကောင်း၏၊ တော်၏ မတော်၏ စဉ်းစားသည်။ မပြောတော့လည်း

www.burmeseclassic.com

www.burmeseclassic.com

အပြစ်ဖြစ်ရပြန်ဦးမည်။ ပြောပြန်တော့ကော။ မအိမ်ကံက ဘုရားရှိခိုးပြီးသည်နှင့် ကျေးဥကို ကြည့်သည်။ ပြောစရာရှိတာ ပြောလေဆိုသည့်သဘော။ ကျေးဥက ချီတုံချတုံ ...။

"ငါ့မလဲ အခက်ကြုံနေရသယ် မအိမ်ကံရယ် . တစ်ခါဖြစ်လိုက်သဲ့ပြဿနာက မအိမ်ကံကို ထိခိုက်လွှန်းလှသာမဟုတ်လား ..ငါ့မှာ လေ့ငယ်ရောက်ရက် အပြေးခက် ဆိုသာလိုပဲ ဖြစ်ရလေခြင်းရယ်လို့ ယူကျုံးမရ ဖြစ်ခဲ့ရသယ်"

"အေးပါ...ငါသိပါသယ် ကျေးဥရဲ့...ဒါက ငါ့ဘဝ ငါ့အကြောင်းပေါ့အေ .. ဖြစ်ချင်ရင် ဖြစ်ကြရသာပါပဲ...ရှောင်လွှဲနိုင်သာမှတ်လို့...ဘယ်သူ့ကိုမှ မဥပါဒ်ပါဘူး အေ...ပြောစရာရှိရင်သာ ပြောပါ...ညည်းနဲ့ငါမှမပြောရင် ဘယ်သူ့ပြောဖြစ်မှာတုံး"

"သည်လိုအေ့...မနေ့က အိမ်ခဏပြန်တော့ သာအောင် အိမ်ရောက်နေသယ်...ငါက လည်း ပိုးစိုးပက်စက် ပြောပစ်လိုက်သယ်...နင်ယုတ်မာလို့ မအိမ်ကံခမျာ တစ်သက် လုံးက စောင့်ထိန်းလာသဲ့သိက္ခာ...မုန့်လေမွှေ ဆင်နင်းသလို ကျိုးကြေသွားရ ရှာသယ်ဆိုသဲ့အကြောင်း...ငါလည်း တော်တော့်ကို ပြောပစ်လိုက်သယ်"

"သာအောင်က ဘာပြောသလဲ"

"ဘာမှမပြောဘူး...ခေါင်းကြီးငုံ့ပြီး စိတ်မချမ်းမသာ ဖြစ်နေပုံတော့ ပေါ်သယ် .. ပြောသာတော့ သူ့အမေ သည်လိုလုပ်လိမ့်မယ် မထင်ဘူးသဲ့ ..ဖြစ်ရသဲ့နေ့က သူလည်း မရှိဘူးသဲ့...မြင်းခြံရောက်နေသာသဲ့...နှစ်ရက်နေလို့ ပြန်ရောက်တော့မှ သည်စကားတွေ ကြားရသာသဲ့...တောင်းပန်သာပေါ့လေ...မအိမ်ကံကို မေတ္တာရှိမို လို့ပါသဲ့"

"သူမသိဘူးဆိုသာနဲ့ ပြီးရရောလား ကျေးဥရယ်...မလုပ်ကောင်းသာ လုပ်ရက်လေ ခြင်းရယ်လို့ ငါ့စိတ်ထဲ ချေလို့ပဲ မကျေနိုင်ဘူး...သည်ကိစ္စ တစ်ရက် ရှင်းရမှာ ပါအေ...သူ့ကို ယုံကြည်လို့ ငါ နှစ်ကိုယ်တောင် တွေ့ခဲ့သာပါ...သူ့သိက္ခာ ငါ့ သိက္ခာ ငါလုံလို့ လုပ်ခဲ့သာ...ငါ့လိပ်ပြာ စင်ကြယ်လိုက်သာမှ...ပေးသူက မေတ္တာ ယူသူက သစ္စာဆိုသဲ့စကား ရှိသားပဲကျေးဥရယ်...လူဆိုသာ မေတ္တာနဲ့ ကမ်းလှမ်းရင် သစ္စာနဲ့ တုံ့ပြန်ရသာမျိုးအေ့..."

မအိမ်ကံခမျာ အိပ်ချင်စိတ်များပင် လွင့်ပြယ်သွားခဲ့ရပါ၏။ သည်ကိစ္စက မအိမ်ကံ ရင်ထဲမှာ အောင်းနေသည့် ဖဝါးနုနုထဲ မြှုပ်နေသော ကြောင်လက်သည်းချွန်ချွန်ကြီးတွေလို အခါမသင့် အခွင့်မရသေးလို့သာ လက်သည်းမထုတ်ရသေးခြင်းဖြစ်သည်။ တစ်ရက်တော့ မျိုချမိသည့်ဆေးခါးကို လက်ထိုးအန်ရဦးမည်လို့တော့ တေးထားပြီးသား။

"အခုလည်း တောင်းပန်စာတစ်စောင် ရေးပေးလိုက်သယ် မအိမ်ကံ...မအိမ်ကံ ယူချင်မှယူပါ...ဖတ်ချင်မှလည်း ဖတ်ပါ...သည်တစ်ခါလည်း ငါ့ပယောဂ ပါမှာစိုး ပါရဲ့...နို့ပေမယ့် တောင်းပန်သယ်ဆိုသာ အရှုံးပေးသာပါလေလို့ အောက်မေ့သာနဲ့ ယူလာခဲ့သယ်"

"ကျေးဥရယ်...ငါက တုံးတင်မိတော့ ကြောင်တက်သာပေါ့အေ ..ပြစမ်းပါအေ .. ဖတ်ကြည့်စမ်းရအောင်"



ကျေးဥက ချွေးခံအင်္ကျီအိတ်ကို လှန်သည်။ တိုက်ချိတ်ကို ဖြုတ်သည်။ အထဲက စာခေါက်ကလေးကို ထုတ်သည်။ မအိမ်ကံကို ကမ်းရင်း မအိမ်ကံ၏မျက်နှာကိုလည်း အကဲခတ် ရသေးသည်။ မအိမ်ကံက မျက်နှာကလေးကို ခပ်တင်းတင်းချီလျက် သရော်ပြုံးကလေးပင် ပြုံးနေလိုက်ပါသေး၏။ မအိမ်ကံ၏ သည်အပြုံးမျိုးကို ကျေးဥ တစ်ခါမှမမြင်ဖူးခဲ့။ မအိမ်ကံက စာရွက်ခေါက်ကို တည်တည်ငြိမ်ငြိမ် ဖြန့်သည်။

'မအိမ်ကံ ..

ဖြစ်ခဲ့ရသော အကြောင်းများအတွက် ကျွန်တော် တောင်းပန်ရပါ တော့မည်။ သခင်မြတ်သာထံ မအိမ်ကံ လှူကြုံပါးသည့် ပစ္စည်းများကို ထုတ်ကြည့်ရာမှ မအိမ်ကံဟု နာမည်ထိုးထားသော လက်ကိုင်ပဝါကလေး ကို ကျွန်တော် တွေ့လိုက်ရခြင်းဖြစ်ပါသည်။ မအိမ်ကံ၏ ယုံကြည်မှုကို ကျွန်တော် မရိုးမဖြောင့် လုပ်မိပါသည်။ မအိမ်ကံ မသိအောင် လက်ကိုင် ပဝါကို ယူထားလိုက်ခြင်းအတွက် ဖြစ်ခဲ့ရသော အကြောင်းများကြောင့် ကျွန်တော့်မှာ စိတ်မကောင်းဖြစ်ရပါသည်။ သည့်အတွက် ကျွန်တော့်မှာ အပြစ်ရှိပါကြောင်း ဝန်ခံပါ၏။

တစ်ရက်တွင် ကျွန်တော့်သံသေတ္တာကို အမေဖွင့်ရာမှ လက်ကိုင် ပဝါ တွေ့သွားခြင်းဖြစ်ပါသည်။ အမေ့ကြောင့် မအိမ်ကံ ဂုဏ်သိက္ခာ ပွန်းပဲ့ရပုံ၊ မမာမကျန်းဖြစ်ရပုံ၊ ဆေးဆရာ ခေါ်ကုရပုံ၊ မအိမ်ကံ၏ လူကြီးမိဘများမှာ သမီးအရှက်အတွက် သည်းခံလိုက်ကြရပုံတွေကို သိရ တော့ ကျွန်တော့်မှာ မျက်နှာမထားတတ်အောင် ဖြစ်ရပါ၏။ အရာအားလုံး အတွက် ကျွန်တော် တောင်းပန်လိုက်ပါသည် မအိမ်ကံခင်ဗျား...။

ကျန်းမာ ချမ်းသာပါစေ

မောင်သာအောင်'

မအိမ်ကံက မျက်မှောင်ကလေးကြုတ်ရင်း စာကို တစ်ခေါက်ထပ်ဖတ်ပြန်၏။ စာရွက် ကလေးကို ပြန်ခေါက်လိုက်ကာ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုတ်ထားလိုက်သည် ရေနံမီးတိုင် အလင်းက မီးစာသီးများ သီးလာခြင်းကြောင့် အလင်းအားနည်းသွားခဲ့သည်။ ကျေးဥက တုတ်ကလေးနှင့် မီးစာသီးကို ခြွေချလိုက်သည်။ နည်းနည်းလေးတော့ ပြန်လင်း လာပါ၏။ မအိမ်ကံက အိပ်ရာပေါ် လှဲလိုက်သည်အထိ စကားမပြောတော့ ကျေးဥပင် အနေရခက်နေသည်။

"ကျေးဥရယ်...သည်လို လူမသိ သူမသိ စာရေးတောင်းပန်ရုံနဲ့ ဘယ်ရပ့ါမလဲ .. သူ့မအေ ငါ့ကိုစော်ကားပြီး လက်ကိုင်ပဝါ ပစ်ချခဲ့တုန်းက ငါက ဓားတစ်လက် ကိုင်ထားသာအေ့...ငါ့စိတ်ထဲမှာ တစ်ခုပဲရှိသယ်...သည်ဓားနဲ့ ငါ ပိုင်းပစ်လိုက်မယ် ဆိုသဲ့စိတ်ပဲ...မမစိမ်းမြသာ ဆွဲမထားရင် အင်မတန် အရုပ်ဆိုး အကျည်းတန်တာတွေ ဖြစ်ပြီးပြီပေါ့... ဒါပေမဲ့ ငါ မခုတ်ဖြစ်ခဲ့ဘူး...အဲသာလည်း ကောင်းသွားသာပါပဲ...ငါ ရက်ရက်စက်စက် သွေးထွက်သံယို မဖြစ်ချင်ပါဘူး...အခု ငါ မင်္ဂလာရှိရှိ နိုင်ရတော့ မှာအေ့..."

www.burmeseclassic.com

www.burmeseclassic.com



"မအိမ်ကံ ဘာကိုပြောသာလဲ"

"သာအောင့်အမေ ကြီးတော်စံရွှေ ငါ့ကိုရော ငါ့မိဘနှစ်ပါးကိုပါ လာတောင်းပန်ရ တော့မှာပေါ့အေ...သူ့သားစာကို သူ့မအေဖတ်ရရင် ရှင်းသွားပြီပဲ...ကန်တော့ပွဲ ရွက်ပြီး လာတောင်းပန်ချေလို့ ငါပြောလို့ရပြီ"

"မအိမ်ကံရယ်...အကျယ်ကျယ် ထပ်ဖြစ်ပါဦးမယ်ဟယ်..."

"အကျယ်အကျယ် ရွာလုံးကြား စော်ကားခံရပြီးပြီပဲ ကျေးဥရယ်...အကျယ်အကျယ် ရွာလုံးကြား တောင်းပန်မှ ငါကျေနပ်နိုင်ရမှာပေါ့...တည်သီး ဘယ်လောက်ချိုချို ကွမ်းသီးနဲ့ မလဲနိုင်ဘူးအေ့...သာအောင့်ကိုပြောလိုက်...သန်ဘက်ခါမနက် ကြီးတော် စံရွှေကိုယ်တိုင် ကန်တော့ပွဲသာ ရွက်ခဲ့တော့လို့..."

သန်ဘက်ခါရယ်လို့ တိတိကျကျ ပြောလိုက်တာကလည်း အဓိပ္ပာယ်ရှိပါ၏။ သန်ဘက်ခါမှာ အစ်ကိုဖြစ်သူ မောင်မြတ်သာ ကြည်တော်ကုန်းရွာကို သွားမှာဖြစ်ကြောင်း မအိမ်ကံ ကြားထားခြင်းကြောင့်ဖြစ်၏။ ဘာပဲဖြစ်ဖြစ် သည်ကိစ္စတွေ အစ်ကို မသိစေချင်။ အစ်ကိုကိုယ်တိုင် ယုံကြည်စွာ မှာလိုက်သူက သည်လိုလုပ်ရကောင်းလား ရှိလာနိုင်သည်။ ပြောကြကြေးဆိုလျှင် လူငယ်သဘာဝ သာအောင် သူ့လက်ကိုင်ပဝါ ယူထားလိုက်ခြင်းကို မအိမ်ကံ ခွင့်လွှတ်နိုင်သည်။ နားလည်နိုင်သည်။ အပျို့ပဝါ လူပျိုက မြတ်နိုးလို့ ယူထားပါသည် ဆိုရုံကလွဲလို့ အပုံကြီး စိတ်ဆိုးစရာမရှိပါ။ သို့သော် သည်ပဝါကို အကြောင်းပြုပြီး ကြီးတော် စံရွှေ၏ စော်ကားမှုကိုတော့ မအိမ်ကံ တစ်သက်မကျေ။ မကျေလို့ ဖြေရှင်းရအောင်ကလည်း ရှင်းလေး ရှုပ်လေဖြစ်ဖို့သာရှိသည်။ သက်သေမရှိ။ မအိမ်ကံလို့ နာမည်ထိုးထားသော ပဝါက နေရာမှားရောက်နေခဲ့ပြီမဟုတ်လား။ အခုတော့ သက်သေရပြီ။ သားဖြစ်သူကိုယ်တိုင်က မတရား ရယူမိပါသည်ဟု ဝန်ခံထားသော စာတစ်စောင် မအိမ်ကံလက်မှာ ရှိပြီ။ သည့်ထက် သေချာသည့်သက်သေ မရှိ။

"ကျေးဥရယ်...ဝင်တော့ စည်တီးဝင်ပြီး ထွက်တော့မှ ခေါင်းမြီးခြုံထွက်ချင်လို့ မရနိုင်ဘူးအေ့...ငါ့တစ်သက်လုံး လိပ်ပြာလိုနေခဲ့သူပါ ..ညည်းသိပါသယ်...အခု တော့ ငါ ပိတုန်းလို နေတော့မယ်လို့ ပိုင်းဖြတ်ထားသယ်...ငါ့ကို စော်ကားသူက ငါ့ကို ကန်တော့ပွဲရှေ့ရောက် တောင်းပန်မှ ကျေနပ်နိုင်မယ်"

ကျေးဥကတော့ မအိမ်ကံ၏စကားတွေကိုသာ အံ့သြနေရတော့သည်။ ပျောက်သူက မနှမျော ကောက်ရသူက နှမျောဆိုသလို မအိမ်ကံအဖြစ်ကို ကျေးဥပင် ရင်နာခဲ့ရပါ၏။ ဒါကြောင့်လည်း သာအောင့်ကိုတွေ့တော့ နစ်နစ်နာနာတွေ ပြောခဲ့သည်။ ရွာမှာ ကျိုကျိုတက် ချမ်းသာသူ၏ သားတစ်ယောက်ကို တစ်နေ့လုပ်မှ တစ်နေ့စားရသူက ချိုးချိုးဖဲ့ဖဲ့ပြောပစ်ခဲ့သည်။ သာအောင် ရေးထားသည့် တောင်းပန်စာကိုလည်း ပါအောင်ယူခဲ့သည်။ ကျေးဥသဘောကတော့ သည်ကိစ္စ သည်မှာတင် ပြီးသင့်ပြီ။ ဖြစ်ခဲ့တာတွေလည်း ဖြစ်ခဲ့ပြီ။ အခုတော့ သူယူလာသည့် စာကို ဖတ်ပြီးမှ မအိမ်ကံက ကန်တော့ပွဲနှင့် လာတောင်းပန်ရမည် ဆိုနေပါပကော။

သည်ဘက်နယ်တွေမှာ မှားသူနှင့်မှန်သူ၊ တရားသူနှင့်မတရားသူ အမှုအခင်းဖြစ်ကြ လျှင် လွန်သူက ကန်တော့ပွဲရှေ့ရောက် တောင်းပန်ရသည့်ကျင့်ဝတ်ကလေးရှိသည်။ ငွေဒဏ် ကြိမ်ဒဏ် ရိုက်ခြင်းထက် ပိုပြီးထိရောက်သော ဒဏ်တစ်မျိုးဆိုလျှင်လည်း မှားမည်မဟုတ်။ လူတစ်ယောက်က တစ်ယောက်ကို ကန်တော့ပွဲရွက်ကာ လာတောင်းပန်ရသည်ဆိုလျှင်ပင် အတောင်းပန်ခံရသူက ဂုဏ်လည်းရှိသည်။ ကျေလည်းကျေနပ်ကြပါ၏။ တောင်းပန်ရသူကတော့ သိက္ခာ လည်းကျ အရှက်လည်း ရရသည့်အဖြစ်မဟုတ်လား။ မအိမ်ကံကို အညှိုးတကြီးရှိလာမှာ ကျေးဥ စိုးရိမ်သည်။

"ကျေးဥရယ်...ညည်းစဉ်းစားနေသာ ငါသိပါသယ်...သည်ကိစ္စ သည်မှာတင်ရပ်စေ ချင်နေသာ မဟုတ်လား...ငါ့ရင်ထဲမှာ စူးနေသဲ့ဆူးနှစ်ချောင်းရှိသယ် ကျေးဥ...ဒါ ပထမတစ်ချောင်းပဲ...ကန်တော့ပွဲနဲ့ လာတောင်းပန်သာကို လက်ခံသယ်ဆိုသာ လောက်နဲ့ ဆူးတစ်ချောင်း ငါနုတ်ပစ်လိုက်နိုင်သယ်ဆိုရင်ပဲ ညည်းဝမ်းသာတော့..."

"အဲသလိုသာ လာမတောင်းပန်ဘူးဆိုရင်ကော မအိမ်ကံရယ်...သူတို့ကလည်း အစွယ် တွေ ချွန်လွန်းလို့ ပြောသာပါ...ငါက မအိမ်ကံဘက်ကပါအေ...တလွဲမထင်ပါနဲ့"

မအိမ်ကံက ကျေးဥမျက်နှာကို စိုက်ကြည့်လိုက်သည်။ ကျေးဥကို မအိမ်ကံ ယုံပါ၏။ မအိမ်ကံ၏ အချစ်ခင်ဆုံး ငယ်ပေါင်းကြီးဖော်ဆိုလည်း ဟုတ်သည်။ သူ့ခမျာ အမှိုက်ပွေ့မိလို့ မြွေတွေ့ရသူဆိုရင်လည်း ဟုတ်သည်။ အခု ကျေးဥပြောနေတာတွေကလည်း သူ့ဘက်က ပြောနေမှန်း မအိမ်ကံ သိပါ၏။ သို့သော်လည်း တကယ်တမ်း ခံစားခဲ့ရသူကလည်း ကျေးဥ မဟုတ်။ ကျေးဥ ခွင့်လွှတ်နိုင်သည်ထားဦး၊ မအိမ်ကံက ခွင့်မလွှတ်နိုင်ပါ။ မအိမ်ကံကိုယ်တိုင်က ဘာသာတရား ကိုင်းရှိုင်းသည်။ မိကောင်းဖခင်သားသမီးပီပီ ဗိုင်းကောင်းကျောက်ဖိ နေထိုင်ခဲ့ သည်။ စာနာသနားသောစိတ် အရင်းခံဖြင့် သူတကာကို နည်းများတောင်းပြည့် ဖေးမ၊ကူညီ ခဲ့သည်။ မိန်းကလေးတစ်ယောက်တွင် ရှိအပ်သောသီလ မြဲခဲ့သည်။ ဘဝပေးဆုတောင်းကောင်း၍ ရုပ်ရည်အဆင်း လှပတင့်တယ်သလောက် စိတ်အချင်းတွင်လည်း သူမတူ ဆိုရလောက်အောင် နှလုံးကောင်းလှသူကလေးဖြစ်သည်။

"မိန်းမတစ်ယောက်မှာ ခါးကြိုးတင့်တယ်ရသယ်အေ့...ကိုယ်ကျင့်တရား ခါးကြိုး၊ ဒါ မြဲရသယ်...ငါ မြဲလည်းမြဲခဲ့သယ်...အခုတော့ ဆင်ဝယ်ချင်လို့ ငွေချေးကာမှ ချွေးနဲ့ခုန္နိမ်ခံရသာ ငါနာသယ်ကျေးဥ...သူ မတောင်းပန်ရင် ငါဘာလုပ်မယ်ဆိုသာ ကြီးတော်စံရွှေ သိပါသယ်...ညည်းပြောလိုက်...ညည်းမပြောချင်ရင်လည်း အရီး ကြာညွှန့်ကို ပြောခိုင်းလိုက်..."

ပြတင်းပေါက်ဆီမှ ဝင်နေသောလေကြောင့် မီးတိုင်ပင် ငြိမ်းလုငြိမ်းခင်။ လေငြိမ်တော့ လည်း မီးတောက်ကလေး ငြိမ်သွားပြန်သည်။ ညဥ့်ကြီးနက်လှရော့မည်။ အိမ်အောက်ထပ် ပဲမှော်တိုက်ဆီက စကားသံတွေ ရှိသေးသည်။ သားအဖတစ်တွေ စကားကောင်းကြတုန်း။ ကျေးဥမှာ စကားကျန်သေးသည်။ မအိမ်ကံ ခိုင်းတာကို သူ ဘယ်လိုပြောရပ့်။ ကြီးပန်းရုံနှင့် တိုင်ပင်ပြီး အမေ့ကိုပဲ ပြောခိုင်းရတော့မည်။ တစ်ခုပဲစိုးသည်။ သာအောင်က ယုံကြည်လို့ တစ်ဆင့်ခံ စာပေးခိုင်းလိုက်တာကို ယူဆောင်လာရသူတစ်ယောက်အနေဖြင့် သည်စာနှင့် အနိုင်ပြန်ကျင့်သလို ဖြစ်မှာကို စိုးနေခဲ့မိသည်။ မအိမ်ကံကို ပြောလျှင် စိတ်များခုနေလေမလား။ စကားလှအောင်တော့ ပြောရမည်။

"ဖြစ်ပါသယ် မအိမ်ကံရယ်...ပြောလိုက်ပါ့မယ်...ငါလည်း မခံချင်ပါဘူး...မအိမ်ကံ

www.burmeseclassic.com

www.burmeseclassic.com

တို့ ကျေးဇူးတွေဆိုသာ အေးဖယ်ထား ..မိန်းမချင်းမို့ ပိုလို့တောင် ကိုယ်ချင်းစာပါ သယ်အေ .တစ်ခုပဲ ငါစဉ်းစားသာပါ"

"ဘာလဲ ကျေးဇူ...သာအောင်က တစ်မျိုးထင်မှာစိုးလို့လား...ယုံစားလို့ ပေးလိုက်သည့် သည်စာနဲ့ အကျပ်ကိုင်ကြလေခြင်းလို့ ထင်မှာစိုးသာမဟုတ်လား"

ကျေးဇူပင် လန့်သွားခဲ့သည်။ သူတွေးမိနေသမျှ မအိမ်ကံက ကြိုသိနေတာကို အံ့သြရသည်။ မအိမ်ကံခမျာ သည်ကိစ္စကို တော်တော်နာကျည်းခံပြင်းနေပုံရပါ၏။ ထူးဆန်းတာက မအိမ်ကံပြောသမျှစကားသံထဲမှာ ဒေါသသံ မပါ။ အေးအေးဆေးဆေးပြောနေခြင်းသာဖြစ်သည်။ သည်စာကို ရရချင်းခဏမှာပင် မအိမ်ကံ ဆုံးဖြတ်လိုက်တာလည်း ဖြစ်မည်။ မအိမ်ကံက ဆုံးဖြတ်ပြီးလျှင် ပြင်တာမျိုးမရှိတာလည်း ကျေးဇူသိပါ၏။

"ဟုတ်သယ် မအိမ်ကံ ..ငါ .."

"ကျေးဇူရယ်...ငါစိတ်ဆိုးလို့ ပြောသာမဟုတ်ဘူးနော်.. သာအောင့်ဆီကစာတွေ ယူလာသာ ညည်းပဲမဟုတ်လား...နှစ်စောင်စလုံးလည်း ငါလက်ခံခဲ့သာချည်းပဲ... ညည်းက ဆောင်ကျဉ်းလာရသူပါအေ...သည်စာတွေ လက်ခံရသူက ငါပါ...ရင်နီးခံခဲ့ရသာလည်း ငါပါ ...သည်စာတွေအပေါ်မှာ ဆုံးဖြတ်သာလည်း ငါပါ...ညည်း အနေသာကြီးပါအေ"

"အင်းလေ...ဟုတ်ပါရဲ့...ဘာပဲဖြစ်ဖြစ် ငါစဉ်းစားသာ မအိမ်ကံအတွက်ပါအေ... ဒါတော့ ယုံပါ"

"ယုံလိုက်သာမှအေ...ငါပြောခဲ့ပါပကော ..ဆူးနှစ်ချောင်းစူးနေသာမှာ ပထမဆူး တစ်ချောင်း နုတ်လိုက်စမ်းပါရစီ...ကလဲ့စားချေလိုက်စမ်းပါရစီ .."

ထိုညက အိမ်ကြီးတစ်အိမ်လုံး မအိပ်ကြသလို ဖြစ်နေခဲ့သည်။ ညဉ့်နက်သန်းခေါင်ကျော်တော့ မအိမ်ကံရော ကျေးဇူပါ အိမ်အောက်ထပ် ဆင်းခဲ့ကြသည်။ ထင်သည့်အတိုင်းပင် အဖေရော၊ အမေရော မအိပ်ကြသေး။ အစ်ကိုမောင်မြတ်သာက မအိမ်ကံတို့ ဆင်းလာတာတွေ့တော့ အံ့သြနေသည်။

"ကံကလေးတို့ မအိပ်ကြသေးဘူးလား"

"ဆာလို့ ဆင်းလာကြသာအစ်ကို...မလှအုံ ဘာရှိတုံး..."

"ရှိပါ့တော်...လာကြ မီးဖိုနားကို..."

ကောင်းကင်မှာ ကြယ်တွေသာရှိသည်။ ဝိုင်းတိုက်ထဲမှာ မီးရောင်ယဲ့ယဲ့ကလေးသာရှိသည်။ တောရွာညသည် ချောက်ချားစရာကောင်းအောင် တိတ်ဆိတ်လျက်ရှိပါ၏။ မအိမ်ကံ မအိပ်ချင်တော့။ စိတ်ရောကိုယ်ပါ ပေါ့ပါးနေခဲ့လေသည်။

■

သည်ကနေ့မနက် ဝေလီဝေလင်း ကျီးမနိုးခင်ကတည်းက သခင်မြတ်သာ ကြည်တော်ကုန်းရွာက ဆရာကြည်တို့ဆီ ထသွားခဲ့သည်။ ဖိုးကူးက လှည်းနှင့်လိုက်ပို့ခြင်းဖြစ်သည်။ မအိမ်ကံ နိုးတော့ မိုးပင် စင်စင်လင်းလေပြီ။ နိုးနိုးချင်း ထမင်းပူ ပဲပြုတ်ဆီဆမ်းနှင့် ငါးပိ



တောင်းကို ဝမ်းကလေးတောင့်အောင် စားလိုက်သည်။ အစ်ကိုမှ ကြည်တော်ကုန်း သွားဖြစ်ရဲ့လား သေချာအောင် မေးရသေးသည်။ ကနေ့ ကြီးတော်စံရွှေ လာမည့်နေ့ဖြစ်သည်။ ရွာလူကြီး ရပ်လူကြီးတချို့လည်း ပါလာလိမ့်မည်။ မအိမ်ကံကလည်း မမစိမ်းမြကို ဖိတ်ကြားထားပါ၏။

"ညည်းအစ်ကို မောင်မြတ်သာ ကုလားတက်ခေါက်ကတည်းက ထ.သွားသာပါ အေ...ဖိုးကူးလိုက်ပို့သယ် ..ညည်းအစ်ကိုတို့အလုပ်ကလည်း မလွယ်လိုက်သာအေ .. အပျို လူမြင်မခံဝံ့သာကျလို့...."

မလှအုံစကားကြောင့် မအိမ်ကံ ပြုံးရသည်။ ဟုတ်ပါရဲ့။ ပြောလည်းပြောချင်စရာ။ မအိမ်ကံ အရွယ်ရောက်ပါပြီဆိုကတည်းက အစ်ကိုနှင့် ပျော်ပျော်ပါးပါးကြီး နေခဲ့ရသည်ရယ်လို့ မရှိသလောက်ပင်။ ဘယ်တွေမှာ ဘာတွေလုပ်နေမှန်းလည်း မသိ။ လူကလည်း ကျစ်ခြောက်ခြောက်နိုင်လှပါ၏။ အခုလည်း လူသူလေးပါး မမြင်အောင် ရွာချင်းကူးတာ ဖြစ်နိုင်သည်။ အဖေကတော့ သားမောင်ရောက်လာတာကို ဝမ်းသာနေရှာပါ၏။ သူကြီးအလုပ်က အနားယူတာလားလည်း မသိ၊ အနားမယူသေးတာပဲလားလည်း မသိရ။ တရားဝင် လွှဲပြောင်းတာမျိုးလည်း မရှိ။ ရပ်ရွာ အုပ်ချုပ်ရေးအသင်းတွေ ရှိလာသော်လည်း ဦးသာထန်ကိုသာ လူကြီးအရာတားကြသည်။ သူကြီးမျိုးရိုးဆင်းဆိုတော့ ရပ်ကိစ္စ ရွာကိစ္စ နားလည်တာလည်း ပါပါလိမ့်မည်။

မအိမ်ကံက ရက်ကန်းရုံဘက် ခဏသွားကြည့်ပြီး ရေကို စိမ်ချိုးသည်။ သည်ကနေ့ အလှဆုံးပြင်ရမည်။ ကွမ်းတောင်ကိုင် ဖြစ်ခွင့်မရတော့သော်လည်း ကွမ်းတောင်ကိုင်တစ်ယောက်ထက် လှအောင်ပြင်ရမည်။ ရှင်းရှင်းဆိုရလျှင် သာအောင်နှင့်ညားရန် သေချာသလောက်ရှိသောလက်ရှိ ရွာကွမ်းတောင်ကိုင် ရွှေမှုံထက်သာအောင် ဝတ်ရစားရမည်။ သည်ကိစ္စကို လှည်းစီးရင်းမှန်းတားရသည့်ကိစ္စလို့ မအိမ်ကံ သဘောထားပါ၏။ ခရီးလည်းပေါက်၊ ဝမ်းလည်းဝ။ မအိမ်ကံ ရေမိုးချိုးပြီးတော့ မြင်းခြံဈေးက ဝယ်လာသည့် မျက်နှာချေအဝါမှုန့်ကလေးကို သနပ်ခါးရည်ကျဲညက်ညက်ကလေးပေါ်က ပိန်းပိန်းကလေး ပုတ်သည်။ နှုတ်ခမ်းဆိုးဆေးကို ဖိဖိကလေးဆိုးသည်။ မြစိမ်းရောင်အင်္ကျီနှင့် ထဘီကို ချပ်ချပ်ယပ်ယပ် ပိနေအောင် ဝတ်သည်။ လည်ပင်းမှာတော့ ငါးကျပ်သားစီး ဒေါင်းဘယက်ကို တစ်ကုံးတည်း ခန့်နေအောင် ဆွဲထားပါ၏။ ဒေါင်းရုပ်က အကြေးခွံကလေးတွေ တလှုပ်လှုပ်။ 'က'ဒေါင်းဆိုတော့ အမြီးဝိုက်ထားတာကလည်း ပြန့်ပြန့်ကြီး လှနေသည်။ ပန်းခက်ပန်းနွယ်တွေက မဟာဆန်လှသည်။ နွယ်ကွေးအလွန့်အလွန့်တွေထဲမှာ ပန်းဖူးတွေ ဖောက်ထားသဖြင့် ပန်းတောထဲမှာ ဒေါင်းက,နေသည်နှင့်ပင် တူလေသည်။ လက်ကောက်တွေကတော့ ဘယ်နှကွင်းစွပ်မိမှန်းပင် မသိ။ လက်စွပ်ကတော့ ဒေါင်းစိမ်းရောင်နှင့် လိုက်ဖက်အောင် တစ်ပွင့်တည်း မြလက်စွပ်ကြီးကို ဖူးနေအောင်စွပ်လိုက်သည်။

အားလုံး ပြင်ဆင်ပြီးပြီဆိုတော့မှ အိမ်အပေါ်မှာပင် ကုလားထိုင်တစ်လုံးနှင့် ရွရွကလေးထိုင်နေခဲ့သည်။ ခါတိုင်း ရွာတာလမ်းကို မြင်ရသည့်နေရာဖြစ်၏။ မနေ့တစ်နေ့ကပဲ သည်နေရာက ရွှေမှုံကို ထိုင်ကြည့်ခဲ့သေးသည်။ အခု ကြီးတော်စံရွှေကို ကြည့်နေရပြန်ပြီ။ ကြီးတော်စံရွှေနှင့် ရွှေမှုံ။ မအိမ်ကံ၏ နှလုံးအိမ်အတွင်းထဲထိ ရောက်လာရသူနှစ်ဦးပင်။ မအိမ်ကံ ပြုံးလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

သည်အပြုံးကို တစ်စုံတစ်ယောက်ကသာ မြင်ခွင့်ရလျှင် ရက်စက်သောအပြုံးဟု ဆိုမိမည်သာ။ မအိမ်ကံက ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် ထိုင်နေရင်းက မျက်လုံးတွေကိုလည်း မရွှေ့ဘဲ လမ်းကိုသာ စူးစိုက်ထားလေသည်။ ကြီးတော်စံရွှေ လာမှာကတော့ သေချာသည်။ အရိုးကြာညွန့်က အကျိုးအကြောင်းစုံ သွားပြောတော့ လာတောင်းပန်မည့်အကြောင်း စကားပြန်ခဲ့သည်။ သည်သတင်းက ရွာလုံးကြား ပေါက်နေလောက်ပြီ။

"ဟော…လာပြီ…"

မြင်ကွင်းထဲမှာ မိန်းမကြီးတစ်ယောက် ကန်တော့ပွဲကြီးရွက်လာတာ မြင်လိုက်ရသည်။ နောက်က မိန်းမနှစ်ယောက်လည်း ပါသေးသည်။ မမငွမ်းဖြူနှင့် မမခင်အိတို့ ထင်ပါရဲ့။ သဲသဲကွဲကွဲတော့ မမြင်ရ။ အို…ဟုတ်ပ့ါ။ ကြီးတော်စံရွှေက လာတောင်းပန်ရာမှာပင် မအိမ်ကံကို အညာကိုင်လိုက်ပြန်ပါပကော။ "ဟောဒါ…ငါ့ချွေးမ ကွမ်းတောင်ကိုင်တွေပဲ မအိမ်ကံ…ငါ့သား တွေကို ငါက ခေါင်ကောက်ပေးစားထားသာ.. ညည်းတွေ့ရဲ့လား .." လို့များ ပြောချင်ရော့ လား။ မအိမ်ကံရင်ထဲတွင် စူးနေသည့် ဆူးက တစ်ဆစ်ထပ်တိုးဝင်သွားခဲ့ပြန်သည်။ မအိမ်ကံ ရင်တွေ ခုန်နေရပါပကော။ လာကြပြီ…လာကြပြီ။ နှစ်ဝိုင်းကျော်ကို ရောက်ကြပြီ။ သည်လိုနှင့် မအိမ်ကံတို့ ဝိုင်းဝကို ရောက်လာခဲ့ကြပြီ။

"သူကြီးကတော် မပန်းရုံ…ကျုပ်တို့ပါ…မစံရွှေရယ်"

ကြီးတော်စံရွှေ၏ အသံကွဲကွဲကို မအိမ်ကံ ကြားနေရသည်။ သည်လိုဆိုတော့လည်း လာကြသားပဲ။ မအိမ်ကံက သာအောင့်စာကို ပေးလိုက်သည်မဟုတ်။ စာလက်ဝယ်ရှိကြောင်းသာ မှာလိုက်ခြင်းဖြစ်သည်။ မလှအုံ ဝိုင်းတံခါး သွားဖွင့်ပေးတာကိုပါ မြင်ရသည်။ ကြီးတော်စံရွှေက ရှေ့က၊ ချွေးမနှစ်ယောက်က နောက်က။ ရပ်ရွာလူကြီးတွေလည်း ပါလာကြသည်။ ပြီးတော့ မအိမ်ကံကို ကြီးတော်စံရွှေ လာတောင်းပန်တာကို ပွဲကြည့်သလို လာကြည့်ကြသည့် လူအုပ်ကြီး ကလည်း ဝိုင်းတိုက်ရှေ့မှာ အတောင့်။

မလှအုံက နေရာထိုင်ခင်းပေးသည်။ ကန်တော့ပွဲကို ကူချပေးကာ ခေါင်းရင်းမှာ နေရာချသည်။ အချင်းချင်း စကားပရိကံတွေ ခံနေကြတာ မအိမ်ကံ ကြားနေရသည်။ သည်တော့မှ မအိမ်ကံ ရို့ခနဲထလိုက်ကာ လှေကားပေါ်က တစ်ထစ်ချင်း ဆင်းလာခဲ့၏။ အားလုံး၏ မျက်လုံးတွေက စက်စက်ယိုအောင် လှလွန်းသော မအိမ်ကံကိုသာ ငေးကြည့်နေကြလေသည်။ မအိမ်ကံက မထီတရီအပြုံးဖြင့် အားလုံးကို ဝေ့ကြည့်လိုက်သည်။ အဖေနှင့်အမေပန်းရုံတို့က ခေါင်းရင်းမှာ ထိုင်နေကြ၏။ ကြီးတော်စံရွှေက ကန်တော့ပွဲရွက်လာသော ခေါင်းခုဖြင့် မျက်နှာကို ပွတ်သပ်နေရာက မအိမ်ကံကို မြင်လိုက်သည့်ခဏ 'တောင့်'ခနဲပင် ဖြစ်သွားခဲ့သည်။

"ဩော် . မမငွမ်းဖြူတို့ မမခင်အိတို့လည်း ပါလာကြသကိုး…မတွေ့ရသာကြာပြီ နော်…မမတို့ ပဲပိုးထိုးတွေ ရွေးနေကြရသယ်ဆိုသာ မအိမ်ကံ ကြားပါရဲ့လေ…"

မအိမ်ကံစကားကြောင့် အဖေရော အမေပါ မအိမ်ကံကို မျက်လုံးတွေ ပြူးကြည့်နေကြ သည်။ ငါ့သမီး ဘယ်လိုပြောလိုက်တာပါလိမ့်ဆိုသည့် မျက်နှာတွေမှန်း မအိမ်ကံ သိပါ၏။ မမငွမ်းဖြူနှင့် မမခင်အိတို့ကို ပြောချင်လို့ရယ် မဟုတ်။ တစ်ခါက ကွမ်းတောင်ကိုင်ခဲ့ကြသည့် ချွေးမတွေကို ဘန်းတင်လာခဲ့သဖြင့် တမင်ဖိလိုက်ခြင်းဖြစ်ပါ၏။ ကြီးတော်စံရွှေက မျက်နှာ ပျက်ခနဲပျက်သွားသော်လည်း စကားခွန်းတုံ့မပြန်သာခဲ့။ မအိမ်ကံက ကြီးတော်စံရွှေနှင့် အနီးဆုံး နေရာမှာ ကျုံ့ကျုံ့ကလေး ဝင်ထိုင်လိုက်သည်။



"သည်လိုပါ…သူကြီးရော သူကြီးကတော်ရော မအိမ်ကံရော…တောင်းပန်ချင်လို့ လာခဲ့သာပါ ..ကျုပ်က သားဇော်နဲ့ ဟိုရက်က မအိမ်ကံကို ထိထိခိုက်ခိုက် ပြောမိပါ သယ်…ကျုပ်ပြောသာ ရွာက ရပ်က ကြားလို့ စိတ်မကောင်းဖြစ်ကြရသာလည်း ကြားရပါသယ်…အခုက ကျုပ်စကား ကျုပ်ပြန်နုတ်ရအောင် လာခဲ့သာပါ…ဇွဲများ လည်း မယူကြပါနဲ့လို့ တောင်းပန်ပါသယ်တော်…"

ကြီးတော်စံရွှေ၏ ကျုပ်စကား ကျုပ်ပြန်နုတ်ပါသယ်ဆိုတာကို မအိမ်ကံက သူ့ရင်ထဲ က ဆူးတစ်ချောင်းကို နုတ်လိုက်သလို ခံစားရသည်။ အမေပန်းရုံကပဲ စကားပြန်သည်။

"မစံရွှေရယ်…ဖြစ်စ ကြားစကတော့ ကျုပ်က မအေဆိုတော့ မှန်သာပြောရရင် ထောင်းခနဲ ဖြစ်မိသယ် ..မြင်းခြံမြို့ပိုင်မင်းတောင် တက်တိုင်ဖို့ စိတ်ကူးမိသယ် .. တရားတဘောင် ဖြစ်ကြရင်လည်း ရှိသဲ့စည်းစိမ် ကုန်ပစေစမ်းဟဆိုသဲ့စိတ် မွေးမိရဲ့ အမှန်ပါ…ကျုပ်က သမီးရှင်ကိုး မစံရွှေရဲ့…ဟုတ်သာ မဟုတ်သာ သူများနားလျှံမှ ကြားရသာဆိုတော့ ရင်ဘတ်ဖိထားရပါသယ်…ဟုတ်ခဲ့သော် နှစ်ခါရှက်ရမှာမဟုတ် လား ..ဒါပေသိ ကျုပ်သမီး မအိမ်ကံရဲ့ အကျင့်စာရိတ္တ ရွာလုံးရပ်လုံးသိပါသတော် .."

"ဟုတ်ပါရဲ့ မပန်းရုံရယ်…တော်တို့ ကျုပ်တို့ချင်းက ငယ်သူငယ်ချင်းတွေလည်း ဟုတ်…တစ်ရွာသူ တစ်ရွာတည်းသားချင်းတွေလည်း ဖြစ်လေတော့ မိရိုးဖလာ ကိုယ့်အမှားကိုယ် ဝန်ချရင် ကျေကြပါလိမ့်မယ်ဆိုပြီး လာခဲ့သာပါ…ကျုပ်က မေတ္တာ ရွက်ပြီး လာသယ် မှတ်ပါတော်…"

မအိမ်ကံက ကြီးတော်စံရွှေစကားအပြီးမှာ စကားတစ်ခွန်း ဝင်ပြောလိုက်သည်။ ရွာက ဆင်းရဲသူ ဆင်းရဲသားတွေကို လောဘနှင့် ဒုက္ခပေးနေသူမဟုတ်လား။

"ကိုယ်မှားမှန်းသိလို့ ကိုယ့်အမှားကိုယ် ဝန်ချသာကို ကျေနပ်ပါသယ် ကြီးတော်ရယ်… ခေတ်အခါကလည်း ချိန်စဉ်းလဲ တင်းစဉ်းလဲ ငရဲသပေါက် ဆိုင်လုံးမှောက်ဆိုသာလို အပြောလောဘ အဆိုလောဘ အလိုလောဘကြောင့် မှားကြသာ များသဲ့ခေတ်ကိုး… အမှားကို ဝန်ချရင် မအိမ်ကံကတော့ ကျေနပ်ပါသယ်…မအိမ်ကံနဲ့ သာအောင်က ခြင်းကြား ရေမတင် ရေတစ်စက်တောင် မစင်ဘူးဆိုသာတော့ ကြီးတော် သိလောက် ရောပေါ့…ကြီးတော် မတွက်လို့ပါ…မအိမ်ကံက သာအောင့်ကို မှန်းပ့ါမလား… သာအောင်က ကြိုက်လောက်စရာမှ မရှိဘဲနဲ့ဟာ…"

ကြီးတော်စံရွှေက မအိမ်ကံစကားကြောင့် အောင့်သွားပုံရသော်လည်း မျက်နှာကို ပြုံးထားသည်။ သည်တစ်ခါ ညည်းအလှည့်ပေါ့အေ ဆိုသည့်မျက်နှာမျိုး။ မကြာညွန့်လာပြော တုန်းက အမေပန်းရုံ သင်ပေးလိုက်သည့်အတိုင်း မြင်းခြံမြို့ပိုင်ကို စာသက်သေတင်ပြီး အသရေ ဖျက်မှုနှင့် တရားစွဲတော့မည်ဆိုသည့်စကား ပါခဲ့သည်။ တရားတဘောင် ဖြစ်လာလျှင် ငွေကုန် မည်။ ပြီးတော့ မှားတာက ကိုယ့်ဘက်က အမှား။ တရားရင်ဆိုင်ရတာထက်စာလျှင် တောင်းပန် တာက ကန်တော့ပွဲတစ်ပွဲသာကုန်မည်မဟုတ်လား။ ဒါကြောင့်လည်း ကြီးတော်စံရွှေက ကန်တော့ ပွဲရွက် လာတောင်းပန်ခြင်းသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံက လက်ကောက်တွေ ချွင်ချွင်မြည်အောင်လှုပ်ရင်း ရေနွေးငှဲ့သည်။ သူကြီးဦးသာထန်ကတော့ အကြောင်းအရင်း ဇစ်မြစ်ကို အလုံးစုံသိသူမဟုတ်။ ဒေါ်စံရွှေနှင့် သူ့သမီး မအိမ်ကံ စကားများကြရာက သာအောင်နှင့် စွပ်စွဲခံရတာလောက်သာ သိ၏။ သည်တော့ ဘာစကားတစ်ခွန်းမှ ဝင်မပြောဘဲ ကွမ်းယာကို မြုံ့နေလေသည်။ သမီးဖြစ်သူက စိတ်နာနာနှင့် ပြောနေမှန်းတော့ သိပါ၏။ စကားမလွန်တော့လည်း ဝင်မထိန်းသာ။ ရွာရပ်က လူကြီးသူမတွေ ရှေ့မှာ ဟန်လုပ်နေရလေသည်။

အမေပန်းရုံကတော့ သမီး၏ခံစားမှုကို သိသူမဟုတ်လား။ ပြောသင့်သလောက် ပြောခွင့်ပြုထားခဲ့သည်။ မစိမ်းမြကတော့ စကားတစ်ခွန်းမှ ဝင်မပါသော်လည်း မအိမ်ကံကို ပြုံးပြီး ကြည့်နေသည်။ ယောက္ခမဖြစ်သူ ခေါ်လို့သာ လိုက်လာကြရသော ချွေးမနှစ်ယောက်ကလည်း မအိမ်ကံက ချက်ကျလက်ကျ ပြန်ပက်နေတာကို ဝမ်းထဲက ကျိတ်ကျေနပ်နေကြပုံပေါ်သည်။ ရောက်လာကြကတည်းက ငြိမ်ကုပ်နေခဲ့ကြသည်။ မလှအုံက ကန်တော့ပွဲကို သူကြီးရှေ့ ရွှေ့ပေးသည်။ ကြီးတော်စံရွှေက ကန်တော့မည်ပြုသောအခါ ဒေါ်ပန်းရုံက ကန့်ကွက်သည်။ ကြီးတော်စံရွှေ တဘက် ပခုံးတင်တာကိုပင် အတင်မခံ။

"ကန်တော့ပွဲရောက် တောင်းပန်ရင် ရပါပြီ မစံရွှေရယ်…ကျုပ်နဲ့တော်…တော်က တောင် ကြီးလောက်ပါသယ်…မကန်တော့ရပါဘူး…မဟုတ်သာ…ကျုပ်တို့ဘက်ကလည်း ကျေပါသယ် အေးပါသယ်…ခွင့်များလည်း လွှတ်ပါရဲ့…မိတ်ဝတ်မပျက် ခင်ပါ မင်ပါ ဝင်ပါ ထွက်ပါ…ဘယ့်နှယ်မှလည်း မအောက်မေ့ပါဘူး…"

မအိမ်ကံက မအေပြောအပြီး ဝင်ပြောလိုက်သည်။

"ကန်တော့ချင်လှဆိုရင်လည်း ဘုရားသာ ရည်မှတ်ပြီး ကန်တော့သွားပါ ကြီးတော်ရယ်…ပြုဖူးသဲ့အမှားများရှိတော့လည်း ဘုရားရှင်ကို ဝန်ချပြီးသား ဖြစ်သာပေါ့…ဟောသာ မအိမ်ကံ ရက်ကန်းစင်က ထွက်သဲ့ အဆင်တွေပါ…လက်ဆောင်ပါးလိုက်စမ်း ပါရစီ…မမဂွမ်းဖြူရော မမခင်အိရော ဝတ်ကြပါရှင်…မမတို့ အလိုရှိသဲ့အခါ တိုင်းလည်း လာယူကြပါ ဝတ်ကြပါ"

မအိမ်ကံက ထဘီတစ်ကွင်းစီ လက်ဆောင်ပေးသည်။ ကြီးတော်စံရွှေက ဘုရားရှေ့ ကန်တော့ပွဲ ပြန်ရွှေ့ကာ ဝတ်ဖြည့်ပြီးသည်နှင့် သုတ်ခနဲ ထလေ၏။ ကြီးတော်စံရွှေ ထရပ်တော့ ချွေးမတွေကလည်း ထရပ်ကြလေသည်။

"ကိုင်း…ပြန်ပါရစီဦး…မအိမ်ကံ ငါ့တူမ ကြီးတော်ကို စိတ်မရှိပါနဲ့အေ"

"မရှိပါဘူး ကြီးတော်ရယ်…မအိမ်ကံကလည်း ကံမကောင်းလို့ တန်ဆောင်း အမိုးလန်ရသယ် မှတ်ပါသယ်"

မအိမ်ကံက အိမ်ဝင်းဝအထိ လိုက်ပို့သည်။ ခြံဝရောက်တော့ ကြည်တော်ကုန်းက ပြန်မောင်းလာသည့် ဖိုးကူးလှည်းနှင့် ဝိုင်းဝမှာ ဆုံသည်။ ဖိုးကူးက လှည်းပေါ်မှ လှမ်းပြောလေ၏။

"မမကံ…ကိုကြီးမြတ်သာ မနက်ဖြင်ညနေမှ ပြန်လာမသဲ့…မကြိုနဲ့လို့ မှာလိုက်သယ်"



"အေး အေး…"

ကြီးတော်စံရွှေက ဖိုးကူးစကားကြောင့် မအိမ်ကံကို မေးလိုက်သည်။

"မောင်မြတ်သာ ရောက်နေလို့လား"

"ဟုတ်ကဲ့ ကြီးတော်"

မအိမ်ကံစိတ်ထဲ ထင့်ခနဲ ဖြစ်သွားသော်လည်း အစ်ကိုမောင်မြတ်သာ ရွာရောက်နေတာ ရက်ကန်းသမတွေကတစ်ဆင့် ရွာကလည်း သိသင့်သလောက် သိနေကြတာပါလေလို့ စိတ်ကို ဖြေလိုက်သည်။ ကြီးတော်စံရွှေတို့ ပြန်သွားကြတာကိုကြည့်ရင်း မအိမ်ကံ ပြုံးလိုက်သည်။ ရင်ထဲက ဆူးတစ်ချောင်း နုတ်ယူလိုက်နိုင်သော်လည်း စူးအောင့်အောင့်ဝေဒနာကလေးတော့ ကျန်နေသေးသည်။ ဒေါင်းစိမ်းရောင် မင်းသမီးနှင့် ဒေါင်းဘယက်ခွက်က နေရောင်ထဲမှာ တဖျပ်ဖျပ်တောက်ပနေလေသည်။

■

ဖိုးကူးပြောသည့်အတိုင်းပင် နောက်တစ်နေ့ညနေမှ အစ်ကိုမောင်မြတ်သာ ပြန်ရောက်လာခဲ့သည်။ ကြည်တော်ကုန်းလှည်းကြုံနှင့် ရောက်လာခြင်းဖြစ်၏။ ရေမိုးချိုး ထမင်းစားပြီးတော့ အစ်ကိုက ဝရန်တာမှာ ခဏလှဲချင်သည်ဆိုသဖြင့် မအိမ်ကံက သင်ဖြူးခင်းပေးလိုက်သည်။ မအိမ်ကံက အစ်ကို့အတွက် ပြင်ဆင်ပေးပြီးသည်နှင့် အောက်ထပ်ကိုဆင်းရန် လှေကားပေါ် ခြေအချ၊ ပြင်းထန်သော အသံတစ်သံကြောင့် တုန်သွားခဲ့သည်။ အိမ်ကြီး၏ ခေါင်မိုးသွပ်ပြားပေါ် ခဲကျသံ။ အိမ်အောက်ထပ်ရှိ အစ်ကိုမောင်မြတ်သာ တန်းလျားပေါ်မှ ငေါက်ခနဲ ထလိုက်တာ မအိမ်ကံ သတိထားမိ၏။ အစ်ကို့အသံက တုန်ရီနေသည်။

"ကံကလေး…အိမ်ရှေ့ တာလမ်းကို လှမ်းကြည့်စမ်း…ဘာတွေ့သလဲလို့…"

မအိမ်ကံက ရွာတာလမ်းကို လှမ်းမြင်ရသောနေရာက လှမ်းကြည့်လိုက်သည်။ မြင်ကွင်းကြောင့် မအိမ်ကံပင် တစ်ကိုယ်လုံး ပြာဝေသွားကာ တရှိန်ရှိန်တောက်လောက်သွားလေသလား ထင်မိပါ၏။

"အစ်ကို…အစ်ကို…"

အစ်ကိုရှိရာ အိမ်အောက်ထပ်ဆီကို လှေကားထစ်တွေ တဒုန်းဒုန်းနင်းရင်း အပြေးဆင်းလာခဲ့သည်။

■

www.burmeseclassic.com

## (၂၀)

ကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များက ဇောင်ချမ်းကုန်းရွာကလေးကိုပင် အရိပ်မည်းကြီး သဏ္ဌာန်ဖြင့် ထင်ဟပ်လျက်ရှိလေပြီ။ ရွာနေ အမှုပွဲစား ကျော်ဒင်က မြို့နှင့် အကူးအသန်းရှိသဖြင့် သတင်းစာဟောင်းတကိုင်ကိုင် အာဘောင်အာရင်းသန်သန် ပြောပြချက်တွေကို အများက စိတ်ဝင်စားနေကြပြီ။ ဥရောပဘက်တွင် စစ်ကြီး စ,လောင်မြိုက်နေပြီတဲ့။ ကောင်းကင်မှာ ငှက်တွေလို ပျံသန်းနိုင်သော လေယာဉ်ပျံဆိုတာတွေနှင့် ဖုံးတွေကြဲချနေတာ လူတွေ သေလိုက်ကြတာများ အတုံးအရုံးတဲ့။

ဥရောပဆိုတာ ဘယ်မှာလဲ မအိမ်ကံ မသိ။ အစ်ကို့အတွက်သာ စိုးရိမ်မိခဲ့သည်။ အစ်ကို့ခမျာ မိရိပ်ဖရိပ်လာလို့မှ အေးအေးသက်သာ မရှိခဲ့ရ။ ကြည်တော်ကုန်းကအပြန် ခဏနားရုံရှိသေး စစ်ပုလိပ်တွေရောက်လာသဖြင့် နောက်ဖေးက ထွက်ပြေးခဲ့ရှာသည်။ အစ်ကိုက ပါးနပ်ပါ၏။ သူရောက်ကတည်းက ဖိုးကူးကို တခြားအလုပ်မခိုင်းတော့ဘဲ အိမ်ရှေ့ တာလမ်းတစ်လျှောက် အရှေ့အနောက်ကူးစေပြီး လူရိပ်လူခြေ ထူးခြားမှုရှိမရှိ လူစောင့်ချထားခဲ့သည်။ လူစိမ်း သို့မဟုတ် မသင်္ကာဖွယ်တွေ့လျှင် အိမ်ခေါင်ပေါ် ခဲပစ်လိုက်ဖို့ မှာထားခဲ့သည်။ ရွာတွေဆိုတော့ စာပစ် ငှက်ပစ် လောက်စာလုံးတွေက အခန့်မသင့်လျှင် အိမ်ခေါင်ပေါ် ကျတတ်သဖြင့် ပထမတော့ ငှက်စာခဲကျတာထင်ပါရဲ့လို့ မအိမ်ကံ တွေးလိုက်မိသေးသည်။ သို့သော် အသံက လောက်စာလုံး ကျသံမဟုတ်။ ကျယ်လောင်နေသည်။ အစ်ကိုမောင်မြတ်သာက ကံကလေး လမ်းဘက်ကြည့်စမ်းဆိုရာက ကြည့်လိုက်တော့ စစ်ပုလိပ်သုံးယောက်။

တစ်ယောက်က သေနတ်ကိုထောင်ကိုင်လျက် နှစ်ယောက်က နောက်က သုတ်သုတ် ပါအောင် လိုက်လာကြခြင်းဖြစ်၏။ မအိမ်ကံ အစ်ကို့ကို မြင်ရသမျှ လှမ်းအော်လိုက်သည်။ အစ်ကိုက သူ့လွယ်အိတ်ဟောင်းကို ကောက်ယူကာ နောက်ဖေးပြတင်းပေါက်က ခုန်ချကာ အိမ့်အနောက်ခြံစည်းရိုးကို ပြေးသည်။ "မမစိမ်းမြတို့အိမ်ဘက်ပြေး" လို့ မအိမ်ကံ လှမ်းအော်လိုက်ရင်းက စားပွဲပေါ်တင်ထားသော အစ်ကို့အသုံးအဆောင်ကလေးတွေကို သိမ်းကျုံးပြီး ဆေးတောင်းထဲ ထိုးသိပ်ထည့်လိုက်ရပါ၏။ အစ်ကိုက သူ့ပစ္စည်းပစ္စယစာရွက်စာတမ်းတွေကို လွယ်အိတ်ကြီးထဲထည့်ကာ ကိုယ်နှင့်မကွာ ထားသူဖြစ်သည်။ ဗြုန်းခနဲဆိုတော့ စားပွဲပေါ်မှာ



အစ်ကိုဖတ်လက်စ စာအုပ်ထူကြီးနှင့်ဖောင်တိန် ကျန်ခဲ့သဖြင့် မအိမ်ကံ ဖျတ်ခနဲ သိမ်းဆည်းလိုက်ရခြင်းပင်။

မအိမ်ကံတို့ အိမ်နောက်ဖေးဘက်မှာ သစ်သားဇလီတန်းရိုက်ခြံစည်းရိုးရှိသည်။ ခြံစည်းရိုးထောင့်တစ်နေရာမှာ လူတစ်ဝင်စာ ကျင်းပေါက်တစ်ပေါက် နှိုက်တူးထားပြီး အမှိုက်တွေဆို့ထားတာကိုလည်း ဖိုးကူးပြောပြမှ မအိမ်ကံတို့သိရပါ၏။

"ကိုကြီးမြတ်သာက သူ့လူတစ်ကိုယ် ဝင်သာထွက်သာ ကျင်းကလေး နှိုက်တူးခိုင်းထားသာ မမကံရ...ပြီးတော့ အမှိုက်တွေဆို့ထားသဲ့...ပုလိပ်တွေလာတော့ အဲသည်အပေါက်ကထွက်သွားသာ...မြန်လိုက်သာများဗျာ...မြွေထွက်သွားသဲ့အတိုင်းပဲ..."

"အိမ်ခေါင်ပေါ် ခဲကျသာလည်း နင်ပဲမဟုတ်လား ငါ့သား"

မလှအုံက မေးခြင်းဖြစ်သည်။

"အစစ်ပေါ့ အမေရာ...ကိုကြီးမြတ်သာက လူစိမ်းတွေ မသင်္ကာသာတွေတွေ့ရင် အိမ်ပေါ် ခဲပစ်လိုက်လို့ ကြည်တော်ကုန်းသွားသဲ့နေ့က လှည်းပေါ်မှာ မှာထားသာ... ကိုကြီးမြတ်သာ ကြည်တော်ကုန်းက ပြန်လာကတည်းက သူမှာသာ ကျုပ်အကုန်လုပ်ထားသာ...အဲသည်နေ့က ပုလိပ်တွေ တာလမ်းထိပ်က မားမား မားမားနဲ့ လာသာမြင်တော့ ကျုပ်လည်း အိမ်ခေါင်ပေါ် ခဲနဲ့ကောက်ပစ်လိုက်သာပဲ"

ဖိုးကူးက တကယ့်စွန့်စားခန်းကြီးတစ်ရပ်ကို လုပ်လိုက်ရသလို ဂုဏ်ယူပြီး ပြောနေခြင်းဖြစ်၏။ မအိမ်ကံအပါအဝင် အားလုံးက ဖိုးကူးကို ကျေးဇူးတင်ခဲ့ကြသည်။ အစ်ကိုမောင်မြတ်သာလည်း ထိုနေ့ကတည်းက ပျောက်သွားလိုက်တာ ဘေးကင်းချမ်းသာ ရှိကောင်းပါရဲ့လို့သာ ဆုတောင်းနေရတော့သည်။ တိုင်းပြည်လွတ်လပ်ရေးအတွက် ဂယ်ပေါက်ထဲက ယို့ထွက်ရတာမျိုးလည်း ပါရသကိုးလို့ မအိမ်ကံ တွေးမိတော့ ရယ်လည်းရယ်ချင်သည်။ စိတ်မကောင်းလည်း ဖြစ်ရပါသည်။ နောက်ပိုင်းကြားရသည့်သတင်းအရတော့ အစ်ကိုက မမစိမ်းမြတို့ ရက်ကန်းရုံကြီးထဲ ခဏခိုနေခဲ့သည်ဆို၏။ မမစိမ်းမြတို့ အိမ်ဘေးမှာ ရက်ကန်းချည်စာ တန်းပစ်ရန် ထိုးထားသော တဲပြန့်ကြီးရှိသည်။ တဲပြန့်ကြီးက အကာမရှိသော်လည်း အပေါ်မှာ အထပ်ခိုးကလေး ရှိသည်။ အစ်ကိုက အထပ်ခိုးကလေးပေါ်မှာ နှစ်ညခိုကာ နောက်တစ်နေ့မနက်စောစောရွာက ထွက်သွားခဲ့သည်ဆို၏။ မမစိမ်းမြကိုယ်တိုင် အနောက် အောက်တောရွာဘက်ဆီ လှည်းမောင်းပို့ခဲ့ရသည်ဆိုသည့်အတွက် မမစိမ်းမြတို့မိသားစုကို ကျေးဇူးတင်ရတော့သည်။ ရွာထဲက ချက်ချင်းမထွက်တာကလည်း ရွာပြင်မှာ စစ်ပုလိပ်တွေက အစောင့်တွေ ချထားနိုင်မှန်း အစ်ကိုသိထားပုံရ၍လည်း မမစိမ်းမြတို့အိမ်မှာ နှစ်ညခိုလိုက်ပုံရပါ၏။

ထိုနေ့က စစ်ပုလိပ်တွေ ရောက်လာကြသော်လည်း ရှန်းရှန်းရင်းရင်း ရှာကြတာမျိုးတော့ မရှိ။ ရွာက သတင်းပေးသဖြင့် လာမေးကြခြင်းဖြစ်ကြောင်း တစ်ဆင့်စကား သိရသဖြင့် ဘယ်သူကများ မြင်းခြံမြို့ရောက် သတင်းသွားပေးတာလဲဆိုတာ စဉ်းစားစရာဖြစ်ရသည်။ ဘယ်သူဖြစ်နိုင်မလဲ...။ ကိုယ့်ရွာသူရွာသားတစ်ယောက် ဒုက္ခရောက်အောင် ကိုယ်ထိလက်ရောက် သတင်းပေးခဲ့သူဆိုတာ ဘယ်သူဖြစ်နိုင်သလဲ။ မအိမ်ကံ ဒါကိုပဲ စဉ်းစားနေခဲ့သည်။ အစ်ကိုမောင်မြတ်သာကပင် ကိုယ့်ရွာသူရွာသားချင်း ဒုက္ခမပေးတန်ကောင်းပါဘူး တွက်ထားခဲ့သော်

www.burmeseclassic.com

www.burmeseclassic.com

လည်း သတိဖြင့် အကာအရံလုပ်လို့သာ တော်တော့သည်။ မအိမ်ကံ စဉ်းစားလို့ရသလောက်တော့ ကြီးတော်စံရွှေ သို့မဟုတ် ကြီးတော်စံရွှေက ခိုင်းလိုက်သော ရွာက တစ်ယောက်ယောက်ဖြစ်ရမည်။ ကန်တော့ပွဲနှင့် လာတောင်းပန်ရသည့်နေ့က မောင်မြတ်သာ ရောက်နေသလားလို့ မေးခဲ့တာကို မအိမ်ကံ မှတ်မိနေပါ၏။ မအိမ်ကံပင် စိတ်ကလေး ထင့်သွားခဲ့သော်လည်း သည်လောက်တော့ လုပ်ရက်လိမ့်မည် မထင်ခဲ့။ သာအောင် မွှေလိုက်သည့်စနက်က သိန်းခိုပြည်ကို ဟနုမာန် မီးရှို့သကဲ့သို့ ဖြစ်ရလေပြီ။

သည်ရက်တွေထဲမှာ စွာလာသူ အမှုပွဲစား ကျော်ဒင်ကလည်း တစ်မျောင့်။ စစ်ကြီးဖြစ်တော့မည့်အကြောင်း၊ အင်္ဂလိပ်တွေ ပြေးကြရတော့မည် ဆိုသည့်အကြောင်း သတင်းတွေ လှိုင်လှိုင်ကြီး ဖြန့်နေတော့သည်။ ညောင်ငါးခွဆီက ဓောင်ချမ်းကုန်းကို ဖြတ်လာကြသမျှ လှည်းသမားတွေပင် မနေရ။ ကျော်ဒင့်တရား နာကြရသည်။ ရွာဦးဆရာတော့်ကျောင်းမှာလည်း လူစုစု စုစု…။ အိမ်ကြီး ဝိုင်းကြီး သစ်ရိပ်ကြီးတွေမှာလည်း လူစုစု စုစု…။

တစ်ရက် အမေပန်းရုံ မအားသဖြင့် ရွာဦးဆရာတော့်ကျောင်းကို မအိမ်ကံ ဆွမ်းအုပ်ပို့ရသည်။ မနက်ဆွမ်းခံပြန်ချိန်လောက် ကျေးဥနှင့် နှစ်ယောက်သား ဆွမ်းစားအမီ ကျောင်းကို လာခဲ့ကြခြင်းဖြစ်သည်။ ကျောင်းဝ မကန်းလေ့ကားက တက်သည်ဆိုသည်နှင့် ကျော်ဒင့်အသံကို ကြားနေရသည်။ ကျောင်းပေါ်မှာ ရွာသား လေး,ငါးယောက်လည်း ရှိသည်။ မအိမ်ကံနှင့် ကျေးဥက ဘုရားဝတ်ဖြည့်၊ ဆရာတော်ဝတ်ဖြည့်၊ ဆွမ်းအုပ်ကို လက်ထိကပ်လိုက်ပြီး ဆွမ်းစားဆောင်ဘက် ကိုယ်တိုင် ဆွမ်းလှယ်ကြသည်။ အသံတွေတော့ ကြားနေရပါ၏။

"ဟသာ်တနဲ့ ဇလွန်မှာ မနှစ်က သခင်အောင်ဆန်းတို့ တရားဟောလို့ အင်္ဂလိပ်ရာဇဝတ်အုပ်က ဖမ်းသာကောဘုရား…ဗမာ့ထွက်ရပ်ဂိုဏ်းက မြို့လုံးကျွတ်အစည်းအဝေးကြီး ရန်ကုန်မှာလုပ်လိုက်သာလည်း လူဝက်ဝက်ကွဲ တက်ကြသသဲ့ဘုရား…အမျိုးသားကာကွယ်ရေးတပ် တပ်ဖွဲ့ချုပ်ကြီးဖွဲ့တော့ ဗမာ့လက်ရုံးတပ်ကရော ကာကွယ်ရေးသံမဏိတပ်ကရော ရဲတပ် အပျော်တမ်းတပ်တွေကပါ ပါသယ်လို့ တပည့်တော်တော့ ကြားခဲ့သာပဲ…တပည့်တော်တို့ မြင်းခြံက သံမဏိတပ် ဗိုလ်မောင်မောင်လည်း ပါသသဲ့ဘုရား…"

"နို့…သခင်အောင်ဆန်းတို့က အခု တရုတ်ပြည်ကြီးမယ်ဆိုကွယ့်…"

"တင်ပါ့…အခုဟာက သခင်တွေကို တွန်းဖမ်းနေလို့ ရန်ကုန်မယ် လူထုကန့်ကွက်ပွဲများ လုပ်နေကြပါ့ဘုရား…"

"အမျိုးသစ္စာဖောက်တွေကလည်း ရှိသကိုး မောင်ကျော်ဒင်ရဲ့…တလောက သူကြီးသား သခင်မြတ်သာကို မြင်းခြံပုလိပ်က တို့လိုရွာကလေးအထိ လာဖမ်းသာများ တွက်ကြည့်ပါလား…မြင်းခြံအထိ ကိုယ့်စရိတ်ကိုယ်ခံပြီး မျက်နှာလိုအားရ လုပ်ကြသာကောကွယ်…အမျိုးသားချင်း မညီညွတ်မှတော့ ဝဇီးပြေ (ဝါးစည်းပြေ)ကြရုံပေါ့"

"သည်ကြားထဲ ဦးပု အစိုးရက ပြုတ်…ဦးစော ညွန့်ပေါင်းအစိုးရ တက်လာ…"

"နို့…နေပါဦး…မန္တလေး ဘုရားကြီးမြောက်စောင်းတန်းမယ် အာဏာရှင်ဘွဲ့ခံ ဆိုသလိုလို ကြားရပါသေးကော…"





"တင်ပါ့ဘုရား…ဆင်းရဲသား ဝံသာနု ခေါ်ကြပါသဘုရား…သည်နှစ်တော့ ရဲဘော်သုံးကျိပ်ရယ်လို့ ဂျပန်ပြည်ကို စစ်ပညာသင်ဖို့ အသုတ်လိုက် သွားနေကြပါပြီဘုရား"

မအိမ်ကံက ဆွမ်းအုပ်ထဲက ဆွမ်းဟင်းလှယ်ရင်း စကားဝိုင်းကို နားထောင်နေခဲ့ပါ၏။ ဆွမ်းလှယ်ပြီးတော့ ဆရာတော်ကို ဝတ်ဖြည့်တော့မှ ဆရာတော်က တိုင်ကပ်နာရီကို ကြည့်တော်မူ၏။ သည်တော့မှ ဆွမ်းစားရန် သတိရဟန်ဖြင့် သင်္ကန်းထရုံသည်။

"မအိမ်ကံ…မောင်မြတ်သာသတင်း ဘာကြားသေးသတုံးဟဲ့…"

"ဘာမှတော့ မကြားရပါဘုရား…အဖမ်းပဲ ခံရလေသလား…လွတ်ပဲလွတ်လေသလား တပည့်တော်မတို့လည်း စုံစမ်းနေရပါ့ဘုရား…"

"အိမ်း…ဟသာ်ကိုးသောင်းပျက်သဲ့ဇာတ်မျိုးပေါ့ဟယ်…အချင်းချင်း ခေါင်းနင်းနေကြမှတော့ တော်တော်တော့ ရှန်းရလိမ့်မဟေ့…ကိုင်း ဒကာတို့ မပြန်ကြနဲ့ဦး…ကျုပ်ဆွမ်းစားပြီးရင် ကျောင်းမှာပဲ စားကြ…"

မအိမ်ကံနှင့် ကျေးဥ အိမ်ပြန်ရောက်တော့ မွန်းတည့်နေလေပြီ။ ကျေးဥက သည်စကားတွေကို ဘာပြောကြလို့ပြောမှန်း မရေလည်သော်လည်း မအိမ်ကံကတော့ စကားအဆက်အစပ်ကို ရေလည်လိုက်သည်။ အမှုပွဲစားကျော်ဒင် သည်ရက်တွေထဲ ရွာမှာ အကပ်အပြုများနေလို့ပဲလားတော့ မသိ။ စကားတွေကို နှမ်းကြဲသလို ဆုပ်ဆုပ်ကြဲနေခဲ့သည်။ အသံတွေ ကျယ်လွန်းလှသည်။ ဘာသဘောများပါလိမ့်…။ မအိမ်ကံ အိမ်ရောက်သည်အထိ အတွေးစတွေ မငင်နိုင်ခဲ့ပါ။

■

တစ်ရွာတစ်ရွာ အသွားအလာတွေ၊ အရောင်းအဝယ်တွေ၊ အပေးအကမ်း အလှမ်းအပြုတွေ ကျဲပါးသွားတာတော့ အမှန်ပင်။ မအိမ်ကံ ရက်ကန်းထည်ကလေးတွေတောင် ဖိုးကူးတို့ညီအစ်ကို မြင်းခြံကို သွားသွင်းကြတော့ အကြွေးမကျစဖူး ကျလာခဲ့သည်။ ပွဲကတော်ကြီးက စီးစီးပိုးပိုးနိုင်တာမဟုတ်ဘဲ အထည်တွေ အရောင်းအဝယ်မလိုက်သဖြင့် လက်ငင်းငွေမချေလိုက်နိုင်။ အထည်ကြွေးတွေကျတော့ မအိမ်ကံ ရက်ကန်းရုံကို ခဏနားလိုသော်လည်း မအိမ်ကံအဆင်ရယ်လို့ပင် မြင်းခြံနယ်လုံးပေါက် နာမည်ရနေကာမှ ရပ်မထားချင်။ ခေတ်အခါမကောင်းတုန်းခဏပေါ့။ ပြီးတော့ သည်လို အလုပ်ရပ်ဆိုင်းလိုက်လျှင် ရွာက မိန်းကလေးတွေ ဝင်ငွေမရှိကြတော့မှာကိုလည်း ထည့်တွက်ရပါ၏။

သတင်းတွေကလည်း မျိုးစုံနေတော့ လူတွေမှာ ထိတ်ကြ လန့်ကြ ရှိရသည့်ကြားထဲ မိုရွာသည်ရွာ သူခိုး ဓားပြ ပူတာတွေကိုလည်း စိတ်မချမ်းသာစရာ ကြားနေရပါ၏။ သူကြီးအလုပ်က နားပြီးကတည်းက အဖေလည်း ရွာမှာ မြဲနေခဲ့သည်။ အလွန်လမ်းများခဲ့သော အဖေ့ခမျာအိမ်မှာချည်း နေရတော့ ခြေချုပ်မိနေပုံလည်း ရပါ၏။ ဇိနတ္တပကာသနီတစ်အုပ်လုံး အလွတ်ပင်ရလောက်ပေပြီ။ ကိုယ်တိုင်ကလည်း အိုကြီးအိုမအရွယ် ရောက်လာတော့ ကျန်းမာ ရေးကလည်းမကောင်းချင်တော့။ သူကြီးဆိုသည့် အရှိန်အဝါကတော့ ရှိနေဆဲ။ ပြီးခဲ့သောသူကြီးရွေးကောက်ပွဲတုန်းက ညောင်တောရွာက ဦးဘဖေ ဆယ့်နှစ်ရွာအုပ်သူကြီး ဖြစ်သွားသော်လည်း ရွာတိုင်းက သူကြီးတွေကတော့ အဖေ့ကို လာတိုင်ပင်ကြမြဲ။ သို့သော် အဖေကိုယ်တိုင်က အင်္ဂလိပ်မင်း အုပ်ချုပ်ရေးကို မပါဝင်လိုတော့ကြောင်း မအိမ်ကံ ရိပ်စားမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ရွာ့ရပ်အခြေအနေတွေကလည်း မကောင်းလှ။ ဓောင်ချမ်းကုန်းသည်ပင် ခြောက်ခန်းလှသည်။ မိုးသွေးလှည်း၊ ထင်းလှည်း၊ အိုးလှည်းတွေကလွဲ၍ ရွာလမ်းမှာ ဘာမှမရှိ။ ဆိတ်တွေ သိုးတွေ မွေးထားသော ဦးအိစမန်ကြီးပင် ဆိတ်တွေ သိုးတွေ ထုတ်ရောင်းလိုက်သဖြင့် ရွာလမ်း တစ်လျှောက် ဖုန်မထတာ ကြာပြီ။

ထိုနေ့က မအိမ်ကံ ရက်ကန်းထည်ကလေးတွေ တစ်ထည်ချင်း လိုက်ကြည့်နေလေသည်။ ခုတလော ပုဆိုးကွက်တုံးကြီးတွေ အမှာအကြားရှိသဖြင့် ကွက်တုံးကြီးတွေ ရက်နေကြရသည်။ လေးလက်မပတ်လည် နှစ်ရောင်ကွက်ကြီးတွေ ခတ်ရုံသာ။ အဖြူအနက်ကွက်၊ အဖြူအနီကွက်၊ အဖြူအညိုကွက် စသည်ဖြင့် အရောင်ကစားရတာတော့ ရှိပါ၏။ မအိမ်ကံကိုယ်တိုင်ကတော့ မြင်းခြံကို သိပ်မသွားဖြစ်တော့။ ဖိုးတုတ်နှင့် ဖိုးကူး ညီအစ်ကိုကို အထည်ရေအပ်၊ ငွေပေးငွေယူ စာရေးပြီး လှည်းနှင့်ထည့်ပေးလိုက်ရုံသာ။ လူငယ်တွေဆိုတော့ အဖေ့တပည့်တွေထဲက ချက်ချက်ချာချာရှိသူ တစ်ယောက် နှစ်ယောက်ကိုတော့ ထည့်ပေးလိုက်ရသည်။ ခေတ်ကာလက မကောင်းတော့ လမ်းခရီး ဂရုစိုက်ဖို့နှင့် အချိန်နှင့်သွားကြပြန်ကြဖို့ မှာကြားရ၏။ အရောင်းအဝယ် မလိုက်သော်လည်း ပွဲကတော်ကြီးက မအိမ်ကံဆီကတော့ အထည်တွေမှာမြဲမှာ၏။ ဖိုးတုတ်က အထည်တွေကို ဆယ်ထည်စီ စုထပ်ပြီး ချည်စာကျစ်ကြိုးဖြင့် စည်းနှောင်ထားတာကို အထည်ရေ မမှားအောင် မအိမ်ကံကိုယ်တိုင် စစ်ဆေးနေခဲ့သည်။

ထိုစဉ်မှာပင်အိမ်ရှေ့ဆီက လူရိပ်မြင်လိုက်သဖြင့် အသာလှမ်းကြည့်နေမိသည်။ ဝင်းတံခါးကြီး ပိတ်ထားသဖြင့် ဘယ်သူဘယ်ဝါတော့ မကွဲ။ မြင်းလိုလို တလှုပ်လှုပ်ရွေ့လျားနေတာကိုလည်း ရိုးရိုးရိပ်ရိပ် မြင်နေရသည်။

"ဖိုးကူး သွားစမ်း...ဝိုင်းဝမှာ လူလားလို့...ရမ်းမဖွင့်နဲ့ ဘယ်သူလဲ ကြည့်ဦး..."

"ဟုတ်ကဲ့ မမကံ..."

ဖိုးကူးက ပုဆိုးတွေ စည်းနှောင်နေရာက ဝိုင်းဝဘက် ထပြေးသည်။ အပေါက်က ချောင်းကြည့်သည်။ မအိမ်ကံဘက်ကို အားရဝမ်းသာ လှမ်းအော်သည်။

"မမကံရေ...တက်ခေတ်တင်ရယ်..."

"ဟဲ့...ဘယ်သူ..."

"မင်းသားလေ...တက်ခေတ်တင်"

ဖိုးကူး ဘာတွေပြောနေမှန်း မအိမ်ကံ မသဲကွဲတော့ ရက်ကန်းရုံဝက ထွက်လာခဲ့သည်။ ဝိုင်းလယ်လောက်ရောက်တော့ ဖိုးကူးက ဝင်းတံခါးကြီးပင် ဖွင့်ပြီးနေလေပြီ။ လူတစ်ယောက် မြင်းကြီးစီးလို့။ ခြံထဲကိုတော့ မြင်းကြီးစီးလျက် မဝင်ပါ။ မြင်းပေါ်က သုတ်ခနဲ ဆင်းကာ မြင်းအာကြိုးကို ဆွဲလျက် ရပ်နေသည်။

"မအိမ်ကံ...ကျွန်တော်ပါ...ပြေသိမ်းရယ်..."

"အို...ကို...ပြေ...သိမ်း...လာပါရှင်...ကြွပါရှင်...ဖိုးကူး မြင်းကိုယူလိုက်ပါ...သရက်ပင်မှာ ချည်ထားလိုက်...မြင်းကို ရေတိုက် အစာလည်းကျွေးထားနော် ငါ့တူ...ကြွပါရှင်...ဝမ်းသာလိုက်သာ..."

ဖိုးကူးက ကိုပြေသိမ်းလက်ထဲက မြင်းကို ဆွဲယူသွားသည်။ ကိုပြေသိမ်းက လည်မှာ





ပတ်လာသည့် မာဖလာကိုဖြုတ်ပြီး သူ့ကိုယ်သူ တဖန်းဖန်းရိုက်သည်။ မျက်တောင်တွေ၊ ဆံပင်တွေ၊ ပခုံးတွေမှာ ဖုန်တွေ။ အခွေလိုက်ကျနေသော နဖူးပေါ်က ဆံစတွေမှာကကော။ မအိမ်ကံက ကိုပြေသိမ်းအနားကိုသွားကာ တစ်ကိုယ်လုံးက ဖုန်တွေ ခါပေးရင် ကောင်းမလား တွေးနေမိ၏။ ဒါကလည်း မရိုးမသား မဟုတ်ပါ။ တစ်မြို့သား လူပုံချောကို အားနာလွန်းလှ သဖြင့် ရွာကို စိတ်ပျက်မသွားစေချင်သည့် စိတ်အရင်းခံဖြစ်သည်။ သို့သော် သည်လောက်အထိ လုပ်ပေးဖို့ မသင့်မှန်း စဉ်းစားမိတော့လည်း ကိုပြေသိမ်းကိုသာ မော့ကြည့်နေမိလေ၏။

"အားနာလိုက်သာ ကိုပြေသိမ်းရယ်...ဖုန်တွေ မနည်းမနောပါလား...တအောင့်နားပြီးရင် ရေကလေးချိုးသာပေါ့...ကြွပါရှင့် အိမ်ထဲကို..."

မအိမ်ကံကပဲ အိမ်ထဲကို ဦးဆောင်ခေါ်လာခဲ့သည်။ အမေပန်းရုံက လက်ကို ဖျင်စဖြင့် သုတ်ရင်း ထွက်လာသည်။ မအိမ်ကံ နောက်က ညှော့သည်လူစိမ်းကို လှမ်းအကဲခတ်သည်။ ဖိုးကူး လှမ်းအော်လိုက်သော မင်းသား တက်ခေတ်တင်ဆိုတာ နားစွန်နားဖျား ကြားထားမိသည့်အတွက် တကယ့်မင်းသား တက်ခေတ်တင် မှတ်သွားခဲ့သည်။ ပြောလည်းပြောလောက်စရာ။ အသားဖြူဖြူ လူပုံနွဲ့နွဲ့ ချောလိုက်သည့်ရုပ်ရည်နှယ်။ မင်းသားဖြစ်လောက်ကရောပေါ့။

"ညှော့သည်ကို နေရာပေးပါဟဲ့သမီး...လှအုံရေ...အေးခုတင်ပေါ် ကော်ဇောခင်းစမ်း...လာ လာ...မောင်တက်ခေတ်တင်..."

သမီးညှော့သည်တော့ မဟုတ်တန်ရာ။ ဇာတ်မင်းသားနှင့် သမီးဖြစ်သူ ဆက်စပ်စရာမရှိတော့ ရွာ့အကူအညီလိုချင်လို့ ရောက်လာသူဖြစ်ရမည်။ အမေပန်းရုံက မောင်တက်ခေတ်တင်လို့ ခေါ်လိုက်တော့ မအိမ်ကံ အားနာသွားခဲ့ရပါ၏။ ဘယ့်နှယ် တက်ခေတ်တင်ပါလိမ့်။ ကိုပြေသိမ်းကလည်း သူ့ကို တက်ခေတ်တင်လို့ ခေါ်လိုက်တာကို ဘာမှန်းမသိ။ အေးခုတင်ပေါ် မထိုင်ဘဲ အနားက တန်းလျားရှည်ကြီးမှာ ဝင်ထိုင်လိုက်သည်။ မျက်နှာက မအိမ်ကံကိုတစ်လှည့်၊ အမေပန်းရုံကိုတစ်လှည့် အကဲခတ်နေလေ၏။

"သခင်မြတ်သာပြောတဲ့စကားထဲတော့ အမေပန်းရုံအကြောင်း အမြဲပါလို့ အမေပန်းရုံပဲ ထင်ပါရဲ့..."

ကိုပြေသိမ်းက အမေပန်းရုံကိုကြည့်ကာ ဟုတ်မဟုတ် မေးနေခြင်းဖြစ်သည်။ မအိမ်ကံက မင်းသားတက်ခေတ်တင် မဟုတ်ကြောင်း ရှင်းပြနေဆဲမှာပင် အမေပန်းရုံက လုပ်ပြန်လေ၏။

"ဟုတ်ပါ့...မောင်တက်ခေတ်တင်ရေ...သားကို သိသယ်ဆိုတော့ မိတ်ဆွေများ ထင်ပါရဲ့"

"ခင်ဗျာ...ဟုတ်ပါတယ်ခင်ဗျာ...အခုလည်း သခင်မြတ်သာက သတင်းပါးခိုင်းလို့ လာရပါတယ်..."

မအိမ်ကံက သည်တော့မှ ကပျာကယာ ဝင်ရှင်းရတော့သည်။

"အမေကလည်း...ဘယ်က တက်ခေတ်တင်ရမှာတုံး...အမေ့နှယ်...ဒါ မအိမ်ကံပြောတဲ့ မြင်းခြံက ကျောင်းဆရာ ကိုပြေသိမ်းဆိုသာလေ အမေရဲ့...အစ်ကို့သူငယ်ချင်းဟာကော...မအိမ်ကံတို့ ဟိုတစ်ခါ မြင်းခြံသွားတုန်းက လိုက်စောင့်ရှောက်ပေးသာလေ..."

www.burmeseclassic.com

www.burmeseclassic.com

"ဟောတော်...သိပေါင်သမီးရယ်...ဖိုးကူးက မင်းသားတက်ခေတ်တင်လေ မမကဲ့ရဲ့ လို့ ပြောလိုက်သံကြားလို့..."

မအိမ်ကံ အူတွေနာအောင် ရယ်ချင်လှသော်လည်း ပြုံးရုံသာပြုံးရတော့သည်။ ကိုပြေသိမ်းကတော့ မြို့သားမို့ ဟန်လုပ်လေသလားမသိ။ အူတိအူကြောင်မျက်နှာဖြင့် သားအမိ နှစ်ယောက်ကို ကြည့်နေလေ၏။ အကျိုးအကြောင်းတွေ ရေလည်တော့မှ အမေပန်းရုံကလည်း ရယ်သည်။ မောင်မြတ်သာက လွှတ်လိုက်တာဆိုတော့ မောင်မြတ်သာ ဘေးကင်းရန်ကင်း ရှိလို့ပေါ့လို့ တွေးမိကြသဖြင့် တစ်ပူစိတ်အေးကြရပါ၏။ ကိုပြေသိမ်းက သူဝတ်လာသော ဖျင်အင်္ကျီကြယ်သီးတင် ချုပ်ရိုးနဘတ်ထဲက စာရွက်ရှည်ကလေး ထုတ်ယူလိုက်သည်။ စာရွက်ကို ဖြန့်လိုက်တော့ လက်တစ်ဝါးသာသာ စာရွက်ပိုင်းကလေး ဖြစ်သွားလေ၏။ မလှအုံက နောက်ဖေး ပဲမှော်တိုက်ဘေးအရိပ်မှာ ငိုက်နေသည့် သူကြီးကို သွားနှိုးသည်။ သားအဖတစ်တွေဆုံတော့မှ ကိုပြေသိမ်းက စာကို ဖတ်ပြပါသည်။

"ကျေးဇူးရှင် မိဘနှစ်ပါးနှင့် နှမကလေး ကံ,

ကျွန်တော် ကျန်းမာလျက် ဘေးကင်းရန်ကွာ ရှိပါသည်။ ရွာက ထွက်ပြေးခဲ့ရသည့်နေ့က မစိမ်းမြတို့ ရက်ကန်းတဲပေါ်မှာ နှစ်ညခိုခဲ့ရသည့် အတွက် မစိမ်းမြတို့မိသားစုကို ကျေးဇူးတင်ကြောင်း ပြောပြစေလိုပါသည်။ နောက်တစ်ရက်မနက်စောစောကြီး မစိမ်းမြတို့အိမ်ကလှည်းနှင့် အောက်တောဘက်ကို လိုက်ပို့ပေးပါသည်။ ထိုမှတစ်ဆင့် ရန္တပိုရွာ ရောက်ပါသည်။ မြင်းခြံမှာ စစ်ပုလိပ်များ ရှိနေသည့်အတွက် ကျွန်တော့်မိတ်ဆွေရှိရာ ရန္တပိုရွာမှာ ခိုနေပြီး အခုတော့ လုံခြုံသောတစ်နေရာကို ရောက်နေပါပြီ။

မြင်းခြံမှာနေသော ကျွန်တော့်မိတ်ဆွေ သခင်ပြေသိမ်းနှင့် အချိန်းအချက်ပြုကာ သည်စာကို ရေးပို့လိုက်ပါသည်။ သခင်ပြေသိမ်းကိုလည်း အစစအရာရာ ကူညီကြစေချင်ပါသည်။ တိုင်းရေးပြည်ရေးများလည်း မေးနိုင်ပါသည်။ ကျန်းမာချမ်းသာတော်မူကြပါစေ။

စာကြွင်း။ နှမကလေးကံ,

သနပ်ခါးကုန်နေပြီဆိုလျှင် မောင်ပြေသိမ်းကို တောင်းပါလေ။ စပါးလောင်းတောင်းနှင့်အပြည့် သနပ်ခါးတုံးများ စုထားသည် ဆိုပါ၏။

သခင်မျိုးဟော့ တို့ဗမာ

မောင်မြတ်သာ"

ကိုပြေသိမ်းက စာဖတ်ပြနေရာက 'စာကြွင်း'ကို ဖတ်မိတော့ သူ့ဟာသူလည်း အားနာပုံရသွားသည်။ မျက်နှာကြီး နီလာခဲ့ကာ အသံကလေး တိမ်သွားလေ၏။ မအိမ်ကံကတော့ ဆိုစရာမရှိပြီ။ အစ်ကိုမောင်မြတ်သာက စ,လိုက်ခြင်းဖြစ်သော်လည်း ကာယကံရှင် နှစ်ယောက်ဖြစ်သည့် အပျိုလူပျိုတို့ခမျာ ရှက်ရွံ့စရာ ဖြစ်ရပါ၏။ ဦးသာထန်က သနပ်ခါးတုံး တွေ လောင်းတောင်းနှင့်အပြည့်ဆိုလို့ အံ့သြနေသည်။



"ငါ့သားနှယ် နှမကိုချစ်တော့ သနပ်ခါးကို လောင်းတောင်းနဲ့အပြည့် တောင်းခိုင်းသာများ အားနာစရာကွယ် တန်ဖိုး သေးမှတ်လို့..."

အဖေ့စကားကြားတော့ မအိမ်ကံ ပို၍ပင် မနေတတ်မထိုင်တတ် ဖြစ်ရပါ၏။ ကိုပြေသိမ်းက စာကို ကိုယ်တိုင်ဖတ်ပြဖို့ မှာလိုက်သဖြင့် ဖတ်ပြရခြင်းဖြစ်ကြောင်း၊ အိမ်မှာ လိုအပ်သမျှ မေးမြန်းကူညီခဲ့ပါရန် မှာလိုက်ကြောင်း၊ သခင်မြတ်သာ နေကောင်းထိုင်သာ ရှိကြောင်းများ ပြောပြသည်။ မလှအုံကတော့ လူပုံချောလှသော သခင်ပြေသိမ်းကိုသာ ကြည့်နေတော့သည်။

"မင်းတို့လူငယ်သခင်တွေကော အခြေအနေ ဘယ်လိုလဲကွယ့်..."

"အင်္ဂလိပ်က တို့ဗမာအစည်းအရုံးကို မတရားအသင်း ကြေညာပေမယ့် လျှို့ဝှက် လုပ်ကိုင်နေကြရပါတယ် ..မနှစ်က လယ်သမားအစည်းအရုံး အလုပ်သမားအစည်းအရုံး တွေလည်း ဖွင့်ပြီးကြပြီ...တူရာတူရာ စုပြီး အင်္ဂလိပ်ကို ဖှဲ့တိုက်တဲ့သဘောပါပဲ ဦးမင်းရယ် .."

"အခုက တိုင်းပြည်ကို ဘယ်သူအုပ်ချုပ်နေသာလဲ...တို့ကတော့ ကိုယ့်မြေကထွက်သဲ့ပဲ ကိုယ်ပြုတ်စားနေရသာဆိုတော့ မြို့မှာ ခဏခဏပြောင်းနေသာ ဗြုန်းခနဲသိရသာ မဟုတ်ဘူး...စိတ်လည်း မဝင်စားကြဘူး...တိုင်းပြည်ပျက်မှာကိုပဲ စိုးရိမ်နေကြရ သာ..."

"အခုက ဥပဒေပြုလွှတ်တော်မှာ ဦးစောက နန်းရင်းဝန်ဖြစ်နေပါပြီ...မနှစ်က ကမ္ဘာစစ် မိန့်ခွန်းပြောလို့ ဒေါက်တာဘမော်ကို အင်္ဂလိပ်အစိုးရက ထောင်တစ်နှစ်ချပြန် တယ်...အုပ်ချုပ်တာကတော့ အင်္ဂလိပ်တွေပါပဲ...ထူးတော့မထူးပါဘူးခင်ဗျာ"

"အင်း...ကိုယ့်ပြေ ကိုယ့်မင်း မဟုတ်မှတော့ ဘာဖြစ်ဖြစ် မဟန်ပါဘူးကွယ်... ကမ္ဘာစစ်ဆိုသဟာကြီးများ ကြားရရုံနဲ့ နားကြောစိမ့်မိရဲ့...ဒါနဲ့ မေးပါရစေဦး... တို့ဆီမှာ အဲသလိုစစ်ကြီးများ ဖြစ်နေဦးမလား"

"အခုတော့ ဂျပန်နဲ့ပူးပေါင်းပြီး အင်္ဂလိပ်ကို မောင်းထုတ်ဖို့ လုပ်နေကြပြီခင်ဗျ"

စကားတွေ ကောင်းနေလိုက်ကြတာ တဖြည်းဖြည်း နေလည်းညိုလာပြီ။ ကိုပြေသိမ်းလည်း ဆာလောက်ရောပေါ့။ ကိုပြေသိမ်းကို ရေမိုးချိုးစေပြီး ထမင်းခူးခပ်ကျွေးဖို့ ပြင်ကြသည်။ ကိုပြေသိမ်း ရေမိုးချိုးပြီး အဝတ်ဟောင်းတွေ ပြန်ဝတ်မည်ပြင်တော့ အမေပန်းရုံက မောင်မြတ်သာ၏ အင်္ကျီ၊ လုံချည်ကောင်းကလေးတွေကို ထုတ်ပေးပြီး ဝတ်စေပါ၏။ မောင်မြတ်သာအင်္ကျီတွေက ကိုပြေသိမ်းနှင့် အံကျ။ ကိုပြေသိမ်း၏ အဝတ်ဟောင်းတွေကို မလှအုံက လျှော်ဖွပ်ပေးခဲ့ပါ၏။ ဧည့်ခန်းထဲမှာပဲ ထမင်းပွဲကို ပြင်ဆင်ပြီးကျွေးတော့ မအိမ်ကံက ယပ်တောင်ကလေးနှင့် ယပ်ခတ်ရင်း ဟင်းတွေ ခူးခပ်ထည့်ပေးသည်။ အမေပန်းရုံတို့ရှေ့မှာဆိုတော့ ကိုပြေသိမ်းက ရှက်နေလေ၏။

"မနှစ်က မူလတန်းပညာသင်ကြားရေးဥပဒေဆိုတာ အစိုးရက ပြဋ္ဌာန်းလိုက်တော့ ဆရာကြီး ဦးဘခင်တို့က သည်ဘက်နယ်မှာ ကျွန်တော့်ကို တာဝန်ပေးဖို့ စီစဉ်နေကြ ပါတယ်...အခုကတော့ ဥပဒေအရ တရားဝင်ဖွင့်ရမှာဆိုတော့ သည်ဘက်ရွာက ကလေးတွေ အဆင်ပြေနိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"မောင်တောက်ထိန်ကကောကွယ်..."

"သခင်တောက်ထိန်ကတော့ မြင်းခြံကို ပြန်ပါလိမ့်မယ်"

သည်စကားကိုတော့ မအိမ်ကံ စိတ်ဝင်စားသွားသည်။ မူလတန်းပညာသင်ကြားရေး ဥပဒေဆိုပြီး ကျောင်းဖွင့်ခွင့်ရပြီတဲ့...။ ကိုပြေသိမ်းကို သည်ဘက်ရွာတွေမှာ တာဝန်ချပေးတော့ မတဲ့။ ဘယ်တော့များလည်း ကိုပြေသိမ်းရယ်...။ ကိုပြေသိမ်းက စာအသင်အပြကောင်းတယ်လို့ ပွဲကတော်ကြီးက ပြောဖူးသည်။ ရွာက ကလေးတွေ လောကဓာတ်စာ တတ်ကြတော့မှာဆိုတော့ မအိမ်ကံ ဝမ်းသာသည်။ ထမင်းစားပြီး လက်ဖက်၊ ထန်းလျက်ပွဲမှာ စကားတွေ ပြောဖြစ်ကြ ပြန်သည်။ အဖေတို့ အမေတို့ စကားကောင်းနေတုန်း မအိမ်ကံလည်း ရေမိုးချိုးကာ အလှတွေ မှုန်နေအောင် ပြင်လေသည်။ သရက်ထည် ဆင်စွယ်နှစ်ရောင်ကလေးမှာ ရှားရောင်ပန်းခက်တွေ ပါသော ထဘီနှင့် ပင်နီဖျော့ရောင် ရင်ဖုံးကလေးကြောင့် မအိမ်ကံမှာ လေးညွင်းအုန်းခွံရောင် ဖြေးလျက် ကျက်သရေရှိနေခဲ့၏။ နှစ်ကျပ်သား လက်ကောက်တုတ်တုတ်ကြီးတစ်ကွင်းတည်းသာ ဝတ်ထားသည်။ ကိုပြေသိမ်းက သနပ်ခါးနံ့ကလေး ကြိုင်သွားသော လေ့ကားဘက်ကို ခေါင်း လှည့်လိုက်တော့ အင်္ကျီကို ခါးအထိဆွဲချရင်း ဆင်းလာသော မအိမ်ကံကို တွေ့သွားခဲ့သည်။ ပြောလက်စ စကားပင် တုံ့သွားပါ၏။ ဦးသာထန်ကတော့ သူ့သား မောင်မြတ်သာ၏ အင်္ကျီ ပုဆိုးတွေ ဝတ်ထားသော ကိုပြေသိမ်းကိုကြည့်ရင်း သားကို သတိရပုံပေါ်၏။

"ကျုပ်သားကကို ယုံကြည်စိတ်ချသူဆိုတော့ ကျုပ်တို့ကလည်း အတွင်းလူလို့ သဘောထားပါသယ်...ကျုပ်သားလည်း သတိရမိပါရဲ့...မောင့်ကိုလည်း ကျုပ်သား စာရင်းသွင်းပါသယ်...သည်ဘက်ရွာတွေမှာ ကျောင်းဖွင့်ဖြစ်ရင် ကျုပ်အိမ်ကို အမှာခံ ထား တည်းပါ..."

ဦးသာထန်က ကိုပြေသိမ်းကို ကျုပ်သားစာရင်းသွင်းတယ်ဆိုတော့ မအိမ်ကံပင် မနေတတ် မထိုင်တတ်ဖြစ်ရပါ၏။ ဦးသာထန်က ရိုးရိုးပြောလိုက်ခြင်းပေမယ့် စကားက အဓိပ္ပာယ်တစ်မျိုးရောက်တာ မဟုတ်လား။ ဒေါ်ပန်းရုံက ဦးသာထန်ကို မျက်စောင်းလှမ်းထိုး လေသည်။ ဘယ်စကား ဘယ်ရောက်မှန်းမသိ။ သို့သော် ဘယ်သူ့အပေါ်မှ ဘယ်တုံးကမှ စိတ်ဝင်စားမှု မရှိခဲ့သော ဦးသာထန်က ကိုပြေသိမ်းကို ခတ်ကျခဲ့လေသည်။ ဦးသာထန်၏ ပင်ကိုယ်စိတ်ကလည်း ခေတ်ပညာတတ် လူငယ်တွေကို အထင်ကြီး လေးစားစိတ်ရှိသည်။ ကိုပြေသိမ်းလို ဥပဓိရုပ် ကြည်စင်သလောက် စကားပြော မွန်ရည်သူတစ်ယောက်ကို ဦးသာထန် ခတ်ကျမည်ဆိုလည်း ကျစရာ။ ကိုပြေသိမ်းက ဦးသာထန် နားလည်လောက်သောစကားလုံး တွေကို ရွေးချယ်သုံးပြီး စကားကို အေးအေးဆေးဆေးပြောသည်။ စကားပြော နူးညံ့သလောက် ခြံ့ငုံ့မိအောင် စီကာပတ်ကုံး ပြောတတ်သည်။ ဦးသာထန်က ခေါင်းတညိတ်ညိတ်။ အခုမှ ရေလည်တော့သယ် ဆိုသည့်စကားဖြင့် ထောက်ခံ၏။

"ကိုင်း နေပါဦး...မောင်က ကနေ့ပြန်မှာလား ...ဘာအကြောင်းများ နောက်ဆံငင် စရာ ရှိသေးလို့လဲ...အိမ်က သားမယား..."

"မရှိပါဘူးခင်ဗျာ...ကျွန်တော် လူလွတ်ပါ...မိဘများကို လုပ်ကျွေးနေပါတယ်"

သည်တစ်ခါတော့ ဒေါ်ပန်းရုံက ဦးသာထန်ကို ဝင်ငေါက်ရတော့သည်။



"ကဲပါ...ကိုရွှေသူကြီးမင်းရဲ့...သဂျိုးပဂျိုးနဲ့ ဘယ်စကား ဘယ်ရောက်...သည်လိုပါ မောင်ရင်ရယ်...မောင့်ဦးလေးက မောင်ပြေသိမ်းနဲ့ စကားပြောချင်လှထင်ပါရဲ့ကွယ်... နောက်ဆံငင်စရာမရှိရင် သည်တစ်ညတော့ နေစေချင်သယ်...မိုးတောင်ချုပ်လှကမင့် ပဲဟာ..."

အဖေတို့ အမေတို့က မထင်မှတ်ဘဲ တားနေတော့ မအိမ်ကံ စိတ်ချမ်းသာသွားခဲ့ သည်။ ဧည့်သည်ကိုလူချောကို ချက်ချင်းမပြန်စေချင်ခဲ့။ အစ်ကိုဖြစ်သူက ပါးလိုက်သော စာယူလာသူကို တစ်ညတော့ နားစေ့ချင်သည်။ ဘာပဲပြောပြော မြင်းခြံနှင့် ဇောင်ချမ်းကုန်းက မဝေးသော်လည်း မနီးလှပါ။ မိန်းမပျိုဆိုတော့လည်း နေလှည့်ပါဦး အတားရခက်ပါ၏။ အခုတော့ မိဘနှစ်ပါးက တားနေပြီဆိုတော့ စကားခိုင်အောင် ဝင်ချည်ရပြန်သည်။

"ဟုတ်သားပဲ ကိုပြေသိမ်းရယ်...လာပြီး တန်းပြန်ရသယ်လို့...တစ်ညတော့ တည်းခို ပါဦးရှင်...ကျွန်မတို့မှာ အစ်ကို ပြန်ရောက်လာသလို မှတ်ပါသယ်"

"ကျွန်တော့်မှာ အလုပ်ရယ်လို့တော့ အရေးတကြီး မရှိပါဘူး...သို့သော်လည်း အားနာလှပါတယ်...နောင်များတော့ သည်ရွာတွေ တာဝန်ကျရင်ဖြင့် နေပါလေ့ ခင်ဗျာ"

သည်တစ်ခါတော့ အနားမှာထိုင်နေသော မလှအုံက ဆိုးဆိုးဆတ်ဆတ် ဝင်ပြောသည်။

"ကိုင်းပါ...ကိုမင်းသားရဲ့...တစ်ညများတော့ ဘယ့်နှယ်မှမနေပါဘူး...ကျုပ်က ချက်ကျွေးရမယ့်ဟင်းတောင် စပ်ပြီးပေါ့ဟာ...ညနေကျ ကျုပ်တို့ရွာက ရန်ပြေ မာန်ပြေ ဆုတောင်းပြည့်ဘုရားလည်း ဖူးသွားဦး...ဆုတောင်းများ တကယ်ပြည့်သာ... ဖြစ်ချင်သာ ဆုတောင်းရုံပဲ"

"ဟုတ်ကဲ့ခင်ဗျာ...ဘုရားဖူးဖိတ်တော့လည်း မငြင်းသာတော့ပါဘူး...ဇောင်ချမ်းကုန်း က ဆုတောင်းပြည့်ဘုရားမှာ တိုင်းပြည်လွတ်လပ်ရေးရအောင် ဆုတောင်းရမှာပဲ"

ထိုညနေက ကိုပြေသိမ်းနှင့်မအိမ်ကံတို့နှစ်ဦးသား မလှအုံနှင့်အတူ ရွာအရှေ့ဘက် ကွင်းထဲက ရန်ပြေမာန်ပြေ ဆုတောင်းပြည့်ဘုရားဘက် လျှောက်ခဲ့ကြပါ၏။ မအိမ်ကံက ခါတိုင်းလို ရွာက ဘာထင်ကြမှာပါလိမ့် ဆိုသည့်စိတ်ကလေး မရှိတော့တာလား၊ တစ်စုံတစ်ရာကို အရွဲ့တိုက်ချင်တာလားတော့မသိ။ ရွာအရှေ့ဘက်ဘုရားကွင်းကို လမ်းတည့်တည့်ကြီးက မသွားဘဲ ရွာလယ်လမ်းထဲက သွားခဲ့ကြသည်။ မအိမ်ကံကို ကိုပြေသိမ်းနှင့် တွဲမြင်ကြခြင်းတွင် ရွာက နှစ်မျိုးအံ့သြနေခဲ့ကြသည်။ တစ်မျိုးက လူရေးလှသလောက် ကြည်ကြည်သန့်သန့်ရှိသော ကျောင်း ဆရာလေး ကိုပြေသိမ်းကို မြင်ကြသဖြင့် အံ့သြကြခြင်းဖြစ်သည်။ ချောလိုက်သဲ့မြို့သားနယ်...။ အိမ်တိုင်းက ထွက်ကြည့်ခဲ့ကြသည်။ အချင်းချင်း လက်တို့ကြသည်။ မကြည့်လိုက်ရသူ မမြင် လိုက်ရသူ မရှိရလေအောင် ခေါ်ကာ ငင်ကာ ကြည့်စေခဲ့ကြသည်။ အချင်းချင်း တိုးတိုးပြောကြ တာလည်းရှိသည်။

"သူက ဘယ်သူတုံး...မအိမ်ကံ ရည်းစားလား..."

"သိဘူးလေ...အချောတော့ ရက်စက်သယ်...မအိမ်ကံနဲ့တော့ လိုက်ပါ့အေ..."

နောက်အံ့သြခြင်းကတော့ ယောကျ်ားသားတစ်ယောက်နှင့်အတူ သွားလာ့ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

ဝေးရော၊ တစ်ယောက်တည်းပင် မြင်ရခဲသော မအိမ်ကံကို မြို့သူတွေ ညနေခင်း လမ်းလျှောက်သလို လမ်းထွက်လာတာကို ဖြစ်ပါ၏။ သည်မြင်ကွင်းကြောင့် မအိမ်ကံနှင့် လူကြီးမိဘချင်းသဘောတူညီထားကြသူလားလို့လည်း တီးတိုးဆိုချင်ကြပုံပေါ်သည်။ မအိမ်ကံကလည်း သည်လိုပဲ တွေးစေချင်သည်။ မြို့သား ပညာတတ် ကျောင်းဆရာ၊ ရုပ်ရည်တင့်တယ်သူတစ်ယောက်နှင့် အထင်ခံချင်၍မဟုတ်။ သူ့မှာ သူ့ကိုယ်သူသာသိသော စိတ်ကူးတစ်ချက်ရှိသည်။ ဒါဖြင့် ကိုပြေသိမ်းကို မအိမ်ကံ စိတ်မညွှတ်ဘူးတဲ့လား။ မအိမ်ကံ ကိုယ့်ရင်ထဲကိုယ် မေးတော့လည်း ပျို့ခေါင်းက ဖွန်ပန်းခွေ လေသင့်ရာအေး၊ ညနေဆီ လေပြေလိုမှ ခေါင်းညိတ်တိုင်းမွေး...စေချင်သည် အမှန်ပင်။ ဒါပေသိ မိန်းကလေးမဟုတ်လား။

"ကျုပ်တို့ရွာကလေးက ကျုပ်တို့အဖေတို့ပြောသမျှတော့ ဘုရင့်ခေတ်ကတည်းက ရှိခဲ့သာသဲ့...သည်စေတီကလေးကလည်း မိဖုရားတစ်ပါး တည်ခဲ့သာလို့ ပြောကြသယ်...အဓိဋ္ဌာန်နဲ့ တည်သဲ့ဘုရားဆိုတော့ ဆုတောင်းလည်း ပြည့်သယ်..."

မလှအုံက စေတီဆီ သွားရာလမ်းကို ချိုးရာက စေတီကို လှမ်းပြရင်း ပြောခြင်းဖြစ်သည်။ မလှအုံက ရှေ့က သုတ်သုတ်သွားနှင့်သည်။ မအိမ်ကံက ယောကျ်ားကလေးတစ်ယောက်ရှေ့က မသွားချင်သဖြင့် ကိုပြေသိမ်းကို ရှေ့ကသွားစေသည်။ ကိုပြေသိမ်းက မအိမ်ကံကို စကားစသည်။

"နေပါဦးတော့...စေတီက ဆုတောင်းပြည့်တယ်ဆိုတော့ မအိမ်ကံက ဆုတောင်းဖူးလို့လား...မေးသာမေးရတာပါလေ...ပျိုလေးတို့အိမ်ဦး ဆပ်သွားဖူးတစ်ရုံနှစ်ရုံကျေးတွေကအုံ ဆိုတာလို ဆုတောင်းစရာလည်း လိုမယ်မထင်ပါဘူး"

ဆပ်သွားဖူး တစ်ရုံ နှစ်ရုံ ကျေးတွေက အုံတဲ့လား ကိုမြို့သားရယ်။ မအုံရပေါင်ရှင်။ အခုအချိန်အထိ မအိမ်ကံက ဘယ်သူ့စကားတင်မှ မခံခဲ့တဲ့ အပျိုစင်ပါတဲ့တော်...အာဂမှတ်လို့။ မအိမ်ကံ ပြုံးနေလိုက်သည်။

"မအိမ်ကံကတော့ ဘာဆုမှ မတောင်းရသေးပါဘူး ကိုပြေသိမ်းရယ်...ဆုတောင်းလောက်စရာအကြောင်း မရှိသေးလို့များလား ပြောတတ်ပေါင်ရှင်...ဒါပေသိ ပျိုတို့မောင် ရှင်လိင်ပြန်ရင် နားပန်ဖို့တော့ ခူးထားရဦးမလားပဲ..."

ကိုပြေသိမ်းက မအိမ်ကံကို ငေးကြည့်နေသည်။ ညနေခင်း တိမ်နီရောင်ကလေးပက်ထားသဖြင့် မျက်နှာကလေးက တစ်မျိုးလှနေပါ၏။ နေဝင်ချိန် တိမ်တောက်တောက်မှာအရုပ်ဆိုးသူများပင် လှကြတာဆိုတော့ မအိမ်ကံအဖို့တော့ ပြောစရာမရှိပြီ။ လေညှင်းကသွေးလျက်ရှိ၏။ ပဲခင်းတွေ သိမ်းပြီးစဆိုတော့ ဘယ်ကြည့်ကြည့် မျက်စိတစ်ဆုံး မြင်နေရသည်။ ကောင်းကင်ပြာပြာနှင့် ထုံးစေတီ ဖွေးဖွေးက ပနံရလှသည်။ ကုက္ကိုပင်ကြီးက စေတီတော်ပုရဝုဏ်အားမှာ နှစ်ပေါင်းများစွာကတည်းက ရှိခဲ့ပုံပေါ်သည်။ ကောင်းလိုက်တဲ့အရိပ်။ အရွက်သိပ်သိပ် အခက်စိတ်စိတ်ရှိလေသည်။ ဘုရားကန်တော့ကြတော့ မအိမ်ကံက ကိုပြေသိမ်းနောက်ဆွယ်မှာ မလှအုံနှင့် ယှဉ်ထိုင်ကာ ကန်တော့သည်။

"ဆုတောင်းပြည့်ပါစေ ဆုတောင်းရတော့မှာပဲ...ကျွန်တော်တော့ ဆုတောင်းခဲ့ပြီ"

"ဘာများပါလိမ့် ဆရာလေး..."



မလှအုံက ချက်ချင်းကောက်မေးလိုက်တော့ ကိုပြေသိမ်းက ပြုံးရုံပြုံးလေ၏။ အတူပြန်လျှောက်လာသည်အထိ မဖြေ။ မလှအုံနှင့် နည်းနည်းလှမ်းတော့မှ မအိမ်ကံကို ပြောသည်။

"ရှင်လိင်ပြန်ရမယ့်အရွယ် မဟုတ်တော့ပေမယ့် နားတော့ ပန်ပါရစေဘုရားလို့ ဆုတောင်းခဲ့တယ်"

မအိမ်ကံ၏မျက်နှာက အနောက်တောတန်းထဲဝင်တော့မည့် နေလုံးလို ရဲမှည့်သွားသည်။ မြို့သားကတော့ ရင်နှူးစဖွယ် စကားထည့်လာပါပကောလား။ မြို့သားများတော့ မယုံဝံ့ပေါင်ရှင်လို့လည်း ရင်ထဲက တွေးနေမိပါ၏။ ပျိုလေးတို့ဗိုင်းရစ်ခုံ ပန်းပုံလို့ပေး ဘယ်အပျိုပန်ပြီလဲ မောင်ကြီးကိုမေး ဆိုတာလို မြို့ကြီးသားကို ဗိုင်းရစ်ခုံပေါ် ပန်းတွေပုံပေးခဲ့သူတွေမရှိဘူး မပြောနိုင်။ မအိမ်ကံကတော့ နှုတ်ဆိတ်နေခဲ့ပါ၏။ ဘုရားကအပြန်မှာ မအိမ်ကံတို့ရွာဝန်းကျင်ကိုလည်း ပြခဲ့ကြသေးသည်။ မလှအုံက ရွာဝင်ကာနီးတော့ မအိမ်ကံနှင့်ယှဉ်လျှောက်ခဲ့သည်။ ထိုညနေက အိမ်ပြန်ရောက်တော့ မိုးလည်းချုပ်လေပြီ။

ညပိုင်းရောက်တော့ ဆရာလေး ကိုပြေသိမ်းနှင့် အိမ်သားတွေ စကားပြောလိုက်ကြတာညဉ့်နက်မှ စခန်းသိမ်းခဲ့ကြသည်။ မနက်စောစောထ၊ ရေမိုးချိုးပြီးသည်နှင့် မနက်ခင်းစာကလေးညှော်ခံဖို့ ပြင်ရသည်။ မလှအုံက ပဲလွန်းစေ့ နိုင်းခြင်းနှင့် ကောက်ညှင်းဖြူကလေး သန့်သန့်ပေါင်းထားသည်။ ငါးရံ့ခြောက်ကို မီးကျီးရဲရဲအုံကာ ထုထောင်းပြီး ဆီကလေး လက်တစ်ဆစ်မြုပ်အောင် စိမ်သည်။ ရေစိမ်မတ်ပဲကို ညက်ညက်ထောင်း၍ အကွင်းခတ်ကြော်ထားတာကလည်း ကြွပ်ကြွပ်ရွရွရှိလှပါ၏။ ညှော်သည်တော့ ဘယ်လိုနေမည်မသိ။ မအိမ်ကံပင် ဝမ်းနှင့်အောင်စားမိပါ၏။ ကိုပြေသိမ်းကို ညှော်ခံကျွေးမွေးပြီးတော့ ဖိုးကူးက မြင်းကို ဆွဲထုတ်လာခဲ့သည်။

"ကိုပြေသိမ်းရယ်...ကျွန်မတူက ကိုပြေသိမ်း မြင်းစီးသာကို သဘောကျလို့သဲ့...ကိုပြေသိမ်းကို အသင်ခိုင်းရမယ်ချည်း ပြောနေသာ ..အခါအခွင့်ရရင် သင်ပေးပါဦး ..."

ကိုပြေသိမ်းက ဖိုးကူးခေါင်းကို ပွတ်သည်။

"သင်ပေးရသေးပေါ့ကွယ်...သည်ဘက်မယ် ကျောင်းဖွင့်ရင် အချိန်ရပြီပေါ့...မြင်းတော့ ရှိရဲ့မဟုတ်လား မအိမ်ကံ..."

"အဖေ့မြင်းကြီး စိန်ပွင့်တော့ ရှိပါရဲ့...အိုရှာပါပြီ...မအိမ်ကံ မြင်းတစ်ကောင်ဝယ်ဖို့စိတ်ကူးထားသယ်...ဖိုးကူးတင်မဟုတ်ဘူးရှင့်...မအိမ်ကံပါ မြင်းစီးတော့မှာ မအိမ်ကံကိုလည်း သင်ပေးပါဦး..."

"အပျိုချောချောရယ်လို့ တစ်ခါမှ မသင်ဘူးလေတော့ အချိုးမှကျပါ့မလား မသိဘူးမအိမ်ကံက မြင်းစီးသင်ဦးမလို့လား..."

"စီးရသေးပေါ့ရှင်..."

ကိုပြေသိမ်းအတွက် အမေပန်းရုံက အမဲခြောက်စည်းနှင့် စားစရာတွေ ထည့်ပေးသည်။ မအိမ်ကံကလည်း ရက်ကန်းရုံထွက် လက်ရက်ထည်ကလေးတွေထဲက ကိုပြေသိမ်းနှင့် လိုက်မည့်ထင်သည့်အဆင်ကလေးတွေ ရွေးကာပေးလိုက်သည်။ ပုဆိုးသုံးကွင်း၊ ပင်ညိုတစ်အုပ်၊ ...ရှင်တဘက်တစ်ထည်။

www.burmeseclassic.com

www.burmeseclassic.com

"မအိမ်ကံတို့မှာ ပေးသာပေးရပါသယ် ..မြို့သားဆိုတော့ ဝတ်မှဝတ်ပါ့မလားမသိ"

မအိမ်ကံက ကျေးဥကို ပြောသလိုလိုနှင့် အထည်ထုပ်ကလေး ကမ်းပေးလိုက်တော့ ကိုပြေသိမ်းက "တစ်သက်လုံး ဝတ်မှာပါဗျာ" ဆိုကာ လှမ်းယူလိုက်သည်။ မအိမ်ကံက အစ်ကိုမောင်မြတ်သာနှင့်တွေ့လျှင် အစ်ကိုသုံးချင်ရာသုံးနိုင်ဖို့ ငွေစကလေးလည်း ထည့်ပေးလိုက်ပါ၏။

ကိုပြေသိမ်းက ပြန်ကာနီးတော့ သူကြီးဦးသာထန်နှင့် အမေပန်းရုံကို ထိုင်ကန်တော့သည်။ အဖေရော အမေရော မအိမ်ကံတို့ပါ ဝိုင်းဝထိ လိုက်ပို့ကြသည်။ ကိုပြေသိမ်းက မြင်းပေါ်လွှားခနဲတက်လိုက်ရင်း နှုတ်ဆက်သည်။

"ကျေးဇူးရှင်များ ခွင့်ပြုပါဦးခင်ဗျာ"

"သွားလမ်းသာလို့ ပြန်လမ်းချောပါစေ"

အားလုံး အိမ်ကြီးထဲ ပြန်ဝင်သွားကြသော်လည်း မအိမ်ကံကတော့ ငေးလျက်ကျန်ခဲ့သည်။ မြင်းကိုတော့ မမြင်ရတော့ပါဘူး။ အူအူထ ကျန်ရစ်ခဲ့သော ဖုန်ငွေ့တွေကို ငေးနေမိခြင်းဖြစ်ပါ၏။

■

သည့်နောက်ပိုင်းရက်တွေမှာတော့ ခြောက်သွေ့ခြင်းနှင့် ဘယ်ဆီဘယ်ဝယ်မှန်း မသိရသော တမ်းရော်စိတ်ကလေး မအိမ်ကံမှာ ရှိနေခဲ့သည်။ အသက်နှစ်ဆယ် သီသီကျော်ရှိသေးသော်လည်း ရင်ထဲမှာ အမျိုးအမည်ဖော်ပြရန် ခက်လှသော ခံစားမှုတစ်မျိုးက ရင်မှာခုနေခဲ့တာ မကြာလှသေးပါ။ မှန်တာပြောရလျှင် ကိုပြေသိမ်းကိုတော့ လွမ်းမိသား။ ချစ်သူမဟုတ်၊ ရည်းစားမဟုတ် ခလုတ်တိုက်အောင် လာချင်လို့လည်း မရနိုင်မှန်း သိပါရဲ့။ ဒါပေ သိရွာလမ်းမှာ ဖုန်ထလျှင် မြင်းကောင်းစီး ကိုလူချောကို မအိမ်ကံ မျှော်မိရပါ၏။ တစ်ခါ တစ်ခါ ရက်ကန်းရုံစီက ထွက်လာသော တောခလေ့ သီချင်းအိသံကလေးတွေကလည်း မအိမ်ကံ ရင်ကို
ခုန်စေခဲ့သည်။

သီချင်းသံက ခပ်ညည်းညည်းသံဆိုတော့ လွမ်းစရာလည်း ကောင်းပါ၏။

*"လသာကြမ်းပြင် ဗိုင်းရစ်ခွင် x x သခင်လိုလို လင်လိုလို x x စောင်ညီကာပါ*
*ရွှေခေါင်ရမ်း x x*
*လသာကြမ်းပြင် ဗိုင်းရစ်ခွင် x x သခင်တစ်ပိုင်း လင်တစ်ပိုင်း x x စောင်ဖြူကာပါ*
*ရွှေဖီပန်း x x*
*လသာကြမ်းပြင် ဗိုင်းရစ်ခွင် x x သခင်တစ်ခု လင်တစ်ခု x x စောင်ဝါကာပါ*
*စကားဝါပန်း x x*
*မျှော်ရှုပါရ ပျို့ချစ်ဝေး x x ဝေ့ ဝေ ဝေး x x ဝေ့ ဝေ ဝေး x x"*
*"အနောက်ဆို တောခြေစ x x နေကျပေါ့ အေတို့ရယ် x x*
*ရွှေကြိုး ရွှေက မြင်းလှလှ x x လာပါ့မလား အေတို့ရယ် x x*
*သူ့ရွာတကျေး ဟိုရပ်ဝေး x x သေချာဘူးပေါ့ အေတို့ရယ် x x*
*လ,ဦးကွေးကွေး ကြယ်ဖွေးဖွေး x x ငေးရတာလည်း မောပေါ့အေ x x*



*သန်းခေါင်လ,ချည်း ကြယ်တွေဝင်း x x ပျင်းရတာလည်း ညောင်းပေါ့အေ x x*
*အရုဏ်လမင်း ကြယ်တွေရှင်း x x ဒင်း မလာလည်း နေတော့အေ x x"*

ငါ့များ စောင်းဆိုနေကြရော့လား။ သီချင်းကြောင့် မအိမ်ကံ ပြုံးလည်းပြုံးမိရပါ၏။ သခင်လိုလို လင်လိုလို၊ သခင်တစ်ပိုင်း လင်တစ်ပိုင်း၊ သခင်တစ်ခု လင်တစ်ခု ဆိုတာတော့ မဟုတ်သေးပါ။ ဒါဖြင့် ကိုပြေသိမ်းရယ် လာပါတော့ ကျီးကန်းတမော့မော့လို့ မျှော်ရမယ့် ရည်းစားလား။ အဲသလိုလည်း မဟုတ်ပြန်။ ဘာမှန်းမသိရသော ဝေဒနာပင်။

သည်ရက်တွေထဲမှာ မအိမ်ကံအတွက် မဆန်းသော်လည်း ထူးသည့်သတင်းတွေ ကြားရပြန်သည်။ တစ်ရက်မှာ အမေပန်းရုံက မအိမ်ကံကို အသာလက်တို့ခေါ်ကာ အခင်းတွေဘက် ထွက်ခဲ့ကြသည်။ မအိမ်ကံလည်း အသာလိုက်သွားရုံသာ။ အခင်းစပ်မှာ ဖရုံညွန့်၊ ဟင်းနုနယ်ညွန့်ကလေးတွေ ဆိတ်ကြရင်း အမေပန်းရုံက ပြောပြသည်။

"သမီးရေ...အမေ စကားပြောချင်လို့ ခေါ်လာသာ...အိမ်မှာ ပြောမဖြစ်လို့... သည်လို...တို့အိမ်က ဖိုးတုတ်ရှိပါရောလား...ဖိုးတုတ်နဲ့ ကျေးဥနဲ့က လူငယ်ချင်း ရည်ငံနေကြပုံပေါ်သယ်...မောင်တွေ နှမတွေလို နေကြလို့သာကိုး သမီးရဲ့...သွေးမတော် သားမစပ်ဆိုတော့လည်း မလွန်ဆန်သာဘူးဆိုသာ အမေနားလည်ပါရဲ့... ဒါပေသိလို့ နှစ်ယောက်စလုံးက အမေတို့အိမ်မှာ နေကြသာမှုတ်လား...မတော်ကြေးနဲ့ခရာ သာယာချင်လျက် လင်းကွင်းဖျက်ဆိုသာလိုပဲ စောင့်ရှောက်လာခဲ့သမျှ အရပ်ဆိုး အကျည်းတန်သွားနိုင်သာလည်း ထည့်တွက်ရသေးသယ်လေ..."

"ဟောတော့်...ဟုတ်ရဲ့လားအမေရယ်...ကျေးဥဖြင့် မအိမ်ကံနဲ့အတူ ရှိနေသာပဲ... မအိမ်ကံဖြင့် ထူးခြားသယ် ထင်မိပေါင်..."

"အမေတို့က ငယ်ရာက ကြီးလာသာပါအေ...မိန်းကလေးဆိုသာက မျှော်ကြိုက်ကြရသာပါ...ကျေးဥကို အပြစ်မတင်ပါဘူး...ဖိုးတုတ်ကလည်း သည်နှစ်မှ လူကောင်ကြီးထွက်လာပေမယ့် အသက်မငယ်တော့ဘူး...လှအုံလည်း ရိပ်မိလောက်သယ်... မကြာညွန့်တော့ အမေမပြောသေးဘူး...အမေတို့က ထိန်းရမှာပေါ့...အရွယ်တိုင်လို့ ယူကြတော့လည်း မတားသာပါဘူး...သဘောပေါ့"

"အဲသည်တော့..."

"ဖိုးတုတ်ကို အောက်ဆင်းအိပ်ဖို့ အမေပြောလိုက်ပြီ...ဟိုဘက်ရွာတွေဘက်မယ် နွားသူခိုးပူသာတွေ ကြားကြားနေရသာကို အကြောင်းပြရသာပေါ့...ဖိုးကူးတော့ သမီးတို့ အဖော်ရအောင် ထားပါဦးမယ်...အဲသာ သမီးကို ပြောချင်လို့"

"ဟုတ်ကဲ့ပါအမေ"

နောက်ထပ်သတင်းတစ်ခုကတော့ ရွှေမှုံ့သတင်း...။ ထုံးစံအတိုင်းပင်။ ရွှေမှုံ့ကို သာအောင်နှင့် ပေးစားဖို့ ကြီးတော်စံရွှေတို့ဘက်က ပြင်ဆင်နေကြသတဲ့။ သည်စကားကိုတော့ ကျေးဥကပဲ သယ်လာခဲ့ပါ၏။ ညဘက် အိပ်ရာဝင်တော့ ကျေးဥက ကြားလာသည့်သတင်းကို ပြောပြခဲ့သည်။ ရွာမှာ အလှူကြွသွားတာ ကြာပြီ။ ရွှေမှုံ့က ဖက်စိမ်းကွမ်းတောင် တစ်ခါ မွေ့လိုက်ကာမျှဖြင့် ကွမ်းတောင်ကိုင်စာရင်း ဝင်သွားခဲ့သည်မဟုတ်လား။ ရွှေမှုံ့တို့ဘက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com

သောင်သောင်သာသာရှိပေသိ ကြီးတော်စံရွှေတို့ အသိုင်းအဝိုင်းကို မလွန်ဆန်သာ။ သား သုံးယောက်ကို ဖက်စိမ်းကွမ်းတောင်ကိုင် သုံးယောက်နှင့် ပေးစားခြင်းသည်ပင် ကြီးတော်စံရွှေ၏ အိပ်မက်တွေမဟုတ်လား။ ခုတော့လည်း ရွာက တွက်ကြသည့်အတိုင်း တကယ်ဖြစ်ခဲ့ပါပကော။

"ရွှေမှုံကကော ဘာသဲ့လဲ..."

"ဘာပြောလို့ရမှာလဲ မအိမ်ကံရဲ့...လူကြီးချင်း ပြောဆိုကြောင်းမြန်းကြဖို့တောင် နားဖောက်ပြီးသွားကြပြီ...ကြီးတော်စံရွှေက တောမျောက် တောသစ်ပင် မထိသလို ပေါ့အေ...ရွှေမှုံကို ဝယ်ယူသဲ့သဘောပါပဲ...ငါကြားသလောက်တော့ ရွှေမှုံကလည်း လိုချင်ချင်ပါ"

"ဟုတ်လား ကျေးဥ..."

"လိုချင်ချင်ပေါ့...သာအောင့်ကိုကြိုက်သာတွေ အပုံဟာ...ကွမ်းတောင်မကိုင်ကြရလို့ မျှော်ဝံ့ကြသာ မအိမ်ကံရေ...ရွှေမှုံက ကွမ်းတောင်လည်း ကိုင်ရ သာအောင့်လည်းရ ဆိုတော့ ဘဝလှပြီလို့ တွက်နေမှာပေါ့"

"ဥပန်းယောင်ယောင် ဖောင်းယောင်ယောင်ပါ ကျေးဥရယ်...ဖြစ်ရပုံများ သာအောင် တို့ ဈေးကောင်းလှချည့်လား..."

ထိုညက မအိမ်ကံရင်ထဲက အနာဟောင်း ပြန်ကြွလာခဲ့သည်။ ကြီးတော်စံရွှေက သူ့ကို လူပုံလယ်မှာ အရှက်ခွဲခဲ့သည်။ သူ့သားနှင့် စွပ်စွဲခဲ့သည်။ 'ကြီးတော့်သားက မက် လောက်စရာမှမရှိသာ...မအိမ်ကံက သာအောင့်ကို မှန်းပါ့မလား' လို့ ချေပခဲ့သည်။ အခုတော့ 'ဘာပဲပြောပြောပါအေ...ငါ့သားက ရွာ့ကွမ်းတောင်ကိုင်နဲ့ ညားသာအေ့...ညည်းသာ တင်ကျီးလိုလို ကျီးလိုလိုပါ' လို့များ ဆိုချင်ရော့လား။ ရွှေမှုံကတော့ကော...။ ကွမ်းတောင်လည်း ကိုင်ရ၊ သာအောင့်လည်းရ ဘဝလှပြီတဲ့လား။ သာအောင်ကလည်း မထူးပါ။ ယောကျ်ားတန်မဲ့ အကျင့်တန်သူပင်။ အခုတော့ သည်သုံးဦးသား ဆုံတော့ ဖိုခုံလောက် ဖြစ်ရပြီ။ သည်ဖိုခုံလောက် တွင်းက မီးတောက်တွေ တညီးညီးတောက်လောင်ကြတော့မည်။

"ဒါပေသိ မအိမ်ကံရယ်...တို့ရွာက မိန်းကလေးတွေခမျာ ကိုယ့်ရွာက ကိုယ့်လူပျို လှည့်ယူကြရသာနဲ့ ဆီဆုံပွတ်သလို လည်နေကြရသာချည်းပါအေ...နွားများ ခလောက်မြည်သံ ဆန်းရုံနဲ့တော့ နှမ်းပိုမထွက်ဘူး မအိမ်ကံရဲ့...ညည်း အိမ်ထောင် ရက်သားပြုရင် ပညာတတ် လူရည်သန့် မြို့သားကို မှန်းပါအေ...ညည်းရုပ်က တောသားနဲ့ညားရမယ့်ရုပ် မဟုတ်ဘူး...ကတော်ရုပ်ဟဲ့..."

ကျေးဥစကားကြားတော့ မအိမ်ကံမှာ သူ့စိတ်ဓာတ်နှင့် တစ်ထပ်တည်းကျနေသည့် အတွက် ရင်ထဲ နွေးသွားရသည်။ နွားများ ခလောက်မြည်သံ ဆန်းရုံနဲ့ နှမ်းပိုမထွက်ဘူးတဲ့။ ကျေးဥပြောချင်တာ မအိမ်ကံ သိပါ၏။ ကွမ်းတောင်ကိုင်က သူဌေးသားပဲရရ၊ သူဌေးသားက ကွမ်းတောင်ကိုင်ကိုပဲယူယူ ကိုယ်လိုသူလိုလူချင်း ဒုံရင်းဒုံရင်းပါပဲဟု ဆိုလိုခြင်းမဟုတ်လား။ ကျေးဥမျက်နှာကလေးကို မအိမ်ကံ ငေးကြည့်နေခဲ့သည်။

အင်း...ကျေးဥရယ်...ညည်းလည်းရည်းစားနဲ့မဟုတ်လား...။ အချစ်ဆိုတာ ဆန်း တော့ အဆန်းသား။ ကျေးဥကို ထုတ်မေးချင်သော်လည်း မမေးရက်။ ခမျာ ရှက်ရှာလိမ့်မည်။ ကျေးဥနှင့် ဖိုးတုတ်တို့တောင် အချစ်ဆိုတာကို ရှာတွေ့ခဲ့ကြပြီပဲ။





"မြို့သားတော့ မယူပါရစေနဲ့ ကျေးဥရယ်...ခေါင်းနောက်သာနဲ့ ထုံးနဲ့လျက်ဆား ပွတ်ရှုနေရပါဦးမယ်"

ကျေးဥပြောခဲ့ဖူးသည့်စကားကို ဆိုလိုက်တော့ ကျေးဥက ရယ်သည်။ နှစ်ယောက်သား ငြိမ်သွားတော့လည်း ကိုယ့်အတွေးများနှင့်ကိုယ်။

■

၁၉၄၂ ခုနှစ် နှစ်ဆန်းပိုင်း။ ၁၃၀၃ ခု၊ ပြာသို–တပို့တွဲလ။

ဆောင်းရာသီက ခါတိုင်းနှစ်တွေထက် ပိုပြီးအေးလွန်းလှပါ၏။ မအိမ်ကံတို့ ခြံဝင်း ပေါက်မှာ တောကြီးထနေသော ဂေါ်သဇင်ရုံကြီးက ဖွေးဖွေးလှုပ်အောင် ပွင့်နေသည်။ မအိမ်ကံ တစ်ယောက် မနက်စောစောကတည်းက ဂေါ်သဇင်ခက်တွေ ချိုးကာ ဘုရားတင်သည်။ သနပ် ခါး ရေကြဲကလေး လူးပြီး ဆံထုံးတစ်ဝိုက် ဂေါ်သဇင်ပန်းတွေ ဝေနေအောင် ပန်ထားလိုက်၏။ ဖျင်ထည် ရင်ဖုံးအင်္ကျီလက်ရှည်ကလေးကို အပေါ်က ထပ်ဝတ်ပြီး ရက်ကန်းရုံဘက် ကူးခဲ့သည်။ ဆောင်းသီးနှံပေါ်ချိန်ဆိုတော့ အိမ်ရှိလူကုန် အားရနားရသည်မရှိကြ။ တောထဲ သီးနှံသိမ်းသွား သူကသွား၊ ထမင်းဟင်း ချက်သူကချက်၊ ရက်ကန်းခတ်သူကခတ်။

မအိမ်ကံကိုယ်တိုင် ရက်ကန်းတန်းဆင်ပြီး အထည်တွေ အကွက်ဆန်းထွင်ကာ ရက် ကြည့်နေမိပါ၏။ ထိုစဉ်မှာပဲ အိမ်ရှေ့ကို လှည်းတစ်စီး ထိုးရပ်သွားကာ လှမ်းအသံပြုသံကို ကြားလိုက်ရသည်။ အိမ်ဝကို လှည်းဆိုက်သည်နှင့် ဖိုးကူးက ဝင်းတံခါးကြီးကို ပြေးဖွင့်ပေးသည်။ မြင်းခြံမြို့မှ ဆရာကြီး ဦးဘခင်၊ ဆရာလေး ကိုပြေသိမ်းနှင့်အတူ ဧည့်သည် နှစ်ယောက် သုံးယောက်ကို လှမ်းမြင်လိုက်တော့ မအိမ်ကံ အံ့သြဝမ်းသာ ဖြစ်သွားရပါ၏။

"ကြွကြွပါရှင်...ဆရာလေးတို့ကို မျှော်နေကြသာပါ...ဖိုးကူး လှည်းဝိုင်းဖြုတ်စမ်း... နွားတွေကို သစ်ပင်ရိပ်မှာ ချည်...အစာကျွေးလိုက်နော်..."

အမေပန်းရုံက ဧည့်သည်တွေကို ဆီးကြိုသည်။ ဧည့်သည်တွေ ရောက်လာသဖြင့် မအိမ်ကံတို့အိမ်ကြီးမှာ လှုပ်လှုပ်ရွရွ ရှိလာခဲ့သည်။ ဦးသာထန်က ကိုဖိုးငွေကို ဟင်းရံအရှာခိုင်း လိုက်သည်။ မလှအုံနှင့် ကျေးဥတို့က အိမ်အောက်ထပ် ခုတင်ကြီးနှစ်ချပ်မှာ ကော်ဇောခင်း၊ ခေါင်းအုံးနှင့် အညာစောင်များ ချပေးကြ၏။ ခရီးဝေးက လာကြသော ဧည့်သည်များ ခြေဆင်း လဲလူ အနားယူနိုင်ရန်ဖြစ်ပါ၏။ ရေနွေးပွဲ၊ ကွမ်း၊ ဆေး၊ လက်ဖက်စုံ တည်ခင်းကြသည်။ ဆရာကြီးတို့က ဓောင်ချမ်းကုန်းမှာ တစ်ထောက်နားပြီးသည်နှင့် ကြည်တော်ကုန်းကို ဆက်ကူး ကြမည်ဟု ဆို၏။ ကြည်တော်ကုန်းက ကျောင်းမှာ ဆရာမရှိတော့သဖြင့် ကိုပြေသိမ်းကို အဝင်ပြုရဦးမည်ဟု ဆိုပါသည်။

"အဝင်ပြုပြုပါဦး ဆရာကြီးရယ်...ဓောင်ချမ်းကုန်းရောက်သခိုက် တစ်ညတော့ တည်း စေချင်ပါသယ်...ကျုပ်တို့ကလည်း ဧည့်ဝတ်ကျေလိုက်ချင်ပါသေးသယ် ဆရာကြီးရဲ့"

"အခြေအနေက တစ်နေ့ရွှေ တစ်နေ့ငွေ ဖြစ်နေပါသယ် သူကြီးမင်းရယ်...အခုဟာ က တကယ့်အကြပ်အတည်းကြီး ဆိုက်နေပါပြီ...ကျွန်တော်တို့ လုပ်နေတဲ့ နိုင်ငံရေး က တစ်ဘာသာဆိုသလို ခွင့်ကလေးပြုတုန်း ပညာရေးကို အခြေချထားလိုက်ရတို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ခေတ်ကာလအခြေအနေကတော့ ရွာက အမှုပွဲစား ပြောသလောက်တော့ ရန်ကုန်မြို့ကို ဂျပန်တွေ ဗုံးကြဲဆိုသလိုလို ဟုတ်ကဲ့လား ဆရာကြီး"

"ဟုတ်ပါတယ်ခင်ဗျာ…နှစ်ကုန်ကာနီးမှာပဲ ဗုံးနှစ်ခါကြဲလိုက်တာ လူတွေ ထောင်ချီ သေကြတာပဲ…ဂျပန်လေယာဉ်က အစင်းရေ တစ်ရာကျော်ပါတယ်"

"မြတ်စွာဘုရား…ဒါနဲ့ မောင်မြတ်သာတစ်ယောက်ကော ဘာသတင်းများ ကြားပါသလဲ ဆရာကြီး"

သည်မေးခွန်းကိုတော့ ဆရာလေး ကိုပြေသိမ်းက ဝင်ဖြေသည်။

"သခင်မြတ်သာ နေကောင်းပါတယ်…လောလောဆယ်တော့ ရန်ကုန်မှာ ရောက်နေပါတယ် ဦးမင်းခင်ဗျား…"

မအိမ်ကံကတော့ ကိုပြေသိမ်းတို့ ကျောင်းလာဖွင့်တာကို ဝမ်းသာသလို၊ သည်ရွာတွေမှာ ကိုပြေသိမ်း ရှိနေတော့မှာကို တွေးရင်း ပျော်နေခဲ့သည်။ ညှိသည်တွေ ထမင်းစားခပ်ကျွေးရတာကိုပင် မမောနိုင်ပဲ ရှိနေခဲ့ပါ၏။ ကိုပြေသိမ်း လက်ထွက်ဆေးတော့ မအိမ်ကံကိုယ်တိုင် ရေလောင်းပေးသည်။ အတွင်းမှာ စကားသံတွေ ညံနေသဖြင့် မအိမ်ကံက ပြောချင်သည့်စကားကို ခပ်တိုးတိုးပြောလိုက်သည်။

"သည်တစ်ခေါက် ကြာလိုက်သာ ကိုပြေသိမ်းရယ်…မအိမ်ကံဖြင့် သတိတွေရနေသာ…"

ကိုပြေသိမ်းက မအိမ်ကံကို တစ်ချက်စိုက်ကြည့်ကာ ပြုံးပြသည်။ လက်သုတ်ပဝါဖြင့် လက်ကိုသုတ်ပြီး မအိမ်ကံကို ပြန်ပေးသည်။ မအိမ်ကံက လက်သုတ်ပဝါ လှမ်းအယူမှာ ကိုပြေသိမ်းက တိုက်ပုံထဲက စာအိတ်တစ်အိတ် ရောထည့်ပေးလိုက်သည်။ စာက စာအိတ်ပါသော်လည်း ခေါက်ချိုးခေါက်ထားလိုက်တာ ကြေမွနေလေပြီ။

"သခင်မြတ်သာ ပေးလိုက်တာပါ မအိမ်ကံ…မအိမ်ကံလက်ထဲပဲ ထည့်ပါတဲ့…လူကြုံနဲ့ရောက်လာတဲ့စာပါ…ကျွန်တော့်လက်ထဲ နည်းနည်းကြာသွားတယ်…"

မအိမ်ကံက အစ်ကို့ဆီက စာဆိုတော့ ဝမ်းသာသွားသည်။ ပြီးတော့ မအိမ်ကံလက်ထဲပဲ ထည့်ပါဆိုတာက ဘာသဘောပါလိမ့်။ အစ်ကိုတို့အဖွဲ့အတွက် အလှူခံတာများလား။ ကိုပြေသိမ်းတို့ဧည့်သည်တွေ ကြည်တော်ကုန်းရွာဘက်ဆီ ကူးဖို့ထွက်သွားကြတော့ မအိမ်ကံ အပေါ်ထပ်ကို ပြေးတက်ခဲ့သည်။ စာအိတ်ကို ဖွင့်လိုက်တော့ စာက ဗလာစာရွက်နှင့် ရေးထားသည့်စာ။ များများလည်း ရေးမထား။ သို့သော် သည်နည်းနည်းကလေးသော စာတိုကလေးသည်ပင် မအိမ်ကံရင်ကို တဒိတ်ဒိတ် ခုန်တိုးနေလေသည်။ စာဖတ်ပြီးသောအခါ မအိမ်ကံမျက်နှာတွင် ရှက်ခြင်း၊ ကြောက်ခြင်း၊ ထူပူခြင်း၊ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း စသော ခံစားမှုပေါင်းများစွာက ချည်ရောင်စုံ ထည့်ခတ်ထားသော ဖျင်ပဝါကဲ့သို့ အရောင်အသွေးစုံတို့ လှိုက်၍ လှိုက်၍ တက်လာခဲ့လေသည်။

■

(၂၁)

၁၃၀၄ ခု၊ ပထမဝါဆိုလဆုတ် ၄ ရက်

နှမကလေး မအိမ်ကံ,

အစ်ကိုမောင်မြတ်သာ စာရေးလိုက်ပါသည်။ သည်စာကိုတော့ နှမကလေးသာ ဖတ်ရန် မှာလိုက်ပါသည်။ အစ်ကို့မှာ စာများများရေးဖို့ရာလည်း အခွင့်မသာသည့်အတွက် လိုရင်းကိုသာ ရေးလိုက်ပါသည်။ နှမကလေး ကောင်းစားတာကို မြင်လို၍ အစ်ကို မရေးမဖြစ် ရေးလိုက်သည်လို့ပင် မှတ်ပါတော့။

နှမကလေး အရွယ်ရောက်ပြီ။ နှစ်ဆယ်ကျော်အရွယ်ဟာ မိန်းကလေးတစ်ယောက်အတွက် အခါလင့်ပြီဟုဆိုနိုင်ပြီ။ ခေတ်အခါကာလအလျောက်ရော၊ အသက်အရွယ်ရကြပြီဖြစ်သော မိဘများအတွက်ပါ အစ်ကို အမျိုးမျိုးစဉ်းစားပြီးမှ ရေးလိုက်သည်ဟုသာ မှတ်ပါလေ။

နှမကလေး အိမ်ထောင်ပြုပါ။ အထူးပြောလိုသည်မှာ မောင်ပြေသိမ်းက နှမကလေးကို မေတ္တာရှိနေကြောင်း သူ့ပြောစကားများအရ အစ်ကိုရိပ်မိနေ၍ ဖြစ်ပါသည်။ မောင်ပြေသိမ်းမှာ မျိုးရိုးဇာတိ၊ စာရိတ္တနှင့် မိဂုဏ်ဘဂုဏ်ရှိသော အမျိုးကောင်းသား ပညာတတ်ဖြစ်၍ အစ်ကို့အနေဖြင့်လည်း သဘောတူမိပါသည်။ နိုင်ငံရေးအရ အစ်ကိုနှင့် မတူတာရှိ တူတာရှိဆိုသော်လည်း ဖြောင့်မတ်သူတစ်ဦးအဖြစ် အစ်ကိုယုံကြည်လျက်ရှိပါသည်။

သည်စာက နှမကလေးကံအတွက် ဆန်းကောင်းဆန်းနေပါလိမ့်မည်။ သို့သော် လောကနိယာမသာဖြစ်၍ အထူးရှက်ရွံ့စရာမရှိပါ။ ကံကလေး၏ နောင်ရေးအတွက် ပြောရခြင်းဖြစ်ပါ၏။

ကျန်းမာချမ်းသာပါစေ

အစ်ကို မောင်မြတ်သာ

P/S အစ်ကို လောလောဆယ် ပျဉ်းမနားမြို့တွင် ရှိနေပါသည်။ မကြာမီ တွေ့နိုင်မည်ထင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံက စာရွက်ကလေးကိုရော နှမ်းယိပါ:လျှားလှုပြီဖြစ်သော စာအိတ်ဟောင်းကလေးကိုပါ ငေးကြည့်နေခဲ့သည်။ စာဖတ်ကာစတုန်းကတော့ မအိမ်ကံ မျက်နှာမထားတတ်ခဲ့ပါ။ အစ်ကိုမောင်မြတ်သာကို မမြင်ရပါဘဲလျက် ရှက်နေမိခဲ့သည်။ ရှက်ခြင်းနှင့်အတူ ကြောက်ခြင်း၊ ထူပူခြင်း၊ အံ့သြခြင်း၊ ဝမ်းသာသလိုလို ဝမ်းနည်းသလိုလို ခံစားရခြင်းများ တစ်ပြိုင်နက် ခံစားနေခဲ့ရသည်။ အစ်ကိုနှင့် မအိမ်ကံတို့မောင်နှမနှစ်ယောက်အဖို့ ကံကောင်း သည် ဆိုရပါမည်။ အဖေကလည်း သူ့သားမို့၊ အမေကလည်း သူ့သမီးမို့ ဆိုတာမျိုးမရှိ။ အဖေတူ အမေတူ မောင်နှမဆိုသော်လည်း မောင်ရင်းနှမပမာ ငယ်စဉ်ကပင် မအိမ်ကံကို အလိုလိုက်ခဲ့သည်၊ ချစ်ရှာခဲ့သည်။ မအိမ်ကံနှင့် အသက်ချင်းကွာတော့ ဒိုးတူပေါင်ဖက် ကစား ခဲ့ရတာမျိုး မရှိသော်လည်း နှမကလေး လိုချင်တာမှန်သမျှ မျက်နှာအညိုမခံခဲ့။

တစ်ခါက ဝိုင်းတိုက် စည်းရိုးစပ်မှာ ပေါက်နေသည့် ပုန်းညက်ပင်ပျိုကလေးမှာ ပုန်းညက်ပန်းတွေ အဆုတ်လိုက် အခဲလိုက် ဖွေးဖွေးလှုပ်လျက်ရှိရာ မအိမ်ကံမှာ ပန်းတွေကို မော့ကြည့်ရင်း ခုန်ဆွခုန်ဆွ ဖြစ်နေခဲ့သည်။ သည်အပင်ကလေးက သည်နှစ်မှ ပန်းစ,ပြခြင်း ဖြစ်သည်။ မအိမ်ကံက ပုန်းညက်ပန်းတွေ လိုချင်သဖြင့် အစ်ကို့ကို ခူးပေးရန် ပူဆာခဲ့သည်။ အစ်ကိုက သူ့အရပ်အမောင်း၊ သူ့အရွယ်နှင့် တက်ခူးလျှင်ခူး၊ ဝါးတံချူနှင့် ချူလျှင်ချူ ပုန်းညက်ပန်းတွေ အခိုင်လိုက် ရနိုင်သော်လည်း မအိမ်ကံအတွက်ကတော့ မြင့်လွန်းနေသည်။ အပင်က သိပ်ကြီးလှတာတော့ မဟုတ်ပါ။ ပင်စည်လုံးသည်ပင် လက်တွင်းတစ်ဆုပ် (တူရွင်းရိုး) လောက်သာ ရှိသည့်အပင်။

"ကံကလေးက ဘယ်နခိုင် လိုချင်သာတုံး…"

"တစ်ပင်လုံး လိုချင်သာ…"

"ရစေ့မဗျာ…"

သိပ်မကြာပါ။ ကံကလေးရေ ပန်းတွေ လာခူးလှည့်တော့လို့ အော်သဖြင့် မအိမ်ကံ ပြေးလာခဲ့သည်။ အစ်ကိုလုပ်သူက ပုန်းညက်ပင်ကြီးကို ပြရင်း တစ်ပင်လုံး ခူးပေတော့ဗျာ ..တဲ့။ ဟုတ်ပါ့…၊ ပုန်းညက်တစ်ပင်လုံး ခူးစမ်းပါလေ့။ သို့သော် အပင်က ပင်စည်က ခုတ်လှဲထားသဖြင့် ကျွမ်းထိုးမှောက်ခုံ။ မအိမ်ကံခမျာ ပန်းတွေခူးရင်း ကျုံကျုံပါအောင် ငိုရပါ၏။

"အစ်ကို့ကို အပင်လှဲခိုင်းသာမှ မဟုတ်သာကြီးကို…နောက်နှစ် ဘယ်လိုလုပ် ပွင့်တော့မှာလဲ…"

"ကံကလေးပဲ တစ်ပင်လုံးလိုချင်ဆို…သည်နည်းရှိသာဗျား…"

သည်တုန်းက အစ်ကို့ကို အပေဆူတာလည်း မှတ်မိသည်။ နှမကို သည်လောက် အလိုလိုက်ရပါ့မလားလို့ ဆူခြင်းဖြစ်သည်။ အစ်ကိုကတော့ ခပ်အေးအေးပင်။ သူလုပ်စရာရှိတာ လုပ်ပေးရလို့ ဝမ်းသာသည့်ပုံပင် ဖမ်းနေခဲ့သည်။ နောက်တစ်ခါတော့ မအိမ်ကံက ခြံထောင့်က ဆပ်သွားဖူးရုံကြီးကို ပြရင်း အုအုလည်အောင် ပွင့်နေကြသည့် ဆပ်သွားဖူးပန်းတွေ တစ်ပင်လုံး လိုချင်သည် ပူဆာလိုက်သည်။ ဆပ်သွားဖူးရုံကြီးက ရုံကြီး ကြီးလှသည်ဖြစ်၍ မရနိုင်မှန်းသိ၍ ပူဆာခြင်းဖြစ်သည်။ သည်တစ်ခါတော့ အစ်ကိုက စ,မှန်းသိ၍ပဲလား၊ တကယ်ပြောတာပဲလား မသိ။ လေးနက်သောစကားတစ်ခွန်း ဆိုခဲ့သည်။ သည်စကားကို မအိမ်ကံ သည်အရွယ်အထိ မမေ့။




"သည်ဆပ်သွားဖူးရုံကြီးတော့ မခုတ်ပါရစေနဲ့ ကံကလေးရာ…အမေပန်းရုံ ပြောဖူးသယ်…သည်အပင်က မပွင့်သာ နှစ်ထမ်းကြာပြီသဲ့…ကံကလေးမွေးသဲ့ညကမှ ထူးထူးဆန်းဆန်းပွင့်သာသဲ့…သည်ဆပ်သွားဖူးရုံနဲ့ ကံကလေးတို့ချင်း လိပ်ပြာဆက် နေသာလို့ ပြောဖူးသယ်…"

"လိပ်ပြာဆက်သယ်ဆိုသာ ဘာလဲအစ်ကိုရဲ့…"

သည်မေးခွန်းကိုမေးတော့ အစ်ကို မောင်မြတ်သာ တွေသွားခဲ့သည်။ ရှင်းပြရမည့် စကားလုံး ရွေးနေတာလည်း ဖြစ်နိုင်သည်။ မအိမ်ကံက ဖွတ်မေးတော့မှ တစ်လုံးချင်း ဖြေတော့သည်။

"လိပ်ပြာချင်းဆက်နေသယ်ဆိုသာ အသက်ချင်းဆက်နေသယ်လို့ ပြောသာပေါ့"

အစ်ကို့စကားကြောင့် မအိမ်ကံပင် ထိတ်လန့်သွားခဲ့ရသည်။ အစ်ကိုက သူနားလည် သလောက် ပြောလိုက်တာဆိုပေသိ ကြောက်များပင်ကြောက်စရာ မဟုတ်လား။ မအိမ်ကံက လည်း ခုနစ်နှစ်၊ ရှစ်နှစ်သမီးဆိုတော့ သည်စကားကို မလှအုံအား မေးရသည်။ မလှအုံက "ဟယ် ကံကြီးစည်ရာ…မောင်မြတ်သာကတော့ လုပ်ကရော့မယ်" ဆိုတာလောက်နှင့် ပြီးသွားခဲ့သည်။ အခုတော့လည်း ဒါတွေစဉ်းစားရတာကပင် ရယ်စရာလိုလို လွမ်းစရာလိုလို ဖြစ်ရပါ၏။ အစ်ကို ငယ်ငယ်က မအိမ်ကံအတွက် ဖက်စိမ်းကွမ်းတောင်ကလေး ချိုးပေးဖူးတာလည်း သတိရပါ၏။ အမေက ချက်ချင်းဖယ်ရှားပစ်လိုက်တာကကော။ အတွေးတွေက ဖက်စိမ်းကွမ်း တောင်ဆီ ရောက်ရပြန်တော့ ရွှေမှုံတို့ သာအောင်တို့ဘက် ကူးရပြန်သည်။ သည်လိုဆိုပြန်တော့ ကိုပြေသိမ်းက ခေါင်းထဲဝင်လာပြန်သည်။ ဆပ်သွားဖူးပန်းကလေး နားပန်ပါရစေ ဆုတောင်းခဲ့သူ မဟုတ်လား။

"အစ်ကို မောင်မြတ်သာ ငယ်ငယ်က ပြောခဲ့ဖူးသလို သည်ဆပ်သွားဖူးပင်က မအိမ်ကံနဲ့ လိပ်ပြာချင်းဆက်နေသာ သေချာရင် မအိမ်ကံပေးသဲ့ ဆပ်သွားဖူးပန်း နားနှစ်ဖက် ဝေအောင်သာ ပန်ပါတော့ ကိုပြေသိမ်းရယ်…"

အတွေးတွေက ဂယောက်ဂယက်။ ပြတင်းဝမှ တိုးနေသည့်လေကြောင့် အစ်ကို ရေးပေးလိုက်သည့် စာရွက်နှင့် စာအိတ်ကလေးက တဆပ်ဆပ်တုန်နေလေသည်။ မအိမ်ကံ ရင်တွေ ကကော…။ မထူးပါ။ တလှပ်လှပ်ခုန်လျက်ရှိပါ၏။

အစ်ကို့စာထဲမှာ ခေတ်အခါကလည်း မကောင်းဘူးတဲ့။ အဖေတို့ အမေတို့ကလည်း အရွယ်ရကြပြီတဲ့။ အစ်ကိုရေးတာ မှန်ပါ၏။ အဖေက ခုနစ်ဆယ်ကျော်ပြီ။ အမေပန်းရုံလည်း ခြောက်ဆယ်ကျော်ရှာပြီ။ ကျန်းကျန်းမာမာ ရှိကြလို့သာ ရပ်ရေးရွာရေး ဆောင်ရွက်နိုင်ကြတာ မဟုတ်လား။ လယ်အလုပ် ကိုင်းအလုပ်ထဲ အဖေတို့ အမေတို့ မပါနိုင်ကြရှာတော့။ တစ်အိမ်လုံး ရှိသမျှလုပ်ငန်းအဝဝ မအိမ်ကံကပဲ တက်ကစီး ဝင်လုပ်နေခဲ့ရတာ ကြာပြီ။ မအိမ်ကံက အစ်ကို ရေးပေးလိုက်သည့် စာရက်စွဲကို ပြန်ကြည့်သည်။

၁၃၀၄ ခု၊ ပထမဝါဆိုလဆုတ် ၄ ရက်။

ကနေ့ ဘာနေ့ပါလိမ့်။ မအိမ်ကံက မြင်းခြံက ဝယ်လာသည့် ပြက္ခဒိန်ကို ထကြည့် သည်။ ဒုတိယဝါဆိုလဆန်း ၁၀ ရက်။ နှစ်ပတ်ကျော်ကျော်ပင် ရှိခဲ့ပြီ။ အစ်ကိုကတော့ မြို့မနား

www.burmeseclassic.com

www.burmeseclassic.com

မှာဟု ဆို၏။ ပျဉ်းမနားဆိုတာကကော ဘယ်မှာပါလိမ့်။ အဝေးကြီးလား။ မအိမ်ကံက စာရွက်ကို ပြန်ခေါက်၊ စာအိတ်နွမ်းကလေးထဲ ပြန်ထည့်ဖို့ စိတ်ကူးပြီးမှ တစ်ခေါက်ပြန်ဖတ် သည်။ သည်တစ်ခေါက်နှင့်ဆို ဆယ်ခေါက်ထက်မနည်းတော့ပြီ။

"အစ်ကို သည်စာကို ဘာဖြစ်လို့ ရေးသာပါလိမ့်..."

ထိုနေ့က မအိမ်ကံ အိမ်ပေါ်က မဆင်းဖြစ်ခဲ့။ သည်စာကို ရေးရခြင်းအကြောင်းကိုသာ စဉ်းစားနေမိခဲ့သည်။ အစ်ကို တိမ်းရှောင်ရသည့်နေ့က မမစိမ်းမြတို့အိမ်မှာ နှစ်ရက်ခိုခဲ့သည်။ မမစိမ်းမြတို့အိမ်မှာ နှစ်ရက်ခိုနေရသော အစ်ကိုထံကို မအိမ်ကံတို့ မသွားရဲခဲ့ကြ။ ရွာထဲမှာ ပုလိပ်လက်ထောက်တွေ ရှိနေနိုင်တာမို့ အဖေက ပိပိရိရိနေကြဖို့ ပြောထားခြင်းကြောင့် ဖြစ်ပါ၏။ အစ်ကိုသုံးဖို့စွဲဖို့ ငွေစကလေးတောင် မပေးလိုက်ရတာကို မအိမ်ကံ စိတ်မကောင်းဖြစ်ရပါသည်။ အစ်ကိုက လူလုံးပြလိုက်လျှင် မမစိမ်းမြတို့ပါ ဒုက္ခရောက်ရမှာမဟုတ်လား။ မမစိမ်းမြတို့အိမ်မှာ ခိုနေရစဉ်က ကြီးတော်စံရွှေတို့နှင့် ဖြစ်ရသည့်ပြဿနာ၊ သာအောင်နှင့် ဖြစ်ရသည့်ပြဿနာတွေ အစ်ကို ကြားသွားပုံရသည် ထင်၏။

မိန်းကလေးဆိုတာ ဆန်းလွန်းတော့လည်း တကြွကြွထင်ကြ၊ ရိုးလွန်းတော့လည်း တအအ အထင်ခံကြရတာမဟုတ်လား။ ချည်ခင်စွပ်လို၊ ငှက်ဝံပိုလို ရေလှိုင်းကြီးတိုင်း စီးချင်၍လည်း မဖြစ်နိုင်။ မိန်းကလေးဆိုတာ အနီးမွေးရသလို အဝေးလည်း ကြိုင်ရပါ၏။ ပြန်စဉ်းစားကြည့်တော့ မအိမ်ကံမှာ ရည်းစားမရှိ။ အချစ်ဦး အချစ်ဖျားရယ်လို့ စိတ်ကူးကလေး ယဉ်ရလောက်အောင်လည်း မရှိခဲ့။ စည်းသောင်ပိတ်လျက် လှေသွားခက်သတဲ့။ မြစ်ဝဲကြီးလျက် ဖောင်သတ်ခက်သတဲ့။ အမေတို့ပြောနေကျစကားတွေက အဓိပ္ပာယ်ရှိသည်။ မိန်းကလေးဆိုတာ ယူမိတဲ့လင်နဲ့ ညားရတယ်ဆိုကတည်းက အခါလင့်လို့ပေါ့တဲ့။

ထားပါတော့လေ။ အစ်ကိုကဖြစ်စေချင်သည်ဆိုဦးတော့ ကိုပြေသိမ်းကကော။ ရုပ်ရည်ချောမောသူ၊ ပညာတတ်သူ၊ မြို့စွန်မြို့နား ကြီးပြင်းရသူဆိုတော့ သူကကော မအိမ်ကံသာ အချစ်ဦးလို့ ပြောဝံ့ပါ့မလား။ တည်အိုးဖြစ်မှတော့ ရေနှင့်လည်း မကင်းနိုင်၊ မီးနှင့်လည်း မကင်းနိုင်။ သို့သော် မအိမ်ကံမှာ စိတ်ကူးတွေရှိသည်။ ရုပ်ချောတာ၊ မချောတာထက် အရေးကြီးတာက ပညာတတ် ကျောင်းဆရာဖြစ်နေခြင်းပင်။ ကိုပြေသိမ်းကိုသာ လက်ခံလိုက်လျှင် ဆရာကတော် ဖြစ်ရဖို့သာရှိသည်။ တစ်နယ်လုံး တစ်ရွာလုံးက လေးစားကြည်ညိုရသော ကျောင်းဆရာ။ ထိုကျောင်းဆရာ၏ ဇနီးက ဆရာကတော်ပေါ့။ ဖက်စိမ်းကွမ်းတောင် ကိုင်ရသည်နှင့် ရွာသားကို ယူလိုက်ရသည့် ရွှေမှုံ့ဘဝထက် အသာကြီးသာဖို့သာ ရှိပါ၏။ စိုင်စိုသော်လည်း မလန်းရမှတော့ အဓိပ္ပာယ်မရှိ။ မအိမ်ကံက စာကို ခေါင်းအုံးအောက် ထိုးထားလိုက်၊ ဖတ်လိုက်၊ စဉ်းစားလိုက်။ ဘယ်နှရက်ရှိမှန်းပင် မသိတော့။

အောက်ထပ်ကို ဆင်းလာတော့ လူသံသူသံတွေ ကြားနေရသည်။ ဘယ်သူတွေများပါလိမ့်။ ဆရာကြည်နှင့် ရွာသားအချို့။ သည်တစ်ခါတော့ ဆရာကြည့်ခမျာ မြင်းမပါတော့။ သူ့မြင်းကြီးကလည်း အဖေ့မြင်းကြီး စိန်ပွင့်လို အိုလှရော့မည်။ အဖေနှင့် စကားလက်ဆုံကျနေတာ မြင်လိုက်ရတော့ နည်းနည်းတော့ အံ့သြရပါ၏။ အဖေနှင့် ဆရာကြည်က ပြီးတစ်လမ်း သံတစ်လမ်းမဟုတ်လား။ အခုတော့ လက်ဖက်တစ်အစ် အလယ်ချကာ ခေါင်းချင်း





ဆိုင်နေကြပြီ။ အရေးကြီးပုံလည်း ရပါ၏။ အမေနှင့် မလှအံ့တော့ မရှိ။ မအိမ်ကံ ဆင်းလာတော့ အဖေက လှမ်းကြည့်သည်။ ဧည့်သည်တွေအတွက် ကွမ်း၊ ဆေး၊ ရေနွေးကလေး ချပါဦး နိုင်းလိုက်ခြင်း ဖြစ်သည်။ မအိမ်ကံက ပြည့်စုံအောင် ဧည့်ခံပြီးတော့မှ လူကြီးဝိုင်းနား ဝင်ထိုင်ရပါ၏။

"အဲသာပဲ သူကြီး...အခုဟာက တော်တော်ကလေးကို ရှုပ်ထွေးစရာတွေ ဖြစ်နေပြီ...ကျုပ်က အင်္ဂလိပ်ကိုလည်း ကြိုက်ခဲ့သာမဟုတ်ဘူး...အခု ဂျပန်ဆိုသာတွေကိုလည်း ကြိုက်စရာမရှိဘူး...အခုဟာက ငကန်းသေလို့ ငစွေရောက်လာသာမျိုးပဲ... သတိဝီရိယ မလျော့ကြနဲ့ဗျို့...ဒါပြောချင်လို့ လာခဲ့သာပဲ"

ဆရာကြည်က ကွမ်းတစ်ယာ ယာစားရင်း စကားအနားသတ်သည်။ မအိမ်ကံက ရှားလား မန်ကျည်းလား မကွဲလိုက်တော့ ဆရာကြည့်ကို စကားအနှစ်လောက် ပြန်မေးရသည်။ ဆရာကြည်က ခေတ်ကာလအခြေအနေတွေ မကောင်းတော့ကြောင်း၊ ရွာတွေမှာ ရွာကင်းတွေ ဖွဲ့ကြဖို့ လိုအပ်လာပြီဖြစ်ကြောင်း၊ ဆူးစည်းရိုးတွေ ကာရံပြီး အရေးအကြောင်းဖြစ်လာလျှင် သံချောင်းခေါက် အချက်ပေးရန်ကိစ္စတွေပါ ပြောပြနေခဲ့သည်။ သည်နှစ် နှစ်ဆန်းကတည်းက ဒုတိယကမ္ဘာစစ်အခြေအနေ ပိုဆိုးလာတာလည်း ပါပါ၏။ ဘီအိုင်အေတပ်များ တိုင်းပြည်တောင်ဘက်ဆီက ဝင်နေကြပြီဆိုတာလည်း ပါ၏။ ဂျပန်တပ်တွေ ဝင်လာချိန်မှာ အင်္ဂလိပ်တပ်တွေ ရန်ကုန်မြို့က ဆုတ်ခွာနေကြတာလည်း ပါ၏။

"အင်္ဂလိပ်က စစ်ဆုတ်သာ ရိုးရိုးဆုတ်သာမဟုတ်ဘူး ငါ့မြေး...မြို့တွေကို ဖျက်ဆီးပြီးမှ ဆုတ်ကြသာသဲ့...ဂျပန်ကလည်း အထက်ပိုင်းကို တက်လာပြီသဲ့...အင်္ဂလိပ်နဲ့ ဂျပန်တွေ ကြုံသဲ့နေရာ တိုက်နေကြသာပဲ"

"ဂျပန်တွေ ရောက်လာပြီပေါ့...အဲသလိုလား ဆရာကြည်..."

"အေးကွယ့်...သည်နှစ် တပေါင်းလထဲမှာပဲ ရန်ကုန်မှာ စစ်ရုံးဖွင့်လိုက်ကြပြီ...မြန်မာဗိုလ်တွေပါသဲ့ ဘီအိုင်အေတပ်တွေကလည်း ဂျပန်နဲ့ပူးပေါင်းပြီး စစ်ထွက်နေကြသယ်...သည်နှစ်သင်္ကြန်အပြီးမှာ ဘီအိုင်အေနဲ့ အင်္ဂလိပ်စစ်တပ် မိတ္ထီလာမှာ တိုက်ကြသယ်..."

"အဲသာက ဟုတ်ပါပြီ...မအိမ်ကံတို့ရွာတွေကို ရောက်လာနိုင်လို့လား..."

"အခု နောက်ဆုံးရသဲ့သတင်းအရတော့ ဂျပန်တွေက ဘီအိုင်အေတပ်ကို ဖျက်ပြီး ဘီဒီအေ ဆိုသာကို ပျဉ်းမနားမှာ ဖွင့်ဖို့လုပ်နေကြသယ်..."

ပျဉ်းမနားဆိုသည့်နာမည်ပါလာတော့ မအိမ်ကံ အစ်ကို့ကိုသတိရလိုက်သည်။ အဲသည် ဘီဒီအေဆိုတာမှာများ အစ်ကို အလုပ်လုပ်နေတာလား။ ဘီအိုင်အေတို့ ဘီဒီအေတို့ဆိုတာ ကကော ဘာလဲ။ အင်္ဂလိပ်အခေါ်အဝေါ်တွေကို မအိမ်ကံ နားမလည်။ ဦးသာထန်ကတော့ မျက်မှောင်ကြီး ကြုတ်ကာ ရေနွေးကြမ်းခွက်ထဲမှာ ထောင်နေသော လက်ဖက်ခြောက်ရိုးကို ငေးနေသည်ကလွဲ၍ အခြား ဘာတစ်ခွန်းမှလည်း မပြောပဲရှိနေပါ၏။

"အခုက ဂျပန်စစ်အုပ်ချုပ်ရေးအောက်မှာ ပုလိပ်တပ်ဖွဲ့ ဖွဲ့ထားပြီး ပုလိပ်ထဲဝင်ချင်ကြသူတွေကိုလည်း ခေါ်နေကြသယ်...ကျုပ်ထင်သာကတော့ ဂျပန်က တော့ရှင်းလိမ့်

www.burmeseclassic.com

www.burmeseclassic.com

မယ် ထင်သာပဲ…ကိုင်း ကိုင်း…ကျုပ်ပြန်မယ် သူကြီး…ကျုပ်တို့ရွာတွေတော့ အချင်းချင်း ကျောကပ်ဖို့ပဲ…ကျုပ်ကြားသလောက်တော့ ဂျပန်တွေက အင်မတန် ရက်စက်သသဲဗျ…"

ဆရာကြည့်လှည်းက ရွာလမ်း ကုက္ကိုရိပ်မှာ ရပ်ထားခြင်းဖြစ်၍ ဆရာကြည် ဝင်လာတုန်းက မအိမ်ကံ လှည်းသံမကြားလိုက်ရခြင်းဖြစ်၏။ ဆရာကြည်တို့ ပြန်သွားတော့ ဝင်းဝအထိ မအိမ်ကံ လိုက်ပို့ပြီး ပြန်ဝင်လာခဲ့သည်။ အဖေကတော့ စောစောကအတိုင်း ငြိမ်လျက်ရှိ၏။ မအိမ်ကံက အဖေ့ဘေး ပြန်ထိုင်လိုက်သည်။ အဖေ့ကြည့်ရတာ စိတ်ချမ်းသာပုံမပေါ်။ ဆရာကြည် ဘာတွေများ ပြောသွားပါလိမ့်။ မအိမ်ကံကို ပြောပြသလောက်တော့ တိုင်းရေးပြည်ရေးတွေသာဖြစ်၍ ဖောင်ချမ်းကုန်းနှင့်တော့ သိပ်ကြီးဆိုင်လှသည်မဆိုသာ။ အခုလည်း အင်္ဂလိပ်တွေ ဆုတ်သွားကြပြီတဲ့။ ဂျပန်တွေ ဝင်လာပြန်ပြီတဲ့။ အင်္ဂလိပ်ကို မုန်းတီးခဲ့သော အစ်ကိုမောင်မြတ်သာတို့ကကော ဂျပန်တွေကို ကြိုက်ကြရဲ့လား။ မအိမ်ကံ ဘာမှတော့ သိလှသည် မဟုတ်။ သို့သော် တိုင်းရေး ပြည်ရေးသည် ခါတိုင်းလိုမဟုတ်တော့တာကိုတော့ မအိမ်ကံ ရိပ်စားမိပါ၏။

"ဂျပန်တွေဆိုသာ မအိမ်ကံတို့ရွာတွေ ရောက်လာနိုင်သယ်ပေါ့ ..ဟုတ်လားအဖေ"

"ရောက်ချင်လည်း ရောက်နိုင်သာပေါ့ သမီးရယ်…သူများတိုင်းပြည် လာခြေချမှတော့ ပေါ့ပေါ့တွက်လို့ မရဘူးပေါ့အေ…အဖေစိုးရိမ်သာက ဆရာကြည်ပြောသဲ့စကား တစ်ခွန်းပဲ…သူကြီးသေနတ်ကို ဂျပန်က အမှုလုပ်လာနိုင်သယ်သဲ့…ဒါ မှန်သယ် ကွယ့်…ခက်သာက တခြားမှာသွားထားပြန်တော့လည်း မလုံရင် မီးခိုးကြွက်လျှောက် ဖြစ်မှာ စိုးရသေးသာကိုး…"

"သေနတ်က ဘာဖြစ်လို့လဲ အဖေရဲ့…"

"အင်္ဂလိပ်က ပေးသဲ့သေနတ်ကိုး သမီးရဲ့…သည်သေနတ်က ထပေါက်မှာစိုးမှာပေါ့… ရွာက အမှုပွဲစား ကျော်ဒင်က မြို့က သူ့ဆရာရှေ့နေအားကိုးနဲ့ ရပ်ရွာအုပ်ချုပ်ရေး ဝင်ဖို့ လုပ်နေသသဲ့…ပြီးခဲ့သဲ့လကစပြီး ဂျပန်စစ်အုပ်ချုပ်ရေးဝင်ပြီ"

သားအဖနှစ်ယောက် စကားပြောနေကြတုန်းမှာပင် အမေပန်းရုံနှင့် မလှအုံတို့ ပြန်လာကြသည်။ အမေပန်းရုံက ကြီးတော်စံရွှေတို့ ယောကျ်ားလေးရှင်ဘက်က မောင်သာအောင်နှင့် မရွှေမှုံတို့ နားဖောက်ပြီးကြကြောင်း ရပ်ရွာလူကြီးသူမတွေကို ခေါ်ယူအသိပေးပွဲကို သွားခြင်းဖြစ်ကြောင်း ဦးသာထန်ကို ပြောပြနေသည်။ ဒါကလည်း ဖောင်ချမ်းကုန်းမှာ ဓလေ့ရှိသည်။ စေ့စပ်ကြောင်းမြန်းခြင်းကတော့ ခေါင်ကောက်ဖိတ်ထားသော လူကြီးစုံရာ ပါတတ်ကြသော်လည်း မင်္ဂလာပွဲ မကျင်းပမီ တစ်လလောက်အလိုမှာ ပြုလုပ်သည့် လူကြီးသူမ အသိပေးပွဲမှာတော့ ရွာက အထင်ကရ ရှိကြသူတွေကို ဖိတ်ကြားလေ့ရှိကြသည်။ သည်လိုပွဲမှာ မင်္ဂလာရက်ကိုပါ ချပြအသိပေးကြသည့်အပြင် တတ်နိုင်သူများက ကာဖီချို တိုက်ကျွေးဧည့်ခံတတ်ကြပါသည်။

"မအိမ်ကံနှယ်…ငါတော့ ကာဖီချို နှစ်ခွက်ဆင့်သောက်လာခဲ့သယ် ..မြင်းခြံက နို့ဆီနဲ့ အင်္ဂလိပ်ကာဖီမှုန့်တွေ ရေနွေးနဲ့ ရောမွှေထားသာပါအေ"



"မင်္ဂလာဆောင်ရက်က ဘယ်ရက်သဲ့တုံး မလှအုံ"

မအိမ်ကံက မင်္ဂလာဆောင်ပွဲရက်ကို မေးလိုက်ခြင်းဖြစ်သည်။

"သီတင်းကျွတ်ပြီးမှပါအေ…အပုံကြီး လိုပါသေးသယ်…ပိုက်ဆံရှိတော့ ထ,မြည်သာပေါ့…ဘာလိမ့်မတုံး…"

"မြည်သယ်လည်း မဟုတ်ပါဘူး လှအုံရယ်…ကြောင်းမြန်းပြီးသာ ဝါမဝင်ခင်က ဆိုတော့ ခများများ ရွာကို အသိပေးနောက်ကျသယ် ထင်မှာစိုးရကြသာပါ…အသိပေးရသယ်ဟဲ့…သည်ကာလသားနဲ့ သည်ကာလသမီး မြန်းပြီးကြပါပြီရယ်လို့ ရွာရပ်က စောင့်ရှောက်ကြပါ အပ်သာပေါ့…ရွာ့ထုံးစံများ အဓိပ္ပာယ်မရှိဘဲ ရှိပ့ါမလား"

မအိမ်ကံကတော့ အမေပြောနေတာတွေပင် မကြားမိတော့။ စိတ်တွေ တဗွမ်းဗွမ်း ဆူနေခဲ့သည်။ တစ်ကိုယ်လုံးက အငွေ့တွေက တချောင်းချောင်းထွက်လာသလိုလည်း တရှိန်ရှိန် ကျိုက်လျက်ရှိ၏။ အဖေကတော့ သူ့အခန်းကလေးထဲဝင်သွားခဲ့ပြီ။ မအိမ်ကံလည်း အိမ်ပေါ် ပြန်တက်လာခဲ့ရပါ၏။ ရင်ကတော့ လှိုင်းထန်နေဆဲ။ ခေါင်းအုံးအောက်က စာကို ပြန်ထုတ်ပြီး ဖတ်မိပြန်သည်။

ကိုပြေသိမ်း…။ သူကကော ဘယ်ရောက်သွားပြန်ပါလိမ့်။ မအိမ်ကံကို မေတ္တာရှိတာ အစ်ကိုမောင်မြတ်သာကတောင် ရိပ်မိသတဲ့။ မအိမ်ကံကလည်း ရိပ်မိပါရဲ့။ နှုတ်က ဖွင့်မပြောသေးသော်လည်း မျက်လုံးတွေထဲက ချစ်ရိပ်ချစ်ငွေ့တွေကို မအိမ်ကံ တွေ့နေရပါ၏။ ကြမ်းကြားလေကြား ..ယောက်ျားဆိုတာ 'အပေါ်ယံ ပျားရည်ခွဲ…ဝမ်းထဲ သံကောက်ဆွဲ' တဲ့။ ကိုပြေသိမ်းကတော့ အဲသလို မဟုတ်တန်ရာပါ။

"ကိုပြေသိမ်းရယ်…လွမ်းလိုက်သာတော်…ကျုပ်က စံပယ်ကောင်း တစ်ပွင့်ဆိုသာမျိုးပါ…"

မအိမ်ကံ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ မျက်စိထဲမှာတော့ မြင်းတစ်ကောင်ကို ကဆုန်စိုင်းစီးလာသည့် ကိုပြေသိမ်း…။ မြင်းခွာသံတွေ…။ မြင်းခွာသံတွေ…။ ဖုန်တထောင်းထောင်း ထကျန်ခဲ့သော ဖုန်လုံးကြီးတွေ…။

■

ဖုန်တထောင်းထောင်းထကျန်ခဲ့သော ဖုန်လုံးကြီးတွေ…။

ဖောင်ချမ်းကုန်းရွာ တာလမ်းတွင် ဖုန်တထောင်းထောင်းထအောင် မောင်းသွားသော ကားတစ်စီးအကြောင်းကို တစ်ရွာလုံးက ရက်အတန်ကြာချိန်အထိ ပြောလို့ပဲမပြီးနိုင်ကြ။ မအိမ်ကံပင် အိမ်ပေါက ပြေးဆင်းကြည့်ခဲ့ရသည်။ ရွာလမ်းတစ်လမ်းလုံး ရှင်ပြုပွဲကြည့်သလို ကြည့်ခဲ့ကြသည်။ ဖောင်ချမ်းကုန်းမှာတင်မကပါ။ အနောက်တန်းရွာတွေကပါ သည်ကား အကြောင်း လှိုင်လှိုင်ထအောင် ပြောနေကြသည်။ ကားက မကြီးလှဘဲ ဒရောသောပါး မောင်းသွား ခြင်းဖြစ်၍ ရွာသူရွာသားတွေ ထွက်ကြည့်ကြချိန်မှာ အတော်ဝေးဝေးကိုပင် ရောက်နေပြီဆို၏။ မြင်းခြံ ဖောင်ချမ်းကုန်းလမ်းသည် လှည်းလမ်းဆိုသော်လည်း ကားမောင်းလို့ရသည့် မြေမာလမ်း ဖြစ်သည်။ ထိုနေ့က တန်ဆောင်မုန်းလပြည့်ကျော် နှစ်ရက်နေ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကားက မှန်ကုပ်ကုပ်နဲ့ပါတော်...ဘီလူးမျက်နှာကြီးသာ ကြည့်တော့...အလံကလေး ထိုးထားလိုက်သေးသာ...ကားပေါ်မှာ စစ်ပုလိပ်တွေလားမသိဘူး...နှစ်ယောက် ပါသွားသာ...အနောက်ထဲ ထိုးမောင်းသွားသာများ ဘုန်းကြီးပျံပွဲ ဒုံးလွှတ်လိုက်သယ့် အတိုင်းပဲ"

"ရော်...ကျုပ်တွေ့သာ သုံးယောက်ဗျ...မောင်းသွားသာက တစ်ယောက်သပ်သပ် ရယ်... နားရွက်နှစ်ဖက်က ဖတ်လပ်ဖတ်လပ်နဲ့...တစ်ယောက်က မျက်မှန်နဲ့..."

"နှုတ်ခမ်းမွှေးပါသာက တစ်ယောက်ရယ်...ကျုပ်က နွားစာရိတ်ကအပြန် မြက်ထုံး ကြီးနဲ့...ကားပေါ်က လူတွေက ကျုပ်တောင် ပြုံးပြသွားသေးသာ"

ဝေါခနဲ ဖြတ်မောင်းသွားသော ကားကို ဘယ်သူမှ ကတွတ်ဝ ဗျိုင်းစောင့်သလို ကြိုကြိုတင်တင်က ကြည့်နေခဲ့ကြတာမဟုတ်။ ထွက်ကြည့်ကြပြီဆိုကတည်းက တရကြမ်း မောင်းသွားသည့်ကားကို နောက်မြီးက မှုန်မှုန်လောက် မြင်လိုက်ရခြင်းသာဖြစ်ပါ၏။ နှစ်ပေါင်း များစွာ နေထိုင်လာခဲ့ကြသည့် ကာလတစ်လျှောက်လုံး ကားရယ်လို့ တစ်ခါဖူးမျှမလာခဲ့ဖူးသော သည်ဘက်ရွာတွေကို ကားတစ်စီး ရောက်လာတာကလည်း ထူးဆန်းနေသည်။ မြို့ကို အရောက် အပေါက်မရှိသူတွေကတော့ ကားဆိုတာ မမြင်ဖူးတော့ ဝိုးတိုးဝါးတားနိုင်လှသည်။

သည်တစ်ခါတော့ အလံထိုးထားသော ကားမှန်ကုပ်ကုပ်ဆိုတာကြီးက ဘာသဘော နဲ့များ ဒရောသောပါး အပြေးအလွှား ရှိရပါလိမ့်။ ကားပေါ်က လူတွေကကော ဘယ်သူတွေ ပါလိမ့်။ သည်ဘက်ရွာတွေမှာ ဘာကိစ္စတွေများ ရှိလို့ပါလိမ့်။ မအိမ်ကံပင် အိမ်ပေါ်က ဆင်းကြည့်ခဲ့သည် ဆိုသော်လည်း အရိပ်အယောင်ပင် မတွေ့လိုက်ရ။ သတင်းတွေကတော့ အမျိုးမျိုးပင်။ ဖြတ်သွားသည့် ကားအကြောင်းကို ပြောကြသည်ပင် စကားအပိုတွေ၊ စကား အကားတွေ ပါကြသည်၊ သို့သော် သေချာလှသော သတင်းစကားသည် သည်ကား ရွာလမ်းကို ဖြတ်မောင်းသွားပြီး သုံးရက်လောက်ရှိမှ ရောက်ရှိလာခဲ့၏။ သတင်းကို သယ်ဆောင်လာသူက အမှုပွဲစား ကျော်ဒင်ပင် ဖြစ်လေ၏။

"ဂျပန်မာစတာတွေက မြင်းခြံမှာ ရုံးစိုက်ကြသာကိုးဗျ...မြေတော်မှာလည်း ဂျပန်ရုံး ရှိသယ်...ဆမိတ်ခုံမှာလည်း ရှိသယ်...သူတို့ကို နိပွန်မာစတာ ခေါ်ရသာသဲ့ဗျ...ဂျပန် လို့ခေါ်သာ လားလားမှကို မကြိုက်သာသဲ့...ပါးများကျိုးအောင် ရိုက်သာသဲ့ဗျား..."

"ကျုပ်တို့ရွာတွေဘက်ကို ဘာလာလုပ်သာတုံး...ပါးရိုက်ဖို့လား ကိုကျော်ဒင်ရဲ့..."

"ထွက်ပေါက် ဝင်ပေါက်တွေ...လမ်းတွေ တံတားတွေ...လမ်းဆုံလမ်းခွတွေ အကုန် လိုက်ကြည့်သာဗျ...နိပွန်မာစတာတွေ အာဂမှတ်လို့..."

ဂျပန်ဆိုသူတွေကို မမြင်လိုက်ကြရသော်လည်း ဂျပန်တို့၏ သတင်းကတော့ မကောင်း လှပါ။ ဆရာကြည်ပြောမယ်ဆိုလည်း ပြောစရာ။ ဇောင်ချမ်းကုန်း တာလမ်းကို ဖြတ်သွားခဲ့သော ဂျပန်ကားခေါ်ကြသည့် ထိုမှန်ကုပ်ကုပ်ကားတစ်စီး၏နောက်တွင် ဖုန်တွေ တလုံးလုံး ထကျန် ရစ်ခဲ့သလိုပင် မအိမ်ကံ၏ ဘဝနောက်ပိုင်းတွင်လည်း ထိုကားနှင့်အတူ ပါလာခဲ့သော ဆိုးရွား လှသော ကံကြမ္မာဖုန်လုံးက မစဲနိုင်အောင် ရှိခဲ့ရပါ၏။ ရွာလမ်းကို ကားတစ်စီး ဖြတ်သွားခဲ့သည့် နောက် တစ်ပတ်လောက်အကြာတွင် ဇောင်ချမ်းကုန်းရွာလမ်းတွင် ဒုတိယအကြိမ် ထူးဆန်းသော အဖြစ်အပျက်တစ်ရပ် ကြုံရပြန်ပါ၏။



ထိုညက တပို့တွဲလဆန်း ဆယ့်သုံးရက်။ လသည် ဇောင်ချမ်းကုန်းကောင်းကင်၌ ထိန့်ထိန့်သာလျက်ရှိ၏။ လသာရက်ကိုသာ ည၏အလင်းရောင်အဖြစ် မျှော်ကြရသော ကလေး တွေကတော့ ထုံးစံအတိုင်း ရွာလမ်းတွင် ကြွက်ကြွက်ညံအောင် ဆော့ကစားနေကြလေသည်။ ကိုယ့်အိမ်ရှေ့လမ်းပေါ်မှာ ဒါမှမဟုတ် ကိုယ့်ဝိုင်းတိုက် ကျယ်ကျယ်ထဲမှာ အော်ဟစ်ပြေးလွှား ကစားနေကြသည်ဖြစ်ရာ ဇောင်ချမ်းကုန်းညသည် အော်သံ ဟစ်သံ၊ ငြင်းသံ ခုံသံ၊ ဆူသံ ညံသံတို့ဖြင့် လှုပ်ခတ်လျက်ရှိရာမှ တဖြည်းဖြည်း လကလေးပင် ရင့်လာခဲ့ပါ၏။ မအိမ်ကံတို့ အိမ်က တိုင်ကပ်နာရီပင် ကိုးချက် ဒင်ဒင်မြည်ပြီးခဲ့ပြီ။ ရွာဦးဆရာတော်ကျောင်းဆီမှ ဘုရား ဝတ်ပြုပြီးချိန် စည်မောင်းထိုးသံ ကြားလိုက်ရပြီ။ လရောင်အောက်မှာ ဇောင်ချမ်းကုန်းရွာ ကလေး၏ အလှက အေးမြသောရာသီနှင့် လိုက်ဖက်အောင် ဝင်းပနေလေသည်။ ထိုစဉ်မှာပင် ကျယ်လောင်လှသော သေနတ်သံတစ်ချက်သည် ရွာအရှေ့ဆီက 'ဒုန်း'ခနဲ ကြားလိုက်ရလေ သည်။ ထိုအခါ ပွက်ပွက်ညံနေသော လရောင်အောက်က ရွာကလေးသည်လည်း ချက်ချင်းပင် တိခနဲ ငြိမ်သက်သွားလေသည်။ သေနတ်သံက အေးစက်သောညကို ကျယ်လောင်စွာ လှုပ်လိုက် သည့်အတွက် ရွာသူရွာသားအားလုံး သို့လော သို့လော ဖြစ်ကုန်ကြသည်။ မအိမ်ကံနှင့် ကျေးဥ တို့ပင် လရောင်ကျနေသည့် အိမ်ရှေ့ ကွက်လပ်မှာ ထိုင်ကြရင်း ရွာသတင်း ရပ်သတင်းတွေ ပြောနေကြခိုက်ဖြစ်၏။

"မအိမ်ကံ...ဘာတုံးဟဲ့"

မလှအုံသည်ပင် အိမ်ထဲက ပြေးထွက်လာကာ အမောတကော မေးလိုက်သည်။

"သေနတ်သံထင်သယ် ဒွေးလှအုံ...ရွာရှေ့ဆူးတံခါးကနေမှာ..."

"မဟုတ်လောက်ဘူးနော် ကျေးဥ...ငါ့စိတ်ထင်သာပြောရရင် ကိုဘကွန်းတို့ ဝိုင်းတိုက် လောက်ကနေမှာ..."

ဘယ်သူကမှလည်း သေသေချာချာမသိတော့ ခံမငြင်းသာ။ ကိုယ့်စိတ်အထင်နှင့်ကိုယ် သာ မှန်းဆနေကြရသည်။ မအိမ်ကံကတော့ ရွာကို ဓားပြဝင်ပြီလို့ တွက်လိုက်သည်။ ဖိုးတုတ်နှင့် ဖိုးကူးတို့ညီအစ်ကိုနှစ်ယောက်က ဓားရှည်တစ်လက်စီ ကိုင်ကြရင်း ခြံတံခါးဘက်ပြေးကာ အပြင်ကို မြင်ရသလောက် ကြည့်နေကြ၏။ မအိမ်ကံနှင့် ကျေးဥက အိမ်ပေါ်ထပ်ကို တက်လာခဲ့ ကြကာ တာလမ်းအရှေ့ဘက် မျှော်ကြည့်ကြသည်။ လရောင်ကလွဲ၍ ဘာမှမရှိ။ ဆော့ကစားနေ ကြသည့် ကလေးသံတွေကတော့ တစိုးတစိမျှ မရှိကြတော့။ အမေပန်းရုံပါ အပေါ်ထပ်တက်လာ ခဲ့ကာ ရွာလမ်းကို ကြည့်နေခဲ့သည်။ သိပ်မကြာပါ။ ကွမ်းတစ်ယာညက်လောက်တွင် ဗျောဗျော မြည်သံကြီးကို ကြားရလေပြီ။ အသံက ညီလှသည်၊ လမ်းမပေါ်ကို ပြင်းထန်သော ခြေဆောင့်သံ မျိုးဖြစ်၏။

"ဟဲ့ ကျေးဥ လှမ်းကြည့်စမ်း...ကလေးမျက်စိနဲ့...ငါ့မျက်စိထဲတော့ မည်းမည်း အုပ်ကြီး မြင်သလားလို့..."

"ဟုတ်ပ! အရီးရေ...လူတွေတော်...မနည်းမနောပါလား...ဘာများလုပ်ကြဖို့ပါလိမ့် တော်..."

"ဘယ်ကလူတွေလဲ...တို့ရွာကလား..."

www.burmeseclassic.com

www.burmeseclassic.com

"ပြောတတ်ဘူး အရီးရဲ့...လူတွေ မည်းမည်းလှုပ်နေသာ မြင်ရသာပဲ..."

မအိမ်ကံလည်း မြင်နေရပါ၏။ ခြေဆောင့်နင်းသံတွေက မအိမ်ကံရင်ကို နင်းနေကြသလား ထင်ရသည်။ ဖြုတ်...ဖြုတ်...ဖြုတ်...ဖြုတ်...။ မအိမ်ကံတို့ဘက်ကိုပင် နီးလာခဲ့ပြီ။ ရှေ့ဆုံးမှာ မြင်းစီးသူတစ်ယောက်ပါသည်။ ထိုမြင်းနောက်မှာတော့ ငါးယောက်တစ်တွဲ လျှောက်လာကြသည့် လူတန်း။ လူတန်းက သိပ်မရှည်လှသော်လည်း များမှန်းသိသာသည်။

"အမေ...ဂျပန်တွေဆိုသာနဲ့တူသယ်...ဘာလုပ်ကြသာပါလိမ့်..."

"အနောက်ရွာတွေဘက် သွားကြဖို့နဲ့တူသယ်"

"ဟုတ်ပ့ါတော်...ညကြီးမင်းကြီး..."

"ဟုတ်သယ်...ဂျပန်စစ်သား ဆိုသာတွေနေမှာ..."

မအိမ်ကံတို့က လေသံဖြင့် ပြောနေကြသော်လည်း စစ်ဖိနပ်သံတွေကြောင့် ရွာပင်ခုန်နေသလား မှတ်ရပါ၏။ သိပ်တော့ မကြာပါ။ ရွာကလေးသည် ပြန်လည်တိတ်ဆိတ်သွားခဲ့သည်။ လရောင်က ရွာကလေးကို မှုန်ဆွယ်နေသေးသော်လည်း အသံဟူ၍ ကလေးငိုသံပင် မရှိ။ ငြိမ်သက်ခြင်းက ကြီးစိုးလွန်းပြန်တော့ ချောက်ချားဖို့ပင် ကောင်းနေသည်။ ထွန်းထားကြသည့် မီးခွက်များပင် ငြိမ်းကုန်ကြပြီ။ ရွာတုန်အောင် ဖြတ်သွားကြသော ဂျပန်စစ်တပ်ဆိုတာကို လရောင်ထဲမှာ တွေ့ခဲ့ကြရပြီဆိုတော့ ဘာမှန်းမသိကြဘဲ ကြောက်လန့်နေခဲ့ကြပါ၏။ မအိမ်ကံမှာ အဖေ့နှစ်လုံးပြူး သေနတ်ကို စိတ်ရောက်သွားခဲ့ရသည်။ ရင်တွေ တဒိတ်ဒိတ် ခုန်ရပါ၏။ ထိုညက အဖြစ်အပျက်သည် ဇောင်ချမ်းကုန်းရွာကို ဒုတိယအကြိမ် ဆောင့်ခါလိုက် သည့်ညဟုပင် ဆိုရတော့မည်။ ပြင်းထန်သော စစ်ဖိနပ်သံများဖြင့် ဖြတ်သွားခဲ့သော ဂျပန်တပ် စိတ်တစ်စိတ်သည် လောလောဆယ် ဘယ်သူ့ကိုမှ ရန်ပြုခဲ့သည်မရှိ။ ရွာကလေးကိုပင် ရှိသည် မထင်။ သူတို့လမ်းကြောင်းကျရာအတိုင်း သွားကြရုံသာ။ သို့သော် ထိုကားသည် မြင်းခြံကို ဗဟိုပြု၍ မြင်းခြံအရှေ့လက်၊ အနောက်လက်၊ တောင်လက်၊ မြောက်လက် ကျေးရွာများဆီ အရောက်အပေါက်များလာခဲ့သည်။ ကားက ပုပျပ်ပျပ်၊ ပါးစပ်ပြဲပြဲ၊ မီးခွက်တွေက မျက်လုံးပြူးပြူးဖြစ်ရာ ရွာတွေက သည်ကားကို 'တောဘီလူး' ကားဟု ခေါ်ကြပါသည်။

ကြာတော့လည်း တောဘီလူးကားကို စိတ်မဝင်စားနိုင်ကြတော့။ တောဘီလူးကားပေါ်မှာ ဂျပန်စစ်ဗိုလ်တွေ ပါလာတတ်သလို မြန်မာ တစ်ယောက်စ နှစ်ယောက်စလည်း ကားနောက်မှာ ပါလာတတ်သည်။ တစ်ခါမှာတော့ ရွာက အမှုပွဲစားကျော်ဒင် အခန့်သား ပါလာခဲ့သည်။ ကျော်ဒင်က ဂျပန်စစ်ဗိုလ်ထက်ပင် မျက်နှာကြီး တင်းလှပါ၏။ ရွာကတော့ မဲဇလီကလက်ဖက်ထက် ဈေးတန်လှချည့်လို့ ပြောကြသည်။ ကျော်ဒင့်လက်မောင်းမှာ ဂျပန်စာ ရေးထားသော လက်ပတ်အနီ ပတ်ထားတာကိုလည်း မြင်ကြရ၏။ တောဘီလူးကားက ရွာကို အသေးစိတ် လိုက်ကြည့်တော့လည်း ကျော်ဒင်ပဲ လိုက်ပြသည်။ ရွာစည်းရိုးတွေကို ပြသည်။ လင့်စင်တွေကို ပြသည်။ ရွာဘုန်းကြီးကျောင်းကို ပြသည်။ ဘုန်းကြီးကျောင်းကို ဝင်သည့်နေ့က ဂျပန်စစ်ဗိုလ်က ဖိနပ်မချွတ်ဘဲ ကျောင်းပေါ် တက်လာခဲ့တာကို ရွာက မကျေနပ်ကြ။ စကားကြုံလျှင် တီးတိုး ပြောကြသည်။

"နေပါဦးကွာ...အမှုပွဲစား ကျော်ဒင်က ဂျပန်တွေနဲ့ ဘယ်လိုလုပ် ပူးသွားသာလဲ...



ဒီကောင်က အင်္ဂလိပ်လူ မဟုတ်လား...တို့ကို အင်္ဂလိပ် ယပ်လှဲတရားတွေ သူပဲ ဟောခဲ့သာပဲဟာ..."

"မသိဘူးဗျ...မြင်းခြံ ဂျပန်ရုံးကိုရော...မြေတော်ရုံးကိုပါ အရောက်အပေါက်များရာက လက်မောင်း တံဆိပ်တစ်ခု ရလာသာပဲ...ဒီကောင်က ပဲကြီးရေစိမ်ဗျ...အချိန်တန်ရင် ပွလာသာ..."

ရွာသားတွေက ကျယ်ကျယ်ပြောရဲကြတာမဟုတ်။ ဂျပန်နှင့် ပေါင်းရပ့ါမလား ဆိုသည့်စိတ်ဖြင့် မကျေမချမ်းဖြစ်ကြတာမဟုတ်။ ကျောင်းပေါ် ဖိနပ်စီးတာကို မတားရ ကောင်းလားဆိုတာကို မခံချင်ဖြစ်ကြခြင်းဖြစ်သည်။ အခုလည်း ဂျပန်စစ်ဗိုလ်များကို သူကပဲ ဦးဆောင်ကာ ရွာပတ်ဝန်းကျင် လိုက်ပြနေပြီ။ ဘာသဘောများပါလိမ့်။ ဇောင်ချမ်းကုန်းရွာတင်ပဲလား၊ တခြားရွာတွေကော သည်လိုပဲလား။ သည်သတင်းတွေ မအိမ်ကံကြားတော့ ရွာက ဘယ်သူ့များ မကောင်းကြံဦးမှာလဲ တွေးပူရပါ၏။ မနေ့တစ်နေ့ကပဲ အင်္ဂလိပ်အစိုးရ ကောင်းကြောင်းပြောခဲ့သည်။ အင်္ဂလိပ်လက်နက်တွေ ကောင်းကြောင်းပြောခဲ့သည်။ အခုတော့ ဂျပန်စစ်တပ်နောက်က တကောက်ကောက်။ ကျော်ဒင် ဆင်ကြံကြံလေပြီ။

ထိုနေ့က အလွန်အကျည်းတန်လှသော 'အကုသိုလ်' ကို အမှုပွဲစား ကျော်ဒင်ကပဲ ဆောင်ကျဉ်းလာခဲ့ပါ၏။ ထိုမနက်ခင်းက မနက်စာစားပြီးကြသည်နှင့် ဆိုင်ရာလုပ်ငန်း ဝင်ခဲ့ကြသည်။ အမေပန်းရုံနှင့် မလှအုံက ချက်ရေးပြုတ်ရေး ထင်းမီးကိစ္စ လုံးပမ်းနေကြခိုက်ဖြစ်သည်။ မအိမ်ကံကတော့ ရက်ကန်းရုံထဲမှာ။ သည်ရက်ထဲမှာ ရှားရှားပါးပါး အထည်အမှာတွေ ရထားခဲ့သည်။ မြင်းခြံပွဲစားကြီးကတော်က ရွာလူကြုံဖြင့် မန်ကျည်းစေ့ကွက်ဆင် ပုဆိုးအထည်တစ်ရာ မှာကြားလာသဖြင့် မအိမ်ကံတို့ ရက်ကန်းရုံမှာ အလုပ်တွေ များနေကြရာက ပြီးပြတ်အောင်ပို့နိုင်လိုက်ပြီဖြစ်ရာ ရက်ကန်းသမတွေကို အနားပေးထားရချိန်ဖြစ်၏။ ရက်ကန်းသမတွေ အလုပ်နားခိုက် မအိမ်ကံနှင့် ကျေးဥက ရက်ကန်းရုံ သန့်ရှင်းရေး ဝင်ကြရသည်။ တိုလီမုတ်စ ဖြုတ်စဖျင်းတောင်းတွေ၊ ချည်စာပေါင်းတွေကအစ ပိုးမွှင်တွေအဆုံး ပြောင်စင်အောင် ရှင်းလင်းနေခဲ့ကြသည်။ နှစ်ယောက်သား ခေါင်းပေါင်းကြီးတွေ ပေါင်းထားကြကာ လက်ရှည်အင်္ကျီထူကြီးတွေ ဝတ်ထားကြသော်လည်း ပိုးမွှင်တွေ တစ်ကိုယ်လုံး ပေပွနေကြသည်။ ဦးသာထန်ကတော့ သူ့မြင်းအိုကြီး စိန်ပွင့်ကို မြင်းစာကျွေးနေသော ဖိုးကူးနှင့်အတူ ရှိနေကြ၏။

"သူကြီး...သူကြီး ဦးသာထန်"

ကျယ်လောင် မာကြောလှသော အသံက ဝင်းဝကိုကျော်ကာ ရက်ကန်းရုံထဲအထိ ရောက်လာခဲ့သည်။ မအိမ်ကံက လုပ်လက်စအလုပ်ကို ခဏရပ်ရင်း ဝင်းဝကို လှမ်းကြည့်လိုက်သည်။ လူသုံး,လေးယောက်။ ဖိုးကူး တံခါးသွားဖွင့်တာလည်း မြင်နေရသည်။ ရှေ့ဆုံးက ဝင်လာသူမှာ အမှုပွဲစား ကိုကျော်ဒင်။ လက်မောင်းမှာ ပိတ်နီပတ်ထားသဖြင့် လျှောက်ဝင်လာသည်ပင် ခပ်တင်းတင်းဖြစ်နေလေ၏။ သူ့နောက်မှာ ဂျပန်စစ်ဗိုလ်နှင့်တူသူဖြစ်၍ သေနတ်ရှည်ကိုင် ဂျပန်စစ်သား နှစ်ယောက်က ဂျပန်စစ်ဗိုလ်ကို ရံလျက် ဝင်လိုက်လာကြသည်။ မအိမ်ကံက ကျေးဥကို အသာအယာ လက်ကာပြကာ ရက်ကန်းစင်နောက်ဖေးပေါက်ဆီမှ ပဲမှော်တိုက်ဘက်ကို ပြေးရန် မျက်ရိပ်ပြလိုက်သည်။ ကျေးဥကလည်း အပါး။ မအိမ်ကံ မျက်ရိပ်ပြလိုက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com

လှစ်ခနဲ ပျောက်သွားခဲ့ပြီ။ မအိမ်ကံကလည်း ပဲမှော်တိုက်ဘက်ကူးရန် ပြင်ဆင်လိုက်ချိန်မှာပင် အမှုပွဲစား ကျော်ဒင့်အသံကို ကြားလိုက်ရသည်။

"သူကြီးကော...ဒေါ်ပန်းရုံ...ဟောသည်မာစတာတွေက သူကြီးနဲ့ တွေ့ချင်သယ်လို့ ပြောနေသယ်..."

"တွေ့သာပေါ့ကွယ်...ရှိပါသယ်...ထိုင်ကြပါဦး...ဘာများပါလိမ့် မောင်ကျော်ဒင်... မလန့်သာ မထိတ်သာကွယ်"

အမေပန်းရုံက အသံကိုထိန်းထားရင်းက ပြန်ပြောလိုက်ခြင်းဖြစ်၏။

သည်အချိန်မှာပဲ မအိမ်ကံက ပဲမှော်တိုက်ဘက်ကို အသာထွက်လာခဲ့သည်။ ဂျပန်စစ်သားနှစ်ယောက်က မျက်စိအငြိမ်နေကြသည်မဟုတ်။ သေနတ်မောင်းကွင်းထဲ လက်ထည့်ထားကြရင်း မသ်ကာဖွယ်ရာ လှုပ်ရှားမှုကို လိုက်ရှာနေကြသည့်ပမာပင်။ ကျော်ဒင်က ဂျပန်စစ်ဗိုလ်ကို ဒေါ်ပန်းရုံ ချပေးထားသော ထိုင်ခုံမှာ ထိုင်စေသည်။ ဂျပန်စစ်ဗိုလ်က အရုပ်ကြီးတစ်ရုပ်လို ခံစားမှုမရှိသော မျက်နှာဖြင့် တောင့်တောင့်ကြီး ထိုင်သည်ကလွဲ၍ အသံမထွက်။ ထိုစဉ်မှာပင် ဦးသာထန် အိမ်ထဲက ထွက်လာခဲ့သည်။

"ဘာများလဲ မောင်ကျော်ဒင်ရဲ့...ကျုပ်ကို မေးဆိုသလားလို့..."

"ဟုတ်သယ်...ကျုပ်ကလည်း နိပ္ပန်မာစတာတွေက တွေ့ချင်သယ်ဆိုလို့ အကျိုးဆောင်ပေးရသာပါဗျာ...ကျုပ်တို့ရွာအပေါ် အစစအရာရာ သတ္တုမကျအောင် လုပ်နေရသာပါပဲ...သည်လို...သူကြီးမှာ အင်္ဂလိပ်က ပေးထားသဲ့သေနတ် ရှိသာကို သည်က နိပ္ပန်မာစတာတွေက ပြန်သိမ်းဖို့ ပြောနေသယ်..."

ဦးသာထန် မျက်စိမျက်နှာ ပျက်သွားခဲ့သည်။ ဆရာကြည် လာသတိပေးတဲ့အတိုင်း ပါပဲလား။ အင်္ဂလိပ်ပေးတဲ့သေနတ်ကို အကြောင်းရှာလာကြပါပကော။ ဂျပန်က သေနတ်သိမ်းရအောင် ဦးသာထန်ဘက်က သေနတ်တကားကားလုပ်နေတာလည်း မရှိ။ အခုဟာက ကျော်ဒင် လက်ထောက်ချလို့သာ ဂျပန်ဗိုလ် သိသွားတာပဲ ဖြစ်ရမည်။ အသားထဲက လောက်ထွက်တာကိုတော့ အဆက်ဆက်ရွာသူကြီးလုပ်လာခဲ့သူတစ်ယောက်အဖို့ သည်းမခံချင်။ ပြီးတော့ သေနတ်က သည်အိမ်ပေါ်မှာလည်း မရှိ။ သေနတ်ကို ဆီသုတ် ထုပ်ပိုးပြီး ပဲမှော်တိုက် ကြွက်လျှောက်တန်းမှာ ဝှက်ထားခဲ့သည်။ အခုရှာချင်သပဆိုတော့လည်း ရှာကြရုံ။ သည်ကြားထဲ ကျော်ဒင်က 'ကျုပ်'ဆိုတာကို နိုင်းချင်းသုံးနေတာကို နားကြားပြင်းကပ်လှသည်။

"ပြောလေ သူကြီး...ကျုပ်တို့ အချိန်မရဘူး...ထိန်ကုန်းသူကြီး ကိုဘဆယ်မှာလည်း တစ်လက်ရှိသာ သွားသိမ်းရဦးမှာ..."

"သေနတ်မရှိဘူးကွ...အင်္ဂလိပ်တပ်တွေ ပြန်ဆုတ်မယ်ဆိုတော့ ပြန်အပ်ပါဆိုလို့ အပ်လိုက်ရသယ်...မင်းကွာ...ကိုယ့်ရွာသူရွာသားချင်း ဂျပန်ခေါ်လာရသယ်လို့ ကွာ..."

ဂျပန်ဆိုသည့်စကား ပါသွားတော့ ဂျပန်စစ်ဗိုလ်က ငေါက်ခနဲ မတ်တတ်ထရပ်သည်။ ကျော်ဒင့်ကို ဂျပန်စကားနှင့် ပြန်မေးနေသည်။ ကျော်ဒင်က သွက်သွက်လက်လက်မရှိသော်လည်း မီးကျိုးမောင်းပျက် ဂျပန်စကားဖြင့် ပြန်ပြောနေပါ၏။ ဂျပန်စစ်ဗိုလ်က ပြန်ထိုင်သည်။



"ကိုင်း သူကြီး...ကျုပ်အပြောကောင်းလို့ သက်သာသွားသယ်မှတ်ပါ...အသာတကြည် ထုတ်ပေးလိုက်ပါ...ဒါ ကျုပ် နောက်ဆုံးပြောသာပဲ..."

ဒေါ်ပန်းရုံက မတ်တတ်ရပ်ရင်း အခြေအနေကို အကဲခတ်နေခဲ့သည်။ မအိမ်ကံနှင့် ကျေးဥက ပဲမှော်တိုက်အပေါ်ထပ် နွားစာတွေ ဖိတ်မကျအောင် ထိန်းထားသည့် ဝါးလုံးတန်းတွေကြားက ချောင်းကြည့်နေခဲ့ကြသည်။ ကောင်းကောင်းတော့ မမြင်ရ။ အသံတွေအားလုံးကို ကြားနေရသည်။ ဂျပန်စစ်သားနှစ်ယောက်က သေနတ်ကိုင်ရင်း ဝိုင်းတိုက်ကို လှည့်ပတ်ကြည့်နေကြသည်။ မအိမ်ကံတို့ရှိရာ ပဲမှော်တိုက်ရှေ့မှာ ရပ်ကြရင်း ပုတ်ဝန်းကျင်ကို အကဲခတ်နေကြသည်။ မအိမ်ကံတို့ပင် မလှုပ်ရဲ။ ဒါတောင် ပဲမှော်မှုန်ကလေးတွေ တလွင့်လွင့်ကျနေပါ၏။

"မင်းတို့ ငါမှန်သာပြောနေသာပဲကွ...ငါ့မှာမှမရှိသာ ဘယ့်နှယ်လုပ် ပေးရမှာလဲ... မင်းတို့ ရှာနိုင်သားပဲ ရှာကြလေကွာ..."

"ရှာလို့တွေ့ရင် ခင်ဗျား မသက်သာဘူးနော်...ဒေါ်ပန်းရုံ ခင်ဗျားတို့ကို ကျုပ် စေတနာနဲ့ ပြောနေသာဗျနော...နောက်မှ ကျုပ်အပြစ်မတင်နဲ့..."

"မောင်ကျော်ဒင်...သူ့သေနတ်ကိစ္စ အရီးလည်း မသိဘူး...တစ်ခါ ရွာ ဓားပြတိုက် တုန်းကလွဲရင် သည့်နောက်ပိုင်း တစ်ချက်မှ ပစ်လိုက်ရသယ်လည်း မရှိပါဘူး... မင်းသခင်တွေကို မင်းကြည့်ပြောပါကွယ်..."

BURMESE CLASSIC .com

အမှုပွဲစား ကျော်ဒင်က မင်းသခင်တွေဆိုတာကို အောင့်သွားပုံရပါ၏။ မျက်နှာပျက်သွားရာက ဂျပန်စစ်ဗိုလ်ကို ဂျပန်လို ပြောပြန်လေသည်။ ဂျပန်စစ်ဗိုလ်က ဆတ်ခနဲ မတ်တတ်ရပ်ကာ ဒေါသတကြီး အော်ဟစ်လိုက်သည်။ ဝိုင်းတိုက်ထဲမှာ လှည့်ကြည့်နေကြသည့် ဂျပန်စစ်သားနှစ်ယောက်ပင် အပြေးရောက်လာကြလေ၏။ ဂျပန်စစ်ဗိုလ်က ကျော်ဒင့်ကို မောင်းမဲနေတာတော့ သေချာသည်။ ကျော်ဒင်ကလည်း ပြန်ပြောသည်။ ကျော်ဒင်က တစ်ခါမှာတော့ ဘာပြောလိုက်သည်မသိ။ ဂျပန်စစ်ဗိုလ်က ဦးသာထန်ဘက်လှည့်ကာ ဂျပန်လို အော်လိုက်ရင်း ပါးကို တအားလွှဲရိုက်လိုက်သည်။ ဦးသာထန်ခမျာ မမျှော်လင့်သော ရိုက်ချက်ကြောင့် လည်သွားရာက ပုံခနဲ လဲကျသွားရှာတော့သည်။ ဒေါ်ပန်းရုံက ချက်ချင်း ပွေ့ပိုက်ပြီး မတ်ထူပေးသော်လည်း ဦးသာထန်မှာ ရပ်တည်နိုင်စွမ်းမရှိသလို ဒေါ်ပန်းရုံအပေါ် လုံးလုံးကြီးမှီလျက်ရှိလေသည်။ ဒေါ်ပန်းရုံက နိုင်သရွေ့ ပွေ့ထူထားရာက မလှအုံကို လှမ်းခေါ်လိုက်သည်။ မလှအုံက ချက်ချင်း ပြေးထွက်လာပြီး တစ်ဘက်က ဝင်ထူလိုက်ရသည်။

"ဖိုးကူး လာစမ်း...ဘကြီးကို လာတွဲစမ်း...ကျော်ဒင် နင်ဘယ်လိုလုပ်လိုက်သာလဲ... နင့်အဖေအရွယ်ဟဲ့...နင်တို့ ရက်စက်လှချည့်လား..."

"ကျုပ်က ရိုက်ခိုင်းသာမဟုတ်ရပါဘူးဗျာ...အကျိုးအကြောင်း ပြောပြသာပါ...ခင်ဗျားတို့ကလည်း ရှိရင် ထုတ်ပေးလိုက်ဗျာ...သူတို့က ဘယ်သူ့မှ ညှာမှာမဟုတ်ဘူး... ခင်ဗျားတို့နဲ့တော့ ခက်ပါ့ဗျာ..."

ဦးသာထန်က ဖိုးကူး လာတွဲလိုက်သဖြင့် မတ်မတ်ကြီး ပြန်ရပ်နိုင်သော်လည်း ပါးစောင်ကို လက်နှင့်အုပ်ထားလျက်ရှိ၏။ လူတွဲ ဖိုးကူးကလည်း တဆတ်ဆတ်တုန်လျက်ရှိ၏။

မအိမ်ကံက ဘာကိုမှ မမြင်ရသော်လည်း ရိုက်လိုက်သံကိုရော၊ အမေပန်းရုံအသံကိုရော၊

www.burmeseclassic.com

www.burmeseclassic.com



မလှအုံ၏ ရန်တွေ့သံတွေကိုပါ ကြားလိုက်ရသည့်အတွက် အသားတွေ တဆတ်ဆတ်တုန်နေခဲ့သည်။ ဆူခနဲ တက်လာခဲ့သော သွေးတွေက မြွှေဟောက်တစ်ကောင်၏ ပါးပျဉ်းလို ဖေါက်ခနဲ ထလာသကဲ့သို့ ရှိလေသည်။ ချက်ချင်းပင် ပဲမှော်တိုက်ပေါ်က ခုန်ဆင်းရန် လှည့်လိုက်သည်။ ကျေးဥက လှစ်ခနဲ ရိပ်မိလိုက်သဖြင့် မအိမ်ကံကို ခါးက ဖက်ရင်း လှဲချလိုက်သည်။ ပဲရိုး၊ ပဲမှော်တွေ၊ ပြောင်းရိုးခြောက်စဉ်းစာတွေအပေါ် နှစ်ယောက်သား လဲကျသွားကြသည်အထိ ကျေးဥက မလွှတ်။

"ဖယ်စမ်း ကျေးဥ ..ကျော်ဒင့်ကို ငါရင်ဆိုင်လိုက်စမ်းမယ် ..ဒင်းက လူပါးဝလို့"

"မအိမ်ကံရယ် ..သူတို့က သေနတ်တွေနဲ့ပါအေ ...စိတ်လျှော့လိုက်ပါ.. အရပ်ဆိုး ကုန်ပါ့မယ်အေ ...ရှိကြီးခိုးပါရဲ့"

ကျေးဥက ဖွတ်ဖက်လှဲထားသလို၊ မအိမ်ကံကလည်း ဖွတ်ရုန်းနေသည်။ အမေပန်းရုံ ခမျာမှာ သမီးနှင့်ကျေးဥကိုလည်း လှမ်းပြီး စိတ်ပူနေရသည်။ စိတ်ပူတာက နှစ်မျိုး။ မအိမ်ကံ၏ စိတ်ကို သိတာလည်း ပါသည်။ မအိမ်ကံကို ဂျပန်စစ်သားတွေ တွေ့သွားမှာကိုလည်း ပူရသည်။ အကယ်၍ သေနတ်မရလို့ သမီးကို ဓားစာခံခေါ်သွားမှာကို စိုးရိမ်မိခြင်းဖြစ်သည်။ ဘုရား... ဘုရား ...ထွက်မလာကြပါစေနဲ့။

"မောင်ကျော်ဒင် ...မင်းဦးလေးပြောသာ ယုံပါကွယ် ...အရီးတို့လည်း မသိရရိုး အမှန် ပါ ...အိမ်မှာ သေနတ်မတွေ့သာလည်း ကြာပါပြီ ...ငါဖြင့် ခေါင်းထဲတောင် မရှိပါ ဘူး ..မင်းပြောပြလိုက်ပါ"

BURMESE CLASSIC .com

ကျော်ဒင်က ခေါင်းကို ခါလိုက်သည်။ သည်ခေါင်းခါမှုက ဒေါ်ပန်းရုံပြောတာကို မယုံတာလည်း ဖြစ်နိုင်သည်။ ဂျပန်စစ်ဗိုလ်ကို မပြောချင် ဆိုသည့်သဘောလည်း ဖြစ်နိုင်သည်။ သို့သော် သူတို့အမူအရာတွေက သေနတ်မရလို့တော့ မပြန်လေဆိုသည့် မျက်နှာတွေ။ ဂျပန် စစ်ဗိုလ်က ထအော်လိုက်ပြန်တော့ ဦးသာထန်ကို တွဲထားကြသည့် မလှအုံနှင့် ဖိုးကူးတို့ပင် တုန်သွားကြလေ၏။ ကျော်ဒင်ကို ဂျပန်စကားဖြင့် မေးမြန်းသည်။ ကျော်ဒင်က ဘာပြန်ပြော သည်မသိ။ ဂျပန်စစ်ဗိုလ်က ခါးက ခြောက်လုံးပြူးကို ဆွဲထုတ်ပြီး ဦးသာထန့်နဖူးကို တည့် တည့်ကြီး ချိန်လေတော့သည်။ နဖူးကို ချိန်ထားရင်း အော်နေသည့်အသံက ဘီလူးသဘက် တစ်ကောင် ပြည်ဝင်ပြည်ထွက်ဆေးစည်းဖောက်သွားသည့်ပမာ သွက်သွက်ကြီးခါလျက်ရှိ၏။ ခြောက်လုံးပြူးကျည်ဆံက အချိန်မရွေး ထွက်သွားနိုင်သည်ဖြစ်လေရာ အားလုံး ငြိမ်သက်သွားခဲ့ ကြသည်။ အမှုပွဲစား ဂျပန်အလိုတော်ရိ ကျော်ဒင်ပင် ထိတ်ခနဲဖြစ်သွားခဲ့လေသည်။

ဒေါ်ပန်းရုံက ချက်ချင်းပင် ဂျပန်စစ်ဗိုလ်၏ သေနတ်ကိုင်လက်ကို ဆွဲကာ ဘေးကို ဖယ်ပစ်လိုက်သည်။ သို့သော် ဂျပန်စစ်ဗိုလ်က သန်မာလှသည်ဖြစ်ရာ ဒေါ်ပန်းရုံကို သေနတ်ကိုင် လက်ဖြင့် ရိုက်ချလိုက်လေသည်။ ဒေါ်ပန်းရုံ ပုံကျသွားသည့်အခါ မလှအုံ၏ ကြောက်လန့် တကြားအော်သံက ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့တော့သည်။ ဒေါ်ပန်းရုံမှာ မြေပေါ် ခွေခွေ ကလေး လဲကျနေကာ နားထင်က သွေးတွေ တတွေတွေ စီးကျနေလေပြီ။ ဂျပန်စစ်ဗိုလ်၏ ခံစားမှုမပါသည့် အေးစက်စက်မျက်နှာက သွေးအေးအေးဖြင့် ရက်စက်မည့်ပုံ ရှိနေခဲ့သည်။ ထူဝိုင်းဝိုင်းမျက်မှန်ထဲက မျက်လုံးမှေးမှေးသည် ဘာကိုမှ မမြင်ရသော ကြောင်တောင်ကန်း



လင်းနို့တစ်ကောင်ပမာ ဦးသာထန်ကိုသာ စိုက်စိုက်ကြီးကြည့်လျက်ရှိ၏။ ဂျပန်စစ်ဗိုလ်က လဲကျသွားသော ဒေါ်ပန်းရုံကို တစ်ချက်ကလေးလှည့်မကြည့်ဘဲ သူ့ခြောက်လုံးပြူးကို အပေါ် မြှောက်တင်လိုက်၏။ သည်တစ်ခါမှာတော့ ဦးသာထန် ဝတ်ထားသော ပင်ဖြူတိုက်ပုံအဟ ကြားက ရင်ဘတ် တည့်တည့်ကို ထောက်လိုက်ခြင်းဖြစ်၏။ ဂျပန်စစ်ဗိုလ်၏ နှုတ်ခမ်းတွေက တဆတ်ဆတ်လှုပ်လျက်ရှိရာ ထူထဲသော နှုတ်ခမ်းမွေးနှစ်ဘက်ကလည်း တဆတ်ဆတ်ခုန်လျက် ရှိနေလေ၏။ တောင့်တင်းလှသောလက်ကို ဆန့်ထားရင်းက အမှတ်စဉ် ရေတွက်နေသကဲ့သို့ တစ်စက္ကန့်ပြီးတစ်စက္ကန့် ကျော်ဖြတ်လျက်ရှိပါ၏။ ထိုစဉ်မှာပင် အိမ်တွင်း တိုင်ကပ်နာရီကြီး ဆီက မနက်ခင်း ဆယ်နာရီထိုးသံ ဆယ်ချက်သည် ဒင်ခနဲ ဒင်ခနဲ မြည်လာခဲ့သည်။

"ဒင်...ဒင်...ဒင်...ဒင်...ဒင်..."

ဖိုးကူး၏ ငိုသံက အီခနဲ ထွက်လာခဲ့သည်။ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ကြေကွဲ ဝမ်းနည်းခြင်း၊ ခိုကိုးရာမဲ့ခြင်း စသည့်ခံစားမှုများ ဖိစီးလာခဲ့ရာက ငိုလိုက်ခြင်းဖြစ်သည်။ ရက်စက်လှသော အနိဋ္ဌာရုံကို စက္ကန့်ပိုင်းအတွင်း မြင်လိုက်ရမှာကို မမြင်ဝံ့ မကြားဝံ့ ရှိနေခဲ့သည်။ မလှအုံက မြေပေါ်မှာ ထိုင်ချလိုက်ရင်း ဒေါ်ပန်းရုံကို ပေါင်ပေါ် ပွေ့တင်လိုက်သည်။ ကွဲသွားသော နဖူးစပ်က သွေးတွေ မြင်မကောင်းအောင် ထွက်နေတာကို လက်ဖဝါးဖြင့် သုတ်ပေးနေခဲ့သည်။ သွေးတွေ ပေကျံနေသော လက်ဖဝါးကို အင်္ကျီရင်ဘတ်မှာ သုတ်နေခဲ့သဖြင့် မလှအုံရင်ဘတ် တစ်ခုလုံး ချင်းချင်းရဲလျက်ရှိပါ၏။

သည်နေ့မှ ကိုဖိုးငွေနှင့် ဖိုးတုတ်တို့ သားအဖနှစ်ယောက်စလုံး ပဲလုံးတိုက်ရန် မနက် စောစောကပင် တောထဲ လှည်းဖြင့်ထွက်သွားကြပေရာ၊ သည်အချိန်ဆိုလျှင် တစ်ခေါက်ပြန်လာ ကာနီးကြပြီ။ မလှအုံမှာ လင်နှင့်သားအတွက် ပူမိရသည့်ကြားက သတိမရသေးသော ဒေါ်ပန်းရုံ အတွက် အပူကြီးပူနေရရှာသည်။ မြင်ကွင်းက မကောင်းလှပါ။ သူကြီး ဦးသာထန်ကတော့ ကူရောက်လာသော ဘေးဆိုးကို ရင်ဆိုင်တော့မည့်အသွင်ဖြင့် မျက်စိကို စုံမှိတ်ထားလိုက်ရှာသည်။ ပဲမှော်တိုက် ကြွက်လျှောက်တန်းမှာ သေနတ်ရှိသော်လည်း အိမ်မှာမရှိကြောင်း အကျောက်အကန် ပြောမိခဲ့ပြီ။ အခုမှ ရှိပါသည် ယူပေးပါမည် ပြောလိုက်ရင်ကော...။ တကယ်တော့ အင်္ဂလိပ်မင်း က သူ့ကို အသိအမှတ်ပြု ဆုချထားတာမို့ နှမြောသဖြင့် ဖွက်ထားမိခြင်းသာဖြစ်၏။ သေနတ်ကို ခင်တွယ်လှတာထက် ဂုဏ်ယူလိုခြင်းသက်သက်သာရှိပါ၏။ ဂျပန်စစ်သားနှစ်ယောက်ကပါ သေနတ်ကိုယ်စီဖြင့် ချိန်လျက်ရှိရာ စကားတစ်ခွန်းထွက်ရန်ပင် လည်ချောင်းတွေ အက်ကွဲနေသလို ခံစားနေရသည်။ အမှုပွဲစား ကျော်ဒင်ကတော့ သူမွှေးခဲ့သည့်မီး သူမငြိမ်းနိုင်တော့သလို တွေတွေကြီးရပ်နေလေသည်။

ထိုတဒင်္ဂကလေးမှာပင် ရိပ်ခနဲ လှုပ်ရှားသွားသော အရိပ်တစ်ရိပ်သည် အလွန်လျင်မြန် စွာ ကိုယ်ထင်ပြလိုက်သည့်ပမာ အားလုံး၏ရှေ့မှောက်ကို ရောက်ရှိလာလေ၏။ လက်ထဲမှာ ပြောင်းရှည် နှစ်လုံးပြူးသေနတ်ကို ကိုင်ရင်း ပေါ်လာခဲ့ခြင်းဖြစ်သည်။

မအိမ်ကံ...။

မအိမ်ကံက အမှုပွဲစား ကျော်ဒင်၏ လည်ချောင်းကို သေနတ်ပြောင်းထောက်လိုက်ရင်း မောင်းကွင်းထဲကို လက်ညှိုးထည့်ကာ ကွေးထားလိုက်သည်။ နည်းနည်းလောက် ညှစ်လိုက်ရုံဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ကျည်ဆံထွက်သွားရန်သာ ရှိတော့သည်။ ဦးသာထန်၏ ရင်ဘတ်ကို ချိန်ထားသော ဂျပန်စစ်ဗိုလ်၏ ခြောက်လုံးပြူးသေနတ်က မအိမ်ကံဘက်ကို လှည့်လိုက်သည်နှင့် တစ်ချိန်တည်း ဂျပန်စစ်သားနှစ်ယောက်၏ သေနတ်ရှည်ကြီးနှစ်လက်ကလည်း မအိမ်ကံဘက် ဆတ်ခနဲ ထိုးလှည့်လိုက်ကြသည်။

"မအိမ်ကံရေ..."

ငယ်သံပါအောင် အော်လိုက်သော မလှအုံ၏ အသံက ကျယ်ကျယ်လောင်လောင် ရူးရူးဝါးဝါးကြီး ထွက်ပေါ်လာခဲ့လေသည်။

■

(၂၂)

မအိမ်ကံကတော့ ဘာကိုမျှ ဂရုမစိုက်တော့ပြီ။ တဒင်္ဂအတွင်း မြင်လိုက်ရသော မြင်ကွင်းက ချောက်ချားစက်ဆုတ်ဖွယ် ကောင်းလှပေရာ ဖြစ်ချင်ရာဖြစ်တော့သဘောဖြင့် ကြွက်လျှောက်တန်းပေါ်က နှစ်လုံးပြူးကို ကောက်ယူလိုက်ပြီး ပဲမှော်တိုက်ပေါ်က ခုန်ချခဲ့ခြင်း ဖြစ်သည်။ ကျေးဥက လှမ်းတားလိုက်သေးသော်လည်း မရတော့ပါ။ ဆူပွက်နေသော သွေးတွေက မအိမ်ကံတစ်ကိုယ်လုံး ဒရောသောပါး ပြေးလွှားနေပါ၏။ မအိမ်ကံ မျက်စိထဲမှာ ဘာကိုမှလည်း မမြင်တော့။ ဖအေကို သေနတ်ဖြင့်ချိန်ထားသော ဂျပန်စစ်ဗိုလ်ထက် အမျိုးသစ္စာဖောက် အမှုပွဲစား ကျော်ဒင့်ကို မုန်းတီးလှစွာ နှစ်လုံးပြူးပြောင်းဝဖြင့် လည်မျိုကို ထောက်ထားလိုက်ခြင်းဖြစ်သည်။ ပစ်လိုက်ချင်လှသော်လည်း မီဘနှစ်ပါးနှင့် အသက်ချင်းလဲလိုက်ရမှာကိုတော့ မဖြစ်ချင်။ သည်တော့ သေနတ်ဖြင့် ထောက်ထားရင်းက ခပ်မာမာ အော်လိုက်သည်။

"ကျော်ဒင်...အမျိုးသစ္စာဖောက်...ဒါ နင့်အကြံတွေမဟုတ်လား...သည်လောက်လိုချင်သဲ့သေနတ် ယူသွားစမ်း...ငါ့အဖေအသက်နဲ့ လဲရလောက်အောင် တန်ဖိုးမရှိသဲ့သေနတ်...ခု ယူသွားစမ်း...နင်တို့လည်း ခုထွက်သွားစမ်း...တစ်သက် တစ်သက်ချင်း နင်နဲ့ငါ တစ်ကွေ့ တွေ့ကြသေးသာပေါ့ဟယ်..."

အမှုပွဲစား ကျော်ဒင်က မအိမ်ကံထက် အသက်အရွယ် ကြီးပါ၏။ မအိမ်ကံက နာကျည်းစိတ်ဖြင့် တမင် မလေးမစား ခေါ်ဝေါ်သုံးနှုန်းလိုက်ခြင်း ဖြစ်သည်။ ကျော်ဒင်က နှစ်လုံးပြူးသေနတ်ကို လှမ်းမြင်လိုက်ရသည့်အခါမှာတော့ ဂျပန်စစ်ဗိုလ်ကို ကမန်းကတန်း လှမ်းအော်လိုက်သည်။ ဂျပန်စစ်ဗိုလ်က မအိမ်ကံကို တစ်ချက်ပြူးကြည့်လိုက်ရင်း ချိန်ထားသည့် ခြောက်လုံးပြူးကို ချလိုက်သည့်အခါ ဂျပန်စစ်သားနှစ်ယောက်၏ သေနတ်တွေပါ ပုံမှန်ပြန်ဖြစ်သွားကြလေသည်။ ဂျပန်စစ်ဗိုလ်က မေးခွန်းတွေ မေးနေတာကို ကျော်ဒင်က ထစ်ထစ်ငေါ့ငေါ့ ကားလုံးရှာကာ ပြန်ပြောနေသည်။ ဂျမန်ဗိုလ်က ဘာတွေအော်လိုက်သည်မသိ။ ဂျပန်စစ်သား တစ်ယောက်က မအိမ်ကံလက်ထဲက နှစ်လုံးပြူးသေနတ်ကို ဆွဲယူလိုက်သည်။ ဂျပန်ဗိုလ်က ခြောက်လုံးပြူးသေနတ်ကို ခါးကြားထိုးပြီး ချာခနဲ လှည့်ထွက်သွားတော့ ဂျပန်စစ်သားနှစ်ယောက်ကလည်း တန်းခနဲ ထပ်ကြပ်မကွာ လိုက်သွားကြသည်။ ကျော်ဒင်က မအိမ်ကံကို တစ်ချက်လှမ်း

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်း လက်နှစ်ဖက်ကို ခါးမှာ စုံထောက်လိုက်၏။ မအိမ်ကံမှာ တစ်ကိုယ်လုံး ပေပွနေသည်။ ရက်ကန်းရုံ ရှင်းလင်းလက်စဆိုတော့ မျက်နှာပေါ်မှာ ပိုးမျှင်မည်းမည်းတွေ ခဲခဲလှုပ်ကာ မည်းသည်းနေပြီး ခေါင်းပေါင်းကြီး ဖြုတ်လာသဖြင့် ဆံပင်တွေက ဖရိုဖရဲနိုင်လှသည်။ ပဲမှော့်တွေကလည်း တစ်ကိုယ်လုံး ဆံပင်တွေပါမကျန် စုးဝင်နေသည်။ ဒါသကြောင့် မျက်နှာကလည်း ခက်ထန်မာကြောလွန်းလှပါ၏။

"ကျုပ် ခင်ဗျားတို့အားလုံးရဲ့အသက်ကို ကယ်လိုက်သယ်မှတ်ပါ…မအိမ်ကံကို စိတ်မနံ့သဲ့မိန်းကလေးပါလို့ ကျုပ်ရှင်းပြလိုက်ရသယ်…မအိမ်ကံရေ…နင်ပြောသလို တစ်ကွေ့တော့ တွေ့ကြရမယ်နဲ့ တူပါရဲ့…"

"ဟုတ်သယ်…ထင်းခွေရော ရေခပ်ရော ကြုံလိုက်စမ်းချင်လှသယ်…အပွေးခွဲ့ အခေါက်…အသားနဲ့အနှစ် ခွဲကြသေးသာပေါ့…"

ကျော်ဒင်က မအိမ်ကံကို မဲ့ပြုံးတစ်ချက်ပြုံးကြည့်ပြီး သုတ်သုတ်ပါအောင် ထွက်သွားတော့သည်။ ဂျပန်စစ်ဗိုလ်နှင့် ကျော်ဒင်တို့ ပြန်သွားတော့မှ သတိပြန်ရလာသော အမေပန်းရုံကို အိမ်ထဲ ပွေ့ယူခဲ့ကြရသည်။ ဦးသာထန်ကိုပါ အိပ်ရာပေါ် လှဲစေကာ ပြုစုကြရသည်။ အမေပန်းရုံ နဖူးအကွဲက သွေးမထွက်တော့သော်လည်း သွေးစေးတွေ စေးကပ်နေသည်။ မလှအုံက ရေနွေးဖြင့် သန့်စင်ပေးရင်း ဆေးမှုန့်သိပ်သည်။ ဒေါ်ပန်းရုံက တစ်ချက်ကလေးပင် မညည်းရှာပါ။ ရက်ကန်းထည်ရက်စသန့်သန့်ဖြင့် ခေါင်းကို ပတ်ပေးကာ အသာမှိန်းနေစေသည်။ ဦးသာထန်ကိုတော့ ပဲလုံးတိုက်ရာက ပြန်လာသော ကိုဖိုးငွေတို့သားအဖက ပြုစုပေးနေပါ၏။

"ကျုပ်တို့က ပြန်လာသာ ကြာပြီ . ရွာအနောက်ထိပ်ရောက်တော့ အိမ်မဝင်ကြနဲ့ဦး… ဂျပန်တွေ ရောက်နေသယ်ပြောလို့ လှည်းရပ်ပြီး စောင့်နေကြရသာ…ကျော်ဒင် တော်တော်ရက်စက်ပါလား လှအုံရာ …ကိုယ့်ရွာသူရွာသားချင်းကိုဟာ…"

"သြော်…ကျုပ်တော့ လိပ်ပြာကို စင်ရော ကိုရင်ရေ…ခုထိ ရင်ထဲ ဆိုးဆိုးဆတ်ဆတ်ကြီး…မအိမ်ကံ ထွက်လာတော့ ဂျပန်စစ်ဗိုလ်က ထိုးပစ်လိုက်ပြီမှတ်သာ…တော်ပါသေးရဲ့…ငါ့ညီမလေး သေကံမရောက်တော်…"

ကျေးဥကတော့ ပဲမှော့်တိုက်ပေါ်မှာတင် ကြောက်သေးတွေ ပါနေလို့ မနည်းဆွဲချယူရပါ၏။ ရွာထဲက လူတော်တော်များများ ရောက်လာကြကာ လူနာမေး သတင်းမေ မစဲတော့ပါ။ ဒါကလည်း ရွာခလေ့ပင်။ လူမမာမေး၊ အကျိုးအကြောင်းမေးလိုက်ကြရမှ ဝတ္တရားကျေတယ် အောက်မေ့တတ်ကြပါ၏။ အေးအေးသက်သာ နားကြပါစေ မရှိ။ အကြောင်းကိစ္စပေါ်လာသည်နှင့် ရွာရပ်က ရောက်လာကြမြဲဖြစ်သည်။ မေးကြ၊ မြန်းကြ၊ မှတ်ချက်တွေ ပေးကြ။ ကျိန်တဲ့သူက ကျိန်ဆဲကြတာလည်း ရှိပါ၏။ ဘယ်သူ ဘယ်ဝါလက်ချက်ဆိုတာလည်း ပါပါ၏။ အများကတော့ ကြီးတော်စံရွှေနှင့် အမှုပွဲစား ကျော်ဒင်ကို မည်းကြသည်။ ဂျပန်တက်ကတည်းက ဒင်းတို့နှစ်ယောက် ခြေချင်းလိမ်နေကြကြောင်း၊ ကျော်ဒင်က ရွာအုပ်ချုပ်ရေးမှူးလိုလို ဘာလိုလို လုပ်နေပြီး ကြီးတော်စံရွှေကတော့ လာသမျှ ဂျပန်ကို ဒိုင်ခံဧည့်ခံနေကြကြောင်းတွေလည်း ပါသည်။

ဒေါ်ပန်းရုံကတော့ အမှုပွဲစား ကျော်ဒင်ကို ကြံဖန်ပြီး ကျေးဇူးတင်နေခဲ့ပါ၏။ သူက မအိမ်ကံကို စိတ်မနံ့သူပါ ပြောလိုက်သဖြင့် အသက်ချမ်းသာရာရသွားခဲ့တာမဟုတ်လား။



မအိမ်ကံကတော့ ကျော်ဒင်ကို အခဲမကျေနိုင်ဘဲ ရှိပါ၏။ သူမတစ်သက်လုံး မိခင်နှင့်ဖခင်ကို ရွာက တရိုတသေ ရှိခဲ့ကြတာကိုပဲ မြင်ခဲ့ ကြားခဲ့ တွေ့ခဲ့ရသည်။ အခုတော့ မိဘနှစ်ပါးကို ကိုယ်ထိလက်ရောက် လာစော်ကားတာကို မျက်မြင်ကိုယ်တွေ့..မြင်လိုက်ရတာမို့ အသည်းကို အပ်နှင့်ဆွလိုက်သကဲ့သို့ပင် နာကျည်းခံပြင်းနေမိသည်။

သူကြီး ဦးသာထန်ကတော့ အိုကြီးအိုမ အရွယ်ရောက်ကာမှ ကိုယ်ထိလက်ရောက် စော်ကားခံရလေခြင်းဆိုသည့်စိတ်နှင့် အိပ်ရာထဲ လဲလေတော့သည်။ အတော်ကလေး ခံစားလိုက်ရပုံရပါ၏။ ဘယ်သူ့ကိုမှ စကားဟဟမပြောတော့ဘဲ အိပ်ရာထဲမှာပဲ အနေများခဲ့သည်။ နောက်နှစ်ရက်လောက်အကြာမှာတော့ ကိုဖိုးငွေက သတင်းတစ်ခု သယ်ဆောင်လာခဲ့သည်။ ထိန်ကုန်းသူကြီး ဦးဘဆယ်ကို သူ့ရွာမှာ ဂျပန်အသတ်ခံလိုက်ရသည်ဆိုသည့်သတင်း ဖြစ်ပါသည်။ ထိန်ကုန်းသူကြီး ဦးဘဆယ်က သေနတ်ကို မအပ်နိုင်ကြောင်း ငြင်းဆန်ရာမှ ဂျပန်စစ်ဗိုလ်က လက်ပြန်ကြိုးတုပ်စေပြီး သူကြီးဝိုင်းတိုက်ထဲမှာပဲ အမျိုးမျိုးနှိပ်စက်ခဲ့ကြောင်း၊ နောက်ဆုံးမှာ ပစ်သတ်လိုက်ကြောင်းတွေပါ ကြားခဲ့ရသည်ဆို၏။

ရက်စက်လှသော သတင်းစကားကို ဦးသာထန် မကြားစေချင်။ ထိန်ကုန်းသူကြီး ဦးဘဆယ်က သူကြီးဦးသာထန်နှင့် ခင်မင်ရင်းနှီးရုံမက သူ့ရွာကိုယ့်ရွာ အကျိုးအကြောင်း အဆက်အသွယ်ပြုနေကျ။ အင်္ဂလိပ်ပေးခဲ့သည်ဆိုသော သေနတ်တွေကို လိုက်သိမ်းနေတာကို မပြောသာသော်လည်း သည်လောက်အထိ ပြုရက်ကြလိမ့်မည် မထင်ခဲ့ကြ။ ရွာတွေမှာ ဂျပန်တွေက နွားဆွဲ၊ ကြက်ဆွဲ လုပ်နေကြသည်။ လိုချင်စရာရှိလျှင် အတောင်းအရမ်းမရှိဘဲ လုငင်တတ်ကြသည်။ ရွာမိန်းကလေးတွေကို ဆွဲချင်လွဲချင်ကြတာကိုလည်း ကြားနေရပါ၏။ မအိမ်ကံနှင့် ကျေးဥလည်း ရွာထဲက ရွာပြင် မထွက်ကြတော့ဘဲ ရက်ကန်းရုံထဲမှာ အနေများကြတော့သည်။ အထည်တွေကိုတော့ ကိုဖိုးငွေတို့ သားအဖနှင့် သူကြီးတပည့်များက သွားပို့ပေးကြသည်။

တစ်ရက်မှာတော့ အဖေဖြစ်သူကို ဆန်ပြုတ်ခွံ့ရင်း မအိမ်ကံ စကားတွေ ပြောနေခဲ့ပါ၏။ ဦးသာထန်က ရောဂါကြီးကြီးမားမားမရှိဘဲ စိတ်ဓာတ်တွေ ပြိုဆင်းနေပေရာ၊ မအိမ်ကံက မကြာခဏဆိုသလို ဖခင်ကြီး စိတ်သက်သာရာရကြောင်း စကားတွေ လာလာပြောတတ်သည်။ အခုလည်း မအိမ်ကံက အဖေ့အနား ရောက်လာခဲ့ခြင်းဖြစ်ပါ၏။

"အဖေ . နေကောင်းရဲ့လား…"

"ကောင်းပါ့ သမီးရယ်…အဖေ့ကို မပူပါနဲ့အေ…ခေတ်အခါက…"

"ခေတ်အခါတွေ ဘာတွေ တွေးမနေပါနဲ့အဖေရယ်…အဖေ နေကောင်းအောင်သာ နေပါ…အဖေတို့ အမေတို့ နေကောင်းထိုင်သာရှိဖို့ထက် တခြား ဘယ်ဟာမှ အရေးမကြီးဘူးနော် အဖေ"

ဦးသာထန်က သမီးဖြစ်သူကို လှဲနေရင်းက ပြုံးကြည့်နေသည်။ အဖေပြုံးတာ မြင်ရတော့ မအိမ်ကံ ဝမ်းသာရပါ၏။ အဖေ စကားမပြောတာ ကြာပြီ။ ကျော်ဒင်လည်း ရွာက ပျောက်သွားတာ ကြာပြီဆိုတော့ ရွာမှာ ဆိုးဆိုးဝါးဝါး ဘာမှမကြားရတော့။ အဖေကတော့ ကျော်ဒင်ကို အံ့သြနေသည်။ ဂျပန်ဝင်လာပြီး မကြာခင်မှာပင် ဂျပန်စကားကို ပတ်ရေနပ်ရေ မဟုတ်သော်မှ ပြောနိုင်သလောက် လိပ်ပတ်လည်အောင် ပြောတတ်တာကို အံ့သြနေခြင်း ဖြစ်သည်။ ဂျပန်စစ်ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com

ရိုက်လိုက်သည့်ဒဏ်ကြောင့် ဦးသာထန်မှာ ရှိသမျှသွားကလေး ငုတ်စိတွေ ပြုတ်ထွက်ကုန်သည်အထိ ပြင်းထန်ခဲ့သည်ဖြစ်ရာ၊ မအိမ်ကံကလည်း တွေးမိတိုင်း တစ်ဆစ်ဆစ် နာကျင်လျက်ရှိရပါ၏။

"ကျော်ဒင်ကတော့ ဓောင်ချမ်းကုန်းက ခွာပြီး တခြားရွာတွေများ ဒုက္ခသွားပေးနေရော့လားကွာ..."

အဖေကတော့ တစ်ခါတစ်ရံ သူလို ဒုက္ခရောက်ကြမှာကို စိုးရိမ်သလို ပြောနေတတ်တာကိုလည်း မအိမ်ကံ ကြားနေရသည်။ အမေပန်းရုံကတော့ စိတ်ကူးတစ်မျိုးရှိပုံရသည်။ မအိမ်ကံကိုပဲ အရိပ်တကြည့်ကြည့် ပိုရှိလာခဲ့ပါ၏။ တစ်ရက် အဖေအိုကြီးကို မအိမ်ကံ နှိပ်နယ်ပေးသခိုက် အမေပန်းရုံ အနားကို ရောက်လာခဲ့သည်။ ထိုနေ့က မလှအုံတို့တစ်တွေ တောထဲက စိုက်ခင်းတွေဘက် သီးနှံသိမ်းသွားကြသည်။ အရီးကြာညွန့်နှင့် ကျေးဥတို့သားအမိကတော့ ရက်ကန်းရုံထဲမှာ။

"ငါ့သမီးကို အမေ စကားပြောချင်လို့ ကြည့်နေသာ...ညည်းအဖေ နေကောင်းပြီဆိုတော့ ပြောရမယ့်စကား ပြောရတော့မှာပဲ...ညည်းအဖေကိုလည်း တိုင်ပင်ပြီးပါပြီလေ..."

"ပြောပါအမေ...မအိမ်ကံအကြောင်း ပြောစရာရှိလို့လား"

"အေးပေါ့ သမီးရယ်...ဆံထုံးတစ်ထောင် သျှောင်တစ်လုံး ဆိုသာလိုပဲ...မိန်းမသားဆိုသာ ဂရုမစိုက်ရင် အမှိုက်အဖတ်တင်သာမျိုး မဟုတ်လား"

အမေ စကားတွေခံနေတာကို မအိမ်ကံ နားမလည်လှသော်လည်း အရေးတကြီးစကားရှိလို့သာ သည်လိုပြောနေမှန်း ရင်နှင့်ခံစားလိုက်မိပါ၏။ အဖေ့ကိုကြည့်တော့လည်း အဖေကမျက်စိတွေ မှိတ်ထားသည်။ အမေပန်းရုံက စကားတွေ ဆက်ပြန်လေသည်။

"လိုရင်းပြောရရင် သမီးကို အမေတို့ အိမ်ထောင်ချပေးချင်သယ်...တလောဆီကဖြစ်ပျက်ခဲ့သာတွေဟာ ရတနာသုံးပါး ဂုဏ်တော်ကြောင့်သာ သေကံမရောက်ခဲ့ကြရသာ မဟုတ်လား...အခုက ကာလဆိုးကြီးရယ်...ဆင်ဝန်မင်းအရိပ်နဲ့ ဖောင်ဆိပ် ဓားပြတိုက်ကြသာတွေ ကြားနေရတော့ အဖေနဲ့အမေက သမီးအတွက် ပူသယ်..."

"ဩော်...အမေရယ်...မအိမ်ကံ..."

"အေးပါ...အမေတို့ဖြစ်ချင်သာကို ပြောထားသာပါ...ဘယ်သူဘယ်ဝါရယ်လို့လည်း မရည်မှန်းရသေးပါဘူး...သို့ပေသဲ့ ငါ့သမီး သည်ကိစ္စ ရှိနေသယ်လို့တော့ သိစေချင်သယ်...လူကလေးများ ပြန်လာရင် သည်ကိစ္စ သူ့လည်း ပြောရမှာပေါ့အေ..."

အစ်ကိုမောင်မြတ်သာ ပြန်လာရင် မအိမ်ကံကို အိမ်ထောင်ချဖို့ကိစ္စ ပြောကြမှာတဲ့လား။ အစ်ကိုကဖြင့် ပြောပြီးပါပြီ အမေရယ်လို့ မအိမ်ကံ ပြန်ပြောချင်လှသည်။ ပြောသာပြောရတာပါလေ။ အဖေတို့ အမေတို့ စိုးရိမ်မယ်ဆိုရင်လည်း စိုးရိမ်စရာ ကောင်းလှပါရဲ့။ ဂျပန်စစ်ဗိုလ် ဝင်လာသည့် နေ့ကအကြောင်းတွေ ပြန်တွေးမိတိုင်း မအိမ်ကံ ရင်တွေ တဒိန်းဒိန်းခုန်ခဲ့ရသည်။ အဖေနှင့်အမေ လဲနေသည့်ရက်တွေတုန်းက မမစိမ်းမြ လာရောက်ကူညီခဲ့သည်။ မမစိမ်းမြက သူ့ရက်ကန်းရုံကိုပင် ပစ်ထားခဲ့ကာ လာစောင့်ရှောက်ခဲ့ရှာပါ၏။ အစ်ကို့ကိုလည်း အနွံရာယ်ကြားက ကဲ့ပေး ဝှက်ပေးခဲ့သည်။ တစ်ညမှာ ကျေးဥက မဝံ့မရဲ စကားတစ်ခွန်းပြောခဲ့တာ မအိမ်ကံ မှတ်မိနေသည်။ မမစိမ်းမြကို ရွာက အစ်ကိုမောင်မြတ်သာနှင့် တစ်မျိုးထင်နေကြသတဲ့။ ကြားစကတော့ "မဟုတ်နိုင်ပေါင် ကျေးဥရယ်...အစ်ကိုနဲ့ မမစိမ်းမြ အဝေးကြီးပါအေ" လို့ပင် ငြင်းခဲ့သေးသည်။ မိဘမောင်နှမချင်းပင် အတွေ့အထိ နည်းပါးရသူ အစ်ကိုနှင့် မမစိမ်းမြ ဘယ်လိုမှ မေတ္တာ'ရည်'စရာ အကြောင်းမရှိ။ မမစိမ်းမြတစ်ယောက် မအိမ်ကံတို့အိမ်အဝင်အထွက်များတာနဲ့ပဲ ရွာက ထင်ကြရော့လား။ ဟုတ်တယ်ပဲဆိုပါဦးတော့။ မအိမ်ကံအဖို့ ဝမ်းသာရမည်သာ။ မမစိမ်းမြက မိန်းမပီသသည်။ ရုပ်ရည်ချောမောသည်။ အကျင့်စာဂကလည်း ပြောစရာမရှိ။ သို့သော်လည်း သည်ဘက်ရက်တွေမှာ အဖေနှင့် အမေကို မမစိမ်းမြ လာလာပြီးပြုစုပေးတာတွေ ရှိလာတော့ မအိမ်ကံကိုယ်တိုင်ပင် ဟုတ်များနေရော့လား တွေးမိရပြီ။





"မြေညှိတော့ တုံးမညီ...တုံးညှိတော့ မြေမညီ မဖြစ်ရအောင်ပေါ့သမီးရယ်...သမီးကို အမေတို့ စိတ်ချလက်ချ ရှိချင်သာပါပဲ...ကျေးဥကိုလည်း ဖိုးတုတ်နဲ့ နေရာချထားပေးဖို့ မကြာညွန့်ကို အမေတို့ နားဖောက်ပြီးကြပြီ...သမီးလည်း စဉ်းစားပါဦး...အမေပြောချင်သာ သည်လောက်ပါအေ..."

အမေပန်းရုံကတော့ သည်လောက်ပဲ ပြောရှာပါ၏။ အမေပန်းရုံ ထသွားတော့ မအိမ်ကံလည်း ထလာခဲ့သည်။ အဖေ့ကို ရက်လွန်းလှ၍ဖြစ်သည်။ အဖေကတော့ အိပ်၍ပင် ပျော်နေလေပြီ။ သည့်နောက်ပိုင်းရက်တွေမှာတော့ မအိမ်ကံ အတွေးတွေ များခဲ့ရသည်။ သည်အမိ သည်အဖနှင့် တစ်သက်လုံး နေရဖို့ဆိုတာကို မအိမ်ကံ မမျှော်လင့်စကောင်းမှန်းလည်း သိပါ၏။ ငယ်ရွယ်သူ မိန်းမသားပီပီ မေတ္တာခေတ်ကလေး 'ပွင့်'ချင်ချင်ဖြစ်မိတာလည်း မှန်ပါ ၏။ သို့သော် မအိမ်ကံ၏ အတွင်းစိတ်တစ်စိတ်က ကလေးတစ်ယောက်လို နေချင်တာလည်း ရှိနေသည်။ အခုပဲကြည့်လေ။ အစ်ကို မောင်မြတ်သာက မမစိမ်းမြနှင့် ဘာလိုလိုတဲ့။ ကျေးဥနဲ့ ဖိုးတုတ်လည်း စုံဖက်ကြတော့မည်တဲ့။ သာအောင်နှင့် ရွှေမှုံကတော့ကော...။ မင်္ဂလာပွဲကြီးတောင် ကျင်းပပြီးခဲ့ကြပြီ။ သီတင်းကျွတ် လပြည့်ကျော်တုန်းက သူတို့နှစ်ယောက် မင်္ဂလာပွဲကို မအိမ်ကံ ရောက်ဖြစ်အောင် ရောက်ခဲ့သည်။ မာနစိတ်ကလေးဖြင့် မအိမ်ကံကိုယ်တိုင် မျက်နှာသွားပြခဲ့ခြင်းဖြစ်သည်။ ရွာမျက်နှာကြီး မင်္ဂလာပွဲဆိုတော့ စည်လှသည်။ အဝေးရွာတွေကလှည်းတွေပင် လာကြတာ မနည်းလှ။ အသားဝါချော မအိမ်ကံက မြို့ထည် ပိုးချိတ်အဝါရောင်နှင့် ရှန်ဝါကလေး ဝတ်ထားသဖြင့်လည်း စိုပြေပြေ နဂိုအသားအရေပင် ဝင်းအိနေခဲ့သည်။ သတို့သမီး ရွှေမှုံပင် မအိမ်ကံကြောင့် မှိန်သွားခဲ့ရသည်။ ကြီးတော်စံရွှေကပင် မအိမ်ကံ ရောက်လာခြင်းကို တစ်ဂုဏ်လုပ်နေခဲ့သေးသည်။ အညိုးတွေ အတေးတွေ မရှိတော့လေဟန် ဆက်ဆံနေသော်လည်း မအိမ်ကံက လုံးလုံးကြီး ယုံရဲခဲ့တာမဟုတ်။

ဘာပဲဖြစ်ဖြစ် ခုတော့လည်း မအိမ်ကံမှာ ခူးတော့ သခွား၊ စားတော့ ဖရုံ ဖြစ်နေရတာမဟုတ်လား။ ထိုရက်တွေက မအိမ်ကံ မပျော်လှပါ။

■

ထိုနေ့က အိမ်ရှေ့မှာ ကျီးတွေ အာနေသည်။ ကျီးတွေက တစ်ပြိုင်တည်းလိုလို အော်နေကြခြင်းဖြစ်သဖြင့် အသံသာလျှက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"အာ့…အာ့…အာ့…"

မအိမ်ကံတို့အိမ်က သစ်ကြီးဝါးကြီးတွေ ရှိသဖြင့် ငှက်တွေ အနေများပါသည်။ မလှအုံက ဆွမ်းတော်စွန့်ရန် ခုံကလေး ရိုက်ထားတော့ ရှဉ့်တွေ တရုန်းရုန်း လာစားကြတာလည်း ရှိပါ၏။ ဒုတိယဝါဆိုလကွယ်နေ့ ဥပုသ်ဆိုတော့ မအိမ်ကံနှင့် ကျေးဥက ဘုန်းကြီးကျောင်းကို ဆွမ်းပို့ရန် ပြင်ဆင်ထားကြရင်း ကျီးသာသံ ကြားလိုက်ရတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ပြုံးဖြစ်ကြသည်။ ကျီးတွေက အသံသာလွန်းလှတာမို့ ရွှေဧည့်သည်များ လာလေ မလား။ ငွေဧည့်သည်များ လာလေမလား။

"ကိုကြီးမြတ်သာရော…ဆရာလေး ကိုပြေသိမ်းရော ပေါ်မလာသာ ကြာပြီနော် မအိမ်ကံ"

"အစ်ကိုကတော့ ပျဉ်းမနားမှာသဲ့…ကိုပြေသိမ်းကတော့ မိန်းမများ ရနေသလားမှ မသိသာအေ…"

မအိမ်ကံ အငေါ်တူးတာကို ကျေးဥက ရယ်သည်။

"ဟုတ်ထင်ပေါင်အေ…ကိုပြေသိမ်းက တောသူ ယူမှာပါ…"

"ညည်း ဘယ်လင်က ပြောလို့တုံး"

"သိပ့်ါအေ…"

ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ကိုပြေသိမ်း မလာတာ နှစ်ဝက်ကျိုးတော့မည်။ ဘာတွေလုပ်လို့ ဘယ်တွေရောက်နေတာမှန်းလည်း မသိ။ ပက်ကျိ လမ်းသွားသလို အစေးအမျှင်ကလေး ထားခဲ့တာကလွဲလျှင် နောက်ထပ် လူမလာ စာမပါး အနေများ ကြာခဲ့လေပြီ။ နေနိုင်သူက နေနိုင်မှတော့ မအိမ်ကံက မိန်းကလေးပါရှင်ရေ့…။ ခင်ပုတ်က ပျံမှတော့ ဘုတ်ကလည်း ပျံရတော့မပေါ့။ ပြောသာပြောရတာပါလေ မိန်းကလေးဆိုတာ စိတ်ကလေးရှိတော့ ကိုယ်ကြွ စိတ်ကလေး လေတော့ ကိုယ်ပါနောက်ရသည့်အဖြစ်။ လွမ်းတာတောင် ရဲရဲမလွမ်းဝံ့။ နဖူးပေါ်က လိပ်ခွေဆံပင်၊ ပြုံးရိပ်ရိပ်မျက်နှာ၊ ကြည်ကြည်သန့်သန့် ကိုယ်မူကလေးရှိသော ကိုလူပျို့ကို လွမ်းသော်လည်း မဆိုင်သေးတော့လည်း မပိုင်သာ။ မလှအုံက ဆွမ်းရပြီဟေ့ဆိုတော့မှ အိမ်ပေါ်က ဆင်းလာခဲ့ကြသည်။

ရင်ဖုံးလက်ရှည်ကလေးနှင့် ရက်ကန်းထည် ပတ်လည်စင်းကလေး ဝတ်ထားတော့လည်း မအိမ်ကံက ယဉ်ပါ၏။ ဘုန်းကြီးကျောင်းသွားတာဆိုတော့ ဖျင်တဘက်ကလေးတစ်ထည် လည်မှာသိုင်းကာ သနပ်ခါးရေကြဲကလေးဖြင့်သာ ထွက်လာခဲ့သည်။ ကျေးဥက ဆွမ်းအုပ်ကို ရွက်သည်။ မအိမ်ကံက နှီးယွန်း လက်ဆွဲဟင်းချိုင့်ကိုဆွဲကာ ကျောင်းဘက် လျှောက်ခဲ့ကြသည်။ ဆရာတော်ကြီးပင် သက်တော်ရလှပြီ။ မာတုန်း ချာတုန်း။ အဖေ့ထက်ကြီးသော်လည်း အဖေ့ထက် ဖျတ်လတ်တော်မူသည်။ စကားပြောတော့လည်း 'လေ'မာသည်။ မအိမ်ကံက ဆွမ်းလက်ရောက်ကပ်တော့ ဆရာတော်ကြီးက မိန့်သည်။

"မအိမ်ကံ…နင့်မိဘများ နေကောင်းကြရဲ့လား…ဘယ်သူ့ကိုမှ စိတ်မစွဲနဲ့လို့ ပြော လိုက်…အကြောင်းပါရင် ဖယ်လို့မရဘူး…တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင် ဝဋ်ကြွေး မကင်းခဲ့ဘူးကွယ့်…အကုသိုလ် မဆက်စေနဲ့တော့…သံသရာ အပါမခံနဲ့ တော့…ကြားလားဟဲ့…"



"ကြားပါ့ဘုရား…တပည့်တော်မ ပြောလိုက်ပါ့မယ်ဘုရား…"

"မောင်ဉာဏ်…ဆွမ်းလှယ်လှည့်…"

"တပည့်တော်မတို့ လှယ်ခဲ့ပါ့မယ်ဘုရား…"

"အေး အေး…လှယ်ချေ"

မအိမ်ကံတို့ ကျောင်းနောက်ဖေးဆောင်မှာ ဆွမ်းတွေလှယ်ကြသည်။ ကျောင်းသားကြီး မောင်ဉာဏ်က ပန်းကန်တွေ ချပေးတာကို မအိမ်ကံက ဆွမ်းဟင်းတွေ အလိုက်သင့်လှယ်ပါသည်။ ဆွမ်းချိုင့်နှင့် ဆွမ်းအုပ်ကို မ,လာခဲ့ကြတော့ ဆရာတော့်ရှေ့မှာ လူတစ်ယောက် ဝတ်ဖြည့်နေသည်။ မအိမ်ကံတို့ကလည်း အမှတ်တမဲ့။ ဆရာတော်ကို ဝတ်ဖြည့်ဖို့ ထိုင်လိုက်တော့မှ…။

"ဟယ်…ကိုပြေသိမ်း"

ကိုပြေသိမ်း…။ မအိမ်ကံ ဘယ်လိုမှ မထင်မှတ်ထားပါ။ အထူးသဖြင့် ဘုန်းကြီးကျောင်းကို တကန်တက လိုက်လာလိမ့်မည်လို့လည်း မထင်။ မအိမ်ကံက ဘုရားရုပ်ပွားတော်နှင့် ဆရာတော်ကို ကပျာကယာ ဝတ်ပြုလိုက်ရတော့သည်။ ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာမိရပါ၏။ အမျှော်ကြီးမျှော်ရသူရယ်…။ လာမယ့်လာတော့လည်း ဆိုက်ဆိုက်ကြီးပါလား။ ပျံလေတဲ့ငှက်ခါး တစ်ခါလာနားပြန်ပါပကော…။

"ခုပဲရောက်တာ မအိမ်ကံရဲ့…အမေပန်းရုံတို့က ဘုန်းကြီးကျောင်း ဆွမ်းပို့သွားကြတယ် ပြောတာနဲ့ ဆရာတော်ဘုရား ကန်တော့ရင်း လိုက်လာတာ…"

မအိမ်ကံက ဆရာတော်ကို ကိုပြေသိမ်းအကြောင်း ပြောပြသည်။ ဆရာတော်က နိုင်ငံရေး၊ တိုင်းရေးပြည်ရေး အကြာအနာရှိရုံမက မြို့က သတင်းစာဟောင်းတွေ အမြဲဖတ်တော်မူသူ မဟုတ်လား။ ကိုပြေသိမ်းအကြောင်း သိလိုက်ရတော့ ဝမ်းသာတော်မူသည်။

"တလောက ကြည်တော်ကုန်းဘက်မယ် ကျောင်းပြန်ဖွင့်တော့မလိုလို ကြားသာ မင်းတို့ပဲလား…"

"တင်ပါ့…တပည့်တော်တို့ပါဘုရား…အင်္ဂလိပ် မူလတန်းပညာရေးဥပဒေက ခွင့်ပြုလို့ တပည့်တော်တို့ အကောင်အထည်ဖော်ဖို့ လုံးပမ်းကြတုန်း အင်္ဂလိပ်က ဆုတ်သွားတော့ ကျောင်းကိစ္စလည်း ရပ်သွားရတာပါဘုရား…အခုက ဂျပန်က အရှေ့အာရှတိုက် လူငယ်များအစည်းအရုံးဆိုတာကို သည်ဘက်ရက်တွေထဲမှာပဲ ဖွဲ့ခွင့်ပြုလို့ တစ်ခါ ပြန်ဖွင့်ခွင့်ရပါပြီ ဘုရား…"

"အရှေ့အာရှတိုက် လူငယ်များအစည်းအရုံးဆိုသာက ဘာတုံး…ဘယ်သူ့လူတုံး…"

"ဂျပန်ကတော့ ပါတာပါပဲဘုရား…မြန်မာလူငယ်တွေက ရည်ရွယ်ချက်တစ်ခုနဲ့ ဗလငါးတန် ဖွံ့ဖြိုးရေးအကြောင်းပြုပြီး ဖွဲ့လိုက်ကြတာပါဘုရား…ဥက္ကဋ္ဌက ပုဂံဦးဘဂျမ်းပါတဲ့ ဘုရား…"

"ရန်ကုန်မြို့မှာ ဖွဲ့ကြသာလား…"

"တင်ပါ့ဘုရား…ရည်ရွယ်ချက်ကတော့ စာသင်ကျောင်းတွေ စာဖတ်ခန်းတွေ ဖွင့်ဖို့… ဟောပြောပွဲတွေ စကားရည်လုပွဲတွေ ကျဘမ်းစကားပြောပွဲတွေလုပ်ကြဖို့…ကိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com

သင်ကြဖို့…အားကစား လိုက်စားကြဖို့ကအစ ရပ်ကျိုးရွာကျိုး ရေတွင်းရေကန် ဆယ်တာအထိ ပါပါသဘုရား…"

"ကောင်းလှသကွယ်…ဒေါက်တာဘမော်က ခွင့်ပြုသာပေါ့ ဟုတ်ကဲ့လား…"

"ခွင့်ပြုပါသဘုရား…ဂျပန်ကလည်း စစ်အောင်နိုင်ရေးအင်အားလို့ သဘောထားလို့ ဖွဲ့ခွင့်ရတာပါဘုရား…သို့သော်လည်း လူငယ်တွေက ရည်ရွယ်ချက်ရှိကြပါသဘုရား"

"မင်းက ဘာတာဝန်လဲ"

"စည်းရုံးရေးမှူးပါဘုရား…"

ဆရာတော့်ကျောင်းက ဆင်းတော့ ကျောင်းလှေကားမှာ မအိမ်ကံက ကိုပြေသိမ်း ချွတ်ထားခဲ့သော ဖိနပ်ကို အလိုက်သင့် နေရာချပေးသည်။ ကျေးဥက ဆွမ်းအုပ်ကို ရွက်ရင်း ရှေ့က သွားနှင့်ပြီ။ ကိုပြေသိမ်းနှင့် မအိမ်ကံ စကားတွေပြောရင်း နောက်က လိုက်ခဲ့ကြသည်။ မအိမ်ကံ ရင်တွေခုန်နေရပြီ။ လာတော့လည်း ဝမ်းသာရတာပဲမဟုတ်လား။ ကိုပြေသိမ်းက မအိမ်ကံ တို့အိမ်ကိုဝင်တော့ ဘုန်းကြီးကျောင်း သွားကြတယ်ပြောကတည်းက ဟန်ပင်မဆောင် နိုင်တော့ဘဲ မအိမ်ကံကို တွေ့ချင်လွန်းလို့ ထင်ချင်သလို ထင်ကြရော့ သဘောပိုက်ကာ လိုက်လာရကြောင်းတွေ ပြောလာခဲ့သည်။ မအိမ်ကံကတော့ ရှက်ပြုံးကလေး ပြုံးထားလိုက် ရပါ၏။ မအိမ်ကံကို တွေ့ချင်လွန်းလှလို့တဲ့လား။ နတ်လမ်းရှည်ကြီးထဲ ရောက်လာခဲ့ကြပြီ။

"မအိမ်ကံကိုတော့ ခေါင်းထဲ ရှိသားပါလား ကိုပြေသိမ်းရယ်…မေ့များသွားပြီလားလို့ ပါရှင်…"

"မမေ့ရပေါင်ဗျာ…ရန်ကုန်ဘက် သွားနေရတာလေ…မအိမ်ကံတို့ရွာတွေဘက်ကျ အောင် ဆရာကြီး ဦးဘခင်တို့ကပဲ ရန်ကုန်လွှတ်ပြီး စီစဉ်ခိုင်းလို့ သွားရတာပါ…အခု တော့ ကျောင်းဖွင့်ခွင့်ပါရလို့ ဝမ်းသာမိတယ်…မအိမ်ကံကကော သတိရလို့လား…"

မအိမ်ကံက ချက်ချင်းမဖြေ။ မျက်နှာကလေးက ပြုံးထားသော်လည်း မျက်ရည်တွေ ဝဲခဲ့ပြီ။ ရင်ထဲမှာ စကားတွေ ရှိသော်လည်း မိန်းကလေးဆိုတော့ စကားလုံးတွေ ရွေးရပါ၏။ မအိမ်ကံကကော သတိရလို့လားတဲ့။ မယူလိုက်ရင် လ,မိုက်တယ်လို့ ဆိုရော့မည်။ ယူလိုက် ပြန်ရင် လ,ကြိုက်တယ်လို့ ဆိုရော့မည်။ ဆေးတံတို တစ်ညှိလောက် ရော့သောက်တော့ ပေးနေပြီ မဟုတ်လား။

"ချုပ်နေကျ အပ်များမတော့ သံချေးမတက်အားဘူးပေါ့ ကိုပြေသိမ်းရယ်…မအိမ်ကံ တို့မှာက မချုပ်ရသဲ့အပ်ပါ…သံချေးတွေနဲ့ပါ…"

ရည်းစားများတဲ့လူကျတော့ အလွမ်းမနာတတ်ပေမယ့် တစ်ယောက်တစ်ရည်းစား မှာတော့ အလွမ်းနာရပါ၏ ဆိုသည့်သဘော ပြောလိုက်ခြင်းဖြစ်ပါ၏။ ကိုပြေသိမ်းကလည်း နားလည်ပုံရသည်။ မအိမ်ကံကို တစ်ချက်ငုံ့ကြည့်သည်။ ကျောင်းနှင့်ရွာအဝင်က လှမ်းသော်လည်း ရွာရိပ်ဝင်တော့မည်။ ကလေးတွေက ကျောင်းနတ်လမ်းအဖျားဆီက သစ်ရိပ်မှာ ဆော့ကစား နေကြပါ၏။ နတ်လမ်းရှည်ကြီးက ရှေးဟောင်းနတ်လမ်းကြီးဖြစ်သည်။ နတ်လမ်းအခန်း တစ်ခန်းချင်းမှာ ကုသိုလ်ကောင်းမှုရှင်တွေ နာမည်ရေးထိုးထားသည်။ ရှေးက နာမည်တွေ အချို့ ပြင်ဆင်ထားသည့်နေရာတွေမှာတော့ ရွာက နာမည်တွေလည်း တွေ့ရသည်။ ကိုပြေသိမ်း



က နတ်လမ်းပေါ်က နာမည်တွေကို လိုက်ဖတ်ရင်း စကားမပြန်ဘဲ ရှိနေခဲ့သည်။ နတ်လမ်း တစ်လျှောက် လူသူမရှိ။ ကစားနေကြသည့် ကလေးတွေနှင့်လည်း ဝေးသေးသည်။ ကိုပြေသိမ်း က အတူလျှောက်ကြရင်း မအိမ်ကံလက်ကလေးကို လှမ်းကိုင်လိုက်သည်။ အို…ရွာက တွေ့မှ ဖြင့်။ မအိမ်ကံက မသိမသာ ရုန်းသည်။

"ကျွန်တော်တော့ နတ်လမ်းထဲမှာပဲ ပြောချင်တဲ့စကား ပြောတော့မယ်…ကျွန်တော် မအိမ်ကံကို မေတ္တာရှိနေပါပြီ…ကျွန်တော့်ကို ယုံပါတော့…မြင်ရတဲ့နေ့ကစပြီး ကျွန်တော် စွဲလမ်းနေမိပါတယ် မအိမ်ကံ…မအိမ်ကံကသာ ခွင့်ပြုရင် မိဘများကို ခေါ်ပြီး တောင်းရမ်းပါရစေတော့…"

မအိမ်ကံက ကိုင်ထားသည့်လက်ကို အသာအယာရုန်းလိုက်သည်။ ရောက်လာမည့်လာ တော့လည်း လေလိုရောက်လာခဲ့သည်။ ပြောမယ့်ပြောတော့လည်း ဆိုင်းကလေး ဗုံကလေးတောင် မတို့တော့ပါလား ကိုမြို့သားရယ်။ ဟုတ်ပါပြီတဲ့။ မိန်းကလေးတန်မဲ့ အမျှော်ကြီးမျှော်ခဲ့ရသော မေတ္တာစကားကို ပြောနေပြီကော မအိမ်ကံ…ညည်းဖြေကလဲ့။ မအိမ်ကံစိတ်ကပဲ မအိမ်ကံကို မေးနေလေပြီ။

"ကိုပြေသိမ်းရယ်…စံပယ်ကြုတ္တန်း ပန်သူပြုံးတာမျိုးလားရှင်…ကျွန်မတို့မှာ တောသူ တွေပါ…စံပယ်တုံးရင် မောင်ဖုန်းပျောက်မှာ စိုးရပါသယ်…တစ်ဘဝစာကိစ္စ… နတ်လမ်းထဲမှာပဲ ဖြေဖို့များ ခက်ပါသေးကောရှင်…"

"ကျွန်တော့်ရင်ထဲမှာ ရှိတဲ့စကား ပြောနှင့်ရတာပါ မအိမ်ကံရယ်…အခါရာသီက မကောင်းရုံတဲ့အထဲ ကျုပ်တို့ဘဝတွေကလည်း နေ့လား ညလားဆိုတာမျိုးပါ… တစ်ခေါက်ဆီကတည်းက ပြောချင်ခဲ့တဲ့စကားပါ…မအိမ်ကံ ပြောတာလည်း မှန်ပါ ရဲ့…မအိမ်ကံ စကားပြန်တဲ့အခါမှာတော့ ကျွန်တော် စိတ်ချမ်းသာပါရစီ မအိမ်ကံ ရယ်…"

မအိမ်ကံက ပြုံးပြလိုက်သည်။ နတ်လမ်းရိပ်က ကျော်ခဲ့ကြပြီ။ ရွာထဲဝင်သည့်လမ်းတွေ ထဲက တစ်လမ်းကို ချိုးခဲ့ကြသည်။ ဆွမ်းချိုင့်ဆွဲလာသည့် မအိမ်ကံကို ရွာက ဝိုင်းကြည့်ကြပါ၏။ ကိုပြေသိမ်းကိုလည်း ကြည့်ကြသည်။ မအိမ်ကံ ရင်တွေခုန်လျက်က မျက်နှာပင် ရှိန်းနွေးနွေး ဖြစ်နေရသည်။ သည်အရွယ် သည်အခြေ ရောက်ခဲ့ပြီဆိုသော်လည်း တစ်ပါးယောကျ်ားသားက ချစ်လှပါသည်ဆိုသည့်စကား မအိမ်ကံ မကြားဖူးခဲ့။ တောမြိုင်ကန္တာထဲမှာ ပွင့်ရသည့်ပန်းဆိုတော့ လည်း ခူးချင်ဆွတ်ချင်သူတွေ ဝိုင်းဝိုင်းလည်လှချည့် မဆိုသာပါ။ မအိမ်ကံကို မေတ္တာရှိသည်ပဲ သားပါဦး။ မအိမ်ကံလို မိန်းမသားအဖို့ ဓာတ်အခိုက်နှင့် နတ်အကြိုက် ဆုံကျဖို့မလွယ်။ ခုတော့ ကိုပြေသိမ်းက မေတ္တာရှိပါပြီတဲ့။ နှုတ်က မပြောသော်လည်း ရင်က လက်ခံမိခဲ့ပြီ။

အမေပန်းရုံက မအိမ်ကံတို့နှစ်ယောက်သား ဝိုင်းထဲဝင်လာတာကို ပြုံးကြည့်နေပါ၏။ အိမ်ထဲရောက်မှ ကိုပြေသိမ်းမှာ အဝတ်အစားအိတ်ကြီး ပါလာမှန်း သိရသည်။ ဒါဆို ကိုပြေသိမ်း က ရွာမှာ ကြာဦးမယ့်သဘောလား။ တခြားရွာကို သွားဦးမှာလား။ ဘာမှန်းတော့ မသိရသေး။ မအိမ်ကံမှာတော့ ရင်ခုန်မပျောက်ချင်။ လောလောလတ်လတ် ရည်းစားစကား အပြောခံရသူ မဟုတ်လား။ မပြောခင်တုန်းက မပြောလို့။ ပြောပြန်တော့လည်း ဖိန်းဖိန်းနွေးနွေး ရင်နှင့်အမျှ

www.burmeseclassic.com

www.burmeseclassic.com

ပါလား။ မအိမ်ကံတစ်ကိုယ်လုံး လေထဲကို မြောက်နေသလို ပေါ့ပါးနေခဲ့ရသည်။ ကိုပြေသိမ်း မေတ္တာစကား ပြောတာကို ဘယ်သူကမှ မသိသော်လည်း အဖေတို့ အမေတို့ကိုပင် ရဲရဲမကြည့်ဝံ့ ဖြစ်ရသည်။

"မောင်ပြေသိမ်းက ကျောင်းလိုက်သွားစမ်းပါရစီဆိုလို့ သမီးရေ… ရောက်ရောက်ချင်း ထလိုက်သွားသာပဲ… နေပါဦး တားသာတောင် မရပါဘူးအေ…"

ကိုပြေသိမ်းအထုပ်တွေ နေရာချပေးရင်း အမေပန်းရုံက စကားရိုးရိုးပြောနေသော်လည်း မအိမ်ကံက မျက်နှာပူနေမိသည်။ ကိုပြေသိမ်းက အဖြစ်သည်းသလိုလို အဓိပ္ပာယ်အငွေ့ကလေး ပါသည်မဟုတ်လား။ မအိမ်ကံကလည်း အလိုက်သင့် ဖြေရပါ၏။

"လိုက်လာသာ ခပ်ကောင်းကောင်းပါအမေရယ်… ဆရာတော်ကြီးက တိုင်းရေး ပြည်ရေးတွေ မေးနေသာ အကြာကြီး… ကိုပြေသိမ်းကလည်း မေးသမျှ ရှင်းပြလို့ ဝမ်းသာတော်မူရှာသယ်…"

ကိုပြေသိမ်းက ရေမိုးချိုး ထမင်းစားပြီးတော့ အိမ်အောက်ထပ်မှာ အဖေတို့အမေတို့နှင့် ဝိုင်းဖွဲ့စကားပြောကြသည်။ နှစ်ရက် သုံးရက်အတွင်း အစ်ကိုမောင်မြတ်သာလည်း ရောက်လာတော့ မည်ဆိုလေရာ မအိမ်ကံတို့မိသားစု ဝမ်းသာကြရသည်။ ကိုပြေသိမ်းပြောသလောက်ဆိုလျှင် အစ်ကိုမောင်မြတ်သာက ဘီဒီအေဗိုလ်ကလေး ဖြစ်နေပြီဆို၏။ ဘီဒီအေဗိုလ်ကလေးဆိုတာ ဘာမှန်းမသိသော်လည်း မအိမ်ကံကတော့ ဝမ်းသာသည်။ ဟိုတုန်းကလို ပုန်းလျှိုးကွယ်လျှိုး ဘဝက အစ်ကို လွတ်မြောက်သွားရပြီပေါ့။ ဒါဆို ရွာကို အစ်ကို ပေါ်ပေါ်ထင်ထင်ကြီး ပြန်လာနိုင်တော့မည်။ မအိမ်ကံက ဘီဒီအေဗိုလ်ကလေးရဲ့ နှမပေါ့။ ကိုပြေသိမ်းကတော့ ဆရာတော်ကို လျှောက်တုန်း ကြားခဲ့ရသလောက် အာရှလူငယ်စည်းရုံးရေးမှူးဆိုလား။ အဖေ့ကိုတော့ ကိုပြေသိမ်းက သေသေ ချာချာရှင်းပြသည်။

"အင်္ဂလိပ်ကို တိုက်ကြတုန်းကတော့ မြန်မာမျိုးချစ်လူငယ်တွေက ဂျပန်နဲ့ပေါင်းတိုက် ကြရတာကိုးခင်ဗျ… အဲသည်တုန်းကတော့ ဘီအိုင်အေ ခေါ်ပါတယ်… ဗမာ့လွတ်မြောက်ရေး တပ်မတော်ပေါ့… အခုတော့ ဂျပန်က လွတ်လပ်ရေး ပေးတော့မလိုလို ဆိုနေတော့ ဗမာ့ကာကွယ်ရေးတပ်မတော်ရယ်လို့ ပြောင်းဖွဲ့ကြရတယ်… အင်္ဂလိပ်ရန်က တစ်ကျော့ ကာကွယ်ရမယ့်သဘောပေါ့… ဒါကို ဘီဒီအေ ခေါ်ပါတယ်"

"ကျုပ်သားက ဂျပန်စစ်ဗိုလ်လား မောင်ရာ… လူတကာ ပါးရိုက်သဲ့အလုပ်မျိုး လုပ်နေရသာလား… ဒါဆိုရင်တော့ ကျုပ်လက်မခံဘူး… ရွာပြန် လယ်ထွန်ခိုင်းမယ်… သူများ မျက်ရည်ပေါက်ကြီးငယ် ကျရသဲ့အလုပ်မျိုး မလုပ်ရပေါင်ဗျာ…"

ကိုပြေသိမ်းက မဟုတ်သည့်အကြောင်း၊ ဘီဒီအေသည် မြန်မာလူမျိုး လူငယ်များနှင့် ဖွဲ့ထားသော တိုင်းပြည်ကာကွယ်ရေးတပ်ဖြစ်ကြောင်း၊ အချိန်တန်လျှင် ဂျပန်ကိုပါ မောင်းထုတ်ရန် အသွင်တစ်မျိုးဖြင့် ဖွဲ့စည်းထားခြင်းသာဖြစ်ကြောင်း၊ ဂျပန်တွေ ရက်စက်နေကြတာကို ဘီဒီအေကလည်း သိရှိနေကြောင်း၊ အချိန်မတိုင်သေးသဖြင့် ငြိမ်နေရခြင်းသာဖြစ်ကြောင်း ရှင်းပြရှာပါ၏။ သည်တော့မှ ဦးသာထန်နှင့် ဒေါ်ပန်းရုံလည်း ရင်အေးကြရသည်။

"နို့… မောင်က ဘီဒီအေ မဝင်ဘူးလား …အခုက ဘယ်လိုအလုပ်လဲ…"



"ဆရာကြီးတို့က အာရှလူငယ်အစည်းအရုံးမှာပဲ လုပ်ဖို့ တာဝန်ပေးပါတယ်… အာရှ လူငယ်ဆိုတာကလည်း ဘီဒီအေကို ကူညီမယ့် အမာခံအဖွဲ့ပါပဲခင်ဗျာ… ဗလငါးတန် ဖွံ့ဖြိုးရေး ရှေ့တန်းတင်ထားပေမယ့် ကိုမြတ်သာတို့နဲ့ တစ်သွေးတည်းပါပဲ…"

ထိုနေ့က ပျော်စရာကောင်းလှသည်။ ကျေးဥနှင့်မအိမ်ကံကပဲ ကိုပြေသိမ်းကို တောသရေစာ အမြည်းတွေ ကြော်လှော်ပေးပြီး ရေနွေးပွဲပြင်ပေးကာ အောက်ထပ်မှာ အနားယူစေသည်။ သည်အိမ်ကြီးမှာ ဖြစ်ပျက်ခဲ့သည့် ဂျပန်စစ်ဗိုလ် သေနတ်လာသိမ်းသည့်အကြောင်းတွေ ပြောပြတော့ ကိုပြေသိမ်းက စိတ်မကောင်းဖြစ်နေခဲ့သည်။ မအိမ်ကံက နှစ်လုံးပြူးသေနတ်ကြီး ကိုင်ပြီး ထွက်လာတာကို ပြောပြတော့ ကိုပြေသိမ်းပင် မျက်လုံးပြူးခဲ့ရသည်။ အာဂသတ္တိပါလား ဆိုသည့်မျက်နှာဖြင့် ကြည့်သည်။ မသေကောင်း မပျောက်ကောင်းပါလား မအိမ်ကံရယ်ဆိုသည့် ခံစားမှုက သူ့မျက်နှာပေါ်မှာ မြင်နေရပါ၏။

"သေနတ်ကို အဖေက ပဲမှော်တိုက် ကြွက်လျှောက်တန်းမှာ သိမ်းထားသာ မအိမ်ကံ သိသယ်… အဖေ့ကို သေနတ်မပေးလို့ ရိုက်နှက်နေသံကြားတော့ မအိမ်ကံလည်း ဖြစ်ချင်ရာဖြစ်ဟယ်ဆိုပြီး သေနတ်ဆွဲဆင်းခဲ့သာပဲ… ဂျပန်ဗိုလ်က သေနတ်လာအပ်သာလို့ ထင်ပုံရသယ်… ဂျပန် လက်ကိုင်တုတ် ကျော်ဒင်က မအိမ်ကံကို ဦးနှောက်မကောင်းဘူး ပြောလိုက်သသဲ့…"

ဘာပဲဖြစ်ဖြစ် ကိုပြေသိမ်းက သည်မှာ နှစ်ရက် သုံးရက်နေပြီး အစ်ကို မောင်မြတ်သာကို စောင့်မည်ဆိုတော့လည်း အစ်ကိုတစ်ယောက် ရောက်လာသလို အားရှိရပါ၏။ ကိုပြေသိမ်း ပြောသလောက်ဆိုလျှင် ဇောင်ချမ်းကုန်းမှာပဲ ကျောင်းဖွင့်မည်ဆို၏။ အနားရွာတွေမှာ အာရှ လူငယ်အဖွဲ့ကလေးတွေ ဖွဲ့ကြရမည်လို့လည်း ပြောနေသည်။ မအိမ်ကံကတော့ နိုင်ငံရေးကို သိလှသူ မဟုတ်သော်လည်း ရပ်ရေးရွာရေးကိစ္စတွေမှာ ပါရတော့မှာကို ဝမ်းသာနေသည်။ ဇောင်ချမ်းကုန်းမှာ လောကဓာတ်စာသင်ကျောင်းတစ်ကျောင်း ရှိစေချင်ခဲ့တာ ကြာပြီ။ အခုလည်း ရက်ကန်းသမတွေကို အလုပ်ပေးထားနိုင်ပြီ။ တချို့ ဈေးရောင်းဝါသနာပါသူတွေကို ငွေရင်း ထုတ်ပေးကာ ဈေးဆိုင် တည်စေခဲ့သည်။ နှစ်ပြည့်တော့ ငွေရင်းပြန်ဆပ်။ အတိုးမရှိ။ မဆပ် နိုင်လျှင်လည်း မအိမ်ကံကတော့ မတောင်း။ သည်လိုနှင့် ရွာမှာ ကုန်စုံဆိုင်ကလေးတွေ ရှိလာသည်။ သကြားတစ်ပွင့် ဆားတစ်ပွင့် ရနေပြီ။ လယ်ရှိလျက် မျိုးမကြဲနိုင်သူတွေကို မျိုးထုတ်ပေးသည်။ လယ်ပေါင်၊ ယာပေါင်၊ အိမ်ပေါင်၊ ရွှေပေါင်တွေ မအိမ်ကံ လုံးဝလက်မခံပါ။ တတ်နိုင်သမျှ ဖြည့်စွမ်းပေးလိုက်သည်သာ။ ဂျပန်ခေတ်တစ်လျှောက် ဂျပန်စက္ကူတွေ သုံးလာကြ ရပြီ ဆိုသော်လည်း မအိမ်ကံတို့ရွာတွေမှာ ထန်းလျက်နှင့် ပဲ လဲစားလို့ရသေးသည်။

မအိမ်ကံကိုယ်တိုင်က နိုင်ငံရေး နားလည်လှ၍မဟုတ်ဘဲ ရွာသူရွာသား၊ ဆင်းရဲသူ ဆင်းရဲသားတွေကို စာနာစိတ်ဖြင့် ဖေးမကူညီခြင်းသာဖြစ်ပါ၏။ ဒါကြောင့်လည်း မအိမ်ကံကို တစ်ရွာလုံးက ချစ်ခင်လေးစားကြသည်။ ရက်ကန်းရုံမှ ရသည့်အမြတ်ငွေကို မအိမ်ကံက ကိုယ်ကျိုးအတွက် မသုံးဘဲ ရပ်ရေးရွာရေးတွင် သုံးခဲ့သည်။ ရွာဦးဆရာတော်ကျောင်းရိပ်က သောက်ရေကန်ကြီးကို ဆယ်ကာ တာပေါင်ခတ်ပေးခဲ့သည်။ တစ်ရွာလုံး သုံးကြသည့် အများသုံး ရေတွင်းမှာ စက်သီးတပ်လှူခဲ့သည်။ ရွာဦးဘုရားစေတီကို နှစ်စဉ် ထုံးသင်္ကန်း ကပ်လှူရုံမက

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရင်ပြင်တော်နှင့် အုတ်တံတိုင်း လှူဒါန်းခဲ့သည်။ ရွာအဝင်အထွက် မတ်တတ်ရပ် တံခါးကြီးနှစ်ချပ်နှင့် ကင်းတဲနှစ်လုံး ဆောက်လှူခဲ့သည်။ နွမ်းပါးသူတွေကို ထောက်ပံ့သည်။ တစ်ခါတလေ အိမ်ကပင် အဆစ်ပါရသေးသည်။ ဦးသာထန်နှင့် ဒေါ်ပန်းရုံတို့ကလည်း သမီးခြေသမီးလက် ခွင့်ပြုထားသဖြင့် မအိမ်ကံမှာ အခက်အခဲမရှိခဲ့။ ကိုပြေသိမ်းတို့ အစ်ကို မောင်မြတ်သာတို့ လုပ်ကြမည့်လုပ်ငန်းတွေမှာ လိုသမျှ လှူဒါန်းဖို့ပင် စိတ်ကူးထားနှင့်လေပြီ။

"ဇောင်ချမ်းကုန်းမှာ ကျောင်းဆောက်မယ်ဆိုရင် မအိမ်ကံ ရွာရှေ့က မဲပင်ကွင်း မြေတစ်ကွက် လှူမယ် ကိုပြေသိမ်း...ကျောင်းအဆောက်အဦတော့ အနီးအနားရွာ တွေပါ ဝိုင်းရင် ဖြစ်ရမှာပေါ့"

မအိမ်ကံက မိဘနှစ်ပါးရှေ့မှာပင် ကတိပေးဖြစ်ခဲ့သည်။

"ဒါဆိုရင် စာသင်ကျောင်းဆောင်အတွက်တော့ အဖေလှူမယ်သမီး"

ဦးသာထန်က လှိုက်လှိုက်လှဲလှဲ ဆိုလိုက်တော့ အမေပန်းရုံက သားအဖကိုကြည့်ကာ ပြုံးနေရှာပါ၏။

ညဘက်မှာတော့ ကိုပြေသိမ်းအနား တလျားလျားနေဖို့ မကောင်းတော့တာက တစ်ကြောင်း၊ အဖေတို့ အမေတို့ရှေ့မှာ အမူအရာတွေ ထူးခြားနေမှာ စိုးတာကတစ်ကြောင်း ကြောင့် ကျေးဥနှင့် အိမ်ပေါ်တက်လာခဲ့ရသည်။ ကျေးဥက အိပ်ရာခင်းတော့ မအိမ်ကံက ဝါးဘီးကလေးဖြင့် ခေါင်းရှင်းသည်။ ဆံပင်ကလေး တစ်ပတ်လျှိုလိုက်ပြီးမှ ကျောဆန့်လိုက် သည်။ အပြင်ဘက်ခန်းမှာ ဖိုးကူးပင် ရှိပုံမပေါ်။ ကိုပြေသိမ်းအနား မော့နေတုန်းပဲဖြစ်မည်။ မအိမ်ကံစိတ်တွေက နတ်လမ်းကလေးထဲမှာ။ ကိုပြေသိမ်းက လက်ကလေး ကိုင်လိုက်တော့ မအိမ်ကံ သိမ့်ခနဲ တုန်သွားခဲ့တာကိုလည်း သတိရနေမိသည်။

"မအိမ်ကံ..."

"အင်..."

ကျေးဥက စကားစသော်လည်း အသံထွက်မလာခဲ့။ ပြောမည်ပြုပြီးမှ ရပ်သွားခြင်း ဖြစ်သည်။

"မအိမ်ကံကို ပြောစရာရှိလို့အေ့..."

"ပြောလေ ကျေးဥ...ဘာပြဿနာများ သယ်လာပြန်ပြီတုံးအေ..."

"မဟုတ်ရပါဘူး မအိမ်ကံရယ်...ဟိုလေ...ငါ ဖိုးတုတ်နဲ့ မေတ္တာရှိနေပြီ...အဲသာ... ညည်းကို မပြောရဲသာနဲ့ မပြောသာ...အမေလည်း သိသွားပြီ...ကြီးပန်းရုံတို့က ပြောလိုက်သာသဲ့...မအိမ်ကံကော သဘောတူရဲ့လား..."

"ငါသိသာဖြင့် ကြာလှပေါ့ ကျေးဥရယ်..."

"ဟုတ်လား...အယ်တော်..."

"မထူးဆန်းပါဘူး ကျေးဥရယ်...တစ်အိမ်တည်းနေကြရသဲ့ သူစိမ်းတွေပဲလေ... သဘောမတူစရာလည်း မရှိပါဘူးဟယ်...ဝမ်းတောင် သာပါသေးသယ်ကျေးဥရယ်... မအိမ်ကံလည်း ကနေ့ပဲ မေတ္တာစကား အပြောခံရပြီ..."





"ဟယ်တော်...ဘယ်သူတုံး...သည်ကနေ့ မအိမ်ကံနဲ့ငါ ဘုန်းကြီးကျောင်းနဲ့ အိမ်မှာ ပဲ ရှိကြသာပါ...ဘယ်သူက ဘယ်အချိန်လာပြောသွားသာတုံးအေ့..."

"ဘုန်းကြီးကျောင်းကအပြန်...နတ်လမ်းရိပ်မှာ ကိုပြေသိမ်းက ပြောသာလေ..."

"အဲတော့...မအိမ်ကံက..."

"သူကတော့ အဝေးကြီးက သူစိမ်းပေါ့ ကျေးဥရယ်...မအိမ်ကံ ဝမ်းထဲကတော့ လက်ခံပြီးသားပါ...သူ့ကိုတော့ စကားမပြန်ရသေးပါဘူး...ဒါပေမဲ့ သူသိပုံပါ အေရယ်..."

"ငါတော့ ဝမ်းသာပါ့အေ"

တစ်အိပ်ရာတည်း အတူအိပ်ကြရသော သူငယ်ချင်းနှစ်ယောက်။ ချစ်သူရှိနေကြပြီ ပြောဖြစ်ကြတာကလည်း တိုက်တိုက်ဆိုင်ဆိုင် တစ်ညတည်းပါလား။ တကယ်တော့ ပြောစရာ လည်း တခြားလူမရှိပါ။ ကျေးဥကတော့ ရင့်ထားခဲ့ရတာ ကြာပြီ။ မအိမ်ကံကို မပြောရဲတာလည်း အမှန်ပင်။ မအိမ်ကံကတော့ ရင်ခုန်တာပင် မပျောက်ချင်သေး။ နှစ်ယောက်သား ပြောစရာရှိတာ ပြောပြီးသွားကြသလို ငြိမ်သွားခဲ့ကြသည်။ အိပ်ပျော်သွားကြတာတော့လည်း မဟုတ်ပါ။ အတွေး ကိုယ်စီ ရှိနေကြပုံဖြင့် စကားမပြောဖြစ်ကြတော့။ ကိုပြေသိမ်း၏ ချောမောသိမ်မွေ့သော မျက်နှာက မျက်လုံးမှိတ်ထားသည့်ကြားက တဝဲဝဲပေါ်လျက်ရှိပါ၏။ အောက်ထပ်ဆီက စကား ပြောသံတွေ ကြားနေရသည်။ မအိမ်ကံ အောက်ထပ်ကို ဆင်းချင်လှသော်လည်း မဆင်းဖြစ်ခဲ့။

ညက ရင့်သည်ထက်ရင့်လာခဲ့ပြီ။ လပေါင်းများစွာ မျှော်မောစောင့်စားခဲ့ရသော ချစ်ရသူ ကိုပြေသိမ်းတစ်ယောက် အခုတော့လည်း တစ်မိုးအောက်မှာ မအိမ်ကံနှင့် အတူရှိနေ ပါပြီကော။

■

"မအိမ်ကံ...ကျေးဥ...အပျိုမတွေသဲ့တော် အိပ်လိုက်ကြသာ...ဟဲ့ ကလေးမတွေ..."

မနက်ခင်း ဝေလီဝေလင်း။ မလှအုံက မအိမ်ကံကိုရော ကျေးဥကိုပါ အိမ်ပေါ်တက် နှိုးနေခြင်းဖြစ်သည်။ မအိမ်ကံနှင့် ကျေးဥတို့နှစ်ယောက်စလုံး ငုတ်တုတ်ထထိုင်ကြသည်။ မအိမ်ကံမှာ ညက ညဉ့်နက်မှ အိပ်ပျော်သွားသဖြင့် အိပ်ရေးတော့မဝ။ ကျေးဥပင် ကနေ့မှ အိပ်ရာထ နောက်ကျနေခဲ့သည်။ ခါတိုင်း မအိမ်ကံ နိုးချိန်ဆိုလျှင် ကျေးဥ မရှိတော့တာ များသည်။ အခုလည်း ကျေးဥ ဆင်းမလာသဖြင့် မလှအုံ တက်နှိုးတာပဲဖြစ်မည်။ မအိမ်ကံက မလှအုံကို မျက်နှာကလေး အိုကာ ရန်တွေ့လိုက်သည်။

"မလှအုံကလည်း...ကျေးဥကို အသာနှိုးလို့ ရရဲ့သားနဲ့...မအိမ်ကံပါ အိပ်ရေး ပျက်ပြီ"

မလှအုံက မအိမ်ကံကို လက်တို့ကာ အနားကပ်သည်။ တိုးတိုးကလေး ပြောနေ လေ၏။

"နှိုးသာက နှစ်ယောက်စလုံးကို နှိုးသာ...သည်လို...မောင်ပြေသိမ်းတော့ မနိုးသေး ဘူး... မနက် ခြောက်နာရီ ခုနစ်နာရီလောက် ဆရာကြည်တို့ရွာတွေဘက် သွားချင် လို့သဲ့...ညက စကားတွေပြောကြရင်း ပြောလို့...ရီးပန်းရုံက ညည်းတို့နှစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com

ထည့်မလို့သဲ့…အနောက်တန်းရွာတွေဘက် ရောက်ရအောင်လို့…ဖိုးတုတ် လှည်းမောင်းပို့လိမ့်မယ်"

"ဟုတ်လား မလှအုံ…အမေက ထည့်မယ်သဲ့လာ…"

"ညည်းအဖေရော အမေရော ထည့်သာပါအေ…မောင့်နှမတွေ ခေါ်သွားပေါ့သဲ့"

မအိမ်ကံ လှိုက်ခနဲ ဝမ်းသာသွားရသည်။ အဖြေမပေးရသေးသော ချစ်သူနှင့် အနောက်တန်းရွာတွေဘက် လှည်းနှင့်သွားကြရမှာတဲ့။ ဖိုးတုတ်က လှည်းမောင်းပြီး ကျေးဥလည်း အဖော်အဖြစ် ပါမည်တဲ့။ မလှအုံ ဆင်းသွားတော့ မအိမ်ကံနှင့်ကျေးဥ တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ပြုံးလိုက်ကြသည်။ ကိုပြေသိမ်း မနိုးသေးဘူးဆိုတော့ ရေချိုးလို့ရသေးသည်။ မအိမ်ကံ အောက်ထပ်ကို အရင်ဆင်းသွားတော့ အမေပန်းရုံက နောက်ဖေးချောင်မှာ ထမင်းပင် ကျော်ပြီးနေပြီ။ မအိမ်ကံက ရင်ကလေးရှားပြီး ခြုံတဘက်တစ်ထည်ခြုံကာ ရေချိုးခုံဘက် ထွက်လာခဲ့သည်။ ဖိုးတုတ်ကိုတွေ့တော့ ခိုင်းစရာကလေးတစ်ခုရှိတာ ခိုင်းလိုက်ပြီး ရေချိုးသည်။ ကျေးဥကတော့ ရေတွင်းမှာ ပြေးချိုးခြင်းဖြစ်၏။ မအိမ်ကံ ဝင်လာတော့ အမေပန်းရုံက ရေနွေးဘန်း ချနေပြီ။

"သမီး…လှအုံပြောသလား…အနောက်တန်းရွာတွေဘက် မောင်ပြေသိမ်းက သွားချင်သသဲ့…သူ့ခမျာ မောင်မြတ်သာမလာခင် ငုတ်တုတ်ထိုင်မနေချင်ဘူးနဲ့ တူပါရဲ့ ကွယ်…အဲသာ သမီးနဲ့ကျေးဥ လိုက်သွား…ညတော့ မအိပ်နဲ့ကွယ်…စောစောပြန်ခဲ့ကြပေါ့"

"ဟုတ်ကဲ့…အမေ"

မအိမ်ကံနှင့် ကျေးဥတို့ ဖြီးလိမ်းဝတ်စားနေကြခိုက်မှာပင် ကိုပြေသိမ်း နိုးလာသည်။ ရေမိုးချိုးပြီးတော့ အိမ်ရှင်ကျွေးသည့် ထမင်းကျော် စားကာ မအိမ်ကံတို့ ဆင်းအလာကို စောင့်နေလေသည်။ ဖိုးတုတ်က ထမင်းကျော် ကပျာကသီစားပြီးသည်နှင့် လှည်းကောက်လေ၏။ မအိမ်ကံတို့ ဆင်းလာတော့ သွားဖို့ အသင့်ဖြစ်ကြပြီ။ မအိမ်ကံနှင့် ကျေးဥက ထမင်းကျော် မစားကြတော့။ နေမြင့်မှာစိုး၍ဖြစ်သည်။ ရွာအနောက် တာလမ်းက အကြော်တဲမှာ မုန့်ပေါင်းနှင့်အကြော်တွေ ဝယ်သွားကြဖို့ စီစဉ်ပြီးသား။

မအိမ်ကံက မနက်ခင်း အလင်းရောင်ထဲမှာ ဝင်းမှည့်နေပါ၏။ ပုစွန်ဆီရောင် ဂျော်ဂျက်အင်္ကျီ လည်ထောင်ကလေးနှင့် ရှားညိုခံမှာ လိမ္မော်အသွေး သရက်ထည်ပွင့်ရိုက်ဆင်ကလေးက ပန်းပုရုပ်ကလေးအသွင် ကြွလွှန်း လှလွန်းလှပါ၏။ ဆံွကြိုးကလေးတစ်ကုံး လက်ကောက်တုတ်တုတ်ကလေးတစ်ကွင်းသာ ဝတ်ထားခဲ့သည်။ ပန်းအလွန်ကြိုက်သော မအိမ်ကံက သည်တစ်ခါတော့ ဆံထုံးကလေးမြင့်မြင့်ထုံးကာ ဆံတောက်ကောက်ကလေးနှင့် ပန်းမပန်ပဲ ရိုးရိုးရှင်းရှင်းသာ ထုံးဖွဲ့ထားပါ၏။ နားသယ်နှင့် ကုတ်မှ မွေးညှင်းနုနုကလေးတွေကတော့ မျှင်မျှင်ကလေး ကျနေသည်။ လှည်းပေါ်တက်ကြတော့ အမေပန်းရုံနှင့် မလှအုံတို့က "စောစောပြန်ခဲ့ကြနော်" လို့ ထပ်မှာသည်။ ဝိုင်းတိုက်ထဲက လှည်းထွက်လာတော့ နေပင် ကောင်းကောင်းမထွက်ချင်သေးပါ။

ခရခွေ နောက်ထုံးကလေးနှင့် မျက်နှာကလေး ရှင်းသန့်နေသော မအိမ်ကံကို ကိုပြေသိမ်းက ငေးနေလေသည်။ သနပ်ခါးနံ့ တသင်းသင်း။ နွားနှစ်ကောင်က ခလောက်ကယ် ခေါင်ဒင်…။ ထိပ်အုပ်၊ လည်ခွံပတ်၊ ဝမ်းပတ်၊ ဒူးတိုက်၊ ဘို့သိုင်း က,ကြိုးစုံက ခြူကုံးသံ လွင်လွင်…။

"ဟဲ့ ဆိုကာ ကြိမ်တံမြှောက်ရုံနှင့်…လှည့်လိုရာ တိမ်ယံရောက်နိုင်ရဲ့…အိမ်ခြံပေါက် နွားညီနောင်…အားစည်အောင်ပဝစေကြောင်း…စားအီတောင်မှ ညနေစောင်း… ဆောင်ခွင့်ကိုရှယ်…မောင်နှင့်မယ် တူယှဉ်တွဲပါလို့…နောင်တင့်တယ် လူမြင်ရဲကာ မှ…ယှူငင်ကာ ခြူဆင်ဆွဲပါ့မယ်…ပွဲဝင်မယ့် ချောင်းသူရဲ့…လှည်းယဉ်နှင့်မောင်း…"

သည်လှည်းကတော့ လှည်းယဉ်မဟုတ်ပေါင်။ လှည်းကြမ်းဆိုသော်လည်း ပျော်စရာကောင်းလှပါ၏။ ကိုပြေသိမ်းက မအိမ်ကံကိုပဲ အရိပ်တကြည့်ကြည့်ရှိနေခဲ့သည်။ မအိမ်ကံက လှည်းဆောင်ပန်းခြေမှာ ဖိုးတုတ် ဖက်နှင့်ထုပ်လာသည့် အထုပ်တစ်ထုပ်ကို လှမ်းယူလိုက်သည်။ မနက်စောစော အိပ်ရာကနိုးတော့ ဖိုးတုတ်ကို ခူးခိုင်းလိုက်သော ပန်းထုပ်ကလေး။ ဖက်ကို အသာလှပ်လိုက်တော့ ဆပ်သွားဖူးပန်းတွေ…။ ဆပ်သွားဖူးပန်းနံ့ကလေးပင် ကြိုင်သွားခဲ့ပါ၏။ မအိမ်ကံက ပန်းထုပ်ကလေးကို ကိုပြေသိမ်းလက်ထဲ ထည့်လိုက်သည်။

"ကိုပြေသိမ်း နားပန်ဖို့ပါရှင်…"

ကိုပြေသိမ်းက ပထမတော့ သိပ်နားမလည်လိုက်။ တဒင်္ဂအတွင်းမှာပင် သတိရလိုက်သလို အားရဝမ်းသာ နမ်းကြူလိုက်သည်။ တကယ်လည်း နားနှစ်ဖက်ကြား ထိုးပြနေသဖြင့် မအိမ်ကံပင် ရယ်မိရသည်။ မအိမ်ကံက လက်ကလေးကို ဖြန့်ပေးလိုက်တော့ ကိုပြေသိမ်းက အုပ်ကိုင်လိုက်တာ မလွှတ်တော့။ မအိမ်ကံ၏ ဆံထုံးကလေးထဲကို ဆပ်သွားဖူးပန်းကလေး တစ်ငုံ ထိုးပန်ပေးလိုက်ပြန်သည်။ ကိုပြေသိမ်းက ပြုံးပြတော့ မအိမ်ကံကလည်း ပြန်ပြုံးပြပါ၏။ ကျေးဥက လှည်းရုံတိုင် နှစ်ချောင်းကိုဆုတ်ရင်း တစ်ဘက်ကို လှည့်နေသည်။ လမ်းပေါ်မှာ လှည်းတစ်စီးတလေပင် မရှိ။ ကိုပြေသိမ်းက မအိမ်ကံ၏ လက်ချောင်းသွယ်သွယ်ကလေးတွေကို တစ်ချောင်းချင်း ကိုင်ကြည့်နေခဲ့သည်။ သည်တစ်ခါတော့ မအိမ်ကံ မရုန်းတော့ပါ။

မနက်နေရောင်ကလေး ကျလာလေပြီ။ တောလမ်းတစ်လျှောက် ချစ်သူတို့၏ ရင်ခုန်သံနှင့် လှည်းဘီးကြိတ်သံကလွဲလျှင် ဘာမှမရှိ။ ရွာနှင့် ဝေးဝေးအစွန်က ညောင်ကြပ်ပင်ကြီးကို လှမ်းမြင်ရပြီ။ ညောင်ကြပ်ပင်ကြီးအောက်မှာ ခရီးလှည်းတွေကို မျှော်ရောင်းသည့် မုန့်ပေါင်းနှင့် အကြော်ဆိုင်ကလေးတွေ ရှိသည်။ ဖိုးတုတ်ကို လှမ်းသတိပေးရပါ၏။

"ဖိုးတုတ်…အကြော်ဆိုင်တွေရှေ့ရောက်ရင် ခဏရပ်စမ်း ငါ့တူ"

အနောက်တန်းရွာတွေဘက်က လှည်းတွေ အများဆုံးဖြတ်ကြသည့် နေရာဆိုတော့ သည်နေရာကလေးက လှည်းဆိပ်လို ဖြစ်နေသည်။ ကျပ်ခိုးတွေ မှောင်မှောင်ထိုးနေကြသည့် တဲဟာစောင်းကလေးတွေ တဲချင်းယှက်လျက် ရှိ၏။ ရွာမုန့်တွေ ရနိုင်သည်။ မုန့်ချိုသွား၊ ကတိုးဝါ၊ မုန့်လုံးကြီး၊ မတ်ပဲကြော်၊ ပဲကပ်ကြော်၊ ပဲစာဥကြော်၊ ရေမုန့်၊ မုန့်ပေါင်းစသ ဖြင့် ပူပူနွေးနွေး ရနိုင်သည်။ ဖိုးတုတ်က လှည်းရုံတိုင်မှာ ကြိုးရစ်ခဲ့ပြီး ဖျိုးဖျိုးဖျပ်ဖျပ် ခုန်ဆင်းကာ မအိမ်ကံမှာသည့် မတ်ပဲကြော်နှင့် မုန့်ပေါင်းတွေ ဝယ်သည်။

"ဖိုးတုတ်…ဆီပါဆမ်းခဲ့"


www.burmeseclassic.com

 www.burmeseclassic.com

မအိမ်ကံတို့ လှည်းရပ်လိုက်ပြီဆိုကတည်းက လူပေါင်းစုံ လှည်းပေါင်းစုံက အာရုံ ရောက်နေကြသည်။ မအိမ်ကံကို သိကြသည့် ဈေးသည်တွေက ဆင်းပါဦး၊ နားပါဦး၊ ရေနွေး သောက်ပါဦး ခေါ်ကြသည်။ မအိမ်ကံက ခရီးဆက်ရဦးမှာမို့ မဆင်းတော့ပါဘူး မမသောင်းရယ်၊ ကြီးတော်ညွှန့်ရယ်၊ ဒေါ်ကြီးပေရယ် စသဖြင့် ခေါ်သမျှ ထူးရ နှုတ်ဆက်နေရပါ၏။ ကိုပြေသိမ်း ကိုလည်း ကြည့်ကွက် ကြည့်ကွက် လုပ်ကြသည်။

"မအိမ်ကံရယ်...ချောလိုက်သဲ့မိန်းမနယ်...တောက်"

မအိမ်ကံတို့လှည်း ဆက်ထွက်လာတော့ ကြားလိုက်ရသောအသံဖြစ်ပါ၏။ ကိုပြေသိမ်း ကတော့ ချစ်သူ၏အလှကို ကြည့်မဝနိုင်ရှိရပါ၏။ ကျေးဥနှင့် ဖိုးတုတ်တို့ကို မုန့်တွေ ခွဲပေး လိုက်ပြီး ကိုပြေသိမ်းလက်ထဲကို မအိမ်ကံက မုန့်တွေ ထည့်ပေးလိုက်သည်။

"မုန့်ပေါင်းဆိုသာ နိမိတ်ကောင်းသယ် ကိုပြေသိမ်းရဲ့...ပေါင်းရသဲ့မုန့်လို့ ပြောသာ လေ... မတ်ပဲကလည်း ထူထူမတ်မတ်ရှိသဲ့နိမိတ်ကို ယူသာ..."

ကိုပြေသိမ်းကို ရွှန်းရွှန်းစားစားကြည့်ရင်း ပြောလိုက်တော့ ကိုပြေသိမ်းပင် အံ့သြသွား ခဲ့ရသည်။ တောသူကလေးတစ်ယောက်၏ မေတ္တာသံယောဇဉ်က ရိုးစင်းလှပါလားလို့ တွေးမိပုံ လည်း ရသည်။ မအိမ်ကံကို ပို၍ပင် လေးစားသွားခဲ့သည်။ အတိတ်နိမိတ် ယုံကြည်မှုသည်ပင် နက်ရှိုင်းလှသော စိတ်ခွန်အားမဟုတ်လား။ ကိုပြေသိမ်းက မုန့်ပေါင်းနှင့် မတ်ပဲကြော် ပူပူနွေးနွေး ကို မအိမ်ကံနှင့် အတူစားနေရတာကိုပဲ အဓိပ္ပာယ်တစ်ခုရှိနေသလို ခံစားရပါ၏။ မအိမ်ကံ၏ ဆီတွေ ပေနေသည့်လက်ကလေးတွေကို ကိုပြေသိမ်းက သူ့လက်ကိုင်ပဝါဖြင့် သုတ်ပေးသည်။ ကျေးဥနှင့် ဖိုးတုတ်ကတော့ လှည်းဆောင်ပန်းခွက်ထဲမှာ အတူထိုင်ကြရင်း တိတ်တိတ်ကလေး စားနေကြသည်။

လှည်းက ရွာတွေဘေးက ပန်းသွားရတာများတော့ ရွာရိပ် သစ်ရိပ်ကြီးတွေက အေးမြလှပါ၏။ ကြီးမားလွန်းလှသော ကုက္ကိုပင်ကြီးတွေအောက်က ဖြတ်ရသည်။ ပါးပျဉ်းတွေ စူထွက်နေသော လက်ပံပင်အိုကြီးတွေအောက်က ဖြတ်ရသည်။ မှတ်ဆိတ်တွေ တစ်တန်းလန်း လန်း ကျနေသော ညောင်မှတ်ဆိတ်ပင်ကြီးတွေအောက်က ဖြတ်ရသည်။ တစ်နေရာမှာတော့ သစ်ပင်တန်းကြီး ရှည်လှသည်။ ပြီးတော့ ရေချမ်းစင်ကလေး။ လှည်းရပ်ကာ ရေဆင်းသောက် ကြသည်။ မအိမ်ကံက ရေတစ်မှုတ် ဦးဦးဖျားဖျားခပ်ပြီး ကိုပြေသိမ်းကို ကမ်းသည်။ ရေက အေးမြလှပါ၏။

"ရေချမ်းစင်ကလေးတွေ တည်ချင်သေးသယ် ကိုပြေသိမ်းရယ်...ကိုပြေသိမ်းနဲ့မအိမ်ကံ ကောင်းမှုပေါ့...ရေချမ်းစင်ကုသိုလ်က ကြီးလှပကောရှင်..."

ဘယ်နေရာကိုကြည့်ကြည့် တောရိပ်တောသွေးတွေချည်း မြင်နေရသည်။ မအိမ်ကံက ရွာနာမည်ကလေးတွေကို ရွတ်ပြသည်။ လမ်းပေါ်မှာ လှည်းတွေ အကူးအလူးများလာခဲ့ပြီ။ ညောင်ငါးခွက ကျော်ပြီး ကြည်တော်ကုန်းကို ဝင်တော့ နေသာလှပြီ။ ဆရာကြည့်အိမ်ကိုဝင်ပြီး ကိုပြေသိမ်းနှင့် တွေ့ပေးရသည်။ ဖိုးတုတ်ကို လှည်းနှင့်အတူ ကိုပြေသိမ်းနှင့် ထားခဲ့ကာ မအိမ်ကံနှင့် ကျေးဥတို့ ဒွေးလေးခင်ငြိမ်းတို့အိမ်ဘက် လျှောက်ခဲ့ကြသည်။ မကြီးနှင့် မငယ်တို့ကို နေ့ခင်းစာစားဖို့ စီစဉ်ခိုင်းရပါ၏။ မအိမ်ကံ လာသည်ဆိုတော့ ကြည်တော်ကုန်းမှာ ပွဲခင်းထဲ မြွေဝင်သလို လှုပ်သွားရတော့သည်။ မအိမ်ကံက ဆွေဆွေမျိုးမျိုးတွေကို ပေးတန်တဲ့သူပေး



ကမ်းတန်တဲ့သူကမ်း ဆိုတော့လည်း ရွာကလေး လှုပ်သွားရတာ မဆန်းလှပါ။ ကိုပြေသိမ်းကို မြင်တော့ ဆရာလေး ကိုတောက်ထိန်ကို လွမ်းသူတွေက လွမ်းကြရှာသည်။ ကျောင်းဆရာလေး ကိုပြေသိမ်းကို မအိမ်ကံနှင့် ဆက်စပ်ပြီး မြင်ကြသူတွေ ရှိသလို၊ မမြင်ဝံ့ကြရှာသူတွေလည်း ရှိပါ၏။ ကြည်တော်ကုန်းမှာ တစ်နေခိုပြီး ညနေစောင်းတော့ မအိမ်ကံတို့ ပြန်ဖို့ပြင်ကြရပြီ။

"ကိုင်း ဆရာလေး...ကြုံတိုင်းသာ လာခဲ့တော့...သည်ရွာကလည်း မအိမ်ကံတို့ အမျိုးတွေချည်းပါဗျာ...ဆရာလေးတို့ ရှင်းပြတော့လည်း လင်းရပါသဗျာ... သည်ဘက်ရွာတွေတော့ ကျုပ်တာဝန်သာထား...ကိုင်း ပြန်ကြရော့..."

တစ်နေကုန် ကိုပြေသိမ်းနှင့် စကားပြောရတာကိုပင် အားမရလေဟန်ဖြင့် ဆရာကြည် က ရွာရိပ်အထိ လိုက်လာရှာသေးသည်။ ဆရာကြည် အိုရှာပါပကော။ မအိမ်ကံက လှည်းပေါ် ကနေ ဆရာကြည့်ကို လက်အုပ်ချီရင်း နှုတ်ဆက်လိုက်ပါသည်။

ညနေရိုးရီမှာ လှည်းကလေးစီးပြီး ပြန်ခဲ့ရသည့်လမ်းတစ်လျှောက်လုံး မအိမ်ကံ ပျော်ပါသည်။ ရွာကိုဝင်တော့ နေကလေးတောင် တိမ်းချင်ချင်။ မအိမ်ကံတို့ အိမ်ဝရောက်တော့ ဝိုင်းတံခါးကြီးက ဟလျက်။ ဖိုးတုတ်က လှည်းကို တန်းပြီးမောင်းဝင်လိုက်သည်။ မအိမ်ကံ လှည်းယူသွားတော့ ရွာက လှည်းတိုက်ငှားကာ ပဲလုံးတွေ သယ်နေကြဟန်တူသည်။ တစ်လှည်း ဝင် တစ်လှည်းထွက်ဆိုတော့ ဝိုင်းတံခါးကြီး တောက်လျှောက်ဖွင့်ထားခြင်းဖြစ်မည်။ အမေပန်းရုံ နှင့် မလှအုံက အိမ်ဝက ကြိုကြသည်။

"ဘယ့်နှယ်လဲ မောင်ပြေသိမ်း...အဆင်ပြေခဲ့ရဲ့လား..."

"ပြေပါတယ်ခင်ဗျာ...စိတ်လည်း ချမ်းသာခဲ့ပါတယ်...အမျိုးတွေလည်း တွေ့ခဲ့ရပါ တယ်"

အားလုံး အထဲဝင်သွားကြတော့ ဖိုးတုတ်က လှည်းချွတ်ရန် အိမ်ဘေး နွားစားကျင်း ဘက် မောင်းသွားခဲ့သည်။ မအိမ်ကံက အိမ်ထဲမဝင်သေးဘဲ ဝိုင်းတံခါးပိတ်ရန် ထွက်လာခဲ့သည်။ ပဲလှည်းတွေလာလျှင် ဖွင့်ခိုင်းလိမ့်မည်။ လောလောဆယ်တော့ ပိတ်ထားတာ စိတ်အချရဆုံး မဟုတ်လား။

မအိမ်ကံက ဝိုင်းတံခါးတစ်ချပ်ကို အရင်ဆွဲကပ်သည်။ နောက်တချပ်ဆီအသွား...။

ခြေသံကြောင့် မအိမ်ကံ လှည့်ကြည့်လိုက်သည်။ ဂျပန်စစ်ဝတ်စစ်စားနှင့် ဂျပန်စစ်ဗိုလ်။ တောင့်တောင့်ကြီးရပ်လျက်...။ ပြီးတော့ တစ်ယောက်တည်း။ မအိမ်ကံကို ပြုံးကြည့်နေသည်။ မအိမ်ကံ အသည်းတွေ အူတွေ ပြောင်းပြန်လန်သွားသလို တုန်ခိုက်သွားရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၂၃)

"ကံကလေး..."

အုအသည်းတွေ ပြောင်းပြန်လန်သွားလေသလား ထင်ရအောင် တုန်လှုပ်သွားခဲ့ရတာ သူ့မအမည်ကို ပီပီသသခေါ်လိုက်သံကြောင့် မအိမ်ကံမှာ သည်းကြီးအူပြတ် အထိတ်တလန့် ခံစားမှုမှ တအံ့တသြခံစားမှုကို ပြောင်းသွားခဲ့ရသည်။ ရုတ်တရက် မြင်လိုက်ရစဉ်က ဂျပန်စစ်ဗိုလ်ဝတ်စုံကြောင့် ပြာဝေသွားခဲ့သော မျက်စိကို သေသေချာချာ ပွတ်ကြည့်တော့မှ မျက်နှာကြီး ပြုံးထားသော အစ်ကိုမောင်မြတ်သာမှန်း သိလိုက်ရတော့သည်။

"အစ်ကို..."

မအိမ်ကံက အစ်ကိုဖြစ်သူထံ ပြေးဝင်သွားပြီး မျက်နှာအပ်ထားလိုက်သည်။ မောင်မြတ်သာကလည်း ပြေးဝင်လာသော နှမဖြစ်သူကို ဆီးထွေးပွေ့ရင်း သိုင်းဖက်ထားရှာပါ၏။ မအိမ်ကံမှာ အစ်ကိုဖြစ်သူပခုံးကို မျက်နှာအပ်ရင်းက မျက်ရည်များပင် တွေတွေကျလာခဲ့သည်။ ဝမ်းသာရှာလွန်းတာကတစ်ကြောင်း၊ လူမြင်သူမြင် ပေါ်ပေါ်ထင်ထင် ရှာဝင်လှရှာတာက တစ်ကြောင်းဆိုတော့ ဝမ်းသာရာက ကျသည့်မျက်ရည်များပင်။

"အစ်ကိုက စစ်ဗိုလ်ကြီးပေါ့...ခုမှ ကြည့်ကောင်းသွားတော့သယ် အစ်ကိုရယ်... မအိမ်ကံက ဂျပန်စစ်ဗိုလ်မှတ်သွားသာ...လိပ်ပြာများတောင် စင်ရော့အောက်မေ့မိ သယ်...အဖေနဲ့အမေကတော့ ဝမ်းသာလိုက်ကြမယ့်အမျိုး...ကိုပြေသိမ်းလည်း ရောက်နေလေရဲ့...အစ်ကို ဘာနဲ့လာသာလဲဟင်...အစ်ကိုရောက်လာသာ အားရှိ လိုက်သာတော်..."

မအိမ်ကံက ရင်ထဲရှိသမျှစကားတွေကို ကတွတ်ရေပွင့် တရစပ်ကြီး ပြောနေခြင်း ဖြစ်ပါ၏။ မောင်မြတ်သာကတော့ နှမဖြစ်သူကို အလိုက်သင့်ဖက်ထားရင်း ခေါင်းကလေးကို ပွတ်နေမိသည်။ နှမကလေး အရွယ်ရောက်ပါပြီဆိုကတည်းက မောင်ကြီးတစ်ယောက်အနေဖြင့် ရင်အုပ်မကွာ မစောင့်ရှောက်ခဲ့ရ။ မိန်းကလေးတန်မဲ့ မိအိုဘအိုတို့ကို ကျွေးမွေးပြုစုစောင့်ရှောက် ရှံမက သူလိုသမျှ သူတောင်းခံသမျှ အကူအညီကို ရက်ရက်ရောရောရှိရှာသော နှမကလေး။ တစ်သက်လုံး နိုင်ငံ့အရေးဖြင့် လုံးထွေးရင်း နလုံးသားတွေ ကြမ်းနေခဲ့သော ဗိုလ်ကလေးမြတ်သာ



တစ်ယောက် နှမကလေးကို ပိုက်ထွေးရင်း မျက်ရည်များပင် လည်လာမိတော့၏။ ပြီးတော့မှ အိမ်မကြီးဘက် နှမကိုဖက်ရင်း လျှောက်လာခဲ့သည်။ မောင်မြတ်သာနှင့် မအိမ်ကံ ဝိုင်းဝမှာ တစ်ယောက်တစ်ယောက် ဖက်နေကြတာကို ဖျတ်ခနဲ မြင်လိုက်ရသော မလှအုံက ကျုံးအော် တော့သည်။

"ဟဲ့...လာကြပါဦး...ဂျပန်စစ်ဗိုလ် မအိမ်ကံကို ဆွဲလွဲနေပါကောလား...လုပ်ကြပါဦး မောင်ပြေသိမ်း ...မောင့်နှမ ဂျပန်စစ်ဗိုလ်က အတင်းဆွဲနေလေရဲ့..."

မလှအုံ အော်သံကြောင့် အမေပန်းရုံကော ကိုပြေသိမ်းပါ စိုးရိမ်တကြီး ပြေးထွက်လာ ကြသည်။ ဂျပန်စစ်ဗိုလ်က မအိမ်ကံ ပခုံးကို ဖက်လျက်။ အမေပန်းရုံခမျာ ဟပ်ထိုးလဲလုမတတ် ကြောက်လန့်သွားရှာသည်။ ကိုပြေသိမ်းက ဝိုင်းဝကို ပြေးထွက်လာခဲ့ပါ၏။ မောင်မြတ်သာမှန်း သိတော့ ဝမ်းသာသွားရှာသည်။

"သခင်မြတ်သာ..."

"သခင်ပြေသိမ်း..."

မောင်မြတ်သာက ပြေးလာသည့် ကိုပြေသိမ်းကိုပါ လက်တစ်ဖက်က သိုင်းဖက်ရင်း လျှောက်လာခဲ့သည်။ ဂျပန်စစ်ဗိုလ်က အလယ်က တစ်ဘက်မှာ မအိမ်ကံ၊ တစ်ဘက်မှာ ကိုပြေသိမ်း။ ဘယ့်နှာပါလိမ့်။ မလှအုံ အံ့သြခြင်းကြီးစွာ ငေးနေသကဲ့သို့ အမေပန်းရုံကလည်း မျက်လုံးကလေးတွေ မှေးကာ အကဲဖမ်းနေရှာပါ၏။ မောင်မြတ်သာက နှမနှင့် ကိုပြေသိမ်းကို လွှတ်လိုက်ပြီး ဒေါ်ပန်းရုံ ဘက် လျှောက်လာခဲ့သည်။

"အမေပန်းရုံ...ကျွန်တော်ပါ...မောင်မြတ်သာရယ်..."

"အလိုတော်...မထိတ်သာ မလန့်သာ ငါ့သားရယ်...ဟဲ့ လှအုံ...ဖအေကြီး နောက်ဖေး မှာ သွားပြောစမ်း..."

"အံ့မယ်လေး...မောင်မြတ်သာရယ်...ငါဖြင့် ရင်ကို တုန်သွားသာပဲ...မင်းလာလိုက် ရင် အမြဲတမ်း အထိတ်တလန့် ရှိရသာချည်းပါပဲလား ငါ့မောင်ရယ်..."

အမေပန်းရုံက ဂျပန်စစ်ဗိုလ် အဝတ်အစား ဝတ်ထားသည့်သားကို ခြေဆုံးခေါင်းဆုံး ကြည့်နေခဲ့သည်။ ဖအေ ဦးသာထန် ပြောသလို လူတကာ မျက်မုန်းကျိုးနေသည့် ဂျပန်စစ်ဗိုလ် များ ဖြစ်နေရော့လားလို့ တွေးနေမိသည်။ အိမ်ထဲမှာ ထိုင်မိကြတော့ သူကြီး ဦးသာထန်လည်း ရောက်လာခဲ့ပါ၏။ ဂျပန်ခေတ် ဘီဒီအေတပ် အဝတ်အစားကလည်း ဂျပန်စစ်ဝတ်စစ်စားနှင့် မကွာလှပါ။ ဦးထုပ်တွင် အဝါရစ်ပတ်ထားပြီး ရှေ့တွင် အဝါရောင် ငါးမြှောင့်ပြားပေါ်တွင် ထောင့်ငါးထောင့် အစိမ်းရောင် ကြယ်တစ်ပွင့်ပါသည်။ အင်္ကျီကော်လာမှာတော့ ခေါင်းရပ် တံဆိပ်။ ဘယ်ဘက်ရင်အုံပေါ်မှာတော့ ငွေရောင် ရာထူးအဆင့်အတန်းပြ ဘားတန်းနှင့် ရာထူးကြယ်ပွင့်များ။

"ဘီဒီအေတပ်က သည်လိုဝတ်စုံဝတ်ရသာအဖေ...ရာထူးတွေ တောင်းကြ လုကြ... မရလို့ ဆူကြပူကြနဲ့ပါဗျာ...တို့ဗမာသခင်တွေကို သခင်မြတို့ သခင်ဗစိန်တို့ သခင်ထွန်းအုပ်တို့က ရာထူးခေါ်ပေးကြလို့သာကိုး...လွတ်လပ်ရေးအတွက် ထောင် ကျခံ အဆင်းရဲခံရသူတွေခမျာ နောက်တန်းရောက်နေကြရသယ်...ရာထူးမရလို့ သတ်မယ်ပုတ်မယ်တွေကလည်း တစ်မျိုး...အခွင့်အရေးသမားတွေကလည်း တစ်မျိုး"

www.burmeseclassic.com

www.burmeseclassic.com

"နို့…ငါ့သားက ဘီဒီအေစစ်ဗိုလ်ဆို…စစ်များ တိုက်နေရဦးမှာလားကွာ"

"မတိုက်ရပါဘူး အဖေရာ…အင်္ဂလိပ် ပြန်ဝင်လာရင် ကာကွယ်ရမယ့်တပ်အဖြစ် ဂျပန်က ဖွဲ့ခွင့်ပေးထားသာပါ…ကျွန်တော်တို့မှာလည်း ရည်ရွယ်ချက်ရှိသေးသာကိုး အဖေရဲ့… သဘောကတော့ ကျွန်တော်တို့ရော မောင်ပြေသိမ်းတို့ အာရှလူငယ် အစည်းအရုံးကပါ တစ်ချိန်မှာ ပေါင်းစည်းပြီး အားယူထားသဲ့သဘောပဲ…"

အဖေနှင့် စကားတအောင့် ခဏပြောပြီး မောင်မြတ်သာက အဝတ်အစားလဲလှယ်ကာ ထမင်းစားသည်။ ကိုပြေသိမ်းရော အစ်ကိုဖြစ်သူတို့ပါ ရှိနေကြသဖြင့် တစ်အိမ်လုံး ဝမ်းသာနေကြသလို မအိမ်ကံလည်း ပျော်ရသည်ပင်။ ဖိုးကူးကတော့ ကိုကြီးမြတ်သာအနားက မခွာတော့။ ကိုကြီးမြတ်သာကို အင်္ဂလိပ်မျက်နှာဖြူတွေကို မောင်းထုတ်လိုက်နိုင်သော ရောမသူရဲကောင်းကြီးအဖြစ် အထင်ကြီး၍ မဆုံးတော့။ ကိုဖိုးငွေကတော့ မောင်မြတ်သာ ခါးကြားက ပြောင်းတိုကို ကြည့်ကာ မောင်မြတ်သာလည်း ဖအေလို သေနတ်ဆု ရလာသည်ထင်နေပါ၏။

"ငါ့ညီသေနတ်တော့ မသိဘူး…ဦးလေးသေနတ်ကဖြင့် ရွာစားပြတွေဝင်တုန်းက တစ်ခါလားပဲ ဖောက်လိုက်ရရဲ့" ဆိုလို့ ဦးသာထန်က တူဖြစ်သူကို ဖက်ပိုးလှမ်းအုပ်လိုက်သည်။

"အဖေ့သေနတ် ဂျပန်တွေ သိမ်းသွားသဲ့သတင်း ကျွန်တော်ကြားပါသယ်…အန္တရာယ်ကင်းသာပေါ့ အဖေရာ…အင်း…ကံကလေးလည်း ကံကောင်းလို့ပါလားကွယ်…"

မတွေ့ရသည့်နှစ်တွေအတွင်း အစ်ကို အတော်ကြီး ရင့်ကျက်သွားခဲ့ပြီ။ ခါတိုင်းလို ပုန်းလျှိုးကွယ်လျှိုးဘဝဖြင့် ရွာကို ရောက်လာရခြင်းမျိုး မဟုတ်သဖြင့် သည်တစ်ချီတော့ သားအဖတွေ လွတ်လွတ်လပ်လပ် ပျော်ပျော်ကြီး နေခွင့်ရတာကိုပဲ မအိမ်ကံ ဝမ်းသာလို့မဆုံး။ အစ်ကို မောင်မြတ်သာက သည်တစ်ခေါက် ရွာမှာ ရက်နည်းနည်းတော့ နေခွင့်ရသည်ဆိုပါ၏။ ကိုပြေသိမ်းကလည်း အဝတ်အစားတွေတစ်အိတ်ကြီး ပါလာခဲ့သည်။ ရက်ကြာကြာနေမည့်သဘော ထင်ပါရဲ့။

သည်ရက်တွေထဲမှာတော့ မအိမ်ကံတို့အိမ်မှာ လူတွေတရုံးရုံးနှင့် ပျော်စရာကောင်းနေခဲ့သည်။ ညဘက်တွေမှာ အိမ်အောက်ထပ်တွင် စုကြပြီး စကားတွေ ပြောဖြစ်ကြသည်။ မအိမ်ကံကတော့ နားထောင်လို့ပင် မငြီးနိုင်ရှိရပါ၏။ ကိုပြေသိမ်းပြောပြသည့် အတွေ့အကြုံတွေကလည်း ဆန်းကြယ်လှပါသည်။ အစ်ကိုပြောပြသည့် နိုင်ငံရေးအတွေ့အကြုံ၊ တိုက်ပွဲအတွေ့အကြုံတွေကလည်း ရင်တုန်စရာ ကောင်းလှပါ၏။ စကားလက်ဆုံပြော၍ပဲ မကုန်နိုင်ကြ။ ဦးသာထန်သည်ပင်လျှင် သည်ရက်ထဲမှာ အတော်ကလေး ထူထူထောင်ထောင် ရှိလာခဲ့သည်။ တစ်လျှောက်လုံး သားဖြစ်သူကို အလိုမကျဖြစ်ခဲ့ရသမျှ သည်တစ်ခေါက်မှာတော့ သားကို အရိပ်တကြည့်ကြည့်နှင့်။ 'လူကလေး' ဆိုတာကလည်း ပါးစပ်ဖျားက မချ။ မအိမ်ကံစိတ်များ ချမ်းသာချက်တော့။

တစ်ရက်မှာတော့ ကိုပြေသိမ်းတစ်ယောက်တည်း အနောက်ရွာတွေဘက် ခရီးထွက်သွားခဲ့သည်။ အိမ်ကလှည်းနှင့် ဖိုးကူးက မောင်းပို့ခြင်းဖြစ်သည်။ အစ်ကိုမောင်မြတ်သာကလည်း မမစိမ်းမြတို့အိမ်ဘက် ရောက်နေခဲ့သည်။ အမေပန်းရုံက မအိမ်ကံကို အနားထိုင်စေကာ မိသားစုကိစ္စတွေ ပြောပြခဲ့လေသည်။



"ငါ့သမီးလည်း အရွယ်ရောက်နေပြီဆိုတော့ အမေ့မှာ ပြောစရာ တိုင်ပင်စရာဆိုလို့ သမီးပဲ ရှိသယ်…သည်လို သမီးရဲ့…သည်တစ်ခေါက် ညည်းအစ်ကိုပြန်လာသာ အကြောင်းရှိသယ်အေ့…စိမ်းမြကို မိသားဖသားပီပီ တောင်းရမ်းပေးပါလို့ ပြောလာသယ်…သူတို့လူငယ်ချင်း မေတ္တာရှိကြဆိုလား…အမေတို့ကလည်း မတားသာပါဘူး အေ…ခမျာ အရွယ်လည်း ရရှာပါပြီ…ကိုယ့်ရွာသူ ပြန်ယူသာပဲ တော်လှပြီ အောက်မေ့ရသာ…လူကလေးခမျာလည်း အိမ်ပစ်ရာပစ် နေရသာများလှပြီဆိုတော့ သားမယား သံယောဇဉ်ကလေးနဲ့ ခြေပြန်ချုပ်လိမ့်မယ်ထင်ရသာပဲ…"

မအိမ်ကံ ကြားထားတာတွေ အမှန်ပါပဲလား။ အစ်ကိုမောင်မြတ်သာနဲ့ မမစိမ်းမြ ဘယ်တုံး ဘယ်အခါကများ မေတ္တာရှိနေကြတာပါလိမ့်။ ရွာမကပ်ရသောအစ်ကိုက ရွာ့အပျိုကို ဘယ်အချိန်ကများ လှစ်ခနဲ ပိုးလိုက်တာပါလိမ့်။ မအိမ်ကံ တွေးရသလောက်တော့ ကိုယ့်ရွာသူ ရွာသားချင်း ခင်မင်ရင်းစွဲရှိတာကလွဲလို့ ထင်းခွေရင်းလည်းမကြုံ ရေခပ်ရင်းလည်း မကြုံနိုင်ပါပဲလျက် အစ်ကို ထွက်ပြေးရစဉ်က မမစိမ်းမြတို့ ရက်ကန်းရုံပေါ် နှစ်ညတာ ခိုအောင်းခဲ့စဉ်က တွယ်ငြိခဲ့သော သံယောဇဉ်ပဲ ဖြစ်လိမ့်မည်ထင်၏။ ရွာက တီးတိုးတီးတိုး သဖန်းပိုးပြောတာ ကြားတယ်လို့ ကျေးဥကတော့ ပြောသား။ ဘာပဲဖြစ်ဖြစ် မအိမ်ကံ ဝမ်းသာပါသည်။ မမစိမ်းမြလို မိန်းကလေးနှင့် သဘောမတူစရာမရှိ။ အိမ်တွင်းရေး နိုင်နင်းသည်။ တောအလုပ်တောအကိုင်များတော့ ကျားစီးဖားစီး လုပ်နိုင်သည်။ မမစိမ်းမြကို ယောက်မတော်ရမှာဆိုတော့ သမီးယောက်မ တုပစရာမရှိ။

"သည်တစ်ခေါက်ပဲ အပြီးယူကြတော့မှာလား အမေပန်းရုံ"

"တောင်းရမ်းပေးပါဆိုတော့ ယူကြရုံပေါ့…တောင်းရမ်းသာက သပ်သပ်…မင်္ဂလာဆောင်မှာက သပ်သပ်လုပ်နေဖို့လည်း လူကလေးမှာ အချိန်မရှိဘူးထင်ပါရဲ့အေ… အဲသာ ငါ့သမီးကို အသိပေးသာ…"

သြော်…အစ်ကို အိမ်ထောင်ပြုတော့မှာပါလားဆိုသည့် စိတ်ကလေးဝင်လာတော့လည်း မအိမ်ကံ ဝမ်းနည်းနေရပါ၏။ သည်အစ်ကိုနှင့် သည်နှမ တစ်ဘဝ,ဝအောင်ပင် မနေလိုက်ရသလို ရှိခဲ့ရတာမဟုတ်လား။ မအိမ်ကံ လူမှန်းသိရပြီဆိုကတည်းက အစ်ကိုက မြင်းခြံကို ရောက်နေခဲ့သည်။ မြင်းခြံမှာ ကျောင်းတက်ရင်းကပဲ နိုင်ငံရေးနယ်ထဲ ရောက်သွားခဲ့သည့်အတွက် ပိုလို့ပင် ဝေးခဲ့ရပါ၏။ တစ်ခါတစ်ခါ အဆက်အသွယ်ကလေးရသည့်အခါ ရတာကလွဲလျှင် ကိုယ့်အိမ် ကိုယ့်ရွာရယ်လို့ မကပ်နိုင်ခဲ့တာက ခပ်များများ။ အဖေ အသက်ရလာတော့ အစ်ကို့ကို မအိမ်ကံ မျှော်မိခဲ့သည်။ သည်အိုး သည်အိမ် သည်စည်းစိမ်တွေကို စောင့်ရှောက်ဖို့ ယောက်ျား သားရယ်လို့ အစ်ကို့ကို မျှော်မိခြင်းဖြစ်သည်။ အဖေနှင့်အမေကတော့ ရွာမှာ ဩဇာရှိကြသေး သည့်အတွက် အများက အရှိအသေရှိကြသည် မှန်ပါ၏။ သို့သော် သည်အဖေ သည်အမေ မျက်စိမှိတ်ကြပြီဆိုလျှင်တော့ မအိမ်ကံတစ်ယောက်တည်း ရှိရတော့မည်။ အခုတော့ မအိမ်ကံ မှာလည်း ချစ်သူရှိခဲ့ပြီ။ မအိမ်ကံဘဝမှာ သူစိမ်းဝင်လာသလို အစ်ကို့ဘဝမှာလည်း သူစိမ်းဝင် ခဲ့ပြီ။ သည်လိုဆိုတော့လည်း အစ်ကို့ကို ရွာမှာပဲ ရှိစေချင်ပါ၏။ အစ်ကိုကြီးတော့ အဖအရာ ဆိုသလို မအိမ်ကံ တစ်ယောက်လုံး အစ်ကို့ကို ရှိခိုးဦးတင်ထားချင်သည်။ အစ်ကိုကကော ရွာမှာ နေပါဦးမလား။

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို မင်္ဂလာဆောင်သာတော့ ဟုတ်ပါပြီ...မမစိမ်းမြနဲ့ယူပြီးရင် ရွာမှာ နေမှာ သဲ့လား အမေ..."

သမီးမေးလိုက်သည့် မေးခွန်းကို ဒေါ်ပန်းရုံ သိပါ၏။ ဇောင်ချမ်းကုန်းမှာ မအိမ်ကံ တစ်ယောက်တည်း နေရမည့်ရက်တွေကို မျှော်မှန်းကာ မေးလိုက်တာမဟုတ်လား။ သမီးမေးလိုက်တော့လည်း ဒေါ်ပန်းရုံ မျက်ရည်ဝေ့ရသည်။ သမီးပျို အားငယ်နေရော့လား။

"လောလောဆယ်တော့ မင်္ဂလာဆောင်ပြီးရင် စိမ်းမြကို ခေါ်သွားနိုင်ဦးမယ် မဟုတ်ပါဘူး...သူတောင် ဘယ်လိုနေလို့ ဘယ်လိုစားနေသလဲ မသိရသဲ့ဟာ...စိမ်းမြတော့ အမေတို့ပဲ ခေါ်ထားမလားလို့...သမီးသဘောကကော..."

"မမစိမ်းမြ သည်လာနေတော့ သမီးလည်း အဖော်ရသာပေါ့အမေရယ်...မမစိမ်းမြက သူ့ရက်ကန်းရုံနဲ့ သူ့မိသူ့ဖနဲ့ သိုက်သိုက်ဝန်းဝန်းကြီးနေနေသဲ့ဟာ...မအိမ်ကံတို့အိမ် လိုက်နေပါ့မလားအမေ...အစ်ကို့ကို သူ့အိမ်ခေါ်သွားရင်ကော..."

"ညည်းအစ်ကို သဘောပေါ့အေ..."

အမေပန်းရုံ ထ,သွားတော့ မအိမ်ကံတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ဘဝတွေက လည်း ဆန်းကြယ်လှပါလားလို့လည်း တွေးမိပါ၏။ တကယ်တမ်းကျတော့ ကိုယ့်ကိစ္စတွေနဲ့ ကိုယ်၊ ကိုယ့်ဘဝနဲ့ကိုယ်၊ ကိုယ့်ခရီးနဲ့ကိုယ်...။ ကံအလှည့်သင့်ရာ သွားနေကြသူတွေချည်းပင်။ မအိမ်ကံကိုယ်တိုင်ပင် တစ်ရွာသား၊ တစ်မြို့သားကို မေတ္တာကမ်းခဲ့ပြီးလေပြီ။ ကိုပြေသိမ်း ကကော မအိမ်ကံနှင့် အိမ်ထောင်ပြုပြီးလျှင် ဘယ်မှာ နေမှာတဲ့တုံး။ သူ့ရွာ ထနောင်းတိုင်ကို ခေါ်သွားမှာလား။ မြို့ကို ခေါ်သွားမှာလား။ ဇောင်ချမ်းကုန်းလိုရွာမှာကော ဘဝပုံပြီး နေနိုင်မှာ တဲ့လား။ ဇောင်ချမ်းကုန်းရွာမှာ ကျောင်းဆရာလုပ်ရတုန်းတော့ နေချင်နေမှာပေါ့။ မနေချင် တော့ပါဘူးဆိုသည့်အချိန် သျှောင်နောက်ဆံထုံးပါရတော့မည်။ သည်မြေ၊ သည်ရေ၊ သည်လေ၊ သည်ဘိုးဘွားဇာတိရပ်ရွာကို မအိမ်ကံကကော ထားရစ်ခဲ့နိုင်ပါ့မလား။ သည်တော သည်ယာ သည်စိုက်ခင်းများ၊ သည်သစ် သည်ဝါး သည်ထန်းတောများကို လင့်တစ်မျက်နှာနှင့် ချိန်ခွင်တင် ချိန်ရတော့မှာပါလား။ သည်လိုဆိုလျှင်တော့ မအိမ်ကံ မလိုက်ချင်ပါ။ အဖေနှင့်အမေတို့ အသက်အရွယ်ရလို့ ဖွ, မတိုင်းကောင်း တိုင်းကောင်း မျက်စိမှိတ်ကြပြီဆိုဦးတော့ အဖေ့ရွာ အမေ့ရွာ၊ ကိုယ့်ဇာတိရွာကို မအိမ်ကံ မထားရက်ခဲ့နိုင်ပါ။ သည်ရွာကခွာလို့ တခြားတစ်ပါးမှာ ချမ်းသာကြွယ်ဝ ဘဝလှဦးတော့ ထိုသို့သောဘဝကို မအိမ်ကံ တစ်ဆံချည်စာမျှ မမက်ပြီ။

"ကိုပြေသိမ်းကို သည်ကိစ္စလည်း ပြောထားရဦးမှာပါလား...ခုရှုပ်မှ နောင်ရှင်း... မသကာ သူ့ဆွေသူ့မျိုး သူ့မိသူ့ဖ သူ့ရွာသူ့မြေ လိုက်ရစေဦးတော့ ခဏတစ်ဖြုတ်ပဲ ဖြစ်ရမှာပေါ့...အရှည်သဖြင့်တော့ အဖြစ်မခံနိုင်ပါဘူး..."

မအိမ်ကံ တွေးနေမိခြင်းဖြစ်သည်။ ယောကျ်ားသားဆိုတာ ချစ်တုန်းတော့ လုံးလုံး မှန်းပြန်တော့ လားလား မဟုတ်လား။ သည်ကတိစကားကိုမှ ကိုပြေသိမ်း မပေးနိုင်လျှင် ရှိစေတော့လို့သာ ပိုင်းဖြတ်မိရပါ၏။ ကိုပြေသိမ်းကကော လိုက်လျောပါ့မလား။ မအိမ်ကံ တောင်းဆိုတာကကော တရားရဲ့လား။ ကိုယ်ကမှ သူ့ရွာသူ့မြေ မလိုက်နိုင်ဘူးဆိုမှတော့ သူကကော ကိုယ့်ရွာကိုယ့်မြေမှာ ရိုးမြေကျ နေနိုင်ပါ့မလား။ အခုပဲ ကြည့်လေ။ မိသားစုထဲမှာ



သည်အိမ်ကြီးထဲမှာ ဖြစ်လာသည့်အကြောင်းတွေက မအိမ်ကံတစ်သက် မစဉ်းစားခဲ့တာတွေ ချည်းပင်။ သည်အချိန်အထိတော့ မိသားစု အသိုက်မပျက် နေနိုင်ကြသေးသည်။

သည်အဖေ သည်အမေ သည်အစ်ကို သည်နှမ ဘယ်လောက်များ အတူနေခွင့်ရကြမှာ ပါလိမ့်။ အစ်ကိုနှင့် မမစိမ်းမြတို့ အိမ်ထောင်ကျကြပြီ ဆိုပါတော့။ သူ့အိုးသူ့အိမ် သူ့ဘဝ သူ့မိသားစုအရေးတွေထက် ဘယ်ဟာကများ အရေးကြီးတော့မှာလဲ။ မအိမ်ကံကကော...။ သားသမီးတွေ ပွားစီးလာကြဦးမည်။ သားရေး သမီးရေးတွေ ရှိလာလိမ့်မည်။ မအိမ်ကံသည် လည်း အမေပန်းရုံလို မိခင်နေရာက ရှိရတော့မည်။ မအိမ်ကံ ကလေးလို နေချင်လို့ရတော့ မည်မဟုတ်။ မအိမ်ကံကို အမေပန်းရုံက အုပ်ထိန်းခဲ့သလို မအိမ်ကံမှာလည်း သားသမီးတာဝန် တွေ တသီကြီး ထမ်းရတော့မည်။ သားသမီးလို့ စဉ်းစားမိတော့ မအိမ်ကံ ရင်ထဲက အနာ ဟောင်းသည် အိုင်းအနာလို ဖူးဖူးကြီး ယောင်လာရပြန်ပါ၏။ သည်ဘဝမှာ သူအဖြစ်ချင်ဆုံး သော ရွာ့ကွမ်းတောင်ကိုင်ဘဝနှင့် ဖက်စိမ်းကွမ်းတောင်ကြီးကို မကိုင်ခဲ့ရတာကို သူ ကြေကွဲမဆုံး ရှိခဲ့ရသည်။ သည်နစ်နာမှုကို မအိမ်ကံကိုယ်တိုင်က ရှုံးနိမ့်မှုအဖြစ် ခံယူထားသည်။ ဘယ်သူ့ကို ရှုံးခဲ့တာလဲဆိုတော့လည်း တရားခံ ဆွဲပြစရာမရှိ။ ကံကြမ္မာကို ရှုံးနိမ့်ခဲ့ရတာလို့ ပြောချင်လည်း ပြောနိုင်ပါ၏။ သို့သော် အနားမှာရှိသည့်လူ ဆွဲပြသည်ပဲဆိုဆို ရွှေမှုံကို သူရှုံးနိမ့်ခဲ့ရသည်လို့ပဲ စိတ်ထဲတေးထားခဲ့သည်။

"ရွှေမှုံထက်သာသဲ့ဘဝကို ငါရရမယ်...ငါ ကွမ်းတောင်ကိုင် မဖြစ်ခဲ့သာထား...ငါက မွေးသဲ့ ငါ့သမီးက ဇောင်ချမ်းကုန်းရွာကွမ်းတောင်ကိုင် ဖြစ်ကိုဖြစ်ရမယ်... ဆရာကတော် မအိမ်ကံရဲ့သမီးက ဖက်စိမ်းကွမ်းတောင်ကိုင်ရမှကို ဖြစ်မယ်..."

မအိမ်ကံရင်ထဲမှာ အပူငွေ့များဖြင့် ဗလောင်ဆူလျက်ရှိသည်။ ကွမ်းတောင်ကိုင် မဖြစ်ခဲ့ရသည့်ကိစ္စ ခေါင်းထဲဝင်လာတော့ ဒေါသစိတ်တွေ တငွေ့ငွေ့ အူရပြန်ပါ၏။ အဖေနှင့် အမေတို့အကြောင်း တွေးမိတော့ စိတ်မချမ်းသာ။ အစ်ကို့အကြောင်း တွေးမိတော့လည်း နှမြောမိသလိုလို၊ တွန့်တိုမိသလိုလို။ ကိုယ့်ဘဝ ကိုယ့်အကြောင်း အတွေးရောက်ပြန်တော့ နာကျည်းခံပြင်းမိရသည်။ သည်တစ်ထိုင်တည်းမှာပဲ မအိမ်ကံစိတ်တွေ ခုနစ်ထွေအကလို ဘီလူးဖြစ်လိုက်၊ မျောက်ဖြစ်လိုက်။ မအိမ်ကံ ရက်ကန်းရုံဘက် ထွက်လာခဲ့သည်။ ရက်ကန်း သမကလေးတွေဆီက သီချင်းညည်းသံတွေ ကြားနေရသည်။ သူတို့များတော့လည်း အပူအပင် မရှိကြသလိုပါပဲလား။

■

တစ်မနက်...။

မအိမ်ကံ အိမ်ပေါ်မှာ ဘုရားပန်း လဲနေခဲ့သည်။ ရေကြည်သန့်သန့်တစ်ပုံး ဘုရားစင် ရှေ့တည်ကာ ဘုရားပန်းတွေ စိုက်ထားရင်း ပန်းဟောင်းတွေကို စွန့်သည်။ အနောက်တောဘက် မြိုးမြေပဲသွားတင်ရင်း ဖိုးတုတ်ချိုးလာခဲ့သော အင်ကြင်းနီ ရိုးတံရှည်တွေကို တစ်တက်ချင်းရွေးကာ ရှက်ရင့်တွေ ခြွေသည်။ ပြီးတော့မှ ညောင်ရေအိုးသုံးလုံးကို ရေသန့်လဲကာ အမျှစီထိုးရပါ၏။ ပန်း၊ ရေချမ်းပါ ကပ်ပြီးအထမှာတော့ အစ်ကိုမောင်မြတ်သာကို မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို...ဘာလိုချင်လို့လဲ"

"ဘာမှမလိုပါဘူး ကံကလေးရယ်...အစ်ကို ငါ့နမနဲ့ စကားပြောချင်လို့ပါ"

မအိမ်ကံ အစ်ကို့အပါးမှာ ထိုင်ရပါ၏။ သည်တစ်ခေါက် အစ်ကိုရောက်လာခဲ့သော်လည်း မောင်နှမချင်း တစ်ခါမျှ စကားလက်ဆုံ မကျရသေးပါ။ အစ်ကိုနှင့် ကိုပြေသိမ်းတို့ နှစ်ယောက်စလုံး ရွာစဉ်လှည့်ကာ အလုပ်တွေ များနေကြတာလည်း ပါသလို ညဘက်ရောက်တော့လည်း စကားဝိုင်းဖွဲ့ နေတတ်ကြသည်မဟုတ်လား။ ဘယ်အချိန် အိပ်ရာဝင်လို့ ဝင်ကြမှန်းပင် မသိပါ။ ညဥ့်ကလေး နက်လာလျှင် မအိမ်ကံနှင့် ကျေးဥတို့ အိမ်ပေါ်တက်ကြပြီ။ သမီးရည်းစားရယ်လို့လည်း ကိုပြေသိမ်းအနား မအိမ်ကံ မကပ်ရဲပါ။ မိဘမောင်ဘွားများ ရှေ့မှာ အနေအထိုင် သိုသိပ်ရတာကလည်း မအိမ်ကံတို့မိန်းကလေးများ စောင့်ထိန်းရမည့် ဣန္ဒြေပဲ မဟုတ်လား။

အစ်ကိုက မအိမ်ကံနှင့် ဘေးတိုက်အနေအထားမှာထိုင်ရင်း ဘာတစ်လုံးမျှ မပြောသေးပါ။ မအိမ်ကံကလည်း အစ်ကို ဘာတွေပြောမှာပါလိမ့်လို့ တွေးမနေတော့ပါ။ မအိမ်ကံစိတ်ထဲ သိနေသလိုလိုပင်။ ကိုပြေသိမ်းအကြောင်း ပြောကြရုံကလွဲလျှင် အခြားဘာမျှမရှိနိုင်။ အစ်ကို့ မျက်နှာကို မအိမ်ကံ စိုက်ကြည့်နေလိုက်သည်။ အစ်ကို့မျက်နှာက နိုင်ငံရေး ဆွေးနွေးတော့မည့် မျက်နှာမျိုး။ မျက်နှာက တည်ကြည်လွန်းလှသည်။ နှမဖြစ်သူကို ဘယ်စကားက စပြောရမှန်းမသိသလို တအောင့်တော့ အားယူနေပုံရပါ၏။

"ကံကလေး...အစ်ကိုရေးလိုက်သဲ့စာ ဖတ်ပြီးပြီလို့ အစ်ကိုထင်တယ်...ငါ့နမသဘော မသိရပေမယ့် အစ်ကိုကတော့ ငါ့နမ လက်ခံလိမ့်မယ်လို့ တွက်ပါရဲ့...ကံကလေးလည်း အရွယ်ရပြီ...အဖေကလည်း အသက်ကြီးရှာပြီ...အမေပန်းရုံ့ခမျာလည်း 'နဲ့' ရှာပြီ... အစ်ကိုဆိုသာတော့ တာဝန်တွေမဲ့သလို ဖြစ်နေရသာလည်း သိပါရဲ့...အစ်ကို့ခံယူချက်ကတော့ တိုင်းပြည်လွတ်လပ်ရေးရမှပဲ နားမယ်စိတ်ကူးသယ်...နှမအတွက်တော့ဖြင့် ရောက်လေရာမှာ ပူပန်မိသာ အမှန်ပါ...နှမကို အိမ်ထောင်ရက်သား ချထားပေးချင်သယ်..."

"အစ်ကို့စာဖတ်ပြီးပါပြီ အစ်ကို...မအိမ်ကံ မှန်သာပြောပါရစေတော့...ကိုပြေသိမ်းကလည်း မအိမ်ကံကို မေတ္တာစကားပြောပါသယ်...မအိမ်ကံကလည်း......"

သည်စကားရောက်တော့ မအိမ်ကံ ရှေ့မဆက်ရဲ။ အစ်ကိုက ခေါင်းကြီးတစ်ဘက်စောင်းကာ နားထောင်နေပါ၏။

"မအိမ်ကံကလည်း လက်ခံလိုက်သယ် အစ်ကို...အမေတို့တော့ မပြောရသေးပါဘူး...ဒါပေသိ..."

"ပြောပါ...ငါ့နမ ရင်ထဲရှိသာပြော..."

"မအိမ်ကံ ရွာက ခွာရမှာစိုးသယ်...အဖေတို့ အမေတို့ကို ခွဲရမှာစိုးသယ်...ကိုပြေသိမ်းကိုတော့ ဒါတွေ မပြောရသေးပါဘူး..."

"နွားကောင်း မကောင်း ချောင်းတက်မှသိ, လူကောင်း မကောင်း ပေါင်းဖက်မှသိ ဆိုသလိုပဲ...မောင်ပြေသိမ်းအကြောင်းတော့ အစ်ကို သိသင့်သလောက် သိပါသယ်...



နှမလေးစိတ်ထဲ ရှိသာပြောပြပေါ့...တစ်ခုတော့ စဉ်းစားပေါ့ ကံကလေးရယ်...ပညာတတ် ကျောင်းဆရာ နိုင်ငံရေးသမားတစ်ယောက် ရွာမှာပဲ အရိုးထုတ်ဖို့တော့ ခက်ရှာမှာပေါ့...လူက ဖွတ်တစ်ရာ ကြာတစ်လုံးဆိုသူမျိုးဟ...ရှားသယ်"

မအိမ်ကံ အစ်ကို့ကို မရှုက်နိုင်ပါ။ အစ်ကိုကလည်း သဘောတူသည် မအိမ်ကံကလည်း မေတ္တာရှိပြီဆိုမှတော့ အဖေနှင့်အမေတို့ခမျာ သဘောမမျှစရာ မရှိနိုင်။ အစ်ကိုကတော့ ဖွတ်တစ်ရာ ကြာတစ်လုံး ဆိုနေပါပကော။ မအိမ်ကံက ခေါင်းကလေးငုံ့ထားလိုက်သည်။ အစ်ကို့ဆီကလည်း အသံမထွက်။ တအောင့်နေတော့မှ အစ်ကို့အသံကြားရသည်။

"အဖေနဲ့အမေ့ကို အစ်ကို ပြောလိုက်ပြီ..."

"အစ်ကိုရယ်..."

အစ်ကို့ကို မအိမ်ကံ အလန့်တကြား မော့ကြည့်လိုက်သည်။ အမေပန်းရုံကိုယ်တိုင်က မအိမ်ကံကို အိမ်ထောင်ချထားဖို့ တစ်လောတုန်းကပဲ ပြောခဲ့သည်။ သမီးခေါင်းထဲ ရောက်နေစေချင်လို့ပါဆိုသည့် စကားကလွဲလို့ ဘယ်သူဘယ်ဝါ မပြောခဲ့။ အဲသလိုလည်း လူကောင်းမတ်တတ် ရှိကြပုံမပေါ်။ အခုတော့ အစ်ကိုက အဖေတို့ အမေတို့ကို ပြောလိုက်ပြီဆိုပါကော။ အမေ့မျက်နှာကို ဘယ်လိုကြည့်ရပါ့။ အဖေ့အနား ဘယ်လိုသွားရပါ့။ အဖေတို့ အမေတို့ကို တစ်ရက်ရက်မှာ ပြောရမည်ကို သိထားပေသိ သည်လောက်ကြီး မြန်မြန်မသိစေချင်။ အစ်ကိုကကော ဘယ်လို ပြောလိုက်တာပါလိမ့်။ မအိမ်ကံ အစ်ကို့ကို မော့ကြည့်လိုက်သည်။

"မောင်ပြေသိမ်းက ကံကလေးကို မေတ္တာရှိနေသဲ့အကြောင်း ပြောထားသာပါ...အဖေကတော့ ငါ့သားပဲ သင့်တော်သလို စီမံပါသဲ့...အဖေတို့ အမေတို့မှာ ရှန်းနိုင်မှ ချောင်းကျော်ရမယ့်အရွယ်တွေဆိုတော့ ငါ့သားသဘောမျှရင် ပြီးသာပါပဲသဲ့..."

မိဘနှစ်ပါး၏သဘောကိုကြားရတော့ မအိမ်ကံ မျက်ရည်များ စို့တက်လာခဲ့ရသည်။ ရှန်းနိုင်မှ ချောင်းကျော်ရမယ့်အရွယ်တွေတဲ့လား။ မအိမ်ကံ တစ်ချက်ရှိုက်လိုက်တော့ အစ်ကိုဖြစ်သူက မေးကို ကိုင်ကာ မော့စေသည်။

"မငိုပါနဲ့ကွယ်...ရေများဟာ နိမ့်ရာကို စီးကြသယ်...မီးများဟာ မြင့်ရာကို လောင်ကြသယ်...ပြုပြင်စီရင်ခြင်းက ကင်းရသာမရှိပါဘူး...ငါ့နမဘဝလှဖို့ ဖြစ်လာရသယ် မှတ်ပါကွယ်..."

အစ်ကိုမောင်မြတ်သာ ထသွားတော့လည်း မအိမ်ကံက မထသာခဲ့ပါ။ ဘုရားစင်ရှေ့မှာပဲ ထိုင်နေမိခဲ့သည်။ အစ်ကိုရော ကိုပြေသိမ်းရော အိမ်ရောက်လာကြကာမှ မအိမ်ကံ မျက်ရည်တွေ အခါခါကျခဲ့ရပြီ။ အိမ်ထောင်ရက်သား ချကြတော့မှာပါလား။ အနှစ်နှစ်ဆယ်လုံးလုံး ငတ်လျှိုးနေခဲ့သော အချစ်ဆိုသောအရာက တစ်မြို့သားနှင့်တွေ့မှ ပဲပင်ကလေးတွေ အစို့ပြုသလို မင်္ဂလာညွန့်ကလေး စို့ခဲ့ရသည်။ တစ်မြို့သားကို ချစ်ခဲ့မိသော်လည်း ဘဝနှစ်ခုပေါင်းစပ်ဖို့ရာတော့ ချက်ချင်း ဖြစ်မလာနိုင်သေးလို့ ထင်ခဲ့ပါ၏။ အခုတော့ အမေကလည်း ပြောပြီ။ အစ်ကိုကလည်း ပြောပြီ။ ပြန်စဉ်းစားကြည့်တော့လည်း မအိမ်ကံအဖို့ရာ ဝမ်းနည်းစရာမရှိပြန်။ မအိမ်ကံမှာ ချစ်ရသူရှိပြီ။ ထိုချစ်သူနှင့်လည်း မိဘများက သဘောတူလက်ထပ်ခွင့်ပြုပြီ။ ဒါဖြင့် မအိမ်ကံ ဘာကို ဝမ်းနည်းနေမိတာလဲ။ မအိမ်ကံ ဝမ်းနည်းတာက ရိုးပ်ဖရိုပ်မှာ

www.burmeseclassic.com

www.burmeseclassic.com

အကြောင့်ကြမဲ့စွာ နေထိုင်ခဲ့ရသူအဖြစ်မှ တစ်ဘဝ တစ်အိမ်ထောင်ထူရမှာကို ဝမ်းနည်းနေမိခြင်းဖြစ်သည်။ သည်ကြားထဲ သည်ရပ် သည်မြေက ခွာဖို့ဖြစ်လာလျှင် စလယ်ဝင် ဖင်မမြဲခင်ကကွဲရမည့်အဖြစ်တွေကို ကြိုမြင်မိတာလည်း ပါပါ၏။

ထိုညက အိပ်ရာဝင်ကြသည့်အခါ ကျေးဥကို ဖွင့်ပြောမိခဲ့သည်။ မျက်ရည်တွေလည်း ကျခဲ့ရပြန်ပါ၏။

"ကျေးဥရယ်...ညည်းအဖြစ်ကမှ စိတ်ချမ်းသာစရာပါအေ...ဖိုးတုတ်နဲ့ ညည်းက ကိုယ့်ရွာသူ ရွာသားချင်းဆိုတော့ ဆင်းရဲအတူ ချမ်းသာအမျှ ဘဝဝန်ကို ရုန်းနိုင်ကြပါရဲ့...ငါ့မှာတော့ တစ်မြို့သားကို ကြိုက်ရသာမှတ်လား... ကိုပြေသိမ်းနဲ့ ယူကာမှ မိရွာဖရွာက ခွာရမှာ တွေးပူနေမိသယ်..."

"ကိုပြေသိမ်းက မင်္ဂလာဆောင်ပြီး ခေါ်သွားမယ် ပြောလို့လား..."

"အဲသည်အထိတော့ မပြောကြရသေးဘူး...တွေးပူရသာပေါ့အေ...သူက ပညာတတ်ငါက ပညာမဲ့...ကျီးနဲ့ ခင်ပုပ်လို ဖြစ်မှာစိုးသာပါ..."

"မအိမ်ကံ သဘောတစ်ခုနေမှာပါ အေရယ်...ကိုပြေသိမ်းက လူ့သဘောကောင်းပါ...မအိမ်ကံ စိတ်ဆင်းရဲအောင်တော့ မလုပ်တန်ကောင်းပါဘူး..."

ကျေးဥကပြောတော့ မအိမ်ကံ စိတ်ပြေရပြန်သည်။ မအိမ်ကံ တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့။ ပြတင်းဝဆီက လရောင်တွေ ဖြာကျနေသဖြင့် အခန်းတစ်ခန်းလုံး လင်းနေသည်။ ညလေပြည်ထဲမှာ ပန်းရနံ့တွေ ဝေ့လာပြန်ပါ၏။ မအိမ်ကံ အသာကျုံးထလာခဲ့သည်။ အဖေတို့ အမေတို့ကို ရင်မဆိုင်ရဲသဖြင့် တစ်နေကုန် အိမ်ကြီးပေါ်မှာပဲ အောင်းနေခဲ့မိသည်။ ခြေသြောင်းလက်ဆန့် အိမ်အောက်သို့ တအောင့်ဆင်းချင်လာသည်။ ကျေးဥကတော့ အိပ်နေလေပြီ။

ကိုပြေသိမ်းနှင့် ဝေးနေရသည့် ရက်တွေတုန်းကတော့ သည်လိုလရောင်ကို မြင်ရတိုင်း လွမ်းစိတ်ကလေးတွေ ဝင်နေကျ။ သူဘယ်ဆီမှာလဲတွေးကာ ရော်ရမ်းမိတာကလည်း အခါခါပင်။ ထိုစဉ်ကများ လရောင်ထဲမှာ မျက်ရည်များပင် ကျမိခဲ့တာတွေ ရှိပါ၏။ အလွမ်းတကာထဲမှာ ချစ်သူကို လွမ်းရတာ အထိခိုက်ဆုံးလို့ပင် တွေးမိရသည်အထိပင်။ အခုတော့ ကိုပြေသိမ်းက အိမ်ကြီးအောက်ထပ်မှာ ရောက်နေပြီ။ စောစောပိုင်းက စကားသံတွေ ကြားသော်လည်း အသံတွေ တိတ်သွားတာကြာပြီ။ ဘယ်နနာရီများ ထိုးပါလိမ့်။ သက်ကြီးခေါင်းချချိန် ကျော်လောက်ပြီ။ အောက်ထပ် သံစုံနာရီကြီးကလည်း နာရီသံထိုးဖို့ မေ့များနေရော့လား။

မအိမ်ကံ တံခါးကို အသာလှပ်ပြီး ဆင်းလာခဲ့သည်။ လှေကားအဆင်းက တံခါးကို ထပ်ဖွင့်ရပြန်သည်။ လှေကားအတိုင်းဆင်းလာတော့ အမှောင်ထဲမှာ မတ်စေ့ကလေးတွေကို နင်းမိသည်။ အိပ်နေသူတွေ အသံမကြားရအောင် ခြေဖျားကလေးနှင့် ဆင်းရပါ၏။ တစ်ထစ် နှစ်ထစ် သုံးထစ်...။ မတ်စေ့ကလေးတွေက ခြေဖဝါးအောက်မှာ တစ်စေ့ နှစ်စေ့ သုံးစေ့...။ သည်လိုနှင့် အောက်ကို ရောက်လာခဲ့ပြီ။ လရောင်က မြေပြင်ပေါ်မှာ တရှိန်ရှိန် အရောင်ပြန်လျက်ရှိ၏။ သစ်ပင်တွေပေါ်မှာ၊ ရက်ကန်းရုံပေါ်မှာ၊ ပဲမှော်တိုက်ပေါ်မှာ၊ နွားတင်းကုပ်ပေါ်မှာ၊ ဇွန်ပန်းရုံတွေပေါ်မှာ၊ ဆပ်သွားဖူးရုံကြီးပေါ်မှာ...လရောင်တွေ...။




ကနေ့ည သာသည့်လက ခါတိုင်းထက်များ လင်းနေတော့သယောင်ပင်။ မအိမ်ကံသည် လရောင်ကွင်းပြင်ထဲ ဆင်းလာခဲ့သည်။ အပြင်မှာတော့ အေးစိမ့်စိမ့်ရှိပါ၏။ တစ်အိမ်လုံး အိပ်မောကျကြပြီ။ အဝေးဆီက အိမ်လည်လွန်ကြသူတွေ ဆိုလိုက်သောသီချင်းသံသဲ့သဲ့ကလွဲ၍ အခြား ဘာသံမှမရှိပါ။ အပေါ့အပါးသွားပြီးနောက် တလင်းပြင် လရောင်ထဲမှာ မအိမ်ကံ တစ်ယောက်တည်း ရပ်နေမိသည်။ ထိုစဉ်မှာပင် ချွတ်ခနဲ အသံတစ်သံ ကြားလိုက်ရသည်။ နောက်ဖေးတံခါးကို ဖွင့်ထွက်လာပုံရသူ လူတစ်ယောက်၏အရိပ်ကို မအိမ်ကံ မြင်လိုက်ရခြင်းဖြစ်၏။ အစ်ကိုမောင်မြတ်သာလား၊ ကိုပြေသိမ်းလား...။ မျှော်လင့်မထားဘဲ ရိပ်ခနဲမြင်လိုက်ရတာဆိုတော့ မအိမ်ကံ ထိတ်ခနဲပင် ဖြစ်သွားခဲ့သည်။ လူရိပ်က နောက်ဖေးဆောင်အကွယ် အမှောင်ရိပ်ဆီက ထွက်မလာဘဲ ရပ်နေသဖြင့် လရောင်ထဲထွက်လာဖို့ မဝံ့မရဲ ဖြစ်နေပုံရပါ၏။

မအိမ်ကံ သိလိုက်ပြီ။ လူရိပ်ဆီ တည့်တည့်ကြီးလျှောက်လာခဲ့သည်။ အမှောင်ရိပ်ဆီကို အဝင်မှာတော့ မအိမ်ကံကို သိမ်းဖက်ခြင်းခံလိုက်ရသည်။ မွှေးပျံ့ရှိဝေသော ရနံ့တစ်မျိုးနှင့်အတူ မအိမ်ကံ တစ်ကိုယ်လုံး နွေးထွေးသွားခဲ့ပါ၏။

"ကိုပြေသိမ်းရယ်..."

အလွန်တိုးလှသောအသံဖြင့် ခေါ်လိုက်သော်လည်း ကိုပြေသိမ်းက မအိမ်ကံနှုတ်ခမ်းတွေကို အသံမထွက်စေရန် လက်နှင့်ဖိလိုက်သည်။ မအိမ်ကံ ကိုယ်လုံးတင်းတင်းကလေးကို သိမ်းဖက်ထားရင်း မအိမ်ကံကို ပါးချင်းအပ်ကာ နမ်းလေသည်။ ချစ်သူ၏အနမ်းဆိုသော်လည်း မအိမ်ကံ အနမ်းတွေ မထိစင်အောင် ရှောင်ရှားနေခဲ့သည်။ မအိမ်ကံ၏လက်တွေက ချစ်သူမျက်နှာကို လိုက်စမ်းနေမိသော်လည်း မအိမ်ကံတစ်ကိုယ်လုံး နတ်ဝင်သည်လို တဆတ်ဆတ်တုန်ခါနေပါ၏။ သည်ကြားထဲကပင် အနမ်းတွေ ပန်းပွင့်တွေကြွေသလို ကြွေကျနေလေသည်။ ဘယ်နပွင့်မှန်းပင်မသိ။

"မအိမ်ကံကို ကျုပ် ချစ်တယ်...တစ်သက်လုံး စိတ်ချမ်းသာအောင် ထားပါ့မယ်ဗျာ..."

ချစ်သူရင်ခွင်ထဲမှာ နေချင်သေးသော်လည်း အတင့်ရဲရာကျမှာစိုးပါသည်။ မအိမ်ကံက လေသံကလေးနှင့် တောင်းပန်ကာ ကိုပြေသိမ်း လက်ထဲက ရုန်းထွက်လိုက်သည်။

"သွားတော့မယ် ကိုပြေသိမ်းရယ်...နိုးကုန်ကြလိမ့်မယ်နော်..."

လှေကားဆံတွေပေါ်ကို မအိမ်ကံ ဘယ်လိုက ဘယ်လိုရောက်လာခဲ့သည်ပင်မသိ။ ရင်တွေတလှပ်လှပ်ခုန်နေဆဲ။ အိပ်ရာထဲရောက်သည့်နောက် ရင်မငြိမ်သေး။ လရောင်က ပြတင်းဝမှတစ်ဆင့် မအိမ်ကံမျက်နှာကလေးပေါ် ဖြာကျလျက်ရှိပါ၏။ တစ်ခါက ချစ်သူမဟုတ်သော သာအောင့်ရင်ခွင်ထဲ ရောက်ခဲ့ဖူးတာကိုလည်း အမှတ်ရလိုက်သေးသည်။ သည်တစ်ခါတော့ ချစ်ရသူ၏ ရင်ခွင်။ နွေးထွေးနူးညံ့လှသော ချစ်သူ၏ ရင်ခွင်...။

အိမ်အောက်ထပ် သံစုံနာရီဆီက နှစ်ချက်ထိုးသံ တဒင်ဒင်ကြားရလေသည်။ မအိမ်ကံ အိပ်မပျော်သေး။ လင်းကြက်တွန်သံတွေ ဆူဆူဝေတော့မှ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

ဇောင်ချမ်းကုန်းတွင် စာသင်ကျောင်းဆောက်မည့်နေ့ မတိုင်မီကပင် မအိမ်ကံတို့အိမ်မှာ အစည်းအဝေးတွေ လုပ်ကြရသည်။ ဇောင်ချမ်းကုန်းနှင့် အနီးတစ်ဝိုက်ရွာများဖြစ်သော ရှားတော၊ အိုးပေါက်၊ ကြက်တငို၊ ညောင်ကန်၊ ယာကြီးပြင်၊ ထိန်ကုန်း၊ အနောက်တန်းရွာများဖြစ်သော အနောက်ကုန်း၊ တည်တော၊ လေးပင်အိမ်၊ ကြည်တော်ကုန်း၊ ချယားကုန်း၊ လင်းနေကုန်း စသော ရွာတွေက လူကြီးများပါ လာကြသဖြင့် စည်ကားလှသည်။ မအိမ်ကံတို့အိမ်ဘေးမှာ မီးဖိုကျင်းကြီးများတူး၍ အိုးကြီးချက်ချက်ရပါ၏။ တချို့ရွာတွေက ဝေးသော်လည်း အရှေ့ရွာ အနောက်ရွာ အလယ်ဗဟိုကျသော ဇောင်ချမ်းကုန်းရွာကို စာသင်ကျောင်းဖွင့်ဖို့အတွက် ဆရာကြီး ဦးဘခင် ကိုယ်တိုင်ကပဲ ရွေးချယ်လိုက်ခြင်းဖြစ်သည်။ ဘုန်းကြီးကျောင်းဘေးအဆွယ်မှာ ဝါးထဲ ကလေးထိုးကာ ကျောင်းဖွင့်ထားရသော ကြည်တော်ကုန်းရွာကလည်း ဆရာကြည်သဘော ဆိုတော့ ကျောင်းမြေနှင့် ကျောင်းဆောင်လှူဒါန်းမည့်နေရာကို လက်ခံကြပါသည်။ ကျေးရွာစုံ လူကြီးတွေ လာကြသည့်နေ့က ဆရာကြီး ဦးဘခင်ပါ ရောက်လာခဲ့သည်။

"သူကြီးမင်းတို့ မိသားစုက ကျောင်းဆောက်မယ့် မြေနေရာရော ကျောင်းဆောင်ပါ ဆောက်ပေးကြမှာဆိုတော့ ကျွန်တော်တို့ မြင်းခြံ အာရုတိုက်လူငယ်များ အစည်းအရုံး အနေနဲ့ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်ခင်ဗျာ…သည်နားရွာတွေမှာလည်း ရပ်ရွာဖွံ့ဖြိုးရေးကိစ္စတွေလုပ်နိုင်ဖို့ အဖွဲ့တွေ ဖွဲ့ဖို့လည်း ရှိပါတယ်…သည်က စည်းရုံးရေးမှူး ဆရာကိုပြေသိမ်းက ကျောင်းတာဝန်အပြင် ရွာစဉ်လှည့်စည်းရုံးဖို့ပါ ရှိလေတော့ ကျေးရွာများက ကူညီကြစေချင်ပါတယ်…"

ကျေးရွာလူကြီးတွေက မေးသမျှ ဆရာကြီး ဦးဘခင်နှင့် မြင်းခြံအာရုလူငယ်များ အစည်းအရုံးက တာဝန်ရှိသူတွေက ရှင်းပြကြသည်။ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ စသော လူမှုဝန်ထမ်း၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများကိုလည်း ရှင်းပြကြပါ၏။

"ရွာတွေမှာ လူငယ်များ ကြံ့ခိုင်ကျန်းမာအောင် ကစားခုန်စားလုပ်ကြဖို့နဲ့ စာကြည့် တိုက်တွေ ကျောင်းတွေဖွင့်ဖို့ကတော့ အရေးတကြီးလုပ်ရမှာပါပဲ…ရပ်ရွာကာကွယ် ရေးကိစ္စ၊ မီးဘေးကာကွယ်ရေးကိစ္စ၊ သူနာပြုအတတ်၊ ဗုံးဘေး၊ ရောဂါဘယဘေး ရပ်ရွာ သန့်ရှင်းရေး စတာတွေလည်း လုပ်ကြရမှာပဲ…အာရုလူငယ်သီချင်းတွေကို တော့ ရွာတွေမှာ မောင်ပြေသိမ်းက သင်ပေးပါလိမ့်မယ်…အာရုလူငယ်လုံမေများ ဖွဲ့ဖို့တော့ မအိမ်ကံကို တာဝန်ပေးထားပါတယ်…"

မအိမ်ကံတို့အိမ်မှာ မနိုင်မနင်းတွေဖြစ်နေကြတော့ မမစိမ်းမြပါ လာရောက်ကူညီနေ ရပါ၏။ မောင်မြတ်သာက ဘီဒီအေ စစ်ဝတ်စစ်စား အပြည့်အစုံဝတ်ထားသဖြင့် ကျေးရွာတွေက အထူးအဆန်း ဖြစ်နေကြသည်။ ရပ်ရွာလူကြီးတွေက ဘီဒီအေနှင့်ပတ်သက်၍လည်း မေးကြ သည်။ မောင်မြတ်သာကို ဗိုလ်လေးခေါ်ကြ၏။

"ဘီဒီအေမှာ ခြေလျင်တပ်တို့ မြင်းတပ်တို့ စက်အမြောက်တပ်တို့ စိန်ပြောင်းကြီး တပ်တို့ကအစ လေယာဉ်ပစ်အမြောက်တပ်၊ အင်ဂျင်နီယာတပ်၊ ဆေးဝန်ထမ်းတပ်၊ စစ်မြင်းတပ် စသဖြင့် စနစ်တကျဖွဲ့ထားပါတယ်…ဂျပန့်လက်အောက်မှာ ဖွဲ့ရတဲ့တပ် ဆိုတော့ ဂျပန်မျက်စိမနောက်အောင်လည်း သိုသိုသိပ်သိပ် ရှိကြရပါတယ်…"



လူတွေများလွန်းသဖြင့် အသုတ်လိုက် ထမင်းကျွေးကြရသည်။ မအိမ်ကံကတော့ ပျော်လွန်းလှပါ၏။ အစ်ကိုလည်း ရှိနေသည်။ ကိုပြေသိမ်းလည်း ရှိနေသည်။ ရွာစုံကကျောင်းကြီး ထူမတ်ကြတော့လည်း မအိမ်ကံ ရင်တွေခုန်ခဲ့ရသည်။ ဘဝအကျိုးပေးကြောင့် အစ်ကိုသင်ပေး ခဲ့သမျှ သေစာရှင်စာလောက် တတ်ခဲ့ရသော်လည်း နောင်ဘဝတွေအတွက် ပညာမျိုးစေ့ ချပေးနိုင်လေပြီ ဆိုသည့်စိတ်ကြောင့် ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ရပါ၏။ မိဘနှစ်ပါးက လှူသည့် ကျောင်းဆိုသော်လည်း ရွာတွေက ကျောင်းဆောက်စဉ်ကပင် 'မအိမ်ကံ့ကျောင်း' လို့ ခေါ်ကြ တော့သည်။

မအိမ်ကံ့ကျောင်းနှင့် ကျောင်းဆရာ ကိုပြေသိမ်း…။

သည်လို ပူးတွဲခေါ်ဝေါ်ကြတော့လည်း မအိမ်ကံ ရင်တွေတလှပ်လှပ် ခုန်ရပြန်လေ သည်။ ကျောင်းဆောက်ပြီးသည့်နေ့က ကျောင်းရိပ်မှာပဲ ဆရာတော်များ ပင့်ဖိတ်ကာ ဆွမ်းကျွေး ဖြစ်ခဲ့ပါ၏။ ဆိုင်ရာ ကျောင်းပရိဘောဂများနှင့် ကျောင်းသင်စာအုပ်များ ရရှိရေးအတွက် ဆရာကြီး ဦးဘခင်တို့ကပဲ တာဝန်ယူကြသည်။ ကိုပြေသိမ်းခမျာ မြင်းခြံနှင့် ဇောင်ချမ်းကုန်း ကူးနေရတာပင် အခေါက်ပေါင်း မရေနိုင်။

"ဒါကြောင့် ပြောခဲ့တာပေါ့ မအိမ်ကံ…ဇောင်ချမ်းကုန်းကို လှေနဲ့လာရမှာပါလို့…"

တစ်ခါက မြင်းကြီးတစ်စီးနှင့် လိုက်ပို့စဉ်က စကားကို ကိုပြေသိမ်းက ပြန်ကောက် ခြင်း ဖြစ်ပါ၏။

"မအိမ်ကံကလည်း ပြောခဲ့ပါသယ်ရှင်…ဇောင်ချမ်းကုန်းက လှည်းဦးတိုက်ပါလို့…"

သည့်နောက်ပိုင်းရက်တွေမှာတော့ ဇောင်ချမ်းကုန်းရွာ ကျောင်းကလေးဆီက ကျောင်း ခေါင်းလောင်းသံ ကြားရပါပြီ။ စာအံသံတွေ ကြားရပါပြီ။ ရွာကျောင်းလွှတ်ချိန်တွေမှာ ဆိုင်ရာ ရွာတွေဆီ ပြန်ပြေးကြသော ကလေးများအသံကြောင့် ရွာလုံးစည်လေသည်။ လူပျိုမပေါက် တပေါက် ဖိုးကူးပင်လျှင် ကိုပြေသိမ်း၏ ကျောင်းသားကြီး ဖြစ်နေပြီ။ ကိုပြေသိမ်းက မူလတန်း ကျောင်းသား အရွယ်ရယ်မဟုတ်ပဲ ဖိုးကူးတို့လို စာသင်ကျောင်းကို လာနိုင်သမျှသော ကျောင်း သားကြီးတွေကိုလည်း လောကဓာတ်စာတွေ သင်ကြားပေးခဲ့သည်။ တော်တော်လည်း အပင်ပန်း ခံနိုင်သည့် ကိုပြေသိမ်းပါပေ။ ရွာကလည်း ဆရာလေး ကိုပြေသိမ်းကို ချစ်ခင်လေးစားကြသည်။ အထူးသဖြင့် လူငယ်လူရွယ် ကာလသားတွေက အချိန်အားရတိုင်း ကိုပြေသိမ်းထံလာ၍ ပညာဆည်းပူးကြသည်။ ဒါတွေကို မြင်ရကြားရတော့ မအိမ်ကံမှာ ဂုဏ်ယူလို့မဆုံး။

အဖေဦးသာထန်ပင် ခါတိုင်းလိုမဟုတ်။ စာသင်ကျောင်းဘက်ကို ကွမ်းအစ်တစ်လုံး လွယ်အိတ်ထဲထည့်လွယ်ကာ သွားသွားထိုင်ရတာအမော။ ကိုပြေသိမ်းက ကျောင်းလွှတ်ချိန် အိမ်ပြန် ထမင်းစားလေ့ရှိသည်။ ညစာထမင်းဝိုင်းကတော့ တစ်ရွာလုံးက ဆရာလေးကို ပို့သမျှဟင်းတွေက စားပွဲနှင့်မဆံ့အောင် မြိုင်လှပါ၏။ ကိုပြေသိမ်းကို မအိမ်ကံကိုယ်တိုင် ထမင်းခူးခပ်ကျွေးသည်။ မိဘများက သဘောတူထားကြပြီဆိုတော့ မအိမ်ကံ လူမြင်သူမြင်ခံဝံ့ ရဲပြီ။ တစ်ခါတလေ ကိုပြေသိမ်းနှင့်အတူ ကျောင်းဘက်လိုက်သွားတတ်သည်။ တစ်ခါတစ်ရံ အာရုလူငယ်အစည်းအရုံးကိစ္စဖြင့် ရွာတွေဆင်းရတော့လည်း မအိမ်ကံနှင့်ကျေးဥ လိုက်ကြရပါ၏။ လှည်းပေါ်မှာ အာရုလူငယ်သီချင်းတွေ သံပြိုင်ဆိုကြရတာ ပျော်စရာကောင်းလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com


"ရာဇဝင်ကြွေးကို ဆပ်ကြရအောင် x x သူ့ရာသတ္တိရှိတဲ့ဗမာတွေရယ် x x ဘယ်လို ဆပ်ရမယ် x x ချွေးနဲ့ဆပ်ရမယ် x x သွေးနဲ့ဆပ်ရမယ်တဲ့ x x ခါခါပင် စိတ်အားတက်ဖွယ် x x အာဏာရှင် မိန့်ကြားမြွက်တယ် x x ခါးတောင်းကျိုက်ကာ x x ဟောဒီစစ်ကို နိုင်အောင်သာ တိုက်မယ် x x အောင်မြေနင်းပြီး သစ္စာခိုင္သန် ပြုခဲ့ပြီ ဗမာတွေရယ် x x"

'အာရှစစ်' ဆိုသည့် သီချင်းကို မအိမ်ကံ ရနေပြီ။ တစ်ခါတစ်ခါ 'ဗမာ့သူရဲကောင်း' သီချင်းကို ဆိုကြ၏။ ကျေးဥနှင့် ဖိုးကူးတို့ပင် လိုက်ဆိုကြသည်။ အာရှလုံမေ မအိမ်ကံနှင့် ကျောင်းဆရာ ကိုပြေသိမ်းတို့ ရွာစဉ်လှည့်ကာ သီချင်းတွေသင်ပေးကြသည်။

"ရာဇဝင် ထုပ္ပတ္တိလည်းရှိရမယ် x x မော်ကွန်းလည်းထိုးလောက်တယ် x x မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ် x x တိုင်းပြည်ကျိုး စွန့်ခဲ့တဲ့ မျိုးဇာနည်နွယ် x x လွတ်လပ်ဖို့ တို့များကို ကျွန်တွင်းမှကယ် x x တို့ဗမာစိုးမိုးဖို့ မျှော်ကြရာလို့ ပေါ်လာတယ် x x"

ရွာတွေမှာတော့ နဂိုက ခြောက်တိခြောက်ခန်း ဆိုသော်လည်း မအိမ်ကံနှင့် ကိုပြေသိမ်းတို့ကြောင့် သီချင်းတဆူဆူ ရှိခဲ့ကြပြီ။ ရွာသောက်ရေကန် ဆယ်ကြ ဖို့ကြသည်။ ရေတွင်းရေကန် ဆယ်ကြသည်။ ရွာစည်းရိုးတွေ လုံအောင်ခတ်ကြသည်။ ကျေးရွာကာကွယ်ရေးအဖွဲ့တွေ ဖွဲ့ကြသည်။ တစ်ရွာတစ်ရွာ အကူးအလူးရှိကြသည်။ မအိမ်ကံ၏ ရက်ကန်းစင်က 'အာရှလုံမေ' ဟု အမည်ပေးထားသည့် ထဘီဆင်က မိန်းကလေးများ ဆင်တူဝတ်ဆင်ကြရန် ရွေးချယ်ကြ သည်အထိ နာမည်ကြီးသွားခဲ့သည်။ မြင်းခြံမြို့ကအထိ တကန်တက အမှာတွေ ရောက်လာခဲ့ သည်။ ရက်လို့ပင် မလောက်နိုင်။

သည်ကြားထဲ ပျဉ်းမနားကို ပြန်သွားခဲ့သော အစ်ကိုမောင်မြတ်သာ ရွာကို တစ်ခေါက် ပြန်ရောက်လာကာ မမစိမ်းမြနှင့် ကြောင်းမြန်းကြသည်။ အဖေနှင့်အမေ၊ မအိမ်ကံနှင့်ကိုပြေသိမ်းတို့အပြင် ရွာလူကြီးတချို့ပါ လိုက်ပါကြကာ တောင်းမြန်းခြင်းဖြစ်သည်။ မမစိမ်းမြတို့ဘက်ကလည်း အကျယ်မချဲ့လိုကြသဖြင့် ကြောင်းမြန်းပွဲပြီး နောက်တစ်နေ့မှာပင် မင်္ဂလာဆွမ်းကျွေးသည်။ အိမ်တင်ပစ္စည်းအဖြစ် ရွှေငွေလက်ဝတ်လက်စားနှင့် မြေငါးသွယ်ကို တစ်ပါတည်း လက်ဖွဲ့လိုက်ကြပါသည်။ မင်္ဂလာကိစ္စပြီးလျှင် အစ်ကိုမောင်မြတ်သာ တပ်ကိုပြန်ရမည်။ မမစိမ်းမြကတော့ ရွာမှာပဲ နေခဲ့ရပါ၏။ လောလောဆယ်တော့ မမစိမ်းမြက သူ့အိမ်မှာပဲ နေဦးမည်။ အစ်ကို တပ်က ထွက်လာလျှင်တော့ မအိမ်ကံတို့အိမ်ကြီးပေါ်မှာပဲ မိသားစု သိုက်သိုက်ဝန်းဝန်း နေကြမည်။ နောက်တစ်ရက်မှာ မောင်မြတ်သာတို့ ဇနီးမောင်နှံက အဖေနှင့်အမေကို လာကန်တော့ကြပါ၏။

"အေး...ငါ့သားကြီး ဘေးမသီရန်မခ တိုင်းပြည်အကျိုး လူမျိုးဘာသာ သာသနာ့အကျိုး သယ်ပိုးနိုင်ပါစေ...စိတ်ချလက်ချသာသွား...စိမ်းမြကလည်း အဖေတို့ အိမ်ကို တစ်ရက် တစ်ခေါက် ရောက်ပစေ...ကြားလား ငါ့သမီး"

"ဟုတ်ကဲ့အဖေ..."




မမစိမ်းမြက အဖေ့ကို အဖေလို့ခေါ်လိုက်တော့ မအိမ်ကံပင် ပြုံးမိခဲ့သည်။ ကိုပြေသိမ်း မိဘတွေကိုလည်း မအိမ်ကံက အဖေတို့ အမေတို့ ခေါ်ရတော့မှာပေါ့။ အစ်ကိုက ကိုပြေသိမ်းကို မှာစရာရှိတာတွေ မှာသည်။

"ကိုင်း...သခင်ပြေသိမ်း...ကျွန်တော် မရှိသခိုက်မှာ ကျွန်တော့်မိသားစုကို ခင်ဗျား လက်ထဲ အပ်ထားခဲ့ပါရစေ...အစစအရာရာ အားကိုးပါရစေခင်ဗျာ...တိုင်းပြည် လွတ်လပ်ရေးကြီး ရသဲ့အခါ ခင်ဗျားနဲ့ကျွန်တော် လက်တွဲပြီး ရွာကျိုး ရပ်ကျိုးတွေ လုပ်ကြသေးသာပေါ့...သခင်မျိုးဟေ့ တို့ဗမာ..."

"စိတ်သာချပါရှေ့ သခင်မြတ်သာ ခင်ဗျာ...အရေးတော်ပုံ အောင်ရမည်..."

အစ်ကိုနှင့် ကိုပြေသိမ်းတို့ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ကြပုံကို အဖေဦးသာထန်က ပြုံးပြုံးကြီးကြည့်လျက်ရှိပါ၏။ အမေပန်းရုံက အစ်ကို့အတွက် ပေးစရာရှိတာတွေ ထည့်သိုပေးလိုက်သည်။ အစ်ကိုမောင်မြတ်သာ မမစိမ်းမြတို့အိမ်ဘက်ကို လိုက်သွားတော့ မအိမ်ကံ ရင်ထဲမှာ ဟာကျန်ရစ်ခဲ့သည်။ အစ်ကို့ကို သူစိမ်းမိန်းမသားတစ်ယောက်က ယူသွား တာလား၊ မအိမ်ကံတို့ကပဲ သူစိမ်းမိန်းကလေးလက်ထဲ လက်ရောက်အပ်လိုက်ရတာလား၊ ဘာပဲဖြစ်ဖြစ် မအိမ်ကံ အစ်ကို့ကို နှမြောမိရပါ၏။ သည်ကြားထဲ ကိုပြေသိမ်းက ကျောင်းကိစ္စ ဖြင့် မြင်းခြံ သွားရပြန်တော့ အိမ်ကြီးတစ်အိမ်လုံး 'ချောင်' သွားသလိုပင်။ ကိုပြေသိမ်း မြင်းခြံကို အရင်အခေါက်တွေ သွားတုန်းက စက်ဘီးတစ်စီးပါလာသဖြင့် ဖိုးကူးလည်းကို ခေါ်သွားစရာမလိုတော့။ မအိမ်ကံနှင့်ကျေးဥက အိမ်သန့်ရှင်းရေး ဝင်ရပါ၏။ သည်တစ်လလုံးလုံး တစ်ရွာလုံး မအားကြရသလို မအိမ်ကံတို့ပါ မအားကြရ။

"မသက်သာလိုက်သာ မအိမ်ကံရယ်...တို့လည်း ထမင်းချက်လိုက်ရ...သီချင်းဆိုလိုက်ရနဲ့...."

ကျေးဥစကားကြောင့် မအိမ်ကံ ရယ်မိသေးသည်။ မအိမ်ကံပါတော့ ကျေးဥပါ ပါရသည်။ သည်ရက်တွေထဲ အိုးကြီးအိုးငယ် ထင်းမီးမငြိမ်းနိုင်အောင် ချက်ပြုတ်ကြရတာ ကလည်း နေ့စဉ်ရက်ဆက်ပင်။ မမစိမ်းမြကတော့ တစ်နေ့တစ်ခေါက်ရယ်လို့ မဟုတ်ပါ။ တစ်နေ့နှစ်ခေါက်သုံးခေါက်လောက် ကူးလာသည်။ အဖေတို့ အမေတို့ အဝတ်အစားတွေ လျှော်ဖွပ်ပေးသွားတတ်သည်။ သူတို့အိမ်မှာချက်သည့် ဟင်းကောင်းတစ်မယ်တော့ ဦးဦးဖျားဖျား နေ့စဉ်ရောက်ပါ၏။ အာရှလုံမေ ဆင်တွေကို သမီးယောက်မ နှစ်ယောက်စလုံး သူ့ရက်ကန်း ကိုယ့်ရက်ကန်း မခွဲတော့ဘဲ မှာသမျှ ရက်ပေးနေကြရသည်။ ရွာတွေက မှာတာတွေ များလွန်းနေတော့ မျှပေးနေရသည်။

"ဗမာပြည်ကြီး ခေတ်သစ်ကောင်းလို့ အခါကောင်းပေါ်လာပြီ x x ကမ္ဘာ့အရှေ့ပိုင်း တိုင်းရင်းသားမို့ ငါတို့ ကူဝိုင်းမည် x x (နိပွန်ဗမာ ချစ်ကြသည် x x သွေးနဲ့ ချွေးနဲ့ အရင်းစိုက်တည်) x x ဗမာ့ခေတ်သစ်ကို တည်ထောင်ဖန်တီး ကြီးပွားရပေမည် x x"

ကျေးဥက ကိုပြေသိမ်း အဝတ်အစားတွေကို ကြေးမီးပူကြီးတစ်လုံးနှင့် တိုက်ရင်း သီချင်းညည်းနေသည်။ မအိမ်ကံက ကျေးဥဆိုနေသည့် သီချင်းကြောင့် ပြုံးကြည့်နေမိသေးသည်။ ကျေးဥသီချင်းဆိုရင်းက ရပ်လိုက်ပြီး မအိမ်ကံကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"မအိမ်ကံ…ကမ္ဘာ့အရှေ့ပိုင်းဆိုသာ ဘာတုံး…နိပွန်ဆိုသာကကော…"

"ကမ္ဘာ့အရှေ့ပိုင်းဆိုသာ တို့ရွာလိုတော့ ရွာ့အရှေ့ပိုင်းပေါ့ဟယ်…နိပွန်ဆိုသာ ဂျပန် လို့ ပြောသာပဲ…"

မလှအုံက ဝင်ဟန့်လေ၏။

"တော်ကြစမ်းပါအေ…ကျက်သရေမရှိသဲ့ကောင်တွေ…ရွာရေတွင်း ကိုယ်တုံးလုံး ရေချိုးကြလို့ အပျိုတွေပြေးကြရပါပကော…"

မလှအုံက လှမ်းငန့်တော့မှ ကျေးဥလည်း သီချင်းအဆိုရပ်တော့သည်။

မအိမ်ကံနှင့်ကျေးဥတို့ ညဘက် စကားတွေပြောဖြစ်ကြရာမှာတော့ ရွာ့အသံတွေ ကြားရပါ၏။ မအိမ်ကံထင်သည့်အတိုင်းပင်။ ရွာက ကိုပြေသိမ်းနှင့် မအိမ်ကံ လက်ထပ်တော့မှာ ဖြစ်ကြောင်း၊ နေနှင့်လ၊ ရွှေနှင့်မြလို လိုက်ဖက်ကြောင်း၊ တစ်နယ်လုံးက ဂွမ်းပေါက်နှင့် တို့ရ လောက်အောင် အရိပ်တကြည့်ကြည့်ရှိရသူ မအိမ်ကံအဖို့ ဆရာကတော်ဆိုသည့်ဂုဏ်ကြောင့် ဆတက်ထမ်းပိုး ပွင့်လန်းဖို့သာရှိကြောင်းတွေ ပါကြောင်း ကျေးဥက ပြောပြသည်။

"ပြောနေကြသာ စုံလို့ပါ မအိမ်ကံရယ်…ဆရာလေး ကိုပြေသိမ်း ချောသဲ့လှသဲ့ အကြောင်းလည်း ပါပါရဲ့…မအိမ်ကံရုပ်ရည်နဲ့ ဒါမျိုးမှ လိုက်တော့မပေါ့ဆိုသာလည်း ပါရဲ့…ကတော်ဝင်လောက်သဲ့မိန်းမ…ဆရာကတော်ဖြစ်ရမယ့်ဂုဏ်က နည်းရော့လား သဲ့…"

"မအိမ်ကံကလည်း သည်အခါကို စောင့်နေသာပါ ကျေးဥရယ်…မစားရအလျှိုး စားမှတော့လည်း ဆီထမင်းဆိုသလိုပေါ့…မင်္ဂလာပွဲကြီးကို ဟည်းနေအောင်လုပ်ပစ် လိုက်မယ် ကြည့်နေ…ရွှေမှုံမင်္ဂလာဆောင်ထက် သာရမယ်…ငါ့မင်္ဂလာဆောင်မှာ မန္တလေးက အငြိမ့်ခံလိုက်ရဦးမယ်…"

"ရွှေမှုံကလည်း အသားထလိုက်သာ မပြောပါနဲ့တော့အေ…ကြီးတော်စံရွှေက သည် ချွေးမ ရောက်လာမှ စီးပွားတွေတက်သယ်ဆိုပြီး ဆင်ထားလိုက်သာ ညွှတ်လို့… သာအောင်က ရွာတွေမှာ နွားအလဲအထပ်လုပ်သာကလည်း ပိုက်ဆံရသသဲ့ သည်ကြားထဲ အရင်ချွေးမနှစ်ယောက်က သားသမီးမရကြဘဲ ရွှေမှုံကျမှ ကိုယ်ဝန်ရ တော့ မြေးတောင် မမွေးရသေးဘူး…ရွှေပုခက်ဆင်ချင်နေကြသာ မအိမ်ကံရဲ့…"

"သြော် ရွှေမှုံက ဝမ်းတောင်လွယ်နေပြီသဲ့လား…အင်းပေါ့လေ…ဒါနဲ့ ကြီးတော် စံရွှေက ဘာတွေလုပ်နေသာတုံး ကျေးဥရဲ့…ရွာမှာ အသံမကြားရတော့လို့…"

"အမှုပွဲစားကျော်ဒင်နဲ့ပေါင်းပြီး ဂျပန်တပ်တွေကို ပဲတို့ ဆန်းလျက်တို့လိုဟာတွေ သွင်းနေသယ်ပြောကြသာပဲ…ကြီးတော်စံရွှေက ပစ္စည်းစိုက်…ကျော်ဒင်က ငွေပေး ငွေယူသဲ့…အမြတ်ကို သုံးချိုးတစ်ချိုးပေးရသသဲ့…"

"ဖယားတွေ ရှုပ်လာကြဦးမှာပေါ့အေ…"

မအိမ်ကံတို့ အိပ်ရာထဲ စကားတွေပြောနေကြတုန်း မလှအုံအပေါ်ထပ်ကို တက်လာ သည်။ အောက်ထပ်မှာ ကိုပြေသိမ်း ရောက်နေပြီဆိုလို့ နှစ်ယောက်သား ဆင်းလာခဲ့ကြရပါ၏။ ဘယ့်နှယ်ပါလိမ့်။ ညကြီးမိုးချုပ်မှ ပြန်ရောက်ရသတဲ့လား။ မအိမ်ကံတို့ အောက်ထပ်ကို ရောက်တော့ ကိုပြေသိမ်းက ထမင်းစားရန် လက်ပင် ဆေးနေပြီ။



"ကျောင်းအတွက် ပစ္စည်းတွေ မနက်ဖြန်ပို့ဖို့ လှည်းဆင့်နေရသာ ကြာသွားတာ အမေပန်းရုံရဲ့…အားလုံးပြီးလို့ မြင်းခြံကထွက်တော့ နေစောင်းလှပြီ…ထွက်လာလို့မှ မကြာဘူး…စက်ဘီးက ဘီးပေါက်တာနဲ့ တွန်းရင်းလျှောက်လာရတာပဲ…လကလည်း မိုက်…လမ်းကလည်းမှောင်…လူသွားလူလာများ ပြတ်ချက်တော့…"

"နောက်ဆိုရင် နေရောင်နဲ့ ရွာဝင်ပါကွယ်…ခေတ်အခါကာလကြီးက မကောင်းလှ ဘူး…မောင်ပြေသိမ်းနှယ်ကွယ်…မြင်းတစ်ကောင်ဝယ်ပါရော့…စက်ဘီးက မသေချာ ပါဘူး"

အမေပန်းရုံက ကရုဏာနှင့် ပြောနေခြင်းဖြစ်သည်။ မအိမ်ကံကတော့ ရင်တွေပူနေ ရသည်။ ဂျပန်တွေဘာတွေနဲ့ မတွေ့လို့တော်ပါသေးရဲ့။ မြင်းခြံနှင့် ဖောင်ချမ်းကုန်း စက်ဘီး တွန်းရင်း လျှောက်လာရသတဲ့လား။ အမေတို့ရှေ့မှာပေမယ့် မအိမ်ကံ တစ်ခွန်းတော့ ပြောဖြစ် လိုက်ပါ၏။

"နောက် ကိုပြေသိမ်း မြင်းခြံသွားရင် ဖိုးတုတ်နဲ့ ဖိုးကူး တစ်ယောက်ယောက်ကို ခေါ်သွား…လှည်းနဲ့သွားသာ ကြာမယ်ထင်ရင် အမေပန်းရုံပြောသလို မြင်းကောင်း ကောင်းတစ်ကောင် ဝယ်ရအောင်…"

ကိုပြေသိမ်းက မအိမ်ကံကို လှမ်းကြည့်သည်။ ပြီးမှ စကားတစ်ခွန်း ပြန်ပြောလေ သည်။

"အေးပါ…အိမ်ကလေးရယ်…အိမ်ကလေးစိတ်ပူမယ်ဆိုတာလည်း သိပါရဲ့ကွယ်"

ကိုပြေသိမ်းက ထူးထူးခြားခြား 'အိမ်ကလေး' လို့ ခေါ်နေပါပကောလား။ အမေပန်းရုံ နှင့် မလှအုံတို့က လှမ်းကြည့်တော့လည်း မအိမ်ကံ ရှက်မိသား။

■

တစ်ရက်။ မနက်စောစော မအိမ်ကံတို့အိမ်ကို ဆေးဆရာ ဆရာကြည်ရောက်လာခဲ့ သည်။ လှည်းကြုံဖြင့် ရောက်လာခြင်းဖြစ်၍ ဖျင်ကြမ်းအင်္ကျီထူထူ တဘက်ခေါင်းပေါင်းကြီး ပေါင်းကာ ပြောင်းဖူးဖက်ဆေးလိပ်ကြီး ငေါ့ရင်း အမှတ်တမဲ့ ရောက်လာခြင်းဖြစ်သည်။ ဆရာကြည် ရောက်လာချိန်မှာ စောလွန်းလှသဖြင့် ကိုပြေသိမ်းပင် မနိုးသေးပါ။ မလှအုံက ဆရာကြည်ကို နေရာပေးသည်။ ဦးသာထန် နိုးနေပြီဖြစ်၍ ဆရာကြည့်ရှေ့ လာထိုင်သည်။

"ဘယ့်နှယ့်တုံး ဆရာကြည်ရဲ့…ဘာများထူးလို့တုံး…စောစောစီးစီး…"

"မောင်ပြေသိမ်းဆီ လာသာပဲသူကြီး…ကျုပ်တို့ရွာတွေမှာသာ မသိကြသေးသာ… ဂျပန်တွေက တော်တော့်ကို သောင်းကြမ်းနေကြပြီ…ကျုပ်တို့ဘက်က တို့ဗမာဆင်းရဲ သားအစည်းအရုံးဆိုသာ မြို့တွေမှာ ဖွဲ့သယ်ကြားလို့ လာမေးသာ…မောင်ပြေသိမ်း သိတန်ကောင်းရဲ့ထင်လို့…"

ကိုပြေသိမ်းကို မလှအုံက နှိုးပေးသဖြင့် မျက်နှာကလေးတဖန်းဖန်းသစ်ပြီး ဆရာကြည့် ဘေး ဝင်ထိုင်သည်။ ဆရာကြည်က အကျိုးအကြောင်း ပြောပြတော့ ကိုပြေသိမ်းက ဆိုသမျှ ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ ဗမာတွေဘက်ကလည်း ဂျပန်လေးစားလောက်တဲ့ အဖွဲ့တစ်ဖွဲ့ ဖွဲ့လိုက်တာပါပဲ ဆရာကြည်…ဗမာ့ခေတ်သစ် တူထောင်တဲ့သဘောပါ…တို့ဗမာ ဆင်းရဲသားအစည်းအရုံး၊ သံဃအစည်းအရုံး၊ အမျိုးသမီးအစည်းအရုံး၊ တက်လူ အစည်းအရုံး ဆိုပြီး လေးဌာန ခွဲပါတယ်…ကျေးရွာတွေက အသင်းသားတွေ ခေါ်တော့မယ်လို့လည်း ကြားတယ်"

"ကျုပ်က အဲသာသိချင်သာ…ကျုပ်တို့ရွာက ဝင်ချင်ကြသူတွေ များသယ်…ခက် သာက ကျုပ်ကို ဂျပန်ကင်ပေတိုင် လုပ်နေသဲ့ ဘဆောင်က စောင့်ကြည့်နေသယ်… ကျုပ်ကို ခြေရှုပ်သယ်ပေါ့ဗျာ…"

"သတိတော့ထားပေါ့ ဆရာကြည်…ဂျပန်တွေက ခွင့်ပြုလို့ ဖွဲ့ကြရတာပေမယ့် ယုံတာတော့ မယုံကြဘူး…ကျွန်တော့်သဘောတော့ စောင့်ကြည့်ချင်သေးတယ်… ကျွန်တော်လည်း ကြားသလောက်ပြောရတာ ရှိပါသေးတယ်…"

ဆရာကြည် ပြန်သွားတော့ မအိမ်ကံလည်း နိုးလာခဲ့သည်။ မလှအုံက ထမင်းကြော် ပန်းကန်တွေ လာချသည်။ ညက ဟင်းကျန်တွေ နွှေးထားသည့်အထဲက ငါးပိချက်ကလေး တစ်ကော်ပုံကာ စားနေခဲ့သည်။ ဦးသာထန်က ဆရာကြည်ပြန်သွားတော့မှ ကိုပြေသိမ်းကို မေးသည်။

"ဘာတွေများ ဖြစ်ကြဦးမှာလဲ မောင်ပြေသိမ်း"

"ဆရာကြီး ဦးဘခင်တို့ ပြောတာတော့ ဂျပန်ကို တစ်ချိန်ချိန်မှာ ပြန်ချကြဖို့ပဲ ခင်ဗျ…အခုက မြေအောက်အဖွဲ့ကလေးတွေတောင် ဖွဲ့နေကြပြီ…နိုင်ငံရေး ဆွေးနွေး ကြတာပေါ့ခင်ဗျာ…"

မအိမ်ကံကတော့ မြေအောက်အဖွဲ့ဆိုတာတွေ နားမလည်သော်လည်း ကိုပြေသိမ်း အတွက် စိုးရိမ်သွားခဲ့သည်။ ဂျပန်တွေကို အာခံပြီး တိုက်ကြခိုက်ကြလို့ ဖြစ်ပါ့မလား။ ဘာပဲဖြစ်ဖြစ် သည်အထဲမှာ ကိုပြေသိမ်း မပါစေချင်။ နိုင်ငံရေးစကားတွေ သူတို့ရွာကလေးကို ခုတလော ရောက်ရောက်လာတာ မအိမ်ကံ သတိထားမိသည်။ အာရှလူငယ်၊ အာရှလုံမေ…။ ဒါကလည်း ကိုပြေသိမ်းလှုပ်လို့ သူပါထလှုပ်ရခြင်းဖြစ်၏။ ခုတလော သတင်းတွေကလည်း အမျိုးမျိုးပင်။ ဂျပန်တွေက မသင်္ကာသူတွေကို ရက်ရက်စက်စက် သတ်ဖြတ်နေကြတာတွေ ကြားနေရသည်။ တလောက ထင်းလှည်းတစ်စီးပေါ်က အင်္ဂလိပ်လက်နက်တွေ တွေ့သည်ဆိုကာ လှည်းသမား လေးယောက်ကို ဈေးဝမှာ သတ်ပစ်သည်ဆိုသည့်သတင်းတွေ ရောက်လာခဲ့သည်။ အင်္ဂလိပ်အပြေး ကျန်ရစ်ခဲ့သည့် လက်နက်မျိုးတွေကို ဓားပြတွေက လိုက်ဝယ်ရာက မိသွားခြင်း ဖြစ်သည်။ ဟုတ်မဟုတ် မသေချာသော်လည်း ဂျပန်ကို သတင်းပေးသူက အမှုပွဲစား ကျော်ဒင် လို့လို့ ပြောကြတာလည်း ရှိသည်။

ထမင်းကြော်စားပြီး မအိမ်ကံ အိမ်အပြင်ထွက်လာခဲ့သည်။ အရီးကြာညွန့်နှင့်အတူ ရက်ကန်းသမတွေပင် ရက်ကန်းစင်ဝင်ဖို့ ရောက်လာကြပြီ။ အရီးကြာညွန့်က မအိမ်ကံရှိရာကို လျှောက်လာခဲ့သည်။

"မအိမ်ကံ…ကနေ့ အရီး မစံရွှေတို့အိမ်က ခေါ်လို့ သွားချေဦးမယ်…အဲသာ လာပြောသာ…အရီး မနက်ဖြန်မှ လာတော့မယ်…"



"သွားပါ အရီးရယ်…ဘာလုပ်ဖို့သဲ့တုံး…"

"ညက မစံရွှေချွေးမ ရွှေမှုံ မွေးသလေ…"

"ဘယ်သူရယ် အရီး…"

"ရွှေမှုံ ညက မွေးသာလေ မအိမ်ကံရဲ့…ခိုင်းစရာရှိသယ် ထင်ပါရဲ့အေ"

"ဪ…ဟုတ်လား အရီး…ဘာလေးသဲ့လဲ…"

မအိမ်ကံ၏အမေးကို အရီးကြာညွန့်က ပေါ့ပေါ့ပါးပါး ပြန်ဖြေလိုက်သော်လည်း ထိုအဖြေစကားသည်ပင် မအိမ်ကံအဖို့ လောင်မီးမိုးကြိုးကျလိုက်သည့်ပမာ တစ်ကိုယ်လုံး ရှုစိတ်ကွဲ ကွဲသွားခဲ့ရပါ၏။ ထိုမိုးကြိုး၏အရှိန်ကြောင့် မအိမ်ကံပင် ပြာကျသွားလေသလား ထင်ရအောင် လောင်မြိုက်သွားခဲ့ရလေသည်။

■

www.burmeseclassic.com

## (၂၄)

"ရွှေမှုံ မိန်းကလေး မွေးသတဲ့လား..."

"ရွှေမှုံ မိန်းကလေး မွေးသတဲ့လား..."

ဘယ်ဆီဘယ်ဝယ်ကမှန်း မသိရသော အသံကြီးတွေက မအိမ်ကံကို တစာစာမေးနေသကဲ့သို့ ရှိလေသည်။ အရီးကြာညွန့်က ရွှေမှုံ မိန်းကလေးမွေးပြီဖြစ်ကြောင်း ရိုးရိုးကလေး ပြောသွားခြင်းဖြစ်သော်လည်း မအိမ်ကံအဖို့ မိုးကြီးလောင်မီးကြီးကျသကဲ့သို့ ဖြစ်ခဲ့ရသည်။ မိုးကြိုးပုဆိန်ကြီး ခေါင်းပေါ် ဟက်တက်ကြီးခွဲချလိုက်သဖြင့် ရှစ်စိတ်ရှစ်မြွှာင်း ကွဲကျသွားသလို အဖတ်လိုက် ပြိုကျသွားခဲ့သည်။ နေရာမှာ ဘယ်လောက်များ ကြာကြာရပ်နေမိသည်မသိ။ သည်သတင်းက မအိမ်ကံကို ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားစေခဲ့သည်မဟုတ်လား။

ရွှေမှုံ့တွင် ကိုယ်ဝန်ရှိနေပြီဆိုကတည်းက မအိမ်ကံ နားစွင့်နေခဲ့သည်။ ကျေးဥက ရွှေမှုံ နေစေ့လစေ့ကြီးနဲ့ ဆိုကတည်းက မအိမ်ကံရင်တွေ လှုပ်ခုန်ခဲ့ရသည်လည်း အမှန်ပင်။ သို့သော် ကိုယ်ဝန်ဆိုတာက သားယောကျ်ားကလေးလည်း ဖြစ်နိုင်သည်။ သမီးမိန်းကလေးလည်း ဖြစ်နိုင်တာမဟုတ်လား။ သည်တုန်းက မအိမ်ကံပင် တောင်တောင်အီအီတွေ လျှောက်တွေးနေဖြစ်ခဲ့ပါ၏။ တစ်ချိန်လုံး ရွှေမှုံ ယောကျ်ားကလေးမွေးပါစေလို့ ဆုတောင်းခဲ့ရတာလည်း အမော။ မိန်းကလေး မွေးလာခဲ့ရင်ကော။ တချို့ညတွေမှာ မအိမ်ကံ ချောက်ချောက်ချားချား တွေးမိသည့် အတွေးတစ်စ ဖြစ်ပါ၏။

"ငါကိုယ်တိုင် ဖက်စိမ်းကွမ်းတောင် မကိုင်ရတဲ့ဘဝမှာ ငါကမွေးတဲ့ သမီးကလေးကတော့ ဖက်စိမ်းကွမ်းတောင် ကိုင်ခွင့်ရစေရမှာပေါ့...မအိမ်ကံသမီးက ဖက်စိမ်းကွမ်းတောင်ကိုင်ရသဟဲ့ ဆိုတာပဲ ဖြစ်ရမှာပေါ့...တခြား ဘယ်သူ့သားသမီး ဖက်စိမ်းကွမ်းတောင် ကိုင်ရ ကိုင်ရ ကိုင်ကြစမ်းပစေ...ရွှေမှုံ့သမီး မကိုင်စေရဘူး...ရွှေမှုံ့သမီးက ကွမ်းတောင်ကိုင်ရတယ်ဆိုရင် တစ်သက်မှာ ငါ နှစ်ခါရှုံးရတော့မယ်...နှစ်ခါ မရှုံးစေရဘူး...ရွှေမှုံလည်း မိန်းကလေး မမွေးစေရဘူး..."

မအိမ်ကံ သည်လိုပဲ တွေးနေခဲ့သည်။ သည်လိုပဲ သဘောရှိခဲ့သည်။ ရွှေမှုံ သားယောကျ်ားလေး မွေးလျှင် ပြဿနာမရှိ။ သည်ကတည်းက ရွှေမှုံမွေးလျှင် သားယောကျ်ားကလေး ဖြစ်ပါစေလို့ ဆုတောင်းခဲ့သည်။ နေ့စဉ်နှင့်အမျှ မမေ့မလျော့ ဆုတောင်းသည်။ တစ်ခါတလေ





များ မကောင်းသည့်ဆုတောင်းများပင် တောင်းမိသည်အထိ ခံပြင်းစိတ် ကြီးခဲ့ရပါ၏။ အခုတော့ မအိမ်ကံဆုတောင်းတွေ လွဲခဲ့ရပါပကော။ မျှော်လင့်ချက်တွေ ပြိုကျခဲ့ရပါပကော။

"မအိမ်ကံ...အိမ်ထဲဝင်လေ...ဘယ့်နှယ် မတ်တတ်ကြီး...ဘာတွေများ တွေးနေသာတုံး"

မလှအုံက ဆတ်ခနဲ လာကိုင်တော့မှ မအိမ်ကံ အသိပြန်ဝင်လာခဲ့ပါ၏။ မလှအုံကို ဘာမှပြန်မဖြေတော့ဘဲ မအိမ်ကံ အိမ်ပေါ်တက်လာခဲ့သည်။ ဘယ်သူ့ကိုမှလည်း စကားမပြောချင်။ ရင်ထဲမှာ အပူလုံးကြီး မျိုချထားရသလို တင်းကျပ်လောင်မြိုက်နေတာကလည်း နေမထိထိုင်မသာ ဖြစ်နေရသည်။ မလှအုံက ဘယ်လိုပြောလိုက်သည်မသိ။ အမေပန်းရုံ အိမ်ပေါ်အထိ တက်လိုက်လာသည်။ အမေ့ရှေ့မှာ ဘာမှမဖြစ်သလို နေပြသော်လည်း အမေပန်းရုံ ရိပ်မိပုံရသည်။

"ငါ့သမီး နေမကောင်းဘူးလား...အစ်ကို့ကို နှမြောနေသာလား...ပြောစမ်း ငါ့သမီး ဘာဖြစ်လို့လဲ..."

အမေပန်းရုံကို မအိမ်ကံ မော့ကြည့်လိုက်သည်။ အမေ...။ အနှစ်နှစ်ဆယ်လုံးလုံး မအိမ်ကံ ကွမ်းတောင်ကိုင်ခွင့်မရှိမှန်း သိလျက်နှင့် ဖွင့်မပြောဘဲ ကျိတ်ခံစားခဲ့ရှာသော အမေ...။ တစ်ရွာလုံးကို ဖုံးခဲ့ဖိခဲ့သည့်အမေ...။ သည်ရောဂါ သည်ဝေဒနာ အသည်းပေါက်အောင် ခံစားနေရဆဲဖြစ်ကြောင်း မအိမ်ကံ မိခင်ကို နောက်တစ်ကြိမ် မသိစေချင်တော့ပြီ။ ကွမ်းတောင် မကိုင်ရတော့လည်း ပြီးတာပါပဲအမေရယ် ဆိုသည့်ခံစားမှုမျိုးသာ ရှိသလို အလိုက်သင့် အလျားသင့် နေပြခဲ့သည်။ အမေပန်းရုံကလည်း သည်ကိစ္စ ပြီးပြီးပျောက်ပျောက်လို့သာ သဘောထားခဲ့သည်။

"မသိပါဘူးအမေရယ်...မအိမ်ကံ သည်မနက် စိတ်တွေ လေးသယ်...ရင်ထဲမှာ မလင်းလှဘူးအမေ...ဘာရယ်လို့လည်း မပြောတတ်ပါဘူး"

မအိမ်ကံက ခပ်ထွေးထွေးကလေး ဖြေလိုက်သည်။ အမေပန်းရုံက မအိမ်ကံနဖူးကို စမ်းသည်။ လည်ပင်းကို လက်ခုံနှင့် စမ်းသည်။ အပူငွေ့မရှိ။ အမေပန်းရုံကတော့ တစ်သက်လုံးက ချစ်ခဲ့ရသော အစ်ကိုဖြစ်သူ အိမ်ထောင်ပြုခြင်းကို စိတ်မချမ်းမသာ ဖြစ်နေတာပဲလို့ ထင်ရှာပုံရသည်။ တခြား ဘာမှတော့မပြော။ သမီးဖြစ်သူကို သွေးဆေးကလေးလျက်ပြီး အသာမှေးနေဖို့သာ ပြောသည်။ မအိမ်ကံက အမေ့ရှေ့မှာ လူမမာလုပ်မနေချင်သော်လည်း အမေ ကျေနပ်အောင် အသာလှဲနေလိုက်သည်။

"အမေ မစံရွှေတို့အိမ်ဘက် ကူးချေဦးမယ်...ရွှေမှုံမွေးသယ်ကြားလို့...ကလေးမလေး မွေးရဖွားရ ခက်သယ်ကြားသယ်...အခုတော့ မီးဖွားပြီးပြီကြားလို့ တော်ပါသေးရဲ့ အောက်မေ့မိသယ်...ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ထင်ပါရဲ့...ကလေးရော မအေပါ နေကောင်းကြသသုံ..."

"ဘာလေး မွေးသသုံလဲအမေ..."

မအိမ်ကံ ကြားပြီးသာပေမယ့် သေချာအောင် ထပ်မေးသည်။ အရီးကြာညွန့် ပြောခဲ့တာ မှားချင်လည်း မှားနိုင်တာပဲမဟုတ်လား။ မအိမ်ကံ အမေ့မျက်နှာကို ငံ့လင့်တကြီး

www.burmeseclassic.com

www.burmeseclassic.com

မော့ကြည့်နေမိသည်။ အမေပန်းရုံကလည်း ဇဝေဇဝါ။ မအိမ်ကံမေးမှ သူလည်း သတိထားမိပုံရပါ၏။

"ယောကျ်ားလေးဆို မှတ်သာပဲ…သိပေါင်အေ…ခဲရာခဲဆစ် မွေးရသယ်ဆိုသာက လှအုံကြားလာခဲ့သာ…ညက တစ်ညလုံး အင်္ဂုလိမာလသုတ်တွေ ရွတ်ကြရသည့်…ခေါင်းကို သစ်ကျွတ်စထိုးပေးသာတောင် မနည်းမွေးရသာသဲ့…"

သစ်ကြွပ်စ…။ သစ်ကြွပ်စဆိုတာ သစ်ပင်ကြီးကို ချိုင်ရာက အစထောင်ကျန်ရစ်ခဲ့သော ကိုင်းပြတ်စဖြစ်သည်။ ရွာတွေမှာ မီးနေသည် မီးမဖွားနိုင်လျှင် သစ်ကြွပ်စ ခေါင်းကဆံပင်ဆံထုံးတွင် ထိုးပေးလေ့ရှိကြတာ ထုံးစံပင်။ သစ်ကြွပ်စ ထိုးပေးလျှင် မွေးဖွားရ လွယ်သည်ဟု ယုံကြည်ကြသည်။ တချို့က တမာခက်ကို သွေး၍ တိုက်တတ်ကြသည်။ မဖြစ်မနေ တိုက်ရသည့် ရေမန်းကတော့ အင်္ဂုလိမာလသုတ်တော်ကို ခုနစ်ကြိမ်ရွတ် ရေမန်းပြုခြင်းဖြစ်သည်။ သရက်ပင်ငုတ်စိကို လက်ဖြင့် နောက်ပြန်နုတ်၍ သွေးတိုက်ကြတာလည်း ရှိပါ၏။ ရွာမှာ မီးနေစောင့်လေ့ရှိသည်။ မွေးဖွားမည့်ရက်ဝန်းကျင်မှာ မီးနေသည်အိမ်ကို သွားရောက်အိပ်ကြရခြင်းဖြစ်သည်။ မီးနေစောင့်ရင်း နနွင်းတက် ထောင်းကြရသည်။ ဒိုင်းဆင့်၍ နနွင်းမှုန့် ချကြရသည်။ မီးနေဆောင်ထုပ်တွင် ကြိုးတစ်ချောင်းချ၍ မီးနေသည်ကို ကိုင်ခိုင်းရသည်။ မီးနေသည်က ထိုကြိုးကို ကိုင်၍ အားယူရခြင်းဖြစ်သည်။

"မီးနေသယ်ဆိုသာ မီးအနားမှာ နေရသာကို ပြောသာပါအေ…ညလား နေ့လား မွေးတော့မယ်ဆိုရင် မီးအိုးကင်းကြီးမှာ ထင်းထည့်ပြီး ဟူးဟူးလောင်ခိုင်းထားရသာ…မျက်နှာမြင်ပြီဆိုသာနဲ့ မီးနဲ့နေရပြီ…နနွင်းကို ရေဖျော်ပြီး လိမ်း…ပြီးသာနဲ့ မီးဟပ်ခံရတော့သာပါအေ…မသက်သာပါဘူး"

တစ်ခါက မလှအုံ ပြောပြဖူးသည့် မီးနေအလေ့ဖြစ်ပါ၏။ ထိုစဉ်က အမေပန်းရုံကပင် မလှအုံကို လှမ်းခေါ်သည်။ သမီးနုနုထွတ်ထွတ်ကို မဟုတ်ကဟုတ်က ပြောရပ့်မလားဆိုကာ ခေါ်ခြင်းဖြစ်သည်။ မလှအုံကတော့ အခေါ်ခံနေရသည့်ကြားက ပြောစရာရှိတာကုန်အောင်ပြောသည်။

"မိန်းကလေးဆိုသာ လောကနိယာမ ကင်းမှတ်လို့…အပျိုတော့ကော သိထားတော့ မကောင်းဘူးလား…မိဘကျေးဇူး ပေ့ပေ့မှတ်မှာစိုးလို့ ပြောရသာ…ကိုယ်ဝန်သည်များ သချိုင်းကို တစ်နေ့သုံးခါ မျက်စောင်းထိုးရသဲ့ဟာ ဘာမှတ်လို့တုံး…နေပါဦး…ဘယ်နားတောင် ရောက်သွားပါလိမ့်…အဲသာနဲ့ မွေးကရော…"

"ပြောပါ မလှအုံရဲ့…"

"အေးပါ…မီးနေသည်ဆိုသာ သွေးဟောင်းသွန်ပြီး သွေးသစ်လောင်းသဲ့အချိန်ဆိုတော့ သွေးနုသားနုကိုး…အင်မတန် အသည်းငယ်သာ…အိမ်မြှောင်စုတ်ထိုးသံတောင် လန့်ချင်လန့်သာ…မျက်ရည်များကျလို့ကတော့ မီးယပ်ခေါင်းကိုက်နာ စွဲကရော…"

မလှအုံစကားတွေထဲမှာ မိန်းမသားတစ်ယောက်၏ သားဖွားခြင်းကိစ္စတွေ များလှသည်။ ကြားရတာပင် ကြောက်စရာကောင်းလှပါ၏။ မလှအုံပြောသလို မိဘကျေးဇူးကားကြီးမားလွန်းလှပါကလား။ အသက်တစ်ချောင်းနှင့်ရင်းရသော လွန်ဆွဲပွဲပါကလား။ အခုလည်း



မွေးမှု မီးဖွားရခက်သည် ပြောနေပြီ။ အပျိုမွေးမို့ ခက်တာလား။ မအိမ်ကံ နေ့စဉ်နှင့်အမျှ ဆုတောင်းနေလို့များ မွေးရခက်တာလား။ မွေးချိန်ဖွားချိန် ခက်ပါစေ၊ သားလျှောပါစေ၊ အတိဒုက္ခ ရောက်ပါစေဆိုသည့် မနောဆိုးဖြင့်တော့ မအိမ်ကံ ဆုမတောင်းခဲ့တာ အမှန်ပင်။ အဲသလောက် ရက်စက်ကြမ်းကြုတ်သော ရန်ရှန်းရင်းရင်းစိတ်ဓာတ်မျိုး မရှိပါ။ သို့သော် ယောကျ်ားကလေး မွေးပါစေလို့တော့ အကြိမ်ကြိမ် အလီလီ ဆုတောင်းခဲ့တာတော့ ရှိပါ၏။ အခုတော့ ယောကျ်ားကလေးလိုလို၊ မိန်းကလေးလိုလို ဖြစ်နေပြန်ပါပကောလား။

"မိန်းမသားဆိုသာ မွေးတော့ဖွားတော့မယ်ဆိုရင် သူ့အိမ် သူ့ယာကို မျက်မုန်းမကျိုးအပ်ဘူး…သူ့စည်းစိမ်ချမ်းသာကို မျက်မုန်းမကျိုးအပ်ဘူး…သူကောင်းစားသာကို မျက်မုန်းမကျိုးအပ်ဘူး…မျက်မုန်းကျိုးမိရင် ဘယ်လမဆို ဝါရမိတ္တကြီးရက်နဲ့ ကြုံရတတ်သယ်…မနေ့က လဆန်း ၈ ရက် အင်္ဂါနေ့ကျတော့ ဝါရမိတ္တကြီးကျသာလည်း ပါမှာပေ့…ရက်တံကြင်, တာနောရက်များကျရင် ဘေးတွေ့တတ်သယ်…"

အမေပန်းရုံစကားတွေက ကြောက်စရာကောင်းလိုက်တာ…။

"ယောကျ်ားကလေးမွေးရင်တော့ ရှင်ပြုရသာပေ့အေ…မိဘများက သားဦးကို ယောကျ်ားကလေး မျှော်ကြသာသမီးရဲ့…သားကို ဦးဦးဖျားဖျား ရှင်ဖြစ်စေချင်ကြသာကိုး…"

"မအိမ်ကံ မွေးကာနီးတုန်းကကော ယောကျ်ားကလေးဖြစ်စေချင်သာပဲလား အမေ"

အမေပန်းရုံက သမီးကို ပြုံးပြသည်။ မအိမ်ကံပါးကို လက်ချောင်းရှုံ့ရှုံ့ကလေးများနှင့် ထိကာ အသာပွတ်သည်။ စကားအကျကောက်တတ်ပါသကော ဆိုသည့်ပုံ။

"သမီးမွေးကာနီးတုန်းက အမေ အိပ်မက်မက်သယ်…အိပ်မက်က ထူးဆန်းပါသယ် သမီးရယ်…အမေတို့အိမ်ခေါင်းရင်းက ဆပ်သွားဖူးရုံကြီးဘက်က လူသူတော် တစ်ယောက်ထွက်လာပြီး အမေ့ကို သမီးမိန်းကလေး မွေးလိမ့်မယ်သဲ့…ဆပ်သွားဖူးပင်ကြီးလည်း ပွင့်လိမ့်မသဲ့…သည်ကလေးက နင်တို့အိမ်ရဲ့ ကံပဲသဲ့…"

"မွေးရဖွားရသာကော ခက်သလားအမေ…"

"အများမိန်းမသားများ မွေးရသလိုပဲပေ့သမီးရယ်…ညည်းအဖေက အသက်ကြီးပြီဆိုတော့ သားသမီးဝင်စားမယ်တောင် မထင်တော့သဲ့အချိန် ရလိုက်သာဆိုတော့ အမေဖြင့် ဝမ်းသာလိုက်ပုံများ…မွေးတော့လည်း ကျက်သရေရှိပ့်တော်…"

"မိန်းမသားဖြစ်ရသာ ဇယ်ခတ်သဲ့အခါ ဗွေတစ်လက်ရှုံးရသလိုပါပဲအမေ…"

"သည်လိုလည်း မဟုတ်ပါဘူးသမီးရယ်…လောက, မိန်းမသားမရှိလို့ ဘယ်ဖြစ်ပါ့မလဲ…တို့ဘုရားတောင် မယ်တော်က မွေးရသာပဲမဟုတ်လား…ကိုင်း အမေသွားချေဦးမယ်…အသာလှဲနေ ကြားလား…သွေးဆေး လျက်လိုက်ဦးနော်…မမေ့နဲ့…"

အမေပန်းရုံထွက်သွားတော့ မအိမ်ကံ မှေးခနဲအိပ်ပျော်သွားခဲ့သည်။ ခါတိုင်း သည်လို အိပ်လေ့မရှိ။ တစ်ခုမဟုတ်တစ်ခု လုပ်နေတာများသည်။ သည်နေ့တော့ စိတ်တွေပူလောင်နေခဲ့လို့လား။ တစ်ကိုယ်လုံး နွမ်းရိနွမ်းပါးဖြစ်နေခဲ့ပါ၏။ ကိုပြေသိမ်း ထမင်းစားပြန်လေသလား၊ မပြန်လေသလားပင် မသိလိုက်။ အမေပန်းရုံပြန်လာလို့ နဖူးကို လက်နှင့်လာစမ်းတော့မှ မအိမ်ကံ နိုးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဖျားပါ့မယ် သမီးရယ်...ထတော့...ထမင်းစားချေ...မစံရွှေ ချွေးမကလေးက မိန်းကလေးမွေးသာ သမီးရဲ့...သူတို့အားလုံးက ယောကျ်ားကလေး လိုချင်ကြသာ... မစံရွှေတို့က မြေးဦး ရှင်ပြုချင်ကြထင်ပါရဲ့..."

"ရွှေမှုံကကော အမေ..."

"ရွှေမှုံကတော့ မအေဆိုတော့ မွေးလာသဲ့ကလေး ချစ်ရှာမှာပေါ့...ငါ့သမီးတုန်းက အမေတို့ ချစ်ရသလို နေမှာပဲ...မိဘဖြစ်လာပြီကိုး..."

အမေပန်းရုံနှင့်အတူ မအိမ်ကံ အောက်ထပ်ကို ဆင်းလာခဲ့သည်။ ကိုပြေသိမ်း မရှိ။ ကျောင်းချိန်တော့ မကျသေး။ မအိမ်ကံ ရေချိုးပစ်လိုက်သည်။ ရေချိုးလိုက်တော့လည်း အပူတွေ လျော့သွားသလို ဖြစ်ရပါ၏။ ဘာပဲဖြစ်ဖြစ် အဖေနှင့် အမေပန်းရုံတို့ရှေ့မှာ ညှိုးညှိုးနွမ်းနွမ်း မနေချင်။ ကျေးတစ်ရာဆင် နက်ပြာရောင် လုံချည်ကလေးနှင့် မိုးပြာရောင် ဂျော်ဂျက်ထည် ပဒုမ္မာလက်အင်္ကျီ တွဲဖက်ဝတ်လိုက်တော့ စိတ်ကလေးပင် ကြည်လင်သွားသလို လို ထင်မိပါ၏။ သနပ်ခါး ပါးကွက်ပါးပါးကလေး ကျားကာ ဆံပင်ဂုတ်သားကလေးပေါ်အောင် ဘယာကြော် ဆံထုံးကလေးထုံးလိုက်တော့ မျက်နှာကလေး ပွင့်သွားသည်။ ဇီဇဝါပန်းအပွင့် ကားကားကြီးကို ဆံထုံးဘေးမှာ ကပ်ပန်လိုက်သည်။ အိမ်ပေါ်က ဆင်းလာတော့ ကိုပြေသိမ်းပင် ကျောင်းက ပြန်လာတာ တွေ့လိုက်ရသည်။ လှေကားခြေမှာ ကိုပြေသိမ်း ရပ်နေခဲ့သည်။

"အိမ်ကလေးက ချောလိုက်တာကွယ်..."

ကိုပြေသိမ်းက မကြားနိုးနားဆိုလိုက်တော့ မအိမ်ကံမှာ ရှက်သွေးကလေးပင် ဖျန်းသွားမိရပါ၏။ အိမ်အောက်ထပ်မှာ ဘယ်သူမှမရှိ။ အဖေကတော့ စောစောကတည်းက ဘုန်းကြီးကျောင်းဘက်ထွက်သွားတာ မအိမ်ကံ သိပါသည်။ အမေပန်းရုံတို့ မလှအုံတို့ကကော။ ကျေးဥ ကတော့ ရက်ကန်းရုံထဲမှာ ရှိမည်ထင်သည်။

"နေ့လယ်က ပြန်လာတော့ အိမ်ကလေး အိပ်နေတယ်လို့ မလှအုံကပြောလို့... နေမကောင်းဘူးလား..."

"ကောင်းပါသယ်အစ်ကို...စိတ်တော့ မကောင်းဘူးပေါ့လေ"

မအိမ်ကံက ပြောရင်းဖြင့် တစ်ချက်တွေသွားပြီး မျက်ရည်တွေ စိုလက်လာခဲ့သည်။ ဒါကို ကိုပြေသိမ်းက မြင်သွားခဲ့ရာ မအိမ်ကံ တစ်ခုခုခံစားနေရပြီဆိုတာ အတတ်သိလိုက်ပါ၏။ မအိမ်ကံကို မြင်မြင်ချင်းကတည်းက သူ ချစ်ခဲ့မိသည်။ သည်အချစ်စိတ်ကြောင့်ပင် မြင်းခြံလို မြို့ကြီးမှာ ကျောင်းဆရာလုပ်နေရာက မြင်းခြံမြောက်လက်က ဇောင်ချမ်းကုန်းရွာကလေးမှာ စာသင်ကျောင်းဖွင့်ဖြစ်အောင် သူကြိုးစားခဲ့သည်။ အနေနီးလာတော့လည်း မအိမ်ကံ၏ အကျင့် စာရိတ္တနှင့် စိတ်ဓာတ်ကို သူလေးစားမြတ်နိုးလာရပါ၏။ အထူးသဖြင့် သူလေးစား စံထားရပါသော သခင်မြတ်သာ၏ နှမကလေးမှန်း သိလိုက်ရတော့ ပိုတန်ဖိုးထားမိသည်။ တစ်မိုးအောက်မှာ အတူနေကြရတော့ သမုဒယသံယောဇဉ်နှောင်ကြိုးလည်း ရစ်ပတ်နှောင်တဲမိကြပြီမဟုတ်လား။

"အိမ်ကလေး ပြောချင်တာရှိလို့လား..."

ရှိပြီကောရှင်...။ မအိမ်ကံက ကိုပြေသိမ်းကို မော့ကြည့်လိုက်ရင်းက မျက်နှာကလေး သုန်မှုန်သွားခဲ့သည်။





"ရှိသာပေါ့အစ်ကို...မအိမ်ကံ မမေးချင်သဲ့စကားပါပဲ...ဒါပေမဲ့ မိန်းကလေးဆိုသာ ခေါင်ဖယ်လည်း မှန်ချင်၊ စည်းကလည်း ကဲချင်မဟုတ်လား..."

"ပြောပါ အိမ်ကလေးရယ်..."

"မအိမ်ကံအဖို့ သည်လိုနေလို့ မကောင်းနိုင်တော့ဘူးထင်သယ် အစ်ကို...ရွာနဲ့ရပ်နဲ့ မိနဲ့ဘနဲ့ဆိုတော့ မြေညီလို့ တလင်းဖြစ်ရသယ် အပြောမခံချင်ဘူး...အစ်ကို နားလည် ပါသယ်နော်...ကျေးဥပြောပြသလောက်ဆိုရင် ရွာက ယုန်မရဘဲ တောကြွေမှာစိုးကြ သသဲ့...ပြီးတော့..."

"ပြောပါ အိမ်ကလေးရယ်...အစ်ကိုနားထောင်နေပါသယ်..."

"အစ်ကိုနဲ့ မအိမ်ကံ မေတ္တာမျှနေကြသယ်ဆိုသာ အဖေလည်းသိသယ်...တစ်ရွာလုံး တစ်နယ်လုံးကလည်း စောင့်ကြည့်နေကြသာဆိုတော့ မအိမ်ကံက မိန်းကလေးပါ... ခုံညင်းလည်းရှုံး ဒိုးလည်းရှုံး ဆိုသာလို..."

ကိုပြေသိမ်းက မအိမ်ကံ လက်တစ်ဖက်ကို လှမ်းကိုင်လိုက်သည်။ မအိမ်ကံကို ပြုံးကြည့်နေခဲ့သည်။ မအိမ်ကံ စကားဆက်မပြောဖြစ်။ ကျလာသောမျက်ရည်တွေကိုလည်း မသိမ်း။ မျက်ရည်တွေက ဂျော်ဂျက်အင်္ကျီကလေးပေါ် တစ်ပေါက်ချင်းကျနေခဲ့ပါ၏။ ပါးနှစ်ဘက် မှာ တင်ထားသော ပါးကွက်ကျားကလေးအလယ်မှာ မျက်ရည်စီးကြောင်းကလေးတွေ ချောင်းစီး နေကြလေသည်။ မအိမ်ကံဆီက စကားပြောသံ မကြားရတော့ ကိုပြေသိမ်းက သူ့အိတ်ထဲက လက်ကိုင်ပဝါကို နှိုက်ပြီး မအိမ်ကံလက်ထဲ ထည့်ပေးသည်။ အိမ်ထဲ လူဝင်လာလျှင် တွေ့သွား မည် စိုးသောကြောင့် သုတ်ခိုင်းခြင်းပင်။ မအိမ်ကံက ကိုပြေသိမ်း လက်ကိုင်ပဝါကလေးနှင့် မျက်ရည်တွေ သုတ်သည်။ လက်ကိုင်ပဝါဆီက ရနံ့တစ်မျိုးကို ရလိုက်တော့လည်း ချစ်သူ၏ ကြင်နာယုယမှုကို စိတ်ရောက်ရပြန်ပါ၏။

ကိုပြေသိမ်းသည် အလစ်ကိုချောင်းတတ်သော ကြောင်ဖားမဟုတ်တာ မအိမ်ကံ သိပါသည်။ ရုပ်ရည်ချောမောသလောက် စိတ်သဘောနူးညံ့သန့်ရှင်းသော ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ယောက်ဆိုတာလည်း မအိမ်ကံ ယုံကြည်ပါ၏။ တစ်ခါတစ်ခါ ကြက်ကမတိုး ကျော့ကွင်းက တိုးမိရတာများလည်း ရှိခဲ့ပါသည်။ ကျောင်းနှင့်အိမ်၊ ရွာနှင့်မြို့ ကူးကာလူးကာ စာသင်ကျောင်းအတွက် လုံးပန်းလွန်းတော့လည်း မအိမ်ကံကိုပင် ချစ်တာဟုတ်ရဲ့လား တွေးခဲ့မိ ရသည်အထိ။ ကိုပြေသိမ်းရှိရာ ကျောင်းကိုပင် တစ်ခါတစ်ရံ မအိမ်ကံ လိုက်သွားမိတတ်လာသည် မဟုတ်ပါလား။

"အစ်ကိုတော့ဖြင့် လာမယ့်ကဆုန်ဦးမှာ မင်္ဂလာကိစ္စစီစဉ်မယ်လို့ မိဘများဆီ စာရေး ထားပြီးပါပြီ...အစ်ကိုကလည်း မအိမ်ကံနဲ့နီးချင်လှပါပြီ...ကျောင်းကိစ္စ အောင်မြင်ဖို့ ကလည်း အစ်ကို့တာဝန်မဟုတ်လား...ရပ်ရွာက မြည်လာကြပြီဆိုတော့ အိမ်ကလေး အတွက် အစ်ကို ဦးစားပေးရမှာပေါ့ဗျာ...ကိုင်းပါကွယ်...ကဆုန်ထိအောင် အစ်ကို မစောင့်တော့ပါဘူး...လာမယ့်တပို့တွဲလောက်မှာ စီစဉ်ကြတာပေါ့...အစ်ကို့မိဘ တွေက သခင်မြတ်သာနှမကလေးနဲ့ သဘောတူပြီးသားပါ အိမ်ကလေးရယ်..."

www.burmeseclassic.com

www.burmeseclassic.com

"ဩော်...အစ်ကိုရယ်...မအိမ်ကံ အစ်ကို့ကို ယုံပါသယ်ရှင်...အစ်ကို့ကို ချစ်လွန်းတော့လည်း နေ့ကို ဝါဆို၊ ည ပြာသို ဆိုသာလို နေ့တစ်စိတ် ညတစ်စိတ် ဖြစ်ရသာလည်း အမှန်ပါ..."

"ကဲပါလေ...အိမ်ကလေးသာ စိတ်ချမ်းချမ်းသာသာနေပါတော့...အစ်ကို့မိန်းမ အလှများ ပျက်နေပါရော့မယ်..."

"ဘာမိန်းမလဲ...အစ်ကိုနော်..."

ချစ်သူ၏ သိက္ခာရှိသော မင်္ဂလာစကားကို ကြားရတော့လည်း မအိမ်ကံ ရင်နွေးရပါ၏။ ကိုပြေသိမ်းက ဆိုခဲမြဲစေဆိုတာလည်း သိပါသည်။ ရွှေမှုံ သမီးကလေးမွေးပြီဆိုသည့် သတင်းက မအိမ်ကံကို တစ်နေ့လုံးလုံး မွှေနေခဲ့တာဆိုတော့ သည်စိတ်ကပဲ ကိုပြေသိမ်းကို သည်စကားတွေ ပြောဖြစ်ဖို့ လောဆော်နေခဲ့ပုံရပါ၏။

ကိုပြေသိမ်းနှင့် လက်ထပ်တာတော့ဟုတ်ပါရဲ့။ သားသမီးမပွားစီးရင်ကော။ ပွားစီးပါပြီတဲ့။ သမီးမိန်းကလေး မဟုတ်ခဲ့ရင်ကော။ ဒါဆိုလျှင်တော့ မအိမ်ကံ ငုတ်တုတ်ရှုံးရတော့မည်။ ကဲပါလေ ထားကြပါစို့။ မအိမ်ကံကလည်း သမီးဦးကလေး မွေးပြီဆိုပါတော့။ သည်သမီးဦးကလေးက ရွာ့ကွမ်းတောင်ကိုင် ဖြစ်ရမယ်လို့ ဘယ်သူက အာမခံနိုင်လို့လဲ။ ရွှေမှုံ့သမီးနဲ့ မအိမ်ကံသမီး...တကယ်တမ်းယှဉ်ကြလို့ ရွှေမှုံ့သမီးက သာတယ်ဆိုရင်ကော။ ဘယ်အရာ ဘယ်ဟာကမှ မသေချာ။ ရောင်တော်ပြန်ပွဲက ဘယ်ဆီနေမှန်းမသိ၊ ပဝါဝယ်နှင့်ရသလို ဖြစ်နေလေပြီ။ ဘာပဲဖြစ်ဖြစ် မအိမ်ကံသမီးကပဲ ကွမ်းတောင်ကိုင်စေရမည်။

ကွမ်းတောင်ကိုင်ကိစ္စကို မအိမ်ကံ ဘာကြောင့် သည်လောက်အယူအစွဲကြီးနေမိတာပါလိမ့်။ မအိမ်ကံကိုယ်တိုင်လည်း နားမလည်။ သို့သော် သည်စိတ်ကတော့ မွေးကတည်းက သန္ဓေတည်လာခဲ့သော စိတ်လို့တောင် ပြောရမည်ထင်ပါ၏။

မအိမ်ကံအဖို့ရာ တပို့တွဲလမှာ လက်ထပ်မည်လို့ ချစ်သူက ကတိပေးလာခဲ့ပြီ။ မင်္ဂလာပွဲကိုတော့ တစ်နယ်ရိုးလုံး သိမ့်သိမ့်ကြီးခါအောင် နွှဲလိုက်ချင်ပါ၏။ မအိမ်ကံတို့ ဝိုင်းတိုက်ကြီးထဲမှာ မဏ္ဍပ်ကြီးထိုးကာ နရန်းရွာစဉ်တစ်လျှောက် ဂုဏ်သတင်းကြီးမောက်အောင် မဏ္ဍပ်တိုင် တက်လိုက်ရဦးမည်။ မန္တလေးက ဇာတ်ပွဲ၊ အငြိမ့်ပွဲငှားထည့်မည်။ ဂေါစရဂါမ်သံဃာတော် အကုန်ပင့်ဖိတ်၍ သင်္ကန်းလှူဖွယ်နှင့် ဆွမ်းကပ်မည်။ မင်္ဂလာပွဲမှာ ထမင်းရုံကွဲ ဧည့်ခံကျွေးမွေးမည်။ သပြေပန်းတစ်ခက် နှစ်ခက်၊ မသွေတမ်းတစ်သက် နှစ်သက် ဘဝချင်းဖက်ကြရပြီဆိုမှတော့ မအိမ်ကံ ဘဝနိမ့်ကျစရာမရှိတော့။ လှေမျှော လှေနှင့်လိုက်ရသလို ဂုဏ်သတင်းကို ဂုဏ်သတင်းနှင့်ပင် လိုက်ရလိမ့်မည်။

ကိုပြေသိမ်းက မအိမ်ကံ၏ လက်ကလေးနှစ်ဖက်ကို စုကျုံးယူကာ ရင်ဘတ်မှာ ကပ်ထားလိုက်သည်။ ပြီးတော့ ခါးကလေးကို သိုင်းဖက်ကာ မအိမ်ကံပါးကလေးနှစ်ဖက်ကို နမ်းလေသည်။ ပူနွေးလှသော ချစ်သူ၏အနမ်းများ...။

■

"ဉ်...ဟရိ ဟရိ...ဘုန်းတော်အလွန်တစ်ရာ ကြီးမြတ်တော်မူသော ရှင်တော်ဘုရားသည်လည်းကောင်း၊ မုခပင်္က်ဖ...ခံတွင်းတော်တည်းဟူသော ရွှေကြာတိုက်၌ ဖြစ်တော်မူထသော၊ ပိဋကတ္တယ ဟရိ ဟရိ...ပိဋကတ်သုံးပုံစောင့်သော နတ်သမီးသည်လည်းကောင်း၊ မဟိန္ဒရိ... မြေကို အစိုးရသော နတ်မင်းသည်လည်းကောင်း၊ ဗာဟိန္ဒရိ... ကောင်းကင်ကို အစိုးရသော နတ်မင်းသည်လည်းကောင်း၊ ဖြစန္ဒရိ...လဗိမာန်ကို အစိုးရသော လနတ်သားသည်လည်းကောင်း၊ နရစန္ဒရိ နေဗိမာန်ကို အစိုးရသော နေနတ်သားသည်လည်းကောင်း၊ ဗေဒဂြဟာ...ဗေဒင်လေးပုံကို စောင့်သော ရှစ်လုံးသော ဂြိုဟ်နတ်တို့သည်လည်းကောင်း၊ သျှုရာဂဇာ...သိကြားမင်း စိုးတော်မူသော ရောဝဏ်ဆင်မင်းသည်လည်းကောင်း..."

ဘိသိက်ဆရာ၏အသံက ဝိုင်းပြည့်ထိုးထားသော မဏ္ဍပ်တွင်းမှ လွင်လွင်စာစာ ထွက်ပေါ်လျက်ရှိ၏။ များလှသော ရွာစုံပရိသတ်၏ တဝေါဝေါစကားပြောသံများကြောင့် ဘိသိက်ဆရာခမျာ အားစိုက်အော်ရင်း ရွတ်ဖတ်နေရပါ၏။ မန္တလေးမှ ငှားထားသော အငြိမ့်ဆိုင်းနှင့် တွဲဖက်၍ ရွတ်ဖတ်နေခြင်းဖြစ်ရာ လူသံ ဆိုင်းသံ ဘိသိက်သံတို့ရောလျက် ပွက်ပွက်ကြီးညံလျက်ရှိလေသည်။ မဏ္ဍပ်ကြီးက တစ်ဝိုင်းလုံး နေရာလပ်မရှိအောင် ထိုးထားသော်လည်း ထိုင်စရာနေရာမရှိအောင်ပင် လူတွေများလှပါ၏။ ရွာပေါင်းစုံက ပင့်ဖိတ်ထားသော ဆရာတော်များကို မနက်ပိုင်းက ဆွမ်းကပ်လှူခဲ့ကြပြီ။ ဒါနဝတ္ထုအစုစုဖြင့် တစ်ပါးတစ်စုကျ ကုသိုလ်တွေ ပြုခဲ့ကြပြီ။ ကိုပြေသိမ်းရော မအိမ်ကံပါ မနက်စောစောထကြကာ ဆရာတော်ဘုရား သီတင်းသုံးရာကျောင်းကို မင်္ဂလာဆွမ်းပို့ခဲ့ကြသည်။ ဆရာတော်ကြီးက သက်တော်ရလှပြီဖြစ်သဖြင့် မင်္ဂလာမဏ္ဍပ်ကို မကြွနိုင်။ ကျောင်းကပြန်တော့မှ သတို့သမီး မအိမ်ကံ အလှပြင်ရပါ၏။

မအိမ်ကံ့က မိုးပေါ်ကကျလာသည့် နတ်သမီးကလေးနှယ် ထင်းထင်းကြွကြွ လှလွန်းလှပါသည်။ မန္တလေးတစ်ဖက်ကမ်း ဝါးချက်ရွာ အချိတ်ရက်ကန်းရုံမှ ပွဲကတော်ကြီး တကန်တက မှာယူပေးသော ခုနစ်စင်းဂမုန်းပွင့်ကြိုးကြီးချိတ် ရွှေဖလားရောင်နှင့် ပိုးပျော့ရင်ဖုံးအင်္ကျီလက်ရှည် အဝါသွေးကလေးကြောင့် ဖိတ်ဖိတ်တောက်နေတော့သည်။ အင်္ကျီလက်ကြယ်အနားတွန့်တွေကတော့ ခေါင်ချမ်းကုန်းမှာ ထူးဆန်းလို့ပင်နေလေ၏။ ဆံထိုး၊ ဆံညှပ်၊ ပန်းခိုင်၊ ရှေ့မိုက်ဘီးတွေကအစ ကျောက်ထည်များချည်းဖြစ်သည်။ ပီအောနားကပ်ကြောင့် နားရွက်'လေး'လှသော်လည်း လက်ရာကောင်းကျောက်ဖြစ်၍ အဖိုးတန်မှန်း သိသာလှပါ၏။ ရှေးက 'ဥပါကြယ်' ခေါ်ကြသည့် မိဖုရားနားပန်တော်နှင့်ပင် တူလေသည်။ အထူးခြားဆုံးကတော့ နယားလက်ကောက် လေးပင်လိမ်များဖြစ်၏။ အသားဝါချော မအိမ်ကံနှင့် ရွှေဖလားရောင်လွန်းရာကျချိတ်က လိုက်ဖက်လွန်းလှသည်။

မအိမ်ကံက မျက်နှာကလေးကို ချီထားတာလည်းမဟုတ်၊ ပြုံးထားတာမျိုးလည်း မရှိစေရဘဲ တည်တည်ကြည်ကြည်ကလေးနှင့် ထိုင်နေခဲ့သည်။ ခြေဖမိုးပေါ်အထိအုပ်ကျနေသော ရွှေခြေချင်းကြီးတွေကို ငေးသူတွေက ငေးကြသည်။ မအိမ်ကံအလှက မြင်ရသူတို့အဖို့ သမင်လည်ပြန် ကြည့်ရသည့်အလှမဟုတ်လား။ မြင်းခြံမြို့က ရောက်လာကြသော ဆရာကြီးဦးဘခင် ပွဲစားကြီးမိသားစုနှင့် ဧည့်သည်တော်များကလည်း မဏ္ဍပ်ရှေ့ပိုင်းမှာ ခင်းထားသော မွှိုင်းလုံးကော်ဇောကြီးများပေါ် ထိုင်ကြလျက် မင်္ဂလာပွဲကို ချီးမြှောက်ကြသည်။ ရွာပေါင်းစုံက သူကြီးဟောင်းများနှင့် ချမ်းသာကြွယ်ဝကြသော သူဌေးကြီးများကလည်း အစုဖွဲ့ကြလျက် စကားတွေ ပြောနေခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

"နှစ်တစ်ရာ သစ္စာချုပ်နှင့်...ပစ်ခွာဆုတ်မရှောင်...မေတ္တာသုတ်ရွေစာစောင်ကို မြေ မောင် ယှဉ်လို့...မသွေတမ်း မန်းစိန္တေမှာ ကျမ်းကျိန်ရေသုံးကြချည်စို့...ဆိုသည့် မင်္ဂလာအခါစေ့ရောက်ပြီဖြစ်လို့ သတို့သား မောင်ပြေသိမ်း သတို့သမီး မအိမ်ကံတို့ မင်္ဂလာပွဲထုတ်ချိန်ကျပါပြီ...မင်္ဂလာပွဲထိုင်ကြပါပြီ...မန္တလေးမြို့ အငြိမ့်တော်ဆိုင်က စည်တော်ဗုံမောင်း စောင်းမိကျောင်းနှင့် ဗျတ်စောင်း မယ်ဒလင်, ဘင်ဂျို, ဘာဂျာ, တူရိယာ၊ ပတ်, သာ, ဒုံမင်း, ခရုသင်းနှင့်တကွ ယဉ်ကျေးသာယာ အတိတ်နိမိတ် ကောင်းစွာ...မင်္ဂလာသီချင်းတီးပါရော့ခင်ဗျာ...သီချင်းအသွား စကားအဓိပ္ပာယ်များနှင့် ညြဘာမိမိ ဂုဏ်သရေရှိအောင် တီးတော်မူကြရန်ပါခင်ဗျား..."

ကိုပြေသိမ်းနှင့် ယောကျ်ားကလေးအဖော်များက လက်ယာဘက်၊ မအိမ်ကံနှင့် အဖော် မိန်းမကလေးများက လက်ဝဲဘက် နေရာယူကြပြီးလျှင် လူကြီးမိဘများဘက် မျက်နှာမူကြရပါ သည်။ သတို့သားနှင့်သတို့သမီးတို့မှာ မင့်မမော့ ကြော့ကြော့ကလေးထိုင်ကြရင်း တစ်ဦးမျက်နှာ တစ်ဦးကြည့်နေကြသည်။ မင်္ဂလာသီချင်းတစ်ပိုဒ်ပြီးတော့ ဘိသိက်ဆရာ၏အသံက ကျယ်ကျယ် ကျယ်လောင် ပေါ်လာပြန်သည်။

"ရွှာတကာ အစုံစုံ ပါဝါဂုဏ် ဟိတ်ဒြပ်ကောင်းသည့်...ပရိသတ်အပေါင်းတို့အား ထမင်းဟင်း မြတ်မောစွာနှင့် နတ်ဩဇာပမာကဲ့သို့...ရသာစုံအပိုပြင်ပြီးတဲ့လျှင်...အချို အချဉ် မငြိုငြင် အပြည့်ရှ်၍ ညှော်ခံကျွေးမွေးသောစေတနာ...သတို့သား သတို့သမီး တို့မှာ...ရှေးထုံးနည်း စာတမ်းအသွားအလာနှင့်...ခမ်းနားစွာ အဆက်မပြတ် အောင်...လက်ထပ်သောနေ့ကို အစပြုလျက်...ကောင်းခြင်းဆန္ဒ ကြံသမျှ အသင့်ဖြစ် ပြီးလျှင်...ပွင့်သစ်သောပန်း ဆန်းသစ်သော လပမာကဲ့သို့...ရတနာ့ရတနာ စိန် အခိုင်အတွဲ အိမ်တိုင်မှာ ဆွဲကြပြီးသကာလ...ပုလဲအလှတဖြာ ဥသျှဖရားငှဲ့အပြင်..."

ဘိသိက်ဆရာ ဆုတောင်းစာကလည်း ရှည်လွန်းလှသည်။ မင်္ဂလာစကား ပြောတာက လည်း နာရီတစ်မတ်တော့ ကျော်လိမ့်မည်။ စိန္တာမဏိဂါထာတော်ကြီးကို ရွတ်ပြန်သည်။ မင်္ဂလာဩဘာ ရတုပိုဒ်စုံကလည်း ပါသေးသည်။ မအိမ်ကံပင် ညောင်းလှပြီ။ မပြီးသေးပါ။ ဘိသိက်ဆရာ နတ်ပြန်ပို့တာကလည်း ရှည်လျားလွန်းလှပါ၏။ မင်္ဂလာမောင်မယ် ဆုံးမဩဝါဒ ကတော့ ပြောစရာပင်မရှိပြီ။ ပရိသတ်ကလည်း သတို့သား သတို့သမီးကို မမြင်လိုက်ရ မရှိရ လေအောင် သူ့ထက်ငါ တိုးဝှေ့ကြည့်ကြလေ၏။ မှတ်ချက်စကားတွေလည်း အမျိုးမျိုး။

"ကျက်သရေရှိလိုက်သဲ့ စုံတွဲနှယ်တော်...ကတည်း ဇာတ်မင်းသား မင်းသမီးထက် သာသေးသတော်..."

"မင်္ဂလာပွဲကလည်း ခမ်းနားကြီးကျယ်ချက်တော့ကွာ...တစ်သက်ကြုံဖူးဘူး..."

"ဂုဏ်ချင်းထပ်တော့ မြတ်သသဲ့...ရွှေ ရွှေချင်း ဂဟေဆက်ကြမှတော့ မကြီးကျယ် ခံနိုင်ပါ့မလားကွာ..."

အသံတွေက မအိမ်ကံနားမှာ ပဲ့တင်ညံလျက်ရှိ၏။ ထိုင်နေရတာ အချိန်ကြာလာသည် နှင့်အမျှ ခြေများပင်ကျဉ်လာခဲ့ပြီ။ သို့သော် မအိမ်ကံ ကျေနပ်လွန်းလှပါ၏။ တစ်သက်မှာတစ်ခါ၊ တစ်ခါမှာတစ်ရက်...ရှိပါစေလေ...။ ကိုပြေသိမ်းကလည်း မအိမ်ကံကို ရွှန်းရွှန်းစားစားကြီး ကြည့်နေခဲ့သည်။



မင်္ဂလာဘိသိက်မြောက်ပြီးတော့ ထမင်းရုံတွေမှာ လူတွေကြိတ်ကြိတ်တိုးလေသည်။ သည်လိုခေတ်ကြီးမှာ ထမင်းကျွေးမင်္ဂလာဆောင်ဆိုတာကပင် အရှိန်ကြီးလှပါ၏။ လူချမ်းသာ မင်္ဂလာဆောင်ကလည်း ဖြစ်ပြန်၊ မအိမ်ကံကလည်း ဟိတ်ထုတ်ချင်ပြန်ဆိုတော့ 'ပုတ်ကက်ကျိကြ စပါး၀ တောရွာသူတွေ က,တဲ့လ' ဆိုရမည့်ပွဲကြီးဖြစ်ခဲ့ပါ၏။ ထမင်းတွေကလည်း အငွေ့ တထောင်းထောင်း ဟင်းတွေကလည်း ခပ်ကောင်းကောင်းဆိုတော့ သံပန်းကန်လုကြရတာကပင် ပျော်စရာကောင်းလှသည်။ အိုးကြီးချက်သူတွေကလည်း မီးခိုးလုံးလုံး ချွေးလုံးလုံး။ စားကြသူ တွေကလည်း တရုန်းရုန်း။ ကိုပြေသိမ်းနှင့်မအိမ်ကံက ထမင်းရုံတွေဘက်သွားကာ ညှော်ခံလိုက် ကြပါသေး၏။

"စားကြပါရှင် သုံးဆောင်ကြပါ...ဝလင်ပြည့်စုံအောင်စားကြပါ...ဟင်းများ ထပ်ထည့် ပေးကြပါဦး...ဟင်းချိုလိုက်ကြပါဦး..."

မအိမ်ကံကိုယ်တိုင် ထမင်းရုံထဲမှာ စီမံနေတာလည်းရှိပါ၏။ ကိုပြေသိမ်းမိဘများနှင့် အတူပါလာကြသော ဆွေမျိုးတွေက အိမ်ကြီးပေါ်မှာ ရှိနေကြသည်။ ရွာခံတွေက မအိမ်ကံ အကြောင်းဖြင့် ညှော်ခံကြသလို ညှော်သည်တွေကလည်း ခေါင်းတညိတ်ညိတ် ထောက်ခံလျက် ရှိ၏။ ယောက္ခမများကလည်း မအိမ်ကံ ချောပုံလှပုံ၊ ချမ်းသာပုံ၊ မိန်းမပီသပုံ၊ စိတ်နှလုံးကောင်းပုံ တွေကို ပြောကြရင်း သားအတွက် ဂုဏ်ယူမဆုံးရှိကြသည်။ ကိုပြေသိမ်းမိဘများက တစ်ပတ် လောက်ကပင် ကြိုရောက်နေခဲ့ကြသည်။ ချေးမလောင်းက ချမ်းသာသည့်မိန်းကလေး ဆိုသော် လည်း ခရီးရောက်ကြပြီဆိုကတည်းကပင် ဆူးပန်စေ့ရွှေဘယက်တစ်ကုံး ဆင်ကြသည်။ စတိ လက်ကောက်ငါးရန် လက်ဖွဲ့ကြသည်။ ထနောင်းတိုင်က လယ်ယာတွေကိုပါ လက်ဖွဲ့ကြောင်း ကတိထားကြသည်။ ကိုပြေသိမ်းမိခင်ကဆိုလျှင် မအိမ်ကံကို တစ်ချိန်လုံး ငေးကြည့်နေခဲ့သည်။ ကိုပြေသိမ်း အဒေါ်တွေထဲက ဒေါ်ကြီးပုံ့ဆိုလျှင် ထလို့ပင် အော်ပါ၏။

"မောင်ပြေသိမ်းရယ်...ငါ့တူနှယ်...မိန်းမချော ရပါကောကွယ်...ဂွမ်းလိပ်မျိုရင်တောင် ချည်ခင်ကျမယ့်မိန်းမမျိုးပါလားဟဲ့...တစ်သက်မဆင်းရဲမယ့် ဥပဓိပါလားဟဲ့..."

ဒေါ်ကြီးပုံ့စကားကြောင့် မအိမ်ကံပင် မနေတတ်မထိုင်တတ်ဖြစ်ခဲ့ရသည်။ အမေပန်းရုံ ကတော့ ပွင့်လင်းရိုးသားကြသော ကိုပြေသိမ်း၏ မိဘဆွေမျိုးများကို မြင်ကတည်းက ချစ်ခင် နေသည်။ လိုလေသေးမရှိအောင် ဧည့်ဝတ်ပြုသည်။ ဦးသာထန်ထက်စာလျှင် ကိုပြေသိမ်းဖခင်က အသက်ငယ်သော်လည်း မကြာမီမှာပင် တရားဆွေးနွေးဖက်ဖြစ်သွားကြသည်။

ညဘက် မင်္ဂလာအောင်ပွဲအငြိမ့်ခံတော့ အငြိမ့်စင်ကို ရွာပြင်ထုတ်ရပါသည်။ များသော အားဖြင့် မြင်းခြံမြို့ကအငြိမ့်ကို ငှားလေ့ရှိကြသောရွာတွေမှာ မန္တလေးအငြိမ့်ဆိုတော့ တစ်ဘာသာ အာရုံကျစရာဖြစ်နေခဲ့ပါ၏။ လှည်းတွေလှည်းတွေ အရာအထောင် ဝိုင်းပတ်ထားသော အငြိမ့် ပွဲခင်းကြီးက မင်္ဂလာဆောင်ပွဲထက် အဆများစွာ စည်ကားနေတော့သည်။ အရွာရွာက မုန့် ဈေးတန်းကလည်း လက်ခုပ်လက်ယှက် အတန်းလိုက်ကြီးဆက်နေပါ၏။ မိုးကလေးချုပ်လာ သည်နှင့် ကြိတ်ကြိတ်တိုးနေကြသော ပွဲကြည့်သူများဖြင့် တိုးလို့ပင်မပေါက်ရှိခဲ့သည်။ ဆိုင်းသံ ကလေး ကြားတော့ မအိမ်ကံက ပွဲခင်းကိုကြည့်ချင်လာသည်။ သူ့မင်္ဂလာပွဲ ဘယ်လောက်အောင် စည်ကားသလဲဆိုတာ မြင်ချင်လှသည်။ မနက်တုန်းကများ မအိမ်ကံ မူးလဲမတတ်ရှိရသည်။ လူတွေ များလွန်းလှ၍ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံတို့ ဝိုင်းကြီးထဲမှာတော့ အဝေးပြေးတွေ အုံးအုံးထနေကြဆဲ။ ကိုပြေသိမ်းဘက်ကအမျိုးတွေ၊ မအိမ်ကံဘက်ကအမျိုးတွေ ဖောင်ချမ်းကုန်းနှင့် ထနောင်းတိုင် ရွှေလင်း ငွေလမ်းဖောက်သံတွေနှင့် စီစီညံလျက်ရှိလေသည်။ သည်အထဲမှာ အစ်ကိုမောင်မြတ်သာတော့ မပါပါ။ ခရီးလွန်နေသည် ဆိုပါ၏။ မမစိမ်းမြကတော့ သူကိုယ်တိုင် မင်္ဂလာအခမ်းအနားပြင်မဆောင်နှင်းလိုသည့်တိုင် ယောက်မချော၏ မင်္ဂလာပွဲကိုတော့ ဒေါင်းတလူ မောင်းတလူ ရှိရှာပါ၏။ မလှအုံတို့ ကျေးဥတို့ကတော့ ဖင်ချလို့ပင် မထိုင်အားကြပြီ။

"အစ်ကို…ပွဲခင်းဘက်သွားကြရအောင်…မအိမ်ကံ ကြည့်ချင်လှသယ်"

"အိမ်ကလေးကို တွေ့သွားလို့ မကောင်းဘူးထင်တယ်…သည်လိုလုပ်လေ စောင်ကြီး တစ်ထည်စီ ခြုံသွားကြရအောင်…အစ်ကိုလည်းလိုက်မယ်…"

ကိုပြေသိမ်းက မယားချောကလေးအလိုကို လိုက်ရသော်လည်း ပွဲခင်းဘက် သိပ်မသွားလိုလှပါ။ သူတို့နှစ်ယောက်ကိုတွေ့လျှင် နှုတ်ဆက်ချင်ကြသူတွေများသလို အာရုံပျက်ကြမှာ စိုးတာလည်းပါသည်။ ကိုပြေသိမ်းက စောင်ပါးနှစ်ထည်ယူလာပြီး ခေါင်းမြီးခြုံကာ တစ်စကို ပခုံးတင်ဖုံးလိုက်ကြပါ၏။ သည်လိုဆိုလျှင်တော့ ဘယ်သူမှမမှတ်မိနိုင်။ ပွဲခင်းဘက်ကို လျှောက်လာကြတော့ ပွဲသွားတွေက ဖိနပ်ရှပ်တိုက်ကြရင်း ဖုန်တသောသောထအောင် လာကြတုန်း။ ပွဲခင်းဆီက ခေတ်ဓာတ်စက်သီချင်းသံကြားနေရသည်။ အငြိမ့်စင်အလယ်လောက်မှာ ကြိုးနှင့် ဆိုင်းဆွဲထားသော ဓာတ်ခွက်ကို အငြိမ့်သားတစ်ယောက်က တဖူးဖူးမှုတ်နေသည်။ ဒါကိုပဲ ပွဲကြည့်ပရိသတ်က ထူးဆန်းလှစွာ ကြည့်နေကြခြင်းဖြစ်ပါ၏။ မအိမ်ကံတို့နှစ်ယောက် ပွဲခင်း နှုတ်ခမ်းစပ် အကြော်ဆိုင်တွေဘေးက လျှောက်လာခဲ့ကြသည်။ သူတို့နောက်မှာ မိန်းမအုပ်ကြီး တစ်အုပ်။

"မအိမ်ကံတို့များ ကံကောင်းချက်တော်…စာတတ်ကျောင်းဆရာနဲ့ညားတော့ ဆရာကတော်ပေါ့အေ…ဘူးကောင်းတော့ စင်ခံ၊ လင်ကောင်းတော့ စံရ ဆိုသလို ပါပဲ…"

"ဆရာလေးကလည်း ကံကောင်းပေါ့အေ…မိန်းမချော ရွှေပေါ်မြတင်ရသာပါ… နတ်လိုလို့ ရသယ့်ဖူးစာ…နယ်နယ့်မှတ်လို့…"

ကိုပြေသိမ်းက မအိမ်ကံလက်ကိုဆုတ်ကာ ကြားရဲ့လားဆိုသည့်သဘော လက်ကို ညှစ်သည်။ မအိမ်ကံကလည်း ပြုံးပြလိုက်သည်။ မိန်းမချော ရွှေပေါ်မြတင်တဲ့လား။ နတ်လိုလို့ ရတဲ့ဖူးစာတဲ့လား။ ဟုတ်ပါ့ရှင်ရယ်။ မအိမ်ကံကို ရှင်ချစ်မိတာ ကံကောင်းပါရဲ့။ မအိမ်ကံက သစ္စာကြီးတယ်။ မေတ္တာလည်း ကြီးတယ်။ အစွဲအလမ်းကလည်း ကြီးပါဘိသနဲ့။ မအိမ်ကံ အချစ်ဟာ တစ်ဘဝစာပါတော်။

မအိမ်ကံရင်ထဲက စကားတွေဖြစ်ပါ၏။

ဆိုင်းက ဒေ့ခံတီးနေသဖြင့် နားစိုက်ကာ ထောင်နေကြသူတွေလည်းရှိသည်။ နေရာရှာကြ၊ ဖျာခင်းကြ၊ ဖျာလုကြ၊ အော်ကြဟစ်ကြသူတွေကလည်း ညံပွက်နေသည်။ မြင်းခြံမြို့က ငှားထားသော မီးစက်ကြောင့် ပွဲခင်းကလည်း လင်းလျက်ရှိရာ လူသူဆူသံများဖြင့် တဝေါဝေါ မြည်လျက်ရှိ၏။ ထိုစဉ်မှာပင်…။ ပွဲခင်းနောက်နားဆီက ရုတ်ရုတ်သဲသဲဖြစ်နေသည့် အသံတွေ စီခနဲထွက်လာသည်။



"ဓားနဲ့ထိုးသွားသာ…ဓားနဲ့ထိုးသွားသာ…"

"မဟုတ်ဘူး…ဂျပန်တွေ ဝင်လာကြသာသဲ့…"

"မဟုတ်ဘူး…မဟုတ်ဘူး…အနောက်တန်းသားတွေနဲ့ ဖောင်ချမ်းကုန်းသားတွေ ရိုက်ကြသာ…"

"မိန်းမချင်း သတ်ကြသာ…မိန်းမချင်း သတ်ကြသာ…သွေးချင်းချင်းရဲလို့…"

တစ်ယောက်တစ်ပေါက် အော်ကြဟစ်ကြရင်း လူတွေပြေးလွှားနေကြသည်။ ပွဲခင်းကြီးတစ်ခွင်လုံးက ပဲခင်းကြီးတမျှ ကျယ်လှပေရာ ရုတ်ရုတ်သဲသဲဖြစ်ရာဘက်သို့ မိုးတိုးမတ်တပ် ကြည့်သူကကြည့်၊ အခြေအနေကို အကဲခတ်သူကခတ်၊ အထုပ်အပိုးဆွဲသူကဆွဲ၊ ဖျာလိပ်သူလိပ် ဖြစ်ကုန်ကြပြီ။ ပွဲခင်းတော့ မပြိုသေး။ ပွဲခင်းအနားစွန် တစ်ပတ်လည်လုံးမှာတော့ လူတွေ ပြေးလွှားကြသံ၊ အော်သံဟစ်သံ၊ တိုးမိတိုက်မိသံများနှင့် ငယ်သံပါအောင်အော်သံတွေ ထိန်းမနိုင် သိမ်းမရဖြစ်နေသည်။ မအိမ်ကံသည်ပင် တအောင့်တော့ လန့်ဖျပ်သွားခဲ့သည်။ လှည်းတွေက ပတ်လည်ပိတ်ဆီးနေသည့် ပွဲခင်းကြီး။ ပွဲပြိုလျှင် လှည်းတွေရော နွားတွေရော ပြိုကြတော့မည်။ အကြောင်းရင်းကို မသိရသော်လည်း တစ်စုံတစ်ရာဖြစ်ခဲ့တာတော့ သေချာနေပြီ။ တစ်ခဏ အတွင်းမှာပဲ ပွဲခင်းကြီးပါ လှုပ်လာခဲ့ပြီ။ လူခေါ်သံတွေက ကြောက်မက်ဖွယ်ရာ ပြုတွက်လာကြ လေ၏။ ကလေးငိုသံတွေက ကမ္ဘာပျက်နေသည့်အတိုင်း။ မကြာလိုက်ပါ။ ပွဲခင်းကြီးတစ်ခုလုံး လှိုင်းကြီး ပြင်းပြင်းလှုပ်လာသလို တဝေါဝေါမြည်ရင်း ခါထွက်သွားလေပြီ။ ဓားနဲ့ထိုးသွားတာ သေကုန်ပြီဆိုသည့် အသံများ၊ ရိုက်ကြလို့တဲ့ ပြေးကြ ပြေးကြ ဆိုသည့်အသံများကလည်း တော်လဲသံကြီးတွေလို လှိုင်းထနေပါ၏။

ကိုပြေသိမ်းက နောက်ကိုဆုတ်ရင်း ဘာလုပ်ရမလဲ စဉ်းစားနေခဲ့သည်။ သည်လောက် တောင် ကမ္ဘာပျက်နေသည့် အခြေအနေကြီးကိုလည်း ထိန်းချုပ်ဖို့ဆိုတာ မဖြစ်နိုင်တော့လို့ တွေးနေခဲ့သည်။ မအိမ်ကံကို ကြည့်လိုက်တော့ အနားမှာမရှိ။ ဘယ်ရောက်သွားတာပါလိမ့်။ လူတွေက သူတို့ရပ်နေသည့်နေရာကိုပါ ဖိလာကြပြီဖြစ်ရာ လူအုပ်ကြီးထဲမှာ ညပ်နေလေသလား စဉ်းစားရင်း တိုးဝင်လာခဲ့သည်။ အခြေအနေက အဆိုးဆုံးအခြေအနေကို ကျရောက်ခဲ့ပြီ။ ပွဲခင်းထဲမှာ ထိုင်နေသူရယ်လို့မရှိတော့။ မအော်သည့်လူရယ်လို့ မရှိတော့။ နွားများပင် ကြောက်လန့်တကြား ဘူးဘူးဘဲဘဲ အော်နေကြပြီ။

"ဟိတ်…အားလုံး ငြိမ်လိုက်ကြစမ်း…"

ပွဲခင်းကြီးတစ်ခုလုံး ထွင်းဖောက်သွားလောက်သည့်အသံတစ်သံက ဓာတ်စင်ပေါ်မှ ထွက်ပေါ်လာခဲ့သည်။ ဓာတ်ခုံပေါ်မှာ စောင်ကြားကြီးခြုံထားသည့် လူတစ်ယောက်။ ဓာတ်ခွက် ရှေ့မှာ ရပ်လျက်။ မီးလုံးအရောင်တွေက လင်းလျက်ရှိရာ ခြုံထားသည့်စောင်ကျားက ထင်းထင်း ကြီး ရှိနေသည်။ ထိုလူက ခြုံထားသည့်စောင်ကြီးကို ခွာချလိုက်သည်။ မအိမ်ကံ…။

"မအိမ်ကံ ပြောနေသယ်…ရောက်သဲ့နေရာမှာ ထိုင်လိုက်ကြစမ်း…ထိုင်ဆိုထိုင်ကြ နော်…လှည်းတွေက ကိုယ့်လှည်းကို ထိန်းပါ…နွားမလန့်စေနဲ့ ပွဲကြည့်သူတွေ အားလုံး ပွဲခင်းထဲ ပြန်ဝင်ကြပါ…သူ့နေရာ ကိုယ့်နေရာ မရွေးကြနဲ့တော့…ထိုင်ပါ… ထိုင်ပါ…ဘာမှမဖြစ်ဘူး…မအိမ်ကံတာဝန်ယူသယ်…မအိမ်ကံ ရှင်းသွားမယ်…"

www.burmeseclassic.com

www.burmeseclassic.com

ပွဲခင်းတစ်ခင်းလုံး ဇာတ်စင်ကို လှမ်းကြည့်လိုက်ကြသည်။ အာဏာစက်ပြင်းလှသော တန်ခိုးရှင်တစ်ယောက်၏ အမိန့်ပေးသံကဲ့သို့ ပွဲခင်းတစ်ခင်းလုံး တဒင်္ဂတုန့်သွားခဲ့သည်။ မအိမ်ကံ၏ အသံနှင့်ရုပ်ကို မြင်လိုက်ရသည့်အတွက် ယုံကြည်စိတ်ချသွားကြသလို ထိုင်ချလိုက်ကြသည်။ ထိုစဉ်မှာပင် ဇာတ်ခုံပေါ်ကို ဦးပဥ္စင်းတစ်ပါးပါ ကြွလာခဲ့သည်။ ဆရာတော်ဘုရားကြီးကျောင်းမှ ခန်းနေဦးပဥ္စင်း ဦးဝိသုဒ္ဓဖြစ်၏။ ဦးပဥ္စင်းကြွလာတော့ မအိမ်ကံ ဘေးကို ယို့ပေးလိုက်သည်။

"အားလုံးရွာပေါင်းစုံမှ ဒကာ ဒကာမများ...ကျုပ်မေတ္တာရပ်ခံပါသယ်...ဘာမှ မဟုတ်ပါဘူး...ဘာမှမဖြစ်ပါဘူး...ဖြစ်ရင်လည်း တာဝန်ရှိသူများက တာဝန်ယူထိန်းသိမ်းသွားကြပါလိမ့်မယ်...ငြိမ်ကြပါ...ပွဲကို အေးအေးဆေးဆေး ကျောလုံလုံကြည့်ကြဖို့ ကျုပ် မေတ္တာရပ်ခံပါသယ်..."

လူသံတွေ တဝေါဝေါမြည်ကာ ရောက်ရာနေရာမှာ ထိုင်လိုက်ကြသည်။ မကြာခင် အချိန်အတွင်း လှည်းတွေရော လူတွေပါ ပုံမှန်ပြန်ဖြစ်သွားခဲ့သည်။ ပွဲဆီက ဆိုင်းသံပြန်ထွက်လာခဲ့သည့်အခါမှာတော့ မအိမ်ကံ စိတ်ချလက်ချရှိသွားဟန်ဖြင့် ဇာတ်စင်ထောင့်ကပဲ ခုန်ချလိုက်သည်။ မအိမ်ကံ၏ 'ဟိတ်...' ဆိုသောအသံက ပွဲခင်းတစ်ခင်းလုံး ငြိမ်ကျသွားစေခဲ့တာကို ပြောမဆုံးကြ။ အသံတွေကတော့ ဖျောက်သောက်။ ကိုပြေသိမ်းက အငြိမ့်စင်ထောင့်က ခုန်ချလိုက်သော မအိမ်ကံအနားကို ရောက်သွားခဲ့သည်။

"အိမ်ကလေး..."

မအိမ်ကံက တစ်ချက်ပြုံးပြလိုက်ပြီး ပွဲခင်းကို အကဲခတ်သည်။ ပွဲခင်း ငြိမ်သွားပြီ။ မအိမ်ကံ ချက်ချင်းမပြန်ချင်သေး။ ပွဲထွက်ပြီးသည်အထိ စောင့်ကြည့်ချင်သေးသည်။ စောင်ကျားကြီးကို ခေါင်းကနေ သိုင်းခြုံလိုက်သည်။ ပွဲခင်းအစပ်က ပွဲကြည့်သူတွေက မအိမ်ကံကို လှမ်းကြည့်နေကြသည်။ မအိမ်ကံက တစ်စုံတစ်ရာ စဉ်းစားမိလိုက်သလို မျက်နှာကလေး တင်းမာနေခဲ့သည်။

"ဒါ သွေးရိုးသားရိုး မဟုတ်ဘူးအစ်ကို...တစ်ယောက်ယောက်က လှန့်လိုက်သာပါ...မအိမ်ကံမင်္ဂလာပွဲကို အကျည်းတန်အောင်ဖျက်လိုက်သာ...ကနေ့ည မအိမ်ကံ မအိပ်တော့ဘူး...မအိမ်ကံ ဇာတ်စင်ပေါ်က ပွဲကြည့်မယ်...အစ်ကို ပြန်ချင်ပြန်တော့..."

လှပနူးညံ့လွန်းလှသော ချစ်ဇနီးမအိမ်ကံ ဘာကြောင့် သည်လောက်စိတ်ကြီးနေရတာလဲ။ ကိုပြေသိမ်းက မအိမ်ကံကို မျက်လုံးအပြူးသားဖြင့် တအံ့တဩကြည့်နေလေသည်။

■

မင်္ဂလာဆောင်ပြီးရက်တွေမှာလည်း မအိမ်ကံ မအားရပါ။ မအိမ်ကံတို့ရွာတွေဘက်မှာ အယူမလေ့ရှိကြသည့်အတိုင်း တစ်နှစ်တည်း နှစ်မင်္ဂလာမပြုကောင်း၊ ပြုလျှင်လည်း သုံးမင်္ဂလာပြည့်အောင် ပြုလုပ်ကြရသည်။ သည်တော့ ကိုပြေသိမ်းမိဘများမပြန်ခင် ရပ်ထဲရွာထဲက ဆင်းရဲသူဆင်းရဲသားမိသားစုများ ကိုယ်တိုင်လာရောက်အပ်နှံကြသော ရှင်မဖြစ်သေးသည့် ကလေးတွေကို ရှင်ပြုဖို့ စီစဉ်ကြသည်။ ပွဲကြီးလမ်းကြီး အလှူကြီးမဟုတ်ဘဲ ကျောင်းတွင်းသားကြီးရှင်ဖြစ်သာမဏေပြုပေးခြင်းဖြစ်ပါ၏။ သည်အလှူကိုတော့ ဖခင် ဦးသာထန်နှင့် မိခင် ဒေါ်ပန်းရုံတို့က မရေစက်ချအမှုအတန်းဝေ အလှူပေးခဲ့ကြပါသည်။ ကိုပြေသိမ်းနှင့် မအိမ်ကံတို့ ဇနီးမောင်နှံက




ရွာဦးဆရာတော်ကျောင်းမှာ ဆွမ်းစားကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းရန်အတွက် မြေနေရာရွေး၊ အုတ်မြစ်ချမင်္ဂလာပွဲကိုပါ တစ်ရက်တည်း ဆောင်ရွက်ခဲ့ကြပါ၏။

မအိမ်ကံ၏ ကျော်စောသတင်းက ပျံ့ချင်တိုင်း ပျံ့နေတော့သည်။ အာစက် လျှာစက်ကောင်းလှပုံ၊ ရုတ်ရုတ်သဲသဲဖြစ်ခဲ့သော ပွဲခင်းကို မီး ရေနှင့်သတ်သလို ရှဲခနဲငြိမ်အောင် ထိန်းနိုင်ခဲ့ပုံ၊ ဆင်းရဲသည့် ရှင်အပါးသုံးဆယ်ကို ရှင်ပြုပေးပုံ၊ ကိုးပင်ရှစ်ခန်း ဆွမ်းစားသစ်သားကျောင်းတစ်ဆောင် ဇနီးမောင်နှံ လှူဒါန်းခဲ့ကြပုံတွေကအစ ပြောလို့ပဲမပြီးနိုင်ကြ။ ရွာကကောင်းသတင်းပြောကြသော်လည်း မအိမ်ကံကတော့ အခဲမကျေနိုင်ဘဲရှိခဲ့သည်။ မအိမ်ကံ မင်္ဂလာပွဲကို ဘယ်သူက ဘာကိစ္စဖျက်ရတာလဲဆိုတာကို တွေးမရလေ၊ တနုံ့နုံ့ခံစားရလေရှိခဲ့သည်။ ကိုပြေသိမ်းကတော့ ပြီးပြီးပျောက်ပျောက်ရှိရှာပါ၏။ မအိမ်ကံ အစိုးရိမ်လွန်သည်လို့လည်း တွက်ပုံရသည်။ နောက်ထပ် ဘာမျှမပြောတော့ဘဲရှိခဲ့ပါ၏။ တစ်မြို့တစ်ရွာသားဆိုတော့ ဘယ်သူ့ကိုမှလည်း အပြစ်မမြင်တာ ပါသလို၊ ပွဲဖျက်ရလောက်အောင် မုန်းသူမရှိလို့သာ တွက်ထားခဲ့သည်။

မအိမ်ကံကတော့ ခံစားမှုနှစ်မျိုးနှင့်ဖြစ်၏။ ကြီးကျယ်ခမ်းနားလှသော ပွဲကြီးကို ဖျက်ချင်သူမှာ ရွှေမှုံတို့သမီးယောက္ခမကလွဲလို့ အခြားမဖြစ်နိုင်။ ကြွက်မနိုင်လို့ ကျီမီးနှင့်ရှို့ကြတာပဲ ဖြစ်ရမည်။ ကြီးတော်စံရွှေနှင့် အမှုပွဲစား ဂျပန်အလိုတော်ရိ ကျော်ဒင်တို့ ပေါင်းမိနေကြတာ မဟုတ်လား။ ပွဲလန့်တုန်း ဂျပန်တွေဝင်လာတာဆိုသည့် အသံတစ်သံထွက်လာခဲ့တာကိုလည်း မအိမ်ကံ သတိထားမိလိုက်ပါ၏။ စောင်ကျားကြီးခြုံကာ ပွဲခင်းကို အငြိမ့်စင်ထောင့်ကနေ တစ်ညလုံး ငုတ်တုတ်ထိုင်စောင့်ခဲ့သည့်နောက်ပိုင်း ဘာသံမှ မကြားရတော့။ တချို့ကိစ္စတွေကိုတော့ ဖိုးကူးနှင့် ကျေးဥကို စုံစမ်းခိုင်းထားခဲ့သည်။ ဘာမှတော့ ထူးထူးခြားခြားမရှိ။ ထိုညက သာအောင် ရွာမှာမရှိဆိုတာတော့ ကြားသည်ဆို၏။

"သာအောင်က နွားအလဲအထပ်လုပ်သွားသဲ့ရွာတွေမှာပဲ ရှိသယ်ပြောသယ်...ကျန်သာ မကြားဘူး...ရွာကတော့ ရွာပွဲတွေမှာ ဖြစ်နေကျဖြစ်သာမျိုးလို့ပဲ ပြောကြသယ်...ဒါပေသိ ဘယ်ကဘယ်လို စဖြစ်သယ် ဘယ်သူနဲ့ဘယ်သူ သတ်ကြပုတ်ကြသယ်လို့တော့ အစမထွက်ပေါင်တော်..."

ကျေးဥစကားက သည်လောက်ပင်။ တစ်ပတ်လောက်နေတော့ ကျော်ဒင်နှင့်ပေါင်းဖက်နေကြသော မြင်းခြံကလူတချို့ ထိုညက ရွာမှာရှိနေကြသည်ဆိုသည့်သတင်း ဖိုးကူးက ယူလာခဲ့၏။ ကြီးတော်စံရွှေအိမ်မှာ ထမင်းစားကြ၊ ရေချိုးကြ၊ ညနေဘက် အရက်ဝိုင်းဖွဲ့ကြတာကိုလည်း မြင်သူက မြင်ခဲ့ကြသည်။ အပ်ကျမတ်ကျ စွပ်စွဲဖို့ခက်သော်လည်း သတင်းအရတော့ ဖြစ်ဖို့များပါ၏။

သည့်နောက်ပိုင်းရက်တွေမှာတော့ မအိမ်ကံတို့အိမ်ကြီးမှာ အပြောင်းအလဲတွေရှိခဲ့သည်။ မအိမ်ကံနှင့်အတူအိပ်နေကျ ကျေးဥ သူ့အိမ်ပြန်ရပြီ။ မနက်မိုးလင်းမှ ထလာရုံသာ။ အပေါ်ထပ်တစ်ထပ်လုံး ကိုပြေသိမ်းနှင့်မအိမ်ကံတို့အတွက် မင်္ဂလာခန်းအဖြစ် နေရာပေးခဲ့ကြ၏။ ဖိုးကူးလည်း မအိမ်ကံကို စောင့်အိပ်စရာမလိုတော့ မအိမ်ကံတို့ဝိုင်းထောင့်က သူတို့အိမ်ကလေးပဲ ဖိုးဘုတ်နှင့်ညီအစ်ကိုနှစ်ယောက် အတူအိပ်ကြ၏။ ကိုဖိုးငွေနှင့်မလှအုံတို့ကို အိမ်ကြီးပေါ်မှာပဲ နေစေသည်။

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံက တစ်လျှောက်လုံး ကျေးဥနှင့်အိပ်ခဲ့ရသူဆိုတော့ ညတိုင်လျှင် ကျေးဥကို သတိရနေမိသည်။ ရွယ်တူသူငယ်ချင်းနှစ်ယောက် ဆိုးတိုင်ပင် ကောင်းတိုင်ပင် ရှိခဲ့ကြသည်။ မအိမ်ကံ ရင်ထဲကစကားတွေ ဖွင့်ဟနိုင်ခဲ့သည်။ ရွာ သတင်းကောင်း၊ သတင်းဆိုး ကျေးဥကပင် သယ်ဆောင်လာနေကျမဟုတ်လား။ အခုတော့ မအိမ်ကံဘေးမှာ ကျေးဥမဟုတ်တော့ဘဲ ကိုပြေသိမ်း ရှိနေခဲ့ပြီ။ ချစ်သူမဟုတ်တော့သော လင်သားကို အဖော်အဖက်ပြုရပြီ။ ညစဉ်ညတိုင်း မအိမ်ကံကြားနေရသည့်စကားတွေက ခါတိုင်းလို ရွာအကြောင်းတွေ မဟုတ်တော့။ တိုင်းရေးပြည်တာတွေဖြစ်ခဲ့ရပြီ။ ခင်ပွန်းသည်၏အရေးတွေ ဖြစ်ခဲ့ရပြီ။

"အိမ်ကလေး...သန်ဘက်ခါ အဖေတို့ပြန်ကြတော့မယ် ပြောနေပြီ...အစ်ကိုနဲ့ အိမ်ကလေးတို့ ထနောင်းတိုင်ကို လိုက်ခဲ့ကြဖို့ ခေါ်နေတယ်...အိမ်ကလေးလည်း အစ်ကို့ရွာရောက်ဖူးအောင်ရယ်...ဆွေတွေမျိုးတွေကိုလည်း အစ်ကို ကြွားချင်သေးတာရယ်..."

"မအိမ်ကံကလည်း စဉ်းစားထားပါသယ်အစ်ကို...လိုက်ပို့ရမှာပေါ့...တစ်ပတ်တန်သည် နှစ်ပတ်တန်သည် နေကြရအောင်..."

"အဲသလောက်အထိ အစ်ကိုနေလို့မရဘူး အိမ်ကလေးရယ်...ကျောင်းက ရှိသေးတာလေ...အေးလေ ကြည့်သေးတာပေါ့..."

ကိုပြေသိမ်းမိဘများ ထနောင်းတိုင်ပြန်မည့်နေ့က လှည်းသုံးစီးက,ရသည်။ ကိုပြေသိမ်းမိဘများကတစ်စီး၊ မအိမ်ကံတို့ကတစ်စီးနှင့် ဝန်စည်စလယ်တွေ လက်ဆောင်တွေကတစ်စီး ဖြစ်သည်။ ယောက္ခမရွာကို လိုက်ရမှာဆိုတော့ မအိမ်ကံမှာ အဝတ်အထည်ကအစ ရွေးရသည်။ လက်တိုလက်တောင်း အနားမှာရှိဖို့ ကျေးဥကိုပါ ခေါ်ခဲ့ရပါ၏။ သည်လိုနှင့် မအိမ်ကံ တစ်ယောက် ထနောင်းတိုင်ကို ရောက်ခဲ့ရသည်။

■

ထနောင်းတိုင်ရွာကြီးမှာ ဇောင်ချမ်းကုန်းထက် စည်ပင်သည်။ မြို့နှင့်နီးတာလည်း ပါပါလိမ့်မည်။ မအိမ်ကံက ယောက္ခမရွာကြီးမှာ မျက်နှာပန်းပွင့်လှပါ၏။ တောသူဆိုပေသိ မအိမ်ကံ၏အလှက ထင်ပေါ်လှသဖြင့်လည်းကောင်း၊ ရွှေတွဲလွဲ ငွေတွဲလွဲနှင့် ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ ဝတ်စားဆင်ယင်မှုတွင်လည်း ခေတ်ဆန်ခြင်းမျိုးလည်းမဟုတ်၊ ခေတ်နောက်ကျတာမျိုးလည်းမဟုတ်ဘဲ တစ်ဘာသာ ဆင်ယင်ဝတ်စားတတ်ခြင်းကြောင့်လည်းကောင်း ထနောင်းတိုင်ကို ရောက်သည်နှင့် အများစိတ်ဝင်စားစရာ ဖြစ်ရတော့သည်။ ကိုပြေသိမ်း ဆွေများမျိုးများကလည်း ချစ်ခင်ကြပါ၏။ ကိုပြေသိမ်းဘက်က ဆွေမျိုးတွေထဲမှာ တင့်တောင့်တင့်တယ် ရှိကြသူတွေ ပါကြသကဲ့သို့ နွမ်းပါးသူတွေလည်း ရှိကြပေရာ မအိမ်ကံက နှုတ်မကြီးလက်မကြီး မျှတစွာဆက်ဆံခြင်းအားဖြင့် အများ၏ချစ်ခင်မှုကို ရနိုင်ခဲ့သည်။ ကိုပြေသိမ်းမိဘနှစ်ပါးကဆိုလျှင် 'သမီး, သမီး' ဆိုသည့် အခေါ်ကို နှုတ်ကမချကြဘဲ အရိပ်တကြည့်ကြည့် ရှိကြရှာပါ၏။ မအိမ်ကံကလည်း ယောက္ခမများကို ရိုသေသမှုရှိသည်။

"အမေ...ထမင်းစားတော့မလား...မအိမ်ကံ ခူးလိုက်တော့မယ်နော်...အစ်ကိုပါ ဝင်စားလိုက်တော့..."



မအိမ်ကံက ဖိုးဖိုးဖပ်ဖပ်ရှိလှသည်။ ယောက္ခမများကို စကားပြောတော့လည်း သူ့ကိုယ်သူ မအိမ်ကံလို့သာ သုံးနှုန်းသည်။ နှုတ်ကျိုးနေတော့လည်း သမီးလို့ နာမ်စားသုံးရမှာ ထွက်ရဖို့ ခက်နေပုံရပါ၏။ ယောက္ခမတွေကလည်း မအိမ်ကံ၏နှုတ်ဝသီကို သိနေကြတော့ မအိမ်ကံလို့ သုံးတာကပင် ချစ်စရာတစ်မျိုး ဖြစ်ကြရသည်။ ဇနီးမောင်နှံတို့ ထနောင်းတိုင်နှင့် မဝေးလှသော အနီးအနားရွာတွေကို ဆွေပြမျိုးပြရောက်ကြသည်။ မဝေးလှသော တစ်ရပ်တစ်ရွာ က ဆွေမျိုးတွေဆီကိုပါ ရောက်အောင်သွားကြသည်။ လင့်ဆွေလင့်မျိုးတွေဆိုပေသိ ဆင်းရဲတာတွေ့လျှင် ပေးတန်သလောက် လက်ရောက်ရပါ၏။ သည်လိုနှင့် ထနောင်းတိုင်ကို ရောက်သည်ပင် ငါးညတိုင်ခဲ့ပြီ။ ကိုပြေသိမ်းက ရက်တစ်ပတ်လောက်သာနေရန် ဖျောင်းဖျထား၍သာ လက်ခံလိုက်ရသော်လည်း မအိမ်ကံ ထနောင်းတိုင်မှာ ပျော်ပါ၏။

"မအိမ်ကံ အမေတို့နဲ့နေခဲ့မယ်လေ...အစ်ကိုပြန်နှင့်ပေါ့...ထနောင်းတိုင်မှာနေရသာ မဝသေးဘူး အစ်ကိုရဲ့...အမေတို့ အဖေတို့ကို ရောက်တုန်းရောက်သခိုက် ပြုစုချင်သေးသယ်..."

"မထားခဲ့နိုင်ပေါင်ဗျာ...ညားကာစမယား ထားခဲ့ရမယ်လို့...မဟုတ်တာ..."

မအိမ်ကံက နေရသည့်ရက်တွေအတွင်း ယောက္ခမမိဘနှစ်ပါးကို ခြေဆုတ်လက်နယ်ပြုသည်။ မီးဖိုချောင် ကိုယ်တိုင်ဝင်သည်။ ကိုပြေသိမ်းတို့မှာ ညီအစ်ကိုသုံးယောက်ပဲရှိတာမို့ သမီးမိန်းကလေးမပါသော ယောက္ခမမိဘများကို မအိမ်ကံ ဇောင်ချမ်းကုန်းကို ခေါ်ထားလိုက်ချင်ပါ၏။ ကိုပြေသိမ်း၏ အစ်ကိုကြီးက ကျောဇီရွာသူနှင့် အိမ်ထောင်ကျကာ ဆံထုံးနောက်သျှောင်ပါသွားသဖြင့် မိဘများနှင့်အတူမနေ။ ညီငယ်ကလည်း မြင်းခြံကျောင်းမှာ ကျောင်းတက်နေတုန်းဆိုတော့ တူမကလေး ခင်သီကို အိမ်ခေါ်ထားရရှာသည်။ မအိမ်ကံမှာ ရောက်ကတည်းက တစ်ဝိုင်းလုံးက အမြင်မတော်တာမှန်သမျှ ကျေးဥ၊ ခင်သီတို့နှင့်အတူ ရှင်းလင်းလှဲကျင်းသည်။ ကိုပြေသိမ်းက ဘာမှမပြောသော်လည်း ယောက္ခမတွေက အလုပ်မခံ။ မအိမ်ကံ ပင်ပန်းမှာ စိုးရှာကြသည်။ မအိမ်ကံကို လူပြလှရုံ ရွှရွှကလေး နေစေချင်ကြသည်။ မအိမ်ကံက မနေတော့လည်း ခက်သား။ ကိုပြေသိမ်းခမျာလည်း မယားတောသူအတွက် မျက်နှာလှရပါ၏။

ထနောင်းတိုင်ရွာကြီး၏ ညတစ်ည...။

ထိုညက လသာလျက်ရှိ၏။ လရောင်က တစ်ရွာလုံးမှာ ကြိုင်ကြိုင်ကြီး ဝင်းပနေလေသည်။ ကိုပြေသိမ်းတို့အိမ်ကြီးမှာ ရှေးအိမ်ကြီးဖြစ်၍ အပေါ်ထပ်မှာ အခန်းတွေ များလှပါ၏။ မအိမ်ကံတို့အတွက် အခန်းကျယ်တစ်ခန်း နေရာချထားသည်ဖြစ်ရာ ရွာကို အပေါ်စီးက မြင်ရသလိုဖြစ်နေသည်။ ထိုညက ကိုပြေသိမ်းမရှိ။ ရွာရောက်ခိုက် ကျောင်းကိစ္စဖြင့် မြင်းခြံကို တစ်ညအိပ် သွားနေခိုက်ဖြစ်သည်။ အိမ်ကြီးပေါ်မှာ မအိမ်ကံနှင့် ခြေရင်းခန်းမှာ ကျေးဥနှင့် ခင်သီတို့သာရှိသည်။ ညဦးပိုင်းတုန်းကတော့ သုံးယောက်သား အလယ်ခန်းက သင်ဖြူးဖျာပေါ်မှာထိုင်ရင်း စကားတွေပြောနေခဲ့ကြသေးသည်။ အခုတော့ ကျေးဥတို့နှစ်ယောက် အိပ်ပျော်သွားကြပြီထင်၏။ ခပ်စောစောက ချိုးချိုးချောက်ချောက် ကြားရသော်လည်း နောက်တော့ အသံမကြားရတော့။

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံက ပြတင်းပေါက်မှာရပ်ရင်း လရောင်နှင့် သစ်ပင်တွေကို ငေးနေခဲ့သည်။ လရောင်ထဲမှာ ချစ်သူဘဝက ချစ်သူ ကိုပြေသိမ်းနှင့် တိတ်တခိုးတွေ့ခဲ့ရတာကိုလည်း သတိရနေခဲ့သည်။ အခုတော့လည်း ထိုချစ်သူနှင့်ပင် အကြင်လင်မယားဘဝ ရောက်ကြရပြီ။ ချစ်သူဘဝက ခံစားမှုကတစ်မျိုး၊ အကြင်လင်မယားဘဝမှာ ခံစားမှုကတစ်မျိုး။ သည်အချိန်မှာတော့ မအိမ်ကံ၏အချစ်က 'ဝါချည်ဖြူတစ်ပင်ရစ်ကယ်နှင့်' ဖြစ်ရလေပြီ။ တစ်ဘဝတွင်တစ်သက်၊ တစ်သက်တွင်တစ်ချစ် ရှိခဲ့ရသူဆိုတော့လည်း ချစ်ခြင်းနှင့်အတူ မြတ်နိုးခြင်း၊ ကိုးစားခြင်း၊ ယုံကြည်ခြင်းတွေပါ ပါလာခဲ့ပြီ။ ဘဝအသစ်၌ ပေါင်းစည်းခြင်းအားဖြင့် ပိုမိုပြည့်ဝသောအဓိပ္ပာယ်တစ်မျိုး ရှိလာခဲ့ရပြီလို့လည်း ခံစားမိခဲ့ရသည်။ ကိုယ့်ကိုယ်ကိုယ် လုံခြုံရလေခြင်းလို့လည်း အောက်မေ့မိရပါ၏။

လရောင်က ပို၍ပင်မှည့်လာခဲ့သည်။

ထိုခဏ ထိုတဒင်္ဂ၌ပင် အဝေးဆီကပျံသန်းလာသော ငှက်တစ်ကောင်ကို လရောင်ထဲမှာပင် ကောင်းကင်နောက်ခံဖြင့် မအိမ်ကံ မြင်လိုက်ရသည်။ ငှက်က လရောင်ထဲမှာ အတောင်ဖြန့်ဝဲရင်း ထိုးဆင်းလာခြင်းဖြစ်၏။ ထူးထူးဆန်းဆန်း မြင်ကွင်းကို မြင်လိုက်ရသလို မအိမ်ကံပင် အတွေးတွေ လွင့်စင်သွားခဲ့ရသည်။ သူမဘဝတွင် ငှက်တစ်ကောင်အမှတ်ထင်ထင် ရှိခဲ့တာကိုလည်း ဖျတ်ခနဲ သတိရလိုက်မိပါ၏။ သူမဘဝမှာ တစ်ခုခုထူးခြားရန် အကြောင်းဆိုက်လေတိုင်း ငှက်တစ်ကောင်ကို မအိမ်ကံ မြင်ရလေ့ရှိသည်။ ဘာငှက်မှန်းလည်းမသိ။ မအိမ်ကံကိုယ်တိုင်က ငှက်တစ်ကောင်နှင့် ဘယ်လိုအကြောင်းဆက်နေမှန်းလည်း မသိခဲ့။ တစ်ခါတစ်ရံ 'ဂီး' ခနဲ နက်ပြာပြာ စူးသြသြကြီး အော်လိုက်သည့်အခါ မအိမ်ကံ ရင်တွေပန်းတွေ တုန်ခဲ့ရတာတွေများခဲ့လှပြီ။ ငှက်တစ်ကောင်ဟာ ဘယ်လောက်တောင် အသက်ရှည်ပါလိမ့်။ မအိမ်ကံငယ်ငယ်ကတည်းကဆိုလျှင် နှစ်ပေါင်းနှစ်ဆယ်ရှိပြီ။ မေ့မေ့ပျောက်ပျောက်ရှိပြန်တော့လည်း တိုက်ဆိုင်တာပါလေလို့ တွေးမိရပါ၏။ သို့သော် ငှက်က စုံးစုံးမြုပ်ပျောက်သွားခဲ့တာမျိုးတော့ မဟုတ်။ ပေါ်ချင်သည့်အခါ မအိမ်ကံမျက်မှောက် ရောက်လာတတ်သည်။ အခုလည်း ငှက်တစ်ကောင် လရောင်ထဲမှာ ဝဲနေပြန်ပါပကော။ ဓောင်ချမ်းကုန်းက ငှက်ပဲလား၊ တခြားငှက်တစ်ကောင်လား...။

မအိမ်ကံက ငှက်ကိုပဲ လိုက်ကြည့်နေမိသည်။ ငှက်က မအိမ်ကံရှိရာ ပြတင်းပေါက်နှင့် တည့်တည့်က ဒန့်သလွန်ပင်ကိုင်းတစ်ကိုင်းမှာ နားလိုက်သည်။ ဒန့်သလွန်ပင်က အရွက်ကျဲကျဲဆိုတော့ လရောင်ထဲမှာ ငှက်မည်းမည်းကြီးကို ထင်းထင်းကြီးမြင်နေရသည်။ မအိမ်ကံတစ်ကိုယ်လုံး မွေးညင်းကလေးတွေ ထောင်သွားအောင် ကြက်သီးကလေး သီးထလာခဲ့သည်။ မအိမ်ကံက ငှက်ကို စိုက်ကြည့်နေသကဲ့သို့ ငှက်ကလည်း မအိမ်ကံကို စိုက်ကြည့်နေသည်။ မအိမ်ကံလက်တွေက ပြတင်းတံခါးချပ်တွေကို ဆွဲပိတ်လိုက်ရန် အားယူလိုက်သည်။ ငှက်ကလည်း သိပုံရပါ၏။

"ဂီး..."

ငှက်အော်သံကြီးက အိမ်ကြီးပင် တုန်သွားလောက်ပါ၏။ ပြတင်းတံခါးနှစ်ဖက်ကို ပိတ်လိုက်မိသော်လည်း တစ်ချပ်က ချက်ချင်းပြန်ပွင့်သွားလေသည်။ မအိမ်ကံက နောက်ကို ဆုတ်လိုက်ရင်း ခုတင်ပေါ်လှဲချလိုက်ပါ၏။ မျက်လုံးတွေက ပြတင်းပေါက်ဆီမှာ။ ဘုရား...ငှက်ကြီးဝင်လာမှဖြင့်...။ မအိမ်ကံတစ်ကိုယ်လုံး တုန်ခိုက်လာခဲ့ပါ၏။ ပွင့်နေသော ပြတင်းချပ်ကို ပိတ်ရန်ပင် အားမရှိသလို တုန်လှုပ်နေခဲ့ပါ၏။ မမြင်ရသော်လည်း ငှက်တစ်ကောင်၏ တဖျန်းဖျန်း အတောင်ရိုက်သံကြားနေရသည်။ သည်ငှက်ကြီး အခန်းထဲဝင်လာလျှင် ဘယ်လိုလုပ်မလဲ။ မအိမ်ကံခမျာ ချွေးစေးများပင် ပြန်လာခဲ့လေသည်။

"ကျေးဥ...ကျေးဥ...ခင်သီ...ခင်သီ"

ခြေရင်းခန်းမှာရှိနေကြသည့် ကျေးဥနှင့်ခင်သီကို နှိုးသော်လည်း ထူးသံမကြားရ။ အောက်ထပ်တစ်ထပ်လုံးကလည်း တိတ်ဆိတ်နေ၏။ မအိမ်ကံ အာများပင် ခြောက်လာခဲ့သည်။ နောက်ထပ်တော့ ဘာသံမှမကြားရပြန်တော့။ လှဲနေရာမှ အသာထကာ ဒန့်သလွန်ထိပ်များကို လှမ်းကြည့်သည်။ တဖြည်းဖြည်း ရှေ့တိုးလာကာ အရဲကိုးကြည့်သည်။ ဘာမှမရှိတော့။ ပွင့်နေသော ပြတင်းတစ်ချပ်ကို ဆွဲပိတ်လိုက်ပြီး ဂျက်ချလိုက်သည်။ ခုတင်ပေါ်ထိုင်ချလိုက်ပြီး ပြတင်းပေါက်ကို ငေးနေခဲ့သည်ပင် နာရီတစ်မတ်လောက်ကြာလိမ့်မည်ထင်၏။ တိတ်ဆိတ်ငြိမ်သက်ခြင်းသာရှိတော့သည်။

"ဖွ...ဖွ...မကောင်းသူပယ်...ကောင်းသူကယ်..."

ထိုညက မိုးလင်းကာနီးမှာမှ မအိမ်ကံ အိပ်ပျော်သွားခဲ့သည်။ အိပ်မက်များပင် မက်ခဲ့သေးသည်။ အိပ်မက်ထဲမှာ ဆပ်သွားဖူးပင်ကြီးလည်းပါသည်။ လူသူတော်တစ်ယောက်လည်းပါသည်။ နင် သမီးကလေး မွေးလိမ့်မယ်ဆိုတာလည်း ပါသည်။ ထူးဆန်းတာက လူသူတော်၏ပခုံးပေါ်မှာ ငှက်တစ်ကောင်နားနေခြင်းပင်။ ငှက်က ငှက်မည်းကြီးဖြစ်၍ လင်းဝက်ကြီးတစ်ကောင်စာလောက် ကြီးသည်။ မအိမ်ကံလန့်နိုးတော့လည်း အိမ်ကြီးက ငြိမ်သက်ဆဲဖြစ်၏။ ရာသီမသိ ပန်းနှင့်ညှိ၊ အချိန်မသိ ကြယ်နှင့်ညှိရအောင်ကလည်း ပြတင်းတံခါးတွေကို မဖွင့်ချင်။ မကြာခင်မှာတော့ ထနောင်းတိုင်ရွာဘုန်းကြီးကျောင်းဆီက တုံးမောင်းခေါက်သံကို ကြားရသည်။ တုံးမောင်းသံက နေ့ရာက မြန်မြန်လာ၏။ မြန်သည်ထက်မြန်လာ၏။ လင်းကြက်တစ်ကောင်၏ အတောင်ခတ်သံ တဖန်းဖန်းနှင့်အတူ တွန်သံကြီးပေါ်လာခဲ့သည်။ မိုးလင်းကာနီးပြီ။ ဝိုးတဝါး အိပ်မက်ကို မအိမ်ကံ စိတ်ရောက်နေခဲ့သည်။ အမှတ်မိဆုံးကတော့ နင်...သမီးကလေးရလိမ့်မယ် ဆိုသည့်စကားပင်။ ခက်တာက သည်စကားမျိုး အမေပန်းရုံ ပြောခဲ့ဖူးသည်ဆိုတော့ စိတ်များစွဲလမ်းလို့များလား တွေးရပြန်ပါ၏။ ဘာပဲဖြစ်ဖြစ် သမီးကလေးမွေးလိမ့်မယ် ဆိုသည့်စကားကိုတော့ မအိမ်ကံ ကြည်နူးလက်ခံနေမိခဲ့သည်။ သမီးကလေးမွေးရမှာပေါ့...။ သမီးကလေးမွေးမှ ဖြစ်မှာပေါ့...။ သမီးကလေးမွေးရင် နာမည်ဘယ်လိုပေးမလဲဆိုတာကိုပင် မအိမ်ကံ တွေးပြီးသား...။

မအိမ်မြိုင်...။

တစ်အိမ်လုံး မြိုင်စေရမည့်သမီးကလေး ဖြစ်ရမည်။ ကိုပြေသိမ်း၏အချောနှင့် မအိမ်ကံ၏အလှတို့ ယှဉ်ဖက်သော သမီးကလေးဖြစ်ရမည်။ မအိမ်မြိုင်...။ သမီးကလေး မအိမ်မြိုင်...။ မအိမ်ကံ တစ်ဖန်ပြန်အိပ်ပျော်သွားခဲ့ပြန်လေသည်။ မိုးကြီးစင်စင်လင်းမှ အိပ်မက်တွေ ထပ်မက်နေပြန်သည်။ အိပ်မက်ထဲမှာ သမီးမအိမ်မြိုင်က ကြက်တောင်စည်းကလေးနှင့်ဖြစ်၏။ ကြက်တောင်စည်းမှာ ရွှေကတော့ ထောင်ထောင်ကလေးစွပ်ထားတော့ မျက်နှာကလေး ဝင့်လွန်းလှသည်။ အဖြူဖြောက်ဖြောက်၊ ရွှေလက်ကောက်က တစ်ရန် နှစ်ရန်၊ လက်ချိတ်ကယ် လွှန်းပျံ၊ ပန်းတဘက်



www.burmeseclassic.com

www.burmeseclassic.com

က ထောင်နံ၊ ပြန်လှန်ကာသီသီ၊ ရင်ဝတ်ခံ နီနီ၊ ထဘီ ကွက်ပြိုင်၊ သံပြင်က မြိုင်မြိုင်...။ လှလိုက်သည့်သမီးကလေး...။ လက်ချိတ်ကယ် လွန်းပျံ၊ ပန်းကွက်ကယ် ကျူထရံ၊ နှင်းခါ နီတျာ၊ ထဘီညို တဘက်ပြာ၊ စကားဝါ သံပရာ၊ နီလာငွေရောင်၊ ပုရွက်ကြောင်း ပြောင်ပြောင်... တဲ့။ ကြက်မောက်ဆင်၊ ပုရွက်ကြောင်းစင် ထဘီကလေးတွေက အရောင်အမျိုးမျိုး။ စကားဝါ ရောင်၊ သံပရာရောင်။ သမီး မအိမ်မြိုင်က မအေ့ပါးကို နမ်းနေလိုက်ကာ...။ အမေ့ပါးကလေး နွေးပါရဲ့...သမီးရယ်...။

"အိမ်ကလေး...အိမ်ကလေး..."

ပါးပြင်မှာ ပူနွေးနွေးခံစားမှုတစ်မျိုး ရလိုက်သဖြင့် မအိမ်ကံ မျက်လုံးတွေ ပွင့်လာခဲ့ရပါ၏။ မျက်လုံးတွေ စင်းစင်းကလေး ဖွင့်ကြည့်လိုက်တော့ အစ်ကို...။ ကိုပြေသိမ်း...။ မအိမ်ကံ လှုးလဲထလိုက်ပြီး ကိုပြေသိမ်းကို ကျုံးဖက်လိုက်သည်။ ကိုပြေသိမ်းကလည်း အလိုက်သင့် ဖက်ထားရှာပါ၏။ မြင်းခြံက ခုပဲ ပြန်ရောက်လာပုံရပါ၏။

"အိမ်ကလေး နေမကောင်းဘူးလား..."

"ကောင်းပါသယ်အစ်ကို...အိပ်မက်တွေ မက်နေသာအစ်ကိုရဲ့...မအိမ်ကံ သမီးကလေး မွေးလို့သဲ့ ...သမီးကလေးနာမည်ကို မအိမ်မြိုင်လို့ ပေးမှာလေ...အစ်ကို ကြိုက်ကဲ့မှတ်လား...အိပ်မက်ထဲမှာ သမီးက ချောလိုက်သာအစ်ကိုရယ်..."

ကိုပြေသိမ်းက မအိမ်ကံကို ပြုံးကြည့်နေသည်။ မအိမ်ကံ နဖူးက ဆံပင်တွေကို သပ်တင်ပြီး ဖွဖွကလေး နမ်းလိုက်သည်။ မအိမ်ကံ ဖက်ထားသည့်လက်ကလေးတွေ လျှော့ လိုက်တော့မှ ကိုပြေသိမ်းက အိပ်ရာပေါ် အလိုက်သင့်ပြန်လှဲပေးခဲ့ပါ၏။ ပြီးမှ မအိမ်ကံအားမှာ အသာဝင်ထိုင်သည်။ တစ်ခုခုပြောချင်နေပုံဆိုတော့ မအိမ်ကံက လှဲမနေတော့ဘဲ ကိုပြေသိမ်းနှင့် ယှဉ်ထိုင်ရန် ကျုံးထလိုက်ရပြန်သည်။ ကိုပြေသိမ်း မျက်နှာမသာယာပါလား။ မြင်းခြံမှာ ဘာများဖြစ်ခဲ့လို့ပါလိမ့်။ စောစောက အိပ်မက်ထဲမှာ ကြည်နူးခဲ့ရတာများပင် လွင့်စင်သွားခဲ့သည်။ ကိုပြေသိမ်းများ တစ်ခုခုဖြစ်လာခဲ့လေသလား။

"အိမ်ကလေး...ရွာမှာ အခြေအနေတွေ မကောင်းတော့ဘူး...ဂျပန်တွေ တော်တော် သောင်းကျန်းနေတယ်...အစ်ကိုတို့ရွာက ထွက်လိုက်တော့ မြင်းခြံမရောက်ခင် ရာကျော် ဇရပ် ရှိတယ်မှတ်လား..."

"သိသယ်လေ...ဘာဖြစ်လို့လဲအစ်ကို..."

"ဇရပ်ပေါ်မှာ ရက်ရက်စက်စက် ညှဉ်းပန်းပြီး ဖျောက်ဖျက်ထားတဲ့ အလောင်း တစ်လောင်း တွေ့ကြတဲ့အကြောင်း မြင်းခြံကို သတင်းရောက်လာတယ်...စုံစမ်း လိုက်တော့..."

"ဘယ်သူသဲ့လဲအစ်ကို...မကြားကောင်း မကြားသာ..."

ကိုပြေသိမ်းက မအိမ်ကံကို သိုင်းဖက်လိုက်ရင်း တစ်ချက်ငဲ့ကြည့်လိုက်ရှာပါ၏။ ပြီးမှ တစ်လုံးချင်းပြောပြလေသည်။ မအိမ်ကံမှာတော့ အံ့သြခြင်းကြီးစွာဖြင့် ပါးပြင်ပေါ်မှာ မျက်ရည်တွေ တလိမ့်လိမ့် စီးကျလာလေသည်။

(၂၅)

"ဆရာကြည် ရေတိမ်နစ်ရှာပြီပေါ့...ရင်ထဲမကောင်းလိုက်သာ အစ်ကိုရယ်..."

မအိမ်ကံ အသံက တိုးလွန်းလှသော်လည်း မျက်ရည်တွေက ချောင်းကြီးရေကျစီးနေသည်။ ဆရာကြည့် နိုင်ငံရေးစိတ်ဓာတ်က ပြင်းပြလွန်းတာကိုလည်း မအိမ်ကံ သိတန်သလောက် သိပါ၏။ ပြောစရာရှိလျှင် ဘယ်သူ့မျက်နှာမှ မထောက်။ တိုင်းပြည်ကိစ္စ၊ လူမျိုးကိစ္စဆိုလျှင် ဒိုးဒိုးဒေါက်ဒေါက်ရှိသူလည်း ဖြစ်သည်။ ရွာဆေးဆရာဆိုသော်လည်း နိုင်ငံရေးစိတ်ဝင်ပြီဆို ကတည်းက ဆေးကုပင့်ခေါ်လျှင်ပင် မလိုက်တော့။ အိမ်မှာ အခိုးပွင့်ဆေးတစ်ဖုံ ကောင်းကောင်း ဖော်ပြီး ငှက်ပျောဖူးပုလင်းများဖြင့်ထည့်ကာ လူနာလာပင့်သမျှ ဆေးတစ်ဖုံကိုသာ ပေးသည် ဆို၏။ သားသမီးတွေက ဆေးကုစေချင်ကြသော်လည်း ဆရာကြည်က မကုတော့ပါ။

"တိုင်းပြည်က ငန်းမန်းကြီးလိုက်နေသာ အရင်ကုကြရမှာပေါ့ကွယ်...လူနာက ငါ မကုလည်း သူတကာဆေးဆရာတွေ ကုကြလိမ့်မယ်...နောက်များ ငါ့ကို ဆေးကုဖို့ မပြောကြနဲ့..."

သားသမီးတွေကို အဲသလို ငေါက်တတ်သူ ဖြစ်သည်။ တချို့က မျိုးချစ်ပုဂ္ဂိုလ်အဖြစ် ကြည်ညိုကြသကဲ့သို့၊ တချို့ကတော့ လူ့တစ်ယူသန်အဖြစ် စကားထည့်ချင်ကြသည်။ မအိမ်ကံ ကတော့ မြင်းတစ်စီးနှင့် ပွဲလာကြည့်ခဲ့သောညကို သတိရနေမိသည်။ အစ်ကိုမောင်မြတ်သာက မြင်းကြီးနှင့် ဆရာကြည်လာလျှင် စာတစ်စောင် ပေးခိုင်းခဲ့ဖူးတာ မှတ်မိနေသည်။ ဆရာကြည်နှင့် အဖေဦးသာထန်တို့ မတည့်ကြသော်လည်း အစ်ကိုမောင်မြတ်သာကိုတော့ ချစ်ခင်ရှာသည်။ ဂျပန်တွေ ဝင်လာတော့ ကိုယ်တိုင် အိမ်ကိုရောက်လာကာ 'သူကြီးရေ...ခေတ်ကာလမကောင်း တော့ဘူး...သတိဝီရိယနဲ့ နေပါရော့...' မှာသွား ခဲ့သေးသည်။ အခုတော့ ဆရာကြည်ကိုယ်တိုင် သတိဝီရိယနှင့် မနေခဲ့ရော့သလား။ ကိုပြေသိမ်းနှင့် မအိမ်ကံတို့ အရှေ့အာရှလူငယ်အစည်းအရုံး တာဝန်ဖြင့် ရွာတွေကို လှည့်ကြတော့ ဆရာကြည်က လူငယ်တွေထက်ပင် ခြေသွက်နေခဲ့သေး သည်။ အိုကြီးအိုမရယ်လို့ ဖင့်နွဲ့လေးကန် မရှိ။ သွက်လက်ချက်ချာ ရှိလှပါ၏။

ကိုပြေသိမ်းက မျက်ရည်တွေ စိုစိုလူးနေသည့် ဇနီးသည်၏ မျက်နှာကလေးကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေပုံရသည်။ သူကိုယ်တိုင်ကလည်း ဝမ်းနည်းနေရှာပါ၏။ သည်သတင်းက ဇောင်ချမ်းကုန်းတစ်ဝိုက် ဘယ်လောက်များ ချောက်ချားနေမှာပါလိမ့်။ အဖေတို့ အမေတို့ခများ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်များ စိတ်ပူနေကြရှာလေမလဲ။ သည်လိုတွေးမိတော့ မအိမ်ကံ ငေါက်ခနဲ ထ,ပြန် ချင်တော့သည်။ ကိုပြေသိမ်းက မအိမ်ကံပခုံးကို ဖက်ရင်း ပြောနေပါ၏။

"ဆရာကြည်က ကိုယ်နှုတ်နှလုံး မစောင့်စည်းနိုင်ရှာဘူး ထင်ပါရဲ့ကွယ်...ဂျပန်ဆိုတဲ့ ကောင်တွေက ပါးပါးကလေးရယ်...ဘယ်လောက်တောင် ပါးကြသလဲဆိုရင် အင်္ဂလိပ် တွေ ဘာမှမလုပ်နိုင်ခင် ဂျပန်တွေက စီးမိနေကြပြီ...စင်ကာပူခံတပ်ကြီး ပေါက်သွား တာသာကြည့်တော့ အိမ်ကလေး...အင်္ဂလိပ်တွေ, ဩစတြေးလျတွေ, ကုလားတွေ စစ်သား တစ်သိန်းလောက်နဲ့ ခံထားတဲ့ကြားက ဂျပန်တွေက ရေတပ်စစ်သင်္ဘောကြီး နှစ်စင်းကို နှစ်ပစ်လိုက်တာကြည့်တော့...ပုလဲဆိပ်ကမ်းမှာ အမေရိကန်ရေတပ် ရှုံး တယ်..."

မအိမ်ကံ နားလည်လေသလား၊ မလည်လေသလားပင် အမှတ်မထားတော့ဘဲ ကိုပြေသိမ်းက ယူကျုံးမရစွာ ပြောနေခြင်းဖြစ်ပါ၏။ ရန်ကုန်မှာ လူထိုးတွေ ကြဲချခဲ့ကြပြီ။ မီးလောင်ဗုံးတွေ ချခဲ့ကြသည်။ ရန်ကုန်နှင့် မန္တလေးဘက်က လူတွေ ရွာတွေဘက်ကို ဖြစ်သလို ပြေးကြရသည်။ ရရာ မီးရထားများ၊ မော်တော်ကားများနှင့် မြို့က ဝေးနိုင်သမျှဝေးအောင် ရှောင်ကြရသည်။ လူတွေ ပြေးရာနောက် စစ်က လိုက်လာခဲ့လေပြီ။

"သည်လိုကာလကြီးမှာ ကိုယ့်တိုင်းပြည်ဘက်က နာကြသူတွေချည်းပဲလို့ ထင်ရင် မှားပြီ...ဂျပန်တွေဘက်က နာသူတွေလည်းရှိတာပဲ...ခေတ်အပျက်မှာ ပိုက်ဆံရရ, အာဏာရရ, အခွင့်အရေးရရ ဆိုတဲ့လူတွေ အများကြီးရှိတယ်...အစ်ကိုစိုးရိမ်တာက ဆရာကြည့်ကို နှိပ်စက်ရင်း ဘာလျှို့ဝှက်ချက်တွေများ ပေါ်ကုန်သလဲဆိုတာပဲ..."

"အစ်ကို့များ ထိခိုက်နေဦးမှာလား အစ်ကိုရယ်..."

"မပြောနိုင်ဘူးပေါ့ အိမ်ကလေးရယ်...ဘာသတင်းရထားကြသလဲမှ မသိတာပဲ... အသားထဲကထွက်တဲ့ လောက်ကောင်တွေကြောင့် ဖြစ်ရတာတော့ သေချာတယ်..."

ကိုပြေသိမ်းစကားကြောင့် မအိမ်ကံခမျာ မျက်နှာကလေးညှိုးရပြန်သည်။ လင်နှင့်မယား ဖြစ်လာမှတော့ လင့်နိုင်ငံရေးသည် သူ့နိုင်ငံရေးဆိုတာလည်း မအိမ်ကံ နားလည်ပါ၏။ ဒါဖြင့် ရင် လင့်နိုင်ငံရေးကို မအိမ်ကံ တကယ်တမ်း သိသလားဆိုတော့လည်း သိရှာတာမဟုတ်။ မအိမ်ကံ မသိတာတွေ အများကြီးရှိလိမ့်မည်။ မအိမ်ကံ သိစရာမလိုတာတွေ များလှရော့မည်။ ထနောင်းတိုင်မှာပဲကြည့်လေ။ စစ်ရှောင်သူတွေ ရောက်နေကြပြီ။ တချို့က အနောက်မြစ် ခေါ်ကြသည့် ချင်းတွင်းမြစ်ကို ဖြတ်ကျော်ကြတာတွေလည်း ကြားရပါ၏။ ထိုနေ့က မအိမ်ကံ ရင်ထဲ မလင်းတော့ပါ။ ဝေဒနာတစ်မျိုးက ဖိစီးနေတော့သည်။

နောက်တစ်နေ့မှာပဲ ကောက်ကာငင်ကာ ပြန်ကြဖို့ စီစဉ်ကြသည်။ ခေတ်အခါ မကောင်းတော့ မိဘများကရော၊ ဆွေမျိုးတွေကပါ မပြန်စေချင်ကြ။ ထနောင်းတိုင်မှာပဲ နေစေ ချင်ကြသည်။ ခက်သည်က မအိမ်ကံမှာ မိအိုဖအိုတွေ ရှိကြသေးသည်။ မပြန်လို့ မဖြစ်တော့ လည်း ခွင့်ပြုကြရရှာပါ၏။ ဖောင်ချမ်းကုန်းက ခမည်းခမက်များအတွက် လှည်းတစ်တင်စာ ဝယ်ခြမ်းပေးလိုက်ကြသည်။ မိဘနှစ်ပါးကို ကန်တော့ကြတော့ ဆုတွေပေးကြသည်။ ထနောင်း တိုင်က လှည်းတစ်စီးကို ငှားထည့်ပေးလိုက်ကြသည့်အတွက် ပစ္စည်းတွေရော လူတွေပါ



လှည်းကြီး 'နင့်' နေတော့၏။ ကိုပြေသိမ်းရော မအိမ်ကံရော ကျေးဥပါ ကျပ်ကျပ်သပ်သပ် လိုက်ကြရသည်။

လှည်းနှစ်စီးခေါ်လို့ရသော်လည်း ကိုပြေသိမ်းက တစ်စီးတည်းသာ စီစဉ်စေခဲ့သည်။ လှည်းတစ်စီးတည်းဆိုတော့ ချိုးချိုးချောက်ချောက် ရောက်သွားနိုင်သည်မဟုတ်လား။ နှစ်စီး သုံးစီးဆိုလျှင် လှည်းတန်းဖြစ်မှာစိုး၍ ဖြစ်ပါ၏။ လှည်းသမားက ကိုပြေသိမ်းတို့နှင့် ရင်းနှီးသော လူရင်းဖြစ်၍ စိတ်ချရသည်။

"ဆရာလေးနှယ်...အခုက လှည်းတွေကိုပါ ရှာနေကြသာဗျ...ဟိုရက်က ကျုပ် တလုတ်မြို့ကပြန်တော့ ဂျပန်က ဖြတ်လာသမျှလှည်း ရှာကြသာများ နွားစအိုထဲ တောင် နှိုက်ကြတော့မယ့်အတိုင်းပဲ...လက်နက်တွေ ကျုပ်တို့ဘက် ဝင်နေသယ် ကြားလို့သဲ့..."

လှည်းသမားက သူ့ကိုယ်တွေ့ ပြောပြခြင်းဖြစ်သည်။ သီချင်းနှင့် တခြားစီပါလား။

"ကမ္ဘာသစ် အခါသစ် ဗမာသစ်ပေါ်ပြီ x x တစ်သွေးတည်း တစ်သံတည်း တစ်မိန့် တည်း x x လွတ်လပ်တော့မည် x x လွတ်လပ်တော့မည် x x ဗမာပြည် လွတ် လပ်တော့မည် x x နိုပွန် ကတိရပြီ x x"

ဒေါက်တာဘမော်က ရာထူးပေးနိုင်သဖြင့် ဓားမပါတီဦးထုပ်နှင့် ဓားမပါတီဘောင်းဘီ တွေ ခေတ်စားလှပါ၏။ ရာထူးလိုချင်သူတွေ ပဒုအုံ့ ခါချဉ်အုံ့ မီးမြိုက်သလို တရှုရှု ပြေးနေ ကြသည်။ ဂျပန်တွေက မယုံကြသော်လည်း အရိပ်အကဲကြည့်နေကြသည်။ ပစ္စည်းတွေ ရှားပါး သည်။ စားစရာတွေ ရှားပါးသည်။ ဘုန်းကြီးကျောင်းတွေကို အုပ်ချုပ်ရေးရုံးလုပ်လာကြသည်။ ကားရှိသော်လည်း ဆီမရှိ။ အဝတ်အထည်တွေကတော့ ဗမာချည်ထည်တွေကိုသာ အကောင်းလုပ် နေကြရပါ၏။ မြို့တွေမှာ ပစ္စည်းအရောင်းအဝယ်တွေ များနေကြသည်။ ငှက်ဖျားနှင့် ယားနာ တွေ ပေါက်ကြသည်။ ဝဲပေါက်လျှင် ကန့်မှုန့်ကို အုန်းဆီနှင့်ဖျော်ကာ လိမ်းကြသည်။ အရက် တွေကတော့ ပေါလွန်းလှပါ၏။ ဒေါက်တာဘမော်က ရွှေဘိုမြို့မှ အလောင်းဘုရားအောင်မြေကို ရန်ကုန်သို့ သယ်ယူကာ အောင်မြေပျိုးတာတွေကိုလည်း ကိုပြေသိမ်းကြားခဲ့ရသည်။ သည်ကြား ထဲက မျိုးချစ်တွေ အကွပ်မျက်ခံနေရတာကို ကိုပြေသိမ်း မခံချင်။ သူ့ရင်ထဲကစကားတွေ ပြောချင်လွန်းလှသော်လည်း အတူပါလာသည့် လှည်းသမားက တောသား၊ မယားက တောသူ ဆိုတော့ ကိုပြေသိမ်းမှာ မပြောသာပဲရှိခဲ့သည်။ သည်တော့လည်း တောက်တစ်ချက် ပြင်းပြင်း ခေါက်မိရုံသာ။

"တောက်..."

မအိမ်ကံနှင့်ကျေးဥက အလန့်တကြားကြည့်ကြသည်။ ကိုပြေသိမ်းက အံကြိတ်ထား ၏ မျက်နှာကြီးနီရဲနေလေ၏။ ဆရာကြည့်အတွက် ယူကျုံးမရဖြစ်နေရှာပုံပေါ်ပါရဲ့လို့သာ မအိမ်ကံ တွေးလိုက်သည်။ လှည်းသမားလည်း ကိုပြေသိမ်း တောက်ခေါက်သံကြောင့် ငြိမ်သွား ခဲ့ပါ၏။ လှည်းက တအိအိဖြင့် ရွေ့နေသည်။ လှည်းc ဆီမထိုးနိုင်တော့သော တောလှည်းဆိုတော့ လှည်းအိသံက ပျင်းစရာကောင်းလှသည်။ ကိုပြေသိမ်းက ရာကျော်ဇရပ်ကို မကျော်ချင်။ သို့သော် ဖောင်ချမ်းကုန်းကို ဝင်တော့မည်ဆိုလျှင် ရာကျော်ဇရပ်လမ်းဆုံကို မဖြတ်လို့မရ။

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြည်ကို ဂျပန်စစ်ပုလိပ် နှင့် ကင်ပေတိုင်တွေက ရာကျော်ဇရပ်မှာ သုတ်သင်ခဲ့ကြသည် မဟုတ်လား။ ကိုပြေသိမ်းက လှည်းသမားဆီက သတင်းကြားချင်သဖြင့် မေးသည်။

"ရာကျော်ဇရပ်မှာ ဟိုရက်က အဘိုးကြီးတစ်ယောက် အသတ်ခံရဆို…ခင်ဗျား ကြားသလား…"

"အနောက်တန်းရွာတွေဘက်က ဗိန္ဓောဆရာလို့ ပြောသာပဲ ဆရာလေးရ…ကျုပ် မတွေ့ပေမယ့် ကိုစံဖူးတို့လှည်းတွေတွေ့ကြလို့ ပြောသာတော့ ကြောက်စရာပါပဲဗျာ… အလောင်းကို ပစ်ထားသာများ သပြေသီးပုပ်ရောင်ထလို့သဲ့…ရိုက်ထားသာနေမှာပေါ့ ဆရာလေးရာ…သည်ဘက်ရက်တွေတော့ ရာကျော်ဇရပ်နား သရဲခြောက်သယ်လို့ သတင်းတွေဖြစ်နေသယ်…မြင်းကြီးနဲ့လူတစ်ယောက် ရပ်ရပ်နေသသဲ့…"

မအိမ်ကံပင် ကျောချမ်းသွားခဲ့သည်။ ကျေးဥက မအိမ်ကံလက်ကလေးကို ဆုတ်ထားသည်။ ကိုပြေသိမ်းမှာ ကြားချင်သည့်သတင်းက တခြား၊ ကြားရတာက တခြားဆိုတော့ စိတ်ပျက်သွားပုံရပါ၏။ 'တော်စမ်းပါဗျာ' လို့သာ တားလိုက်ရတော့သည်။ ရာကျော်ဇရပ်ကိုဖြတ်တော့ လှည်းသမားက လှည်းကို သုတ်သုတ်မောင်းသည်။ ကိုပြေသိမ်းက ဇရပ်ပတ်ဝန်းကျင်ကို လိုက်ကြည့်နေခဲ့သော်လည်း မအိမ်ကံနှင့်ကျေးဥက ခေါင်းတွေ ငုံ့ထားခဲ့သည်။ မအိမ်ကံတို့ ရွာကိုဝင်တော့ အချိန်လင့်လှပြီ။ မအိမ်ကံတို့ လှည်းပေါ်ကဆင်းကြတော့ မလှအုံက ဖွံ့ဖွံ့ဖတ်ဖတ် လုပ်ကြဦးလို့ သတိပေး၏။ ဖွံ့ဖွံ့ဖတ်ဖတ် ဆိုတာက မကောင်းသူ မကောင်းသား ကပ်မပါအောင် ရေရွှတ်ရခြင်း ဖြစ်သည်။ အမေပန်းရုံကတော့ သမီးနှင့်သမက် ပြန်ရောက်လာလို့ ဝမ်းသာနေရှာသည်။

"အမေက မအိမ်ကံတို့ နေကြဦးမယ်ထင်သာ…ရောက်လာတော့လည်း ပြီးသာပါပဲကွယ်…အမေတို့မှာ နေလည်းနေစေချင်ရဲ့…မျှော်လည်းမျှော်ရပါရဲ့…မောင်ပြေသိမ်း ခဏနား ရေချိုးလိုက်ဦး…ကျေးဥ မပြန်နဲ့ ကြီးတို့အိမ်မှာ ထမင်းစား…"

ကျေးဥက လှည်းသမားနှင့်အတူ လက်ဆောင်ပစ္စည်းတွေ ဝိုင်းချနေခဲ့သည်။ ဖိုးကျူးလည်း ရောက်လာပါ၏။ မလှအုံက ဆရာကြည့်သတင်း ပြောချင်လှပုံဖြင့် မအိမ်ကံအနားက မခွာ၊ မအိမ်ကံကလည်း မသိသေးသည့်ပုံဖြင့် မလှအုံအနားကပ်နေလိုက်သည်။

"မအိမ်ကံ…ညည်းတို့ ဆရာကြည့်သတင်း ကြားခဲ့ကြလား…"

"မကြားပေါင်…ဘာဖြစ်လို့လဲ…မလှအုံဆီ လာလည်လို့လား…"

"ဖွဟဲ့…တောစကားတောပျောက်…ဆရာကြည် ဂျပန်သတ်လို့သေပြီ…ရာကျော်ဇရပ်မှာ…အဲသာ…"

"မဟုတ်သာ ပြောရော့မယ်…ခုပဲ ရာကျော်ဇရပ်မှာ မြင်းကြီးတစ်စီးနဲ့ မားမားကြီး တွေ့ခဲ့ပါတော်"

မအိမ်ကံက ခပ်တည်တည်ပြောခဲ့ပြီး အိမ်ထဲဝင်လာခဲ့သည်။ မလှအုံကတော့ ခြေဖနောင့်က မြေမှုန့်ကို နဖူးပေါ်သပ်ရင်း မျက်လုံးပြူးကြီးနှင့် ကျန်ရစ်ခဲ့လေ၏။

■



၁၃၀၅ ခုနှစ်၊ ဝါခေါင်, တော်သလင်း။

ဝါခေါင် တော်သလင်းလတွေကတော့ အညာကျေးတောရွာတွေမှာ နေကြီးကျောကွဲ ပူလွန်းလှဆဲဖြစ်သည်။ ပြီးခဲ့သည့် တန်ခူး, ကဆုန်, နယုန်လများဆီက ပုရစ်နတွေဝေခဲ့သော သစ်ပင်ပန်းပင်တွေ အားလုံးလိုလို သစ်ရွက်စိမ်းတွေ ဝေခဲ့ပြန်လေပြီ။ ဓောင်ချမ်းကုန်းက အညာရွာဆိုသော်လည်း သစ်ရိပ်ဝါးရိပ် သန်လှသည့်တိုင် မြစ်မနီး ရေမနီးရွာဆိုတော့ အပူဒဏ်က ရှိန်ရှိန်ထ နေတတ်လေသည်။ အခုတလော မအိမ်ကံ နေမကောင်းထိုင်မသာ ရှိနေခဲ့ပါ၏။ မနက်အိပ်ရာအထမှာ ခေါင်းမကြည်ချင် ရင်ထဲက ပျို့ချင်ချင်…။ ဟိုဟာကလေးစားချင်သလိုလို၊ သည်ဟာကလေး ဝါးချင်သလိုလို စိတ်ခံစားမှုတစ်မျိုးကလည်း ဖိစီးလျက်ရှိ၏။ အထိုင်အထ အသွားအလာကလည်း လေးလာသလိုလို ထင်မိသည်။

မလှအုံကတော့ မအိမ်ကံကိုကြည့်ပြီး ဝမ်းသာဝမ်းနည်းဖြစ်နေရပါ၏။ တကယ်တမ်းပြောကြရေးဆိုလျှင် မအိမ်ကံ ပလူမွေးပလူတောင်ဘဝကတည်းက ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသူတွေထဲမှာ သူလည်းပါခဲ့သည်။ သူကြီးနှင့် သူကြီးကတော် မိဘနှစ်ပါးက ပေါက်ဖွားလာခဲ့သူဆိုပေသိ မလှအုံသာ အထိန်းအချော့များခဲ့ရသည်။ ထန်းစကားနှင့်ဆိုရပါလျှင် ကျေးမြီး, လက်မြှော်, ဆင်ခြေပေါ်အရွယ်ကစ,ကာ ရည်ရ, ပင်ထွက်ထန်းပင်မားမားကြီး ဖြစ်ရသည်အထိ မအိမ်ကံနှင့် ရင်အုပ်မကွာရှိခဲ့ရသည်။ မအိမ်ကံ၏ ကွမ်းတောင်ကိုင်ဖြစ်ချင်လွန်းလှသော စိတ်ဝေဒနာကို ပြေရာပြေကြောင်း သူပဲ ဖျောင်းဖျခဲ့ရသည်။ မိခင်ရင်း ဒေါ်ပန်းရုံက အနှစ်နှစ်ဆယ်လုံးလုံး ကွမ်းတောင်ကိုင် မဖြစ်နိုင်မှန်းသိပါလျက် ဖုံးဖိစောင့်စည်းထားသကဲ့သို့ မလှအုံကလည်း မထူးလှပါ။ ရင်နှင့်အမျှ ကြေကွဲစရာကောင်းလှသော ရက်စွဲတွေကို ရင်တထိတ်ထိတ်ရှိခဲ့ရသူသာ ဖြစ်သည်။ တကယ်တမ်း ကွမ်းတောင်ကိုင် မဖြစ်နိုင်တော့တာကို သိလိုက်သည့်နေ့က မအိမ်ကံ ပုံလဲကျသွားတာကို မလှအုံ မျက်စိထဲကမထွက်။ တစ်လျှောက်လုံး ကွမ်းတောင်ကိုင်ဖြစ်ချေရဲ့ဆိုသည့် မျှော်လင့်ချက်ကြီး ပြိုကျသွားသည့်နေ့က မအိမ်ကံ၏ဝေဒနာကို မလှအုံပါ ရောယောင်ခံစားခဲ့ရသည်။

အမှတ်ထင်ထင်ရှိရသော အဖြစ်အပျက်တစ်ခုကတော့ ဂျပန်စစ်ဗိုလ်နှင့် တွေ့ခဲ့ရသည့် အဖြစ်အပျက်ပင်။ မသေကောင်းမပျောက်ကောင်း၊ ကံကောင်းလွန်း၍သာ သေကံမရောက်ခဲ့ရခြင်း မဟုတ်လား။ သည့်နောက်တော့ မအိမ်ကံ အိမ်ထောင်ကျခဲ့သည်။ မြို့သားကျောင်းဆရာ ပညာတတ်နှင့် ဘဝဖက်ရလို့ ဝမ်းသာရပေသိ နှမြောစိတ်ကလေး မပျောက်ချင်။ မအိမ်ကံဘဝနှင့် မအိမ်ကံအကြောင်း အကောင်းတွေချည်း စုခဲ့သည်လို့တော့ မပြောသာပါ။ မအိမ်ကံမှာ မထင်သည့်ထောင့်က မထင်မှတ်သောအကြောင်းတစ်ရပ်ရပ်, ခေါင်းမြီးခြုံကာ ဝင်လာတတ်တာမျိုးလည်း ကြုံခဲ့ရလှပြီ။ မအိမ်ကံမှာ ဝေဒနာတစ်ခုခု ချင်ခြင်းမပြေရှိနေရှာတာကိုလည်း လူ့အရိပ်အကဲ နားကျေသည့် မလှအုံအဖို့ သိသလိုလိုရှိခဲ့ပါ၏။ အခုလည်း မအိမ်ကံမှာ ကိုယ်ဝန်ရှိနေပြီလို့ မလှအုံ တွက်သည်။ သည်လိုဆိုပြန်တော့လည်း မလှအုံ ဝမ်းနည်းရသည်။ မလှအုံစိတ်ထဲမှာ မအိမ်ကံက ကလေးသာသာ ဆံတောက်သိမ်းစ မိန်းကလေးအဖြစ်သာ ရှိသေးတာမဟုတ်လား။

တစ်ရက်မှာတော့ မအေဖြစ်သူ ဒေါ်ပန်းရုံကိုပင် ပြောမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"အရီးပန်းရုံရယ်…ကျုပ်တော့ မအိမ်ကံ ကိုယ်လေးလက်ဝန်ရှိနေ ထင်သာပဲ…ခါတိုင်း ငှက်မွေးကလေးလို လွင့်နေသဲ့မိန်းမ…ခုတလော လေးတေးတေးကြီးလားလို့…အရီးကို ဘာပြောတုံး…"

"ဘာမှတော့မပြောဘူး လှအုံရဲ့…ငါလည်း အကဲခတ်နေသာပါ…ငါ့သမီးကလေး အပျိုဖော်ဝင်တုန်းကလည်း တစ်ခါ စိတ်မကောင်းဖြစ်ဖူးသယ်…ခုလည်း ကိုယ်လေးလက်ဝန် ရှိရှာပြန်ပြီရယ်လို့ တွေးမိတော့ ဝမ်းသာသလိုလို ဝမ်းနည်းသလိုလိုပါအေ…စိမ်းမြက မွေးမယ့်မြေးဦး ချီရမယ်ထင်သာ…မအိမ်ကံက မွေးမယ့်မြေးဦး အရင်ချီရ ထင်ပါရဲ့အေ…"

"အရီးနှယ်…ကျုပ်ကော ဘာထူးမှာတုံး…မအိမ်ကံကို ကျုပ်ဝမ်းနဲ့သာမလွယ်ရသာ…သမီးကလေး အောက်မေ့ခဲ့ရသူမဟုတ်လား…အခု မပေါ့မပါးကြီးနဲ့များလားလို့ တွေးမိပြန်တော့ စိတ်ထဲတစ်မျိုးကြီးပဲတော်…"

"တစ်မျိုးတော့ ကောင်းသာပေါ့ လှအုံရယ်…မြေးဦးယောကျ်ားကလေးဆိုရင်တော့ ပရိက္ခရာရှစ်ပါး ရွက်ရပိုးရသဲ့ကုသိုလ် ရနိုင်သာပေါ့…လှူရတန်းရမှာတွေးပြီး ဝမ်းမြောက်ရသာပေါ့…တို့ကသာ တွေးနေသာပါအေ…ညည်းညီမက ဟုတ်ချင်မှလည်း ဟုတ်ဦးမှာပါ…"

"မဟုတ်ရိုးလား အရီးရယ်…ကျုပ်လည်း ကလေးနှစ်ကောင်မွေးထားသဲ့ မိန်းမပါ…သရိုးသရီဖြစ်နေသာ သေချာပါ့တော်…"

"မေးစမ်းပါအေ…ဟုတ်တော့လည်း ဂရုစိုက်ရမှာပေါ့…မအိမ်ကံ ရှက်လို့မပြောသာ နေမှာ…"

မလှအုံစကား မှန်လေပြီ။ တစ်ရက် မအိမ်ကံ လှေကားပေါ်ကအဆင်း မိုက်ခနဲ မူးဝေသွားခဲ့သည်။ လှေကားလက်ရန်းကို ဆုပ်ဆုပ်ကြီးမြဲအောင် ကိုင်နိုင်လို့သာ ပြုတ်မကျခြင်း ဖြစ်သည်။ မအိမ်ကံက လှေကားဆံပေါ် ထိုင်ချလိုက်ရင်း 'အမေရေ…' လို့ အော်လိုက်၍သာ သိကြရခြင်း ဖြစ်၏။ မလှအုံနှင့်အတူ အမေပန်းရုံပါ ပြေးတက်လာကြကာ အိပ်ရာပေါ် တင်ပေးကြရသည်။ မလှအုံက အမေပန်းရုံကို ပြုံးကြည့်သည်။ ဘယ့်နှယ်ရှိစ…။

မလှအုံက နေ့ချင်းပင် စမုံမျိုးငါးပါးလှော်ကာ စွတ်ကျယ်စုတ်သန့်သန့်ဖြင့် ထုပ်နေသည်။ နေကလေးပြကာ လက်ဖဝါးပေါ် အနံ့စူးစူးထွက်အောင်ပွတ်သည်။ နမ်းထုပ်မွှေးမွှေးကို ရှူစေသည်။ မအိမ်ကံက သည်အနံ့ကို နှစ်သက်သည်။ ခေါင်းထဲ ကြည်ရှင်းသွားသည်ထင်၏။ မအိမ်ကံ နမ်းထုပ်ရှူနေရပြီလား…။ မအိမ်ကံကပင် မေးနေခဲ့သည်။

"နမ်းထုပ်ထဲမှာ ဘာတွေပါသာလဲ မလှအုံရဲ့…"

"စမုံမျိုးငါးပါး ပါသတော်…အိုးကင်းမီးပူကလေးတိုက်လိုက်တော့ အနံ့ကလေး အူလာကရော…အနံ့လျော့ရင် လက်ဝပူကလေးပွတ်ပြီးရှူ…မွှေးလိုက်သာမှ…"

"မလှအုံရယ်…မအိမ်ကံ နေရသာ တစ်မျိုးကြီးပဲ…"

"ငါ့ညီမရယ်…တစ်မျိုးကြီးပေါ့အေ…ညည်း မေးစမ်းပါဦးမယ်…ဥတုပန်းများကော မှန်ရဲ့လား…ငါထင်သာတော့ ငါ့ညီမ ကိုယ်လေးလက်ဝန် ရှိနေပြီလားလို့…"

"ဟုတ်များနေရော့လား…ပြောတတ်ပါဘူး မလှအုံရယ်…"



"ပဋိသန္ဓေများရှိရင် ပြေးမလွတ်သာတွေ ကြုံရဦးမှာပါတော်…အော့မယ် အန်မယ်တော်…မူးဝေမယ်တော်…မျက်စိတွေ ဝေမယ်တော်…မျက်နှာကလေး အန်းမယ်တော်…ခြေဆစ် လက်ဆစ်ကလေးတွေ ရောင်မယ်တော်…ဝမ်းနာမယ်တော်…ဗိုက်ကြောတက်ပြီး ခါးအောက်ပိုင်း နာမယ်တော်…စိတ်ကယောက်ကယက် ဖြစ်မယ်တော်…ဒေါသဖြစ်သလိုလို အလိုမကျသလိုလို ဖြစ်မယ်တော်…နောက်ပြီး…"

"တော်ပါတော့ မလှအုံရယ်…တစ်ချက်မှလည်း မကောင်းဘူး…"

ပြောသာ ပြောရတာပါလေ။ မလှအုံ အိမ်အောက်ဆင်းသွားတော့လည်း မအိမ်ကံ ရင်ကလေး သိမ့်သိမ့်ခုန်ခဲ့ရသည်သာ။ သူ့ကိုယ်သူလည်း သတိထားမိခဲ့ပါ၏။ အမေ့ကိုသော် မှ မပြောဖြစ်ခဲ့။ တစ်ပတ်နှစ်ပတ် ကိုယ်တိုင်စောင့်ကြည့်ပါဦးမယ်လေလို့သာ တွေးထားခဲ့သည်။ ကနေ့တော့ အမူးကလေးကဲလာခဲ့သည်။ မနက်စောစောပျို့ခဲ့သေးသည်။ ခံတွင်းတွေက ထူးထူး ခြားခြား ချဉ်ခါးခါးကြီးဖြစ်နေခဲ့သည်။ ဒါဆိုရင် ရင်သွေးကလေးကို လွယ်မိရပြီပေါ့။ ဝမ်းသာ စရာကောင်းလိုက်တာ။ မအိမ်ကံ မျက်ရည်တွေပင် ပိုးပိုးပေါက်ပေါက် ကျလာခဲ့ရပါ၏။ ခုတင်ပေါ် မှေးရင်းက ဝမ်းဗိုက်ကို ပွတ်ကြည့်သည်။ သားလေးလား…သမီးလေးလား…။

သမီးလေးပါလေ။ သမီးကလေး မအိမ်မြိုင်ပဲဖြစ်ရမှာပေါ့။ သမီးကလေးမဟုတ်လို့ သားကလေးမွေးတော့လည်း 'ရှင့်အစ်မ'ဖြစ်ရရုံသာ။ အဖေနှင့်အမေ မြေးသာမကောကို မြင်ခွင့် ကြုံရုံပ။ မဟုတ်ဘူး…မဟုတ်ဘူး…။ သမီးဦးပဲဖြစ်ရမယ်… ရွှေမှုံက သမီးကလေး ရသွားပြီ ဥစ္စာ…။ ငါလည်း သမီးကလေးပဲ မွေးရမှာပေါ့…။

"ရွှေမှုံ့သမီးနဲ့ မအိမ်ကံသမီး…ကံကြမ္မာတစ်ပတ် လည်ခွင့်ကြုံရဦးမှာပေါ့လေ…မုတ်ခါးရည်တစ်အိုးထက် ပျားရည်တစ်စက်က ယင်ကောင်ဖမ်းရသာ လွယ်တော့မပေါ့…သမီးကလေးမွေးမှ ငါ့စိတ်ကူးတွေ တကယ်ဖြစ်ရတော့မှာ…ရှင်ကြီး ရှင်ကောင်းများ မ,တော်မူပါ…သမီးကလေး မွေးပါရစေတော်…"

မအိမ်ကံ နှုတ်က တတွတ်တွတ်ရေရွတ်နေခြင်းဖြစ်သည်။ မလှအုံပြန်သွားကတည်းက မအိမ်ကံမှာ သူမကိုယ်သူမ သေချာသွားသလိုရှိခဲ့သည်။ တင်းကျပ်နေသော စိတ်တံခါးရွက်ကို ဖွင့်နိုင်ခဲ့ပြီ။ စိတ်ကူးနှင့်ဆန္ဒ…၊ ရည်မှန်းချက်နှင့်မျှော်လင့်ရာ…ဘယ်လောက်များ စရွေးကိုက် နိုင်မလဲ။ သည်လောင်းကစားပွဲကတော့ ဆယ်လစောင့်ကြည့်ရပါဦးမည်။ ဘဝတွင် အရာရာ ပြည့်စုံပါလျက် အဖြစ်ချင်ဆုံးအရာတွေ လွဲခဲ့ရသူအဖို့ များများကြီးတော့ မမျှော်လင့်ဝံ့တာလည်း အမှန်ပင်။

ကိုပြေသိမ်း ကျောင်းကပြန်လာတော့ မအိမ်ကံ ခုတင်ပေါ်မှာပဲ ရှိသေးသည်။ ကိုပြေသိမ်း အိမ်ပေါ်တက်လာတော့ ပြုံးပြုံးကလေးထထိုင်သည်။ ကိုပြေသိမ်းလက်ထဲ နမ်းထုပ် ထည့်ကာ ရှူခိုင်းသည်။ ကိုပြေသိမ်းက ဘာမှန်းညာမှန်းမသိဘဲ ရှူကြည့်ပြီး မျက်နှာရှုံ့သွား ခဲ့ပါ၏။ မအိမ်ကံက နမ်းထုပ်ကို လက်ဖဝါးထဲထည့်ကာ နာနာပွတ်သည်။ အနံ့တွေအူတက် လာတော့ တစ်ခါရှူခိုင်းလိုက်သည်။

"ကလေးအဖေရေ…နမ်းထုပ်ရှူရတော့မှာနော်…နနွင်းရည်သောက်ရတော့မှာနော်…ချေးကလူ သေးကလူ နေရတော့မှာနော်…ကိုမြို့သား၊ ကိုကျောင်းဆရာ…အရှင်လို ရှိုးနဲ့မရတော့ဘူး သိလား…"

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံစကားကြောင့် ကိုပြေသိမ်းက ဇနီးသည်မျက်နှာကို စိုက်ကြည့်သည်။ ပြီးမှ သဘောပေါက်သွားပုံဖြင့် အားရပါးရပြုံးလေတော့သည်။ မအိမ်ကံ၏ကိုယ်လုံးကလေးကို သိုင်းဖက်လိုက်သည်။ ရင်ခွင်ထဲမှာ ပွေ့ထားခဲ့သည်။

"အိမ်ကလေး အိပ်မက်မက်တာ မှန်နေပြီပေါ့…ဒါဆိုရင် သမီးကလေး မွေးလိမ့်မယ် ဆိုတာလည်း မှန်မှာပဲ…"

"အစ်ကိုက သမီးကလေးလိုချင်ရဲ့လား…မအိမ်ကံကတော့ မိန်းမသားမို့ထင်ပါရဲ့… သမီးကလေးလိုချင်မိသယ်…"

"အိမ်ကလေးသဘောပါဗျာ…ကျုပ်ကတော့ ချစ်ရုံပေါ့…"

မအိမ်ကံ မျက်စိတွေမှိတ်ထားလိုက်သည်။ ဟုတ်ပေသားပဲ။ လူသူတော်ကြီး အိပ်မက်ပေးခဲ့တာ မှန်နေပါပကော။ မအိမ်ကံ အာရုံတွေထဲမှာ အလှူတန်းကြီးလှည့်နေသည်။ ကြီးလိုက်တဲ့ အလှူ စည်လိုက်တဲ့အလှူ များလိုက်တဲ့လူတွေ…။ သမီးမအိမ်မြိုင်က ဖက်စိမ်းကွမ်းတောင်ကို ပွေ့လို့။ နေခြည်မှာ ရွှေရည်ဝင်း ဆယ်စင်းလည်းမက ထီးတန်းကြီးကလည်း လှလိုက်ပါဘိ။

မအိမ်ကံ မျက်လုံးတွေပြန်ဖွင့်လိုက်သည်။ ကိုပြေသိမ်းက မအိမ်ကံကို ရွှန်းရွှန်းစားစား ကြည့်နေဆဲပင်။

■

မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ်၏ မိုးရက်တစ်ရက်။

ထိုနေ့က ဇောင်ချမ်းကုန်းမှာ မိုးတွေ ဖြိုင်ဖြိုင်ရွာလျက်ရှိသည်။ မိုးက ကောင်းကင်ကို ခွဲကာ သဲကြီးမဲကြီး ရွာအားကောင်းလွန်းလှပါ၏။ သုံး,လေးရက်ဆွေပြီး ရွာနေသဖြင့် ကိုပြေသိမ်းပင် အိမ်တွင်းအောင်းနေခဲ့ရသည်။ အစစအရာရာ ရှားပါးသည့်ခေတ်ကာလ ဖြစ်သည့်အလျောက် ကျောင်းကလည်း တဖြည်းဖြည်း ခြောက်ခန်းလာခဲ့သည်။ ကျောင်းသားဦးရေ နည်းနည်းလာသော်လည်း အထက်အမိန့်မရသဖြင့် ကိုပြေသိမ်းကိုယ်တိုင်က ဆက်ဖွင့်ထားရသည်။ စားရေးဝတ်ရေး နေရေးက ရှားပါးလှသည့်အပြင် အုပ်ချုပ်ရေးစနစ်များကလည်း ကမောက်ကမဖြစ်နေသည်ဖြစ်၍ ကျောင်းကို စိတ်မဝင်စားနိုင်ကြတာကိုလည်း ကိုပြေသိမ်း နားလည်ပါသည်။

ဇောင်ချမ်းကုန်း တာလမ်းမသည်ပင် မိုးရေတွေ စိုအိနေသည်။ အသွားအလာမရှိဘဲ တစ်ချက်တစ်ချက်မှသာ အနောက်ကွင်းများဆီ ပဲပင်ပေါက်ကောက် ထွက်ကြသူအချို့၏အသံကို ကြားရတတ်သည်။ မိုးရေနူးနူးမှာ ပေါက်တတ်သည့် ပဲကျန်စေ့တွေက မိုးတစ်မ, နှစ်မရွာသည်နှင့် အစို့အညှောက်တွေထွက်ကြပြီ။ ပဲပင်ပေါက်ကို ပြုတ်ကာစားကြခြင်းဖြင့် ထမင်းတစ်နပ် ခိုနိုင်တာလည်း ပါပါ၏။

မိုးကြီး တရစပ်သည်းနေသည့်ကြားကပင် သူကြီးအိမ်ကြီးဆီကို ဦးတည်လာနေသော လူတစ်ယောက်သည် ဝင်းထရံဘေး မယောင်မလည်ကပ်လာခဲ့ကာ ဝါးထရံကြားက ချောင်းကြည့်သည်။ လူက စုတ်စုတ်ပေပေနိုင်လှသည့်အပြင် ဝါးဖတ်ခမောက်ကြီးကို ဆောင်းထားလိုက်သေးသည်။ မိုးရေတွေ ရွှဲရွှဲစိုနေသည့် ဖျင်ကြမ်းအင်္ကျီက ရေစိုကြောင့် အိကျနေသည်။ အိမ်ကြီးဆီကို အော်သံခပ်ကျယ်ကျယ်ဖြင့် လှမ်းခေါ်သည်။



"သူကြီးကတော်…ထင်းများ ယူဦးမလားလို့…"

မလှအုံက ဝင်းဝကို လှမ်းကြည့်သည်။ ကိုဖိုးငွေကလည်း ရေနွေးကြမ်းသောက်နေရာက ငေါက်ခနဲ ထရပ်လိုက်သည်။ ထင်းယူဦးမလားဆိုသော်လည်း ထင်းလှည်းမပါတာကို သတိထားမိလိုက်သည်။ မလှအုံက ဝင်းတံခါးနားအထိ လျှောက်လာခဲ့ကာ တံခါးချပ်ကြီးနှစ်ချပ်ကြားက အကဲခတ်သည်။ လူတစ်ယောက်။ ခပ်နုပ်နုပ်။

"ဘယ်မှာတုံး မင်းထင်းလှည်းက…"

"ဆရာလေး မှာထားလို့ပါ…"

"အလိုတော်…မောင်ပြေသိမ်းက ထင်းမှာရမယ်လို့…မင်းမဟုတ်သာ မပြောပါနဲ့… မင်းက ဘယ့်နှယ်များအောက်မေ့လို့တုံး…"

မိုးရေတွေ စိုရွှဲနေသည့်လူက ထရံနားကပ်သည်ထက်ကပ်လာကာ ဘေးဘီကို တစ်ချက်ငဲ့ကြည့်ပြီးမှ အသံတိုးတိုးဖြင့်ပြောလေသည်။

"ဗိုလ်လေးမြတ်သာ လွှတ်လိုက်လို့ပါ…တံခါးသာဖွင့်ပေးပါ…"

"အလိုတော်…"

မောင်မြတ်သာဆိုသည့်နာမည်ကြောင့် မလှအုံ တံခါးကို ဆွဲဖွင့်လိုက်သည်။ ထိုလူက စုတ်ခနဲတိုးဝင်လာပြီး အိမ်ကြီးဘက်ကို လျှောက်သွားလေ၏။ အိမ်တွင်း တန်းဝင်ကာ နေရာထိုင်ခင်း ပေးသည်ကိုပင် မစောင့်ဘဲ တန်းလျားရှည်မှာ ဝင်ထိုင်သည်။ ခေါင်းက ခမောက်ကြီးကို ချွတ်လိုက်ပြီး ပေါင်ပေါ်တင်ထားပါ၏။ တစ်ကိုယ်လုံး ရေတွေစီးကျနေသည်။ ကိုဖိုးငွေက အပေါ်ထပ်တက်ပြီး ကိုပြေသိမ်းကို ခေါ်လာခဲ့သည်။ ထိုလူက ကိုပြေသိမ်းတွေ့လိုက်ရတော့မှ အမောပြေသွားသလို မျက်နှာဝင်းသွားသည်။ ဝါးဖတ်ခမောက်ကြီး၏အတွင်းသားကို ဆွဲခွာလိုက်သည်။ အတွင်းမှာ လေထီးပိုးစဖြင့်ပတ်ထားသည့် ခပ်ပါးပါးအထုပ်တစ်ထုပ် ထွက်လာခဲ့သည်။

"ဗိုလ်လေးမြတ်သာ ပို့ခိုင်းလိုက်တာ ဆရာလေး…ကျုပ်ကိုစွက စာပေးပြီးရင် ပြန်ဖို့ပဲ…ဆရာလေးက ကိုပြေသိမ်းမဟုတ်လား…"

"ဟုတ်ပါတယ်…သခင်မြတ်သာနဲ့ ဘယ်မှာတွေ့တာလဲ…"

"လယ်ဝေးဘက်မှာပါ…ကျုပ်သွားမယ်"

"နေဦးလေ…ခင်ဗျား ထမင်းစားသွားပါဦး…ဒါမှမဟုတ် ငွေလေးကြေးလေးတော့ ယူသွားပါ…"

"မယူပါရစေနဲ့…မြင်းခြံအထိရောက်အောင် ပြန်ရဦးမှာမို့ပါ…"

"တစ်ညတော့ အိပ်လိုက်ပါဗျာ…မနက်မှ အနောက်တန်းရွာတွေက ထင်းလှည်းတစ်စီးစီးနဲ့ ကျွန်တော် ထည့်ပေးလိုက်ပါ့မယ်…ခင်ဗျားအတွက် အန္တရာယ်ရှိနိုင်လို့ ပြောတာ…ခုပဲ မှောင်တော့မယ်…ကိုင်းပါ…အဝတ်အစားလဲလိုက်ပါဦး…"

ထိုလူက သုတ်ခနဲထကာ ဝါးဖတ်ခမောက်ကို ဆောင်းပြီးထွက်သွားမည် ပြင်ပြီးမှ ကိုပြေသိမ်းစကားကို မလွန်ဆန်ဝံ့သလို ပြန်ထိုင်သည်။ မအိမ်ကံပါ အိမ်ပေါ်က ဆင်းလာခဲ့ပြီ။ မလှအုံက ဧည့်သည်လူစိမ်းကို ဖိုးတုတ်၏ ပုဆိုး အင်္ကျီများ လဲလှယ်ခိုင်းရန် ခေါ်သွားသည်။

www.burmeseclassic.com

ပြီးလျှင် ထမင်းကျွေးဦးမှာဆိုတော့ အိမ်ထဲမှာ အိမ်သားတွေချည်းပဲကျန်သည်။ ကိုပြေသိမ်းက လေထီးပိုးစကို ဖြည်လိုက်ပြီး အတွင်းက စာကို ဖြန့်လိုက်သည်။ ဗိုလ်မြတ်သာ၏ စာမှာ ရက်စွဲမပါသော်လည်း သည်ရက်များအတွင်း ရေးထားမှန်း သိသာပါ၏။

"ကိုပြေသိမ်း

အရေးတော် မလှတော့ပြီ။ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက ယိုးဒယား နှင့်ဗမာ မီးရထားလမ်း ဖောက်လုပ်ရေးစာချုပ်ကို ဂျပန်နှင့်ယိုးဒယားတို့ စာချုပ်ချုပ်ကြသည်။ အင်္ဂလိပ်စစ်လေယာဉ်ပျံများ ရခိုင်ဘက်မှာ ဗုံးကြဲ နေကြပြီ။ သည်နှစ် နှစ်ဆန်းပိုင်းမှာ တော့ ဂျပန်က ဗမာပြည်ကို လွတ်လပ် ရေး ပေးဖို့ရာ အမိန့်တွေ ထုတ်နေသည်။ ဂျပန် ၁၅ တပ်မအနေဖြင့် ကေဘိုတိုင်ခေါ် မြို့ပြကာကွယ်ရေးအဖွဲ့တွေဖွဲ့ဖို့ရာလည်း ရှိပါသည်။ သည်နှစ် တပေါင်းလမှာတော့ ယိုးဒယားဗမာ မီးရထားလမ်းအတွက် ချွေးတပ်ဆွဲရန် လူစုနေကြပါပြီ။ အင်္ဂလိပ်လေတပ်မှ ကြဲချသော လေနတ် သား စာစောင်ကို ဖတ်ရန် ထည့်ပေးလိုက်ပါသည်။ တစ်ချိန်တည်းမှာပင် အမေရိကန်က မြန်မာပြည်မြောက်ဖျားပိုင်းကို သိမ်းပိုက်ရန်ရှိနေပါပြီ။ (အတွင်းသတင်းဖြစ်၍ မှန်ဖို့ရာများပါ၏။)

ဂျပန်က ၁၉၄၂ ခုနှစ် စစ်အုပ်ချုပ်ရေးယာယီအစိုးရအဖွဲ့၊ ဘီဒီအေ အကြံပေး အဖွဲ့တွေကို ဖျက်သိမ်းလိုက်လေပြီ။ ဂျပန်ကပေးသော လွတ်လပ် သော မြန်မာပြည် အစိုးရအဖွဲ့ဆိုကာ ပေါ်လာခဲ့ပြီး ဒေါက်တာဘမော်ကပင် အဓိပတိလုပ်နေသည်။ ဗိုလ်ချုပ်အောင်ဆန်းက စစ်ဝန်ကြီး။ ကျွန်တော်သိရ သလောက် BDA ကို BNA အဖြစ် သည်နှစ်ထဲမှာ ပြောင်းပါလိမ့်မည်။ ဒါတွေအားလုံး ဆက်စပ်လျက်ရှိပါသည်။ ဆရာကြည့်ကိုလည်း ပြောပြစေ ချင်ပါသည်။ တစ်ဖက်က ဂျပန်ဗမာ လျှို့ဝှက် စစ်ပဋိညာဉ်စာချုပ်ချုပ်၍ ဒေါက်တာဘမော်က အင်္ဂလိပ်နှင့်အမေရိကန်ကို စစ်ကြေညာသော်လည်း အခြားတစ်ဖက်တွင် ဂျပန်ကိုတိုက်ရန် စီစဉ်နေကြောင်း သိပါလေ။

စာကိုဖတ်ပြီးလျှင် မီးရှို့ပါ။ မှာစရာရှိလျှင် လွှတ်လိုက်သောလူကို နှုတ်ဖြင့် မှာပါ။ ချက်ချင်းပြန်ပါစေ။

ဗိုလ်မြတ်သာ"

ကိုပြေသိမ်းက စာကို သုံးခေါက်ပြန်ဖတ်သည်။ ပြီးလျှင် မီးဖိုခန်းဘက်ဝင်ကာ မီးကျီးရဲရဲ မီးဖိုတွင်းသို့ စာရွက်ကို ပစ်ချလိုက်သည်။ ရေစိုထန့်ထန့်စာရွက်က တွန့်လိမ်ကာ လောင်ကျွမ်းသွားတာကို စောင့်ကြည့်နေခဲ့သေးသည်။ မီးဖိုထဲက ပြန်ထွက်လာတော့ စောစော ကလူ ပြန်ရောက်နေခဲ့ပြီ။ စာက ဗိုလ်မြတ်သာရေးလိုက်တာသေချာသည်။ ဆရာကြည်ကား မရှိတော့ပြီ။



"ခင်ဗျားက ဘယ်သူလဲ..."

"သာဆော့ပါတဲ့..."

"ဗိုလ်မြတ်သာနဲ့ အဆက်အသွယ်ရှိလို့လား..."

"ရှိတယ်..."

"နေပါဦး...ဂျပန်ဗမာလျှို့ဝှက်စာချုပ်ဆိုတာ ဘာကိုပြောတာလဲ"

"အရှေ့အာရှစစ်ပွဲကြီး အောင်နိုင်ရေးမှာ ဗမာက ဂျပန်ဘက်က ပါဖို့ပဲ..."

"ချွေးတပ်တွေဆွဲနေပြီလား..."

"ဆွဲနေပြီ...တော်တော်ဆင်းရဲကြတယ်...သေကြေပျက်စီးကြတယ်...ရက်စက်ပါတယ်ဗျာ"

"ဒေါက်တာဘမော်ကကော...ဘယ့်နှယ်လဲ..."

"လူမရှိဘူး ဆရာလေးရ...မဟုတ်လှပေမယ့် သူ့တင်ထားတဲ့သဘောပဲ...သူ့ကို ကမ္ဘာက သိတာကိုး..."

မအိမ်ကံကတော့ အစ်ကိုမောင်မြတ်သာဆီက စာဆိုတာကလွဲလို့ အခြားဘာမှ မသိလိုက်ရဘဲ မီးရှို့လိုက်တာကို နားမလည်နိုင်ဖြစ်နေခဲ့သည်။ ကိုသာဆော့ဆိုသူက အစ်ကိုနှင့် ရင်းနှီးသည်ဆိုတော့ နည်းနည်းပါးပါး မာကြောင်း သာကြောင်း မေးချင်လှပါ၏။ ချက်ချင်းတော့ မမေးရဲသေးပါ။ ကိုပြေသိမ်းကြည့်ရတာ အရေးတကြီးရှိပုံပေါ်နေလို့ဖြစ်ပါ၏။ ကိုပြေသိမ်းနှင့် ကိုသာဆော့ စကားတွေ ပြောမကုန်တော့ မအိမ်ကံလည်း အပေါ်ထပ်ကို ပြန်တက်လာခဲ့သည်။ နောက်တော့လည်း မအိမ်ကံတစ်ယောက် ကိုပြေသိမ်းကိုစောင့်ရင်း မှေးခနဲအိပ်ပျော်သွားခဲ့ လေသည်။ အိမ်အောက်ထပ် သံစုံနာရီကြီး နှစ်ချက်တင်းတင်းမြည်သံအကြားမှာ မအိမ်ကံ ဆတ်ခနဲ လန့်နိုးသွားခဲ့သည်။ ဘေးမှာ ကိုပြေသိမ်းရောက်နေခဲ့ပြီ။

"အစ်ကိုမောင်မြတ်သာ နေကောင်းရဲ့လား အစ်ကို..."

"ကောင်းပါတယ်...စာက အရေးကြီးတော့ တခြား ဘာမှထည့်မရေးနိုင်ဘူးပေါ့လေ ...အခြေအနေတွေ ကောင်းစရာမရှိဘူး အိမ်ကလေး...ဂျပန်တွေကို မောင်းထုတ်ကြ တော့မယ်..."

ထိုညက မအိမ်ကံ အိပ်ပျော်သွားခဲ့သော်လည်း ကိုပြေသိမ်းခမျာ အိပ်ပျော်ပုံမရ။ တစ်ညလုံး ငုတ်တုတ် မိုးလင်းသွားခဲ့ပုံရသည်။ မနက် မအိမ်ကံနိုးတော့ ကိုသာဆော့ဆိုသူ မရှိတော့ပြီ။ မနက်စောစော ရွာကိုဖြတ်သွားတတ်ကြသော ထင်းလှည်းတစ်စီးပေါ် တင်ပေး လိုက်သည်ဆို၏။ မအိမ်ကံကတော့ တိုင်းရေးပြည်ရေးတွေ သိပ်မသိသော်လည်း ကိုပြေသိမ်း အမူအရာကိုကြည့်၍ အရေးကြီးမှန်းတော့ အကဲခတ်မိသည်။ ရွာတွေ ဆင်းရဲကြတာတော့ အမှန်ပင်။ မအိမ်ကံပင် ရက်ကန်းရုံတွေ ပိတ်ထားရတာကြာပြီ။ ချည်ခင်မရတော့၍ဖြစ်သည်။ ရက်ကန်းသမများခမျာ ဝင်ငွေမရှိကြတော့ ရရာရကြောင်း ရှာဖွေစားကြရှာပြီ။ မအိမ်ကံချပေး ထားသော ငွေရင်းတွေလည်း မဆပ်နိုင်ကြတော့။ အရင်းမဆပ်နိုင်ကြတာထား၊ စားဖို့ပင် အနိုင်နိုင်ဖြစ်နေကြသည်။ ဂျပန်က တစ်မျိုးဆိုသည့်ကြားက ဓားပြရန်က ပူပြန်ပါ၏။ နွားခိုး တွေကလည်း သောင်းကျန်းလွန်းလှသည်။ နွားပျောက်လျှင် အရှင်ရဖို့ မသေချာ။ ဘယ်သူကမှ လည်း ဂျပန်ကို သွားမတိုင်ချင်ကြတော့ ငြိမ်နေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

တကယ့်ခေတ်ပျက်ကြီးထဲမှာ မအိမ်ကံ၏ကိုယ်ဝန်ကလည်း ရင့်သည်ထက် ရင့်လာခဲ့ပြီ။

သည်ရက်တွေထဲမှာပဲ ကျေးဥနှင့်ဖိုးတုတ်ကို လူကြီးလေးငါးယောက်၊ ကန်တော့ပွဲတစ်ပွဲဖြင့် လက်ထပ်ပေးခဲ့ကြသည်။ အဖေဦးသာထန်နှင့် အမေပန်းရုံတို့က ဧကမတ်တင်းရှိမြေတစ်ကွက် လက်ဖွဲ့သလို မအိမ်ကံကလည်း ရွှေနှစ်ကျပ်သား လက်ဖွဲ့ခဲ့ပါ၏။ တစ်အိုးတစ်အိမ်တော့ အခွဲမခံဘဲ ဝိုင်းတိုက်ထဲက အိမ်မှာပဲနေစေသည်။ ကိုဖိုးငွေနှင့် မလှအုံတို့ကို မအိမ်ကံတို့အိမ်ဘက်မှာ လာနေခိုင်းလိုက်သည်။ ဘာပဲဖြစ်ဖြစ် မအိမ်ကံတို့အိမ်မှာ လူတွေ တရှန်းရှန်းရှိလှပါ၏။ ကျေးဥကတော့ မအိမ်ကံအနီးမှာ ဝတ်ကြီး ဝတ်ငယ်ပြုရုံသာ။ ဖိုးကူးကတော့ ကိုပြေသိမ်း၏ လက်ကတုံးတောင်ဇေး ဖြစ်လာပါ၏။ ကိုပြေသိမ်း မြင်းခြံသွားရသည့်အခါတိုင်း ဖိုးကူးပါမြဲ။

ခုတစ်လော ကိုပြေသိမ်းတစ်ယောက် မြင်းခြံကို အကူးအလူးများလှတာကို မအိမ်ကံမကြိုက်သော်လည်း မတားသာရှိခဲ့ရသည်။ မအိမ်ကံ စိုးရိမ်သည့်အတိုင်းပင် တစ်ရက်မှာတော့ ကိုပြေသိမ်း စီးလာသည့်လှည်းကို ဂျပန်စစ်ပုလိပ်သုံးယောက်နှင့် အလိုတော်ရိသုံးယောက်တို့က ရာကျော်ဇရပ်အနီးတွင် တားကာ လှည်းတစ်စီးလုံး ခါးကျိုးအောင် ရှာခြင်းခံခဲ့ရပါ၏။

ဖြစ်ချင်တော့ ထိုနေ့က လှည်းပေါ်မှာ ဂျပန်တို့က သဲကြီးမဲကြီးရှာနေကြသော ဗြိတိသျှတို့ ကောင်းကင်ကကြဲချသည့် လေနတ်သားသတင်းလွှာအချို့နှင့် အသံဖမ်းစက်ရေဒီယိုတစ်လုံး ပါလာခဲ့ခြင်းပင်။ အလိုတော်ရိသုံးယောက်ထဲမှာ တစ်ယောက်က ကျော်ဒင်ဖြစ်နေခြင်းပင်။

■

ထိုရက်က ကိုပြေသိမ်း ဇောင်ချမ်းကုန်းကို အပြန်နောက်ကျသည်။ မြင်းခြံမှာအချိန်လင့်သွားခဲ့ခြင်းဖြစ်၏။ ထိုနေ့က ကိုပြေသိမ်းတွင် မအိမ်ကံပေးလိုက်သော တာဝန်တစ်ခုကလည်း ပါလာခဲ့သေးသည်။ မြင်းခြံနေ ပွဲကတော်ကြီးထံ ဝင်ရန်ဖြစ်သည်။ လက်ရက်ထည်များထဲက ချည်လုံချည်လက်ကျန်များ ဈေးမကျသော်လည်း ချည်ထုပ်တွေက မတန်တဆဈေးခေါင်ခိုက်နေသဖြင့် အနားမကပ်နိုင်ဘဲ ရှိခဲ့သည်။ မအိမ်ကံအလိုက ရက်ကန်းရုံကို နားထားလို့ဖြစ်သော်လည်း ရက်ကန်းသားတွေ စားဝတ်နေရေးအတွက်ဖြစ်သည်။ ချည်ထုပ်ဈေးကျမကျ အလုပ်စလို့ဖြစ်မဖြစ် ဝင်မေးခဲ့ရန် မအိမ်ကံက မှာလိုက်ခြင်းဖြစ်၏။

"ခုနေတော့ မောင်ပြေသိမ်းရယ်...ရွှေတောင်ယောက်ျားပုဆိုးများက တစ်ထည်ရှစ်ကျပ်ရှစ်ပဲ...မုံရွာပုဆိုးက ခုနစ်ကျပ်...ဗမာဖျင်ကြမ်းပုဆိုးတွေက လေးကျပ် ဆယ့်နှစ်ပဲ...ပလေကပ်က တစ်ဆယ်နဲ့ရှစ်ပဲလောက်ပေါက်နေတယ်...ပလေကပ်က ကုလားပြည်က မလာတာကြာလို့ ထင်သလောက်တော့ မရှိဘူးပြောလိုက်ပါ...မအိမ်ကံက ရွှေဈေးလည်း မေးလိုက်လို့ရေးပေးလိုက်တယ်...ရွှေဒင်္ဂါး မြင်းလက်သစ်က တစ်ပြားခြောက်ဆယ့်ရှစ်ကျပ်...လက်ဟောင်းက ခုနစ်ဆယ့်တစ်ကျပ်...အထည်ပျက်ကတစ်ရာ...ပုရပိုက်ခေါက် ဇီကယ်က တစ်ရာ့လေးဆယ်...တိုလာက ကိုးဆယ့်ခြောက်ကျပ်...ပုရပိုက်ခေါက် အထည်ပျက်က တစ်ရာ့ဆယ့်ငါးကျပ်...ဒေါ်လာ လေးပြားစီးက နှစ်ရာ့ငါးဆယ်...နှစ်ပြားစီးက တစ်ရာ့အစိတ်ပေါက်နေတယ်...ရွှေရောင်းပြီးအထည်ရက်ချင်ဟန်တူပါရဲ့...ဘာမှမလုပ်နဲ့ဦးလို့ ပြောလိုက်ပါကွယ်... အရောင်းအဝယ်တွေက မကောင်းလှဘူး...ဈေးရှူးခေါ်တာပေါ့ကွယ်..."

ပွဲကတော်ကြီးက ပဲ့ပိုင်အသုံးများဖြင့် ပြောပြသော်လည်း ဂျပန်က 'ဆင့်' ဟု ခေါ်ဝေါ်ရန် အမိန့်ထုတ်ထားပါ၏။ ပဲ့ပိုင် သုံးစွဲခေါ်ဝေါ်လျှင် ပြင်းထန်စွာ အရေးယူသည်။ သို့သော် အများက ပဲ့ပိုင်ကိုပင် နှုတ်ကျိုးလက်ကျိုး ရှိနေကြဆဲဖြစ်ပါ၏။

ပွဲကတော်ကြီးအိမ်မှာလည်း တအိုးတအောင့် ကြာခဲ့သေးသည်။ ပွဲကတော်ကြီးနှင့် ဈေးနှုန်းစကား အမှာအကြားကိစ္စပြီးမှ ဆရာကြီးဦးဘခင်ထံ ကူးလာခဲ့ရသည်။ ဆရာကြီးက မြို့ပေါ်မှာ ထင်ထင်ပေါ်ပေါ်မနေတော့။ မောင်ရင်ပေါ်ချောက်ဘက်တွင် ရှောင်နေသည်ဖြစ်၍ မြို့အရှေ့တောင်ဘက် သွားရပြန်ပါ၏။ မောင်ရင်ပေါ်ချောက်ဘက်တွင် ဆရာကြီးနှင့်အတူ အခြားပုဂ္ဂိုလ်များပါ ရှိနေကြသည်။ ဆရာကြီးက လေနတ်သားစာစောင်အချို့နှင့် အသံဖမ်းစက်တစ်လုံး လျှို့ဝှက်စွာ ယူသွားရန် ထည့်ပေးလိုက်သည်။

"မောင်ပြေသိမ်း...အသံဖမ်းစက် နားထောင်ပါ...မင်းကြားသမျှ ဖြန့်ဝေပါ...ညနေငါးနာရီဆိုရင် စစ်သတင်းတွေလာတယ်...ဂရုတော့စိုက်ကွယ့်...အသံဖမ်းစက်မိရင် မသက်သာလှဘူး...ဂျပန်ဝါဒ ဖြန့်နေတာတွေလည်း မဟုတ်ဘူး...အင်္ဂလိပ်ဝါဒ ဖြန့်နေတာတွေလည်း မမှန်ဘူး...သို့ပေသိ စစ်သတင်း စစ်အခြေအနေကိုတော့ မပြတ်သိနေဖို့ လိုတယ်...မောင်ပြေသိမ်းရေ လုံလုံခြုံခြုံတော့ ရှိပစေကွယ့်..."

စစ်ဖက်အရာရှိများ၏ ထောက်ခံချက်ရသည့် အသံဖမ်းစက်များကိုသာလျှင် အသံလွှင့်ခြင်းကို နားထောင်နိုင်ကြသည်။ ထိုခွင့်ပြုချက်စာရွက် မပြနိုင်လျှင် ရက်စက်စွာ ညှင်းပန်းခံရတာကို ကိုပြေသိမ်းသိပါ၏။ ဂျပန်ဗဟိုကြေးနန်းနှင့် တယ်လီဖုန်းဌာနက ကြည့်ရှုပြင်ဆင်ပြီးမှ နားထောင်ခွင့် လိုင်စင်ရသည်ဖြစ်၍ ဂျပန်က လိုင်းကြိုးများကို ဖြတ်တောက်ပြီးမှ ခွင့်ပြုကြသည်။ ထိုနေ့က လေနတ်သားစာရွက် သုံး,လေးရွက်နှင့် အသံဖမ်းစက်ကို ဖိုးကူးကပဲ တာဝန်ယူကာ ဝှက်ပေးပါ၏။ မြင်းခြံနှင့် ဇောင်ချမ်းကုန်း အကူးအလူး များခဲ့ပြီဖြစ်သော်လည်း တစ်ခါမှ ရှာဖွေခြင်းမရှိတော့လည်း ခပ်ပေါ့ပေါ့ပင် ထွက်လာခဲ့ကြသည်။ နာမည်ကျော် ရာကျော်ဇရပ်အနီး အရောက်မှာတော့ မမျှော်လင့်သောအဖြစ်နှင့် ကြုံရလေပြီ။ ဂျပန်စစ်ပုလိပ်သုံးယောက်နှင့် အလိုတော်ရိသုံးယောက်။ ကိုပြေသိမ်းကို စိမ်းစိမ်းဝါးဝါးကြည့်နေသူမှာ ဇောင်ချမ်းကုန်းရွာသား အမှုပွဲစား ကျော်ဒင်။ မျက်နှာတွေက တင်းမာလွန်းလှကာ သတင်းအရ စောင့်စားနေကြပုံပေါ်ပါ၏။ ဂျပန်စစ်ပုလိပ်က လှည်းရှေ့ ကားရားခွရပ်ပြီး လက်ကာပြသည်။ ကျော်ဒင်ကပဲ စမေးလေသည်။

"ဘယ့်နှယ်တုံး ကျောင်းဆရာရဲ့...မြင်းခြံနဲ့ဇောင်ချမ်းကုန်း အလှမ်းစိတ်လှချည့်လား...ဘာတွေများ သွားသွားလုပ်နေသာတုံး...နိပ္ပန်မာစတာတွေကတောင် မျက်စိနောက်နေမှတော့ မကောင်းဘူးဗျ..."

ကိုပြေသိမ်းက ကျောင်းဆရာဆိုသည့်အသုံးကို မကြိုက်လှသော်လည်း ဘာမှပြန်မပြောဘဲ လှည်းပေါ်က ဆင်းလိုက်သည်။ ဖိုးကူးကတော့ နကန်ကိုကိုင်ရင်း နွားနဖားကြိုးကိုတုန့်ဆွဲထားရင် ကျန်ရစ်ခဲ့ပါ၏။ လှည်းပေါ်မှာ ဘာမှတော့မပါပါ။ မြင်းခြံထွက်ပစ္စည်းအနည်းအပါးနှင့် စားစရာအချို့သာဖြစ်သည်။ အလိုတော်ရိတစ်ယောက်က လှည်းအောက်ကိုဝင်ကာ

www.burmeseclassic.com

စေ့စေ့စပ်စပ်ကြည့်သည်။ လှည်းပေါ်တက်ပြီး ကတ်ကြမ်းကိုခွာသည်။ လှည်းရုံတိုင်မှာ ချိတ်ထား သည့် ဖိနပ်တွေကိုပင် ဖြုတ်ယူပြီး အဟုရှိမရှိ ဖြဲကြည့်သည်။

"နေဦးဗျ…အမှုပွဲစားရဲ့…ခင်ဗျားတို့က ဘာရှာတာတုံး…"

"အင်္ဂလိပ်လေယာဉ်ပျံတွေက ကြဲချသွဲ့စာရွက်တွေ ရှာသာ…အနောက်တန်းရွာတွေမှာ အင်္ဂလိပ်ဝါဒဖြန့်စာရွက်တွေ ရောက်နေသာ သတင်းရထားသယ်…မြင်းခြံက ဝင်လ သာလည်း နိပ္ပွန်မာစတာတွေက သိနေသယ်…ဒါမျိုးက လူတိုင်းလုပ်ဝံ့သာ မဟုတ်ဘူး လေ…"

"ဖြစ်ရလေဗျာ…ဒါမျိုး လှည်းပေါ်တင်လာပါ့မလား ကိုယ့်လူရဲ့…အဲသလောက် ဘယ်ညံ့ပါ့မလဲ…"

အမှုပွဲစား ကျော်ဒင်က မထီတရီ နိုင်လှသည်။ အလိုတော်ရီ ဘဆောင်ကတော့ လှည်းပေါ်မှာ သေချာပေါက် တွေ့ရတော့မည့်ပုံဖြင့် လှည်းစရွေးပေါက်ရှိသမျှ လိုက်ကြည့်နေ သည်။ ဘာမှမတွေ့။ သို့သော် လှည်းကို မလွှတ်သေးဘဲ သဲကြီးမဲကြီးရှာပြန်ပါ၏။ ဖိုးကူးကို ဆင်းခိုင်းသည်။ ဖိုးကူးက နကန်ကို ဖော်ထမ်းထမ်းရင်း ခုန်ချသည်။ ဘဆောင်က ဖိုးကူးနရင်းကို တစ်ချက်ရိုက်လိုက်ရင်း ငေါက်သည်။

"ကောင်လေး ပြောစမ်း…ဘာပါသလဲ"

ဖိုးကူးက မျက်နှာတစ်ချက်ပျက်သွားသော်လည်း ဘာမှမပြောဘဲ ကိုပြေသိမ်းကို လှမ်းကြည့်သည်။ ကိုပြေသိမ်းက ဘဆောင်အနား တိုးသွားပြီး အင်္ကျီလည်ကုပ်ကို ဆွဲလိုက် လေ၏။

"ဟေ့ကောင်…မင်းက ဗမာလုပ်ပြီး သွေးပုပ်လှချည့်လားကွ…မင်းရှာလေ…တွေ့ရင် မင်းတို့သဘော…လူကို မထိနဲ့…"

ဂျပန်စစ်ပုလိပ်နှစ်ယောက်က ကိုပြေသိမ်းကို ချုပ်လိုက်ကြကာ တစ်ကိုယ်လုံးအနံ့ ရှာကြသည်။ ပွဲစားကြီးကတော် ရေးပေးလိုက်သည့် ဈေးစားရင်းစာရွက်ကိုတွေ့တော့ အမှုပွဲစား ကျော်ဒင်ကို ပြသည်။ ကျော်ဒင်က စာကိုဖတ်ပြီး ခေါင်းခါပြရင်း ဂျပန်လို ရှင်းပြသည်။ နာရီဝက်လောက်ကြာတော့မှ လှည်းကို ပြန်လွှတ်လိုက်သည်။

"ကျောင်းဆရာ ကံကောင်းလှသဗျ နော…"

"အေးဗျ…ခင်ဗျားတို့တော့ ကံဆိုးတာပဲ…ခင်ဗျားတို့ မရှာတတ်သေးဘဲကိုးဗျ…"

အမှုပွဲစားကျော်ဒင်က တံတွေးကို ထွီခနဲထွေးသည်။ လှည်းထွက်လာတော့ ခါးထောက် ရင်း ကျန်ရစ်ခဲ့ကြလေသည်။

ကိုပြေသိမ်းတို့လှည်း အိမ်ပြန်ရောက်တော့ ကိုပြေသိမ်းက လှည်းကို ချွတ်စေသည်။ နွားနှစ်ကောင်ကို နွားစားကျင်းမှာ ချည်စေသည်။ လှည်းပေါ်ကပစ္စည်းတွေ မချခိုင်းဘဲ အိမ်ထဲ ဝင်လာခဲ့သည်။ မအိမ်ကံကို အကျိုးအကြောင်းပြောပြသည်။ မအိမ်ကံကတော့ ကျော်ဒင်ကို အခဲမကျေနိုင်ဘဲ ရှိလေ၏။ ဦးသာထန်နှင့် ဒေါ်ပန်းရုံတို့က ဥပုသ်နေ့မို့ ဘုန်းကြီးကျောင်းမှာ ရှိနေကြသည်။ မှောင်မှ အိမ်ပြန်လာကြလိမ့်မည်။

"ဖိုးကူး…လှည်းပေါ်ကပစ္စည်းတွေ မချနဲ့…သည်ကောင်တွေ ရောက်လာကြလိမ့် ဦးမယ်…အိမ်ကို ရှာကြလိမ့်မယ်…မယုံ ကြည့်နေကြ"



ထင်သည့်အတိုင်းပင် ညနေစောင်းစောင်းမှာ စောစောက စစ်ပုလိပ်များနှင့် ကျော်ဒင် တို့ အလိုတော်ရီသုံးယောက် ရောက်လာကြပြန်သည်။ လှည်းပေါ်မှာ မတွေ့သော်လည်း အိမ်မှာတော့ ရှိရမည်ထင်ကာ အရှာအဖွေရောက်လာကြခြင်းဖြစ်သည်။ ကျော်ဒင်တို့ ရောက်လာ သည်နှင့် မအိမ်ကံ ဆင်းလာခဲ့သည်။ မအိမ်ကံက ကျော်ဒင်ရှေ့ သွားရပ်သည်။ ခါးကို တင်းတင်းထောက်ရင်း မေးသည်။

"အလို ပွဲညွှန့်စားမင်း…ဘာကိစ္စပါလိမ့်…လှည်းကျိုးအောင် ရှာသာတောင် အားမရ ဘူးလား…ကျုပ်တို့ဝိုင်းတိုက်ထဲကို ဂျပန် ခေါ်လာသာ နှစ်ခါရှိပြီကော…မလွန်လွန်း ဘူးလား…ဘာတွေများ အခဲမကျေနိုင်ပါလိမ့်တော်…"

"အခဲမကျေသာမဟုတ်ဘူး မအိမ်ကံ…နိပ္ပွန်မာစတာတွေက မသင်္ကာလို့ ရှာချင်သယ် ပြောသာနဲ့ ခေါ်လာသာ…သည်ဘက်ရွာတွေမှာ ဗြိတိသျှစာရွက်တွေရောက်နေလို့…"

"ရှာပါ…ရှာပါ…ဘိန်းပစ်မထားရင် တွေ့စရာမရှိပါဘူး…"

"ကျုပ်တို့က ဘိန်းပစ်ဖမ်းသွဲ့ကောင်တွေမဟုတ်ဘူး မအိမ်ကံ…စကားကို ဆင်ခြင် ပြောပါ…တာဝန်အရ လုပ်ရသာ…ဘဆောင် ရှာကွာ…"

ဘဆောင်နှင့် အခြားတစ်ယောက်က အိမ်ဝိုင်းအနှံ့ အိမ်အောက် အိမ်ပေါ်ရှာကြသည်။ ဂျပန်စစ်ပုလိပ်တွေကတော့ ခပ်လှမ်းလှမ်းက အကဲခတ်နေကြ၏။ ကိုပြေသိမ်းက စာရွက်စာတမ်း တချို့ကို ကိုင်လာကာ ဂျပန်စစ်ပုလိပ်တစ်ယောက်ကို သွားပြသည်။ အင်္ဂလိပ်လို ပြောပြနေသည်။ ဂျပန်က အင်္ဂလိပ်စကားကို နားမလည်။ ကိုပြေသိမ်းပြသည့် စာရွက်နှစ်ရွက်ကို ဖြန့်ကြည့်သည်။ ကိုပြေသိမ်းကို သည်ဘက်နယ်တွင် အရှေ့အာရှလူငယ်များအစည်းအရုံး စည်းရုံးရေးမှူး ခန့်ထား ကြောင်း မြန်မာ–ဂျပန် နှစ်ဘာသာ စာရွက်နှစ်ရွက်ဖြစ်သည်။ မြန်မာဘာသာစာရွက်တွင် အစည်းအရုံးဥက္ကဋ္ဌ ပုဂံဦးဘဂျမ်းနှင့် အထွေထွေအတွင်းရေးမှူး သခင် ခင်အောင်တို့၏လက်မှတ် ပါသည်။ ဂျပန်ဘာသာစာရွက်မှာတော့ ဂျပန်စစ်တပ်မှ နာဂါယူကာဝါအုချိနှင့် ကိုးမိုးဒါးတို့ လက်မှတ်ရေးထိုးထားတာပါသည်။

ဂျပန်စစ်ပုလိပ်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဂျပန်အချင်းချင်း စကားတွေပြောနေ ကြသည်။ အမှုပွဲစားကျော်ဒင်ကို 'တစ်စုံတစ်ရာလှမ်းပြောပြီး ကိုပြေသိမ်းကို ဦးညွှတ်ကာ ထွက်သွားကြတော့သည်။ ကျော်ဒင်တို့ ဘဆောင်တို့လည်း အသာယို့ကာ လိုက်ဖို့ပြင်ရလေ တော့သည်။ မအိမ်ကံက အခြေအနေကို အကဲခတ်မိသည်နှင့် ကျော်ဒင့်ကို လက်ညှိုးငေါက် ငေါက်ထိုးလေ၏။

"ဝိုင်းထဲက အခုထွက်ကြစမ်း…အမျိုးသစ္စာဖောက်တွေ…ဆရာကြည်လို သူတော် ကောင်းကိုတောင် သတ်သွဲ့ဟာတွေ…ကိုယ့်ရွာက မြင်းကျိုးတွေက ပတပ်ထ,ရပ်ချင် ကြသာ တမှောင့်တော်…"

ကိုပြေသိမ်းက စာရွက်တွေပြလိုက်ရလို့ ဂျပန်စစ်ပုလိပ်တွေက ဘာကိုကျေနပ်သွားမှန်း မသိကြသော်လည်း ထိရောက်သည့် စာရွက်စာတမ်းတွေလို့တော့ ကျော်ဒင်တို့လူစု သဘော ပေါက်ကြပုံပေါ်သည်။ ဂျပန်တွေနောက် ကောက်ကောက်ပါအောင် လိုက်ကြလေ၏။ ဂျပန်တွေ ပြန်တော့မှ ကိုပြေသိမ်းက ဖိုးကူးကို လှည်းပေါ်က လေနတ်သားစာရွက်များနှင့် အသံဖမ်းစက် ငယ်ကို ယူခိုင်းလိုက်သည်။ သည်ပစ္စည်းတွေ လှည်းပေါ်မှာ ပါလာခဲ့ကြပေသိ ဂျပန်တွေ မတွေ့

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြ။ စာရွက်လိပ်က နွားရိုက်နကန် (တံဖျာ) ဖင်တွင် အခေါင်းပြုကာ လိပ်ထည့်ထားခြင်းဖြစ်၍ အသံဖမ်းစက်က လှည်းရှေ့စွယ်ရန်းမှာ ချိတ်ထားသော ဘူးသီးခြောက်ရေဘူးကြီးထဲမှာ ထည့်ထားခြင်းဖြစ်၏။ ရေမပါသော ဘူးခါးသီးခြောက်ကို ခါးရစ်မှ ဆွဲဖွင့်လိုက်တော့ အတွင်းမှာ ပစ္စည်းထည့်နိုင်သည်။ ရေဘူးတောင်းကို ကြိမ်ကွပ်၍ ကြိုးဖြင့်ဆိုင်းကာ ခရီးဆောင်ရေဘူးအဖြစ် သုံးကြသည်။ လှည်းတိုင်းမှာ ဘူးသီးခြောက်ရေဘူးပါတတ်သဖြင့် ဂျပန်တွေက ခရီးဆောင်ရေဘူးလို့သာ ထင်ကြခြင်းဖြစ်၏။ ဖိုးကူးက ဘူးသီးခြောက်အဖုံးကို ရေကလေး စွတ်ထားတော့ အထဲမှာ ရေရှိကြောင်းပြထားသလို ဖြစ်နေတာလည်း ပါပါလိမ့်မည်။

"အစ်ကိုရယ်...ဒုက္ခတော့ရောက်တော့မှာပဲ...ကံသီလို့ပါလား...တွေ့လိုက်ရင် မသက်သာဘူးနော်...မအိမ်ကံ ရင်တွေပူလိုက်သာတော်...အသွားအလာ ဆင်ခြင်ပါတော့..."

ကိုပြေသိမ်းကတော့ ခပ်ပြုံးပြုံးပင်။ မအိမ်ကံဝမ်းဗိုက်ပုံ့ပုံ့ကို ပွတ်သပ်ရင်း ချော့တော့လည်း မပြောသာတော့ပြီ။

■

တန်ခူးမည်မှတ် ဖက်ဆွတ်ရေတိုး သင်္ကြန်မိုး...

အခါရက်တွေတုန်းက သင်္ကြန်လက်ဆေး မိုးကလေး ရွာချပြီးနောက် လေပြင်းတွေ မကြာခဏဆိုသလို ကျနေတတ်သည်။ တစ်ခါတစ်ရံ လေနီကြမ်းပင် ကျတာရှိသည်။ လေတွေ မှုန်နေတာကလည်း ညနေခင်းတိုင်းလိုလိုပင်။ သင်္ကြန်ရက်တွေတုန်းက အခါကြီးရက်ကြီး မုန့်တွေလုပ်ကြ၊ လှူကြ တန်းကြ လုပ်ခဲ့ကြသေးသည်။ စည်စည်ကားကားတော့မဟုတ်။ ထုံးစံမပျက် ကျင်းပခဲ့ကြခြင်းသာ ဖြစ်၏။ သည့်နောက်တော့ ဖောင်ချမ်းကုန်းသည်လည်း အပူဒဏ်ကို ကျောကော့အောင် ခံရင်း ငိုက်မျဉ်းနေသည့်ပမာ မလှုပ်မယှက်ရှိခဲ့ရသည်။

မအိမ်ကံခမျာ ကိုယ်ဝန်ရင့်မာလာသည်နှင့်အမျှ အိမ်ကြီးပေါ်မှာ အချိန်တွေကုန်ခဲ့ရသည်။ တစ်ခါတလေ ရက်ကန်းသံ မည်းတော့သော ရက်ကန်းရုံတွေဘက်ကို လှမ်းမျှော်ကြည့်ရင်း အပျိုဘဝကို သတိရနေမိတတ်ပါ၏။ ကိုယ့်ခြေကိုယ့်လက် ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ် လုပ်ချင်သမျှ လုပ်နိုင်ခဲ့သော ကြေးရတတ် သူကြီးသမီးတစ်ယောက်အဖို့ 'လကလည်းသာ, လေကလည်းဖြူး' ခဲ့ရသည့် ဘဝပင်။ ရွာဆင်းရဲမှန်းသိတော့ တတ်စွမ်းသမျှ ပခုံးနှင့်ခံခဲ့သည်။ ခေတ်ဆိုးခေတ်ကြပ်ကြီးထဲမှာ လူတွေအားလုံး အတိဒုက္ခဆိုက်နေကြရပြီ။ ကလေးတွေခမျာလည်း စာကောင်းကောင်း သင်ချင်လို့ မရသည့်အခြေအနေ ရောက်နေကြရသည်။

မအိမ်ကံ ကိုယ်ဝန်ရင့်လာတော့ အမေပန်းရုံက ပုတီးကလေးတစ်ကုံး လက်ထဲထည့်ပေးသည်။ မေတ္တာသုတ်ကို ရွတ်စေသည်။ သားလေလား, သမီးလေလား မသိရသေးသည့် ရင်သွေးကို စိတ်မှတ်ရင်း မေတ္တာပို့စေခဲ့ပါ၏။

"သည်လိုအချိန်ကလေးမှာ မေတ္တာစိတ်ကလေးကိုပဲ အာရုံညွှတ်ကွယ့် သမီးရဲ့... ကိုယ်ဝန်သည်ဆိုသာ စိတ်နှလုံးငြိမ်းအေးအောင် ထားရသယ်...ဘဝတစ်ခုက ဘဝတစ်ခုကို လာပြီး တွယ်ငြိသယ်ဆိုကတည်းက အကြောင်းတွေရှိသယ်...ဘဝဟောင်းက အကြောင်းကြောင်းကြောင့် ငါ့သမီးဝမ်းမှာ လာမှီးသာပေါ့...ဖွားရက်က လဆုတ်ဖွားထဲကျတော့ ဆယ့်လေးရက်ဖွားရင် ကောင်းမှာ...သားသမီးချော ရတတ်သယ်..."



"ဟုတ်လား အမေ..."

"ဟုတ်သယ်သမီး...ဖွားရက်အလိုက် အကျိုးပေးသာတွေ ရှိသယ်...လဆုတ်နှစ်ရက်ဖွားတော့ ဥစ္စာပေါတတ်သယ်...လဆုတ်ခြောက်ရက်ဖွားရင် ချမ်းသာသယ်...လဆုတ်ခုနစ်ရက်ဖွားများကျတော့ သူတော်ကောင်းသဲ့တော်...လဆုတ်ဆယ့်နှစ်ရက်ဖွားရင် ကြွယ်ပိုးကြွယ်ဝရှိသယ်...လဆုတ်ဆယ့်သုံးရက်ဖွားတော့ ထင်ပေါ်တတ်သသဲ့...လဆုတ် ဆယ့်လေးရက်ဖွားရင်တော့ အဆင်းလှသသဲ့တော်..."

"ကနေ့ ဘယ်နှရက်ပါလိမ့် အမေ..."

"လပြည့်ကျော်ဆယ်ရက် ထင်သာပဲဟဲ့...ငါ့သမီးမွေးရက်က လိုသေးထင်ပ..."

"မအိမ်ကံကတော့ လပြည့်ကျော် ဆယ့်လေးရက်နေ့ကျအောင် စောင့်မွေးမယ်...မအိမ်ကံသမီးက ချောမှကိုဖြစ်မှာ..."

"ငါ့သမီးရယ်...ဘယ့်နှယ် မွေးရက်များ စောင့်မွေးရမယ်လို့...စိတ်ထဲ ဘာမှမထားနဲ့...ပေါ့ပေါ့ပါးပါးနေ..."

မအိမ်ကံစိတ်ထဲမှာ သမီးမိန်းကလေးသာ စိတ်စွဲနေခဲ့သည်။ ကိုယ်ဝန်ဆောင်ရသည့် ရက်တွေမှာ သမီး မအိမ်မြိုင် အမည်တပ်ပြီး မေတ္တာအာရုံပြုခဲ့သည်။ ချောပါစေကြောင်း၊ လှပါစေကြောင်း ဆုတောင်းခဲ့သည်။ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကို တိုင်တည်ခဲ့သည်။ မိဆိုင်ဖဆိုင် ရိုးရာနတ်ကို တောင်းပန်ခဲ့သည်။ "မအိမ်မြိုင်ရယ်...အမေ့သမီး...ညည်း ချောလွန်းလှလွန်းလိုက်စမ်းပါအေ...အမေ လက်ခမောင်းခတ်လိုက်စမ်းပါရစီ..." လို့ မကြာခဏ ရေရွတ်ခဲ့သည်။

မအိမ်ကံ မီးဖွားဖို့အတွက် မီးနေဆောင် ပြင်ဆင်ကြပြီ။ မအိမ်ကံကို မွေးဖွားခဲ့သော အိမ်အောက်ထပ်အခန်းထဲမှာပဲ မီးနေကတ်တွေခင်းကာ ရှင်းကြလင်းကြ။ မီးနေသည့်အသုံးအဆောင်တွေ စုဆောင်းကြနှင့် တစ်အိမ်လုံး မအိမ်ကံကိုသာ အရိပ်တကြည့်ကြည့် ရှိနေကြသည်။ ရွာအနောက်ပိုင်းက အရပ်လက်သည် အမေညိုကို နေ့ရောညပါ အိမ်မှာပဲ ကျွေးမွေးပြီး ခေါ်ထားလိုက်ကြပြီ။

စိတ်ကပဲ ဆောင်လို့လား မပြောတတ်ပါ။ တန်ခူးလပြည့်ကျော် ဆယ့်လေးရက်နေ့မှာ မအိမ်ကံ ဝမ်းဗိုက် နာလာခဲ့သည်။ အမေညိုက မအိမ်ကံကို မီးနေခန်းထဲမှာ လမ်းလျှောက်ခိုင်းသည်။ မအိမ်ကံ အလှမ်းအပြုကို အကဲခတ်သည်။ ကျေးဥက မအိမ်ကံ မလဲမပြိုအောင် ဘေးမှာ ရှိနေရပါ၏။ ကိုပြေသိမ်းကတော့ ပဲမှော်တိုက်ဘေးက ထန်းကုလားထိုင်မှာ ယောက္ခမသူကြီးနှင့်အတူ ထိုင်နေရသော်လည်း စိတ်က မဖြောင့်နိုင်။ အရေးရယ် အကြောင်းရယ်ရှိလျှင် မြင်းခြံကိုပို့ရန် လှည်းနှင့် ဖိုးကူးကို အသင့်ရှိနေစေသည်။ မီးနေခန်းဆီက မအိမ်ကံ ညည်းသံကြားရပြန်၏။

ညနေ မွန်းလွဲ နှစ်ချက်တီးပြီးစမှာပင် လေနီကြမ်းကျလာခဲ့ပြီ။ သဲတွေ ဖုန်တွေက တစ်ရွာလုံး မီးခိုးလုံး ဖုန်လုံးများလို မှုန်မှိုင်းစေခဲ့သည်။ ကောင်းကင်သည် ရဲရဲနီလျက်ရှိလေသည်။ လေက ပြင်းသည်ထက်ပြင်းလာသကဲ့သို့ မအိမ်ကံ၏ ကာယိကဒုက္ခဝေဒနာကလည်း ပြင်းသည်ထက် ပြင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"မအိမ်ကံ ညည်းစိတ်က အရေးကြီးသယ်...လေပြင်းကျသော ညည်းနဲ့မဆိုင်ဘူး မှတ်...မကြောက်နဲ့ အမေညို့ရှိသယ်...မကြာညွန့်တို့ ရှိသယ်...ညည်းအမေ ပန်းရုံ ရှိသယ်...လှအုံတို့၊ စိမ်းမြတို့၊ ကျေးဥတို့ရှိသယ်...ကြားလား မိန်းကလေး..."

ည ခုနစ်နာရီ...။

လေပြင်းသည်ပင် ငြိမ်ကျသွားပါ၏။ မိုးစက်ကလေးတွေ တဖျောက်ဖျောက်ကျသံ ကြားနေရသည်။ မအိမ်ကံသည် ခဏကလေး မိန်းမောသွားသလို ငြိမ်သက်သွားလေသည်။ ဝမ်းဗိုက်က ညှစ်ယူလိုက်သလို နာကျင်သွားသဖြင့် 'အမေရေ' လို့ အော်လိုက်သည်။ မအိမ်ကံအားကို တင်းသည်။ ကနေ့ လပြည့်ကျော် ဆယ့်လေးရက်...။ ကနေ့မွေးမှကို ဖြစ်မည်။ မိန်းကလေးမွေးမှကို ဖြစ်မည်။ သည်နှစ်ချက် တိုက်ကို တိုက်ဆိုင်ရမည်။

ည ကိုးနာရီ...။

သံစုံနာရီကြီးထိုးသံ ကိုးချက် ထွက်ပေါ်လာလေပြီ။

ည ဆယ်နာရီ...။

ည ဆယ့်တစ်နာရီ...။

နာရီကြီး၏ သံစုံနာရီထိုးသံကို ညည်းညူနေရသည့်ကြားက မအိမ်ကံ ကြားနေရပါ၏။ ညဆယ့်နှစ်နာရီကျော်မှ မွေးရင်ကော။ ဒါဆိုရင်တော့ နေ့ကူးသွားလိမ့်မည်။ အခုကော ဘယ်နှနာရီ ထိုးနေပြီလဲ။ မအိမ်ကံ မခန့်မှန်းတတ်ပါ။ မအိမ်ကံရင်ထဲမှာ ဟာခနဲဖြစ်သွားသလို ခံစားလိုက်ရပြီး နာကျင်ခြင်း၏ အခေါင်အဖျားကို ရောက်သွားသလို တစ်ချက်ညည်းညူလိုက်သည်။

"အမေ့..."

"ပန်းရုံ...ဟဲ့ ပန်းရုံ...ညည်းမြေးကလေး မွေးပါပြီတော်...နာရီမေးစမ်းဟဲ့"

အမေပန်းရုံက ပဲမှော်တိုက်အမှောင်ထဲမှာ ထိုင်နေကြသူ နှစ်ယောက်စီကို ပြေးလာကာ ကိုပြေသိမ်းကို နာရီမေးသည်။ ကိုပြေသိမ်းက အနားက ဒန်မီးခတ်ကို ခြစ်ပြီး လက်ကနာရီ ကြည့်သည်။

"ဆယ့်တစ်နာရီ သုံးမတ်အမေ..."

အမေပန်းရုံ မီးနေခန်းထဲ ပြန်ဝင်လာခဲ့ကာ နာရီပြောပြနေသည်။ ဆယ့်တစ်နာရီ သုံးမတ်...။ ဒါဆိုရင် နေ့မကူးသေးဘူး။ လပြည့်ကျော် ဆယ့်လေးရက်နေ့ဖွားပေါ့..." ကလေး လှပြီ ချောပြီပေါ့...။ နေပါဦး...ဘာလေးမွေးပါလိမ့်...။ အမေပန်းရုံက မေးနေပြီ။

"အမေညို...ခြေလက်အင်္ဂါ စုံရဲ့လားတော်..."

"စုံပါ့အေ...ဖအေ့ခြေဆံလက်ဆံမျိုး အေရဲ့...မှန်အိမ် သည်နားရွှေ့စမ်း..."

အမေပန်းရုံက မှန်အိမ်ကို မီးစာမြှင့်ရင်း ရွှေ့လာခဲ့သည်။

"ဘာလေးလဲ အမေညို..."

အမေပန်းရုံအသံက တုန်လှိုက်နေပါ၏။ မအိမ်ကံခမျာ မိန်းမောနေသည့်ကြားက နားစွင့် နေခဲ့သည်။ မအိမ်ကံအဖို့ သည်အချိန်ကလေးက ကံတိုက်မဲဖွင့်ချိန် မဟုတ်လား။

ဘာလေးလဲ...။ ဘာလေးလဲ...။ ဖြေကြပါတော့...။

■

(၂၆)

မအိမ်ကံ၏ မီးနေရက် မီးတွင်းရက်များအတွင်း မီးနေခန်းထဲမှာပဲ အောင်းနေရတော့သည်။ နနွင်းတွေ တစ်ကိုယ်လုံး ဝါထိန်နေအောင်လူး၊ နနွင်းရည်နှင့် ရင်းပြားသွေးကာ သောက်ရင်း မီးကပ်ကြီးဘေးမှာ ထင်းမပြတ်ထည့်ပြီး မီးကင်နေရသည်။ မီးနှင့်မျက်နှာမြင်ရခြင်း၊ မီးနှား အဆက်မပြတ် နေရခြင်းကြောင့် မီးနေသည်လို့ခေါ်ကြောင်း အမေပန်းရုံက ရှင်းပြပါ၏။ မအိမ်ကံကတော့ မီးတွင်းအောင်းနေရသည့် ခုနစ်ရက်လုံးလုံး ဘယ်ကိုမှစိတ်မရောက်မိဘဲ ရင်သွေးကလေးဆီကိုသာ စိတ်တွေနှစ်ပုံထားလိုက်မိသည်။

သမီးကလေး မအိမ်မြိုင်...။

ဆုတောင်းလိုက်ရသာ သမီးရယ်။ အမေဖြင့် တန်ခူးလ ပုပ္ပလောင်လောင်ကြီးထဲ မွေးရပေမယ့် ပူသယ်ထင်မိပေါင်အေ...ညည်းကလေး လပြည့်ကျော် ဆယ့်လေးရက် မွေးပါမယ့်အကြောင်း အမေဖြင့် ရှင်ကြီးရှင်ကောင်း နတ်ကောင်းနတ်မြတ် ဆုတောင်းလိုက်ရသာ...။ ညည်းမွေးမယ့်ရက်က လေနီကြမ်းကြီး ကျသေးသကောအေရဲ့...။ မိန်းမကြမ်း မိန်းမစွာများ ဖြစ်ချင်ရော့လားအေ...။ မာနရှိစမ်းပါသမီး...မိန်းကလေးဆိုသာ မာနရှိရသယ်...။ သူတကာကို ရှန်းရှန်းရင်းရင်း ဆက်ဆံရမယ့်မာနမျိုးမဟုတ်ဘူး သမီးရဲ့...။ ဣန္ဒြေနဲ့သိက္ခာကို ဘဝမှာ တည်တည်ကြည်ကြည် စောင့်ထိန်းလိုက်စမ်းမဟဲ့ဆိုသဲ့ မာနကိုပြောသာ။ ကိုယ့်ကိုယ်ကိုယ် မှဲ့တစ်ပေါက် မစွန်းရအောင် စောင့်ထိန်းမယ်ဆိုသဲ့မာန ရှိရသယ်...။ ရွာ့ကွမ်းတောင်ကိုင် ဖြစ်ရမယ်ဆိုသဲ့ မာနရှိရသယ်...။ အမေ ကွမ်းတောင်ကိုင် မဖြစ်ခဲ့ဘူးဆိုပေသိ ညည်းဖြစ်ရမှာပေါ့...။ ကျောင်းဆရာ ကိုပြေသိမ်းနဲ့ မအိမ်ကံ ဆိုသဲ့ ငယ်လင်ငယ်မယားက မွေးပြီပဲ သမီးရဲ့...။ ညည်းက လဆုတ်ဆယ့်လေးရက်ဖွား...မိန်းမချောဖြစ်မယ့်မိန်းမ...။ လှလိုက်စမ်းပါအေ...စက်စက်ယိုအောင် လှလိုက်စမ်းပါ...အဆင်းရော အချင်းပါ လှလိုက်စမ်းပါ...အမေလက်ခမောင်းခတ်လိုက်စမ်းပါရစီ...။

ဗန်းထဲမှာ ထွေးထွေးကလေး အိပ်နေသော သမီးကလေးကို စောင်းကြည့်ရင်း မအိမ်ကံ တစ်ယောက်တည်း စိတ်ထဲက ပြောနေမိခြင်းဖြစ်သည်။ မွေးပါပြီဆိုကတည်းက သမီးကလေးကို စိတ်ညွှတ်ကာ ယင်းစကားတွေ ပြောနေခဲ့သည်။ သမီးကလေးက အငိုအပြုံ နည်းသည်။ ရဲရဲ

www.burmeseclassic.com

www.burmeseclassic.com

မှည့်နေသည့်အသားအရေကိုကြည့်ပြီး မလှအုံက အသားများညိုနေဦးမှာလားအေလို့ ပြောခဲ့သည်။ မလှအုံက 'ပေါင်း, ခူး, ဆုန်မှာ ဖွားမြင်လာ မြောက်မှာ အချင်းမြှုပ်၊ နယုန်, ဝါ, ဝါ ဖွားမြင်လာ ရှေ့မှာ အချင်းမြှုပ်' ဆိုတာတွေလည်း ရသည်။ သမီးကလေးက တန်ခူးမွေး ဆိုတော့ မြောက်အရပ်မှာ အချင်းမြှုပ်ရပါ၏။

"ကလေးများ မွေးသယ် မွေးသယ်နဲ့ တို့ဗမာများ အင်မတန် စနစ်ဖယားရှိသာ... ရှေးလူကြီးများထားခဲ့သဲ့ ထုံးစံများ အလကားမှတ်လို့ သူငယ်ထမင်းခွဲ့သာကအေ သူ့ရက်နဲ့သူ ခွဲ့ရသာအေရဲ့...'ဖွားမြင်ပြီးနောက် ခြောက်လမြောက် ကောက်၍ ထမင်းခွဲ့...လေး,ခြောက်,ကိုးနှစ် တစ်ဆယ့်ရှစ် ပစ်လေရှောင်ခွာစွန့်...လဆုတ် လဆန်း ဤရက်ကြမ်း ဘေးကျမ်းများကြုံလွှန့်' သဲ့...။ ငါ့တူမလေး ခြောက်လ ပြည့်ရင် ထမင်းခွဲ့ရတော့မှာ...ထမင်းကလေး နှမ်းဆီဆမ်း, ဆားကလေး တစ်ပွင့် နှစ်ပွင့်ဖြူး, လက်ကလေးနဲ့ဆုတ်နယ်, မအေက ကစီထွက်အောင်ဝါးပြီး ခွဲ့စမ်းပါ အေ...ကလေးထွားလိုက်သာမှ...၊ မြေနင်းရမယ့်ရက်က သုံးလမြောက်ရင် နင်းခိုင်းရ သယ်...'ဖွားမြင်ပြီးနောက် သုံးလမြောက် ကောက်၍ မှန်မသွေ...မိဘနှစ်ပါးစုံညီထား သားကို မြေနင်းစေ, မြေချသောခါ နေ့အင်္ဂါ ရှောင်ပါ နေ့စနေ' သဲ့...။ အင်္ဂါနဲ့ စနေ မြေမနင်းခိုင်းကောင်းဘူးတော်..."

မလှအုံ အနားလာထိုင်လျှင် သည်လို ရှေးထုံးတွေ ကြားရတတ်သည်။ ရလည်းရ သည်။ ရွှတ်လည်းရွှတ်နိုင်သည်။ မလှအုံ၏ဖခင် (အမေပန်းရုံ၏အစ်ကို) က တစ်ခေတ်တစ်ခါ က ဇောင်ချမ်းကုန်းမှာ အခါပေး ရှေ့ဖတ်စာတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း မအိမ်ကံ ကြားဖူး ပါ၏။ မီတော့ မမီလိုက်။ သမီးကလေး မမွေးခင် နှစ်ရက်လောက်က မအိမ်ကံ မက်ခဲ့သော အိပ်မက်ကိုလည်း မလှအုံကို မေးရပါ၏။ သမီးမမွေးခင် အိပ်မက်က ထူးဆန်းသည်။ မအိမ်ကံ မိကျောင်းသား စားရသည်ဟု အိပ်မက်မက်ခဲ့သည်။ အိပ်မက်ထဲမှာ လူကြီးတစ်ယောက်က တောင်းကြီးတစ်တောင်း ထမ်းလာသည်။ သွေးတွေက တပေါက်ပေါက်ကျလျက်ရှိသည်။ မအိမ်ကံက ဘာသည်လဲဆိုတော့ မိကျောင်းသားပါဆို၏။ 'မိကျောင်းသား စစ်ရဲ့လား' လို့ မအိမ်ကံက မေးတော့ တောင်းကြီးချကာ မိကျောင်းခေါင်းကြီးကို တောင်းထဲက ထုတ်ပြတော့ သည်။ မအိမ်ကံက မိကျောင်းသား ပိဿာတွဲကြီးတစ်တွဲ ဝယ်လိုက်ပြီး ကိုယ်တိုင်ချက်သည်။ ဟင်းအိုးပင် ဖိုခွင်ပေါ်က မကျသေးဘဲ မအိမ်ကံ နှိုက်နှိုက်စားတာနှင့် ပိဿာတွဲတစ်တွဲချက် ကုန်သွားသည်။

"မအိမ်ကံက မိကျောင်းသား စာရသယ်မက်သာ မလှအုံရဲ့...မမွေးခင်နှစ်ရက်လောက် ကလေ...အဲသာ ကောင်း, မကောင်းတော့မသိဘူး"

"လိပ်တို့ ငါးတို့ စားရသယ်မက်ရင် စပါးဆန်ရေ ပေါများသာပေါ့အေ...မန်ကျည်း သီးစား မက်တော့ သူကောင်းဖြစ်သယ်...မိကျောင်းစား မက်သာများ မကောင်းဘဲ လား...လာဘ်ကြီးရမယ့်နိမိတ်တော့...ပါပမှတ်လို့...ထူးရင်ထူး မထူးရင် ရှူးဆိုသာ မျိုးပေါ့အေ...ရေခြောက်ကုန်းခြောက်ရွာမှာနေပြီး မိကျောင်းမက်ရသယ်လို့အေ... ညည်းနှယ်..."




မလှအုံစကားကြောင့် မအိမ်ကံပင် ရယ်မိရသည်။ ဟုတ်ပါရဲ့...။ ဇောင်ချမ်းကုန်းလို ကြည်းတောခေါင်ခေါင် အညာရွာသူက ရေထဲမိုးထဲက မိကျောင်းမက်တာ ထူးတော့ထူးဆန်း သား။ လာဘ်ကြီးရမယ်ဆိုတော့လည်း နိမိတ်ကောင်းတာပေါ့။ ထူးရင်ထူး မထူးရင် ရှူးဆိုတာ ကတော့ ဘာကိုပြောတာပါလိမ့်။

သမီးကလေး မွေးပါပြီဆိုကတည်းက မလှအုံကပဲ အရိပ်တကြည့်ကြည့် ပြုစုယုယ ပေးရှာပါ၏။ ကလေးသူငယ်များတွင် ဖြစ်တတ်သည့် သူငယ်နာရောဂါများလည်း သူက နားလည်လိုက်သေးသည်။ သူငယ်နာဝမ်းပူ၊ သူငယ်နာကျောပူ၊ သူငယ်နာဝမ်းလား၊ သူငယ်နာ ရေတော်ကျင်မျော၊ သူငယ်နာအကြောတက်၊ သူငယ်နာခါးကော့ခြေကုပ်။ စုံလို့။

"ဖိုးကူးငယ်ငယ်ကဖြစ်သာများ...သူငယ်နာလျှာထုတ်သဲ့...ကြံဖူးပေါင်အေ...လျှာကြီး အမြဲတမ်း တစ်လစ်ကြီးထုတ်ထားသာ...ဒါနဲ့ ဆေးဆရာက လက်ချားကလေး မီးဖုတ်ပြီး လျှာပွတ်ပေးသာနဲ့ ပျောက်ရှာရော...ကလေးများ တဟပ်ဟပ်ငိုသာတို့, နို့မစို့ဘဲ ကစိမ်းကပါးဖြစ်သာတို့များ မအေ ဘာစားသလဲ ကြည့်ရသာ...မအေ ဓာတ်ကျိုးရင် ကလေး ဓာတ်ကျိုးကရော"

မလှအုံက အရာရာမှာ နားလည်သည်။ တေးတေးမှတ်မှတ်ရှိသည်။ တချို့ အကျိုး အကြောင်းရှိလျှင် အဖေတို့ အမေတို့ကပင် မလှအုံကို မေးရသည်။ မလှအုံက ဒိုးဒိုးဒေါက်ဒေါက် ပြောနိုင်ရုံသာမက သူကိုယ်တိုင် ဖိုးဖိုးဇောက်ဇောက် ထလုပ်ပေးတာနှင့် ပြီးရသည်ချည်း။ ဆွေမျိုးလည်းတော်၊ အစစအရာရာ ယုံကြည်စိတ်ချရသည်မို့ အိမ့်လက်ရုံးလို ဖြစ်ခဲ့ပါ၏။ ငယ်ငယ်ကတည်းက နှုတ်ကျိုးခဲ့လို့သာ မလှအုံ ခေါ်ရသော်လည်း အမေအရွယ် အဘွားအရွယ် ရောက်နေပြီ။ အသက်ကြီးရှာပြီ။ အိမ်မြဲလှသူဖြစ်၏။ ကျေးဥကလည်း ယောက္ခမခြေရာ နင်းလာခဲ့ပြီ။ ဘာမဆို သိုးသိုးသွက်သွက်။

အခုတော့လည်း မအိမ်ကံတို့အိမ်ကြီးမှာ ကလေးငိုသံ တစီစီနှင့် တစ်အိမ်လုံး မြိုင်လာခဲ့ပြီ။ သမီးကလေးကလည်း တစ်အိမ်လုံး မြိုင်စေမယ့် မအိမ်မြိုင်လေ။

■

သမီး မအိမ်မြိုင်ပင် ဇန်းကလေးထဲက စောင်ပုခက်ကလေးထဲ ပြောင်းသိပ်ရပြီ။ တစ်အိမ်လုံးက ဝိုင်းနှိုက်နေကြလေတော့ မအိမ်ကံမှာ လက်သက်သာပါ၏။ ကျေးဥက အားလျှင် အားသလို ကလေးလွှဲပေးနေတတ်သည်။ ကလေးချော့ သီချင်းတွေလည်း ရသည်။ အမေပန်းရုံ ကလည်း မြေးပုခက် လွှဲရတာအမော။ အဖေ ဦးသာထန်ကလည်း အိုကြီးအိုမအရွယ်ရောက်ကာမှ မြေးမကလေး ကောက်ချီလိုက်ချင်သေးသည်။ မအိမ်ကံကတော့ သမီးမွေးပြီးပါပြီဆိုကတည်းက သားသည်အမေလုံးလုံးဖြစ်ရချေပြီ။ တစ်လလောက် နနွင်းဝါဝါလိမ်းခဲ့ရသူ၊ အိမ်တွင်းအောင်းခဲ့ ရသူဆိုတော့ နနွင်းသားကလေး တက်ကာ နဂိုဝါဝင်းသော အသားအရေက ပို၍ပင် ဝင်းဝင်း ဝါဝါ ရှိလာပါ၏။ တစ်သားမွေး တစ်သွေးလှဆိုတာမျိုးပင်။ မအိမ်ကံ သမီးကလေးမွေးပြီဆိုတော့ ကလေးမေးလာကြတာတွေလည်း မနည်း။ မြင်းခြံက ပွဲကတော်ကြီးက ပိတ်ဖြူတစ်အုပ် လှမ်းပို့ လိုက်သေးသည်။ ရွာတွေက ဆွေဆွေမျိုးမျိုးတွေ လာကြတော့လည်း တစ်ရက်တန်သည် နှစ်ရက်တန်သည် တည်းကြ။ ပြန်တော့လည်း သင့်ရာ လျော်ရာ ပေးရကမ်းရ။ ကိုပြေ...တို့ ...နောင်းတိုင်ဘက်က လာကြသူတွေကလည်း လှည်းနှစ်စီးတိုက် အပြည့်။

www.burmeseclassic.com

www.burmeseclassic.com

"မအိမ်ကံသမီးက မအိမ်ကံထက် သာသကောအေ…ခြေဆံလက်ဆံကလည်းကောင်း၊ မျက်နှာကျ မျက်နှာဖန်ကလည်း ကောင်း…မြေကြီးတလွဲ ဆေးတလွဲ ဟုတ်ပေါင်တော်…မအေ့ထက်တောင် ချောသေးပ…"

မအေ့ထက် လှသည် ချောသည်ဆိုပြန်တော့ မအိမ်ကံ ဝမ်းသာရပါသည်။ ကိုပြေသိမ်းကတော့ သမီးတချီချီ။ ကလေးက ငို၊ သေက စိုတော့လည်း သီချင်းဆိုကာ ချော့တတ်ပါ၏။ သီချင်းက တို့ဗမာသီချင်းလည်း ပါသည်။ အာရှလူငယ်သီချင်းလည်း ပါသည်။ နိုင်ငံရေးသီချင်းနှင့် သမီးချော့တာကြားတော့ ဘာသာနေတတ်သော သူကြီးဟောင်း ဦးသာထန်ကပင် ရယ်သည်။ ကွယ်ရာမှာ ဒေါ်ပန်းရုံကိုပင် တိုးတိုးပြောလေ၏။

"ပန်းရုံရယ်…ငါ့မြေးမလဲ နိုင်ငံရေးသမား ဖြစ်နေပါဦးမကွာ…သားကလည်း နိုင်ငံရေးသမား…သမက်ကလည်း နိုင်ငံရေးသမား…ငါ့မြေးတော့ ချမ်းသာပေးကြပါဟာ…ကတည်း…သီချင်းများ ဆိုစရာရှားလို့ဗျာ"

ဒေါ်ပန်းရုံကလည်း ကွယ်ရာမှာ ပြုံးသည်။ ဘိုးသာထန်ပြောလည်း ပြောချင်စရာ။ သူ့သမီးကို သူရသည့်သီချင်းနှင့် ချော့တာဆိုတော့လည်း မပြောသာ။ မလှအုံတို့၊ ကိုဖိုးငွေတို့ကတော့ ကိုပြေသိမ်း ကလေးချော့လျှင် အချင်းချင်း လက်တို့တတ်ကြသည်။ တစ်ခါတစ်ရံ မအိမ်ကံကိုပင် တည့်တည့်ပြောတတ်ကြပါ၏။

"မအိမ်ကံယောကျာ်း ကျောင်းဆရာက ကလေးချော့သာနဲ့မတူဘူး…အသံကမကောင်းတော့ တို့မြင်းခြံ ဆယ့်နှစ်မုခ်ဘုရားကြီးထဲက ပိုက်ဆံထည့်ရင် ထွက်လာသဲ့မောင်းဆိုင်းရုပ်လိုပဲ…မောင်ဂျန်…မောင်ဂျန်နဲ့…"

မအိမ်ကံက ကိုပြေသိမ်းကို တစ်အိမ်လုံးက ပြောကုန်ကြပြီဆိုတော့ ကိုပြေသိမ်းကလည်း ရယ်သည်။ သူ့အကြောင်းလည်း သူသိပုံပေါ်ပါ၏။ တစ်ခါတစ်ခါတော့လည်း ကျောင်းဆရာတစ်ယောက်အနေနှင့် အခြားခေတ်ကာလသီချင်းတွေလည်း ရလောက်ရက်ကနဲ့ ဘာကိစ္စ နိုင်ငံရေးသီချင်းတွေ ဆိုပြနေရတာပါလိမ့်လို့ မအိမ်ကံတွေးမိပါ၏။ တမင်တကာများ နိုင်ငံရေးစိတ် သွင်းပေးနေတာများလား။ ကိုပြေသိမ်းက နိုင်ငံရေးစိတ် ကြီးလှသည်။ အစ်ကိုမောင်မြတ်သာတို့လို ရှေ့ထွက်ပြီး လူလုံးပြတာမျိုး မဟုတ်သော်လည်း တိုင်းပြည်နှင့် လူမျိုးအတွက်စိတ်အမြဲတမ်းရှိတာ မအိမ်ကံ အသိဆုံးပင်။ သည်ရက်တွေထဲ ကျောင်းပိတ်ထားသော်လည်း ဖိုးကူးနှင့်ရွာတွေဘက် လှည့်မြဲလှည့်နေတတ်သည်။ တစ်ခါတစ်ရံ ညဉ့်အိပ်ညဉ့်နေပင် တစ်ရက် နှစ်ရက်နေတတ်ပါသည်။ ဘာတွေလုပ်နေမှန်းတော့ မသိ။ အဖေကပင် "ညည်းယောကျာ်းခရီးအသွားအလာ များလွန်းသယ်" ဟု မကြာခဏ ပြောတတ်ပါ၏။

တို့ဗမာအစည်းအရုံးတွေ ဖျက်သိမ်းပြီးတော့လည်း မဟာဗမာဆိုသည့်အသံတွေညံနေတာ မအိမ်ကံ သိပါ၏။ နိုင်ငံရေးအခြေအနေက သူတလူ ငါတမင်း ပြောင်းလဲနေသည်။ ဘယ်သူ့ဘယ်သူမှ စိတ်မချရ။ ဘယ်သူ ဘယ်အဖွဲ့အစည်းကလည်း ပြောဖို့ခက်သည်။ မအိမ်ကံကတော့ ကိုပြေသိမ်းကို စီးပွားရေး လုပ်စေချင်သည်။ ပွဲစားကြီးကတော် ပေးပို့လိုက်သည့်စာအရပဲဆီ နှမ်းဆီစက် ထောင်ချင်ကြောင်း၊ ရေတ်ကြက်သွန်ကအစ လဲမှို့ ထန်းလျက်အလယ်ငါးပိငါးခြောက်ပါမကျန် အထက်ကုန် အောက်ကုန် ကူးနိုင်လျှင် အဆင်ပြေနိုင်ကြောင်း၊



မောင်ပြေသိမ်း လုပ်နိုင်လျှင် မအိမ်ကံတို့နှင့် ဖက်စပ်လုပ်ချင်ကြောင်း စသည်ဖြင့် သိရသည်။ မအိမ်ကံကလည်း လုပ်စေချင်သည်။ စီးပွားရေးကို လောဘတက်တာမဟုတ်ဘဲ ရိုးရိုးသားသား လုပ်ကိုင်စေချင်တာကတစ်ကြောင်း၊ နိုင်ငံရေး ကင်းလွတ်စေချင်တာတစ်ကြောင်း ပါပါ၏။ တစ်ခါတစ်ရံ မအိမ်ကံကိုယ်တိုင် ဖျောင်းဖျကြည့်မိသည်။

"အစ်ကိုရယ်…ဘယ်တွေသွားပြီး ဘာတွေလုပ်နေသာလဲ…အစ်ကိုပြန်မလာမချင်း မအိမ်ကံမှာ ရင်မ,နေရသယ်…သမီးကလေးလည်း ရပြီဆိုတော့ ဣန္ဒြေရစေချင်ပါပြီ…အလုပ်မလုပ်လည်း ထိုင်နေပါ…အဖေတို့ကလည်း စိုးရိမ်နေကြသယ်"

ကိုပြေသိမ်းက မအိမ်ကံ စကားကို ငြင်းသည်လည်းမဟုတ်၊ လက်ခံသည်လည်းမဟုတ်။ ပြန်မပြော နားမထောင်။ ကိုပြေသိမ်းက အသိရခက်သည်။ တစ်ခါတစ်ရံ တစ်အိမ်လုံးနှင့် စကားမပြောဘဲ ရှိနေတတ်သည်။ အိမ်သားတွေကို စိတ်ခုနေတာမျိုးမဟုတ်သော်လည်း တစ်ခုခုတွေးဆနေပုံလည်း ရသည်။ ပြောသာပြောရတာပါလေ…ကိုပြေသိမ်းတွင် စိတ်တူ ကိုယ်တူပေါင်းစရာလူမရှိ။ သူ့ခမျာ ပညာတတ် ကျောင်းဆရာ နိုင်ငံရေးစိတ်ကြီးသူ ဆိုသော် လည်းဇောင်ချမ်းကုန်းတွင် မယားတစ်မျက်နှာ တစ်အိမ်ရာ လုပ်နေရရှာသူဖြစ်သည်။ ပညာ ချင်းလည်း တန်းမတူ၊ နိုင်ငံရေးချင်းလည်း တန်းမတူသူတွေနှင့် နေရရှာတာကိုလည်း မအိမ်ကံ သိထားပါ၏။ တစ်ခါတလေတော့ မမေးဘဲ ပြောချင်လည်း ပြောနေတတ်ပြန်သည်။

"အိမ်ကလေး…တိုင်းပြည်ကိစ္စတွေက ကျန်သေးတယ်ကွယ့်…အစ်ကို တာဝန်မကျေဘူး…အစ်ကို့မှာ သိစရာတွေရှိသလို ပြောစရာတွေလည်း ရှိလေတော့ စိတ်ချရသူများနဲ့ တွေ့ရတယ် လွှတ်ရတယ်…ပြန်နားထောင်ရတယ်…ဆရာကြည့်လူတွေက အစ်ကိုတို့ဇောင်ချမ်းကုန်းက လူတွေထက် ပိုခရီးရောက်တော့ အဲသည်ဘက် သွားနေရတာပဲ"

နိုင်ငံရေးသမားနှင့် ညားမိပြီးမှ နိုင်ငံရေးကို စွန့်လွှတ်လိုက်ပါတော့ ပြောရတာလည်း မအိမ်ကံအဖို့ရာ ခက်သားပင်။ သည်လိုနှင့် သမီးကလေးပင် မတ်တတ်ပြေးလာခဲ့ပြီ။ တီတီတာတာ မပီကလာ ပီကလာ ရှိလာခဲ့ပြီ။ မအိမ်ကံကတော့ သမီးကလေး မအိမ်မြိုင် ပေါ်ပေါက်လာလို့သာ တော်တော့တယ်လို့ အောက်မေ့ရတော့၏။

■

၁၃၀၆ ခုနှစ်၊ တပို့တွဲ–တပေါင်း။

မအိမ်မြိုင်သည်ပင် အခါလည်ခဲ့လေပြီ။ မအိမ်မြိုင် မွေးဖွားပြီး အခါမလည်မီကာလများအတွင်း တိုင်းပြည်အခြေအနေတွေ အမျိုးမျိုးပြောင်းလဲခဲ့သကဲ့သို့ပင် မအိမ်ကံတို့အိမ်ကြီးတွင်လည်း အပြောင်းအလဲတွေ များခဲ့ပါ၏။ အပြောင်းအလဲတွေဆိုသော်လည်း စိတ်မချမ်းသာစရာတွေသာ ဖြစ်ခဲ့သည်။

ပထမဆုံးအဖြစ်က သူကြီးဟောင်း ဦးသာထန် လူကြီးရောဂါဖြင့် တရှောင်ရှောင်ဖြစ်ရာက တစ်ရက်တွင် ကွယ်လွန်သွားရှာခြင်းဖြစ်၏။ မီးစာကုန် ဆီခန်းဆိုသော်လည်း မအိမ်ကံအဖို့ ယူကျုံးမရ ဖြစ်ခဲ့ရသည်။ အဖေနှင့်အမေတို့ ငယ်လင်ငယ်မယား မဟုတ်ကြလို့ သူကိုယ်တိုင် ဖက်စိမ်းကွမ်းတောင် မကိုင်ခဲ့ရသော်လည်း သည်ဖအေနှင့် သည်မအေက

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ဖွားရသော သူ့အဖို့ ဖခင်ပုံခဲ့ရရှာပြီ။ မိသားစုဆိုသည့် အသိုက်အမြုံတွင်းမှာ အိမ်ဦးတိုင် နတ်နေကိုင်းအဖြစ် အားလုံးက ရိုသေခဲ့ကြသည်။ မမှန်တာမလုပ်၊ မဟုတ်တာမကြံ ရိုးသား ဖြူစင်စွာ အသက်မွေးခဲ့သူဖြစ်သည်။ သူကြီးဘဝတစ်လျှောက်လုံး ဆူတန်တာဆူ၊ ငေါက်တန် တာငေါက် ခြိမ်းခြိမ်းမောင်းမောင်း ရှိခဲ့သော်လည်း အဖေ့ကြောင့် အတိဒုက္ခရောက်ခဲ့ရသူရယ်လို့ မရှိခဲ့။ မိသားစုကို ညှာတာထောက်ထားသလို ရပ်ရွာကိုလည်း သနားသည်းခံ ရှိခဲ့ပါ၏။ သားဖြစ်သူကို ရာထူးရာခံကလေး ရပါစေတော့သဘောဖြင့် မြို့ကျောင်းမှာ ထားခဲ့သည်။ အင်္ဂလိပ်အစိုးရလက်အောက်မှာ ရာထူးတစ်ခုခု ရနိုင်လျှင် တည်တည်ပပ နေနိုင်ဖို့သာ ရှိသည်ဟု ရိုးရိုးသားသား သဘောထားခဲ့သည်။ သားဖြစ်သူက ဖအေ့အလိုတကျ မရှိပြန်တော့လည်း မပြောသာခဲ့။ မန်ကျည်းတစ်လှည့်ပြီးလျှင် ဆီးတစ်လှည့် လာလေမလား မျှော်လင့်ခဲ့ခြင်းသာဖြစ်၍ သားဖြစ်သူက နိုင်ငံရေးဘက် ရောက်သွားတော့လည်း "မိုက်လိုက်သဲ့ကောင်နယ်..." ဆိုတာ လောက်နှင့် ပြီးခဲ့ရသည်သာ။

"ဘာပဲဖြစ်ဖြစ်ပါအေ...မြေဦးကလေး ပွေ့ချီသွားရလို့ တော်ပါရဲ့ အောက်မေ့ပါ... ခမျာ တရားလည်း ရှိရှာပါရဲ့...ထုံးမီစံကျ ဘိုးဘအမျိုး အရိုးအရွက်မဖုံးရာသဲ့... ညည်းအဖေ ကောင်းမွေထားခဲ့သာမှာ ဥစ္စာငွေကြေးလည်း ထားခဲ့သယ်...အကျင့် စာရိတ္တကောင်းလည်း ထားခဲ့သယ်...ကုသိုလ်တွေလည်း ထားခဲ့သယ်...လူ့ဘဝ တော်ပြီပေါ့အေ...ဘဝငြိမ်းပါစေတော့...သူ့ကောင်းမှုတွေ နည်းမှတ်လို့..."

ရပ်ရွာလူကြီးသူမတွေက အမေပန်းရုံကိုရော မအိမ်ကံကိုပါ ဖျောင်းဖျရှာကြပါ၏။ မအိမ်ကံကတော့ မြင်းကြီးစိန်ပွင့်ကို စီးကာ ရွာစဉ်လှည့်တတ်သော အဖေ့ကို မြင်ယောင်နေမိသည်။ မိသားစုအရေးကိစ္စများမှာ ပါသင့်တာပါသကဲ့သို့ မပါသင့်တာကျတော့လည်း လှည့်၍ မကြည့်။ တချို့ကိစ္စတွေမှာ မသိသလို နေခဲ့သည်။ သာအောင်နှင့် မအိမ်ကံကိစ္စ တစ်ရွာလုံး ပွက်ပွက်ရိုက်ခဲ့စဉ်က မယားရယ်လို့လည်း မမေးခဲ့သလို၊ သမီးရယ်လို့လည်း မတီးခေါက်ခဲ့။ သူကြီးရယ်လို့ ကြီးတော်စံရွှေတို့အပေါ် နိုင့်ထက်စီးနင်းမရှိ။ မအိမ်မြိုင်ကလေး အခါလည် မပြည့်တပြည့် ပြာသိုလထဲမှာ တရောင်ရောင်ဖြစ်လာရာက တိမ်းပါးခဲ့ခြင်းဖြစ်ပါ၏။ မြေးမ ကလေး မအိမ်မြိုင် အခါလည်သမီးကလေးကို တပွေ့ပွေ့ ရှိခဲ့သေးသည်။ ချီချီပိုးပိုး ရှိခဲ့သေး သည်။ သီချင်းတအေးအေး ရှိခဲ့သေးသည်။ ကိုပြေသိမ်း ကလေးချော့တာ နိုင်ငံရေးသီချင်းတွေ ချည်း ဆိုသကဲ့သို့ပင် အဘိုးကလည်း မထူးပါ။ ရှေးခေတ် ရပ်သေးသီချင်းတွေသာဖြစ်သည်။ တောဘွဲ့လွမ်းချင်းတွေလည်း ပါ၏။ ကျေးလက်သီချင်းတွေလည်း ပါ၏။

"ကြည့်စမ်းပါအေ...ရွှေပြည်တော်က ထွက်ခဲ့ပ...သည်ကန္တာလမ်း ပူပုံဆန်းပါဘိ... ဒန်းနှင့်အင်ကြင်း ပန်းမင်းစွယ်တော်...ကံ့ကော် သရဖီ...စကားနီ စကားစိမ်း... နွံ့ယိမ်းမိုကာ ပန်းခတ္တာနှင့် ဇလတ္တာ ဂမုန်းပင်တချို့...သော်ကတို့တစ်သွယ်...စံပယ် နှင့်ပိတောက်...ပင်စုံပေါက်ကြသယ်...လွမ်းလောက်သဲ့တောကန္တာပါလား ငါ့မြေး ရေ..."

"ဘယ်တုံးက သီချင်းများပါလိမ့်တော်...ကျုပ်တို့လည်း ကြီးခဲ့ပါပြီ...ကြား ကြားဖူးပေါင်"




ဘွားအေ ဒေါ်ပန်းရုံက ခနိုးခနဲ့ပြောလျှင် ဘိုးအေကြီးက ပါးခွက်ကြီးနှင့် ရယ်တတ် သည်။

"သိပေါင်အေ...ခေါင်းထဲပေါ်သာ ဆိုရသာ...ကျုပ်တို့ငယ်ငယ်က ရပ်သေးစင်များ မယ် ဆိုကြသဲ့သီချင်းဗျ ဘုရားအစ်မရဲ့...ဘာမှတ်လို့တုံး...ငါ့မြေးရေဆိုသာတော့ ကျုပ်က ထည့်ရသာ...မြေးချစ်လို့သာ ချီရသယ် သက်သာပေါင်ဗျာ...တော်သလင်း လူပျင်း ကွမ်းစိုက်ဆိုသာလို လူနဲ့ရာသီလည်း တယ်မညီချင်တော့ဘူး...လူအိုတော့ ကြွက်ကျသဲ့ ပုန်းရည်အိုးလို သွန်ရခက် စားရခက်..."

ဟုတ်ရှာပေမပေါ့။ အဘိုးနှင့်မြေး ကွာလှပါ၏။ မအိမ်ကံက အဖေ့စကားကြားတော့ စိတ်မကောင်းဖြစ်ရသည်။ အသက်ကြီးလာတော့လည်း ကြွက်ကျတဲ့ပုန်းရည်အိုးလို သွန်ရခက် စားရခက်တဲ့။ အဖေက သူ့ကိုယ်သူ သည်သဘောထားခဲ့လေသလား။ အဖေနှင့်အမေ ငယ်လင် ငယ်မယား မဟုတ်ကြပေသိ၊ မအိမ်ကံအဖို့ရာတော့ မိစုံဖစုံဘဝဖြင့် တစ်သက်လုံး လုံခြုံခဲ့ရသည်။ အဖေရေလို့ ခေါ်ရတာ၊ အမေရေလို့ ခေါ်ရတာကပဲ အရသာရှိလှသည် ထင်သည်။

အဖေဆုံးသည့်နေ့က မအိမ်ကံ ကျုံကျုံပါအောင် ငိုခဲ့ရသည်။ ရင်နှစ်မွှာထဲက တစ်မွှာ ခွဲဆုတ်လိုက်သလိုပင် ခံစားရပါ၏။ အဖေမဆုံးခင် တစ်လလောက်က ရောက်လာခဲ့ သော အစ်ကိုမောင်မြတ်သာတစ်ယောက် အဖေဆုံးတော့ ရောက်မလာနိုင်ခဲ့တာကိုလည်း ဝမ်းနည်းခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် အဖေက ဘုန်းလည်းကြီး၊ အသက်လည်း ရှည်ခဲ့လို့ ဖြေတန် သရွေ့ ဖြေနိုင်ခဲ့ပါ၏။ အဖေမရှိတော့သည့်နောက် အိမ်ကြီးတစ်အိမ်လုံး ခြောက်သွေ့သွားသလို ရှိခဲ့ကြသည်။ ထန်းကုလားထိုင် ဖြောက်ဖြောက်၊ စိပ်ပုတီး တချောက်ချောက်ရှိခဲ့ရာက ငုတ်တုတ် ပျောက်သွားသလို ရှိကြရသည်။ အဖေ့ကို ရည်စူးကာ ဆွမ်းကျွေးကြသည်။ ကုသိုလ်ဒါန ပြုကြသည်။ အဖေ့ထက်ပင် သက်တော်ကြီးရှာသော ရွာဦးဆရာတော်ကြီးပင် ထမ်းစင်နှင့် ကြွတော်မူရှာခဲ့သည်။ တရားပြတော်မူခဲ့သည်။

ရပ်ရွာမေတ္တာကြောင့် ဦးသာထန် အသုဘခရီးက စည်ကားလှပါ၏။

■

မအိမ်ကံတို့အိမ်ကြီး၏ ဒုတိယ အပြောင်းအလဲကြီးကတော့ သူကြီး ဦးသာထန် တိမ်းပါးခြင်းကဲ့သို့ မိသားစုနှင့် သေကွဲမဟုတ်ဘဲ ရှင်ကွဲကွဲရခြင်း ဖြစ်ပါ၏။

၁၃၀၆ ခုနှစ်၊ တပို့တွဲ–တပေါင်း နေ့ပူ ညချမ်း ကာလထဲမှာ ကိုပြေသိမ်းတစ်ယောက် ကောက်ကာငင်ကာ ပျောက်သွားခြင်းဖြစ်သည်။ မအိမ်မြိုင် အခါလည် ပြည့်ကာနီး လပိုင်းအလို တွင်ဖြစ်၏။ ထိုနေ့က မအိမ်ကံက သမီးကလေး မအိမ်မြိုင်ကို ထမင်းခွံ့နေခဲ့သည်။ အမေပန်းရုံ က အရိုးကြာညွန့်နှင့် စကားပြောနေကြသည်။ ဘိုးသာထန် ဆုံးသည်ပင် တစ်လတင်းတင်း ပြည့်ခဲ့ပြီ။ ညနေပိုင်း မြူတွေဆိုင်းလာသည့်အတွက် ကလေးအတွက် အနွေးထည်ကလေး တစ်ထည်ယူရန် မအိမ်ကံ ဇရတင်ကြီးဘက်ကို လျှောက်လာခဲ့သည်။ ထိုစဉ်မှာပဲ ဖိုးကူး မောင်းလာသည့်လှည်းက ဝိုင်းဝကို ရောက်လာခဲ့ပါ၏။ အရိုးကြာညွန့်က ဝိုင်းအတွင်း လှည်းဝင် နိုင်ရန် တံခါးကြီးတစ်ချပ် ပြေးလှပ်သည်။ ဖိုးကူးက လှည်းမချွတ်သေးဘဲ အမေပန်းရုံထိုင်နေ သည့်ဘက် တန်းသွားပြီး စာတစ်စောင်ပေးသည်။ မအိမ်ကံက ကိုပြေသိမ်း ပြန်မလာလို့

www.burmeseclassic.com

www.burmeseclassic.com

မေးဖော့မည့်ဆဲဆဲ အမေပန်းရုံက "စာသဲ့ဟဲ့..." ဆိုသဖြင့် သွားယူလိုက်ရသည်။ ဖိုးကူးကတော့ လှည်းချွတ်ရန် ပြန်ထွက်သွားလေသည်။ မအိမ်ကံက ထူးဆန်းစွာ ရောက်လာသော စာကို ချက်ချင်းဖွင့်ဖတ်လိုက်သည်။

"အိမ်ကလေး...

အစ်ကို စာရေး အကြောင်းကြားပါသည်။ အစ်ကို့ကို ခွင့်လွှတ်စေချင်ကြောင်း ဦးစွာ ပြောလိုပါသည်။ မြန်မာများအနေဖြင့် ဂျပန်တို့၏ ဘုရားတန်ဆောင်း၊ ကျောင်းကန်များကို ဖျက်ဆီးရုံမက မီးနှင့်ရှို့ကြ၊ ရဟန်းသံဃာတို့ကိုပါ စော်ကားကြတာကို သည်းမခံနိုင်ကြတော့ပြီ။ ဗမာမှန်သမျှ အနှိပ်စက်ခံကြရတာလည်း များလှပြီ။ အပြစ်မရှိဘဲ သေခဲ့ကြသူတွေ များလွန်းမက များနေပါပြီ။ စစ်ဘေးကြီး ကြုံရသည်နှင့်အမျှ စစ်ကြေးပါ ဆောင်နေကြရသော်လည်း ဂျပန်နောက်လိုက်ခွေးများကိုပင် ကြောက်နေရသည့်ဘဝက လွတ်ကင်းအောင် အစ်ကိုတို့လို မျိုးချစ်များက မကြာခင် ပြန်လည်ချေမှုန်းကြတော့မည်ဖြစ်ပါ၏။ ဗိုလ်မြတ်သာတို့လည်း ပါဝင်ကြပါလိမ့်မည်။ ဂျပန်က ပေးသော လွတ်လပ်ရေးသည် အတုဖြစ်၍ လွတ်လပ်ရေးအစစ်ကို အစ်ကိုတို့ ရယူရန် ဖြစ်ပါတော့သည်။

အမေပန်းရုံ, အိမ်ကလေးနှင့် သမီးကလေး မအိမ်မြိုင်တို့ကို မပစ်ပယ်ရက်ပါသော်လည်း တိုင်းပြည်အတွက် လိုလားနေသောအချိန်ဖြစ်၍ အစ်ကို စဉ်းစားဆုံးဖြတ်သည်ကို နားလည်ခွင့်လွှတ်ကြပါလေ။ ဘယ်လမ်း ဘယ်စခန်းကို ရောက်ရဦးမည် မသိ။ ဘယ်ထီးနှင့် ဘယ်ခရီးကို သွားရဦးမည် မသိ။ အရေးတော်ပုံကြီး ပြီးသည်နှင့် အစ်ကို ပြန်လာခဲ့ပါမည်။ အစ်ကို ပြန်မလာခဲ့သော် အမျှသာဝေပါလေတော့။

ထနောင်းတိုင်က မိဘများကိုပင် အသိမပေးရသေးပါ။ နှုတ်ဖြင့် လူလွှတ် မှာကြားရန် ဖိုးကူးကို လွှတ်ပါ။ ဆရာကြီး ဦးဘခင်တို့လည်း မရှိကြတော့။ ပွဲကတော်ကြီးမှတစ်ဆင့် ဆက်သွယ်လျှင် ရကောင်းရနိုင်ပါလိမ့်မည်။

သည်စာကို ဖတ်ပြီးလျှင် မီးရှို့ရစ်ပါလေ။ အရေးကြီးပါ၏။ အိမ်ကလေး ခွင့်လွှတ်စေချင်ပါသည်။

ကျန်းမာချမ်းသာကြပါစေသော်
ပြေသိမ်း"

စာဖတ်ပြီးသည်နှင့် မအိမ်ကံမှာ စာရွက်ကို ကိုင်ရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။ သမီးကလေး မအိမ်မြိုင်က ထမင်းပန်းကန်ကို မှောက်ပစ်လိုက်သည့်အတွက် ထမင်းလုံးတွေ ဖွေးခနဲ ပြန့်ကြဲကုန်သည်။ အရီးကြာညွန့်က ကလေးကို ကောက်ချီသွားခဲ့သည်။ သည်အထိတော့ အမေပန်းရုံရော၊ အရီးကြာညွန့်ပါ ဘာမှမသိကြရသေး။ မအိမ်ကံ ငိုနေတာကို



လှမ်းကြည့်ကြရင်း ဘာများပါလိမ့်ဆိုသည့် မျက်နှာများဖြင့် ရှိကြဆဲဖြစ်၏။ ဖိုးကူးက လှည်းချွတ်ပြီး မအိမ်ကံရှေ့ မဝံ့မရဲ လာရပ်နေရှာသည်။ သူနှင့် အတူသွားခဲ့တာမဟုတ်လား။ သည်တစ်ခါသွားကြသည့်ရွာတွေက ညောင်ငါးခွ အနောက်တောင်ဘက်က ရွာတွေဆိုတာ လောက်တော့ မအိမ်ကံ သိထားခဲ့သည်။ အနောက်ကုန်း၊ လေးပင်အိမ်၊ တည်တောရွာတွေ။ မအိမ်ကံ တည်ငြိမ်အောင် ကြိုးစားရင်း မေးသည်။

"အစ်ကို ဘာမှာသွားသေးသလဲ"

"ဘာမှမမှာဘူး...စာပေးသာပဲရှိသယ်...စာကို နကန်ထဲထည့်သွားသဲ့...မင်းအစ်မ လက်ထဲ တန်းမထည့်နဲ့သဲ့...ကြီးတော်ပန်းရုံကို ပေးလိုက်သဲ့...ငါပြန်လာမယ် ပြောလိုက်သဲ့...ထနောင်းတိုင်ကို လွှတ်ရင် သွားလိုက်သဲ့..."

"သူ ဘယ်ကိုသွားသာတုံး ဖိုးကူး"

"မြင်းခြံဆိပ်ကမ်းဘက် သွားကြသာထင်သယ်...မြို့ဆိပ်ကို သွားကြသာတော့ ဟုတ်ပုံ မရဘူး...ကြားဆိပ်ကနေ ကူးတို့နဲ့ အောက်ပြေ စုန်ကြမယ့်သဘောတော့ ကြားသယ်...ကျုပ်ကိုပြောသာတော့ မဟုတ်ဘူး...တည်တောက လူတွေကို ပြောနေသာ ကြားခဲ့သာ"

ဖိုးကူးပြောပြသော ရွာတွေက အောက်တောရွာတွေဖြစ်သည်။ ဧရာဝတီမြစ်ဆိပ်ကမ်းရွာတွေဆိုတော့ ရေလမ်းခရီးပေါက်သည်။ မအိမ်ကံက မေးရင်းပင် တုန်လှုပ်နေရပါ၏။ အဖေဆုံးခဲ့သည်ပင် မကြာတတ်သေး။ အစ်ကိုလုပ်သူကလည်း ရွာပင် ပြန်မကပ်နိုင်တော့သည့်အခြေ။ အခုလည်း လင်သားက စစ်ထွက်ခဲ့ပြီ။ အခါလည်သမီးကလေးနှင့် အမေအိုသာ ရှိတော့သော မအိမ်ကံအဖို့ သည်လိုခေတ်ပျက်ကြီးထဲမှာ နွယ်တစ်ပင်ပင် တင်းတင်းရင်းရင်း လှမ်းကိုင်စရာ မရှိတော့။ ဆုတ်ဆုတ်ကိုင်ကိုင် ဘယ်လိုစကားတစ်ခွန်းမျှ မဟာခဲ့တာကိုလည်း အံ့သြမိသည်။ သားရယ် မယားရယ်လို့တောင် ထိန်ဝှက်လွန်းတာကို မအိမ်ကံ ခွင့်လွှတ်ရမလား၊ နာကျည်းရမလား မပြောတတ်နိုင်အောင် ဖြစ်ရပါ၏။ ချစ်မိခဲ့ရသော တစ်မြို့သား၊ အားကိုးခဲ့ရသော ကျောင်းဆရာ လူပညာတတ်။ တစ်နယ်လုံးက ဂုဏ်ပေါက်နှင့် တို့ခဲ့ရသော ကျောင်းဆရာကတော်ဆိုသည့် အရှိန်သည် ချက်ချင်းလက်ငင်း ကျိုးလည်ပင်း မီးကွင်းစွပ်မိသလို ဖြစ်ခဲ့ရပြီ။

ပြီးခဲ့သည့် တန်ဆောင်မုန်းလထဲက ကိုပြေသိမ်းနှင့်အတူ လူလေး,ငါးယောက် ပါလာခဲ့ဖူးတာကို မအိမ်ကံ မှတ်မိနေသည်။ မအိမ်ကံတို့ အိမ်ကြီးမှာပဲ တစ်ညအိပ်သွားခဲ့ကြပါ၏။ မအိမ်ကံတို့ အိမ်ကြီးမှာမဟုတ်ဘဲ ရက်ကန်းမရက်တော့သော ရက်ကန်းရုံကြီးထဲမှာ တည်းကြခြင်း ဖြစ်သည်။ ရက်ကန်းရုံကြီးက အိမ်မကြီးနှင့် မလှမ်းမကမ်းတွင် ရှိသည်ကတစ်ကြောင်း၊ လူသူလေးပါး ရုတ်တရက် မမြင်နိုင်သည်က တစ်ကြောင်းတို့ကြောင့် ကိုပြေသိမ်းက ကျေးဥနှင့် ဖိုးတုတ်ကို ရှင်းလင်းစေပြီး နေရာချထားခဲ့ခြင်းဖြစ်သည်။ သူကြီး ဦးသာထန် တစ်လပြည့် ပိတ်ဆွမ်းသွပ်ပြီးစရက်များဆိုတော့ တစ်ရွာတစ်ရွာက ဆွေမျိုးတွေ မိတ်ဆွေတွေ ဝင်ထွက်နေဆဲဖြစ်ဟန်သဘောရှိသဖြင့် ဂျပန်အလိုတော်ရိတို့ အကဲမဖမ်းမိဘဲ ရှိကြလေသည်။ ရောက်လာသူ လေးယောက်စလုံးမှာ ညှင်းသိုးသိုး ညစ်စုတ်စုတ်ဆိုသော်လည်း ဥပဓိတွေက ခေတ်ပညာတတ်တွေမှန်း သိသာပါ၏။ မှတ်ဆိတ်ရှည်ရှည်၊ ဆံပင်ကုတ်ထောက်၊ အဝတ်အစား ညစ်ထပ်

www.burmeseclassic.com

www.burmeseclassic.com

ထပ် ဆိုသော်လည်း တစ်ခါတစ်ရံ မအိမ်ကံ လက်ဖက်ချ ကွမ်းချ ရောက်သွားသည့်အခါမျိုးတွင် အင်္ဂလိပ်ဘာသာစကားဖြင့် ငြင်းခုံနေကြတာလည်း ကြားရသည်။ မလှအုံက ရေနွေးကြမ်း ငါးခြောက်ဖုတ်ကအစ ကရေကရာလို၊ ဆီးယိုလို အမြည်းဗန်းချရာကအပြန် ကိုပြေသိမ်းတို့ လူစုအတင်း ပြောတတ်သည်။

"မအိမ်ကံရယ်…လူတွေကြည့်တော့ တို့ရွာစေတီစောင်းတန်းက နိုပါတ်တော်တွေထဲ ပါသဲ့ အာဠာဝက နောက်လိုက်တွေများကျလို့…ပြောလိုက်ကြသဲ့ဘိုလိုတော်…တော ခြောက်နေကြသလားမှတ်ရသယ်…တရှီးရှီးနဲ့…ဘာတွေပြောကြသတုံး…ဗမာလိုပြော ဖြစ်ရက်ကနဲ့…"

"မသိပါဘူး မလှအုံရယ်…သူတို့ကိစ္စ…ရွှေဘိုသဲ့…ဂန့်ဂေါသဲ့…ပခုက္ကူသဲ့…မိတ္ထီလာ သဲ့…အဲသာကျတော့ ဗမာလိုပြောကြပြန်ရော…ကြက်တဂို အိုးပေါက်လည်းပါရဲ့…"

"အဲသာတွေကျတော့ အင်္ဂလိပ်နာမည် မရှိလို့ဖြစ်မှာပေါ့အေ…ဘိုလိုပြောသာ မိုက်ဆာ ကြပုံပေါ်သယ်…ညည်းနှယ်…ချပေးသမျှ ဝေသာလီပြည် ဘီလူးကျသာကျလို့… ပန်းကန်ကို ပြောင်နေအောင် စားကြသာအေ့…"

မလှအုံစကားကြောင့် မအိမ်ကံမှာ ရယ်ခဲ့မိသည်။ ဟုတ်လည်းဟုတ်ပါရဲ့။ ကိုပြေသိမ်းတို့စကားဝိုင်းက ကြာလွန်းလှသည်။ နေ့ခင်း ထမင်းစားချိန်ကလေးလောက်သာ အိမ်မကြီးဘက် ကူးကြတာရှိ၏။ ပြီးပြန်တော့ ရက်ကန်းရုံကြီးထဲ ပြန်ဝင်ကြကာ တကုပ်ကုပ်ရှိကြပြန်လေသည်။ ညနေဘက် ထမင်းစားကြပြီးသည့်နောက် အိမ်မကြီးထဲမှာ လက်ဖက်စား၊ ဆေးလိပ်သောက်ကြ ရင်း အမေပန်းရုံတို့မိသားစုနှင့် စကားတွေပြောကြတာတော့ ရှိပါ၏။ ကိုပြေသိမ်းကပဲ မိတ်ဆက် ပေးခြင်းဖြစ်သည်။ တစ်ဦးက အသားညိုညို၊ မျက်လုံးမျက်ဖန်ကောင်းကောင်းဖြစ်၍၊ မျက်ခုံး ထူကြီးနှင့်ဖြစ်၏။ နာမည်က ကိုဘဆန်း။ လူလုံးလူဖန် ခပ်လှပ်လှပ်ကလေးက ကိုဖူးခေါင်။ ကိုမင်းရာ ဆိုသူက စကားနည်းသလောက် မျက်နှာကြီး တင်းလှပါ၏။

"သူက ကိုဝေဠု…မြင်းခြံသား…အိမ်ကလေးတို့ဖောက်သည် ပွဲကတော်ကြီးရဲ့ တူဝမ်းကွဲတော်တယ်…"

အိမ်ကို ရောက်လာကြသူတွေနှင့်ပတ်သက်လို့ သည်လောက်သာ သိကြရသည်။ မိတ်ဆက်ပေးသည်ဆိုသော်လည်း တောသူတောင်သားတွေဆိုတော့ အမေပန်းရုံကလည်း ငုတ်တုတ်။ မလှအုံတို့ကလည်း ငုတ်တုတ်။ မအိမ်ကံကိုယ်တိုင်ကတော့ လင့်ဧည့်သည်တွေ ဆိုတော့ ထမင်းခူး ဟင်းလိုက်၊ လက်ဖက်ချ၊ ကွမ်းချ။ ဧည့်သည်တွေအားလုံးက မအိမ်ကံကိုရော အမေပန်းရုံတို့ကိုပါ ဟက်ဟက်ပက်ပက်မရှိကြသလိုပင်။ မျက်နှာထားတွေက အကြွေးပေါင်း ရှိသဖြင့် လာတောင်းနေကြသူများပမာ တင်းတင်းတောင့်တောင့်ကြီးတွေ။ ပြီးတော့ ညစ်ပေပေ ချွေးစေးများဖြင့် အစေးပေါက်နေကြသော်လည်း ရေမိုးသန့်စင်ပြီး အဝတ်အစား သန့်သန့် ပြန့်ပြန့် ဝတ်ကြသည်လည်း မရှိ။ ညဘက် ကိုပြေသိမ်း အိမ်ပေါ်တက်လာတော့မှ အကျိုး အကြောင်း မေးရတော့သည်။ မိုးပင် လင်းလုလေပြီ။

"အဲသာ ဘယ်သူတွေလဲအစ်ကို…မျက်နှာထားတွေကလည်း ဆိုးလိုက်ကြသာ… ဘယ်လိုလူတွေ ခေါ်လာသာတုံး…မအိမ်ကံတို့ကိုတောင် ခင်ခင်မင်မင် မရှိသလိုပဲ"



"မဟုတ်ရပေါင်ကွယ်…လူတွေက လူရိုးလူကောင်းတွေပါ…ခုဟာက တော်တော် အရေးတကြီးကိစ္စတွေ ရှိလို့ပါ အိမ်ကလေးရယ်…သည်လို အိမ်ကလေးရ… အင်္ဂလိပ်က အထက်ပိုင်းမြို့တချို့ကို ပြန်သိမ်းရင်း ဝင်လာနေပြီ…တို့ရွာတွေမှာတော့ သိပ်ကြီး မလှုပ်သေးပေမယ့် မြို့တွေမှာ ရှန်းရှန်းရင်းရင်း ဖြစ်နေကြတယ်…သည်ရက် ထဲမှာပဲ မိတ္ထီလာလေတပ်ကို အင်္ဂလိပ်က ပြန်သိမ်းလိုက်ပြီ…တိုက်ပွဲတွေလည်း ဖြစ်နေတယ်"

"မိတ္ထီလာမှာ တိုက်ပွဲတွေဖြစ်နေသာနဲ့ သည်လူတွေက မအိမ်ကံတို့အိမ် ရောက်နေကြ သာနဲ့ ဆိုင်လို့လားအစ်ကို…အစ်ကို့စကားတွေ မအိမ်ကံ နားမလည်ပါဘူး"

ကိုပြေသိမ်းက စကားကို ရပ်လိုက်သည်။ သည့်ထက်လည်း ပိုပြောလို့မကောင်းနိုင် တော့ ဆိုသည့်သဘောလည်း ပါပါလိမ့်မည်။ ပြောစရာရှိလို့ ပြောပြန်တော့လည်း နားလည် နိုင်စရာမရှိလို့ ယူဆတာလည်း ဖြစ်နိုင်ပါ၏။ စကားတွေ ကျွံမိသွားခဲ့ပြီဆိုတာမျိုးလည်း ဖြစ်နိုင်သည်။ ကိုပြေသိမ်းက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော သမီးကလေးကို ငုံ့နမ်းသည်။ ကလေးက တစ်ချက်လွန့်သွားရာက ပြန်လည်အိပ်ပျော်သွားပြန်ပါ၏။ ကိုပြေသိမ်းက အိပ်ရာထဲ လှဲလိုက်ပြီးမှ စကားတစ်ခွန်းကို လေးလေးကြီး ပြောလေသည်။

"သူတို့က တိုင်းပြည်အတွက် အသက်လှူထားကြပြီ အိမ်ကလေး…တိုင်းပြည် အရေးထက် ဘာကိုမှ သူတို့ ထည့်မတွက်ကြဘူးဆိုတဲ့လူတွေပဲ…မြင်းခြံသား ကိုဝေဠု က အစ်ကို့ကျောင်းနေဖက်သူငယ်ချင်း…ကျန်တဲ့လူတွေက အစ်ကိုတို့အိမ်ကို အစည်း အဝေး လာတက်ကြတာ…အစ်ကိုလည်း သူတို့ကို အခုမှ တွေ့ဖူးတာပဲ"

"အခု သူတို့ စကားတွေ ပြောကြတုံးလား"

"မဟုတ်ဘူး အိမ်ကလေး…ပြန်ကြပြီ…အစ်ကို ကြက်တဂိုအိုးပေါက်ဘက်က လှည်း လေးစီး မိုးလင်းကာနီးအရောက် ထင်းတွေတင်ပြီး လာခဲ့ဖို့ ကြိုမှာထားတာ ရောက် လာကြလို့ တစ်စီးတစ်ယောက် စီးပြီး ပြန်ကြလေရဲ့"

မအိမ်ကံ မျက်လုံးတွေသာ မှိတ်ထားရတော့သည်။ နားလည်ဖို့ ခက်ခဲလှချည့်လား။

ထိုညက ကိုပြေသိမ်း အိပ်မပျော်သလို၊ မအိမ်ကံခများလည်း အိပ်မပျော်ခဲ့။ ကိုပြေသိမ်း ဘာတွေလုပ်နေတာလဲ။ ဘာအစည်းအဝေးများပါလိမ့်။ သေချာတာတစ်ခုကတော့ နိုင်ငံရေးက လွဲ၍ အခြားမဖြစ်နိုင်။ မအိမ်ကံ ဘဝတစ်လျှောက်လုံး အိမ်မှာ နိုင်ငံအရေးတွေသာ ထပ်ကာ ထပ်ကာ ကြားနေခဲ့ရသည်။ အဖေ့လက်ထက်မှာရော၊ အစ်ကိုရော၊ ကိုပြေသိမ်းပါ ဘာကြောင့် သည်လောက် စိတ်ဓာတ်တွေ သန်ခဲ့ကြတာပါလိမ့်။ မအိမ်ကံတို့နိုင်ငံဟာ ဘယ်တော့များမှ ငြိမ်း ငြိမ်းချမ်းချမ်း ရှိလာမှာပါလိမ့်။ သည်လိုပဲ အင်္ဂလိပ်က အုပ်စိုးလိုက်၊ ဂျပန်က တက်လာလိုက်နဲ့ ထလုံးလိုက်နေမှဖြင့် မအိမ်ကံတို့ မိန်းမသားများအဖို့ အဖေရယ်၊ အစ်ကိုရယ်၊ လင်သား ရယ်လို့ ဒိုးတူပေါင်ဖက် ဘယ်တော့များမှ အတူနေရမှာပါလိမ့်။ မအိမ်ကံ တွေးနေခဲ့မိသည်။

သည်ဘက်လတွေထဲမှာပဲ ကျေးဇူးရှင် ဖခင်ကြီး တိမ်းပါးခဲ့ရသည်။ အဖေသေတာ တောင် ပြန်မလာနိုင်သည့် သားဖြစ်သူ နိုင်ငံရေးသမားကြီးကို အဖေ့ခများ တွေ့ချင်ခဲ့ရှာလိမ့်မည်။ အခုတော့ အိမ်မှာ ယောကျ်ားသားရယ်လို့ ကိုဖိုးငွေတို့သားအဖတစ်တွေ ရှိသည်မှန်သော်လည်း ကိုပြေသိမ်းက လူရင်းဖြစ်ရမည့်အစား သူကိုယ်တိုင်က မရှိတာများနေတာကို မအိမ်ကံ သဘော

www.burmeseclassic.com

www.burmeseclassic.com

မတွေ့တာ ကြာပြီ။ မအိမ်ကံ နှုတ်က မပြောသာတော့လည်း မပြောခဲ့။ သို့သော် ဇနီး သား မယားတစ်ယောက်အနေဖြင့် သိစရာရှိတာ သိချင်သည်။ ကြားစရာရှိတာ ကြားချင်သည်။ တစ်ခါတလေ အင်္ဂလိပ်စာအုပ်ကြီးတွေ ပါလာတတ်သည်ဖြစ်၍ နေကုန်နေခန်း ထမင်း ထ,မစားတမ်း သည်းကြီးအူပြတ် မက်ရေစက်ရေ ဖတ်နေတာတွေလည်း ရှိသည်။

လင်နှင့်မယား ဆိုပေသိ အသိတွေ ကွာသည်။ ပညာရည် ကွာသည်။ တွေးပုံခေါ်ပုံတွေ ကွာသည်။ ကိုပြေသိမ်းလို မြို့သား ပညာတတ် နိုင်ငံရေးသမားတစ်ယောက်နှင့် ညားမိတာ တောသူ မအိမ်ကံအဖို့ သိမ်ငယ်မိတာလိုလို၊ နာကျည်းမိတာလိုလို ခံစားရတာလည်း အမှန်ပင်။ ကိုပြေသိမ်းခမျာ ကျီးတို့ကြား နားမိသည့် ဟင်္သာပမာ အသွင်ခြား အမြင်ခြား အဆင်ခြားရတာ ကိုလည်း မအိမ်ကံ နားလည်ပါ၏။ သည်တော့လည်း သမီးကလေး တပွေ့ပွေ့လုပ်ရင်း လယ်ကော, ရေမရသလို နေခဲ့တာနှင့် ပြီးရတော့သည်။

သည်အဖြစ်အပျက်ကို သတိရမိတော့လည်း ဩော်...သူကတော့ သူ့အလုပ်သူ ကြိုကြိုတင်တင် လုပ်နှင့်တာပါလားလို့ ခံစားမိရပါ၏။ ဖိုးကူးကိုမေးတော့လည်း သိသလောက်သာ ဖြေနိုင်သည်။ မယားစင်စစ်ဖြစ်ပါလျက် ဘာမှသိခွင့်မရမှတော့ ဖိုးကူးက သူ့ထက် ဘာမှ ပိုမသိနိုင်တာကိုလည်း စိတ်မဆိုးချင်တော့။ အမေပန်းရုံနှင့် မလှအုံတို့ကတော့ သမီးအဖြစ်ကို ယူကျုံးမရ ဖြစ်ရသည်ကလွဲ၍ အခြားဘာမှမပြောကြပါ။

"ဟံသာဝတီနဲ့ ဘုရင့်နောင် ယောင်လို့တောင် ခွဲမရသလိုပါအေ...နိုင်ငံရေးနဲ့ ညည်းလင် ယောင်လို့တောင် ခွဲမရတော့ ပြောရသာ ခက်သားအေရဲ့...မောင်မြတ်သာ ကြည့်ပါလား...မယားကလေးအသစ်စက်စက် ထားရက်ခဲ့သာကြည့်...စိမ်းမြဘက်က နာလို့ပြောသာမဟုတ်ပါဘူး...ဖအေသေသာရော...ညည်းအစ်ကို အလောင်းတောင် မပိုက်လိုက်ရဘူးမဟုတ်လား...မအေသေရင် ဖျာနဲ့အုပ်ထား ဆိုသာမျိုးတွေဟဲ့... ညည်းယောကျ်ားလည်း သည်အစားထဲကဥစ္စာ..."

မလှအုံကတော့ ကရုဏာဒေါသော ပြောရှာပါ၏။ အမေပန်းရုံကတော့ ချိုသည်လည်း မပြော၊ ခါးသည်လည်း မဆို။ ကိုပြေသိမ်းကိုလည်း အပြစ်မမြင်။ ဇနီးမယားကို မညှာလေခြင်း၊ ပလူမွေးပလူတောင် အခါလည်သမီးကလေးမျက်နှာကိုမှ မထောက်လေခြင်းရယ်လို့လည်း မရှိ။ လင်သားဆုံးတာ တစ်လရှိသေး၊ သမက်က တစ်ပူရယ်လို့လည်း ရင်ထုမနာ မဖြစ်ရှာပါ။ သို့သော် စိတ်လက်တော့ ချမ်းသာပုံမရရှာ။

"မအိမ်ကံကတော့ သူ့စာထဲကအတိုင်း မနက်ဖြန်ပဲ ကိုပြေသိမ်းအတွက် အမျှဝေလိုက်တော့မယ်အမေ...သူပြန်လာတော့လည်း လာပေါ့...မလာတော့လည်း ဘယ်တတ်နိုင်မှာလဲ...မအိမ်ကံ မမျှော်ချင်ဘူး...တိုင်းပြည်အတွက် သွားသယ်ဆိုမှတော့ မအိမ်ကံ သူ့ကို အပြစ်လည်းမတင်ချင်ပါဘူး...ဒါပေမဲ့ မအိမ်ကံကို ဖွင့်တိုင်ပင်ရင်လည်း မအိမ်ကံက လိုက်တောင်ပို့မယ့် မိန်းမပါတော်..."

မအိမ်ကံကတော့ ဒါပဲပြောခဲ့သည်။ ဖိုးကူးပြောသလောက်ဆိုလျှင် မအိမ်ကံတို့အိမ်မှာ တစ်ခါက လာစုကြဖူးသော လူလေးယောက်လည်း ပါပုံရသည်။ ကျေးဥကတော့ မအိမ်ကံ စိတ်မချမ်းသာမှန်းသိ၍ ကလေးကို တာဝန်ယူထားရှာသည်။



သည်လိုနှင့်ပင် တပေါင်းမှသည် တန်ခူး...။ တန်ခူးမှသည် ကဆုန်၊ နယုန်၊ ပထမ ဝါဆို၊ ဒုတိယဝါဆို၊ ဝါခေါင်၊ တော်သလင်း...။

သက္ကရာဇ် ၁၃၀၇ ခုနှစ် နှစ်ဆန်းမှသည် မငြိမ်မသက် ဖြစ်လာခဲ့သော တိုင်းပြည်အရေးက မအိမ်ကံတို့ရွာကလေးကို အတော်ပင် ရိုက်ခတ်ခဲ့သည်။ ကျော်ဒင်နှင့် ဂျပန်များ ရွာတွေကို မကြာခဏ ဝင်သောင်းကျန်းကြသည်။ ဂျပန်တော်လှန်ရေးလုပ်သည်ဟု စွပ်စွဲကာ ကြည်တော်ကုန်းတစ်ရွာလုံး မီးတိုက်ပစ်လိုက်ကြသည်။ မအိမ်ကံတို့အိမ်ကို လာ၍ 'ကျောင်းဆရာ ဘယ်မှာလဲ' ဆိုသည့် မေးခွန်းကို အကြိမ်ကြိမ်မေးခဲ့ကြသည်။ သည်လိုဆိုတော့လည်း ကိုပြေသိမ်း ရွာက ထွက်သွားတာ အန္တရာယ်ကင်းကြောင်း မအိမ်ကံ ရိပ်စားမိလာခဲ့သည်။ သိပ်မကြာလိုက်ပါ။ မြို့ပေါ်တွေမှာ စစ်ကြီးဖြစ်နေပြီဆိုသည့်သတင်းနှင့်အတူ ပွဲစားကြီးတို့မိသားစု မအိမ်ကံတို့ဆီ လာရောက်ပုန်းခိုခဲ့ကြသည်။ စစ်ပြေးတွေကို ဓားပြဆီးတိုက်သူတွေက မရှား။ မအိမ်ကံတို့ရွာ လည်း မလွတ်။ မအိမ်ကံတို့အိမ်ဆိုလျှင် သုံးကြိမ်တိတိ ဓားပြဝင်ခဲ့သည်။ မအိမ်ကံကတော့ အသက်ထက် ဘာမှအရေးမကြီးသည်မို့ ထုတ်ပေးတန်သလောက် ပေးခဲ့ရပါ၏။ လူတွေ ဒုက္ခ မရောက်တာပဲ တော်လှပြီ။ ကျော်ဒင်တစ်ယောက် ရွာက ပျောက်ချင်းမလှ ပျောက်သွားခဲ့ပြီး သေပြီဆိုသည့်သတင်း ရောက်လာခဲ့သည်။ ဆရာလေး ကိုတောက်ထိန်တစ်ယောက် ရွာတွေဘက် ကို စည်မတီး ဗျောမခေါက် ရောက်လာခဲ့ပြီး ဂျပန်တွေကို ရရာလက်နက် စွဲကိုင်တိုက်ပွဲဝင်ဖို့ ဆော်သြလာသည်။ ပြောက်ကျားတပ်ဖွဲ့တွေ ဖွဲ့ပေးသည်။ မြင်းခြံမြို့ကနေ ပြိုဆင်းကျလာသော ဂျပန်တွေကို မအိမ်ကံတို့နယ်က တစ်ယောက်မှ အရှင်မထားစတမ်း သုတ်သင်ခဲ့ကြသည်။ စစ်သတင်းနှင့်အတူ တစ်နယ်လုံး ပွက်လောကြီးရိုက်ခဲ့ကြရပါ၏။

"ဆရာကိုပြေသိမ်းကို ရှမ်းပြည်ဘက် တာဝန်ပေးထားတာ မအိမ်ကံ...သည်ဘက်နယ်မှာ သူ လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရမှာမဟုတ်လို့ ဆရာကြီး ဦးဘခင်က တာဝန် ခွဲပေးလိုက်တာပဲ...သူက ကျွန်တော့်လိုပဲ စည်းရုံးရေးမှူးတစ်ယောက်ပါ...ဗိုလ်ကြီး မြတ်သာကတော့ ရန်ကုန်တိုင်းမှာ ဗိုလ်မှူးကြီးဇေယျရဲ့စစ်ကြောင်းကနေ တိုက်ပွဲဝင်နေ ပါတယ်...ကျွန်တော်တို့တိုင်းပြည် လွတ်လပ်တော့မှာပါ မအိမ်ကံ"

ဆရာလေး ကိုတောက်ထိန်၏ သတင်းစကားကလွဲ၍ မအိမ်ကံထံသို့ စာတိုကလေး တစ်စောင်မျှ ရောက်မလာနိုင်ခဲ့ပေ။ မမစိမ်းမြခမျာလည်း မအိမ်ကံနည်းတူ ပန်းသပြေ ညောင်ရေ လောင်းလို့ ဆုတောင်းနေကြရုံကလွဲလို့ သမီးယောက်မ ဘာမျှမတတ်နိုင်ခဲ့။ ကမ္ဘာစစ်ကြီးအတွင်း မှာ ဇောင်ချမ်းကုန်းလို ရွာသိမ်ရွာမွှားကလေးထဲက မအိမ်ကံတို့အရေးက အစက်အပြောက်မျှပင် အရာမထင်ခဲ့ပါ။ အခုတော့လည်း အစစအရာရာ ငြိမ်သက်လို့သွားခဲ့ပြီထင်ပါ၏။ ပွဲစားကြီးတို့ ပွဲကတော်ကြီးတို့ မိသားစုလည်း မြို့ကိုပြန်သွားခဲ့ကြပြီ။ ပွဲကတော်ကြီးက သားနှင့်ချွေးမကို အလုပ်တွေ လွှဲအပ်တော့မည့်အကြောင်းနှင့် မအိမ်ကံကိုပါ အလုပ်တွေ ဆက်ပေးသွားခဲ့ပါ၏။

မအိမ်ကံ၏ ရက်ကန်းရုံကြီးလည်း ပြန်လည်အသက်ဝင်လာခဲ့ရပြီ။ လက်ရက်ကန်း သည်တွေ ပြတ်လတ်သွားခဲ့သဖြင့် အားချင်းရက်လုပ်ကြရမည်။ တစ်ရွာလုံး အလုပ်တွေ လှိုင်ခြင်း ရလေပြီ။ အရီးကြာညွန့်သည်လည်း ရက်ကန်းခေါင်း ဖြစ်ရပြန်ကာ မိန်းကလေး သုံးဆယ် လောက်ကို တွင်တွင်ကြီး ခိုင်းနေရပါ၏။ ပွဲကတော်ကြီး၏သားကိုယ်တိုင် ဇောင်ချမ်းကုန်းကို

www.burmeseclassic.com

www.burmeseclassic.com

လာရောက် မှာကြားရသည်မှစ၍ မအိမ်ကံကိုယ်တိုင်ပင် ထဘီကို တိုတိုပါအောင်ဝတ်ကာ အထည်ဆန်းတွေ ရက်ခဲ့ရသည်။ ဂျပန်အပြေး အင်္ဂလိပ်အဝင် အစစအရာရာ ရှားပါးသမျှ တစ်စတစ်စ ပြန်မြင်လာခဲ့ရပြီဆိုသော်လည်း ကျေးရွာတွေမှာတော့ ထူးပြီး ပြောင်းလဲခြင်းမရှိ။ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲဘဝက ရှန်းထနေရချိန်ဖြစ်၍ အစစအရာရာ လူလုံးမလှနိုင်ကြသေးဘဲ ရှိခဲ့ပါ၏။ တစ်နှစ်ခွဲသမီးကလေး မအိမ်မြိုင်ကိုတော့ ကျေးဥကိုပဲ ထိန်းခိုင်းထားရသည်။ ကျေးဥမှာလည်း မပေါ့မပါးကြီးနှင့်ဆိုတော့ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် မအိမ်ကံကပဲ စောင့်ရှောက်သည်။

"ကျေးဥ ...ညည်း မအိမ်မြိုင်ကိုပဲ ထိန်း...ငါ့သမီးကလေးကို ပိုးမွေးသလိုမွေးစမ်းပါ အေ...ညည်းတို့မိသားစု ငါတာဝန်ယူသယ်...ညည်းဝမ်းဝအောင် ခါးလှအောင် ငါဆင်မယ်...ငါကျွေးမယ်"

မအိမ်ကံစကားကြောင့်ရယ်မဟုတ်ပါ။ ကျေးဥကလည်း မအိမ်ကံကို သံယောဇဉ်ကြီးပါသည်။ ငယ်စဉ်တောင်ကျေးကတည်းက အတူအိပ် အတူနေ၊ မအိမ်ကံတို့ကျေးဇူးတွေကလည်း သူတို့မိသားစုအပေါ် ကြီးလှသလို၊ လင့်ဘက်ကနွယ်တော့ ဆွေမျိုးပင် တော်ခဲ့ကြပြီမဟုတ်လား။ မအိမ်ကံက အလုပ်နှင့်သမီး တစ်လှည့်စီကြည့်ရင်း နေ့ရက်တွေကို ကုန်လွန်စေခဲ့သည်။ ကိုပြေသိမ်းကို တစ်ခါတစ်ရံ လွမ်းဆွတ်သတိရမိသည်မှန်သော်လည်း နာစရာနှင့် ဖြေခဲ့သည်။ ထွက်သွားပြီဆိုကတည်းက မအိမ်ကံ အမှုဝေခဲ့ပြီးပြီ။ သို့သော် တစ်ဖက်က ကြည့်ပြန်တော့ သမီးကလေးအတွက် အဖမဲ့သည့်အဖြစ်ကို မအိမ်ကံ မခံစားနိုင်။ သမီးအတွက် မအိမ်ကံ မျှော်လင့်နေရပါသော ဖက်စိမ်းကွမ်းတောင်ကိုင်ဖြစ်ဖို့ မိစုံဖစုံရှိဖို့ အရေးကြီးသည်မဟုတ်လား။ သည်အကြောင်း တွေးမိလျှင် မအိမ်ကံ ဆောက်တည်ရာမရ ဖြစ်ရပါတော့သည်။

တစ်ရက်တော့ မအိမ်ကံကိုယ်တိုင်သွားမှ ဖြစ်မှာမို့ မြင်းခြံကို ခရီးတစ်ခေါက် ရောက်ခဲ့ရပါ၏။ ကိုယ်ဝန်ရင့်စပြုနေသော ကျေးဥကို မခေါ်တော့ဘဲ ဖိုးတုတ်နှင့် ဖိုးကူးညီအစ်ကို နှင့် ထပြေးခဲ့ရခြင်းဖြစ်၏။ တိုင်းရေးပြည်ရေး ခြေခင်းလက်ခင်းကလေး သာသလိုလိုဆိုတော့ အကူးအသန်း ရှိနေကြပြီ။ ပွဲကတော်ကြီးက အလုပ်ကိစ္စတွေပြီးလို့ မအိမ်ကံ လှည်းပြန်ထွက်ကာ နီးမှ စကားတစ်ခွန်း ပြောခဲ့ပါ၏။

"တူတော်မောင် မောင်ဝေဠုတော့ တစ်နေ့က ပြန်ရောက်လာပြီ မအိမ်ကံ... မောင်ပြေသိမ်းလည်း ရောက်လာတော့မှာပါ...ဒေါ်ဒေါ်မေးကြည့်တော့ သူတို့ချင်းက သွားတုန်းကတော့ အတူတူဆိုလား...တော်လှန်ရေးမှာ လူချင်းကွဲသွားကြတယ်တဲ့... မောင်ပြေသိမ်းအကြောင်း ဘာကြားသေးသလဲ မအိမ်ကံ"

"မအိမ်ကံ အမှုဝေပြီးပြီဒေါ်ဒေါ်...ကိုင်း သွားပြီနော်"

ဆောင့်ခနဲ ထွက်လာသည့်လှည်းနောက်မှာ မအိမ်ကံစကားတွေ ကျန်ရစ်ခဲ့သည်။ ပွဲကတော်ကြီးက အလွန်အားနာသွားဟန်ဖြင့် ပွဲရုံထိပ်မှာပဲ မိုးတိုးမတ်တတ် ကျန်ရစ်ခဲ့ရှာပါ၏။ ဖိုးကူးက နားစွန်နားဖျား ကြားလိုက်သည်ဖြစ်၍ မအိမ်ကံ အရိပ်အကဲကိုကြည့်ကာ တစ်စုံတစ်ရာ မေးဖို့ ပါးစပ်ပြင်ထားခဲ့သည်။ ကိုဝေဠု ပြန်ရောက်ပြီတဲ့။ ဆရာလေး ကိုပြေသိမ်းကကော ဘာကိစ္စ ပြန်မရောက်သေးတာပါလိမ့်။ သူ့အပေါ် ကောင်းရှာသော သူ့ဆရာ ကိုပြေသိမ်းကို




သတိရသည်။ လွမ်းလည်းလွမ်းသည်။ မအိမ်ကံက လှည်းရုံတိုင်ကို ကျောမှီရင်း အဝေးကို ငေးလျက် ပါလာခဲ့သည်။ ဖိုးကူးက အရဲစွန့်ကာ မေးသည်။

"မမကံ..."

"ဖိုးကူး...ဖောင်ချမ်းကုန်းအထိ နှင့်ပါးစပ် ပိတ်ထားစမ်း...နင်အသံထွက်ရင် နကန်စာ မိမယ်မှတ်"

"ဟုတ်...ဟုတ်..."

တကယ်လည်း ဖောင်ချမ်းကုန်းရောက်သည်အထိ ဖိုးကူးမှာ နွားကိုပင် ရဲရဲမငေါက်ဝံ့။ မမကံကို ငယ်ကြောက်မဟုတ်လား။ မအိမ်ကံကလည်း မျက်နှာထားတင်းထားခဲ့ပါ၏။

■

တစ်ရက်မှာတော့ မြင်းခြံသား ကိုဝေဠု ဖောင်ချမ်းကုန်းကို ရောက်လာခဲ့သည်။ သူနှင့် အတူ အသားညိုညို မျက်လုံးမျက်ဖန်ကောင်းကောင်း ကိုဘဆန်း ဆိုသူလည်း ပါလာခဲ့ပါ၏။ သည်နှစ်ယောက်က စစ်မထွက်ခင် တစ်ခေါက်ရောက်လာကြပြီး၊ စစ်ပြီးတော့ တစ်ခေါက် လာနှုတ်ဆက်ကြသလိုပင်။ ကိုမင်းရာဆိုသူနှင့် ကိုဖူးခေါင်ဆိုသူ နှစ်ယောက်တော့ ပါမလာ။ မအိမ်ကံက ပွဲကတော်ကြီး၏တူတော်သူဆိုတော့ ထွက်တွေ့ဧည့်ခံရပါသည်။ ကိုပြေသိမ်းနှင့် သူတို့လေးဦးသား ငြင်းကြခုံကြ၊ အော်ကြဟစ်ကြတာကိုပင် သတိရမိသေးတော့သည်။ အမေ ပန်းရုံနှင့် မလှအုံတို့က ဧည့်သည်တွေကို နေရာချပေးထားနှင့်ကြပြီ။ မလှအုံက ကိုပြေသိမ်း၏ ဇာတ်သိမ်းမကောင်းပုံကို လာပြောကြသည်ထင်၍ မျက်နှာမကောင်း။ ထွက်သွားကြတာ ငါးယောက်။ ပြန်ပေါ်လာတာက နှစ်ယောက်တည်းမဟုတ်လား။

မအိမ်ကံကတော့ မျက်နှာကို ချိုချိုပင့်ထားရင်း ကြုံသမျှ ကျသမျှ ရင်စီးခံမည့်ပုံ။ ဒါကိုပဲ မလှအုံ အံ့သြရပါ၏။ မအိမ်ကံကို အမေပန်းရုံ စိုးရိမ်သလို၊ မလှအုံကလည်း တစ်လျှောက်လုံး စိုးရိမ်ခဲ့ရသည်။ တစ်ဘဝမှာ တစ်ချစ်၊ တစ်ချစ်မှာ တစ်ကြင်ဖော် ဆိုသူ မဟုတ်လား။ သို့သော် ကိုပြေသိမ်း ထွက်သွားသည့်နေ့က မျက်ရည်ကျခဲ့တာကလွဲလို့ နောက်ပိုင်း ဝမ်းနည်းရိပ်မရှိ။ မေးတာမြန်းတာကိုလည်း ကြိုက်ပုံမပေါ်။

"ငါ့သမီးကလေး မအိမ်ကံခမျာ ခံလိုက်ရရင် အချိုကြီးဆိုသလိုပါပဲလား လှအုံရယ်... အပျိုဘဝ အနှစ်နှစ်ဆယ်လုံးလုံး သူဖြစ်ချင်သာ မဖြစ်ခဲ့ရဘူး...အိမ်ထောင်ပြုတော့ လည်း သားနဲ့မယား ဒုတ်ဒုတ်ထိ ထားသွားရက်သဲ့သူငယ်နဲ့မှ အကြောင်းပါရလေ သယ်...သူ ရင်စီးခံနိုင်ပေမယ့် ငါဖြင့်အေ...လင် သူကြီးမင်းသေသာ ဖြေနိုင်ခဲ့ပါရဲ့... မအိမ်ကံအတွက် မဖြေနိုင်ဘူး...ဒါပေသိလို့ တိုက်လေ့နဲ့ ရက်ကန်းလွန်း ဘဝချင်း မညီသာကိုပဲ ယိုးမယ်ဖွဲ့ခဲ့ရသယ်...တစ်နေ့ သည်လိုရှိမယ်လို့တော့ ထင်သားပဲဟယ်"

ဒေါ်ပန်းရုံက မလှအုံကို ပြောခဲ့ဖူးသည့်စကားများပင်။ မလှအုံက သူတကာ စစ်ထွက် သူတွေ ပြန်လာကြတာတွေ ကြားထားသူဆိုတော့ ကိုပြေသိမ်းကိုလည်း မျှော်ခဲ့ပါ၏။ သို့သော် ရောက်မလာတော့လည်း ဘဝကံ ကုန်ခဲ့ကြပြီထင်ပါရဲ့လို့ အဆုံးတွေးထားခဲ့သည်။ အခုကြည့် လေ...။ အတူသွားကြသည့်အထဲက နှစ်ယောက်သာ ရောက်လာကြတာမဟုတ်လား။ ကိုဝေဠု

www.burmeseclassic.com

www.burmeseclassic.com

ကပဲ စကားစခဲ့သည်။ မအိမ်ကံ့က ခါးကလေးတောင့်ရင်း သမီးကလေးကိုသာ ငေးနေခဲ့သည်။ တစ်နှစ်ခွဲသမီး မအိမ်မြိုင်က ကြမ်းပေါ်မှာ တော့တီးတော့တာ ကစားနေသည်။ အနားတွေ့သမ္မ ပါးစပ်ထဲ ကောက်ထည့်နေသဖြင့် ကျေးဥက နှိုက်နှိုက်ထုတ်နေတာကို ကြည့်နေခြင်းဖြစ်၏။

"ကိုပြေသိမ်းနဲ့ ကျွန်တော်တို့ သွားတုန်းကတော့ အတူတူပါပဲ…ကျွန်တော်တို့အားလုံး ပခုက္ကူဘက်ကို ဖြတ်ထွက်ကြတာပါ…ပခုက္ကူကမှ တာဝန်ခွဲကြတော့ ကျွန်တော်နဲ့ ကိုဘဆန်းက ပြည်မြို့ဘက် ပါသွားကြတယ်…ကိုပြေသိမ်းက မန္တလေး…ကိုဖူးခေါင်က သရက်ဘက်…နောက် ကိုမင်းရာက တောင်တွင်းကြီးဘက်…ကိုဖူးခေါင်နဲ့ ကိုမင်းရာတို့ကတော့ တိုက်ပွဲမှာ ကျခဲ့ကြပြီ…ကိုပြေသိမ်းတော့ ကျတယ်ဆိုတဲ့သတင်း မရတာ အမှန်ပါ…ပြန်မလာသေးတာကိုလည်း ကျွန်တော်တို့ နားမလည်နိုင်ဘဲ ဖြစ်နေပါတယ် ဒေါ်ဒေါ်…"

ကိုဝေဠုက အမေပန်းရုံကိုသာကြည့်ပြီး ပြောနေသည်။ ကိုဘဆန်းက တစ်ခွန်းမှ မပြောဘဲ ငြိမ်နေသည်။ မျက်ခုံးထူကြီးတွေကို ကုပ်ထားကာ စားပွဲပေါ်က ဒန်မီးခတ်ကိုသာ စိုက်ကြည့်နေပါ၏။ အမေပန်းရုံက သမီးကလည်း ရှိနေတော့ ဘာပြောရမှန်းမသိ။ မအိမ်ကံ့သာ အနားမှာမရှိလျှင် ပွင့်ပွင့်လင်းလင်း မေးလိုက်ချင်သည်။ သတင်းဆိုး၊ သတင်းကောင်း အကြောင်း မဟုတ်ဘဲ ပျောက်နေသည့်ဆံစု အထားမှားသလား၊ ကြွက်ချီသလား သိချင်နေခဲ့သည်။ သည်သူငယ်တွေကတော့ မဟုတ်တာ ပြောကြပုံမရှိ။ သူတို့သိသလောက် ပြောနေတာမှန်းလည်း သိပါ၏။ မလှအုံကပဲ စကားစပြောသည်။

"ငါ့တူများကို အရီးတို့က အပြစ်မတင်ပေါင်ကွယ်…တို့တောနယ်က လူငယ်တွေတောင် ကိုယ့်စိတ်နဲ့ကိုယ် ဂျပန်တိုက်ဖို့ လိုက်သွားကြသာ ကြားနေရသာပါ… မောင်ပြေသိမ်းလိုလူက ဘယ်မှာကျန်ရစ်နေပါ့မလဲ…မိုးမရိပ်ခင်က ဆီခဲချင်နေသဲ့လူ… သိသားပဲ…ဒါပေသိ ထမနဲလား ယာဂုလား ကွဲချင်ကြသာပါ"

မလှအုံကလည်း သည့်ထက်ပို အရိပ်မပြနိုင်။ ကိုဘဆန်းဆိုသူက အသာလျှပ်လာပါ၏။

"ကိုပြေသိမ်းက မန္တလေးကနေ ရပ်စောက်ဘက်၊ ရွှာင်ဘက် ပါသွားသလိုလိုတော့ သတင်းသန့်သန့် ကြားရပါတယ်…တိုင်းတွေခွဲလိုက်တော့ ဆန်စဉ်ရာ ကျည်မွေ့လိုက်ရတာကိုး…ကျွန်တော်တော့…"

မအိမ်ကံ့က သက်ပြင်းကလေးချကာ ကိုဘဆန်းကို လှမ်းကြည့်လိုက်သည်။ ကိုဘဆန်းက စကားဆက်မပြောပြန်တော့ မျက်နှာလွှဲရပြန်သည်။ ကျေးဥက ကလေးကို ကောက်ချီကာ အပြင်ထွက်သွားသည်။ ရက်ကန်းရုံဘက်ဆီက ရက်ကန်းခြူကုံးသံတွေ ချွင်ချွင်ဖျောက်ဖျောက် ကြားနေရ၏။ စကားဝိုင်းက ခြောက်ကပ်လှသည်။ ပြောသူတွေမှာလည်း စကားမရှိ။ မေးချင်သူတွေမှာလည်း စကားမရှိ။ မအိမ်ကံ့ စကားတစ်ခွန်း ဝင်ပြောခဲ့သည်။

"မအိမ်ကံ့ကတော့ ကိုပြေသိမ်း ထွက်သွားသဲ့နေ့ကတည်းက မေတ္တာပို့သယ်… ကိုယ့်လင်သားဆိုတော့ စိတ်လည်းရောက်သယ်…သမီးကလေး အိပ်နေသာမြင်ရရင် ပိုတောင် သတိရမိပါရဲ့ ရှင်တို့ရယ်…ညကြီးသန်းခေါင်တောင် ချိုးချိုးချောက်ချောက် အသံကြားရင် ကိုပြေသိမ်း ပြန်လာသာများလားလို့ ထကြည့်မိသယ်…ဒါပေသိ သူထွက်သွားကတည်းက မအိမ်ကံ့ နေတတ်အောင်နေခဲ့သယ်…ဘယ်သူက မေးမေး အမျှဝေထားပြီးပြီလို့ပဲ ဖြေသယ်…တိုင်းပြည်အတွက် တစ်နေရာရာမှာ သူ ကျဆုံးသယ်ဆိုရင်လည်း မအိမ်ကံ့ ဖြေနိုင်ပါရဲ့…ကျွန်မလင်သားအဲ့ဖြစ် သူကျဆုံးသွားသယ်ဆိုရင်လည်း ကျွန်မ ဖြေနိုင်အောင်ဖြေမယ့်သူပါ…ကျွန်မသမီးကလေးအတွက်တော့ ဖအေဖြစ်သူ မဲ့သွားသဲ့အဖြစ်ကို ကျွန်မ ရင်မဆိုင်ရဲဘူး…ကျွန်မလေ…ကျွန်မ…"



ပြောရင်း စကားတွေ တစ်ဆို့သွားပြီး တစ်ချိန်လုံး တင်းဆယ်ထားသမျှ မျက်ရည်တာရိုး ကျိုးပေါက်သွားတော့သည်။ ထိုင်နေကြသူတွေအားလုံး မအိမ်ကံ့ကို ဝိုင်းကြည့်နေခဲ့ကြသည်။ မအိမ်ကံ့ ဘာတွေပြောချင်တာလဲ။ မအိမ်ကံ့က စကားကို ဆက်ပြောသည်။

"စစ်ဆိုသာကြီး ဖြစ်လာမှတော့ လင်သေ သားဆုံး ဒုက္ခတွေ များကြရောပေါ့ရှင်… သည်အဖြစ်ထဲ မအိမ်ကံ့ ပါနေရင်တော့လည်း အရင်းလည်းထမ်း အဖျားလည်းထမ်း…ထမ်းရုံရှိတော့သာပေါ့…မအိမ်ကံ့ ခံဝံ့သဲ့သတ္တိ ရှိပါသယ်တော်…"

ကိုဘဆန်းကတော့ ဒန်မီးခတ်ကိုပဲ စူးစူးစိုက်စိုက်ကြည့်နေလေသည်။ ကိုဝေဠုက မျက်လွှာကို ချထားသည်။ အမေပန်းရုံနှင့် မလှအုံက မအိမ်ကံ့ မျက်ရည်ကျတာကိုကြည့်ပြီး အင်္ကျီလက်မောင်းဖြင့် ကိုယ့်မျက်ရည်ကိုယ် တို့ကြသည်။ စကားဝိုင်းက တစ်ဖန် ငြိမ်သက်သွားပြန်ပါ၏။

မအိမ်ကံ့စိတ်တွေကတော့ စကားဝိုင်းမှာ မရှိ။ ရှေးဖြစ်နောက်ကြောင်းတွေကိုသာ စိတ်ရောက်နေခဲ့သည်။ တစ်သက်လုံး ရွှေလိုဥကာ နေလာခဲ့ပြီးမှ ကွမ်းတောင်ကိုင် မဖြစ်ခဲ့ရသော သူ့မဘဝ ပုံရိပ်ဟောင်းများ…။

သူတကာတွေ ပြန်လာကြပြီ ကိုပြေသိမ်းရေ…။ တော် ဘယ်မှာလဲ…။

■

ထိုနေ့က မအိမ်ကံ့တို့ အိမ်ဝိုင်းထဲမှာ ခတ္တာပန်းတွေ၊ လေးကျွန်းစကြာပန်းတွေ ဖွေးဖွေးလှုပ်လှုပ် ဖူးပွင့်နေကြသည်။ ပုန်းညက်ပင်အိုကြီးကလည်း ပုလဲခိုင်ပန်းတွေ တွဲရရွဲစီနေဆဲ။ အိမ်ထောင့်က ယင်းမာပင်ကြီးကလည်း အဖူးအခိုင်တွေ ထိုးထွက်နေကြသည်။ ပန်းတွေ ပွင့်နေတာမြင်တော့ အပျိုဘဝကို မအိမ်ကံ့ သတိရမိပါ၏။ ငယ်ကတည်းက ပန်းအလွန်ကြိုက်ခဲ့သော မအိမ်ကံ့သည် မနက်မိုးလင်းသည်နှင့် သနပ်ခါး၊ ပန်းမန်တဝေဝေဖြင့် လှချင်ရက်စက်စက်ယိုခဲ့သည်။ တစ်နယ်လုံးက မအိမ်ကံ့၏အလှကို ရင်သပ်ရှုမော ရှိခဲ့ကြသည်။ အခုတော့လည်း အပျိုလိုမနေမိလို့ ကိုယ်ရိတယ်လေး ဆိုသလို ဖြစ်ခဲ့ရသည်။ အလှအပထက် ဘဝကို ဦးစားပေးခဲ့ရပြီ။

အခါပျက်အတွင်းက ဓားပြသုံးကြိမ် အတိုက်ခံခဲ့ရသည်။ စစ်ဖြစ်နေသည့်အတွင်း လုပ်ငန်းတွေ ရပ်ဆိုင်းခဲ့ရသည်။ ပြန်လည်ထူမတ်နိုင်ဖို့ အတော်အားယူခဲ့ရပါ၏။ ကျောက်ထည်ကလေးတွေကို သမီးကလေး မအိမ်မြိုင်အတွက် နတ်ကိုးကြတ်သလို သိမ်းဆည်းထားခဲ့ပြီး ရွှေထည်အချို့ ရောင်းချခဲ့သည်။ မအိမ်ကံ့မှာ မိသားစုအတွက်သာမက ကိုဖိုးငွေ၊ မလှအုံကို

www.burmeseclassic.com

www.burmeseclassic.com

တစ်မြုကြီးနှင့် အရိုးကြာညွန့်၊ ကျေးဥတို့တစ်တွေအတွက်ပါ တာဝန်ယူခဲ့ရသည်။ စစ်အတွင်းက မိဘနှစ်ပါး ဆုံးပါးသွားရှာသော ယောက်မဖြစ်သူ မမစိမ်းမြတို့ ညီအစ်မ၏ စားဝတ်နေရေးကလည်း မအိမ်ကံခေါင်းပေါ် ပုံကျလာခဲ့သည်။ တစ်ချိန်က ပေးခဲ့ကမ်းခဲ့ ရှိခဲ့ရသော ဆွေမျိုးမျိုးတွေက လက်ဖြန့်ခံလာတော့လည်း မျှတပေးကမ်းရပြန်သည်။ ဥစ္စာပစ္စည်းအတွက် အလိုလောဘ မရှိလှသော်လည်း သည်တာဝန်တွေက မအိမ်ကံအပေါ် အလိုလို ပိကျလာခဲ့ပါ၏။ ရှေ့က ဦးဆောင်မည့်သူ မရှိသော်လည်း မအိမ်ကံအတွက် နောက်လိုက်ကောင်းတွေ ရှိနေတာကိုပဲ ဝမ်းသာရသည်။ မအိမ်ကံမှာ ရှေ့ဆုံးက လမ်းဖော်ရသော ပုရွက်ဆိတ်လိုပင် နောက်က တသီတတန်းကြီး ကပ်ပါနေကြပါ၏။

ပထမဆုံး ရက်ကန်းရုံကလေးကို ဖြစ်ဖြစ်မြောက်မြောက် ထူထောင်ရသည်။ ကုန်ကြမ်းတွေ ဝယ်လှောင်ပြီး ရက်ကန်းသားတွေကို ငွေကြိုပေးထားလိုက်သည်။ အရိုးကြာညွန့်နှင့်အတူ မအိမ်ကံကိုယ်တိုင် လုံ့လဝီရိယစိုက်ခဲ့သည်။ သမီးကလေးကိုပင် ကျေးဥလက်ထဲ ထိုးအပ်ထားရတော့သည်။ မလှအုံ့ခမျာလည်း အသက်အရွယ်ကြီးလာသည့်တိုင် အိုးသူကြီးရာထူးက မဆင်းရသေး။ အမေပန်းရုံကတော့ လင့်ဝတ္တရားတွေ ကင်းပြီမို့ အေးဆေးသက်သာစွာ စိပ်ပုတီးကလေး တချောက်ချောက်စိပ်လျက်ရှိပါ၏။

“တို့အိမ်တောင် ချဉ်ပေါင်ခင်း…ယုန်ဖို ယုန်မ ဆင်းပါလို့လေး…ဟဲ့…ကရို…ယုန်…ကရို…ယုန်…သည်မယ်မွေးသဲ့ ခွေးကြန်စုံ…ဇိအထက်က ဇက်ကိုင်…ရွှေယုန်ထွန့်ထွန့်လူးပါလို့လေး…”

ကျေးဥတစ်ယောက် သမီးမအိမ်မြိုင်ကို မြူနေသောသီချင်းကြောင့် မအိမ်ကံ ပြုံးမိရသည်။ သမီးကလည်း ကျေးဥလုပ်ပြတာကိုကြည့်ရင်း ခိုးခိုးခစ်ခစ် ရယ်လေသည်။ သမီးကလေးကို လှမ်းကြည့်ရင်း နမ်းချင်စိတ် ပေါ်လာမိသဖြင့် ရက်ကန်းရုံထဲက မအိမ်ကံ ပြေးထွက်လာခဲ့သည်။

“မအိမ်ကံ…”

ဝိုင်းဝဆီက မအိမ်ကံကို ခေါ်သံကြားလိုက်ရသည်။ မအိမ်ကံ လှမ်းကြည့်လိုက်တော့ ရိုးရိုးရိပ်ရိပ်။ အသံက မိန်းမသံ။ ရွာထဲက တစ်ယောက်ယောက်ထင်ပါရဲ့။ မအိမ်ကံ ဝိုင်းဝကို လျှောက်သွားပြီး တံခါးတစ်ချပ် လှပ်လိုက်သည်။ မအိမ်ကံ မမျှော်လင့်သော၊ ဘယ်သောအခါမှ မတွေ့ချင် မဆုံချင်သော မိန်းမတစ်ယောက်။ စောစောက ကြည်နူးခဲ့ရသော စိတ်ကလေးပင် နောက်ကျိသွားခဲ့သည်။ ဝိုင်းပေါက်ဝမှာ ရပ်နေသူသည် မအိမ်ကံအိမ်ရှေ့ကို ရောက်လာလိမ့်မည်ဟု ထင်မထားခဲ့သူပင်။ လက်တစ်ဖက်က ကလေးကို ဆွဲထားရင်း မအိမ်ကံကို ပြုံးပြနေသည်။ မအိမ်ကံကတော့ ပြန်မပြုံးဖြစ်ခဲ့။ နှုတ်တော့ ဆက်လိုက်သည်။

“အလို…ရွှေမှုံ…ဘယ့်နှယ် မလာစဖူး…”

မအိမ်ကံ၏အသံက အလိုမကျခြင်းဖြင့် တုန်ရီနေလေသည်။ ■

(၂၇)

“အရိုးလှအုံ့ဆီ လာသာ မအိမ်ကံ…သမီးက နေ့နေ့ညည ခဏခဏ ဖျားတတ်လို့ ကြည့်ခိုင်းချင်လို့ လာသာ…နေကောင်းကြလား…ငါဖြင့် စိတ်သာ ရောက်သယ် လူမရောက်နိုင်ပါဘူး သူငယ်ချင်းမရယ်…”

ရွှေမှုံက စကားပြောရင်း ဝိုင်းထဲဝင်လာတော့ မအိမ်ကံလည်း လိုက်လာခဲ့သည်။ ရွှေမှုံ နည်းနည်းလေး ပိန်သွားသည်။ အပျိုတုန်းက ကိုယ်သားကိုယ်ရေလည်း မရှိတော့။ သားသည်မအေကလည်း ဖြစ်ပြန်၊ စိတ်ထောင်းကိုယ်ကျေလည်း ရှိပုံရသည်။ ရွှေမှုံ့သမီးကလေးကို ငုံ့ကြည့်ပြန်တော့ မှင်တင်တင်။ ကလေးက မလန်းသလိုလို နွမ်းလှသည်။ မျက်လုံးမျက်ဖန်ကတော့ ရွှေမှုံနှင့်အတူသား။

“သည်လိုပါပဲ ရွှေမှုံရယ်…ညည်းတို့အိမ်မှ မဟုတ်ပါဘူး…ငါလည်း ဘယ်သူ့အိမ်မှကို မရောက်သာကြာပြီ…ခေတ်ကာလကလည်း မကောင်းတော့ အိမ်က မခွာဝံ့ဘူး…”

ရွှေမှုံက သမီးဖြစ်သူ၏ရောဂါနှင့်ပတ်သက်၍ မလှအုံ့ကို အကျိုးအကြောင်း ပြောပြသည်။ ကလေးက မနက် အိပ်ရာထတိုင်းလည်း လန်းသည်မရှိ။ နေ့ခင်းနေ့လယ် ကိုယ်ကလေး ပူချင်တော့လည်း ပူလာသည်။ တစ်ခါတစ်ရံ ညနေဘက်တွင် အပူအားကြီးတတ်ပြန်သည်ဆို၏။ ကလေးဖျား၊ ကလေးနာ ယတြာမန်းနှင့်ပတ်သက်လို့ ရွာမှာ မလှအုံ့က နာမည်ရသည်။ တော်ရုံတန်ရုံအဖျားတော့ မန်းရုံ၊ ယတြာလုပ်ရုံ၊ ဆေးမြီးတိုကလေးသုံးရုံနှင့် ပျောက်နိုင်လို့ ဆေးဆရာဆီ မသွားလေ့ကြ။ အခုလည်း မလှအုံ့ကို လာမန်းခိုင်းခြင်းဖြစ်ကာ ယတြာ တောင်းခြင်းဖြစ်၏။ မလှအုံ့က ကလေး၏ မျက်တွင်းမျက်ဆံ နှိုက်ကြည့်သည်။ ကိုယ်သားကိုယ်ရေ စမ်းကြည့်သည်။ မေးအောက် ချိုင်းအောက် လက်ခုံနှင့် စမ်းသည်။

“နေတက်ဖျား၊ မွန်းတည့်ဖျား၊ သုံးဗဟိုဖျား၊ နွားရိုင်းသွင်းချိန်ဖျား၊ သူငယ်အိပ်ဆိပ်ဖျား၊ ကြက်ဦးတွန်ဖျားရယ်လို့ ရှိသယ်ရွှေမှုံရဲ့…ညည်းကလေးက နေ့နေ့ညညဖျားသာဆိုတော့ သူငယ်နာများ မစင်ရှောသလားအေ…ငါ မန်းသယ်ဆိုသာက အဲသလောက် စုံစီနဖာဖျားသာမျိုးတော့ မစွမ်းဘူး…အဲသာကျတော့ ဆေးဆရာများမှ ဖြစ်မှာကိုင်းပါလေ…ရနကင်းအောင်တော့ မန်းပေးလိုက်ပါ့မယ်…ညည်းသမီးနာမည်က ဘယ်သူ…”

www.burmeseclassic.com

www.burmeseclassic.com

"မှုံနံ့သာပါ အရီး..."

"ကြာသပတေးသမီးပေါ့...မအေရုပ်ပါကောအေ...သည်မယ် ငါပြောမယ်...ကလေး ခြေသည်း လက်သည်းကို ညှပ်ကရော...အဝတ်သန့်သန့်နဲ့ထုပ်ထား...ကြာသပတေး သမီးဆိုတော့ ပုန်းမဲဇာသားကို ညည်းသမီးအရုပ်နဲ့ တိုင်းဖြတ်...ညအိပ်တော့ ဘေးမှာ မြှောင်သိပ် ကြားလား..."

"ဟုတ်ကဲ့ အရီး"

"ခုနင်က ခြေသည်း လက်သည်း ထုပ်ထားသဲ့အဝတ်ထုပ်ကို ခြေရင်းမှာထား...ဆန်ကို သုံးထုပ်ထုပ်အေ...တစ်ထုပ်က ခေါင်းရင်းထား...တစ်ထုပ်က ခါးနားမှာထား... တစ်ထုပ်က ခြေရင်းမှာထား...နောက်နေ့ မိုးလင်းတော့ ခေါင်းရင်းက အထုပ်ကို ဆွမ်းချက်ပြီးလောင်း...ခါးကအထုပ်ကို ဆင်းရဲသဲ့လူ ပေးလိုက်...ခြေရင်းက ဆန်ကို ချက်ပြီး ခွေးတို့ ကြောင်တို့ကျွေး...လက်သည်း ခြေသည်းထုပ်ကို အိမ်နောက်ဘက် ပစ်လိုက်...အညှ့် ကြေကရော...မှတ်မိလား..."

"မှတ်မိပါသယ် အရီး..."

မလှအုံက ကလေးခေါင်းကို ကိုင်ကာ မန်းသည်။ မအိမ်ကံကတော့ ရွှေမှုံသမီးကလေး မှုံနံ့သာကိုသာ သေသေချာချာ ကြည့်နေခဲ့သည်။ မလှအုံပြောသလို ရွှေမှုံနှင့်တူသလိုလို ရှိသော်လည်း ကြီးတော်စံရွှေမျက်နှာကျပိန်းပိန်း ရှိုးရိုးရိပ်ရိပ်ပါသည်။ မျက်တောင်စင်းစင်း၊ မအိုးမအီဆိုတော့ မျက်နှာက မပွင့်ချင်။ သူ့သမီးကို မအိမ်ကံ ကြည့်နေတာမြင်တော့ ရွှေမှုံက မအိမ်ကံသမီးကို ဖျတ်ခနဲ သတိရသွားပုံပေါ်၏။ ကလေး ကြည့်ပါရစေ ဆိုလေသည်။

"မအိမ်ကံသမီးကို ငါ ကောင်းကောင်းမမြင်ဖူးသေးပေါင်အေ...ပြစမ်းပါဦး...ကြည့် စမ်းပါရစီ...ညည်းသမီးကလေးက ကံကောင်းပါသယ်အေ...လက်ပေါ်တော့ အထိမ်း ရ သက်သာမှာပေါ့...ငါဖြင့် ကလေးတစ်ဖက်နဲ့ ဒေါင်ချာစိုင်းလိုက်ပုံ မပြောပါနဲ့ တော့...သည်ကြား မကျန်းမာတော့ တအီအီနဲ့..."

မအိမ်ကံ ကျေးဥကို လှမ်းခေါ်တော့ သမီးနှင့်အတူ ရောက်လာခဲ့သည်။ ရွှေမှုံက မအိမ်မြိုင်ကလေးကို အကဲခတ်သည်။ ပြုံးပြသည်။ ပါကလေးကို ဖျစ်သည်။ လက်မောင်းနှစ်ဖက် ကကိုင်ရင်း ကလေးကို မဝစတမ်း ကြည့်နေခဲ့ပါ၏။ မအိမ်မြိုင်က အတင်းရုန်းသဖြင့် ကျေးဥ က ကပျာကယာ ကောက်ချီရသည်။ ရွှေမှုံက ကျေးဥ ချီပိုးထားတာကိုပင် လိုက်ကြည့်နေသေး သည်။ မအိမ်ကံက ရွှေမှုံ့မှတ်ချက်ကို ကြားချင်နေသည်။ ရွှေမှုံ့မျက်နှာက တဖြည်းဖြည်း ပြုံးလာရာက အားရဝမ်းသာ ဆိုရှာပါ၏။

"လှလိုက်သာတော်...ဖအေတူ မအေတူကလေးပါလား...နှုတ်ကောင်းတော့ နယ်စိုး ...ရုပ်ကောင်းတော့ ပြည်စိုး...ညည်းသမီး ညည်းလိုလာမှာပါပဲ မအိမ်ကံရယ်... တကယ်ပြောသာ...ရက်စက်ပါ့အေ..."

ညည်းသမီး ညည်းလိုလာမှာတဲ့လား။ ဒါ ဘာကိုပြောတာလဲ။ ညည်းလိုရုပ်ရည်ချော လွန်းလို့ တစ်နယ်လုံးကြား ထင်ပေါ်မယ့်သမီးကလေးလို့ ပြောတာလား၊ ရုပ်ချောပေမယ့် ကွမ်းတောင်ကိုင်တော့ ဖြစ်မယ်မထင်ပေါင်လို့ ဆိုလိုသလား။ ကိုပြေသိမ်းသတင်းများ မကြား





ကောင်းမကြားရာ သိထားလို့များလား။ ညည်းယောကျ်ား စစ်မြေပြင်မှာ ကျသွားပြီဆိုမှတော့ ညည်းသမီး ဘယ့်နှယ်လုပ် ကွမ်းတောင်ကိုင်ဖြစ်တော့မှာတုံး မအိမ်ကံရဲ့လို့များ သဘောရောက် ချင်တာလား။ ထင်လျှင်လည်း ခံရရုံပင်။ ကိုပြေသိမ်းနှင့်ပတ်သက်၍ မအိမ်ကံ ဘာကိုမျှ မကြားရတော့ပြီ။ သေပဲသေရော့လား။ ရှင်ပဲရှင်လေသလား။ မအိမ်ကံကိုယ်တိုင်ပင် မသိမှ တော့ သူစိမ်းပြောတာ ခံရုံပင်။ အမေပန်းရုံ ရောက်လာတော့ ကြီးတော်စံရွှေတို့ မာကြွရဲ့လား မေးသည်။ ရွှေမှုံ့သမီးကလေး တရှောင်ရှောင်ဖျားတာကို မေးသည်။ ရွှေမှုံပြန်သွားတော့ အမေပန်းရုံနှင့် မလှအုံတို့ စကားပြောရင်း ကျန်ရစ်ခဲ့ကြသည်။ မအိမ်ကံကတော့ ရက်ကန်း ရုံဘက် ပြန်ထွက်လာခဲ့သည်။

ရွှေမှုံရောက်လာပြန်တော့ ငြိမ်နေသည့်စိတ်က လှုပ်ရပြန်သည်။ မအိမ်ကံကိုယ်တိုင်ပင် အဖေ အမေ ငယ်လင်ငယ်မယား မဟုတ်လို့ ကွမ်းတောင်မပိုက်ရသည့်အဖြစ် ကြုံခဲ့ရသည်။ မအိမ်ကံမှာ နှလုံးကွဲမတတ် ခံစားခဲ့ရပါ၏။ မိန်းမသားတစ်ယောက်အဖို့ ကွမ်းတောင်ကိုင်ဖြစ်ခဲ့ရ သည် ဆိုသည့်ဂုဏ်က မသေးလှ။ ရွှေမှုံ့ကိုပဲကြည့်။ ဘယ်လိုအခြေ ဘယ်လိုဘဝရောက်ရောက် တစ်ချိန်က 'ရွာက ဗန်းတင်ခဲ့ရတဲ့ ကွမ်းတောင်ကိုင်ပါတော်' ဆိုသည့် မာန်ကလေး တဝင့်ဝင့်။ သည်ရွှေမှုံကပဲ သမီးကလေး မွေးသလို၊ မအိမ်ကံကိုယ်တိုင်လည်း သမီးကလေး မွေးပြန်လို့ သမီးတစ်ခေတ် တစ်ပြန်ကြုံကြပြန်ပြီ။

မအိမ်မြိုင်နှင့် မှုံနံ့သာ...။

သူတို့နှစ်ဦးထဲကသာ ရွေးကြကြေးဆိုလျှင် ဘယ်သူ ကွမ်းတောင်ကိုင်ရလေမလဲ။ တွေးမိရာက မအိမ်ကံမှာ ရင်ထဲ ဆို့တက်လာခဲ့သည်။ သမီးကလေးအဖို့ရာ ကွမ်းတောင်ကိုင် ဖြစ်ဖို့အရေးမှာ ဖအေပျောက်ကိန်း ကြုံရရှာပါပကော။

စဉ်းစားကြည့်လေ ရင်နာစရာကောင်းလေ။ ကိုပြေသိမ်းက ရွာပြင်ထွက်ပြီး ချဉ်ပေါင် တစ်တက်၊ ရုံးပတီတစ်တောင့် သွားခူးတာမဟုတ်။ တစ်မြေရပ်ခြား ကုန်ရောင်းကုန်ဝယ် သွားတာမျိုးလည်း မဟုတ်။ စစ်မြေပြင်ကို သွားခြင်းဖြစ်သည်။ သွားပြီဆိုကတည်းက အသက် တစ်ဝက် ပေးထားနှင့်ခဲ့ပြီးသား။ ကိုယ်မဦးတော့ သူဦး၊ သူမဦးတော့ ကိုယ်ဦး...။ ဘယ်သူသေ လို့ ဘယ်သူကျေမှန်းမသိရသည့်အဖြစ်။ သူတကာတွေ ပြန်ရောက်ကြပါလျက် ကိုပြေသိမ်း ပြန်မလာပုံထောက်တော့ မုဆိုးမ စင်စစ်ကေန် ဖြစ်ရပြီထင်ပါရဲ့လို့သာ အောက်မေ့ရတော့သည်။ မအိမ်ကံအဖို့ရာ မုဆိုးမ ဖြစ်ရတာကိုလည်း မဥပါဒ်မိ။ အဖမဲ့သမီးမို့ ကွမ်းတောင်ကိုင် လွဲရရှာတော့မည့်သမီးအတွက်တော့ ဒုတိယအကြိမ် ရင်နှင့်အမျှ ခံစားရပါ၏။ မအိမ်ကံ ဒါကိုပဲ နာလွန်းလှသည်။

မအိမ်မြိုင်ကလေးကို ရွှေမှုံကပင် ချောလှပါပေ့ ဆိုခဲ့သည်။ ရွှေမှုံက သူ့သမီးကလေးကို ကိုယ်တိုင် လက်ဆွဲလာသည့်ကြားက မအိမ်မြိုင်ကို အားရပါးရ ချီးကျူးခဲ့တာကိုတော့ မအိမ်ကံ ကျေနပ်နေမိခဲ့သည်။ သမီး မအိမ်မြိုင်က မှုံနံ့သာထက် ပိုချော ပိုလှတာလည်း အမှန်ပင်။ သို့သော် အရွယ်တွေက ငယ်ကြသေးသည်။ သည်ရုပ်သည်ရည်လေးတွေကို အတည်ယူလို့ မရသေးမှန်းတော့ မအိမ်ကံ သိပါ၏။ နောင် ဆယ်နှစ်ကျော်ကျော်ဆိုလျှင်တော့ ခံဆူးလေး၊ ဆီးဆူးလား ကွဲကြရော့မည်။

www.burmeseclassic.com

www.burmeseclassic.com

ရက်ကန်းရုံထဲမှာ အလုပ်တွေ လုပ်နေခဲ့သည့်တိုင် မအိမ်ကံ ရင်မလင်းခဲ့။ ရေကြောင် နှံဖြစ်ရပြီ။ နှံကြောင့်ပင် ရေနောက်ရပြန်ပါပကော။ ကျေးဥက ကလေးကိုချီလာတော့ သမီး ကလေးကို မအိမ်ကံ ပွေ့ယူလိုက်သည်။ မအေ့ထက်တောင် ချောလှသူကလေးရယ်…ညည်း အဖေနဲ့ငါ ရှင်ကွဲလား…သေကွဲလား…ဘယ်လိုပဲကွဲကွဲ ကွဲကြပြီဆိုရင်တော့ လင်စုံမယားဖက် မဟုတ်လို့ ညည်း ကွမ်းတောင်ကိုင်ဖြစ်စရာ မရှိတော့ပါလားအေ…။ အမေနဲ့သမီး သည်နေရာ မှာတော့ ဘဝချင်းမတူပါရစေနဲ့ သမီးရယ်…။ သည်တစ်ခါတော့ ဖောင်ချမ်းကုန်းမှာ ညည်း ကွမ်းတောင်ကိုင်ပြစေချင်စမ်းပါဘိ။

မအိမ်ကံ မျက်ရည်ကျတော့ ကျေးဥက ကလေးကို ပြန်ဆွဲယူကာ ရက်ကန်းရုံထဲက ထွက်လာခဲ့သည်။ အခုတော့ လျှော့တော့လည်း မိစ္ဆာ၊ သာတော့လည်း ဒိဋ္ဌိ…။ ရှိပါစေတော့…။ ဖရုံတစ်ညှာ ဘူးတစ်ညှာ ဖြစ်လာသမျှအကြောင်း အကောင်းချည်းလို့သာ မအိမ်ကံ သဘောထား ခဲ့လေသည်။

■

ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီး ပြီး၍ အုပ်ချုပ်ရေးသစ် ပြန်လည်စနေပြီဆိုသော်လည်း ကိုပြေသိမ်း ပြန်မလာသည့်အတွက် တစ်စတစ်စ စိတ်ပူပန်လာရသူမှာ အမေပန်းရုံဖြစ်သည်။ သမီးဖြစ်သူ၏ အိမ်ထောင်ရေးကိစ္စတွင် တောသူတောင်သား မိဘပီပီ ဝင်ရောက်စွက်ဖက်ခြင်း မပြုဘဲ အခြေအနေကိုသာ အကဲခတ်နေခဲ့သည်။ တစ်နေ့ ပြန်လာနိုး၊ တစ်ရက် ပြန်လာနိုး မျှော်ကိုးနေခဲ့မိသည်။ ပြန်မလာတော့တာ သေချာလျှင်လည်း ကုသိုလ်ကောင်းမှု ပြုဖို့ရာ တာဝန်ရှိသည်။ ဘဝကူးကောင်းရန် ဆွမ်းသပိတ်သွပ်ရမည့် ကိစ္စတွေရှိသည်။ ဘဝကံက ပေးသမျှ ပေါင်းဖက်ခဲ့ရသည့် သမီးအတွက် ရိုးမြေကျ မပေါင်းဖက်ရလေခြင်းဆိုသည့် စိတ်ဒုက္ခ ကို လူမသိသူမသိ ကျိတ်ခံစားရခြင်းတွင် ကာယကံရှင် မအိမ်ကံထက် မလျော့ခဲ့ပေ။ ကျီးသာ လေတိုင်း ထွက်ကြည့်ရင်း မျှော်ရတာ အမော။ သားသမက်ဆိုသော်လည်း သမီး၏အိမ်သား ဆိုတော့ သားရင်းနှင့်မခြား မေတ္တာမျှရသူပင်။

"လှအုံရယ်…ငါ့မလဲ တစ်ဒုက္ခပါအေ…မအိမ်ကံ သူ့အိမ်သားကို မျှော်သလို ငါ့မလဲ သားမလာလို့ မျှော်ရသယ့်မအေလို ဝမ်းခါးလွန်းလှပြီ…ဘယ့်နှယ်အေ…သေလေ သလား…ရှင်လေသလား မသိရသဲ့အဖြစ်ကိုက ဆိုးလွန်းလှသယ်…ဘယ်သူ့မေးလို့ မေးရမှန်းမသိရသဲ့ အဖြစ်ပါကော…ငါတော့ စိတ်ဒုံးဒုံးချချင်လှပြီ"

"ဟုတ်ပါရဲ့ အရီးရယ်…မောင်ပြေသိမ်းက လူသူတော်ကောင်းပါ…သားပစ် မယား ပစ် ကစုတ်ကညစ်ထဲက မဟုတ်လေတော့ ပိုလို့တောင် စဉ်းစားရကြပ်သယ်… ရှင်သေးသရွေ့ တစ်တီတူးများ ကမ္ဘာပြိုသယ်ထင်သလို ဖောက်ထိုးပြေးလာမယ့်လူ ပါ…ကျုပ်တော့ ဆိုင်ရာ မေးချင်လှသတော်…"

"အေး…ငါလည်း ဒါပဲတွေးနေသာ…ခက်သာက နတ်က တော်တော်…နတ်ကတော် က ယိမ်းလွန်း ဆိုသာလို မမှန်မကန်တွေကလည်း များသား…ညည်း ဘယ့်နှယ် စဉ်းစားတုံး လှအုံ…"



"မသိုင်းခြုံတော့ စိတ်တွေ့သားပဲ…မောင်မြတ်သာအတွက် မေးတုန်းက ကြည့်ပါလား ဒက်ထိတိုးသာတော်…မသိုင်းခြုံက နတ်မျိုးရိုးမဟုတ်ပေသိ နတ်ကြီးကောက်မို့ အဟောအပြု မှန်လို့ကို ကျုပ်က သဘောကျသာ…"

ဖအေဆုံးတာတောင် ပေါ်မလာသော မောင်မြတ်သာတုန်းကလည်း နတ်မေးခဲ့ကြသေး သည်။ ပြန်လာလိမ့်မည်လို့ နတ်ကတော် မသိုင်းခြုံ ဟောသည့်အတိုင်း မောင်မြတ်သာ ရွာကို ပြန်လာခဲ့ပါ၏။ စစ်သားကြီးလုံးလုံးဖြစ်သွားသော မောင်မြတ်သာကတော့ ရွာမှာ တအိုးတအောင့် နေထိုင်ပြီး ဇနီးသည် မစိမ်းမြကိုပါ တစ်ပါတည်း ခေါ်သွားခဲ့သည်။ မောင်မြတ်သာလည်း ပေါ်မလာ အတော်ကြာပါပကော။

"စစ်ကြီးပြီးပါပြီ အမေပန်းရုံ…အဖေမရှိတော့ပေမယ့် အမေပန်းရုံတို့ သားအမိကို စောင့်ရှောက်ဖို့ ကျွန်တော့်မှာ တာဝန်ရှိပါသယ်…တိုင်းပြည် အေးဆေးသွားရင် တပ်က ထွက်ပြီး ရွာမှာပဲ တောအလုပ်လုပ်ရင်း အမေပန်းရုံတို့နဲ့ အတူနေတော့ မယ်…မောင်ပြေသိမ်းလည်း ပြန်လာမှာပါ"

မောင်မြတ်သာ အပူငြိမ်းခဲ့သော်လည်း မောင်ပြေသိမ်းအပူက နှစ်ဆတိုးလာခဲ့ပြန်၏။ အမေပန်းရုံတို့ မိန်းမသားများအဖို့ သားကို သခင်၊ လင်ကို ဘုရား ကိုးကွယ်တတ်ကြရုံမက လင်နှင့်သားအတွက်ကို ပူရသည့်အပူကလည်း လောင်မြိုက်လွန်းလှပါလား။

"အေး…လှအုံရယ်…မသိုင်းခြုံ ခေါ်စမ်းအေ…မေးစမ်းကြည့်ရအောင်လား…"

နတ်ကတော် မသိုင်းခြုံကို မေးကြမည်ဆိုတော့ မအိမ်ကံက မမေးစေချင်။ အကျော် ကရမက် မှန်လျှင် 'ပင်ကိုယ်နံ့ ထွက်လာလိမ့်မည်။ နတ်ကတော်ဟောတော့မှ စိတ်ဒုက္ခ မပို ချင်တာလည်း ပါပါ၏။ မအိမ်ကံကိုယ်တိုင်က ဗေဒင်မေး နတ်မေးတွေကို ဝါသနာမထုံလှ သော်လည်း 'ဘီလူးစည်း နတ်စည်း ကွဲလိုက်ချင်စမ်းမဟဲ့' ဆိုသည့်စိတ်တွေ ဝင်မိတာလည်း ခဏခဏ။ သို့သော် မအိမ်ကံခမျာ စိတ်သာရှိ၍ ကိုယ်မပါချင်ခဲ့။ ထွက်သွားသည့်လင် 'မင်'မနေချင်တော့။ ဆန်ချေးတာနှင့် အဆဲခံရတာ မမျှဆိုသလို နတ်ကတော် ဖွဲ့သမျှ ပွဲမကျ ချင်တော့။

"အမေတို့ စိတ်ချမ်းသာမယ်ထင်ရင်တော့ အမေတို့သဘောပါလေ…မအိမ်ကံကတော့ ပါးစပ်တစ်ပေါက် နားနှစ်ဖက်…နည်းနည်းပြော များများနားထောင်ချင်သာပဲ ရှိ သယ်…ဟုတ်ရင် မြည်လာပါလိမ့်မယ်အမေရယ်…မပြောကောင်း မဆိုကောင်း ဘာ သတင်းအစမှ မထွက်မှတော့ သူ မရှိလောက်တော့ဘူး ထင်ပါရဲ့…"

"အမေတို့ကလည်း ချိုင်တော့တစ်ကိုင်း ပြတ်တော့တစ်ကိုင်း မဖြစ်ချင်သာပါအေ… ဖြစ်နေသာက တခြား…ထင်နေသာက တလွဲဖြစ်မှာစိုးလို့ ပြောရသာပါ…ငါ့သား သူတော်ကောင်း နဘယ် ဘေးမရှိပါစေနဲ့တော်…"

နတ်ကတော် မသိုင်းခြုံ ရောက်လာခဲ့ပြီ။ အိမ်ကြီးအပေါ်ထပ်မှာ သင်ဖြူးလေးချပ် ခင်းကာ နတ်မေးခဲ့ကြသည်။ အုန်းငှက်ပျော ဘုရားပွဲတစ်ပွဲ၊ ဆိုင်ရာရိုးရာပွဲတစ်ပွဲ ပြင်ကာ ဘအိုကြီးနတ် ခေါ်ကြသည့် အဘမြင်းဖြူရှင်နတ်ကို ပင့်ဖို့ပြင်သည်။ မြင်းဖြူရှင်နတ်က မအိမ်ကံတို့ မိဆိုင်ဖဆိုင်နတ်မဟုတ်ပါ။ ရွာတော်ရှင်နတ်သာ ဖြစ်သည်။ မသိုင်းခြုံက ရွာတော်

www.burmeseclassic.com

www.burmeseclassic.com

ရှင့်မေးမှ အဟောကောင်းထွက်မည်ဟု ဆိုပါ၏။ မအိမ်ကံတို့နယ်က ရွာတိုင်းမှာ မြင်းဖြူရှင် နတ်ကွန်းထူ၍ ရွာတော်ရှင်အဖြစ် ကိုးကွယ်ကြသည်။

"ထိုးကွင်းမင်ကြောင် ဆေးနီစနှင့် လူယဉ်လှ ပျိုထိပ်တင်...မြင်းဖြူကြီးရှင်...ရွှေပေါင်း တော်နီလွင်လွင်နှင့် နေဝင်လျှင် ပေါက္ကံရောက်အောင် မြင်းငေါက်လို့နှင်..."

နတ်ကတော် မသိုင်းခြုံ၏အသံက ပြာအစ်အစ်။ မျက်လုံးတွေက ပြူးအစ်အစ်။ အသားမည်းလိုက်တာကလည်း ကောက်ညှင်းငချိတ်ပေါင်းကမှ ဖြူသေးသည် ဆိုရမလောက်ပင်။ ရွှေချည်တွေပါသော ငါးပိရောင်အင်္ကျီနှင့် အသားအရောင်တို့ ကန့်လန့်ကျက်ရှိကြ၏။ မသိုင်းခြုံ ကိုယ်တိုင်ပင် မြင်းဖြူကြီး စီးဝင်လာသလို တရှူရှူဖြစ်လာသည်။ ခေါင်းကို ငုံ့တာ စောင်းတာက လည်း မြင်းဖြူကြီး က,နေသလို။ အမေပန်းရုံက လက်အုပ်ချီကာ မျက်လုံးတွေ မှိတ်ထားလေ၏။ မလှအုံ၊ မအိမ်ကံ၊ ကျေးဥနှင့် မအိမ်မြိုင်တို့ကလည်း ယို့ယို့ကလေး ထိုင်နေကြရသည်။ 'နေလိုဝန်းတဲ့ မြင်းဖြူရှင်...ခွာလေးဘက် စိန်စီတယ်...ဟန်ချီတဲ့ နတ်မြင်း...ရန်မလုံရင် ခွာစုံနင်းမယ်...ဘိုးတော်ရဲ့မြင်း...'။ မသိုင်းခြုံက အဘမြင်းဖြူရှင် လေးပါးစလုံး ပင့်လို့ရ ကြောင်းတွေ မွှန်းနေခဲ့သေး၏။

"ထမင်းဦးပေါင်း ခုနစ်စုံ...ထန်းလျက်ခုနစ်ခဲ...အုန်းခုနစ်စိတ်...မုန့်ဖြူ ခုနစ်ယှက်... မုန့်နီ ခုနစ်ယှက်...ရင်ပေါင်စာငါး မြီးစုံခေါင်းစုံ ခုနစ်ကောင်...စီးတော်မြင်းအတွက် လယ်ကညွှတ် ခုနစ်စီး...အသီးသီး ရောက်ပါပြီ...ကိုင်း ဘုရားရှင် ကန်တော့...ကိုယ့် ရိုးရာ မိဆိုင်ဖဆိုင် ကန်တော့...ပြီးမှ မြင်းဖြူရှင် ဘအိုကြီး ကန်တော့ကြ..."

မအိမ်ကံတို့ ဘုရားကန်တော့နေကြစဉ်မှာပင် မသိုင်းခြုံက ကိုယ်ကို ယိမ်းစပြုလေ၏။

"ရွာတော်ရှင်တင်မကဘူး...မြို့စောင့် ရွာစောင့်နတ်တွေကိုပါ ထည့်ပင့်လိုက်ရင် မအိမ်ကံ ညည်းလင် ဘယ်ပြေးလွတ်မှာတုံးဟဲ့...စိန်ရောင်ယော်လက်လက်...နား တောင်းသိင်္ဂီ...ကိုးမျက်ကယ်စုံစီ...ကြက်သွေးနီ ကတ္တီပါနဲ့ မွေးစွာကြိုင်ပျံ့...ခေါင်း ပေါင်းငယ်ကြွယ်စီ ပန်းဆိုးနီနဲ့...နှင်းဆီသော်မော်...မြင်းကျော်သခင် နတ်သွင်တင့် လွန်း..."

နတ်ကတော် မသိုင်းခြုံ၏မျက်နှာမည်းမည်းက မျက်ဖြူကြီးလန်ကာ တဆတ်ဆတ် တုန်လျက်ရှိ၏။ ငါးပိရောင်အင်္ကျီ ဘော်ကြယ်ထိုးကို ဝတ်ထားသည့် နတ်ဝင်သည့် ပိန်ပါးပါး သည် နတ်လိပ်ပြာဝင်လာသည့်ပမာ မျက်နှာကြီး မဲ့လာခဲ့သည်။ အမေပန်းရုံက စ,ကာ အိမ်ကြီး ပေါ်ရှိ လူတွေအားလုံးကို စားတော့ ဝါးတော့မည့်မျက်နှာနှင့် လိုက်ကြည့်နေခြင်းကပင် ကြောက် စရာကောင်းလှသည်။ မအိမ်မြိုင်ကလေးက ရှူးရှူးဝါးဝါး ငိုလိုက်သဖြင့် မလှအုံက အခန်းအပြင် ခေါ်သွားခဲ့ရသည်။ နတ်ကတော် မသိုင်းခြုံက မအိမ်ကံကို စူးစိုက်ကြည့်သည်။ မအိမ်ကံကလည်း မျက်တောင်မခတ်စတမ်း ပြန်ကြည့်နေလေ၏။ အားပြိုင်နေကြသော မျက်လုံးများတွင် အခိုးတွေ များ ထွက်နေကြပြီလား ထင်ရလေသည်။

"မအိမ်ကံ...နင့်လင် မသေဘူးဟဲ့...သေကံမရောက် သက်မပျောက်ဘူးဟဲ့...ကိုယ့် မွေးနံက စ,ရေရင် သုံးခုမြောက်သဲ့နံအရင်း...ခြောက်ခုမြောက်သဲ့နံအဖျားမှာ ရောက်နေ လို့ ဆင်းရဲနေရှာသယ်...ညည်းလင်က နာမည်ရင်း သက်နှင်း...သီးနဲ့ဖက်သန်းသား



အနောက်တောင်ထောင့်မှာ ထားရမယ်...ဘုရားမှာ ရေချမ်း, ပန်း, ဆီမီး, ထီး, တံခွန် လှူရမယ်...ရိပ်ညောင်ပင်ရင်း ဆဒ္ဒန်မင်း ထန်ပြင်းမြားစူးရှ...သန်းရွှေမြလယ် လွန်တင့်တယ်...မင်းကြွယ်ဘုန်းသစ်ထ...ကံကောင်းသကွဲ့နော...နင့်လင် ပြန်လာ ပြီ...အိမ်တံခါးဝကသာ မျှော်တော့...လာမယ့်မနက် ကျီးညိုကြီးတစ်ကောင် ဝင်းဝက သာလိမ့်မယ်...ကြားလားဟဲ့ မအိမ်ကံ..."

"ကြားပါသယ် အဖေကြီး..."

"သက္ကရာဇ်ကို တည်...အသက်နဲ့စား...လာဘ်ကို ခုနစ်နဲ့မြှောက်...ဆယ့်နှစ်ခုနဲ့ ထပ်စား...သုည, တစ်, နှစ် ကြွင်းတော့ ကမ္ဘယက္ခ...သုံး, လေး, ငါး ကြွင်းတော့ ဥပဓ္ဆေဒက...ခြောက်, ခုနစ်, ရှစ် ကြွင်းတော့ ဥပပိဋ္ဌိက...ကိုး, တစ်ဆယ်, ဆယ့်တစ် ကြွင်းတော့ အာယုယက္ခ...နင့်လင်က ဥပပိဋ္ဌိက ကျသယ်...မသေဘူး ကြားလား ဟဲ့...ငါ မြင်နေရပြီ...လာနေပြီ...လာနေပြီ..."

အမေပန်းရုံက မျက်စိမှိတ်ထားရာက မအိမ်ကံကို လှည့်ပြုံးပြသည်။ သတင်းကောင်း ရပြီမဟုတ်လား။ မအိမ်ကံကတော့ ဖေဒင်ပါ တွက်ပြနေသည့် နတ်ကတော် မသိုင်းခြုံကို စိုက်ကြည့်နေခဲ့သည်။ ကျေးဥ ထသွားပြီး မကြာခင် မလှအုံ ပြန်ဝင်လာခဲ့သည်။ မေးချင်တာ လေးငါးခွန်း မေးနေလိုက်သေးသည်။ မအိမ်ကံကတော့ ကိုပြေသိမ်း ပြန်လာတော့မယ်ဆိုသည့် နတ်စကား ကြားလိုက်ရသော်လည်း မတုန်လှုပ်သလို ရှိနေပါ၏။ နတ်အဟော မှန်ပါစေလို့ တော့ ဆုတောင်းမိသား။ ပြန်လာနေပြီတဲ့။ ဘယ်တော့လဲ။ ဘယ်ကိုရောက်နေပြီလဲ။ ကျီးညိုကြီး တစ်ကောင် ဝင်းဝက သာလိမ့်မတဲ့။ ရွှေကျီးညိုကိုပါ မျှော်ရတော့မှာပါလား။

နတ်ကတော် မသိုင်းခြုံ ပြန်တော့ အမေပန်းရုံက ဆန်တစ်စိတ်နှင့် ငွေတစ်ဆယ် ပေးလိုက်သည်။ မအိမ်ကံက ရက်ကန်းထည် ထဘီတစ်ကွင်းကိုပါ ပေးလိုက်ပါ၏။ နတ်အဟော မှန်တာ မမှန်တာ နောက်ထား၊ သားသမက် ပြန်လာနေပြီဆိုတာကိုပဲ အမေပန်းရုံ ဝမ်းသာ နေရှာသည်။ မလှအုံကတော့ နတ်ကတော် မသိုင်းခြုံကို ခါတ်ကျနေသူဆိုတော့ နတ်ကတော် ပေးသွားသော သဲစည်း ခဲစည်း ရေစည်းတွေ ဝိုင်းဝ သွားကြသည်။ တစ်ဝိုင်းလုံး အမှိုက်စင်စင် လှဲသည်။ နတ်ကျသပြေပန်းတွေ ဝင်းဝ တိုင်နှစ်ဖက်မှာ နှီးတစ်ပင်စီနှင့် တုပ်သည်။

"ငါ့မောင် ပြန်လာမယ့်ရက် အိုးကြီးတိုက် ချက်လိုက်စမ်းမယ်...တရော်ခုနစ်ပါးနဲ့ ခေါင်းဆေးခိုင်းရမယ်...ရွှေကျီးညို သာပါတော့ လှအုံတမော့မော့ပေါ့အေ..."

မလှအုံ တတွတ်တွတ်ရွှတ်သံကြောင့် မအိမ်ကံ ပြုံးရပါ၏။ စိတ်ထဲက စကားတွေ ပြောနေမိပြန်သည်။

"ဟုတ်ပါရဲ့...ရွှေကျီးညို သာပါတော့ မအိမ်ကံလည်း တမော့မော့ပါ အစ်ကို..."

မအိမ်ကံ မျက်ရည်တွေကျရပြန်သည်။

■

ထိုနေ့က မအိမ်ကံတို့အိမ်ရှေ့က မနော်နွယ် သရက်ပင်ကြီးထိပ်ဖျားမှာ ကျီးသာနေ ခဲ့သည်။ တအာအာ သာနေသော ကျီးညိုကို မော့ကြည့်ရင်း မအိမ်ကံ ရင်ထဲလှိုက်ဖိုနေမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံတို့အိမ်မှာ ကျီးသာတာ မဆန်းသလို ဧည့်သည်ကလည်း တစ်ယောက်မဟုတ်တစ်ယောက် လာမြဲပင်။ သို့သော် မအိမ်ကံ မျှော်မောရသူကတော့ ပေါ်မလာခဲ့ပါ။ ကျီးညိုကလေးကို မော့ကြည့်ရင်း မအိမ်ကံ မျက်ရည်တွေ ဝဲလာမိသည်။ သမီးကလေးက ဆပ်သွားဖူးရုံကြီးနားမှာ ပြေးလွှားဆော့ကစားနေပါ၏။ ဖိုးကူးက ပြောင်းရိုးတွေစဉ်းရင်း သီချင်းကလေး တအေးအေးဖြင့်။ ကျေးဥမှာ ကိုယ်ဝန်အရင့်အမာကြီးနှင့်မို့ ရက်ကန်းရုံ မဝင်နိုင်တော့ မအိမ်ကံမှာ မနက်စောစောကတည်းက ရက်ထည်တွေနှင့် အလုပ်များနေခဲ့သည်။

ဖိုးကူးက သီချင်းညည်းရာက ဝင်ပေါက်ဆီ လှမ်းကြည့်ရင်း ပဲညှစ်နေသော ကျေးဥကို ရှူးခနဲ အသံပေးသည်။ မေးထိုးပြသည်။ ကျေးဥက ဝိုင်းတံခါးဝဆီ လှမ်းကြည့်သည်။

လူတစ်ယောက်...။

ပဲဇလုံကို တွန်းဖယ်လိုက်ပြီး ဝင်းတံခါးဘက် ကျေးဥ တလှုပ်လှုပ် လျှောက်သွားလိုက်သည်။ တံခါးမင်းတုပ်ထဲ လျှိုထားသော ဝါးလုံးကို လက်တစ်ဖက်ဖြင့်ဆွဲပြီး တစ်ချပ်လှပ်လိုက်သည်။ ကျေးဥမှာ ရင်တွေပန်းတွေပင် တုန်သွားမိရပါ၏။

"အလိုတော်...ဆရာလေး...ဆရာလေး မသေဘူးပေါ့..."

မုတ်ဆိတ်တွေ ရင့်ထော်နေသည့်ကြားက ကိုပြေသိမ်း၏အပြုံးက ခါတိုင်းလိုပင် အေးမြချိုရှလျက်။ အသားတွေကတော့ မည်းညစ်နေလေသည်။ ကုတ်အင်္ကျီကလည်း ဖောင်ချမ်းကုန်းနှင့် ရွာတွေကို ကူးနေတတ်သော အရှူးစက်ဖေကြီး၏အင်္ကျီကမှ ပြောင်ပြောင်စင်စင် ရှိလိမ့်ဦးမည်။ ကျေးဥဆီ ပြေးလာသော သမီးကလေး မအိမ်မြိုင်ကို ပြုံးကြည့်ရင်း အံ့သြနေလေသည်။ မအိမ်မြိုင်ကို ဇွေ့ခနဲ ကောက်ချီလိုက်တော့ ကလေးက ကျေးဥကို လက်လှမ်းရင်း ရူးရူးဝါးဝါး ငိုလေတော့သည်။ ငိုကာမှငိုရော ကိုပြေသိမ်းက သမီးကို နမ်းရင်း အိမ်မကြီးဘက် ဆက်လျှောက်လာခဲ့သည်။ ဖိုးကူးက မြက်စဉ်းနေရာက လှမ်းကြည့်ရင်း ဝုန်းခနဲ ထပြေးလာတော့၏။

"ဆရာလေး...ဆရာလေး သေပြီပြောလို့ဗျာ...ကျုပ်ဖြင့် ညတိုင်း ငိုရသာ...မမကံရေ...မမကံ...ဗျိုး...မမကံ..."

ဖိုးကူးက ကျူးအော်ရင်း ရက်ကန်းရုံဘက် ပြေးသည်။ မအိမ်ကံရော ရက်ကန်းသားတွေပါ အသံကုန်အော်ရင်း ပြေးလာသော ဖိုးကူးကို မြင်တော့ အထိတ်တလန့်ဖြင့် ရက်ကန်းရုံအပြင်ဘက် ထွက်လာခဲ့ကြသည်။ အမေပန်းရုံရော မလှအုံပါ မနေသာကြတော့ဘဲ ထွက်ကြည့်ကြသည်။

"မမကံ...ဆရာလေးရယ်...ပြန်လာပြီ...မမကံတို့ပဲ သေပြီဆိုဗျ..."

"အစ်ကို..."

မအိမ်ကံက ကိုပြေသိမ်းကို ပြေးကြိုရင်းက မှင်တက်ကြီးမိနေသည်။ တစ်ရွာလုံးက သေလူအဖြစ် ထားခဲ့သော ကိုပြေသိမ်းကို ဝိုင်းတိုက်ထဲမှာ အရှင်လတ်လတ် တွေ့ကြရသည့်အတွက် အံ့သြကြသည်။ ဝမ်းသာကြသည်။ ကိုပြေသိမ်းကို ဝိုင်းလိုက်ကြပြီး တစ်ယောက်တစ်ပေါက် နှုတ်ဆက်ကြသည်။ အမေပန်းရုံနှင့် မလှအုံတို့ကတော့ အီခနဲ ငိုချလိုက်ကြပြီး ပြေးလာရှာကြပါ၏။ ကိုပြေသိမ်း ချီထားသော သမီးကလေး မအိမ်မြိုင်ကလည်း တက်မတတ် ချက်မတတ် ငိုတုန်းရှိသေးသည်။ အရီးကြာညွှန့်ပါ ငိုပြန်တော့ ရက်ကန်းသမတွေကလည်း



ဒိုးတိုက်ကာ ငိုကြလေသည်။ ကျေးဥကလည်း ငို၊ ဖိုးကူးကလည်း ငို။ တော်ပါသေးရဲ့ ကိုဖိုးငွေနှင့် ဖိုးတုတ်တို့ တောထဲသွားကြလို့။ ကျေးဥက ကိုပြေသိမ်းလက်ထဲက ကလေးကို လှမ်းယူလိုက်သည်။ မိန်းမအုပ်ကြီးက ကိုပြေသိမ်းကို ဝိုင်းကြရင်း အိမ်မကြီးဘက် ခေါ်ခဲ့ကြ သည်။

"အစ်ကို့ကို အမျှတောင် ဝေထားပြီးပါပြီတော်...မောင်မင်းကြီးသား ပန်းမကိုင်ဘဲ ကြွလာပါသကော..."

ကိုပြေသိမ်း ရေးပေးခဲ့သော စာထဲက စကားလုံးကို မအိမ်ကံ တမင်ထည့်ပြောလိုက်ခြင်းဖြစ်သည်။ ကိုပြေသိမ်းက အိမ်ထဲရောက်လျှင်ရောက်ချင်း အမေပန်းရုံကို ထိုင်ကန်တော့သည်။ အမေပန်းရုံက ငိုတုန်း။ မလှအုံကတော့ အသံအကျယ်ဆုံး။

"ထနောင်းတိုင်နဲ့ ဖောင်ချမ်းကုန်း...အပြန်အလှန် ကူသယ် ခေါက်သယ် လာမေးကြသွားမေးကြပါတော်...ဟိုက မအေမိဘများကလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ...သည်က မအေမိဘများကလည်း ဆွမ်းချက်ရမလိုလို သပိတ်သွပ်ရမလိုလို...မင်းနှယ်ကွယ်...ထမင်းစားရင်း ရေတိသီး ဆင်းရူးသာ အောက်ပြေအောက်ရွာ ခုနစ် နှစ်ကြာ ဆိုသာမျိုးပါကော..."

"ကျွန်တော် ရှမ်းနယ်ထဲ ရောက်နေလို့ပါ အစ်မရယ်...နောက်တော့ ပြောပြပါ့မယ်"

ရက်ကန်းသမတွေ ရက်ကန်းရုံဘက် ပြန်သွားကြတော့ အိမ်ထဲမှာ မိသားစုတွေသာ ကျန်ခဲ့သည်။ ဝိုင်းအပြင်မှာလည်း ရွာသူရွာသားတွေက ကြွက်စီကြွက်စီ။ ကိုပြေသိမ်းတပည့်တွေကလည်း သတင်းကြားနှင့် ပြေးလာခဲ့ကြသည်။ ကိုပြေသိမ်းကို သတင်းပလင်း မေးချင်ကြလို့ တပြုံပြုံရှိနေကြပါ၏။ ကိုပြေသိမ်းက လူလုံးထွက်ပြရပြန်ပြီး ညဘက်မှ လာကြဖို့ တောင်းပန်ရသည်။ ဖိုးကူးက ကိုပြေသိမ်း ထိုင်နေသည့် ကုလားထိုင်ခြေရင်းနား ထိုင်ချပြီး သူ့ဆရာကို ခြေသလုံးကလေးတွေ နှိပ်ပေးနေရှာ၏။ မလှအုံက နို့ပူပူတစ်ခွက်ကို မတ်ခွက်ကြီးနှင့် အပြည့်ထည့်လာကာ ကိုပြေသိမ်းရှေ့ လာချတော့ အငမ်းမရ သောက်သည်။ အမေပန်းရုံမှာ သမက်ဖြစ်သူကို အခုထိ စကားမပြောနိုင်သေး။ သမီးမအိမ်ကံ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်ရရှာပြီဟု ခံစားနေရသည့်ဝေဒနာက အခုတော့လည်း ဝမ်းသာလုံးဆို့ကာ ဘာစကားမှ ထွက်မလာ။ မလှအုံကတော့ သူ ကြိမ်းဝါးထားသည့်အတိုင်း အိုးကြီးတိုက်ချက်ဖို့ ဟင်းစားအရှာထွက်သွားတော့သည်။

မအိမ်ကံကတော့ ဆံပင်တွေ ကုတ်ထောက်နေသော မုတ်ဆိတ်မွေး ဗရဗွနှင့် လင်သားကိုကြည့်ရင်း သနားနေမိသည်။ သည်လိုမြင်ရပြန်တော့လည်း အကျိတ်အခဲလေးတွေ ကျေရပြန်ပါ၏။ ခုနစ်လလောက် စုတ်စုတ်ကန်း ပျောက်နေသည့် လင်သားတစ်ယောက် မမျှော်လင့်ဘဲ ပြန်ရောက်လာတာကို အိပ်မက်များ မက်နေလေသလားလို့ ထင်မိသည်။ ရန်ပဲ တွေ့ရမလား၊ ရင်ခွင်ထဲ ခေါင်းတိုးပြီး ငိုချလိုက်ရမလား မသိတတ်နိုင်တော့ပါ။

"သမီး..."

ကိုပြေသိမ်းက မအိမ်မြိုင်ကို လှမ်းခေါ်တော့ သမီးက မအေကို ပြေးတွယ်သည်။ ရင်ခွင်ထဲ တိုးဝင်လာသော သမီးကလေးကို ငုံ့ကြည့်ရင်း သည်အခါကျမှ မျက်ရည်တွေတွေ ကျလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"အိမ်ကလေး…အစ်ကို့ကို စိတ်ခုနေသလား ဟင်…"

"စိတ်တော့ မခုပါဘူးအစ်ကို…သေကံမရောက် သက်မပျောက် မအိမ်ကံဆီ ဆိုက်ဆိုက်ကြီးရောက်လာတာကိုပဲ ဝမ်းသာလှပါပြီ…စားဝတ်နေရေး မပူပင်ရပေမယ့် ခေတ်ပျက်ကြီးထဲမှာ မအိမ်ကံ အတော်ကလေး တောင့်ထားရသယ်…သည်ကြားထဲ လင်သားဆိုသူက သေသလား ရှင်သလား မသိရသဲ့အဖြစ်ကတော့ ဆိုးလွန်းလှသယ်…ညည်းယောကျ်ားက ရေမျောကမ်းတင် မဟုတ်ပေသိ လုပ်သွားသဲ့အလုပ်က ရေစုန်ဒိုက်မျောအလုပ်မျိုးလို့ မပြောကြရုံပဲရှိသာ မအိမ်ကံ သိသားပဲ…အရှိန်အဝါ ကြီးလွန်းလို့သာ မပြောဝံ့ကြသာပါ…မအိမ်ကံမှာ နေရသာ မလုံခြုံခဲ့ပါဘူး အစ်ကို…"

မအိမ်ကံ မျက်နှာညှိုးညှိုးငယ်ငယ်နှင့် သည်လိုပြောလိုက်တော့လည်း ကိုပြေသိမ်း မလှုပ်သာ။ မအိမ်ကံကလည်း သည့်ထက်တော့ ပိုမပြောပါ။ ပြောလို့လည်း မကောင်းမှန်းသိတာပါသလို၊ ပြန်ရောက်လာမှတော့ မင်္ဂလာရှိသည့်စကားပဲ ပြောချင်တာ ပါပါ၏။ ကိုပြေသိမ်းခမျာလည်း ပင်ပန်းနွမ်းနယ်လှပုံ ပေါ်နေသည်။ အသားတွေကလည်း မည်းညစ်သွားလိုက်တာ၊ ထင်းလှည်းတိုက်သည့် ကိုဘသာရုပ် ပေါက်နေပြီ။ ကိုဘသာကို ကြည့်လိုက်လျှင် အသားတမည်းမည်း၊ ချွေးတစိုစို၊ ကျိုးကန်းပါးစပ်နာ တစ်ဖက်တစ်ချက်နှင့် သွားရေတယိုယိုဆိုတော့ ရွာက လူပုံမဟန်လျှင် ဘသာကြီးကျလို့လို့ ပုံခိုင်းတတ်ကြသည်။

ကိုပြေသိမ်းကတော့ နဂိုရုပ်ရည်သန့်သူဆိုတော့ ညစ်တီးညစ်ပေ မဟုတ်ပေသိလို့ အသားတွေက နေလောင်တာများသလို၊ ကြေးပြားမီးဖုတ်ရောင် ပေါက်နေခဲ့သည်။ ဆံပင်တွေက ဘယ်ကဘယ်လို ညှပ်လာတာလည်း မသိ။ စက်ကတ်ကြေးနှင့် ဖြစ်ကတတ်ဆန်း ထိုးထားပုံမျိုး။ လူကလည်း ပိန်ကျသွားလိုက်တာ ဝါးခြမ်းပြားသာသာပင်။ မျက်တွင်းချောင်ကြီးနှင့် ခြေတစ်ဖက်က ဆာချင်ချင်ဖြစ်နေသေးသည်။ ရင်ဘတ်နှင့် ကျောကုန်းမှာ အညိုအမည်းကွက်တွေက ဆေးရွက်ကြီးတွေ အချပ်လိုက်ကပ်ထားတာနှင့်တူသည်။ ဘယ်သောင်ဆိုက်လို့ ဘယ်ကမ်းရောက်ခဲ့သည် မသိရသော်လည်း တွင်းဆုံးကျလွန်းတာကိုတော့ မအိမ်ကံ မချိတင်ကဲ ရှိခဲ့သည်။ မလှအုံကပင် ကိုပြေသိမ်း ရောက်လာသည့်နေ့က မကောင်းသောအတိတ် မကောင်းသောနိမိတ်တွေ အညံ့ပြေစေရန် ဖက်ကတော့ သက်စေ့ပြုကာ ပန်းသက်စေ့ထည့်၊ ရေချမ်းအိုး နံ့စေ့ လှူပေးသည်။ မလှအုံကလည်း ကိုပြေသိမ်းကို ကြည့်ကာ စိတ်မသက်မသာရှိရှာသည်။ အမေ ပန်းရုံကတော့ မပြောနှင့်တော့။

"ဆန်မရှိသဲ့မောင်းဆုံ ကျည်ပွေ့စိုက်ရင် ခိုက်တတ်သယ်…လူကြီးမိဘ၊ လင်သား၊ မိုး၊မြေ၊ရေ၊နေကို စကားတင်းဆိုရင် ခိုက်တတ်သယ်…ရေလဲ၊ ခေါင်းပေါင်း၊ အကျီ လက်ခွံစုပ် ချုပ်မဝတ်ကောင်းဘူး ခိုက်တတ်သယ်…ညည်းယောကျ်ားကို အပြစ်ရှိဦးတော့ စကားတင်းမဆိုနဲ့ ကြားလား မအိမ်ကံ…ကောင်းသောစကားကိုပြော…ညည်းကို မခိုက်စေနဲ့…"

မလှအုံက မအိမ်ကံကို ကြိတ်ဆုံးမသည်။ မအိမ်ကံကလည်း စကားကောင်းကိုသာ ပြောပါ၏။ လင်နှင့်တင်၍ စကားတင်းဆိုဖို့ရာတော့ဝေးရော။ သို့သော် ကိုပြေသိမ်း ဘာတွေဖြစ်ခဲ့တာလဲဆိုတာတော့ မအိမ်ကံ သိချင်သည်။ ခက်တာက ကိုပြေသိမ်းကလည်း ဘာမှမပြော။ ခမျာ မပြောချင်ရှာသေးလို့ ထင်ပါရဲ့လေလို့သာ မှတ်ယူရတော့သည်။





ညဘက်မှာတော့ အောက်လင်းဓာတ်မီးပင် ထွန်းရလေပြီ။ ရွာကျောင်းဆရာလည်း ဖြစ်ပြန်၊ ရပ်ရွာကလည်း ချစ်ခင်သူ၊ လေးစားအားကိုးသူဆိုတော့ ဆရာလေး ကိုပြေသိမ်းကို သတင်းလာမေးကြသူတွေ များလှပါ၏။ ဂျပန်တော်လှန်ရေးတွင် ပါကြခဲ့သူ ရပ်သူရွာသားအချို့ ပါလာကြသည်။ အချို့သူတွေကတော့ ရွာကို ပြန်မလာနိုင်ကြတော့ပြီ။ တော်လှန်ရေးတွင် ကျဆုံးခဲ့ကြသူတို့၏ သပိတ်မြေ ဆွမ်းသွပ်ပွဲတွေကို ဟိုတစ်နေရာ သည်တစ်နေရာ ရှိခဲ့တာကိုလည်း မအိမ်ကံ သတိရမိသည်။ မအိမ်ကံကိုယ်တိုင် ရောက်အောင် သွားမေးခဲ့သေးသည်။ ငိုကြွေယိုကြတာကိုကြည့်ရင်း ဩော်…သူတို့ကမှ စိတ်ဖြောင့်ကိုယ်ဖြောင့် လွတ်လွတ်လပ်လပ် ငိုနိုင်ကြသေးရဲ့လို့ အောက်မေ့ခဲ့သည်။ အခုတော့လည်း ကိုယ့်ရှေ့ ငုတ်တုတ်ရောက်လာခဲ့သော လင်သားကိုကြည့်ပြီး ဝမ်းသာမျက်ရည် ဝဲရပြန်သည်။ ညဉ့်နက်သည်အထိ ဧည့်သည်တွေ မပြန်တော့ မအိမ်ကံတို့လည်း ရေနွေးပွဲနှင့် ပဲခြမ်းကြော်သုပ်တွေ ဒိုင်ခံပြင်ပေးရင်း စကားဝိုင်းကို ငေးနေခဲ့ကြသည်။

"မအိမ်ကံ…ညည်းယောကျ်ားလည်း ကြည့်ပြောဦး…အစပ်လွန်တော့ အချိုနဲ့နုတ်…အချဉ်လွန်တော့ အစပ်နဲ့နုတ်…စကားလွန်တော့ ဘာနဲ့နုတ်ရမှန်းတောင် မသိတော့ဘူး…ပြောလိုက်သဲ့စကားတွေတော်…"

မလှအုံကပင် ကိုပြေသိမ်း စကားတွေပြောလွန်း၍ အငေါ်တူးလေ၏။ ကိုပြေသိမ်းကလည်း မေးသမျှ ဖြေရုံမက လက်သီးလက်မောင်းများပင် တန်းလိုက်ပါသေးသည်။ ဂျပန်နှင့် တိုက်ရသည့်တိုက်ပွဲတွေအကြောင်းလည်း ပါသည်။ မန္တလေးမြို့ ဗုံးကြဲခံရတာလည်း ပါသည်။ ဂျပန်တွေဆုတ်ရင်း သတ်ဖြတ်ခဲ့ကြလို့ ကျဆုံးရသူတွေအကြောင်းလည်း ပါသည်။ ကိုပြေသိမ်း ပြောပြတာတွေ နားထောင်ရတော့ မအိမ်ကံတို့တစ်တွေ ခံစားခဲ့ရသော စစ်ဒုက္ခက ဘာမှမဟုတ်တော့။ တိုင်းပြည်နှင့် လူမျိုးအတွက် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သော လင်သားအတွက် ဂုဏ်ယူလေးစားစိတ်တွေပင် ဝင်လာမိခဲ့သည်။ သို့သော် ကိုပြေသိမ်းက သူပျောက်နေသည့်ရက်တွေအကြောင်းတော့ ပါတာမကြားရ။

"ဘကြီးနှယ်…မန္တလေးမြို့ကြီးကို ဗြိတိသျှတပ်က သိမ်းတာကပဲ တော်တော်ကြာတယ်…မန္တလေးတောင်မှာ ဂျပန်စစ်သားတချို့၊ မန္တလေးနန်းတော်တွင်းမှာ ဂျပန်စစ်သားတချို့…အောင်းနေကြတာကို တိုက်ရတာ ဆယ့်သုံးရက်ကြာတယ်…မြို့ရိုးကြီးကလည်း ခိုင်လှသကောခင်ဗျာ…အမြောက်နဲ့ထုတာတောင် မပဲ့ဘူး…အင်္ဂလိပ်လေယာဉ်ပျံတွေက မြို့ရိုးကို တည့်တည့်ထိအောင် ဗုံးကြဲတာလည်း ဘယ့်နှယ်မှ မနေဘူး…ဒါနဲ့ပဲ ပေါင်နှစ်ထောင်ဗုံးဆိုတာကြီးတွေနဲ့ ကျုံးရေထဲ ဗုံးချ…ဗုံးကန်အားနဲ့ မြို့ရိုးကိုထိတော့မှ ပေါက်တယ်…ဒါတောင် တော်တော်ကြပ်ယူရတာကောခင်ဗျ…"

"ရက်စက်လှချည့်လား မောင်ပြေသိမ်းရဲ့…ဂျပန်ကလည်း အာဂပါလား…နေရာ ကောင်းယူတတ်ကြပါကော…"

"မန္တလေးတောင်ကို တက်တိုက်တော့လည်း ကျည်အကာအကွယ်ကောင်းတော့ ဂျပန်ကို ချက်ချင်း မောင်းမချနိုင်ဘူး…ဂေါ်ရခါးစစ်တပ်က ပစ်လည်းပစ် တက်လည်း တက်…တရကြမ်းပစ်ခတ် တက်ကြတာများ မိုးကြိုးပစ်နေသလား မှတ်ရပါတယ်…မန္တလေးတောင်တိုက်ပွဲမှာ ဂျပန်တွေ တော်တော်သေကြတယ်…မန္တလေးနန်းမြို့ရိုးထဲ

www.burmeseclassic.com

www.burmeseclassic.com

မှာ ဂျပန်ဖမ်းထားတဲ့ အင်္ဂလိပ်တွေလည်း လွတ်ကြတယ်…ဂျပန်တချို့လည်း ရေထွက် ပြွန်က ထွက်ပြေးကြလို့ လွတ်ပါရဲ့…"

"ဩော်…လွတ်သွားကြသလား…"

"အပြင်မှာ ဝိုင်းထားတဲ့တပ်က ဘယ်အလွတ်ပေးမလဲ…ပစ်ကြတာများ သေကြတာ အတုံးအရုံးပဲ…အင်္ဂလိပ်နဲ့ ဂျပန် ပစ်ကြတာထား ကြားက နန်းတော်ကြီးလည်း ကြေမွသွားရရှာတာပါပဲ…"

"အင်း…သခ်ါရပေါ့ကွယ်…ဖြစ်စရာရှိတော့ ဖြစ်ရ…ပျက်စရာရှိတော့ ပျက်ရ… စစ်ဆိုတာ တစ်ကွက်မှ မကောင်းပါဘူးလေ…"

ကိုပြေသိမ်းက မတ္တရာတိုက်ပွဲ၊ ရန်ကင်းတောင်တိုက်ပွဲ၊ အောင်ပင်လယ်တိုက်ပွဲတွေ အကြောင်း ပြောပြသည်။ ရွာသူရွာသားတွေ များသည်ထက်များလာသဖြင့် ကိုပြေသိမ်းမှာ စကားစ မသိမ်းဝံ့ဘဲ ရှိရလေသည်။ ဂျပန်စစ်သားတွေက မြန်မာဘုန်းကြီးယောင်ဆောင်ကာ မဟာမိတ်တွေကို အနီးကပ်ပစ်ကြတာလည်း ပါသည်။ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ အင်းဝမြို့များ ဂျပန်လက်က လွတ်ရပုံတွေလည်း ပါသည်။ ဂျပန်တွေက ဘုရားတန်ဆောင်းတွေမှာ ကတုတ် ခံတပ်ပြုကာ ဘာသာ သာသနာကို စော်ကားသဖြင့်လည်းကောင်း၊ အမျိုးမျိုး ညှင်းပန်းနှိပ်စက် သည်ကို မခံနိုင်ကြသဖြင့်လည်းကောင်း သူသေကိုယ်သေ တိုက်ကြသော်လည်း လယ်တောထဲက အိမ်ကလေးတွေမှာ ပုန်းနေကြသည့် ဂျပန်တွေကို ထမင်းကျွေးကြသည့် မြန်မာတို့၏ စိတ်နေ စိတ်ထားအကြောင်းတွေလည်း ပါသည်။ ဘုန်းကြီးကျောင်းက ကုလားတက်ခေါက်သံကြားမှ လူစုလည်း ကွဲလေသည်။

ရွာပြန်ရောက်လာပြီးမှ ကိုပြေသိမ်း အအိပ်အစား မှန်လာပုံရသည်။ စားလိုက်၊ အိပ်လိုက်၊ နားလိုက်၊ သမီးကလေးကို မြူလိုက်နှင့် လန်းဆန်းလို့လာသည်။ မအိမ်ကံကတော့ အိမ်အလုပ်တချို့ကို ဖိုးကူးနှင့် လက်လွှဲပေးထားသည်။ လယ်အလုပ် ကိုင်းအလုပ်တွေကိုလည်း ဖိုးတုတ်က တက်ကစီးလုပ်နိုင်ပြီ။ မအိမ်ကံမှာ အစ်ကိုပညာတတ်၊ လင်ပညာတတ် ရှိသော် လည်း လက်တွေ့ဘဝမှာ ကိုဖိုးငွေနှင့် မလှအုံတို့ မိသားစုကိုပဲ အားကိုးအားထားပြုရတာကို ဆင်ခြင်မိသည်။ သို့သော် သည်ပညာတတ်တွေ၏ တန်ဖိုးကိုလည်း နားလည်ခံစားတတ်ပါ၏။

"အိမ်ကလေး…သမီးလေး အိပ်သွားပြီ…ချသိပ်လိုက်တော့မယ်နော်…"

ဖအေ့ပခုံးထက်မှာ အိပ်ပျော်သွားသော မအိမ်မြိုင်ကို လက်လွှဲယူလိုက်ပြီး ခုတင်ပေါ်မှာ ချသိပ်လိုက်သည်။ မအိမ်ကံ ကလေးသိပ်နေတုန်း ကိုပြေသိမ်းက ဝရန်တာဘက် ထွက်ထိုင် နေလေတော့ မအိမ်ကံလည်း ထွက်လိုက်လာခဲ့၏။ လပြည့်ရက် နီးပြီမို့ထင်၊ လ,က သာလိုက် တာ။

"အစ်ကို…ဘာတွေများ တွေးနေသာတုံး…"

"မတွေးပါဘူးကွယ်…လသာတာ လှလွန်းလို့ ထိုင်ကြည့်နေတာပါ"

မအိမ်ကံက ကိုပြေသိမ်းရင်ခွင်ထဲ အလိုက်သင့် လှဲမှီလိုက်သည်။ ကိုပြေသိမ်းက မအိမ်ကံ ကိုယ်လုံးကလေးကို သိုင်းဖက်ရင်း လက်ကလေးကို နမ်းလိုက်သည်။

"နောက်တစ်ခါတော့ မအိမ်ကံဘေးက တစ်ဖဝါးမှ မခွာပါနဲ့တော့အစ်ကို…အဖေတို့



သုံးသဲ့စကားရှိသယ်…လျှော့လျှင် ချစ်ခင်၊ တင်းလျှင် ရန်မုန်းသဲ့…လျှော့လျှင် မိတ္တာ၊ တင်းလျှင် ဒိဋ္ဌိဆိုသဲ့စကားလည်း ရှိသေးသယ်…မအိမ်ကံကတော့ လျှော့ချင်သူပါ… လျှော့လို့ ချစ်ခင်ချင်သူပါအစ်ကို…လျှော့လို့ မိတ္တာ မဖြစ်ပါရစေနဲ့တော့…"

မျက်ရည်တွေက ပါးပြင်နှစ်ဖက်ဆီမှ တသွင်သွင် စီးလာကြကာ တပေါက်ပေါက် ကျလျက်ရှိလေသည်။ ကိုပြေသိမ်းက မအိမ်ကံ ပါးပြင်က မျက်ရည်တွေကို ဖွဖွကလေး သုတ်ရင်း ချော့ရှာသည်။ ရွာထဲက ကြက်တွန်သံတွေ တစ်ချက် တစ်ချက် ကြားနေရသည်။ ကိုပြေသိမ်း စကားဝိုင်းသိမ်းပြီးမှ အိပ်ရာဝင်ခဲ့ကြတာဆိုတော့ မိုးသောက်ယံ တွန်သည့်ကြက်သံပင် ဖြစ်လိမ့်မည်။ လရောင်က မိုးလင်းကာနီးမှ တိုးပြီး လင်းလာခဲ့သည်။ မအိမ်ကံက ဆတ်ခနဲ ခေါင်းမတ်ကာ ကိုပြေသိမ်းမျက်နှာကို တည့်တည့်ကြည့်ရင်း ဆိုလိုက်သည်။

"အစ်ကို့ကို မအိမ်ကံ စကားတစ်ခွန်းပြောထားချင်သယ်…တစ်ခါမှ မပြောဖူးခဲ့သဲ့ စကားပါပဲ…အစ်ကို စိတ်မဆိုးစေချင်ဘူး…မအိမ်ကံရင်ထဲက စကားပါအစ်ကို… လင်နဲ့မယားဆိုသာ ဖရုံတစ်ညှာ ဘူးတစ်ညှာမဟုတ်ဘဲကိုး…မအိမ်ကံကတော့ ပြသဒါးဆိုသာနဲ့ ကြောက်လန့်ပြီး ပြားနေအောင် ရှန်းမယ့်မိန်းမမျိုး မဟုတ်ဘူး… မအိမ်ကံ ဘာကိုမှ မကြောက်ဘူး…အစ်ကိုပြန်လာသာ မအိမ်ကံ ဝမ်းသာသယ်… အစ်ကိုဟာ မအိမ်ကံအတွက် အမိပ္ပာယ်ရှိချင်မှရှိပါလိမ့်မယ်အစ်ကို…ဒါပေမဲ့ သမီး လေးအတွက်တော့ဖြင့် အစ်ကိုဟာ အဓိပ္ပာယ်သိပ်ရှိပါသယ်…"

မအိမ်ကံ၏ မျက်ဝန်းများက အရောင်တွေ တဖျတ်ဖျတ်စိုလူးနေခဲ့သည်။ တိုးလွန်း ညင်သာ ပြောနေသော မအိမ်ကံစကားတွေကို ကိုပြေသိမ်း နားစိုက်ထောင်နေရာက မအိမ်ကံကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ လရောင်ဆမ်း ညရိပ်ထဲမှာပင် လှပလွန်းလှသော မအိမ်ကံ၏ မှုံးရှုရှုမျက်လုံးများကို ရင်မဆိုင်ရဲသည့်အလား ကြမ်းပြင်ကို စိုက်ကြည့်နေလိုက်သည်။ မအိမ်ကံ ကတော့ စကားလုံးတွေ ရွေးချယ်နေသလို ခဏကလေး တိတ်ဆိတ်သွားပြန်၏။ ရွာတာလမ်း ဘက်ဆီက မြို့ကို သွားကြမည့် ထင်းလှည်းသံ တအီအီကို ကြားနေရသည်။ မနက်စောစော နိုးကြသည့် ကျေးသံ ငှက်သံကလေးတွေ စိုးစိုးစီစီ မြည်ကြလေပြီ။

"တိုင်းပြည်အတွက် စစ်ထွက်သွားသာကို မအိမ်ကံ သဘောတူသယ်ဆိုသာလည်း မှတ်ထားပါ…မအိမ်ကံ ပြောချင်သာက သမီးအတွက် အစ်ကိုဟာ အရေးကြီးသယ် ဆိုသာ နားစွဲစေချင်သာပါ…မအိမ်မြိုင်အတွက် အစ်ကိုရှိရလိမ့်မယ်…ရှိကိုရှိရလိမ့် မယ်…မအိမ်ကံနဲ့အစ်ကိုဟာ လက်သမားများ ပျဉ်နှစ်ချပ်စပ်သလို တစ်စပ်တည်း ရှိကြရလိမ့်မယ်…မအိမ်ကံမှာ ဘဝနဲ့ရင်းထားရသဲ့ အနာရှိသယ်အစ်ကို…ဒါကို အစ်ကိုနားလည်ပါ"

မအိမ်ကံ စကားတွေပြောလွန်းလှသည်။ မျက်ရည်တွေ ကျလွန်းလှသည်ဆိုတာက လွဲ၍ ကိုပြေသိမ်းကိုယ်တိုင်က မအိမ်ကံစကားတွေကို ရှင်းရှင်းကြီး နားမလည်နိုင်ခဲ့။ သို့သော် သည်အချိန်မှာ ကိုပြေသိမ်း ဘာမှဝင်မပြောတာပဲ ကောင်းသည်ဟု သဘောထားမိပါ၏။ မအိမ်မြိုင်အတွက် အစ်ကိုရှိရလိမ့်မယ်တဲ့။ မအိမ်ကံမှာ ဘဝနှင့်ရင်းထားရတဲ့အနာ ရှိတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံနဲ့ အစ်ကိုဟာ လက်သမားများ ပျဉ်နှစ်ချပ်စပ်သလို တစ်စပ်တည်းရှိရလိမ့်မယ်တဲ့။ မအိမ်ကံ၏စကားတွေက ထူးခြားလှချည်လား။ သို့သော် ကိုပြေသိမ်း ငြိမ်သက်နေခဲ့သည်။

မအိမ်ကံကလည်း ကိုပြေသိမ်း ငြိမ်နေတာကို အကဲဖမ်းမိသည်။ တကယ်ဆို မအိမ်ကံတို့ သားအမိအနားက အစ်ကို တစ်ဖဝါးမှ မခွာပါဘူးကွယ်ဆိုသည့် နှုတ်ကတိတစ်လုံးတော့ ပေးစေချင်သည်။ ကိုပြေသိမ်း ဘာကြောင့် ငြိမ်နေရသလဲ။ မအိမ်ကံကို ဘာကြောင့် မေးခွန်းတွေ ပြန်ပြန်လှန်လှန် မမေးတာလဲ။

လရောင်က တဖြည်းဖြည်း ကျလာသည်။ လမင်းပျောက်လို့ နေရောင် လာတော့မည်။ ဝရန်တာကလေးကိုပင် မှောင်ရိပ်ကွယ်သွားခဲ့ပြီ။ ကိုပြေသိမ်းနှင့် မအိမ်ကံ စကားဆက်မပြောတော့ဘဲ ထိုင်နေခဲ့ကြတာ အကြာကြီး။

"သဗ္ဗေသတ္တာ သုခိတာ အဝေယာ ဟောန္တု…သဗ္ဗေ ခပ်သိမ်းကုန်သော…သတ္တာ သတ္တဝါအပေါင်းတို့…သုခိတာ ကိုယ်စိတ်နှစ်ပါး ကျန်းမာခြင်း ချမ်းသာခြင်းဖြင့်… အဝေရာ ရန်မာန်တို့သည် မရှိကုန်ကြသည်…ဟောန္တု ဖြစ်ကြပါစေသတည်း…"

ခေါင်းရင်းအိမ်မှ အဘိုးသက်ပန်း၏ ဘုရားရှိခိုး အမျှဝေသံနှင့်အတူ ကြေးစည်ရိုက်သံကို ကြားလိုက်ရသည်။ မိုးပင် လင်းလုပြီ။

■

သည်မနက်တော့ ကိုပြေသိမ်းနှင့်အတူ ရွာဦးကျောင်းဆရာတော်ကြီးထံ ဆွမ်းချိုင့်သွားပို့ကြသည်။ ဆရာတော်ကြီးက ဂျပန်တော်လှန်ရေးကြီးအကြောင်းကို ကျောင်းဆရာ ကိုပြေသိမ်းအား မေးတော်မူရှာ၏။ သက်တော် ကိုးဆယ်ဆိုသော်လည်း ဆရာတော်ကြီးက နိုင်ငံ့အရေးကို စိတ်အားထက်သန်တော်မူသည် မဟုတ်လား။ ကိုပြေသိမ်းကလည်း သည်အကြောင်းတွေ ပြောလေတိုင်း တက်ထောင်မောင်းနှင်း ရှိလှပါ၏။

ကိုပြေသိမ်း ပြောပြသော ဂျပန်တော်လှန်ရေး အတွေ့အကြုံတွေကို ကြားရတော့ မအိမ်ကံ ခွင့်လွှတ်တန်သလောက် ခွင့်လွှတ်ခဲ့ရုံမက ကြားရတာကိုပင် သနားစိတ်ဝင်ခဲ့သည်။ ကိုပြေသိမ်းက မန္တလေး၊ စစ်ကိုင်း၊ မတ္တရာနယ်တွေကို ရောက်ခဲ့သည်။ မန္တလေးမြောက်ဘက် မတ္တရာဘက်မှ ထိုးစစ်ဆင်လာသော အင်္ဂလိပ်တပ်များနှင့် ပူးပေါင်းကာ ခုခံခဲ့သည်။ ရန်ကင်းတောင်မှာ တိုက်ရတော့လည်း ပါသည်။ ကျောက်တလုံးတွင် ဖမ်းထားသော မြန်မာတော်လှန်ရေးသမားတွေကို ဂျပန်လက်က လွတ်အောင် တိုက်ခဲ့သည် ဆိုပါ၏။ အထက်ဗမာပြည်တပ်ပေါင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတပ်များနှင့် ပါသွားရာမှာတော့ ရွာငန် ရပ်စောက်အထိ ရောက်ခဲ့သည်။ ဗိုလ်မှူးကြီးဗထူးနှင့်အတူ ပါသွားခဲ့ခြင်းဖြစ်သည်။

"မန္တလေးကို မီးလောင်တာများ မြင်မကောင်းဘူးဘုရား…အင်္ဂလိပ်က မန္တလေးကဆုတ်ကာနီး မီးတိုက်ပစ်ခဲ့သလိုပဲ ပြန်ဝင်လာတော့လည်း ဂျပန်ခိုမယ့်နေရာတွေကို ဗုံးကြဲတဲ့အခါ မဆင်မခြင်လုပ်ခဲ့တယ်ဘုရား…ကျောင်းတိုက်ကြီးတွေ မီးလောင်လိုက်တာ မနည်းဘူး…ဘုရားစေတီနဲ့ ဂန္ဓကုဋီတိုက်တော်တွေလည်း ပါကြတယ်…စိတ်မချမ်းသာစရာပါဘုရား"



ကျောက်တော၊ နတ်စက်ကန်၊ ထင်းရှူးတောင်တိုက်ပွဲများတွင် မြန်မာမျိုးချစ်များ ကျဆုံးခဲ့တာတွေ ပြောပြတော့ မျက်ရည်တွေ ဝဲလို့။ ၁၉၄၅ ခုနှစ်၊ ဇွန်လထဲရောက်တော့လည်း ကိုပြေသိမ်း မပြန်နိုင်။ ဗိုလ်မှူးကြီးဗထူးနှင့်အတူ တယ်လူးစခန်းမှာ နေရသခိုက်ဖြစ်သည်။

"ဗိုလ်မှူးကြီး ဇွန်လ ၂ ရက်နေ့ ညဘက်မှာ ငှက်ဖျားရောဂါနဲ့ ကွယ်လွန်သွားတော့ တပည့်တော် မျက်ရည်မဆည်နိုင်ခဲ့ဘူးဘုရား…ဇွန်လကုန် ဇူလိုင်လထဲရောက်တော့မှ တပည့်တော် ပြန်လာခဲ့တာ…တော်လှန်ရေးကြီး ပြီးဆုံးပေမယ့် တာဝန်မပြီးဆုံးသေးတာနဲ့ ခုနှစ်လလောက် ကြာသွားတာပါဘုရား…တပည့်တော်တို့လည်း ပင်ပန်းဆင်းရဲကြပါတယ်…တစ်ခါတစ်ခါ ထမင်းတောင် ဘယ်ဆီမှန်းမသိရပါဘုရား…"

"နို့…မေးစမ်းပါရစီဦး မောင်ပြေသိမ်းရဲ့…တော်လှန်ရေးက ဝါဆိုလကတည်းက ပြီးသွားသာဆို…သာရင်တို့တစ်တွေ ပြန်လာခဲ့ကြသာကောကွယ့်…"

"မှန်ပါ့ဘုရား…တော်လှန်ရေးပြီးတော့ ဂျပန်က ပြေးပါပြီ…တော်လှန်ရေးရဲဘော်တွေလည်း ပြန်တဲ့လူပြန်…စစ်မြေပြင်မှာ ကျတဲ့လူကျပေါ့ဘုရား…ဂျပန်ပြေးပေသိလို့ တကယ့် ကမ္ဘာသိ တရားဝင် လက်နက်ချတာက စက်တင်ဘာ ၂ ရက်နေ့ကျမှပါဘုရား…ဝါခေါင်လထဲပေါ့ဘုရား…အခု တော်သလင်းဆိုတော့ ဘာကြာသေးတုံးဘုရား…အင်္ဂလိပ်ဘုရင်ခံက ဗိုလ်ချုပ်အောင်ဆန်းနဲ့တွေ့ပြီး စက္ကူဖြူစာတမ်းဆိုတာ မြန်မာတွေ လက်ခံအောင်ပြောနေတာတွေ ကြားခဲ့ရတယ်ဘုရား…တပည့်တော်လည်း စက္ကူဖြူစာတမ်းဆိုတာ သိချင်တာနဲ့ ဆရာကြီး ဦးဘခင်တို့နဲ့ အတူလိုက်ရင်းက ကြာသွားခဲ့တာပါဘုရား…"

ကိုပြေသိမ်းက ဆရာတော်ကြီးအား လျှောက်တင်သံတွေကို မအိမ်ကံ ကြားနေရသည်။ ကိုပြေသိမ်း ဒါကြောင့် အိမ်ပြန်နောက်ကျရှာတာကိုး။ စက္ကူဖြူစာတမ်းနဲ့ ကိုပြေသိမ်းကကော ဘယ်လိုဆက်စပ်နေပါလိမ့်။ ကိုပြေသိမ်း ပြောနေ၊ လုပ်နေတာတွေကို မအိမ်ကံ နားမလည်နိုင်တာ အမှန်ပဲဖြစ်သည်။

"တပည့်တော်တို့ တော်လှန်ရေးစလို့ တစ်လပြည့်ခင်မှာပဲ ဒေါက်တာဘမော်တို့က ဂျပန်နဲ့ရောပြီး ပြေးကြပြီဘုရား…ဂျပန်စစ်ဌာနချုပ်ကလည်း မော်လမြိုင်ရောက်သွားပါတယ်ဘုရား…မဟာမိတ်တပ်တွေ ရန်ကုန်ဝင်ကြပြီဆိုတာနဲ့ ကွန်မြူနစ်ပါတီ ဖွဲ့တယ်…ဖတပလအဖွဲ့ချုပ်ကြီး ပေါ်လာတယ်…ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး ပေါ်လာတယ်…ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ပေါ်လာတယ်…အများကြီးပါပဲဘုရား…ဆရာကြီး ဦးဘခင်တို့ကတော့ ဦးဘဂျမ်းကို သံယောဇဉ်ရှိကြတော့ သူတို့ဖွဲ့တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးဆိုတာ လုပ်ကြပြန်တယ်ဘုရား…"

"မောင်တို့ဟာက မနည်းပါလားကွ…ဘာသဘောများတုံး…"

"ဘုရင်ခံကလည်း စက္ကူဖြူစာတမ်းကို ချပြနေပြီဆိုတော့ လက်မခံချင်ကြသူတွေက တူရာ တူရာ ဖွဲ့ကြပြီး ဆန့်ကျင်ကြတာပါပဲဘုရား"

"ဟေ…အဖွဲ့များတော့ များများကွဲကြရုံပေါ့ကွာ…နို့ မောင်က ဘယ်အဖွဲ့ကတုံး…"

www.burmeseclassic.com

www.burmeseclassic.com

"လေ့လာတုန်းပါဘုရား..."

ကိုပြေသိမ်းက ဘာများ လေ့လာရပြန်တာပါလိမ့်။ ရွာမှာနေပြီး ကျောင်းဆရာလုပ်မှာ မဟုတ်ဘူးလား။ သည်တုန်းက မအိမ်ကံအတွေးဖြစ်သည်။ ဖိုးကူးကို ထနောင်းတိုင်လွှတ်ပြီး ကိုပြေသိမ်း ပြန်ရောက်လာပြီဖြစ်ကြောင်း မိဘများထံ အပြောလွှတ်ရသည်။ သည်ရက်ထဲ ညှဉ့်သည်တွေက အမျိုးမျိုး။ လာကြတော့လည်း စက္ကူဖြူ စက္ကူဖြူတွေသာ ကြားရပြန်၏။

"ညည်းယောကျ်ားဆီ လာကြသူတွေအကုန်လုံး စက္ကူဖြူ စက္ကူဖြူနဲ့ ဘာပြောသာတုံး မအိမ်ကံရဲ့..."

"စက္ကူက ဖြူလို့နေမှာပေါ့ မလှအုံရဲ့..."

"ညည်းပြောမှ ရှင်းတော့သယ်အေ..."

ဟုတ်ပါရဲ့...။ မလှအုံပြောလည်း ပြောစရာ။ ကြားလိုက်ရလျှင် စက္ကူဖြူချည်း။ မအိမ်ကံပင် မသိမှတော့ မလှအုံခမျာ ပိုလို့သာ ဆိုးတော့မည်။ သိပ်မကြာခင်ရက်တွေမှာ ကျောင်းတွေ ပြန်ဖွင့်ခွင့်ရကြပြီ။ ကိုပြေသိမ်းပင် ကျောင်းစိတ်တွေ ပြန်ဝင်ကာ ကျောင်းနှင့်အိမ် အကူးကူး အလူးလူး။ သည်တစ်ခါ ကျောင်းဖွင့်တော့ ကျောင်းသားတွေ များလာသည်။ မအိမ်ကံ ကျောင်းကလေး စည်ကားလာရပြန်ပါပကော။

■

မအိမ်ကံဘဝတွင် ကောင်းတစ်ခါ ဆိုးတစ်လှည့် တစ်ပြန်စီ ကြုံခဲ့ရတာကို မအိမ်ကံ သတိထားမိသည်။ အဆိုးတွေ များလာလျှင် အကောင်းဝင်တတ်သလို၊ အကောင်းလာ ခေါင်းမွေ့တော့လည်း အဆိုးတွေက ဆက်တိုက်ဆိုသလို ကြုံရတတ်ပြန်သည်။

ကိုပြေသိမ်း ပြန်ရောက်လာပြီးနောက်ပိုင်း မအိမ်ကံဘဝလည်း တစ်ဖန် ပြန်လည်စိုပြည် လန်းဆန်းခဲ့ရပြန်ပါ၏။ ကိုပြေသိမ်း ကျောင်းဆရာပြန်လုပ်တော့ မအိမ်ကံလည်း ဆရာကတော် ဆိုသည့်ဂုဏ် တက်ခဲ့ရသည်။ တပည့်တပန်းတွေက ကန်တော့ကြသော ငှက်ပျောတစ်ခိုင် ပန်းတစ်ခိုင်ကအစ မအိမ်ကံအတွက် တန်ဖိုးဖြစ်ခဲ့ရပါ၏။ မအိမ်ကံတို့အိမ်ကြီးကလည်း မအိမ်ကံ၏ ကံဇာတာအပေါ် မူတည်ကာ စိုလိုက် ခြောက်လိုက် ရှိရတာကလား။ အခုတော့ မအိမ်ကံတို့ အိမ်ဝိုင်းတိုက်ကြီးထဲမှာ လူဦးရေပင် တိုးပွားလာခဲ့ပြီ။ ကျေးဥက သားနှစ်ယောက်၊ မအိမ်ကံက သမီးနှစ်ယောက်။

သမီးငယ်ကလေး၏ အမည်ကိုတော့ 'မအိမ်ခိုင်' လို့ အမည်ပေးထားသည်။ မအိမ်ကံတို့ မိသားစုကလေး တစ်ဝန်းတစ်ဝိုင်းထဲမှာ ခိုင်ခိုင်မြဲမြဲ ရှိပါရစီဆိုသည့် အတိတ်နိမိတ်ကို မအိမ်ကံ ရည်ရွယ်ရင်းဖြစ်သည်။ အမေပန်းရုံနှင့် မလှအုံကတော့ မြေးလေးယောက် ထိန်းရတာနှင့်ပင် နေကုန်လို့ကုန်မှန်း မသိလိုက်ကြ။ အသက်ကြီးကာမှ စိပ်ပုတီး မဆောင်နိုင်ကြရှာဘဲ ဘုစုခရုကလေးများနှင့် တူတူရေ...ဝါး နေကြရသည်။ အခုတော့လည်း အမေကြီးပန်းရုံနှင့် အမေကြီးလှအုံပေါ့။ ဘကြီးဖိုးငွေကတော့ ရေကန်စပ်က ရွံ့ကို သွားခူးကာ ရွံ့ရုပ်ကလေးတွေ ဒိုင်ခံလုပ်ပေးနေရပြီ။ အငယ်ကောင် ဖိုးကူးပင်လျှင် လူပျိုသိုးကြီး ဖြစ်ရှာပြီမဟုတ်လား။

မအိမ်ကံကတော့ အုံနှင့်ကျင်းနှင့်ဖြစ်လာသော သူ့မိသားစုဘဝ ဝပ်ကျင်းကလေးကို ကျေနပ်ပါသည်။ ငယ်စဉ်က မြို့ကျောင်းကို ကျောင်းသွားတက်သော အစ်ကို့ကိုမျှော်ရင်း



အထီးကျန်ခဲ့ရသည့် သူ့ဘဝထက်စာလျှင် လက်ရှိမိသားစုဘဝကလေးက မြင့်ဆိုင်လွန်းလှသည် မဟုတ်လား။ တစ်ခါတစ်ရံ ရွာကို ပြန်လာတတ်ကြသော အစ်ကို မောင်မြတ်သာနှင့် မမစိမ်းမြတို့ မိသားစုပါ ထည့်ပေါင်းလိုက်လျှင် နည်းတဲ့ ဆွေစုမျိုးစုလား။ မအိမ်ကံအဖို့ရာကတော့ သည်လောက် ပျော်စရာကောင်းသည့်ဘဝမျိုး ရှိမည်တောင်မထင်။

သည်နေ့လည်း မအိမ်ကံတို့မိသားစု မြင်းခြံမြို့ကို သွားကြဖို့ မနက်စောစောကြီးကတည်းက ရွာက ထွက်ခဲ့ကြသည်။ မြင်းခြံမြို့က မအိမ်ကံတို့ မိတ်ရင်းဆွေရင်း ပွဲကတော်ကြီး၏မြေး ရှင်ပြုပွဲကို လိုက်ခဲ့ကြခြင်းဖြစ်သည်။ ပွဲစားကြီး ဦးကျော်ဂေါင်တော့ မရှိရှာတော့။ ပွဲကတော်ကြီးခမျာလည်း အိုရှာခဲ့ပြီ။ မသေခင် ပြုသည့် မြေးရှင်ပြုပွဲကို မအိမ်ကံတို့မိသားစု ဆက်ဆက်လာစေချင်ကြောင်း အမှာပါးခဲ့သည်။

၁၃၁၂ ခုနှစ်၊ ကဆုန်-နယုန်လ။ နယုန်မိုးသေး မြက်သားမွေး ဆိုသည့်အတိုင်း မအိမ်ကံတို့ တစ်နယ်လုံး ပုရစ်နုကလေးများ ထိုးနေသည့် သစ်ပင်များဖြင့် စိမ်းစိုလွင်လျက် ရှိသည်။ မအိမ်ကံကတော့ သည်လိုမနက်စောစော လှည်းကလေးနှင့် ခရီးသွားရတာကို သဘောကျပါသည်။ လှည်းပေါ်မှာ သည်တစ်ခါတော့ သားအမိသားအဖ လေးယောက်သာ ပါခဲ့သည်။ ဖိုးကူးကတော့ ထုံးစံအတိုင်း လှည်းမောင်း။

ကိုပြေသိမ်း၊ မအိမ်ကံ၊ မအိမ်မြိုင်နှင့် မအိမ်ခိုင်။

သမီးကြီး မအိမ်မြိုင်က ခြောက်နှစ်၊ သမီးငယ် မအိမ်ခိုင်က သုံးနှစ်။ သမီးနှစ်ယောက်စလုံး ဖအေ့အချောနှင့် မအေ့အလှတို့ ပေါင်းစုနေကြသည်။ တစ်သွေးတစ်မွေး၊ တစ်ယောက်တစ်မျိုး ကြည်ကြည်စင်စင်ရှိကြတာကိုက မအိမ်ကံအတွက် ကုသိုလ်ကံ ထူးလှသည် အောက်မေ့မိပါ၏။ သမီးချောနှစ်ယောက်ကြောင့် မအိမ်ကံ ချင်ခြင်းတပ်ခဲ့သော ဖက်စိမ်းကွမ်းတောင် အိပ်မက်ကလည်း အညွန့်ဝေါက်လို့လာခဲ့သည်။

ကြည့်စမ်းပါဦး...။

ပန်းစည်းကြိုး ကြက်တောင်စည်းကလေးတွေနှင့် ပါးကွက်ဝိုင်းကလေးတွေ ကွက်လိုက်လို့။ မြို့ကိုသွားမှာဆိုတော့ ဝတ်ကောင်းစားလှကလေးတွေ ဆင်တူဆင်မြန်းပေးထားခဲ့သည်။ ရှန်ဟဲညွန့် ခေါ်ကြသည့် မိုးပြာရောင် ပိုးပျော့သား ဇာပန်းထိုးထဘီနှင့် အင်္ကျီကလေးတွေကြောင့် သမီးကလေးတွေက ပိုပြီးကျက်သရေရှိနေကြသလား ထင်မိပါ၏။ အငယ်မက ဖအေ့ပေါင်ထိုင်ကာ၊ အကြီးမကို ဖိုးကူးက ကုန်းပိုးထားရင်း လိုက်လာခဲ့ကြသည်။ ကိုပြေသိမ်းက ကျူထရံကွက်ပုဆိုး၊ လည်ကတုံးအင်္ကျီကို သပ်သပ်ရပ်ရပ် ဝတ်စားထားသကဲ့သို့၊ မအိမ်ကံကလည်း ခရမ်းသွေးလုလု အချိတ်ထဘီနှင့် ဂျော်ဂျက်နိုင်လွန် လက်မောင်းတင်ကလေးနှင့်ဖြစ်၏။ မအိမ်ကံ၏ ပြည့်ပြည့်ဝန်းဝန်း လက်မောင်းသားပေါ်အောင် ချုပ်ထားသည့် လည်ထောင်အင်္ကျီက ခေတ်ဆန်လှသည်။ မအိမ်ကံတို့ အိမ်က ထွက်လာတော့ နေလုံးပင် အရှေ့ကောင်းကင်မှာ မေးမတင်သေး။ သို့ပေသိ ကဆုန်-နယုန် ပူပူလောင်လောင်လဆိုတော့ မနက်ခင်း လင်းအားကြောင့် ဘေးဘီကို ကောင်းကောင်းမြင်နေရပြီ။ ရွာလမ်းကအထွက် လမ်းပေါ်မှာ သွားကြလာကြသူတွေ ဖျိုးဖျိုးဖျောက်ဖျောက် ရှိနှင့်ပြီ။ မအိမ်ကံက လမ်းမတန်းဘက်ကို စောင်းစောင်းလေးထိုင်ရင်း လှည်းရုံတိုင်ကို ကိုင်လိုက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟင်…မအိမ်ကံတို့ သားအမိသားအဖတွေ ဘယ်တုံး…စောစောစီးစီး…"

"မြင်းခြံက အလှူဖိတ်လို့လေ…ဩော်…ဘယ်သူများလဲလို့…"

မအိမ်ကံက နှုတ်ဆက်သံကြောင့် ဖြေလိုက်ရသော်လည်း ကနဦးကတော့ ဘယ်သူမှန်းမသိ။ နောက်မှ အသံရှင်ကို ထင်းထင်းကြီး မြင်လိုက်ရသဖြင့် မျက်နှာ တင်းသွားခဲ့သည်။ သာအောင်နှင့်ရွှေမှုံ…။ ပြီးတော့ သူတို့သမီးကလေး မှုံနှံ့သာ…။ ရွှေမှုံခါးထစ်ခွင်မှ သားကလေး တစ်ယောက်လည်း ပါသေးသည်။ မှုံနှံ့သာက ကိုပြေသိမ်းကို "ဆရာလေး" ဟု နှုတ်ဆက်သည်။ မှုံနှံ့သာပင် ကိုပြေသိမ်း၏ ကျောင်းသားတပည့် ဖြစ်နေခဲ့ပြီ။ ဟုတ်မှာပေါ့။ မှုံနှံ့သာက မအိမ်မြိုင်ထက် အခါလည်သာသာလောက် ကြီးတာပဲလေ။ အရွယ်ကလေး လောက်လောက်လားလားဖြစ်လာတော့ မှုံနှံ့သာက ယယ်ယယ်တုန်းကလို ပိန်ပိန်ပါးပါး ချွန်တွန်တွန်ကလေး မဟုတ်တော့။ အသားကလေး ညိုတိုတိုနှင့် မျက်နှာပွင့်ပွင့်ကလေး…။

ကိုပြေသိမ်းက သာအောင်ကို နှုတ်ဆက်သည်။ သူ့တပည့်မကလေး မှုံနှံ့သာကို နှုတ်ဆက်သည်။ ရွှေမှုံကတော့ လှည်းပေါ်မှာ ပါလာသော မအိမ်ကံသမီးနှစ်ယောက်ကို ငေးစိုက်ကြည့်နေလေသည်။

"ညည်း ငါ့သမီးတွေကို ဝအောင်ကြည့်စမ်း ရွှေမှုံ…ညည်းက သမီးတစ်ယောက်၊ သားတစ်ယောက်…ငါက ရွှေဥ အုထားတဲ့ သမီးနှစ်ယောက်…အရွယ်များရောက်ကြရင် ငါ့သမီးတွေက ကွမ်းတောင်ကိုင် 'ပြေးမလွတ်တော့ဘူးအေရဲ့…ညည်းထက် ငါကတောင် ထမ်းပိုးတင်နိုင်သေးပေါ့…တစ်ပွင့်နဲ့တစ်ခက်ပေါ့အေ…တစ်နေ့နေ့တော့ ညည်းရှေ့မှာ ငါ လက်ခမောင်းခတ်လိုက်ရဦး…"

မအိမ်ကံရင်ထဲက စကားတွေ…။ ရင်ထဲမှာ စကားတွေ ဗလောင်ဆူလျက်ရှိ၏။

"အလှူဆိုတော့ မြင်းခြံမယ် တစ်ရက် နှစ်ရက် နေကြဦးမှာပေါ့…အပြန်တော့ နေချိုမှ ပြန်ကြပါအေ…ကလေးတွေ နေပူမိဦးမယ်…ဥတုက ပူချက်တော့…"

ရွှေမှုံက ကရုဏာစကား ဆိုသော်လည်း မအိမ်ကံက မတုံ့ပြန်မိ။ လှည်းဆက်ထွက်လာသည်အထိ မအိမ်ကံမျက်နှာကလေး တင်းနေခဲ့သေးသည်။ ရွာရိပ်က မလွတ်သေးသည့်လမ်းတစ်လျှောက် ဆရာလေးကိုရော မအိမ်ကံကိုပါ နှုတ်ဆက်ကြသူတွေ မနည်းပြီ။ အထူးသဖြင့် မအိမ်ကံကို 'ဆရာကတော်'လို့ ခေါ်ကြတာကို ကျေနပ်မိသည်။ "ဆရာလေးတို့…ဆရာကတော်တို့ ဘယ်များကြွကြမလို့တုံး" ဆိုသည့် နှုတ်ဆက်သံတွေ နားထဲ ဝေစီလျက်ရှိပါ၏။

ဖိုးကူးကတော့ မြင်းခြံရောက်လျှင် ဘိုင်စကုပ်ကြည့်ချင်ကြောင်း ကိုပြေသိမ်းကို ပြောနေသည်။ ဖိုးကူး ဘိုင်စကုပ် ကြိုက်တတ်နေပြီ။ မအိမ်ကံကို ဖိုးကူးက ချစ်လည်းချစ် ကြောက်လည်းကြောက်သူဆိုတော့ တော်ရုံစကား၊ သူဖြစ်ချင်သည့်အကြောင်းရှိလျှင် ကိုပြေသိမ်းကို တိုင်တည်တတ်သည်။ ကိုပြေသိမ်းကလည်း မင်းသဘောပါကွာလို့ ခွင့်ပြုတတ်သည်။

ရွာကို လွန်ခဲ့ကြပြီ။ တအိအိ မောင်းနှင်ခဲ့ရင်းက ရာကျော်ဇရပ်ကိုပင် ရောက်တော့မည်။ ရာကျော်ဇရပ်မရောက်ခင်ကလေးမှာ တလုတ်မန်ကျည်းတောကြီး ရှိသည်။ မအိမ်ကံတို့ ရွာဘက်တွေက ဆေးမန်ကျည်းတောလို့လည်း ခေါ်ကြသည်။ လှည်းလမ်းတစ်ဖက်တစ်ချက်ကိုပင် အကိုင်းချင်း ယှက်မိုးထားသဖြင့် ညို့နေသည့်နေရာဖြစ်၏။ တလုတ်မန်ကျည်းတောကို ခဏ



ဖြတ်ရသည်ပင် အေးမြလှသည်။ တလုတ်မန်ကျည်းပင်ကြီးတွေက သည်နေရာမှာ တောထနေရုံမက တစ်ပင် တစ်ပင် ထန်းလုံးလောက် ရှိကြပါ၏။ ထိုခဏ၌ပင် လှည်းနောက်ဖျားဆီက ရုတ်ခနဲ တက်လိုက်သော လူတစ်ယောက်ကြောင့် လှည်းပင် အိခနဲဖြစ်သွားခဲ့သည်။ လူက ဝဝမည်းမည်း။ ညီစို့စို့အနံ့တွေက လှိုက်တက်နေသည်။ အပေါ်ပိုင်းအင်္ကျီမပါဘဲ ဆံပင်တွေ ကုတ်ပေါ်ဝဲကျနေတာကပင် ကြောက်စရာ။ သွားဝါဝါကြီးများနှင့်အတူပေါ်နေသော သွားဖုံးထူကြီးတွေမှာ အာစေးတွေ အမျှင်တန်းလျက်။ ထိုလူက တလုတ်မန်ကျည်းပင်ရိပ်က ရုတ်ခနဲ ထွက်လာပြီး လှည်းပေါ် ဖွေ့ခနဲ တက်လိုက်ခြင်းဖြစ်သည်။ မအိမ်ကံတို့ပင် ရုတ်တရက် မတားသာခဲ့။ ထိုလူက လှည်းပေါ်မှာ ထိုင်မိသည်နှင့် ကိုပြေသိမ်းပေါင်ပေါ်က သမီးငယ် မအိမ်ခိုင်ကို လှမ်းဆွဲရင်း လုတော့သည်။ အသံက အက်ကွဲကွဲ…။

"ပေးစမ်း…ငါ့ကလေးကို…ကလေးသူခိုးတွေ ခုမှမိသယ်…လာခဲ့စမ်း…"

မအိမ်ခိုင် အော်ငိုလိုက်သံက တလုတ်မန်ကျည်းတောတစ်တောလုံးကို ကိုင်လှုပ်လိုက်လေပြီ။

■

www.burmeseclassic.com

## (၂၈)

တုန့်ခနဲရပ်လိုက်သောလှည်းကြောင့် ကလေးလုသူ ဟန်ချက်ပျက်သွားခဲ့သည်။ ဖိုးကူးက ရုတ်တရက် ထရပ်လိုက်ပြီး ကလေးလုသူ၏ အင်္ကျီမပါသည့် ကျောမည်းမည်းကြီးကို နကန်နှင့် ဖျန်းခနဲ ရိုက်ချလိုက်သည်။ ကလေးလုသူက နကန်ချက်ကို နာပုံပင်မရ။ ပါးစပ်ကြီးဖြဲကာ လက်ကြမ်းကြီးများနှင့် လုမြဲလုလျက်ရှိလေသည်။ ကိုပြေသိမ်းက အမှတ်တမဲ့ ကြောင်နေရာက မျက်နှာကို လက်သီးပြင်းပြင်းတစ်ချက် ထိုးလိုက်တော့မှ အူးခနဲအော်ကာ မျက်နှာကို လက်ဖဝါးဖြင့် အုပ်လိုက်သည်။ ဖိုးကူး၏ နကန်ချက်တွေ ဆက်ကာဆက်ကာကျလာသည့်အခါမှာတော့ လှည်းပေါ်က ဝုန်းခနဲ ခုန်ချလိုက်လေ၏။

တက်မတတ် ချက်မတတ် အော်နေကြသော သမီးနှစ်ယောက်ကို ထွေးပွေ့ထားရင်း လှည်းပေါ်က ကျသွားသူကို မအိမ်ကံ ငုံ့ကြည့်လိုက်သည်။ ဘယ်သူလဲ၊ ဘာသဘောလဲ။ မအိမ်ခိုင်ကို ဘာဖြစ်လို့လုရတာလဲ။ မအိမ်ကံ နားမလည်နိုင်။ လူကလည်း အရူးတစ်ယောက်နှင့်ပင် တူနေတော့သည်။ ပြီးတော့ တလုတ်မန်ကျည်းတောထဲက ဘာကိစ္စ စောင့်နေရတာလဲ။ မအိမ်ကံတို့လာမယ်ဆိုတာ ဘယ်သူက လက်ထောက်ချလိုက်လို့ပါလိမ့်။ လှည်းဆက်ထွက်လာခဲ့သော်လည်း ကလေးလုသူက လှည်းလမ်းပေါ်မှာ ကုန်းကုန်းကြီး။

"အရူးစက်ဖေဆိုသာပေါ့ မမကံ…တစ်ရွာတစ်ရွာ သည်လိုကူးနေသာ…မမကံ မကြုံဖူးလို့…လှည်းပေါ်မှာ ကလေးပါရင် တက်လုနေကျ…ပြီးခဲ့သဲ့လကပဲ အနောက်ရွာက ကလေးတစ်ယောက်ကို အိမ်ပေါ်တက်လုလို့ ဝိုင်းရိုက်လွှတ်လိုက်ကြသေးသာ…"

"အို…ကလေးလုသယ် ဟုတ်လား ဖိုးကူး…ဟုတ်ကဲ့လားဟယ်…အရူးစက်ဖေရယ်လို့တော့ ကြားဖူးသား…ကလေးလုသာတော့ မကြားမိဘူး…တော်ပါသေးရဲ့အစ်ကိုရယ်…အစ်ကို သတိရှိလို့သာပေါ့…တော်တော်တော့ နာသွားရှာထင်ပါရဲ့…လှည်းပေါ်က ပြုတ်ကို ကျသွားသာ…"

ဂျပန်ကို တော်လှန်ခဲ့သော တော်လှန်ရေးသမား ကိုပြေသိမ်းပင် အမှတ်တမဲ့ဆိုတော့ လန့်သွားပုံပေါ်ပါ၏။ ဖိုးကူးက အရူးတစ်ယောက်ပါဆိုတော့ စိတ်မကောင်းဖြစ်သွားပုံလည်းရသည်။ သမီးမအိမ်ခိုင်ကို ကြည့်လိုက်တော့ ကြေးညှော်တွေရော၊ လက်ဆုတ်အားကြောင့် အရာများပင် ထင်ကျန်ရစ်ခဲ့လေသည်။ မအိမ်မြိုင်ရော မအိမ်ခိုင်ပါ မအေ့ရင်ခွင်ထဲ တိုးဝင်နေကြသဖြင့် မအိမ်ကံ ချော့မော့နေရသည်။ ဖိုးကူးက…



"ကလေးလုသာ ဇာတ်ထုပ်ရှိသယ် မမကံရဲ့…ဦးစက်ဖေကြီးတို့က ပိုက်ဆံရှိကြသယ်သဲ့…သူ့မိန်းမက မြစ်နားတန်းရွာက စားကြူးသူ…မိဘတွေရွာကို ပြန်ပြီး စစ်ပုန်းကြတုန်း ဗုံးကျင်းထဲ ဗုံးတည့်တည့်ကျလို့ မိန်းမရော ကလေးတွေရော ဆုံးကြရရှာသာသဲ့…"

"မင်းဟာ ဟုတ်ရဲ့လား ဖိုးကူးရာ…"

"ရော်…ဆရာလေးကလည်း…တစ်နယ်လုံး အုံးအုံးထလို့ဟာ…ဆရာလေး ရွာမှာမရှိလို့ မကြားလိုက်သာနေမှာ…"

ကိုပြေသိမ်းက ဝင်ပြောတော့ ဖိုးကူးက သေချာသပ လေညာက လုပ်နေလေ၏။ မအိမ်ကံကတော့ ဆရာလေး ရွာမှာမရှိလို့ မကြားလိုက်သာနေမှာဆိုသည့် ဖိုးကူးစကားကြောင့် အတွေးတွေ ဝင်နေမိခဲ့သည်။ စားကြူးရွာတွေဘက် ဗုံးကျသည့်သတင်းကို မအိမ်ကံလည်း ကြားခဲ့ပါသည်။ စားကြူးရွာပင်မက တခြားရွာတွေလည်း ဗုံးကျတာရှိခဲ့ပါ၏။ သို့သော် ဦးစက်ဖေ ဇာတ်ထုပ်ကို မအိမ်ကံ မကြားမိခဲ့။ ဦးစက်ဖေတို့မှာ ဘဝက အကြောင်းပါလို့ စုံဖက်ကြပြီးကာမှ ကံမကောင်း အကြောင်းမလှလို့ ဘဝခြားကြရတာပါလား။ ဦးစက်ဖေက ပိုက်ဆံရှိလို့ ပြည့်စုံတယ်ထားပါဦး၊ ကြင်ဖော်ကြင်ဖက်နှင့် ကွဲရပြီဆိုမှတော့ ဘာများ အဓိပ္ပာယ် ရှိသေးလို့လဲ။ မယားနှင့် ကလေးကို တမလွန်ပို့လိုက်ရသည့်ဘဝကို ခံနိုင်ရည်ရှိရှာဟန်မတူ။ စိတ်ကဖောက်ပြန်သော်လည်း သားသမီးဆိုသည့် မိဘမေတ္တာကတော့ ရူးသွပ်မသွားရှာပါလား။ မြင်ကရာကလေးကို သူ့ကလေး ထင်နေရှာလိမ့်မည်။ ကလေးကို ရန်ရှာချင်တာမဟုတ်ဘဲ သူ့ရင်သွေးအမှတ်ဖြင့် ဝင်လုခြင်းသာဖြစ်လိမ့်မည်။

"အစ်ကိုရယ်…လူ့ဘဝမှာ ကိုယ့်လင် ကိုယ့်သား ကိုယ့်မယားနဲ့ ဆင်းရဲအတူချမ်းသာအမျှဆိုသလို အတူတကွ ပေါင်းဖက်နေထိုင်ရခြင်းဟာ ဘယ်လောက်များစိတ်ချမ်းသာစရာကောင်းသလဲနော်…သုံးလွန်းတင်စားပြီး ကလေးတစ်ပြုံကြီးနဲ့ ရုန်းကန်ရသဲ့ အိမ်ထောင်ပဲဖြစ်ဖြစ် အတူတကွ ပေါင်းဖက်ရခြင်းဟာ မင်္ဂလာရှိနေသာပဲလို့ မအိမ်ကံတော့ တွက်သယ်…"

သုံးလွန်းတင်ဆိုတာ ပြောင်း၊ ဆန်နှင့် ပဲတို့ကို ရောကျိုချက်ရသော ဆင်းရဲသားထမင်းဖြစ်ကြောင်း ကိုပြေသိမ်းသိပါ၏။ ဇောင်ချမ်းကုန်းမှာ သုံးလွန်းတင်ထမင်းစားပြီး နေကုန်ကြရသူတွေရှိသည်။ တချို့များ ကြွေးဥ၊ သမုန်းဥကိုပင် အားပြုကြရပါ၏။ သို့သော်လည်း ဆင်းရဲရန်ကော မရှိကြ။ သိုက်သိုက်ဝန်းဝန်း ရှိရှာကြသည်။ ကိုပြေသိမ်း စစ်ထွက်စဉ်က မအိမ်ကံကိုယ်တိုင် ခံစားရသော ခံစားမှုသည် လှည်းပေါ်မှာပင် အသစ်ပြန်ဖြစ်ရလေပြီ။ သေသည်ရှင်သည်မသိ၊ အတူရှိရာမှ ပဲ့ပါသွားရသည့် ခံစားမှုကား ကြီးလှပါသည်။ မအိမ်ကံကတော့ တင်းခံနိုင်ခဲ့သည်။ သည်စကားတွေ မအိမ်ကံ ထပ်မပြောချင်တော့။ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီ။ အသစ်ဖြစ်ရတိုင်း ထိုအချိန်ကာလက ခံစားမှုက ခြောက်လှန့်နေခဲ့သည်သာ။ ကိုပြေသိမ်း ကတော့ မအိမ်ကံမျက်နှာကလေးကိုသာ ကြည့်လျက်ရှိပါ၏။ မအိမ်ကံ ဘာကိုဆိုလိုသလဲ ဆိုတာလည်း ပညာတတ်ပီပီ ခံစားနားလည်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရာကျော်ဇရပ်ကိုရောက်တော့ လှည်းမနားပါ။ ဆရာကြည့်ကို သတိရကြသဖြင့် တထောက်မနားဘဲ ခရီးဆက်ခဲ့ကြသည်။

■

မြင်းခြံရောက်တော့ နေရင့်လှပြီ။ ပွဲကတော်ကြီးက ကုန်းကုန်း ကုန်းကုန်းနှင့် ဆီးကြို ရှာပါ၏။ အရွယ် အတော်အိုလှပြီဖြစ်သော်လည်း မြေးတွေ ရှင်ပြုပွဲမှာ ပျော်နေပုံရသည်။ မအိမ်ကံ ငယ်စဉ်ကလေးဘဝကတည်းက သည်အချိန်အထိ အမျှင်မပြတ် နီးနွယ်ခဲ့ကြသော သံယောဇဉ်ကြောင့် သည်အလှူကို မရောက်ရောက်အောင် လာခဲ့ကြခြင်းဖြစ်သည်။

"မောင်ပြေသိမ်းတို့ မအိမ်ကံတို့ သားအဖတစ်တွေကို အာရုံရှိလွန်းလို့ကို ဖိတ်ရတာပါ...ဥတုကလည်း ပြင်းတော့ ကလေးတွေ ပန်းကြရှာမှာပဲ...အချောကလေးတွေ ပါလားဟဲ့...ကိုင်း နားကြဦး နားကြဦး...ခရီးခတင်း ကရိကထကလည်း များသားကွယ့်"

"မအိမ်ကံတို့ကလည်း လာချင်နေသာပါ ပွဲကတော်ကြီးရယ်...ပွဲမင်းကြီးကိုလည်း သတိရမိပါရဲ့...ကျွန်မလည်း ရွာမှာ နေ့တကုပ်ကုပ် ညတကုပ်ကုပ်ဆိုတော့ ခြေညောင်းလက်ဆန့်ရှိချင်သာလည်း ပါပါသယ်...အစ်ကိုကလည်း ထနောင်းတိုင် မရောက်ဖြစ်သာ ကြာပြီလေ...အစ်ကို့မိဘတွေလည်း မြေးတွေ လွမ်းကြရှာသယ် ကြားလို့ အပြန် ဝင်ကြဦးမလို့..."

"ကောင်းပါလေ့ မအိမ်ကံရယ်...ကိုင်းကိုင်း...အိမ်အပေါ်ထပ်သာ တန်းတက်ကြပါရော့...တခြားညည့် မရှိပါဘူး...ပြီးမှ ရေမိုးချိုးချင်သပဆိုလည်း ချိုးကြပေါ့ကွယ်...နေ့လယ်စာ သုံးဆောင်ကြရအောင်...နက်ဖြန် အလှူဝင်, သန်ဘက်ခါအလှူကြီး...ဖိန်းနွှဲခါမှ ပြန်ကြပေါ့..."

အိမ်ကြီးအပေါ်ထပ် အခန်းတစ်ခန်းမှာ မအိမ်ကံတို့သားအမိသုံးယောက် ခြေဆင်းလုံ့လူ အနားယူကြသည်။ ကိုပြေသိမ်းကတော့ ထုံးစံအတိုင်း လူတွေတရုန်းရုန်း မနေတတ်တော့ မြို့ထဲကို စက်ဘီးတစ်စီးနှင့် ထွက်သွားတော့သည်။ ဖိုးကူးကတော့ လှည်းချွတ် နွားစာကျွေးပြီးကတည်းက ပျောက်သွားခဲ့ပြီ။ ဘိုင်စကုပ်ဆိုတာများ ရောက်သွားလေသလားမသိ။

မအိမ်ကံတို့ကို နေရာချပေးသည့်အခန်းက လှမ်းကြည့်လျှင် အလှူမဏ္ဍပ်ကို မြင်ရသည်။ မြို့အလှူဆိုပေသိ ဝိုင်းသူရံသူတွေ များလှပါ၏။ ပွဲကတော်ကြီးက မြင်းခြံမြို့သူဆိုတော့ ရွာနေ ပြည်ထိုင်ပီပီ အသိအကျွမ်း များလှသည်။ ဈေးဧည့်၊ ရွာဧည့်၊ မြို့ဧည့် စုံလှပါ၏။ ကြက်သွန်လိုး၊ ပဲရွေး၊ ဆန်ရွေးကြသည့် မြင်းခြံသူကလေးတွေကို မြင်ရတော့ သည်မိန်းကလေးတွေထဲမှာကော ဖက်စိမ်းကွမ်းတောင်ကိုင်မိန်းကလေး ပါလေသလား လိုက်ကြည့်နေမိသည်။ မြို့သူကလေးတွေဆိုတော့ ယဉ်ယဉ်သန့်သန့်ကလေးတွေချည်း။ ဘယ်သူ့ဘယ်သူ ပိုလှသည် မဆိုသာ။ သည်မိန်းကလေးတွေမှာ ဖက်စိမ်းကွမ်းတောင် ခံစားမှုတွေ မရှိကြရှာသလား။ မအိမ်ကံတို့ရွာမှာ ဖက်စိမ်းကွမ်းတောင် ကိုင်ရခြင်းသည်ပင် တစ်ဂုဏ်မဟုတ်လား။ ကြားဖူးတာတော့ မြို့အလှူတွေမှာ ရွှေကွမ်းတောင်၊ ငွေကွမ်းတောင်၊ ကွမ်းမြှောင့်၊ ကွမ်းကလပ်တွေ တစ်ယောက်တစ်လက် ကိုင်ကြသတဲ့။ ဖက်စိမ်းကွမ်းတောင်ကို သီးသန့်ကိုင်ရသည့် မြို့အပျိုချော



ဆိုတာကော ရှိရဲ့လား။ အလှူနှင့် ဖက်စိမ်းကွမ်းတောင်ဆိုတာ ထွန်နောက် ရေပါရသလို မဟုတ်လား။ ဖက်စိမ်းကွမ်းတောင်ကိုင် ရှိရမှာပေါ့။ ထုံးမီ စံကျ မိန်းမလှတစ်ယောက်တော့ ရှိရမှာပေါ့။ သမီးကြီး မအိမ်မြိုင်ကိုပင် ပြောမိပါ၏။

"သမီး...မနက်ဖြန် အလှူလှည့်မှာ...ဖက်စိမ်းကွမ်းတောင်ကိုင်ရသဲ့ မိန်းကလေးကို သမီး သေသေချာချာကြည့်နော်...လှလည်းလှ ယဉ်လည်းယဉ်...လူအများရှေ့မှာ ကြော့ကြော့မော့မော့နဲ့ အင်မတန်ကျက်သရေရှိသဲ့ မိန်းမချောကွယ့်...ငါ့သမီးကြီးရင် အဲသလို ကိုင်ရမှာ...မနက်ကျ အမေပြမယ်နော်...သမီးကြီးရင် ဖက်စိမ်းကွမ်းတောင် ကိုင်မယ်မဟုတ်လား သမီး..."

ခြောက်နှစ်အရွယ် သမီးကလေး နားလည်လေသလား၊ မလည်လေသလား မအိမ်ကံ မစဉ်းစားနိုင်။ မအိမ်ကံ ဇောတွေက ရှေ့လောကြီးလျက်ရှိပါ၏။

"ဖက်စိမ်းကွမ်းတောင်က အလေးကြီးလား အမေ..."

"မလေးပါဘူးသမီးရယ်...အပျိုဖြစ်မှ ကိုင်ရမှာပါ...ငှက်ပျောရွက်ကလေးတွေနဲ့ ကွမ်းတောင်ချိုးထားသာသမီးရဲ့...သိပ်လှသာ...အမေဆိုရင် သိပ်ကိုင်ချင်ခဲ့ရသာပေါ့...မကိုင်ခဲ့ရဘူး...ငါ့သမီးအလှည့်ကျရင် ကွမ်းတောင်ကိုင်ရပါပြီတော်...အဲသည်ကျမှ အမေ တစ်ဝကြီးထိုင်ကြည့်လိုက်စမ်းမယ်...နော်သမီး..."

မအိမ်မြိုင်က မအေ့မျက်နှာကို ခပ်စူစူလှမ်းကြည့်နေသည်။ တာပြောနေမှန်းလည်း သိပုံမပေါ်။ အမေ မကိုင်ခဲ့ရဘူးဆိုတာကိုတော့ နားလည်လိုက်ပုံရပါ၏။ မျက်နှာကလေးစူရာက ပြုံးသွားလေသည်။

"အမေမှ မကိုင်ရင် သမီးလည်း မကိုင်ဘူးနော် အမေ..."

"ဟယ်..."

မအိမ်ကံ၏ 'ဟယ်' သံက ကျယ်ကျယ်လောင်လောင်ကြီးထွက်သွားခဲ့သည်။ သမီးကို မျက်နှာထားတင်းတင်း ကြည့်လိုက်မိသည်အထိ ထူပူသွားခဲ့သည်။ ကုဋေတစ်သန်းတန်အောင် ရွှေကလေးလှမ်းခဲ့ကာမှ ခလုတ်တိုက်ရသည့်အဖြစ်။ မဦးမချွတ်ရှိရလေခြင်းလို့လည်း ယူကျုံးမရဖြစ်ရသည်။ မအိမ်မြိုင်ကတော့ ကလေးပီပီ သူ့စကား ဘယ်ရောက်လို့ ဘာမှန်းမသိသော်လည်း မအေဖြစ်သူ အလိုမကျတာကိုတော့ သိပုံရသည်။ မျက်လုံးအဝိုင်းသားနှင့် ပြန်ကြည့်နေခဲ့သည်ပင်။ မအိမ်ကံစိတ်ကို ပြန်လျှော့လိုက်သည်။ သမီးဖြစ်သူ မျက်နှာကလေး ညိုသွားတာကို မြင်ရတော့လည်း စိတ်ကို ထိန်းရပြန်သည်။

"အမေ မကိုင်သာ အမေက မလှလို့ မကိုင်ရသာပါသမီးရယ်...ငါ့သမီးက ချောလိုက် လှလိုက်သာမှ...ဒါမျိုးက အင်မတန်လှသဲ့မိန်းကလေးမှ ကိုင်ရသာကွယ့်...နောက်ကို သည်လို ယောင်ယောင်မှားမှား မပြောရဘူးနော် သမီး..."

မအိမ်မြိုင်က ခေါင်းညိတ်တော့လည်း သမီးခေါင်းကလေး ပွတ်ပေးနေမိသည်။ တစ်ခါတစ်ခါတော့လည်း မအိမ်ကံ ပြန်စဉ်းစားကြည့်မိပါ၏။ သူကိုယ်တိုင်တုန်းကတော့ မိဘငယ်ပေါင်း မဟုတ်လို့ ကိုင်ခွင့်မရဘဲရှိခဲ့သည်။ မပြည့်စုံဘဲ တောင့်တခဲ့ရသည့်အဖြစ်။ အခု သမီးအလှည့်ကျတော့ကော။ မိစုံဖစုံဖြစ်ပါလျက် ကြောင့်ကြနေရပြန်ပါပကော။

■

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ညနေခင်းမှာ အလှူလှည့်ကြပြီ။ မြို့အလှူဆိုတော့ စည်လည်းစည်၊ ဝတ်ကောင်းစားလှတွေနှင့် လူရည်လူရောင်တွေကလည်း ပြောင်လွန်းလှပါ၏။ သို့သော် မဉ္ဇပ်တွင်းမှာ ကလေးနှစ်ယောက်မအေ တောသူမအိမ်ကံကပင် အလှဆုံးဟု ဆိုနိုင်လောက်ပါ၏။ ရင့်ကျက်တည်ငြိမ်သောအလှနှင့် ပင်ကိုအလှတို့ ပေါင်းစပ်ရောနှောထားသည့် အလှက မဉ္ဇပ်တွင်းမှာ တစ်ဘာသာ ထင်ရှားပေါ်လွင်လျက်ရှိပါ၏။ သမီး မအိမ်မြိုင်နှင့် မအိမ်ခိုင်တို့ ညီအစ်မကလည်း ဖြူစင်ဝင်းမွတ် ချစ်စရာကလေးတွေ။ မအေ့ဘေးမှာ ပုံ့ပုံ့ကလေးတွေ ထိုင်နေကြလေသည်။ မအိမ်ခိုင်က ငယ်သေးသော်လည်း မအိမ်မြိုင်က သိတတ်သည့်အရွယ်ဆိုတော့ မဉ္ဇပ်တွင်း ဝင်လာသမျှသော လူသူပရိသတ်တွေကို လိုက်ကြည့်နေခဲ့သည်။ ကိုပြေသိမ်းကတော့ မဉ္ဇပ်တွင်းရှေ့ပိုင်းမှာ မြို့ခံလူကြီးတချို့နှင့် စကားကောင်းနေခဲ့သည်။

"မအိမ်ကံ…ထမင်းသုံးဆောင်ပြီးပလား…"

မအိမ်ကံတို့သားအမိကို လာရောက်နှုတ်ဆက်ကြသူတွေ များလွန်းလှသည်။ အလှူထမင်းဟင်းကို ပွဲကတော်ကြီး အိမ်ထဲအထိ အရောက်ပို့ကာ ကျွေးမွေးသဖြင့် သားအမိသားအဖတစ်တွေ စားပြီးကြပြီ။ မအိမ်ကံက ထမင်းရုံထဲဝင်ပြီး အများနှင့် ရောနှောစားချင်လှသော်လည်း ကလေးနှစ်ယောက်နှင့် တိုးဖို့မလွယ်တော့ အိမ်ထဲမှာပင် စားလိုက်ရပါ၏။

"ပြီးပါပြီရှင်…အလှူထမင်း အလှူဟင်းတော့ မအိမ်ကံက ဝမ်းအေးလွန်းလို့ ကြိုက်သယ်ရယ်…ပွဲကတော်ကြီး အလှူထမင်းဟင်း ကောင်းလွန်းလို့ မအိမ်ကံတို့ ရွာအပြန်ထည့်တောင်ယူသွားဦးမှာရှင့်…"

မအိမ်ကံအပြောကို ကြားရသူတိုင်းက ဝမ်းသာကြသည်။ ကိုပြေသိမ်းက ထနောင်းတိုင်သားဆိုသော်လည်း မြင်းခြံမြို့ပေါ်ကြီး မြို့ပေါ်နေဆိုတော့ လူတိုင်းက သိကြသူပင်။ ထိုကျောင်းဆရာ ကိုပြေသိမ်း၏ဇနီး တောသူကြီးသမီး မိန်းမချော မအိမ်ကံကို ဆရာကတော်အဖြစ်ချစ်ခင်လေးစားကြပါ၏။ လင်ယောကျ်ားကြောင့် တစ်ဂုဏ်တက်ရလေခြင်း အောက်မေ့ကာ မအိမ်ကံမှာ ကိုပြေသိမ်းကို တိုးလို့သာ ကြည်ညိုမိရပါသည်။

အလှူလှည့်ကာနီးတော့ မအိမ်ကံ ရင်တွေခုန်ရလေပြီ။ ကိုပြေသိမ်းကလည်း အနားမှာမရှိတော့ မအိမ်ကံခမျာ များလှသောလူတွေကြားမှာ ကလေးနှစ်ယောက်လက်ဆွဲကာ တိုးရပါ၏။ အလှဆုံးပြင်ဆင်လာကြသော မြို့ခံမိန်းမပျိုကလေးတွေက အရောင်အသွေးအမျိုးမျိုးဖြင့် လှချင်တိုင်း လှနေကြသည်။ ခေတ်ပေါ်အဝတ်အစား အဆင်အပြင်နှင့် လွန်လွန်ကဲကဲ ဝတ်စားထားကြသူတွေလည်း ပါသည်။ ရိုးရိုးယဉ်ယဉ်ကလေးတွေကတော့ ခပ်များများ။ ဘယ်သူလဲ ကွမ်းတောင်ကိုင်။ ဘယ်မှာလဲ ဖက်စိမ်းကွမ်းတောင်။

"မြို့မှာတော့ ကွမ်းတောင်ကိုင်ဆိုသာ ဘယ်လိုရှိလေမလဲ…ဥစ္စာပေါ ရုပ်ချောထဲကလား…ကြံ့ရာသင့်ရာ ဆွေမျိုးတစ်ယောက်ယောက် ကိုင်ကြသာများလား…ကွမ်းတောင်ကိုင်ဆိုသဲ့ မိန်းမကောင်းတို့ရဲ့ဂုဏ်ဟာ တော်ရိရော်ရိနဲ့ပဲ မှေးမှိန်သွားလေမလား…အဲသလို ဘယ်ဟုတ်ပါ့မလဲ…ဥပဓိရုပ်ကော ကိုယ်ကျင့်တရားကော လူအများကစံထားလောက်ပါပေရဲ့လို့ သဘောအလျောက် ရွေးချယ်ခံရသဲ့ မိန်းကလေး ဖြစ်ရမှာပေါ့…"



မအိမ်ကံတစ်ယောက်တည်း တွေးနေမိခြင်းဖြစ်သည်။ လူတွေက ကြိတ်ကြိတ် ကြိတ်ကြိတ် တိုးဝင်လာကြတာများ မဉ္ဇပ်ကွဲမတတ်ပင်။ မဉ္ဇပ်အပြင်ဆီက ဒိုးပတ်သံ၊ အိုးစည်သံတွေက စကားပြောမဖြစ်လောက်အောင် ဆူပွက်နေရုံမက မဉ္ဇပ်တွင်းမှာလည်း လူသံတွေက တဝေါဝေါ။ လူငွေ့ဖြင့် စို့ပြန်လာသောချွေးကို ပဝါနုဖြင့်တို့ရင်း မဉ္ဇပ်ရှေ့ ကန်တော့ပွဲတင်ရာနေရာကို မအိမ်ကံ လှမ်းကြည့်နေခဲ့သည်။ ထိုစဉ်တွင် နိဗ္ဗာန်ဆော်၏အသံကြီး ထွက်လာသည်။

"အလှူလှည့်ချိန်ရောက်ပါပြီခင်ဗျား…သာသနာ့အလံကိုင် ဘကြီးကြွား ကြွပါခင်ဗျား…အလှူဦးကန်တော့ပွဲရွက်မယ့် အမေကြီးသင် ကြွပါခင်ဗျား…ကိုင်းကိုင်း မိန်းကလေးများ ကုမ္မာရီများက မဏ္ဍပ်အပြင်မှာ ရွှေကွမ်းတောင် ငွေကွမ်းတောင်များ…ရွှေကလပ် ငွေကလပ်များ…ရွှေစိန်တောင် ငွေစိန်တောင်များ…ရွှေကွမ်းမြောင့် ငွေကွမ်းမြောင့်များ…သင်္ကန်းမောင်းထောင်ချိုင့်…ပန်းမောင်းထောင်ချိုင့်များ ဆိုင်ရာဆိုင်ရာ ယူကြပြီးတန်းစီထားကြပါ…ဖက်စိမ်းကွမ်းတောင်ကိုင်မယ့် မိန်းကလေး…မဏ္ဍပ်တွင်းက ဘုရားကျောင်းဆောင်ကို လာကန်တော့ပါ…အလှူလှည့်လိုက်မယ့်သူများက…"

မအိမ်ကံက နိဗ္ဗာန်ဆော်၏ အော်သံတွေထဲ စိတ်မရောက်တော့။ ဘုရားဝင်ကန်တော့မည့် ဖက်စိမ်းကွမ်းတောင်ကိုင် မိန်းကလေးကိုပဲ မျှော်နေမိလေ၏။ ဟော…ဝင်လာပါပြီ။ ပုစွန်ဆီရောင်ဖျော့ဖျော့ ပိုးချိတ်ထဘီမှာ အုတ်ခဲရောင်ကြိုးလိမ်ထားသော ခုနစ်စင်းဂမုန်းကြိုးအချိတ်နှင့် တစ်ရောင်တည်း အုတ်ခဲရောင် အင်္ကျီလက်ရှည် ဝတ်ထားသူကလေး။ ဆံထုံးကြီးကမြင့်မောက်လှပါ၏။ ဆံထုံးအလယ်မှာ စိန်တစ်ပွင့်။ စိန်စီလက်ကောက်နှစ်ရံ။ စိန်လည်တုံတစ်ကုံးဖြင့် စိန်ရောင် တဖျပ်ဖျပ်တောက်နေသည့် မိန်းမလှကလေးတစ်ယောက် ဖက်စိမ်းကွမ်းတောင်ပွေ့ရင်း ဝင်လာခဲ့လေပြီ။ ပွေ့လာသော ဖက်စိမ်းကွမ်းတောင်ကို ဘုရားကျောင်းဆောင်ရှေ့က စားပွဲပေါ် အသာတင်ကာ ဘုရားသုံးကြိမ် ဝတ်ဖြည့်နေတာကို အများကဝိုင်းကြည့်နေကြလေသည်။ ဘုရားရှိခိုးပြီး အထမှာတော့ ပရိသတ်ကို ပြုံးရုံကလေးပြုံးပြပြီး ကွမ်းတောင်ကို ပွေ့ရန် ပြင်လေပြီ။

"တွေ့လား သမီး…တွေ့လား…ဖက်စိမ်းကွမ်းတောင်ကိုင်ဆိုသာ အဲသာပဲ…လှလိုက်သာနော်…မိန်းကလေးတွေအများကြီးထဲက သူတစ်ယောက်ပဲ ကိုင်ရသာ…လူတွေအများကြီးက သူ့ကိုရွေးထားကြသာ…ကုသိုလ်ထူးလိုက်ပုံ…ကြည့်ကြည့်သမီး…သမီးကြီးရင် အဲသလိုကိုင်ရမှာ…ရှေ့က မတ်တတ်ရပ်နေသူတွေ ထိုင်ကြပါရှင်…"

မအိမ်မြိုင်ကလည်း မျက်လုံးကလေးတွေဝိုင်းနေအောင် ကြည့်နေလေသည်။ လူတွေကမိုးတိုးမတ်တတ်ရပ်ကုန်ကြတော့ မအိမ်ကံက သမီးကိုပြရင်း ရှေ့ကပရိသတ်ကို အော်ရသေးသည်။ မအိမ်ကံက သမီးဖြစ်သူကို ခပ်လှမ်းလှမ်းက ပြတာမျိုးမဟုတ်ပါ။ ဖြစ်နိုင်လျှင် လူတွေကြားက တိုးကာ တိုးကာ ဖက်စိမ်းကွမ်းတောင်ကို သမီးလက်နှင့် ထိခိုင်းချင်လှသည်။ အခုတော့ မအိမ်မြိုင်ရော မအိမ်ခိုင်ကိုပါ တစ်ဖက်တစ်ချက်စီတွဲကာ လူတွေကို မတိုးသာ။ ကိုပြေသိမ်း အနားရှိလျှင်လည်း အငယ်မကိုထားကာ အကြီးမကို ပွေ့ချီပြီး တိုးလိုက်ချင်စမ်းသည်။ အခုတော့ မအိမ်ကံမှာ မချင့်မရဲနှင့်ပင် ငြိမ်နေလိုက်ရပါ၏။ မဉ္ဇပ်ထဲမှာ လူတွေအားလုံးလိုလို မတ်တတ်

www.burmeseclassic.com

ရပ်ကုန်ကြလေပြီ။ တချို့က ရုံစမ်းထမင်းရုံတွေဘက်ကို ကူးကြမည့်သူတွေ။ တချို့က အလှူလှည့်လိုက်ကြမည့်သူတွေ။ မဧပ်က ဝင်းကြီးကျယ်သလောက် ထိုးထားတာမဟုတ်ပေသိ တော်တော်ကြီး ထိုးထားခြင်းဖြစ်၏။ အပြင်မှာ ရွှေထီးတဝင်းဝင်း မြင်းတွေ။ မြင်းတွေပေါ်မှာ မောင်ရင်လောင်းတွေ...။

"လာ လာ သမီး...အမေတို့ အပြင်ထွက်ကြည့်ကြရအောင်..."

မအိမ်ကံက သမီးနှစ်ယောက်လက်ဆွဲပြီး ပရိသတ်နှင့်ရောယောင်ကာ မဧပ်အပြင်တိုးထွက်လာခဲ့သည်။ အလှူလှည့်ကြမည့်သူတွေ တန်းပင်စီနေကြပြီ။ အလှူလှည့် မလိုက်သူတွေက ဘေးတစ်ဖက်တစ်ချက် ရုံကာရပ်ကြရင်း လူတန်းဖြင့် ခြံခတ်ထားသလို ရှိကြလေ၏။ မအိမ်ကံက သမီးနှစ်ယောက်ကို ပခုံးကဖက်ရင်း တိုးသည်။ မအိမ်ကံတို့သားအမိကို နေရာဖယ်ပေးကြသည်။ တိုက်ဆိုင်ချင်တော့ ဖက်စိမ်းကွမ်းတောင်ကိုင်သူကလေးနှင့် မျက်နှာချင်းဆိုင်လာကျနေသည်။

"အို...တိုက်ဆိုင်လိုက်သာ...သမီး...ကွမ်းတောင်ကိုင်မမဆီ သွားရအောင်...သမီးကိုင်ကြည့်လို့ရသယ်...အသာလေးကိုင်နော်...လာသမီး..."

မအိမ်ကံက သမီးအကြီးမကျောကိုတွန်းရင်း ရှေ့ကိုထွက်ဖို့ပြင်လိုက်သည်။ ကွမ်းတောင်ကိုင်မိန်းကလေးနှင့် သူတို့သားအမိ ဝေးလှတာမှမဟုတ်တာ။ တစ်လံသာသာလောက်သာဝေးသည်။ ခြေလှမ်းနှစ်လှမ်း သုံးလှမ်းစာသာ ဝေးသည်။ ထိုစဉ်မှာပင် အမျိုးသမီးတစ်ယောက်ရောက်လာကာ ကွမ်းတောင်ကိုင်မိန်းကလေး၏လက်မောင်းကို ဆွဲလေသည်။

"မြတလေး...လာ လာ ရှေ့ကို...ညည်းက ဘယ့်နှယ် သည်ကြားထဲ လာရပ်ရတာတုံး...ရှေ့မှာနေရမှာ...လာလာ မြန်မြန်..."

ကွမ်းတောင်ကိုင်မိန်းကလေး ရို့ခနဲ ပါသွားတာကိုကြည့်ရင်း မအိမ်ကံ ဝမ်းနည်းသွားခဲ့ပါ၏။ မအိမ်ကံငယ်ငယ်က မဧပ်ထဲမှာ ဖက်စိမ်းကွမ်းတောင်ကို ကိုင်ကြည့်ချင်လို့ ရှေ့ကိုအတိုး...ကိုင်ခွင့်ရကာနီးမှ အမေပန်းရုံက လက်ကို လာဆွဲတာကို သတိရလိုက်မိသည်။ အလှူတန်းကြီး ရွေ့သွားသော်လည်း မအိမ်ကံတို့သားအမိသုံးယောက် မရွေ့မိကြ။

"ကွမ်းတောင်ကိုင်မိန်းကလေးက မြတလေး သဲ့လား...ကုသိုလ်ကံထူးပါဘိ..."

အို...နေစမ်းပါစေ...။ စောင့်ရလှ နောက်ဆယ့်နှစ်နှစ်ပေါ့သမီးရယ်...။ သမီးအလှည့်ကြုံရဦးမှာပေါ့။ သည်လောက်တောင် လွဲချင်လှတာ ဝါးတော ဆင်နင်းသလို နင်းပစ်လိုက်ရချေသေးပေါ့...။ ဝါးခြမ်းမနင်းမိ ဝါးလုံးနင်းမိရမှာပေါ့...။

"အိမ်ကလေး...အလှူလှည့်သွားပြီလေ...လာ မဏ္ဍပ်ထဲကို..."

ကိုပြေသိမ်းက လက်မောင်းကို လာဆွဲမှ မအိမ်ကံ အသိဝင်လာခဲ့သည်။ သမီးအငယ်ကို ကိုပြေသိမ်းက ပွေ့ချီသွားနှင့်ပြီ။ မအိမ်ကံက သမီးအကြီးမကို လက်ဆွဲရင်း မဧပ်ထဲ ပြန်ဝင်လာခဲ့ရပါ၏။

သည်လိုနှင့် အလှူကြီးရက် နောက်တစ်နေ့မနက်ဖက် ထနောင်းတိုင်ကို ကူးကြဖို့ပြင်ကြရပြီ။ မအိမ်ကံက ရင်ထဲမရှင်းတာတွေ မေးနေခဲ့ပါ၏။ မြို့မှာကော ဖက်စိမ်းကွမ်းတောင်ကိုင်ကို ဘယ်လိုရွေးကြသလဲ။ ဘယ်လိုသဘောထားကြသလဲ။ ပွဲကတော်ကြီးက သိသမျှရှင်းပြသည်။



"မြို့ဆိုတော့ မအိမ်ကံရယ်...ရွာတွေလို့တော့ ထုံးရယ်စံရယ် မဟုတ်တော့ပါဘူး...မြင်းခြံကတော့ ရိုးရာအစဉ်အလာ လိုက်ပါသေးတယ်...ဒါပေမဲ့ကွယ်...ကိုယ့်ရပ်ကွက်နဲ့ ကိုယ့်အလှူဆိုတော့ ကိုယ့်ရပ်ကွက်က မိန်းကလေးပဲ သည်လိုရွေးလိုက်ကြရတာပဲ...မြို့ဆိုတာက တခြားအရပ်က လာနေကြသူတွေလည်း များတာကိုး...တစ်ဦးအကြောင်းတစ်ဦး ငယ်ကျိုးငယ်နာ အကောင်းအဆိုးမသိကြလေတော့...အပျို ရပ်ချော ချော ဥစ္စာပေါ်ဆိုရင် ပြီးရတာများတယ်..."

"ဟုတ်ပါရဲ့နော်...မိန်းကလေးနာမည်တော့ ကြားလိုက်သယ်..."

"မြတလေးတဲ့...တို့နဲ့တူမဝမ်းကွဲလောက်တော်တယ်...သူ့အစ်မက စိန်တလေးတဲ့...စိန်တလေးက ပိုကြည့်ကောင်းသေး...အခုက စိန်တလေး ခရီးသွားနေလို့ မြတလေးကွမ်းတောင်ကိုင်ခိုင်းရတာလေ..."

အို...လွယ်လိုက်ကြတာ။ သည်လို ဘယ်ဟုတ်ပါ့မလဲ။ မြို့ဆိုတာနဲ့ပဲ အရိုးအဆက်ပျက်ရရောတဲ့လား။ ဥစ္စာပေါ် ရပ်ချော ဆွေမျိုးနီးစပ်တော်ရုံနဲ့ပဲ မြို့ကျက်သရေဆောင် ဖက်စိမ်းကွမ်းတောင်ကိုင် ဖြစ်ရရောတဲ့လား။ မအိမ်ကံတို့ရွာတွေမှာတော့ သည်လောက်မလွယ်ပါ။ မအိမ်ကံတို့ရွာမှ မဟုတ်ပါ။ ဘယ်ရွာမှာမဆို လိုချင်လောက်မှ လူကောက်ရ ဆိုတာမျိုးမရှိ။ ထုံးမိစံကျ အကြောင်းလှသူမှ ကွမ်းတောင်ကိုင် ဖြစ်ခွင့်ရသည်။ သည်လိုပဲ ရှိရမှာပေါ့။

"တစ်ခုတော့ရှိတာပေါ့ မအိမ်ကံရယ်...ရိုးရာဓလေ့ထုံးစံတွေဆိုတာက အဓိပ္ပာယ်မရှိတာ...အကျိုးအကြောင်းမရှိတာမျိုးမှ မဟုတ်ဘဲ...ရှေးလူကြီးတွေက အရှည်ကိုမျှော်ကိုးပြီး သတ်မှတ်ထားကြတဲ့ ရပ်ဓလေ့ ရွာဓလေ့ လူ့စည်းကမ်းကိုး...မအိမ်ကံတို့ရွာတွေမှာ သည်လိုဓလေ့တွေကို ထိန်းသိမ်းစောင့်ရှောက်နေတာများဖြင့် အလွန်အားရမိတယ်...အထူးဖြင့် မိန်းကလေးတွေရဲ့ အကျင့်သီလကို ရင်စီးခါးဝတ်လို မြဲမြဲအောင်ထိန်းကွပ်ပေးတဲ့သဘောပဲလေ..."

ပွဲကတော်ကြီးက ပြောပြတော့လည်း မအိမ်ကံ ဘဝင်ကျရပါ၏။

ပွဲကတော်ကြီးက မအိမ်ကံတို့မိသားစုကို ကျွေးမွေးပြီးမှ သွားစေသည်။ အလှူကပိုသော ဟင်းကျွေးဟင်းရံများနှင့် မုန့်တွေပါ ချိုင့်ကြီးချိုင့်ငယ်ဖြင့် ထည့်သိုပေးလိုက်သေးသည်။ မြင်းခြံနှင့် ထနောင်းတိုင် မဝေးလှသည့်အတွက် အေးအေးဆေးဆေး နေခိုင်းခြင်းဖြစ်သည်။ အလှူ့သိမ်းကိစ္စများနှင့် အလုပ်ရှုပ်နေသည့်ကြားက ပွဲကတော်ကြီးမှာ မအိမ်ကံတို့ လှည်းထွက်ကာနီးမှာ လာနှုတ်ဆက်ပြန်ပါ၏။

"ကိုင်း...သွားကြရော့ သားအဖတစ်တွေ...ဝတ္တရားများ မကျေရင်လည်း သည်းခံကြပါ...မပန်းရုံကိုလည်း ပြောလိုက်ပါနော်...စစ်ခိုခဲ့ရတဲ့ကျေးဇူး အထူးတင်လျက်ပါလို့...အလှူတစ်လှူသာ ပြောတယ်...အလုပ်တွေကလည်း ကိုယ်မပါရင် မပြီးရတာချည်း ဖြစ်နေပါတယ်..."

"မအိမ်ကံတို့ကတောင် အားနာနေသာပါရှင်...အလုပ်များမှန်းလည်း သိပါရဲ့...ကိုင်းသွားပြီးနော် ဒေါ်ဒေါ်..."

"သွားကြရော့...ဩော် ဒါထက် မအိမ်ကံရေ..."

www.burmeseclassic.com

www.burmeseclassic.com

ပွဲကတော်ကြီးက လှည်းရုံတိုင်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ပြီး မအိမ်ကံနားနားကပ်ပြီး စကားပြောဖို့ ပြင်သည်။ မအိမ်ကံက အနားကပ်ပေးလိုက်တော့မှ ခပ်တိုးတိုးဆိုပါ၏။

"ဟိုဘက်ရွာတွေမယ်…ကျောက်ကြီးရောဂါတွေ ဖြစ်နေကြတယ်လို့ ပဲလှည်းတွေလာလို့ ကြားရတယ်…ဥတုကလည်း ပြင်း…တွင်းရေ ကန်ရေတွေကလည်း ခန်းတဲ့အချိန်ဆိုတော့ ရောဂါဘယတွေ ဂရုစိုက်ကြကွယ့်…ကျောက်ကြီးရောဂါနဲ့ ပျက်စီးကြသတဲ့…မပျက်စီးတော့လည်း ရုပ်ပျက်ဆင်းပျက် ကျန်ရစ်ခဲ့ကြသတဲ့…သည်ရောဂါဝင်ရင် တစ်ကိုယ်လုံး မီးကျီးများ အုံးထားသလို ပူတောက်နေတော့တာတဲ့…ကိုင်းကိုင်း သွားရော့…သွားလမ်းသာ ပြန်လမ်းချော…ဘေးရန်မုန်သမျှ ပိန်းကြာရွက်ရေမတင်သလို စင်စင်ကြီး လျှောကျပြီးလျှင် ချမ်းသာသုခ အဝဝ ပြည့်စုံကြပါစီ…"

"ပေးသဲ့ဆုနဲ့ တစ်လုံးတစ်ဝတည်း ပြည့်ပါရစီ…"

လှည်းထွက်လာတော့ မွန်းတိမ်းစ အညာနွေနေက ပူပြင်းလွန်းလှပါ၏။ မအိမ်ကံက ကြက်ဆင် ဖဲထီးကို ဖွင့်ကာ သမီးနှစ်ယောက်ကို ကြက်သအုပ်မ အတောင်နှင့်သိမ်းသလို သိမ်းအုပ်ရင်း ဆောင်းပေးခဲ့သည်။

ထနောင်းပင်တွေကတော့ နေပူကျဲတောက်တောက်မှာ အဝါနှင့်အစိမ်း။

■

"ဘယ့်နှယ်တုံး မောင်ကံကြီးမောင်ရဲ့…တိုင်းပြည်လည်း လွတ်လပ်ရေးရပြီးမှပဲ…ဒါပေသိလို့ ဗမာပြည်မှာ နာရီတွေကများဆိုသလို အသင်းအပင်းတွေက များလှသကော မောင်ရဲ့…ငါတို့ဖြင့် ဘယ်လမ်း ဘယ်ပန်းနဲ့…ဘယ်ခရီး ဘယ်ထီးနဲ့ လို့တောင် မတွေးတတ်နိုင်အောင် ဖြစ်နေပြီ…"

ထနောင်းတိုင်မှာ နေခဲ့ရသည့်ရက်များအတွင်း ကိုပြေသိမ်းတို့အိမ်မှာ လူသူလေးပါး စည်ကားလှပါသည်။ အထူးသဖြင့် ကိုပြေသိမ်း၏ဖခင်မှာ နိုင်ငံရေးသမားဟောင်းကြီး ဖြစ်သော်လည်း အသက်အရွယ် ရရှာပြီ။ သို့သော် တစ်နေ့တစ်နေ့ ရေနွေးပွဲကြီးခင်းကာ လက်ဖက်ပဲကြော် အစုံအလင်ဖြင့် လာသမျှလူတွေကို ဧည့်ခံလေ့ရှိသည်။ ထနောင်းတိုင်ရွာကြီးမှာ ပညာတတ်တွေ ထွက်သည့်အပြင် နိုင်ငံရေး စိတ်ဝင်စားသူတွေလည်း များလှပါ၏။ သည်အထဲမှာ ကိုကံကြီးမောင် ဆိုသူနှင့် ကိုပြေသိမ်းက ပလဲနံပ သင့်လွန်းလှသည်။ ကိုကံကြီးမောင်က မြန်မာ့နိုင်ငံရေးကို ခြေခြေမြစ်မြစ် ပြောနိုင်တာ ပါသကဲ့သို့ အပြောအဟောလည်း ကောင်းလှပေရာ နားထောင်ရသူများအဖို့ တဝါးဝါး ပွဲကျရတာမျိုးရှိသလို 'တောက်' ထ,ခေါက်ရလောက်အောင် သွေးထိုးပေးနိုင်စွမ်းလည်း ရှိသူဖြစ်၏။ ခေတ်ပညာတတ်လည်းဖြစ်ပြန်၊ လူလုံးလူဖန် ကောင်းကောင်း၊ ရုပ်ရည်သန့်သန့် မွန်မွန်လည်း ဖြစ်ပြန်ဆိုတော့ ယုံကြည်ကိုးစားလောက်သည့် လူလည်း ဖြစ်ပုံရသည်။ စကားပြောလျှင် မျက်လုံးကြီးပြူးကာ ပြောတတ်သည်။ ပင်ဝါနုရောင် လည်ကတုံးအင်္ကျီကို အမြဲဝတ်သူဖြစ်ပြီး မြင်းခြံ ချောင်းဒေါင်းထည် ပုဆိုးနီနက်စင်းကို မချွတ်တမ်း ဝတ်တတ်သည်။ ပိုလိုစီးကရက် တခဲခဲနှင့် အိတ်ကပ်ထဲမှာလည်း စီးကရက်ဘူးက အမြဲပါတတ်ပါ၏။



ကိုပြေသိမ်းတို့အိမ်ကို မနက်တိုင်း ရောက်လာတတ်သူများမှာ ကျောင်းဆရာကိုလှအေး၊ ပန်းထိမ်ဆရာ ကိုဘညို၊ ဝတ်လုံတော်ရ ဦးမူ၊ ကုလားကုန်သည် ဦးအီစမိုင်၊ ဆေးလိပ်ခုံပိုင်ရှင် ကိုသန်းမြ စသူတို့ဖြစ်၏။ အခြားပုဂ္ဂိုလ်များလည်း လာရောက်တတ်ကြပြီး တစ်ခါတစ်ရံ အငြင်းအခုံများဖြင့် ရန်များ ထ,ဖြစ်တော့မလားမှတ်ရသည်။ မအိမ်ကံကတော့ အိမ်အောက်ထပ်မှာသာ အနေများသည်။ ကြီးတော်ကြီးတွေ၊ ယောင်းမဝမ်းကွဲတွေ၊ ဆွေနီးမျိုးစပ်တွေသာမက ထနောင်းတိုင် ရွာခံတွေကပါ မအိမ်ကံတို့သားအမိတွေ ရောက်လာကြကတည်းက တရုန်းရုန်း ရှိနေကြပါ၏။ ဖိုးကူးပင် ခင်သီနှင့်ရော၍ ထမင်းချောင် ရောယောင်ဝင်နေရသည်။ မီးဖိုပေါ်မှာ ရေနွေးအိုးကြီး တဗွမ်းဗွမ်းဆူနေအောင် မီးထိုးရတာကပင် တစ်လုပ်။ ဖိုးကူးကပင် ညည်းယူရတော့သည်။

"သောက်လိုက်ကြသဲ့ ရေနွေးဗျာ…သူတို့မှ အာခေါင်မပူသယ်…လက်ဖက်ကလည်း ကန်တော့ပွဲပြင်သဲ့ ဇလုံကြီးနဲ့ သုပ်ရသာဗျို့…ရက်စက်သယ်…"

"နေစမ်းပစီ ဖိုးကူးရယ်…လက်ဖက်တွေ တွင်တွင်စား ရေနွေးတွေ တွင်တွင်သောက် …ထမင်းမေ့ဟင်းမေ့တွေ…အစ်ကိုလေးကိုယ်က ဆင်သွားရာ ကျားချောင်း…လူလိုက်ရှာနေသာလေ…မမကံယောကျ်ားလည်း ဖအေ့သွေးပါသတော့်…ပေါ့ပေါ့ မမှတ်နဲ့နော်…"

ခင်သီပြောလည်း ပြောစရာ။ မအိမ်ကံကတော့ ရယ်နေလိုက်ပါသည်။ ဇောင်ချမ်းကုန်းလို ချောင်ကျကျရွာကလေးမှာ သည်လိုစကားတွေ ပြောမည့်သူမရှိတော့ ကိုပြေသိမ်းမှာ ထနောင်းတိုင်လာပြီး အတိုးချပြောနေသလားထင်မိပါ၏။ ဘာပဲဖြစ်ဖြစ် သူ့မိသူ့ဘ၊ သူ့ရွာသူ့မြေ၊ သူ့လူတွေနှင့် ကိုပြေသိမ်း ပျော်နေပုံရတာကိုပဲ မအိမ်ကံ ဝမ်းသာရသည်။ ကိုပြေသိမ်းမပြောပါနှင့်။ သမီးနှစ်ယောက်ကပင် ထနောင်းတိုင်မှာ ပျော်နေကြသည်။ ရွာထဲသွားလည်ကြရတာလည်း အမော။ တစ်အိမ်မဟုတ် တစ်အိမ်က ခေါ်သွားကြတာဆိုတော့ လက်သာရာပါနေကြသည်။ ရာသီကလည်း ပူပြင်းလွန်းသဖြင့် နေ့လယ်နေ့ခင်းတော့ ပြန်ပို့ပါ ပြောရပါ၏။

"ကျုပ်တို့ရွာက သစ်ကြီး ဝါးကြီး ပေါပေါ့ရှင်…သူတကာ့ရွာတွေ ပူလှ ပူလှနဲ့ ကျုပ်တို့ ထနောင်းတိုင် ပူချိန်မရလိုက်ပေါင်…မြင်းခြံနဲ့တောင် မတူဘူး…မြင်းခြံကဟာတွေ ကျုပ်တို့ရွာရောက်ရင် အေးကြလွန်းလို့တဲ့…နေကြစမ်းပါစီ မအိမ်ကံရဲ့…"

ထနောင်းတိုင်ရွာသူတွေ ဂုဏ်လုပ်ချင်တာကိုလည်း ပြောတော့ မပြောသာပါ။ ထနောင်းတိုင်က ဇောင်ချမ်းကုန်းထက် အရိပ်အခက်များသည်။ မြို့နှင့်နီးသည့်ရွာကြီးဆိုတော့ မြို့သွေးမြို့ရည်ရှိသကဲ့သို့ တောရိပ်တောရောင်လည်း မလွတ်ချင်။ မအိမ်ကံက အိမ်အောက်ထပ်မှာ ပျင်းလာသည့်အခါ အပေါ်ထပ်စကားဝိုင်းကို တက်သွားလေ့ရှိ၏။ တက်သွားတိုင်းလည်း ကိုကံကြီးမောင်နှင့် ပန်းထိမ်ဆရာတို့ ငြင်းခုံနေတာတွေပဲ ကြားရပါ၏။

"ပြည်သူ့ရဲဘော်ဆိုတာက တော်လှန်ရေးတုန်းက စစ်ပညာတွေ မပျောက်ပျက်အောင် တပ်ဖွဲ့ခဲ့တာဗျ…မြို့စောင့် နယ်စောင့် သူတို့ရှိတာ…သည်အထဲမှာ ရဲဘော်ဟောင်းတွေလည်း ပါသဗျာ…ကွန်မြူနစ်တွေလည်း ပါသဗျာ…ဆိုရှယ်လစ်တွေလည်း ပါသဗျာ…ဘယ့်နှယ် ခင်ဗျားက ခုမှထပြီး ဒါတွေပြောနေရသာတုံး…"

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်တော်လှန်ရေးပြီးကတည်းက အင်္ဂလိပ်ပြန်အဝင်မှာ နိုင်ငံရေးအသိတွေ ပိုနားလည်လာကြသည်။ ဖဆပလ၊ ကွန်မြူနစ်ပါတီ၊ ရဲဘော်ဖြူ ရဲဘော်ဝါ ဆိုတာတွေ ကြားခဲ့ကြရသည်။ ကွန်မြူနစ်ပါတီမှာလည်း အလံဖြူကွန်မြူနစ်၊ အလံနီကွန်မြူနစ်တို့နှင့်ပတ်သက်၍ အချင်းချင်း အော်ကြီးဟစ်ကျယ် ငယ်ကျိုးငယ်နာ ဖော်ကြတာများကလည်း ထနောင်းတိုင်အိမ်ကြီးပေါ်မှာ ထွက်ပေါ်လျက်ရှိလေပြီ။ တော်လှန်ရေးအပြီး ပေါ်လာသော ပြည်သူ့လွတ်လပ်ရေးပါတီ ဆိုတာကလည်း ရှိခဲ့ပါသေးသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြသည်။ အခုလည်း လွတ်လပ်ရေးရတာပင် တစ်နှစ်ကျော်ကျော် ရှိနေပြီ။ နိုင်ငံရေးစကားတွေက ပြောနေကြရတုန်းပဲလား။

"ပြောရမှာပေါ့ဗျ…ခင်ဗျားတို့က ပါးစပ်က ပြောနေတာ…တိုင်းပြည်က ဖြစ်ချင်တိုင်း ဖြစ်နေပြီ…ခင်ဗျားတို့က အပေါအပြောကောင်းတိုင်း လျှောက်ပြောနေတာကို ကျုပ်တို့က ယုံဖို့ခက်တယ်…ဘာထူးသလဲ…လက်ဝဲညီညွတ်ရေးဆိုတာတွေလည်း…ဘာညီညွတ်ကြလို့တုံး…"

ကိုပြေသိမ်းက ပန်းထိမ်ဆရာ့စကားကို ထောက်ခံသည်။

"ဒါလည်း ဟုတ်တာပါပဲ…ခင်ဗျားတို့က မြို့နဲ့ မြို့ရိပ်မှာ နေကြလို့ကိုး…ကျွန်တော်တို့ ရွာတွေမှာ လူစိမ်းလာရင် ကြောက်နေရတာဗျ…တောသူတောင်သားတွေမှာ ခင်ဗျားတို့အိပ်သလို မအိပ်ကြရဘူး…ရွာတွေမှာ အလှူကလေးမှ မလှူဝံ့…ပွဲကလေးမှ မကြည့်ဝံ့…မဲကြေးတောင်း ဆက်ကြေးတောင်းနဲ့…လုပ်သေနတ်နဲ့ ဓားပြကအစ ကြောက်နေကြရတယ်…တောသူတောင်သားတွေက နေတတ်အောင်နေနေကြရတာ…သိပ်သနားစရာကောင်းတယ်…မြို့မှာက ရာထူးယူမယ် အခွင့်အရေးယူမယ်…အာဏာယူမယ်…ဆင်းရဲတုန်းက အတူတူအဆင်းရဲခံခဲ့ကြပေမယ့် လွတ်လပ်ရေးရပြီးကာမှ ပိုလို့တောင် ဆိုးနေကြတယ်…သံသယတွေ များနေကြတယ်…ဝါဒရေးထက် ပုဂ္ဂိုလ်ရေး ဂိုဏ်းဂဏရေးတွေက များနေတယ်…ကျွန်တော်တို့ရွာတွေမှာ မိုးချုပ်တာနဲ့ မီးခွက်မှုတ်နေကြရတယ်…"

ကိုပြေသိမ်းပြောနေတာကို မအိမ်ကံ ငေးပြီးနားထောင်သည်။ ဟုတ်တော့လည်း ဟုတ်သား။ ဖောင်ချမ်းကုန်းဘက်တကြော ရွာတွေမှာ ညရယ်လို့ ကောင်းကောင်းမအိပ်ကြရ။ သေနတ်သံတွေ ကြားရသည့်ညတွေပင် များခဲ့သည်။ ဘယ်သူတွေက ဘယ်သူ့ကို ပစ်နေတာမှန်းပင် မသိရတော့။ ရွာတွေမှာလည်း သူတစ်ဖက် ကိုယ်တစ်ဖက်၊ သူ့အုပ်စု ကိုယ့်အုပ်စုတွေ များလာသည်။ ရွာကို တရားလာဟောသူတွေလည်း ရှိသည်။ ကိုပြေသိမ်းလိုလူကပင် ငါတော့ အသက်စွန့်ပြီး တော်လှန်ရေးလုပ်ခဲ့တာတောင် မှားနေပြီလားလို့ ညည်းရှာပါ၏။

"ဖဆပလ အစိုးရကကော ဘာထူးတုံး အိမ်ကလေးရယ်…ယာသမား ကိုင်းသမားများ ခများ အေးအေးမနေကြရဘူး…ရေကန်တူးလိုက်ရ…ကန်ဆည်လိုက်ရ…ကဆိုလို့ ကကြရ…တီးဆိုလို့ တီးကြရ…စိတ်မချမ်းသာပဲ လုပ်နေကြရတာနဲ့ ပြီးနေရတယ်…စပါးရောင်းပြီးတော့လည်း သူခိုးဓားပြဘေးက မလွတ်တော့ ကိုယ့်ရွာကိုယ် ကင်းစောင့်နေကြရတာက ပိုသေး…"



သည်စကားမျိုး ကိုပြေသိမ်း မကြာခဏပြောတာကိုလည်း မအိမ်ကံ သတိရသည်။ စပါးဈေး၊ ပဲဈေး၊ ဝါဈေးတွေ ကျလာ၍လို့ လုပ်ငန်းကိုင်ငန်းမကောင်းတာတွေ ကြုံရပါ၏။ သီးနှံပေါ်ချိန်မို့ အလှူကြီးပေးရာမှာတောင် ဓားပြအတိုက်ခံရတာတွေလည်း များပြီ။ မြို့ကရဲသားတွေ အစောင့်ခေါ်ပြီး အလှူလုပ်ရတာမျိုးအထိ ဖြစ်လာခဲ့သည်။ မအိမ်ကံက နိုင်ငံရေးနားမလည်သော်လည်း စီးပွားရေးတော့ တီးမိခေါက်မိရှိပါ၏။ နေမြဲတိုင်းနေ၊ လုပ်မြဲတိုင်းလုပ်နေကြရသော်လည်း မဖူလုံကြသည့်ဘဝတွေကို မအိမ်ကံ မြင်ခဲ့ရလှပြီ။ ကြုံခဲ့ရလှပြီ။

အိမ်ကြီးပေါ်မှာ တစ်ယောက်တစ်ပေါက် စကားတွေပြောကြတာ မောလာတော့မှ လူစုကွဲတော့သည်။ ကိုကံကြီးမောင်ကတော့ သူတကာပြန်လို့တောင် မပြန်။ ကိုပြေသိမ်းအဖေက ဆွဲထားတတ်သလို ကိုပြေသိမ်းကလည်း ကိုကံကြီးမောင်နှင့်ဆိုလျှင် လေပေးဖြောင့်သည်။ များသောအားဖြင့် မအိမ်ကံသဘောပေါက်သလောက်တော့ ကွန်မြူနစ်ဝါဒအကြောင်းတွေ များသည်။

မအိမ်ကံကတော့ ဖဆပလလည်း မသိ။ ကွန်မြူနစ်အဖြူ အနီဆိုတာလည်း မသိ။ ပြည်သူ့ရဲဘော်တို့ ဆိုရှယ်လစ်တို့ဆိုတာတော့ ဝေလာဝေးကရော။ မအိမ်ကံ နားလည်တာ တစ်ချက်ပဲရှိသည်။ ကိုပြေသိမ်း အချိုးပြောင်းလာတာကို ဖြစ်ပါ၏။ ထနောင်းတိုင်ရောက်နေသည့် လေး၊ ငါးရက်အတွင်း ကိုပြေသိမ်း စကားတွေ ပြောလွန်းသည်။ ပြောသမျှလည်း အေးအေးသက်သာ မရှိ။ တစ်ခါတစ်ရံ အခန့်မသင့်သူနှင့်တွေ့လျှင် ပို၍ပင် ဆိုးတော့သည်။ အော်ကြီးဟစ်ကျယ် ရှိလာတာကို မအိမ်ကံ အံ့သြရသည်။ ကိုယ့်အိမ်ကိုလာသည့် ဧည့်သည်ကို မအော်စေချင်ကြောင်း ပြောရသည်အထိပင်။ ကိုကံကြီးမောင်နှင့်တော့ အဆင်ပြေပါ၏။ တစ်သဘောတည်း ရှိပုံရသည်။

"ကိုယ့်ကိုယ်ကိုယ်လည်း ကျောင်းအုပ်ဆရာကြီးဆိုသာ သတိရပါဦးမှပေါ့အစ်ကို…ပြီးတော့ ကိုယ့်အိမ်မှာ ကိုယ်က ဖိပြောနေသာကျတော့ မကောင်းဘူးပေါ့…အစ်ကိုတို့ဟာက ကနေ့ငြင်းခုံအော်ဟစ်…နောက်မနက်ကျတော့ အကောင်း…ဒါနဲ့များ အစ်ကိုရယ်…ဖြည်းဖြည်းသက်သာ ရှိပါမှပေါ့…"

သည်လိုဆိုပြန်တော့ ကိုပြေသိမ်းက ခေါင်းတညိတ်ညိတ်ရှိရှာပါ၏။ ညပိုင်း ဧည့်သည်တွေ မရှိတော့လည်း သားအဖနှစ်ယောက် စကားကောင်းနေတတ်ကြသည်။ ဖောင်ချမ်းကုန်းကို ပြန်ကြမည့်ရက်က ကိုကံကြီးမောင်နှင့်နှစ်ယောက် အိမ်ကြီးပေါ်ကမဆင်း တိုးတိုး တိုးတိုးလုပ်နေလို့ မအိမ်ကံကိုယ်တိုင် စကားဝင်ဖြတ်ရပါ၏။ ဒါတောင် ကိုကံကြီးမောင်က ကိုပြေသိမ်းကို တစ်ရက် နှစ်ရက် နေခဲ့ပါဦးလုပ်နေလို့ တောင်းပန်ရသည်။ မအိမ်ကံတို့သားအမိချည်း ရွာပြန်သွတ်ရန်ဖြစ်၏။ ကိုပြေသိမ်းအမေက လက်မခံပါ။ သားဖြစ်သူကို မိသားစုနှင့် အတူပြန်စေချင်သည်။

"မင်းတို့သားအဖမလဲ ကံကြီးမောင်ကို ဓာတ်စာလုပ်နေကြတာပေါ့လေ…မောင်နှင်းရေ ငါ ရင်လေးသေးတယ်…မင်းပြန်သွားရင် မင်းအဖေ လူတရှန်းရှန်းနဲ့ကျန်ရစ်မှာ…"

မိခင်ဖြစ်သူက ကိုပြေသိမ်းကို မောင်နှင်း (သက်နှင်း) ဟုခေါ်ခြင်းဖြစ်၍ ကျန်လူစု

www.burmeseclassic.com

www.burmeseclassic.com

ကတော့ သခင်နာမည် မောင်ပြေသိမ်းလို့ပဲခေါ်တာ မအိမ်ကံ သတိထားမိသည်။ ကိုကံကြီးမောင်က ကိုပြေသိမ်းကို တားမရတော့ ကျုပ် ဇောင်ချမ်းကုန်းကို လာခဲ့မယ် ဆိုလေ၏။ မအိမ်ကံပင် ပြုံးမိရသည်။ အတော်ဖွဲ့ကြီးတဲ့လူ။ ကိုကံကြီးမောင် ထည့်ပေးလိုက်သော အင်္ဂလိပ်စာအုပ်တွေ ပါလာတာကိုလည်း ကိုပြေသိမ်း ကျေနပ်ပုံရပါ၏။ အပြန် လှည်းပေါ်မှာပင် ဖတ်လိုက်လာခဲ့သည်။ စာအုပ်ထဲ စိတ်ပါနေတော့ ဇနီးကိုလည်းမေ့၊ သမီးတွေကိုလည်း သတိမရတော့။ စဉ့်အိုးတွေ ဝါးစားတော့မည့်အတိုင်း မျက်လုံးစိုက်ထားလိုက်တာ စကားရယ်လို့လည်း မထွက်။ အေးဘီကိုလည်း မကြည့်။

"သားအဖတစ်တွေ ခရီးသွားရတုန်း ပျော်ပျော်ပါးပါးမရှိဘူး... ဖတ်လိုက်ရသဲ့စာ... သည်လိုမှန်းသိ ထနောင်းတိုင်မှာ ထားခဲ့ရ အကောင်းသား..."

မအိမ်ကံ ခနဲ့တော့မှ စာအုပ်ကို ပိတ်ကာ ပြုံးပြသည်။ မအိမ်ကံပါးကလေးကို ဆွဲလိမ်သည်။

"မအိမ်ကံကို အင်္ဂလိပ်စာ သင်ပေးစမ်းပါအစ်ကို... ငယ်ငယ်တုန်းက အစ်ကို မောင်မြတ်သာ သင်ပေးဖူးလို့ အနည်းအကျဉ်းတော့ တတ်ပါရဲ့... အဲသလို အင်္ဂလိပ်ဘိုးအုပ်ကြီးတွေ ဖတ်ကြည့်ချင်လို့... ဘာတွေများ ကောင်းလို့လဲဆိုသာ ဖတ်လိုက်ချင်စမ်းလို့ပါ..."

"ဝတ္ထုမဟုတ်ပါဘူး အိမ်ကလေးရဲ့... နိုင်ငံရေးစာအုပ်တွေပါ..."

"နိုင်ငံရေးစာအုပ်တွေ... ဟုတ်လားအစ်ကို..."

ဆင်ပေါက် ကောက်ရိုးခိုးစားပြန်ပါပကောလား။ သည်ဘဝ နိုင်ငံရေးက လွတ်ပါဦးမလား။ မင်းတိုင်း ဆယ့်နှစ်မှုပွေလို့ ရေထမ်းကာမှ ရေအိုးကွဲရသည့်အဖြစ်မျိုးကို မအိမ်ကံ ကြောက်လှပြီ။ ကိုပြေသိမ်းက လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း အစိုးရအသိအမှတ်ပြု မူလတန်းကျောင်းအုပ် ဖြစ်လာခဲ့ပါ၏။ မအိမ်ကံကျောင်းကလေးသည်ပင် အစိုးရကျောင်းစာရင်း ဝင်ခဲ့ပြီ။ ကျောင်းအုပ်ကြီးကတော်ဆိုသည့်ဂုဏ်၊ စာသင်ကျောင်းအစ်မဆိုသည့်ဂုဏ်ဖြင့် အေးအေး လူလူရှိချင်လှပြီ။ သမီးကြီးပင် ခြောက်နှစ်ရှိခဲ့ပြီ။ မအိမ်ကံတို့ကိုယ်တိုင်ပင် အသက်တွေ မငယ်ကြတော့။ နောက် ဆယ်နှစ်ဆိုလျှင်ပင် သမီးကြီး အရွယ်ရောက်ပြီ။ သည်သမီးနှစ်ယောက်ကို ဥမ်းလို့နေ၊ ဆီလို့ဥရုံသာ ရှိတော့တာမဟုတ်လား။

မအိမ်ကံက စာအုပ်တွေကို တစ်အုပ်ချင်း ကောက်ကိုင်ကြည့်သည်။ စာအုပ်တွေက လေးသားပါလား။ အားလုံး ခြောက်အုပ်။ အဖုံးမှာ နူတ်ခမ်းမွေးနှင့် လူပုံတစ်ပုံပါသည်။ ကျန်တာ ဘာမှန်းမသိ။ မအိမ်ကံက စာအုပ်တွေကို ပြန်ချလိုက်ရင်း သက်ပြင်းတစ်မ ချမိရပါ၏။

"မမကံ အင်္ဂလိပ်စာသင်ရင် ကျုပ်ပါ ရောသင်လိုက်ချင်စမ်းဗျာ... ကျုပ် ဆရာလေးလို အင်္ဂလိပ်ဘိုးအုပ်တွေ ဖတ်ချင်သာ မမကံရ..."

ဖိုးကူးက ဘာမှန်းညာမှန်းမသိ ဝင်ပြောလိုက်သဖြင့် မအိမ်ကံက ဖိုးကူးခေါင်းကို ဒေါင်ခနဲ ခေါက်လိုက်လေ၏။ ကိုပြေသိမ်းက တဟားဟား ရယ်လေသည်။

■



ထနောင်းတိုင်က ပြန်ရောက်ကတည်းက မအိမ်ကံ မနားရတော့ပါ။ ထွန်ချိန်၊ ယက်ချိန်၊ မျိုးရွေးကြဲချိန်ဆိုတော့ တောအလုပ်ထဲလည်း ပါရ၊ ရက်ကန်းရုံလည်း ဝင်ရနှင့် ဖတ်ဖတ်မောရတော့သည်။ ကိုပြေသိမ်းကတော့ ကျောင်းပိတ်ထားချိန်မို့ သမီးနှစ်ယောက် ထိန်းရင်း စာအုပ်ဖတ်ရင်း အချိန်ကုန်နေတော့၏။ ဝါဈေးတွေ ကျသော်လည်း ရက်ကန်းထည်တွေက ရက်မနိုင်လောက်အောင် အမှာအယူ များသည်။ စစ်ကြီးပြီးတာ ငါးနှစ်ခန့်ကြာပြီ ဆိုသော်လည်း အရောင်းအဝယ်ဈေးကွက်တွေကတော့ မငြိမ်သေး။ သည်ဘက်တစ်နှစ် နှစ်နှစ်ကျမှ ဈေးစည်လာခဲ့သည်။ စစ်ကြီးအတွင်း အစစအရာရာ ရှားပါးခဲ့ရာမှ အနယ်နယ် အရပ်ရပ်မှ ကုန်ပစ္စည်းတွေ အရောက်အပေါက် အကူးအလူး များလာခဲ့သည်။ မြင်းခြံဆိပ်ကမ်းတွင် ဆိုက်ကပ်လာကြသော အနယ်နယ်မှ ကုန်များ အရောင်းအဝယ် လိုက်လာသကဲ့သို့ မြင်းခြံနယ်ထွက်ကုန်တွေကလည်း အထွက်အပြကောင်းလှသည်။ လွတ်လပ်ရေးရပြီးဖြစ်၍ နိုင်ငံရပ်ခြားမှ အထည် အလိပ်မျိုးစုံတွေ ဝင်ကြပြီဆိုသော်လည်း မြန်မာချည်ထည်တွေကတော့ အသုံးတွင်နေတုန်းပင်။ အထူးသဖြင့် ဖျင်ပင်နီချောတွေဆိုလျှင် မအိမ်ကံကိုယ်ပိုင် တံဆိပ်ထိုးကာ ရောင်းချရာမှ မအိမ်ကံထည်ဟူ၍ နာမည်ရလာခဲ့သည်။

သည်ရက်တွေထဲမှာ ကိုပြေသိမ်းကလည်း မန္တလေးကို ချည်ခင်တွေ၊ ဆိုးဆေးတွေ အဝယ်ထွက်ရတာတွေ ရှိလာပါ၏။ ကျောင်းတစ်ဖက်နှင့်ဆိုတော့ အခါခပ်သိမ်းတော့ လုပ်မပေးနိုင်။ ကျောင်းပိတ်ရက်ကလေးမှာ လစ်ခနဲ ပြေးရခြင်းမျိုးဖြစ်သည်။ မန္တလေးအထိတက်ရမှာဆိုတော့ လည်လည်ဝယ်ဝယ်ရှိသူကို လွှတ်ရခြင်းဖြစ်၏။ ကိုပြေသိမ်းက မန္တလေးစာပုံနှိပ်စက်တစ်ခုတွင် မအိမ်ကံ၊ ဇောင်ချမ်းကုန်း၊ မြင်းခြံ ဆိုသည့်တံဆိပ်ကလေးတွေ ရိုက်လာခဲ့ခြင်းဖြစ်၏။ စာတန်းအောက်က ပင်ဖြူချည်ချောထည်၊ ပင်နီချည်ချောထည်၊ ဆေးခိုင်အာမခံသည် စသည်ဖြင့် ရိုက်ထားသေးသည်။ တံဆိပ်ကလေးပါတော့ အထည်တွေမှာ အံ့ရုံတစ်မျိုးရသွားသလို ခံစားရသည်။

တစ်ရက်မှာတော့ အစ်ကိုမောင်မြတ်သာနှင့် မမစိမ်းမြတို့ ရွာကို ပြန်လာကြသည်။ အစ်ကိုတို့မှာ သားသမီးမပေါ်ပေါက်တာကိုတော့ မအိမ်ကံ စိတ်မကောင်းဖြစ်ရပါ၏။ မမစိမ်းမြက ရွာမှာနေတုန်းကလိုမဟုတ်။ နဂိုချော ချောသူဆိုတော့ မြို့သွေးမြို့မွေးကလေးပေါက်လို့ မြို့ထည်ကလေးတွေနှင့် လိုက်ဖက်လှပါ၏။ မမစိမ်းမြက မအိမ်မြိုင်နှင့် မအိမ်ခိုင်ကိုကြည့်ရင်း အံ့သြနေသည်။

"ငါ့ညီမရယ်... ကံကောင်းလိုက်သာအေ... ညီအစ်မနှစ်ယောက်ဆိုတော့ အဖော်ရသာပေါ့... ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပေါ့ဟယ်... မအိမ်ကံအစ်ကိုက ကလေးလိုချင်သာ ရှူးလို့... မမစိမ်းမြလည်း ရက္ခစိုးမှာ ဆုပန်ရသာနဲ့ ညောင်ပင်အောက်က မထွက်ရပါဘူးအေ..."

မမစိမ်းမြစကားကြောင့် မအိမ်ကံ စိတ်မကောင်းသည့်ကြားက ရယ်မိသည်။ အစ်ကိုမောင်မြတ်သာက တူမနှစ်ယောက်ကို အတော်ချစ်ရှာပါ၏။ အမေပန်းရုံနှင့် မလှအုံတို့ကတော့ အစ်ကိုမောင်မြတ်သာ အသားတွေမည်းကာ လူပုံကြမ်းသွားတာကို ပြောမဆုံးကြ။ အစ်ကို ရွာပြန်မလာတာ ကြာပြီ။ အစ်ကို့ကိုမြင်တော့ အဖေ့ကို သတိရကာ မျက်ရည်ချမိ၏။

www.burmeseclassic.com

www.burmeseclassic.com

လွတ်လပ်ရေးရလျှင် တပ်ကထွက်ပြီး ရွာမှာ အခြေချတော့မည်ဟုဆိုခဲ့သော အစ်ကိုတစ်ယောက် ဘာကြောင့်များ တပ်က မထွက်သေးတာပါလိမ့်။ မမစိမ်းမြခမျာလည်း ကိုယ့်မျိုးကိုယ့်ဆွေ တွေကြား ရွာခြေပြန်ကပ်ချင်ရှာလိမ့်မည်။ အစ်ကိုမောင်မြတ်သာက ကိုပြေသိမ်းကို မေးလို့ မန္တလေးသွားကြောင်း ပြောပြရသည်။ ထိုညက ထမင်းစားကြပြီးနောက် စကားတွေ ညဥ့်နက် အောင် ထိုင်ပြောဖြစ်ခဲ့ကြသည်။ စားပွဲပေါ်မှာ ကိုပြေသိမ်းဖတ်သည့် အင်္ဂလိပ်စာအုပ်တွေ တွေ့တော့ မောင်မြတ်သာ မျက်နှာမှုန်သွားခဲ့လေသည်။

"ကံကလေး...ဒါ ဘယ်သူ့စာအုပ်တွေလဲ..."

"ကိုပြေသိမ်းစာအုပ်တွေ အစ်ကိုရဲ့...ထနောင်းတိုင်က ကိုကံကြီးမောင်က ထည့်ပေး လိုက်သာ..."

"ကံကြီးမောင်...ဟုတ်လား...အစ်ကို မသိပါလား..."

"ထနောင်းတိုင်ကပဲ အစ်ကို...ဘာဖြစ်လို့လဲ..."

"မဖြစ်ပါဘူး...မောင်ပြေသိမ်း ဘယ်နေ့ရောက်မှာလဲ..."

"မနက်ဖြန်တော့ ရောက်ကောင်းပါရဲ့..."

မအိမ်ကံကတော့ အစ်ကိုမောင်မြတ်သာ မျက်နှာမှုန်သွားတာကို သတိထားလိုက်မိ သည်။ ဘာစာအုပ်တွေများမို့ပါလိမ့်။ အစ်ကိုမောင်မြတ်သာက ဘာမှတော့ ဆက်မပြောပါ။ ပြောစရာတော့ ရှိပုံရသည်။ ကိုပြေသိမ်းက နောက်တစ်နေ့ ညနေပိုင်းမှာ ရောက်လာခဲ့သည်။ မောင်မြတ်သာကို မြင်တော့ ဝမ်းသာသွားကြသည်။ သခင်မြတ်သာဆိုတာ ကိုပြေသိမ်း ကြည်ညို လေးစားခဲ့ရတဲ့သူ မဟုတ်လား။ ညစာ အတူစားကြရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ် ကြတာ မိုးလင်းလုသည် အထိပင်။

"ကျွန်တော် ဘောဂလီ ရေသိုးကြီးဘက်မှာ တာဝန်ကျနေသာ ကိုပြေသိမ်းရေ... ကောင်းကင်က ရိက္ခာချမပေးရင်း ငတ်သဲ့ရက်တွေပေါ့ဗျာ...ဆင်းရဲသာတော့ မပြောနဲ့ တော့...အကျအဆုံးလည်း များကြသယ်ဗျ..."

ကိုပြေသိမ်းက တော်လှန်ရေးကာလ အတွေ့အကြုံများနှင့် ရွာအကြောင်းရပ် အကြောင်း၊ နိုင်ငံရေးအကြောင်း၊ ကမ္ဘာအကြောင်း။ သမီးယောက်ဖနှစ်ယောက် စကားတွေ ကောင်းနေကြသလို မအိမ်ကံတို့ကလည်း မမစိမ်းမြနှင့် စကားလက်ဆုံ ပြောမကုန်နိုင်။ အမေပန်းရုံတို့အလစ်မှာ ကိုပြေသိမ်း၏ အင်္ဂလိပ်စာအုပ်တွေကိုကြည့်ပြီး အစ်ကိုမောင်မြတ်သာ မျက်နှာပျက်သွားရသည့်အကြောင်း မမစိမ်းမြအား မေးရပါ၏။ မမစိမ်းမြကလည်း ရေရေရာရာ မသိ။ ဘာစာအုပ်တွေ ဖြစ်နေလို့ဆိုလား ငါ့ညီမရယ်လောက်သာ ပြောနိုင်သည်။ ကိုပြေသိမ်းက လှည်းပေါ်မှာတုန်းက နိုင်ငံရေးစာအုပ်တွေပါလို့ ဆိုခဲ့တာကိုလည်း မှတ်မိသည်။ ကိုပြေသိမ်း နိုင်ငံရေးစာအုပ်ဖတ်တာ ထူးဆန်းလှသည်မဟုတ်။ သို့သော် သည်စာအုပ်တွေကတော့ ထူးဆန်း သောစာအုပ်တွေ ဖြစ်လိမ့်မည်။ ကိုပြေသိမ်းကိုယ်တိုင်ကလည်း ထူးခြားနေတာ မဟုတ်လား။ သည်စာအုပ်တွေကိုမှ သည်းကြီး မည်းကြီးဖတ်သည်။ ဖတ်ပြီးတော့လည်း ပြန်ဖတ်သည်။ နောက်ထပ်စာအုပ်တွေလည်း ပါလာတာ တွေ့ရသည်။ မြို့က ပါလာခြင်းဖြစ်၍ ဘယ်သူက ပေးမှန်းတော့မသိ။



ကိုပြေသိမ်းနှင့် ကိုမြတ်သာကတော့ ဗမာလိုပြောကြရာက အင်္ဂလိပ်ဘာသာဖြင့် ပြောနေကြပြန်သည်။ ခွန်းကြီးခွန်းငယ် ငြင်းခုံကြတာမျိုးတော့မဟုတ်။ အေးအေးဆေးဆေး ပြောနေကြခြင်း ဖြစ်သည်။ ပြောကြရင်းက စာအုပ်တွေကို ယူကြည့်ကြသည်။ လှန်လှော ဖတ်ကြသည်။ မအိမ်ကံက သည်စာအုပ်တွေအကြောင်း သိချင်နေသော်လည်း ဘယ်သူ့ကိုပြလို့ ဘယ်သူ့မေးရမှန်းမသိ။ မမစိမ်းမြက ကိုယ့်အစ်ကိုကို မေးရမှာပေါ့ဆိုတော့မှ အစ်ကို မောင်မြတ်သာကိုမေးဖို့ တေးထားလိုက်သည်။

နောက်တစ်နေ့မှာတော့ မိုးလင်းခြင်းနှင့်အတူ သတင်းဆိုးတစ်ခု ရွာထဲရောက်လာ ခဲ့သည်။ ရွာအထွက်လမ်း တလုတ်မန်ကျည်းတောအုပ်အုပ်ထဲမှာ လူသေအလောင်းတစ်လောင်း တွေ့ထားသည်ဆိုသည့်သတင်းဖြစ်၏။ အလောင်းက တစ်ကိုယ်လုံး ဓားဒဏ်ရာ ဗရပွဖြင့် သေဆုံးနေခြင်းဟု သိရသည်။ တစ်ရွာလုံးနီးပါး ထွက်ကြည့်ကြသဖြင့် ရွာလမ်းတစ်လမ်းလုံး ဖုန် တသောသော ထ,နေလေသည်။ မအိမ်ကံတို့က သွားမကြည့်သော်လည်း ကြည့်ပြီး ပြန်လာသူတွေက ဝိုင်းတိုက်ထဲ ဝင်လာကြသည်။

"ရက်စက်လွန်းပါ့အေ...ဓားနဲ့မွှန်းထားသာများ ငါးရှူမွှန်းမွှန်းထားသာ...ကျုပ်တို့ ရွာက မဟုတ်ဘူး...ပြောကြသာတော့ အနောက်တန်းရွာတွေကသဲ့...ဘယ်သူက ဘာကြောင့် လုပ်သွားသယ်တော့ မပြောတတ်ဘူး..."

ညဦးပိုင်း သည်စကားရောက်တော့ အစ်ကိုမောင်မြတ်သာက မျက်နှာမကောင်းရှာ။ မနက်က သူလည်း သွားကြည့်ခဲ့သည်ဆိုသည်။ အနောက်တန်းရွာတွေထဲက လင်းနေကုန်းရွာက မောင်စံတင်ဟု ကြားခဲ့ရကြောင်း ပြောပြရာက ကိုပြေသိမ်းကို လှမ်းကြည့်သည်။

"ကိုပြေသိမ်းရေ...မောင်စံတင်က လူထူရင် သူ့ရင်ထဲ မကျေနပ်သာတွေ အင်မတန် ပြောတတ်သဲ့လူဗျ...ပြောကြတာတော့ အလံနီကလိုလိုပါပဲ...ဟုတ် မဟုတ်တော့ မပြောတတ်ဘူး...ဖဆပလကိုရော ဆိုရှယ်လစ်တွေကိုရော ညဘက် မူးမူးပြီး ဆဲသာ တွေ ဘာတွေတောင် လုပ်သသဲ့...ခက်သာက ဘယ်သူက ရက်ရက်စက်စက် လုပ် လိုက်သယ် ဆိုသာထား...စကားတွေပြောတိုင်း မကောင်းနိုင်တော့ဘူးဆိုသာကတော့ ရှင်းနေပြီ..."

အစ်ကိုမောင်မြတ်သာက ဘာမဆို ပြင်းပြင်းထန်ထန် ဝေဖန်တတ်သော ကိုပြေသိမ်းကို ရည်ရွယ်နေကြောင်း သိသာလှသည်။ ကိုပြေသိမ်းကတော့ ဘာမှမပြောပါ။ စားပွဲပေါ်က စာအုပ် တွေကိုသာ ငေးကြည့်နေပါ၏။ အစ်ကိုမောင်မြတ်သာက စကားဖြတ်ထားရင်း ရှေ့ဆက်ရမည့် စကားကို စဉ်းစားနေပုံရသည်။

"အခုက အဖွဲ့အစည်းတွေက များလွန်းသယ်...တိုင်းပြည်က အခုမှ နွားရိုင်းသွင်းချိန် ပြန်ရောက်နေရသယ်...မကောင်းသူ မကောင်းသား ကပ်လို့အကောင်းဆုံးအချိန် ကိုးဗျ...ကျွန်တော် တပ်က မထွက်နိုင်သေးသာ ဒါတွေလည်း ပါသယ်ပေါ့ဗျာ... လာဘ်ပေးကြ လာဘ်ယူကြ လူမိုက်ရွေးကြ တပည့်ခံကြ ဆရာတင်ကြ ဝေငွေး သောက်ကြ လုလိုက်ကြ ယက်လိုက်ကြ ဖြစ်နေသယ်...ကျည်ဆံကြေး ဖဲ့ရိုက်ကြ သသဲ့...ကောင်းကြရောပေါ့...တောကြောင်တွေ စုန်းတောက်နေကြသာပေါ့လေ..."

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုမောင်မြတ်သာပြောတာ အမှန်တွေချည်းဖြစ်သည်။ နေ့ခင်းကြောင်တောင် နွားဆွဲတာများပင်ရှိ၏။ ပြောင်ဝင်လုတာများလည်း ကြားနေရသည်။ တောနယ်ထွက် လက်လုပ် ပြောင်းသေနတ်များကလည်း ငွေပေးနိုင်လျှင် အစစ်နှင့်မခြား ရနိုင်သည်ဆိုသည့် သတင်းတွေက လည်း ရွာတွေမှာ သတင်းတွေ ကူးစက်နေပါ၏။ ရွာတွေမှာ ကင်းတွေချကြရသည်။ ဆူးစည်း ရိုးတွေ ထူထူထဲထဲ ကာကြရသည်။ ဝါးချွန်တွေ၊ ဒူးလေးတွေ၊ လင်းလေးတွေ အိမ်တိုင်းထားကြ ရပြီ။ သည်ကြားထဲက ဓားပြသံ၊ သူခိုးသူဝှက်သံ၊ အနုကြမ်းစီးသံတွေကလည်း မကြာမကြာ ကြားနေရတာမျိုးလည်း ရှိပါ၏။

"ခက်သားပဲ ကိုမြတ်သာ...လွတ်လပ်ရေးမရခင် လွတ်လပ်ရေးရဖို့ တိုက်ကြ ခိုက်ကြ သေကြ ကျေကြ...လွတ်လပ်ရေးကို အသက်တွေနဲ့ရင်းပြီး ရယူပြီးပြန်တော့လည်း မီးမငြိမ်းနိုင်ဘူး...သူ့နာမည်ကိုယ်ဖျက် ကိုယ့်နာမည်သူဖျက်...တွက်ကြည့်တော့ တိုင်းပြည်လူထုက ဘယ်သူ့အားကိုးရမှန်းမသိဘူးဗျာ...အရေးထဲ ဖဆပလ အစိုးရက ဗောဓိပင်ပင့်နေတော့ မခက်ဘူးလား..."

ဗိုလ်မြတ်သာက အင်္ဂလိပ်စကားနှင့် တစ်စုံတစ်ရာပြောလိုက်လို့လားတော့ မသိပါ။ ကိုပြေသိမ်း စကားဆက်မပြောတော့။ မလှအုံက စကားဝိုင်းကို အကဲခတ်နေရာက စကား ဝင်ဖြတ်သည်။

"ကိုင်းကွယ်...မင်းတို့နိုင်ငံရေးကလည်း ပြီးမပြီးနိုင်ဘူး...သည်စကားတွေ ပြောနေ ရသာနဲ့ လယ်ကော ရေမရ...တို့လည်း စကားပြောချင်သေးသဟဲ့...တကတည်း တော်..."

မလှအုံ ဝင်ဝေါက်တော့မှ နိုင်ငံရေးသမားတွေလည်း စကားလမ်းကြောင်း ပြောင်းကြ တော့သည်။ မိသားစုစကားဝိုင်းကလေး ပြန်ဖြစ်သွားတော့မှ မအိမ်ကံလည်း စိတ်ရှုပ်နေရာက ကြည်လင်သွားရပါ၏။ ရွာက ရယ်စရာ မောစရာအကြောင်းတွေ ပြောကြရင်း ရယ်ကြမောကြ ရသည်။ အရူး ကိုစက်ဖေ ကလေးလုတာပင် ပါလိုက်သေးသည်။ ထိုညကလည်း စကားပြော ညဉ့်နက်ရ ပြန်ပါ၏။ အစ်ကိုမောင်မြတ်သာတို့ပြန်တော့ မအိမ်ကံ အပေါက်ဝလိုက်ပို့သည်။ ကိုပြေသိမ်းက အိပ်ပျော်နေကြသည့် သမီးတွေ အိမ်ပေါ်ပွေ့တင်နေခိုက်ဖြစ်၏။ မအိမ်ကံက အစ်ကိုဖြစ်သူ လက်မောင်းကို ဆွဲထားလိုက်သည်။

"အစ်ကို...ကိုပြေသိမ်းဖတ်သဲ့စာအုပ်တွေက ဘာဖြစ်နေလို့လဲဟင်...မှန်သာပြောပါ အစ်ကို...မအိမ်ကံ စိတ်ပူလို့ပါ...ကိုပြေသိမ်းကတော့ နိုင်ငံရေးစာအုပ်တွေလို့ ပြောသာပဲ..."

ဗိုလ်မြတ်သာက နှမဖြစ်သူကို ချက်ချင်းမပြောသေးဘဲ တံခါးတစ်ချပ်ကိုကိုင်ကာ ရပ်နေသည်။ မမစိမ်းမြကလည်း ကြားထဲက သိချင်နေဟန်တူပါ၏။ မောင်နှမနှစ်ယောက်ကြား ပေရပ်နေလေသည်။

"ဟုတ်သယ် ငါ့နှမရဲ့...နိုင်ငံရေးစာအုပ်တွေပါပဲ...ကွန်မြူနစ်ဝါဒ သဘောတရား စာအုပ်တွေပေါ့လေ...သည်လိုကာလမှာ ဆန်းတော့မဆန်းဘူးပေါ့ ကံကလေးရယ်... ဒါပေသိ မောင်ပြေသိမ်း ဖတ်နေသယ်ဆိုသာတော့ ထူးသယ်..."



"အဲသာတွေဖတ်တော့ ဘာဖြစ်လို့လဲ အစ်ကို..."

"ငါ့နှမ...ဒါ တံခါးဝမှာ ရပ်ဖြေလို့ မပြည့်စုံနိုင်ဘူး...ဒါပေသိ မစိုးရိမ်ပါနဲ့အေ... မောင်ပြေသိမ်းကလည်း ပညာတတ်ပဲဟာ..."

ဗိုလ်မြတ်သာက ဒါပဲပြောပြီး ထွက်သွားခဲ့သည်။ မမစိမ်းမြက နောက်က။ မအိမ်ကံ တံခါးဝမှာ ရပ်ရင်း ကျန်ရစ်ခဲ့သည်။ အမျိုးအမည်ဖော်ပြရန် မစွမ်းသာသော ခံစားမှုတစ်မျိုးက ရင်ထဲမှာ လှိုက်ခုန်နေခဲ့ပါ၏။ တံခါးဝမှာ မေးသည့်မေးခွန်း၊ တံခါးဝမှာ ရပ်ဖြေလို့မရနိုင်လောက် အောင် ကျယ်ဝန်းလို့များလား။ ကိုပြေသိမ်း ဘာတွေလုပ်နေသလဲ။ ကိုပြေသိမ်း ဘာတွေကြံစည် နေသလဲ။ မအိမ်ကံ အိမ်ပေါ်ကို တက်လာခဲ့သည်။ ကိုပြေသိမ်းက သမီးတွေကို ခြင်ထောင်ချ ပေးနေသည်။ ကိုပြေသိမ်းကိုမေးဖို့ စဉ်းစားပြီးမှ မမေးတာပဲ ကောင်းပါတယ်လေလို့ တွေးမိရ ပြန်ပါ၏။

"အိမ်ကလေး...အစ်ကိုတက်လာတော့ သမီးငယ်က တစ်ဖက်ပွေ့ထားရလို့ လက်က လည်း မအားဘူး...ငှက်ကြီးတစ်ကောင် ခြင်ထောင်တန်းပေါ်မှာ နားနေတာ တွေ့ တယ်...အစ်ကို့ကို စိုက်ကြည့်နေသလိုပဲ...ပြီးမှ ပြန်ထွက်သွားတယ်...ညဘက် ဆိုတော့ ငှက်က မှားဝင်လာတာနဲ့တူပါရဲ့..."

အို...။ သည်ငှက်ကြီး ပေါ်လာပြန်ပြီလား...။ မအိမ်ကံ မှောင်နေပြီ။ မအိမ်ကံမှာ ကြက်သီးညှင်းညှင်းကလေးပင် ထမိရပါ၏။ ဘာတွေများ ဖြစ်လာဦးမှာလဲ။

■

အစ်ကိုမောင်မြတ်သာတို့ ပြန်သွားကြပြီ။ မအိမ်ကံက အစ်ကို့အတွက် လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ ထည့်ပေးလိုက်ပါ၏။ အစ်ကိုပြန်သွားလေတိုင်း အားငယ်မိရသည့်စိတ်ကတော့ အခုချိန်ထိ လျော့မသွားသေးပါ။ အဖေရှိစဉ်ကတည်းက မိသားစု သိုက်သိုက်ဝန်းဝန်းနေရမည့် ရက်တွေကို မျှော်လင့်ခဲ့ရသော်လည်း ဘာမှဖြစ်မလာတော့ပါ။ အိမ်အလုပ်တွေထဲ ခေါင်းထိုး နှစ်ရင်းဖြင့်သာ အရာရာကို မေ့မေ့ပျောက်ပျောက် နေရပါ၏။

သည်ကနေ့လည်း မနက်ပိုင်းတစ်ပိုင်းလုံး ရက်ကန်းရုံထဲမှာပဲ မအိမ်ကံရှိနေခဲ့သည်။ အရိုးကြာညွန့်နှင့် ခေါင်းချင်းဆိုင်ခဲ့ရတာပင် သုံးရက်ရှိပြီ။ မအိမ်ကံက ဂမုန်းကြိုး၊ ခါးစည်း၊ ဘိလပ်ပန်း စသည့် အချိတ်ဆန်ဆန် ရက်ထည်ကလေးတွေ စမ်းသပ်ရက်လုပ်ချင်နေခဲ့တာ ကြာပြီ။ အသွေးအရောင်နှစ်မျိုးကို ကျော်ကာနင်းကာ ရက်သည့် ငုတ်ချည်ပေါ်ချည် အဆင် ကလေးတွေ စမ်းရက်ကြည့်ဖူးသည်။ လူကြိုက်များလှပါ၏။ ဂမုန်း၊ နရားပန်းခက်နှင့် ဘိလပ် ပွင့်တွေကိုလည်း စမ်းရက်ကြည့်ချင်သည်။ ဖီလာချိတ် ကိုက်ချိတ်တွေလည်း အဆင်ကူးလာ တာရှိသည်။ မြို့မှာ သေးရေးထည်၊ ပန်းထိုးထည်တွေ ခေတ်စားနေတာ မအိမ်ကံကြားနေရသည်။ ကိုပြေသိမ်း မန္တလေးသွားခိုက် အဆင်ဆန်းကလေးတွေ မှာလိုက်ရာက စိတ်ကူးရခဲ့ခြင်းဖြစ်သည်။ မအိမ်ကံတို့က လွန်းများများ မသုံးရဘဲ အဆင်ဆန်းတာကို ရွေးရသည်။ အကပ်၊ အကွက်၊ အကျူး၊ အကျော် မှန်ရသည့်အပြင် ရက်သားမပွအောင် ခတ်ချက်လည်း နာရပါ၏။

"အရီး ခေါင်းခြောက်သွားပြီထင်သယ်...ကိုင်း နားဦး...မအိမ်ကံလည်း စဉ်းစားဦး မယ်...မဖြစ်ဖူးဆိုသာတော့ မရှိပါဘူး အရီးရယ်...မအိမ်ကံ အိမ်ဘက် ကူးလိုက်ဦး

www.burmeseclassic.com

www.burmeseclassic.com



မယ်…အရီးတို့လည်း ထမင်းစားကြတော့လေ…အိမ်ဘက် ဟင်းကြမ်းသွားယူလိုက်ကြဦး…"

ဟင်းကြမ်းဆိုတာက အများစာ ချက်ထားသော လိုက်ဟင်းကို ပြောခြင်းဖြစ်သည်။ မအိမ်ကံက တစ်နေ့တစ်မျိုး ဟင်းကြမ်းထည့်တည်ပေးနေကျ။ ဟင်းကြမ်းဆိုသော်လည်း မလှအံ့ လက်ရာမို့ ဆီနှင့်ပျားနှင့် ကောင်းကောင်းချက်ထားခြင်းဖြစ်သည်။ ကျေးဥက မအိမ်နိုင်နှင့် သူ့သားကို ပေတူလုံး ပစ်ပြရင်း ထိန်းနေသည်။ သမီးကြီး မအိမ်မြိုင်ကို မတွေ့။

"ကျေးဥ…သမီးကြီးကော…ကလေးတွေ ထမင်းစားပြီးကြပြီလား…"

"အငယ်မတော့ ကျွေးပြီးပြီ…အကြီးမက မစားဘူး…မနက်ကတည်းက မှင်တင်တင်နဲ့…အပေါ်တက်သွားလေရဲ့…"

မအိမ်ကံ အိမ်ပေါ်တက်လာခဲ့သည်။ မအိမ်မြိုင်က ခုတင်ပေါ်မှာ ကွေးကွေးကလေး အိပ်ပျော်နေသည်။ သမီး သည်အချိန်မအိပ်ဖူးတာ မအိမ်ကံသိသည်။ သမီးအနားထိုင်လိုက်တော့ မအိမ်ကံ တစ်စုံတစ်ရာ သတိထားလိုက်မိပြီ။ ချက်ချင်းပင် နဖူးကို လက်ဖဝါးနှင့်စမ်းလိုက်သည်။ မအိမ်ကံပင် တုန်လှုပ်သွားခဲ့ရပါ၏။ မအိမ်မြိုင်တစ်ကိုယ်လုံး ချစ်ချစ်ကြီးတောက်အောင် ပူနေခဲ့ပါပကော။ သံပြားပူနှင့် ကပ်လိုက်သလို အပူမျိုး။ သမီးမျက်နှာက ရဲရဲမှည့်နေပါ၏။

"မအိမ်ကံ…ဟိုဘက်ရွာတွေမယ် ကျောက်ကြီးရောဂါတွေ ဖြစ်နေကြတယ်လို့ ကြားတယ်…အပျက်အစီးလည်း ရှိကြသတဲ့…မပျက်စီးတော့လည်း ရုပ်ပျက်ဆင်းပျက်…"

ပွဲကတော်ကြီး ပြောလိုက်သည့်စကားက ခေါင်းထဲဝင်လာခဲ့လေပြီ။ မအိမ်ကံ ချောက်ချောက်ချားချား အော်လိုက်လေ၏။

"ကျေးဥရေ…"

■

(၂၉)

လရောင်က သာလွန်းလှသည်။ ဓောင်ချမ်းကုန်းရွာကလေးသည် လရောင်အောက်တွင် အေးမြငြိမ်သက်လျက်ရှိ၏။ တစ်နေ့ခင်းလုံး ပူပြင်းထားခဲ့သည့်အပူက ဟပ်ဟပ်ပြေးအောင် မပူတော့သော်လည်း ညဦးတုန်းက အရှိန်တွေ ကျန်နေသေးသည်။ ည၌နက်လာတော့မှ တဖြည်းဖြည်း ပြန်အေးလာခဲ့သည်။ သမီးကြီးက ပိတ်ခြင်ထောင်ထဲမှာ အိပ်ပျော်နေပြီ။ အရွယ်နှင့် မလိုက်အောင် ခံစားနေရသောဝေဒနာကိုကြည့်ရင်း မအိမ်ကံ ရင်ထုမနာရှိခဲ့ရသည်။ ပိတ်ခြင်ထောင်ကြီးက လှောင်များနေရော့လားဆိုသည့်စိတ်ကြောင့် မကြာခဏ လှပ်ကြည့်မိတာလည်း အကြိမ်ကြိမ်ရှိလေပြီ။ မအိပ်ခင်ကအထိ သမီးနဖူးကို စမ်းကြည့်လိုက်တိုင်း လှည်းမီးချ ဒေါက်ဖိုက မီးတွေလို တရှိန်ရှိန် တောက်လောင်လျက်ရှိ၏။

ဓောင်ချမ်းကုန်း ဘုန်းကြီးကျောင်းကိုသွားလျှင် ဘယ်ဘက်ချောင်မှာ လှည်းမီးဒေါက်ဖို ရှိသည်။ လှည်းဘီးတွေ သံခွေစွပ်ပေးသည့် ဒေါက်ဖိုဖြစ်၍ ဒေါက်ဆရာ ဦးသာပိုဆိုလျှင် ဘယ်တုံးကမှ အင်္ကျီကပ်ရသည်မရှိ။ ဖားဖိုထဲက ထုတ်ယူလာသော သံကွေးရဲရဲကို တပည့် နှစ်ယောက်က ညှပ်ဖြင့် ညှပ်ပေးထားရသည်။ ဘကြီးသာပိုက မီးမလျော့ခင် ပေါင်တူကြီးနှင့် တထန်းထန်းထုသည်။ မီးပွင့်မီးစာတွေ တဖွားဖွား။ မအိမ်ကံတို့အိမ်ကလှည်းကိုလည်း ဘကြီးသာပိုပဲ ဘီးခွေစွပ်ပေးခဲ့ခြင်း ဖြစ်သည်။ လှည်းက အရေးကြီးလို့ ဘကြီးသာပိုက မပြီးနိုင်လျှင် မအိမ်ကံ လိုက်သွားရတာ ရှိဖူးသည်။

"ဘကြီးလည်း တစ်နယ်လုံးက လှည်းတွေနဲ့ အပ်ထည်များလို့ပါအေ…နက်ဖျင်ကျတော့မှ ယူတော့ ငါ့တူမရယ်…ဘကြီးမလဲ ဖိုကျင်ထိုးခံရသဲ့ မောင်တင့်တယ်သာကြည့်တော့…မီးနဲ့နပန်းလုံးနေရသာနဲ့ ဘဝပြီးရတော့မယ်နဲ့တူပါရဲ့…ထမင်းတစ်လုတ် အပူခံ စားရသာပါအေ…ဘကြီးလည်း လုပ်နေသာပါပဲ…နော…ငါ့တူမ…"

သည်တုန်းက ဘကြီးသာပိုကို မအိမ်ကံ သနားခဲ့ရသည်။ ကိုယ့်အိမ်ကလှည်းကျမှ ကြာသကောရယ်လို့ လိုက်သွားတော့မှ ဘကြီးသာပို၏အပူကို မအိမ်ကံ ကိုယ်တွေ့မြင်ခဲ့ရသည်။ သမီးကြီးမအိမ်မြိုင်ခမျာလည်း သည့်ထက်မလျော့သောအပူဖြင့် ဝေဒနာကို ပြင်းစွာ ခံစားနေရ

www.burmeseclassic.com

www.burmeseclassic.com

တာကို နှိုင်းယှဉ်ကြည့်မိခြင်းဖြစ်သည်။ သမီးခမျာ အပူတရှိန်ရှိန်၊ အငွေ့တချောင်းချောင်း။ မအိမ်ကံမှာလည်း မထူးပါ။ သမီးအတွက် ရတက်မအေးရပြီ။ မီးလှည့်ခံရသော လှည်းဘီး သံခွေနှင့်မခြား အပူကြီးရလေပြီ။

"ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်ကြောင့် သမီးကလေး ဘေးမသီရန်မခ ပကတိ အေးမြပါစေတော့...ပွဲကတော်ကြီးပြောသလိုများ ရောဂါကြီးဖြစ်နေလေမလား... ဘယ်လိုအကုသိုလ်ကများ ခေါင်းပေါ်တည့်တည့် ကျလာရသာပါလိမ့်...ရောဂါကြီး ဆိုရင်တော့ ပျက်စီးရင်ပျက်စီး...မပျက်စီးရင် ရုပ်ရည်အဆင်းမလှ ဖြစ်တတ်သသံ့... ဘယ်ဟာကမှ မကောင်းနိုင်ပါလား...ဘယ်သူကများ ကျောက်ပေါက်မာဇရှမ္ပနဲ့ မိန်းကလေးကို ရှာကွမ်းတောင်ကိုင် ရွေးကြမှာသဲ့လဲ...ညည်းမဖြစ်ဘဲ ငါသာဖြစ်လိုက် ပါတော့လားအေ..."

မအိမ်ကံခမျာ အရူးလို လူးလိမ့်ပစ်လိုက်ချင်စိတ်သာ ရှိနေတော့သည်။ သည်အနီး အနား ရွာတွေမှာ သည်ရောဂါဖြစ်နေသတဲ့ဆိုတာ ကြားနေရရင်လည်း ထားပါတော့။ ဟိုရွာမှာ ဖြစ်လို့တဲ့၊ သည်ရွာမှာဖြစ်လို့တဲ့ ဆိုလျှင်လည်း ကလေးရဲ့ဘဝကံလို့ အောက်မေ့ရပါရဲ့။ ခုတော့ ကွင်းကြီး ကျယ်ပါလျက်နှင့် တစ်ပင်တည်း မိုးကြိုးပစ်ခံရသောထန်းပင်လို ဖြစ်ရပြီ။

ညဉ့်နက်လာတော့ လေညှင်းကလေး သုန်လာသည်။ မအိမ်ကံ အိပ်မပျော်နိုင်သေး။ မလှအုံကတော့ ခွေခွေကလေး အိပ်ပျော်နေသည်။ သူ့ခမျာ တစ်နေ့ခင်းလုံး တစ်ညနေလုံးဆ ရာ ပြေးပင့်ရ၊ ဆေးလူးဆေးတိုက်ရ ပင်ပန်းလှပြီ။ အမေပန်းရုံခမျာလည်း မြေးဦးဆိုတော့ မအိမ်မြိုင် ကို ငွမ်းပေါက်နှင့်တို့မတတ် ချစ်ရှာလွန်းသူမို့ မျက်ရည်များပင် ကျခဲ့ရှာပါ၏။ ဖြစ်ချင်တော့ သည်ရက်မှာမှ ကိုပြေသိမ်းကလည်း ကုန်ဝယ်ထွက်သွားခဲ့သည်။ မနက်ဖြန်တောင် ပြန်လာဖို့ မသေချာ။

"သည်ရောဂါက ကူးသယ်သဲ့...အမေ့ကို ကူးစမ်းပလေ့စေ...သမီးမှာ ရောဂါတစ်မှုန် တစ်စ မကျန်ခဲ့ရင် တော်ပြီ...ရေလို ကဲ့လို့ သွန်လို့ရရင် ဘယ်လောက်များ ကောင်း လိုက်မလဲ...ရောဂါကို အမေ ကဲ့ယူချင်စမ်းလှအေ...ညည်းမလှလို့ မဖြစ်ဘူး... ညည်းအကျည်းတန်လို့ မဖြစ်ဘူး...သည်တစ်ခါ အမေ ရင်အကျိုးမခံနိုင်ဘူး..."

မအိမ်ကံခမျာ အေးမြသော လရောင်အောက်မှာ သူပါ ရောရောင်ပူလောင်နေရ ရှာလေသည်။ ဒေါက်ဖိုပေတုံးပေါ်က မီးလှည့်သံကွေးကို တထန်းထန်းထုလိုက်တိုင်း မီးပွင့်တွေ စင်ထွက်နေကြသလို မအိမ်ကံသည်လည်း တွေးမိလေတိုင်း ရင်နှင့်အမျှ စိုးရိမ်ထိတ်လန့်မှု မီးပွင့်တွေ ကျည်ခနဲ ကျည်ခနဲ ထွက်နေခဲ့ပါ၏။ မလှအုံကတော့ မအိမ်မြိုင် အပူကြီးကြီး ဖျားသည်ဆိုတာနှင့်ပင် သူ့ဆေးမြီးတိုတွေ မထုတ်တော့ပါ။ သူတကာကို ယတြာလေး၊ ဂါထာလေးနှင့် သမားမပါ ဆေးမပါ ကုသခဲ့တာမျိုး ရှိခဲ့သော်လည်း မြေးတူမကလေးအတွက် တော့ ဆရာဆောင်ကို ပြေးပင့်ရှာပါ၏။ ဆရာဆောင်က တောင်ရွာကြွသွားသည်ဆိုလို့ ဖိုးကူးကို လှည်းနှင့် အကြိုလွှတ်ရပြန်သည်။ ဖိုးကူးလာတော့ ဆရာဆောင် ပါလာခဲ့ပါ၏။ ဆရာဆောင်က ကလေးကို အပူစမ်းသည်။ သွေးစမ်းသည်။

ဆရာဆောင်ကတော့ ရေကျောက်၊ ပဲသီတာ၊ ဂျိုက်သိုး ပေါက်ချင်လို့ ကိုယ်တွင်း အပူတွေ ကန်နေခြင်းဖြစ်ကြောင်းသာ ဆို၏။ ကျောက်ကြီးလို့ မပြောသဖြင့် စိတ်ကလေး



အေးရသော်လည်း သုံးရက်လောက် စောင့်ကြည့်ရဦးမည်ဆိုပြန်တော့ တစ်ဖန် ပူရပြန်သည်။ ဆေးတစ်မျိုးကို ပုလင်းတစ်လုံးတွင် ကဲ့ထည့်စေလျက် လေလုံပိတ်ထားစေသည်။ ဆေးဘုရင် ဖြစ်၍ အစွမ်းထက်လှကြောင်း ပြောရင်း သူ့ပုလင်းထဲက ဆေးမှုန့်ကို သနပ်ခါးရေကျဲဖြင့် တစ်ကိုယ်လုံး လူးခိုင်းသည်။ အပူဝမ်းသွားခဲ့သော် ဆေးကို ထုံးကြက်တက်ရည်နှင့်တိုက်၊ အပူမကျသော် ကန့်ကူဆံသွေးရည်နှင့်တိုက်၊ ငန်းဖမ်းလျှင် ဇာတိပ္ဖိုလ်သီးသွေးပြီးတိုက်လေဟု မှာကြားခဲ့သည်။

"အပူရောက်ထ များကြသသူ...တွေ့ရှိမူကား၊ ကန့်ကူဆံရေ...ဆက်တိုက်ပေရှင့်၊ တစ်တွေ တစ်ခန်း...ငန်းဖမ်းလေပြီး...သီးဇာတိပ္ဖိုလ်...ထည့်သိုသွေးကျိုက်၊ ဆေးနှင့် တိုက်က...မုချချမ်းသာ လွတ်မည်သာဟု...ဆိုသဲ့အတိုင်း ဆေးကို ချင့်ပြီးတိုက်ရင် ပျောက်ပါသယ်...ဝဋ်နာကြီး ကံနာကြီး မဟုတ်ပါဘူး...သို့ပေသိ သုံးရက်လောက် တော့ စောင့်ကြည့်ရမှာပေါ့...အခုဟာက အပူကြီးလွန်းတော့ ဝမ်းများသွားတတ် သယ်...ငန်းဖမ်းတတ်သယ်...ဒါကြောင့် အပူငြိမ်းအောင် လိမ်းလည်းလိမ်း...ကန့်ကူ ဆံရေနဲ့လည်း ဝင်အောင်တိုက်..."

မလှအုံက ကလေးကို ဆေးလူးပေးတိုင်း ရှင်ဗာကုလမထေရ်မြတ်ကဲ့သို့ ရောဂါစင် ပျောက် ချမ်းသာရောက်ဟု သုံးခါရွတ်ရှာသည်။ မအိမ်ကံကတော့ ဘုရားရှင်ကိုသာ တ,နေမိ သည်ပင်။ တရှိန်ရှိန်တညီးညီး လောင်မြိုက်နေသလိုပူနေတော့ ကလေးက ကယောင်ကတမ်းတွေ ပြောနေတာတွေ ရှိပါသည်။ ဘယ်သူ့ကိုမှ မမှတ်မိသလို မျက်လုံးရွဲကြီးများဖြင့် တစ်အိမ်လုံးကို လိုက်ကြည့်သည်။ ကံလေးကိုကိုင်တော့ လက်တွေကပူ၊ ပါးကလေးကိုကိုင်တော့ ပါးတွေကပူ။ အပူကြီးရာက အတွင်းတက်တက်မှာစိုးတော့ အမေပန်းရုံက ကလေးထိန်းပြီး ကျေးဥကို အစောင့်ခိုင်းသည်။ မအိမ်ကံကလည်း တစ်ဖဝါးမခွာဘဲ သမီးအရိပ်အကဲကိုသာ ဖမ်းနေရတော့ သည်။ မအိမ်ကံက ကျောက်ကြီးရောဂါများလားလို့မေးတော့ ဆရာဆောင်က ဝဋ်နာကြီး ကံနာကြီး မဟုတ်ပါဘူးလို့တော့ ဆိုပါ၏။ အကယ်တည့် ဟုတ်ခဲ့သော်...။ မလှအုံနှင့် အမေပန်းရုံတို့ကို စိတ်ထဲစွဲထင်နေသည့် စိုးရိမ်မှုများကို မပြောမဖြစ်တော့လည်း ပြောပြရတော့ သည်။ ပွဲကတော်ကြီး မှာလိုက်သည့် စကားများနှင့်ဆက်စပ်၍ ကိုယ်ပူပြင်းပုံပြင်းနည်းကလည်း ဟုတ်မှန်လောက်သည်ဖြစ်၍ ကျောက်ကြီးရောဂါဖြစ်နေလေမလား ပြောလိုက်ခြင်းဖြစ်သည်။

"မဟုတ်သာအေ...သည်နားတစ်ကြော ဒါမျိုးဖြစ်သယ် မကြားဖူးပေါင်...ဖွဟဲ့... ဥသဖရား, ထိပ်ဖျားတံခွန်...တို့ငယ်ငယ်က ရွာလုံးကျွတ်ဖြစ်လို့ ပြေးရသာတော်... ပြေးလို့လည်း မလွတ်ပေါင်အေ...အနာလုံးကြီးတွေ ရဲယိုသီးမှည့်မှည့်လာကြရာက မျက်နှာကြီး ဖူးဖူးထတော့သာ...မြိုင်ကလေးက ရီးရီးဖျားသာပါအေ...ငါသိပါ သယ်...ရာသီကလည်း ပူသကောအေ...ဝမ်းတွင်းနံ့သဲ့သူ ထဖြစ်သာပေါ့..."

အရာရာ သိတတ်မြင်တတ်သော မလှအုံစကားကလည်း မပြစ်ပယ်သာပါ။ ဆရာ ဆောင်ကလည်း အရေးကြီးလျှင် မိန့်မှာပေါ့။ ဆေးတစ်ဖုံပေးပြီး ပြန်ကြွခဲ့လေပြီ။ သို့သော် မအိမ်ကံခမျာ မအေဆိုတော့ ပူရပါသကော။ ကိုယ့်ဝေဒနာနဲ့ကိုယ်၊ ကိုယ့်အကြောင်းနဲ့ ကိုယ် ဆိုတော့ ဆယ်ရေး တစ်ရေး ကိုးရေးတစ်ရာ ဟုတ်နေခဲ့သော် ဘယ်လိုလုပ်မလဲ။ သူတကာက

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တော့မှ ဘွာဘွာခတ်ကြရုံကလွဲလို့ အခြားမတတ်နိုင်။ တို့ကလည်း တို့ထင်သာ ပြောရသာကိုးအေရဲ့…ဆိုတာနှင့် ပြီးရတော့မည်။ မအိမ်ကံ သမီးအတွက် လက်ဦးချင်သည်။ ဆေးဦးချင်သည်။ ကိုပြေသိမ်းပြန်လာလျှင် မြင်းခြံကိုသွားပြီး အင်္ဂလိပ်ဆေးဆရာဝန်ကိုပြလျှင် ကောင်းလေမလား။ ဆရာဆောင်ကလည်း နယ်လုံးပေါက် သမားကောင်းပါပဲလေ။

ဒါတွေက တစ်နေ့လယ်လုံး တစ်ညနေလုံး ဖြစ်ခဲ့တာတွေပင်။

အမေပန်းရုံက ခြင်ထောင်လှပ်ကြည့်တာ အကြိမ်ကြိမ်။ မြေးဦးကို နဖူးစမ်းရတာ အခါခါ။ မျက်ရည်စမ်းစမ်းကျရတာ အလီလီ။ မလှအုံက အချိန်ကျသည်နှင့် ဆေးတွေလူး၊ ပါးစပ်က အန္တရာယ်ကင်းဂါထာတွေရွတ်။ ပြောရလျှင် သူတို့ကလည်း သည်အတိုင်း ထိုင်နေကြရုံပင်။ မအိမ်ကံပြောတာကို မယုံကြသလို ငြင်းဆန်ကြသော်လည်း ဟုတ်များနေမလားဆိုသည့် ဒွိဟစိတ်လည်း ရှိနေကြမှာအမှန်ပင်။

မအိမ်ကံက ကျေးဥကို တိုင်ပင်သည်။ ညဦးနက်စ,တုန်းက ကျေးဥအိပ်နေသော်လည်း တစ်မှေးသာ မှေးခြင်းဖြစ်၏။ မီးလင်းလုလု။ လရောင်က ရွာပေါ်ကျရောက်နေတာကို မြင်နေရပါ၏။

"ကျေးဥရယ်…ငါတော့ သမီးနဲ့မခြား ပူလောင်နေရသယ်…သမီးခမျာ ဝေဒနာနဲ့ မလိုက်အောင် ပူပြင်းရှာပါပကောအေ…ညည်းတောင် မညည်းနိုင်ရှာတော့ဘူး… မတော် ဖိတ်စင်…"

"အို…မဟုတ်သာအေ…မအိမ်ကံကလည်း…လူတကာ သည်လိုဖျားချင်သဲ့အခါ ဖျားကြသာပဲဟာ…သည်လိုပါပဲ…နောက်တော့လည်း ပျောက်ကြသာပါပဲ…ဆရာဆောင့်ဆေးက ညည်းငယ်ငယ်ကတည်းက မအိမ်ကံဖြစ်အောင် ထထူသဲ့ဆေးတွေပါအေ… သမားများ ကြည့်သာနဲ့ သိကြသူတွေပါ…ဆရာက စောင့်ကြည့်ဆိုသာ ကြည့်ရုံပ… မအိမ်ကံ ညည်းအိပ်ပါတော့ ငါ တလဲကြည့်မယ်…"

"မဟုတ်ဘူး ကျေးဥ…ငါပူသာ တစ်ချက်ရှိသေးသယ်…"

"ဘာများပါလိမ့်…"

"သည်ရောဂါ ဟုတ်ခဲ့သော် ရုပ်ပျက်ဆင်းပျက် ဖြစ်ကျန်ခဲ့သာသဲ့…ငါ့သမီးလေးများ မပြောကောင်း မဆိုကောင်း အဲသလိုများဆိုရင်…"

"ပြောပါ မအိမ်ကံ…ငါသိပါသယ်…ကွမ်းတောင်ကိုင် မဖြစ်မှာစိုးသာမဟုတ်လား… ညည်းစိတ်ကူးမလွဲစမ်းပါနဲ့အေ…ညည်း ငါ့သူငယ်ချင်းပါ…ငါ့ကျေးဇူးရှင်ပါ… ညနေက စားထားသဲ့ ညည်းတို့ထမင်း ဝမ်းထဲရှိပါသေးသယ်…ညည်းအစွဲကြီးလွန်းသယ်…ညည်း အကုန်ကောင်းသယ်…သည်တစ်ချက်တော့ ညည်းမဟုတ်ဘူး… တောင်ယာရှင်ကို မျောက်က နှင်သလို ဖြစ်နေရင်လည်း ငါ့ကို ပါးသာရိုက်လိုက်ပါတော့အေ…"

"မဟုတ်သာ ကျေးဥရယ်…ညည်း ငါ့ကို မဟုတ်သာ မပြောဘူးဆိုသာ ယုံပါသယ်… ငါ့ငင်တိုင်း ညည်းသိမ်းရသာ ငါအသိဆုံးပါအေ…ငါအစွဲကြီးသာမဟုတ်ပါဘူး… သည်ကိစ္စမှာ ငါ့ကိုယ်ငါ ရှုံးခဲ့သယ်လို့ ထင်နေသယ်…အဲသည့်ရှုံးက ဆူးဖြူ



တစ်ချောင်းလို ရင်ထဲ နစ်ဝင်နေသာ ငါမနုတ်နိုင်ဘူး…ဘယ်သူမှလည်း မနုတ်နိုင်ဘူး…သည်ကိစ္စမှာတော့ ခံကျူးတော့ ခံတာ ဝတ်လုံကျူးတော့ ဝတ်လုံတာ မင်းစေကျူးတော့ မင်းစေတာပဲအေ…"

ကျေးဥက မထူးတော့ပြီလို့များ တွေးမိလေသလားမသိ။ မအိမ်ကံပြောနေသမျှ ငြိမ်နားထောင်နေသော်လည်း ပြောစရာရှိတာ ပြောမှဖြစ်တော့မည်ဆိုသည့် မျက်နှာဖြင့် မအိမ်ကံကို စိုက်ကြည့်နေခဲ့သည်။

"ညည်းစိတ်ကို ငါမပြင်နိုင်ပါဘူးအေ…ညည်းက ခံစားရသူဆိုတော့ ငါကပြောနေရင် ယပ်လှဲတရားဟောသလို ဖြစ်ရော့မယ်…ငါပြောမယ်…သည်အချိန်မှာ ကလေး အသက်ရှင်ရေးကသာ အရေးကြီးသယ်…အကျည်းတန်ကျန်တော့ကော ဘာဖြစ်သလဲ…ကွမ်းတောင်ကိုင် မဖြစ်ရတော့ကော ဘာဖြစ်သလဲ…"

"ဘာရယ် ကျေးဥ…"

"ညည်းကို ငါပြောပြီးသား…ငါ့ကို ပါးသာရိုက်လိုက်တော့လို့…ငါက ညည်းတို့ အိမ်မှာ ခရေပွင့်လည်း ကောက်…စာလည်း ချောက်ရသူပါ…ငါတစ်လျှောက်လုံး နားထောင်လာခဲ့သူပါ…တစ်လျှောက်လုံး ညည်းကို အကဲခတ်လာခဲ့သယ်… တစ်နေ့နေ့ သည်စိတ်တွေ လျှော့တန်ကောင်းရဲ့…ပျောက်ပျက်တန်ကောင်းရဲ့လို့ အောက်မေ့ခဲ့သယ်…ဘုရားမှာတောင် ဆုတောင်းပါ့အေ…ညည်း ယုံသာယုံလိုက်ပါတော့…အခု ငါပြောသာက ပြောရမယ့်အချိန်မို့ပြောသာ…ညည်းစိတ်တွေ လျှော့ဖို့ကောင်းပြီ…"

ကျေးဥက ကျိတ်ငိုရင်း ရှိုက်နေခဲ့သည်။ မအိမ်ကံမှာ အနာပေါ် တုတ်ကျသလို အသားဆတ်ဆတ်များပင် တုန်ရပါ၏။ သူ့ဘဝမှာ အသက်တမျှအရေးကြီးသော ရည်မှန်းချက်ကို လျှော့ရမတဲ့လား။ မလျှော့ဘူး။ လျှော့ကို မလျှော့ဘူး။ သမီးနှစ်ယောက်စလုံး ကွမ်းတောင်ကိုင် ဖြစ်ကိုဖြစ်ရမယ်။ မအိမ်ကံ ကိုယ့်နှုတ်ခမ်းကိုသာ ဖိကိုက်ထားမိလေသည်။

သည်စကားတွေက ကျယ်ကျယ်ပြောလို့မကောင်း။ အနားမှာ မလှအုံ အိပ်နေသည်။ မလှအုံသာ နိုးနေလျှင် ကောင်းကောင်းကြားနိုင်သည်။ မြိုင်ကလေးကိုလည်း ကွမ်းတောင်ကိုင် ဖြစ်ဖို့ မျှော်လင့်နေသတဲ့ဆိုတာ အမေပန်းရုံ မသိစေချင်။ ဘယ်သူမှလည်း မသိစေချင်ပါ။ အမေသာသိလျှင် ရင်ကျိုးရှာလိမ့်မည်။ ဖြစ်ရလေသမီးရယ်…ညည်းမှာ ဒီအပင်းကြီး မကျနိုင်သေးပါလားလို့ ပြောရော့မည်။ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်လိမ့်မည်။ အနှစ်နှစ်ဆယ် လုံးလုံး သည်စိတ် သည်ဝေဒနာ ကျေပါစေတော့ရယ်လို့ ဖုံးဖိထားခဲ့ရသူခမျာ မြေးမကလေး အထိ မခန်းမခြောက် ပါလာနေသေးတာကိုများ သိလျှင် ယူကျုံးမရ ဖြစ်ရှာလိမ့်မည်။

"အေးလေ…ငါ့ရင်ထဲမကောင်းဘူး…ငါ့လင် စစ်ထွက်တုန်းက ငါသည်လောက် ဗလောင်မဆူခဲ့ဘူး…အဖေသေတုန်းကလည်း ငါသည်လောက် ယောက်ယက်မခတ်ခဲ့ဘူး…အခုဟာက ငါမျှော်မှန်းထားမှန်းသိလို့ အကုသိုလ်က သက်သက်ဝင်ဖိစီးသာ…ငါ့သမီးကျမှ သည်လိုဖြစ်ရလေခြင်းရယ်လို့ သူတကာ့သားသမီး ဖြစ်ပါတော့လားလို့ ပြောချင်သာ မှုတ်ပါဘူးအေ…ငါမယုတ်ညံ့ပါဘူး…အခုဟာက မုန့်သည် မယားလုပ်ပြီး မုန့်အနားသား စားရသာမျိုး ဖြစ်နေလို့ပါ…"

www.burmeseclassic.com

www.burmeseclassic.com

ကျေးဥက ဒူးပေါ်မေးတင်ကာ-မအိမ်ကံကို ခပ်ငေးငေးကလေး ကြည့်နေပါ၏။ တကယ်တော့ မအိမ်ကံကို သည်လိုကဏ္ဍကောစ မတိုက်ချင်ပါ။ မတိုက်လည်း မတိုက်ဝံ့ရဲခဲ့ပါ။ သို့သော် မအိမ်ကံထင်သလိုသာ မြိုင်ကလေး တစ်ခုခုဖြစ်သွားလျှင် မအိမ်ကံ ရူးလောက်သည်။ ငယ်ပေါင်းဆိုတော့ မအိမ်ကံအကြောင်း အူမချေးခါးသိပြီးသား။ မအိမ်ကံ မကြိုက်သည့်စကားကို ပြောမိရပြီ။ ကျေးဥက စကားလွှဲလိုက်သည်။

"ကလေးဖြစ်ရသာ ငါ့အပြစ်လည်း ပါပါသယ်အေ...အဲသည်မနက်က ညည်း ရက်ကန်းရုံထဲ အလုပ်များနေတော့ မြိုင်ကလေးက တို့နဲ့လာဆော့နေသာ...ခဏနေတော့ ထမင်းစားမလားမေးသာ မစားချင်ဘူးသဲ့...ဒါနဲ့ အိမ်ပေါ်တက်သွားသာပဲ... ရိုးရိုးဖျား ထင်ပါရဲ့အေ...စောင့်ကြည့်ပါဦး..."

မအိမ်ကံနှင့်ကျေးဥ စကားတွေ ပြောနေကြတာကို မလှအုံ ကြားနေရပါသည်။ မလှအုံ နိုးနေတာကြာပြီ။ မအိမ်ကံပြောနေသည့်စကားတွေကြားသလို ကျေးဥပြောနေတာ တွေလည်း လုံးစင်လုံးကောက်ကြားပါ၏။ မလှအုံ အသာမှိန်းနေရလေပြီ။ မအိမ်ကံ၏စိတ်ကို သိလိုက်ရတော့ အံ့သြလွန်းရပါသည်။ မအိမ်ကံကို စိတ်ပြင်ပါတော့လို့ အနူးအညွတ်ပြော နေသည့် ကျေးဥကိုလည်း ကျေးဇူးသိတတ်လေခြင်းလို့ အောက်မေ့ရပါ၏။ မလှအုံခမျာ ခန္ဓာကိုယ်မလှုပ်သော်လည်း စိတ်တွေ ပြေးလွှားနေရပြီ။ မအိမ်ကံ ဖက်စိမ်းကွမ်းတောင် မကိုင်ခဲ့ရတာကို နာကျည်းမှန်းသိခဲ့သော်လည်း သည်လောက်အထိ ပါလာလိမ့်မည်မထင်ခဲ့။ ဒါဆိုလျှင် မောင်ပြေသိမ်း စစ်ထွက်တုန်းကလည်း မအိမ်ကံ ခံစားခဲ့ရမှာပဲပေါ့။ အကယ်၍ စစ်မြေပြင်မှာသာ မောင်ပြေသိမ်း ကျခဲ့ပြီဆိုပါတော့။ မြိုင်ကလေး ကွမ်းတောင်ကိုင်ဖြစ်စရာ မရှိ။ ဒါနဲ့တောင် မအိမ်ကံ ဣန္ဒြေကောင်းခဲ့လှချည့်လား။ သည်ကိစ္စ ရီးပန်းရုံ သိလို့မဖြစ်။ အကြောင်းဆိုက်လာခဲ့သော် သူလည်း ဖျောင်းဖျရတော့မည်။ ကျေးဥနှင့်မအိမ်ကံ စကားစပြတ် သွားတော့မှ မလှအုံ လှုပ်လာပါ၏။

"ဟောတော်...ငါ အိပ်ပျော်သွားချက်တော့...ကလေးလည်း ကြည့်ကြပါဦးဟယ်... ငါ့မြေး အိပ်ပျော်နေသယ်ထင်ပ...နိုးရင် ဆေးလူးကြစို့...ကျေးဥ ဆန်ပြုတ်ကလေး တစ်ဆုပ် ပြေးကျိုစမ်း...မအိမ်ကံ အိပ်လိုက်တော့...အစ်မကြည့်မယ်...ကနေ့ မောင်ပြေသိမ်း ရောက်ကောင်းပါရဲ့..."

"ပြောသွားပုံတော့ သည်ကနေ့ ရောက်ရက်ပဲ...မပြောတတ်ပေါင် မလှအုံရယ်... သမီးနဲ့မှ တိုက်တိုက်ဆိုင်ဆိုင်..."

"သြော်...သူလည်း ဖအေပါဟဲ့...ကျောင်းလည်းပါရ ရက်ကန်းရုံလည်းပါရ...သွားဆို သွားရှာပါသယ်...စိတ်မပူပါနဲ့...ငါ့မြေးက ဝက်သက်နေမှာပါ...ဝက်သက်များ ထွက်ကာနီး ပူသယ်..."

ကျေးဥဆင်းသွားသော်လည်း မလှအုံက ဘာမှမကြားသလိုနေခဲ့သည်။ မိုးစင်စင်လင်းပြီ ဖြစ်၍ အိမ်အောက်ဆီက ဆွမ်းခံကိုယ်တော်တွေ အရဏ်ဆွမ်း အိမ်စဉ်ရပ်တော်မူကြတာ ကြားရပြီ။ မအိမ်ကံက မျက်လုံးတွေကို မှေးရင်းက အိပ်ပျော်သွားရှာပါ၏။ သည်တော့မှ မလှအုံမှာ မျက်ရည်တွေ သွန်ကျလာခဲ့ရသည်။ သည်အိမ်ကြီးမှာ ပွဲဦးအပျိုတော်ထွက်ပါပြီ ဆိုကတည်းက ကန်တော့ပွဲကြီး ရွက်ခဲ့ရသူ။ အခုတော့ မိုးလင်းကာနီးပြီ။ နှစ်ပါးသစ္စာထား တွေလည်း ငြိုးငြီ





...ခန်းချခဲ့ကြပြီ။ မအိမ်ကံခမျာ ဘယ်ဘဝက ရေစက် ဘယ်ဘဝက အကြောင်း များလည်း ...သိ။ ပုတ်ကျဲတော့ နချေး (နွားချေး) ဝင်သတဲ့။ ဘဝအကြောင်း ကံကျဲသခိုက် အကုသိုလ်တွေ ...မ့်ဝင်တာမျိုးပင်။

အမေပန်းရုံ အိမ်ပေါ်တက်လာသည်။ မလှအုံက မျက်ရည်သုတ်ရင်း အသံမထွက်ဖို့ ...လက်ရိပ်ပြပါ၏။ မြေးကလေးကို နဖူးစမ်းကြည့်တော့ ငွေ့ငွေ့ကြီး ပူနေသေးသည်။ ချွေးတွေ ...လည်း ရွှဲလို့။ မလှအုံက အင်္ကျီလဲပေးဖို့ပြင်သည်။ အင်္ကျီမလဲခင် ဆေးလူးရပါ၏။ ဆရာဆောင့် ...ဆေးက ဆေးပတ် မလည်သေးလို့လားတော့ မသိ။ သိသိသာသာ အပူကျသွားတာမျိုး မရှိသေး။

"ညည်း ညီမက ဘာသဲ့လဲ လှအုံ..."

"ဘာမှမပြောရှာပါဘူး...မောင်ပြေသိမ်းလာရင် မြင်းခြံမှာ အင်္ဂလိပ်ဆရာဝန်နဲ့တော့ ပြချင်သသဲ့..."

"အေးလေ...သူတို့သဘောပေါ့..."

အမေပန်းရုံ ဆင်းသွားတော့ မအိမ်ကံ အိပ်နေတာကို မလှအုံ စိုက်ကြည့်နေရှာလေ သည်။

■

နောက်တစ်ရက်တွင် ကိုပြေသိမ်း ပြန်ရောက်လာသည်။ ရက်ကန်းပစ္စည်းနှင့် ဆိုးဆေး ထုပ်တွေ ပါလာခဲ့သည်။ ရောက်ရောက်ချင်းပင် သမီးကြီး နေမကောင်းကြောင်း မအိမ်ကံက ပြောပြသည်။ ကိုပြေသိမ်းခမျာ ထမင်းပင် မစားနိုင်သေးဘဲ သမီး၏အခြေအနေကို စိုးရိမ်တကြီး တက်ကြည့်ပါ၏။ အဖျား မကျသေး။ သုံးရက်ရှိပြီဖြစ်သော်လည်း ကိုယ်သားကိုယ်ရေက အပူအား ကြီးနေသေးသည်။ ကိုပြေသိမ်းက ပိတ်ထားသည့် တံခါးတွေ ဖွင့်ခိုင်းသည်။ ပိတ် ခြင်ထောင်ကြီးကို ဖြုတ်စေသည်။ လင်းလင်းချင်းချင်းဖြစ်အောင်နှင့် လေကောင်းလေသန့် ရအောင် စီစဉ်ပေးခြင်း ဖြစ်သည်။ မအိမ်ကံကတော့ လေတဖြူးဖြူးတိုက်နေတာကို စိုးရိမ်နေပါ ၏။ လေမိပြီး ချွေးငုတ်မခံနဲ့လို့ မလှအုံ မှာထားတာမဟုတ်လား။

"အိမ်ကလေးတို့က တံခါးတွေလည်းပိတ်...ပိတ်ခြင်ထောင်ကြီးကလည်း ချထားလေ တော့ ကလေးက ဘယ်လန်းပါ့မလဲ...တကယ့်ကို လူမမာကြီး ဖြစ်နေတော့တာပဲ... ဒါမျိုးက လေနဲ့အလင်းရောင် လိုတယ်...ကြည့်စမ်းပါဦး ဒါ ကလေးကို ခြုံပေးတဲ့ စောင်ကြီးတွေလား...ဖယ်...ဖယ်...ဖယ်ပစ်လိုက်..."

ကိုပြေသိမ်း လုပ်ကိုင်နေတာကို မအိမ်ကံ ဘာမှမပြောဘဲ ကြည့်နေလိုက်သည်။ သူတို့ ...ပညာတတ်တွေ စဉ်းစားတာ တစ်မျိုးပါလားလို့သာ သဘောထားလိုက်သည်။ ကိုပြေသိမ်း က ...ဗမာဆေးဆရာကြီး ဆရာဆောင်ပေးသည့် ဆေးတွေကိုကြည့်ကာ အသာပြန်ချထားသည်။ ဘာမှတော့မပြော။ သမီး၏ နဖူးတွေ၊ ချိုင်းတွေ၊ လည်ပင်းအောက်တွေ စမ်းသည်။ မျက်ခမ်း ...ကြည့်သည်။ လျှာထုတ်ခိုင်းသည်။

"အိမ်ကလေးတို့ မြင်းခြံကို သွားကြဖို့ကောင်းတယ်...ဒေါက်တာဆင်း ဆေးတိုက်ကို ပြရမှာပေါ့...ဟိုမှာနေရမယ်ဆိုရင်လည်း အစ်ကို့ညီ ရှိနေတာပဲ...ပွဲကလေးကြီးတို့

www.burmeseclassic.com

www.burmeseclassic.com

ကိုဝေဠုတို့လည်း ရှိတာပဲ…ဗမာဆရာနဲ့ ရွာမှာတင် ကုနေလို့ ဘယ်ပျောက်ပါ့မလဲ…ဆေးတစ်မျိုးနဲ့ ရေလဲလုပ်နေလို့ မရဘူး…"

မအိမ်ကံ ဘာမှပြန်မပြောခဲ့ပါ။ ဖအေဆိုတော့ စိုးရိမ်လို့ပြောနေတာလို့ပဲ အောက်မေ့လိုက်သည်။ ကလေးက ရိုးရိုးဖျားတာမဟုတ်၊ ရောဂါ ကြီးမလာခင် အပူပျိုးနေတာပါလို့လည်း ပြောဖို့ခက်သည်။ ဒါတွေကလည်း မအိမ်ကံ၏အထင်သာ ဖြစ်၏။ မအိမ်ကံတို့လည်း ဗမာဆေးနှင့် ကြီးခဲ့ရသည်မဟုတ်လား။ မအိမ်ကံမှ မဟုတ်။ ကျေးလက်တောရွာမှာ ဗမာဆေးကိုပဲ အားကိုးရသည်။ ခေတ်အင်္ဂလိပ်ဆေးဝါးတွေကို သုံးလေ့သုံးထမရှိကြတော့ ဘယ်သူကမှ အာရုံမရှိ။ အင်္ဂလိပ်ဆေးဝါးတွေလည်း ကောင်းချင်ကောင်းပါလိမ့်မည်။ သို့သော် ကိုယ့်ဆေးကိုယ့်ဝါးကိုလည်း မပစ်ပယ်သာ။ ကိုပြေသိမ်းက များများမပြောတော့ဘဲ ရေမိုးချိုး ထမင်းစားသည်။ မျက်နှာတော့ မကောင်း။ မအိမ်ကံကလည်း လင်ပြန်လာလျှင် သူစိုးရိမ်နေတာတွေ ပြောပြဖို့ အားခဲထားသော်လည်း လင်ဖြစ်သူက ရောက်ရောက်ချင်း အပြစ်တင်နေတော့ အသာငြိမ်နေရပြန်သည်။

သမီးဖျားတာ သုံးရက်ရှိပြီ။ မအိမ်ကံ စိုးရိမ်သလို အဖုတွေ အပိန့်တွေ ထွက်လာတာတော့ မရှိ။ တချို့ လူမမာလာမေးကြသူတွေကတော့ ကန်ဆေး ပွင့်ဆေးတွေတိုက်ဖို့ အကြံပေးကြသည်။ အနာထွက်စရာရှိတော့ မြန်မြန်ထွက်သည်။ နို့မို့ ကလေးခံရသည်ဆိုတာလည်း ပါတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ဆရာဆောင်ကတော့ နေ့စဉ် လာကြည့်ပါသည်။ လူနာကို လာကြည့်ပေးပြီး ပေးစရာရှိသည့်ဆေး ပေးပါ၏။ မလှအုံက ကလေးခံတွင်းလိုက်အောင် ငါးရံ့လုံးငါးပိကောင် ထွက်ရှာသည်။ ထမင်းဆီဆမ်းနှင့် ဟင်းချိုကလေး စီစဉ်သည်။ မအိမ်မြိုင်ခမျာ သုံးရက်လုံးလုံး မှိန်းနေရသည့်အပြင် ထမင်းပါမစားနိုင်တော့ ပါးပါးလျားလျားကလေး ဖြစ်သွားခဲ့သည်။ ကိုပြေသိမ်းက သမီးကိုကြည့်ရင်း စိတ်မချမ်းသာ။ ကိုပြေသိမ်း ထမင်းစားပြီးတော့ ကလေးကို အိမ်ကြီးပေါ်မှ အောက်သို့ ပခုံးပေါ်မှောက်ပြီး ဆင်းလာခဲ့သည်။ မအိမ်မြိုင်က ဖအေချစ်ဖြစ်၏။ ဖအေပြန်လာတော့ ပိုလို့တောင် ချွဲနေလိုက်သေးတော့၏။

"အမေတို့ အစ်မအုံတို့ကလည်း သမီး သည်လောက်ဖျားနေတာကို မြင်းခြံက ဒေါက်တာဆင်း ဆေးတိုက်ကို လွှတ်မှပေါ့…သမီးက သုံးရက်လုံးလုံး အဖျားမကျဘူးဆိုတာ မကောင်းဘူး…ဆေးတစ်ချောင်း နှစ်ချောင်းထိုးလိုက်ရင် သည်လောက်ဘယ်ခံရပါ့မလဲ…"

ကိုပြေသိမ်းက အမေပန်းရုံနှင့် မလှအုံတို့ကို အပြစ်တင်သည်။ မြင်းခြံကို ဖြစ်ဖြစ်ချင်း မသွားရကောင်းလား ပြောနေခြင်းဖြစ်၏။ အမေပန်းရုံကတော့ ဘာမှမပြောပါ။ သားမက် ပညာတတ်ကျောင်းဆရာက ပြောနေတာဆိုတော့ ငြိမ်နေခဲ့သည်။ မလှအုံက ထမင်းဆီဆမ်း ပြင်နေရာက ကိုပြေသိမ်းကို ဖျန်းခနဲ လှမ်းကြည့်သည်။ ကြည့်ရုံသာရှိ၍ တွေတွေထူးထူးတော့ မပြောပါ။ ကိုပြေသိမ်းက ဗမာဆေးတွေက ရောဂါနှင့် တိုက်ရိုက်မထိဘဲ အာနိသင်ပဲ နည်းသလိုလို ဆက်ပြောနေသည်။ မလှအုံက ကိုပြေသိမ်းရောက်ကတည်းက မအိမ်ကံကို အပြစ်တင်နေတာကို သည်းခံလို့သာ နေနေရပါ၏။ သည်တစ်ခါတော့ ပြန်ပြောဦးမှဆိုသည့်ပုံနှင့် လေပျော့ကလေးနှင့် ဝင်ပြောလိုက်သည်။



"မောင်ပြေသိမ်းရယ်…ကောက်ကာငင်ကာဖြစ်သာကွယ့်…ဖြစ်ဖြစ်ချင်းတုန်းကများ သံပြားပူကြီးတစ်ချပ်လို ခြစ်ခြစ်တောက်လို့…တို့လည်း ဆရာဆောင်ပင့်ပြီး ကုသာပဲ…မြင်းခြံတော့ ခေါင်းထဲမရောက်ပေါင်ကွယ်…ကလေးကို လေတိုးကြီးထဲ ဖျားရက်နဲ့ ခေါ်သွားလို့ ဘယ်ဖြစ်ပါ့မလဲ…မြင်းခြံနဲ့ဖောင်ချမ်းကုန်း ခရီးနီးမှတ်လို့…"

"အဲဒါ ခက်တာပေါ့ဗျာ…ကလေး လေတိုးမှာတို့ ညှော်မိမှာ ကြောက်တာတို့နဲ့…ကလေး အခန်းထဲ လှောင်ပိတ်ထားကြတော့ ပိုဆိုးတော့တာပေါ့…"

"မခက်ပါဘူးတော်…မြင်းခြံတောင် မဟုတ်ပါဘူး…ရန်ကုန်မြို့သွားလည်း ဖြစ်ပါသယ်…ရှင်အိမ်ကံ့သမီးဟာ ငါတို့သွေးပါကွယ့်…မောင်ပြေသိမ်းက သမီး၊ ငါက တူမပါ…တို့တောတော့ တောဘာသာအလျောက် သည်လိုကြီးခဲ့ရသာပါ…အင်္ဂလိပ်ဆေးက အင်္ဂလိပ်ဝင်လာမှ ပေါ်လာသာပါ…တို့ဆေးက ဘိုးဘွားမိဘများလက်ထက်ကတည်းက ရှိခဲ့သာပါ…တို့မြတ်စွာဘုရားတောင် ဇီဝကကြီးက ကုခဲ့ရသာပါကွယ့်…မင်းနှယ်…"

မလှအုံကို မအိမ်ကံပင် အံ့သြမိရပါ၏။ ကိုပြေသိမ်းကို ချက်နှင့်လက်နှင့် ပြန်တွယ်နေတော့ မအိမ်ကံပင် မဝင်သာ။ ကိုပြေသိမ်းကကော ဘာဖြစ်လို့များ သည်လိုဘဲ့တိုက်နေရတာပါလိမ့်။ တစ်ခုခုတော့ ဖြစ်လာခဲ့ပုံရသည်။ အမေပန်းရုံကတော့ မလှအုံနှင့် ကိုပြေသိမ်းတစ်ယောက်တစ်ခွန်း ဖြစ်နေကြတာကို စိတ်မကောင်းဖြစ်ပုံရသည်။ အပြင်ဘက် ထွက်သွားခဲ့ပါ၏။

"ပျောက်ရင် ပြီးတာပါပဲဗျာ…"

"ပျောက့်ပါ့တော်…ပြဒါးဝိဇ္ဇာ ဆေးဝိဇ္ဇာ မန္တာန်ဝိဇ္ဇာဆိုသာတွေ အလကားဖြစ်ရရော လား…နံ့သာမျိုးဆယ်ပါးမလွတ်သဲ့ ဆေးဝါးများ အာဂမှတ်လို့…"

မလှအုံကလည်း တစ်ခွန်းမခံ၊ ကိုပြေသိမ်းကလည်း ကပ်ဖိုးကပ်ဖဲ့။ ကြားထဲက မအိမ်ကံ စိတ်ညစ်ရပြီ။ မအိမ်ကံကတော့ သုံးရက်မြောက်သည်အထိ အဖျားမကျတာကို စိတ်ပူသော်လည်း ကျောက်ကြီးရောဂါလက္ခဏာ မပေါ်လာလို့ တစ်စိတ်တော့ အေးရပါ၏။ အရှင်းမပျောက်သေးတော့လည်း ပြောဖို့တော့ ခက်သားပင်။ မလှအုံက သမီးကို ထမင်းခူးကျွေးဖို့ မီးဖိုထဲ ဝင်သွားတော့၏။ သည်တော့မှ ကိုပြေသိမ်းကို ပြောစရာရှိတာ ပြောရသည်။

"အစ်ကိုကလည်း အိမ်ကလူတွေမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး… တစ်အိမ်လုံးကို ပျာလို့…မအိမ်ကံတို့တောမှာ နေမကောင်းထိုင်မသာဖြစ်ရင် ကိုယ့်ဆေးနဲ့ကိုယ် ပြီးကြရသာပါ…အင်္ဂလိပ်ဆေး သွားထိုးချေဦးမယ်ဆိုသာ ခေါင်းထဲမရှိကြဘူး… မအိမ်ကံ ပူသလို သူတို့ခမျာလည်း ပူကြရှာသာပါပဲ…နေ့မအိပ် ညမအိပ် ပြုစုကြရှာပါသယ်…အစ်ကိုက အဲသလိုပြောနေတော့ သူတို့ ဘယ်စိတ်ကောင်းပါ့မလဲ…"

"အေးပါလေ…အစ်ကိုက ဗမာဆေးတွေ ညံ့တယ်မပြောပါဘူး…မြန်မြန်ပျောက်စေချင်လို့ပါ…အစ်ကိုတို့လည်း ဗမာဆေးနဲ့ ကြီးခဲ့ရတာပါပဲလေ…အိမ်ကလေးတို့က ရိုးလွန်းကြလို့ပြောတာ…ခေတ်ကာလ ဆေးဝါးတွေက ခေတ်မီနေပြီ…ဒါကိုပြောတာပါ…မသက်သာလည်း အစ်ကိုတို့ မြင်းခြံပြေးကြတာပေါ့…"

သည့်ထက်ပြောနေရင်လည်း ရန်ဖြစ်ရုံဆိုတော့ မအိမ်ကံ စကားမဆက်တော့။ ကိုပြေသိမ်းက မအိမ်ကံလက်ထဲ ကလေးထည့်ပေးထားခဲ့ပြီး အင်္ဂလိပ်စာအုပ်တစ်အုပ်ကိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com

သရက်ပင်ရိပ်က ကွပ်ပျစ်ဆီ ထွက်သွားခဲ့ပြီ။ မလှအုံက ထမင်းဆီဆမ်းနှင့် ငါးရံ့လုံးငါးပိကောင်နှပ်၊ ပဲရွက်ဟင်းချို ပူပူကလေးကို လင်ပန်းတစ်ချပ်နှင့် ချူးလာခဲ့ပြီး မအိမ်မြိုင်ကို ထမင်းခွံ့ဖို့ပြင်သည်။ ဆန်ပြုတ်တွေချည်း သောက်နေရသည့် မြိုင်ကလေးက ထမင်းခွံ့တော့ စားရှာပါသည်။ သမီးကို ကျွေးနေသည့် ငါးရံ့လုံးငါးပိကောင်နံ့က မွှေးနေတော့ မအိမ်ကံပင် ဝမ်းဟာလာခဲ့သည်။ မလှအုံကိုလည်း ချော့ချင်သည်။

"မလှအုံ...မအိမ်ကံဖို့ပါ ထမင်းဆီဆမ်းလုပ်ပေးဦး...မလှအုံ သမီးကိုကျွေးတာ ကြည့်ပြီး မအိမ်ကံပါ ဆာလာပြီ..."

"ညည်းယောကျ်ား မောင်အင်္ဂလိပ်ကို မေးပါဦးအေ...တော်ကြာ တောစာကျွေးသယ် ဖြစ်နေပါဦးမယ်...ခုနင်က ငါနားကြားပြင်းကပ်လို့ ပြောသာပါအေ...မအိမ်ကံရယ်...ညည်းတို့ ငါတို့က ခေတ်ပညာ ခေတ်စာ မတတ်ကြပေသိလို့ ငါတို့ဘဝနဲ့ ငါတို့ ဘယ်လိုနေထိုင်စားသောက်ရမယ်...ဘယ်လိုဆိုရင် အကျိုးယုတ်သယ်...ဘယ်လိုဆိုရင် အကျိုးရှိသယ် သိကြပါသယ်အေ...ညည်းတို့ငါတို့က ဆွေကြီးမျိုးကြီး ဂိုဏ်းကြီး ကျိုင်းကြီးက ဆင်းသက်လာသာပါအေ့...တစ်သက်လုံး မိကျောင်းမှန်လို့ ရေဆန်ခဲ့ကြသာပါ...ညည်းယောကျ်ားက တစ်ခါတလေ တို့ကို မိကျောင်းမထင် သစ်တုံးထင်မှာစိုးလို့ ငါပြောရသာ...စိတ်ဆိုးလည်း မတတ်နိုင်ဘူးအေ..."

မလှအုံက သည်လိုပြောခဲ့သည်။ ကိုပြေသိမ်းကိုလည်း ချစ်ရှာသည်။ အားလည်းကိုးရှာပါ၏။ ဂုဏ်လည်း ယူရှာပါ၏။ ကိုပြေသိမ်းကလည်း အဖေတို့ အမေတို့သာမက အားလုံးကို ချစ်ခင်မှန်း မအိမ်ကံသိပါ၏။ အခုလည်း သမီးဖေနှင့် ပြောတာဆိုတော့ အပြစ်တင်ချင်လို့လည်း မဖြစ်။ မလှအုံပြောနေတာကလည်း သဘာဝကျသည်။ တောသူတောင်သားဆိုပေသိ ကိုယ့်ရိုးရာနှင့်ကိုယ် ကျက်သရေရှိရှိ ဂုဏ်ရှိရှိ နေနိုင်ကြ၊ နေခဲ့ကြသူတွေပင်။ မလှအုံတို့မိသားစုကလည်း စားစရာမဲ့ နေစရာမဲ့မဟုတ်။ မအိမ်ကံ မမွေးခင်ကထည်းက သည်အိမ်ကြီးကို မိသားစုလိုက် ရောက်လာခဲ့ကြသူတွေ။ မလှအုံတို့မိသားစုရှိလို့လည်း သည်အိမ်ကြီးမှာ အစစအရာရာ မျက်နှာလွှဲရသည်။ အိမ့်ဗာဟီရတွေမှာ မလှအုံတို့သားအဖတစ်တွေလက် မရောက်သည့်နေရာမရှိ။ မအိမ်ကံအဖို့တော့ မလှအုံသည်ပင် ဒုတိယမအေ ဖြစ်ခဲ့သည်။ နောက်ဆုံး မလှအုံချွေးမ ကျေးဥအထိ မအိမ်ကံ ခင်တွယ်အားကိုးခဲ့ရသည်။

သားအမိနှစ်ယောက် ထမင်းတွေ မြိန်မြိန်ကြီးစားနေတာကို မလှအုံက ပြုံးပြီးကြည့်နေခဲ့သည်။ မအိမ်ကံက သမီးကို ကိုယ်ပူမပူ စမ်းကြည့်သည်။ နည်းနည်းတော့ အဖျားကျသွားသည်။ ချွေးကလေးတွေ စို့လို့။ မျက်လုံးကလေးတွေ ဝိုင်းကြည်လို့။ သမီးကိုကြည့်ရင်းက မအိမ်ကံ စိတ်ထဲကစကားတွေ ပြောဖြစ်ပါ၏။

"မြိုင်ကလေးရယ်...ငါ့သမီး ကျောက်ကြီးရောဂါမဖြစ်တော့ဘူးဆိုရင် အမေ ဝမ်းသာပါပြီအေ...ငါ့သမီး အရုပ်ဆိုး အကျည်းတန်မှာများ အမေကြောက်လှချည့်...ကိုယ်ပူကျသွားရင် အမေ စိတ်ချမ်းသာပါပြီ...ဘုရားသိကြားမလို့ သမီးကလေး ဘေးဘယာဝေးကွာ ပါရစီ..."

အမေပန်းရုံရောက်လာပြီး မြေးမနဖူးကလေးကို စမ်းသည်။

"ငါ့မြေး အဖျားလျော့သလားလို့ လှအုံ...ဟုတ်ကဲ့လား..."



"အဖျားကျသွားပါပြီတော်...နလန်တောင် ထပေါ့...မနက်ဖြန် ထ,မပြေးတော့ ပြော...ဆရာဆောင့်ဆေး စွမ်းပါသယ်ဆိုနေမှ...အင်္ဂလိပ်ဆေး မလိုပေါင်တော်..."

"လှအုံရယ်...ညည်းကလည်း စိတ်လျှော့ပါအေ...ဟိုခမျာ ဖအေဆိုတော့ ပူပန်လို့ ပြောရှာသာပါ..."

"ကျုပ်တို့က သာပြီးပူတော့မပေါ့တော်...ဖအေက စိတ်မထင်လို့ ဖုတ်ဖက်ခါထ,သွားရင် ဖြစ်သေးသယ်...ကျုပ်တို့က သည်ကလေးတွေနဲ့ တစ်သက်လုံးနေရမှာအရိုးရဲ့...ခုပဲ ရှင်အိမ်ကံကို ပြောနေရသာ...ညည်းယောကျ်ားက ဖျင်မြင်တိုင်း ပင်နီမှတ်နေသာလို့..."

အမေပန်းရုံကတော့ ပြုံးသည်။ မလှအုံက လူကိုယ်ရိုးပုံရိုးလက်နှင့် နှုတ်ရေးကြွယ်သည်။ မြိုင်ကလေး ထမင်းတွေစားသည်ဆိုတော့လည်း မလှအုံ အစီအမံတတ်ရှာလို့ဆိုတာသိပါ၏။ မအိမ်ကံကတော့ အမေပန်းရုံ စိတ်ချမ်းသာတာတွေ့တော့ ဝမ်းသာရပါ၏။ သမီးကလေး နေကောင်းစပြုလာတော့ သူပါ ရင်ကလေးငြိမ်းရသည်။ မလှအုံက ထမင်းဆီဆမ်းနှင့် ပဲရွက်ဟင်းချို ထပ်ယူလာပြီး အမေပန်းရုံကိုပါ စားစေပါ၏။ အမေပန်းရုံလည်း အခုမှ ထမင်းစား ဖြောင့်ရှာတော့သည်။ စားရင်းက အမေပန်းရုံ တစ်စုံတစ်ရာ သတိရသွားပုံပေါ်သည်။

"သမီး...မောင်ပြေသိမ်းစားဖို့ တစ်ခုခုလုပ်ပေးဦးလေ...ခမျာ စာဖတ်ရင်း စားရအောင်လို့...ရေနွေးကြမ်းကလေးနဲ့ လက်ဖက်ကလေး သုပ်လိုက်ပါလား..."

"ဟုတ်ကဲ့ အမေ..."

မလှအုံက ထမင်းစားနေသည့် မအိမ်ကံကို ဆက်စားစေသည်။ သူပဲ လက်ဖက်သုပ်သွားပေးမည်ဆို၏။

"နေ နေ မအိမ်ကံ...အစ်မသွားလိုက်မယ်...ငါ့မောင် ချော့ရချေသေးအေ...လက်ဖက်ကို အင်္ဂလိပ်လို သုပ်လိုက်ရဦး..."

မအိမ်ကံမှာ ထမင်းသီးအောင် ရယ်မိသည်။ ဘာပဲပြောပြော မအိမ်ကံတို့မိသားစုနှင့်လာနေရမှတော့ လင်သားကို စိတ်မဆင်းရဲစေချင်။ နေရသည့်အိမ်က အပြစ်တင်ကြသည် မထင်စေချင်။ ကာယကံရှင် မလှအုံက သွားချော့မည်ဆိုတော့ လူကြီးတွေများ အမြော်အမြင်ရှိလေခြင်းလို့လည်း တွေးမိရပါ၏။ တစ်ခုတော့ မအိမ်ကံရင်ထဲမှာ ရှိနေသည်။ မလှအုံပြောလိုက်သည့်စကားထဲက 'ဖအေက စိတ်မထင်လို့ ဖုတ်ဖက်ခါထ,သွားရင် ဖြစ်သေးသယ်...ကျုပ်တို့က သည်ကလေးတွေနဲ့ တစ်သက်လုံးနေရမှာ အရိုးရဲ့...' ဆိုသည့်စကားဖြစ်သည်။ သည်လင် သည်မယား၊ သည်ဖအေ သည်သမီး ဖုတ်ဖက်ခါသွားစရာမရှိ။ မလှအုံက ကိုပြေသိမ်းကို စိတ်ချသေးပုံ မပေါ်။ ဒါကြောင့်လည်း သည်စကားပြောလိုက်လေသလား။ ရိုးရိုးတန်းတန်းပြောတာလည်း ဖြစ်နိုင်တာပါပဲလေ။

မအိမ်ကံထမင်းစားပြီးတော့ သမီးကို ဆေးလူးပေးသည်။ ဆရာဆောင့်ဆေး တိုက်သည်။ ပြီးတော့ သမီးဘေးမှာပဲ လှဲနေလိုက်သည်။ သမီးက စကားတွေပြောနေတာကို နားထောင်နေခြင်း ဖြစ်၏။ ခိုင်ကလေးကတော့ ဖအေရောက်ကတည်းက မအေနား မကပ်တော့။ မလှအုံ ရောက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မောင်ပြေသိမ်းက တောင်းပန်ရှာသယ်...ကျွန်တော်လည်း ခရီးရောက်ရောက်ချင်း ဆိုတော့ ပူပန်သွားမိလို့ပါသဲ့...သမီးတွေကို အစ်မအံ့လက် အပ်ပါသယ်သဲ့တော်... ပြောရှာပါသယ်အေ..."

ကိုပြေသိမ်း တောင်းပန်လိုက်သည်ဆိုတော့လည်း မအိမ်ကံ စိတ်ကြည်နူးမိရပါ၏။ အိမ်ဆိုမှတော့ ဝင်ပေါက်လည်းလွယ် ထွက်ပေါက်လည်း လွယ်ရမှာပေါ့လေ...။

■

ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်။

ပူပြင်းလှသော နွေခေါင်ခေါင် ရက်တစ်ရက်တွင် ထနောင်းတိုင်ရွာကြီးတွင် ခင်မင်ခဲ့ရသော ကိုကံကြီးမောင်ဆိုသူ ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာခဲ့သည်။ ဘယ်ကဘယ်လို ဖောင်ချမ်းကုန်းကို ကူးလာသည် မသိရ။ ထနောင်းတိုင်ရွာတွင် တွေ့ခဲ့ရသလို အင်္ကျီကြွေတိုက်နှင့် ကြော့ကြော့ကလေး မဟုတ်တော့။ လည်ကတုံးအင်္ကျီက ချေးလက်လေးသစ်ထလျက်ရှိကာ ပုဆိုးကတော့ မြောက်ပြင်ထည်ခပ်လတ်လတ်နှင့် ဖြစ်ပါ၏။ ပိုလိုဘူးတစ်ဘူးနှင့် ဒန်မီးခွက်ကိုတော့ လက်တွင်း ဆုပ်ထားမပျက်။ ကိုကံကြီးမောင် ရောက်လာချိန်တွင် ကိုပြေသိမ်းက ကျောင်းကို ရောက်နေခိုက်ဖြစ်၏။ မအိမ်ကံနှင့် မျက်မှန်းတန်းဖူးသည်ဖြစ်၍ အိမ်မှာပဲ ဧည့်ခံထားလိုက်သည်။ မအိမ်ကံက ကိုကံကြီးမောင်ကို ဧည့်ခံရင်းက ကိုပြေသိမ်းဖတ်သည့် စာအုပ်တွေအကြောင်း စိတ်ရောက်သွားခဲ့သည်။ အတော်ပဲ။ သည်အချိန်မှာ မသိမသာမေးလျှင် အစွန်းအစတော့ ရနိုင်သည်။

"ကိုကံကြီးမောင်တို့များ ကျွန်မအိမ်ကကျောင်းဆရာကို ဘာစာအုပ်တွေများ ငှားလိုက်သာလဲ မပြောတတ်ပေါင်ရှင်...ဖတ်လိုက်သာမှ သည်းကြီးအူပြတ်...ရောက်ကတည်းက ဖတ်သာ ခေါင်းမဖော်ဘူး..."

"ကျုပ်က လူကြုံနဲ့ပါ ပို့ပေးသေးသာဗျ...ကွန်မြူနစ်ဝါဒ အတွေးအခေါ်စာအုပ်တွေ ပါပဲ...ကျုပ်က ရန်ကုန်မှာ မိတ်ဆွေတွေရှိတော့ စာအုပ်တွေရတတ်ပါသယ်... ကိုပြေသိမ်းလည်း ဖတ်ခိုင်းရသယ်...ကိုပြေသိမ်းက ကျုပ်နဲ့တော့ ဓာတ်တည့်သားဗျ..."

ကွန်မြူနစ်ဝါဒအတွေးအခေါ်စာအုပ်တွေတဲ့။ မအိမ်ကံ နားမလည်။ ကွန်မြူနစ်ဆိုသည့် စကားတွေ သည်ဘက်နယ်တွေမှာ ကြားဖူးနေကျဆိုသော်လည်း သေသေချာချာတော့ မသိ။ ခေတ်ပညာတတ်တွေဆိုတော့ အသိတွေ ပညာတွေက အများသား။ သည့်ထက်ပိုသိရအောင် မေးချင်သဖြင့် စကားကောက်ရပြန်ပါ၏။ ကိုကံကြီးမောင်က ပါလီမန်ရွေးကောက်ပွဲတွေ လုပ်နေသော်လည်း တိုင်းပြည်မအေးချမ်းတာတွေ ပြောနေသည်။ အာဏာနှင့်အခွင့်အရေးတွေနောက် လိုက်ကြရင်း အစုတွေကွဲပုံတွေလည်း ပါသည်။ ဘောင်းဘီဝတ်က တစ်မျိုး၊ တောင်ရှည်က တစ်မျိုးဆိုတာလည်း ပါသည်။ လွတ်လပ်ရေးရခဲ့သည်ပင် နှစ်နှစ်သားရှိခဲ့သော်လည်း တိုင်းပြည်က ဆူကြပူကြတုန်းဆိုတာလည်း ပါသည်။ မအိမ်ကံ သိချင်သည့် စာအုပ်ဘက် မရောက်တော့တဲ့ ကိုကံကြီးမောင် ပြောသမျှ ပါးစပ်အဟောင်းသားဖြင့် နားထောင်နေရလေသည်။

ကိုပြေသိမ်းပြန်လာတော့ သရက်ပင်အောက်မှာ တန်းလျားခုံခင်းပြီး ထိုင်ကြသည်။ စကားတွေ ပြောကြသည်။ ရေနွေးကလည်း တစ်အိုးပြီးတစ်အိုး။ ကိုကံကြီးမောင်က ဖောင်ချမ်းကုန်းမှာ တစ်ညအိပ်သွားတာကလွဲလို့ အခြားထွေထွေထူးထူးတော့ မရှိ။ ကိုပြေသိမ်းလည်း အငြိုးပြေသွားပုံပေါ်ပါ၏။



မအိမ်မြိုင်လည်း နေကောင်းစပြုလေပြီ။ မအိမ်ကံလည်း ရက်ကန်းပြန်ဝင်ကာ အစပြန်ကောက်ရသည်။ အလုပ်ကိုတော့ စောစောသိမ်းရပါ၏။ ညဘက်တွင် အခြေအနေတွေက ပိုဆိုးလာသည်။ သေနတ်သံတွေ ဟိုက သည်က ကြားရသလို ဓားပြရန် သူခိုးရန်ကလည်း ပူလှသည်။ မအိမ်ကံတို့ရွာတွင် ဆိုးဆိုးရွားရွား မကြုံတွေ့ရသေးသော်လည်း နရန်းရွာတွေက သတင်းဆိုးတွေ ကြားနေရသည်။ ဓားပြယောင်ဆောင်ကာ လူဝင်သတ်သွားတာတွေပါ ကြားလာရပါ၏။ ဟိုရွာ သည်ရွာမှာ ကင်းတွေဖွဲ့သံကြားတော့ ဖောင်ချမ်းကုန်းလူငယ်လူရွယ်များက ကိုပြေသိမ်းဆီ ရောက်လာကြကာ ရွာစည်းရိုးကာရေး၊ ဝါးချွန်တပ်ဖွဲ့ရေး၊ ဒူးလေးတပ်ဖွဲ့ရေးတွေမှာ ခေါင်းဆောင်ဖို့ ပြောလာကြသည်။ ကိုပြေသိမ်းက တော်လှန်ရေးပြန် မျိုးချစ်စိတ်ရှိသူတစ်ဦးအနေဖြင့် လွတ်လပ်ရေးရကာမှ ကိုယ့်ရွာကိုယ်ပြန်ကင်းစောင့်ရတာကို မကျေနိုင် မချမ်းနိုင်ဖြစ်နေခဲ့သည်။

"အေး ကောင်းတယ်...ဒါပေမဲ့ကွာ...ဆရာကတော့ မင်းတို့လူငယ်တွေလို များများပါနိုင်မှာတော့ မဟုတ်ဘူး...ခေါင်းဆောင်ဆိုရင်လည်း ခေါင်းဆောင်ရုံပေါ့ကွာ... လူရွယ်ထဲက တစ်ယောက်တော့ ခေါင်းဆောင်ထားကြရမှာပေါ့..."

မအိမ်ကံတို့အိမ်ကြီးထဲမှာ ရွာက ကျောင်းသားကြီးတွေ၊ အရွယ်ကောင်းယောကျ်ားသားတွေ လာစုကြသည့်နေ့က အားရစရာပင်ကောင်းလှပါသည်။ ရွာကင်းတဲ လေးလုံးဆောက်ရန်၊ အရေးပေါ် အချက်ပေးသံချောင်းခေါက်ပုံတွေ တစ်ပြေးညီဖြစ်စေရန်၊ တုတ်၊ ဓားလက်နက် ဒူးလေး၊ လင်းလေးတွေ အိမ်တိုင်းထားကြရန်နှင့် အရေးပေါ်လျှင် ချက်ချင်းလူစုကြရန်တွေပါ ဆွေးနွေးကြသည်။ အများက ကိုသာအောင်ကို ရွာခေါင်းဆောင်တင်ကြသည်။ ကိုသာအောင်ကလည်း လိုလိုလားလား လက်ခံပါ၏။

မအိမ်ကံက သာအောင် ကုပ်ကုပ်ကလေးထိုင်နေတာကို လှမ်းကြည့်ရင်း ငယ်ငယ်က အကြောင်းတွေ စိတ်ရောက်နေခဲ့သည်။ ကွင်းထဲက တဲကလေးတစ်တဲထဲမှာ သာအောင်နှင့် နှစ်ကိုယ်ချင်း တွေ့ခဲ့ဖူးသည်။ အခုတော့ သူလည်း ရွှေမှုံနှင့် အိမ်ထောင်ကျပြီ။ မအိမ်ကံလည်း သမီးနှစ်ယောက်ရခဲ့ပြီ။ သာအောင်နှင့် ရွှေမှုံက မွေးသည့် မှုံနံ့သာ။ ကိုပြေသိမ်းနှင့် မအိမ်ကံက မွေးသည့် မအိမ်မြိုင်။ ဖောင်ချမ်းကုန်းတစ်ရွာလုံးမှာ သည်မိန်းကလေးနှစ်ယောက်တည်း အားပြိုင်စရာရှိတာမဟုတ်။ သည်ကလေးနှစ်ယောက်နှင့်ရွယ်တူ မတိမ်းမယိမ်းတွေ များစွာရှိလိမ့်မည်။ ရှိလည်း ရှိကြပါ၏။ သို့သော် မအိမ်ကံကိုယ်တိုင်က ရွှေမှုံကို ရှုံးခဲ့ရသည်ဟု ခံယူခဲ့ပြီးကတည်းက တခြား ဘယ်သူပဲ ကွမ်းတောင်ကိုင်ရကိုင်ရ ဘယ်လိုမှ ဥပါဒ်စရာမရှိသော်လည်း ရွှေမှုံ့သမီး မှုံနံ့သာကိုတော့ အဖြစ်မခံနိုင်။ မအိမ်ကံမှာ သည်စိတ္တဇက မရှန်းသာပဲရှိခဲ့ပါ၏။

သာအောင့်ကိုလှမ်းကြည့်ရင်း မအိမ်ကံ တွေးနေမိခြင်းဖြစ်၏။ ခုတော့ သာအောင်သည်လည်း ကိုသာအောင်ဖြစ်နေလေပြီ။ မအိမ်ကံလည်း တွက်ကြည့်တော့ အသက်မနည်းတော့ပြီ။ ကြီးတော်စံရွှေတို့၊ အမှုပွဲစားကျော်ဒင်တို့လည်း ဂျပန်ခေတ်နောက်ပိုင်း မတရားရှာခဲ့သည့် စီးပွားပျက်သူကပျက်၊ ရွာက ပျောက်ချင်းမလှ ပျောက်သူပျောက်။ ကျော်ဒင်ကတော့ တစ်နေရာ မှာ

www.burmeseclassic.com

www.burmeseclassic.com

သေသလိုလိုလည်း ကြားရပါ၏။ တချို့ကလည်း ကျော်ဒင်မသေဘဲ အလံနီထဲမှာလိုလို ပြောကြသည်။

တကယ်တမ်း စီးပွားဖြစ်လာသူက သာအောင်ဖြစ်၏။ မအိမ်ကံကြားရသလောက် ခေတ်အပျက်မှာ ငွေတော်တော်ရလိုက်သည်ဟု ဆိုပါ၏။ ကြီးတော်စံရွှေတို့နှင့် အတူမနေတော့ဘဲ ကိုယ့်ဝိုင်း ကိုယ့်အိမ်နှင့် ဖြစ်နေကြပြီ။

"ကျွန်တော်တို့အားလုံး သဘောပိုက်ရမှာက ကိုယ့်ရွာကိုယ် ကာကွယ်ရမယ်ဆိုတဲ့ စိတ်ကလွဲလို့ အခြား သူတစ်ပါးကို စော်ကားဖို့ အနိုင်ကျင့်ဖို့ ရန်စဖို့ မရှိကြစေချင်ဘူး...ရွာက ညီညွတ်မှ မကောင်းသူ မကောင်းသား မကပ်နိုင်မှာကို စိတ်စွဲကြဖို့လိုတယ်...ရွာကင်းတွေမှာ တာဝန်ကျရင် တာဝန်ကို တိတိကျကျ ဆောင်ရွက်ကြဖို့လိုတယ်...သူသွားလိမ့်မယ် ငါမရှိလည်း ဖြစ်တယ်ဆိုတာမျိုးကနေ လျော့ရဲသွားတာမျိုး မဖြစ်စေချင်ဘူး...နောက် အရေးကြီးတာက..."

ကိုပြေသိမ်းက အားလုံးကြားအောင် မတ်တတ်ရပ်ရင်း ပြောနေခြင်းဖြစ်သည်။ ရွာယောကျ်ားသားတွေအားလုံး ငြိမ်ပြီးနားထောင်နေကြသည်။ ကိုပြေသိမ်းကို ရွာက ချစ်ခင်လေးစားကြသလို ကျောင်းဆရာဆိုသည့်ဂုဏ်ကြောင့် ကြည်ညိုကြတာ ပိုသေးသည်။ သည့်နောက်တော့ ရွာကင်းတဲ တည်ဆောက်ရေးကိစ္စ၊ ဆူးစည်းရိုး ကာရန်ရေးကိစ္စတွေ ဆက်ဆွေးနွေးကြလေသည်။ ရွာက သည်လို စုစုဝေးဝေးရှိကြတာကို မအိမ်ကံ ဝမ်းသာသည်။ ညဘက် ညဥ့်နက်နက် လူတွေပြန်ကြတော့ သမီးနှစ်ယောက် အိပ်ကြပြီဖြစ်သော်လည်း ကိုပြေသိမ်းနှင့်မအိမ်ကံ စကားတွေ ပြောဖြစ်ကြသည်။

"ရွာက ညီညွတ်တော့ စိတ်ဖြောင့်ဖြောင့် အိပ်ရသာပေါ့...အစ်ကို မြို့ကိုသွားသဲ့ညတွေဆိုရင် မအိမ်ကံ ချောက်ချားနေမိသယ်...ရွာတွေမှာ ပြောင်ကျကျ နွားဆွဲသာတွေ...အနုကြမ်းစီးသာတွေ လုပ်နေကြသာ ကြားရလေ ကြောက်လေပဲ..."

"အေးကွယ်...တိုင်းပြည်က လွတ်လပ်ရေးရမှပဲ ပိုဆိုးတော့တယ်...ဂိုဏ်းဂဏတွေ ကွဲကြတယ်...နိုင်ငံရေး ကွဲနေကြတယ်...အိမ်ကလေး မသိလို့...အခြေအနေက တော်တော်ဆိုးနေပြီ...သတင်းစာတွေမှာ လူသတ် ပစ္စည်းလုတာတွေချည်း ဖတ်နေရတယ်...ပါလီမန်တွင်းမှာလည်း ပြင်းပြင်းထန်ထန် အကွဲအပြဲဖြစ်နေကြတယ်..."

သည့်နောက်ပိုင်း ကျေးရွာတွေမှာ ကင်းတပ်တွေ ဖွဲ့လာကြသည်။ တစ်ရွာတစ်ရွာ အသံနားစွင့်နေကြရန် ညှိထားကြရပါ၏။ အချို့ရွာတွေက ကိုပြေသိမ်းထံ ရောက်လာကြကာ ရပ်ရွာကာကွယ်ရေးကိစ္စတွေ တိုင်ပင်ကြသည်။ အချို့ရွာတွေဆိုလျှင် ကိုပြေသိမ်းကို လေးစားကြသဖြင့် သူတို့ရွာတွေအထိ ဖိတ်ပြီး ရပ်ရွာစည်းလုံးရေးကိစ္စတွေ ဟောပြောခိုင်းတာတွေ ရှိလာသည်။ မအိမ်ကံကတော့ စီးပွားကတစ်ဖက်၊ သမီးနှစ်ယောက်ကတစ်ဖက်အပြင် မအေအိုကြီးကိုပါ ထည့်တွက်နေရပါ၏။ အမေပန်းရုံလည်း အသက်အရွယ် ရလှပေပြီ။ ဟိုတုန်းကလို ရွာထဲ ရပ်ထဲတောင် မရောက်တော့။

သည်ကြားထဲ သက်တော်ကိုးဆယ်ကျော်ပြီဖြစ်သည့် ရွာဦးဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့သည်။ ဖောင်ချမ်းကုန်းကို မဏ္ဍိုင်ပြု၍ နရန်းရွာတွေကပါ ဆရာတော်ဘုရားကြီး ရှာပနကို ဝိုင်းကြရသည်။ ခေတ်အခါကလည်း မကောင်း၊ ရွာတွေကလည်း ကျပ်တည်းနေချိန်ဖြစ်သော်လည်း သက်တော်ကြီး ဝါတော်ကြီး ဆရာတော်ကြီး၏ အန္တိမရှာပနပွဲကို စည်ကားသိုက်မြိုက်အောင် ပူဇော်ချင်ကြသည်ဖြစ်၍ ကိုပြေသိမ်းကိုပင် တာဝန်ပေးလာကြပါ၏။ ဝါဆိုဝါခေါင်လထဲမှာ ပျံလွန်တော်မူရှာတာဆိုတော့ ဘုန်းကြီးပျံပွဲကို ခြေခင်းလက်ခင်းသာသည့် ဘာပေါင်းလအထိ ရွှေ့ဆိုင်းကြရသည်။ သို့သော် သည်လတွေကတည်းက စီမံစရာရှိတာ စီမံကြရသည်။ ဘုန်းကြီး ပျံပွဲအတွက် ဘုန်းကြီးပျံသိုင်းတွေ၊ ယိမ်းတွေတိုက်သည့်ရွာက တိုက်နေကြပြီ။ ဒိုးမောင်းသံ တည်းည်း။

"သမီးရေ...ဆရာရော ဒကာပါ ဘဝတစ်ပါးပြောင်းကြရှာပြီ...ညည်းအဖေများ သူကြီးဆိုပေသိ ဆရာတော်က ခေါ်ငေါက်ရင် နေစရာမရှိရှာဘူး...ကိုရင်၊ ကျောင်းသားများ ဆရာဘုန်းကြီးကို ကြောက်သလို ချစ်ကြောက်ရှာသယ်...ဆရာတော်ပျံလွန်တော်မူတော့ ညည်းအဖေလည်း သတိရပ့်အေ..."

အမေပန်းရုံက သတိတရ ညည်းရှာပါ၏။ ကိုပြေသိမ်းကလည်း နိုင်ငံရေးစိတ်ပြင်းထန်သော ဆရာတော်ကို နှမြောလွန်းလှသည်ဆိုပါသည်။

မအိမ်ကံက တချို့ညတွေမှာ သမီးကလေးနှစ်ယောက် လက်ဆွဲကာ မောင်းဆိုင်းဝိုင်းဘက်ကို ရောက်သွားတတ်သည်။ ရွာမှာ မောင်းဆိုင်းကောင်းကောင်း မရှိတော့ ဟိုက ဒိုး၊ သည်က နှဲ၊ ဟိုချောင်က မောင်း စသည်ဖြင့် စုရခြင်းဖြစ်၏။ ဘုန်းကြီးပျံသိုင်းတိုက်သံတွေက ညီလှသည်။ ဆရာတော့်ရှာပနက လာမည့်တပေါင်းလမှဆိုသော်လည်း ရက်လအားဖြင့် ခြောက်လလောက်သာ ကျန်တော့သည်။ ကိုပြေသိမ်းက ရပ်ရွာလူကြီးများနှင့်တိုင်ပင်ကာ ကြည့်ချင်ပွဲကြိုငှားထားရပြီ။ ဖယင်ကျူးမင်းသမီး ငှားထားရပြီ။ စပ်ပန်းချီဆရာခေါ်ပြီး မဏ္ဍပ်၊ စင်ယှဉ်၊ လောင်တိုက်တွေ အပ်ရပြီ။ တည်းကျောင်းမဏ္ဍပ်တွေထိုးရန် တာဝန်ခွဲဝေပေးကြရသည်။ ရေကိစ္စ၊ ထင်းကိစ္စ၊ ဧည့်ခံကိစ္စတွေ တာဝန်ခွဲဝေရသည်။

"အစ်ကိုလည်း ပင်ပန်းရှာပြီ...ရပ်ရွာကိစ္စတွေကလည်း အစ်ကို့ခေါင်းပေါ် ပုံကျနေပြီနော်..."

"ရပါတယ် အိမ်ကလေးရယ်...ကိုယ့်ရွာဆိုတော့ ကိုယ်ပါရမှာပေါ့...ဘာလိုလို နဲ့ရက်နီးနေပြီ..."

"ဟိုရက်က မောင်းဆရာ ဦးကျန်က မောင်းငှားရသာခက်သယ်သဲ့...တခြားရွာပွဲတွေနဲ့တိုက်နေရင် ငှားမရဘူးဆိုလို့ မအိမ်ကံ ရွာပိုင် မောင်းဆိုင်းတစ်ဆင်စာ လှူလိုက်ချင်သယ်...နောင်ဘဝ အသံကောင်းအောင်လို့..."

ကိုပြေသိမ်းက ရယ်သည်။ ဇနီးဖြစ်သူကိုကြည့်ရင်း ပြုံးသည်။ မအိမ်ကံက ရွာကိုမကြာခဏ လှူနေကျ။ လိုအပ်မှုအပေါ် လှူနေတာဆိုတော့ ကိုပြေသိမ်း သိလိုက်တာရှိသလိုမသိလိုက်တာလည်း ရှိသည်။ နောက်တော့လည်း ပြောပြရှာပါ၏။

"အိမ်ကလေး သဘောပါဗျာ...အစ်ကိုကတော့ သည်လို သဒ္ဓါစိတ်ရှိတဲ့အတွက် အိမ်ကလေးကို ပိုလို့တောင် ချစ်မိပါသေးသဗျာ..."

သမီးနှစ်ယောက်ကတော့ ညတိုင်လျှင် မောင်းဆိုင်းဝိုင်းဘက် သွားချင်နေကြသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အားသူက အားသလိုပို့ကြရပါ၏။ ဘယ်သူကမှ မပို့လျှင် အမေပန်းရုံက ဗျစ်တောက် ဗျစ်တောက်၊ သည်လိုဆိုတော့ မလှအုံ အလှည့်ကျလေ၏။

■

တပေါင်းလ…။

ဘုန်းကြီးပျံပွဲကြီးက မထင်မှတ်လောက်အောင် စည်ကားလွန်းလှပါသည်။ ဖောင်ချမ်းကုန်း ဆရာတော်ဆိုသော်လည်း သက်တော်ကြီး ဝါတော်ကြီးဆရာတော်ဖြစ်၍ ရွာနီးရွာနားတွေကလည်း ဆရာရင်းနှင့်မခြား လေးစားကြည်ညိုခြင်းခံရသည့် ဆရာတော်ကြီး ဖြစ်သည်။ ဆရာတော်ကြီး၏ သက်တော်ဂုဏ်၊ ဝါတော်ဂုဏ်၊ သီလသိက္ခာ ပညာဂုဏ်တို့ကို နောက်ဆုံး ပူဇော်ကြသည့်ပွဲဆိုတော့ ရွာပေါင်းစုံက လူပေါင်းစုံ၊ လှည်းပေါင်းစုံ ရောက်လာကြသည်။ ဖောင်ချမ်းကုန်းရွာ အရှေ့ကွင်းကြီးသည်လည်း မျက်စိတစ်ဆုံး ပွဲတော်ကွင်းကြီး ဖြစ်နေတော့သည်။ တစ်ရွာလျှင် တည်းကျောင်း တစ်ကျောင်းကျ လာရောက်ပူဇော်ကြရာမှာ အရွာရွာက 'တည်းကျောင်း' မဏ္ဍပ်တွေ များလှသည်ဖြစ်ရာ ကွင်းပင် မဆန့်ချင်တော့။ 'တည်းကျောင်း' တစ်ကျောင်းနှင့်တစ်ကျောင်း ကူးရသည်ပင် မလွယ်။ နေပူခေါင်ခေါင်ကြီးမှာ ခေါင်းပေါင်းကြီးတွေပေါင်းကာ ချွေးပြိုက်ပြိုက်ဆူနေသည့်ကြားက သည်လိုပွဲမျိုး နွဲလိုက်မဟဲ့၊ ဆရာတော်ကြီးကို ပူဇော်ကန်တော့လိုက်စမ်းမဟဲ့ဆိုသည့် မျက်နှာများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလွန်းလှပါ၏။

သည်နေ့ သည်ရက်မှာမှ တစ်ပြိုင်နက်တည်း ပူဇော်ကြရတာဆိုတော့ အရွာရွာက သိုင်း ပြာသာဒ်ကြီးတွေကလည်း တယိမ်းယိမ်း တနွဲ့နွဲ့ သိုင်းနင်းကာ ပူဇော်ကြသလို တည်းကျောင်း မဏ္ဍပ်ကြီးတွေဆီက ဆိုင်းသံ ဗုံသံတွေကလည်း တခြိမ်းခြိမ်း။

"ဒကာ…ဒကာမနဲ့ တပည့်တွေဟာ…ဆရာဘုရားရဲ့ ကဝိထေရ်ကိုတော့ မနေနိုင် မထိုင်နိုင်အောင် လွမ်းကြတာမို့…ပြည်ခရိုင်ကြဌာန်းမှာ ဒါယကာတွေ မှန်သမျှရယ် က…သံဃာတွေပါလွမ်း…သံဃာတွေပါလွမ်း…"

"ယောကျ်ားမောင်…ဘသားလေးလေး (တောက်)

မြေကကောက်လို့ တစ်ထောက်ချီ ခင်ဗျ…ဒူးပေါ်ညီညီ မြှောက်လိုက်ကြစို့(တောက်)"

သိုင်းရိုက်သံတွေ တဘောက်ဘောက် တဖြောင်းဖြောင်းညံနေသည့်ကြားကို မအိမ်ကံတို့ သားအမိတစ်တွေ မတိုးနိုင်ကြ။ ပြာသာဒ်ကို မြေပေါ်ကနေ ဒူးပေါ် တင်မြှောက်လိုက်ကြပြီ။ ပြာသာဒ်ဖျားက ဝါးညွှန့်ကလေး တယိမ်းယိမ်း တနွဲ့နွဲ့လှုပ်တာကိုပင် ငေးကြည့်နေရပါတော့၏။

"ယောကျ်ားမောင်…ဘသားလေးလေး (တောက်)

ဒူးကမြှောက်လို့ တစ်ထောက်ချီခင်ဗျ…ပခုံးပေါ်ညီညီ မြှောက်လိုက်ကြစို့ (တောက်)"

ဒူးပေါ်ကနေ ပခုံးပေါ် တင်မြှောက်လိုက်ကြပြီဆိုလျှင်တော့ သိုင်းကွက်နင်းကာ သိုင်းကကြတော့မည်။ လူတွေ တိုးသထက်တိုး စည်သထက်စည်လာခဲ့ပြီး မအိမ်ကံတို့မှာ ထွက်ပေါက်မရှိအောင် လူအုပ်ကြားထဲ ပိတ်မိနေလေတော့သည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင် သိုင်းနင်းကြပြီဆိုလျှင် ပိုလို့သာ ဆိုးတော့မည်။ မအိမ်ကံက ရွာခံ တည်းကျောင်းမဏ္ဍပ်ထဲမှာပဲ အိခြေရရ ထိုင်ကြည့်တော့မည် စိတ်ပိုင်းဖြတ်လိုက်ပါ၏။ 'တည်းကျောင်း' ထဲဝင်ထိုင်လိုက်မိလျှင်လည်း ပြန်ထွက်နိုင်ဖို့မလွယ်။ သည်တော့ အိမ်ပြန်ဖို့ရာသာ စဉ်းစားရတော့သည်။



"လာ လာ…သမီးတို့ အိမ်ခဏပြန်ရအောင်…ဧည့်သည်တွေရှိသေးသယ်…ညနေ ကျမှ ဒွေးအုံကို တစ်ခေါက်လိုက်ပို့ခိုင်းမယ်နော်…"

ကလေးနှစ်ယောက်ကို လက်ဆွဲကာ မအိမ်ကံ လူအုပ်ကို တိုးထွက်ခဲ့သည်။ ဘယ်ဘက် တိုးရပါ့။ ရွာပေါင်းစုံကလှည်းတွေက ပွဲတော်ကွင်းနှင့်ခပ်လှမ်းလှမ်း နောက်ဘက်မှ အထပ်လိုက် ပိုင်းပတ်ကာ ရပ်ထားကြသည်။ ပေါင်းမိုးလှည်းကြီးများဖြစ်၍ လှည်းတစ်စီးလျှင် မိသားစုတွေကလည်း အပြည့်။ ပွဲတော်ကွင်းထဲမှာလည်း ဟိုရွာကသိုင်း၊ သည်ရွာကသိုင်း ပြေးကြည့်ကြသူတွေ၊ ဟိုမဏ္ဍပ်က ဇယင်ကျူး ကောင်းနိုးနိုး၊ သည်မဏ္ဍပ်က ဇယင်ကျူး ကောင်းနိုးနိုးဖြင့် 'တည်းကျောင်း' တစ်ဆောင်ကတစ်ဆောင် ကူးလူးနေကြသူတွေ…။ နှစ်ပေါင်းများစွာအတွင်း သည်ဘုန်းကြီးပျံပွဲလောက် စည်ကားသိုက်မြိုက်သည့်ပွဲ မရှိခဲ့ကြောင်း ရှေးမီနောက်မီ လူကြီးသူများကပင် ပြောစမှတ်ပြုရပါ၏။

"ဟဲ့…သားအမိတွေ…ဇယင်ကျူး မကြည့်ခဲ့ကြဘူးလားဟဲ့…"

မအိမ်ကံတို့ အိမ်ရောက်တော့ မလှအုံက ဆီးမေးသည်။ မအိမ်ကံက ပွဲတော်ကွင်းထဲ တိုးနိုင်ဖို့မလွယ်ကြောင်း ပြောပြတော့ မလှအုံက "ကတည်းမှအေ…ညည်းတို့များ အဖြစ်မရှိ ချက်တော့…ငါ့မြေးတွေ တစ်သက်တစ်ခါ ကြုံရသဲ့ပွဲ ပြမှပေါ့အေ့…လာ ဒွေးအုံလိုက်ပြမယ်…" ဆိုကာ ကလေးနှစ်ယောက်လက် ဖောင့်ခနဲဆွဲကာ ထွက်သွားလေတော့၏။

မအိမ်ကံတို့အိမ်မှာလည်း ရွာလှည်းတွေအပြည့်။ အိမ်ပေါ်အိမ်အောက် လူမဆန့်လို့ တချို့ကို ရက်ကန်းရုံထဲမှာပဲ နေရာချထားရပါ၏။ ထနောင်းတိုင်က ရောက်လာကြသော ဆွေမျိုးတွေကချည်း လှည်းလေးစီးတိုက်ဆိုတော့ အိုးကြီးချက်ချက်ပြီး ကျွေးမွေးဧည့်ခံနေကြရသည်။ မလှအုံနှင့် ကျေးဥတို့ မနိုင်တော့ ကြည်တော်ကုန်းက မကြီးနှင့်မငယ်တို့အဖွဲ့ကိုခေါ်ကာ အိုးအပ် ရသည်အထိ။ မအိမ်ကံတို့အိမ်မှမဟုတ်၊ ရွာလုံးကျွတ် အိမ်ပေါက်စေ့ ဧည့်သည်မရှိသည့်အိမ်ရယ်လို့မရှိ။ ဧည့်များများလာလေ ဂုဏ်ရှိလေ အောက်မေ့ကြသည်မို့ မရှိတာ ရှိတာထား တန်းစေ့ လမ်းစေ့ လှူနိုင်တန်းနိုင်၊ ကျွေးနိုင်မွေးနိုင်အောင် ကြိုတင်ရှာဖွေ ချေးငှားကျွေးမွေးကြသူတွေလည်း ရှိပါ၏။ အဝေးဧည့်တွေအတွက် ဇာတ်ပွဲတွင် ဖျာခင်းနေရာဦးထားရတာလည်း ရှိသေးသည်။ ဇာတ်က မြင်းခြံမြို့မှ နာမည်ကြီးဇာတ်ဖြစ်၍ ထိုဇာတ်မှ မင်းသမီးကြီး အောင်သန်းစိန်က ဇယင်ကျူး အလောင်းပိုက်ရမှာဖြစ်သည်။ ပရိသတ်က ဒါကိုလည်း အားခဲထားကြပါ၏။

"မအိမ်ကံရေ…ညည်းတို့ ည ပွဲကြည့်ကြဦးမှာလား…"

"မကြည့်တော့ပါဘူး အမေ…အမေ့မြေးတွေကလည်း အိပ်ကြမှာပါ…အမေတို့ ကြည့်ကြပါ…"

ကိုပြေသိမ်း၏မိခင်က မေးခြင်းဖြစ်၏။ ထနောင်းတိုင်က ဆွေမျိုးဧည့်သည်တွေ ကတော့ မအိမ်ကံ အထူးတလည် ဧည့်ခံစရာမလိုပါ။ ခင်သီတစ်ယောက် ပါလာတာကိုပဲ အားကိုးရလှပြီ။ ဖိုးတုတ်တို့ညီအစ်ကိုကလည်း ရေစည်လှည်းတိုက်နေရာက ပြန်မလာကြ။ ဘုန်းကြီးပျံကွင်းမှာ သောက်ရေအိုး အလုံးတစ်ရာကို မအိမ်ကံ ကုသိုလ်ယူခဲ့သည်။ ရေအိုးရော ရေပါ လှူဒါန်းခဲ့ခြင်း ဖြစ်ပါ၏။

ညနေစောင်းနေကျပြီဆိုကတည်းက ဒုံးတွေ လွှတ်ကြပြီ။ ဒုံးကြီးတွေက ဆယ်ပေ လောက်ရှိသော ဖယောင်းတိုင်ကြီးများနှင့်ပင်တူ၍ ဒုံးလွှတ်သည်နှင့် ပရိသတ်အော်သံကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com

ဟိန်းထွက်လာတော့၏။ ပွဲကွင်းက ညနေစောင်းလေ မြိုင်လေ။ အဝေးရွာ လှည်းတချို့က နေချိမှ ရောက်လာကြကာ ရွာလမ်းတစ်လမ်းလုံး ဖုန်တွေ သောသောထနေကြလေ၏။ မလှအုံ တို့ တူဝရီးတစ်တွေ ပြန်မလာတော့ မအိမ်ကံ လိုက်ဖို့ပြင်ရပြီ။ ကိုပြေသိမ်းကတော့ ပွဲတော်ကွင်း ထဲမှာ အရွာရွာက လူကြီးတွေနှင့် အတူရှိနေလိမ့်မည်။ ခင်သီကို အဖော်ခေါ်ပြီး မအိမ်ကံ ပွဲကွင်းဘက်ထွက်ခဲ့သည်။ ပွဲတော်ကွင်းထဲရောက်တော့ ရွာတည်းကျောင်းကို တန်းမသွားသေးဘဲ သိုင်းအဖွဲ့တွေကို တစ်ဖွဲ့လျှင် နှစ်ရာနှုန်းဖြင့် အဖွဲ့ရှိသလောက် ဆုချခဲ့သေးသည်။ ရွာတည်း ကျောင်းဝမှာ လူတွေပိတ်ပိတ်သည်း လျက်ရှိ၏။ မင်းသမီးကြီး အောင်သန်းစိန်ပင် ဖယင်ကျူး နေခဲ့ပြီ။

"ကြော့ပါပေ့ဘုရား…ကန်တော့ကာလေ ပဏာမရယ်နဲ့…ဈာပနတော်စီမံပုံ ကောင်း လိုက်တာက…ပြည်တန်တဲ့အလောင်း…ဆွေးချက်ကယ်ဖြာ…လေးမျက်နှာပန်းတွေ မံလို့…နန်းဝေယံ ရှုချင်ဖို့ တစ်ခန်းသာပ…အများအတိစေနဲ့ သဒ္ဓါဗလဝ အခြေ ကောင်းသော်လည်း… ဆရာတော်ဘုရာ့…အားမရှိကြပါဘု…ဒကာ ဒကာမ ပြေရှာ အပေါင်း…"

မအိမ်ကံက တည်းကျောင်းထဲ မျက်စိတောင်းမှောက် ရှာရသည်။ တွေ့ပါပြီတော်… မလှအုံတို့တူဝရီးတွေ။ စင်အလယ်တည့်တည့်နေရာမှာ ကျကျနနကြီး ထိုင်ကြလို့ ဇာတ်စင်ပေါ် က မင်းသမီး ဖယင်ကျူးနေတာကို မလှအုံက အောက်ကနေ မျက်ရည်တို့ကာ တို့ကာ ငိုနေ လေ၏။ သမီးနှစ်ယောက်ကတော့ မင်းသမီးကို ငေးနေကြသည်။ မအိမ်ကံက တစ်ဆင့်တစ်ဆင့် လက်တို့ပြီး မလှအုံတို့တူဝရီးတွေကို ပွဲခင်းထဲက ဆွဲထုတ်ရပါ၏။ ကလေးတွေက မပြန်ချင်ကြ။

"ရေချိုးကြဦးလေ သမီးတို့ရဲ့…ဒွေးအုံလည်း ညှော်သည်တွေ ထမင်းကျွေးရဦးမှာ… ညကျတော့ ထနောင်းတိုင်က အမေကြီးတို့နဲ့ ပွဲကြည့်ကြ ဟုတ်လား…"

မလှအုံကတော့ ဖယင်ကျူးထဲ နစ်မျောပြီး မျက်ရည်တွေကျရလွန်း၍ထင့်။ ပွဲခင်းထဲက ထွက်လာတော့ မျက်လုံးတွေနီပြီး လမ်းလျှောက်တာတောင် ဖိုးတိုးဖတ်တပ် ဖြစ်နေလေ၏။ မအိမ်ကံတို့ပြန်လာတော့ လမ်းမှာ သွားသူပြန်သူတွေအပြည့်။

တစ်နေကုန် တစ်နေခန်း ပွဲတော်ကွင်းတစ်ကွင်းလုံး ရုန်းရုန်းရင်းရင်းရှိနေခဲ့သော်လည်း ညပွဲဦးထွက်ချိန်မှာတော့ ကွင်းလည်းငြိမ်လေပြီ။ ဇာတ်စင်ရှေ့ပွဲခင်းကတော့ လူတွေများလွန်းလှ၍ ပွဲခင်းလျှံထွက်နေပါ၏။ ပွဲဆိုင်းက ညှော်ခံတီးပြီး၍ ပွဲထွက်ခရာ သုံးကြိမ်မှုတ်လေပြီ။ အားလုံးက ပြည်ဖုံးကားကြီးဆီမှာ အာရုံတွေရှိနေကြပါ၏။

ထိုစဉ်မှာပင်……။

ရွာကင်းဆီက သံချောင်းမြွေသံကြီးကြားလိုက်ရလေသည်။ တစ်ကင်းမှတစ်ကင်း ကူးသွားသော သံချောင်းမြွေသံတွေက ကမ္ဘာပျက်တော့မလား မှတ်ရပါ၏။

■

(၃၀)

မီးတောင်ကြီးပေါက်သကဲ့သို့ တဟူးဟူး လောင်မြိုက်နေသော မီးလျှံကြီးကပင် ကြောက်မက်ဖွယ်ကောင်းလှသည်။ လောင်စာမကုန်မချင်း သစ်တိုသစ်စ သစ်ချောင်းတစ်ချောင်း မကျန်အောင် လောင်နေသော မီးအရှိန်ကြောင့် မည်သူမျှ အနီးကို မကပ်နိုင်။ မီးခိုးများက သွေ့သရဲ၏ ဝတ်ရုံမည်းကြီးပမာ ကောင်းကင်တစ်ခွင်လုံးကို လွှမ်းအုပ်ရန် အလိပ်လိပ်တက် လျက်ရှိသည်။ မီးတောက်မီးလျှံတွေကလည်း မကောင်းဆိုးဝါးတစ်ကောင်၏ အစွယ်များသဖွယ် ပင်။

ဇောင်ချမ်းကုန်းတစ်ရွာလုံးရှိ ရွာသူရွာသားများသာမက အနယ်နယ် အရွာရွာက စုရုံးရောက်ရှိလာကြသော ဆရာတော်ဘုရား၏ အန္တိမအဂ္ဂိ ဈာပနပွဲကြီးသည်ပင် ငြိမ်သက်သွား ခဲ့ပါ၏။ မီးလောင်ရာသို့ အားလုံးလိုလို ရောက်လာကြသဖြင့် ဇောင်ချမ်းကုန်းရွာလမ်းသည်ပင် ပြည့်သွားခဲ့သည်။ ပွဲကြည့်လှည်းတွေက နွားမလန့် ပွဲမပြိုအောင် ကွင်းထဲမှာ စောင့်နေကြ၍ သာ တော်တော့သည်။

မအိမ်ကံကတော့ မျက်ရည်တွေတွေကျရင်း ကြောင်တောင်ကြီးရပ်လျက်ရှိ၏။ ဘယ်သူ ကမှ ဘယ်သူ့ကို မဖေးမနိုင်ကြဘဲ မြင်ကွင်းကိုသာ ဝမ်းနည်းကြေကွဲစွာ ကြည့်နေကြရတော့ သည်။ လူအားနှင့် ဝိုင်းဝန်းငြိမ်းသတ်ဖို့ပင် အချိန်မရတော့။ သံချောင်းမြွေသံကြီး ဆက်တိုက်ကြား ရ ပြီးသည်နှင့် လူပေါင်းများစွာတို့ ဇောင်ချမ်းကုန်းရွာဘက်ကို အပြေးလာခဲ့ကြပါ၏။ ဓားပြသူခိုး၊ အနုကြမ်း လူရမ်းကားတို့သာဆိုလျှင် လူအုပ်ကြီးကိုမြင်ရုံနှင့် မူးမေ့သွားကြလိမ့်မည်။ အခုက လက်သည်ကို ကောင်းကောင်းမသိလိုက်ကြရပဲ ထ,လောင်လိုက်သောမီးဖြစ်၏။ ဘယ်သူ က ဘယ်အညှိုးနှင့် မီးတုတ်တင်ရှို့ခဲ့သည် မပြောနိုင်သေးသော်လည်း ဇောင်ချမ်းကုန်းရွာကျောင်း သည် နာရီပိုင်းအတွင်း ပြာပုံဘဝ ရောက်ရတော့မည်။

"ရပ်ရွာလူကြီးတွေမှအပ လူတွေအားလုံး ပွဲခင်းကို ပြန်ကြပါ…ပြန်ကြပါ…ဇာတ်ပွဲ ဆက်ကမှာပါ…ဒါ ခင်ဗျားတို့အလုပ် မဟုတ်ပါဘူး…လူကြီးတွေအလုပ်ပါ…ပြန်ကြ ပါ…ပြန်ကြပါ…အေးအေးဆေးဆေး ပွဲဆက်ကြည့်ကြပါ"

အသံအောင်လှသော အသံကြီးတစ်သံက လူပေါင်းမြောက်မြားစွာတို့၏ အသံပေါင်း များစွာကိုကျော်ကာ စူးစူးဝါးဝါး ထွက်ပေါ်လျက်ရှိ၏။ လူတွေက မပြန်ကြပါ။ တဝုန်းဝုန်းပြိုကျ

www.burmeseclassic.com

www.burmeseclassic.com



နေသော မီးလောင်သစ်ချောင်းတွေကို ယိမ်းပွဲကြည့်သလို ကြည့်နေကြဆဲဖြစ်၏။ တပေါင်းလ၏လေက တဟူးဟူး တိုက်လျက်ရှိရာ အိမ်တွေဘက်ကို မီးမကူးရန် အရေးကြီးသည်။ သို့သော် ချက်ချင်းကြီး မကူးနိုင်။ ရွာနှင့်ကျောင်းက လှမ်းတာတစ်ကြောင်း၊ ကြားမှာ မီးတားကွက်လို ကွင်းကြီး ခြားသဖြင့်လည်းကောင်း စိုးရိမ်စရာတော့ သိပ်မရှိ။ သာအောင်နှင့် ဝါးချွန်ကိုင် ဒူးလေးကိုင် လူလေး,ငါးဆယ်က လူတွေရှေ့ ရောက်လာကြကာ ပွဲခင်းသို့ပြန်ကြရန် အတင်းတွန်းထုတ်နေကြရသည်။ လက်နက်များ ကိုင်ဆောင်ထားကြသည့်အပြင် လူဖြန့်ကာ အတင်းအဓမ္မ လူစုခွဲခိုင်းနေသဖြင့် တဖြည်းဖြည်းဆုတ်သွားကြသော်လည်း လူအုပ်ကြီးက မလျော့နိုင်ဘဲ ရှိသည်။

"သာအောင်…ဘယ်သူ့လက်ချက်တုံးကွ…မိုက်ရင် ရွာကို စမ်းလိုက်ပါလားကွာ… စာသင်ကျောင်းကို မီးရှို့သာ သရဲဘောကြောင်လှသကွာ…အသက်ချင်း လဲလိုက်စမ်းမယ်…"

"ကိုမှတ်ကြီး…ကျုပ်တို့ကိစ္စ ကျုပ်တို့ရှင်းမယ်…ခင်ဗျားတို့ရွာကလူတွေ ခင်ဗျားတို့သာ နိုင်အောင်ထိန်း…ပွဲမပျက်ဘူးနော် လှည်းတွေ မပြန်စေနဲ့…ကျုပ်တို့ ဆရာတော်ကြီး ဈာပန အပျက်မခံဘူး…သွားတော့ ခင်ဗျား ပွဲသွားထိန်း…"

အော်ဟစ်ဆူညံနေကြသော လူအုပ်ကြီး၏ တစာစာအော်သံတွေကြားက သာအောင့်အသံ စူးထွက်နေတာကိုလည်း မအိမ်ကံ ကြားနေရသည်။ တခြားရွာတွေက လာတက်ကြရသည့် ကလေးတွေရှိကြတော့ ကျောင်းကြီးမီးလောင်တာကို အကုန်လုံးက တောက်တခေါက်ခေါက်ရှိကြသည်။ ငိုယိုသူတွေက ငိုယိုနေကြသည်။ အော်သူတွေက အော်နေကြသည်။ ဒေါသတွေ ဆူဆူကြိုင်ကြိုင် လောင်မြိုက်နေကြတာကပင် ကျောင်းကိုလောင်သည့်မီးထက် အဟုန်ပြင်းလှပါ၏။ ကိုပြေသိမ်း ဘယ်ရောက်နေသလဲ။ မအိမ်ကံ ကိုပြေသိမ်းကို စိတ်ရောက်မှ ဆတ်ခနဲ လှုပ်လာခဲ့သည်။ သမီးနှစ်ယောက်ကတော့ အိမ်မှာ။ မီးတဲ့ မီးတဲ့ ဆိုမှ မအိမ်ကံ သည်ဘက်ကို ပြေးလာခဲ့ခြင်းဖြစ်သည်။ ဖိနပ်ပင် မပါခဲ့။ ဆူးလေဆူးတွေက မအိမ်ကံ ဖဝါးမှာ သီးနေသော်လည်း မအိမ်ကံ ဆူးကို မထွင်နိုင်။ လူတွေကြားတိုးရင်း သာအောင်တို့ဘက်ကို မအိမ်ကံ ရောက်လာခဲ့သည်။ သာအောင်တို့တစ်တွေက ရင်ပေါင်တန်းကြရင်း လူတွေကို ရင်ဘတ်က တွန်းရင်း ပြန်ကြပါ…သွားကြပါ အော်နေကြ၏။

"သာအောင်…ဆရာကော…ကိုပြေသိမ်း တွေ့လား…"

"မတွေ့ဘူး မအိမ်ကံ…သည်ကိုတော့ မရောက်သေးဘူး…"

လူတွေက မအိမ်ကံကို တွေ့တော့ ပိုပြီးစိတ်ဝင်စားကြပြန်သည်။ စာသင်ကျောင်းအလှူရှင်၊ စာသင်ကျောင်းအစ်မ မဟုတ်လား။ မအိမ်ကံကတော့ မျက်ရည်တွေကို လက်ဖမိုးနှင့် သုတ်ရင်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ရှိနေပါ၏။ လူကြားထဲက ပြန်တိုးလာခဲ့ကာ အိမ်ဘက်ကို လျှောက်လာတော့မှ ခြေဖဝါးတွေ ကျိန်းစပ်နာကျင်နေတာ သတိထားမိတော့သည်။ ဆူးလေဆူးတွေကို မထွင်ဘဲ မအိမ်ကံ ဆက်လျှောက်လာခဲ့ရာက သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။ မီးညွန့်ကျိုးပြီဖြစ်သော်လည်း မီးတောက်တွေ မသိမ်းသေး။ တစ်ခါက ကျောင်းသားလူငယ်များဖြင့် ဝေစည်ခဲ့သော မအိမ်ကံကျောင်း။ ကျောင်းဆရာ ကိုပြေသိမ်း၏ ရွာကျောင်း။ ခေါင်းလောင်းသံ၊ စာအံသံ၊ ပြေးလွှားပျော်မြူးကြသံများနှင့် ပွင့်လန်းခဲ့သော ဇောင်ချမ်းကုန်း စာသင်ကျောင်း။ ခုတော့ ပြာ၊ မီးခိုးနှင့် မီးလျှံတွေကြားမှာ အော်ဟစ်ညည်းညူနေသလို တဖြောင်းဖြောင်း ကျိုးကြေနေပါပကော။ ဆို့တက်လာသောခံစားမှုကို မအိမ်ကံ တင်းမခံနိုင်တော့ဘဲ အသံထွက်အောင်ပင် ရှိုက်ငိုမိခဲ့လေသည်။ သိမ့်သိမ့်ခါအောင် ငိုမိခဲ့ရပါ၏။

စာသင်ကျောင်းကလေးမှာ ဘာအပြစ်ရှိလို့လဲ။ ဘာအညှိုးနဲ့လုပ်ကြတာလဲ။ ဇောင်ချမ်းကုန်းရွာကို မုန်းတာလား။ ကိုပြေသိမ်းကို မုန်းတာလား။ မအိမ်ကံကို မုန်းတာလား။ ကျောင်းပညာ သင်ယူနေကြတဲ့ ရွာက ကလေးတွေကိုပဲ မနာလို မရှုဆိတ်ဖြစ်ကြတာလား။

မအိမ်ကံမှာ အမေးသာရှိ၍ အဖြေမရှိ။ အဖြေမရနိုင်တော့လည်း မျက်ရည်တွေသာ တသွင်သွင်ကျခဲ့ရသည်။ ရွာကင်းတွေကတော့ သံချောင်းမွှေခဲ့ကြသည်။ ဘုန်းကြီးပျံပွဲမှာ မည်းနေကြတော့ ရွာစွန်က ပိုက်ဆံရှိအိမ်တွေကို သူခိုးဓားပြ ဝင်တာနေမှာလို့ သံချောင်းမွှေသံ ကြားကြားချင်း ထင်မိခဲ့သည်။ ဘုန်းကြီးပျံပွဲကြီး ဝက်ဝက်ကွဲစည်သည့်ရက်မှာမှ သင်းတို့လာဝံ့ လုပ်ဝံ့ရဲကြသေးသည်။ ရွာပေါင်းစုံက လူပေါင်းများစွာ အုန်းအုန်းကျွက်ကျွက် ရှိနေကြချိန်မှာမှ သင်းတို့ ဝင်ဝံ့ရဲကြသကောလို့ပင် မအိမ်ကံ တွေးမိခဲ့သည်။ ကျောင်းကို မီးတင်ရှို့မည် လုံးဝမထင်ခဲ့။ နောက်မှ မီးတောက်ကြီး ရှိန်းခနဲ ဟုန်းခနဲ တောက်လောင်လာတော့မှ 'မီးဗျို့ မီး မီး' ဆိုသည့် အော်သံကြီးတွေ ကြားခဲ့ရသည်။

"ဘုန်းကြီးပျံက ကောက်ရိုးဒုံးရုပ်ကြီးတွေ မီးရှို့ကြသာထင်ပါရဲ့အေ…လေကပြင်းတော့ မီးစိုးရိမ်ရသယ်…"

မလှအုံက ခပ်အေးအေးပင် ပြောနေခဲ့သေးသည်။ မလှအုံက လူတွေ လှည်းတွေ ငြိမ်မှ ပွဲခင်းကို ကူးဖို့ပြင်ထားသဖြင့် မီးလောင်စဉ်က အိမ်မှာရှိနေခဲ့ပါ၏။ ကျောင်းမီးလောင်လို့ ဆိုသည့် အသံကြားတော့မှ မလှအုံက အိမ်အပေါ်ထပ်က ကလေးနှစ်ယောက်ဆီ တက်ပြေးသည်။ မအိမ်ကံက ကျောင်းဘက်ကို ပြေးလာခဲ့ခြင်းဖြစ်၏။

မအိမ်ကံ အိမ်ဝကိုရောက်တော့ လူအုပ်ကြီးတစ်အုပ် ဝိုင်းတိုက်ထဲက ထွက်လာကြသည်။ ရှေ့ဆုံးမှာ ကိုပြေသိမ်း။ လူတွေက ကိုပြေသိမ်းနောက်မှာ ဓားတွေ လှံတွေ ကိုယ်စီကိုင်ရင်း ရပ်နေကြသည်။ မအိမ်ကံက ကိုပြေသိမ်းကိုတွေ့လိုက်မှ အရပ်ကြိုးပြတ် လဲကျသွားတော့သည်။ ကိုပြေသိမ်းက အလိုက်သင့်ပွေ့လိုက်သဖြင့်သာ လဲကျမသွားခြင်းဖြစ်သည်။

"အိမ်ကလေး…သတိထားမှပေါ့…တစ်ကျောင်းပြိုတော့ နှစ်ကျောင်းဆောက်ရုံပေါ့ကွယ်…သွား သွား အိမ်ထဲမှာ နားချေ…ကျေးဥ လာစမ်း…လာတွဲခေါ်သွားစမ်း…"

ထိုစဉ်မှာပင် အမေပန်းရုံနှင့် ကျေးဥ ရောက်လာခဲ့ကြပါ၏။ ကျေးဥက မအိမ်ကံကို တွဲကာ အိမ်မကြီးဘက် ခေါ်သွားခဲ့သည်။

"မောင်ပြေသိမ်း…မင်းဘယ်လဲ…မင်းမထွက်နဲ့…ကျောင်းကိုမီးရှို့သာ မင်းကို မကျေနပ်လို့ဆိုသာ အမေသိသယ်…ငါ့သား မထွက်ပါနဲ့တော့…"

အမေပန်းရုံအသံက ဆို့ဆို့ကြီး နင့်လှသည်။ ကိုပြေသိမ်းက အမေပန်းရုံကို ဖျောင်းဖျသည်။ အိမ်ထဲဝင်ဖို့ ပြောသည်။

"ကျွန်တော် ပွဲခင်းဘက်ကို သွားမှဖြစ်မှာပေါ့…ပွဲပြီးရင် ပိုဆိုးတော့မယ်အမေ…"

www.burmeseclassic.com

www.burmeseclassic.com

လှည်းတွေ နွားတွေက အစီးထောင်ချီရှိနေတာ...အခုတောင် ဘာတွေဖြစ်ကုန်မယ်မပြောနိုင်သေးဘူး...ကျွန်တော် အိမ်စိတ်မချလို့ ပြန်လာတာ...မကြာပါဘူး...ကျွန်တော် ပြန်လာမှာပါ..."

ကိုပြေသိမ်းနောက် ရွာကင်းအဖွဲ့က ကိုပြေသိမ်းကို ဝိုင်းရံလျက်ရှိကြသည်။ ကိုယ့်ရွာကျောင်း မီးရှို့ခံရတာကို ရှက်ခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ နှမြောတသခြင်း၊ ခံပြင်းခြင်း မျက်နှာများဖြင့် သုန်မှုန်နေကြလေသည်။ ကင်းသမားထဲက စံကောင်းက လူကောင်လူလုံး သန်လှသူဖြစ်၍ ဒေါ်ပန်းရုံတို့နှင့် အမျိုးမကင်းသူဖြစ်သည်။ မျက်နှာကြီးရဲလျက် တဆတ်ဆတ် တုန်နေသည်။

"စိတ်ချစမ်းပါ ဒွေးလေးရာ...ကျုပ်တို့ တစ်ချက်သတိလွတ်သွားလို့သာပါ... ဇောင်ချမ်းကုန်းသား သွေးနီမှန်းသိလို့ မိန်းမလိုမိန်းမရ လုပ်သွားသာပါ...တစ်နေ့ပေါ်လာရမှာပေါ့ဗျာ...အကုသိုလ် ဘယ်နေလိမ့်မလဲ..."

"စံကောင်း...ရန်ကိုရန်ချင်း မတုံ့နှင်းနဲ့တော့...ငြိမ်းငြိမ်းသား ငြိမ်းကြပါစေတော့...ကိုင်းကိုင်း သွား...ညဉ့်မနက်ကြနဲ့..."

ကိုပြေသိမ်းတို့ ထွက်သွားချိန်မှာတော့ မအိမ်ကံ အိပ်ရာပေါ်လဲလျက်ရှိ၏။ ကျေးဥက ပြုစုပေးနေသည်။ ကိုပြေသိမ်းတို့ ဆွေမျိုးသားချင်းတွေလည်း ပွဲခင်းထဲက ပြန်ရောက်လာကြပြီဖြစ်၍ အိမ်အောက်ထပ်မှာ တချို့၊ အိမ်ပေါ်မှာတချို့ ရှိနေကြသည်။ မအိမ်ကံနားထဲမှာ ပြေးလွှားနေသလို တဒီးဒီးအသံတွေ ကြားနေရသည်။ စိတ်ထဲမှာ မီးတောက်မီးလျှံတွေ တဟုန်းဟုန်း တောက်လောင်နေကြ၏။ မီးတောက်ထဲက အော်သံတွေ ကြားရသလိုလို။ မီးစွဲသစ်သားချောင်းတွေ၊ ဆင့်တန်း ယက်မတန်းတွေ ပြုတ်ပြုတ်ကျနေကြသည်။ သက်ကယ်မိုးတွေ မီးလောင်နေကြတာကလည်း တရှိန်းရှိန်း မြည်ဟည်းနေသည်။ သံချောင်းမြွေသံတွေ...။ တစ်ကင်းက တစ်ကင်းကူးကာ...ကူးကာ...။ အာရုံထဲမှာ ကမ္ဘာပျက်နေသလိုလို တစီစီပွက်လျက်ရှိ၏။

"မအိမ်ကံ..."

"ဗုဒ္ဓမင်္ဂလံ...ဘုရားရှင်၏ မင်္ဂလာကျက်သရေတော်ကို...အာဂမ္မ အကြောင်းပြု၍ သဗ္ဗအန္တရာယာ...မကောင်းသောအန္တရာယ် အလုံးစုံတို့သည်...ဝိနဿန္တု...ကင်းစင်လွင့်ပျောက်ပါစေ ဘုရား...မကောင်းသော အတိတ်...မကောင်းသော နိမိတ်...မကောင်းသော ဘေးဥပါဒ်...မကောင်းသော ဂြိုဟ်စီးကြမ္မာတို့ ကင်းလွတ်ပါစေဘုရား..."

"မအိမ်ကံ...မအိမ်ကံ..."

မီးတွေက တစ်ရွာလုံးကို ကူးစက်လောင်ကျွမ်းနေသည်။ မီးပင်လယ်ကြီးလို တပြင်တပြန့်ကြီး လောင်နေခြင်းဖြစ်၍ ရွာသူရွာသားတွေက ဆောက်တည်ရာမရကြဘဲ မီးဘေးလွတ်ရာ ပြေးနေကြလေ၏။ မအိမ်ကံလည်း သမီးနှစ်ယောက်ကို လက်ဆွဲရင်း ပြေးနေရသည်။ ဇောင်ချမ်းကုန်း...ဇောင်ချမ်းကုန်း...။ အော်သံတွေက ငရဲပွက်နေကြပါ၏။ မအိမ်ကံ အာရုံထဲမှာ ရှုပ်ထွေးနေသည်။



"မအိမ်ကံ...မအိမ်ကံ..."

လူပေါင်းများစွာက ခေါ်နေတာကို ကြားသော်လည်း မအိမ်ကံ ပြေးနေရဆဲဖြစ်ပါ၏။ ထိုစဉ်မှာပင် အေးမြသောရေတွေ မျက်နှာကို လာစင်သလိုခံစားလိုက်ရသည်။ မီးတောက်မီးလျှံတွေပါ ငြိမ်းကုန်ကြသလို အသံတွေလည်း တိတ်ဆိတ်သွားပါ၏။ ပရိတ်တော်ရေ...ပရိတ်တော်ရေ ဆိုသည့်အသံကို အဝေးကြီးက ပြောနေသလို ကြားနေရသည်။

မအိမ်ကံ မျက်လုံးတွေ ပွင့်လာခဲ့သည်။ ရင်ထဲမှာ အသည်းတွေ အူတွေ တလှပ်လှပ်ခုန်နေကြပါ၏။ အမေပန်းရုံနှင့် မလှအုံက ပရိတ်တော်ရေဖြင့် ခေါင်းကို သပ်နေကြသည်။မျ က်နှာသစ်ပေးနေကြသည်။ အေးမြလိုက်သည့် ပရိတ်တော်ရေ။

"အမေ..."

"သမီး..."

မျက်နှာပေါင်းများစွာ ငုံ့ကြည့်နေကြတာကို မအိမ်ကံ မြင်နေရပါ၏။ အမေပန်းရုံ၏ မျက်ရည်ပေါက်တွေ မအိမ်ကံပါးပေါ် တပေါက်ပေါက် ကျနေလေသည်။ မအိမ်ကံ၏ စီးကျလာသော မျက်ရည်တွေကတော့ ခေါင်းအုံးပေါ် တသွင်သွင်။ ဘေးမှာ လာရပ်ကြသမျှသော ဆွေမျိုးတွေ အားလုံးမှာလည်း မျက်ရည်တွေ အလူးလူးရှိကြပါ၏။

ပွဲခင်းဆီက ဆိုင်းသံတွေ ဝေ့ခနဲ ကြားနေရသည်။ ပွဲကို ထိန်းလိုက်နိုင်ပုံရသည်။ ဒါကိုတော့ မအိမ်ကံ ဝမ်းသာသွားသည်။ သတိကောင်းကောင်းရပြီဖြစ်သော်လည်း နှလုံးခုန်တာတွေ ငြိမ်သွားအောင် မျက်လုံးမှေးရင်း ငြိမ်နေလိုက်သည်။ မလှအုံ၏ အန္တရာယ်ကင်းပရိတ်ရွတ်သံ ဝေး၍ ဝေး၍ သွားပြန်လေသည်။

■

မအိမ်ကံတို့ ဝိုင်းတိုက်ထဲမှာ လူလေးငါးခြောက်ဆယ်လောက်ရှိနေကြသည်။ အိမ်ရှေ့ကွက်လပ်တွင် ဖျာကြမ်းတွေခင်းထားသော်လည်း လူများသည့်အတွက် တချို့က ဖုန်ထဲမှာပဲထိုင်ကြသည်။ စိတ်ဝင်စားကြသော ရွာသူရွာသားတချို့နှင့် ရွာလူကြီးသူမ နှစ်ယောက် သုံးယောက်ပါရှိနေကြပါ၏။ ရွာခေါင်းဆောင် သာအောင်နှင့် ကင်းမှူး စံကောင်းတို့က ကိုပြေသိမ်းနှင့်အတူထိုင်လျက်ရှိကြသည်။ ဘုန်းကြီးပျံပွဲကြီး ပြီးသွားတာ တစ်ပတ်ကျော်ခဲ့လေပြီ။ ဆိုင်ရာငှားရမ်းထားရသောပစ္စည်းတွေ ပြန်တိုက်ပို့ရသည့်အတွက် ရွာလှည်းတိုင်း ကုသိုလ်ပါ ခဲ့ကြရသည်။ တည်းကျောင်းမဏ္ဍပ်များအတွက် ငှားရမ်းထားသော တိုင်များ၊ ဝါးများ၊ ထန်း လက်များကအစများလှစွာသောပစ္စည်းတွေ ဆိုင်ရာဆိုင်ရာရွာတွေကို ရောက်အောင်ပို့ကြရသည်။ ရွာလည်းပန်းကြလှပြီ။ ငွေကြေးအလှူဒါနပြုသည့်အထဲ ထည့်ဝင်ကြရသကဲ့သို့ လုပ်အားဒါန တွေလည်းပေးခဲ့ကြရပါ၏။

ရွာကိစ္စ မဆွေးနွေးရသေးတော့ အားလုံးအားလောက်သည့် ညနေပိုင်းတစ်ပိုင်းမှာ သာအောင်က လူစုပေးခဲ့သည်။ ကျောင်းမီးလောင်သည့်ညက ကင်းတာဝန်ကျကြသူတွေပါ ဆင့်ခေါ်ထားကြသဖြင့် ရွာက အဖြစ်မှန်ကို သိချင်နေကြသူများပီပီ တဖွဲဖွဲရောက်လာကြသည်။ ရွာကင်းက ကင်းမကြီး လေးကင်းရှိသော်လည်း ကြားကင်းလေးတွေလည်း ပြိုးပြိုးပြောက်ပြောက်

www.burmeseclassic.com

www.burmeseclassic.com

ဆောက်ထားတာရှိသည်။ တောင်ကင်းက ကင်းမွေလျှင် မြောက်ကင်းက ကြားနိုင်ဖို့မလွယ်သဖြင့် ကြားကင်း ထားရခြင်းဖြစ်၏။ ကြားကင်းသမားတွေလည်း ပါကြရသည်။ ထိုညက ပထမဆုံး သံချောင်းမွေခဲ့သူမှာ ဖိုးညောင်းဖြစ်သည်။ ဖိုးညောင်းအသံကို ဝိုင်းတိုက်ထဲမှာ အကျယ်ကြီး ကြားနေရသည်။ မအိမ်ကံတို့ အမျိုးသမီးတစ်သိုက်က အိမ်ပေါ်ဝရန်တာမှာ ထိုင်နေကြသော်လည်း ကြားနေရပါ၏။

"အဲသည်ညနေက ကျုပ်နဲ့အတူကျသာက ငပြောင်းရယ်…ငပြောင်းက ပွဲတော်ကွင်း အကြော်သွားဝယ်မယ်ဆိုတော့ ကျုပ်က လွှတ်လိုက်သယ်…ကင်းစင်အောက်မှာ ရေနွေးအိုးကလည်း တည်ထားတော့ ကျုပ်လည်း မီးဆင်းထိုးပါသေးသယ်…အကြော် လာရင် ထမင်းစားမယ်ပေါ့ဗျာ…ကင်းစင်ပေါ်ပြန်တက်တော့ ရွာဘက်ကို ဝင်မယ့် လမ်းမှာ ဖုန်ထသာတော့တွေ့သား…ပွဲရက်ဗျာ…ရွာပေါင်းစုံက ဥဒဟို ဝင်ထွက်နေ ကြသာ ကျုပ်ကလည်း သည်လိုဖြစ်လိမ့်မယ် ခေါင်းထဲကို မရှိသာဗျာ…ရွာတံခါးကြီး ကလည်း ပွဲရက်ဆိုတော့ တောက်လျှောက်ဖွင့်ထားရသာမှတ်လား…ကင်းတံခါး ကလည်း ဒလဟောပေါ့ဗျာ…ခဏနေတော့ အဝေးက ဖုန်လုံးထသာ တွေ့တော့ တွေ့သား…ကျုပ်က အဝေးလှည်းတွေပဲထင်သာ…ဒါနဲ့ အကြော်သွားဝယ်သဲ့ ငပြောင်း လှမ်းမျှော်နေတုန်း ဝါးဆယ်ပြန်လောက်မှာ မြင်းနှစ်ကောင် လူသုံးယောက် လှမ်းတွေ့လိုက်သယ်…ဒါလည်း ကျုပ်က မကောင်းသူ မကောင်းသား မထင်ပါ ဘူး…မြင်းနဲ့လည်း သွားလာနေကြသာကိုးဗျ…ဒါပေသိ ကျုပ်က ကင်းစင်ပေါ်က လှမ်းတော့မေးလိုက်သယ်…ပွဲကြည့်လားဆိုတော့ မဖြေဘူးဗျ…အတင်းနှင်ကြတော့ သာ…ကျုပ်စိတ်ထဲ ပွဲကြည့်တွေပဲ မှတ်သေးသာ…နောက်တော့ ပွဲခင်းဘက်မသွားပဲ ရွာအရှေ့ ချိုးသွားသာ တွေ့လိုက်တော့ စိတ်ထဲ ရနမကင်းသာနဲ့ ကျုပ်လည်း ကင်းသံချောင်း ထမွေသာပဲ…"

ကိုစံကောင်းက ဝင်မေးသည်။ မျက်နှာက ခပ်မှုန်မှုန်။

"လူသုံးယောက် မြင်းနှစ်ကောင် ဟုတ်လား…တစ်ကောင်က နှစ်ယောက်စီးသာ လား…"

"ဟုတ်သယ်…နောက်မြင်းမှာ နှစ်ယောက်ပါသာ…နှစ်ယောက်စီးသာပေါ့ကွာ…"

"ခင်ဗျား မှတ်မိလား…"

"ဘယ်မှတ်မိမှာတုံး…မင်းနှယ်…ဖြောဆို ဝင်သွားပါသယ်ဆိုမှ…"

ဖိုးညောင်းက ဒါပဲပြောနိုင်သည်။ ဒုတိယသံချောင်းမွေသည့် ကင်းသမားက လှဦး ဖြစ်သည်။

"ကျုပ်က ကိုဖိုးညောင်း သံချောင်းသံကြားလို့ တွန်းခေါက်သာ…ဘာရယ်သိသာ မှုတ်ဘူး…ကျုပ်စိတ်ထဲ ဖိုးညောင်း မူးနေသယ် ထင်သေးသာ…"

"မဟုတ်သာကွာ…ကင်းကျသခိုက်တော့ ငါမသောက်ရပါဘူး…ဘုရားစူးရပါစေ…"

ကင်းတွေက သံချောင်းသံဆက်သွားအောင် မွေနိုင်ခဲ့ကြပါ၏။ သည်လူတွေ ဘယ်ကင်း တံခါးက ထွက်သွားကြတာလဲ။ ကိုစံမြက သူ့ကင်းက ထွက်သွားသည်ဟု ဆိုသည်။ ရွာမြောက်




ကင်းက လမ်းတစ်ဆစ်ချိုး ကွယ်နေသည့်နေရာဖြစ်သည်။ မြင်းနှစ်စီး ရုတ်တရက်ထွက်လာ တော့မှ မြင်လိုက်ရသည်ဟု ရိုးရိုးသားသား ဖြေသည်။

"တစ်ခုတော့ရှိသယ်…ကျုပ်မြင်လိုက်သာတော့ မြင်းနှစ်ကောင် လူနှစ်ယောက်ပဲ… ကျုပ်မျက်လုံးကလည်း ဝါးတားတားရယ်…နို့ပေသိ သေချာပါသယ်…"

ကိုစံမြနှင့်အတူ ကင်းကျသူ ကိုဥညြကလည်း မြင်းတစ်ကောင် လူတစ်ယောက်စီပဲလို့ ဆိုသည်။ ဒါဆိုလျှင် တစ်ယောက်ကျန်ရစ်ခဲ့တာပေါ့။ ဘယ်သူလဲ။ ဒါကလည်း ရှာဖို့ သိဖို့ မလွယ်။ ဈာပနပွဲရက်ကြီးဆိုတော့ မြင်းပေါ်က ကျန်ရစ်သူ ဘယ်သူဆိုတာ သိနိုင်ဖို့မလွယ်။ သည်တစ်ယောက်က ဘာကိစ္စ ကျန်နေခဲ့တာလဲ။ စာသင်ကျောင်း မီးရှို့မည့်သူက ပွဲကြည့်ချင်လို့ ဆင်းနေခဲ့တာတော့ မဖြစ်နိုင်။ မြင်းပြေးရင်း မီးကွင်းပစ်ကြတာလား၊ မီးတုတ် ပစ်တင်တာလား။ ဒါဆိုရင် နောက်ကထိုင်လိုက်ခဲ့ပြီး မြင်းနှင့်ပါမသွားဘဲ ကျန်ရစ်သူသာ မီးနှင့်တိုက်သူ ဖြစ်ရမည်။ ဝိုင်းတိုက်ထဲမှာ ရှိကြသူတွေက ကြွက်စီကြွက်စီ မြည်လာကြသည်။ တစ်ယောက်တစ်ပေါက် သဘောထားတွေ ပြောလာကြသည်။ အသံတွေက ကျယ်သည်ထက် ကျယ်လာခဲ့ပါ၏။

"သည်လိုဗျ…"

ကိုပြေသိမ်း အသံကြောင့် အသံတွေ ရုခနဲ တိတ်သွားကြသည်။

"ကျွန်တော်တို့ကျောင်းကလေးကို မီးရှို့ချင်တာတော့ သေချာပြီ…စဉ်းစားစရာတွေ တော့ ရှိတာပေါ့ဗျာ…သည့်ပြင်ရက်တွေ ညဘက်လာရှို့လည်း ဖြစ်သားပဲ…ဒါပေမဲ့ ရွာတံခါးက ရှိနေတယ်…ကင်းတွေရှိနေတယ်…သည်တော့ ကင်းတံခါးတွေ ဖွင့်တဲ့ ရက်ကို ရွေးကြတာပဲ …"

ကိုပြေသိမ်းပြောတာကို ရွာလူကြီးတွေက ထောက်ခံကြသည်။ သည်ဘက်ရက်တွေမှာ ကင်းတွေကို ကျကျနန စောင့်စေသည်။ ကင်းသားအလဲမှာ ကင်းအပ်ပြီးမှ လဲကြသည်ဖြစ်၍ လူလစ်စရာ မရှိ။ သည်ရက်ကို တမင်စောင့်ကြခြင်း ဖြစ်လောက်ပါ၏။

"အခု ဘာတွေ့သလဲဆိုတော့ လူတစ်ယောက် ရွာမှာ ကျန်ရစ်ခဲ့တယ်…ကင်းသမား တွေ ပြောတာ တွက်ကြည့်ရင်ပေါ့ဗျာ…အနောက်ကင်းမ,က ဝင်တယ်…မြောက်ကင်း က ထွက်တယ်…ဟုတ်ပြီ ဘာဖြစ်လို့ မြောက်ကင်းက ထွက်ကြတာလဲ…မြောက် ကင်းမှာ လမ်းက တစ်ဆစ်ချိုးသွားတယ်…နည်းနည်းထွက်လိုက်တာနဲ့ လှမ်းမမြင်နိုင် တော့ဘူး…ဒါကိုကြည့်ရင် ရွာ့အနေအထားကို သိတဲ့လူတွေ ဖြစ်ရမယ်…"

ရွာ့မိရွာ့ဖတစ်ဦးဖြစ်သော ဘကြီးတင်က ကိုပြေသိမ်းစကားအဖြတ်တွင် တစ်ခွန်း ဝင်ပြောလိုက်သည်။

"မောင်ပြေသိမ်းရဲ့…ဘကြီးပြောမယ်…ရွာထဲမှာ တစ်ယောက်ကျန်ကျန်…သုံး ယောက်စလုံးပဲ ကျန်ကျန်…အခုဟာက မြင်းနဲ့လာကြလို့သာကိုး…ရွာကင်းတံခါး တွေ ဖွင့်ထားသဲ့ရက်မှာ ခြေကျင်လာလည်း ဖြစ်သာပဲကွယ့်…ဝင်လာနိုင်ရင် မီးရှို့ နိုင်သာပဲ မဟုတ်လား…"

ကိုပြေသိမ်းက ဝင်ဖြေသည်။

"ဟုတ်ပါတယ် ဘကြီးပြောတာ…မြင်းနဲ့လာတာက အကြောင်းရှိတယ် ဘကြီးရဲ့…

www.burmeseclassic.com

www.burmeseclassic.com

မြင်းနဲ့က ပြေးပြေးပစ်ပစ်လုပ်နိုင်တယ်…လူချည်းဆိုရင် တစ်ယောက်မဟုတ် တစ်ယောက် တိုးနိုင်တယ်…ပိတ်ဆို့ဖမ်းနိုင်မယ်…မြင်းကျတော့ လိုက်ဖို့ခက်တယ်"

"အေးကွ…မောင်ပြေသိမ်းပြောသာ မှန်သယ်…"

"စောစောက ရွာအနေအထား သိတဲ့လူဖြစ်ရမယ်ဆိုတာ ကျွန်တော် ပြောခဲ့တယ်… စဉ်းစားကြည့်တော့ တစ်ရွာတစ်ရွာ လမ်းသိနေကြသူတွေချည်းဆိုတော့ ပြောရတာ ခက်တယ်…ထားပါတော့ဗျာ…ပဲစေ့တစ်တင်းသွန်ပြီး စုန်းပြူးကောက်ရသလို ဖြစ်ရော့မယ်…ကျွန်တော် စဉ်းစားတာက ဘာကိစ္စ ကျောင်းကို မီးနဲ့ရှို့ရတာလဲ ဆိုတဲ့ အချက်ပဲခင်ဗျ…"

ထိုနေ့က စကားဝိုင်းမှာ စိတ်ဝင်စားစရာကောင်းလှသည်။ မအိမ်ကံတို့ပင် ဝရန်တာမှာ ထိုင်ရင်း စကားမဟခဲ့ကြ။ မအိမ်ကံကိုယ်တိုင်လည်း ကိုပြေသိမ်းစဉ်းစားသလို စဉ်းစားမိခဲ့သည်။ ရွာထဲက အိမ်တစ်အိမ်အိမ်ကို မီးရှို့သွားတာမဟုတ်။ မအိမ်ကံတို့ကို ညှိုးသူဆိုရင်လည်း မအိမ်ကံတို့ အိမ်မကြီးကို လမ်းပေါ်က မီးကွင်းပစ်ဖို့ မလွယ်။ လမ်းနှင့်အိမ်က တလင်းပြင်ကြီး ခြားနေတာ မဟုတ်လား။ သည်တော့ ကျောင်းကို ရန်ရှာသွားခဲ့တာ သေချာသည်။ သို့သော် ကိုပြေသိမ်းပြောသလို လူမိဖို့ဆိုတာတော့ မဖြစ်နိုင်ပါ။ ပွဲရက်ဆိုတော့ တစ်ညလုံး ရွာတံခါးတွေက ဘယ်သူမဆို ဝင်နိုင်ထွက်နိုင်ကြတာမဟုတ်လား။

"တစ်ခုတော့ ရှိသယ်ဗျ…"

ဖိုးညောင်း အသံ။ စကားသံတွေ တိတ်ဆိတ်သွားပြန်သည်။

"မြင်းနောက်ကစီးသဲ့ကောင်က ရှေ့ကကောင်ကို ခါးဖက်ထားသယ်…သည်တော့ လူလုံးချင်းယှဉ်ထိုင်သလို ဖြစ်နေသာပေါ့နော…နောက်ကကောင်က လူပုပုရယ်ဗျ… ပုပုညှက်ညှက်ရယ်…ကျုပ်မှတ်မိပြီ ဟုတ်သယ်…ရှေ့ကကောင်နဲ့ ခေါင်းမညီဘူး… ပုပုကလေးရယ်…"

လူပုပုကလေး။ ဘယ်သူဖြစ်နိုင်သလဲ။ ကိုပြေသိမ်းက တရားခံကို မမျှော်လင့်ပါ။ အကြောင်းရည်ရွယ်ချက်ကိုသာ သိချင်သည်။ အခုတော့ အစတစ်စ ထွက်လာခဲ့ပြီ။ အရပ်ပုပု လူတစ်ယောက်။ မီးကွင်းပစ်လိုက်သူဟာ အရပ်ပုပု။

သည်လောက်နှင့်ပင် ထိုနေ့က စကားသိမ်းလိုက်ရသည်။

မအိမ်ကံကတော့ အိပ်ရာထဲဝင်ခဲ့ရသည်တိုင် မီးတောက်မီးလျှံများနှင့် လူပုပု တစ်ယောက်ကိုသာ မြင်ယောင်နေမိပါ၏။ ကိုပြေသိမ်းက ဘာမှတော့မပြော။ သူလည်း စဉ်းစား နေပုံရသည်။ နောက်တော့ ကိုပြေသိမ်း အိပ်ပျော်သွားသည်။ မအိမ်ကံကတော့ ရွာခေါင်းဆောင် သာအောင်တစ်ယောက် ဘာကြောင့် စကားတစ်ခွန်းမှ မပြောခဲ့တာလဲဆိုတာကို စဉ်းစားနေမိ သည်။ တကယ်ဆိုလျှင် ရွာကင်းခေါင်းဆောင်တစ်ယောက်အနေဖြင့် မေးရမည်။ မြန်းရမည်။ စကားတွေ ပြောရမည်။ ဆွေးဆွေးနွေးနွေး ရှိရမည်။ ဒါဖြင့် သူ ဘာကိစ္စ ငြိမ်နေရတာလဲ။ ပြောစရာမရှိလို့ မပြောတာလည်း ဖြစ်နိုင်ပါ၏။ သို့ပေသိ မအိမ်ကံစိတ်ထဲမှာ ဝိုးဝိုးဝါးဝါး ခံစားနေရသည်။ တစ်စုံတစ်ရာ လွဲချော်နေသလို ရှိနေခြင်းပင်။ ရွာကျောင်းကို သာအောင် မီးရှို့ခဲ့တာတော့ မဟုတ်။ ရှို့စရာလည်း အကြောင်းမရှိ။ သာအောင့်မှာ သည်လိုယုတ်ညံ့သည့်

www.burmeseclassic.com





စိတ်မရှိတာ မအိမ်ကံ ယုံကြည်ပါ၏။ တစ်စုံတစ်ယောက်က သည်အကြံအစည်မျိုးရှိသည်ဆိုလျှင် ပင် တုတ်တုပြက် ခားတပြက် ထလုပ်မည့်လူမျိုး။ အစ်ကိုမောင်မြတ်သာနှင့်အတူ တိုင်းပြည်ကိစ္စ တွေမှာ ပါခဲ့သူပင်။

ဒါဖြင့်ရင် ကျောင်းမီးရှို့ခဲ့သည့်ကိစ္စမှာ ဘာကြောင့် သာအောင့်ကို သံသယရှိနေတာလဲ။ မအိမ်ကံ ဒါကိုတော့ တွေးလို့မရပါ။ ရေရေရာရာ ထင်းထင်းရှင်းရှင်း မရှိ။ မအိမ်ကံစိတ်ထဲမှာ မှုန်မှိုင်းမှိုင်း အငွေ့တစ်မျိုး ယှက်သန်းနေတာပဲရှိ၏။ မအိမ်ကံ မအိပ်နိုင်သေး။ အိပ်ရာက အသာထလာခဲ့ကာ ပြတင်းပေါက်နား လာရပ်သည်။ ဇောင်ချမ်းကုန်းရွာကလေးပင် ငြိမ်သက် အိပ်မောကျနေခဲ့ပြီ။ တပေါင်းလ၏ ညလေအေးအေးက တရှုရှုတိုက်ခတ်နေသည်။ မအိမ်ကံပင် ခေါင်းကြည်သွားခဲ့သည်။ မအိမ်ကံမှာ ထူးခြားသော ဉာဏ်ရည်တစ်မျိုးရှိမှန်း သူ့ကိုယ်သူ သိသည်။ တစ်စုံတစ်ရာ ထင့်ခနဲဖြစ်သွားလျှင် သေချာတွေးသည်။ ရှင်းရှင်းလင်းလင်းဖြစ်အောင် တွေးသည်။ ရုပ်လုံးသဏ္ဌာန်ပေါ်အောင် တွေးလေ့ရှိသည်။ အခုလည်း သာအောင့်ကို သံသယ မရှိသော်လည်း မအိမ်ကံစိတ်ထဲမှာ ထင့်ခနဲ ခံစားရတာတစ်ခု ရင်ထဲမှာ စလုံးစခုခံနေပါ၏။

ထိုညက ကျောင်းကြီး မီးဟုန်းဟုန်းတောက်နေချိန်မှာ မအိမ်ကံ ဖိနပ်မပါပဲ ကျောင်း ဘက်ကို ပြေးခဲ့သည်။ ကျောင်းကြီးမီးတောက်စွဲနေတာကို အရွာရွာက ပွဲတော်လာတွေ ကြည့်နေ ကြတာ အုံကြီးခဲရ။ မအိမ်ကံ လူကြားထဲတိုးကာလာခဲ့တော့ ရှေ့ဆုံးကိုရောက်လာခဲ့၏။ သာအောင်တို့ ရပ်ရွာကာကွယ်ရေးကင်းသမားတွေက လူတွေကို ပွဲခင်းထဲပြန်ဖို့ အော်နေကြ သည်။ ဒါကလည်း ပွဲခင်းထဲမှာ ပွဲပျက်မှာစိုးလို့ဆိုတာ မအိမ်ကံ နားလည်ပါသည်။ မအိမ်ကံက ကိုပြေသိမ်း ရောက်လာသလားမေးတော့ သာအောင်က မလာကြောင်း ဖြေတာကိုလည်း မှတ်မိသည်။

မအိမ်ကံ အတွေးတွေကို ပြန်စုစည်းသည်။ လူအတော်များများက ရင်ပေါင်တန်းကာ ရပ်ကြည့်နေသူတွေကို တွန်းလွှတ်နေကြတာကို စူးစူးစိုက်စိုက် မျက်စိထဲမြင်အောင်ကြည့်သည်။ လူတွေကို ပြန်ကြပါ ပြန်ကြပါ နှင်ကြသူတွေ…။ သည်လူတွေကတော့ ဇောင်ချမ်းကုန်းက ချည်းပဲလား။ သည်အချိန်မှာ သူ့ရွာသား ကိုယ့်ရွာသားရယ် မရှိနိုင်။ တစ်ရွာတစ်ရွာ အကြောင်း ကိစ္စရှိလျှင် သည်လိုပင် ဝိုင်းကြမြဲ။ မအိမ်ကံ ဝိုးဝိုးဝါးဝါး ဖြစ်နေတာကို သဘောပေါက်လိုက်ပြီ။ သာအောင့်ဘေးမှာ လူတစ်ယောက်ရှိနေခဲ့သည်။ လည်ပင်းပေါ်မှာ မျက်နှာသုတ်ပဝါတစ်ထည် ခွတင်ထားသည့်လူ။ အရပ်ပုပု။ သည်လူကလည်း ပွဲခင်းကို ပြန်ကြပါ ပြန်ကြပါ အော်နေတာကို မအိမ်ကံ မှတ်မိပြီ။ သည်လူက သာအောင်နှင့် ဆက်စပ်နေသလား…။ မဆက်စပ်ဘူးလား။ ဒါတော့ မအိမ်ကံ မသိ။ သေချာတာက အရပ်ပုပုလူတစ်ယောက် ထိုနေ့က သာအောင်နှင့်အတူ ရှိနေခဲ့ခြင်းပင်။

မအိမ်ကံ အိပ်ရာထဲ ပြန်ဝင်ခဲ့ပါ၏။ သည်ကိစ္စက သေချာတာမဟုတ်တော့ မအိမ်ကံ ကိုယ်တိုင် ဝမ်းထဲမျိုချထားလိုက်သည်။ ကိုပြေသိမ်းကတော့ အိပ်ပျော်နေဆဲ။

"ငါ့ကျောင်းကို မီးရှို့သဲ့လူ…ဘယ်သူလဲ…ဘာဖြစ်လို့များ ငါ့ကျောင်းကိုမှ မီးရှို့ရ သာလဲ…သည်ကိစ္စ တစ်နေ့တော့ ပေါ်ကိုပေါ်လာရမှာပဲ…သင်း မလွတ်နိုင်ပါဘူး"

မအိမ်ကံ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ သို့သော် ထိုအပြုံးက ရက်စက်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

နာကျည်းခြင်း၊ ခံပြင်းခြင်း၊ ဆူဝေခြင်း စသော ခံစားမှုများအတွင်းက ယိုစိမ့်ကျလာသော အပြုံးပင် ဖြစ်လေသည်။

"သည်ကိစ္စ သာအောင့်ဆန္ဒတော့ မပါလောက်ဘူး...ဒါပေမဲ့ သာအောင် သိသယ်...ဒါ ကြီးတော်စံရွှေနဲ့ ပတ်သက်သဲ့လူဖြစ်ရမယ်...မအေလုပ်သဲ့ကိစ္စဆိုတော့ သား တစ်ယောက်အနေနဲ့ ရေငုံနေသာပဲ ဖြစ်လိမ့်မယ်...ဘယ်သူပဲလုပ်လုပ်...ရွာက တော့ ကြောင်တစ်ကောင် ပါနေပြီပဲ..."

တစ်ခုတော့ ရှိပါရဲ့။ ကြီးတော်စံရွှေက ဂျပန်ခေတ်တစ်ခေတ်လုံး ငြိမ်နေခဲ့ပြီး ဘယ်လိုကြောင့် ခုမှ တစ်စခန်းထရတာလဲ။ မအိမ်ကံ အတွေးတွေမရပ်ခဲ့။ ထိုညက မိုးသာ စင်စင်လင်းတော့သည်။

■

စာသင်ကျောင်း မီးလောင်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ ကိုပြေသိမ်းမှာ မြင်းခြံမြို့ရှိ ပညာရေးဌာနရုံးသို့ ဖြစ်ပျက်ပုံ တင်ပြရန် သွားရသည်။ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း ကိုပြေသိမ်းကို ကျောင်းအုပ်ဆရာကြီးအဖြစ် တရားဝင်ခန့်အပ်ခဲ့ရုံမက ကျောင်းကိုလည်း အစိုးရ အသိအမှတ်ပြု မူလတန်းကျောင်းအဖြစ် သတ်မှတ်ပေးခဲ့သည်။ ဇောင်ချမ်းကုန်းရွာ မူလတန်းကျောင်းဆိုသည့် တရားဝင်အမည်ရခဲ့သည် မှန်သော်လည်း ရွာတွေက မအိမ်ကံကျောင်း လို့ပင် နှုတ်ကျိုးနေကြလေပြီ။ မအိမ်ကံကျောင်း မီးလောင်လို့တဲ့ဆိုသည့် သတင်းက ရွာတိုင်း တွင် ပျံ့နှံ့လျက်ရှိပါ၏။

"မအိမ်ကံကျောင်း မီးလောင်သာ ထင်းတိုတစ်ချောင်း မရလိုက်ဘူးသဲ့...လုပ်ကြ တုန်းက မအိမ်ကံတို့အိမ်ကြီးကို မီးရှို့ချင်သာသဲ့တော်...အိမ်ကြီးကို မလုပ်ရတော့ ကျောင်းကို မီးရှို့သာပေါ့...ရက်စက်ယုတ်မာချက်တော့...မလုပ်ကောင်းသာ လုပ်ကြ သာများ..."

"မအိမ်ကံကျောင်း မီးလောင်သာ ထူးတော့ထူးဆန်းသားဗျ...ဘုန်းကြီးပျံပွဲရက်မှ ထ,လုပ်ကြသာ စဉ်းစားလို့မရဘူး...လူတွေ ပွဲလန့်ပြီး ဘာမှမဖြစ်ကြသာ ကံကောင်း...ဘယ်လိုလူတွေကများ သည်လောက် လက်ရဲဇက်ရဲ နိုင်ကြပါလိမ့်..."

"ဆရာလေးက နိုင်ငံရေးစကားတွေ တွန်းပြောလို့ မကျေနပ်သဲ့လူက လုပ်သာလို့လည်း ကြားသာပဲ...တချို့ကလည်း ဆရာလေးက ရွာကင်းတွေ လိုက်ဖွဲ့လို့ သူခိုးဓားပြက အညိုးနဲ့ရှို့သာလို့လည်း ပြောကြသယ်...အမှန်တရားတော့ ဘုရားမှ သိမှာပဲ..."

အထင်တွေက အမျိုးမျိုး၊ အတွေးတွေက အမျိုးမျိုး။ ရွာတွေမှာ သည်စကားက ကြက်ရေသောက်သလို အဝင်သာရှိ၍ အထွက်မရှိ။ ဝေဖန်ချက်သာရှိ၍ အဖြေမရှိ။ ဘယ်လိုပင်ဖြစ်စေ ရွာပေါင်းစုံက ကလေးတွေ ကျောင်းမရောက်ရတာပဲ အဖတ်တင်သည်။ ကျောင်းဆောက်ဖို့ဆိုတာ လွယ်တာမဟုတ်။ ချက်ချင်းထဆောက်လိုက်စမ်းမဟဲ့ဆိုသော်လည်း ပညာရေးဌာနက စုံစမ်းတာတွေ ရှိလာဦးမည်။ အမိန့်ချမှတ်ပေးမှ ပြန်ဆောက်ခွင့်ရှိသည်။ ကိုပြေသိမ်း မြို့ကိုသွားပြီး ကျောင်းပြန်ဖွင့်ရေး လုံးပန်းနေတာကိုလည်း ရွာတွေက သိကြပါ၏။ သည် တစ်ကြိမ်တော့ ရွာပေါင်းစုံက ငွေထည့်လှူချင်ကြသည်။ တစ်ချိန်က စာသင်ကျောင်းကလေး အပေါ် အာရုံမရှိခဲ့ကြသော ရွာများကပင် အချိုးကျထည့်ဝင်ရန် ပြောလာကြပါ၏။

"သြော်...ရွာတွေမှာလည်း ဘုန်းကြီးပျံပွဲအတွက် လုံးပန်းထားရတော့ ပင်ပန်းနေကြမှာ ပါရှင်...လက်မခံပါရစေနဲ့...မအိမ်ကံကျောင်းကို မအိမ်ကံပဲ ပြန်ဆောက်လှူစမ်း ပါရစီ...ကျွန်မတို့မိသားစုအဖို့ သည်လောက်တော့ ရန်းနိုင်ပါသေးသယ်...ပညာရေး ဌာနက ခွင့်ပြုပြီဆိုသာနဲ့ ကျောင်းပြန်ဆောက်မှာပါ..."

ရပ်ရွာတွေက လူကြီးတွေ ငွေထည့်ဝင်ဖို့ ပြောလေတိုင်း မအိမ်ကံ ယဉ်ယဉ်ကျေးကျေး ငြင်းသည်ချည်းပင်။ မအိမ်ကံတို့မှာလည်း စီးပွားရေးအရ အရင်ကလို 'မား' လှတာတော့ မဟုတ်။ စစ်ကြီးတစ်ခေတ်လုံး ဝေကာမျှကာ ကျုံးကာရုန်းကာ ကုန်ခဲ့ရတာတစ်မျိုး၊ ဓားပြ သုံးကြိမ် ဝင်အတိုက်ခံခဲ့ရတာတစ်မျိုး၊ ဆွေတွေမျိုးတွေကို လူလုံးမှုအောင် ဝေရခြမ်းရတာ တစ်မျိုးဆိုတော့ မအိမ်ကံမှာ စိတ်ရှိတိုင်း ကိုယ်မပါနိုင်။ သို့သော် မအိမ်ကံတို့အဖို့ ဆင်ပိန်တော့ ကျွဲလောက်ဆိုသလို ကျန်သင့်သလောက်ကျန်ပါ၏။ မအိမ်ကံတို့မှာ လယ်တွေ ချောင်းတွေ ကျန်သင့်သလောက်ကျန်သည်။ အဖေသူကြီးရှိစဉ်အခါကတည်းက ရွာကျောင်းမှာ ဆွမ်းစား ကျောင်း လှူခဲ့သည်။ စာသင်ကျောင်း ဆောက်သည်။ ရွာဦးဇရပ် ဆောက်လှူသည်။ ရေတွင်း နှစ်တွင်း၊ ရွာလယ်တံတားတွေ အသစ်တည်ပေးခဲ့သည်။ ကျောင်းသုံးပရိဘောဂတွေဆိုတော့လည်း မအိမ်ကံပင်။ ဆရာတော်ကြီး ဈာပနမှာလည်း မအိမ်ကံတို့ပဲ နင့်နင့်နဲနဲ မ,တည်ခဲ့ရသည်။

အခုလည်း အမေပန်းရုံက စာသင်ကျောင်းကလေး ပြန်ဆောက်ချင်သည်ဆိုတော့ မအိမ်ကံ မဖြစ်ဖြစ်အောင် ဆောက်လှူရတော့မည်။ အမေပန်းရုံခမျာ အသက်ရရှာပြီ။ သူလှူချင် သည်ဆိုတာကို မအိမ်ကံ ဖြစ်အောင်လုပ်ပေးဖို့သာ ရှိပါ၏။ မီးလောင်သည့်ညကပင် သည်ကျောင်း ကို ငါ ပြန်ဆောက်လှူမယ်ပြောခဲ့တာ မအိမ်ကံအသိ။ မအိမ်ကံကလည်း လှူချင်သည်။ မအိမ်ကံကျောင်းကို မအိမ်ကံ ပြန်လည်တည်ထောင်ရမည်။ သည်လိုကိစ္စတွေမှာ ကိုပြေသိမ်းကို အိမ်သားအဖြစ် အသိပေးခြင်းသာရှိ၍ မအိမ်ကံကပဲ ဆုံးဖြတ်လေ့ရှိ၏။ ကိုပြေသိမ်းကလည်း မအိမ်ကံ လုပ်ချင်တာမှန်သမျှ ကန့်ကွက်တာမျိုး၊ တားတာမျိုး မရှိခဲ့။ 'အိမ်ကလေးသဘောပါ' လို့ ဆိုသည်ချည်းပင်။ အစစအရာရာ ရှားပါးနေချိန်တွင် မအိမ်ကံ တစ်ချီတစ်မောင်း ရုန်းထဖို့ တော်တော်ကြိုးစားရမှာကိုလည်း သိပါ၏။ သို့သော် မအိမ်ကံ ဆုံးဖြတ်ပြီးပြီ။

ကိုပြေသိမ်း မရှိသည့်တစ်ရက်တွင် အစ်ကိုလေးစံကောင်းကို မအိမ်ကံ အခေါ်ခိုင်းလိုက် သည်။ ကိုစံကောင်းက အမေပန်းရုံ၏ အစ်ကိုဝမ်းကွဲက မွေးသည့်သားဖြစ်သည်။ ရွာမှာပဲ နေထိုင်သူဖြစ်၍ မအိမ်ကံ အိမ်အလုပ်တွေ မနိုင်တိုင်း ကိုဖိုးငွေတို့နှင့် လာဝိုင်းတတ်သူဖြစ်၏။ မဟုတ်မခံစိတ်ရှိသည့်အပြင် မအိမ်ကံကိုလည်း ချစ်ရှာသည်။

ကိုစံကောင်းရောက်လာတော့ မအိမ်ကံက သရက်ပင်အောက် ခေါ်လာခဲ့သည်။

"ကိုင်း...ငါ့နှမ ပြောစမ်း...ဘာများပါလိမ့်"

"ကိုဖိုးညောင်းနဲ့ ကိုစံမြကို ခေါ်ပေးစေချင်လို့...မအိမ်ကံ နည်းနည်းပါးပါး မေးစရာ ရှိလို့ပါ အစ်ကိုလေး..."

"ဖိုးညောင်းနဲ့စံမြ...ဘာလုပ်ဖို့လဲ သည်ကောင်တွေကို...ပြောစရာရှိရင် ငါ့မှာလိုက် လေ...ပိုက်ဆံရစရာ ရှိလို့လား..."



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး အစ်ကိုလေးရယ်...မအိမ်ကံ သိချင်သာရှိလို့ပါ..."

"အေးလေ...ခေါ်ဆို ခေါ်ပေးပါ့မယ်...သည်ကောင်တွေ ဘယ်များရှိမှာပါလိမ့်...တောထဲတော့ မဆင်းလောက်ပါဘူး...တွေ့သာနဲ့ ငါခေါ်ခဲ့မယ်ဟာ ကိုင်း..."

"ကနေ့ပဲ ရှာခေါ်ခဲ့နော်...ကိုပြေသိမ်း မသိစေချင်လို့..."

"အေးပါ..."

နေ့ခင်း နာရီပြန်နှစ်ချက်လောက်မှာ ကိုစံကောင်းနှင့်အတူ ကိုဖိုးညောင်းတို့ ပါလာသည်။ မအိမ်ကံက သရက်ပင်အောက်ကိုပဲ ခေါ်လာခဲ့ပါ၏။ မအိမ်ကံ ဘာတွေများ မေးချင်လို့ပါလိမ့်ဆိုတာကို ထူးဆန်းနေကြပုံတော့ ပေါ်သည်။ မအိမ်ကံက စကားခံမနေတော့ဘဲ လိုရင်းကိုသာ မေးတော့သည်။

"ကိုရင်ဖိုးညောင်း...မအိမ်ကံမေးမယ်...ဖြည်းဖြည်းဖြေ...စဉ်းစားပြီးဖြေနော်...မီးလောင်သဲ့ညက ကိုရင်ဖိုးညောင်းမြင်သာ ပြန်ပြောစေချင်သာပါ...တစ်ချက်ချင်း စဉ်းစားဖြေနော်...ကဲ ပြော..."

"ငါ ပြောပြီးသားပဲ ငါ့နှမရာ...ဟိုညက နင်လည်း ကြားပြီးသားပဲ အဲသာပဲရှိသာ...နောက်ထပ် ငါ ဘာမှမသိဘူး...ဘုရားစူးရပါစေ့ဟာ..."

မအိမ်ကံ ချက်ချင်းသိလိုက်ပြီ။ ကိုဖိုးညောင်းတို့ကို မအိမ်ကံ ခေါ်မေးတာကိုပဲ သူတို့ကို မသင်္ကာလို့ ခေါ်မေးတယ်ထင်ကြပြီ။ မျက်စိမျက်နှာတွေများပျက်လို့။ လူအများရှေ့မှာ သိသလောက် ပြောပြီးသားကိုစ္စ။ မအိမ်ကံက တစ်ချက်ချင်း ပြန်ပြောပါဆိုတာကို လန့်နေကြပုံလည်း ပေါ်ပါ၏။ မအိမ်ကံက သူ့သဘောထားကို ပြောပြရတော့သည်။

"သည်လိုပါ ကိုရင်ရဲ့...အခုကိစ္စက ရွာလည်း သိက္ခာကျသယ်...မအိမ်ကံလည်း အစော်ကားခံရလေခြင်းလို့ ခံစားရပါသယ်...အခု ကိုရင်တို့ကို ခေါ်သာလည်း မယုံတာ မသင်္ကာတာ မရှိရပါဘူး...စကားဆိုသာ ကျန်တတ်သယ်မဟုတ်လား...မအိမ်ကံသိချင်သာပဲ မေးပါတော့မယ်လေ...အဲသည်နေ့က မြင်းနောက်က စီးလာသူဟာ အရပ်ပုသယ်...ဟုတ်သယ်နော်..."

"အေးဟ...ရှေ့ကစီးသဲ့ကောင်ကို နောက်ကကောင်က ဖက်ထားသာတွေ့သယ်...နောက်ကကောင်က တော်တော့်ကို အရပ်ပုသယ်...ငါမြင်သာက အလင်းရောင်ရှိသေးသာကိုး...ဘုန်းကြီးပျံပွဲက ဒုံးလွှတ်ပြီး မကြာဘူးလေ...ပွဲက ညှိခံဆိုင်းတီးနေပြီဟာ..."

"ဟုတ်ပြီ...နောက်ကလူက မျက်နှာသုတ်ပဝါတစ်ထည် ဂုတ်ကိုခွထားသယ်...မြင်းစီးရင်း လေလွင့်မှာစိုးတော့ အစနှစ်ဖက်ကို အင်္ကျီထဲ တစ်ဖက်စီ ထိုးထည့်ထားသယ်...ဟုတ်ကဲ့လား..."

ကိုဖိုးညောင်း တွေသွားသည်။ လည်ကြီးစောင်းကာ ထိုညနေကအဖြစ်ကို ပြန်စဉ်းစားနေသည်။ ကိုစံကောင်းကတော့ မအိမ်ကံ ဘာတွေမေးနေမှန်းမသိ။ မျက်နှာသုတ်ပဝါ ဂုတ်ခွထားတာကို ဘယ်လိုများ သိတာပါလိမ့်။ ဉာဏ်မမီတော့လည်း အသာငြိမ်နေလိုက်ရ၏။ ကိုဖိုးညောင်းဆီက အသံမထွက်သေး။ ပြီးမှ မအိမ်ကံကို မျက်လုံးပြူးကြည့်သည်။ စုန်းမနှင့် တွေ့နေရပုံမျိုး။



"ဟုတ်သယ် ငါ့နှမရေ...ပဝါတစ်ထည် ဂုတ်မှာပါသယ်...ဟုတ်သယ် ဟုတ်သယ်...သေချာသယ်..."

"ဟုတ်ပြီ...ကိုင်း ကိုစံမြကို တစ်ချက်ပဲမေးမယ်...မြောက်တံခါးက ထွက်သွားတော့ မြင်းနှစ်စီး လူနှစ်ယောက်ထဲဆိုသာ သေချာရဲ့လား..."

ကိုစံမြက တအောင့်ပဲစဉ်းစားကာ သေချာကြောင်း ပြောခဲ့ပါ၏။ မအိမ်ကံ ကျေနပ်သွားသည်။ ကိုစံကောင်းတို့သုံးဦးကို ပုဆိုးတစ်ကွင်းစီ ပေးလိုက်သည်။ မအိမ်ကံတွက်သည့်ကိန်းတော့ တည့်တည့်ကြီး တိုးနေပါပကော။ ကိုစံကောင်းတို့ကို သည်ကိစ္စ ဘယ်သူ့မှမပြောစေချင်ကြောင်း အထပ်ထပ်မှာတော့ မပြောဖို့ ကတိပေးကြကာ ပြန်သွားကြသည်။ တစ်ချက်ပဲ မေးစရာကျန်တော့သည်။ မအိမ်ကံ ရက်ကန်းရုံဘက်ကို လာခဲ့ကာ အရီးကြာညွှန့်နှင့် စကားတွေပြောနေခဲ့သည်။ အရီးကြာညွှန့်က ခေါင်းတညိတ်ညိတ်။ ထိုညက မနက်မိုးလင်းမှာကို မအိမ်ကံ စောင့်နေခဲ့သည်။ အရီးကြာညွှန့်လာမည့်အချိန်ကို စောင့်နေခဲ့သည်။ မနက်ဆွမ်းခံပြန် မောင်းတီးတော့မှ အရီးကြာညွှန့် ရောက်လာခဲ့ပါ၏။ အရီးကြာညွှန့် ဝင်းတံခါးဝရောက်သည်နှင့် မအိမ်ကံ ပြေးတွေ့သည်။ သိချင်လှပြီမဟုတ်လား။

"မနေ့ညက အရီးသွားခဲ့သယ်...မရောက်သာ ကြာပါပြီအေရယ်...မစံရွှေကြီး အတော် မမာနေရှာသာကော...စိတ်ထောင်းကိုယ်ကြေ ဖြစ်ထင်ပါရဲ့...စီးပွားကလည်း ကျ လူကလည်း အိုပြီပဲ...အရီးရောက်သွားတော့ နှိပ်ခိုင်းလို့ နှိပ်ပေးခဲ့ရသေးသယ်...'နာ'နေရှာပါပြီအေ..."

"ဘာဖြစ်သာသဲ့လဲ..."

"အသက်ရှူမဝသာသဲ့...ပါးစပ်က ဟစီ ဟစီနဲ့ အသက်ရှူနေရရှာသယ်...ဗမာဆရာနဲ့တော့ ကုနေသယ်ပြောသာပဲ...ရွာထဲလည်း ပြောသံမကြားပါဘူးအေ...ခက်သာက သူတို့ကလည်း ဘယ်သူ့မှ လူမထင်ကြဘူးအေ့..."

"မအိမ်ကံသိချင်သာကော..."

မအိမ်ကံက သိချင်တာကို အလျင်စလိုမေးလိုက်သည်။ ကြီးတော်စံရွှေတို့အိမ် ဒါမှမဟုတ် သာအောင်နှင့်ရွှေမှုံတို့ ခွဲနေသည်ဆိုသောအိမ် တစ်အိမ်အိမ်မှာ မအိမ်ကံ မျှော်လင့်ထားသော လူတစ်ယောက်ရှိရမည်ဟု တွက်ထားခဲ့သည်။ အရပ်ပုပုဆိုသူလူက ဘုန်းကြီးပျံပြီးတာနှင့် ပြန်ချင်လည်း ပြန်သွားနိုင်သည်။ ရှိချင်လည်း ရှိနိုင်သည်။ မအိမ်ကံက မြားတစ်ချောင်းပစ်ကြည့်လိုက်ခြင်းဖြစ်၏။ အရီးကြာညွှန့်က မဖြေသေးဘဲ အနားက ထင်းပုံပေါ်တက်ထိုင်သည်။ စကားများများ ပြောစရာရှိသည့်ပုံ။ မအိမ်ကံကလည်း လိုက်ထိုင်လိုက်သည်။ မလှအုံကပင် "တူဝရီးနှစ်ယောက် နေစရာ ထိုင်စရာရှားလို့တော်" လို့ လှမ်းအော်နေပါ၏။

"အရီးရောက်သွားတော့ အကောင်ပု မရှိတော့ဘူး...သည်လိုအေ့...အရီးပြန်မယ်လုပ်တော့ မစံရွှေက သူ့ချွေးမ အကြီးမကို ဆန်သုံးပြည် ထည့်ပေးလိုက်စမ်းလို့ခိုင်းတော့ ကွမ်းတောင်ကိုင်မ မိကြည်သန်းက ဆန်လိုက်ချင်ပေးသယ်...ဒါနဲ့ အရီးကညည်းတို့အိမ် ဟိုရက်က အရပ်ပုပုနဲ့လူတစ်ယောက် တွေ့ပါသယ် စာရင်းငှားပေါ့ဆိုတော့ မဟုတ်ဘူးသဲ့...အမေ့တူသဲ့...တူဆိုပေသိ ခပ်ဝေးဝေးထဲကပါသဲ့...သမုန်း

www.burmeseclassic.com

www.burmeseclassic.com

ကိုင်းက ခဏလာနေသာသဲ့...ကိုယ်မကောင်းဘူးလို့လည်း ပြောသယ်...မအိမ်ကံ ပြောသဲ့ အရပ်ပုပုလူဆိုသာ အဲသည်ကောင်ဖြစ်မှာပဲ...”

ဟုတ်ပြီ။ အကုန်လုံး ထင်ထားသည့်အတိုင်း ဖြစ်နေခဲ့ပြီ။ မြရာသံပတ် ကျပ်ရာသပ်ပင်း သည့်ထက်ခိုင်စရာမရှိ။ မအိမ်ကံကျောင်းကို မီးရှို့ခိုင်းတာ သင်းပဲဖြစ်ရမည်။

ကိုယ်ရေရောဂါသည်၊ သမုန်းကိုင်းသား၊ လည်ပင်းမှာ တဘက်တစ်ထည် ခွတင်ထား တတ်တဲ့လူ။ အရပ်ပုပု။

သမုန်းကိုင်းကို မအိမ်ကံငယ်ငယ်က ရောက်ဖူးသည်။ ဓောင်ချမ်းကုန်းနှင့် ဝေးလှသည်။ ကြီးတော်စံရွှေနှင့် သွေးဝေးသော တူတော်သူ၊ ဓောင်ချမ်းကုန်းကို အရောက်အပေါက်နည်းသူ လည်း ဖြစ်ပြန်ဆိုတော့ လက်ထောက်ချခိုင်းလိုက်တာဖြစ်မည်။ ထားပါဦးတော့။ ဘာဖြစ်လို့များ စာသင်ကျောင်းကလေးကို မီးရှို့ရတာလဲ။ အရီးကြာညွန့်က ဆက်ပြောနေပြန်ပါ၏။

“မအိမ်ကံ...ညည်းက ငါ့ကျေးဇူးရှင်ပါအေ...ငါမှန်သဲ့စကားတစ်ခွန်းတော့ ပြောစမ်း ပါရစီ...မစံရွှေဆိုသာကလည်း ငါ့ကို ကျွေးမွေးနေသာပါပဲ...သူတကာ့အပေါ် မကောင်းပေမယ့် ငါ့အပေါ်တော့ ကောင်းရှာပါရဲ့...ပြီးခဲ့သဲ့ နှစ်နှစ်လောက်က အရီး ကို စကားတစ်ခွန်း ပြောဖူးသယ်...ငါဝမ်းထဲငါထားခဲ့သဲ့စကားပါအေ...တစ်ဖက်နား မရောက်ကောင်းသဲ့ စကားပါ...”

“ပြောပါ အရီးရဲ့...မအိမ်ကံ သည်းခံနိုင်ပါသယ်...”

“သြော်...မအိမ်ကံနဲ့သူနဲ့ဖြစ်သဲ့ ကိစ္စဟောင်းကို ပြောသာပါ...ငါ့ဘဝမှာအေ ဆင်းရဲ တုန်းကလည်း ဆင်းရဲခဲ့ပါရဲ့...ချမ်းသာတော့လည်း သူတကာ့ခေါင်းပေါ် မော်ခဲ့ရပါ ရဲ့...ဒါပေမဲ့ ကန်တော့ပွဲရွက်ပြီး ဘယ်သူ့ကိုမှ မတောင်းပန်ခဲ့ရဖူးဘူးသဲ့...သာအောင် တစ်ချက်မှားသာနဲ့ ငါ့မလဲ ဗန္ဓရသရက် ပိုးချက်မကင်းဖြစ်ရသယ်...ငါ့တစ်သက် မကျေဘူးသဲ့...”

“တစ်သက်မကျေတော့ နှစ်သက်ပေါ့ အရီးရယ်...မအိမ်ကံ မမှားဘူး...သူတို့မှား သာ...မအိမ်ကံကတော့ ကျေခဲ့ပါပြီ...အခုတစ်ခါ အိုးကွဲရေမလုံ ဖြစ်ရပြန်ပြီကော...”

အရီးကြာညွန့်က မအိမ်ကံ ဘယ်လိုကြောင့် သည်အကြောင်း စုံစမ်းခိုင်းမှန်းလည်း မသိ။ ရွာကျောင်း မီးရှို့ခံရတာနှင့် ဆက်စပ်သည်လို့လည်း မထင်။ မအိမ်ကံကလည်း အကြောင်း ရင်းကို မပြော။ အရီးကြာညွန့် ရက်ကန်းရုံဘက် ထွက်သွားတော့လည်း မအိမ်ကံ ထင်းပုံပေါ် မှာပဲ ဆက်ထိုင်နေမိပါ၏။ သမီးနှစ်ယောက် ပြေးလာကြပြီး ထင်းပုံပေါ်တက်ကြတော့မှ အတွေးလည်း ပျက်ရတော့သည်။ သေချာခဲ့ပြီ။ မအိမ်ကံကျောင်းကို ကြီးတော်စံရွှေတို့ လုပ်ကြံ ခဲ့ကြပြီ။ သာအောင် ပါလေသလား မပါလေသလား မသေချာပေသိ သူလည်း သုံးခွက် တစ်ခွက်တင်။ မအေလုပ်သည့်အမှုတွင် ရွာမျက်နှာမထောက်ဘဲ ရေငုံနေခဲ့ခြင်းကိုက အပြစ်ရှိခဲ့ပြီ။ ရွာအစည်းအဝေးညက နှုတ်ဆိတ်နေခဲ့သည်။ ရွှေမှုံကကော ဘာထူးသလဲ။ တစ်နွယ်ငင် တစ်စင်ပါဆိုသလို လင့်စက်ရိပ်ခိုပြီး မတရားမှုမှာ မြင်းညို ကျိုင်းမလန့် ရှိခဲ့သူပင်။

ရွာရပ်အပေါ် ငွေတိုးကြေးတိုးချေးစားရင်း မတရားမှုဖြင့် ချမ်းသာကြွယ်ဝလာသော ကြီးတော်စံရွှေ။ သားလုပ်သူ သာအောင်ကကော ဘာထူးလဲ။ တောသူတောင်သားများ၏



ကျေးဇူးရှင်နွားတွေကို ကုန်ပစ္စည်းသဖွယ် သဘောထားပြီး နွားအလဲအထပ်လုပ်ရင်း စီးပွားရှာသူ။ သင်းတို့တစ်တွေမှာ ဘယ်စိတ်ကောင်းနှလုံးကောင်း ရှိနိုင်ကြမှာလဲ။

မအိမ်ကံ အံတစ်ချက်တင်းတင်းကြိတ်ရင်း ထင်းပုံပေါ်က ဆင်းလာခဲ့၏။ သည်ကိစ္စမှာ မအိမ်ကံ တရားခံကို ဖော်နိုင်ခဲ့ပြီ။ တစ်ရွာလုံး မစဉ်းစားခဲ့သည့်ကိစ္စ။ တစ်ရွာလုံးမပြောပါနှင့် ကိုပြေသိမ်းပင် တရားခံမရှာနိုင်ခဲ့သည့်ကိစ္စ။ လက်သည်ပေါ်တာတော့ဟုတ်ပါပြီ။ ဘာဆက်လုပ် မလဲ။ ဘယ်သူ့ကို ပြောရမလဲ။ ရွာသူရွာသားတွေ အစည်းအဝေးခေါ်ပြီး သည်ကိစ္စကို အုမ ချေးခါး ဖွင့်ချရင်ကော။ မအိမ်ကံပြောပြလျှင်ကော ယုတ္တိယုတ္တာ ရှိပါ့မလား။ ညည်းကိုယ်တိုင် ဒိဋ္ဌမျက်မြင် ဟုတ်လို့လားမေးလျှင် ဘယ်လိုဖြေမလဲ။ ဘာနဲ့ သက်သေထူမလဲ။

မအိမ်ကံ အချိန်ယူရဦးမည်။ အကွက်တကျ စဉ်းစားရပါဦးမည်။ ကြီးတော်စံရွှေကို လက်ဆုပ်လက်ကိုင်ပြနိုင်ဖို့က အရေးကြီးသည်။ ကိုပြေသိမ်းကိုပင် မပြောသေးဘဲ ဉာဏ်မီ သလောက် ဝေဖန်စဉ်းစားချင်ပါသေး၏။ မအိမ်ကံအဖို့ရာ သွားလည်း သည်စိတ်၊ စားလည်း သည်စိတ်၊ ထိုင်တော့လည်း သည်စိတ်၊ ထတော့လည်း သည်စိတ်။ သည်ကိစ္စ သဲကွဲမရှင်းရ မချင်း မအိမ်ကံဘက်က ရှုံးနိမ့်သလိုလည်း ခံစားရသည်။ တစ်ရက်ရက်မှာတော့ အစ်ကိုလေး ကိုစံကောင်းကို ဖွင့်ပြောပြပြီး တိုင်ပင်မည်လို့သာ တေးထားခဲ့ပါ၏။ တရားခံသိလျက် အဖမ်း ခက်ရသည့်အဖြစ်ကလည်း မခံချင်စရာတော့ အကောင်းသား။ ဘာပဲဖြစ်ဖြစ် ရင်ထဲငြိနေသော စလုံးစခုတော့ ကျေခဲ့ပြီ။

နောက်ရက်တွေမှာလည်း မအိမ်ကံက တနုံ့နုံ့ဖြစ်နေရသည်။ စာမရိငှက်လို အမွေး တစ်တောင် အကျွတ်မခံခဲ့သူက ဘာမှမလုပ်နိုင်ဘဲ ငုတ်တုတ် လည်စင်းဖြစ်နေရတာကိုပဲ မကျေနိုင် မချမ်းနိုင် ဖြစ်နေခဲ့ရသည်။ သမုန်းကိုင်းကို လိုက်သွားကာ ရင်ဆိုင်ပစ်ချင်စိတ်တွေသာ ရှိခဲ့သည်။ ကြီးတော်စံရွှေကတော့ ‘တို့ သည်လိုလုပ်လိုက်တော့ သင်း ဘာတတ်နိုင်သတုံး’ လို့ ကွယ်ရာကများ ပြုံးနေလေမလား။

“နှစ်ပေါင်းများစွာကရှိခဲ့သဲ့ အညိုးဟာ အိုကြီးအိုမအရွယ်အထိ ကျေပဲ မကျေနိုင်ခဲ့ပါ လား...ကြောင်တစ်ကောင်ကြောင့် ကြွက်တစ်ပြုံလုံး သေကြရပြီ...”

လိပ်ခဲတည်းလည်းဖြစ်နေခဲ့ရသော ကျောင်းမီးရှို့ခံရသည့်ကိစ္စကို ဖြေဖြန့်ချဖို့ အကွက် ချောင်းနေခဲ့သော မအိမ်ကံအဖို့ရာ ပို၍ပင် ဝေဝါးသွားခဲ့ရပါ၏။ ကြီးတော်စံရွှေ ဆုံးပြီဆိုသည့် သတင်း ရောက်လာခြင်းကြောင့်ပင်။ မအိမ်ကံကို နောက်ဆုံးလက်စားချေသွားခဲ့ပါပကော။ သေခြင်းနှင့်အတူ အနိုင်ပိုင်းသွားခဲ့ပြန်ပါပကော။ သက်ရှင်းချင်ရင် တမလွန်ကို လိုက်ခဲ့တော့ မအိမ်ကံရေလို့ မှာသွားခဲ့သည်နှင့်ပင် တူလေတော့သည်။

သည်ကိစ္စ ဘယ်သူ့ကိုမှ မပြောတော့ဘူးလို့ပဲ မအိမ်ကံ ဆုံးဖြတ်ခဲ့သည်။ ကျောင်းကို လောင်မြိုက်ခဲ့သောမီးထက် အဆများစွာ ပူပြင်းလှသော မအိမ်ကံ၏ အမုန်းအာဃာတ မီးတောက်မီးလျှံကြီးသည် သာအောင်နှင့်ရွှေမှုံတို့အပေါ် မိုးကြိုးလောင်မီးကျသလို ကျခဲ့ခြင်းသာ အဖတ်တင်လေတော့သည်။

မအိမ်ကံ ဘာလုပ်ရမလဲ။ သည်လိုနှင့် နေ့ရက်တွေသာ ကုန်ခဲ့လေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

"ဘုရားငုတ်တို ရောင်တော်လွှတ်မှ...ပုံတော်ဆင်ဝတ်ကြပါစို့ မယ်ခွေးရယ်... အောက်ပြေစုန် လှေတော်ထိုး ပိုးဝယ်ခဲ့မယ်...အနားတစ်ဖက်တစ်ချက်ကယ်နဲ့ စိမ်းနု ခြယ်...အလယ်ကောင် သံရောင်ကွက်နှင့် ပုံတော်ဝင်လို့ရက်တော့...လက်ခတ်သံ ကျွန်းဖိုသား...သောင်းတိုင်ကကြား..."

အရီးကြာညွန့်အသံက လွမ်းချင်စဖွယ် ကောင်းလှသည်။ သကြံန်အခါတော်ရက် တစ်ကျော့နီးပြန်ခဲ့ပြီ။ အညာနွေအပူရှိန်က လျော့ကျမသွားသော်လည်း တစ်ခါတစ်ရံ မိုးရိပ် ကလေးဆင်သည်မို့ တန်ခူးလေကလေး အေးရပါ၏။ သည်ကနေ့က ဥပုသ်နေ့။ ရက်ကန်း သားတွေ နားသည့်ရက်ဖြစ်သည်။ မအိမ်ကံက တစ်ပတ်တစ်ရက် နားခိုင်းထားသည်။ ရက်ထည် အမှာအပြုများတော့လည်း မနားကြပါ။ သည်ရက်တွေထဲမှာတော့ နည်းနည်းလေး အနားရ ကြပါ၏။ မအိမ်ကံနှင့် အရီးကြာညွန့်တို့ နှစ်ယောက်ကတော့ ရက်ကန်းစင်တွေ အားသခိုက် အဆင်နှင့် ရက်သားတွေ လိုက်ကြည့်ကြရသည်။ သည်ရက်တွေထဲမှာ မအိမ်ကံ စိတ်ကူးရထား တာရှိသည်။ မြို့က အပ်ချုပ်စက်တွေမှာပြီး ချုပ်ထည်ကလေးတွေပါ ချုပ်နိုင်လျှင် ဈေးပန်း လှမည်ဟု ထင်သည်။ အမရပူရမှာ ရက်ကန်းကျောင်းဖွင့်နေသည်ကြားတော့ ရက်ကန်းသမ တချို့ကို လွှတ်ချင်သည်။

"အပ်ချုပ်စက်တွေက မြင်းခြံတော့ ရောက်မရောက် မပြောတတ်သေးဘူး အရီးရဲ့... မန်းလေးမှာတော့ တော်တော်တွင်ကျယ်နေသသဲ့...ကိုပြေသိမ်းပြန်လာလို့ပြောသယ်... မအိမ်ကံကတော့ ချည်ထည်ကလေးတွေ ခေတ်မီမီချုပ်ပြီး မြင်းခြံ တင်ရောင်းချင်နေ မိသယ်..."

သည်ခေတ်မှာ လက်တို၊ လက်စက၊ လက်ပြတ် အင်္ကျီတွေ အတော်အဝတ်များလာ ကြသည်။ ရင်ဖုံးရင်စေ့ကလေးတွေမှာ ပန်းထိုး၊ ဘော်ကြယ်ပွင့်ထိုးကလေးတွေ ထိုးကြသည်။ စမူဆာရင်ဖုံး၊ သုံးထောင့်ချွန်းရင်ဖုံး၊ ရင်ဖုံးခေါက်ထိုး၊ ပခုံးဆက်၊ လက်ဖျားကား၊ လည်ခွံ့ခွေ အင်္ကျီတွေ တစ်ခေတ်ကုန်ပြန်တော့ လည်ထောင်ကလေးတွေ အဝတ်များလာကြသည်။ အင်္ကျီ လက်ဖျားကားကလေးတွေက ခေတ်မရှိတော့သော်လည်း လက်ဖျားနှင့် လည်ပင်းမှာ တက်တင်း ကလေးတွေ ပါးပါးထည့်ကြတာကိုတော့ နှစ်သက်ကြတာတွေ့ရသည်။ အပ်ချုပ်စက် လေးလုံး လောက်ဝယ်လျှင် အင်္ကျီဆိုက်အမျိုးမျိုး သူ့စက်နှင့်သူ ခွဲပေးလိုက်ရုံပင်။ ပိတ်ညှပ်တာ၊ ချုပ်တာ ကတော့ မန္တလေးမှာ သွားသင်မှ အဆင်ပြေမည်။ ရွာက မိန်းကလေးတွေ စက်ချုပ်တတ်သွား လျှင် အလုပ်အကိုင် မရှားနိုင်တော့။ မြို့ကြိုက်ထည်တွေချုပ်ပြီး မြင်းခြံဈေးမှာ တင်လျှင် လုပ်ငန်းဖြစ်နိုင်သည်။ မအိမ်ကံကတော့ ကိုယ့်စီးပွားဖြစ်ရေးထက် ရွာမိန်းကလေးတွေ ထမင်း တစ်လုတ် ထင်းခုတ် မစားကြရလျှင်ပင် တော်လှပြီအောက်မေ့သည်။

"ကောင်းသာပေါ့အေ...ဟေအသည်နားရွာတွေ ရောင်းသာနဲ့သင် ကုန်သယ်...ဘယ်မှ တင်နေစရာမလိုပေါင်အေ...ရွာက မိန်းကလေးတွေက သွားသင်ချင်ပါ့မလား... တစ်ချက်စဉ်းစားစရာ..."

"မန်းလေးက စက်ချုပ်ဆရာမ ငှားရင်ကော...အဆင်ပြေမလားမသိဘူးနော်...စရိတ် တောင် ကျဉ်းလောက်သယ်..."



"အဲသာတော့ ဖြစ်လောက်သယ်...တို့ရွာက ကလေးမတွေက ညည်းသိသဲ့အတိုင်း... သွားဝံ့ကြမယ် မထင်ဘူး..."

အရီးကြာညွန့်က ခတ်လက်စ ရက်ကန်းကို ဆက်ခတ်သည်။ တစ်ထည်လုံးစင် ပြီးအောင် ခတ်ခြင်းမဟုတ်ပါ။ တစ်တောင်, တစ်တောင့်တစ်မိုက် အဆင်ပေါ်ရုံ ခတ်ကြည့်နေ ခြင်းဖြစ်၏။ ကိုပြေသိမ်း မန္တလေးက နောက်ပိုင်းဝယ်လာသည့် ချည်ဆိုးဆေးတွေက အရောင် လွင်သည်။ စွဲလည်း စွဲသည်။ အရောင်က လှပြီးသားဆိုတော့ စိတ်ကူးကလေးနှင့်ဖက်လိုက်လျှင် ရှုချင်စဖွယ် ဖြစ်ရပါ၏။ အရီးကြာညွန့် ရက်နေသည့်စင်နံဘေး မအိမ်ကံရပ်ပြီး အဆင်ကို ကြည့်သည်။ ပြေပြေကလေးနှင့် အလှသား။ အစိမ်းနု၊ အဖြူနုကလေးချည်းဆိုတော့ အရောင် ပျော့ချင်သည်။ သည်အထဲမှာ လိမ္မော်ဖောက်လိုက်တော့ အနုကလည်း လိုက်ရင့်သည်။ အရင့် ကလည်း ပြေသွားသည်။ အရီးနှင့် မအိမ်ကံ စိတ်ကူးသမျှ လူကြိုက်များကြပါ၏။ အထူးသဖြင့် ဉာဏ်ကောင်းလှသော၊ မျက်စိရေး တတ်သော မအိမ်ကံစိတ်ကူးနှင့် အကွက်ဖော်သမျှ အဆင် အသွေးကျလှသည်မို့ မြင်းခြံနယ်တစ်ကြော မအိမ်ကံထည်တွေက နာမည်ကြီးလှပါ၏။ အခု လည်း စက်ချုပ်ဆရာမခေါ်ကာ အထည်ချုပ်လုပ်ငန်းပါ ပူးတွဲလုပ်ဖို့ စိတ်ကူးလာပြန်ပြီ။

အရီးကြာညွန့်က ရက်ကန်းတန်းက ဆင်းလာခဲ့ကာ ဆေးပေါ့လိပ်ကို မီးညှိသည်။ မီးခိုးငွေ့တွေက အူအူထနေသည်။ ထရံကြားကဝင်လာသော ကျနေအလင်းတန်းတွေက မြား တွေလို ဝင်ရောက်နေကြသဖြင့် မီးခိုးငွေ့တွေ တလိပ်လိပ် လူးလွန့်နေတာကို မအိမ်ကံမြင်နေရ သည်။ အရီးကြာညွန့်က သောက်လက်စ ဆေးပေါ့လိပ်ကို စဥ့်ခွက်ထဲ အသာချသည်။

"ရှင်အိမ်ကံ...အရီး စကားတစ်ခွန်း ကြားခဲ့သာရှိသယ်...ဟုတ်မဟုတ်တော့ မပြော တတ်ပေါင်အေ...ကြားသာ ရှိပါသေးသယ်..."

"ဘာသဲ့လဲ အရီး...ဘာကြားလို့လဲ..."

"သာအောင်နဲ့ရွှေမှုံက မီးလောင်သွားသဲ့ကျောင်းကြီး ပြန်ဆောက်လှူချင်ကြသယ် သဲ့...သာအောင်က မအေကြီးဆုံးသာ တစ်လပြည့် ဆွမ်းကျွေးတော့ ပြောနေသာ ကြားသာ...မအေ့ကုသိုလ် ပါချင်ဟန်တူပါရဲ့...မအိမ်ကံတို့ကို လာပြောမယ် ပြော သာပဲ..."

"ရှင်..."

မအိမ်ကံ ဘယ်လိုမှ ထင်မထားသည့်စကား။ သာအောင်နှင့်ရွှေမှုံတို့က ကျောင်းကြီး ပြန်ဆောက်လှူချင်ကြလို့တဲ့လား။ မီးရှို့တုန်းကလည်း သူတို့၊ ပြန်ဆောက်ချင်တော့လည်း သူတို့လား။ ပြုစားတော့လည်း စုန်းမ၊ ဆေးကုတော့လည်း စုန်းမလား။ ဘယ်ရပ့်မလဲ ရွှေမှုံ ရယ်။ မအိမ်ကံကျောင်းကို ရွှေမှုံ့ကျောင်းလုပ်ချင်လို့ အလကားရပ့်မလား။ ဘယ်လိုစိတ်ကူး များပါလိမ့်။ ကံကြီးစည်ရာတော်...။ မအေ့လက်ချက်ဆိုတာ သာအောင်သိထားလို့သာ ကျောင်း ကို အလှူပြုပြီး အကုသိုလ်ကို အဖတ်ဆယ်တာ သေချာပြီပေါ့။ မအိမ်ကံ ဘယ်လိုပြောရပ့်။ သည်ကိစ္စက မအိမ်ကံတစ်ယောက်တည်းသာ သိထားသည့်ကိစ္စ။ သာအောင်နှင့်ရွှေမှုံ သည်စကား ပြောလာတော့ မအိမ်ကံ ပို၍ပင် နှလုံးနောက်ရသည်။ တခြားရွာတွေက ဖဲ့လှူပါရစေဆိုတာ တောင် လက်မခံခဲ့ပဲနဲ့ သင်းတို့ကျမှ လှူကြရော့ ဖြစ်ကြေးလား။

www.burmeseclassic.com

www.burmeseclassic.com

"အရီး စောစောကဆိုသဲ့ သိချင်းလိုပါပဲ…ဘုရားငုတ်တို ရောင်တော်လွှတ်သာတောင် ပုံတော်မဝတ်စေရဘူးမှတ်…အရီးရယ်…ကျုပ်ဖြင့် ကြားရသာတောင် နှလုံးနာလိုက်သာတော်…"

အရီးကြာညွန့်က မအိမ်ကံကို တွေတွေကြီးကြည့်နေသည်။ သာအောင်တို့က ကျောင်းကြီးဆောက်လှူချင်တာနှင့်ပင် နှလုံးနာလိုက်တာဆိုရအောင် ဘာဖြစ်လို့ပါလိမ့်လို့ တွေးနေပုံလည်း ရပါ၏။ ဆေးလိပ်တိုကို ကောက်ကိုင်ပြန်သည်။ မီးညှိသည်။

"မအိမ်ကံရယ်…ညည်းလှူခဲ့သဲ့ကျောင်း မီးလောင်သာ ညည်းပြန်ဆောက်ချင်မှာပေါ့…နို့ပေသိ…ခမျာများလည်း မအေကို ရည်စူးပြီး လှူချင်ရှာ ထင်ပါရဲ့အေ…ဒါကလည်း ကြားသာရှိသေးသာပါအေ…"

မအိမ်ကံက သူ့ခံစားမှုကို ချက်ချင်းပြန်ရုပ်သိမ်းလိုက်သည်။ ဆူတက်လာသောဒေါသက မီးခိုးတွေလို မျက်နှာပေါ်က ချက်ချင်းလွင့်သွားပိုတော့မရ။ မအိမ်ကံခေါင်းထဲ ထည့်တွက်မထားသော အရာဆိုတော့ အံ့ဩရတာလည်း အမှန်ပင်။ ကျောင်းက အမွေအခင်းဖြစ်ထားတာမျိုး မဟုတ်ပေသိ မီးလောင်ခံရတာဆိုတော့ အစိုးရပိုင်းက စစ်လားဆေးလားတော့ လုပ်ချင်လုပ်လိမ့်မည်။ ကိုပြေသိမ်း မြင်းခြံသွားသည်ပင် တစ်ပတ်ကျော်ခဲ့ပြီ။

"အရီးပြောသာ့လည်း မအိမ်ကံ သဘောပေါက်ပါသယ်…မအိမ်ကံတို့ကိုတော့ ခွင့်တောင်းရဦးမှာပေါ့…အကျိုးအကြောင်း ပြောကြပါဦးမှပေါ့…မအိမ်ကံကျောင်း မအိမ်ကံ မဆောက်နိုင်ရင်လည်း တစ်မျိုးပေါ့…ခုဟာက…"

"သူတို့ကလည်း မအိမ်ကံကို တောင်းပန်ကြမယ်ပြောပါသယ်…ရွှေမှုံက အရုပ်ပါအေ…အရီး သိသလောက်တော့…"

"တော်ပါတော့ အရီးရယ်…မအိမ်ကံ စိတ်ရှုပ်လွန်းလို့ပါ…"

နောက်တစ်နေ့ ညနေပိုင်းမှာ ကိုပြေသိမ်း ပြန်ရောက်လာခဲ့သည်။ ကျောင်းကိစ္စ ဘယ်လိုပြီးပြတ်ခဲ့သလဲ မေးချင်လှသော်လည်း ချက်ချင်းမမေးဖြစ်။ ညဘက်ရောက်တော့ မိသားစု ထမင်းဝိုင်းမှာ ကိုပြေသိမ်းက လိုသလောက်တော့ ပြောပြသည်။ ကျောင်းကို ယာယီဖွင့်ထားနိုင်မည့် အဆောက်အဦရှိလျှင် ဖွင့်ထားရန်နှင့် ရွာက ဆောက်နိုင်လျှင် အထက်ကို တင်ပြရမှာဖြစ်ကြောင်း ပြောပြသည်။ ကိုပြေသိမ်းက ဆရာတော်ကြီး မရှိသည့်နောက် ခန်းနေဆရာတော် ဦးခေမိန္ဒက ကျောင်းထိုင်ဖြစ်လာရာ ဦးခေမိန္ဒကို လျှောက်ပြီး ဘုန်းကြီးကျောင်းမှာ ခေတ္တဖွင့်ထားချင်ကြောင်း ပြောနေသည်။

"အမေကတော့ ကျောင်းကို ပြန်ဆောက်လှူချင်သယ်…ရွာကိုလည်း ကတိပေးခဲ့ပါရဲ့…ရွာက တောင်းပန်ကြသယ်…အများကုသိုလ်ဖြစ်အောင် တစ်ဖဲ့တစ်မ ပါခွင့်ပြုစေချင်သယ်သဲ့…ငါ့သားများ သမီးများ သဘောပါပဲ…အမေကတော့ ဘယ်သူကပဲ ပြုပြု ကုသိုလ်အမှုဆိုသာ ကောင်းလှချည့်မဟုတ်လား…"

မအိမ်ကံကတော့ စကားတစ်ခွန်းမှမပြောဘဲ ပြောနေကြသမျှ နားထောင်နေတာပဲရှိ၏။ မနေ့တုန်းက အရီးကြာညွန့်ပြောခဲ့တဲ့စကားမျိုးကို အမေပန်းရုံ ပြောချင်တာလား။ တကယ်ပဲ ရွာက အများက တစ်မူးတစ်မတ် ခွဲဝေပါချင်ကြတာလားတော့ မသေချာ။ မလှအုံက စကားတစ်ခွန်း ဝင်ပြောသည်။ သည်တစ်ခါဆောက်လို့ မီးရှို့ကြပြန်ရင်ကောတဲ့။ ဒါလည်း စဉ်းစားစရာပင်။ မအိမ်ကံကလွဲ၍ လက်သည်အစစ်ကို ရွာက သိကြတာမဟုတ်။ သူပုန်သကန်က လုပ်သလိုလို၊ ကိုပြေသိမ်းကို မုန်းလို့ လုပ်သလိုလိုလောက်သာ ထင်ကြေးပေးနိုင်ကြတာပဲ ရှိပါ၏။ ကိုပြေသိမ်းကတော့ ကျောင်းကို ဘယ်သူကပဲ ဆောက်ဆောက်၊ ကျောင်းဖြစ်မြောက်လာဖို့သာ အရေးကြီးသည်ဟု ခံယူထားပုံရသည်။

"ပြောသာ ပြောရတာပါ အမေရယ်…ရွာထဲ မြင်းနစ်ကောင်ဝင်တာနဲ့…သည်လူတွေ လုပ်သွားတယ်လို့ အပ်ကျမတ်ကျ ပြောဖို့ကလည်း ခက်သားပဲ…ဘယ်သူ့ဘယ်သူ ညိုးလို့ လုပ်ရအောင်ကလည်း ဘယ်သူ့ဘယ်သူမှာမှ အညိုးကြီးညိုးစရာလည်း မရှိပဲဟာ…ကျွန်တော်တော့…"

မအိမ်ကံက တစ်စုံတစ်ရာဝင်ပြောရန် ပိုင်းဖြတ်လိုက်ပြီ။ မိသားစုကြားမှာတော့ သည်စကား ပြောမှဖြစ်တော့မည်။ သူတစ်ယောက်တည်း သိနေတာကလည်း အဓိပ္ပာယ်မရှိ။ ဒါပေသိ ပြောလို့လည်း ယုံကြပါ့မလား။ ကိုပြေသိမ်းကပင် ခပ်လျော့လျော့ ပြောနေပြီမဟုတ်လား။ ဘယ်သူက ဘယ်သူ့ကို ဘယ်လောက်ညိုးစရာရှိလို့လဲတဲ့။ ရှိပါ့တော်…ရှိလိုက်တာမှ…။ မအိမ်ကံ ပါးစပ်ဟကာနီးဆဲဆဲမှာပင် ခြံဝဆီက လူသံတွေကြားလိုက်ရသည်။

"ဆရာလေး…မအိမ်ကံ…ကျုပ်တို့ပါ…သာအောင်နဲ့ ရွှေမှုံတို့ပါ…ဆရာလေး ပြန်ရောက်ပြီဆိုလို့…ဝင်ခဲ့စမ်းပါရစီ…"

မအိမ်ကံ၏ နှုတ်ကထွက်ကျကာနီးဆဲဆဲ စကားလုံးတွေကို ချက်ချင်းမျိုချလိုက်ရပါ၏။ ရှားနစ်မီးကျီးခဲတွေ လည်ချောင်းထဲ အခဲလိုက် စီးဆင်းသွားကြသလို ရှိခဲ့သည်။ သာအောင်နှင့် ရွှေမှုံ ဘာကိစ္စ လာကြတာလဲ။ အရီးကြာညွန့်ပြောသည့်စကား မှန်ပါပကော။ မအိမ်ကံ ရင်ကလေးချီကာ မျက်နှာကို တင်းထားလိုက်သည်။ လာကြစမ်းပလေ့စေ။ တစ်ချီတစ်မောင်း မအိမ်ကံအကြောင်း ကောင်းကောင်းသိသွားစေရမည်။ မအိမ်ကံတစ်ကိုယ်လုံး အပူဓာတ်ဖြင့် ရှိန်ရှိန်တောက်နေလေပြီ။

■

www.burmeseclassic.com

(၃၁)

၁၃၁၇ ခုနှစ်၊ နယုန်လ…။

"ညောင်ရေသဘင်၊ ပွဲစဲလျှင်ကား၊ ထက်ခွင်မိုးလ၊ ကြယ်ဇေဋ္ဌနှင့်၊ ပြည့်ဝစင်ကြယ်၊ စံပယ်မြတ်လေး၊ ပင်တိုင်းမွှေး၍၊ တွေးတွေးမောင်းနီ၊ ညွှန့်ချင်းစီသို့၊ ရာသီမေထုန်၊ လနယုန်မူ၊ မြူးခုန်သာရွှင်၊ မိုးလုလင်လည်း၊ ရွာကျင်ခြိမ့်မြူ၊ ရေးငန်းပြလျက်……"

ကဆုန်လ ညောင်ရေသွန်းပွဲပြီးလေပြီ။ ဖောင်ချမ်းကုန်းရွာကျောင်းရှိ ဗောဓိညောင်ပင်ကြီးမှာ ရေသွန်းလောင်းကြသည်။ ညောင်ရေပွဲကတော့ တိုင်းပြည် အခါမကောင်းသည့်ကြားက စည်စည်ကားကားရှိခဲ့ပါ၏။ မအိမ်ကံတို့ အိမ်ဝိုင်းတိုက်ထဲက စံပယ်ရုံ မြတ်လေးရုံတို့ ပန်းရေပြကြသည်ပင် ခူးလို့ ကုံးလို့ မကုန်နိုင်ခဲ့။ အိမ်တိုင်းဆီက စံပယ်ပန်းနံ့ မြတ်လေးပန်းနံ့တွေ ထုံသင်းလှပါ၏။ မိုးကတော့ ဟန်ရေးတပြပြပင်။ ယာတောင်သူတို့ မိုးကိုမျှော်ကြသော်လည်း ကဆုန်လပြည့်ကျော်လို့ နယုန်လပြည့်ရောက်သည့်တိုင် မိုးတစ်ပေါက်မရွာဘဲ ရှိခဲ့သည်။

သို့သော် လောကသဘာဝတရားအရ ပွင့်ကြဖူးကြ၊ မွှေးကြကြိုင်ကြသည်က တခြား၊ နိုင်ငံရေးက ဆူကြပူကြ၊ ပြေးကြလွှားကြရတာက တခြားဆိုတော့ နေ့တပူပူ ညတစ်ဆူဆူ ရှိလေ၏။ လွတ်လပ်ရေးရပြီး ဆယ်နှစ်ပင်ပြည့်လေပြီ။ အင်္ဂလိပ်နှစ်နှင့်ဆိုလျှင် ၁၉၅၈ ခုနှစ်ကိုပင် ရောက်လာခဲ့သော်လည်း လွတ်လပ်ရေးဆိုတာကိုပင် တောနယ်တစ်ဝိုက်က မေ့နေကြပြီ။ ကိုပြေသိမ်း ပြောနေကျစကားနှင့်ဆိုလျှင် ရွာနာလွန်းလှပြီ။ အလုပ်ကောင်းကောင်းမလုပ်ရ၊ စိုက်ပျိုးရေး ကောင်းကောင်းမလုပ်ရ၊ တစ်ဝမ်းတစ်ခါး လက်လှုပ်မှ ပါးစပ်လှုပ်ရသူတွေဆိုတော့ ဆင်းရဲကြပ်တည်းကြတာကလည်း ပြောစရာစကားတောင် မရှိသလောက်ပင်။ မအိမ်ကံတို့ ရက်ကန်းရုံက ရက်ကန်းခြူကုံးသံ လွင်သေးသော်လည်း သွားရေးလာရေးက လမ်းပူလှပါသည်။ ဘယ်နေရာမှာမှ စိတ်ချရသည်မရှိ။ လုံခြုံရသည်မရှိ။ မြို့တွေမှာ အနီ အဝါ ကွဲကြသလို နယ်တွေ တောတွေမှာလည်း သည်ရောဂါကြီး ကူးစက်နေပြီ။

လွတ်လပ်ရေးမရခင်ကပင် အက်ကြောင်းလိုက်နေခဲ့သော နိုင်ငံရေးသည် ပိုမိုဆိုးရွားလာသည်။ ဖဆပလအတွင်း ပုဂ္ဂိုလ်ရေးအရ၊ အယူအဆအရ အကွဲအပြဲတွေများလေ၊ ဆူပူမှုတွေက အတောမသတ်လေ။ မအိမ်ကံအဖို့ရာ ဒါတွေပဲ ကြားနေရတော့ သူတကာသိတာထက် ပိုသိသည်။ သူတကာစိုးရိမ်တာထက် ပိုစိုးရိမ်သည်။ သည်ကြားထဲက သမီးကြီး မအိမ်မြိုင်အရေးက



ရှေ့တန်းကို ရောက်လာခဲ့ပါ၏။ မအိမ်မြိုင်က ဆယ့်နှစ်နှစ်အရွယ်ရောက်ခဲ့ပြီ။ ရွာကျောင်းက အတန်းကုန်ခဲ့ပြီ။ သည်တော့ ကလေးရှေ့ရေး၊ ပညာရေးကို စဉ်းစားကြရသည်။ ကိုပြေသိမ်းကတော့ ကျောင်းဆရာ ပညာတတ်ပီပီ သမီးကို ရှေ့ဆက် ပညာသင်ယူစေချင်သည်။ မြင်းခြံကို ပို့ချင်သည်။ သည့်အတွက် ဘယ်သူ့သဘောထားမှ တောင်းခံနေတာမျိုးမရှိတော့ မအိမ်ကံတို့ အိမ်ကြီးမှာ တစ်ချက်လွှတ်အာဏာသဖွယ် ဖြစ်နေခဲ့သည်။

အထူးသဖြင့် အမေပန်းရုံ။ အသည်းပေါက်မတတ်ချစ်ရသော မြေးဦးဆိုတော့ မခွဲချင်တာပါသလို မခွဲနိုင်တာလည်း ပါသည်။ တစ်ချက်က မြေးမိန်းကလေးမို့ ဆင်သွားရာကျားပါမှာကို စိုးရှာတာလည်း ပါပါ၏။ မအိမ်မြိုင်က ဆယ့်နှစ်နှစ်သမီးဆိုပေသိ မိန်းကလေးသဘာဝ တစ်နှစ် နှစ်နှစ်အတွင်း ကျေးမြီးလက်မျှော်ဘဝကနေ ဆင်ခြေပေါ် သမီးလှအရွယ်ရောက်ဖို့သာ ရှိတော့သည်။ သူတကာထက် ချောမောလှပသူကလေးကလည်း ဖြစ်ပြန်ဆိုတော့ ဘွားအေကြီးတို့ထုံးစံ အကဲပိုတာလည်း ပါသည်။ ပညာရဲရင့်မှ ပွဲလယ်တင့်မှာကိုလည်း နားလည်ပါ၏။ မိန်းကလေးများ ချောလျှင် လှလျှင် ပုဆိုးအပ်တင် ဖျင်အစာချဆိုသည့်စကား ရှိသည်။ ပုဆိုးကောင်းဆိုပေသိ အပ်တင်ချင်သူတွေ၊ ဖျင်ဘဝရောက်မှ ချည်စာချချင်တာတွေဖြစ်သည်။ ဝါးလုံးနင်း ဝါးခြမ်းနင်း ဖြစ်ရှာလေမလားဆိုတာကို ပူပင်မှန်း မအိမ်ကံသိပါ၏။ အမေပန်းရုံက ကြိတ်ခံစားနေသော်လည်း မလှအုံကတော့ သူ့ခံစားချက်ကို မောင်းကွဲကြီးထုသလို ထုတော့၏။ သူ့လက်သူ့ခြေ ကြီးရတာဆိုတော့ မြေးရင်းနှင့်မခြား အချစ်ကြီးရှာသည်။ တချို့ညတွေမှာ သမီးနှစ်ယောက်စလုံး မလှအုံနှင့် အိပ်ကြတာဆိုတော့ ရှေးစကား ရှေးပုံပြင်တွေကို စွဲနေကြပြီ။

"ညည်းယောကျ်ားက မြိုင်ကလေးကို မြင်းခြံပို့မလို့ပေါ့ ဟုတ်ကဲ့လား…ဘယ့်နှယ်အေ…ငါတို့မှ ချစ်လို့မဝသေးဘူး…ညည်းတို့ဥစ္စာက မဖုတ်အိုးကျိုးလွယ်…ကလေးမှ နို့အပ်နံ့မစင်သေးဘူး…တစ်မြို့တစ်ရွာကြီး သွားထားရမယ်လို့…လွန်လွန်းသယ်…ညည်းကြည့်ပြောဦး…"

"မလှအုံရယ်…မအိမ်ကံလည်း မှန်သာပြောရရင် မပို့ချင်ပါဘူး…ပညာလည်း တတ်စေချင်ပါရဲ့…မျက်စိအောက်က ပျောက်ရမယ့်အရေး တွေးမိတိုင်း စိတ်ဆင်းရဲနေရသယ်…မပို့လို့ကလည်း မဖြစ်ဘူး မလှအုံ…လေးတန်းနဲ့ ပညာတစ်စခန်းရပ်လို့ကတော့ မအိမ်ကံတို့လိုပဲ တောထဲ အခင်းထဲ ရက်ကန်းရုံထဲ ဘဝပြီးရမှာ…ဖအေကပို့မယ် ပို့မယ် လုပ်နေသာ လေးတန်းစာမေးပွဲ ပြီးကတည်းက တကဲကဲ…မအိမ်ကံ ဆွဲထားလို့ရယ်…"

နယုန်လ စံပယ်တွေ မြတ်လေးတွေ ကြိုင်လှသည်ဆိုသော်လည်း အိမ်ကြီးပေါ်မှာတော့ အပူရေစာ ကြီးနေကြသလို ဖြစ်နေသည်။ ကျေးဥ…။ ကျေးဥကတော့ မအိမ်မြိုင်ကို မြင်းခြံပို့တော့မည်ဆိုကတည်းက မျက်နှာကြီးအမ်းနေအောင် ငိုရှာသည်။ ကျေးဥက ပလူမွှေး ပလူတောင်ကတည်းက ပွေ့ပွေ့ပိုက်ပိုက်ရှိခဲ့ရှာသည်။ သမီးနှစ်ယောက် ဖွားသည် နာသည်ဆိုလျှင်ပင် မအိမ်ကံကမှ တစ်ရေးတစ်မှေး မှေးချင်မှေးသည်။ ကျေးဥက မအိပ်။ နေ့တနိုးနိုး၊ ညတနိုးနိုး။ မအေနှင့်မခြား စောင့်ရှောက်သူတွေထဲမှာ ကျေးဥကိုလည်း ထည့်တွက်ရပါ၏။ ကျေးဥကတော့ တောသူတောင်သား ပညာမဲ့ရှာသူဆိုတော့ ရင်ထဲစကားကို မျိုမထားဘဲ ပွင့်ပွင့်လင်းလင်း ပြောရှာလို့ မအိမ်ကံပင် မျက်ရည်ဝဲရသည်။

www.burmeseclassic.com

www.burmeseclassic.com

"မအိမ်ကံရယ်...မြိုင်ကလေးကို မြင်းခြံပို့ရင် ငါတော့ ဖျပ်ဖျပ်လူးရတော့မယ် ထင်ပါရဲ့အေ...ရင်ကျိုးသယ်ဆိုသာ စကားအရာ ပြောကြသယ်မှတ်သာ...ငါဖြင့် သတင်းကြားနဲ့တင် ရင်ကျိုးချင်နေပြီ...လေးတန်းနဲ့ ကျောင်းနုတ်လိုက်ပါအေ... သူတကာ သည်လို လေးတန်းနဲ့တင် ပြီးကြသာပါ...မိန်းကလေးပဲဟာအေ..."

"သည်လိုလည်း ဘယ်ဟုတ်ပါ့မလဲ ကျေးဥရယ်...ညည်းမေတ္တာ ညည်းစေတနာ ငါသိပါသယ်...ငါက မအေပါအေ...ညည်းထက် ဆယ်ပြန်ရှိတော့မပေါ့...ဒါပေသိ ခေတ်တွေက ညည်းတို့ ငါတို့ ငယ်ငယ်တုန်းကလို မဟုတ်တော့ဘူး...ရွာမှာပဲ ရက်ကန်းခတ်သလိုလို...ပဲနုတ်သလိုလို ကြီးရမယ့်အဖြစ်ကို သူ့ဖအေ ပညာတတ်က ဘယ်အဖြစ်ခံပါ့မလဲအေ...ညည်းနဲ့ငါ တစ်လတစ်ခေါက် သွားတွေ့ကြသာပေါ့..."

ကျေးဥက အီခနဲ ငိုတော့ မအိမ်ကံလည်း မျက်ရည်မဆယ်နိုင်ခဲ့။ သည်လိုချစ်ခြင်းမေတ္တာတွေကို မြင်ရပြန်တော့လည်း မအိမ်ကံမှာ လုံခြုံသလို ခံစားရပြန်ပါ၏။ သည်အသိုက်၊ သည်အဝန်းထက် အေးမြသောနေရာ မရှိပါလားလို့လည်း ခံစားရပါသည်။ ဒါတွေကို မအိမ်ကံက ကိုပြေသိမ်းအား ပြောပြတော့ ကိုပြေသိမ်းလည်း စိတ်မကောင်းဖြစ်ရှာပါ၏။

"အစ်ကိုလည်း နားလည်ပါတယ် အိမ်ကလေးရယ်...သူတို့တစ်တွေက ချစ်လွန်းလို့ သမီးကြီးကို အလိုလိုက်နေတာတွေ အစ်ကိုတွေ့နေရသားပဲ...ကြာတော့ ကလေးတောင် ဘဝမဆန်မှာ အစ်ကိုစိုးနေမိတာ...အခုကိစ္စကတော့ကွယ် အစ်ကိုတို့ အလိုလိုက်လို့ မဖြစ်ဘူးလေကွယ်...အစ်ကို့သမီးတွေနှစ်ယောက်စလုံး ပညာတတ်တွေ ဖြစ်ရမယ်...အစ်ကို့ဘက်ကပေးနိုင်တဲ့ အမွေကလည်း ဒါပဲ...တစ်ချိန်ကျရင် သမီးနှစ်ယောက်စလုံး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကြရမှာကွယ့်..."

ကိုပြေသိမ်းပြောတာလည်း ဟုတ်သည်။ မအိမ်ကံ သမီးကြီးအရွယ်တုန်းက ရက်ကန်းအလုပ်ကလေးတွေ ခြေနိုင်လက်နိုင် ဝင်လုပ်ခဲ့ဖူးတာကို သတိရမိ၏။ တစ်နေ့တုန်းက မအိမ်မြိုင်ကို ဆပ်သွားတစ်ခုပေးကာ ချည်စာသပ်ခိုင်းရာသို့ အမေပန်းရုံ အပြေးရောက်လာခဲ့ပါ၏။

"မအိမ်ကံရယ်...ငါ့မြေးကို ချည်စာရှင်းခိုင်းရသယ်လို့အေ...ကလေးလက်ကလေးတွေ ချည်စာစူးပါဦးမယ်...နောင်ကြီးရင် ခိုင်းပါလေ့...ပေးပေး ငါ့မြေး...အမေကြီး ရှင်းလိုက်မယ်..."

သမီးနှစ်ယောက်က တစ်မျိုးစီ။ မအိမ်မြိုင်က အကြီးပေသိ စိတ်က မအိမ်ကံဘက် တူချင်လှသည်။ စိတ်မာသည်။ အနေတည်သည်။ စကားများများ မပြောဘဲ ငေးငေးငိုင်ငိုင် ရှိတတ်သည်။ ကလေးသဘာဝ ကစားဟယ် ဆော့ဟယ်လည်း မရှိ။ ချောင်တစ်ချောင်မှာ ကုပ်ကုပ်ကလေး နေတတ်သဖြင့် မအိမ်ကံပင် အားမရ။ မိန်းကလေးသဘာဝ၊ တောသဘာဝ ဖန်ခုန်တာ၊ ကြက်ခွပ်တာမျိုးတော့ ဝေးရော။ ကျောင်းက ပြန်ရောက်သည်နှင့် သလဲသီးမှည့်မှည့်တွေ ရွေးဆွတ်ပြီး အစေ့ရဲရဲကလေးတွေ တစ်စေ့ချင်းချွေသည်။ စံပယ်ပွင့်ကလေးတွေ၊ ဇွန်ပွင့်ကလေးတွေကို တစ်ပွင့်ချင်းဆွတ်ကာ သီကုံးတာမျိုးလည်း ဝါသနာပါသည်။ တစ်ခါတစ်ခါ ထူးဆန်းသော မေးခွန်းတွေ မေးတတ်သည်။



"အမေ...သလဲစေ့ကလေးတွေကို နီအောင်...စံပယ်ပန်းကလေးတွေကို ဖြူအောင် ဘယ်သူက ဆေးဆိုးပေးသာလဲ...ချည်ခင်တွေကို ဆေးဆိုးသလိုပေါ့နော် အမေ..."

"အေးပေါ့သမီးရယ်...သဘာဝက ဆေးဆိုးပေးသာပေါ့...သလဲစေ့ဆိုရင် နီရမယ်...စံပယ်ပွင့်ဆိုရင် ဖြူရမယ်ဆိုသာ ရှိပြီးသား သမီးရဲ့..."

"သလဲစေ့အဝါလည်း ရှိသာပဲ မှတ်လား အမေရဲ့..."

ဒါလည်းဟုတ်သား။ သလဲသီး အဝါမျိုးရှိသည်။ မအိမ်ကံတို့အိမ်မှာ မရှိသော်လည်း မမစိမ်းမြတို့ဝိုင်းထဲမှာ သလဲဝါပင်တစ်ပင်ရှိသည်။ မအိမ်မြိုင်က ဒါကိုပြောခြင်းဖြစ်သည်။

"သလဲသီး အဝါမျိုးဆိုတော့ သလဲစေ့ကလည်း အဝါရောင်ပေါ့သမီးရဲ့..."

"ဆန်းတယ်နော် အမေ..."

မအိမ်မြိုင်က အဲသလို ရှာရှာဖွေဖွေ တွေးတတ်သည်။ ရှာရှာဖွေဖွေ မေးတတ်သည်။ သည်လိုအခါမျိုးတွင် သမီးကို မအိမ်ကံ နားသွင်းရပါ၏။

"မဆန်းပါဘူးသမီးရယ်...ဒါ မျိုးရိုးနဲ့ဆိုင်သယ်...သူ့မျိုးရိုးကသူ ဆင်းသက်လာသာဆိုတော့ အရောင်မပြောင်းဘူး...အစဉ်မပျက်ဘူးပေါ့ သမီးရယ်...မျိုးရိုးအတိုင်း ဖြစ်ရသယ်...ဒါကြောင့် မျိုးရိုးအရေးကြီးသယ် ပြောကြသာပေါ့...မျိုးရိုးဆိုသာ မတိမ်ကောကောင်းဘူး..."

မအိမ်မြိုင်က ဖအေ့ဆီက နူးညံ့ခြင်း သိမ်မွေ့ခြင်းအမွေကို ရထားသကဲ့သို့ မအေ့ဘက်က ရုပ်ရည်နှင့်မာနကို ရရှိသူဖြစ်သည်။ မာန်မာနမဟုတ်သော မိန်းမသားတစ်ယောက်၏ ဂုဏ်ရှိတ္တမာနဖြစ်သည်။ ဒါကြောင့်ပင် ထင်ပါ၏။ မအိမ်မြိုင်သည် တစ်ခါတလေ နူးညံ့နေတတ်ပြီး တစ်ခါတစ်ရံမှာတော့ ပိုးပိုးပေါက်ပေါက် ရှိတတ်ပါ၏။ ရုပ်ရည်ကိုကြည့်ပြန်တော့ ဖအေနှင့်လည်း တူသည်။ မအေနှင့်လည်း တူသည်။ ဖအေ မအေတို့၏ အလှနှစ်မျိုး ရောထားသော ထူးခြားသည့် အဆင်ကွဲ အလှကလေးနှင့်ဖြစ်သည်။ ဝင်းဝါဝါအသားအရေ၊ ဖူးစူစူနုတ်ခမ်းလေးနှင့် မေးဝိုင်းကလေးက မအေ။ မျက်နှာကျပြေပြေ၊ နှာတံစင်းစင်း၊ မျက်လုံးတောက်တောက်က ဖအေ။ အမေပန်းရုံကဆိုလျှင် သူ့မြေးမကို ပပဝတီလို့ပင် ခေါ်တတ်သည်။ စိတ်လိုလက်ရရှိလျှင် မြေးမခေါင်းကို အုန်းဆီကလေးပွတ်ပေးရင်း မျက်နှာကို မေးစေ့ကပင့်ကာ မော့မော့ကြည့်သည်။

"ချောလိုက်သယ့်မိန်းမနှယ်အေ...ကြည့်စမ်းလှအုံ့ ငါ့မြေး...သည်အရွယ် သည်လောက် ချောမှတော့ ကြီးရင် ပြောစရာကိုရှိမှာမှတ်ဘူး...ပပဝတီတောင် ရှုံးလောက်သယ်...အငယ် မြေးမကလည်း တစ်မျိုးချောသာအေ့...ဆုတောင်းကောင်းချက်တော့..."

"ရှင်အိမ်ကံ့သမီး...မောင်ပြေသိမ်းသမီး မချောဘဲလား...ဖအေချော မအေချော... တော်ပါသေးရဲ့ ဘိုးသာထန်ဘက် သွားမတူလို့..."

မလှအုံ့စကားကြောင့် အမေပန်းရုံရော မအိမ်ကံပါ ရယ်ကြရသည်။ သမီးနှစ်ယောက်ကို အမွှမ်းတင်တော့လည်း မအိမ်ကံ ရင်ကလေး နွေးရပါ၏။ သမီးချောတော့ ရွာကပြောလိမ့်မည်ဆိုသလို လူတကာက မအိမ်ကံသမီးတွေ ချောလှတယ်ဆိုကြသည်။ ထနောင်းတိုင်က အမျိုးတွေကဆိုလျှင် ရွှေပေါ်မြတင် ရှိကြသည်။ ထနောင်းတိုင်သွားတိုင်း မြေးတွေကို

www.burmeseclassic.com

www.burmeseclassic.com

ဝှမ်းပေါက်နှင့် တို့ထားမတတ် ချစ်ကြသည်။ အညစ်အကြေးမရှိလို့ စင်ကြယ်တာတဲ့။ သည်စကားကို မအိမ်ကံ သဘောကျလှပါ၏။ သမီးတွေကို စိတ်အညစ်အကြေး၊ ကိုယ်အညစ်အကြေး မရှိအောင် မွေးမြူရမည်။

သည်လိုနှင့်ပင် သမီးကြီး မအိမ်မြိုင်ကို မြင်းခြံပို့ရမည့်ရက် နီးလာခဲ့လေပြီ။ မြင်းခြံမှာ ထားရမည့်အိမ်တွေရှိသော်လည်း ကိုပြေသိမ်းက သူ့ညီအရင်း ကိုသက်မင်းတို့အိမ်မှာ ထားမည်ဆို၏။ ကိုပြေသိမ်း၏ အစ်ကိုကြီး ကိုသက်ဝင်းကတော့ ရွာစည်သူနှင့် အိမ်ထောင်ကျပြီး ကတည်းက ရွာစည်မှာ တစ်အိုးတစ်အိမ် ထူထောင်ခဲ့တာပင် မအိမ်ကံနှင့် အကြောင်းမပါခင်က ဆိုတော့ ရွာစည်သားလုံးလုံး ဖြစ်နေခဲ့တာကြာပြီ။ သက်နှင်းနှင့် သက်မင်း ညီအစ်ကိုနှစ်ယောက် ကျန်ကြသည့်အထဲက ကိုသက်မင်းမှာ နိုင်ငံရေးကို ဝါသနာအလျဉ်းမရှိ။ မြင်းခြံမြို့စွန်းမှာ ရွာထွက်ကုန်တွေ လှောင်သည့်အလုပ် လုပ်ကိုင်ရင်း တောသားကြီးလို နေသူဖြစ်သည်။ မြို့မှာ နေသည်ဆိုသော်လည်း မြို့သွေးမြို့ရည်မရှိ။ တကယ့်တောင်သူကြီးနှင့်မခြား ရိုးရိုးကုပ်ကုပ် နေသူသာဖြစ်၏။ ကိုသက်မင်းမိန်းမ မလှရှင်ကလည်း တောသူဆိုတော့ ကိုသက်မင်းနှင့်မခြား ရိုးရိုးအေးအေးကြီးဖြစ်၏။ မြို့ထဲကို ကျောင်းတက်ရန် စက်ဘီးတစ်စီး ဝယ်ပို့မည်ဆိုတော့ ကိုသက်မင်းက အပို့မခံ။ စက်ဘီးအသစ်တစ်စီး ဝယ်ထားပြီးဖြစ်ကြောင်း လူကြုံမှာသည်။ အိမ်အပေါ်ထပ် အခန်းတစ်ခန်း ပေးထားသည့်အပြင် မလှရှင်က ကျောင်းထမင်းချိုင့်တောင် စီစဉ်ပြီးကြောင်း ဆိုသည်။

"သက်မင်းတို့လင်မယားက အေးအေး…ငါ့သမီးက အေးအေးနဲ့တော့ ဟန်ကျပြီပေါ့ကွာ…ထားကြည့်သေးတာပေါ့လေ…သမီးမပျော်တော့လည်း မြို့ထဲရွှေ့ကြတာပေါ့… မြို့ထဲမှာလည်း ထားစရာအိမ်ရှိပါတယ်…"

ကိုပြေသိမ်းက သမီးမပျော်မှာ စိုးရှာသည်။ ထူးဆန်းတာက မအိမ်မြိုင်ပင်။ မိဘနှစ်ပါးနှင့်တကွ ဘွားအေတွေ ဒွေးကြီး ဒွေးလေးတွေနှင့် ခွဲရမှာကိုလည်း ပူပန်လွမ်းဆွတ်ပုံမရ။ ညီမငယ် မအိမ်ခိုင်ကိုပင် လွမ်းပုံမပေါ်။ ဘထွေးမင်းတို့အိမ် နေရမှာနော် ဆိုတော့လည်း အင်းမလှုပ်။ မြို့ထဲ ရွှေ့သင့်ရွှေ့ကြတာပေါ့ ဆိုတော့လည်း မငြင်းပါ။ သည်ကလေးမက တစ်မျိုးပဲလို့သာ အောက်မေ့ရတော့သည်။ ဘွားအေကြီးက တစ်ရက်တွင် မအိမ်မြိုင်ကိုခေါ်ကာ ခြောက်မူးသား ရွှေလက်စွပ်တစ်ကွင်း လက်ခလယ်မှာ စွပ်ပေးသည်။ မြေးဦးကို အမှတ်တရ ပေးခြင်းဖြစ်၏။ 'လက်စွပ်မြင်တိုင်း အမေကြီးပန်းရုံကို သတိရနော်' လို့ မျက်ရည်လည်ရွဲ ဆိုရှာပါသည်။ မအိမ်မြိုင်ကတော့ ဘာခံစားမှုမှမပြ။ မျက်နှာကလေး တည်ထားပြီး ခွဲခွာရခြင်း၊ ကွဲကွာရခြင်း လောကခံကိုပင် ခံနိုင်ရည်ရှိနေသည့်မျက်နှာဖြင့် ဘွားအေကို ငေးနေတာပဲရှိသည်။ မလှအုံက သံသေတ္တာတစ်လုံးထဲမှာ မအိမ်မြိုင့်အဝတ်အစားတွေ ထည့်ကာသိုကာ ရှိရှာပါ၏။

"အပြစ်ကိုလွဲပစေ အချစ်ကိုမြဲပစေ ကြားလား ငါ့မြေး…မြို့ကျောင်းမှာ သူတကာ ချစ်အောင်နေ…မျက်နှာကလေးဖွင့်ထား…မိန်းကလေးဆိုသာ အပွင့်လှရသယ် ရနံ့မွှေးရသယ်…နှုတ်က ချိုပစေ…စိတ်ကလန်းပစေ…ဟဲ့ ကြားရဲ့လား ငါပြောသာ… မောလိုက်သာအေ…"




မအိမ်မြိုင်ကတော့ မလှုပ်ချောက်ချောက် လှုပ်ချောက်ချောက်။ ကျေးဥကတော့ မအိမ်မြိုင်အင်မတန်ကြိုက်သော မုန့်ဆီကြော်တွေ ကြော်ပေးထားသည်။ မအိမ်မြိုင်က ကျေးဥ ကို ငယ်ငယ်ကတည်းက ခေါ်နေကျအတိုင်း ကျေးကျေးလို့ပဲ ခေါ်သည်။

"မုန့်ဆီကြော်ကုန်ရင် ကျေးကျေးကို လှမ်းမှာလိုက်နော် မြိုင်ကလေး…ကျေးကျေးကြော်ပြီးလာပို့ပေးမယ် သိလား…ညည်းဦးလေးဖိုးကူးနဲ့ထည့်ပေးလိုက်မယ်…"

တကယ်တော့ ဖိုးကူးက မအိမ်ကံ့တူဆိုတော့ စပ်လျှင် အစ်ကိုတော်သော်လည်း အရွယ်ကွာသဖြင့် ဦးလေးလို့ ခေါ်ခြင်းဖြစ်၏။ ကျေးဥပြောတာကိုတော့ မအိမ်မြိုင်က ခေါင်းညိတ်ပြသည်။ မြင်းခြံကို ကျေးဥ လိုက်လာခဲ့ဖို့ မှာသည်။ သည်စကားကြားတော့ မလှအုံက မျက်နှာရွဲ့သည်။ ကျေးဥကျမှ မြင်းခြံလိုက်ခဲ့ ပြောဖော်ရလို့ဖြစ်၏။ အမှန်တော့ မအိမ်မြိုင်က လက်ပွန်းတတီးနေရသော ကျေးဥနှင့် ကျေးဥသားနှစ်ယောက်ကို ခင်တွယ်တာလည်း ပါပါသည်။ ကျေးဥ၏သားနှစ်ယောက်ဖြစ်သော ထွန်းပနှင့် ထွန်းရ ဆိုတာကလည်း မအိမ်မြိုင့် အနွံအတာခံရှာတာမဟုတ်လား။ မလှအုံ မျက်နှာရွဲ့ပြတာကို မြင်တော့ မအိမ်ကံခမျာ ငိုရသည့်ကြားက ရယ်မိသေး၏။

သည်လိုနှင့်ပင် မနက်ဖြန်နံနက် မအိမ်မြိုင် မြင်းခြံကျောင်းကို သွားရတော့မည်။

■

နယုန်လပြည့်…။

လပြည့်ညသည် ဝင်းဝင်းကြီးဝါလျက်ရှိသည်။ မအိမ်ကံ အိပ်မပျော်နိုင်ပါ။ မနက်လင်းသည်နှင့် သမီးကြီးမြိုင် မြင်းခြံမှာ သွားနေရတော့မည်။ အခါလည် ကျောင်းပိတ်တော့မှ ပြန်လာမှာဆိုတော့ ခွဲရမည့်ရက်တွေ များလှပါ၏။ ဆယ့်နှစ်နှစ်သမီးဆိုတော့ ကလေးမဟုတ်ပေသိ ကြီးကောင်လည်း ဝင်သေးသည်မဟုတ်။ တောနေ တောကြီးဆိုတော့ မြို့နှင့်မှ အဆင်ပြေပါ့မလား။ သည်ကြားထဲ သမီးက အေးဆေးလွန်းသည်။ ဆပ်သွားဖူး ဆူးဖျက်ဆိုသလို သည်တစ်ချက်ကိုတော့ မအိမ်ကံ အားမရ။ အငယ်မလို သိုးသိုးသွက်သွက်မရှိ။ ဖိုးဖိုးဖပ်ဖပ်မရှိ။ ဒေါင်းတိမောင်းတိမရှိ။ သို့ပေသိ မြိုင်က ရုပ်ချောသလောက် သဘောကောင်းရှာပါသည်။ ချိုသည် ခါးသည် ချဉ်သည် ဖန်သည် ဝေဝေဆာဆာ မရှိသော်လည်း ဘယ်သူ့အပေါ်မှာမှ မထိခိုက်အောင်နေသည်။ ကြီးရင်တော့လည်း သူ့ကိုယ်သူ ပြင်သွားမှာပါလေလို့သာ တွေးရပါ၏။ အကျော်ကရမက်မှန်လျှင် ပင်ကိုနံ့သင်းလာလိမ့်မည်။

သည်အမေ သည်အဖေ သည်ဘွားအေတွေနှင့် အိမ်ကြီးမှာ ဆယ့်နှစ်နှစ်နေခဲ့ရသူကလေး။ တကယ်တမ်းခွဲရမှာဆိုတော့လည်း ဝမ်းကျုံ့ရသား။ သည်သမီးကို ကွမ်းတောင်ကိုင်ဖြစ်ဖို့ မွေးကတည်းက ချောပါစေ လှပါစေကြောင်း ဆုတောင်းခဲ့ရသည်။ တစ်နှစ်နွေက ကျောက်ကြီးပေါက်ကရောရယ်လို့ စိတ်ကိုလျှော့ချရင်း တစ်ဘဝတော့ ပြီးပြန်ပါပကောလို့ပင် တွေးမိခဲ့သေးသည်။ ရတနာသုံးပါးဂုဏ်တော်ကြောင့် အဖျားကြီးဝင်ခြင်းသာဖြစ်၍ ဆရာဆောင့်ဆေးတန်ခိုးဖြင့် ပိန်းကြာရွက် ရေမတင် ရောဂါကြီး စင်ခဲ့ရသည်။ သမီးနှင့် မအေ တွေးတွေးပွေ့ပွေ့ ရှိခဲ့ရသည့်ရက်တွေကိုလည်း မအိမ်ကံ သတိရပါသည်။ မအိမ်ကံက သမီးကြီးမြိုင့်ကို အကဲပိုသော်လည်း သမီးကြီးက ဖအေကို ပိုသည်းသလိုပင်။ ဖအေက အငယ်မကို ကချေသာ ပိုတာကိုလည်း သတိထားမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သည့် ခြောက်နှစ်လောက်က မီးကြီးဟုန်းဟုန်း လောင်ခဲ့သော ညတစ်ညကိုလည်း မအိမ်ကံစိတ်ထဲ ချေဖျက်လို့ မရနိုင်သေးပါ။ သည်အကြောင်း စိတ်ရောက်ပြန်တော့ ကျောင်းဆောက်လှူရန် ခွင့်လာပန်ကြသော သာအောင်တို့လင်မယားကို သတိရရပြန်သည်။ သာအောင်နှင့် ရွှေမှုံတို့ အိမ်ထဲရောက်လာကြတော့ မအိမ်ကံ သွေးပွက်ပွက်ဆူနေခဲ့ပြီ။ အမေနှင့် ကိုပြေသိမ်းတို့ရှေ့မှာ ဟန်လုပ်ရပ်တည်နေရသော်လည်း သူတို့ဘာစကားပြောဖို့လာကြသလဲ ဆိုတာ ကြိုသိထားသူဆိုတော့ ပိုးစိုးပက်စက် ပြောချင်လှပြီ။ သို့သော် သာအောင်က လေအေးကလေးနှင့်ဝင်သည်။ အမေပန်းရုံနှင့် ကိုပြေသိမ်းကို တိုင်တည်ကာ ကျောင်းကြီးဆောက်အလှူမှာ တစ်တပ်တအား ထည့်ဝင်ပါရစေ ပြောလာသည်။

"ဆရာလေးရယ်...ကျွန်တော့် အဖေလည်း မရှိတော့ပါဘူး...အမေလည်း မရှိတော့ပါဘူး...ကျွန်တော့်အိမ်ထောင်နဲ့ကျွန်တော် ဖြစ်လာတော့ ရှာလို့ရသဲ့ စီးပွားကလည်း ကျွန်တော့်ချွေးနဲ့စာ ဖြစ်ရပါပြီ...လှူမယ်ဆိုရင် မိဂုဏ် ဖဂုဏ်ကို ရည်စူးပြီး လှူမယ် ဆိုသဲ့စိတ်လည်း ရှိနေတော့ သည်တစ်ပွဲမှာ တတ်အားသရွေ့ ပါဝင်ခွင့်ပြုဖို့ လာပြောကြသာပါ..."

ကိုပြေသိမ်းက မြင်းခြံပညာရေးဌာနကို သွားခဲ့ရပုံ၊ ပညာရေးဌာနက သဘောထားပေးလိုက်ပုံ၊ လောလောဆယ် ကျောင်းကို ဘုန်းကြီးကျောင်းမှာဖွင့်ရန် စီစဉ်ထားပုံ၊ သည်တစ်ခါတော့ ဝါးကပ်မိုး ထရံကာမဟုတ်ဘဲ ပျဉ်ကာ သွပ်မိုးဆောက်ချင်ပုံတွေ စီကာပတ်ကုံး ပြောပြနေသည်။ အမေပန်းရုံကလည်း တခြားရွာတွေကလည်း အလှူငွေထည့်ချင်ကြကြောင်း၊ ရွာတွေမှာလည်း ဘုန်းကြီးပျံ့ ကြားခုလိုက်သဖြင့် လူပင်ပန်း၊ ငွေပင်ပန်း ရှိနေကြကြောင်း၊ မောင်ပြေသိမ်းပြောသလို ပျဉ်ကျောင်းကြီးဆောက်လျှင် ငွေကုန်ကြေးကျ များရန်သာရှိ၍ ရွာပေါင်းစုံသူကြီးများနှင့် ရွာကိုယ်စားလှယ်များ စုခေါ်ကာ တိုင်ပင်ရန်ကောင်းကြောင်းတွေ ပြောပြပါ၏။ ဇောင်ချမ်းကုန်းမှာ သူကြီးဖြစ်လာသူက ဦးဖိုးမြဖြစ်၍ ဦးသာထန်လိုပင် ရွာရပ်အပေါ် သဘောမနောကောင်းသူဖြစ်သည်။ တခြားရွာတွေမှာလည်း နောက်တက်သူကြီးတွေ ရှိနေကြပြီဖြစ်၍ လူကြီးတွေ ဝိုင်းတိုင်ပင်ကြလျှင် မဖြစ်နိုင်စရာမရှိကြောင်း၊ သို့သော် သူတို့တည်ထောင်ခဲ့သော ကျောင်းမို့ တစ်ဦးတည်းလှူပါဆိုလျှင်လည်း လှူချင်ပါကြောင်းတွေ ပြောနေခဲ့သည်။ မအိမ်ကံက စောစောက မျိုချထားခဲ့သော စကားလုံးတွေကို ပြန်အန်ထုတ်ရတော့မည်ဟု တွေးသည်။ မအေနှင့် လင်သားက အများဆိုင် ကျောင်းဆိုသည့်ဘက်ကို ယိမ်းချင်ချင် ဖြစ်နေကြပြီဆိုတော့ မအိမ်ကံ နားဝင်အောင် ပြောရတော့မည်။ မအိမ်ကံက သာအောင့်ဘက်ကို လှည့်လိုက်သည်။

"ကျောင်းကြီး မီးဟုန်းဟုန်းလောင်နေသခိုက်မှာ ပြာကျသဲ့အထိ ငါရပ်ကြည့်နေခဲ့သယ်...မီးတောက်တွေ ဟူးဟူးလောင်နေသဲ့အချိန်မှာ ငါအဓိဋ္ဌာန်ပြုခဲ့သယ်...မအိမ်ကံကျောင်းကို မအိမ်ကံ ပြန်ဆောက်လှူမယ်လို့...ပျဉ်ကျောင်းဆောက်ချင်ကြရင် ပျဉ်ကျောင်းပေါ့...တိုက်ကျောင်းဆောက်ချင်ကြရင် တိုက်ကျောင်းပေါ့...ရွှေကျောင်းကြီး ဆောက်ချင်ကြရင် ရွှေကျောင်းပေါ့...မအိမ်ကံဆောက်လှူမယ်...အဲသာ မအိမ်ကံ အဓိဋ္ဌာန်ပဲ..."



မအိမ်ကံစကားကြောင့် အားလုံး ငြိမ်ကျသွားခဲ့ကြသည်။ မအိမ်ကံက မျက်နှာကို ချိုထားကာ ပိုးပိုးပေါက်ပေါက် ပြောလိုက်သော်လည်း ကိုယ်တိုင် ရင်တွေခုန်လှုပ်နေတာလည်း အမှန်ပင်။ ရင်မဆိုင်ဝံ့လို့မဟုတ်။ တုန်လှုပ်ချောက်ချားနေခြင်းမဟုတ်။ ဒေါသဖြင့် လှုပ်ခုန်နေခြင်းသာဖြစ်၏။ အထူးသဖြင့် သာအောင်နှင့် ရွှေမှုံက ထန်းလျက်သည်ကြား တည်သီးသည်ကန့်လန့်လုပ်နေသည်ထင်၍ဖြစ်သည်။ အမေပန်းရုံပြောသလို ရွာတွေက ကျောင်းကုသိုလ်ပါဝင်ချင်ကြတာကိုလည်း သိပါ၏။ ကိုပြေသိမ်းပြောသလို ငွေကုန်ကြေးကျ များမှာကိုလည်း နားလည်ပါ၏။ သို့သော် သာအောင်တို့က ပါဝင်ပါရစီဆိုတာကိုတော့ လက်မခံချင်။ ကြီးတော်စံရွှေ၏ ကျောင်းမီးရှို့ရေး လက်စားချေခြင်းကို တကယ်တမ်းသိသူမှာ မအိမ်ကံတစ်ယောက်တည်း ဖြစ်သည်။ ဟုတ်သည် မဟုတ်သည်ထား၊ လက်ပူးလက်ကြပ် မဖမ်းနိုင်တာထား၊ မပြေးသော်လည်း ကန်ရာရှိနေခဲ့လေပြီ။ သည်အကုသိုလ်ကြီးကို ကျူးလွန်ခဲ့ကြသူတွေက အများအမြင်ကောင်းအောင် လှူချင်ပါသည်ဆိုတာကို မအိမ်ကံ မခံချင်။ တောမီးလောင်ခဲ့တာက တစ်ခဏ၊ မုဆိုး သားမချောင်းနိုင်တာ တစ်ဘဝဆိုသလို ဖြစ်ခဲ့သည်မဟုတ်လား။ သည်လိုနဲ့ ကျေရောလား။ အသက်နဲ့ရင်းပြီး ဖြေဖျောက်တာနဲ့ ပြီးရကြေးလား။

"မဟုတ်ပါဘူး ငါ့သမီးရယ်...အမေလည်း ပြောခဲ့ပါသယ်...အဲမေပြန်လှူမယ်လို့...နို့ပေသိ ရွာရပ်က ကုသိုလ်ပါဝင်ချင်ကြမှတော့ ဘယ်ပြောသာမှာတုံး...ပညာရေးမှာ ရွာတိုင်းက စိတ်ပါလက်ပါ ရှိလာကြသာကိုပဲ ဝမ်းသာကြရမှာပေါ့သမီးရယ်...ငါ့သမီး လှူခဲ့သဲ့ကျောင်း ငါ့သမီးပြန်ဆောက်ချင်သာ အမေနားလည်ပါသယ်...အခုဟာက အလှူမှာ ဝိုင်းကြပါရစီဆိုသာ ကိစ္စကောင်းပဲ သမီးရဲ့..."

အမေပန်းရုံက ဖျောင်းဖျပါ၏။ ကိုပြေသိမ်းက မအိမ်ကံ ဝင်ပြောလိုက်တာကို ကြားရတော့ အံ့သြသွားခဲ့သည်။ သူကိုယ်တိုင်ပင် မီးလောင်သည့်နေ့က တစ်ကျောင်းပြို့တော့ နှစ်ကျောင်း ဆောက်ကြတာပေါ့လို့ ပြောခဲ့သည်။ တကယ်တမ်း ရပ်ရွာက၊ အလှူရှင်က၊ စေတနာရှင်က ကုသိုလ်ပါပါရစေဆိုတော့ တစ်ဦးကောင်းမဆန်သာပါ။ သစ်အဖျား ဝါးအရင်း လူတိုင်းပါနိုင်လေ ကောင်းလေ။

"ဟုတ်သားပဲ အိမ်ကလေးရယ်...မောင်သာအောင်တို့က တစ်ကျောင်းလုံးဆောက်ပါရစေ ပြောနေတာမဟုတ်ပါဘူး...အခုဟာက အများထဲပါချင်ကြတာပါ...အိမ်ကလေးက စေတနာရှိသလောက် မ,တည်လိုက်ပေါ့...လိုတာ အများက ဖြည့်တော့လည်း အများကောင်းမှု ဖြစ်ရတာပေါ့..."

မအိမ်ကံက အမေနှင့်လင်သားတို့၏ဆန္ဒကို ဘဲ့မတိုက်ချင်သော်လည်း ကိုယ့်ဝမ်းနာကိုယ်သာသိဆိုသလို ရွှေကျောင်းကြီးဆောက်ဦးတော့ တစ်ဦးတည်းပဲဆောက်မည်ဟု ပြောလိုက်ခြင်းဖြစ်သည်။ ရှိသမျှစည်းစိမ်တွေ ကုန်ချင်ကုန်စေတော့ အရှင်ထွက် ထွက်ရထွက်ရ၊ အသေထွက် ထွက်ရထွက်ရ အောလိုက်ဖို့လည်း ဆုံးဖြတ်ပြီးသားပင်။ သည်အချိန်မှာ အကွက်ကောင်းဝင်နင်းလိုက်သူမှာ သာအောင်ဖြစ်သည်။

"ဟုတ်ပါသယ် မအိမ်ကံ...တို့တစ်တွေလည်း အသက်တွေ မငယ်ကြတော့ပါဘူး ငါ့နှမရာ...လူ့မနော အချောချည်းမဟုတ်လေတော့ အရင်က ပြောမှားဆိုမှားရှိခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com

တွေ ရှိခဲ့ရင်လည်း ကျောင်းအလှူနဲ့ ချေချင်သာလည်း ပါပါသယ်…မအိမ်ကံက အမေခေါ်စရာ ရှိပါသေးသယ်…ငါ့မှာ မရှိတော့ဘူး…တို့မိဘများရော တို့ပါ စာမတတ်ကြလေတော့ ပညာပါရမီ သံသရာပါအောင် လှူချင်ကြသာပါ…"

"ဟုတ်ပါသယ် သူငယ်ချင်းရယ်…တို့က နောင်မှ ခါးချိုးရှာရရှာရ…ရွာကျောင်း မီးလောင်သာကို ကျောင်းကြီးငုတ်တုတ် ပြန်ပေါ်သဟဲ့ဆိုသာ တခြားရွာတွေကို ပြချင်သာလည်း ပါပါသယ်…ကြွားဝါချင်သာ မဟုတ်ရပါဘူးအေ…ဖောင်ချမ်းကုန်းက ညီသဟဲ့ ဖြစ်ချင်သာပါ…ညည်းခွင့်ပြုရင် တစ်ကျောင်းလုံးတောင် တာဝန်ယူလိုက်ချင်ပါရဲ့…"

ရွှေမှုံ့စကားကို မအိမ်ကံ နားမဝင်ပြီ။ ခွင့်ပြုရင် တစ်ကျောင်းလုံးတောင် လှူလိုက်ချင်သတဲ့လား။ ဖောင်ချမ်းကုန်းက ညီသဟဲ့လို့ ပြချင်ကြရော့လား။ ညည်းက ညီချင်ဦးတော့ မညီနိုင်တော့ပေါင်အေ။ ပြဒါးရှင်လုံး ထန်းလျက်နဲ့ လဲရမယ်လို့။ မဟုတ်သဲ့စကား မပြောစမ်းပါနဲ့။

"မဟုတ်ဘူး…ညည်းတို့ပြောနေသာတွေ မဟုတ်ဘူး…သည်ကျောင်းကြီးက သူ့ဟာသူ လောင်သဲ့မီး မဟုတ်ဘူး…လူရှို့သဲ့မီး…မသမာသူက ရှို့ခိုင်းသဲ့မီး…တခြားရွာက လူခေါ်ပြီး ရှို့ခဲ့သဲ့မီး…ငါတို့မှာ တောစပါးလိုချင်လွန်းလို့ အိမ်စပါးနဲ့ ရင်းရသာအေ့…တစ်ကျောင်းလုံးလည်း မရဘူး…တချိုးတစ်ဖဲ့လည်း မရဘူး…စကားကုန်ပြီ…"

မအိမ်ကံ သည်လောက် ရက်ရက်စက်စက်ပြောနေတာမျိုး တစ်ခါမှ မကြုံဖူးကြတော့ အားလုံးက အံ့သြနေခဲ့ကြသည်။ မအိမ်ကံ ဘာကိုဆိုလိုချင်မှန်း မသိကြသော်လည်း တစ်စုံတစ်ရာ မကျေမချမ်းဖြစ်နေတာတော့ ရိပ်မိကြပုံပေါ်ပါ၏။ စကားကုန်ပြီဆိုသည့် စကားကြောင့် ကိုပြေသိမ်းက ဟန့်တားသည်။ အမေပန်းရုံက ဝင်ဖျောင်းဖျသည်။ မလှအုံက ဝင်ချော့သည်။ ကျေးဥကတော့ မအိမ်ကံ၏ခံစားချက်ကို အူမချေးခါး သိထားသူဆိုတော့ ဘာမှဝင်မပြောဘဲ နားထောင်နေခဲ့ပါ၏။ သာအောင်က မအိမ်ကံအကြောင်း သိထားသူဆိုတော့ စိတ်ဆိုးပုံတော့မရ။ သို့သော် သည်လောက် ခဲယဉ်းလိမ့်မည်မထင်တော့ ဘယ်စကားပြောရမှန်းမသိဘဲ ရွှေမှုံ့မျက်နှာကိုသာ ကြည့်နေခဲ့သည်။ ရွှေမှုံက အမေပန်းရုံဘက်ကိုလှည့်ကာ တောင်းပန်သည်။

"အရီးရယ်…ကျုပ်တို့ကို မအိမ်ကံ ဘယ့်နှယ်ဖြစ်နေသလဲ မပြောတတ်ပါဘူး…မတွက်ကပ်သင့်သာ တွက်ကပ်နေသလိုပဲ…ကျုပ်တို့က ရွာစိတ် ရပ်စိတ်နဲ့ လာတောင်းပန်သာပါ…ကျုပ်တို့သမီးလေးကလည်း ဆရာလေးကျောင်းမှာပဲ ခရီးဆုံးရမှာပါ…မြို့ကျောင်းလည်း တက်မထားနိုင်ပါဘူး အရီးရယ်…ကိုယ့်နယ် ကိုယ့်ရွာက ကလေးတွေ အားလုံးအတွက် စဉ်းစားသာပါ…အခုတော့ ကျုပ်တို့ကို ထဆစ် (ထန်းဆစ်)လည်ကျိုး လှေပိုးထိုးတွေကျလို့…"

အမေပန်းရုံက သူ့ကိုတိုင်တည်နေတော့ ရွှေမှုံကိုကြည့်ပြီး သနားနေပုံပေါ်သည်။ ရွှေမှုံပြောတာလည်း မှန်သားပဲ။ သူတို့ကိုယ်ကျိုး မပါပါ။ အများဆိုင်ကျောင်းမှာ တစ်ဖဲ့တစ်မ လှူပါရစေဆိုတာ လက်ခံကောင်းသားပဲ။ သမီးက ဘာဖြစ်လို့ပါလိမ့်။ ခက်တာက တစ်ဖက်ကလည်း မငြင်းသာ။ တစ်ဖက်ကလည်း သမီး။ ဖြစ်နိုင်လျှင် အမေပန်းရုံ သည်ကိစ္စ



သည်မှာတင် ပြီးချင်လှပါ၏။ ကိုပြေသိမ်းကတော့ မအိမ်ကံ တစ်စခန်းထလာတာကို ဖွတ်မငြင်းချင်သေးသလို အသာငြိမ်နေသည်။ မအိမ်ကံက ရွှေမှုံ့သမီး မှုံနံ့သာကို မြို့ကျောင်းလည်း တက်မထားနိုင်ပါဘူး ဆိုတာကြားတော့ မျက်နှာကို မော်ထားလိုက်ပါ၏။ လေတော့ လျှော့ချလိုက်သည်။

"ထဆစ်လည်ကျိုး လှေပိုးထိုးတွေမဟုတ်မှန်း သိပါသယ်အေ…ညည်းတို့ကို ငါ သည်လောက်ပဲ ပြောပါရစေတော့…ညောင်မြစ်တူးရင် ပုတ်သင်ဥတွေပါ ပေါ်ရောမယ်…ငါ…"

ရွှေမှုံက မအိမ်ကံစကားမပြီးခင်မှာပင် စကားဝင်ဖြတ်သည်။ ရွှေမှုံက လေသံမာလာခဲ့ပြီ။

"နေပါဦးမအိမ်ကံ…ညောင်မြစ်မကလို့ ပိန္နဲမြစ်တူးတူး ရွှေမှုံတို့မှာ ပုတ်သင်ဥပေါ်စရာ မရှိပါဘူးအေ…ရွှေမှုံဆိုသာ တစ်ချိန်က ရွာ့ကွမ်းတောင်ကိုင်ပါဟဲ့…ဆွေနဲ့မျိုးနဲ့ ဂုဏ်နဲ့ဒြပ်နဲ့ပါ…ညည်းက ရှဥ့်တစ်ကောင် မြားတစ်စင်းပစ်နေလို့ ပြောရသာပါ…ညည်းသဘောပါအေ…ကိုင်း…ကိုသာအောင် သွားကြစို့…"

ရွှေမှုံဆိုသာ ရွာ့ကွမ်းတောင်ကိုင်ပါတဲ့လား။ ဒါ ညည်းနိုင်လောက်တဲ့စကားပေါ့။ ငါက ရှုံးခဲ့သာကိုးအေရဲ့။ မအိမ်ကံက ထိုင်နေရာက ဝုန်းခနဲ မတ်တတ်ထရပ်လိုက်သည်။ ခါးကို တင်းတင်းထောက်ထားလိုက်ရင်းက မဲ့ပြုံးပြုံးလိုက်သည်။ သမုန်းကိုင်းက ကြီးတော်စံရွှေ တူဆိုသူ လူပုပုတစ်ယောက် ရွာကျောင်းမီးရှို့ခဲ့တာကို ထုတ်ပြောဖို့ အချိန်ကျပြီလို့လည်း ဆုံးဖြတ်လိုက်သည်။ စကားက တော်တော်နှင့် ထွက်မလာ။ လည်ချောင်းမှာ နာကျည်းမှုတွေဆို့ပြီး နင့်နေသည်။ သည်အချိန်ကလေးမှာ ကိုပြေသိမ်းက အားလုံးကို ဝင်တားသည်။ စကားတွေ ရှန်းရှန်းရင်းရင်း ရှိကြတော့မှာကို မြင်လိုက်ပုံလည်း ရပါ၏။

"ကိုင်းပါလေ…ဖြတ်ကြရအောင်……အိမ်ကလေးကလည်း တော်ပါတော့……မောင်သာအောင်တို့ကလည်း စိတ်မရှိကြနဲ့တော့…ပြဿနာက ဘာမှမဟုတ်ပါဘူး…အိမ်ကလေးကလည်း သူလှူတဲ့ကျောင်း မီးလောင်ကတည်းက ယူကျုံးမရ ဖြစ်နေရှာတယ်…လက်သည်ကို မသိပေမယ့်…"

"မအိမ်ကံ လက်သည်ကို သိသယ်အစ်ကို…"

ကိုပြေသိမ်းက မအိမ်ကံကို တအံ့တသြကြည့်လိုက်သည်။ သို့သော် အရာရာကို ကိုပြေသိမ်း ရိပ်စားမိလိုက်ပြီ။ ဘယ်သူမှားသည် ဘယ်သူမှန်သည် မပြောနိုင်သော်လည်း မအိမ်ကံ သိထားသည်ဆိုသူက သာအောင်တို့နှင့် ပတ်သက်နေသူဖြစ်ရမည်လို့ တွေးမိလိုက်ခြင်း ဖြစ်သည်။

"ထားပါတော့လေ…အစ်ကိုပြောချင်တာက သည်ကိစ္စ အမေပန်းရုံပဲ ဆုံးဖြတ်ပါစေ…အိမ်ကလေးကလည်း နားထောင်လိုက်ပါ…အမေပန်းရုံ ဆုံးဖြတ်တာကို အားလုံး နာခံသင့်တယ်…ကိုသာအောင်တို့ကလည်း နာခံပါ…ဟုတ်ပြီလား…"

"ကျွန်တော်တို့က နာခံဖို့လာကြသာပါ ဆရာလေးရာ…အရီးပန်းရုံတို့ ကျေနပ်အောင် လာခွင့်တောင်းနေကြသာပါဗျာ…မအိမ်ကံကိုလည်း ဘယ့်နှယ်မှ မအောက်မေ့ပါဘူး…"

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံလည်း ငြိမ်လိုက်ရပြီ။ အားလုံးကတစ်ဖက် မအိမ်ကံကတစ်ဖက် ဖြစ်နေတာကိုလည်း ရိပ်စားမိခဲ့ပြီ။ အဖေဦးသာထန် သုံးနေကျစကားကို မအိမ်ကံ သတိရလိုက်ပါ၏။ အကြောင်းများမကောင်းရင် မင်းကုသကြီးတောင် အိုးတော်လုပ် မီးဖုတ်ရသဗျား…ဆိုသည့် စကားဖြစ်၏။ အခုလည်း အကြောင်းမကောင်းသခိုက် ငြိမ်နေလိုက်ခြင်းသာ အကောင်းဆုံးဟု တွေးမိတာလည်း ပါပါ၏။ ဖွဲကိုထောင်းလို့လည်း ဆန်ကောင်းရစရာမရှိ။ မအိမ်ကံ ငြိမ်နေလိုက်ရပြီ။ အမေပန်းရုံကတော့ သည်အမှု သူ့အပေါ် သတ္တုကျလာပြီဆိုကတည်းက သမီးမျက်နှာ တစ်ချက်လှမ်းကြည့်ရှာသည်။

"သည်လိုတော့လုပ်ကြသာပေါ့ကွယ်…ရွာသူကြီးများပါ ပင့်ဖိတ်ပြီးတော့ ဟိုရွာသည်ရွာက ထည့်ချင်လှူချင်ကြသာတွေလည်း ရှိသယ်ဆိုတော့ ငွေခံအစည်းအဝေးကလေး လုပ်ကြသာပေါ့…ရသမျှ မောင်ပြေသိမ်းနဲ့ ရပ်ရွာက ရပ်မိရပ်ဖများက စာရင်းနဲ့လက်ခံကြပါ…ပြီးတော့ မောင်သာအောင်တို့ ရွှေမှုံတို့လည်း စိတ်ရှိသလောက် ထည့်ဝင်ပါ… သည်ကြားထဲက ငွေလိုမှာလည်း အမှန်ပဲ…ကျန်သာကို ဘယ်လောက်ဖြစ်ဖြစ် အရီးတို့မိသားစုက ကျသမျှဖြည့်ပါ့မယ်…မကောင်းဘူးလား"

သာအောင်နှင့် ရွှေမှုံတို့မျက်နှာ ပြုံးရွှင်လာခဲ့သည်။ ရွှေမှုံက မအိမ်ကံလက်ကို လှမ်းဆုပ်ကာ ဝမ်းသာကြောင်း ပြရှာပါ၏။ မအိမ်ကံတစ်ကိုယ်လုံး သွေးဆူဆူတွေလှည့်နေသည်။ ရွှေမှုံ့လက်ကို မရုန်းသော်လည်း ငါနိုင်တယ် မအိမ်ကံရေလို့ ပြောနေသလိုလည်း ခံစားနေရပါ၏။ မအိမ်ကံ ရွှေမှုံ့ကို တစ်ချက်ပြုံးပြလိုက်ပါ၏။ အေးစက်နာကျည်းလွန်းလှသော အပြုံး။ သာအောင်နှင့်ရွှေမှုံက အမေပန်းရုံကို ထိုင်ကန်တော့ကြသည်။ ရွာကျောင်းဆရာဖြစ်သော ကိုပြေသိမ်းကို ကန်တော့ကြသည်။ တော်တော်ကြာအောင် စကားစမြည်ပြောပြီးမှ နှုတ်ဆက်ပြန်ကြသည်။

သာအောင်တို့ပြန်သွားတော့ ကိုပြေသိမ်းလည်း အိမ်အပေါ်ထပ်ကို တက်သွားတော့သည်။ ကိုပြေသိမ်းမရှိတော့မှ မအိမ်ကံက သိထားသမျှ ခရေစေ့တွင်းကျ ပြောပြခဲ့သည်။ သည်စကား ကြားရတော့ အမေပန်းရုံရော၊ မလှအုံရော ထူးဆန်းသောစကားကို ကြားလိုက်ရသလို မှင်တက်မိကုန်ကြသည်။

"ငါ့သမီးရယ် ရှိသာတွေ ရှိကြပါစေတော့…ကိုယ်က တပ်အပ်မမြင် မသိသာကို နောက်ထပ် အကုသိုလ်မဖြစ်စေချင်တော့ဘူး…သမီးပြောနေသာတွေ အကျိုးအကြောင်း ရှိပါသယ်…မှန်သယ်ဆိုရင်လည်း သူ့အကုသိုလ်ထုပ် သူရွက်ပါလိမ့်မယ်…မမှန်ရင် ကိုယ်ရွက်နေရလိမ့်မယ် သမီး…"

ထိုညက မအိမ်ကံရင်ထဲမှာ ဆူးတစ်ချောင်းထပ်စူးခဲ့ပြီ။ 'ရွှေမှုံဆိုသာ ရွာ့ကွမ်းတောင်ကိုင်ပါဟဲ့…ထဆစ်လည်ကျိုး လှေပိုးထိုးမဟုတ်ပါဘူး။ ညည်းက ရှဉ့်တစ်ကောင် မြားတစ်စင်းပစ်နေလို့ ပြောတာပါ' ဆိုသည့် ရွှေမှုံ့စကားတွေက အဆိပ်ဆူးဖြူတစ်ချောင်းလို တွေးမိတိုင်း နစ်ဝင်ခဲ့လေပြီ။

သမီးကြီး မအိမ်မြိုင် ခြောက်နှစ်သမီးအရွယ်က ဆယ့်နှစ်နှစ်သမီးအရွယ် ရောက်လာသည့် ကြားကာလအတွင်း ဇောင်ချမ်းကုန်းသည်လည်း ပြောင်းလဲခဲ့သည်။ ဟိုတုန်းဟိုခါလို



ရိုက်ဘာသာ အေးအေးလူလူ နေခဲ့ကြသူတွေချည်း မဟုတ်တော့။ အချိန်တန်တော့ မိုးရိပ်လေဆင်ကြည့်၍ ယာကလေးထွန်၊ ကိုင်းကလေးထွန်၊ ပြောင်းကလေးချ၊ နှမ်းကလေးချဆိုသည့် အားမဦးချတွေချည်းပါလို့ ပြောဖို့ပင် ခက်သွားလေပြီ။ လွတ်လပ်ရေးမရမီက အစစအရာရာ အသိအမြင် အောက်ကျခဲ့သည်ပဲဆိုဆို နိုင်ငံရေးသည် ကိုယ်နှင့်မဆိုင်သလို နေခဲ့ကြသည်။ တစ်ခါတစ်ရံ ဘယ်သူတွေအုပ်ချုပ်နေမှန်းပင် မသိ။ လွှတ်တော်တွင်းမှာ နိုင်ငံရေးသမားတွေ အပြောင်းအလဲရှိတိုင်း ဇောင်ချမ်းကုန်းကို ရောက်လာတာမဟုတ်တော့ ရေတိတစ်ကိုက် ထန်းတစ်ကိုက် စပ်တော့လည်းစပ်လို့၊ ချိုတော့လည်းချိုလို့ ဆိုတာလောက်သာ အာရုံရှိခဲ့ကြပါ၏။ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းမှာတော့ ဇောင်ချမ်းကုန်းလည်း သက်တံ့ကွေးထွက်သလို နို့ထွက်လာကာ အရောင်စုံဖြစ်လာခဲ့သည်။ လွတ်လပ်ရေးကာလနောက်ပိုင်း သူကြီးလုပ်ပိုင်ခွင့်တွေ များလာသည်။ ရွာသူကြီးကို ကျေးရွာကပဲ ရွေးကောက်ရသည်။ သူကြီးသက် ငါးနှစ်ကုန်လို့ နောက်ငါးနှစ် လုပ်ပိုင်ခွင့်ရှိသော်လည်း ကျေးရွာအုပ်ချုပ်ရေးကော်မတီ ရှိလာသဖြင့် ထိုနေရာတွေကို မက်မောလာကြရာက အုပ်စုကွဲ၊ ဆွေမျိုးကွဲတွေ ဖြစ်လာကြသည်။ ကျေးရွာသူကြီးနှင့် ကျေးရွာကော်မတီတို့ တရားစီရင်ရေးတွင် အခွင့်အာဏာ အတန်အသင့်ရကြသည့်အလျောက် ထိုအခွင့်အာဏာအပေါ် ယိုယွင်းမှုများ၊ မတရားမှုများ၊ ဘက်လိုက်မှုများ ရှိလာခဲ့သည်။

သည်မှစကာ ရှေးအခါက မည်သူမျှ စိတ်မဝင်စားခဲ့သော နိုင်ငံရေးသည် ဇောင်ချမ်းကုန်းတွင် ခေတ်စားလာခဲ့ပါ၏။ အချင်းချင်း စိတ်ဝမ်းကွဲကြရာမှ မညီမညွတ်ဖြစ်လာကြကာ ရပ်ရေး ရွာရေးထက် ကိုယ်ကျိုးကိစ္စ ခေါင်းပေါ်ရွက်လာကြသည်။ ကျေးရွာအုပ်ချုပ်ရေးတွင် သူကြီးနှင့်အပြိုင်ဖြစ်သည့် ကျေးရွာကော်မတီတွင် သာအောင့်ကို ဝိုင်းဝန်းမြှောက်တင်ကြရာမှ ဇောင်ချမ်းကုန်းတွင် သူကြီးထက်ကျော်ကာ သာအောင်က ထင်ပေါ်လာခဲ့ပါ၏။

"ငါ့ထက်ရီးသာ သူခိုးကျန်တော့သယ်ဆိုသလိုပါပဲအေ…သူကြီးက မလှုပ်ဘူး သာအောင်ကချည်း လှုပ်နေလို့ ရွာက ငပိသည်က ခွေးမမောင်းရဘူး ဆားသည်က ခွေးမောင်းနေပြီ ပြောနေကြသယ်…သာအောင် တစ်ခေတ်ဆန်းပါပကောအေ…"

မလှအုံက ဘယ်က ဘာကြားလာလို့မသိ။ တစ်ရက်မှာ ညည်းရှာသည်။ သာအောင်တို့ ကံဟုန်းဟုန်းထတော့ ရွှေမှုံကလည်း သုံးဆယ့်ခုနစ်မင်း ပန်းမကိုင်ဘဲ ပူးနိုင်သူ ဖြစ်လာခဲ့သည်။ ရွာရပ်က ကိုပြေသိမ်းကို အုပ်ချုပ်ရေးတစ်နေရာယူပါရန် တောင်းပန်သော်လည်း ကိုပြေသိမ်းက ငြင်းသည်။ ကျောင်းအလုပ်ကို အကြောင်းပြကာ ငြင်းလိုက်ခြင်းဖြစ်၏။

"ကျွန်တော် မလုပ်ပါရစေနဲ့…ရွာရပ်မှာ သူကြီးလည်းရှိပြီ…ကျေးရွာကော်မတီလည်းရှိပြီ…ဆယ်အိမ်ခေါင်း ရာအိမ်ခေါင်းလည်းရှိကြပါပြီ…ကောင်းဖို့ပဲရှိပါတော့တယ်"

ကိုပြေသိမ်းက အတန်တန်ငြင်းတော့လည်း ငြိမ်လိုက်ကြရသည်။ သာအောင်က အရင်တုန်းကသာအောင် မဟုတ်တော့။ ရပ်မှုရပ်ခင်းတွေမှာ သူ့ခြေသူ့လက် လုပ်လာခဲ့သည်။ တတ်နိုင်သူဆိုတော့ မြင်းခြံအရောက်အပေါက်များရာက လူရေးလူရာ ဝင်ဆန့်လာသည်။ နှစ်သက်ကလေး ရလာတော့ ရွာမှာ သူကြီးထက်ပင် ပါဝါများလာတော့သည်။ တစ်ခါမှာတော့ မအိမ်ကံနှင့် ထိပ်တိုက်တိုးခဲ့တာကိုလည်း မအိမ်ကံ မှတ်မိနေခဲ့ပါ၏။ အဝေးရွာများမှ ကုန်လှည်းများ ရွာလယ် တာလမ်းပေါ်မှ မောင်းနှင်သည့်အတွက် လှည်းရောနွားပါ ဖမ်းခိုင်းကာ ဒဏ်ငွေ

www.burmeseclassic.com

www.burmeseclassic.com

ရိုက်သည့်ကိစ္စ ဖြစ်သည်။ တစ်သက်လုံး ရွာလမ်းမပေါ်က မောင်းခဲ့ကြသော လှည်းဆရာတို့ ခမျှ မရှိရသည့်ကြားက ကြိုးတုတ်ခံ၊ မောင်းမဲ့ခံဘ၀ ရောက်ကြရသည်။ သည်သတင်းကြားသည်နှင့် မအိမ်ကံ အသားများပင် ဆတ်ဆတ်တုန်ခဲ့သည်။ ဖိုးကူးကို အခြေအနေစုံစမ်းခိုင်းသည်။ ဘယ်ရွာက လှည်းတွေလဲ၊ ဘယ်လှည်းသမားတွေလဲ၊ ဒဏ်ငွေ ဘယ်လောက်ရိုက်သတဲ့လဲ၊ အခုကော လူတွေ နွားတွေကို ဘယ်လိုထားသလဲ စုံစမ်းခိုင်းခြင်းဖြစ်၏။ သူကြီးကလည်း လူရိုးလို့ပဲလား၊ သာအောင့်ကို မလွန်ဆန်နိုင်လို့ပဲလားတော့မသိ၊ ဘာမှပြောသံမကြား။ ဖြစ်ချင်တော့ ထိုရက်က ကိုပြေသိမ်း မြင်းခြံရောက်နေသည့်ရက်ဖြစ်သည်။ ဖိုးကူးက အသေးစိတ် ပြောပြတော့ မအိမ်ကံ ထဘီတိုတိုပါအောင်ဝတ်ပြီး ကျေးရွာရုံးကို လိုက်သွားခဲ့သည်။ ခေါင်းက ဆံပင်ကိုပင် လမ်းမှာ တစ်ပတ်လျှိုသွားခဲ့ခြင်းဖြစ်၏။ မအိမ်ကံ ပျာယီးပျာယာထွက်လာတာကို ရွာကထွက်ကြည့်ကြသည်။

"ဟဲ့ သမီး...မအိမ်ကံ...ကိုယ့်အလုပ်လည်းမဟုတ်ဘဲနဲ့ သမီးရယ်...ခေတ်ကာလက ဖြစ်လာသာပါအေ...ဒဏ်ရိုက်သယ်ဆိုတော့လည်း နောက် ဆင်ခြင်ကြတော့မပေါ့... သူတို့ဥပဒေရှိလို့ လုပ်သာနေမှာပါ"

အမေပန်းရုံက တားသော်လည်း မအိမ်ကံ ဖွတ်ထွက်လာခဲ့သည်။ ကျေးရွာရုံး ရောက်တော့ သာအောင်မရှိ။ နွားတွေရော လူတွေပါ မလွှတ်သေးဘဲ ဖမ်းထားဆဲဖြစ်၏။ နွားတွေကို မမြင်ရသော်လည်း လူတွေက ရုံးရှေ့မှာ ငုတ်တုတ်ထိုင်နေကြသည်။ ထမင်းပင် စားကြရသေးပုံ မပေါ်။ အို ဖြစ်ရလေ...။ ကိုယ့်ရွာက မဟုတ်တာနဲ့ပဲ ရက်ရက်စက်စက် လုပ်ရသလားဆိုသည့် စိတ်က ဆူဆူဝေလျက်ရှိ၏။ ရုံးထဲမှာရှိသည့် လူနှစ်ယောက် သုံးယောက်ပင် မအိမ်ကံကို အံ့သြနေကြသည်။

"သာအောင် ဘယ်သွားသလဲ"

"ဦးသာအောင် အိမ်ခဏပြန်သယ်...ထမင်းစားပြန်သာ..."

"အခုက လှည်းတွေ နွားတွေကို ဘယ်လိုလုပ်ထားသလဲ...လှည်းသမားတွေ ထမင်းစားပြီးကြပြီလား...နွားတွေကိုရော နွားစာကျွေးရဲ့လား...ရေတိုက်ရဲ့လား...ဖမ်းသာကကော ဘာအမှုပါလိမ့်..."

မြေကြီးငုတ်တုတ်ထိုင်နေကြသည့် လှည်းသမားတွေက မအိမ်ကံကို မော့ကြည့်ကြသည်။ ဝမ်းလည်း ဝမ်းသာသွားကြပုံပေါ်ပါ၏။ မအိမ်ကံက ရုံးထဲမဝင်။ ရုံးရှေ့ ခါးထောက် ရပ်ရင်း အော်မေးနေခြင်းဖြစ်သည်။ သိပ်မကြာပါ။ ကိုစံကောင်း ရောက်လာသည်။ သစ်ပင်ရိပ်မှာ ရပ်ရင်း နှမဖြစ်သူကို အကဲခတ်နေခြင်းဖြစ်၏။ မလှအုံတို့ လွှတ်လိုက်တာဖြစ်မည်။ ခပ်လည် လည်ရွာသားတစ်ယောက်က ရှေ့ထွက်လာကာ မအိမ်ကံနှင့် မျက်နှာချင်းဆိုင်သည်။ သူ့ကိုတော့ မအိမ်ကံမသိ။ နောက်ပေါက်ထဲက ဖြစ်မည်။

"မကျွေးရသေးဘူး...ခင်ဗျားက ဘယ်သူတုံး..."

"မင်း ငါ့ကိုမသိဘူးလား...တစ်ရွာကထင်သယ်...ငါ မအိမ်ကံပဲ...မင်းတို့က ဖမ်းထားသဲ့ လူတွေ နွားတွေတော့ အစာရေစာမကျွေးနိုင်ဘူး...သာအောင်က အပင်းသွားဆို့သလား...ငါ မကျေနပ်လို့ လိုက်လာသာဟော့..."



မအိမ်ကံနှင့် မျက်နှာချင်းဆိုင်ရပ်နေသူက ဘာမှမပြောနိုင်။ မအိမ်ကံကိုသာ ဘယ်လို မှိန်းမပါလိမ့်ဆိုသည့် မျက်နှာနှင့်ကြည့်နေသည်။ မအိမ်ကံက သာအောင့်အိမ်ကို လိုက်သွားဖို့ စိတ်ကူးလိုက်သော်လည်း ရုံးကပဲစောင့်ရန် ပိုင်းဖြတ်လိုက်ပြီး မနီးမဝေးက မြေပေါ်မှာချထားသော ထိပ်တုံးပေါ် သွားထိုင်လိုက်သည်။ စောင့်မည်။ သာအောင်လာချိန်အထိ စောင့်မည်။ မအိမ်ကံ ထဘီတိုတိုပါအောင်ဝတ်ပြီး ရွာရုံးလိုက်သွားသတဲ့ဆိုသည့် သတင်းကြောင့် ရွာကလူတွေ တဖွဲဖွဲ ရောက်လာကြပါ၏။ ဘယ်သူက သွားခေါ်သည်မသိ။ သာအောင်ရောက်လာသည်။ သာအောင့် နောက်မှာ လူနှစ်ယောက်ပါလာသည်။ ရွာက နွားသတ်သမား အောင်လှနှင့် သာအောင့် အမျိုးထဲက တစ်ယောက်ဖြစ်၏။ သာအောင်က သတင်းကြားထားပြီးပုံရသည်။ ရုံးထဲမဝင်ဘဲ မအိမ်ကံကို လှမ်းကြည့်လိုက်သည်။ မအိမ်ကံက ထိပ်တုံးနှုတ်ခမ်းပေါ်ထိုင်ရာက မတ်တတ်ရပ် လိုက်ပြီး သာအောင်နှင့် မျက်နှာချင်းဆိုင်လိုက်၏။ သာအောင်က မခိုးမခန့်။

"သာအောင်...နင်တို့ အဝေးရွာတွေက နွားလှည်းတွေရော လူတွေပါ ဖမ်းထားသယ် ဆိုလို့ ငါလိုက်လာသာ...နင် ဘယ့်နှယ်လုပ်သာလဲ...အမှုက တာလမ်းပေါ် နွားလှည်း မောင်းလို့ဆို...ဆယ့်နှစ်မှု မင်းတိုင်းမကျေသဲ့ အမှုကြီးလိုပါလားဟဲ့..."

"ဟုတ်သယ်...မအိမ်ကံနဲ့ မဆိုင်ပါဘူး...ဒါက ရပ်ရွာအုပ်ချုပ်ရေးကိစ္စပါ...အခုက မြင်းခြံရုံးခိုင်းလို့ လုပ်သာ...တာလမ်းပေါ် နွားလှည်းမောင်းရင် လမ်းဌာနက ဒဏ်ရိုက် ခိုင်းထားသယ်...ကနေ့ စဖမ်းသာပဲ...အဲသာ ဘယ့်နှယ်ဖြစ်လို့တုံး..."

"အလိုတော်...မြို့ဝန်မင်းစောင်မမှ ထောင်ကျရသဲ့ကိန်းပါလား...ဘယ်မှာလဲ ရုံး အမိန့်...ဘယ်မှာလဲ ရပ်ရွာအသိပေးသာ...ဘယ်လမ်းဘေး စာကပ်ထားသလဲ... သည်ကနေ့ စဖမ်းရအောင် အဝေးရွာကလှည်းတွေက သိသိနဲ့ ချိုးဖောက်ကြလို့ လား...တာလမ်းပေါ်က မသွားရင် ဘယ်ကသွားရမှာတုံး...ဘယ်မှာတုံး လှည်း လမ်း...ဒါမျိုးဆိုသာ ရွာစဉ်ပေါက် ကြေညာချက်ထုတ်ပြီးမှ လုပ်ရသဲ့ကိစ္စ...ငါ သူကြီးသမီးပါဟဲ့...ထစ်ခနဲရှိ ဒဏ်ငွေ...နင်တို့မို့ မရှက်သယ်..."

သာအောင်က လူအများရှေ့ အပြောခံရသဖြင့် မျက်နှာကြီးရဲလာရာက ရှေ့ကို တိုးလာခဲ့သည်။ တပည့်နှစ်ယောက်ကလည်း ကပ်လျက် ချပ်လျက်။

"မအိမ်ကံ ပြန်ပါ...သည်လောက်ပဲ ပြောပါရစေ...နင် အညိုးနဲ့ လာပြောလို့ မဖြစ်ဘူး...ဒါ အထက်ကခိုင်းလို့ လုပ်သာ..."

အညိုးနဲ့လာမပြောနဲ့ဆိုသည့်စကားကြောင့် မအိမ်ကံ ရှေ့ကို တစ်လှမ်းတိုးလိုက်သည်။

"အပြစ်မရှိသဲ့ လှည်းသမားတွေကို နင်ကသာ ညှိုးသာ...ငါက နင့်ကို ဘယ်တုံးကမှ ခေါင်းထဲမရှိဘူး...ဖမ်းထားပြီး ဒဏ်ငွေရိုက်ချင်သာက ရှေ့က...လူစာ နွားစာတောင် မကျွေးဘူးဆိုတော့ နင်လည်း တောသူတောင်သားပဲ မလွန်လွန်းဘူးလား...တခြား ရွာက လှည်းတွေမပြောနဲ့...ဖောင်ချမ်းကုန်းကတောင် သည်အမိန့်ကို ဘယ်သူမှ မသိကြဘူး..."

"ဟုတ်ပါပြီလေ...အခုက မအိမ်ကံနဲ့ ဘယ်လိုပတ်သက်လို့တုံး...လှည်းသမားတွေ ထဲမှာ နင့်အမျိုးပါလို့လား..."

www.burmeseclassic.com

www.burmeseclassic.com

"ဘယ့်နှယ်မှ မပတ်သက်ဘူး...ဘာအမျိုးမှလည်းမပါဘူး...နင်လုပ်သဲ့အလုပ် မဟုတ်လို့ လိုက်လာသာ...မဟုတ်ရင် ဘယ်ဟာမှမခံဘူး...ငါ ရွာကျောင်းဆရာကတော်လေ ဟဲ့...မမှန်သာ မတရားသာရှိရင် ငါတို့က ရှေ့ကထွက်ရမှာပဲ...ဘယ့်နှယ်တော်...နီးချက်နဲ့ တဲဆောက်ကာမှ သံတောင် နောက်ကောက်ကျရသယ့်ကိန်း ဆိုက်နေပါပကော..."

ရုံးရှေ့မှာ လူတွေ အုံခဲနေကြပြီ။ မလှအုံလည်း ချက်ချင်းအပြေးရောက်လာသည်။ လာတုန်းကတော့ မအိမ်ကံကို 'နင်တန်, သူတန်' လုပ်ဖို့ လိုက်လာဟန်တူပါ၏။ သာအောင်နှင့် ခွန်းကြီးခွန်းငယ် အော်နေကြတာတွေ့တော့ ကိုစံကောင်းအနား သွားရပ်သည်။ ကိုစံကောင်းကလည်း နှမဖြစ်သူကို တစ်ခွန်းဝင်မဟ။ သာအောင် လူပါးဝနေတာကို ရွာက မခံချင်ကြသော်လည်း မိုးကောင်းနေချိန်ဆိုတော့ ငြိမ်နေကြရသည်။ ခုတော့ နှမလုပ်သူက ချက်ကျ လက်ကျ တွယ်နေတော့ အဝေးက အသာကြည့်နေခြင်းဖြစ်၏။ သာအောင့်နောက်မှာ လူမိုက်နှစ်ယောက်ရှိနေကြတော့ နှမကို ကိုယ်ထိလက်ရောက် ရှိကြမှာစိုး၍ဖြစ်သည်။ မလှအုံက မအိမ်ကံအနားသွားကာ လက်မောင်းအိုးကို ဆွဲသည်။

"မအိမ်ကံ လာတော့...နေပူသယ်...တို့ရွာလည်း ဆင်ကြိုးနဲ့ ကြက်ချည်... ကြက်ကြိုးနဲ့ ဆင်ချည် ဖြစ်နေပါပကော..."

မအိမ်ကံက နေရာမှာပဲ ပေရပ်ကာ သာအောင့်စကားကို စောင့်နေခဲ့သည်။ သာအောင့်နှုတ်က အမိန့်မကျသေးတာကို ပေစောင့်နေခြင်းဖြစ်၏။ တကယ်တော့ သာအောင်က မြင်းခြံလမ်းပိုင်းဌာနက စာအရ ဆောင်ရွက်ခြင်းဖြစ်၍ သည်ကိစ္စ သည်လောက်ကြီးကျယ်သွားလိမ့်မည် မထင်ခဲ့။ အဝေးရွာက လှည်းတွေကို ဒဏ်ရိုက်လိုက်ရုံနှင့် ပြီးလိမ့်မည်ထင်ခဲ့သည်။ လှည်းသမားတွေနှင့် နွားရုစ်ကောင်ကို အစာရေစာကိစ္စ မစီစဉ်မိခဲ့တာကတော့ ပေါ့ဆမှုဖြစ်သည်။ မအိမ်ကံ ရောက်လာကာ သည်လိုကက်ကက်လန် ရန်တွေ့လိမ့်မည်လို့လည်း မထင်။ ရွာမှာ ကိုပြေသိမ်းတို့ မအိမ်ကံတို့ကလွဲ၍ ပြောဝံ့ဆိုဝံ့သူ မရှိတော့လည်း ထင်တိုင်းကြဲနေကြတာကြာပြီ။ သာအောင်က ပါးသည်။ သူလွန်တာကို အများရှေ့မှာ အထုပ်ဖြည်ပြသလို အဖြစ်မခံဘဲ ချာခနဲလှည့်သွားကာ ပြဿနာကို ရှောင်လိုက်သည်။ သူ့နောက်ပါနှစ်ယောက်ကို တစ်စုံတစ်ရာပြောခဲ့ပြီး ရုံးထဲဝင်သွားသည်။ နွားသတ်သမား အောင်လှက လှည်းသမားတွေဆီသွားကာ ပြန်ကြရန် ပြောနေလေပြီ။

"မလှအုံ...လူတွေ နွားတွေ အိမ်မှာ ထမင်းကျွေးဖို့ လုပ်ပေးပါဦး...ခများများ ဆာကြရှာရော့မယ်...လှည်းကောက်ပြီး အိမ်မောင်းခဲ့ခိုင်းလိုက်တော့..."

ရွာသူရွာသားတွေကြားထဲက မအိမ်ကံ တိုးထွက်ခဲ့သည်။ ဖအေနှင့်သာလိုက်လာရသည်။ ပူလိုက်သည့်နေ။ ဤသို့ဖြင့် ဇောင်ချမ်းကုန်းရွာ တာလမ်းမပေါ် နွားမောင်းမှုကြီး ပြီးသွားခဲ့ပါ၏။ တစ်ရွာလုံးမှာ အုတ်အုတ်ကျက်ကျက် ဖြစ်ကျန်ရစ်ခဲ့သည်။ မအိမ်ကံအကြောင်းက စကားဖြစ်နေခဲ့ပြီ။ မလှအုံက လှည်းသမားတွေကို လှည်းကောက်ခိုင်းရင်း ခါးကြီးတထောက်ထောက်နှင့် ကျန်ရစ်ခဲ့၏။ ကိုစံကောင်းလည်း နှမဖြစ်သူနောက် သုတ်သုတ်ပါအောင် လိုက်လာခဲ့သည်။

"ချက်ကျချက်တော့ဟာ...သည်ကောင် လူပါးဝနေသာကြာပြီ...ငါက နှမထိရင် ဝင်ရိုက်မလို့...ပြန်ပြန် ငါ့နှမ...သည်ကောင်တွေတော့ သတိထားနော...မကောင်းကြံချင်ကြံမယ့် ကောင်တွေရယ်..."

"မကောင်းကြံတော့လည်း တစ်ပွဲတွေ့ကြရုံပေါ့ အစ်ကိုလေးရယ်...ဘယ့်နှယ်...ဇောင်ချမ်းကုန်းမှာ အကုသိုလ်က နိုင်စားရမယ်လို့...လူတွေက ခွေးဆိုးဆိုသာနဲ့ ကြောက်ရတော့မှာလား...ခွေးဆိုးများ ပါးစောင်ဟက်တက်ဖြဲပစ်လိုက်ချင်သေးသယ်"

မအိမ်ကံ ဒေါသအရှိန်တွေ မပြေသေး။ မအိမ်ကံစကားကြောင့် ကိုစံကောင်းပင် စကားမဆက်နိုင်ဘဲ နှမကို လှမ်းကြည့်လိုက်လေ၏။

"နေနှင့်ဦး...လှည်းသမားတွေကို ပုဆိုးတစ်ထည်စီပါ ပေးလိုက်ရဦး..."

မအိမ်ကံက ဒဏ်ရိုက်ခံကြရမည့် လှည်းသမားတွေဘက်က ရပ်တည်ခဲ့ကြောင်း၊ လူစာနွားစာ အိမ်မှာ ဝဝလင်လင် ခေါ်ကျွေးခဲ့ရုံမက ပုဆိုးတစ်ကွင်းစီပါ ပေးလိုက်သေးသတဲ့ ဆိုသည့်စကားတွေက ရွာပေါင်းစုံ ထုတ်ချင်းခတ်သွားခဲ့လေပြီ။ သာအောင်လည်း နည်းနည်း တော့ ကုပ်သွားလေ၏။ ထင်မထားသည့်ထောင့်က မအိမ်ကံပေါ်လာတာကို သာအောင်ကိုယ်တိုင် ဟန်ရေးမပြနိုင်ခဲ့။

စဉ်းစားတွေးတောရင်း ပေါ်လာသည့် ရှေးဟောင်းနှောင်းဖြစ်တွေပင်။ မအိမ်ကံ အိပ်ရာထဲ ပြန်ဝင်လာခဲ့သည်။ သမီးကြီးက အပူကင်းကင်း အိပ်ပျော်လျက်။

အပြင်မှာ လရောင်ကတော့ သာဆဲပင်...။

■

မအိမ်ကံတို့ ဝိုင်းတိုက်ထဲမှာ လှည်းနှစ်စီးကောက်ထားပြီးပြီ။ တစ်စီးက ဖိုးကူးမောင်းမည်။ နောက်တစ်စီးက ကိုကြက်တောလှည်း။ ကိုကြက်တောက လှည်းသာ ပေးလိုက်ခြင်းဖြစ်ပြီး ကိုဖိုးငွေက မောင်းမည်။ မလှအုံက အိမ်ပေါ်က သံသေတ္တာကြီး ရွက်ချတော့ ကိုဖိုးငွေက လှည်းပေါ်က ဆီးယူသည်။ စုံစီနဖာတွေကလည်း မနည်းပါ။ ဘထွေးဖြစ်သူ ကိုသက်မင်းတို့ မိသားစုအတွက် အမေပန်းရုံ ထည့်ပေးလိုက်သည့် လက်ဆောင်တွေလည်း ပါပါ၏။ အိမ်ကြီးမှာ လူတွေ များလှသည်။ အမျိုးတွေ အဆွေတွေပါမက နားကြားနှင့် လာရောက်ကြသူတွေလည်း များလေ၏။

"မအိမ်ကံ သမီးပို့ မလိုက်ဘူးလား...မြင်းခြံကို...ညည်းသမီးကတော့အေ...တစ်ရွာတစ်ယောက်ထွန်းပါပဲ...မိန်းကလေး မြို့တက်ပညာသင်သာ တို့တစ်သက် မကြားစဖူးဘူး...သမီးကလည်း တော်...မိဘများကလည်း ကူဖော်ပံ့ဖက်ရ...ဟန်ကျပါ့အေ"

မေးသူတွေက မေးကြတာကို မအိမ်ကံ ဖြေနေရသည်။ မအိမ်ကံ သမီးပို့မလိုက်တော့ပါ။ ဖအေလည်းပါသည်။ မလှအုံလည်း နေရာချရန် လိုက်သွားလိမ့်မည်။ မအေပါသွားလျှင် သမီးကြီး စိတ်ပြောင်းသွားမှာကိုတွေးပြီး မလိုက်တော့ခြင်းဖြစ်ပါ၏။ သမီးကြီးမြိုင်က စိတ်အပြောင်းအလဲကလည်း မြန်တတ်ပါဘိသနဲ့။ ပြီးတော့ အိမ်မှာ သက်ကြီးရွယ်အို မအေကြီးခများ သမီးရော မြေးပါ အိမ်ကခွာသွားလို့ကတော့ ဝမ်းထဲကအူတွေ ဆွဲနုတ်သွားသလို ဟာသွားမှာကို စိုးတာလည်း ပါပါသည်။ ဘာပဲဖြစ်ဖြစ် အမေပန်းရုံအနားမှာ မအိမ်ကံရှိမှဖြစ်မည်။

www.burmeseclassic.com

မြိုင်ကလေးက သည်မနက် လှနေလိုက်သည့်ဖြစ်ခြင်း။ ဆယ့်နှစ်နှစ်သမီးဆိုတော့ အလှတွေ ရှန်းကန်ပွင့်ရန် အားယူနေချိန်မဟုတ်လား။ ဝင်းဝါဝါအသားအရေနှင့် မျက်နှာပွင့်ပွင့်ကလေးကြောင့် ဘွားအေက 'ပပဝတီ' ခေါ်တာလည်း မလွန်ပါ။ ကျောက်စိမ်းရောင်ပိုးထည်ကလေးနှင့် သပြေစိမ်းရောင်အင်္ကျီက တောက်ကြွားလွန်းလှပါ၏။ မျက်နှာချေကလေး ပုတ်ထားသဖြင့် မျက်နှာနုနုကလေးသည်ပင် ပန်းသွေးရောင်ပြေးလျက် မျက်တောင်တစ်ချက်ပုတ်လိုက်တိုင်း စိန်ပွင့်တွေလို တဖျပ်ဖျပ်ရှိလေ၏။ မန္တလေးကတ္တီပါ ခြေညှပ်ဖိနပ်ကလေး စီးထားသည်။ ရွှေချည်ထိုး အိတ်ကလေးတစ်အိတ်ကို ကိုင်ထားသေးတော့ ကွမ်းတောင်ကိုင်တော့မည့် ရွာမိန်းမချောကလေးနှင့်ပင် တူသည်။ မအိမ်ကံ့က လွမ်းတာတစ်ခြမ်း၊ ကျေနပ်အားရတာက တစ်ခြမ်းဖြင့် တစ်ကိုယ်တည်း နှစ်စိတ်ဖြစ်နေရတော့သည်။

"ကိုင်း…မြိုင်ကလေး…ငါ့မြေး…ဘွားအေကြီးကို ကန်တော့…သွားကြရအောင်…"

အလို…။ သွားကြတော့မှာလား။ မအိမ်ကံ့ရင်တွေ သည်တော့မှ ကတုန်ကယင်ရှိလာခဲ့သည်။ ကျေးဥက လူတွေရှေ့မထွက်။ သူ့သားအငယ်နှင့် မအိမ်ခိုင်တို့ကို တစ်ဖက်တစ်ချက်စီဆွဲထားရင်း ခပ်ကွာကွာက လှမ်းကြည့်နေသည်။ ငိုချင်ချင်မျက်နှာက တင်းထားသဖြင့်သာ မျက်ရည်တွေ မကျခြင်းဖြစ်၏။ မအိမ်မြိုင်က အမေပန်းရုံကို ဖျာပေါ်မှာ ထိုင်ကန်တော့တော့ အမေပန်းရုံက ဆုတွေပေးနေခဲ့သည်။ သည်မြင်ကွင်းကိုကြည့်ရင်း မအိမ်ကံ့ မျက်ရည်စို့ရပြီ။

"ပညာရှာသယ့်အခါ တောလိုက်မုဆိုးများ သားကောင်ရှိရာအရပ်မှာ ခြေလုံလုံ ပျဝပ် ကျိုးနွံရှိသလို ကျင့်ရသယ်…ရတနာသုံးပါးကို ကြည်ညိုရာမှာ အဖိုးတန်လည်ဆွဲ တန်ဆာကို ပျောက်မှာစိုးလို့ မကြာခဏစမ်းသလို အခါမလပ် အောက်မေ့ရသယ်… တောမျောက်များ တစ်ည သုံးခါ မြေကြီးကို ဆင်းစမ်းသလို ဝီရိယရှိရသယ်… ကြားလား ငါ့မြေး…ယနေ့ယခုမှစ၍ မြေးလေး မအိမ်မြိုင်တစ်ယောက် စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာမှန်သမျှ ပြည့်စုံပြီးလျှင်……"

အမေပန်းရုံ ဆုပေးနေသခိုက် မအိမ်ကံ့မျက်လုံးတွေ မှိတ်ထားခဲ့သည်။ မျက်ရည်တွေက ပိတ်ထားသော မျက်ခွံထဲက ယိုစီးကျလျက် ပါးပြင်ပေါ်သို့ တစ်လိမ့်ချင်းကျလာလေ၏။ ရင်ထဲလှိုက်တက်လာသော ခံစားမှုအဟုန်က အသိ သတိတရားတို့ကိုပါ ရိုက်ချိုးပစ်လိုက်သည့်အခါ ကြေကွဲစရာကောင်းလှသော ရှိုက်သံကြီး ထွက်ပေါ်လာလေသည်။ ကျေးဥ၏ ငိုသံကလည်း ထပ်ချပ်မကွာ ပါလာခဲ့ပြီးသည့်နောက်မှာတော့ တရားဆုကိုပေးနေသော ဘွားအေပါ အသံတွေ တုန်လှိုက်လာရာက တဘက်ပေါင်းဖြင့် မျက်နှာကိုအုပ်ကာ ငိုရှာလေသည်။ ဝိုင်းတိုက်ထဲတွင် ရှိနေကြသော ဆွေမျိုးများရော ရွာခံများပါ မျက်ရည်တွေဝေ့ကြရပြီ။ ခံစားမှုနှင့်ပတ်သက်လျှင် အေးအေးလေးလေး ရှိရှာသူဟု ပြောစမှတ်ပြုရသော မအိမ်မြိုင်သည်ပင် မျက်ရည်တွေတွေကျရင်း ဘွားအေကို တစ်လှည့် မိခင်ကို တစ်လှည့်ကြည့်ရင်း ငိုနေခဲ့ပါ၏။

မအိမ်ကံ့နှင့် ဖအေကို လာကန်တော့သည့်အခါ သမီးကြီးကို အကန်တော့မခံသေးဘဲ ပိုက်ဖက်ထားခဲ့သည်။ နဖူးဆံစတွေကို နမ်းနေမိသည်။ သည်သမီးကလေးမွေးကတည်းက ရင်အုပ်မကွာရှိခဲ့ရာက သည်ကနေ့တော့ဖြင့် အဝေးတစ်နေရာဆီ သွားရရှာတော့မည်။ မိဘနှစ်ပါးကို ကန်တော့အပြီးမှာတော့ လှည်းပေါ်တက်ရပြီ။ ကိုပြေသိမ်းပင် မျက်နှာကို တစ်ဖက်လှည့်ထားရှာ၏။ မလှအုံနှင့် မအိမ်မြိုင်သားအဖက လှည်းတစ်စီး။ ကိုဖိုးငွေနှင့် ဝန်စည်စလယ်တွေက လှည်းတစ်စီး။ မအိမ်ကံ့ငယ်ငယ်က အဖေနှင့် မြင်းခြံအလည်လိုက်သွားခဲ့စဉ်က အမေပန်းရုံနှင့် ခွဲရသည့်ခံစားမှုကိုပင် ပြေးသတိရလိုက်မိပါ၏။



"အမေ သွားတော့မယ်နော်…အမေကြီးပန်းရုံ သွားတော့မယ်နော်…ကျေးကျေး သွားတော့မယ်နော်…ညီမလေးခိုင် မသွားတော့မယ်နော်…"

"သွားတော့ မြေးကြီးရေ…မြေးကြီးလာမှ အမေကြီးတွေ့ရတော့မှာပါအေ…ကျောင်းပိတ်သာနဲ့ ပြန်ခဲ့နော်မြေး…အမေကြီးတို့မျှော်နေမယ်နော်…ခလုတ်မထိ ဆူးမငြိ… ဘေးရှိသမျှ ဝေးပါစေတော်…ကျုပ်မြေးလေး…"

လှည်းနှစ်စီး ရွာလယ်လှည်းလမ်းပေါ်ရောက်သွားခဲ့ပြီ။ ဝိုင်းတိုက်ထဲက ရှိရှိသမျှလူတွေအားလုံး ခြံဝက ထွက်ကြည့်ကြသည်။ မအိမ်ကံ့က လက်ပြတော့ သမီးကြီးမြိုင်ကလည်း လက်လှမ်းပြရှာပါ၏။

ဘဝဆိုတာ နှုတ်ဆက်ခြင်းများနှင့်ချည်း ပြီးရတာများလား။ သွားတော့သမီးရေ…။

■

ညသည် လပြည့်ကျော်စ,ရက်ဆိုသော်လည်း ညဉ့်နက်ပိုင်းတွင် လရှိသေးသည်။ လထွက်နောက်ကျသည့်အတွက် ညဦးပိုင်းတုန်းကတော့ ဖောင်ချမ်းကုန်းတစ်ရွာလုံး မှောင်မည်း လျက်ရှိ၏။ ကလေးငိုသံ၊ သီချင်းဆိုသံ၊ ပုလွေသံ စသော ကျေးရွာတစ်ရွာ၏ ဆွတ်ပျံ့ဖွယ် အသံဗလံများ ငြိမ်သက်သွားချိန်မှာတော့ ရွာကလေးလည်း တစ်စတစ်စ ငြိမ်သက်သွားခဲ့ပါ၏။

မအိမ်ကံ့တို့အိမ်ကြီးမှာ ဖိုးတုတ်ကလွဲလျှင် မိန်းမသားတွေချည်း ကျန်ရစ်ခဲ့သည်။ ကိုပြေသိမ်းရော၊ ကိုဖိုးငွေရော၊ ဖိုးကူးရော မရှိကြရုံမက မလှအုံပါ ပါသွားလေတော့ အိမ်မှာ အမေပန်းရုံ၊ မအိမ်ကံ၊ ကျေးဥနှင့် ကလေးသုံးယောက်သာ ကျန်ရစ်ခဲ့သည်။ ကိုပြေသိမ်းတို့လှည်း ထွက်သွားကတည်းက သည်အချက်ကို မအိမ်ကံ့ သတိထားမိလိုက်သည်။ ညဘက်မှာ ဖိုးတုတ်တစ်ယောက်သာ ယောကျ်ားသားရယ်လို့ရှိပြီး မိန်းမသားတွေချည်း ကျန်ခဲ့ခြင်းသည် သည်လိုကာလကြီးမှာ မကောင်းနိုင်တာကို ရိပ်စားမိခဲ့ခြင်းဖြစ်သည်။ အမေပန်းရုံက အသက်အရွယ်ကြီးရင့်ပြီ။ ထွန်းပ, ထွန်းရ ညီအစ်ကိုနှင့် မအိမ်ခိုင်က ကလေးငယ်တွေ။ ကျန်တာ မအိမ်ကံ့နှင့် ကျေးဥပဲရှိတာဆိုတော့ ကိုစံကောင်းကို ညဘက် လာစောင့်ရှောက်ဖို့ မအိမ်ကံ့ စီစဉ်ခဲ့သည်။ ညနေက ကျေးဥကို အခေါ်လွှတ်လိုက်ကတည်းက ကိုစံကောင်းကလည်း ဓားရှည်တစ်လက်ဖြင့် ရောက်လာခဲ့ပါ၏။

"ဟုတ်သယ်…အစ်ကိုလေးလည်း စဉ်းစားမိသယ်…ခေတ်ကာလက မကောင်းတော့ ငါ့နှမတွေးသာ မှန်သာပေါ့…စိတ်ချသာအိပ်ကြပါအေ…အစ်ကိုလေးရှိပါသယ်…"

ကိုစံကောင်းအတွက် လက်ဖက်တစ်ပွဲ ရေနွေးတစ်အိုးစီစဉ်ပေးပြီး အိပ်ရာဝင်ခဲ့ကြသည်။ သည်ညတော့ ကျေးဥတို့သားအမိတစ်တွေကလည်း မအိမ်ကံ့တို့နှင့်အတူ အိမ်ကြီးပေါ် လာအိပ်ကြသည်။ အိမ်အောက်ထပ် အေးကုတင်ကြီးပေါ်မှာ ဖိုးတုတ်နှင့်ကိုစံကောင်း အိပ်ကြမည်။ အိပ်ရာဝင်တော့လည်း မအိမ်ကံ့မှာ သမီးကြီးကို လွမ်းလွန်းသဖြင့် ချက်ချင်းအိပ်မပျော်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးဥကလည်း မအိမ်ကံလိုပင်ရှိခဲ့သည်။ အမေပန်းရုံကတော့ မြေးလွမ်းနေပုံရပါ၏။ ညနေစောင်းကတည်းက အိမ်ဦးခန်းက သင်ဖြူးဖျာကလေးပေါ်မှာ ဝင်ခွေနေလေတော့သည်။ မအိမ်ကံနှင့် ကျေးဥ စကားတပြောပြောရှိကြရာက ညဥ့်နက်လာတော့ ကျေးဥလည်း အိပ်ရာဝင်ခဲ့ပြီ။

မအိမ်ကံမှာသာ အိပ်မပျော်နိုင်သေးဘဲ အတွေးတွေ စုံနေခဲ့ရပါ၏။ အောက်ထပ်နာရီကြီးဆီက တစ်ချက်ထိုးသံ ကြားရပြီ။ ဒင်ခနဲမြည်လိုက်သောအသံက မအိမ်ကံကို ဖျတ်ခနဲလှုပ်လိုက်သလိုရှိရာက တစ်စုံတစ်ရာ စိတ်မသိုးမသန့်သလို ခံစားလိုက်ရသည်။ ဘာသံမှတော့မရှိ။ သို့သော် မအိမ်ကံတွင် အာရုံတစ်ခု ငြိနေသလို ကြက်သီးရိပ်ရိပ်ကလေး ထသွားခြင်းဖြစ်၏။ မအိမ်ကံ အိပ်ရာက ထလာခဲ့ကာ ဝိုင်းတိုက် လေးဘက်လေးတန်စလုံးကို မြင်ရသော ပြတင်းပေါက်များကတစ်ဆင့် ရှုးရှူးစိုက်စိုက် လိုက်ကြည့်သည်။ လရောင်က ခပ်နောက်နောက်ဆိုတော့ သဲသဲကွဲကွဲတော့ မရှိ။ အစ်ကိုလေး ကိုစံကောင်းကော အိပ်နေလေသလား။

မအိမ်ကံကြည့်နေသခိုက်မှာပင် ဝိုင်းတိုက်ထဲသို့ အရာဝတ္ထုဖြူဖြူတွေ တဖျောဖျောကျလာသည်ဟု ထင်လိုက်မိသည်။ ပြတင်းပေါက်နှင့် ဝင်းထရံက တော်တော်လေး ဝေးသဖြင့် သေတော့မသေချာ။ မအိမ်ကံက ကိုစံကောင်းကို အော်ခေါ်လိုက်ဖို့ တွေးမိလိုက်ချိန်မှာပင် ကိုစံကောင်းက ဓားရှည်ဝင့်ရင်း ဝင်းထရံဘက်ကို ပြေးသွားတာ မြင်လိုက်ရသည်။ မအိမ်ကံကလည်း နံရံပေါ်က ဓားရှည်ကိုဆွဲလိုက်ပြီး လှေကားပေါ်က အပြေးဆင်းလာခဲ့လေသည်။ လက်နှိပ်ဓာတ်မီးကိုတော့ ဆွဲဖြစ်အောင်ဆွဲခဲ့သည်။ ကိုစံကောင်းက ခြေသံတဖျပ်ဖျပ်ကြောင့် လှည့်ကြည့်လိုက်ပြီး မအိမ်ကံမှန်းသိ၍ စောင့်နေလိုက်သည်။ ခြံထောင့်ကိုရောက်ကြတော့ မအိမ်ကံက လက်နှိပ်ဓာတ်မီးဖြင့် ဟိုဟိုသည်သည် ထိုးကြည့်သည်။ တွေ့ပြီ...။ ပန်းစည်းကသုံးနေရာ ပြန့်ကြဲနေသည်။

မှုန်ဝါးဝါးလရောင်ထဲမှာ မအိမ်ကံပင် သွေးဆုတ်သွားမတတ် ရှိခဲ့ရာမှ ကိုစံကောင်းကို မော့ကြည့်လိုက်သည်။ ဓားရှည်တစ်လက်ကိုင်ထားသော ယောကျ်ားသားကြီး ကိုစံကောင်းပင်လျှင် တောင့်တောင့်ကြီး ငြိမ်သက်လျက်ရှိလေ၏။

■

(၃၂)

“ဗုဒ္ဓေါစ မင်္ဂလော လောကေ ဗုဒ္ဓမင်္ဂလ မာဂမ္မ သဗ္ဗအန္တရာယာ ဝိနသန္တု...
ဓမ္မောစ မင်္ဂလော လောကေ ဓမ္မမင်္ဂလ မာဂမ္မ သဗ္ဗအန္တရာယာ ဝိနသန္တု...
သံဃောစ မင်္ဂလော လောကေ သံဃမင်္ဂလ မာဂမ္မ သဗ္ဗအန္တရာယာ ဝိနသန္တု...
လောကေ–လောက၌၊ ဗုဒ္ဓေါစ–မြတ်စွာဘုရားသည်၊ မင်္ဂလော–မင်္ဂလာရှိပါပေ၏။
လောကေ–လောက၌၊ ဓမ္မောစ–တရားတော်မြတ်သည်၊ မင်္ဂလော–မင်္ဂလာရှိပါပေ၏။
လောကေ–လောက၌၊ သံဃောစ–သံဃာတော်မြတ်တို့သည်၊ မင်္ဂလော–မင်္ဂလာရှိပါပေ၏။
သည်မင်္ဂလာသုံးပါးကို မာဂမ္မ–အကြောင်းပြု၍၊ သဗ္ဗအန္တရာယာ–အလုံးစုံသော အန္တရာယ်တို့သည် (ဝါ) အလုံးစုံသော မကောင်းမှုတို့သည်၊ ဝိနသန္တု–ကင်းစင်ပပျောက်ကြရသယ်...အဲသလိုမှတ်လား ဒကာမကြီး...”

“တင်ပါ့ဘုရား...”

“တစ်ခါမှာ မြတ်စွာဘုရားက ဟောတော်မူသယ်...သတ္တဝါတွေဟာ အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်သဲ့တရားတွေ ဆုတ်ယုတ်ရင် ဘယ်လောက်ကောင်းမလဲ ...အလိုရှိအပ်၊ နှစ်သက်မြတ်နိုးအပ်သဲ့တရားတွေချည်း ရှိနေရင် ဘယ်လောက်ကောင်းမလဲလို့ တွေးကြသယ်သဲ့...ကောင်းတာတွေချည်း အလိုမရှိဘူလား ဒကာမကြီး...”

“အလိုရှိပါသယ် ဘုရား...”

“မကောင်းတာတွေချည်းကျတော့ကော လိုချင်ရဲ့လား...”

“မလိုချင်ပါ ဘုရား...”

“တစ်ခါက မလ္လတိုင်း ဥရုဝေလကပ္ပရွာကြီးမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူခိုက် ဘဒြက ရွာသူကြီးက ဆင်းရဲခြင်းအကြောင်းနဲ့ပတ်သက်လို့ ဟောတော်မူပါဘုရားလို့ လျှောက်သယ်...သည်တော့ ဘုရားက အတိတ်ကိုဆောင်ပြီး ဟောရင်လည်း သင်ယုံမှာမဟုတ်...အနာဂတ်ကိုဆောင်ပြီးတော့ ဟောရင်လည်း သင်ယုံမှာမဟုတ်...လက်ငင်း ပစ္စုပ္ပန်မှာ ဖြစ်နေသာကို မေးမယ်သဲ့...ဥရုဝေလကပ္ပရွာကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com

လူတွေဆင်းရဲကြသယ်, သေကြသယ်, ဆုံးရှုံးကြသယ်, အကဲ့ရဲ့ခံကြရသယ်, စိုးရိမ်ပူဆွေးနေကြရသယ်…အဲသည့် လူတွေနဲ့ပတ်သက်သလားသဲ့…မေးသယ်…"

"တင်ပါ့ဘုရား…"

"ဘဒြကသူကြီးက မပတ်သက်ပါဘုရားပေါ့…မပတ်သက်တော့ သင် ပူပန်သောက ရောက်ရသလား, ဆင်းရဲဒုက္ခလို့ထင်သလား, ကိုယ်စိတ်နှစ်ပါး ဆင်းရဲလေခြင်းလို့ ခံစားရသလားလို့ မေးပြန်သယ်…သည်တော့ ဘဒြကသူကြီးက တပည့်တော်နဲ့ မပတ်သက်လို့ အဲသလိုလည်း မခံစားရပါဘူးဘုရားသဲ့…အဲသည်အထဲမှာ ကိုယ့်မိ ကိုယ့်ဘ ကိုယ့်ဆွေ ကိုယ့်မျိုးတွေ ပါနေပြီဆိုပါတော့ ဘယ်လိုခံစားရမလဲသဲ့…ပူဆွေးသောက ရောက်ရမှာပါဘုရားလို့ ဘဒြကသူကြီးက ပြန်လျှောက်သယ်…ရှင်းသယ်နော် ဒကာမကြီး…"

"ရှင်းပါသယ် ဘုရား…"

"ဒါနဲ့ ဘုရားရှင်က ဘဒြကသူကြီး…သင်ပဲဖြေပါ…အဲဒါ ဘာပြုလို့လဲသဲ့…သည်တော့ ဘဒြကသူကြီးက ချစ်ခင်တွယ်တာလို့ပါဘုရားလို့ လျှောက်သယ်…သည်တော့မှ ဘုရားရှင်က အဲဒါ အကြောင်းရင်းပဲသဲ့…ချစ်ခင်ခြင်းတည်းဟူသော ဆန္ဒသည် ဒုက္ခဆင်းရဲ၏ အကြောင်းရင်းဖြစ်သယ်လို့ ဟောတော်မူသယ်…"

"တင်ပါ့ဘုရား…"

"ဒါကို ဒကာမကြီး မအိမ်ကံ နှလုံးသွင်းပါ…ပုထုဇဉ်တွေဖြစ်လို့ ဘုရားရဟန္တာများလို မကျင့်ကြံနိုင်သော်လည်းပဲ နှလုံးသွင်းပြီး စိတ်၏ချမ်းသာခြင်းကို တည်ဆောက်ရမယ်…သည်ကနေ့ မွေးနေ့မွေးရက်ကစပြီး နောင်မွေးနေ့မွေးရက်တွေတိုင်းမှာ တရားနဲ့ပြည့်စုံသောဘဝကို ရယူပွားများနိုင်ဖို့ လိုသယ်…ဟုတ်ကဲ့လား ဒကာမကြီး…"

"တင်ပါ့ဘုရား…"

"ကိုင်း ရေစက်ချရအောင်…သည်အချိန်ကလေးဟာ အင်မတန်အရေးကြီးသယ်…တစ်မျှင်ချင်း လွင့်သွားသဲ့ ဆံပင်များကို တစ်စုတည်းဖြစ်အောင် ကျစ်ထားသောဆံထုံးကဲ့သို့…ဟုတ်ပြီလား…အာရုံကလေးမှာတည်ပြီး အကုသိုလ်အဖို့ဘာဂကို အောက်မေ့…မေတ္တာစိတ်ကလေးပြုပြီး ညွှတ်ထားရမယ်…တတ်စွမ်းသမျှလှူဒါန်းရသော ဒါနကုသိုလ်ကို ရည်မှတ်ပြီး, ကောင်းမှုကုသိုလ်ကို ရည်မှတ်ပြီးလျှင် ဘဝတစ်ပါးခြားကြကုန်ပြီဖြစ်သော မိဘဘိုးဘွားများကအစ…မိမိမျက်မှောက်၌ ရှိကြကုန်သောပုဂ္ဂိုလ်, မရှိကြကုန်သောပုဂ္ဂိုလ် စသည်ဖြင့် အာရုံညွှတ်ထားရမယ်…ဟုတ်ပြီလား…ကိုင်း…လိုက်ဆို…ဒကာမကြီး…"

"ဘန္တေ ဘုရား…"

"ဘန္တေ ဘုရား…"

"နိဗ္ဗာနသဿ…နိဗ္ဗာန်ကို ရည်မှတ်၍"

"နိဗ္ဗာနသဿ…နိဗ္ဗာန်ကို ရည်မှတ်၍"




"သစ္စိကရဏတ္ထာယစ…မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုရပါလို၏ခြင်း အကျိုးငှာလည်းကောင်း"

"သစ္စိကရဏတ္ထာယစ…မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုရပါလို၏ခြင်း အကျိုးငှာလည်းကောင်း"

"သုခတ္ထာယစ…ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေခြင်းအကျိုးငှာလည်းကောင်း"

"သုခတ္ထာယစ…ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေခြင်းအကျိုးငှာလည်းကောင်း"

"အန္တရာယ ဝိဂမ္မ နတ္ထာယစ…အန္တရာယ်ကင်းခြင်း ဘေးကင်းခြင်းအကျိုးငှာလည်းကောင်း"

"အန္တရာယ ဝိဂမ္မ နတ္ထာယစ…အန္တရာယ်ကင်းခြင်း ဘေးကင်းခြင်းအကျိုးငှာလည်းကောင်း"

"ဝိဇာယနကာလေ…မအိမ်ကံ၏ မွေးနေ့ မွေးလ မွေးရက်ကျရောက်ရာ အခါသမယ၌…"

"ဝိဇာယနကာလေ…မအိမ်ကံ၏ မွေးနေ့ မွေးလ မွေးရက်ကျရောက်ရာ အခါသမယ၌…"

"တိသရ ဏေနသဟ…သရဏဂုံသုံးပါး၌ တည်ပါကုန်၍…"

"တိသရ ဏေနသဟ…သရဏဂုံသုံးပါး၌ တည်ပါကုန်၍…"

ငုံ့ထားသောမျက်နှာတွင် မျက်ရည်တွေ တာကျိုးအံ့ဆဲဆဲရှိသော်လည်း မအိမ်ကံစိတ်ကို စိတ်နှင့်ပင် တုတ်နှောင်းထားခဲ့သည်။ ရေစက်ချကရားမှ ကနုတ်ပန်းခက်ကလေးတွေကို မြင်နေရသည်။ ကရားထိပ်မှ တစ်ပေါက်ချင်းချလွှတ်သော ရေစက်ကို သတိနှင့်ထိန်းရင်း စိတ်ကို မပျံ့လွင့်အောင် ကြိုးစားထားပါ၏။ ထိန်းထားသည့်ကြားက အဖေ့ကို မြင်ယောင်သည်။ အမေ့ကို မြင်ယောင်သည်။ မလှအုံကို မြင်ယောင်သည်။ ဦးပဍ္ဍင်းက မိမိမျက်မှောက်၌ ရှိကြကုန်သော၊ မိမိမျက်မှောက်၌ မရှိကြကုန်သော…တဲ့။ ရှိကြကုန်သောက ဘယ်သူတွေလဲ၊ မရှိကြကုန်သောက ဘယ်သူတွေလဲ…။ သည်စိတ်က ခေါင်းထဲရောက်လာပြန်တော့ ရေစက်ကရားက တသွင်သွင်ကျနေသော ရေစက်တစ်ပေါက်ချင်းကို မမြင်ရပြန်။ မျက်ရည်များဖြင့် ဝေဝေဝါးဝါးဖြစ်ရပြန်ပါ၏။ သတိတရားဝင်လာပြန်တော့ မျက်ရည်ကိုထိန်းသည်။ လိုက်ဆိုနေရသည့် ရေစက်ချကို ကတုန်ကယင်မဖြစ်အောင် ထိန်းရသည်။ စိတ်ကို မလွင့်မပြန့်အောင်ထိန်းရသည်။

"သမာနစ္ဆန္ဒာ…တစ်ဦးနှင့်တစ်ဦး ဆန္ဒတူညီကြကုန်သည်ဖြစ်၍…"

"သမာနစ္ဆန္ဒာ…တစ်ဦးနှင့်တစ်ဦး ဆန္ဒတူညီကြကုန်သည်ဖြစ်၍…"

"သမ္မောဒမာနာ…ကြည်သာရွှင်လန်း ဝမ်းမြောက်ကြကုန်သည်ဖြစ်၍…"

"သမ္မောဒမာနာ…ကြည်သာရွှင်လန်း ဝမ်းမြောက်ကြကုန်သည်ဖြစ်၍…"

ဖြစ်၍…ဖြစ်၍…ဖြစ်၍…။ မအိမ်ကံ ညည်းစိတ်ကို ငြိမ်နေအောင် တည်ထားစမ်း။ ရေစက်ချတုန်းချသခိုက်အချိန်ကလေးမှာ မပြန့်လွင့်စေနဲ့။ ပြုခဲ့ဖူးတဲ့ ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာရကြစမ်းပါစေ။ ညည်းအသက် လေးဆယ်ပြည့်ပြီပဲ။ နှစ်ပေါင်းလေးဆယ်ဆိုတဲ့ လူ့ဘဝသက်တမ်းမှာ ညည်း ကုသိုလ်တွေပြုခဲ့ပြီပဲ။ ပေးခဲ့ကမ်းခဲ့ လှူခဲ့တန်းခဲ့ပြီပဲ။ ဖြည့်ဖို့ဟဲ့ ဖို့ဟဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျေးဟဲ့ မွေးဟဲ့ ရှိခဲ့ပြီပဲ။ သံသရာကြီး ရှည်သရွေ့ ဝဋ်ဆင်းရဲကြီး ရှည်မှာပဲ။ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတွေ ရှိနေမှာပဲ။ ချစ်လျက်နဲ့ ကွေကွင်းရခြင်း ဆင်းရဲ၊ မချစ်မနှစ်သက်ဘဲ ပေါင်းသင်းဆက်ဆံရခြင်း ဆင်းရဲ၊ ဘဝတူမျှ အခြေတကျရှိချင်သော်လည်း ရှင်ကွဲကွဲရတဲ့ ဒုက္ခဆင်းရဲ...ဒါတွေလည်း ရှိမှာပဲ။ အို...သတိလွတ်ရပြန်ပါပကော။ သတိ... သတိ။

"ကုဏ္ဍလိတ ပဏ္ဍိတ ဖောဓိဉာဏ်...အလိုရှိအပ် တောင့်တအပ်သော ဖောဓိဉာဏ်ကို..."

"ကုဏ္ဍလိတ ပဏ္ဍိတ ဖောဓိဉာဏ်...အလိုရှိအပ် တောင့်တအပ်သော ဖောဓိဉာဏ်ကို..."

"လဘိတ္ဗာ...ရကြကုန်၍..."

"လဘိတ္ဗာ...ရကြကုန်၍..."

"နိဗ္ဗာနံ နိဗ္ဗာန်သို့...ပါပုဏိသာမ ရောက်ရပါလို၏..."

"နိဗ္ဗာနံ နိဗ္ဗာန်သို့...ပါပုဏိသာမ ရောက်ရပါလို၏..."

ရေစက်ချအပြီးမှာတော့ မအိမ်ကံ လှိုက်ခနဲ ခံစားလိုက်ရသည်။ တစ်ချက်ရှိုက်ခြင်းနှင့်အတူ မျက်ရည်တွေ သွန်ကျလာခဲ့ပါ၏။

■

၁၃၂၂ ခု၊ တပို့တွဲလ...။

မအိမ်ကံ အသက်လေးဆယ် တင်းတင်းပြည့်ခဲ့ပြီ။ မနက်ကပင် ရွာဦးဆရာတော် ဦးခေမိန္ဒထံတွင် လွန်လေပြီးကြသူတို့အတွက် မွေးနေ့ကုသိုလ်ပြုခဲ့သည်။ ဘုန်းကြီးကျောင်းကို အဝင်နတ်လမ်းရှည်ကြီးတစ်လျှောက်ဖြတ်တော့ ကိုပြေသိမ်းကို သတိရသည်။ နတ်လမ်းထဲ မှာပဲ မအိမ်ကံကို မေတ္တာရှိကြောင်း သူပြောခဲ့တာမဟုတ်လား။ သည်တစ်ခါတော့ ဆွမ်းချိုင့်ကို လက်ကဆွဲရင်း မအိမ်ကံတစ်ယောက်တည်း ကျောင်းကိုလာခဲ့ရပြီ။ ကျေးဥနှင့်သမီးငယ်နိုင်က အိမ်မှာ နေခဲ့ကြပါ၏။ ဆရာတော် ဆုံးမလိုက်သော ရေစက်ချတရားကို နာယူရတော့လည်း အပူကလေးငြိမ်းရသလိုလို ရှိခဲ့သည်။ ရွှံ့နှင့်လုပ်သော နားတောင်းလို၊ ရွှေရည်ပွတ်ထားသော နှစ်ပြားတန် ကြေးနားတောင်းလို အပေါ်ယံလှရုံ ဟန်ဆောင်မထားနဲ့လို့လည်း ဆရာတော်က မှာလိုက်သေးသည်။ ဆရာတော်က မအိမ်ကံအကြောင်းကို သိနေလို့များလား။ အတွင်းစိတ်က မငြိမ်းနိုင်ဘဲ ဟန်မဆောင်နဲ့လို့ မိန့်ချင်ပုံရပါ၏။

အခုတော့လည်း သည်အိမ်ကြီးမှာ မအိမ်ကံပဲရှိတော့သည်။ အဖေမရှိတော့။ အမေ ပန်းရုံ ကွယ်လွန်ရှာခဲ့ပြီ။ မလှအုံလည်း ဆုံးပါးခဲ့ရပြီ။ သမီးကြီးမြိုင်ကို မြင်းခြံပို့ခဲ့သည့် ၁၃၁၉ ခုနှစ်က ရေတွက်လျှင် လေးနယုန်ပင်ကျော်ခဲ့ပြီ။ သည်လေးငါးနှစ်အတွင်းမှာ မအိမ်ကံ တို့ အိမ်ကြီးထဲက လူသုံးယောက်ကို ဖဲ့ယူသွားခဲ့ပြီ။ အသက်လေးဆယ် ဆိုသည့်အရွယ်က ဘဝမှာ အားအရှိဆုံးအချိန်ပင်။ ရင့်ကျက်သောဘဝဖြင့် ရှေ့ခရီးကိုလှမ်းရန် ခြေလှမ်းပြင် ခိုက်မှာပင် တစ်စုံတစ်ယောက်က တွန်းလှဲပစ်လိုက်သလို ပုံလျက်သား လဲခဲ့ရသည်။

"ကျေးဥရယ်...ဖြစ်ရပုံများတော့အေ...အမေဆုံးသယ်...မလှအုံဆုံးသယ်...သည်ကြား ထဲက ညည်းအမေ အရီးကြာညွန့်ပါ ဆုံးသွားသာကကော မအိမ်ကံကို အညှိုးနဲ့ လုပ်နေသလိုပဲအေ...ငါအရိပ်ခိုရသယ့်လူတွေကိုချည်း တမလွန်ခေါ်သွားသာကတော့



တစ်ဆိတ်စာဖြေနိုင်စရာတောင် အကြောင်းမရှိပါလားအေရယ်...ဆရာတော်ကတော့ ဟောရှာပါရဲ့...ငါ ရေစက်တောင် ဖြောင့်အောင်မချနိုင်ခဲ့ပါဘူးအေ...ငါ မျက်ရည် ကျသာကို သမီးကလေး မမြင်စေချင်လို့ ညည်းတို့ကိုထားခဲ့သာပါ...ကျောင်းက အပြန် နတ်လမ်းထဲမှာ ငါထိုင်ငိုမိသယ်...ဘဝအကြောင်းများ မကောင်းပါဘူး အေ..."

ကျေးဥကိုပင် ပြောမိခဲ့ရပါ၏ ကျေးဥကတော့ တရားရှိသူလိုပင် မလှုပ်မခြောက် ရှိနေလေသည်။ မအိမ်ကံကို သနားစရာသတ္တဝါတစ်ကောင်လို ကြည့်နေခဲ့သည်။ သည်လောကခံ လောက်တော့ ကျေးဥတို့က ခါးစောင်းတောင် တင်လိုက်ချင်သေးဆိုသည့် မျက်နှာဖြင့် ရှိနေခဲ့ သည်။ သူကကော ဘာထူးလို့လဲ။ အမေဆုံးသည်။ ယောက္ခမမိဘ ဆုံးသည်။ မအိမ်ကံ ကြီးသလောက် ကျေးဥက ဖြစ်ရလေခြင်းရယ်လို့ မညည်းခဲ့။ မအေဆုံးတုန်းက ငိုခဲ့သည်။ ယောက္ခမဆုံးတော့ မျက်ရည်ကလေး သီသီဝေ့ခဲ့သည်။ ဒါပါပဲ။ သည့်နောက်တော့ စပ်လို့တောင် ပြောတာမျိုးမရှိ။ မအိမ်ကံမှာ ကျေးဥကိုကြည့်ပြီး တရားကျရမလိုလို။ ညည်း မခံစားရဘူးလား ဆိုတော့ ခံစားလို့ကော ပြန်ရှင်လာမှာမှ မဟုတ်တာတဲ့။

"မအိမ်ကံရယ်...ငါလည်းလူပါဟယ်...စိတ်မကောင်းမဖြစ်ဘဲနေပါ့မလား...ငါ့ယောက္ခ ဒွေးလှအုံဆိုရင် ဆူဆူပေါက်ပေါက်နဲ့ ငါ့အပေါ်ကောင်းရှာသယ်...အမေရင်းနဲ့မခြား ပါဘူးအေ...အမေနဲ့ ရီးလှအုံ ဆုံးပါးကြသာ ငါ့အတွက် အင်မတန်ထိခိုက်ရသယ်... ကြီးပန်းရုံဆို ပြောမနေနဲ့တော့...ဘယ်သူ့အပေါ်မဆို စိတ်ကောင်းနှလုံးကောင်း ရှိခဲ့ ရှာသယ်...ကြီးပန်းရုံဆုံးတုန်းက ငါ ကျွမ်းပစ်ငိုမိသာပါအေ...ဒါပေသိ ငါဖြေသယ် ...ဩော် သူတို့ခမျာ အသက်ကြီးရှာကြပြီ...ဘဝဝန်ထမ်းခဲ့ကြရသဲ့ နှစ်ထမ်းကြီး ရှည်လှပြီ...ငါတို့တောင် သူတို့လောက် သီလကောင်းပါ့မလား အောက်မေ့မိသယ် ...အမှည့်တဝင်းဝင်း အကင်းတပြိုက်ပြိုက်ကိုးအေ..."

"အောင်မယ်...ရသေ့မကတောင် ဟုတ်တုတ်တုတ်ပါလားဟဲ့...အေးပါအေ...ညည်း လည်း ခံစားရမှာပါပဲလေ...တို့နှစ်ယောက်စလုံး အတူတူပါပဲ...တို့အားကိုးအားထား ပြုရသဲ့သူတွေချည်းဆိုတော့ အပဲ့ကြီးပဲ့ရသာပါပဲ...အင်း...ငါကတော့ ရှင်ကွဲ ပိုသာ ပေါ့ ကျေးဥရယ်..."

ရှင်ကွဲပိုသာပေါ့အေဆိုသည့် စကားကြောင့် ကျေးဥ ငိုင်သွားခဲ့ရသည်။ ဘာမှ မပြော သာတော့။ မအိမ်ကံကို တစိမ့်စိမ့်ကြည့်နေတာပဲရှိသည်။ မအိမ်ကံငယ်ငယ်၊ မအိမ်ကံ အပျိုပေါက်၊ မအိမ်ကံ အပျိုဖားဖား၊ မအိမ်ကံ သားသည်မအေ...။ တစ်လျှောက်လုံး ကျေးဥ မျက်စိအောက်မှာပဲ ရှိခဲ့သူ။ ခံစားမှုကြီးသလို မဟုတ်တာလုပ်ရမှာကို စက်ဆုပ်သူ။ မမှန်တာ ရှိလျှင်၊ မတရားတာ တွေ့လျှင် ရှေ့ကရပ်ပြီး ရင်ဆိုင်ဝံ့ရဲသူ။ စားမကြောက် လုံ့မကြောက် မိန်းမချောကို တစ်ခါတစ်ရံ ကျေးဥပင် အံ့သြရသည်။ ရုပ်ရည်ချောမောသည်။ ကိုယ်ကျင့်တရား ကောင်းသည်။ ရပ်ရွာအပေါ် ညာတာသည်။ မိဘတွေကို ခြေဆုပ်လက်နယ်ရှိသည်။ လင်သားကို ရိုသေသည်။ သားသမီးတွေ ကို ငှက်တောင်သိမ်း သိမ်းနိုင်သည်။ သို့သော် တစ်ခုခုကို ထင့်လိုက်မိပြီဆိုလျှင်လည်း ဇွဲကြီး နဘဲကြီးပြန်သည်။ ဆုံးမ မရ၊ ဖျောင်းဖျမရ။ လက်တွင်းဆုပ်မိလျှင် မဖြေတော့တာမျိုးရှိသည်။

မအိမ်မြိုင် ကွမ်းတောင်ကိုင်ဖြစ်ရမည့်အရေး ပြောကြဆိုကြတုန်းကများ ကျေးဥပင် အံ့သြခဲ့ရသည်။ ကိုယ်တိုင်မဖြစ်လိုက်ရသည့် ကွမ်းတောင်ကိုင်ဘဝ၊ သမီးကျရင် ဖြစ်စေရမည်

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာကို ကျေးဥ အပြစ်မပြောချင်ပါ။ သို့သော် သည်စိတ်က ကြီးလွန်းလှတာကိုတော့ ကျေးဥ လက်မခံချင်။ မဖြစ်ရတော့ကော ဘာဖြစ်တုံးဆိုတာမျိုးမရှိ။ ကွမ်းတောင်မကိုင်ရတာနဲ့ပဲ လူဖြစ်ရှုံးရရှေ့လား။ ရွာထဲမှာ ကွမ်းတောင်ကိုင်ရတဲ့ အပျိုချောက တစ်ယောက်တည်း။ မကိုင်ရတာတွေက တစ်အုပ်တစ်မ။ ဘယ်သူမှ ခံစားမနေကြ။ ဘယ်သူမှ ပူဆွေးမနေကြ။ ရွာထဲက သူငယ်ချင်း မအေးဆုံ ပြောသလို 'ကွမ်းတောင်မကိုင်ရလည်း လင်တော့ ရသာပါပဲအေ…ငါဖြင့် ကလေး ခြောက်ယောက်နဲ့ ဖတ်သီကိုလိုက်လို့' ဆိုသည့်စကားကိုပင် သတိရမိသေးသည်။ ကျေးဥနှင့် မအိမ်ကံ ကွမ်းတောင်ကိုင်ကိစ္စ အိမ်ကြီးပေါ်မှာပြောကြတော့ မလှအုံ အနားတွင် အိပ်နေသည်။ မလှအုံက သူတို့နှစ်ယောက်ပြောတာကို အကုန်ကြားသည်။ နောက်တစ်နေ့မှာပဲ ချွေးမဖြစ်သူ ကျေးဥကို မေးတော့သည်။ ကျေးဥကလည်း မှန်ရာကို ပြောလိုက်သည်သာ။ ထိုစဉ်က အမေလှအုံ ကပင် ပြောခဲ့သေးသည်။

"ငါလည်း နားကြားဆိုတော့ အံ့လည်းအံ့သြမိသယ်…နင်းဖွဲ့တော့မှ လယ်ကျယ်မှန်း သိရသာကိုးအေ့…တမာလည်းနု ကျေးလည်းဥ, တမာလည်းသီး ကျေးလည်းကြီး, တမာလည်းရင့် ကျေးလည်းလွင့်ရမယ့်ဟာ…သူ့မှာ မလွင့်နိုင်ဘူး…ပထမတော့ ရီးပန်းရုံကို ပြောဦးမလို့ပဲ…ခမျာ စိတ်ဆင်းရဲသွားမှာစိုးသာနဲ့ပဲ မပြောတော့ပါဘူး…ကိုယ့်စိတ်ထဲ ကိုယ်ပဲထားလိုက်ပါတော့မယ်…နောင်များ မအိမ်ကံကို ညည်း မပြောနဲ့သမီး…အမေပြောမယ်…မအိမ်ကံကို ညည်းမတိုးနိုင်ဘူး…"

အမေလှအုံလည်း ဆုံးရှာပြီ။ မအိမ်ကံကို ပြောသွားနိုင်ခဲ့ပုံမရ။ ပြောလို့လည်း ရမည်မထင်။ မအိမ်ကံကို ညည်းမတိုးနိုင်ဘူးဆိုပေသိ အမေလှအုံကိုယ်တိုင်လည်း မတိုးနိုင်တာ ကျေးဥသိပါ၏။ သမီးစိတ္တဇက ကြီးရသည့်ကြားထဲ သေကွဲတွေနှင့် ကြုံရသည်။ ရှင်ကွဲတွေနှင့် ကြုံရသည်။ သည်တော့လည်း မအိမ်ကံ ရင်ထုမနာဖြစ်ရှာတာ အပြစ်မတင်ချင်။ ခင်ပုတ်လည်း ပျံ ဘုတ်လည်းပျံဘဝတွေဆိုတော့ ငယ်ကပေါင်းခဲ့သည့် သူငယ်ချင်းကောင်း ယောက်မကို ကပ်ဖဲ့မတိုက်တာ အကောင်းဆုံးလို့သာ ကျေးဥခံယူခဲ့သည်။

အခုတော့ မအိမ်ကံတို့အိမ်ကြီးမှာ ဆူဆူဝေဝေ မရှိတော့။ အိမ်ဦးခန်းမှာထိုင်ပြီး အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားပေးတတ်သည့် အမေပန်းရုံလည်း ငုတ်တုတ် မည်းတည်း မရှိရှာတော့ပြီ။ အမေ့ဆေးတောင်းကလေးကို မြင်တိုင်း ရင်လှိုက်ရလွန်းသဖြင့် အိမ်အပေါ်ထပ်က အခန်းထဲ သိမ်းထားခဲ့ရသည်။ မလှအုံမရှိတော့သဖြင့် ခါတိုင်းလို အိမ်မှာ သောသောညံညံ ဗျစ်တောက်ဗျစ်တောက် မရှိတာကပင် ခြောက်ကပ်သွားသလို ခံစားရသည်။ မှဆိုးဖို ကိုဖိုးငွေကတော့ လူအေးသလောက် ရိုးရှာလွန်းသဖြင့် သနားရပါ၏။ ရက်ကန်းရုံကလေး ဘက် ရောက်တော့လည်း အရီးကြာညွန့်ကို သတိရမိရပြန်သည်။ တူဝရီးနှစ်ယောက် ခေါင်းချင်း ဆိုင်ကာ ရက်ကန်းအဆင်ဆန်းကလေးတွေ အကွက်အသွေးဖော်ခဲ့ကြပုံတွေ။

သည်လူ သည်လူတွေရဲ့နေရာမှာ မအိမ်ကံကိုယ်တိုင် ထဘီခါးစောင်းတင်ခဲ့ရပြီ။ မီးဖိုချောင်ကို ကျေးဥဝင်ရပြီ။ တောက်တိုမယ်ရကလေးတွေအတွက်တော့ ရက်ကန်းသမထဲက အေးငြိမ်ကို ခေါ်ထားလိုက်သည်။ အေးငြိမ်က ရက်ကန်းရုံလည်း ဝင်နိုင်သည်။ အိမ့်ဗာဟိရ မှာလည်း မျက်နှာလွှဲရသူကလေးဆိုတော့ အားကိုးရပါ၏။ တောအလုပ်၊ အခင်းအလုပ်တွေကို





ဖိုးတုတ်နှင့်ကျေးဥတို့လင်မယားက တက်ကစီးရှိကြသည်။ ဖိုးကူးကတော့ အိမ်မှာ ဂျိုကာရုပ် ဖြစ်ရပါပြီ။ ငယ်စဉ်ကတည်းက မအိမ်ကံ၏ လက်ကသုံးတောင်ဇော့ပီပီ မအိမ်ကံ အထူးအားကိုးရသူလည်း ဖြစ်လာသည်။ လူပျိုသိုးကြီးပီပီ အပူမရှိ အပင်မရှိ နောက်ဆံငင်စရာလည်းမရှိ။ မအိမ်ကံကိုလည်း အင်မတန်ချစ်ရှာသည်။

မအိမ်ကံ ပြန်စဉ်းစားကြည့်တော့ သည်အိမ်ကြီးမှာ သွေးသားရင်းချာရယ်လို့ မအိမ်ကံနှင့် သမီးငယ်ခိုင်သာ ရှိတော့သည်။ သည်လိုအတွေးရောက်သွားလေတိုင်း မအိမ်ကံ အူချာ ပေါက်အောင် ရူးချင်လာမိခဲ့၏။ သူကြီးမင်း ဦးသာထန်နှင့် အမေပန်းရုံတို့သမီးခင်ပွန်းက မအိမ်ကံတစ်ယောက်တည်း မွေးခဲ့သည်။ အသက်ကြီးမှ ဖွားစီးရသောသမီးမို့ တုန်နေအောင် ချစ်ခဲ့ကြသည်။ သမီးကလည်း သမီးဆိုရလောက်အောင် ချောမောလှသူမို့ တစ်ရွာလုံး တစ်နယ်လုံးက သူကြီးသမီး ရုပ်ကလည်း ချောသဟဲ့၊ အသံကလည်း လွင်သဟဲ့၊ လက်ကလည်း ပါသဟဲ့၊ စိတ်ကလည်း နူးညံ့သဟဲ့ ဆိုကြသည်အထိ မျက်နှာပန်းပွင့်ခဲ့သည်။

"ကျေးဥရယ်…နှစ်ပေါင်းလေးဆယ်ဆိုသာ ခဏကလေးလိုပဲနော်…ကနေ့ မအိမ်ကံ အသက်လေးဆယ်ပြည့်သယ်…သည်အနှစ်လေးဆယ်ထဲမှာ အဖြစ်အပျက်တွေက များလိုက်သာ…ဝမ်းသာစရာတွေလည်းပါရဲ့…ဝမ်းနည်းစရာတွေလည်းပါရဲ့…ကြောက်စရာတွေလည်းပါရဲ့…ရင်မောစရာတွေလည်းပါရဲ့…ဘဝတွေများ တွေးကြည့်ရင် အံ့သြစရာ…သည်မိသည်ဘနဲ့ တစ်သက်လုံးနေခဲ့ရမယ်လို့ ထင်ခဲ့သယ်…သည် အရွယ်ရောက်မှ တွေးကြည့်တော့လည်း ရေကြည်လည်းသောက်ရ…ရေနောက်လည်း သောက်ခဲ့ရသလိုပါပဲအေ…"

သည်မနက်ပဲ ကျေးဥကို ပြောမိသေးသည်။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ် သည်လိုရက်မှာ မအိမ်ကံကို အမေမွေးခဲ့သည်။ တပို့တွဲလကြီး၊ ချမ်းချမ်းစီးစီး။ မအိမ်ကံ အိမ်ပေါ်တက်ကာ ဇာတာခြင်းထဲက ဇာတာကိုသွားယူသည်။ မအိမ်ကံငယ်ငယ်ကတည်းက လိုင်နေကျ ဝရန်တာကလေးဘက်ထွက်ပြီး ဇာတာကို ပြန်ဖတ်သည်။ သည်ဇာတာကလည်း မအိမ်ကံနှင့်အတူရှိလာတာဆိုတော့ နှစ်ပေါင်းလေးဆယ်ပေါ့။ ဇာတာပေရွက်ကလေးပင် ရေနံချေး ရောင်ပေါက်နေခဲ့ပြီ။

"ဇေယျတု ၅၀၂၁ သက္ကရာဇ်ဒီဃ ၁၂၈၂ ခုနှစ် ကြွင် ၁၉၄ သူရိယက်ံ ဝေါဟာရမာသ တပို့တွဲလဆုတ် ၁၂ ရက်၊ ၁ နေ ညစက် ၉ နာရီ၊ မြမ္မာ ၄ ချက်တီးအချိန် နာရီပတ်ပြီ ၉ ဗီဇနာ ၇ ပြံ ၉ ခရာ က်ံလဂ် မိန်စမ်း ၁ ခွံ ဟောရက် ၁ တြင် ၁ နဝင် လဂ္ဂ နက္ခတ် ၁၂ လုံ ၃ ပတ် ၅၂ လိတ္တာ တက် လဂ္ဂလျက် ထိုနာရီ၏ တိသမရနက္ခတ်ကား မိကသိ ဒုတိယပတ် တိမတ်သောအခါ ရတနာသုံးပါး ဦးထိပ်တွင်၍ သမီးရတနာဖွားသည် နာမံ မအိမ်ကံ အသက် ၁၂၀ ရှည်စေ၍ ပြီစေသော်…"

ရွာဦးဆရာတော်ကြီး ဖွဲ့ပေးခဲ့သည်ဆိုသော ဇာတာကို တစ်လုံးချင်းဖတ်နေမိသည်။ အသက် ၁၂၀ ရှည်စေ၍ ပြီစေသော် (ပြည့်စေသော်)တဲ့။ အသက်တစ်ရာ့နှစ်ဆယ်သာ နေရမည် ဆိုလျှင် နောက်ထပ် အသက်ရှစ်ဆယ် နေရဦးမှာတဲ့လား။ လူတွေအသက် တစ်ရာ့နှစ်ဆယ်အထိ

www.burmeseclassic.com

www.burmeseclassic.com

ရှည်ကြလို့လား။ အသက်လေးဆယ်မှာပင် မအိမ်ကံအတွက် ဝန်တွေပိလှပြီ။ အပူတွေရွက်ခဲ့ရပြီ။ ကိုယ့်ကိစ္စပါသလို သူတစ်ပါးကိစ္စတွေမှာလည်း ရောရောင်ပါနေခဲ့ရသည်။ အနှစ်လေးဆယ်စာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကြောင့် နောက်ထပ် အနှစ်ရှစ်ဆယ်လည်း ထပ်ပြီး အသက် မရှည်လိုတော့ပြီ။

တစ်ဖက်ကတွေးပြန်တော့ မအိမ်ကံအဖို့ရာ ကံကောင်းသည် ဆိုလို့ရမည်ထင်၏။ မျိုးကြီးရိုးကြီးထဲမှာ ဝင်စားခဲ့သည်။ မိကောင်းဖကောင်းတို့၏ သမီးဖြစ်ရသည်။ အိမ့်ဝမ်းစာ မကြောင့်ကြရသည့်အရိပ်မှာ ခိုခွင့်ရခဲ့သည်။ မိဘကို ချစ်သည့်အချစ်၊ လင်သားကို ချစ်ရသည့် အချစ်၊ သားသမီးကို ချစ်ရသည့်အချစ်။ အချစ်သုံးမျိုးစလုံး မအိမ်ကံ ရယူခံစားနိုင်ခွင့်ရှိခဲ့သည်။ မအိမ်ကံကို မွေးဖွားပေးခဲ့သော လက်သည်အမေကြီးရိုးပုံကပင် မအေက ဥပမိသမွတ္တိဖြစ်မှ မွေးမယ့်ကလေးက ဥပမိသမွတ္တိဖြစ်ရတယ်ဟု ပြောကြောင်း အမေပန်းရုံကပြောဖူးသည်။ မအိမ်ကံကို ကိုယ်ဝန်ဆောင်စဉ်က အမေ့ခမျာ ငှက်ပျောအူနုနုကလေးတွေ တဂျွမ်းဂျွမ်းကိုက် စားချင်ခဲ့သတဲ့။ လပြည့်ကျော် (၁၄) ရက်ဖွားဆိုရင်တော့ အဆင်းရောအချင်းပါ လှမတဲ့။ အစ်ကို မောင်မြတ်သာက နှမကလေးလိုချင်တာ မြန်မြန်မွေးကြတော့ဗျာလို့ ပြောသတဲ့။ တကယ်မွေး တော့ တပို့တွဲလပြည့်ကျော် (၁၂) ရက်နေ့။

“ညည်းတို့သမီးက တနင်္ဂနွေသမီးဆိုတော့ ကျက်သရေဦးခေါင်းမှာ တည်သယ်... ခေါင်းကို သန့်အောင်ထား...မင်းမိဖုရားဂြိုဟ်နဲ့ ယှဉ်မွေးသဲ့မိန်းမဟဲ့...လပြည့်ကျော် ဆယ့်နှစ်ရက်ဖွားဆိုတော့ ကြွယ်ပိုးကြွယ်ဝရှိလိမ့်မယ်...ကောင်းလိုက်သဲ့ဇာတာ... ညည်းတို့စောင့်ကြည့်ပါအေ...မင်းကတော်မဖြစ်တော့ ပြော...”

အမေကြီးရိုးပုံ ပြောခဲ့သည့်စကားတွေမှန်ကြောင်း မလှအုံက မကြာခဏပြောတတ်လို့ မအိမ်ကံ အလွတ်ရနေခဲ့သည်။ မအိမ်ကံမွေးသည့်ညက ထူးထူးခြားခြား အနောက်ရမ်းလေကြီး တိုက်ခဲ့သည်။ ဝင်းခနဲပြက်လိုက်သော လျှပ်စစ်မိုးကြိုးတစ်ချက်ကြောင့် ပဲမှော်တိုက်ကြီးတောင် သိမ့်ခနဲခါသွားခဲ့သည်။ အိမ်ခေါင်းရင်းမှာ နှစ်နှင့်ချီကာ အပွင့်မြဲနေသော ဆပ်သွားဖူးရုံကြီးက လည်း မအိမ်ကံမွေးသည့်ရက်မှ အဖူးတွေထိုးခဲ့သည်။ ဘုန်းကြီးကျောင်းရိပ်က ရေကန်ကြီးပင် ပြည့်သွားအောင် မိုးကြီးတစ်မရွာခဲ့သည်။ မအိမ်ကံ အာရုံတွေထဲမှာ မအိမ်ကံမွေးခဲ့သည့် နှစ်ပေါင်းလေးဆယ်က အဖြစ်အပျက်တွေ ဖျန်းခနဲ ဖျန်းခနဲ ပေါ်နေခဲ့လေ၏။

“ရှင်အိမ့်ကံ့နှယ်...ညည်းငယ်ငယ်က ဖအေဆုရလာလို့ ပွဲခင်းသဲ့ဟာကို အငြိမ့် မင်းသမီးအနားက မခွာဘူး...အကသင်ချင်လို့သဲ့...ကတည်း...အဲသည်ရက်က အိမ်မှာ ဟင်းတွေ ပွဲထိုးထားသလို ဖောင်းလန်နေသာကိုမစားဘူး...ပွဲကြည့်လှည်းတွေ ထမင်းအိုးတောင်း ဟင်းအိုးတောင်း သွားမျှော်သာလေ...ခရမ်းချဉ်သီးဒလိမ်းထိုးချက် စားချင်လှဆိုလို့ ကျုပ် ချက်ကျွေးရပါကောလား...”

“ငယ်ငယ်က အင်မတန် အနေအေးသာ...ရွာထဲ သူတကာ့ကလေးတွေနဲ့ ကစားချေ ပါဟဲ့ဆိုလည်း မကစားဘူး...အားအားရှိ အိမ်အပေါ်ထပ် တက်ထိုင်နေတော့သာ... မိုးစကြာကလေးတွေလွင့်လာသာကို လိုက်ငေးတတ်သယ်...မလှအုံ အဲသာလေးတွေက ဘာတွေလဲ...ဘယ်ကလွင့်လာကြသာလဲ...ဘယ်ကိုသွားကြမှာလဲနဲ့ မေးတတ်လို့ ငါဖြင့် မဟုတ်ကရော ဟုတ်ကရော ဖြေရသာပါအေ...”




“တစ်ခါများ အစ်ကိုလုပ်သဲ့သူကို ပုန်းညက်ပန်းခူးပေးပါဆိုတော့ အစ်ကိုက အပင်ပေါ် မတက်ဘဲ အပင်ခြေက လှဲချပစ်လိုက်သာတော်...ကိုင်း ငါ့နှမ ကြိုက်သလောက်ခူးစမ်း သဲ့...တို့ဖြင့် အပင်ကလေးနှမြောလွန်းလို့ ရယ်ရခက် ငိုရခက်...”

မအိမ်ကံအရွယ်ရောက်လာတော့ ငယ်ငယ်က အကြောင်းတွေကို မလှအုံက သူမှတ် မိသမျှ စီကာပတ်ကုံး ပြောပြလေ့ရှိခဲ့သည်။

သည်အသက် သည်အရွယ်အထိ မအိမ်ကံကိုယ်တိုင် မမေ့နိုင်သော ပုံရိပ်တွေရှိခဲ့သည်။ မအိမ်ကံ ငယ်ငယ်ကပါပဲ။ ဘယ်အရွယ်လောက်ရှိမလဲ မအိမ်ကံ မမှတ်မိတော့ပါ။ ထိုနေရာ တွင် ထီးကြက်တော်ခေါ်သည့် ထီးဖြူကြီးရှိသည်။ ကျောက်ထီးကြီးတွေကြားက ထီးဖြူတစ်လက်။ သည်ထီးတွေကြားမှာ မမငွမ်းဖြူ။ စောစောတုန်းက သည်နေရာမှာ လူတွေအများကြီးပါ။ နောက်တော့ မအိမ်ကံနှင့် မမငွမ်းဖြူသာရှိတော့သည်။

“မမငွမ်းဖြူရယ်...မအိမ်ကံဖြင့် တစ်ယောက်တည်းရယ်လို့ စိတ်အားငယ်လိုက်ရသာ မပြောပါနဲ့တော့...လူတွေလည်း ဘယ်ရောက်ကုန်ကြမှန်း မသိပါဘူးတော်...”

“လူတွေက ထီးဖြူတော် လာကပ်လှူကြသာကော မအိမ်ကံရဲ့...ပြန်ကုန်ကြပြီ”

“မမငွမ်းဖြူက ဘာလာလုပ်သာလဲဟင်...”

“ဖက်စိမ်းကွမ်းတောင် လာပို့သာလေ...သည်စေတီရင်ပြင်ပေါ်မှာ မိန်းကလေး တစ်ယောက်ကို ဖက်စိမ်းကွမ်းတောင် လွှဲပေးရမှာ မအိမ်ကံရဲ့...”

“ဖက်စိမ်းကွမ်းတောင်က ဘယ်မှာလဲ...”

“ဟိုမှာလေ...ကျောက်ထီးရိပ်အောက်မှာ...”

ဟုတ်သားပဲ။ ဖက်စိမ်းကွမ်းတောင်က ဖူးဖူးကြွကြွ၊ ရွှရွှစိမ်းစိမ်းကလေး။ မအိမ်ကံက ဖက်စိမ်းကွမ်းတောင်ကို သွားယူလိုက်ဖို့ပြင်သည်။

“မထိနဲ့နော် မအိမ်ကံ...ဖက်စိမ်းကွမ်းတောင်ဆိုသာ လွှဲအပ်ပြီးမှ ကိုင်ခွင့်ရှိသာ... မမက လွှဲမပေးမချင်း မကိုင်ရဘူး...မီးထတောက်တတ်သယ်...”

“အို...မအိမ်ကံ ကိုင်ချင်လို့ပါနော်...မအိမ်ကံကို လွှဲပေးပါနော်...”

“မလောပါနဲ့အေ...အဲသလောက် ဘယ်လွယ်ပါ့မလဲ...”

“အို...မရလို့ကိုမဖြစ်ပါဘူး...ဖယ်ပါ...”

မအိမ်ကံက ဇွတ်ဝင်လုတော့ လက်ထဲမှာ ဖက်စိမ်းကွမ်းတောင်ထိပ်က ငှက်ပျောဖူး ကြက်တူရွေးရုပ်ကလေးသာ ပါလာခဲ့သည်။

မအိမ်ကံဘဝမှာ မှတ်မှတ်ရရရှိခဲ့သည့် ငယ်ငယ်က မက်ခဲ့သည့်အိပ်မက်။ သည်အိပ်မက် မက်ပြီး နောင်နှစ်ပေါင်းများစွာအထိ မကြာခဏမက်ခဲ့ရသည့်အိပ်မက်။ တစ်ခါတော့ အစ်ကို မောင်မြတ်သာက ဝါးကလေးတွေသုံးပြီး ဖက်စိမ်းကွမ်းတောင်ရုပ် ချိုးပေးသည်။ အဖျားမှာ ကြက်တူရွေးရုပ်ကလေးပင် ပါသေးသည်။ မအိမ်ကံက ကွမ်းတောင်ရုပ်ကိုမွှေ့ရင်း အပျို တစ်ယောက်လိုဟန်ဖြင့် ခြေဖျားကလေးထောက်၊ လည်တိုင်ကလေးမော့ပြီး လျှောက်သည်။ သည်အချိန်မှာပဲ အမေပန်းရုံ၏ အော်သံ။ ချောက်ချားစရာပင် ကောင်းလှပါ၏။

“မအိမ်ကံ...ညည်းလက်ထဲက ကွမ်းတောင်ရုပ်ကို အခုချထားလိုက်စမ်း...”

www.burmeseclassic.com

www.burmeseclassic.com

အနှစ်လေးဆယ်လောက်က အမေ့အော်သံကို အခုပဲ ကြားလိုက်ရသလိုပင်။ ကွမ်းတောင်ကိုင်ဖြစ်ဖို့ ရူးသွပ်ခဲ့ရသော မအိမ်ကံကို ရက်ရက်စက်စက် လက်ညှိုးငေါက်ငေါက်ထိုးကာ အရှက်တကွဲအကျိုးနည်းဖြစ်စေခဲ့ရသော ကြီးတော်စံရွှေ၏ နင့်နင့်သီးသီး စကားလုံးများ...။

"ညည်းက ငါ့စီးပွားလည်းပြိုင်သေး ငါ့သားလည်းချိုင်သေး...ငါ့သားက ကွမ်းတောင်ကိုင်နဲ့ ယူမှာအေ့...ညည်းရုပ်က ပပဝတီလောက် ချောသယ်ပြောပြော...နဂါးသုံ့ ဂဠုန်မကူးနိုင်သလိုပဲ...ညည်း သည်တစ်သက် ကွမ်းတောင်ကိုင်မဖြစ်ဘူး..."

အို...။ သည်ကနေ့ကျမှ မအိမ်ကံ ဘာဖြစ်တယ်မသိ။ ရှေးဖြစ်နှောက်ကြောင်းတွေက အပ်ချည်မျှင် အစဆွဲမိလိုက်သလို အတန်းလိုက် အမျှင်လိုက် တောက်လျှောက်ပါလာလေရာ ဆုံးပဲမဆုံးနိုင်တော့။ အာရုံတွေကို ဖွတ်မိုတ်ဖြတ်သော်လည်း မပြတ်။ ထပ်ကာထပ်ကာ ပေါ်လာနေတော့၏။

မအိမ်ကံအာရုံတွေက သမီးကြီးမြိုင်ကို မြင်းခြံသွားပို့စက ရက်တွေဆီရောက်သွားပြန်ခဲ့သည်။ ထိုနေ့က ကိုပြေသိမ်း၊ ဖိုးကူး၊ ကိုဖိုးငွေနှင့် မလှအုံတို့ မြင်းခြံကိုလိုက်သွားခဲ့ကြသည်။ အိမ်မှာ ဖိုးတုတ်ကလွဲလျှင် မိန်းမသားတွေချည်း ကျန်ရစ်ခဲ့ကြသည်။ အစ်ကိုလေးကိုစံကောင်းက လာစောင့်အိပ်ပေးခဲ့သည်။ ထိုညက အကြောင်းတွေကိုလည်း မအိမ်ကံ မမေ့နိုင်ပါ။ ဘယ်သူက ဘာရည်ရွယ်ချက်နှင့် လုပ်ခဲ့သည်ဆိုတာတော့ အခုထိလည်း မပြောနိုင်။ သို့သော် တိုက်ဆိုင်တာပဲလားတော့မသိ။ သည်ကိစ္စဖြစ်ပြီးသည့်နောက်ပိုင်း အမေဆုံးသည်။ မလှအုံ ဆုံးသည်။

ထိုညက လကလေးပြက်ပြက် သာနေခဲ့၏။ မလင်းမှုန်မှုန် လင်းမှုန်မှုန်။ ထိုညက အဖြစ်ကို မအိမ်ကံ ထင်းထင်းကြီး မြင်ယောင်နေဆဲဖြစ်သည်။ တွေးမိတိုင်းလည်း ကြောစိမ့်နေမိရဆဲ။ အဲသည်ညက မအိမ်ကံ အိပ်မပျော်နိုင်ဘဲ နိုးနေခဲ့လေသည်။ မအိမ်ကံတို့ဝိုင်းကြီး ကျယ်ကျယ်ထဲမှာ အနောက်တောင်ထောင့်ကို အိမ်သားတွေ ရောက်ခဲ့ကြသည်။ မြေလပ်မထား ချင်သဖြင့် ဖိုးတုတ်က ပဲစင်းငုံကြဲထားခဲ့ရာ ရိတ်ဖြတ်ထားသော ပဲစင်းငုံငုတ်တွေက ထိုးထိုးထောင်ထောင် ရှိနေကြသည်ကတစ်ကြောင်း၊ ထိုနေရာအထိရောက်ရန် အခြားအကြောင်းမရှိသည်ကတစ်ကြောင်းတို့ကြောင့် တစ်နှစ်နေလို့ တစ်ခေါက်မရောက်ကြသည့် နေရာဖြစ်သည်။ တစ်ဖက်ဝိုင်းတိုက်တွေကလည်း တောပင်၊ တောထင်းတွေ ပုံကြတာမျိုး၊ အိမ့်အတိုအစ မြုတ်စပျင်းတောင်းတွေ ထားကြတာမျိုးဖြင့် ထိုနေရာထိုထောင့်မှာ လူသူ အရောက်အပေါက်နည်းသလိုဖြစ်နေသည်။ သည်ကြားထဲက တစ်ဖက်နှစ်ဝိုင်းစပ်ရာထောင့်မှာ ရေမရှိသည့်တွင်းချောက်ကြီးရှိသဖြင့် အမှိုက်သရိုက်များပစ်ကြရာက မြွေပါးကင်းပါး ခိုနိုင်သလို ဖြစ်နေတာလည်း ပါပါ၏။

မည်သူမဆို လာရောက်ခိုနေနိုင်လောက်အောင် အဆက်ဝေးသဖြင့်လည်း ဝိုင်းရှင်တွေမသိဘဲ ဝင်ရောက်လာခဲ့သူတစ်ယောက်က မအိမ်ကံတို့ဝိုင်းတိုက်ထဲကို အချိန်မတော် အညစ်အကြေးတွေ ပစ်သွားခဲ့ခြင်းဖြစ်၏။ တောင်ဘက်ဝိုင်းနှင့် အနောက်ဘက်ဝိုင်းတွေက သည်လိုအလုပ်မျိုး လုပ်မှာမဟုတ်တာကို မအိမ်ကံယုံသည်။ အပြင်သူစိမ်းတစ်ယောက်က သည်နေရာကို အကြောင်းတစ်ခုဖြင့်ခိုကာ ကြံစည်ခဲ့ပုံရသည်။ ကိုစံကောင်းနှင့် မအိမ်ကံတို့ ဓားတစ်လက်စီဖြင့် ရောက်သွားကြသည့်အခါ နှစ်ယောက်စလုံး တောင့်သွားခဲ့ကြသည်။ မအိမ်ကံ ထိုးလိုက်သော ဓာတ်မီးအောက်တွင် အရာသုံးမျိုး တစ်နေရာစီ ပြန့်ကြဲနေပါ၏။



တစ်ခုက နီးခေါပတောင်းတစ်လုံးဖြစ်၍ အခြားတစ်ခုကတော့ သွေးတွေ တပွက်ပွက်ပေပွနေသော ပိတ်အနီးစတစ်စဖြစ်သည်။ အထဲမှာ တစ်စုံတစ်ရာပါသလိုရှိသဖြင့် ကိုစံကောင်းက ဓားဦးဖြင့် ထိုးခွဲကြည့်သည်။ အမဲသားတွေ။ လတ်လတ်ဆတ်ဆတ် ရှိသေးရုံမက အနည်းဆုံး ငါးဆယ်သားလောက်ရှိလိမ့်မည်။ ပိတ်အနီးစဟောင်းမှာတော့ ဆေးမည်းဖြင့် အင်းတွေလို အကွက်တွေ ရေးထားသည်။ ကိုစံကောင်းက မအိမ်ကံကို တစ်ချက် အကဲခတ်လိုက်သည်။ မအိမ်ကံကတော့ ဓာတ်မီးတစ်ဖက်ထိုးထားရင်း ဓားရှည်ကိုပင် မ,မနိုင်လောက်အောင် ငိုင်ငိုင်ကြီးရပ်နေလေသည်။

"အမဲသားတွေ ငါ့နှမ...အင်းထိုးထားသဲ့ အနီးစနဲ့ထုပ်ပြီး ခေါပတောင်းနဲ့ဘာနဲ့ တစ်ခုခုစီရင်ဖို့လုပ်သာနေမှာ...ခက်သာက လူကိုမမိလိုက်ဘူး...တို့မောင်နှမ ပြေးလာသာကို တွေ့သွားပုံရသယ်...ညနေလောက်ကတည်းက တွင်းချောက်ကြီးထဲ ခိုနေလေသလား...ခုမှ အသာဝင်လာသလားတော့ မပြောတတ်ဘူး...နေဦး...ဒါ ဘာပါလိမ့်..."

ခပ်ဝေးဝေးတစ်နေရာမှာ မြေအိုးခြမ်းကွဲ။ နှစ်စိတ်ကွဲသွားပြီဆိုသော်လည်း ဆက်ကြည့်လိုက်တော့ နဂိုက တစ်ချပ်တည်းဖြစ်ပုံရသည်။ ကိုစံကောင်းက နှစ်ချပ်စလုံးကို ဓားဦးနှင့် ထိုးလှန်ကြည့်သည်။ သံချွန်နှင့် ခြစ်ထားသည့်နေရာတွေ မှုမှုကြဲလျက်ရှိ၏။ ကိုစံကောင်းက ခြံထောင့် ငှက်ပျောပင်က အရွက်ဖားဖားနှစ်လက်ခုတ်ပြီး ခါးကပိုင်းသည်။ နီးခေါပတောင်းကို လှန်ကာခင်းသည်။ နောက်ထပ် ဖက်ရွက်တွေထဲကို အမဲသားထုပ် သွေးရွှဲရွှဲကို အထုပ်လိုက် မ,ကိုင်ကာ ခေါပတောင်းထဲထည့်သည်။ သွေးစွန်းနေသည့် မြေကြီးတွေကိုပါ ဓားနှင့်ခြစ်ကာ မကျန်အောင်နှိုက်သည်။ အိုးခြမ်းပဲ့နှစ်ချပ်ပါထည့်ပြီး အသာပိုက်လာခဲ့သည်။ မအိမ်ကံက ရှေ့က။ ကိုစံကောင်းက နောက်က။ ကိုစံကောင်းက ခြံတံခါးကြီးကို ဖွင့်ပြီး တာလမ်းနှင့် ဝေးဝေးက ချောက်ကြီးထဲ သွားပစ်သည်။ ပြန်လာပြီး ခြေလက်ဆေးသည်။ ဆေးလိပ်တစ်လိပ်ထိုင်ဖွာသည်အထိ မအိမ်ကံပါ အတူရှိနေခဲ့ပါ၏။

"အစ်ကိုလေး ဘာတွေလဲ...အဲဒါတွေက...ဘာလုပ်ကြသာလဲ...ဘယ်သူက လုပ်သာလဲ...မကောင်းသာလုပ်မှန်းတော့ သိပါရဲ့..."

မအိမ်ကံက မေးခွန်းတွေ ဆက်တိုက်မေးလိုက်လို့လားတော့မသိ။ ကိုစံကောင်းက ဘာဖြေရမှန်းမသိဘဲ တော်တော်နှင့် အသံမထွက်။ သူလည်း စဉ်းစားနေပုံရသည်။ မအိမ်ကံတို့ ရွာတွေမှာ ဒါမျိုးတွေ ကြားဖူးပါ၏။ တစ်ဖက်ကို အတိဒုက္ခရောက်အောင်၊ အစွဲအမှောင့်ဖြစ်အောင် လုပ်ကြတာမျိုးဆိုတာလောက်တော့ မအိမ်ကံ ခပ်စမ်းစမ်းသိထားသည်။ ကိုစံကောင်းကတော့ ကြားဖူးနားဝ ရှိနိုင်လောက်သည်ထင်လို့ အလောတကြီးမေးလိုက်ခြင်း ဖြစ်သည်။

"အစိမ်းတိုက်သာပေါ့ဟာ...ရုပ်မြှုပ်သာတို့...နတ်တိုက် ဓာတ်တိုက် အစိမ်းတိုက်စသည်ဖြင့်ရှိသယ်...အစ်ကိုလည်း ကောင်းကောင်းတော့ နားမလည်ဘူး...ဒါတွေက ခြံထဲပစ်ချရုံလောက်နဲ့တော့ ဘာမှမဖြစ်လောက်ပါဘူး...ဝိုင်းထဲခြံထဲက မြေကြီးထဲ မြှုပ်မှဖြစ်သာ...လုပ်သဲ့ကောင်က မြှုပ်ချိန်မရလိုက်ဘူးနဲ့တူပါရဲ့...သည်ကောင် ချောင်းကျင်းကြီးထဲကနေ အထုပ်ကို အရင်ပစ်လိုက်ပြီး နောက်မှ လူဝင်မှာနေမှာ..."

www.burmeseclassic.com

www.burmeseclassic.com

“ရက်စက်လှချည်လား အစ်ကိုလေးရယ်…မအိမ်ကံတို့မှာ သည်ဘက်နှစ်ပိုင်းတွေထဲ အတော်အတိုက်အခိုက်လုပ်ကြသယ်…သာအောင်တို့နေမှာပဲ…”

“ဥပါဒ်မစွဲပါနဲ့ နှမရာ…သာအောင်တို့ကတော့ လုပ်မထင်ပါဘူး…သည်ကောင်က သွေးမြောက်နေသာရှိသာပါ…ကိုယ့်ရွာသူရွာသားချင်း သည်လောက်မလုပ်ဘူးလို့ ထင်သာပဲလေ…”

“ရွာသူရွာသားချင်းမလုပ်လို့ တစ်ရွာက ဘယ့်နှယ်လာလုပ်ပါ့မလဲ အစ်ကိုလေးရယ်…အသွားမတော်ရင် ဒုက္ခရောက်ရမယ့်ကိစ္စ…တစ်ရွာတစ်ရွာ ဝင်ဖြစ်မှတ်လို့…”

“ဒါလည်းဟုတ်သယ်…နေပါဦးဟာ…ဒါမျိုးနားလည်သဲ့ ကိုဘဆင်ကို အစ်ကို မေးကြည့်ပါဦးမယ်…အရီးတို့ကို မပြောနဲ့ဟ…လူကြီးတွေဆိုတော့ ကြောက်ကြလိမ့်မယ်…လက်သည်ပေါ်လို့ကတော့ ငါလုပ်သွားပါ့မယ်ဟာ…နင်အသာနေပါ…”

မအိမ်ကံ အိပ်ရာထဲရောက်သည်အထိ အမဲသားနံ့ကြီး စွဲနေခဲ့သဖြင့် သွေးဆေးတစ်တို့ လျက်ရသေးသည်။ ရေထသောက်ပြီးမှ အိပ်ရာဝင်ခဲ့သည်။ သည်တစ်ခါတော့ တစ်အိမ်လုံး ရှုံးအောင် ဒါမှမဟုတ် ဒုက္ခရောက်အောင် အောက်လမ်းနည်းကို သုံးကြပြီ။ အမိုက်တွင်းဆုံး လုပ်ကြပါပေါ့လား။ ဒါတွေကို အယုံအကြည်ရှိတာ မရှိတာထက် ရည်ရွယ်ချက်တစ်ခုဖြင့် ခြံထဲဝင်းထဲအရောက် ကျူးကျော်ကြတာကိုတော့ မအိမ်ကံ သည်းမခံနိုင်။ ဖြစ်နိုင်လျှင် ညတွင်းချင်းပင် ရှင်းလိုက်ချင်သေးသည်။ အိပ်လို့ပင်မပျော်နိုင်အောင် မခံချိမခံသာ ဖြစ်နေခဲ့သည်။ နှစ်ရက်လောက်နေမှ ကိုစံကောင်း မယောင်မလည်ရောက်လာသည်။ မောင်နှမနှစ်ယောက် သရက်ပင်အောက် သွားထိုင်ကြ၏။

“ကိုဘဆင်ကို ငါမေးကြည့်သယ်…မအိမ်ကံတို့ဝိုင်းထဲမှာ တွေ့သာလို့ မပြောပါဘူး…ငါ့မိန်းမရွာမယ် အဲသလိုပစ်သွားသယ်လို့ဆိုပြီး မေးသာ…”

“ဘာသဲ့တုံး…”

“မြေဘုတ်တွင်းစား ချသာလို့ ပြောသာပဲ…အင်းပါပါရင် လူကို ဥပါဒ်ဖြစ်နိုင်သတဲ့…မကောင်းဘူးပေါ့ဟာ…မြေထဲမမြုပ်သာ ခံသာသာသဲ့…”

ကိုစံကောင်းက ဆက်မပြောတော့။ မအိမ်ကံကလည်း မကြားချင်တော့ပါ။ မအိမ်ကံက တောင်ဘက်ဝိုင်း၊ အနောက်ဘက်ဝိုင်းက အိမ်ရှင်တွေကို ညဘက် လူကပ်ကြောင်းပြောသဖြင့် ခြံကိုလုံအောင် ကာကြသည်။ မြောင်းကျင်းကြီးထဲ ဆူးခက်တွေမောက်နေအောင် ချလိုက်ကြသည်။ သည်ကိစ္စက သည်မှာတင် တစ်စခန်းရပ်သွားခဲ့ပါ၏။ လက်သည်ကို အလိုလိုသိနေမှတော့ သည်ကိစ္စ စုံစမ်းစရာလည်း မလိုတော့။ မအိမ်ကံ သတိနှင့်နေ သတိနှင့်သွားဖို့ရာသာ ရှိတော့၏။ ကိုစံကောင်းကတော့ ကိုပြေသိမ်းတို့ မြင်းခြံက ပြန်မလာမချင်း လာစောင့်ပေးရှာသည်။ တစ်ရက် နှစ်ရက်အထိ မြင်းခြံကိုပို့လိုက်ရသော သမီးအတွက်ပင် မပူပန်မိရလောက်အောင် မအိမ်ကံစိတ်တွေ ထွေနေခဲ့သည်။ နောက်နှစ်ရက်လောက်ရှိမှ ကိုပြေသိမ်းတို့ မလှအုံတို့ ပြန်ရောက်လာကြသည်။

“အဆင်ပြေရဲ့လားအစ်ကို…မအိမ်ကံတော့ ဝမ်းလည်းသာပါရဲ့…စိတ်ထဲလည်း မကောင်းဘူး…သမီးနေပျော်ရဲ့လား အစ်ကိုရယ်…အစ်ကို့သမီးက ရိုးပါအေးပါဘိ



သနဲ့ရှင်…ထမင်းဆာလို့လည်း ဆာသယ်ပြောမှာမဟုတ်ဘူး…ထမင်းမဝလို့လည်း မဝသေးဘူးပြောမှာမဟုတ်ဘူး…ညဘက် ညရေးညတာ နောက်ဖေး နောက်ဖီ…”

“အားလုံးအဆင်ပြေပါတယ် အိမ်ကလေးရယ်…မောင်သက်မင်းမိန်းမဘက်က မိန်းကလေးတစ်ယောက်လည်း ရှိတယ်…အတန်းတူပဲ…အပေါ်ထပ်မှာ တစ်ခန်းတည်း နေကြတယ်…စားအတူ အိပ်အတူ ရေချိုးအတူပေါ့ဗျာ…”

“အစ်ကို မုန့်ဖိုးပေးခဲ့ရဲ့လား…”

“ပေးခဲ့ပါတယ်…အစ်ကိုပြန်မယ်လုပ်တော့ ဖောင်ချမ်းကုန်းကို လွမ်းလို့တဲ့ ငိုသေးတာလေ…ဘွားအေကြီးလွမ်းတာလား…မအေလွမ်းတာလား…သူ့ညီမလွမ်းတာလားတော့ မသိဘူး…ငိုတာတော့ ငိုတယ်…”

“ငိုသယ်…ဟုတ်လား…ဒါဆို တော်တော်ဟုတ်လာပြီကော…”

မအိမ်ကံက သူ့သမီးငိုတယ်ဆိုလို့ တစ်ဖက်က ဝမ်းသာရသေးသည်။ ခံစားတတ်ရှာပါလားလို့ တွေးမိ၍ ဖြစ်ပါ၏။ ကိုပြေသိမ်းကတော့ သူ့အရွယ်နှင့်သူ ခံစားမှုက ဗီဇအရရှိကြတာချည်းဖြစ်ကြောင်း၊ ထုတ်ဖော်ပြသခြင်း၊ မပြသခြင်းသာ ကွာကြောင်း၊ သိပ်ကြီးစိုးရိမ်ရန် မလိုကြောင်းတွေ ပြောပြသည်။ ဘာပဲဖြစ်ဖြစ် မိခင်ဆိုတော့ ပူရသား။ အဖော်ရှိတာတော့ ကောင်းပါရဲ့။ အဖော်ကကော…။ လှည်းထက် ဘီးကြီးနေမှာ စိုးရသေးသည်။ မိန်းကလေးချင်းပေသိ အတုဆိုးကူးမှာ စိုးရသည်။ တစ်ရက်တော့ သမီးကြီးမြို့ရှိရာ မြင်းခြံကို မအိမ်ကံ လိုက်သွားရမည်။ တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည် နေလိုက်ဦးမည်။ ခွဲရတော့လည်း လွမ်းသားသမီးရယ်…။

မလှအုံကတော့ သူ့ဘွားအေကို အသေးစိတ်ပြောပြနေရပါ၏။ ဘွားအေကြီးကလည်း မေးလိုက်တာ စုံလို့။

“အရီးမြေးမ…ဝမ်းပျော့သလား မာသလားတောင် ကျုပ်ကြည့်ခဲ့ပါ့တော်…ကိုင်း…”

မလှအုံက ရွှံ့ပြောတော့မှ အမေပန်းရုံ အမေးရပ်တော့သည်။ အမေပန်းရုံအလှည့်ပြီးတော့ မအိမ်ကံက မေးရပြန်သည်။ ကိုပြေသိမ်းပြောတာလည်း ပြောတာပေါ့။ မိန်းမသားချင်း မေးစရာတွေ ရှိသားမဟုတ်လား။ မလှအုံက မြင်းခြံကျောင်းပို့သာ ကောင်းသာပေါ့အေ့ဆိုလို့ မအိမ်ကံ ဝမ်းသာရသည်။ မလှအုံ စိတ်ပြောင်းသွားလောက်အောင် ဘာတွေများ တွေ့ခဲ့လို့ပါလိမ့်။

“ငိုပါ့အေ…ဘယ်သူ့လွမ်းလို့တုံးလို့ မေးတော့ ညည်းသမီးက ဘာပြောမှတ်သလဲ”

“ပြောပါဦး…”

“ကျေးကျေးကိုသဲ့တော်…ကျေးကျေးကိုသဲ့…”

မအိမ်ကံ ရယ်လိုက်ရတာ။ ဘယ်သူ့လွမ်းလွမ်းပါအေ၊ လွမ်းရကောင်းမှန်းသိဖို့လိုသာပါ သမီးရယ်။

“ဘယ်သူ့ကို သတိရရပါ မလှအုံရယ်…လွမ်းတတ်သဲ့စိတ်ကလေးရှိသာကိုပဲ ဝမ်းသာရသေး…ပညာတတ်သာနဲ့အမျှ မအိမ်ကံတို့နဲ့ ဝေးဝေးသွားရတော့မှာ မဟုတ်လား…ပညာတွေတတ်လေ အတန်းကြီးလေ…မန်းလေးတို့ ရန်ကုန်တို့မှာမှရှိသဲ့

www.burmeseclassic.com

www.burmeseclassic.com

သက္ကသိုလ်ဆိုတာကို ပို့ရမယ့်ကလေးဆိုတော့ မအိမ်ကံကလည်း လွမ်းလက်စ သိမ်းတတ်အောင် နေနေရပါသယ်လေ…တစ်ခုပဲရှိသယ်…"

"ဘာပါလိမ့်…"

"ဩော်…မအိမ်ကံသမီးကို ရွာစိတ် တောစိတ်ကလေးတော့ မပျောက်စေချင်ဘူး… တောသူတောင်သား မိဘမျိုးရိုးက မွေးသာဆိုတော့ ပဲကြီ နှမ်းကြီ…တလင်းနယ် တလင်းခေါက်…မောင်းထောင်း ဆန်ဖွပ်…ရက်ကန်း ထင်းခွေတတ်စေချင်သယ်… လုပ်မစားပေသီလို့ မိဘများ သည်လိုဘဝနဲ့ နေခဲ့ကြသယ်ဆိုသာ ရင်ထဲရောက်စေချင် သာပါ…ပြီးတော့ သူ့ရုပ်သူ့ရည်နဲ့ ကွမ်းတောင်ကိုင်ရသယ်ဆိုဦးတော့ မက်မက် စက်စက် ရှိစေချင်သယ်…မြို့သူ ပညာတတ်ဖြစ်လို့ မကိုင်ချင်ပါဘူး ရှက်စရာကြီး ပါအမေရယ် ဖြစ်မှာများ မအိမ်ကံ အင်မတန် စိုးရိမ်သယ်…"

မလှအုံ ဘာမှမပြောတော့ပါ။ မအိမ်ကံရင်ထဲက အစိုင်အခဲကို ကျေအောင်ချေချင် လှသော်လည်း မချေရက်တော့။ ကမ္ဘသကာလို့သာ သဘောပိုက်လိုက်ပါ၏။ ကံပါတော့ လည်း ဖြစ်တော့မပေါ့။ ကံမပါတော့လည်း လွဲရုံပ။ ဘယ်သူ့ဘယ်သူကမှ မန်ကျည်းစေ့တွင်းချ မပြောနိုင်သည့်ကိစ္စကို မလှအုံကလည်း မပူချင်တော့တာ ပါသည်။ ခေတ်တွေကလည်း ပြောင်း ခဲ့ပြီ။ မလှအုံကိုယ်တိုင် မြင်းခြံမှာ တစ်ပတ်ဆယ်ရက် နေခဲ့ဖူးပြီဆိုတော့ ခေတ်ကာလ ဝတ်ပုံစားပုံ ပြောပုံဆိုပုံတွေ မျက်စိထဲမတွေ့ခဲ့။ သို့သော် ခေတ်ကဖြစ်လာတာကို တားဆီးဖို့ ခက်သားပင်။ မအိမ်ကံဘဝမှာ ကွမ်းတောင်မကိုင်ခဲ့ရတော့ သမီးကို ကိုင်စေချင်တာကိုလည်း အပြစ်မမြင်ချင် တော့ပါ။ သည်စိတ်ရှိလို့လည်း ဘယ်သူ့မှ ထိခိုက်တာမဟုတ်တော့ ဖြစ်ပါစေလို့သာ ဆုတောင်း ရုံ ရှိတော့သည်။

"ရွာစိတ်ရပ်စိတ်တော့ မပျောက်ပါဘူးအေ…ပျောက်ခဲသားပဲ…တောထမင်း တော ဟင်းနဲ့ လူဖြစ်ရသဲ့ကလေးပါအေ…ဖြစ်ချိန်တန်တော့ သိကြားမင်းဖျက်တောင် ပျက် နိုင်ပေါင်ပါ ရှင်အိမ်ကံရယ်…ငါ့ညီမ မပူပါနဲ့…ဟိုမှာလည်း စိတ်ချရပါတော်… မြင်းခြံ ကျောင်းကို ငါကိုယ်တိုင် နှစ်ရက်သုံးရက် လိုက်ပို့သယ် ကြိုသယ်…ငါဖြင့် မြင်းခြံ တစ်ကျောင်းလုံး မြိုင်ကလေး အလှဆုံးထင်မိသယ်…ဘုရားစူးရစေ့ရဲ့…"

သည်စကားတွေ ကြားပြန်တော့ မအိမ်ကံ ဝမ်းသာပီတိ ဖြစ်ရပါ၏။ သမီးကြီး မရှိတော့ ဝမ်းထဲ ဟာသလိုလို လွမ်းသလိုလိုတော့ရှိသား။ သမီးငယ်ခိုင်က ကြိုရာကျရာလူနှင့် နေတတ်ထိုင်တတ်သည်။ ဖအေ့ကျောင်းမှာလည်း ကျောင်းမှာမို့၊ အိမ်မှာလည်း အိမ်မှာမို့ သူငယ်ချင်းအဖော်တွေနှင့် တရုန်းရုန်း။ ချက်ချက်ချာချာကလည်း ရှိလိုက်ပါဘိသနဲ့။

သည်လိုနှင့် ရက်ကလေးညောင်းလာတော့ မအိမ်ကံနှင့် ကျေးဥတို့ မြင်းခြံကို လိုက်သွားခဲ့ကြသည်။ ဖိုးကူးက လှည်းမောင်း။ သမီးခိုင်နှင့် ကျေးဥသားနှစ်ယောက်ပါ ပါတော့ လိုက်သွားခဲ့ကြသည်။ မောင်သက်မင်းတို့ဝိုင်းက မြို့နှင့် မအေလိုက်လာတာကို မအိမ်မြိုင် ဝမ်းသာအားရရှိခဲ့ရှာပါ၏။ မောင်သက်မင်းတို့ဝိုင်းက မြို့နှင့် လှမ်းတော့လှမ်းသည်။ ကျောင်းကို စက်ဘီးနှင့်သွားတာတောင် နာရီတစ်မတ်လောက်တော့ ကြာပါ၏။ အတူနေသည်ဆိုသော ကလေးမလေးက လိမ်လိမ်မာမာ ယဉ်ယဉ်ကျေးကျေးနှင့် ပတ်တီးခြားလည်ရှိလို့ တော်သေးရဲ့အောက်မေ့ရသည်။ မောင်တွေ ညီမတွေ တရုန်းရုန်းနှင့်



ဆိုတော့ မအိမ်မြိုင်ကိုယ်တိုင်က ရွာမှာထက် ပိုသွက်လာသလားထင်ရသည်။ တစ်ရက်နေပါဦး၊ နှစ်ရက်နေပါဦး တားနေလို့ ရက်တွေပိုကြာခဲ့ရပါ၏။ သမီးမျက်နှာ တွေ့ရတော့လည်း မအိမ်ကံ ရင်ထဲ ဝ,သွားခဲ့ရသည်။ သမီးအတွက်ယူသွားသော စားသောက်ဖွယ်ရာတွေ၊ ထဘီအင်္ကျီတွေ ပေးခဲ့သည်။ အတူနေ ကလေးမအတွက်ပါ လက်ဆောင်ပေးခဲ့သေးသည်။

"အမေတို့ ပြန်တော့မယ်နော်…မြိုင်ကလေး…လှည်းက အခင်းအလုပ် သုံးရဦးမှာ ဆိုတော့ ပြန်မှဖြစ်မှာ…အမေတို့အလုပ်တွေကလည်း တန်းစီနေသာလေသမီးရဲ့… ကျောင်းပိတ်ရင် ကျေးဥနဲ့ အခေါ်လွှတ်လိုက်မယ်…ပြန်လိုက်ခဲ့နော်…စာတွေလည်း ကြိုးစား…အတန်းတွေရလာရင် ဖအေနဲ့သမီး အင်္ဂလိပ်လိုပြောကြစမ်းပါအေ…အမေ နားထောင်ချင်လို့…"

မအိမ်ကံက တတွတ်တွတ်မှာသည်။ မအိမ်မြိုင်က မြေကြီးပေါ်ပုံ့ပုံ့ကလေးထိုင်ပြီး မအေကို ကန်တော့တော့ မအိမ်ကံ မျက်ရည်တွေကို မျက်တောင်ခတ်ပြီး မနည်းကြီးသိမ်းရ သည်။ သမီးကြီးမြိုင်က မြင်းခြံရောက်မှ မျက်နှာကလေး ပိုလို့တောင် ပွင့်လာသလားပဲ။ မောင်သက်မင်းလင်မယားက သမီးကြီးကို ဂရုတစိုက်ရှိကြတာတွေ့တော့ မအိမ်ကံ စိတ်ချရပါ ၏။ ကျေးဥကလည်း မှာစရာရှိတာတွေ မှာသည်။ ကျေးကျေး မုန့်တွေပို့ပေးမယ်ဆိုတာက လွဲလို့ ဘာမှလည်း မပြောတတ်။ သည်လိုနှင့် မြိုင့်ဆီက ပြန်ခဲ့ကြသည်။ မြင်းခြံသမီးဆီ ရောက်တဲ့ရက်ဆိုပြီး မအိမ်ကံ စာအုပ်နှင့် မှတ်ထားသည်။

၁၃၁၉ ခု၊ ဝါဆိုလဆန်း ၁၃ ရက်။

ရွာရောက်တော့ အမေပန်းရုံက မြေးအကြောင်းမေးလို့ အပိုတွေပါထည့်ပြောရပါ၏။

"ဆောင်းဝင်ရင် ရာသီအေးပါပြီအေ…အမေပါလိုက်ခဲ့ပါဦးမယ်…"

အမေပန်းရုံက မြေးဆီလိုက်ချင်လို့ ပြောခဲ့သည့်စကား။ သို့သော်…အမေ့ခမျာ မြိုင့်ဆီ မရောက်နိုင်ခဲ့ရှာတော့ပါ။

■

မွေးနေ့ဆိုတော့ မအိမ်ကံ ခေါင်းလျှော် ရေမိုးချိုးပြီးကတည်းက သန့်သန့်စင်စင် ဝတ်ဆင်ပြီး ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့လှူသည်။ တရားနာ၊ ရေစက်ချ၊ အမျှအတန်း ပေးဝေခဲ့သည်။ ရက်ကန်းသမတွေကို မနက်ဆွမ်းခံပြန်ချိန် ခေါ်ထားသဖြင့် လူစုံတက်စုံ ရောက်လာကြသည်။ ထမင်းကျွေးသည်။ ထဘီတစ်ကွင်းစီနှင့် ငွေတစ်ရာစီပေးခဲ့သည်။ မွေးနေ့ ကုသိုလ်ပင်။ အရီးကြာညွန့်မရှိသည့်နောက်ပိုင်း ရက်ကန်းခေါင်းဖြစ်လာသော အရီးညိုညက်ကို ပိုကန်တော့ခဲ့ပါ၏။ အရီးကြာညွန့်လောက် မဟုတ်လှသော်လည်း တော်သင့်သလောက်တော့ တော်ရှာပါသည်။ ရက်ကန်းခေါင်း မထားလို့မရ။ အနားမှာ ရက်ကန်းခေါင်းရှိမှ အလုပ်တွင် သည်။ ဆူတန်တာဆူ၊ ငေါက်တန်တာငေါက်၊ ခေါက်တန်တာခေါက်ရသူဆိုတော့ ကလေးမတွေ ကလည်း ကြောက်ကြပါသည်။

"မကြာညွန့်တော့ မပြောတတ်ပေါင်အေ…ငါဖြင့် သည်ကောင်မတွေကို နေဝင်ရိုး၌ နအုပ်ပြန်သိမ်းရသာကျလို့…ကလေးတွေဆိုတော့ တစ်ယောက်တစ်ပေါက်ကိုး အေရဲ့…ပြောသာပြောရသာ လိမ္မာကြရှာပါသယ်…"

www.burmeseclassic.com

www.burmeseclassic.com

အရိုးညိုညက်စကားကို မအိမ်ကံ ရယ်မိခဲ့ရသေးသည်။ နေ့လယ်ဘက်မှာတော့ မအိမ်ကံတစ်ယောက်တည်း။ သမီးခိုင်နှင့် ကျေးဥတို့က အောက်ထပ်မှာ။ မနက်က စောစော ဆွမ်းထချက်ရသဖြင့် မျက်တောင်တွေက စင်းချင်လာခဲ့ပြီ။ အိပ်ရာပေါ် အသာလှဲလိုက်ပေသိ အိပ်လို့မပျော်။ အတွေးတွေသာ အပြေးအလွှားရောက်လာပြန်ပါ၏။ အလှူနှင့်လက်နှင့် မပြတ်ခဲ့သော အမေ။ လှူတာကာကို နင့်နင့်ပိုးပိုးပေးလိုက်ရမှ အနေဖြောင့်ရှာသော အမေ။ အသက်လေးဆယ်ကျော်ကာမှ သမီးမအိမ်ကံကိုမွေးပြီး အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်အထိ သည်သမီးကို ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရှာသော အမေ...။ မအိမ်ကံ အမေ့ကို စိတ်ရောက်ရပြန်ပါ၏။

အမေပန်းရုံဆုံးတော့ ၁၃၁၉ ခုနှစ်၊ ဝါခေါင်လဆုတ်ရက်ထဲမှာဖြစ်၏။ ရောဂါကြီး ရယ်လို့ မဝင်ခဲ့သော်လည်း ကောက်ကာငင်ကာ အဖျားဝင်ရာက ဆုံးခဲ့ရခြင်းဖြစ်သည်။ ဆရာ ဆောင်ကို ပင့်ပြီး ဆေးကုသော်လည်း ဆရာဆောင်က စမ်းသပ်လိုက်ကတည်းက ပထဝီပျက်ပြီဟု ဆိုခဲ့ပါ၏။ ကိုပြေသိမ်းကတော့ မြင်းခြံကို ချက်ချင်းပို့ပြီး ကုသရန် စီစဉ်ခဲ့ရှာသည်။ မအိမ်ကံ ကိုယ်တိုင်က အမေ သည်လိုဖြစ်လိမ့်မည်မထင်ခဲ့။ အာဂန္တုရောဂါပါလေလောက်သာ ထင်ခဲ့ရာက ဆေးဆရာက အားမရကြောင်းပြောမှ ထိတ်လန့်ခဲ့ရပါ၏။ ဝါခေါင်လဆုတ် ၆ ရက်နေ့ ကြာသပတေးနေ့ မိုးမချုပ်တချုပ်မှာပဲ အမေပန်းရုံ သည်အိမ်ကြီးက ထွက်ခွာသွားခဲ့ရှာသည်။ မအိမ်ကံ ယူကျုံးမရစွာ ငိုကြွေးခဲ့ရသည်။ သမီးကြီးမြိုင်ဆီကို သွားချင်လှချည့် တဖွဖွပြောရာက ဆုံးရှာခဲ့တာကို မအိမ်ကံ မဖြေနိုင်အောင်ဖြစ်ခဲ့သည်။ ဘွားအေနှင့် မြေးဦးမ ရှင်ကွဲပင်မက သေကွဲကွဲခဲ့ကြရရှာပြီ။ တစ်ခုတော့ ဖြေစရာရှိပါ၏။ အမေပန်းရုံခမျာ ဝေဒနာမရှိ။ အိပ်နေရင်းက ပျက်စီးခဲ့ရခြင်းဖြစ်သည်။

"အရိုးရေ...ကျုပ်နဲ့လွဲသွားခဲ့သာပေါ့ ဟုတ်လား...သားသမီးတွေ မြေးတွေကို ကျုပ်နဲ့ စိတ်ချသယ်ပေါ့လေ...သူတော်ကောင်းမကြီးရေ...အားကိုးခဲ့သလား...ဘယ်သူက ဘာပြောပြော ဘယ်သူက ဘယ်လိုဆိုဆို သူကြီးကတော်ရယ်လို့ အဆိပ်မရှိသဲ့ ဘုရားအစ်မ ကျောင်းအစ်မကြီးရေ..."

မလှအုံ ဟစ်ဟစ်ငိုတော့မှ အမေ့ဂုဏ်ကျေးဇူးတွေကို မအိမ်ကံ ထင်ထင်ကြီး မြင်ခွင့် ရပါ၏။ ဟုတ်သားပဲ။ အမေ ဘယ်သူ့ကိုမှ စိတ်မဆင်းရဲစေခဲ့တာ အမှန်ပင်။ အာဏာရှိလို့၊ ငွေရှိလို့၊ တတ်နိုင်လို့ စကားအရာနှင့်ပင် မစီးပိုးခဲ့ရှာ။ ဘယ်သူနဲ့ဖြစ်ဖြစ် သူက အရှုံးခံ လိုက်ဖို့ ဝန်မလေး၊ ခွင့်လွှတ်သည်းခံလိုက်ဖို့ ဝန်မလေး။ လှူခဲ့တန်းခဲ့တာတွေလည်း မနည်းပါ။ ရှိသမျှစည်းစိမ် ထက်ဝက်လောက်ကို သူတစ်ပါးအတွက် ဖဲ့ပေးခဲ့သူဖြစ်သည်။ အမေဆုံးတော့မှ အိမ်ကြီးမှာ လူတွေလျော့သွားခဲ့တာ မအိမ်ကံ သတိထားမိလိုက်သည်။ အဖေနှင့်အမေ ပြီးတော့ အဝေးတစ်နေရာစီရောက်နေကြသော အစ်ကိုမောင်မြတ်သာနှင့် သမီးကြီးမြိုင်။ မိသားစုတွေဟာ ဘာကြောင့်များ တစ်မိုးအောက်မှာ ရာသက်ပန် အတူနေခွင့် မရကြရတာပါလိမ့်။

ဘွားအေကြီးနာရေးမှာ မအိမ်မြိုင်ကို ကျောင်းက ခွင့်ကလေးခံကာ လေး၊ ငါးရက် ပြန်ခေါ်ထားခဲ့ရပြီး ပြန်သွားခဲ့ရသည်။ မြိုင်က သတိရတိုင်း ငိုရှာပါ၏။ အစ်ကိုမောင်မြတ်သာ ကတော့ မြေချကို မမီ။ ရက်လည်ဆွမ်းသွပ်အမီတော့ ရောက်လာခဲ့သည်။ အစ်ကိုက ရာထူး





တစ်ဆင့်တက်ပြီး ဗိုလ်ကြီးတောင် ဖြစ်သွားခဲ့ပြီကော။ တာဝန်တွေရှိသေးတော့ ရက်ကြာကြာ မနေနိုင်ခဲ့။ နှစ်ညအိပ်နှင့်ပင် ရန်ကုန်ပြန်သွားခဲ့လေသည်။ မအိမ်ကံကတော့ သမီးနှစ်ယောက် ကိုဖက်ရင်း မျက်ရည်တွေတွေကျရတာ အကြိမ်ကြိမ်ပင်။

"အမေလည်း အသက်ရရှာပါပြီ အိမ်ကလေးရယ်...အိမ်ကံလေးတောင် အရွယ်ရ ပြီပဲ...တစ်နေ့ လူတိုင်းကြုံကြရမှာပါကွယ်...စိတ်ကို ဖြေပါ..."

ကိုပြေသိမ်းက အားပေးခဲ့သည်။ အမေ့အတွက်ရည်စူးကာ မအိမ်ကံစိတ်ရှိသလောက် လှူဒါန်းခဲ့သည်။ သည်အိမ်ကြီးမှာ နောက်ထပ်ကြုံရတာတွေကလည်း ပြောလို့ပင် ယုံစရာမရှိ။ မတော်တဆတိုက်ဆိုင်မှုပဲလား၊ တစ်စုံတစ်ရာသော ပယောဂပေပဲလား။ မအိမ်ကံ မသိ။ အမေပန်းရုံဆုံးပြီး ဆယ့်တစ်လအကြာမှာ မလှအုံ ဆုံးပြန်သည်။

၁၃၂၀ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၃ ရက်။

ထိုနေ့က မလှအုံကပင် 'နောက်လ ညည်းအမေဆုံးသာ အခါလည်ပြည့်ပြီတော်... သူတော်ကောင်းမကြီး...မနေ့တစ်နေ့ကလိုပါပဲအေ' လို့ပြောခဲ့သေးသည်။ မလှအုံက ဖျားခဲ နာခဲသည်။ ဖျားတယ် နာတယ်ရယ်လို့လည်း မရှိ။ သူ့ဆေးနှင့်သူ တောင်စမ်းစမ်း၊ မြောက် စမ်းစမ်း ပျောက်သွားရတာများသည်။ အမေဆုံးတော့ တစ်အိမ်လုံး မလှအုံခေါင်းပေါ် အထုပ် ကျလာခဲ့သည်။ သူပဲအဖေ၊ သူပဲအမေဆိုသလို အမေ့အရာထားကာ နေရာပေးခဲ့ကြသည်။ ကိုပြေသိမ်းကပင် မလေးမစားမရှိ။ ညနေဘက် ထမင်းစားသောက်ပြီး အိပ်ရာဝင်မှာ မူးသည် ဆိုကာ သွေးဆေးလျက်တာ မြင်လိုက်ရသေးသည်။ ညရှစ်နာရီလောက်မှာ ချွေးစေးတွေ ပြန်လာ ရာက ဆုံးပါးခဲ့ရခြင်းဖြစ်၏။ မအိမ်ကံတို့မှာ ဆေးဆရာတောင် ပြေးပင့်ချိန်မရလိုက်ကြ။

သေခြင်းတရားကို မအိမ်ကံ ထိတ်လန့်သွားခဲ့သည်။ ဘယ်လိုဖြစ်ရတာလဲ။ မမြင် နိုင်သည့် စွမ်းအားတစ်ခုကများ ရှေ့မှုပြောခဲ့ဖူးသလို မြားတစ်စင်း ရှဉ့်တစ်ကောင်ပစ်သလို ပစ်ချနေတာများလား။ မအိမ်ကံတို့အိမ်ကြီးကိုပဲ ခလုတ်တိုက်နေကြရော့သလား။ ကိုဖိုးငွေ၊ ဖိုးတုတ်၊ ဖိုးကူး၊ ကျေးဥ...။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြရှာသည်။ မျက်ရည်မကျကြဘဲ အံ့သြလွန်းစွာ ကြောင်နေကြတာကို မအိမ်ကံ ရင်နာရသည်။

တစ်ရွာလုံးလိုလိုကလည်း အံ့သြကြလေ၏။

"မပန်းရုံနဲ့လှအုံက တူအရိုးဆိုပေသိ အင်မတန်ချစ်ကြရှာသာကိုး...တစ်သက်လုံး မပန်းရုံအနား နေသွားခဲ့သာကြည့်ပါလား...အခုလည်း လွမ်းလို့လိုက်သွားသာနေမှာ ပေါ့...တို့မသိကြလို့သာကိုး...သူ့ခမျာ ရင်ထဲ ဘယ်လောက်မီးတောက်အောင် လွမ်းနေမှန်းမှ မသိသာ..."

ရွာကသက်ကြီးရွယ်အိုတွေ ပြောကြသည့်စကားများဖြစ်၏။ မအိမ်ကံကတော့...။ လက်ချောင်းတွေ တစ်ချောင်းပြီးတစ်ချောင်း ပြုတ်သွားခဲ့သော ကင်းခြေများတစ်ကောင်လို ခြေထောက်တွေရှိသေးတာပဲလေလို့သာ ဖြေရတော့၏။

"မအိမ်ကံတို့အိမ်ကို စုန်းတိုက် နတ်တိုက် ဓာတ်တိုက် သိုက်တိုက်တွေများ လုပ်ထား ကြသလားအစ်ကိုရယ်...သည်လောက်တောင်ဆိုတော့လည်း မလွန်လွန်းဘူးလား... မအိမ်ကံတော့ အိမ်ကို ရွတ်ဖတ်ပြီး သန့်ပစ်ချင်သယ်..."

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး အိမ်ကလေးရယ်…ဖြစ်ချင်တော့လည်း ဖြစ်တာပါပဲ…လူတိုင်းမှာ ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခတွေ ရှိကြတာချည်းပါ…အိမ်ကလေး စိတ်သန့်အောင် လုပ်ချင်လည်း လုပ်ပါလေ…လုပ်ကောင်းတဲ့ကိစ္စပဲ…"

မလှအုံ့ဆုံးပြီး တစ်လလောက်မှာ မအိမ်ကံနှင့် ကိုပြေသိမ်းတို့ ပြောဖြစ်ခဲ့ကြသည့် စကားများဖြစ်ပါ၏။

တစ်ခါတစ်ခါတော့လည်း သူတို့ဘဝတွေထဲက ကျေးဇူးကြီးလှသူတွေကို မအိမ်ကံ သတိထားမိသည်။ ဆိုပါတော့…ကိုဖိုးငွေ။ မလှအုံ့နှင့်ပတ်သက်ရသော်လည်း တစ်သက်လုံး ချီသည်ခါးသည် မပြောဘဲ မအိမ်ကံတို့ယာခင်း ကိုင်းခင်းတွေထဲမှာ နှစ်ပေါက်ရှိရရှာသူဖြစ်သည်။ အဖေဘက်က အမျိုးဆိုသော်လည်း အမေပန်းရုံကို ချစ်ရှာသူလည်းဖြစ်သည်။ သည်အိမ်ကြီးမှာ တကယ်တမ်းပြောကြေးဆိုလျှင် ကိုဖိုးငွေတို့သားအဖတစ်တွေ၏ ကျေးဇူးက ပို၍ပင်ကြီးကြရှာပါ၏။ လှည်းနှင့် နွားနှင့် သစ်စူး ဝါးစူး နေပူဆောင်းချမ်း တကုပ်ကုပ်ရှိကြသူတွေပင်။ အချိန်တန်လို့ ယာသီးယာနှံတွေ ထွက်ပြန်တော့ အခေါက်ခေါက်အခါခါ သူတို့ပဲ ပင်ပန်းတကြီး သယ်ရ တိုက်ရ သိုးနှံသိမ်းကြရတာတွေကို မြင်နေရသည်။ ပြေးပါဦးဟဲ့၊ သွားပါဦးဟဲ့၊ ဝိုင်းပါဦးဟဲ့ ဆိုတော့လည်း သူတို့ပင်။ ဖိုးတုတ်ကကော။ ကျေးဥနှင့် အိမ်ထောင်ကျတာပဲရှိသည်။ ယောက္ခမ အရီးကြာညွန့်တို့ ဆင်းရဲသော်လည်း ကျုပ်သွားလုပ်ကျွေးချေဦးမည်မရှိ။ ကျေးဥနှင့်အတူ မအိမ်ကံတို့ အမိုးအောက်မှာ ဥမကွဲသိုက်မပျက် နေခဲ့ကြသည်သာ။ သည်လိုဆိုတော့လည်း အရီးကြာညွန့် မပူမပင်ရအောင် မအိမ်ကံက စောင့်ရှောက်ရပြန်ပါ၏။

"အစ်မအုံ့ ဆုံးရှာတော့ ကိုဖိုးငွေကြီးတို့သားအဖတစ်တွေ တစ်မျိုးတွေးနေကြပါဦးမယ် အိမ်ကလေးရယ်…ပြောချင်တာက အရီးလှအုံ့နဲ့စပ်မှ တော်ရသူလို့ မြင်သွားမှာစိုးလို့ပါ…သည်အိမ်မှာ ကျွန်မတို့နဲ့ တစ်သက်လုံးနေပြီး စောင့်ရှောက်ပါလို့ အိမ်ကလေး ပြောရမယ်…သူတို့ကလည်း နေမယ့်သူတွေပါပဲ…သို့သော်လည်း နှုတ်နဲ့ထုတ်ပြောမှ လိပ်ပြာသန့်ရှာကြမှာပဲ…"

"မှန်သယ်အစ်ကို…မအိမ်ကံလည်း စဉ်းစားထားပြီးသားပါ…ကျေးဥအပါအဝင် အားလုံးကို မအိမ်ကံ တစ်ညခေါ်ပြောပါဦးမယ်…ဝိုင်းထဲက အိမ်ကလေးထဲ မနေခိုင်းတော့ဘူး…သည်အိမ်ကြီးပေါ်မှာပဲ အကုန်အတူနေကြသာပေါ့…"

တစ်ညမှာတော့ မအိမ်ကံခေါ်ပြောခဲ့သည်။ ဝမ်းသာကြရှာပါ၏။ ကိုဖိုးငွေက မလှအုံ့ကို သတိရပုံပေါ်သည်။ ငိုရှာ၏။ သားတွေ ချွေးမတွေကလည်း ငိုကြသည်။ ကိုဖိုးငွေက မျက်ရည်တွေ ပုဆိုးခါးပုံနှင့်သုတ်ရာက ပြောသည်။

"အေးပါ ငါ့နှမရာ…တို့ကလည်း မခွဲပါဘူး…ညည်းတို့ကိုင်းတွေယာတွေ သူများလည်း အလုပ်မခံပါဘူး…တို့နေရသာလည်း မသိမ်ငယ်ပါဘူး…တစ်သက်လုံးသည်လိုနေလာခဲ့ကြသာပဲဟာ…ကြာပင်အောက်က ဖားမော့ရသာမျိုးမှ မဟုတ်သာပဲ"

မအိမ်ကံ ခေါင်းထဲမှာ အကြောင်းအရာတွေ ပြေးလွှားနေသည်။ ခါတိုင်းလည်း စိတ်မရောက်တာတော့မဟုတ်။ တစ်ကြောင်းမဟုတ် တစ်ကြောင်းတော့ စိတ်ရောက်ရသည် ချည်း။ အမေပန်းရုံတို့ မလှအုံ့တို့မရှိတော့ သတိလက်လွတ် ငှက်တောင်ကျွတ်နေချင်လို့ မရတော့။



အစစအရာရာ မအိမ်ကံခေါင်းပေါ်မှာ အိမ့်ဝန်ထုပ်ကြီး ရွက်ထားရပြီ။ စစ်ကြီး ပြီးစခေတ်ကာလမကောင်းတုန်းက ရွာမှာ အလှူအတန်းတွေ ရပ်ဆိုင်းသွားခဲ့သည်။ လွတ်လပ်ရေးရပြီးတော့လည်း ဆူဆူပူပူဆိုတော့ သားကြီးရှင်ဖြစ်တွေသာများခဲ့ပါ၏။ သည်ဘက်နှစ်တွေမှာတော့ ရွာပြန်စည်လာခဲ့သည်။ အလှူသံ ဆိုင်းသံတွေ ကြားရပြန်ပြီ။ ရှားကွမ်းတောင်ကိုင်ကလေးတွေပင် ရှိလာခဲ့ပြီ။

အစ်ကိုလေး ကိုစံကောင်းမိန်းမဘက်က တူမတစ်ယောက် ကွမ်းတောင်ကိုင် အရွေးခံရတော့ အလှူရှိလျှင် မအိမ်ကံကပဲ ညွှတ်နေအောင်ဆင်တာတွေအထိ ပါခဲ့ရသည်။ ရွှေမှုံ့သမီး မှုံနှံ့သာတောင် ဆယ့်ခြောက်နှစ်ထဲရောက်ပြီ။ မိဘက သောင်သာသည့်တိုင် မှုံနှံ့သာက ခါးကျိုးအောင် အလုပ်လုပ်သည့်အသံတွေတော့ ကြားရပါ၏။

မအိမ်ကံ အိပ်ရာက ထလာခဲ့ကာ အောက်ထပ်ကို ဆင်းလာခဲ့သည်။ အိပ်ရာထဲ လှဲနေတော့ စိတ်တွေက ဟိုရောက်သည်ရောက်နှင့် မလန်းချင်။ အသက်လေးဆယ်ပြည့်သည့်နေ့တစ်နေ့တော့ မအိမ်ကံ အေးအေးလူလူနေချင်သည်။ အောက်ထပ်မှာ သမီးငယ်ခိုင်က ကျောင်းစာတွေလုပ်နေသည်။ ခိုင်တောင်မှ သည်နှစ်ပြီးလျှင် ရွာကျောင်းက အတန်းကုန်ပြီ။ ခိုင့်ကို မြို့ပို့ပြီး ပညာသင်ရေး၊ မသင်ရေး မအိမ်ကံ မဆုံးဖြတ်နိုင်သေး။

ကျေးဥက မီးဖိုချောင်မှာ။ မအိမ်ကံဝင်လာတော့ ကျေးဥက ထမင်းစားတော့မလားမေးသည်။

"ကနေ့ မအိမ်ကံ အလှူလုပ်လိုက်ရသာ ဝမ်းသာလိုက်သာကျေးဥရယ်…ညည်းတို့သားအဖတစ်တွေတော့ ညကျမှ လူစုံတက်စုံ ငါပေးစရာရှိသာပေးမယ်…ကိုဖိုးငွေကြီးကို စိတ်ပြေလက်ပျောက် ဒုလ္လဘ ခုနစ်ရက်လောက် ဝတ်ခိုင်းလိုက်ချင်သေးသယ်…မလှအုံ့လည်း ကုသိုလ်ရသာပေါ့…"

"ကောင်းသာပေါ့အေ…တို့တော့အေ ပေးစရာမလိုပါဘူး…တို့မိသားစုက အိမ်သားတွေပဲဟာ…ညည်းပေးကာမှ တို့မှာ စိတ်ထဲတစ်မျိုးဖြစ်ရပါဦးမယ်အေ…"

"မဟုတ်ပေါင်အေ…သည်သဘောမပါပါဘူး…ဝယ်ချင်သာဝယ်ကြ လှူချင်သာလှူကြရသာပေါ့…ငါပိုင်းဖြတ်ပြီးသားပါ…"

သည်လိုဆိုတော့လည်း ကျေးဥ ဘာမှမပြောတော့ပါ။ ကျေးဥက လက်နှီးစကိုကိုင်ရင်း ဟင်းအိုးချသည်။ ရေနွေးအိုးပူလက်စကို ဆက်တင်သည်။ ကျေးဥလက်ရာက မလှအုံ့လက်ရာကိုမီလို့ စားရေးသောက်ရေး အဆင်ပြေပါ၏။ ကျေးဥက မအိမ်ခိုင် ထမင်းစားဖို့ ဟင်းနွှေးခြင်းဖြစ်သည်။ လက်နှီးစကို အသာချလိုက်တော့ မအိမ်ကံ ကျင်ခနဲ ခံစားလိုက်ရပါ၏။ ကိုပြေသိမ်း၏ ပုဆိုးပိုင်းအဟောင်းကို လက်နှီးလုပ်ထားခြင်းဖြစ်သည်။ ကိုပြေသိမ်းဝတ်နေကျ ပခုက္ကူကျေးတစ်ရာ ပုဆိုးဟောင်း။

"ညည်း အဲသည်လက်နှီးစုတ် လွှင့်ပစ်ပါ ကျေးဥရယ်…ညည်း ငါပြောထားသားနဲ့…"

"မအိမ်ကံရယ်…မဟုတ်သာအေ…အဲသလောက်အထိ ညည်းမပါပါနဲ့အေ…ငါ မပစ်ရက်ပါဘူး…ဆရာလေးပုဆိုးဟဲ့…"

www.burmeseclassic.com

www.burmeseclassic.com

"ညည်းမပစ်ရက်ရင် ငါပစ်သယ်အေ..."

မအိမ်ကံ ပုဆိုးဟောင်းလက်နှီးစကို မီးဖိုထဲ ပစ်သွင်းလိုက်သည်။ ညှော်နံ့တွေ ထောင်းခနဲထကာ တဖျစ်ဖျစ် တောက်လောင်နေတာကို မအိမ်ကံ စိုက်ကြည့်နေခဲ့ပါ၏။ ကျေးဥက တစ်ဖက်လှည့်ရင်း မျက်ရည်ဝဲနေခဲ့သည်။ ထိုစဉ်မှာပင် အိမ်ဝိုင်းဝဆီက အော်သံ ကြားလိုက်ရသည်။

"တောပုန်းရည်လေး အားပေးကြပါဦးဗျာ...တောသည်ပါ...အိမ်ရှင်တို့..."

မအိမ်ကံ ဆတ်ခနဲတုန်သွားခဲ့သည်။ တောပုန်းရည်...။ မအိမ်ကံ ခြံဝကို ရင်တလှပ်လှပ်ဖြင့် ထွက်လာခဲ့လေသည်။

ကိုပြေသိမ်း ပုဆိုးဟောင်းက တဖျစ်ဖျစ် တောက်လောင်နေဆဲ...။

■

(၃၃)

မအိမ်ကံ ဝင်းတံခါးကြီးလှပ်လိုက်သည့်အခါ တောပုန်းရည်သည် ဆိုသူကို ညစ်ထေးထေး ပေစုတ်စုတ် အဝတ်အစားဖြင့် တွေ့လိုက်ရသည်။ သူက မအိမ်ကံကို တစ်ချက်မော့ကြည့်ပြီး လွယ်ထားသောလွယ်အိတ်ကြီးကို ပုတ်ပြသည်။ ရေနှင့်မိုးနှင့် ဘယ်လောက်တောင် ဝေးနေသည်မသိ။ ချဉ်တူးတူးချွေးနံ့က ထောင်းထောင်းပင် ထနေခဲ့သည်။ မုတ်ဆိတ်ကျင်စွယ် များ ရိတ်မထားတာကလည်း ကြာပြီဆိုတော့ မုတ်ဆိတ်တွေက ရသေ့မုတ်ဆိတ်လို အမျှင်လိုက်ကျနေကြ၏။ မအိမ်ကံက ခြေဆုံးခေါင်းဆုံးကြည့်ပြီးမှ ဝင်ခဲ့ပါဟု တစ်ခွန်းပြောရင်း လူတစ်ယောက်စာ ငုံ့ပေးလိုက်သည်။ မအိမ်ကံက ဝင်းတံခါးကို ပြန်ပိတ်လိုက်ပြီး တောပုန်းရည်သည်ရှေ့က ကျော်ကာ ပဲမှော်တိုက်ဘက်ဆီ လျှောက်လာခဲ့သည်။ တောပုန်းရည်သည်လည်း လိုက်လာခဲ့သည်။

တောပုန်းရည်...။

သည်စကားလုံးက လျှို့ဝှက်စကားလုံးဖြစ်သည်။ ကိုပြေသိမ်း တောခိုခဲ့ပြီဆိုသည့်နောက်ပိုင်း တောပုန်းရည်သည်အဖြစ် ဈေးသည်တစ်ယောက် ရောက်လာသည့်အခါတိုင်း အဆက်အသွယ်လုပ်ရန် ပထမတစ်ခေါက်ပို့လိုက်သည့်စာမှာ ပါခဲ့ခြင်းကြောင့်ဖြစ်သည်။

ကိုပြေသိမ်း၏ ရက်စက်မှုက မအိမ်ကံအတွက် သည်းကြီးအူပြတ် ဖြစ်ခဲ့ရသည်။ ဂျပန်ခေတ်တုန်းက မပြောမဆို စစ်ထွက်ခဲ့ဖူးသည်။ အနောက်တန်းရွာတွေကို သွားရင်းက မြစ်နားတန်းမှတစ်ဆင့် တော်လှန်ရေးထဲ ပါသွားခဲ့ခြင်းဖြစ်သည်။ သည်တုန်းကလည်း ဘယ်သူ့ကိုမှ ဘာအသိမှ ပေးခဲ့တာမရှိ။ မယားရယ် သားရယ်လို့ မှာခြွေစကား တစ်လုံးတစ်ပါဒ ဖွင့်ဟခဲ့တာမရှိ။ တစ်ချိန်လုံး နူးညံ့စွာနေထိုင်ခဲ့ရာက ကောက်ကာငင်ကာ ပစ်ထားရက်ခဲ့သော ကိုပြေသိမ်း၏ စိတ်ကိုလည်း နားလည်ရခက်ခဲ့သည်။ လိုအပ်လာလျှင် သူ့မှာ သံယောဇဉ်မရှိ။ လေးစားမှုမရှိသူပါလားလို့ ထိုစဉ်ကတည်းက မအိမ်ကံ သဘောပိုက်ခဲ့မိပါ၏။ အမေပန်းရုံတို့ မလှအုံတို့ကပင် အံ့သြခဲ့ကြသည်။ မယားတောသူကို ပစ်ရက်ခဲ့တာထား၊ ရင်သွေးကလေးကိုပင် ပစ်ပယ်ရက်နိုင်သော နှလုံးသားကို အံ့သြခြင်းဖြစ်သည်။ လိုအပ်လျှင် ဒါမျိုး နောက်တစ်ခါလည်း ရှိဦးမှာပဲလို့ မအိမ်ကံ ကြိုတွေးထားခဲ့တာ မမှားပါလား။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ခေတ် တော်လှန်ရေးထဲ လိုက်သွားတုန်းကလည်း သူတကာပြန်လာလို့ မပြန်ခဲ့၊ စစ်ကြီးပြီးလို့ အတော်ကြီးကြာမှ ပြန်လာခဲ့ခြင်းဖြစ်သည်။ သေလေသလား၊ ရှင်လေသလား မသိ။ အိမ်သူအိမ်သားတွေ စိတ်ပူနေရော့မလားမရှိ။ စာတစ်စောင်ပေတစ်ဖွဲ့မပြောနှင့် သတင်း အစအနကလေးသော်မှ မကြားခဲ့ရ။ အိမ်လည်လွန်ရာက ပြန်ရောက်လာသလို မထီတရီ ရောက်လာခြင်းမျိုးပင်။ သည်တုန်းကလည်း မအိမ်ကံစိတ်ကို ယတိပြတ်ဖြတ်နိုင်ခဲ့ပါ၏။ ဇဝေ ဇဝါမရှိ။ မပြတ်မသားမရှိ။ သူကမှ မကြင်တာ ကိုယ်က မင်စရာမရှိလေလို့သာ အောက်မေ့ခဲ့ သည်။ ချင်းစိမ်းနှင့်မိသလင် သဘောထားခဲ့သည်။ ပြန်လာတော့လည်း အကောင်းပင်။ တန်ခိုးရှင်တစ်ယောက်က ဆေးနှင့်တို့ကာ ညှို့ခေါ်သွားသလိုလိုနှင့် ပြီးခဲ့ရသည်။

အခုတစ်ကြိမ်ကတော့ အရက်စက်ကြီး ရက်စက်လွန်းလှသည်။ ၁၃၁၉ ခုနှစ်၊ ဝါခေါင် လထဲမှာ အမေပန်းရုံ ဆုံးသည်။ ၁၃၂၀ အမေပန်းရုံဆုံးတာ အခါမလည်ခင် တစ်လအလို ဝါဆိုလထဲမှာ မလှအုံ ဆုံးပါးပြန်သည်။ မအိမ်ကံတို့အိမ်ကြီးတစ်အိမ်လုံး ခြောက်ခန်းသွား ရသည်အထိ အထိနာခဲ့သည်။ အမေနှင့်အစ်မ နှစ်ပါးစလုံး ဆုံးရှာကြလို့မအိမ်ကံ တအားလျော့ ခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် ငါ အမေနေရာရောက်ပြီ၊ အစ်မနေရာရောက်ပြီပဲ၊ ငါ့ဘဝ ငါပဲရုန်းရ မှာ၊ ငါဝမ်းနည်းပူဆွေးနေလို့ မဖြစ်ဘူးဆိုသည့်စိတ်ဖြင့် မိမိကိုယ်မိမိ ထူမတ်ထားခဲ့ရသည်။ အနားမှာ လင်သားရှိသည်။ အရွယ်ရောက်ကြပြီဖြစ်သော သမီးနှစ်ယောက်ရှိသည်။ ကိုဖိုးဓွေ တို့သားအဖတစ်တွေ ရှိကြသေးသည်။ ကျေးဥရှိသည်။ နောက်ဆုံး ရွာနှင့်ရပ်နှင့် ရှိကြပါ သေး၏။ သည်စိတ်ဖြင့် မလဲမပြို ရပ်တည်နေနိုင်ခဲ့ခြင်းဖြစ်၏။

"ကျေးဥရယ်…ညည်းတို့သားအမိ သားအဖတစ်တွေရှိခဲ့သာ ငါ့ဘဝမှာ သိပ်ကိုအကျိုး ရှိခဲ့သယ်…လူတွေ မအိမ်ကံတို့အိမ်ကြီးက တစ်ဦးစီပဲ့တော့မှ သည်ကျေးဇူးတရားတွေ ကို မအိမ်ကံ ပိုသိလာသယ်…အထူးသဖြင့် ညည်းပေါ့အေ…ညီအစ်မရင်းနဲ့မခြား ငါ့အနွံအတာခံခဲ့သာ အပြောအဆိုခံခဲ့သာ…အစီးအပိုးခံခဲ့သာတွေ ငါနားလည်ပါ သယ်…ငါ့အမှားရှိခဲ့ရင်လည်း ခွင့်လွှတ်ပါအေ…ငါနဲ့လည်း တစ်သက်လုံးသာ နေပါ…မြိုင်တို့ ခိုင်တို့ကိုလည်း သမီးတွေလို စောင့်ရှောက်ပါ…အမေတို့ မလှအုံတို့ မရှိတော့သာ…အရီးကြာညွှန့် မရှိတော့သာ မအိမ်ကံမှာ လက်နှစ်ဖက်ပြုတ်ရသလို ပါပဲ…ကိုပြေသိမ်း ဆိုသာကတော့ လင်သားပေါ့အေ…အိမ်ဦးနတ်ဆိုရင်လည်း ဟုတ်ပါရဲ့…နို့ပေသိ ဘုရင်နဲ့ မိဖုရားဆိုသာ တစ်ချိန်လုံး ရာဇပလ္လင်ပေါ်ချည်း ထိုင်နေကြရသာမဟုတ်ဘူး…ဘုရင်ကလည်း ဘုရင့်အလုပ်…မိဖုရားကလည်း မိဖုရား အလုပ်ဆိုသာလိုပဲ…မအိမ်ကံချည်း လုပ်ရသဲ့အလုပ်တွေရှိသယ်…ကိုပြေသိမ်း မပါရ မယ့်အလုပ်တွေရှိသယ်…အဲသာမျိုးမှာ အားကိုးရသဲ့အဖော်ဆိုသာ သိပ်ကိုအရေးကြီး သာမဟုတ်လား…သည့်အတွက် ညည်းကျေးဇူးတွေ ရှိသယ်လို့ပြောသာ…"

ကြီးခေါင်ကြီးမား အရွယ်ရောက်နေပြီဖြစ်သည့် သမီးခိုင့်ကို ထမင်းခွံ့နေသော ကျေးဥ ကိုကြည့်ရင်း မအိမ်ကံ ဝမ်းပန်းတနည်း ပြောမိခဲ့သည်။ ကျေးဥက သူ့သားနှစ်ယောက်ကိုပင် အဲသည်လောက် ဂရုတစိုက်မရှိ။ တောသူတောင်သား သားသမီးပီပီ လှည်းပေါ်လိုလို၊ သစ်ပင် ရိပ်လိုလို၊ တလင်းပြန့်ပေါ်မှာလိုလို ပစ်ထားခဲ့တာများသည်။ မြိုင်နှင့်ခိုင်တို့ကိုတော့ အရိပ် တကြည့်ကြည့် ရှိခဲ့ရသည်။ သည်သမီးနှစ်ယောက်ကလည်း ကျေးကျေးချင်းထပ်ကာ မအေ့ ထက်ပင် သံယောဇဉ်ပိုကြသေးသည်။ မအိမ်ကံထက် ကျေးဥကို ပိုကပ်ကြသည်။ တစ်အိမ်လုံး ကိစ္စကို ကျုံးကျုံးရုန်းရုန်းရှိရသူ မအိမ်ကံကိုယ်တိုင်ကတော့ သမီးတွေနှင့် အဟပ်ကွာခဲ့ရတာတွေ ရှိသည်။ လှည့်မကြည့်နိုင်တာတွေ ရှိခဲ့သည်။ သည်တာဝန်ကို ကျေးဥ ယူခဲ့ပါ၏။ ဝတ်ကျေ တန်းကျေမဟုတ်။ မျက်နှာပြ လုပ်ရုံမဟုတ်။ ရင်နှင့်အမျှ သွေးမခြား သားမခြား ရှိလွန်းရှာသူ ဖြစ်သည်။

"ငါ့တော့ မပြောပါနဲ့အေ…ညည်းနဲ့ငါ အပျို မပေါက်တပေါက်ကတည်းက ချစ်ခင်ခဲ့ ကြသူတွေပဲဟာ…ညည်းအကြောင်း ညည်းအမေတောင် ငါ့လောက်မသိပါဘူး… အတူအိပ် အတူစား အတူသွားခဲ့ကြသာ သည်အရွယ်တွေတောင် ရောက်ကြပေါ့ ဟာ…သည်အိမ်ကြီးကို ဘယ်တုံးကမှ ငါ့အိမ်မှမဟုတ်သာလို့ ငါမတွေးမိခဲ့ပေါင် အေ…ညည်းကျေးဇူးသာ ငါတို့မိသားစုမှာ ပုံအောတကြီးရှိခဲ့သာပါ…အမေကဆိုရင် အမြဲဆုံးမသယ်…စိတ်နဲ့တောင် မပြုစုမိစေနဲ့သဲ့…သည်ကြားထဲ ညည်းတူနဲ့ အိမ် ထောင်ကျပြန်တော့ ဆွေမျိုးတောင် တော်ရပါသေးသယ်…ညည်းသာ စိတ်ချမ်းသာ အောင် နေပါအေ…ငါက ညည်းမျက်နှာကိုကြည့်သာနဲ့ ညည်းပျော်နေသလား… ဝမ်းနည်းနေသလား သိပါ့…သည်ရက်ထဲ ညည်းစိတ်ဆင်းရဲနေသာ ငါသိသယ်…"

ကျေးဥပြောသလိုပင် မအိမ်ကံ စိတ်ဆင်းရဲနေခဲ့တာလည်း အမှန်။ မျက်နှာကို ချိုထား သော်လည်း စိတ်နှလုံးက ညှိုးငိုက်နေခဲ့ရသည့် ရက်တွေများလှပြီ။ ကျေးဥက မအိမ်ကံ ခံစား မှုကို သိနေသည့်အတွက် အံ့တော့လည်းမသြမိ။ ကျေးဥက အစင်းသိ အတွင်းသိမဟုတ်လား။ မအိမ်ကံ့စိတ်ကို သိသည်။ မအိမ်ကံ့ခံစားမှုကို သိသည်။ မအိမ်ကံ့ရင်ထဲက စကားတွေကို နှုတ်ကထုတ်မပြောသည့်တိုင် ကြားနိုင်သူဖြစ်သည်။ မအိမ်ကံကိုယ်တိုင်က စမြင်းဒေါသမကျေ နိုင်သော ဝေဒနာသည်လို ဖြစ်နေရချိန်မှာ ကျေးဥတစ်ယောက်သာ မိန်းမဖော်ရယ်လို့ ရှိတော့ တာကို တွေးမိရာက ကျေးဥကိုသာ တွယ်မိတွယ်ရာ တွယ်ရတော့၏။ ကျေးဥကလည်း မအိမ်ကံအတွက်ဆို ခေါင်းကဆံပင် ရင်ကအသည်းပင် ပေးဝံ့ရဲသူ။

၁၃၂၁ ခုနှစ်မှာ မြိုင် ဆယ့်ငါးနှစ်ပြည့်ပြီ။ ခုနစ်တန်းကျောင်းသူကြီးဖြစ်နေပြီ။ မလှအုံက မြင်းခြံကျောင်းတစ်ကျောင်းလုံးမှာ မအိမ်မြိုင် အလှဆုံးလို့ ဆိုခဲ့သည်။ ဟုတ်လည်း ဟုတ်ပါရဲ့။ ကျေးဥကို အဖော်ခေါ်ရင်း မြင်းခြံကို လိုက်သွားလေတိုင်း သမီးကြီးမြိုင်နှင့်အတူ ကျောင်းဝကို ရောက်အောင်သွားခဲ့သည်။ ဝါ ကဆုန်၊ နှမ်း နယုန်။ သူ့အခါနှင့် သူ့ရာသီ 'မျိုးစေ့မြေကျ' ရှိကြရသည်။ စိုက်မိပျိုးမိပါပြီဆိုကတည်းက အရိပ်တကြည့်ကြည့် ရှိကြရသည်။ အပင်တွေသန် အဖူးတွေစီတော့လည်း ဝမ်းသာရသည်။ ရိတ်ချိန်သိမ်းချိန် ဆင်ရာတိမ်မိုးလွှတ် အောင် ဖိဖိစီးစီးရှိကြရသည်။ ပုတ်ထဲ ကျီထဲရောက်အောင် သွင်းကြရသည်။ သမီးမိန်းကလေး များကကော ဘာထူးလို့လဲ။

မွေးမိပါပြီဆိုကတည်းက အရိပ်တကြည့်ကြည့် ရှိကြရပြီ။ မြင်းကြမ်းစီးရင် ဇက်ကြိုး ကိုင်တတ်ရတယ်သမီးရဲ့လို့ အဖေပြောခဲ့ဖူးသည့်စကားလိုပင်။ ကျောင်းရိပ်ထဲ ဝင်သွားသည့် သမီးကို ကျေးဥနှင့်အတူငေးရင်း မအိမ်ကံ သမီးချောကို စိတ်မချနိုင်ဘဲရှိရပါ၏။ မိန်းကလေးများ ချောပြီလှပြီဆိုလျှင် ကျွဲခေါင်းစေးနဲ့လို တွယ်ချင်ကပ်ချင်ကြတာမျိုးလည်း ရှိသေးတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

လား။ မြို့ကျောင်းမှာနေရလို့လားတော့မသိ။ သမီးကြီးမြိုင်က နှုတ်သွက်လျှာသွက်ကလေးတော့ ဖြစ်လာပါ၏။ ကြီးကောင်ဝင်လာတော့ ဖအေ့ဘက်ပိုတူသည်။ ယောက်ကျချော (ယောကျ်ားချော) ချောသဖြင့် တစ်ဘာသာအလှကို ပိုင်ဆိုင်ခွင့်ရသူကလေးပင်။ မအိမ်ကံ၏ အသားအရေနှင့် ကိုယ်လုံးကိုယ်ပေါက်ကိုပါ အမွေရထားသည်ဖြစ်၍ ရှုမဆုံးရှိခဲ့ရသည်။ အလှတွင် အယဉ်ဆင့် မြင်သူတိုင်း တင့်သူကလေးပင်။

"ကျေးဥရယ်...ငါ့သမီး မချောဘူးလား...ဖအေတူပါကောအေ့...ငါဖြင့် အားရချက်တော့...သည်ရုပ်သည်ရည်မှ ကွမ်းတောင်ကိုင်မဖြစ်ရင် ဘာသားမို့တုံး..."

"သြော် အေရယ်...ညည်းသမီးက မြေမာကို ခေါင်းထိုးပြီး ပွင့်ရသဲ့မှိုမှမဟုတ်သာ...မွေးပါပြီဆိုကတည်းက ရွှေပေါ်မြတင် မွေးခဲ့သဲ့ကလေး...လှပြီချောပြီပေါ့အေ့...ငါ့တူမကလေး ပညာတတ်ဖြစ်ရသာကို ငါဝမ်းသာသာ..."

ကျေးဥက ကွမ်းတောင်ကိုင်မဖြစ်တော့လည်း အရေးမကြီးပါဘူးလို့ မပြောဝံ့တော့ ပညာတတ်ဖြစ်ရတာကို ဝမ်းသာကြောင်းလောက်နှင့် ရပ်ထားလိုက်ခြင်းဖြစ်သည်။ မအိမ်ကံနှင့် နှစ်ယောက်အတူ မောင်သက်မင်းတို့အိမ်က ပြန်ခဲ့တော့လည်း လှည်းပေါ်မှာ သမီးအကြောင်း တွေချည်း ပြောလာခဲ့သည်။ မအိမ်မြိုင် ခုနစ်တန်းနှစ်မှာ မအိမ်ခိုင်က ဆယ့်နှစ်နှစ်သမီး ရွာကျောင်းမှာပဲ ကျောင်းတက်နေဆဲ။ မအိမ်ခိုင်လည်း လှတာပါပဲ။ ခိုင်က မအေတူ။ ပါးပါး လျားလျားရှိတာတော့ ဖအေ့ဘက်တူပြန်သည်။ ဇောင်ချမ်းကုန်းမှာတော့ ပညာတတ် ကျောင်းသူ ညီအစ်မအဖြစ် နာမည်ရသလို ရုပ်ရည်ကြောင့်လည်း ထင်ပေါ်ခဲ့သည်။ သည်မိသားစု၊ သည်အသိုက်အမြုံကလေးအဖို့ ရေချမ်းစင်အိုးအောက်က သဲလို အမြဲတစိုစိုရှိခဲ့ရာက တစ်ရက်မှာတော့ နွေခေါင်ခေါင် မိုးကြိုးပစ်လိုက်သလိုအဖြစ်ကြီး ကြုံခဲ့ရသည်။ ထိုနေ့ကို မအိမ်ကံ မမေ့ပါ။

၁၃၂၂ ခုနှစ်၊ နယုန်လ၏ ရက်တစ်ရက်တွင်ဖြစ်၏။ ထိုနှစ်က သမီးကြီးမြိုင်က ဆယ့်ခြောက်နှစ်သမီး၊ ရှစ်တန်းကျောင်းသူ။ သမီးငယ်ခိုင်က ဆယ့်သုံးနှစ်သမီး။

မအိမ်ကံတို့အိမ်ကြီးမှာ ဒုတိယအကြိမ် ကြုံရပြန်သည့် 'ရှင်ကွဲ' ဖြစ်၏။

■

၁၃၂၂ ခုနှစ်၊ နယုန်လ...။

အမေပန်းရုံဆုံးပြီး သုံးနှစ်မပြည့်တပြည့်။ မလှအုံဆုံးပြီး နှစ်နှစ် မပြည့်တပြည့်။

၁၃၂၂ ခုနှစ်ထဲ ဝင်လာပြီဆိုကတည်းက ကိုပြေသိမ်း လမ်းများလာခဲ့သည်။ လက်ထောက်ဆရာတစ်ယောက် ခန့်ထားသဖြင့် တော်ရုံကျောင်းကိစ္စ လွှဲရပြီဆိုတော့ ကိုပြေသိမ်း ကျောင်းဘက်လှည့်တာ နည်းလာခဲ့သည်။ အိမ်ကို ဧည့်သည်တွေ အရောက်များလာသည်။ ကျေးဥနှင့် အေးငြိမ်တို့ပင် မီးဖိုချောင်က မထွက်ရသလောက်ဖြစ်ခဲ့သည်။ ဘယ်သူတွေပဲလာလာ ကိုကံကြီးမောင်ကတော့ ပါမြဲ။ တစ်ခါတလေ ဧည့်သည်တွေပြန်တာတောင် သူက လိုက်ပြန်ချင်မှပြန်သည်။ ကိုပြေသိမ်းနှင့် တကျိတ်ကျိတ်ရှိသော်လည်း မအိမ်ကံ ဘာကိုမှ ခေါင်းထဲမရှိ။ သူတို့နိုင်ငံရေးနှင့်သူတို့ ရှိကြပါစေလို့သာ သဘောထားခဲ့သည်။ ညဥ့်နက်သန်းခေါင်ရက်တွေ များလာလို့ တစ်ခါတစ်ခါ သတိပေးရတာကလွဲလို့ မအိမ်ကံ ဝင်မပါခဲ့။ ကိုယ့်ဝတ္တရားမပျက်





အောင် စီမံဆောင်ရွက်ပေးတာမျိုးဖဲရှိသည်။ ကိုကံကြီးမောင် ပြန်လျှင် ကိုပြေသိမ်း လိုက်ပို့တာတွေကလည်း အခေါက်စိတ်လာသည်။ မြင်းခြံရောက်တော့လည်း သမီးဆီရောက်တာပါပဲလေလို့ သဘောထားကာ သမီးအတွက် ထည့်သိုပေးလိုက်ရတာတွေလည်း ရှိပါ၏။

"အစ်ကို...သမီးကြီးဆီဝင်ပြီး အထည်ကလေးတွေပေးခဲ့ဦး...သိပ်နွမ်းသဲ့အဝတ်အဟောင်းတွေ ပြန်ထုပ်ပြီးယူခဲ့...မောင်သက်မင်းတို့ဖို့ အမဲခြောက်နဲ့ ဆီးယိုတွေ ထည့်ပေးလိုက်သယ်...မြင်းခြံလက်ဖက် များများဝယ်ခဲ့ဦး..."

မအိမ်ကံမှာသလို ပါလာတာလည်း ရှိသည်။ ပါမလာတာလည်း ရှိသည်။ တစ်ခါတစ်ခါ သမီးကြီးဆီကို မရောက်ခဲ့ရဆိုလို့ အံ့သြရတာများလည်း ရှိရပါ၏။ ဘယ့်နှယ်ပါလိမ့်။ သမီးပျိုဖားဖား သူတစ်ပါးအိမ်မှာ ရှိနေတာတောင် ဖအေက မရောက်ခဲ့ရဆိုတာကတော့ တဆိတ်လွန်လွန်းသည်ဟု ထင်ပါသည်။ မြင်းခြံက ထနောင်းတိုင်၊ ထနောင်းတိုင်ကမှ မြစ်နားရွာတွေဘက်ရောက်သွားလို့ပါဆိုပြန်တော့ ဟုတ်ကောင်းပါရဲ့ ဟုအောက်မေ့ခဲ့သည်။ နေပါဦး။ မြစ်နားရွာဘက် ဘာကိစ္စများ သွားရတာတဲ့တုံး။

မအိမ်ကံအဖို့ သံသယဖြစ်စရာ မရှိသလို သံသယဖြစ်စရာအကြောင်းလည်း မရှိပါ။ ဆယ့်ရှစ်နှစ်ကြာ ပေါင်းသင်းလာခဲ့သော လင်သားအကြောင်း မအိမ်ကံသာအသိဆုံး။ ကိုပြေသိမ်း၏ အကျင့်စာရိတ္တကို မအိမ်ကံ ယုံကြည်သည်။ ပြီးတော့ သမီးတွေအရွယ်ရောက်ကာမှ စာရိတ္တအားဖြင့် မှားစရာလည်းမလိုတော့။ သည်လိုကိစ္စတွေမှာ ယုံကြည်ပေသိ သူ့မှာ နိုင်ငံရေးညဥ်ကလေးတော့ရှိသည်။ သို့သော် သူသံယောဇဉ်တွယ်သော စာသင်ကျောင်းကလေးကို ပစ်ထားတာတွေ များလာသည်။ ကျောင်းမှာ ကိုပြေသိမ်းရှိမှ ပြီးရမည့်အကြောင်းကိစ္စတွေ ရှိသော်လည်း ကိုပြေသိမ်းမရှိသဖြင့် ရွှေ့ဆက်ဆောင်ရွက်မရတာတွေ ရှိလာသည်။ လက်ထောက်ဆရာလေးကိုအေးချမ်း အိမ်ကိုလိုက်လိုက်လာတာကို အားနာခဲ့ရပေါင်း များပြီ။

"အားနာစရာကောင်းလှအေ...ကျေးဥ ညည်းအစ်ကို ဘာတွေများ လမ်းများနေသယ်ပြောတတ်ပေါင်အေ...မအိမ်ကံကတော့ ဖြေရသာနဲ့တင် မျက်နှာပူလှပြီ...တာဝန်တွေတောင် မဲ့နေပါပကောအေ့..."

"အလုပ်ရှိလို့နေမှာပေါ့ မအိမ်ကံရယ်...ဆရာလေးလည်း သူ့အလုပ်သူတော့ သိမှာပါ...ပြန်လာမှာပေါ့အေ့...မြင်းခြံနဲ့ဇောင်ချမ်းကုန်း လာချင်တော့ တအောင့်ဟာကို"

တစ်ခါတော့ ကိုပြေသိမ်းနှင့်မအိမ်ကံ စကားများခဲ့ရသည်။ မအိမ်ကံက ကိုပြေသိမ်းရောက်လျှင်ရောက်ချင်း သမီးကိစ္စ အရင်မေးသည်။ သမီးအတွက် ပေးလိုက်သော သရေစာတွေ၊ မုန့်ဆီကြော်တွေ စားရဲ့လားမေးသည်။ ကိုပြေသိမ်းက မလှုပ်တလှုပ်လုပ်နေတော့ မအိမ်ကံစိတ်မရှည်။ သည်လိုက မေးရင်းမေးရင်း တစ်ယောက်တစ်ခွန်း စကားအချေအတင် ဖြစ်လာခဲ့ပါ၏။ မအိမ်ကံကလည်း မလျှော့တော့ပြီ။ ဘာမှန်းမသိရဘဲ မြင်းခြံသွားနေတာ ထားပါတော့။ မြင်းခြံရောက်လို့မှ သမီးဆီမရောက်နိုင်တာကို တနုံ့နုံ့ဖြစ်ရသည်။ သမီးထက် ဘာကများအရေးကြီးနေလို့ပါလိမ့်။ ထနောင်းတိုင်သွားနေလို့ဆိုလျှင်လည်း မအိမ်ကံ မပြောသာပါ။ သူ့မိသူ့ဖ သူ့နှမ သူ့ကြီးတော်တွေ တွေ့ချင်ရှာလိမ့်မည်။ မအိမ်ကံပင် ထနောင်းတိုင် မရောက်တာကြာပြီဆိုတော့ ထနောင်းတိုင်ကိုလည်း ရောက်စေချင်ပါ၏။ အခုတော့ ထနောင်းတိုင်ကို

www.burmeseclassic.com

www.burmeseclassic.com

ရောက်တာလည်းမဟုတ်။ မြင်းခြံက သမီးဆီရောက်တာလည်းမဟုတ်။ ဒါဖြင့် ဘယ်သွားနေတာလဲ။ ပေးလိုက်တဲ့ မုန့်သရေစာတွေကကော ဘာလုပ်ပစ်လိုက်တာလဲ။ ဒါကိုတော့ မအိမ်ကံသည်းမခံချင်။ မေးတော့လည်း ဖြေချင်သလိုလို မဖြေချင်သလိုလို။ ခဏခဏမေးတော့လည်း အော်လား၊ ငေါက်လား ရှိလာခဲ့သည်။

"တစ်မိုက်သာ, ရွာစည်ဘက်ရောက်နေလို့ပါကွာ…မုန့်တွေတော့ မကောင်းနိုင်တော့တာနဲ့ အစ်ကိုတို့မိတ်ဆွေတွေ ကျွေးလိုက်တယ်…"

"ကျွေးသာ ကျွေးရပါသယ်အစ်ကိုရယ်…သမီးကို မုန့်ပို့ခိုင်းသာက မုန့်စားရစေတော့ချည်း ဘယ်ဟုတ်ပါ့မလဲ…ဖအေနဲ့သမီး တွေ့စေချင်လို့ပေါ့…ဖအေ့ကိုတွေ့တော့ အားရှိသာပေါ့…အစ်ကို့ဟာက သမီးဆီတောင် မရောက်ရဘူးဆိုသာတော့…မအိမ်ကံစိတ်ထဲမကောင်းဘူး…"

"သမီးနေတဲ့အိမ်က ဦးလေးရဲ့အိမ်…သမီးက အရွယ်ရောက်ပါပြီ…ခြေနိုင်လက်နိုင်ရှိနေပါပြီ…အစ်ကိုက သမီးကို ကလေးတုန်းကလို စိတ်ကူးရတိုင်း ပြေးပြေးကြည့်စရာမလိုတော့ပါဘူး…မင်းတို့လုပ်နေတာနဲ့ ကလေးက ဘာမှမဆုံးဖြတ်တတ်ဘူး…ဘာမှမရှုန်းကန်ချင်တော့ဘူး…ဇွန်းခွံ့ခံချင်တာမျိုးဖြစ်ဖို့ပဲ ရှိတော့မယ်…"

"ဘယ်လိုပြောလိုက်သာလဲအစ်ကို…သမီးက ဇွန်းခွံ့ခံအရွယ်ပဲ ရှိပါသေးသယ်…ဆုံးဖြတ်စရာတို့ ရုန်းကန်စရာတို့လည်း ရှိရသဲ့အရွယ်မဟုတ်သေးပါဘူး…သားသမီးဆိုသာ ရေမျောသစ်တုံး မဟုတ်ဘူးအစ်ကို…မိချောင်းမှန် ဆန်လိမ့်မယ်, သစ်တုံးမှန်စုန်လိမ့်မယ်သဘောမျိုး စောင့်ကြည့်နေရမှာ မဟုတ်ဘူး…"

"ဒါဆိုလည်း နောက်တော့ မင်းပဲသွားကွာ…"

မအိမ်ကံရင်ထဲ ကျင်ခနဲ ခံစားလိုက်ရသည်။ ဖအေရင့်မကြီးက သမီးဆီသွားရမည့်ကိစ္စမှာ မင်းပဲသွားကွာဆိုတာ စကားကုန်နေပြီ။ သွားချင်စိတ်မရှိလို့ မသွားတာဆိုသည့်သဘောရောက်နေပြီ။ နောက် သူမသွားတော့ဘူးလို့ ဆိုလိုချင်တာမျိုးဖြစ်နေပြီ။ သည်ရက်တွေထဲမှာ မအိမ်ကံ သည်းညည်းခံခဲ့ရတာတွေ များလှပါ၏။ အကြောင်းကိစ္စ မည်မည်ရရ မရှိပေသိ မအိမ်ကံရင်ထဲမှာ တစ်ခုခုတော့ မှားနေပြီလို့ ခံစားနေရသည်။ ခါတိုင်းလို ချောချောပြေပြေ မရှိသလိုလို၊ တစ်ခုခုက တစ်ခံနေသလိုလို ဖြစ်နေမိသည်။ ရေကန်မှာ ကြာမပွင့်သည့်တိုင် ရေမနောက်အောင် သည်းခံနေခဲ့သည်။ ခံစားမှုတွေ တစ်လွန်းပြီးတစ်လွန်း တင်ရာက ဆင်လွန်ကြိုး ဖြစ်ခဲ့ရပြီ။

"ကျွန်မလည်း မသွားတော့ဘူး ကိုပြေသိမ်း…ရှင်က ဖအေ…ကျွန်မက မအေ…မှားဖူးမှမှန် ကြုံဖူးမှရဲသသဲ့…ရှိပစေတော့…သည်ကနေ့ကစပြီး ရှင့်ကို ဘယ်သွားသွား ဘာလုပ်လုပ် ကျွန်မမေးရင် လျှာကျွတ်ရစေတော့…"

ခါးသီးလှသော မအိမ်ကံစကားကြောင့် ကိုပြေသိမ်းပင် ထိတ်လန့်သွားခဲ့သည်။ သည့်နောက်တော့ အိမ်ကြီးပေါ်မှာ တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ဖူးသော စိတ်အခန့်မသင့်မှုသည် အားကောင်းလာခဲ့တော့သည်။ မအိမ်ကံက ဝတ္တရားတော့ မပျက်ရှာပါ။ စိတ်ကတော့ အပျက်ကြီးပျက်ရသကဲ့သို့ ရှိရပါ၏။ သည်ကြားထဲ ကိုကံကြီးမောင်တို့လို လူတွေရောက်လာတော့



ပြုံးပြီးဝမ်းနည်းရသည်။ သူ့လူတွေနှင့်သူကျတော့ စကားတွေပြောလွန်းလို့ ခြင်ထောင်ပက်လက်လှန်ထည့်ရမလို ရှိခဲ့၍ဖြစ်သည်။ ကိုကံကြီးမောင်တို့ ပြန်ကာနီးတော့ မြင်းခြံလိုက်ရန် အဝတ်အစားထည့်တာကို မအိမ်ကံမြင်သလို ကျေးဥလည်း မြင်သည်။ ကျေးဥက အမြင်မတော်တော့ အဝတ်အစားတွေ ထည့်ပေးရှာပါ၏။ ကိုပြေသိမ်းက ကျေးဥကို တိုးတိုးမေးနေတာလည်း မြင်ရသည်။ မအိမ်ကံ အိမ်ပေါ်တက်လာခဲ့သည်။ ကျေးဥလိုက်လာပြီး အကျိုးအကြောင်းပြောရှာပါ၏။

"မအိမ်ကံ…ဆရာလေးက သမီးဖို့ ဘာထည့်ပေးစရာရှိသလဲလို့ မေးနေသယ်…ငါတော့ ဘာမှမရှိလို့ မရှိပါဘူးလို့ ပြောလိုက်သယ်…မအိမ်ကံ ဘာပေးလိုက်ဦးမလဲ…စိတ်ကောက်မနေပါနဲ့အေ…ဆရာလေးလည်း စိတ်ညစ်စရာရှိလို့ ပြောချင်ရာပြောလိုက်သာနေမှာပါ…"

"စိတ်မကောက်ပါဘူး ကျေးဥရယ်…စိတ်မကောင်းသာပါ…ညည်းဟာညည်းသာရှိသာ စဉ်းစားပေးလိုက်ပါအေ…ပိုက်ဆံလည်း ထည့်ပေးလိုက်…ငါတော့ မဆင်းချင်တော့ဘူး…"

ကျေးဥဆင်းသွားတော့ ကိုပြေသိမ်း တက်လာသည်။ မအိမ်ကံ အိပ်နေသည့်ဘေးမှာ ဝင်လှဲရင်း ကိုယ်လုံးကလေးကို သိမ်းဖက်လိုက်သည်။ သည်တော့လည်း မအိမ်ကံ တသိမ့်သိမ့်ငိုမိပါ၏။ ကိုပြေသိမ်း၏အနမ်းတွေကိုလည်း မရှောင်ဖြစ်တော့။ အပျိုဘဝက ညဘက် လရောင်ရက်တွေမှာ ခိုးတွေ့ရသော အထိအတွေ့မျိုးကို မအိမ်ကံရင်နှင့်အမျှ ခံစားရပါ၏။

ထိုနေ့က ထိုအပွေ့အဖက်နှင့်အနမ်းသည် မအိမ်ကံအဖို့ နောက်ဆုံးဖြစ်ခဲ့မှန်း မသိခဲ့ပါလေ။ မြင်းခြံကို အဝတ်အစားအချို့နှင့်အတူ ထွက်သွားပြီး တစ်ရက်က နှစ်ရက်ကြာလာတော့ တစ်ညမှာ မအိမ်ကံ အိပ်မက်မက်သည်။ မမက်စဖူး မလှအုံကို မက်ခြင်းဖြစ်သည်။ ဒေါနခက်ကလေးတစ်ခက် ဆံထုံးထဲ ငိုက်ငိုက်ကလေးထိုးထားပြီး ဝိုင်းတိုက်ထဲကို ခုံဖိနပ် ရှပ်တိုက်ဝင်လာခဲ့ခြင်းဖြစ်၏။ မအိမ်ကံနှင့်ကျေးဥကိုတွေ့တော့ ဘာစကားမှမပြောဘဲ ပဲမှော်တိုက်ဘက်ကို ထွက်သွားသည်။ ပဲမှော်တိုက်ဘက်ကနေ အိမ်ကြီးကိုပတ်ပြီး ဝင်းတံခါးကြီးက ပြန်ထွက်သွားခဲ့သည်။ မအိမ်ကံ လန့်နိုးတော့ ဒေါနပန်းနံ့ကလေးပင် ရနေသလိုလို ထင်မိသေးသည်။ ဘာများပါလိမ့်။ မလှအုံ မကျွတ်မလွတ်လို့များလား။ ကျေးဥကိုပြောပြတော့ မအိမ်ကံ စိတ်ထဲစွဲနေလို့နေမှာပါလို့သာ ဖြေသည်။

"အေးလေ…မလှအုံကို ရည်စူးပြီး ဆွမ်းချက်ပါအေ…ဆရာတော့်ကိုလျှောက်ပြီး အမျှပေးဝေရအောင်ပါ…ထူးဆန်းသယ်အေ့…မလှအုံက သိပ်အကင်းပါးသာရယ်…သူတွေးရင် သူပြောရင် လွဲခဲသယ်…အခုလည်း မအိမ်ကံကို တစ်ခုခုပြောချင်လို့များလား ကျေးဥရယ်…"

သည်လိုနှင့် ရက်တွေကြာလာခဲ့သည်။ ကိုပြေသိမ်း မြင်းခြံသွားတာ သည်တစ်ခေါက်ကြာလွန်းသည်။ ခါတိုင်းဆိုလျှင် အာဏာကုန် ငါးရက်၊ အခုက တစ်ပတ်ပင်ကျော်ပြီ။ ထနောင်းတိုင်မှာလား၊ မြင်းခြံမှာလား။ သူပြောခဲ့ဖူးတဲ့ ရွာတွေမှာပဲလား။ မအိမ်ကံ မသိ။ ဆယ်ရက်က ဆယ့်တစ်ရက်ကူးတော့ မအိမ်ကံ ဖိုးကူးကို လွှတ်ဖို့ပြင်ရပြီ။ ထနောင်းတိုင်မှာ နေမျှားမကောင်းလို့ နားနေရော့လား။ သည်ဘက်နှစ်တွေမှာ ကိုပြေသိမ်း ပန်းနာရင်ကြပ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ချင်တာ မအိမ်ကံ သတိထားမိသည်။ ရေချိုးမှားလို့ ဒါမှမဟုတ် ရေချိုးများလို့ကတော့ အအေးပတ်ပြီး ဖျားတော့သည်။ ဒါမျိုး မကြာခဏဖြစ်လေ့ရှိ၏။ ကိုပြေသိမ်းကတော့ ခပ်ပေပေ။ ခက်တာက ဖျားလို့ဆိုပြန်တော့လည်း ထနောင်းတိုင်က လူလွှတ်ဖို့သာရှိသည်။ မအိမ်ကံတို့သိရမည်။ အိမ်ကလှည်းကလည်း လုံးဝမအား။ ဖိုးကူးက မြင်းနှင့်သွားမည်ဆိုတော့ မြင်းငှားမရသဖြင့် နှစ်ရက်ထပ်ကြာသွားရပြန်၏။ ဆယ့်လေးရက်တင်းတင်းပြည့်သည့်နေ့ကျတော့မှ ဖိုးကူးက အဖော်တစ်ယောက်ခေါ်ကာ လိုက်သွားဖို့ပြင်တော့သည်။

"မြင်းခြံက မောင်သက်မင်းတို့အိမ် အရင်ဝင်…မင်းနှမကို အကျိုးအကြောင်းမေးခဲ့ဦး…မတွေ့ရင် ထနောင်းတိုင်ကို ဆက်လိုက်…မြန်မြန်ပြန်ခဲ့…ကျောင်းမှာလည်း ပညာဝန် တစ်ရက်လာလို့ မေးနေသယ်လို့ပြောပြ…ချက်ချင်းခေါ်ခဲ့…"

မအိမ်ကံမှာတာတွေကို ဖိုးကူးက အသေးစိတ်မှတ်နေရသည်။ ဖိုးကူးတို့ကို ထမင်းခူးကျွေးတော့ မနက်ကိုးနာရီထိုးပြီ။ အဝတ်အစားနှစ်စုံလောက် လွယ်အိတ်ဟောင်းထဲထည့်ပြီး မြင်းပြင်တုန်း ဝင်းဝကို လှည်းတစ်စီးရောက်လာခဲ့ပါ၏။ လှည်းပေါ်မှာ လှည်းသမားကလွဲ၍ မိန်းမသားကချည်း သုံးယောက်။ ဝင်းတံခါးဖွင့်ရန် တစ်ယောက်က လှမ်းအော်သည်။

"မအိမ်ကံရေ…တံခါးဖွင့်ကြဦးဟဲ့…ကြီးတော်တို့ပါ…ထနောင်းတိုင်က…"

ထနောင်းတိုင်က။ မအိမ်ကံ ဝမ်းသာသွားပါ၏။ ဖိုးကူးသွားနေတာက ဘာပဲပြောပြော နှစ်ရက်သုံးရက်ကြာနိုင်သေးတာ မဟုတ်လား။ အခုတော့ ထနောင်းတိုင်က လိုက်လာကြပြီဆိုတော့ မအိမ်ကံတွေးသလို ကိုပြေသိမ်း ထနောင်းတိုင်မှာ လဲနေရှာပြီထင်၏။ ဘယ်လိုများနေရှာပါလိမ့်။ တော်တော်သည်းလို့သာ လိုက်လာကြတာများလား။ ကျေးဥက ဝင်းတံခါးဖွင့်နေတာကိုပင် မစောင့်နိုင်ဘဲ မအိမ်ကံ ဝိုင်းဝကို ပြေးထွက်လာခဲ့သည်။ ဘယ်သူကမှ စကားနှုတ်ဆက် အော်လားဟစ်လားမရှိကြ။ မျက်နှာတွေ မှုန်နေကြသည်။ အမျိုးသမီး သုံးယောက်မှာ ကိုပြေသိမ်း၏ကြီးတော် ဒေါ်ကြီးပုံ့နှင့် ကိုပြေသိမ်းနှမဝမ်းကွဲ ခင်သီတို့ဖြစ်၏။ ကျန်တစ်ယောက်ကို မအိမ်ကံ မသိ။ ဒေါ်ကြီးပုံ့က မအိမ်ခိုင်ကို အပေါ်ထပ်ခေါ်သွားရန် ကျေးဥကိုပြောနေတော့ မအိမ်ကံ ရင်တွေခုန်ရပြီ။ ဘုရား…ဘုရား…။ ကိုပြေသိမ်း ရောဂါကြီးရှာရော့လား။ မဟုတ်ခဲ့လျှင် လူသုံးလေးယောက် လိုက်လာစရာမရှိ။

"မအိမ်ကံ…ငါ့သမီး…သူက မစန်းရီတဲ့…တို့မြင်းခြံမှာတော့ ဆွေကြီးမျိုးကြီးထဲကပဲ…ညည်းတို့အိမ် အဝင်အထွက်ရှိတဲ့ မောင်ကံကြီးမောင်ရဲ့မိန်းမ…ညည်းတို့ဘာမှမကြားလောက်ဘူးထင်လို့ လိုက်လာကြတာပဲ…တို့လည်း သိတာ နှစ်ရက်ရှိသေးတယ်…အခြေအနေစောင့်နားထောင်နေတာနဲ့ တစ်ရက်နောက်ကျသွားတယ်…မစန်းရီပဲ ပြောပါတော့အေ…"

ဒေါ်ကြီးပုံ့က စကားပရိကံလောက်သာပြောပြီး မစန်းရီဆိုသူကို စကားအပ်သည်။ မစန်းရီက မအိမ်ကံကို တစ်ချိန်လုံးကြည့်နေရာက ဒေါ်ကြီးပုံ့စကားကြောင့် ဆတ်ခနဲ လှုပ်သွားလေသည်။ မအိမ်ကံကို အားနာနေသလိုလို၊ တွန့်ဆုတ်နေသလိုလိုဖြစ်နေ၏။

"မအိမ်ကံရယ်လို့တော့ ကိုကံကြီးမောင် ပြောပြောနေတာ ကြားဖူးပါတယ်ရှင်…ကိုကံကြီးမောင်နဲ့ ကိုပြေသိမ်းတို့ကလည်း အင်မတန်ခင်ကြတာ မအိမ်ကံလည်း




သိမှာပါ…လိုရင်းကို ပြောရရင်တော့ရှင် ကျွန်မလည်း စိတ်မကောင်းပါဘူး…ကိုကံကြီးမောင်တို့တစ်သိုက်လုံး တောခိုကြပြီရှင်…ကျွန်မကိုတောင် မပြောပါဘူး…နောက်နှစ်ရက် သုံးရက်ရှိမှ ဘုရားပန်းအိုးအောက်မှာ ထားခဲ့တဲ့စာကို ဘုရားပန်းလဲမှ ဖတ်ရလို့ သိရတာပါ…"

"အိုရှင်…ကိုပြေသိမ်းကတော့ကော…"

သည်တစ်ခါတော့ ဒေါ်ကြီးပုံ့က ဝင်ဖြေသည်။

"ညည်းယောကျ်ားလည်း ပါသွားတာပေါ့ မအိမ်ကံရယ်…တို့လည်း စိတ်မချမ်းသာကြဘူး…သက်နှင်းက လူတစ်မျိုးအေ့…ထားပါတော့အေ…အခု တို့ အဲဒါ လာပြောတာပဲ…တို့လည်း သည်မှာ တစ်ညအိပ်ပြီး မနက်စောစောပြန်မယ်…မလွှတ်မကင်းတာများရှိရင် ဖယ်ရှားထားဦး…မတော်…"

မအိမ်ကံ နားလည်လိုက်ပြီ။ ကိုပြေသိမ်း ဒုတိယအကြိမ် ထွက်သွားခဲ့ပြန်ပြီကော။ သည်တစ်ခါလည်း ဘယ်သူ့ကိုမှမပြောခဲ့ဘဲ ထွက်သွားခြင်းပါလားလို့ တွေးနေမိသည်။ မစန်းရီဆိုသူလည်း မအိမ်ကံလိုပဲ ရှိရှာပါလိမ့်မည်။ မအိမ်ကံ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့။ ကိုကံကြီးမောင် ခြေရှုပ်နေတာကိုလည်း ပြောမနေချင်။ မအိမ်ကံတစ်ကိုယ်လုံး မြေကြီးထဲကျွံဝင်သွားလေသလား ထင်မှတ်နေမိခဲ့သည်။ ကိုပြေသိမ်း ရက်စက်လေခြင်းဆိုသည့် အသံတွေသာ ခေါင်းထဲမှာ ပြေးလွှားနေပါ၏။ မအိမ်ကံ ဘာလုပ်ရမလဲ။ လောလောဆယ် ဘာကိုမှမစဉ်းစားတတ်နိုင်အောင် ဖြစ်ရပါ၏။

ကိုပြေသိမ်း ခြေလှမ်းပျက်နေတာကြာပြီ။ သည်လိုလုပ်လိမ့်မယ်လို့တော့ မအိမ်ကံ မထင်။ ဂျပန်တော်လှန်ရေးတုန်းက တိုင်းပြည်၏အရေးကိစ္စဆိုတော့ မအိမ်ကံ နားလည်လက်ခံခဲ့သည်။ ခွင့်လွှတ်ခဲ့သည်။ အခုကော ဘာအရေးကိစ္စများကြောင့်ပါလိမ့်။ တောသူမ မအိမ်ကံ နိုင်ငံရေးဆိုတာတွေကိုတော့ နားလည်းမလည်။ သည်တစ်ခါတော့ ခွင့်မလွှတ်ချင်တော့ပြီ။

"ဘာပဲဖြစ်ဖြစ် ကျွန်မ ခေါင်းအေးအေးထားပြီး ဘာလုပ်ရမယ်ဆိုသာ စဉ်းစားချင်ပါသေးသယ်…မစန်းရီကိုလည်း ကျေးဇူးတင်ပါသယ်…ကျွန်မမှာတော့ လှည်းသံ ကြားတိုင်းမျှော်…စက်ဘီးသံကြားတိုင်းမျှော်နဲ့…သြော်…ကိုပြေသိမ်းရယ်…"

မအိမ်ကံ အိမ်ပေါ်တက်လာခဲ့သည်။ သည့်နောက်တော့ မအိမ်ကံ ကိုပြေသိမ်းနှင့်ပတ်သက်သမျှ အရာအားလုံးကို တစ်စမကျန်အောင် မီးတိုက်ပစ်ခဲ့သည်။ မီးဖိုထဲရောက်နေသည့် လက်နှီးစုတ်ပုဆိုးဟောင်းကိုပင် မမြင်ချင်လို့ ချက်ချင်းမီးရှို့ခိုင်းခဲ့သည်အထိပင်။ ကိုပြေသိမ်း ထွက်သွားပြီး နှစ်လလောက်မှာ လူကြုံနှင့် စာတစ်စောင်ရောက်လာခဲ့သည်။ အခုက ဒုတိယအကြိမ်။

တော်လောက်ပါပြီ ကိုပြေသိမ်းရယ်…။ သည်လောက်ပဲ ရှိပါစေတော့…။

■

ပဲမှော်တိုက်ဘေးမှာ ထန်းကုလားထိုင်နှစ်လုံးရှိသည်။ အဖေဦးသာထန်လက်ထက်ကတည်းက ထန်းကုလားထိုင်များဖြစ်၍ ဟောင်းလှပြီ။ မအိမ်ကံက အဖေ့ကို [illegible]မ်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အသစ်နှင့်အစားမထိုးဘဲ ရေနံချေးနာနာသုတ်၊ အပြုတ်အပြုတွေကို ကြိမ်ဖြင့် ခိုင်ခိုင်တုတ်ခိုင်းထားခဲ့သည်။ အဖေမရှိသည့်နောက်ပိုင်းမှာ သည်ကုလားထိုင်နှစ်လုံးကို ကိုပြေသိမ်းက အမွေဆက်ခံခဲ့၏။ တစ်လုံးပေါ်ထိုင်စာဖတ်၊ ကျန်တစ်လုံးပေါ်မှာက စာအုပ်ထပ်ကြီး။ သည်နေရာက အိမ်မနှင့်ရော ရက်ကန်းစင်နှင့်ပါ ရတ်တရက် အမြင်ကွယ်သဖြင့် အတန်ငယ်လုံခြုံသည်။ တောပုန်းရည်သည်နှင့် မအိမ်ကံ မျက်နှာချင်းဆိုင် ထိုင်မိကြတော့မှ မအိမ်ကံက အကျိုးအကြောင်းမေးသည်။

"ကဲ...ပြော...ကိုတောပုန်းရည်ရေ...ရှင်ကဘာလဲ...ကွန်မြူနစ်လား..."

တောပုန်းရည်သည်က လွယ်ထားသည့် လွယ်အိတ်လို ဖျင်ကြမ်းအိတ်ထူကြီးကို ပေါင်ပေါ်တင်သည်။ လွယ်အိတ်ကြီးက ကြေးညှော်များကိုက်ကာ မာတောင့်ညစ်ထေးလွန်းလှကာ အစေးများပင် ပေါက်နေလေသည်။ လွယ်အိတ်ကိုင်းတစ်နေရာကို ခဲရာခဲဆစ်နှိုက်ကာ စာ တစ်စောင် ထုတ်ပေးသည်။ စာက ရှည်ရှည်လျားလျားမဟုတ်။ လက်တစ်ဝါးစာလောက်သာ ရှိသည်။ မအိမ်ကံက ကုလားထိုင်က ကျောခွာရင်း တစ်ကြောင်းချင်းဖတ်သည်။

"အိမ်ကလေး,

တောပုန်းရည်သည် လူကြုံရှိလို့ စာရေးလိုက်တယ်...အစ်ကိုတို့တော့ အခုထိ အခြေမကျသေးပါဘူး...ရောက်ရမယ့်နေရာ မရောက်သေးတာလည်း ပါပါတယ်...နေလည်း ကောင်းပါတယ်...ပြုခဲ့သမျှ ကိစ္စအဝဝအတွက် ခွင့်လွှတ်စေချင်ပါတယ်...ခွင့်လွှတ်ချင်မှလည်း လွှတ်လိမ့်မယ်...ဘယ်လိုပဲဖြစ်ဖြစ် အစ်ကိုနားလည်မှုပေးနိုင်ပါတယ်...အိမ်ကလေးနဲ့ သမီးနှစ်ယောက်ကို မညှာတာတာတော့ မဟုတ်ပါဘူး...အစ်ကိုတို့မှာအယူအဆရေးရာကိစ္စတွေ များတဲ့အတွက်ပဲလို့သာ အောက်မေ့ပါလေ...ဘာပဲဖြစ်ဖြစ်အိမ်ကလေးလက်ထဲမှာ သမီးနှစ်ယောက် ထားခဲ့ရတာ စိတ်ချတာလည်းပါပါတယ်...။ ရုံနဲ့အုံ မရှိကြတော့တဲ့နောက်ပိုင်းလတွေကြား အခုလိုဖြစ်ရတာ စိတ်တော့မကောင်းဘူး...။ နောက်တစ်ကြိမ်ဆက်သွယ်ဖို့ဆိုတာတော့ ခက်လိမ့်မယ်...။ အခု လူကြုံကို စာပေးရင်တော့ ရသေးတယ်။ စိတ်ချရတဲ့မြေပေါ်ရဲဘော်တစ်ယောက်ပဲ။

ချစ်လျက်

ချမ်းသာ"

စာမှာ ရက်စွဲမပါပါ။ စာက ကိုပြေသိမ်း လက်ရေးမှန်သော်လည်း ကတိုက်ကရိုက်ရေးလိုက်ရပုံရပါ၏။ မအိမ်ကံရင်တွေ တပွက်ပွက်ဆူလာသည်။ သမီးနှစ်ယောက်ကို စိတ်ချသတဲ့လား။ ပြီးတော့ ချမ်းသာဖြစ်သွားရပြန်ပတဲ့လား။ နာမည်ရင်းက သက်နှင်း။ နိုင်ငံရေးလုပ်တော့ ပြေသိမ်း။ အခု ကွန်မြူနစ်ဖြစ်ပြန်တော့ ချမ်းသာတဲ့လား။ မအိမ်ကံ နာကျည်းစွာပင် တစ်ချက်မဲ့လိုက်သည်။ ရသေ့လွယ်အိတ် ညစ်ထပ်ထပ်နှင့်လူက သည်ခံစားမှုတွေကို ဂရုမစိုက်အားသလို ကုလားထိုင်မှာ ကျောမှီရင်း မျက်လုံးတွေမှိတ်ထားသည်။ ပထမစာတုန်းကတော့ ချမ်းသာမဟုတ်သေး။ ပြေသိမ်းဆိုသည့် အမည်နှင့်ပင် စာတိုကလေးပို့လိုက်ဖူးသည်၊ ဒါက ကိုပြေသိမ်း ထွက်သွားပြီး



ရှစ်လအတွင်း ဒုတိယမြောက် ရောက်လာသည့်စာဖြစ်သည်။ သည်ကိစ္စအတွက် မအိမ်ကံ ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပြီးပြီ။ နောက်ထပ် လူလည်း မလာစေချင်တော့။ စာလည်း မရောက်စေချင်တော့။ သည်ဘဝ သည်မျှနှင့်ပြီးချင်တော့ပြီ။ သူလည်း ကိုယ့်ကို နှောက်ဆဲမငင်စေချင်တော့။

ကံပါသလောက်ပေါ့။ ကံကိုလည်း မဖာချင်တော့ပြီ။ မပြုပြင်ချင်တော့ပြီ။ ချစ်တုန်းက ချစ်ခဲ့ကြသည်။ ဂုဏ်ကြီးဒြပ်ကြီး စာရင်းဝင်ခဲ့သည် မဆိုသာသော်လည်း နယ်တစ်ကြောမှာတော့ ပညာတတ်ကျောင်းအုပ်ကတော် ဖြစ်ခဲ့ရဖူးပြီ။ ဆရာကြီးကတော်ဆိုသည့်ဂုဏ်ဖြင့် ပွဲတက်တင့်ခဲ့ဖူးပြီ။ ရုပ်ချော မနောကောင်း သူကြီးသမီးနှင့် ရုပ်သန့် ပညာတတ်တို့ ဖူးစာဖက်ခဲ့တာကို နှုတ်ဖက်သည့်အိမ်ထောင်လို့ လူတကာက ပြောခဲ့ကြဖူးပါ၏။ အခုတော့ ဘယ်သူဖျက်လို့ ပျက်ခဲ့ရသလဲ။ မအိမ်ကံမသိ။ သိလည်းမသိချင်။ မလှအုံသာရှိလျှင်တော့ 'ညည်းလင်က တောမျောက် တောသစ်ပင်ကို မထီသလိုပေါ့အေ' လို့ ပြောလိမ့်မည်ထင်သည်။

"မအိမ်ကံ စာတစ်စောင်လောက် ရေးပေးလိုက်ချင်သယ်...စောင့်မလား...ဒါထက် ရှင် ထမင်းမစားရသေးဘူးထင်သယ်...ကျေးဥရေ...ဧည့်သည်ကို ထမင်းကျွေးလိုက်ပါအေ..."

ကျေးဥကို လှမ်းအော်ခဲ့ကာ အိမ်ပေါ်တက်လာခဲ့သည်။ မအိမ်ကံက သမီး ကျောင်းစာအုပ်ထဲက အူတစ်ရွက်နှုတ်ပြီး စာရေးဖို့ပြင်သည်။ စာတွေဘာတွေ ဟုတ်တိပတ်တိ ရေးဖူးရေးလက်စ မရှိတာထား။ ဘာကစရမှန်းမသိဘဲဖြစ်နေလို့ ကိုယ့်ကိုယ်ကို ဒေါသဖြစ်ရပါ၏။ စိတ်ကိုငြိမ်အောင်ထားပြီးမှ တစ်လုံးချင်းရေးသည်။ နေဦး...ကိုပြေသိမ်းလို့ ရေးရမှာလား၊ ကိုချမ်းသာလို့ ရေးရမှာလား။ သူက ချမ်းသာဆိုမှတော့ ချမ်းသာရတော့မှာပေါ့။

"ကိုချမ်းသာရှင့်,

တောသူပညာမဲ့ဆိုတော့ စာကို လှအောင်ပအောင်တော့ မရေးတတ်ဘူး။ စာရတယ်...။ နောက်ဘာစာမှ မရေးပါနဲ့တော့...။ ပို့ရင်လည်း ကျွန်မ ဖတ်မှာမဟုတ်ဘူး...။ ရှင်နဲ့ကျွန်မ သည်ဘဝသည်မျှနှင့် ပြီးကြပါပြီ။ သမီးတွေအတွက်တော့ စိတ်ချပါရှင်...။ ကျွန်မက ဝမ်းနဲ့ လွယ်မွေးရသူပါ...။ သည်ရက်ထဲမှာ အလှူအတန်းလည်း လုပ်ဖြစ်ပါတယ်...။ ကျွန်မ အသက်လည်း လေးဆယ်ပြည့်ပြီဆိုတော့ ချိုတာရော ခါးတာရော ကြုံခဲ့ပါပြီ...။ တစ်ခုတော့ စိတ်ချမ်းသာတယ်...။ အမေနဲ့ မလှအုံဆုံးမှ ရှင်ထွက်သွားတာကိုပါ...။ နို့မို့ရင် ရင်ကျိုးကြရှာမှာပဲလို့ တွေးမိတယ်...။

မလှအုံပြောခဲ့ဖူးတဲ့ စကားရှိတယ်။ ရေတစ်လှမ်း ခရမ်းတစ်ခုန်တဲ့။ ရေတပ်ပင်များ စိုက်ရင် လူ့ခြေတစ်လှမ်းစာ ဝေးဝေးစိုက်ရုံပဲ။ ခရမ်းစိုက်ပြန်တော့ လူ့တစ်ခုန်လောက် ဝေးဝေးစိုက်ရတယ်...။ ရှင်နဲ့ ကျွန်မကတော့ တစ်လှမ်းတစ်ခုန် မဟုတ်တော့ပါဘူး...။ တစ်ဘဝစာ ဝေးကြပြီ အောက်မေ့ပါတော့။

ကျွန်မနဲ့ပတ်သက်ပြီး သုံးချက်ပဲ ရှင်တွေးဖို့ပါ...။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုံးကမှ အမှားမရှိခဲ့ဖူးဘူး။ ဘယ်တုံးကမှ သစ္စာမပျက်ခဲ့ဖူးဘူး။ ဘယ်တုံးကမှ ရုန်းမထွက်ခဲ့ဖူးဘူး။

ကျွန်မအတွက်တော့ မပူပါနဲ့...။ စာဝတီးတောင် နှုတ်သီးနဲ့ စာဖူးတောင်း ဆောက်နိုင်ကြရင် ကျွန်မအဖို့ရာ မရုန်းနိုင်စရာ ဘာမှ မရှိဘူး...။ ထနောင်းတိုင်ကလည်း ကျွန်မနဲ့ဆိုင်ခဲ့ဖူးတော့ စိတ်သာချပါတော့ရှင်...။ ကျွန်မ အသွားအလာ မပျက်ပါဘူး...။ ဒါပါပဲ...။ ကျွန်မဘက်ကတော့ စကားကုန်ပြီ...။

ဒါနောက်ဆုံးစာပါ...။

မအိမ်ကံ

ဖောင်ချမ်းကုန်းရွာ"

မအိမ်ကံ စာကို တစ်ခေါက်ပြန်ဖတ်သည်။ ကိုပြေသိမ်း သံယောဇဉ်မှ ပြတ်စေတော့ တမင်ခါးခါးသီးသီးရေးလိုက်ခြင်းဖြစ်သည်။ မအိမ်ကံ အိမ်ပေါ်ကဆင်းလာတော့ တောပုန်းရည်သည်က ထမင်းစားပြီးလို့ ဆေးလိပ်ထိုင်ဖွာနေပြီ။ ကုလားထိုင်မှာ အကျထိုင်လို့။ မအိမ်ကံက စာခေါက်ကိုပေးတော့ သူ့လွယ်အိတ်ကိုင်းထဲ ထိုးထည့်သည်။ ညှိသည်ဆိုတော့လည်း မအိမ်ကံက ခရီးစဉ်မေးသည်။ ညအိပ်ညနေကိစ္စ မေးသည်။ သူ့ခမျာ ကြားထဲက ဆောင်ရွက်ပေးရသူဆိုတော့ မအိမ်ကံမှာ ဝတ္တရားရှိသည်ဟု တွေးမိလို့မေးခြင်းဖြစ်၏။

"ကျုပ်တို့က တစ်နေရာတည်း ကြာကြာနေလို့ မကိုက်ဘူးဗျ...မြင်းခြံဘက်တော့ မလှည့်တော့ဘူး...တောင်ရွာဘက် တစ်ညခိုပြီး ပြန်မှာပါ...နေပါဦးဗျာ...ကျုပ်ကို ခရီးစရိတ်တော့ ပေးပါဦး...အားတော့နာပါရဲ့..."

မအိမ်ကံက ကျေးဥကိုလှမ်းခေါ်ကာ ငွေအစိတ်ပေးလိုက်စေသည်။ မအိမ်ကံ ဝင်းတံခါးကြီး လိုက်ဖွင့်ပေးတော့ စိုက်စိုက်ကိုင်းကိုင်း ပြန်ထွက်သွားလေ၏။

■

တပေါင်းလထဲမှာ အစ်ကိုမောင်မြတ်သာနှင့် မမစိမ်းမြတို့ ဖောင်ချမ်းကုန်းရွာကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့ကြသည်။ အစ်ကို ကျောင်းသားဘဝ မြို့ကပြန်လာတိုင်း နေနေကျ လှုပျိုခန်းထဲမှာပဲ နေရာချထားပေးလိုက်ပါသည်။ ရောက်ရောက်ချင်း အစ်ကို ဘာစကားမှမပြောနိုင်ဘဲ ပုံရိပ်ဟောင်းတွေကို လွမ်းနေပုံရပါ၏။ အိမ်ကြီးပတ်ပတ်လည် တစ်ဝိုင်းလုံးအနှံ့ လိုက်ကြည့်ရှုသည်။ အစ်ကိုလည်း အသက်ရလာခဲ့ပြီ။ ရင့်ကျက်မှုနဲ့ တည်ငြိမ်မှုတွေ အစ်ကိုမောင်မြတ်သာထံမှာ တွေ့နေရသည်။

ငယ်ငယ်တုန်းကတော့ အစ်ကိုမောင်မြတ်သာလည်း မထူးပါ။ အဖေသူကြီးနှင့် အမြဲတမ်းကကျင့်ကောစ။ အဖေဖြစ်စေချင်ခဲ့တာတွေ မဖြစ်ရကောင်းလားဆိုပြီး အဖေက တစ်ဗျစ်တောက်တောက် ပြောဆိုနေတာတွေ မအိမ်ကံ အမြဲကြားခဲ့ရသည်။ သားဖြစ်သူကို မြို့ကျောင်းပို့ကာ မြို့အုပ်မြို့ပိုင် ဖြစ်စေချင်ခဲ့သော်လည်း အစ်ကိုက နည်းနည်းကလေးမှ စိတ်မဝင်စားဘဲရှိခဲ့သည်။ အင်္ဂလိပ်အုပ်ချုပ်သည့်ခေတ်မှာ ဖအေက သူကြီး၊ သားက ဝရမ်းပြေး ဖြစ်ခဲ့ရတာတွေလည်း အခုတော့ အတိတ်၏ပုံပြင်တွေဖြစ်ရလေပြီ။ သခင်မြတ်သာဘဝက





အိမ်ကိုရောက်လာတိုင်း မအိမ်ကံ ငိုရှုသည်ချည်းပင်။ ပင်ပန်းဆင်းရဲခံကာ နိုင်ငံရေးမှာ ပျော်ပိုက်နေသည့်သားကိုကြည့်ပြီး ဖအေဖြစ်သူကလည်း စိတ်မချမ်းသာခဲ့။ မြန်မာပြည် လွတ်လပ်ရေးရရန်ဆိုသည့် စိတ်ကလွဲ၍ အခြားဘာမှမရှိသော လူငယ်တွေက တစ်ဖက်၊ ရာထူးအာဏာမက်မောခဲ့ကြသည့် လူကြီးတွေက တစ်ဖက်။ အခုတော့လည်း တိုင်းပြည် လွတ်လပ်ရေးရခဲ့ပြီ။ ကိုယ့်နိုင်ငံ ကိုယ့်အုပ်ချုပ်ရေးဖြင့် တိုင်းပြည်ပြန်လည်ထူထောင်နေရချိန် ဆိုသော်လည်း ဝါဒရေးရာတွေက မပြီးပျောက်နိုင်ဘဲ စည်တွေ့တိုင်း လက်သီးဆုပ်နှင့် ထုချင်ကြသူတွေသာ များခဲ့သည်။

အစ်ကိုမောင်မြတ်သာ ရောက်နေသည်ကြားတော့ သာအောင်နှင့် လူကြီးတချို့ လာနှုတ်ဆက်ကြသည်။ အစ်ကိုမောင်မြတ်သာက လေအေးကလေးနှင့် စကားပြောတတ်ရုံမက အမူအရာပါ တည်ငြိမ်သွားတာ မအိမ်ကံ သတိထားမိပါ၏။ အစ်ကိုက ဗိုလ်မှူးအဆင့်ထိ ရာထူးတိုးမြင့်လာခဲ့ပြီ။

"အေးကွာ...ကိုယ့်ရပ်ကိုယ့်ရွာကို ကိုယ်တိုင်အုပ်ချုပ်ရပြီဆိုတော့ ကိုယ်ကညာမှ ရပ်ရွာ အေးချမ်းသာယာသယ်...တိုင်းပြည်လူထုဟာ ဘယ်သူဘယ်အစိုးရတက်တက် လုပ်မှစားကြရသူတွေပဲ...ရုန်းနိုင်ကန်နိုင်မှ တစ်ဝမ်းတစ်ခါး ဝကြ လှကြရသယ်...အုပ်ချုပ်သဲ့သူက မကောင်းရင် ရွာနာသယ်...တောသူတောင်သားများခမျာ အသိပညာနံ့နဲ့ကြလေတော့ မိုးကောင်းလည်း တစ်စလောင်းပဲ...မိုးမကောင်းလည်း တစ်စလောင်းပဲ...ဒါကို အမြဲဂရုစိုက်ကြကွာ..."

"အစ်ကိုမြတ်သာကို ရွာကလည်း မျှော်နေကြသာပါ...ရွာက တစ်ခုတော့ကံကောင်းပါသယ်...မအိမ်ကံအိမ်သား ဆရာလေး ကိုပြေသိမ်းရှိတော့ အနားရွာတွေထဲမှာ ကျွန်တော်တို့ရွာက အောက်မကျခဲ့ရဘူး...ဆရာလေးရဲ့ပညာဂုဏ်၊ သိက္ခာဂုဏ်၊ နိုင်ငံရေးသြဇာဂုဏ်ကို လေးစားကြသယ်..."

သာအောင်က ကိုပြေသိမ်းအကြောင်းပြောနေလို့ မအိမ်ကံပင် မျက်နှာမထားတတ်အောင် ဖြစ်ရပါ၏။ ကိုပြေသိမ်းကို ရွာက ချစ်ကြ၊ ခင်ကြ၊ ရိုသေလေးစားကြတာလည်း အမှန်ပင်။ ကိုပြေသိမ်း ဖြေရှင်းပေးလို့ ငြိမ်းရသည့်အမှုတွေ များခဲ့သည်။ ကိုပြေသိမ်း ရပ်တည်ပေးလို့ မတရားမှုတွေ ရှုံကုန်ကြတာ များခဲ့သည်။ ရွာကို ဓားပြတိုက်ချင်တာတောင် ဆရာလေးကိုပြေသိမ်းရှာရယ်လို့ ဓားပြတွေကပင် လက်ရှောင်ခဲ့ကြတာတွေ ရှိပါ၏။ အခုတော့ ဖောင်ချမ်းကုန်းမှာ ကိုပြေသိမ်း မရှိတော့ပြီ။ ကိုပြေသိမ်းတစ်ယောက် တောခိုသွားပြီဆိုသည့် သတင်းက အူခနဲ ထတောက်လိုက်သောမီးကဲ့သို့ သည်ဘက်ရွာတစ်ကြောမှာ ညီးညီးလောင်ခဲ့ပါ၏။ ဘယ်သူက ဘာမှမပြောသော်လည်း အစိုးရဘက်က မအိမ်ကံတို့အိမ်ကို အကဲခတ်ကြတာတွေ ရှိလာသည်။ တစ်ဖက်ကလည်း ဗိုလ်မှူးအဆင့် ရာထူးရနေပြီဖြစ်သော အစ်ကိုမောင်မြတ်သာ၏ အရိပ်ကြောင့် ဘာမှတော့ အမေးအမြန်းမရှိခဲ့။

အစ်ကိုမောင်မြတ်သာက ခရီးရောက်စမို့လား မသိပါ။ ကိုပြေသိမ်းနှင့်ပတ်သက်၍ တစ်လုံးတစ်ပါဒမှ စကားမဟတာကို မအိမ်ကံသတိထားမိသည်။ အစ်ကိုမောင်မြတ်သာကို လင်မယား ရောက်လာကတည်းက မအိမ်ကံကိုယ်တိုင် ဟင်းကောင်းကျွေးကောင်းရှာပြီး တည်တည်ပပ ကျွေးမွေးဧည့်ခံသည်။ သူတို့မောင်နှမကြား မပြောရသေးသည့် စကားရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

အမွေကိစ္စဖြစ်၏။ ဖအေတူ မအေခြားကြသူတွေဆိုသော်လည်း မောင်ရင်းနှမရင်းတွေ ဆိုတော့ သည်အိမ်ကြီးကအစ မိဘလက်ငုတ်လက်ရင်းမှန်သမျှ မောင်မြတ်သာနှင့်လည်း ဆိုင်သည်။ တစ်နေ့မှာတော့ သည်ကိစ္စ တရားဝင် ပြောကြဆိုကြရဖို့ရှိပါ၏။ မောင်မြတ်သာက နှမကိုညာလို့ မပြောတာလည်းဖြစ်ချင်ဖြစ်မည်။ ယောက်မဖြစ်သူကလည်း အစ်ကိုနှင့်ပတ်သက်နေပေသီ သူစိမ်းဖြစ်သည်။ အစ်ကိုဖြစ်သူ နေနိုင်ဦးတော့ မမစိမ်းမြဘက်က ပြောချင်ဆိုချင်တာ ရှိကောင်းရှိနိုင်သည်။ သို့သော် အစ်ကိုက မပြောသလို မမစိမ်းမြကလည်း သည်ကိစ္စ ခေါင်းထဲပင် ရှိကြပုံမပေါ်။ ဘာပဲဖြစ်ဖြစ် အစ်ကိုက ပညာတတ်လည်းဖြစ်၊ အကြီးလည်းဖြစ်တော့ တရားသဖြင့်ဖြစ်အောင် ဆောင်ရွက်ပေးမည်သာဖြစ်၏။ ဒါကိုတော့ မအိမ်ကံ ယုံသည်။

"အစ်ကိုလည်း ရွာပြန်အခြေချချင်လှပြီ ကံကလေးရေ...အလုပ်ရာထူးက ထွက်ပြီး အေးအေးချမ်းချမ်းနေချင်ပြီ...ထောင်နှုတ်ခမ်းလျှောက်ခဲ့ရသဲ့ ဘဝတွေတုန်းကလည်း ပင်ပန်းဆင်းရဲခဲ့ပါရဲ့...တိုင်းပြည်လွတ်လပ်ပြန်တော့လည်း အစ်ကိုတို့မှာ ပင်ပန်းဆင်းရဲက မလွတ်ချင်ဘူး...တော်လောက်ပြီလို့လည်း အောက်မေ့မိသယ်...နောက်တစ်နှစ် နှစ်နှစ်လောက်ဆိုရင်တော့ ထွက်ခွင့်ရကောင်းပါရဲ့..."

တစ်ရက်။ မောင်နှမနှစ်ယောက် စကားတွေပြောဖြစ်ကြရင်း ပါလာသည့်စကားဖြစ်သည်။ သည်အခါမှာတော့ မအိမ်ကံ ခေါင်းထဲရှိနေသည့်စကားကိုပြောရန် အခွင့်သာပြီ။ မမစိမ်းမြ မရှိသခိုက်ဆိုတော့ ပြောလို့လည်း ကောင်းသည့်အချိန်ဖြစ်၏။

"အစ်ကို့ကို မအိမ်ကံစောင့်နေသာ...အစ်ကိုကလည်း လာရင် နှစ်ရက်သုံးရက်လောက်နဲ့ ပြန်သာများတော့ မပြောဖြစ်ဘူး...ဘာမှမဟုတ်ပါဘူးအစ်ကို...မပြောလည်း မပြောချင်ပါဘူး...မပြောလို့လည်း မဖြစ်တော့ ပြောရမှာပဲ...အမွေကိစ္စ အစ်ကို စီစဉ်စေချင်သယ်...ရက်ကန်းရုံကတော့ မအိမ်ကံစီးပွားပါ...အဖေတို့အမေတို့ ထားခဲ့သဲ့ ပစ္စည်းတွေကတော့ သည်လိုရှိနေသာပါပဲ...ရွှေငွေဆိုသာကလည်း ဓားပြတိုက်ခံရတာတို့ လှူသာတန်းသာတို့နဲ့ ကုန်သင့်သလောက်ကုန်ခဲ့ပေသိ ကျန်ကောင်းကျန်ရာတွေကို အစ်ကိုလည်း ဆိုင်သမှုတ်လား...မြေတို့ ထန်းတို့လည်း ရှိသေးသယ်...မိဘပစ္စည်းတွေ မအိမ်ကံကြောင့် မပွန်းခဲ့ပါဘူး အစ်ကို..."

မောင်မြတ်သာက နှမခေါင်းကို လှမ်းပွတ်သည်။ ပြုံးသည်။ လေးနက်တည်ကြည်သောအပြုံးမျိုး ဖြစ်ပါ၏။

"ငါ့နှမရယ်...အဖေတို့ အမေတို့ကို အစ်ကိုလုပ်မကျွေးခဲ့ရသာထားတော့...စိတ်ချမ်းသာအောင် လူလုံးလာမပြနိုင်သာကြည့်တော့...ငါ့နှမရှိလို့လည်း နိုင်ငံရေးကို စိတ်ဖြောင့် လက်ဖြောင့် လုပ်ခဲ့ရသာပါ...စည်းစိမ်တွေ ကုန်ပြီဆိုတော့လည်း အစ်ကို ဘယ့်နှယ်မှ မနေဘူး...ဒါကို မဥပါဒ်နဲ့...အစ်ကို အဲသာတွေမသိဘူး...အိမ်မှာ ဘာရှိမှန်းလည်း မသိဘူး...ရကောင်းစေ ရအပ်စေဆိုသာလည်း မရှိဘူး...အစ်ကို ပြောသာ ယုံတော့..."

အစ်ကို့စကားကြောင့် မအိမ်ကံ မျက်ရည်ဝဲရသည်။ အစ်ကိုပေသိ ဖခင်လိုစိတ်ထားမျိုးပါလားလို့ တွေးမိ၍ဖြစ်သည်။



"ဟုတ်တော့လည်း ဟုတ်ပါရဲ့...ဒါပေသိ အစ်ကိုရယ်...အစ်ကို ရသင့်ရထိုက်သာ စောစောစီးစီးရတော့ အစ်ကိုတို့ လုပ်သင့်လုပ်ထိုက်သာ လုပ်ရသာပေါ့...အစ်ကိုချည်းပဲ မဟုတ်သေးဘူးလေ...မမစိမ်းမြကလည်း ရှိသေးသာဥစ္စာ..."

"အေးပါ ငါ့နှမရာ...သည်တစ်ခေါက် တို့လာသာတစ်ကြောင်းပါ...ငါ့နှမ စိတ်ဆင်းရဲနေရှာမယ်ထင်လို့ရယ်...တောင်းစရာရှိလို့ရယ် လာခဲ့ကြသာပဲ...ရက်ကြာကြာလည်း မနေနိုင်ဘူး...အမွေကိစ္စက အစ်ကိုအနားယူသဲ့နှစ် ရွာပြောင်းလာတော့မှ ပြောကြရအောင်..."

"ဘာများတောင်းစရာရှိလို့လဲ အစ်ကိုရယ်...အစ်ကိုလိုချင်သာရှိရင် ယူသွားပါ...တောင်းမနေရပါဘူးတော်..."

မောင်မြတ်သာက ပြုံးရုံသာ ပြုံးနေခဲ့သော်လည်း ဘာရယ်လို့တော့ မပြောပါ။ မမစိမ်းမြ ညနေဘက်ရောက်လာတော့မှ ပြောတော့မည်ဟုဆို၏။ ဧည့်သည်တွေ ရောက်လာကြပြန်လို့ မအိမ်ကံတို့အိမ်မှာ လူစည်ရပြန်ပါသည်။ အစ်ကိုဝမ်းကွဲ ကိုစံကောင်းတို့လည်း ပါသည်။ သူစိမ်းတွေလည်း ပါသည်။ ရပ်ရွာလူကြီးတွေလည်း ပါလာကြသည်။ အစ်ကို့အတွေ့အကြုံတွေ မေးကြသည်။ ဗိုလ်မှူးအဆင့်ဆိုသော်လည်း ငယ်ပေါင်းတွေက မြတ်သာကြီးလို့သာ ခေါ်ကြသည်။ ငယ်ငယ်ကခေါ်သလို မည်းလုံးလို့ ခေါ်ကြသူတွေလည်း ရှိသည်။

"မောင်မြတ်သာကို ငယ်ငယ်က မည်းလုံးခေါ်ကြသာ...မည်းမည်းလုံးလုံးကလေးကိုးကွ...မင်းအဖေသူကြီးနဲ့ သွားတူသာ...နို့ အခု မင်းက နှမကို ရန်ကုန်ဘုရားဖူးလာခေါ်သာလား..."

"လိုက်ရင် ခေါ်ပါ့ဗျာ...မေးကြည့်ပါဦး...လိုက်မလားလို့..."

"မလိုက်နိုင်သေးပေါင်အစ်ကိုရယ်...သမီးတစ်ယောက်က မြင်းခြံမှာ သမီးကျောင်းပိတ်ရင်တော့ လိုက်ချင်ပါ့...ရန်ကုန်သက္ကသိုလ်ဆိုသာကို ပို့ရဦးမှာ..."

အစ်ကိုမောင်မြတ်သာက ရွာရေးကိစ္စတွေ မေးသည်။ ရွာ့စီးပွားရေး မေးသည်။ စိုက်ရေးပျိုးရေးတွေ မေးသည်။ လှူရေးတန်းရေးတွေ မေးသည်။ နှစ်ပေါင်းလေးငါးဆယ်အတွင်း ရွာက လောက်လောက်လားလား ဖွံ့ဖြိုးလာသည်ဟု ပြောရန်ခက်သော်လည်း အတန်အသင့်တော့ ချောင်လည်နေကြပြီ။ အစ်ကိုမောင်မြတ်သာက စက်ရေတွင်းတွေ စိုက်ခင်းတွေထဲမှာ တူးရန်လိုကြောင်း၊ အစိုးရရေတွင်းတူးဌာနနှင့် မေးကြည့်မှာဖြစ်ကြောင်း၊ ရေသာရှိလျှင် ငွေပေါ်သီးနှံတွေ စိုက်နိုင်ကြောင်း၊ မြေဩဇာနှင့် ပိုးနှိမ်ဆေးတွေကို နားလည်ရန်လိုကြောင်း၊ သမားရိုးကျမစဉ်းစားဘဲ သိသင့်သိထိုက်တာတွေကို မေးမြန်းဆည်းပူးရန် လိုကြောင်းတွေ ပြောပြနေသည်။ ရွာမှာ အခြေတကျ ပြန်နေပြီဆိုလျှင် သူလုပ်ချင်တာတွေ ခပ်များများရှိသည်ဆို၏။

ဧည့်သည်တွေပြန်သွားတော့မှ အစ်ကို ခဏနားသည်။ အိမ်ဝိုင်းကို လျှောက်ကြည့်သည်။ ကိုစံကောင်း ကျန်ခဲ့သဖြင့် ခြံစည်းရိုးတွေ လုံလုံလဲလဲပြန်ကာရန်နှင့် ဝင်းတံခါးကအစ အသစ်လဲရန်၊ အိမ်ကြီးကိုပါ ထပ်တန်တာထပ်၊ ပိုးတန်တာပိုးရန် တာဝန်ပေးသည်။ လိုအပ်သမျှ ငွေထုတ်ရန်နှင့် ရေနံပါသုတ်ရန် အစ်ကိုက စီမံပေးနေသဖြင့် မအိမ်ကံ ဝမ်းသာရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုစံကောင်းက ရွာလက်သမားဆရာကြီး ဘိုးရှံနှင့်တိုင်ပင်ပြီး တစ်ပတ်အတွင်း ဆောင်ရွက်ပေးမည်။ အားလုံးတွက်ချက်ပြီးမှ မအိမ်ကံဆီက ငွေထုတ်မည်ဆို၏။

"ကိုင်း ကံကလေး...အစ်ကို ရွာထဲခဏ လျှောက်လိုက်ဦးမယ်...ကိုဖိုးငွေကြီး ကျွန်တော်နဲ့လိုက်ခဲ့ဗျာ..."

အစ်ကိုမောင်မြတ်သာတို့ ထွက်သွားကြတော့ မအိမ်ကံ ရင်လှိုက်ရင်မော ခံစားနေရပါ၏။ အစ်ကိုရှိသေးတာပဲလေဆိုသည့်စိတ်ကြောင့် လုံခြုံသွားသလိုလည်း ခံစားရပါ၏။ သမီးငယ်ခိုင်က စောစောက ရန်ကုန်ဆိုသည့်စကား ကြားလို့လားမသိ။ မအေ့ဆီရောက်လာကာ ရန်ကုန်လိုက်ချင်သည် ပူဆာတော့၏။

"သွားမှာပေါ့သမီးရဲ့...အမေလည်း မရောက်ဖူးဘူး...သမီးမမလည်း ကျောင်းပိတ်ပြီလေ...မြင်းခြံက ပြန်လာတော့မှာ...သားအမိတွေစုံရင် သွားကြသာပေါ့...ကျေးကျေးပါ ခေါ်ခဲ့ချေ..."

"ခေါ်မှာပေါ့အမေရဲ့...သမီး ရန်ကုန်မှာ နေချင်သယ်...ရန်ကုန်က မြို့ကြီးဆို..."

မအိမ်ကံက ပြုံးရင်းခေါင်းညိတ်ပြသည်။ မအိမ်ခိုင်က မအေကို သိုင်းဖက်ရင်း နမ်းလေသည်။

■

"အဲသာပဲ ငါ့နမ...အစ်ကိုနဲ့မစိမ်းမြတို့ တိုင်ပင်ပြီးပြီ...ခိုင်ကလေးကို အစ်ကိုတို့ ရန်ကုန်ခေါ်ချင်သယ်...ကျောင်းထားပေးချင်သယ်...ပြောရရင် အစ်ကိုတို့မှာ ရင်သွေးရယ်လို့ မပေါ်ပေါက်တော့ ခိုင့်ကို သမီးလိုစောင့်ရှောက်ချင်သယ်...သည်နှစ် ကျောင်းပြန်ဖွင့်အမီ အစ်ကိုလာခေါ်မယ်...ငါ့နမလည်း စဉ်းစားပေါ့လေ..."

သည်ကနေ့ည အိမ်ကြီးထဲမှာ လူရှင်းနေသည်။ ဧည့်သည်တွေလည်း မလာကြ။ ကိုဖိုးငွေနှင့် ဖိုးတုတ်၊ ဖိုးကူး သားအဖတစ်တွေကို ဘုန်းကြီးက အခေါ်လွှတ်သဖြင့် ဆရာတော့်ကျောင်း ထ,သွားကြသည်။ ကျေးဥနှင့်ခိုင်၊ ထွန်းပ, ထွန်းရတို့လည်း ပန်းပို့ရင်း လိုက်သွားကြလေ၏။

အစ်ကိုက သည်ကိစ္စ ချက်ချင်းမပြောသေးဘဲ စကားတွေခံနေခဲ့သည်။ နမဖြစ်သူ စိတ်နှလုံးညှိုးခိုက် တစ်မျိုးထင်မှာ စိုးရှာတာလည်း ပါပါ၏။ လင်က တောထဲမှာ၊ သမီးကြီး မြိုင်က မြင်းခြံမှာ၊ သည်ကြားထဲက သမီးငယ် ခိုင်ကို ရန်ကုန်ခေါ်ချင်သည့်စကား ပြောဖို့ ခက်နေပုံလည်း ရပါသည်။ မအိမ်ကံပင် ကြားစက နင့်ခနဲ ခံစားလိုက်ရသည်။ မအိမ်ကံက ဘာမှမပြောဖြစ်သေးဘဲ အစ်ကို့စကားတွေကိုသာ နားထောင်နေခဲ့သည်။ မမစိမ်းမြကလည်း မအိမ်ကံကို ငေးနေရှာ၏။ ခိုင့်ကို ရန်ကုန်ခေါ်ကြမလို့တဲ့လား။ ရန်ကုန်မှာ ကျောင်းထားမယ်။ သမီးအဖြစ် မွေးချင်သယ်။ ကျောင်းဖွင့်ရက်မှာ လာခေါ်မယ်။

"ကံကလေးရယ်...ငါ့နမဆီရောက်တော့ ညည်းသမီး...အစ်ကို့ဆီနေတော့ အစ်ကို့သမီး...ဒါပါပဲကွယ်...စာချုပ်စာတမ်းတွေဘာတွေ မရှိရပါဘူးအေ...နောက်နှစ်တွေဆို မြိုင်လည်း ရန်ကုန်ကျောင်းတက်ရတော့မယ်...ဟိုမှာ ညီအစ်မနှစ်ယောက်စလုံး အစ်ကို ထိန်းရုံပဲ...မဟုတ်ရင် ကံကလေးမှာ မြင်းခြံပြေးရ ရွာပြန်ပြေးရ...မြိုင့်ကို လွမ်းပူရ ဖြစ်မယ်လေ...အစ်ကို့မှာ မိုးလင်းသာနဲ့ စစ်ရုံးသွားရတော့ အိမ်မှာ ညည်း အစ်မ တစ်ယောက်တည်းရယ်...အစ်ကို့တူမကလေးနှစ်ယောက်က အစ်ကို့သမီးတွေပါပဲ...ငါ့နမ နားလည်မှာပါ..."

သည်လိုစကားကြားရတော့ အမြော်အမြင်ရှိလေခြင်းရယ်လို့ အစ်ကို့ကိုပိုပြီး ကြည်ညိုရပါသည်။ သမီးနှစ်ယောက် ကျောင်းပညာရေးကိစ္စမှာ မအိမ်ကံ ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်တာရော၊ ဒုက္ခများမှာကိုရော အစ်ကိုကြိုမြင်တတ်ပါလား။ ကိုပြေသိမ်းနှင့် ကွာလေခြင်း။ အစ်ကိုတို့မှာ သားသမီးမပွားစီးကြလေတော့ ခများများ ခြောက်ခန်းကြရော့မည်။ ညည်းဆီရောက်တော့ ညည်းသမီး၊ အစ်ကို့ဆီနေတော့ အစ်ကို့သမီး...။ ဟုတ်ပေသားပဲ။ သမီးငယ်ခိုင်အတွက်လည်း ပညာရေးကိစ္စ ပြီးရတာပေါ့။ သည့်ထက်စိတ်ချရသည့်နေရာ မရှိ။ သည့်ထက် လုံခြုံသည့်မေတ္တာ မရှိ။ မအိမ်ကံရင်ထဲ လင်းသွားခဲ့ပြီ။ တိုက်တိုက်ဆိုင်ဆိုင် သမီးခိုင်က ရန်ကုန်မှာနေချင်သည်လို့ ညနေကပဲ ဆိုခဲ့တာမဟုတ်လား။ ထူးဆန်းလိုက်တာ။ သမီးအတွက် ဘဝအကြောင်းပါခဲ့လို့ နိမိတ်စကားဆိုခဲ့တာပဲ ဖြစ်လိမ့်မည်။

မမစိမ်းမြကလည်း ဝင်ပြောပြန်ပါ၏။

"တို့စိတ်ထဲ ခိုင်ကလေးကို ခေါ်ချင်ကြသာ ကြာပါပြီအေ...ပြောမထွက်သာနဲ့ပဲ မပြောခဲ့ကြသာပါ...ကိုပြေသိမ်း မရှိတော့မှ တို့လည်း ပြောရဲကြသာပါ...ဖအေ ဆိုတော့ တစ်မျိုးကိုး...ငါ့ညီမလည်း စဉ်းစားပါဦး...ကလေးကိုလည်း မေးပါဦး...လူကြီးတွေစီစဉ်လို့သာ ဖြစ်ရသယ်...ကလေးစိတ်မချမ်းမသာဖြစ်မှာလည်း တွက်ရသာကိုး..."

မမစိမ်းမြစကားဆုံးတော့မှ မအိမ်ကံ အတွေးဝင်မိရသည်။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ လူကြီးတွေက ဖွတ်စီစဉ်ရတာမျိုးဖြင့် ကလေးစိတ်မဆင်းရဲစေချင်။ သမီးခိုင်က မအေနဲ့ အစ်မနဲ့ ကျေးကျေးနဲ့ သွားချင်သာ ပြောသာပါအမေရယ်...အဲသလိုချည်းတော့ သွားမနေချင်ပါဘူးဆိုရင်ကော။ သမီးစိတ်မချမ်းသာတာ မဖြစ်စေချင်။ သမီးမှာ ဆန္ဒရှိတယ်ဆိုရင်ကော မအိမ်ကံက ထည့်ရက်နိုင်ပါ့မလား။

"မမစိမ်းမြရယ်...ပြောထွက်စရာ မရှိပါဘူး...မအိမ်ကံလည်း ကျဉ်းထဲကျပ်ထဲ ကျနေသာပါ...ခိုင်ကလေးက အတန်းရပြီဆိုတော့ သူ့အစ်မလို မြင်းခြံ ပို့ရမလိုလို...ကျောင်းပဲ နုတ်ရမလိုလို ဖြစ်နေသာကိုး...မမစိမ်းမြတို့က ရန်ကုန်ခေါ်မယ်...ကျောင်းထားမယ်ဆိုရင်လည်း မအိမ်ကံအဖို့ရာ သားရွှေအိုးထမ်းပြန်သလိုပါပဲ...တစ်ခုတော့ ရှိသယ်...ကလေးသဘော တီးခေါက်ကြည့်ချင်သေးသယ်..."

"အေးပါအေ...သည်တစ်ခေါက်လည်း မခေါ်သေးပါဘူး...နောက်နှစ်ကျောင်းဖွင့်လို့ လာခေါ်တော့ဆိုမှ သူ့ဘကြီး လာခေါ်လိမ့်မယ်...လူကြုံမလွှတ်ဘူး...စိတ်ချ...ကိုင်းပါအေ...သူတော်ကောင်းမ...ငါဖြင့် စိတ်ချမ်းသာသွားပြီ..."

အစ်ကိုမောင်မြတ်သာတို့ အိပ်ရာဝင်သွားကြတော့မှ မအိမ်ကံက ကျေးဥကို အကျိုးအကြောင်းပြောပြသည်။ ကျေးဥကလည်း ဝမ်းသာရှာပါ၏။ မျက်နှာမကောင်းသော်လည်း ခိုင့်နောင်ရေးကို တွေးမိပုံပေါ်သည်။ ဘာမှ ထွေထွေထူးထူး မပြောပါ။ ညီအစ်မနှစ်ယောက်စလုံး ပညာတတ်ဖြစ်တော့ ဘက်ညီသာပေါ့အေ...လောက်သာ ဆိုလေသည်။ အစ်ကိုမောင်မြတ်သာတို့ မပြန်ခင်တစ်ရက်ရောက်တော့မှ ကိုပြေသိမ်းအကြောင်း မေးလေသည်။ မအိမ်ကံကလည်း

www.burmeseclassic.com

သိသလောက်သာ ပြောနိုင်ခဲ့သည်။ မပြောမဆို ထွက်သွားတာကို အစ်ကိုမောင်မြတ်သာက လည်း ကြိုက်ပုံမပေါ်ပါ။ သို့သော် ဖေးဖေးမမ ဆိုရှာပါသည်။

"မောင်ပြေသိမ်းကို အပြစ်တော့လည်း မတင်ချင်ပါဘူး…အစ်ကိုတို့လည်း နိုင်ငံရေး လုပ်ခဲ့တုန်းက ဘယ်လိုလူမျိုးက တားတား၊ နောက်မဆုတ်ခဲ့ဘဲနဲ့…ကိုယ့်ဝါဒအရ မှန်သယ်ထင်သာ တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်လိုက်ရမှ စိတ်ထဲကျေနပ်ရသာ ကိုး နှမရဲ့…ဒါပေသိ အခုဟာက တစ်မျိုးပေါ့လေ…"

"ကွန်မြူနစ်ဆိုသာ ဘာလဲအစ်ကို…တောခိုသယ်ဆိုသာကကော ဘာဖြစ်လို့လဲ… ဘယ်တော့ပြန်လာလို့ရမှာလဲဟင်…"

ဗိုလ်မှူးမြတ်သာက နှမ၏ အမေးစကားကြောင့် ဝမ်းနည်းသွားရလေ၏။ မအိမ်ကံ ဟာ တကယ်တော့ ဘာမှမသိရှာသည့် တောသူတစ်ယောက်ဆိုတာ ရင်ထဲရောက်သွားရလို့ ဖြစ်သည်။

"အယူအဆမတူလို့ပေါ့အေ့…တစ်ခါက ငါ့နှမ မေးဖူးပါသယ်…ဒါက တိုင်းပြည်ရဲ့ လွတ်လပ်ရေးကြိုးပမ်းချိန်နဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း မငြိမ်းနိုင်တဲ့ ဝါဒလွန်ဆွဲပွဲ လို့ပဲ ပြောကြပါစို့…အင်္ဂလိပ်ခုနှစ် တစ်ထောင့်ကိုးရာသုံးဆယ့်ကိုးခုနှစ်တုန်းက အင်္ဂလိပ်လက်တွင်း ကျနေချိန်…ဗမာပြည်ကွန်မြူနစ်ပါတီဆိုပြီး သခင်အောင်ဆန်းတို့ သခင်စိုးတို့ သခင်လှဖေတို့ သခင်သိန်းဖေတို့ သခင်ဗဟိန်းတို့ သခင်လူငယ်တွေက လျှို့ဝှက်ပြီး ဖွဲ့ခဲ့ကြသာ…မစ္စတာဂိုရှယ်တို့ မစ္စတာနတ်တို့ဆိုသာလည်း ပါသယ်… ထားပါတော့…။ ဂျပန်ခေတ်ရောက်တော့ သခင်စိုးက မြေအောက်အဖွဲ့တွေဖွဲ့တာမှာ အားကောင်းလာခဲ့သယ်…တစ်ထောင့်ကိုးရာလေးဆယ့်ငါးခုနှစ် စစ်ကြီးပြီးကာနီးတော့ ရန်ကုန်မှာ မြေပေါ်ပါတီအဖြစ် ထူထောင်သယ်…နောက်နှစ်မှာပဲ ကွဲကြသာက စလိုက်သာ နှစ်ဂိုဏ်းကွဲကရော…အလံနီဆိုပြီး ခွဲထောင်ကြသယ်…တစ်ထောင့်ကိုးရာ လေးဆယ့်ခုနစ်ခုနှစ်မှာ မတရားအသင်းဆိုပြီး ကြေညာလိုက်တော့ တောခိုကြရရော… သခင်သန်းထွန်းတို့ကလည်း အစိုးရကို ဆန့်ကျင်လာကြရာက လွတ်လပ်ရေးရပြီး နှစ်လလောက်မှာ တောခိုကြပြန်ရော…သူတို့ကို အလံဖြူခေါ်ကြသယ်…"

"ကိုပြေသိမ်းက ဘယ်ဘက်ကလဲ အစ်ကို…"

"အနီလည်း ဖြစ်နိုင်သယ်…အဖြူလည်း ဖြစ်နိုင်သယ်…အစ်ကိုသိသလောက်တော့ သူပြောဖူးသဲ့လေ ဖမ်းရသာပေါ့လေ အလံဖြူဖြစ်ဖို့များသယ်…သူ စာအုပ်ကြီးတွေ ဖတ်ပြီဆိုကတည်းက တစ်နေ့ သည်ပြဿနာရှိလာတော့မယ်ဆိုသာ အစ်ကိုသိ သယ်…တစ်ညမှာ အစ်ကို တော်တော်လေးပြောခဲ့သယ်…အင်္ဂလိပ်လိုပြောခဲ့သာ မှတ်မိမှာပေါ့…အဲသည်ကတည်းက သူ ပြင်းထန်နေပါပြီ…ထားပါလေ…အခု ငါ့နှမ ဘယ်လိုစဉ်းစားထားသလဲ…"

မအိမ်ကံ ဘယ်လိုဖြေရပါ့။ အမှန်အတိုင်းပဲပြောလိုက်တာ အကောင်းဆုံးပင်။ ဖြစ် ကြောင်းကုန်စင် အားလုံးပြောပြတော့ အစ်ကိုရော မမစိမ်းမြပါ ဂရုတစိုက် နားထောင်ကြသည်။ မအိမ်ကံက တောပုန်းရည်သည် လာတာတွေပါ ပြောပြလိုက်ပါ၏။ နောက်ထပ် မဆက်သွယ် တော့ရန် စာရေးပေးလိုက်ကြောင်းလည်း ပါ၏။ အစ်ကိုဖြစ်သူက သဘောထားတော့ မပေးခဲ့။



ကောင်းသည်လည်း မပြော၊ ဆိုးသည်လည်း မပေါ။ တော်တော်ကြီးကြာမှ အစ်ကိုက မပွင့်တစ်ပွင့် ပြောရှာပါ၏။

"မောင်ပြေသိမ်းက ကံကလေးကို မြတ်နိုးနေသာ မြင်မြင်ချင်းပါပဲ…အစ်ကိုကလည်း သူ့သဘောကိုသိလို့ ငါ့နှမဆီတောင် စာကြိုရေးလိုက်ပါသေးသယ်…အစ်ကိုပဲ သဘောတူခဲ့သာပဲ…လူက လူတော် လူမှန်ဆိုသာတော့ အခုထိ အစ်ကိုယုံကြည် လျက်ပဲ…သည်လိုလုပ်သွားသာကတော့ ပြင်ပအမှောင့်တွေပါသလို သူကိုယ်တိုင်က လည်း ယုံကြည်သာပါလို့ ဖြစ်မှာပေါ့လေ…အစ်ကို မဥပါဒ်ချင်ပါဘူး…အစ်ကို့ ပယောဂ မကင်းခဲ့ဘူး…"

သည်စကားကြားတော့ မအိမ်ကံ စိတ်မချမ်းသာပြန်။ အစ်ကိုမြတ်သာက ကိုပြေသိမ်း ဘယ်လိုလူစားဆိုတာ နှမထံစာရေးပြီး ထောက်ခံချက်ပေးခဲ့ဖူးသည်။ အခုတော့ သူ့ကြောင့် နှမဖြစ်သူ သည်ဘဝမျိုးကြုံရသည်ဟု ဆိုလိုခြင်းဖြစ်၏။ မအိမ်ကံနှင့် ကိုပြေသိမ်းတို့ ချစ်ခြင်း အစရက်များဆီက ဖြစ်သည်။

"သတ္တဝါတစ်ခု ကံတစ်ခုပါအစ်ကိုရယ်…မအိမ်ကံကလည်း မြင်ကတည်းက ဖူးစာ ဖက်ရမယ့်လူဆိုသာ သိခဲ့ပါသယ်…ယုံလည်းယုံကြည်မိသလို အားလည်း ကိုးခဲ့မိ ပါသယ်…ကိုပြေသိမ်းက မေတ္တာရှိကြောင်းပြောတော့ မအိမ်ကံ ကိုယ်ပိုင်ဆုံးဖြတ် ချက်နဲ့ လက်ခံခဲ့သာပါအစ်ကို…အစ်ကို့ပယောဂ မပါပါဘူး…ဒါကိုတော့ အစ်ကို လိပ်ပြာသန့်စေချင်သယ်…"

"အေးပါလေ…မနက်ဖြန် အစ်ကိုတို့ပြန်မယ်…ခိုင်ကလေးကိုသာ မေးပြပြီး ဖျောင်းဖျ ထားပါအေ…အစ်ကို့ဆီ တယ်လီဖုန်းဆက်လို့ရသယ်…မြင်းခြံ မြပွဲရုံက ပွဲစားကြီး ဦးမြဆီမှာ တယ်လီဖုန်းရှိသယ်…အစ်ကိုလည်း မှာထားခဲ့မယ်…"

နောက်တစ်နေ့မိုးလင်းတော့ အစ်ကိုမြတ်သာနှင့် မမစိမ်းမြတို့ ပြန်ကြပြီ။ မအိမ်ကံက ရွာလက်ဆောင်များနှင့် အစ်ကိုသုံးဖို့စွဲဖို့ ရွှေထည်ပစ္စည်းတချို့ ထည့်ပေးလိုက်သည်။ အစ်ကိုနှင့် ယောက်မကို မအိမ်ကံ ထိုင်ကန်တော့သည်။ အစ်ကိုက ဆုတွေပေးပြန်တော့လည်း အဖေ့ကို သတိရလို့ ငိုမိပါ၏။ အစ်ကိုကြီးတော့ အဖအရာဆိုသည့်စကား မအိမ်ကံ ယုံကြည်ခဲ့ပြီ။

■

ဓောင်ချမ်းကုန်းမှာ သည်တစ်ခါလှူမည့်အလှူက ထမင်းရည်ချောင်စီးဖြစ်သည်။ ဓောင်ချမ်းကုန်းရွာမှ မဟုတ်ပါ။ ဝန်းကျင် နရန်းရွာတွေမှာ အလှူတွေ ရှိခဲ့ကြပါ၏။ အလှူ၀, အလှူပိန် အကြိမ်ကြိမ်ရှိခဲ့ပါပြီ။ ရေစာမိုးစာကောင်းသည့်နှစ်တွေမှာ ဖြောသံစည်သံ သောသော ညံညံ ကြားရတတ်သည့်ရွာတွေဆိုတော့ တစ်ရွာ့တစ်ရွာ အလှူလိုက်ရတာကပင် အလုပ်တစ်ခု ဖြစ်ရပါ၏။ မျက်နှာနာစရာချည်းဆိုတော့ လူမရောက် လက်ရောက်ရသလို၊ လက်ရောလူရော ရောက်ရသည်လည်း ရှိသည်။ ဓောင်ချမ်းကုန်းမှာ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်း နေဝင် သည်နှင့် မီးခွက်မှုတ်ရသည့်ရက်တွေ ကျော်လွန်ခဲ့သည်နှင့် အလှူတွေ မှိုကျင်းထသလို ရှိကြပါ၏။

"သန်းစုရေ…မတဲအလှူ မလိုက်ကြဘူးလားဟေး…ညည်းတို့သွားရင် အဖော်ပိုက် စမ်းပါရစီ…"

www.burmeseclassic.com

www.burmeseclassic.com

"လိုက်ခဲ့ပါ...လှည်းမရလို့ ကုန်းကြောင်းသွားကြမှာနော..."

"ကုန်းကြောင်းလည်း ကုန်းကြောင်းပေါ့အေ...နားရွက်ထမ်းပိုးကျည်းတပ်လျှောက်ကြရုံပေါ့..."

"မနက်ထခဲ့လေ...မိုးလင်းရင် သွားကြမှာ..."

တစ်အိမ့်တစ်အိမ် သည်လိုအလှူလိုက် အဖော်စပ်နေကျ။ သည်အသံတွေ ပြန်ကြားရတာကို မအိမ်ကံ ဝမ်းသာသည်။ ဗုဒ္ဓဘာသာတွေဆိုတော့လည်း အလှူသံကြားရလျှင်ပင် ပီတိဖြစ်ကြရတာမဟုတ်လား။ ရွာဦးဆရာတော်ခများလည်း မအားရပါ။ ရွာစဉ်အလှူလိုက်နေရသည်။ ကိုယ့်ရွာအလှူ သူ့ရွာအလှူ ရက်မတိုက်မိအောင် ရှောင်ကြသော်လည်း တစ်ခါတလေ နှစ်ရွာသုံးရွာမှာ အလှူတွေဆုံနေတတ်သည်။ သူ့ရွာနှင့်သူ့ကွမ်းတောင်ကိုင် အလှဆုံးခြယ်သထားကြသော်လည်း ဖောင်ချမ်းကုန်းအပျိုတွေကို ဘယ်ရွာကမှ မမီတာလည်း ထူးတော့ထူးဆန်းသည်။ ဖောင်ချမ်းကုန်းသူတွေ ချောကြလှကြတာ ဘဝကုသိုလ်ဆိုတာ ထားတော့။ အသားအရေလှကြတာကတော့ ရေကောင်းလို့ဟု ဆိုကြပါသည်။ ဟုတ်တာ မဟုတ်တာထား။ ဖောင်ချမ်းကုန်းရေက ချိုပြီး လေးလေးပင်ပင်ရှိသည်။

"ညည်းတို့ရွာက ရေတွင်းတွေ ဆားလာခတ်ဦးမှပါအေ...ရေချိုချက်တော့...တွင်းရေထဲ ရွှေမှုန်များ ပါရောလားအေ..."

တခြားရွာတွေက ပြောကြရသည်အထိပင်။ ဖောင်ချမ်းကုန်းမှာ ဟိုဘက် လေး,ငါးနှစ်တုန်းက ကွမ်းတောင်ကိုင်မှာ မဝင်းလှဖြစ်သည်။ နာမည်နှင့်လိုက်အောင် ဝင်းဝင်းစက်စက်လှသူကလေးပင်။ မိဘက သောင်သာတော့ ရွှေငွေဘယက်လက်ကောက်ကအစ ဇွန်ချည်ပိုးချည်အဝတ်အဆင်အားဖြင့် ရွာဂုဏ်ဆောင်နိုင်ခဲ့ပါ၏။ မဝင်းလှ, မဝင်းလှ ဆိုသည့်အသံတွေ စီစီဝေဝေရှိခဲ့သည်အထိပင်။ မဝင်းလှ အိမ်ထောင်ကျပြန်တော့ ဖောင်ချမ်းကုန်းက 'ညိုချော'ကို ကွမ်းတောင်ကိုင်ရွေးခဲ့ကြသည်။ ညိုချောကလည်း တစ်မျိုးလှရှာပါ၏။ အချမ်းသာကြီး မဟုတ်ပေသိ အကျင့်စာရိတ္တကောင်းကလေးဖြစ်သည်။ အလှူအတန်း သာရေးနာရေးရှိလျှင် အိုးဆေးပန်းကန်ဆေးနေရာကို လိုလိုလားလားယူသူကလေးဖြစ်ပါ၏။ ရွာက ဦးကျော်မောင့်အလှူမှာ ကွမ်းတောင်စ,ကိုင်ရသည်။ ညိုချောကို စိတ်တိုင်းကျပြင်ဆင်ပေးသူမှာ မအိမ်ကံဖြစ်၏။ နဂိုချောသူကို မအိမ်ကံက ပြင်လိုက်ဆင်လိုက်တော့ ညိုချောတစ်ခေတ် ထရပြန်လေသည်။

"သည်တစ်ခါအလှူက အလှူကြီး ညိုချောရေ... မြင်းခြံဆိုင်းကလည်းပါဦးမှာ...ဆင်တောင် ငှားထားဆိုလား...ဝက်ဝက်ကွဲပါအေ...တို့ရွာ ဂုဏ်မငယ်စေနဲ့...ရွာတကာက လာကြမှာ...မအိမ်ကံ အလှဆုံးပြင်ပေးမယ်...သည်တစ်ပွဲ ကျောာ်ထည့်တွေချည်းပေါ့အေ..."

မအိမ်ကံက အလှူသံကြားကတည်းက ညိုချောကို မှာကာ အားပေးနှင့်သည်။ အလှူရက်တွင် ညိုချော ကွမ်းတောင်ပွေ့တာကို အလှူလာတို့ ငေးစေရမည်။ အလှူနေ့က သမီးကြီးမြိုင်ကလည်း ကျောင်းပိတ်ရက်မို့ ရွာကိုပြန်ရောက်နေသည်နှင့်ကြုံသဖြင့် ညိုချောကို ဖြီးလိမ်းပြင်ဆင်လုပ်နေကြတာကို မြိုင်က ထိုင်ကြည့်နေခဲ့သည်။ မအိမ်မြိုင်က အိမ်နေအပတ်အစား ကပိုကရိုကလေးနှင့်ပင် လှလွန်းသူကလေးဆိုတော့ ညိုချောအမျိုးတွေက အချင်းချင်း လက်တို့ကြရသည်အထိပင်။

"ရက်စက်ပါ့အေ...ရှင်အိမ်ကံရယ်...ပြင်ထားသဲ့ညိုချောတောင် ညည်းသမီးနဲ့တွဲထိုင်



တော့ မှိန်ရပါပကောအေ...မအေမီချက်တော့...မအိမ်မြိုင် ကွမ်းတောင်ကိုင်အလှည့်များကျရင် မြင်းခြံတောင် တက်ပြိုင်လိုက်ချင်သေးသယ်...အဟုတ်..."

ညိုချောအမေ မအုန်းရင်က အော်ကြီးဟစ်ကျယ်ပြောနေသည်။ သမီးကြီးမြိုင်ကို ရွာက အခုကတည်းက အမှတ်ပြည့်ပေးနေကြပါပြီကော။

ညိုချောကို မအိမ်ကံတို့အိမ်ကြီးမှာ ကျကျနန ပြင်ပေးပြီးတော့ အလှူအိမ်ကို လှည်းယာဉ်နှင့်သွားစေသည်။ လှည်းပေါ်မှာ မအိမ်ကံနှင့် သမီးမြိုင်တို့ပါလာခဲ့သည်။ မဏ္ဍပ်အဝင်မှာ ပြင်ဆင်စရာရှိလျှင် ပြင်ဆင်ပေးနိုင်အောင်ဖြစ်၏။ မဏ္ဍပ်ကို တန်းမဝင်နိုင်ပါ။ လူတွေက ကြိတ်ကြိတ်ကြီးစည်နေခဲ့ပြီ။ မဏ္ဍပ်နှင့် မနီးမဝေးမှာ လှည်းယာဉ်ကို ရပ်စေပြီး မအိမ်ကံနှင့်မြိုင်တို့ အရင်ဆင်းကြသည်။ ရွာမှခွာကာ မြို့ကျောင်းမှာ ကျောင်းတက်နေရသည့် နှစ်ကာလအတွင်း လှချင်တိုင်းလှနေသော မအိမ်မြိုင်ကို လူရှေ့သူရှေ့ ပွဲထုတ်ပြသလို ရှိသည် ဖြစ်၍ အလှူလာကြသူမှန်သမျှ ညိုချောကိုပင် စိတ်မဝင်စားနိုင်ကြပဲရှိလေ၏။

ဖက်ဖူးနု ပိုးထဘီနှင့် ရှံစိမ်းစလက်ရှည်ကလေးဝတ်ထားသော မအိမ်မြိုင်ကို မြင်လိုက်ကြသည်နှင့် တီးလက်စ ဒိုးပတ်ဝိုင်းများပင် ရပ်သွားခဲ့ကြပါ၏။ လူတွေက တဝေါဝေါ အသံပြုကြရင်း သားအမိနှစ်ယောက်ကို လာဝိုင်းနေကြလေသည်။ သမီး၏အလှကြောင့် နဂိုလှသူမအိမ်ကံပင် သွေးကြီးချင်စိတ်ဝင်ခဲ့ရသည်။

"ကိုင်းပါရှင်...ညိုချောကို မဏ္ဍပ်ထဲသွင်းပါရစီ...လာဟဲ့ညိုချော...ရှေ့ကဝင်..."

မအိမ်ကံက လူရှင်းပေးရင်း ညိုချောကို ရှေ့ကသွားစေသည်။ မဏ္ဍပ်အတွင်း ထိုင်နေကြသည့် အရွာရွာက အလှူလိုက်ပရိသတ်ကြီးက လူတွေကြား တိုးဝင်လာကြသည့် မိန်းမချောသုံးယောက်ကိုကြည့်ကြရင်း ပါးစပ်အဟောင်းသားနှင့် ရှိကြလေ၏။ ထိုခဏတွင်ပင် ကျယ်လောင်လှသော အိုးစည်သံ ဒိုးပတ်သံများ ကြိုင်ကြိုင်ဆူထွက်လာခဲ့သည်တွင် ဒိုးပတ်ဝိုင်းမှ အောင်မြင်လှသော သီချင်းသံတစ်သံ ဟိန်းထွက်လာခဲ့လေ၏။

"လှိုင်းကိုက်ပြန် တိမ်လိပ်နှင့် ဘွဲ့ချိတ်ကိုတဲ့မဝတ်ဆင်...ရပ်ကြီးသူဖြူဖြူလတ်ကယ်...နဂိုယဉ်မို့ ယဉ်လေသလားကွယ်...ရွှေခါးတော်ညှိဆိုင်နှင့် ငွေခါးတော်ညှိဆိုင်နှင့်...မတူနိုင်အနေခြားတယ်...မိုးကျနတ်လား...အား...ဟား..."

မအိမ်ကံပြုံးလိုက်သည်။ ဒါသမီးမြိုင့်ကို စောင်းချိတ်ဆိုလိုက်သံမဟုတ်လား။ ဆိုကြပါစေလေ။ ဆိုလိုက်ကြစမ်းပါ။ မတူနိုင် အနေခြားတဲ့ မိုးကျနတ်သမီးကလေးအစစ်ပါရှင်။ တစ်နေ့ရှင်တို့ မျက်ဝါးထင်ထင် မြင်စေ့ရမယ်။ မအိမ်ကံက လူတွေကြားထဲ တိုးဝင်ရင်း ဘေးဘီကို မျက်လုံးဝေ့ကြည့်လိုက်သည်။ လူတွေ...လူတွေ။ မဏ္ဍပ်ထဲမှာ လက်ကိုင်ပဝါ တစ်ထည်ကျစရာနေရာမရှိ။ လူတွေနှင့်သာ ပြည့်ကျပ်နေပါ၏။ များပြားလှသောအကြည့်တွေ ကြားက ထူးဆန်းသောအကြည့်ဖြင့် ကြည့်နေသူကို မအိမ်ကံ သတိထားမိလိုက်သည်။

စိမ်းစိမ်းဝါးဝါးကြည့်နေခဲ့သည့် မျက်လုံးများ။ ဝင်းဝင်းတောက်နေသလား ထင်ရလောက်အောင် စူးရှသောမျက်လုံးတစ်စုံက မအိမ်ကံတို့သားအမိကို ကြည့်နေသည်ကော...။ ထိုမျက်လုံးထဲမှာ အားကျခြင်း၊ သိမ်ငယ်ခြင်း၊ မနာလိုခြင်း၊ မုန်းတီးခြင်း၊ ရက်စက်ခြင်း အဓိပ္ပာယ်တွေပါနေတာကိုပင် မအိမ်ကံ ဖျတ်ခနဲ ဆုပ်ဖမ်းလိုက်မိလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၄)

"ရာသီချိန် ခါရောက်လို့၊ လဲပေါက်ကယ်တဲ့ ပွင့်ညီ၊ ရွှေဖီနံ့သာနှင့်၊ ခြောက်ရောင်ဝါ
စေတီရင်းမှာလ၊ ဆယ်ဖြာငုံ လက်စုံပူး၊ ဦးမြှောက်လို့ချီ"

၁၃၂၃ ခုနှစ်၊ တပို့တွဲလထဲပင် ရောက်ခဲ့လေပြီ။ လဲနှင့်ပေါက်တို့ ကွင်းခြေမြေအနံ့ ရဲမှည့်နေအောင်ပွင့်ကြရုံမက မြေတစ်ပြင်လုံး လဲပွင့်တွေကောက်လို့သိမ်းလို့ပင် မနိုင်နိုင်။ လက်ပံပွင့် ခေါ်ကြသည့် လဲပွင့်တွေက ပင်မြင့်ပင်အိုကြီးတွေပေါ်က ဖောင်းလန်အောင် ချာလည်ချာလည်နှင့် ကျလာကာ မြေခသက်ဆင်းကြရသည်။ လဲပွင့်တွေကို သုံးစိတ်ဝင် ထန်းလျှော်တောင်းနှင့် ကောက်ကြသူတွေကလည်း များလှ၏။ လက်ပံခေါင်းချဉ်ရည်ချက်ကလည်း ရာသီကပေးသော တောဟင်းဖြစ်ရတာမဟုတ်လား။ ပေါက်ပင်ရဲရဲတွေက ကျီးအာခြံများ အထွေးလိုက်တက်နေကြသည့်ကြားက ပန်းနီတွေ ရဲနေအောင် ပန်ကြလေ၏။

ရွှေပြင် ထုံးစေတီကလေးတစ်ဆူရှိရာကို မအိမ်ကံ တစ်ခါတစ်ရံ စိတ်ပြေလက်ပျောက် တစ်ယောက်တည်းလျှောက်လာတတ်သည်။ ထုံးစေတီကလေးသည်ပင် သည်ရာသီရောက်ပြီဆိုလျှင် နှစ်စဉ် ထုံးသင်္ကန်း တဖွေးဖွေးဖြင့် ရောင်တော်ပွင့်နေလေ့ရှိ၏။ တပို့တွဲလပြည့် ထမနဲပွဲ နီးလာခဲ့ပြီမဟုတ်လား။ စေတီထုံးသင်္ကန်းကပ်အလှူကို တစ်ဦးမဟုတ်တစ်ဦးက ကုသိုလ်ယူလေ့ရှိကြရာ နှစ်စဉ် ထုံးသင်္ကန်းရောင်ဖြင့် သပ္ပာယ်လှသည်ကတစ်ကြောင်း၊ လူခြေတိတ်ဆိတ် ရွာရိပ်နှင့် လှမ်းသည်ကတစ်ကြောင်းကြောင့် မအိမ်ကံ သည်နေရာကို မကြာခဏ ရောက်ခြင်းဖြစ်၏။ အိမ့်ဗာဟီရတွေ၊ အပူတွေ၊ သားရေးသမီးရေးတွေကို မြွေများ အခွံချွတ်သလို ချွတ်ထားခဲ့ကာ ပကတိအေးချမ်းသောစိတ်ဖြင့် ရောက်ရောက်လာတတ်ခြင်းဖြစ်သည်။

စေတီနှင့်ဝေးဝေးမှာ လက်ပံပွင့်ကောက်သူတွေကို မြင်နေရသည်။ ရွာထဲက မိန်းမသားအချို့နှင့် ကလေးတွေဖြစ်၏။ ဟေးဟေးဝါးဝါး အော်ကြရင်း အလုအယက်ကောက်နေကြတာ ပျော်စရာ။ မအိမ်ကံငယ်ငယ်တုန်းက လက်ပံပွင့်ကောက်ခဲ့တာကို သတိရမိပြန်၏။ ဘာရယ် မဟုတ်။ တောင်းကြီးတောင်းငယ် ဖောင်းလန်အောင် ကောက်နိုင်တာကိုပဲ ဂုဏ်လုပ်ရခြင်းဖြစ်သည်။ မလှအုံက လိုသလောက်သာ ခြွေကာနှစ်ပေါက်စာအခြောက်လှန်းသည်။ ဖျာကြမ်းတစ်ချပ်စာလောက် ရပြီဆိုသည်နှင့် ကျန်တာတွေ လက်သင့်ရာ ပေးပစ်တတ်သည်။



"မလှအုံကလည်း…ဘာဖြစ်လို့ပေးပစ်ရသာလဲ…မအိမ်ကံဖြင့် ကောက်လိုက်ရသာ ခါးတောင်ညောင်းသယ်…"

ကလေးပီပီ နှမြောစိတ်ဖြင့် ပြောခဲ့ဖူးသည့်စကားကို မအိမ်ကံမှတ်မိသည်။ မလှအုံပြန်ပြောသည့်စကားကိုလည်း မှတ်မိပါသည်။

"မအိမ်ကံရယ်…လိုသလောက် ကောင်းပါသယ်အေ…ပိုရင် အမှိုက်ဖြစ်သယ်အေ့… လိုသဲ့လူပေးလိုက်တော့ မအိမ်ကံ ကုသိုလ်ရသာပေါ့…အခုကိုပဲ သူများမျှလိုက်တော့ ကုသိုလ်ရလှပေါ့အေ…ငါ့ညီမနှယ်…"

အခုတော့လည်း မလှအုံပြောခဲ့သည့်စကားကို တရားနှင့်ကပ်မိပြီ။ ပိုရင် အမှိုက်ဖြစ်သတဲ့။ မှန်လိုက်တာ။ လူ့ဘဝမှာတော့ကော ဘာထူးလို့တုံး။ လူရယ်လို့ ဖြစ်ပါပြီဆိုကတည်းက ရှိခဲ့ရသည့် သံယောဇဉ်တွေ၊ တွယ်တာမှုတွေ၊ အစွဲအလမ်းတွေ၊ တပ်မက်မှုတွေ……။ သိမ်းလိုက်ရသာ၊ ပိုက်ထွေးလိုက်ရသာ၊ အထုပ်လိုထမ်းလိုက်ရသာ…ဘယ်နည်းလို့တုံး။ ပိုသမျှ မစွန့်နိုင်၊ မပစ်နိုင်။ မနိုင်ဝန်ဖြစ်ကာမှ ဖြစ်ကရော။ ရွက်ထားလိုက်ရတဲ့ အပူ၊ ပိုးထားလိုက်ရတဲ့ သောက၊ ထမ်းထားလိုက်ရတဲ့ ဗျာပါရတွေ…။ လေးသည်ထက်သာ လေးတော့သည်။ ဇက်ကျိုးအောင် ရွက်ထားရတာကိုပဲ လေးသည်မထင်ခဲ့။ ဘဝအကြောင်းကံနှင့် ကံကြမ္မာက ဆွဲဆွဲချတော့မှ လျော့တန်သလောက် လျော့ရပါ၏။ ဒါတောင် ပိုးတက်လာသည့် ဘဝဝန်ထုပ်တွေက ဆင့်ကာဆင့်ကာ တိုးချင်နေသေးသည်။ ပိုသမျှ အမှိုက်ဖြစ်ရသာ အမှန်ပါပဲလား။

တပို့တွဲလရောက်လျှင် မလှအုံ၏လက်ရာ ထမနဲကို မအိမ်ကံ နှစ်စဉ် စားခဲ့ရသည်။ ထမနဲနှင့်ပတ်သက်သည့် မလှအုံ၏ ရှေးအစပ်အဟပ်တွေကို ကြားနာရတတ်သည်။ မအိမ်ကံကလေးတုန်းက ထမနဲထိုးနည်းတွေ သင်ပေးနေလို့ အမေပန်းရုံက 'လှအုံရယ်…ငါ့သမီးငယ်ပါသေးအေ…ထမနဲထိုးဖို့ အဝေးကြီးလိုပါသေးသယ်' လို့ ဟန့်ခဲ့ဖူးတာ သတိရမိ၏။ အခုတော့ ထမနဲထိုးနိုင်သည့်အရွယ်တောင် လွန်ခဲ့ပါရောလား။ မအိမ်ကံ အသက်လေးဆယ်ကျော်လို့ တစ်နှစ်စွန်းခဲ့ပြီ။ တစ်နေ့တစ်နေ့ လျှောက်ခဲ့ရသည့် ဘဝခြေလှမ်းတွေ မနည်းတော့ပြီ။ မလှအုံလက်ရာ ထမနဲကလေးကိုတော့ ငယ်ငယ်တုန်းကလို တောင့်တမိဆဲဖြစ်သည်။ မလှအုံလက်ရာက နာမည်ရသည်။ အခုတော့ အမေပန်းရုံရော မလှအုံပါ မရှိရှာကြတော့ပြီ။ တပို့တွဲလရောက်လျှင် ဘုရားပွဲနှင့် ထမနဲပွဲတွေကတော့ မပျောက်မပျက်ရှိသေးသည်။ သို့သော် မလှအုံလက်ရာ မဟုတ်တော့။ မလှအုံ မရှိတော့ မလှအုံ၏လက်ရာဆိုတာ ဖောင်ချမ်းကုန်းမှာ နောက်ထပ် ဘယ်တော့မှ မရနိုင်ပြီ။

သည်ကနေ့လည်း မအိမ်ကံတို့အိမ်မှာ ရွာထမနဲပွဲအတွက် မိုးပြဲဒယ်ကြီး နှစ်ဒယ်စာထိုးကြသည်။ ရွာဦးကျောင်းကို ကျေးဥတို့ သွားရောက်ကပ်လှူကြသည်။ ရွာထဲကို ဝေသည်။ သူများအိမ်က ထမနဲတွေလည်း မအိမ်ကံတို့အိမ်ကိုရောက်သည်။ ဆီတွေနစ်နေအောင် ထိုးထားသော ထမနဲလက်ကြားယိုကိုမြင်ရတော့ အဖေ့ကို သတိရသည်။ အမေ့ကို သတိရသည်။ မလှအုံကို သတိရသည်။ တစ်အိမ်သားလုံး မျက်နှာမကောင်းကြ။ ကိုဖိုးငွေဆိုလျှင် အိမ်နောက်ဖေးနားစာစဉ်းခုံနားမှာ ပုဆိုးခါးပုံစကို ဖြုတ်ပြီး မျက်ရည်သုတ်တာကို မအိမ်ကံမြင်လိုက်ရတော့ ရင်ထဲမှာ ကျင်ခနဲ နာရပါ၏။ ဇနီးသည်ကို လွမ်းရှာလိမ့်မည်။ ခံစားမှုမဲ့သလို အမြဲတမ်း

www.burmeseclassic.com

www.burmeseclassic.com

မထုံတက်သေး ရှိတတ်သော ကျေးဥပင်လျှင် မျက်နှာကလေး အမ်းနေရှာသည်။ သူလည်း ငိုထားပုံရပါ၏။

"ငါက ညည်းတို့ထက်ဆိုးတော့မပေါ့ ကျေးဥရယ်…ငါ့မှာက သေကွဲရော ရှင်ကွဲရော ပါအေ…ညည်းက နှစ်လမြူ တစ်လက်မြက်ဆိုရင် ငါက နှစ်လမြက် တစ်စလယ်ပါ အေရဲ့…အခုတော့ ငါ့ကိုယ်ငါ တရားရှိသယ် မပြောဝံ့ပါဘူး…ဒါပေသိ…ပိုရင် အမှိုက်ဖြစ်သယ်ဆိုသာ ငါနားလည်ပြီ…"

မအိမ်ကံရင်ထဲက ပြောဖြစ်သည့်စကားတွေပင်။ အစ်ကိုလေးကိုစံကောင်းတို့ပဲ ထမနဲတွေ ထိုးကြခြင်းဖြစ်၏။ ရွာကရပ်က ကာလသား၊ ကာလသမီးတွေ တရုန်းရုန်း ရှိခဲ့သည်။ သည်လိုပွဲမျိုးမှာ ထမနဲ တိုက်ပန်းကန်တစ်ချပ်စာတော့ ဘယ်လောက်ဆင်းရဲဆင်းရဲ ရွာကျောင်းကို ရောက်အောင် ပို့လှူကြသူတွေချည်း။ ညဘက် ထမနဲထိုးပွဲအတွက် တတ်နိုင်သူက တတ်နိုင်သလို ကောက်ညှင်းဆန်၊ အုန်းသီး စသဖြင့် ပို့ကြတာများလည်းရှိပါ၏။ သူ့အိမ် ငါ့အိမ် ပို့ကြကမ်းကြနှင့် မအိမ်ကံတို့အိမ်ကို လာပို့ကြတာလည်းမနည်းပါ။ ကျေးဥက မြင်းခြံတောင် ပြေးပို့လိုက်ချင်သေးဟုဆိုသည်။

ထမင်းစားသောက် ရေမိုးချိုးပြီးတော့ ဖျင်ချောထည်ထူထူကလေးဝတ်ပြီး ရွာစေတီ ဘက် မအိမ်ကံထွက်လာခဲ့ခြင်းဖြစ်၏။ ခိုင်ကလေးတို့တစ်တွေကတော့ ခြံထဲကပန်းတွေ ဆန်ကာ ခုံးတစ်လုံးနှင့် လည်ခူးနေကြသည်။ ဇလပ်ဖြူတွေက အူအူထအောင် ပွင့်နေကြလေ၏။ ညဘက် ဘုရားကုန်းသွားပြီး ပန်းတွေ သီကုံးကာ ပန်းကပ်လှူကြဖို့ဖြစ်သည်။ မအိမ်ကံငယ်ငယ်က သည်လို တပို့တွဲ ထမနဲပွဲရောက်တိုင်း ပန်းသီကုံးဖို့ စိတ်စောနေမိတာ အမှတ်ရမိ၏။ မအိမ်ကံ၏ ငယ်ဘဝတွေ ပျောက်ပျက်သွားခဲ့သော်လည်း ပန်းကုံးကြသည့်ဓလေ့ကလေးက အခုတိုင် ထင်ကျန်ရစ်နေဆဲ။ ခိုင်ကလေးတို့အလှည့် ရောက်ကြပြီ။

မအိမ်ကံ စေတီဘက်သွားချဉ်းမယ်လို့ မပြောခဲ့သော်လည်း ကျေးဥက သိထားသူဖြစ်သည်။ ခုတစ်လော မအိမ်ကံ သည်လိုတစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်နေချင်သည့်စိတ်ကလေး ဝင်နေခဲ့သည်။ အသက်အရွယ်ကလည်း လေးဆယ်ကျော်လို့ ငါးဆယ်တွင်း ခေါ်ကြသည့်အရွယ်။ သည်စေတီကလေးဆောမှာ ဝါးကပ်မိုး အာရုံခံတန်ဆောင်းကလေးရှိတော့ အေးအေး လူလူ ထိုင်နိုင်ပါ၏။ မအိမ်ကံနှင့် မနီးမဝေးမှာ နွားကျောင်းသား သုံး,လေးယောက် ဖက်နှင့်ထုပ် ထားသော ထမနဲတွေကို ပလုပ်ပလောင်း စားနေကြသည်။ စားပြီးတော့ နွားတွေ လွှတ်ကျောင်း ထားရာဘက်ကို ထွက်သွားကြသည်။ သူများ ပဲခင်းတွေထဲ ဝင်မှာစိုးကြပုံပေါ်သည်။

ထုံးစေတီတော်မှ ဆည်းလည်းသံကလေးတွေ တောင်တောင်တင်တင်…။ ပဲခင်းဆီက သီချင်းသံတစ်သံ လွင့်လာပါ၏။ ဇာတ်ထဲ ပွဲထဲမှာဆိုကြသည့် ငိုချင်းတစ်ပုဒ်ပင်။

"လွမ်းမကြံ့…ပန်းတစ်ငုံ စပယ်ဥကိုလ…မရှူချင်ဘူး…မှာရက်ကယ်လွန်…ဝါချက်ကို ဒီမယ်ရွှံ့လို့…စံမလွန် ကြာညောင်ရိပ်မှာလ…(မောင်ကြီးရေ)…လွမ်းစိတ်နှင့်ကူး… ဟူး ဟူ…"

ဇာတ်စင်ပေါ်က မင်းသမီးကလေး၏ ခံစားမှုကို ယောကျ်ားသားကြီးတစ်ယောက်က လွမ်းလွမ်းဆွေးဆွေး ဟစ်လိုက်ခြင်းဖြစ်သည်။ မှာထားသည့်ရက် လွန်ပြီဖြစ်သော်လည်း မောင်



မလာသည့်အကြောင်း၊ ဝါချက်ကို သည်မယ်ရွှံ့လို့ ဆင်ခြင်ဖို့အကြောင်း၊ မယ့်မှာတော့ နန်းဆောင်ကြာညောင်ရိပ်က လွမ်းစိတ်နှင့်ကူးနေရကြောင်းကို လွမ်းသံနှောနေခြင်းဖြစ်၏။ ဝါချက်ကို သည်မယ်ရွှံ့လို့တဲ့လား…။ ကြွားဝါတာကို မေမကြိုက်ပါဘူးရှင်…လာနိုင်မှ လာနိုင်တယ်ပြော ပါ…အခုတော့ မှာတဲ့ရက်တောင် လွန်နေပြီပေါ့ဟာ…လို့ ရန်တွေ့သံပါပါ ငိုလိုက်ခြင်းဖြစ်ပါ၏။ ကိုပြေသိမ်းကတော့ မှာရက်ကို လွန်သည်လို့မဆိုနိုင်။ ထွက်သွားတာတောင် မသိလိုက်ရမှတော့ မှာရက်ဆိုတာလည်း မရှိ။ သည်တော့လည်း ကြာညောင်ရိပ်က လွမ်းစိတ်ကလေး ကူးစရာပင် မရှိ။

အခုကော သည်စေတီကလေးဆီ ရောက်ရောက်လာတာ လွမ်းစိတ်နှင့် ကူးနေမိတာ များလား။ မအိမ်ကံ မဲ့ပြုံးကလေးတစ်ချက်ပြုံးလိုက်မိသည်။ ဘယ့်နှယ်ကြောင့် သည်လိုတွေးမိရတာပါလိမ့်။ လူက မလွမ်း, စိတ်ကများ လွမ်းမိရော့လား။ မြန်မာတွေဆိုတော့ သားသမီးမွေးရင်တောင် ပထမဆုံး မေးသည့်မေးခွန်းက ခြေစုံလက်စုံကလေးလားလို့ မေးတတ်ကြသည်။ သည်သား သည်သမီး မိစုံဖစုံနှင့် အေးအတူပူအမျှ ရိုးမြေကျနေနိုင်ပါရစေလို့ ဆုတောင်းတတ်ကြသည်။ မိစုံဖစုံ ဆိုသည့်စကားကို အခုမှ လေးနက်မှန်း မအိမ်ကံသိခဲ့ရသည်။

ဒါကြောင့်ပဲ 'လင်စုံမယားဖက်'၊ 'မိစုံဖစုံ'၊ 'အသိုက်အမြုံမပျက်' ဆိုသည့်စကားတွေ ရှိလာရခြင်းပင်။ မအိမ်ကံအဖို့တော့ သိုက်မြုံပျက်ရပြီ။ သိုက်မြုံပျက်ရပြီဆိုပြန်တော့ မိစုံဖစုံ မဟုတ်တော့ပြီ။ လင်စုံမယားဖက် မမည်တော့ပြီ။ သေကွဲမဟုတ်သော်လည်း ရှင်ကွဲက ပို၍ပင် ရင်နာစရာ ကောင်းပါ၏။ သေကွဲက ဖြေလို့ရသော်လည်း ရှင်ကွဲက ဖြေသာစရာမရှိပြီ။

"သမီးနှစ်ယောက်အဖို့ရာ ဒါလည်း မိစုံဖစုံပါပဲလေ…မိဝေးဖဝေးမှ မဟုတ်သာ… မအေနဲ့ ရင်အုပ်မကွာ ရှိကြသဲ့ဘဝတွေပဲ…ဖအေနဲ့ဝေးရသယ်ဆိုပေသိ သူအသက်ရှင် နေသရွေ့ မိစုံဖစုံပဲပေါ့…မိဘနှစ်ပါး ရှင်ကွဲကွဲနေကြရသာကတော့ ကိုယ့်ကုသိုလ်ပေါ့ လေ…"

သည်လိုဖြေမိပြန်တော့လည်း မအိမ်ကံ နေသာသလိုရှိရပြန်သည်။ နေကလေး စောင်းကျသွားခဲ့ပြီ။ ငှက်တွေတောင် အိပ်တန်းပြန်ကြပြီ။ တစ်ခါတစ်ခါ ကောင်းကင်က အိပ်တန်းပြန် ငှက်အုပ်တွေကို မအိမ်ကံ ထိုင်လျက်ငေးနေတတ်ပါ၏။ အကြောင့်ကြမဲ့ သည့်ငှက်တွေကို မအိမ်ကံ အားကျမိသည်။ အချိန်တန် အိပ်တန်းပြန်ကြသည့်ငှက်တွေကို စိတ်ရောက်တိုင်း မအိမ်ကံ ကြည်နူးသည်။ သူတို့မှာတော့ သောက မရှိကြပါလား။ အချိန်တန်တော့ ငှက်တွေ တောင် အိမ်ပြန်ကြသည်ပဲ။

"ပွေခန်းငယ်လျှံ…ရွှေနန်းစံ ကိုယ်တော်မြတ်မှာဖြင့်…သည်းစပ်တွင် လောင်စံ့ရှိ့ သည်သို့…ပူဖို့ပေပဲ…ယှဉ်တုငယ်ပြိုင်…တနည်းစီဗျာပါလှိုင်လို့…မဟာမြိုင်ဟောဝန် ကျေးတွင်ဖြင့် အမှုအိ ကုသိုလ်မေး သူတို့ကို…ဆွေးဖို့ဖက်တွဲ…အဲ…ဟဲ ဟဲ…"

ငိုချင်းသံက ဝေး၍ ဝေး၍ကျန်ခဲ့သည်။ ဘယ်သူကများ လွမ်းလွမ်းဆွေးဆွေး ဆိုနေတာ ပါလိမ့်။ သစ်ခင်းယာခင်းထဲမှာတော့ ကြည့်ဖူးသည့်ဇာတ်ထုပ်တွေထဲက နောက်ပိုင်းသီချင်းတွေ သည်လိုပဲဆိုနေကျဆိုတာ မအိမ်ကံသိပါ၏။ သို့သော် သီချင်းတွေက မအိမ်ကံကိုများ စောင်း မြောင်း ဆိုနေကြသလို ဖြစ်နေတာကိုတော့ မအိမ်ကံ အံ့သြရသည်။ တနည်းစီဗျာပါလှိုင်လို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကတော့ ဟုတ်မထင်ပေါင်။ ကိုပြေသိမ်းမှာ ဗျာပါမရှိနိုင်သလို မအိမ်ကံမှာလည်း ဗျာပါမရှိ။ မအိမ်ကံကိုယ်တိုင်က သူ့ကိုယ်သူ ကုသိုလ်မှေးမှိန်သူရယ်လို့ ဘယ်တုံးကမှမတွေးခဲ့။

"မအိမ်ကံကတော့ လင်သေ မုဆိုးမ မဟုတ်ရပေါင်ရှင်...လင်ရှင်မုဆိုးမပါ...ရှင် လျက်နဲ့ တစ်ခြမ်းသေနေရသဲ့ဘဝပါ...အမှုအိုကို ကုသိုလ်လည်းမှေးသယ် မထင်ပေါင်...ဆွေးစရာ လွမ်းစရာကိုလည်း အဖက်မတွဲရပေါင်...ရှင်အိမ်ကံတို့က တက်ကောင်းသရွေ့ လှေပြေးမယ့် မိန်းမတော်ရေ့..."

ဘယ်သူဘယ်ဝါမှန်း မသိရသည့်သီချင်းရှင်ကို စိတ်နှင့်ရန်တွေ့ရင်း မန်ကျည်းစဉ်ရွာလမ်းအတိုင်း ပြန်လာခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဘုရားရိပ်၊ ဇရပ်ရိပ် ရောက်ရတော့လည်း အပူဗျာပါရ တဒင်္ဂသိမ်းနိုင်ခဲ့ပါ၏။ ညဘက် ထမနဲထိုးပွဲအတွက် တစ်ပိုင်တစ်နိုင် လာရောက်လှူဒါန်းကြသူတို့၊ ဘုရားကုန်းဆီ လာနေကြပြီ။ မအိမ်ကံကိုတွေ့တော့ နှုတ်ဆက်ကြသည်။ သည်လူတွေ လွန်သွားတော့ လင်လွမ်းလို့များ စေတီကလေးဘက် ညနေတိုင်း လာလေရော့ သလားထင်ကြမှာလည်း စိုးခဲ့သည်။ ပြောချင်တာ ပြောကြပါစေလေ။ ဆင်တစ်စ မြင်းတစ်စ သည်လိုရှိတတ်ကြတာ ဓမ္မတာပဲဥစ္စာ။

မအိမ်ကံ အိမ်ဝင်းဝရောက်တော့ မှောင်လှပြီ။

■

သည်နှစ်ထဲမှာပဲ သမီးကြီး မအိမ်မြိုင် ဆယ့်ရှစ်နှစ်တင်းတင်းပြည့်သည်။ တပေါင်းလထဲမှာ သမီးကြီးမြိုင် ဇောင်ချမ်းကုန်းကို ပြန်ရောက်လာခဲ့သည်။ သည်နှစ် မြိုင်က မြို့မှာ ကိုးတန်းစာမေးပွဲ ဖြေခဲ့ပြီ။ သမီးကြီးပြန်လာမည့်နေ့ကို မအိမ်ကံ အမျှော်ကြီးမျှော်ခဲ့ရသည်။ စာမေးပွဲမတိုင်ခင်ရက်တွေတုန်းက မြင်းခြံကို တစ်ခေါက်လား ရောက်ခဲ့ပြီး နောက်ထပ်မရောက်ဖြစ်တော့။ စာမေးပွဲရက်ထဲတုန်းကလည်း မအိမ်ကံ စိတ်ရောက်သော်လည်း လူမရောက်နိုင်။ ကိုယ်သွားကာမှ သမီးကြီး စာဘက်လျော့မှာစိုးတာလည်း ပါပါသည်။ သမီးကြီး စာတော်လေသလား၊ မတော်လေသလား ဆိုတာကို မအိမ်ကံ မသိ။ စာကြိုးစားတာတော့ မောင်သက်မင်းတို့ ပြောသလောက် သိခဲ့ရသည်။ စာမေးပွဲပြီးမည့်ရက်မှာ မောင်သက်မင်းတို့ကို အလုပ်မပိုစေချင်သဖြင့် ကျေးဥနှင့် ဖိုးတုတ်တို့ကိုပဲ လှည်းနှင့် အကြိုလွှတ်လိုက်ရသည်။ သမီးတို့ လှည်းပြန်ရောက်တော့ မိုးကြီးပင် ချုပ်လေပြီ။

မအိမ်ကံ ရွာလှည်းလမ်းဆီမျှော်ရင်း အကြိုလှည်းကို ကြည့်ရတာအမော။ အိမ်ကလှည်းအိုသံကို မအိမ်ကံမှတ်မိသည်။ ကိုဖိုးငွေကပင် လှည်းမမြင်ရခင်က အိမ်က လှည်းသံဟ...ဟု ဆိုသည်။ အိမ်ကြီးလေသာဆောင်က မျှော်ရတာ အားမရနိုင်တော့ မအိမ်ကံ အောက်ထပ်ကိုဆင်းလာခဲ့ကာ ဝိုင်းဝဆီ ပြေးသည်။ တံခါးကြီးကိုလှပ်ကာ ရွာလမ်းအတိုင်း ဆံပင်ထုံးရင်းကပြေးသည်။ အမေကြီးစောတို့ အိမ်ကွေ့လောက်မှာ ရှိမည်မှန်းကာ နေလုံးပျောက်လုပျောက်ခင် အလင်းထဲ ပြေးထွက်လာခဲ့သည်။

ဟုတ်ပါ့တော်...။ အိမ်ကလှည်း...။

သမီးကြီးမြိုင်က ဝိုးဝိုးဝါးဝါး အလင်းထဲက မအေကို မြင်သွားတော့ 'အမေ' လို့

လှမ်းအော်လိုက်သည်။ မအိမ်ကံရင်ထဲ လှိုက်ခနဲဖြစ်ရပါ၏။ လှည်းဆီကို အပြေးလာခဲ့သည်။ ဖိုးတုတ်က လှည်းကို စုတ်သပ်ရင်း ရပ်ပေးပါ၏။ အိမ်နှင့်မနီးမဝေး လမ်းတစ်ကွေ့လောက်ခရီးကို စိတ်မရှည်နိုင်သည့် မအိမ်ကံကိုကြည့်ရင်း ကျေးဥက အကဲပိုရန်ကောဆိုသည့် သဘောဖြင့် ငေါက်လေ၏။

"မအိမ်ကံရယ်...ဖိနပ်ကောပါရဲ့လားအေ...ညည်းဟာ တစ်ကွေ့ပဲ ကျန်တော့သဲ့ဟာကို..."

"မစောင့်နိုင်လို့ပေါ့အေရဲ့...ငါဖြင့် ညနေစောင်းပါပြီဆိုကတည်းက မျှော်ရသာ...ညည်းတို့များ ကြာလွန်းလိုက်သာ...ဘာတွေများလုပ်နေကြသာတုံး..."

"မြိုင်ကလေးပါအေ...သူက ပစ္စည်းတွေ သိမ်းရသေးသာကိုး...သူဆင်းလာမှ လှည်းကောက်ရသာ...ထမင်းတောင် အလုအယက်စားရသာပါအေ...ညည်းနှယ်..."

နေဝင်ရီးရီလှည်းလမ်းမှာ လှည်းရုံတိုင်ကို ဆုတ်ကိုင်ရင်း စကားတွေပြောနေသည့် မအိမ်ကံနှင့် လှည်းပေါ်က ကျေးဥတို့ကို မြင်သူတွေက အံ့သြနေကြသည်။ မအိမ်ကံ လှည်းနောက်မြီးပေါ် ဇွေ့ခနဲ တင်ပလ္လင်တက်လိုက်တော့မှ ဖိုးတုတ်က ဇောင့်ခနဲ လှည်းထွက်လာခဲ့သည်။ မကြာခင် ဝိုင်းဝကိုရောက်တော့ ပွင့်နေသည့်တံခါးကပဲ လှည်းဝင်လာခဲ့သည်။ ကိုဖိုးငွေနှင့်ဖိုးကူးက လှည်းပေါ်က ပစ္စည်းတွေချသည်။ ဖိုးတုတ်က နွားတွေဖြုတ်ပြီး နွားတင်းကုပ်ထဲဆွဲသွားသည်။ နွားတွေ ရေငတ်နေမှန်းသိလို့ဖြစ်၏။ သမီးခိုင်က မအိမ်မြိုင်ကို ဆီးကြိုရင်း ညီအစ်မနှစ်ယောက် ဖက်ထားကြသည်။

သမီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်ထားကြတာကိုမြင်ရတော့ မအိမ်ကံရင်ထဲ ဆို့နင့်နင့်ကြီး ခံစားရပါ၏။ သမီးတွေ အရွယ်ရောက်ကြပြီ။ တစ်ယောက်က ဆယ့်ရှစ်နှစ် အပျိုဖားဖား၊ တစ်ယောက်က ဆယ့်ငါးနှစ် အပျိုဖော်ဝင်စ။ ညီအစ်မနှစ်ယောက် ရုပ်ချင်းတစ်မျိုးစီဆိုပေသိ လှကြတာချင်းတော့ တူကြသည်။ ကြည်ကြည်စင်စင် သန့်ရည်ပြန့်ရည်ရှိကြသည့်အပြင် အပျိုရည် အပျိုသွေးကလေးတွေ စိုစိုလူးလူးရှိကြသဖြင့် ဖန်မီးအိမ်မီးရောင်အောက်မှာ ဘော်ကြယ်ပွင့်ကလေးတွေလို တဖျပ်ဖျပ်တောက်နေကြသည်။ မအိမ်ခိုင်ကလည်း သည်တစ်နှစ်ကျောင်းနားရင်း မအေ့ ရက်ကန်းရုံကို ဝင်ကူနေရတာဆိုတော့ ညီအစ်မချင်း မတွေ့ရတာကြာပြီ။ သမီးနှစ်ယောက် ချစ်ချစ်ခင်ခင်ရှိကြတာကို ကြည့်ရင်း မအိမ်ကံ အားတွေဖြစ်ရပြန်ပါ၏။

"မြိုင်...ခဏနားပြီးရင် ရေချိုးမလားသမီး...ထမင်းဆာပြီလား..."

"ရေချိုးလိုက်ချင်သယ်အမေ...ညကျမှ စားတော့မယ်..."

"ကောင်းပါပြီတော်...ခိုင်ကရော...အမေတို့နဲ့ စားနှင့်မလား..."

"မမမြိုင်နဲ့မှပဲ စားတော့မယ်အမေ...သမီးလည်း မဆာလို့..."

ထိုညက မအိမ်ကံတို့အိမ်ကြီးမှာ မီးရောင်တွေ ညီးညီးထိန်ထိန်ရှိလှသည်။ သည်တစ်ခေါက် သမီးမြိုင်ပြန်လာတာ နွေကျောင်းပိတ်ရက်ဆိုတော့ အိမ်ကြီးမှာ ရက်ကြာကြာနေရမည်။ ကျောင်းတွေ ဖွင့်လျှင်တော့ မြိုင်က မြင်းခြံကိုပြန်၊ ခိုင်က အစ်ကိုမောင်မြတ်သာတို့၊ မမစိမ်းမြတို့နှင့် ရန်ကုန်လိုက်။ နောက်တစ်နှစ်ကုန်လျှင်တော့ မြိုင်ပါ ရန်ကုန်တက္ကသိုလ်ကို သွားရတော့မည်။ မအိမ်ကံကတော့ မန္တလေးတက္ကသိုလ်မှာ တက်စေချင်သော်လည်း အစ်ကို

www.burmeseclassic.com

www.burmeseclassic.com

မောင်မြတ်သာက ညီအစ်မနှစ်ယောက်စလုံး သူ့ဆီပဲပို့ဖို့ စီမံပေးထားခဲ့သည်။ ညီအစ်မ အတူနေရတာပေါ့တဲ့။ အစ်ကိုလည်း နောက်သုံးလေးနှစ်လောက်ဆိုလျှင် အလုပ်က အနားယူကာ ရွာမှာပဲ အပြီးနေတော့မှာဆိုတော့ သည်ကျမှ အစ်ကိုတို့ရော သမီးတွေရော မအိမ်ကံအနားမှာ လူစုံတက်စုံ ရှိနားကြလိမ့်မည်ထင်၏။ ခွဲရလှ သုံး,လေးနှစ်ပေါ့။ ကိုပြေသိမ်းကရောတဲ့။ ကိုပြေသိမ်းအကြောင်းရောက်တော့ မအိမ်ကံ ရင်မောသွားရပါ၏။ သမီးတွေကို တစ်ပြည်တစ်ရွာ ပို့ကာ မအိမ်ကံရင်ခွင်နှင့်ဝေးသော တစ်နေရာမှာ သွားထားရတာ ကိုယ်က ကိုပြေသိမ်းလို ပညာတတ်ကြီးဖြစ်စေချင်လို့ဖြစ်သည်။ ဖအေ ပညာတတ်က မွေးတော့ သမီးပညာတတ်တွေ ဖြစ်တာပေါ့ဆိုသည့်ဂုဏ်ကိုတော့ မအိမ်ကံ မက်စက်လှပါ၏။ ကိုယ်တိုင်က တောသူဆိုပေသိ လင်ပညာတတ်ကို ချစ်သည့်စိတ်ဖြင့်သာ ရင်စည်းခံ ခါးစည်းခံဘဝဖြင့် မအိမ်ကံ ရုန်းကန်နေခြင်းပဲ မဟုတ်လား။ ဒါတွေ တော်သိရဲ့လား ကိုပြေသိမ်းရေ့...လို့သာ ပြေးပြေးရန်တွေ့လိုက်ချင်တော့၏။

ညဘက်မှာ မြိုင့်ကိုလာနှုတ်ဆက်ကြသော ဆွေဆွေမျိုးမျိုး ရွာသူရွာသားတွေကြားမှာ မှုံနံ့သာလည်း ပါလေသည်။ မအိမ်ကံက သမီးနှစ်ယောက်နှင့် မှုံနံ့သာကို ယှဉ်ထိုးကြည့်ရင်း တခြားစီပါပဲလား ဆိုသည့်စိတ်ဖြင့် ကျေနပ်နေမိပါ၏။ မှုံနံ့သာနှင့် မြိုင်တို့က မိဘမျိုးရိုးချင်းလည်း တခြားစီ၊ ရုပ်ရည်ရူပကာချင်းလည်း တခြားစီ၊ ပညာတတ်ပုံချင်းကရော...တခြားစီ။ မှုံနံ့သာသည် တောသွေးတောမွေးကလေးဖြင့် ရိုးရိုးယဉ်ယဉ် ဖြူစင်သော မိန်းမသူကလေး တစ်ယောက်မို့ သည်ကလေးမကလေးအပေါ်မှာ မအိမ်ကံ ဘာမှမဥပါဒ်မိရိုးအမှန်ပင်။ သို့သော် ကြီးတော်စံရွှေ၊ သာအောင်၊ ရွှေမှုံတို့နှင့်ပတ်သက်သော အကြိတ်အခဲကတော့ မအိမ်ကံရင်ထဲ ကျေပဲမကျေနိုင်။ ချေသော်လည်း ကျေစရာမရှိ။

ညဉ့်ကြီးနက်အောင် စကားတွေပြောကြရင်းက ကျေးဥက သားအမိတစ်တွေ အိပ်ကြဖို့ ဝင်သတိပေးရတော့၏။ ခိုင်နှင့်ကျေးဥတို့ အိပ်ရာဝင်ကြသည့်တိုင် မအိမ်ကံနှင့်မြိုင်တို့ သားအမိ စကားလက်စ မသတ်နိုင်ကြသေး။ မြိုင်က မြင်းခြံအတွေ့အကြုံတွေ မေးသမျှ ဖြေနေခဲ့သည်။ သံစုံနာရီကြီးက ဒင်ခနဲ နှစ်ချက်ထိုးမှ စကားဝိုင်းသိမ်းဖို့ ပြင်ရပါ၏။

"အဖေ့ဆီက လူတစ်ယောက် သမီးဆီ ရောက်လာသေးသယ် အမေ..."

"ဟဲ့...ဟုတ်ကဲ့လား...ဘယ်သူတုံး...သမီးနဲ့ ဘယ်မှာတွေ့ကြသာတုံး..."

မအိမ်မြိုင်က ထိုတစ်ရက်က အတွေ့အကြုံကို ပြောပြသည်။ မအိမ်ကံရင်တွေ တလှပ်လှပ်ခုန်ရင်း နားထောင်နေခဲ့သည်။ သည်စကား ဘာလို့များ စောစောစီးစီးမပြောပါလိမ့်။

လှည်းတစ်စီးက ကိုသက်မင်းတို့အိမ်ရှေ့လာရပ်ပြီး လူတစ်ယောက်ဆင်းလာခဲ့သည်။ လှည်းက ဆက်ထွက်သွားတော့ ထိုလူက ကိုသက်မင်းတို့အိမ်ဝင်းထဲ ဇွပ်ခနဲ ဝင်လာခဲ့၏။ ကိုသက်မင်းက ဘယ်သူနဲ့တွေ့ချင်လို့လဲမေးတော့ ထိုလူက စကားကို နှစ်ကိုယ်ကြားလောက် ရုံသာ ပြောခဲ့သည်။ ကိုသက်မင်းက မအိမ်မြိုင်ကို ခေါ်ပေးကာ အိမ်အောက်က အေးခုတင်ကြီးပေါ်မှာ တွေ့ပေးသည်။ အနားမှာ ကိုသက်မင်းရှိသည်ဆို၏။ ထိုလူက မအိမ်မြိုင်ကို စာတစ်စောင်ပေးသည်။ မအိမ်မြိုင်က စာဖတ်ရင်း ငိုသည်။

"အဲသည်စာကော...မကြံကြီးမစည်ရာ သမီးရယ်...ညည်းအဖေများ ကလေးကို



ဒုက္ခရောက်အောင်...အဲသည့်တစ်ခါတည်းလားသမီး...ဘာတွေရေးထားသာလဲ..."

"အဲသည်တစ်ခါတည်းပါအမေရဲ့...သမီးကို စားကြိုးစားဖို့...ဘွဲ့ရအောင် စာသင်ဖို့...ညီမလေး ခိုင်ကိုလည်း သတိရကြောင်းပါသယ်...အဖေကတော့ ရိုးမဘက် ရောက်နေသသဲ့...ဘယ်မှာလို့ မပါဘူး...ကျန်းမာသယ်သဲ့...သတိရလွန်းလို့ ရေးသာ ပါသဲ့..."

"အေးပါ...စာကောလို့...အမေ့ကို ပြစမ်း..."

"ဘတွေးသက်မင်းက မီးရှို့လိုက်ပြီ...အဲသည်လူကြီးက ရှို့ခိုင်းလို့..."

ကိုသက်မင်းက ရိုးရိုးအအ။ အစိုးရလူတွေ ခြေချင်းလိမ်နေကြသည့် မြင်းခြံလိုမြို့မှာ အချိန်မရွေး ဒုက္ခရောက်သွားနိုင်သည်။ ကြားထဲက ကိုသက်မင်းတို့ပါ ဒုက္ခရောက်နိုင်သည်။ ကိုပြေသိမ်းနှင့်ပတ်သက်သည့် လူရင်းတွေကို စောင့်မကြည့်ဘူးမပြောနိုင်။ ဇောင်ချမ်းကုန်း၊ ထနောင်းတိုင်နှင့် မြင်းခြံမှာ သတင်းပေးတွေထားနိုင်သည်။ မသင်္ကာစရာရှိလျှင် ချက်ချင်းဖမ်းဆီးနိုင်သည်။ ဘာပဲဖြစ်ဖြစ် မအိမ်ကံက အရွဲ့တိုက်ပြီး စာမရေးဖို့၊ မဆက်သွယ်ဖို့ ပြောလိုက်တော့ သမီးကြီးဆီ လူကြုံလွှတ်တာဖြစ်လိမ့်မည်။ သတိရလွန်းလို့ ရေးသာပါတဲ့...ဆိုသည့်စကား ကြောင့် မအိမ်ကံ နင့်ခနဲခံစားလိုက်ရသည်။ ဝေ့ဝဲလာသည့် မျက်ရည်ပူတွေကို မျက်တောင်နှင့် ဆီးခံသော်လည်း မရတော့ပြီ။ လှိုက်တက်လာသည့် ခံစားမှုက ရှိုက်သံတစ်ချက် ထွက်စေခဲ့ သည်။ သမီးက မအေကို ငေးကြည့်နေသည်။ အမေဘာဖြစ်လို့ ငိုတာပါလိမ့်။ အဖေကို လွမ်းလို့လား။ ဒါမှမဟုတ် အမေ ဘာကို ကြောက်လန့်နေတာပါလိမ့်။

"အဲသာ ဘယ်တုံးလောက်ကလဲ သမီး..."

"စာမေးပွဲကြီး မဖြေခင်က အမေ...သမီးစာမေးပွဲဖြေမှာ သိသယ်နဲ့တူသယ်..."

"သြော်...ကျောင်းဆရာပဲ သမီးရယ်...မသိရှိပါ့မလား...အေး အေး...အိပ်တော့... သမီး ပင်ပန်းလာသယ်...ခိုင်နဲ့သမီးပဲ အိပ်လိုက်တော့နော်...အမေအပြင်မှာ အိပ် မယ်...သွားသွား...အမေ မီးတွေငြိမ်းခဲ့မယ်..."

သမီးမြိုင် ထသွားခဲ့သည့်တိုင် မအိမ်ကံ မီးတွေမငြိမ်းဖြစ်ခဲ့။ နေရာက မထဖြစ်ခဲ့။ မျက်ရည်များပင် မသိမ်းနိုင်ခဲ့။ သံစုံနာရီထိုးသံ လေးချက်...။ ဒင်...ဒင်...ဒင်...ဒင်...။

မအိမ်ကံ မီးတွေငြိမ်း၊ ပြတင်းတံခါးတွေပိတ်၊ သင်ဖြူးဖျာကိုလိပ်ပြီး အိပ်ရာဝင်မည် ပြင်တော့ မနက်ငါးနာရီထိုးပြီ။ ဖန်တွတ်နေသောမျက်လုံးများဖြင့် လှေကားဝက အိမ်တံခါးကို ဖွင့်သည်။ နှုတ်က တတွတ်တွတ် မေတ္တာပို့ရင်း ခြံဝိုင်းထဲဆင်းကာ ဖွေးနေအောင်ပွင့်နေသည့် ပန်းတွေကို ခူးသည်။ ခဏနေလျှင် ကျေးဥနိုးတော့မည်။ ပန်းတွေမြင်လျှင် ဘုရားကပ်လိမ့်မည်။ မအိမ်ကံက မျက်နှာကို အကြမ်းသစ်ပြီးမှ အိပ်ရာထဲဝင်ခဲ့သည်။ မျက်လုံးတွေ ညောင်းကြလှပြီ။ ခဏတော့ လှဲလိုက်ချင်သည်။ တကယ်တမ်းအိပ်လိုက်တော့လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် သွားခဲ့သည်။

သည်တစ်ခဏမှာပင် ထူးဆန်းသောအိပ်မက်ကို မက်ခဲ့ခြင်းဖြစ်၏။ နံနက်ခင်း မိုးစင်စင်လင်းမှ မက်သည့်အိပ်မက်ပင်။

■

www.burmeseclassic.com

အလွန်ညစ်ထေးလှသည့် စုတ်ပေပေအဝတ်အစားများနှင့် မိန်းမတစ်ယောက် အနောက်တန်းရွာတွေဘက်ကို လျှောက်သွားနေသည်။ နေ့ခင်းမွန်းတည့်ချိန်ဆိုတော့ နေက အရိုးကွဲလောက်အောင် ပူပြင်းလျက်ရှိ၏။ တဘက်မပါ၊ ခေါင်းစောင်းမပါတာထားတော့၊ ဖိနပ်ပင်မပါသော ခြေထောက်များဖြင့် မြေပူပူ ရွာလမ်းတစ်လျှောက် တလှုပ်လှုပ်သွားနေခြင်းဖြစ်၏။ ညောင်ပင်ကြီးတစ်ပင်ကို အဝေးမှာ မြင်နေရသဖြင့် ထိုမိန်းမသည် ညောင်ပင်ရိပ်တွင် ခေတ္တနေခိုရန် စိတ်ကူးမိသည်နှင့် ခပ်သုတ်သုတ်လျှောက်နေခဲ့သည်။ မျက်နှာပေါ်တွင် နေလောင်ကွက်များ၊ တင်းတိပ်များ ကွက်ချင်းထိုးလျက် ညှိုမည်းနေသည့်အပြင် သနပ်ခါးနှင့်ဖုန်တို့ ချွေးလူးကာ စီးကြောင်းများပင် ထနေပါ၏။

မိန်းမလည်း ညောင်ပင်ရိပ်ကို ဝင်မိသည်နှင့် ရေအိုးစင်မှရေကို သောက်ဖို့ပြင်သည်။ ရေအိုးပေါ် ကန့်လန့်ဖြတ်တင်ထားသော အရိုးတပ်အုန်းမှုတ်ဖြင့် ရေအိုးထဲကရေကို နှစ်ခပ်လိုက်ပြီး ရေဝအောင်သောက်လိုက်၏။ ရေအိုးစင်မှာ ဒေါင်းရုပ်ကြီးအမောက်သဖွယ် တပ်ထားသည့် အုတ်ရေအိုးစင်ဖြစ်သည်။ ပွဲသည့်နေရာကပွဲ၊ လပ်သည့်နေရာကလပ်နေသော်လည်း ရေအိုးစင်ကလေးက သန့်သန့်ရှင်းရှင်းတော့ရှိပါ၏။ ရေအိုးက တစ်လုံးတည်း။ သဲအိုးဆိုတော့ ရေခတ်ကလေးက သန့်သန့်ရှင်းရှင်းတော့ရှိပါ၏။ ရေအိုးက တစ်လုံးတည်း။ သဲအိုးဆိုတော့ ရေခတ်ကလေးစိမ့်နေသဖြင့် စိုဖန့်လျက်ရှိသည်။ ရေအိုးနောက်တွင် ပြဒါးတွေ ပါးလျားလှပြီဖြစ်သော ကြည့်မှန်တစ်ချပ် အင်္ဂတေထဲမြှုပ်ကာ တပ်ထားသည်။ ရေသောက်ပြီးသည်နှင့် ရေမှုတ်ကို အိုးဖုံးပေါ်တင်လိုက်သည်တွင် မှန်ပေါ်မှာ ထိုမိန်းမ၏ ရုပ်ဆင်းသဏ္ဌာန် ထင်ဟပ်လျက်ရှိ၏။ မှန်ထဲက မိန်းမသည် ရေအိုးစင်ဝတွင် ရပ်နေသည့်မိန်းမ၏ ပုံရိပ်ပင်ဖြစ်သော်လည်း တစ်ဦးကို တစ်ဦး အံ့သြဟန်နှင့် ကြည့်နေကြသည်။ ခရီးသည်မိန်းမလည်း ရေသောက်ပြီး ချက်ချင်းပြန်ထွက်ရန်ဖြစ်သော်လည်း မထွက်ဖြစ်ဘဲ မှန်ထဲက ပုံရိပ်ကိုသာ ငေးနေခဲ့သည်။

"ညည်း ဖောင်ချမ်းကုန်းက မအိမ်ကံမှတ်လား…ငါလည်း မအိမ်ကံပါပဲအေ…မှန်ထဲမှာ ပေါ်နေလို့ ညည်းရယ်လို့တော့ မထင်လိုက်လေနဲ့…ငါက သပ်သပ်တစ်ယောက်အေ့…ငါက ညည်းကိုစောင့်နေသာရယ်…ငါ သည်မှန်ထဲမှာ နေရသာကြာပြီ…မျှော်လိုက်ရသာအေ…"

မှန်ထဲက မိန်းမက ပြောနေခြင်းဖြစ်၏။ မှန်ထဲက မိန်းမမျက်နှာက ကြောက်စရာကောင်းလှသည်။ မျက်နှာဖွေးဖွေး မျက်ကွင်းညိုညို မျက်နှာထားဆိုးဆိုးနှင့်။ လူတစ်ယောက်၏မျက်နှာနှင့်ပင် မတူ။ ဒါပေမဲ့ မအိမ်ကံမှ မအိမ်ကံပါပဲ။ မအိမ်ကံလည်း သည်တော့မှ လန့်ဖျပ်သွားကာ ရေအိုးစင်ကလေးကို ဝေ့ဝိုက်ကြည့်သည်။ ဒေါင်းရုပ်ကြီးအောက်နားမှာ ပန်းရန်ဆရာက သံချွန်နှင့်နိုက်ရေးထားသော စာတန်းရှိသည်။

"ဦးသာထန်၊ ဒေါ်ပန်းရှုံ မိသားစုကောင်းမှု"

ဦးသာထန်၊ ဒေါ်ပန်းရှုံ…။ မအိမ်ကံမှာ အံ့သြခြင်းကြီးစွာဖြင့် ရပ်မိနေဆဲဖြစ်သည်။ အဖေတို့ အမေတို့ သည်ရေချမ်းစင် ဘယ်တုံးက ဆောက်လှူခဲ့ပါလိမ့်။ ဒါဘာရွာလဲ။ ဘယ်ရွာက ဘယ်ရွာကို ကူးတဲ့လမ်းပါလိမ့်။ သည်ရေအိုးစင်မျိုး မအိမ်ကံ တစ်ခါမှ မတွေ့ဘူးခဲ့ပါလား။

"ညည်း မဟုတ်သာမပြောနဲ့…မအိမ်ကံနှစ်ယောက်မရှိဘူး…မအိမ်ကံ တစ်ယောက်တည်းရှိသယ်…ဦးသာထန် ဒေါ်ပန်းရှုံဆိုသာ မအိမ်ကံ အဖေနဲ့အမေ…ညည်းက ဘယ်သူတုံး ဘာကိစ္စနဲ့များ မအိမ်ကံကို စောင့်နေရတာပါလိမ့်…ညည်းနဲ့ငါ တွေ့စရာဘာအကြောင်း မှလည်းမရှိဘူး…ညည်းမျက်နှာလည်း မအိမ်ကံ မကြည့်ချင်ဘူး…"



"မကြည့်ချင်လို့ ရမလားအေ့…ငါ့မျက်နှာကလည်း ညည်းမျက်နှာပဲဟာ…ငါ့ကို မကြည့်ချင်ရင် ညည်းမျက်နှာလည်း ညည်းမကြည့်နဲ့တော့ပေါ့အေ့…ညည်းနှယ် ဖြစ်ရလေ…ငါက ညည်းကို ဒုတ်ဒုတ်ထိစောင့်နေရသာ ကြာကြာလှပေါ့…တစ်နေ့ ညည်းလာကိုလာရမယ်…"

"မလာဘူးအေ…သွား…သွားစမ်း"

မအိမ်ကံက ရေအိုးပေါ်က အုန်းမှုတ်ရေမှုတ်ရိုးကို ကျစ်ကျစ်ကြီးဆုပ်လိုက်ပြီး အုန်းမှုတ်နှင့်မှန်ကို ခွမ်းခနဲ ရိုက်ချလိုက်သည်။ မှန်လည်း တစ်စစီကွဲကြေသွားခဲ့လေသည်။ မအိမ်ကံက ရေအိုးကိုပါ ရိုက်ခွဲမည်ပြုပြီးမှ အဖေတို့ အမေတို့ လှူထားသည့်ကုသိုလ်ကို သတိရသွားခဲ့သည်။ ရေမှုတ်ကို အိုးပေါ်ပြန်တင်ခဲ့ကာ ညောင်ပင်ရိပ်က ထွက်ခဲ့သည်။ ပူပြင်းလှသော နေရောင်ကြောင့် မအိမ်ကံ ကျောပင်တွန့်သွားလေသလား ထင်မှတ်ခဲ့သည်။ လမ်းက ဝေးလှ၏။ မျက်စိတစ်ဆုံးဖြောင့်နေသဖြင့် လမ်းတစ်လျှောက်လုံးကို မြင်နေရသည်။ သစ်ပင်မရှိ၊ ဇရပ်မရှိ၊ နားနေစရာ ချုံရိပ်ပင်မရှိ။ လမ်းနှင့် ပူပြင်းသောနေရောင်သာရှိသည်။ မအိမ်ကံ ဆက်လျှောက်လာခဲ့၏။

ထိုစဉ်မှာပင် မျက်နှာချင်းဆိုင်ဘက်မှ မြင်းတစ်ကောင် ဖုန်တထောင်းထောင်းထအောင် စိုင်းလာတာမြင်ရလေပြီ။ ဘယ်နေရာကို မျှော်ကြည့်ကြည့် လူသူဆိုလို့ တစ်ယောက်မျှပင် မမြင်ရသော နေပူကျစ်ကျစ်၊ ကုန်းခြောက်ခေါင်ခေါင်မှာ တစ်ယောက်တည်းသွားနေရသူ မအိမ်ကံအဖို့ရာ မြင်းတစ်ကောင်၊ လူတစ်ယောက် လှမ်းမြင်လိုက်ရသည်ကို ဝမ်းသာသွားခဲ့ရသည်။ ဖုန်တွေက အလိမ်းလိမ်း။ တစ်ခါတစ်ရံ ဖုန်တွေက အူအူကြီးထလျက်ရှိရာ မြင်းနှင့်လူက သူဖွခဲ့သောဖုန်ထဲက ပြန်တိုးထွက်နေသည်နှင့်ပင် တူသည်။ နီးသည်ထက် နီးလာပြီ။ မြင်းက လမ်းအလယ်တည့်တည့်မှာ မိန်းမသားတစ်ယောက်ရပ်နေတာကို မမြင်လို့ပဲလား၊ မြင်လျက်နှင့် တိုးတိုက်သွားရန် ရည်ရွယ်သလား မသိရဘဲ မြင်းဇက်မသတ်ဘဲ အပြင်းနှင်လာခဲ့ခြင်းဖြစ်သည်။

ဝါးဆယ်ရိုက်…ဝါးကိုးရိုက်…ဝါးငါးရိုက်…ဝါးနှစ်ရိုက်…။

ဝေါခနဲဖြတ်သွားသော မြင်းနှင့်လူက မအိမ်ကံကို လှည့်၍မျှမကြည့်။ သူ့ခရီးထက် ဘယ်အရာကိုမှ အရေးတယူ ရှိချင်ပုံမရ။ ရိပ်ခနဲအဖြတ်တွင် မအိမ်ကံ ရှောင်နိုင်လို့သာ လွတ်လေ၏။

"ရက်စက်လိုက်သဲ့လူ့နှယ်နော်…တအိုးတအောင့်များ ရပ်ပါဦးတော့…"

မအိမ်ကံက စိုင်းသွားသောမြင်းကို သမင်လည်ပြန်လှည့်ကြည့်လိုက်တော့ မြင်းနောက်မြီးကို သီသီပင်မြင်ရတော့သည်။ ဖုန်တွေကြားက လွင့်လာသောအရာကို မြင်လိုက်ရသဖြင့် မအိမ်ကံ နောက်ကြောင်းပြန်လှည့်ခဲ့သည်။ ထိုအရာက လေမှာလွင့်နေသဖြင့် မြေပေါ်ကိုမကျဘဲ လေမိသော လေတံခွန်ကဲ့သို့ ကျလိုက် ထိုးတက်လိုက်ဖြစ်နေသည်။ ဖုန်နှင့်ကျောက်စရစ်မှုန့်များ ပါးသွားတော့မှ ထိုအရာသည် မြေပေါ်ကို တအိအိကျလာခဲ့သည်။

ပဝါ…။ အဖြူပြောက်ကလေးထိုးထားသော အနက်ခံပဝါပါးတစ်ထည်။ ယောက်ျားသားများ လည်ပင်းတွင်ပတ်သည့် လည်ပတ်ပဝါစ။ ထောင့်မှာ စာတန်းကလေးတစ်တန်း ပါသည်။ ပိုးချည်နှင့်ရေးထားသည့် ပိုးချည်ထိုးစာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

"ချမ်းသာ…"

မအိမ်ကံက စာကိုဖတ်မိမှ ကိုပြေသိမ်းမှန်းသိတော့သည်။ အလို…။ မြင်းနှင့်ဖြတ်သွားသူက ကိုပြေသိမ်းပါလား…။

"ကိုပြေသိမ်းရေ…ကိုပြေသိမ်းရေ…"

"ကိုပြေသိမ်းရေ…"

"မအိမ်ကံ…ဟဲ့…မအိမ်ကံ…ညည်းနယ် နေကြီးပြူးပြူးထွက်နေပြီအေရဲ့…ဆွမ်းခံကိုယ်တော်တွေတောင် ပြန်ကြွကြပြီ…ထ, ထ…ရေချိုးလိုက်ဦး…"

မအိမ်ကံနားထဲမှာ ကြားနေရသည့်အသံက ကျေးဥ၏အသံ။ မျက်လုံးတွေကို ဖွင့်မရချင်။ ရင်ထဲမှာ မောဟိုက်လွန်းလှပါ၏။ ဝမ်းနည်းလွန်းလှသဖြင့် လက်ထဲက ပဝါစကို ဆုပ်စမ်းကြည့်သည်။ မရှိ။

"ပဝါကော…ပဝါကော…ကိုပြေသိမ်းပဝါ…"

"ဘာပဝါလဲ မအိမ်ကံ…ညည်းယောင်နေလို့ ငါနှိုးသာ…ထ, ထ…ရေတစ်ပေါက်သောက်လိုက်ဦး…ကြည့်စမ်းပါဦး ချွေးတွေများပြန်လို့အေ…"

ကျေးဥအသံကြားရပြန်ပြီ။ သည်တော့မှ အသိကလေးပြန်ကပ်လာကာ မျက်လုံးတွေဖွင့်ကြည့်လိုက်သည်။ ကျေးဥက ခုတင်ဘေးတွင်ရပ်လျက်ရှိ၏။ မအိမ်ကံ ဘယ်လောက်တောင် လန့်အော်လိုက်သည်မသိ။ ကျေးဥပင် ကြားရသည်ဆိုတော့ အသံကျယ်လို့ ဖြစ်လိမ့်မည်။ ဟုတ်ပါရဲ့။ မိုးကြီးစင်စင်လင်းကာမှ မက်သည့်အိပ်မက်က ဝေဝေဝါးဝါးမဟုတ်။ ရှင်းရှင်းလင်းလင်းကြီးဖြစ်သည်။ မအိမ်ကံရင်ထဲမှာ မှန်ထဲက မိန်းမနှင့် အချီအချပြောသည့်စကားတွေ ကြားယောင်နေမိဆဲဖြစ်၏။ ရေအိုးထဲက ရေအေးမြမြပင် ခံစားနေရတုန်းဖြစ်၏။ ဖုန်ခိုးတွေကကော။ အိပ်မက်နှင့်ပတ်သက်၍ မလှအုံပြောခဲ့ဖူးသည့်စကားရှိသည်။ ညဦးတစ်နှစ်ဆောင်၊ သန်းခေါင်လခွဲ၊ သန်းလွဲခုနစ်ရက်၊ မိုးသောက်မက်တစ်လကြာ…မှတ်ပါအိပ်မက်အကျိုးတည်းတဲ့။

"ငါတို့တော့ ညဘက်ဘုရားရှိခိုးရင် စည်ကြီးခွက်ခွင်း နရီပတ်သာ ခရာခေါင်းလောင်းသံ ကြားမက်ပါရစီ…မြင်းမိုရ်တောင် ခေါင်းအုံးမက်ပါရစီ…သမုဒ္ဒရာ သင်ဖြူးခင်းမက်ပါရစီ…ရေအိုးထဲ နေနဲ့လတွေ့သာ မက်ပါရစီ…နေအိမ်ဖွဲ့ လအိမ်ဖွဲ့ မက်ပါရစီဆုတောင်းသာ…အသက်ကလေးရလာတော့ တချို့အိပ်မက်က စင်းသာမှတ်မှတ်သားသားရှိသယ်…သွေးလေချောက်ခြားလို့မက်သာလည်း ရှိသာပါပဲ…အိပ်မက်တိုင်းသာ နိမိတ်ဖြစ်ရရင် ခက်ခက်ရချေရဲ့…"

ကျေးဥဆင်းသွားတော့ အိပ်ရာကချက်ချင်းမထသေးဘဲ မလှအုံစကားတွေကို မအိမ်ကံစဉ်းစားနေခဲ့မိသည်။ သမီးနှစ်ယောက်အသံ မကြားရ။ ညီအစ်မနှစ်ယောက် တွေ့ကြသခိုက်စကားတွေပြောလို့ ကုန်နိုင်ကြအုံ့မထင်။ ညက သမီးမြိုင်ပြောခဲ့သည့်စကားကို သတိရမိပြန်သည်။ ကိုပြေသိမ်းဆီကို မအိမ်ကံ နာနာကျည်းကျည်း ရေးလိုက်သည့်စာ ရောက်သွားပုံပေါ်ပါ၏။ သည်တစ်ခါတော့ သမီးကြီးဆီပဲ ရေးပေးလိုက်ပုံရသည်။ ကိုပြေသိမ်း ဘယ်မှာလဲ။ သူတို့သမီးပြောသလောက်တော့ ရိုးမတွေပေါ်မှာဟု ဆိုသည်။ ဘယ်ရိုးမတွေပေါ်မှာပါလိမ့်။ အယူဘာတွေလုပ်နေကြတာလဲ။ စာပဲသင်ပေးနေရတာလား။ အစ်ကိုမောင်မြတ်သာကတော့ အယူ



အဆ ပြဿနာတွေပေါ် ငါ့နှမရာလို့ ပြောဖူးသည်။ ဘာအယူအဆတွေမို့ပါလိမ့်။ ကိုယ့်ကိုယ်ကိုယ် တောကြီးတောင်ကြီးတွေထဲရောက်အောင်၊ မိကွဲဖကွဲ လင်ကွဲမယားကွဲဖြစ်အောင် ဘယ်လိုအယူအဆတွေကများ တွန်းပို့လိုက်ပါလိမ့်။

ကိုပြေသိမ်းကို မအိမ်ကံ မလွမ်းမဟုတ်၊ လွမ်းပါသည်။ သတိမရတာ မဟုတ်။ နေ့စဉ်နှင့်အမျှ သတိရလှပါ၏။ ငယ်ကပေါင်းသည့် ချစ်ရသူဆိုတော့လည်း ရင်နှင့်အမျှရှိရပါ၏။ သည်ထန်းစေ့မှုတ်မျိုးတော့ ဘယ်ထန်းပင်အောက်ကောက်ကောက် ရသား…ဆိုသည့် လင်မျိုးမဟုတ်။ ပညာရှိ သူတော်ကောင်းဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသည်။ အေးချမ်းနူးညံ့သည်။ သို့သော် တစ်ဖက်ကလည်း မအိမ်ကံနားမလည်နိုင်တာတွေ ရှိနေပြန်သည်။ ငါးစိမ်းသည် အလေး၊ ဘယ်လောက်မှန်တယ်ပြောပြော…နှစ်ချင်ရွေးတော့ လျော့တာပဲ…ဆိုသည့်စကားလို ကိုပြေသိမ်းကိုယ်တိုင် နှစ်ချင်ရွေးလျော့တာကိုလည်း မအိမ်ကံနားမလည်နိုင်။ သနပ်ခါးတောင်းတစ်တောင်း လှည်းပေါ်တင်ပေးခဲ့ရာက စခဲ့သည့်မေတ္တာ…။ အခုတော့ သမီးတွေပဲ အပျိုစာရင်းပေါက်ကြပြီ။ သည်တစ်သက်တော့ ကောက်ကာငင်ကာ ပျောက်စရာမရှိတော့လို့ ထင်ခဲ့ရာက ပျောက်ချင်းမလှ ပျောက်ရပြန်တော့ မအိမ်ကံမှာ မတွေးတတ်နိုင်အောင် ရှိရပါ၏။

ကျေးဥ ပြန်တက်လာပြန်သည်။

"ဟဲ့…ရေချိုးတော့လေ မယ်မင်းကြီးမ…ထမင်းစားကြရအောင်"

"သမီးတွေကော…"

"စားပြီးကြပေါ့…ဖိုးကူးနဲ့ ရွာထဲလျှောက်လည်နေကြသယ်…အမေကြီးပု ~~မုန့်~~ပေါင်းနဲ့ အကြော် သွားစားကြဦးမလို့သဲ့…"

မအိမ်ကံပြုံးသည်။ အမေကြီးပု မုန့်ပေါင်းနှင့်အကြော်က ဓောင်ချမ်းကုန်းမှာ နာမည်ရသည်။ ဆွေတကာ မျိုးတကာတို့ အိမ်လည်ရာပတ်ရာက ညနေစောင်းလျှင် မုန့်ပေါင်းနှင့် အကြော်ဆိုင်ဝင်ကာ စားကြဦးမတဲ့။ သွားကြပါစေလေ…။ ကိုယ့်ရွာနှင့်ကိုယ်ဆိုတော့ စောင့်ရှောက်မည့်သူတွေ များသည်။ သမီးနှစ်ယောက် ချောကြောင်း လှကြောင်း ရွာကိုမောင်းခတ်ပြီးသား ဖြစ်တာပေါ့။

"မအိမ်ကံဖြင့် တစ်သက်လုံး ဝိုင်းတိုက်ထဲက ခြေတစ်လှမ်းမထွက်ခဲ့ပေါင်အေ…သူတို့ကျမှ ထွက်ကြသာ…"

"သြော်…သူတို့ခေတ်က တစ်မျိုးကိုးအေ့…တို့နဲ့မတူတော့ဘူး…မြိုင်ကလေးပဲ ကြည့်လေ…ငူတူတူမဟုတ်တော့ပေါင်အေ…သွက်လိုက် ချက်လိုက်သာမှ…မြို့စကားတွေ တတ်လာချက်တော့…"

မအိမ်ကံ ရေချိုး ထမင်းစားသည်။ ထမင်းစားပြီးတော့ မအိမ်ကံက သမီးကြီးမြိုင်ညက ပြောခဲ့သည့်စကားတွေကို ကျေးဥအား ပြန်ပြောပြခဲ့သည်။ ဖအေက လူကြုံလွှတ်ပြီး စာပေးလိုက်ကြောင်း၊ စာထဲမှာပါသည့်အကြောင်းအရာက အစ၊ မအိမ်ကံ စိုးရိမ်မိပုံအဆုံး အားလုံးပြောပြလိုက်ခြင်းဖြစ်သည်။ မအိမ်ကံ စိုးရိမ်တာ တစ်ချက်ပဲရှိသည်။ စာက တစ်ခါတည်း လာတာကော ဟုတ်ရဲ့လား။ သမီးကများ ထိန်ချန်ထားတာလား။ မောင်သက်မင်း သိတာရှိသလို မသိတာလည်း ရှိနိုင်သည်။ စွတ်ကယ် စွတ်ကယ် စာရေးပေးနိုင်တာမျိုး မဟုတ်ပေသိ အကြောင်းကြုံတိုင်း သမီးဆီကို စာရေးနေတာမျိုးကော မဖြစ်နိုင်ဘူးလား။

www.burmeseclassic.com



"ငါတော့ အဲသာစိတ်ပူသာ…ဖအေက သမီးတွေကို သည်းသည်းနဲ့…လူကြုံရှိတိုင်း စာရေးပေးနေမှာစိုးသာ…"

"သမီးနဲ့ ဖအေ…မာကြောင်းသာကြောင်းရေးသာ အန္တရာယ်ရှိလို့လား…"

"တောတွင်းနဲ့ ဆက်သာဆိုတော့ အစိုးရက ဘယ်ကြည်သာပါ့မလဲ ကျေးဥရယ်…"

"အိုအေ…ငါဖြင့် ဘာမှနားမလည်ပေါင်…သမီးကို ချော့မေးပေါ့အေ… အကျိုးအကြောင်းလည်း ကလေးကို ပြောပြမှ သိမှာပေါ့…"

မနက်ခင်းက ချောက်ချောက်ချားချားမက်ခဲ့သည့် ထူးဆန်းသောအိပ်မက်ကိုလည်း ကျေးဥအား ပြောပြဖြစ်သည်။ သည်ရက်တွေထဲမှာ မလှအုံကို အိပ်မက်မက်ခဲ့သည်။ မနက်ကလည်း မိုးကြိုးပြိုပြိုစင်လင်းတော့မှ ကိုပြေသိမ်းကို အိပ်မက်မက်ပြန်သည်။ တိုက်ဆိုင်တာတွေ ပါလေလို့ တွက်ချင်တွက်နိုင်သော်လည်း ထူးဆန်းတာက အိပ်မက်ထဲမှာ မအိမ်ကံ နှစ်ယောက်ဖြစ်နေခြင်းပင်။ အပြင်မှာရပ်နေသည့် မအိမ်ကံနှင့် မှန်ပုံရိပ်ထဲက မအိမ်ကံ။ အပြင်နှင့်အတွင်း စကားတွေတောင် ပြောခဲ့ကြတာကိုလည်း နားမလည်နိုင်။ မအိမ်ကံအိပ်မက်ကို ကျေးဥက အကြားနှင့်ပင် ကြောက်လန့်နေပုံရ၏။

"နေပူကျက်ကျက်ကြီးထဲမှာ မအိမ်ကံတစ်ယောက်တည်း လမ်းအတိုင်းလျှောက်သွားနေသာသဲ့ လမ်းကလည်း ဖုန်လမ်းပါ…သစ်ပင်သစ်ရိပ်မရှိဘူး…အဝေးကြီးမှာ ညောင်ပင်ရိပ်တွေ့လို့ ဝမ်းသာအားရ ရောက်အောင်သွားခဲ့သယ်…ရောက်လည်းရောက်ပါရဲ့…ရေအိုးစင်က ရေတစ်ပေါက်လည်း သောက်ရပါရဲ့…ရေအိုးစင်က မှန်ကို ကြည့်တော့မှ…"

မအိမ်ကံက အိပ်မက်ကို အသေးစိတ်ပြောပြသည်။ မအိမ်ကံနှစ်ယောက် အချီအချစကားပြောကြပုံ၊ မအိမ်ကံမျက်နှာတစ်ပြင်လုံး ရစရာမရှိအောင် ပေရေညစ်ပတ်နေပုံ၊ မှန်ကိုရေမှုတ်ဖြင့် ရိုက်ခွဲခဲ့ပုံ၊ မြင်းတစ်စီးရောက်လာပုံ၊ ပဝါတစ်စ လွင့်ကျလာပုံ…။

"ကိုပြေသိမ်းက လှည့်တောင်မကြည့်ပါဘူးအေ…မအိမ်ကံသာ မရှောင်ရင် မြင်းနဲ့တောင် တိုက်ချသွားမလား မှတ်ရသယ်…ရက်စက်လိုက်ပုံများ ကျေးဥရယ်…ကိုပြေသိမ်းနဲ့ ပတ်သက်ရင် ခင်ပုပ်ငှက်ပျံနိုင်သလောက်တော့ ဘုတ်ငှက်လည်း ပျံနိုင်သယ် သဘောထားခဲ့သာပါ…အခုတော့ လမ်းမှာ စင်စင်ကြီး ပက်ပင်းတိုးသာတောင် တစ်ချက်လှည့်မကြည့်သာတော့ ရင်ထဲမကောင်းလိုက်သာအေ…"

"ဩော်…အိပ်မက်ပဲအေ…အထအနကောက်ချင်လို့ ရပါ့မလား မအိမ်ကံရဲ့…လွင့်ကျလာသဲ့ ပဝါကြည့်ပြီး ကိုပြေသိမ်းပဲလို့ မှတ်ရသာကိုးအေ့…ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့…ညည်းနှယ်…မဟုတ်သာ ခံစားနေရသယ်လို့…"

"ဟုတ်လိုက်သာမှအေ…လူနာမသည်း လက္ခဏာသည်း…မအိမ်ကံက ပိုသိတော့မပေါ့…ပဝါမှာတောင် ချမ်းသာလို့ ထိုးထားသကော…သည့်ထက်သေချာရဦးမလား"

"အဲသာပြောသာပေါ့…ချမ်းသာဆိုမှတော့ ဆရာလေးဟုတ်ပါတော့မလား…"

"ဆရာလေးနဲ့ ချမ်းသာ အတူတူပဲအေ့…"

ကျေးဥလည်း အူကြောင်ကြောင်ဖြစ်သွားရာက ငြိမ်ကျသွားခဲ့သည်။ မအိမ်ကံကို



သနားလှစွာ ငေးကြည့်နေခဲ့သည်။ ကျေးဥကိုယ်တိုင်က ဆင်းရဲသည်မှန်သော်လည်း ဘဝတွင် အတက်အကျမရှိ။ လေးမတတ်သူက နံ့စုတ်ငှက်ကို ထိအောင်ပစ်နိုင်သကဲ့သို့ပင်။ မအိမ်ကံခမျာတော့ လေးအတတ်တွင် ကျွမ်းကျင်ပါလျက် စပါးပုတ်တစ်လုံးလုံး မြားချက်လွဲရသည့်အဖြစ်။ တစ်ခါတလေ ဘဝချင်းပင် လဲလို့ရလျှင် လဲလိုက်ချင်ပါ၏။ ကြုံသမျှ ကျသမျှဘဝလောကစံကို သူသာ ခံလိုက်ချင်သည်။ မအိမ်ကံ စိတ်ဆင်းရဲနေတာကို သူပါ စိတ်ဆင်းရဲသည်။ မအိမ်ကံကို စိတ်လက်ချမ်းသာစေချင်လှပါ၏။ သည်အိမ်ကြီးမှာ ကျေးဥပင် တိုင်ပင်ဖော်တိုင်ပင်ဖက်ဆိုတော့ မအိမ်ကံခမျာ ပြောစရာရှိတော့လည်း သူ့ကိုသာပြောရတာမဟုတ်လား။ သူကိုယ်တိုင်ကလည်း ပြေရာပြေကြောင်းလောက်သာ ပြောနိုင်သည်။ အကျိုးနှင့် အကြောင်းနှင့်ပြောတတ်တာမဟုတ်။

"ညည်းစိတ်ဖွဲနေလို့ပါ သူငယ်ချင်းရယ်…မအိမ်မြိုင်ရောက်လာတော့ ညည်းရင်ထဲအသစ်ဖြစ်ရလို့ပါ…ငါကတော့ ညည်းကို မဥပါဒ်စေချင်ပါဘူး…တောခွေး ကျားမကြောက် နေခဲ့သဲ့ မိန်းမပဲဟာ…"

"မဥပါဒ်ပေါင်အေ…မအိမ်ကံ နေတတ်လိုက်သာမှ…တစ်ခုပဲပူသာပါ…မြို့အတွက် ဖအေနဲ့ မအေ မိစုံဖစုံရှိစေချင်သာပါ…တစ်ချက်က ပေါင်းခဲ့သဲ့လင်သားဆိုတော့လည်း မမေ့ပျောက်နိုင်ဘူး…ပျောက်စေဆရာ အောက်မေ့ပြန်သာ အကြောင်းမဟုတ်ပေါင်အေ…လူနာချည်မန်းကွင်းတန်းလန်းနဲ့ ဖြစ်နေလို့ ပြောရသာပါ…"

"ညည်းသမီးကို ကွမ်းတောင်ကိုင်စေချင်သာမှုတ်လား…ဆရာလေးက…ဖွဟဲ့…သေရှာသွားသာမှမဟုတ်ဘဲပဲ…တစ်ရွာလုံး ကြွက်ကြွက်ရိုက်လို့ပါအေ…ညည်းသမီးမှ ကွမ်းတောင်မကိုင်ရ ဘယ်သူကိုင်ရမှာသဲ့တုံး…တစ်ရွာလုံးက မအိမ်ကံသမီးတွေ ဘုန်းနဲ့ သမ္ဘာ ကပ်လျက်ပါသယ်လို့တောင် ပြောနေကြသဲ့ဟာ…ပူစရာမဟုတ်သာ အေ…"

"ဟုတ်ကဲ့လား အေရယ်…"

"ရော်…ညည်းနှယ်…ငါ့တူမတွေပါအေ…မဟုတ်သာပြောပါ့မလား…မနေ့က ငါပဲခွဲသွားတော့ ပဲခွဲသဲ့အိမ်မှာ မိန်းမတွေစုပြောနေကြသာ ကြားခဲ့ပ…ရှင်အိမ်ကံ့သမီးရှင်အိမ်ကံထက် ချောသေးသသဲ့…ဆိများ လက်ကြားယိုသလို အလှတွေ တစ်ပေါက်ပေါက် ယိုကျနေသဲ့ ကလေးတွေသဲ့…ကိမ်ညွှန့်စားတွေသဲ့တော်…"

ညနေစောင်းမှ အိမ်လည်လွန် သမီးနှစ်ယောက် ဖိုးကူးနှင့်အတူ ပြန်ရောက်လာကြသည်။ ရွာထဲ အိမ်ပေါက်စေ့ ရောက်ခဲ့ကြသတဲ့။ ရောက်သမျှအိမ်တွေက ကျွေးကြမွေးကြ သတဲ့။ အမေကြီးပု မုန့်ပေါင်းဖိုမှာ အကြော်နဲ့မုန့် စားခဲ့ကြသတဲ့။ ဖိုးကူးက မုန့်တွေ အိမ်ထုပ်ခဲ့ကြဖို့ပြောသော်လည်း ဆိုင်မှာပဲ ဖုန်ထဲ ဖင်ချထိုင်ကာ စားကြသတဲ့။ ဒါကို ရွာက သဘောတွေကျကြလွန်းလို့တဲ့။ ဖိုးကူးကတော့ ကြိုက်ပုံမရ။ မအိမ်ကံကို တိုင်နေသေးသည်။

"မမကံသမီးတွေက ပြောမနိုင် ဆိုမနိုင်တွေပါဗျာ…မေကြီးပုဆိုင်က ညစ်ပတ်လိုက်သာမှ…အဲသာ ပယ်ပယ်နယ်နယ် ထိုင်စားကြသာများ…လူတွေထွက်ကြည့်ကြသာ အံ့လို့…"

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံနှင့် ကျေးဥတို့ကတော့ တပြုံးပြုံး။ သည်လိုစိတ်ရှိတာကိုပဲ ဝမ်းသာရပါ၏။ တောစိတ် ရွာစိတ်ရှိကြလို့ တော်သေးရဲ့ အောက်မေ့ရသည်။

"မေကြီးပုက ဝမ်းသာလို့ဗျ…ညည်းအမေ ရှင်အိမ်ကံ လင်သာရကရော…ငါ့ဆိုင်ရှေ့ မရောက်ဖူးပေါင်အေသဲ့…ရှင်အိမ်ကံ့သမီးတွေကျမှ ရောက်ကြလို့ ဝမ်းသာပါ… လှလိုက်ကြသာများ ဥစ္စာစောင့်ညီအစ်မကျလို့သဲ့…"

ဖိုးကူးက ပြောနေသော်လည်း မအိမ်ကံစိတ်က တခြားရောက်နေခဲ့သည်။ သမီးတွေ ရွာကို လူလုံးပြသလို ရှိခဲ့ကြပြီ။ ရွာကပဲ ချောင်းသွယ်ရေချ ကောင်းသတင်းတွေ ရေလိုစီးဆင်း လာကြပါပကော။ ရွာမှာ ကျိတ်ကျိတ်ကြီး စည်ကားခဲ့သော အလှူတုန်းက ကွမ်းတောင်ကိုင် ညို့ချောကို မဏ္ဍပ်အတွင်းထိ လိုက်ပို့ခဲ့တာ မအိမ်ကံ သတိရလိုက်သည်။ သည်တုန်းကကော ဘာထူးလို့လဲ။

"ကျေးဥရယ်…ညို့ချောကို မဏ္ဍပ်အထိလိုက်ပို့ရသာ အရသာရှိချက်တော့…ညို့ချော ကို မအိမ်ကံ ပြင်ပေးသသဲ့ ဆိုသဲ့ နာမည်ကြီး ဟုန်းဟုန်းထခဲ့သာ ထားတော့… ညို့ချောကို လှအောင်ပြင်နိုင်ပါရဲ့…ရွာမှာရှိဖူးသမျှ ကွမ်းတောင်ကိုင်တွေထဲမှာ အသာ ဆုံးဖြစ်အောင် ပြင်နိုင်ပါရဲ့ ဆိုသဲ့စကားက ရွာတွေမှာ ပြောမဆုံးကြဘူး…တစ်ခါ ကွမ်းတောင်ကိုင်ကို လိုက်ပို့သဲ့ မအိမ်ကံ့သမီး မြိုင်က မပြင်မဆင်ဘဲ ချောသာတော့ ကွမ်းတောင်ကိုင် မှိုင်ကရော ဆိုသဲ့စကားက တစ်ချီထလှုပ်လိုက်သာ ရွာတုန်ကရော… သည်ကြားထဲ မဏ္ဍပ်ထဲမှာရှိနေကြသဲ့ ရွှေမှုံတို့သားအမိက တို့သားအမိကို မျက်လုံး ဝင်းဝင်းကြီးတွေနဲ့ ပြူးကြည့်နေလိုက်ကြသာအေ…ကျေးဥနှယ်…နဂါးသာဆို ပြာကျ လောက်သယ်…"

ထိုနေ့က ရွှေမှုံတို့သားအမိ ကြည့်နေကြသည့် မျက်လုံးစိမ်းကြီးတွေကို သတိရတိုင်း မအိမ်ကံ ကျေနပ်ခဲ့ရပါ၏။ မလိုတမာကြည့်ကြသည့် မျက်လုံးများ၊ အမုန်းအာဃာတနှင့် ကြည့်ကြသည့် မျက်လုံးများ၊ ရန်လိုခြင်း၊ ငြူစူခြင်း၊ အမျက်ကြီးခြင်းတို့ဖြင့် ရှိန်ရှိန်ထသော မျက်လုံးများဆိုပေသိ ထိုမျက်လုံးများ၏နောက်ကွယ်က မတုပနိုင်ခြင်း၊ အရှုံးပေးခြင်း၊ လက်လှမ်း မမီခြင်း၊ ခေါင်းငုံ့ခံရခြင်း၊ ချိုးနှိမ်ခံရခြင်း စသော သိမ်ငယ်ခြင်းပေါင်းစုံ ယှက်သန်းနေတာကို မအိမ်ကံ ဖျတ်ခနဲ မိလိုက်သည်။ တောဆင်ရိုင်းကို ကျုံးသွင်းသလို သွင်းနိုင်ခဲ့လေခြင်း။ မြွေဆိုးကို ပခြုပ်ထဲ ထည့်သလို ထည့်နိုင်ခဲ့လေခြင်း။ ဒါကိုပင် မအိမ်ကံ ကျေနပ်ခဲ့ခြင်းဖြစ်သည်။

ကျေးဥကတော့ အရိပ်နှင့်ပြိုင်ကာ တစ်ယောက်တည်း ကြက်ဖခွပ်နေပါပကောဆိုသည့် မျက်လုံးများဖြင့်သာ မအိမ်ကံကို ငေးကြည့်နေခဲ့သည်။ ညည်းတစ်ယောက်တည်းပြိုင်ပြီး ညည်း တစ်ယောက်တည်း မောနေတာမျိုးပါလားဆိုသည့် မျက်ဝန်းများဖြင့် ကျေးဖူးရှင်သူငယ်ချင်းမ အပေါ် ကရုဏာသက်မိရုံကလွဲ၍ တခြားဘာမှမပြောသာ။ အခုလည်း အမေကြီးပုပြောလိုက်သည့် စကားအပေါ် ခမျာ ဝမ်းသာရှာတော့လည်း ပြီးတာပါပဲလေလို့သာ သဘောထားခဲ့ပါ၏။

ထိုညက မအိမ်ကံ မဆိုစဖူး သီချင်းကလေး တအေးအေး ညည်းနေခဲ့သေးသည်။



ပဲသိမ်းချိန် လှည်းမအားသည့်ကြားက သမီးမြိုင် ရောက်တုန်းရောက်သခိုက် အနောက် တန်းရွာတွေဘက် တစ်ညအိပ် ပြေးလိုက်သေးသည်။ မိဘများ မရှိကာမှ ဆွေမျိုးချင်း စိမ်းရက် လေခြင်း အထင်ခံရမှာစိုးတာလည်း ပါပါသည်။ သမီးနှစ်ယောက် လှည်းပေါ်တင်ကာ ကျေးဥပါ ခေါ်၍ လာခဲ့ခြင်းဖြစ်၏။ အိမ်ကြီးမှာ ကိုဖိုးငွေတို့သားအဖ မြေးအဖိုးတစ်တွေ ကျန်ရစ်ခဲ့ကြ သည်။ ထုံးစံအတိုင်း လူပျိုသိုးကြီး ဖိုးကူးက လှည်းမောင်း။ မအိမ်ကံက ဖိုးကူးကို ထနောင်း တိုင်သူ ခင်သီနှင့် နေရာချထားပေးဖို့ တီးခေါက်ကြည့်ခဲ့ဖူးပါ၏။ ကောက်ညှင်းကမစေး ဆန်ကြမ်းကစေးကာ ဖိုးကူးက ငြင်းခဲ့လေသည်။ သူ့အကြောင်းပြချက်ကတော့ ဇောင်ချမ်းကုန်း ရွာနှင့် မမကံတို့မိသားစုကို မခွဲနိုင်ဟုဆိုပါ၏။ ခင်သီကလည်း ဇောင်ချမ်းကုန်း မပါနိုင်လေတော့ အခက်သား။

"မမကံကလည်း…မမကံတောင် ထနောင်းတိုင်သား ဆရာလေးကို ရွာပါအောင် ခေါ်လာနိုင်သေးသာ…ကျုပ်ကျမှ ရွာက ပဲ့ရမယ်လို့…မဟုတ်သာ…"

သည်လိုဆိုတော့လည်း ကိုပြေသိမ်းကို အောက်မေ့ရပြန်ပါ၏။ ခမျာ မအိမ်ကံကို ချစ်ရှာလွန်းလို့ ရွာကျောင်းဆရာအဖြစ် ဇောင်ချမ်းကုန်းကို ပြောင်းရွှေ့လာခဲ့ရှာသာပဲ…အခုတော့ ဘယ်လိုပယောဂကများ မအိမ်ကံတို့သားအမိတစ်တွေကို ပစ်ထားရက်ခဲ့တာပါလိမ့်။ တစ်နေ့ တော့ သူပြန်လာမှာပါလေ…။ မအိမ်ကံမှာ စိတ်ကိုဖြေရင်း တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီး တစ်လ ကျော်လွှားခဲ့ရတာ နှစ်တောင်ကျူးပါပေါ့လား ကိုပြေသိမ်းရယ်။ မအိမ်ကံက အသည်း မာသူပီပီ သမီးနှစ်ယောက်ရှေ့မှာ ဖအေအကြောင်း တစ်ခွန်းမဟ နေခဲ့ရသည်။ သမီးတွေက လည်း အကင်းအညာရှိကြသူတွေမို့ မအေစိတ်ဆင်းရဲစေမည့်စကား မဆိုခဲ့ကြရှာပါ။ ညီအစ်မ ချင်းတော့ ဖအေ့အကြောင်း ပြောဖြစ်ကြလိမ့်မည်။ ဖအေချစ်တွေကိုး။

အနောက်တန်းရွာတွေရောက်တော့ ဆွေမျိုးတွေက သားအမိတစ်တွေကို ဖူးဖူးမှုတ်ထား ကြသည်။ အိမ်ပေါက်စေ့ မျက်နှာပြရောက်ရတာကပင် ချွေးပေါက်ပေါက်ကျယူရပါ၏။ မြိုင်နှင့် ခိုင်တို့ညီအစ်မကို ငယ်ငယ်ကမြင်ဖူးကြသူတို့ အံ့သြကြသည်။ အရွယ်ကြီးဖားဖား ရှိလာတာက တစ်ကြောင်း၊ ရုပ်အဆင်း လှပတင့်တယ်တာက တစ်ကြောင်းဆိုတော့ ဆွေရွာမျိုးရွာမှာလည်း မျက်နှာပြ လှကြလေ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုရွာမှာ အမေပန်းရုံဘက်က မိဆိုင်နတ်ကွန်းရှိနေသဖြင့် မအိမ်ကံသားတို့ အမိတစ်တွေနှင့် ကျေးဥတို့က ရွာခံဆွေမျိုးအချို့နှင့်အတူ နတ်ကွန်းကို သွားရောက် ပသခဲ့ကြသည်။ နတ်ကွန်းကို မအိမ်ကံတို့ တစ်ခါရောက်စဉ်က ခပ်ငယ်ငယ်ဆိုသော် လည်း သည်တစ်ခေါက်ရောက်တော့ ဆယ်ပေနှစ်ခန်း နတ်စင်ကြီးဖြစ်နေလေပြီ။ မိဆိုင်နတ် ဆိုတော့ မအိမ်ကံက နတ်ကတော်ကို ငွေတော်ဆက်သည်။ နတ်ကတော်က အမေပန်းရုံကို သိသော်လည်း သူကြီးကတော် ဖြစ်သွားကတည်းက ကောင်းကောင်းမဆုံဖြစ်ကြတော့ဟု ဆိုသည်။ 'ပန်းရုံသမီး ဆိုလို့ ဆုတွေပေးလိုက်ရမဦး' ဆိုကာ ဆုတွေပေးတာ မဆုံးနိုင်တော့။ နတ်ကတော်ကြီးက အသက်ကြီးလှရှာပြီ။ ပါးရေနားရေများပင် တွန့်နေပြီ။ အသံက အက်ကွဲကွဲ ရှိတတ။ ခေါင်းမှာ သပြေခက်ကလေး ထိုးထားပြီး နံ့သာဖြူရေကျဲကလေး ပွတ်ထားတာ

www.burmeseclassic.com

www.burmeseclassic.com

သင်းလို့။ သွားတွေမရှိတော့ စကားပြောတိုင်း ရှဲရှဲ ရှဲရှဲ မြည်နေတတ်သည်။ နတ်ပူးနေတာတော့ မဟုတ်။ တတွတ်တွတ် ပြောနေခြင်းသာဖြစ်သည်။

"အချောတွေပါလားဟဲ့...ညည်းတို့အမျိုးထဲက ကွမ်းတောင်ကိုင် ထွက်ဦးမှာပါအေ...နတ်ဝင်သည်စကား လွဲခဲလှပေါ့...ညည်းတို့အိမ်မှာ ခွေးနက် ဒါမှမဟုတ် ကြက်နက် ဒါမှမဟုတ် ငှက်နက်...မဟုတ်ရင်လည်း ကြောင်နက်...အင်း...တစ်ကောင်ကောင် ရှိနေသယ်အေ့...ငါမြင်ရသယ်...ရှိသလားဟဲ့..."

"မရှိပါဘူး အမေကြီး..."

"ရှိပါ့အေ...ညည်းတို့ကိုကြည့်နေသာ...ညည်းတို့နောက် တကောက်ကောက်လိုက်နေသာ...အတိုက်အခိုက်များသဟဲ့...အိမ်မှာ သည်ကပြန်ရင် ပွဲထိုးစမ်း...အိမ်တွင်းအဖေကြီးထိုး ဆုတောင်း...သွားသူကတော့ ပြန်မလာတော့ဘူး..."

မအိမ်ကံက နတ်ဝင်သည်အမေကြီးပြောသမျှ ခေါင်းငုံ့နားထောင်နေရသည်။ တချို့စကားတွေက တိမ်ဝင်သွားသဖြင့် မကြားတစ်ချက် ကြားတစ်ချက်။

"လုပ်စရာရှိသာ အမေကြီးသုန်ပဲ ကုန်အောင်စင်အောင် လုပ်ပေးပါ...လူငယ်တွေချည်း ရှိကြသာပါ...လူကြီးတွေ မရှိကြတော့ဘူး အမေကြီးရဲ့..."

ရွာခံ ကြီးတော်ဝမ်းကွဲက တောင်းပန်နေခြင်းဖြစ်သည်။

"ကောင်းပါပြီလေ...သည်နေ့ သည်ရက်ကစလို့ မိဆိုင်ဖဆိုင်နတ်များက စောင့်ရှောက်ကြပါပြီ...လာမယ့်ဘေး ဝေးပါစီ...တိုက်မယ့်ခလုတ် မြုပ်ပါစီ...ကျမယ့်အန္တရာယ် ကွယ်ပါစီ..."

မအိမ်ကံတို့ပြန်တော့ သပြေတစ်ခက်ပေးလိုက်သည်။ မအိမ်ကံကို ပန်ခိုင်းသဖြင့် မအိမ်ကံလည်း ယုံယုံကြည်ကြည် ပန်ရပါ၏။ နတ်ကွန်းကထွက်တော့ ညနေစောင်းခဲ့ပြီ။

ထိုညက ရွာမှာ ဆီထမင်းထိုးကြသည်။ စားတော်ပဲ၊ ကြက်သွန်ဆီမွှေးအိအိနှင့် စားလို့ကောင်းလှသည်။ သမီးတွေအိပ်သော်လည်း မအိမ်ကံနှင့် ရွာဆွေရွာမျိုးတွေ မအိပ်နိုင်။ မအိမ်ကံက လာမည့်နှစ်မှာ သမီးတွေကို ရန်ကုန်ပို့မှာဖြစ်ကြောင်း၊ အစ်ကိုမောင်မြတ်သာနှင့် မမစိမ်းမြတို့က စောင့်ရှောက်ကြမှာဖြစ်ကြောင်း၊ သမီးတွေ ပညာစုံလို့ ရွာပြန်လာကြလျှင်တော့ မအိမ်ကံ အလုပ်တွေနားကာ အေးအေးလူလူ နေတော့မှာဖြစ်ကြောင်း၊ ကျေးဥတို့သားအမိ သားအဖတစ်တွေ အားကိုးရကြောင်းတွေ ပြောပြနေခဲ့သည်။ ကိုပြေသိမ်းအကြောင်းကိုတော့ ဆွေမျိုးတွေကလည်း မမေးဝံ့ကြသလို မအိမ်ကံကလည်း တစ်ခွန်းမဟခဲ့ပါ။

ညဉ့်နက်လို့အိပ်ကြတော့ သမီးနှစ်ယောက်နှင့်အတူ မအိမ်ကံရော ကျေးဥပါ အပြင်တွင် ပြားအိပ်ကြသည်။ ဖိုးကူးက တစ်နေရာ။ တစ်ရွာလုံး အိပ်မောကျသည်အထိ မအိမ်ကံ နိုးနေဆဲဖြစ်၏။ မအိမ်ကံက နတ်ကတော် အမေကြီးသုန်ကို သတိရနေသည်။ သွားလေသူ ပြန်မလာတော့ဘူးဆိုတာ ဘာကိုပြောချင်တာပါလိမ့်။ ကိုပြေသိမ်းကို ပြောတာများလား။ အို...မဟုတ်နိုင်ပါဘူး။ ကိုပြေသိမ်း တစ်ရက် ပြန်ကိုပြန်လာမှာ မအိမ်ကံ ယုံကြည်သည်။ ညည်းတို့အမျိုးထဲက ကွမ်းတောင်ကိုင် ထွက်ဦးမှာအေတဲ့။ ဒါကတော့ သမီးကြီးမြိုင်ပဲ ဖြစ်ရလိမ့်မည်။ ညရိပ်မည်းမည်း သရက်ပင်အိုကြီးပေါ်မှာ ငှက်မည်းကြီးတစ်ကောင် ရှိနေတာကိုတော့ မအိမ်ကံ မမြင်ဘဲရှိလေသည်။ ရွာကလေး၏ညသည် ဂီးခနဲ အော်လိုက်သော





ငှက်တစ်ကောင်၏ အာခြစ်သံကြီး တစ်ချက်ပေါ်လာခဲ့ပြီး ပြန်လည်ငြိမ်သက်သွားပြန်လေ၏။ မအိမ်ကံပင် ကြက်သီးတွေ ထသွားခဲ့သည်။

နောက်တစ်နေ့ မနက်စာစားပြီး ဇောင်ချမ်းကုန်းကိုအပြန် လှည်းပေါ်မှာ မအိမ်ကံက ထိုအကြောင်းကို သတိတရ ပြောပြဖြစ်ခဲ့သည်။

"ကျေးဥရယ်...ညက ညည်းတို့လည်း အိပ်ကြပြီ...မအိမ်ကံဖြင့် အိပ်မပျော်နိုင်သေးဘူး...စိတ်တွေက ဟိုရောက်သည်ရောက်နဲ့...ငှက်ကြီးတစ်ကောင်အေ သရက်ပင်ပေါ်ကနေ ဂီးခနဲ အော်လိုက်သာ လိပ်ပြာစင်ရော့မှတ်သယ်...မအိမ်ကံတို့ ဝိုင်းတိုက်ထဲက ငှက်ကြီးနေမှာပဲ..."

ကျေးဥက ရယ်သည်။ သမီးတွေကလည်း မအေ့စကားကို ပြုံးကြသည်။ ဘယ့်နှယ် အနောက်တန်းရွာဘက် ဇောင်ချမ်းကုန်းက ငှက်က လိုက်လာပါ့မလဲ။

"တို့ဝိုင်းထဲ ငါလည်း နေလာသာ ကြာပါပြီအေရယ်...ငှက်ဆိုးမရှိပါဘူး...ညဘက်ထွက်သဲ့ ငှက်တွေပါအေ...အသံဆိုးလို့ ငှက်ဆိုးဖြစ်ရရှာသာပါ...ငှက်က ဆိုးသယ် ကောင်းသယ် မရှိလောက်ပါဘူးအေ..."

"ညည်းသာ မတွေ့နေ...ငါဖြင့် ငှက်ရှောင်နေရသာချည်းပဲ..."

"ဘာငှက်တုံး..."

"သိပ့်မလားအေ့...ငှက်မည်းမည်းကြီးရယ်...ကိုပြေသိမ်းတောင် တွေ့ဖူးသယ်..."

ကျေးဥလည်း နှုတ်ဆိတ်သွားခဲ့သည်။ သည်စဉ်မှာပင် သမီးငယ်ခိုင်က မထင်မှတ်သော စကားကို ဆိုပါ၏။ မအိမ်ကံ မကြားဖူးသည့်စကားပင်။ သမီးစကားကြောင့် မအိမ်ကံ သမီးကိုပင် လှည့်ကြည့်လိုက်မိသည်။

"သမီးတွေ့ဖူးသယ်အမေ...တစ်ရက် သမီး ဝိုင်းတိုက်ထဲက ပဲစဉ်းငုံခင်းထဲ ကစားနေတုန်း ငှက်ကြီးက ဆပ်သွားဖူးရုံထဲက ထွက်လာသာ...ငှက်က အကြီးကြီး ကျေးကျေးရဲ့..."

မအိမ်ကံက နတ်ကတော်အမေကြီးပြောခဲ့သည့် ငှက်နက်ဆိုတာ သည်ငှက်ကြီးကို ပြောတာများလား တွေးမိခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ်...သည်ခရီးကို မအိမ်ကံ ပျော်ပါသည်။ သမီးနှစ်ယောက်နှင့် နေရတုန်း နေရသခိုက် သည်လိုသာ သွားနေချင်တော့သည်။ သမီးတွေ အခြေတကျ လူတစ်လုံး သူတစ်လုံး ဖြစ်ကြပြီဆိုလျှင်တော့ မအိမ်ကံ လူမောစိတ်မောတွေ ဖြေချင်လှတာလည်း အမှန်ပင်ဖြစ်၏။

လှည်းပေါ်မှာ ငြိမ်သက်လျက်။ တအိအိနှင့်ပင် လှည်းသည်လည်း ဇောင်ချမ်းကုန်းရွာရိပ်ကို ဝင်လေပြီ။

■

ဘာလိုလိုနှင့် ကျောင်းတွေ ပြန်ဖွင့်တော့မည်။ သမီးကြီးမြိုင် ရောက်လာကတည်းက အဝတ်အစားအဟောင်းတွေကို ထုတ်ပြီးလျှော်ဖွပ် သံမီးပူတိုက် လုပ်ခဲ့သော်လည်း အဝတ်အစားလတ်လတ်လောလောတွေက ကြိမ်သေတ္တာထဲမှာ သည်အတိုင်းရှိနေကြသည်။ သမီးအဝတ်အစားတွေထုတ်ပြီး နေပြရန်ပြင်ရပြီ။ ကြိမ်သေတ္တာနှစ်လုံးစလုံး ပြောင်စင်အောင်သုတ်ပြီး နေပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းစာအုပ်တွေက အိတ်ကြီးတစ်လုံး။ ကိုးတန်းစာအုပ်တွေ အကုန်ပြန်သယ်ခဲ့ခြင်းဖြစ်၏။ သမီးကြီးပင် ဆယ်တန်းကျောင်းသူကြီး ဖြစ်တော့မှာပါလား။ သည်နှစ်ဆယ်တန်းအောင်သည်နှင့် ရန်ကုန်တက္ကသိုလ်ပို့ရတော့မည်။ မြင်းခြံမှာနေရမည့် တစ်နှစ်စာအတွင်းတော့ ရွာနှင့် ကူးချည်သန်းချည် ရှိရဦးမည်။ ကွမ်းတောင်ကိုင်ရန် အလှူပွဲရှိလျှင် ရွာပြန်။ အလှူပြီးတော့ မြို့ပြန်။

မအိမ်ကံနားထဲမှာ အလှူသံတွေ ကြားနေရသည်။ ဒိုးသံသျှိုးသံတွေ ညံညံစီစီ။ ရွာပေါင်းစုံကလူတွေက တကျိတ်ကျိတ်။ အလှူထမင်း အလှူဟင်းနံ့တွေ တလှိုင်လှိုင်။ ဖက်စိမ်းကွမ်းတောင်မှာ ငှက်ပျောဖက်စိမ်း ဖက်ဝါတွေ လက်ခုပ်လက်ယှက် ထိုးထားတာဆိုတော့ ဒေါင်းစိမ်း ရောင်ချိတ်နှင့် ပိတောက်ရောင်ချိတ်နှစ်ထည် ဝယ်ရမည်။ ကတ္တီပါပုံတော်ဖိနပ်စိမ်း၊ ဖိနပ်ဝါ ဝယ်ရမည်။ ပြောင်ခေါင်းစိမ်းဘယက်တစ်ကုံး၊ ပယင်းဘယက်တစ်ကုံးနှင့်ဆိုလျှင် အဝတ်အစားနှင့် လိုက်ဖက်မည်။

မအိမ်ကံတွေးရင်းက စာအုပ်ထုပ်ကို သွန်ချလိုက်သည်။ ကတိုက်ကရိုက် သိမ်းလာရဟန် တူပါ၏။ စာအုပ်တွေ ထိုးသိပ်ထည့်လာခြင်းဖြစ်သည်။ တူရာတူရာထပ်သည်။ အင်္ဂလိပ်စာအုပ်တွေ သပ်သပ်စီသည်။ သည်အထဲက စာအုပ်သေးသေးကလေး ထွက်ကျလာခဲ့၏။ စာအုပ်ကလေးက အနီရောင်ကလေးဖြစ်၍ အထဲမှာ ဓာတ်ပုံကလေးတွေ ကပ်ထားသည်။ ဓာတ်ပုံကလေးတွေက သေးသေးကလေးတွေ။ အချို့ဓာတ်ပုံတွေက ကော်တောင် ကွာကျနေပြီ။ ဓာတ်ပုံတွေပါ ဖျောခနဲ ထွက်ကျလာလို့ အသာပြန်ညှပ်ရပါ၏။ ဘာပုံတွေပါလိမ့်...။ ဘယ်သူ့ဓာတ်ပုံတွေပါလိမ့်...။ မိန်းကလေးပုံတွေချည်း ဖြစ်သည်။ သမီးနှင့် ရွယ်တူကလေးတွေဆိုတော့ အတန်းဖော်တွေဖြစ်လိမ့်မည်။

မအိမ်ကံ စာအုပ်ကို ပြန်ဖွင့်သည်။ တစ်မျက်နှာချင်း လိုက်ဖတ်သည်။

"မြိုင်

တို့တစ်တွေ ကျောင်းတော်မှာ ဆုံရတဲ့အခိုက် ချစ်ခင်ကြသလို ကျောင်းက ထွက်ကြလို့ ဝေးရတော့လည်း မမေ့ကြေးနော်...။

မမြသန်း
အေးကျင်းရပ်"

"မြိုင်ရေ...

မြိုင်က စာလည်းတော်တယ်...ရုပ်လည်းလှတယ်...ဆုတောင်းကောင်းလိုက်တာ...ခင်မင်ရတာ ဝမ်းသာပါတယ် သူငယ်ချင်း...။

ခင်မူထား
ကွေ့ကြီးရပ်"

"သူငယ်ချင်း မအိမ်မြိုင်

ဘဝလမ်းခရီးမှာ သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ပါစေ...။

စိန်စိန်
ကန်ဦးရပ်"



မအိမ်ကံက တစ်ရွက်ချင်းဖတ်ကြည့်ရင်းပြုံးသည်။ သည်ခေတ်ကလေးတွေက သည်လိုရေးကြတာပါလားဆိုတာကို တွေးမိတော့ စိတ်ချမ်းသာရသည်။ သူငယ်ချင်းတွေအချင်းချင်းရေးကြတာဖြစ်မည်။ သမီးမှာ ခေတ်ပညာတတ် သူငယ်ချင်းမတွေ အများကြီးပါပဲလား။ ပထမဆုံးစာမျက်နှာမှာ သမီးကြီးက "မအိမ်မြိုင်၏ အော်တိုစာအုပ်" လို့ရေးထားသဖြင့် သည်စာအုပ်ကို အော်တိုစာအုပ်ခေါ်မှန်း သိလိုက်ပြီ။ စာမျက်နှာထောင့်တွေမှာ ဓာတ်ပုံကလေးတွေ ပါသူက ပါပြီး၊ မပါသူက မပါ။ မအိမ်ကံ မပျင်းမရိ ထိုင်ဖတ်နေမိပါ၏။

"မြိုင်တို့ရွာ ဓောင်ချမ်းကုန်းကို တို့သူငယ်ချင်းတွေအားလုံး အလည်လိုက်ခဲ့မယ်...ဘာကျွေးမှာလဲ...မြိုင်တို့မှာ ထန်းတောတွေရှိတယ်ဆို...ထန်းရည်နဲ့ ပဲလှော်ဆိုရင်တော်ပါပြီဟာ...။

မောင်မောင်ညွန့်၊ သိန်းမင်း၊ သံဒိုင်၊ ပေါက်ကြီး၊ ဗျစ်ထူ"

ဒါကတော့ ယောကျ်ားလေးသူငယ်ချင်းတွေ ဖြစ်လိမ့်မည်။ ကိုယ်တော်တွေ အလည်လိုက်ခဲ့မယ်ဆိုပြီး မလိုက်လာခဲ့ကြပါလား။ လာရင်တော့ ကျွေးရချေသေး။ သမီးကို မြို့ကျောင်းထားရတာ သည်တစ်ခုတော့ ဝမ်းသာသည်။ သူငယ်ချင်းတွေ ရှိလာသလို လူရေးလူရာဝင်လာတာ အမှန်ပင်။ ငယ်ငယ်ကလို ငေးငေးငေါင်ငေါင် မဟုတ်တော့။ သွက်သွက်လက်လက်ရှိလာတာ မအိမ်ကံ မြင်နေရပြီ။ ကျေးဥကတောင် 'မြိုင်ကလေး သွက်လာသယ်နော်' လို့ဆိုခဲ့သည်။ တစ်မျက်နှာ လှန်လိုက်သည်။

"မြိုင်...

ကျောင်းရက်ရှည်ပိတ်တော့ ရက်ရှည်ရှည်ဝေးရတာပေါ့...။ ကျောင်းဖွင့်ရင် မြန်မြန်ပြန်လာခဲ့နော်...။ လွမ်းရတယ်...။

သက်ဦးဝေ
ပြောင်းပြာရပ်"

အလို...။ ဘယ့်နှယ့်ပါလိမ့်။ သက်ဦးဝေဆိုတာ ယောကျ်ားလေးလား၊ မိန်းကလေးလား၊ မြန်မြန်ပြန်လာခဲ့နော်၊ လွမ်းရတယ်ဆိုတာကကော ရိုးရိုးသားသားဟုတ်ရဲ့လား။

သက်ဦးဝေ...။ မအိမ်ကံ စာရွက်တွေကို ဆက်မလှန်နိုင်တော့။ သက်ဦးဝေ ဆိုမှတော့ မိန်းကလေးပဲထင်ပါရဲ့။ မိန်းကလေးသူငယ်ချင်းချင်း လွမ်းတာလည်း ဖြစ်နိုင်တာပဲမဟုတ်လား။ သည်စာအုပ်တွေကို မအိမ်ကံ ရှင်းရခြင်းမှာ သပ်သပ်ရပ်ရပ် သိမ်းဆည်းထုပ်ပိုးချင်တာပါသလို ကိုပြေသိမ်းနှင့် သမီးတို့ အဆက်အသွယ်ရှိကြရော့လား သိချင်တာလည်းပါပါ၏။ သမီးက တစ်ခါတည်းပါဆိုသော်လည်း မအိမ်ကံရင်ထဲမှာ စနိုးစနောင့်ဖြစ်နေရသည်။ ဖအေက သမီးဆီကို အကြောင်းသင့်တိုင်း စာပို့နေကျဖြစ်နိုင်သလို ရသမျှစာတွေကို သမီးက သိမ်းထားချင်လည်း သိမ်းထားနိုင်သည်။ မအေ မသိအောင် လျှို့ဝှက်ဆက်သွယ်နေတာမျိုးလည်း ဖြစ်နိုင်သည်။ ဒါကို မအိမ်ကံ တွေးမိကတည်းက သမီးပါလာသော အထုပ်တွေကို ရှင်းချင်နေခဲ့သည်။ အခုတော့ ဖအေ့ဆီကစာကို မတွေ့။ အော်တိုစာအုပ်ဆိုတာကိုသာ တွေ့ရသည်။

"ကျေးဥရယ်...ဆန်ခိုးမမိ ဖွဲခိုးမိရယ်လို့ ပြောရအောင်ကလည်း ပြောမဖြစ်ပြန်ဘူး...

www.burmeseclassic.com

www.burmeseclassic.com

ကိုပြေသိမ်းကများ သူ့သမီးဆီ အဆက်အသွယ်လုပ်နေလေသလား တွေးမိလို့ မအိမ်ကံ့စိတ်ထဲ ရှင်းသွားအောင် ရှာသာပါ…မတွေ့ပေါင်အေ…ဖအေက တစ်ခါတည်း ဆက်သွယ်သယ်ဆိုသာ ဟုတ်လောက်ပါရဲ့…ဒါပေသိ…အော်တိုစာအုပ်ဆိုသာတွေ့တော့ မအိမ်ကံဖြင့် ခေါင်းကြီးသွားရသယ်…ညည်းတူမ ရည်းစားများ ရှိရော လားအေ…"

ကျေးဥကို ကမန်းကတန်းခေါ်ကာ မအိမ်ကံ ခံစားရသမျှပြောပြခဲ့သည်။ ကျေးဥကလည်း မဖြေရှင်းတတ်ပါ။ အော်တိုစာအုပ်ဆိုတာတောင် ဘာမှန်းမသိ။ ခေတ်ကာလ ကလေးတွေဆိုတော့ မဝေဖန်တတ်တာလည်း ပါပါ၏။ မြို့ကျောင်းနေသူ ရုပ်ရည်ချောမောသည့် မိန်းကလေးတစ်ယောက်အဖို့ရာ သည်အရွယ် သည်အသက် ချစ်သူရည်းစားထားချင်လည်း ထားနိုင်သည်။ သို့သော် ရည်းစားစာမိတာမျိုး မဟုတ်တော့လည်း ပြောရခက်သားပင်။

"ငါတော့ သက်ဦးဝေ ဆိုသာ မိန်းကလေးထင်ပါရဲ့အေ…မိန်းမနာမည် ဘယ်ယောကျ်ားက မှည့်မှာတုံး…ကိုသက်မင်းတို့လည်း ရှိသားဥစ္စာ…မေးစမ်းများ ကြည့်ပါဦးအေ…"

မအိမ်ကံ ချက်ချင်းမမေးဖြစ်ပါ။ စကားကျွံမှာစိုးသည်။ ဆင်အိပ်ရာ ဆိတ်နိုးဖြစ်မှာလည်း စိုးရသည်။ မအိမ်မြိုင်ကို တစ်အိမ်လုံးက ကလေးလိုမြင်ကြသော်လည်း ဆယ့်ရှစ်နှစ်ရှိပြီ။ မအိမ်ကံတုန်းက အသက်နှစ်ဆယ်ကျော်ကျော်မှာ အိမ်ထောင်ကျခဲ့တာမဟုတ်လား။ သမီးကြီးအဖို့ရာ ဆယ့်ရှစ်နှစ်ဆိုတာ ပန်းတစ်ပွင့်နှင့်နှိုင်းလျှင် အပွင့်လှသည့်အရွယ်ပင်။ မိနီးဖနီးမဟုတ်တော့လည်း စိတ်ကစားချင်တာလည်း ဖြစ်နိုင်သည်။ မျက်စိအောက်ရောက်နေသည့် သမီးကို ကြည့်ပြန်တော့လည်း မှုန်မှုန်ဆန်ဆန်မရှိ။ ပကတိ ရိုးသားဖြူစင်စွာ နေသည်။ ထိုင်သည်။ ပြောသည်။ ဆိုသည်။ ကလေးဆန်လို့ပင် အချစ်ပိုရသေးသည်။ ဝေခွဲရခက်လှသည်။

တစ်ရက်တော့ မြိုင်ရေချိုးကာနီး မအိမ်ကံက ကောက်ကာငင်ကာမေးလိုက်သည်။

"သမီး အထုပ်အပိုးတွေ အမေရှင်းလိုက်သယ်…သမီးလည်း မြင်းခြံပြန်ဖို့ ရက်နီးလာလို့ ရှင်းလိုက်သာ…သမီးအော်တိုစာအုပ်ဆိုသာတွေ့လို့ အမေဖတ်ကြည့်သေးသယ်…သူငယ်ချင်းတွေက ချစ်ကြရှာသားပဲ…တစ်ယောက်ကဆိုရင် ကျောင်းတွေပိတ်ရင် လွမ်းရမှာဆိုလား…"

"သူငယ်ချင်းတွေပါအမေရယ်…အမေ ဘာတွေလျှောက်ဖတ်သာလဲ…မဖတ်ရဘူး အမေရဲ့…သူတစ်ပါးကိစ္စဆိုရင် ခွင့်မပြုရင် ကိုင်မကြည့်ရဘူး…မမေးရဘူး…"

"အလိုတော်…ငါမအေပါဟဲ့…သမီးကိစ္စဆိုသာ သူတစ်ပါးကိစ္စလား…မအေက သမီးကို ခွင့်တောင်းရမှာလား…မိဘဆိုသာ မိုးဝေးပေမယ့် ထီးမဝေးရဘူးအေရဲ့…ညည်းတို့ ပညာတတ်ကာမှ ပညာသင်ပေးသဲ့မိဘကို ပညာနည်းရန်ကောလို့ ပြောချင်ပြီလား…ညည်းလည်း ညည်းအဖေလို…"

"ဟဲ့ ဟဲ့…မအိမ်ကံ…ညည်းကလည်းအေ…သွား သွား မြိုင်…ရေချိုးချေ…"

ကျေးဥ တက်လာပြီး မအိမ်မြိုင်ကို ရေချိုးဆင်းခိုင်းလို့သာ စကားပြတ်ခဲ့ရသည်။ နောက်ထပ် ဘယ်လောက်တောင် စကားလုံးတွေ တောက်လောင်ခဲ့လေမလဲဆိုတာ မအိမ်ကံ မသိနိုင်။ မအိမ်ကံ အိမ်ပေါ်က ဆင်းလာခဲ့သည်။ ပဲမှော်စင်ဘေးက ထန်းကုလားထိုင်နှစ်လုံးထဲက



တစ်လုံးမှာ သွားထိုင်သည်။ မိုးချုပ်ရာက မှောင်၊ မှောင်ရာမှ သန်းခေါင်ချဉ်းကာနီးအထိ ထိုင်နေခဲ့ခြင်းဖြစ်၏။

ညသည် တိတ်ဆိတ်လျက်ရှိ၏။ လကွေးကွေးကလေးသာရှိသဖြင့် မှောင်လွန်းသည်လို့ မဆိုနိုင်သော်လည်း အလင်းမရှိတော့။ ကျေးဥသည်လည်းကောင်း၊ မအိမ်မြိုင်သည်လည်းကောင်း ငြိမ်ချက်သားကောင်းနေကြသလို မအိမ်ကံကလည်း တစ်ယောက်တည်း ထိုင်နေခဲ့ခြင်းဖြစ်၏။ သည်အသက် သည်အရွယ်အထိ သမီးကို စိတ်အနာတရ ကိုယ်အနာတရ မဖြစ်စေခဲ့။ မအိမ်ကံ သမီးကို မြို့ကျောင်းပို့ထားကာမှ ရည်းစားနှင့်ရှုပ်နေသတဲ့ဆိုသည့်စကား ရွာကို အပါမခံနိုင်။ ရိုးပုံရိုးပါးနဲ့ ဗျိုင်းမမှန်လို့ ခြေမစိမ်းတာပေါ့ဆိုသည့်စကား အရောက်မခံနိုင်။ သည်သမီးနှစ်ယောက်ကို မအိမ်ကံမှာ ပိုးမွေးသလို မွေးခဲ့ရသည်။ ချည်ဝင်အူပေါက် အစမပျောက်အောင် ထိန်းခဲ့ရသည်။

"အမေ…"

ထန်းကုလားထိုင်တစ်လုံးပေါ်မှာ မအိမ်မြိုင်လာထိုင်တော့မှ မအိမ်ကံ အတွေးပြတ်တော့သည်။ ကျေးဥက မတ်တတ်။ ခိုင်ကလေးက နောက်က။ ကျေးဥက အနားက တုံးတစ်တုံး ဆွဲထိုင်သည်။

"ကလေးကို စွပ်စွပ်စွဲစွဲပြောတော့ စိတ်မကောင်းဖြစ်နေရှာသယ်…တစ်ညနေလုံး ငိုနေလို့ ငါလည်း တတ်နိုင်သမျှ ဖျောင်းဖျနေသာပါအေ…"

မအိမ်ကံက သမီးကြီးလက်ကလေးကို လှမ်းကိုင်လိုက်သည်။ သွန်ကျလာသော မျက်ရည်တွေက မအိမ်မြိုင့် လက်ဖမိုးအစုံပေါ် တပေါက်ပေါက်ကျလျက်ရှိ၏။ မအိမ်မြိုင်က ထိုင်နေသည့် ကုလားထိုင်မှထကာ မအေ့ခြေထောက်နား ဒူးထောက်ချလိုက်သည်။ သားအမိနှစ်ယောက် ဖက်ထားကြတာကိုကြည့်ရင်း ကျေးဥ မျက်ရည်ကျရပါ၏။ ခိုင်ကလေးကလည်း ငိုလို့။ စိတ်ကြီးသော သူတို့အမေအကြောင်း သူတို့အသိဆုံးမဟုတ်လား။ မအိမ်ကံက မြိုင့်ပါးကလေးတွေကို ဖျစ်သည်။ ဆံစတွေကို ပွတ်သပ်ပေးသည်။

"သမီး စိတ်မကောင်းဖြစ်သွားသလား…အမေက မစွပ်စွဲပါဘူး သမီးရယ်…အမေလည်း မှားပါသယ်လေ…အမေ စိတ်ပူသွားသာလည်း ပါမှာပေါ့…သမီး ပညာသင်ဖို့ နှစ်ကာလတွေ အများကြီးကျန်သေးသယ်…ညည်းဖအေ မရှိပေမယ့် သူဖြစ်စေချင်သာ အမေဖြစ်အောင် လုပ်ပါ့မယ်လို့ ကတိပေးထားသယ်…အမေနဲ့သမီးတို့ နောက်ထပ် နေရလှ ရက်ပိုင်းပေါ့…ပြီးရင် သမီးကလည်း မြင်းခြံသွားမယ်…ညီမလေးကလည်း ရန်ကုန်သွားမယ်မဟုတ်လား…သမီးတို့ပညာရေးအတွက် ရန်ကုန်က ဘကြီးမြတ်သာဆီမှာ နောက်ထပ် လေး၊ငါးနှစ် သွားနေကြရဦးမယ်…အမေ့အတွက် ရက်မရှိပါဘူး သမီးရယ်…အမေဟာ သစ်ကိုင်းနှစ်ကိုင်းနဲ့ သစ်ပင်လုပ်နေရသူပါ…ဓမ္မသတ် မသင်ခဲ့ရပေမယ့် တရားမစောင်းခဲ့သူပါ သမီးရယ်…"

"အမေရယ်…အမေ နားမလည်လေခြင်းလို့ သမီးပြောချင်သာ မဟုတ်ရပါဘူး…အမေ သမီးကို မယုံသင်္ကာဖြစ်နေသာကို သမီးပြောတတ်သလို ပြောမိသာပါ…သမီးကို အမေယုံပါနော်…သမီးမှာ…"

"ယုံပါသယ်သမီးရယ်…အမေ့ကို စိတ်ဆိုးနေရင်လည်း ပြေပါတော့…အမေ့မှာ ဆေး

www.burmeseclassic.com

www.burmeseclassic.com

လည်းမှူး ထုံးလည်းပေါက် အဖြစ်မျိုးဖြစ်ရမှာ ကြောက်လွန်းလှသယ်ကွယ်...ကျေးဥရေ...သမီးကို ခေါ်သွားတော့...အေးလာပြီ..."

"ညည်းလည်း ထတော့လေ မအိမ်ကံရဲ့..."

"အေးပါအေ...ခဏကလေး ထိုင်ချင်သေးလို့ပါ...လာပါ့မယ်..."

ကျေးဥနှင့်သမီးတွေ ထသွားကြသည်။ မအိမ်ကံ မထနိုင်သေး။ ညသည် ပြန်လည်တိတ်ဆိတ်သွားပြန်လေ၏။ လကွေးကွေးကို မအိမ်ကံ မော့ကြည့်နေမိခဲ့သည်။

ထိုစဉ်မှာပင် ထူးဆန်းသောအဖြစ်ကို ရုတ်ခနဲ မြင်လိုက်ရသဖြင့် မအိမ်ကံမှာ အံ့သြထိတ်လန့်စွာ ပါးစပ်အဟောင်းသား ပွင့်သွားရလေ၏။

■

(၃၅)

မြင်ရသည်ကပင် ဆန်းကြယ်လှပါ၏။ တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးခဲ့သော အရာတို့သည် မျက်စိရှေ့မှောက်တွင် မျက်လှည့်ဆရာ၏ မှော်သေတ္တာထဲက အထူးအဆန်းတွေ ထုတ်ပြသလို ကိုယ်ထင်ပြနေကြခြင်းဖြစ်၏။ ညသည် တိတ်ဆိတ်ပူလောင်နေရာက ညဦးအလွန်တွင် စိမ့်စိမ့်ကလေး အေးလာခဲ့သည်။ ညဥ့်နက်လာလေ အေးစက်ခြင်းသည် ပိုမိုသိသာလာခဲ့လေပြီ။ ထိုအေးစက်ခြင်းကပင် ညကို လှုပ်ခါပစ်လိုက်သကဲ့သို့ ရှိရာက တိတ်ဆိတ်ခြင်းသည်လည်း သုသာန်တစပြင်ကဲ့သို့ ရှိလာခဲ့၏။ ရွာတွေမှာ ကြားနေကျ ခွေးဟောင်သံ၊ လူသံသူသံတွေပင် မရှိတော့။

မအိမ်ကံ ဘယ်လောက်ကြာကြာ ထိုင်နေမိခဲ့သလဲ။ မအိမ်ကံကိုယ်တိုင်ပင် သတိမထားမိတော့။ ပဲမှော်တိုက်နှင့် အိမ်မကြီးကြားက ထန်းကုလားထိုင်နှစ်လုံးမှာ စိတ်လိုလက်ရ ထိုင်ခဲ့တာမျိုး အလွန်နည်းခဲ့သည်။ ဖျိုးဖျိုးဖျပ်ဖျပ် ထိုင်မိတာကလွဲလို့ သည်လောက်ကြာကြာ မထိုင်ဖူးခဲ့ပါ။ အခုတော့ သမီး မအိမ်မြိုင် အော်တိုထဲက တွေ့လိုက်ရသော စာတစ်ကြောင်းကြောင့် မအိမ်ကံ မျှော်လင့်ချက်တွေ ပြိုကျသွားသလို ခံစားခဲ့ရသည်။ သမီးကတော့ သူငယ်ချင်းပါအမေရဲ့ဟု ဆိုပါ၏။ သက်ဦးဝေဆိုတာ ယောကျ်ားကလေး ဖြစ်နေရင်ကော။ ယောကျ်ားကလေးသူငယ်ချင်းက လွမ်းလှပါပြီဆိုတာကကော ခေတ်ကာလအသုံးအနှုန်းများပေလား။ လွမ်းတယ်ဆိုမှတော့ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်တွယ်ကြလို့ပေါ့။ မအိမ်ကံဘဝမှာ ကိုပြေသိမ်းကို လွမ်းခဲ့ တမ်းတခဲ့ဖူးသည်။ ချစ်သူဆိုတော့ လွမ်းရတာ အဓိပ္ပာယ်လည်းရှိသည်။ ချစ်သူမဟုတ် ဘာမဟုတ် သူငယ်ချင်းယောကျ်ားကလေးက သူငယ်ချင်းမိန်းကလေးကို လွမ်းတာကတော့ ရေလိုက်လွဲနေသလို ခံစားရပါ၏။ သမီးကလေး တော်လှ တော်လှ ယောက်မမြင်းစီးလေရော့သလား။

တကယ်တော့ မအိမ်မြိုင် ငယ်ပါသေးသည်။ ရည်းစားသနာ ထားရမည့်အရွယ်မဟုတ်။ အင်းလေ...ခေတ်အခါက တို့တုန်းကနဲ့ တူချင်မှတူမှာကိုးလို့တော့ တွေးမိသား။ သက်ဦးဝေဆိုတာ သမီးရဲ့ရည်းစားဆိုလျှင်တော့လည်း စိတ်ကစားကြတာနေမှာပါလေလို့ ဖြေတွေးတွေးကြည့်မိပြန်၏။ သည်အတွေးတွေကပဲ မအိမ်ကံကို ပဲမှော်တိုက်ကြားက ထန်းကုလားထိုင်က မထအောင် တုတ်နှောင်ထားကြသလို ရှိခဲ့သည်။ စောစောပိုင်းက ကျေးဥနှင့် သမီးမြိုင်

www.burmeseclassic.com

ရောက်လာကာ မအိမ်ကံကို ရင်မီးငြိမ်းစေခဲ့ကြသည်။ ဘဝလောကဒဏ်ကို အဖုံဖုံ တွေ့ကြုံခံစားခဲ့ရသူ မအိမ်ကံအဖို့ရာ သမီးစာအုပ်ထဲက စာတစ်ကြောင်းကျတော့မှ ဘာကြောင့်များ သည်လောက်တောင် ထိခိုက်ခဲ့ရပါလိမ့်။

မအိမ်ကံမှာ အဖြေရှိသည်။ အရွယ်မတိုင်ခင် သမီးကို ချစ်သူရည်းစား မထားစေချင်။ မြင်းခြံကို ကျောင်းသွားထားတာ ရည်းစားတွေ မှိုလိုပေါက်လို့တဲ့ဆိုသည့် သတင်းစကားကြားကို အရောက်မခံနိုင်။ ကွမ်းတောင်ကိုင်ဖို့ သေချာနေသည့် မအိမ်မြိုင်ကို အများက စိတ်ရှာကို အရောက်မခံနိုင်။ ကွမ်းတောင်ကိုင်ဖို့ သေချာနေသည့် မအိမ်မြိုင်ကို အများက စိတ်စနိုးစနောင့် မဖြစ်စေချင်သလို မိဘတစ်ပါးအနေဖြင့်လည်း စလယ်ဝင် ဖင်မည်း အိမ်ထောင့်ကိစ္စ၊ အချစ်ရေးကိစ္စတွေ မတွေးစေချင်သေးတာလည်း ပါပါ၏။ ဖအေက တောထဲမှာ။ ဖအေမရှိကာမှ သမီးမြိုင် ဖြစ်ချင်သလိုဖြစ်နေတာမျိုး အရောက်မခံနိုင်။ မအိမ်ကံ့သမီး ကွမ်းတောင်ကိုင်ဖူးရမည်။ လူတစ်လုံးသူတစ်လုံး ဖြစ်ရမည်။ ပညာတတ်ရုပ်ချော မိန်းမသားအဖြစ် တစ်ဂုဏ်တင့်ရလိမ့်မည်။ သည်အိမ် သည်ဝိုင်းမှာ မျိုးဆက်အဖြစ် ကျန်ရစ်ခဲ့ရမည့် သမီးနှစ်ယောက်အဖို့ရာ လူ့အသိုင်းအဝိုင်းကြားမှာ သိက္ခာအရ တင့်တောင့်တင့်တယ် နေခဲ့ရမည်။

မအိမ်ကံ ထိုင်နေစဉ်အတွင်း အချိန်သည် စောင့်နေသည်မဟုတ်။ တဖြည်းဖြည်း ညဦးနက်လာရာက သန်းခေါင်ကိုပင် သီသီကြီးကျော်ခဲ့လေပြီ။ ထုံခံမတတ် အေးစက်သော လေသည် ညဦးပိုင်းတွင် ငြိမ်သက်နေရာက တစ်စတစ်စ လှုပ်လာခဲ့၏။ ဝိုင်းတိုက်ထဲတွင်ရှိသမျှ သစ်ပင်ကြီးတွေအားလုံး သစ်ရွက်ချင်းခတ်သံတွေ တဖျောဖျောမြည်လာကြသည်အထိ လေသုန်လာခြင်းဖြစ်၏။ အိမ်မကြီးနှင့် ပဲမှော်တိုက်ကြားမှာ ထိုင်နေသဖြင့် လေကွယ်ရာကျသော်လည်း အေးစက်ခြင်းကတော့ ရှောင်လို့မရနိုင်ပါ။ မအိမ်ကံစိတ်ထဲ နောက်ကျောဘက်မှာရှိနေသည့် ပဲမှော်တိုက်သည်ပင် အိခနဲ ခါသွားသည် ထင်လိုက်မိ၏။ မဖြစ်နိုင်တာ...။ ပဲမှော်တိုက်က အိုလှပြီဆိုသော်လည်း ခိုင်မာတောင့်တင်းသေးသည်။ မအိမ်ကံ မှတ်မိသလောက် ပဲမှော်တိုက်ကို ပြန်ဆောက်ခဲ့ရသည် မရှိခဲ့။ မအိမ်ကံ မမွေးခင်အသက်လေးဆယ်ကျော်အတွင်း ပဲမှော်တိုက်ကို ပြန်ဆောက်ခဲ့ရသည် မရှိခဲ့။ မအိမ်ကံ မမွေးခင်က ရှိနှင့်ခဲ့သော ပဲမှော်တိုက်ဖြစ်၍ ဆောက်စဉ်ကတည်းက ခိုင်ခိုင်ခံ့ခံ့ ဆောက်ခဲ့ခြင်းဖြစ်သည်။ ယက်မနှင့်ပိုးထိုးကျွန်းတိုင်လုံးများ၏ အဝန်းသည်ပင် ခွဲတောင်းဝလောက်စီ ရှိကြသည်။ ထုတ်တန်း ဆင့်တန်းတွေကလည်း သစ်ကောင်းများဖြစ်၍ ရေနံရည်ဝနေသဖြင့် ပိုးပုရွက်ဒဏ်ကကင်းသည်။ အမိုးက ဝါးကပ်ဖြစ်၍ နှစ်နှစ် သုံးနှစ်တစ်ကြိမ် ဝါးကပ်စားထိုးရတာတော့ရှိ၏။ ဝါးထရံတွေကလည်း ဝါးအကြောကို ယက်ထားသည့်အပြင် ရေနံရည် ဝချင်တိုင်းဝနေသဖြင့် တောင့်တင်းဆဲဖြစ်၏။ ပဲမှော်တိုက်က အပေါ်ထပ်ဖြစ်၍ အောက်မှာတော့ နွားများထားရာ ဟာလာဟင်းလင်း မြေကုန်းကြီးဖြစ်၏။ နွားသုံးလေးကောင် ချောင်ချောင်ချိချိ နေနိုင် လှဲနိုင်ကြသည်။

သည့်နောက်ပိုင်းနှစ်တွေမှာတော့ နွားတွေကို အိမ့်မြောက်ထောင့် ဆီးပင်ကြီးအောက်မှာ အထားလေ့သည်။ အနီးတွင် ကွပ်ပျစ်တစ်ချပ်ရှိ၍ ဖိုးကူးက ကွပ်ပျစ်မှာ အိပ်လေ့ရှိသည်။ နွားခိုးပူသည့်နှစ်တွေမှာတော့ ကိုဖိုးငွေပါ ဆီးပင်အောက် နွားစားကျင်းဘေးမှာ ဓားရှည်တစ်လက်နှင့်နေလေ့ရှိပါ၏။ ထိုကတည်းက ပဲမှော်တိုက်အောက်ထပ် နွားစားကျင်းကုန်းတွင် တောင်သူသုံးပစ္စည်းအချို့သာ ထားကြသည်။ အိခနဲ လှုပ်သွားသော ပဲမှော်တိုက်၏ တုန်ခါမှုကို မအိမ်ကံ



နားကြားလွဲတာလား၊ စိတ်ကပဲ ထင်လိုက်မိတာလား။ မသေချာသဖြင့် သည်အတိုင်း ထိုင်နေလိုက်သည်။

ဝိုင်းထဲရှိသမျှ သစ်ပင်တွေက ပို၍ပင် တဖျောဖျောမြည်လာကြသည်။ သရက်ပင်ကြီးဆိုလျှင် လေကြောင့်ပင် တဝေါဝေါ အသံထွက်နေသည်။ မအိမ်ကံက ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ကောင်းကင်သည်လည်း ညို့လာပါပကော။ ညို့သည်ဆိုသော်လည်း ခဲပုပ်ရောင်ချည်းမဟုတ်၊ နီရဲရဲ အခိုးအငွေ့တွေ ယှက်သန်းနေကြသည်။ ကောင်းကင်အနီရောင်သည် လေမုန်တော့မည့် အရိပ်လက္ခဏာဖြစ်သည်။ ညကြီးသန်းလွဲ ဘယ်လိုကဘယ်လို လေမုန်ဦးမှာပါလိမ့်တော်။ အနောက်ရမ်းလေတိုက်သည့် ရာသီမဟုတ် ဘာမဟုတ် ထူးတော့ထူးဆန်းသည်။

"မိုးများရွာဦးမှာလား..."

မအိမ်ကံက ကောင်းကင်ကိုကြည့်ရင်း တွေးနေမိသည်။ မိုးရွာတော့မှာဆိုလျှင်တော့ ဆီးပင်အောက်က နွားစားကျင်းမှာ ရှိနေကြသည့် နွားတွေကို ပဲမှော်တိုက်အောက် နွားထားရာဖို့မြေကုန်းကို ရွှေ့ရမည်။ ရွာတော့ မရွာသေး။ လေက စောစောကထက် ပိုသုန်လာခဲ့ပါ၏။ မအိမ်ကံ ထလိုက်ဖို့ပြင်သည်။ သို့သော် တကယ်တမ်း မထဖြစ်။ ထန်းကုလားထိုင်က မထနိုင်အောင် ဆုပ်ဆွဲထားသလို ဖြစ်နေခဲ့သည်။ အဖေ ဦးသာထန်က သည်ကုလားထိုင်မှာ တစ်သက်လုံး ထိုင်သွားခဲ့သည်။ အဖေက ရွာတွေကို လျှောက်သွားနေတာမျိုး မရှိခဲ့လျှင် သည်ကုလားထိုင်မှာ ထိုင်နေကျ။ ဓိနတ္တပကာသနီကျမ်းစာအုပ်ကို ပါးစပ်တလှုပ်လှုပ် ဖတ်နေကျပင်။ လေက မြွေအော်သံလို တရှီရှီ မြည်လျက်ရှိ၏။ ကောင်းကင်မှာ တိမ်ခဲတွေ တရိပ်ရိပ်။ ကောင်းကင် အနီရောင်က တိမ်ပုပ်နှင့်ရောကာ ရွံ့နှစ်ရောင် ပြေးနေသည်။

ထိုတခဏ...။

အိမ့်တောင်ဘက် ပဲစင်းငုံခင်းဆီက တရွရွလျှောက်လာသော အရိပ်ကြီးတစ်ရိပ်ကို မအိမ်ကံ ဝိုးဝိုးဝါးဝါး မြင်လိုက်ရသည်။ လျှောက်လာသည်ဆိုသော်လည်း ဝေးပါသေးသည်။ ဘာများပါလိမ့်။ ပဲစင်းငုံခင်းက ပဲစင်းငုံပင်တွေ မရှိတော့သဖြင့် ကွက်လပ်ကျယ်ကြီးလို ဟင်းလင်းကြီးဖြစ်၏။ ကြားမှာ သရက်ပင် သုံး,လေးပင်ရှိသဖြင့် မှောင်ရိပ်ကျနေသည်။

မအိမ်ကံက ထူးဆန်းသောမြင်ကွင်းကို တွေတွေကြီးကြည့်နေခဲ့သည်။ ဘာများပါလိမ့်။ မြင်ရသလောက် ကျွဲပေါက်တစ်ကောင်လောက်ရှိသော သတ္တဝါတစ်ကောင် လျှောက်လာနေခြင်းဖြစ်သည်။ မကြာခင်မှာပင် ထိုပုံရိပ်သည် သရက်ပင်အုပ်ကလေးတွေကြားက အမှောင်ရိပ်ထဲကို ရောက်လာတာ ထန်းကုလားထိုင်မှာထိုင်ရင်းကပဲ မအိမ်ကံ မြင်နေရသည်။ နွားတစ်ကောင်ကောင် လွတ်နေတာများလား။ ဆီးပင်တွေအောက်က နွားစားကျင်းကို လှမ်းကြည့်လို့ မရနိုင်။ အိမ်မကြီး ကွယ်နေသည်။ ကောင်းကင်ဆီက လျှပ်စီးမျှင်ကွေးကွေးတစ်ချက် လက်ခနဲ ပြက်လိုက်တာကိုပင် မြင်လိုက်ရပါ၏။ မိုးချုန်းသံတော့ လိုက်မလာပါ။ တိမ်ခွပ်တယ်ဆိုတာများလား။

နောက်ထပ် စက္ကန့်ပိုင်းလောက်မှာတော့ တရွရွလျှောက်လာနေသည့် သတ္တဝါကြီးက သရက်ပင်ရိပ်က လွတ်သည့်နေရာကို ရောက်လာခဲ့ပြီ။ အိမ်မကြီးနှင့် ပဲမှော်တိုက်ကြားမှာ အိမ်သားတစ်ယောက် သို့မဟုတ် လူတစ်ယောက် ထိုင်နေတာကို မသိသလို အေးအေးဆေးဆေး လျှောက်လာနေသည့်သတ္တဝါ။ မအိမ်ကံက အသံမထွက်ဘဲ အသာငြိမ်နေလိုက်သည်။ အသက်

www.burmeseclassic.com

www.burmeseclassic.com

ပင် မရှုမိ။ သည်အချိန်ကျမှတော့ "ကျေးဥရေ... ဖိုးကူးရေ" ခေါ်လို့မဖြစ်နိုင်တော့ပြီ။ ကြက်သီးတွေ တဖျန်းဖျန်းထနေသည့်ကြားကပင် တောင့်တောင့်ကြီးထိုင်နေခဲ့ခြင်းဖြစ်၏။

"အလို... ဘုရား... ဘုရား... စိန်ပွင့်..."

စိန်ပွင့်...။ မအိမ်ကံတို့အိမ်ကြီးမှာ နှစ်ပေါင်းများစွာ အသုံးတော်ခံခဲ့သော အဖေ့မြင်းကြီး စိန်ပွင့်မှန်း မအိမ်ကံ ချက်ချင်းသိလိုက်သည်။ သည်မြင်းကြီးနှင့် အဖေ ရွာတကာလျှောက်သွားနေကျမဟုတ်လား။ အဖေက သူ့မြင်းကြီးကို အင်မတန်ချစ်ခင်ရှာသည်။ ကောင်းကျွေး၊ ကောင်းကောင်းမွေးကာ ယုယုယယရှိရှာခဲ့သည်။ စိန်ပွင့်က လူစကား နားလည်တယ် သမီးရဲ့လို့ မကြာခဏ ပြောတတ်သည်။ သို့သော် မြင်းသခင် အဖေဦးသာထန်ရော စိန်ပွင့်ပါ ဘဝခြားခဲ့ကြတာ ကြာပြီပဲ။ အဖေဆုံးတာ ကြာခဲ့ပြီ။ မြင်းကြီးစိန်ပွင့်သေတာ ကြာခဲ့ပြီ။ အခုတော့ မြင်းကြီးစိန်ပွင့်က မအိမ်ကံရှေ့မှာ တရွရွလျှောက်နေသည်။ မြင်းခွာသံက မကြားရသလောက် ညင်သာလှ၏။ မအိမ်ကံရှေ့တည့်တည့်ရောက်သော်လည်း ဘေးဘီကို မကြည့်ဘဲ အိမ်ဝိုင်းတစ်နေရာကို လျှောက်နေခြင်းဖြစ်၏။ သည်လိုပဲ သွားနေကျလား။ လူလိုပြောရလျှင် မြင်းကြီးစိန်ပွင့်က မကျွတ်မလွတ်သေးတာလား။ မအိမ်ကံ ဉာဏ်မမီနိုင်သဖြင့် မစဉ်းစားတတ်သော်လည်း လောလောလတ်လတ် သူ့ရှေ့က ဖြတ်သွားတာကတော့ စိန်ပွင့်မှ စိန်ပွင့်အစစ်ဖြစ်၏။ မအိမ်ကံ တုန်လှုပ်သွားခဲ့သည်။ လူလူချင်း ခေါ်ဆွဲထွက်ရမှာ မကြောက်ခဲ့သော မအိမ်ကံ အဖို့ရာ ထူးဆန်းလှသော မြင်ကွင်းကြောင့် ကျောက်ဖိခြင်းခံရသော ငါးစိုတစ်ကောင်လို ပိထပ်သွားခဲ့ရသည်။

ထိုခဏမှာပင် ဆပ်သွားဖူးရုံကြီးဆီမှ ကြီးမားလှသော ငှက်မည်းကြီးတစ်ကောင်ထွက်လာခဲ့ခြင်းဖြစ်၏။ ကောင်းကင်ရောင် နောက်ခံဖြင့် ငှက်မည်းကြီးကို မြင်နေရသော်လည်း ထင်းထင်းကြီး မြင်ရတာမျိုးတော့ မဟုတ်။ ငှက်ကြီးက ဆပ်သွားဖူးရုံထဲက ထွက်လာတာတော့ သေချာသည်။ သမီးငယ် ခိုင်ကပင် မြင်ဖူးသည်ဟု ပြောခဲ့ဖူးသည်။ အခုတော့ မအိမ်ကံကိုယ်တိုင် မြင်ရပြီ။ ငှက်ကြီးက မြင်းကြီးစိန်ပွင့်ကို မြင်လိုက်လို့ ထွက်လာတာလား။ တိုက်ဆိုင်တာလားတော့ မသိ။ ဂူးခနဲ ပျံသန်းလာရာက ပဲမှော်တိုက် ခေါင်ပေါ်မှာ နားလိုက်သလို ခံစားရသဖြင့် လည်ပြန်မော့ကြည့်မိပြန်သည်။

ငှက်တစ်ကောင်...။ ပဲမှော်တိုက် ခေါင်ချုပ် ဝါးကပ်နှုတ်ခမ်းတန်းတွင် မားမားကြီး နားလျက်ရှိ၏။ မြင်းကြီးစိန်ပွင့်က အိမ်ဝိုင်းတစ်နေရာမှာ ရှိနေလိမ့်မည်။ ငှက်ကြီးက မလှုပ်မယှက် နားလျက်။ ဘာသဘောများပါလိမ့်။

"ဂီး..."

တစ်ချက်တည်းထိုးလိုက်သော ငှက်အော်သံကြီးက ဓောင်ချမ်းကုန်းတစ်ရွာလုံးပင် ခါသွားလောက်သည်။ အာခေါင်ကို ခြစ်အော်လိုက်သံက တော်ရုံလူမဟာ အသက်ထွက်သွားနိုင်သည်အထိ ကျက်သရေမဲ့လှသည်။ သည်ညမှာတော့ မအိမ်ကံ ရင်တုန်စရာတွေချည်း မြင်နေရသည်။ ကြောက်မက်ဖွယ်ရာ ထူးဆန်းသောအဖြစ်နှင့် ကြုံခဲ့ရသည်။ ဒါတွေ မြင်လိုက်ရတော့ သမီးအော်တိုစာအုပ်ထဲက လွမ်းရသည်ဆိုသည့်စကားက ဘာမှမဟုတ်တော့သလို သေးငယ်သွားခဲ့သည်။ ထန်းကုလားထိုင် လက်တန်းနှစ်ဖက်ကို အားပြုကာ မအိမ်ကံ ထလိုက်ဖို့ပြင်သည်။



မြင်းကြီးစိန်ပွင့် တစ်ပတ်လှည့်လာနိုင်သည်။ ငှက်မည်းကြီးက မအိမ်ကံမျက်နှာကို ထိုးသုတ်ကုတ်ခြစ်ပစ်လိုက်နိုင်သည်။ သည်တစ်ခါမှာတော့ ကျေးဥကို အသံကုန် ဟစ်ခေါ်လိုက်နိုင်ပါ၏။

ကျေးဥ အိပ်ပျော်နေပြီလား။ ဖိုးကူးရော...။ ဖိုးကူးကို ခေါ်ဖို့ အားယူလိုက်စဉ်မှာ ငှက်မည်းကြီးက ဆပ်သွားဖူးရုံကြီးဘက်ကို တန်းတန်းကြီး ထိုးစိုက်ဝင်သွားတာ မြင်လိုက်ရသည်။ ဆပ်သွားဖူးပင်က ရုံကြီး ကြီးလှသည်။ သည်ဆပ်သွားဖူးရုံကြီးကို အဖေစိုက်ခဲ့တာလား၊ အမေစိုက်ခဲ့တာလား။ မအိမ်ကံမွေးတော့ တောကြီးထလှပြီ။ အပွင့်တွေ မြဲနေရာက မအိမ်ကံမွေးသည့်ရက်မှာပဲ ကောက်ကာငင်ကာ အပွင့်တွေ ပြလာခဲ့သည်ဆိုတာကိုလည်း မအိမ်ကံ မှတ်မှတ်သားသား ရှိပါ၏။ ငှက်ကြီးက သည်အပင်ကြားထဲမှာ ပုန်းခိုနေတာ သေချာပြီ။ နတ်ကတော်အမေကြီးသုန် အပြောရှိခဲ့သော ငှက်နက်ဆိုတာ သည်ငှက်ကြီးပဲဖြစ်လိမ့်မည်။ သည်ငှက်က ဘယ်ကငှက်ပါလိမ့်။ ဘာကြောင့် မအိမ်ကံတို့ ဝိုင်းတိုက်ထဲမှာ အောင်းနေရတာလဲ။ မအိမ်ကံဘဝမှာ သည်ငှက်ကို အကြိမ်ပေါင်းများစွာ မြင်ဖူးခဲ့သည်။ မြင်ရတိုင်းလည်း စိတ်ကသိကအောက်ဖြစ်ရသည်ချည်းပင်။ အတိတ်ငှက် နိမိတ်ငှက်လို့ပင် ထင်ခဲ့ဖူးပါ၏။ သည်ငှက်ကြီး ပေါ်လာတိုင်း ထူးခြားသောအဖြစ်တွေ ဖြစ်ပျက်ခဲ့တာကို မအိမ်ကံ သတိရသည်။ သည်ငှက်ကြီးအကြောင်း အဖေကလည်း မပြောဖူးခဲ့။ အမေကလည်း မပြောဖူးခဲ့။ မလှအုံကပင် အမှတ်တရ ပြောခဲ့တာမျိုး မရှိ။ ကိုပြေသိမ်းကတော့ တွေ့ခဲ့ဖူးသည်ဆို၏။ သမီးငယ် ခိုင်က မြင်ခဲ့ဖူးသည်ဆို၏။ မကြာခဏ တွေ့သူက မအိမ်ကံဖြစ်နေတာကလည်း ထူးဆန်းလှသည်။

မအိမ်ကံ ကုလားထိုင်က ကျုံးထရန် အားယူလိုက်စဉ်မှာပင် ဝေးလံသောအရပ်ဆီက လူစကားပြောသံတွေ ကြားလိုက်ရသည်။

"မအိမ်ကံ... မအိမ်ကံ..."

"မမကံ... မမကံ..."

မအိမ်ကံ မျက်လုံးတွေ ဖွင့်ကြည့်လိုက်သည်။ လူရိပ်မည်းမည်း အရိပ်နှစ်ရိပ် မအိမ်ကံကို ငုံ့ကြည့်နေကြသည်။ မအိမ်ကံ ပထမဆုံး သတိထားလိုက်မိတာက မျက်လုံးတွေ ပူနေခြင်းဖြစ်၏။ အဖျားသွေးရှိသူတစ်ယောက် လေမိသလို ချမ်းစိမ့်စိမ့် ခံစားနေရသည်။

"မအိမ်ကံ..."

"ကျေးဥ..."

"ထတော့... ညည်း ကယောင်ကတမ်းတွေပြောနေလို့ ငါလာထူသာ... မရသာနဲ့ ဖိုးကူးပြေးနှိုးရသယ်... ငါ ထင်တော့ထင်သား... တစ်ရေးနိုးတော့ မအိမ်ကံများ အပြင်ဘက်ရှိသေးသလား ထင်မိသာနဲ့ လာကြည့်သာ... ညည်းစကားတွေလျှောက်ပြောနေသယ်... နဖူးစမ်းကြည့်တော့ ခြစ်ခြစ်တောက်လို့... လာ... ထ... အိမ်ထဲဝင်ရအောင်"

"ကျေးဥ... စိန်ပွင့်ကို ငါတွေ့သယ်... အဖေ့မြင်းကြီးလေ... စိန်ပွင့်လေ... ငါ့မျက်စိနဲ့မြင်သာ..."

"မဟုတ်သာပဲအေ... ညည်းအိပ်ပျော်ရာက မြင်မိမြင်ရာ မြင်သာနေမှာပါ"

"ငါ့မျက်စိနဲ့ မြင်သာပါဆိုနေမှအေ... နောက်ပြီး... ငှက်မည်းကြီး..."

"ကိုင်းပါ... ထတော့... အိပ်ရာထဲဝင်ရအောင်... မအိမ်ကံ ညည်း ဖျားနေပြီ..."

www.burmeseclassic.com

www.burmeseclassic.com

မအိမ်ကံကို အိပ်ရာထဲပို့ပြီးချိန်မှာတော့ အဖျားတွေ ရှိန်ရှိန်တက်လာခဲ့ပြီ။ လူမှန်းသူမှန်း မသိအောင် ကယောင်ကတမ်းဖြစ်လာခဲ့သည်။ နှုတ်က အသံတွေ ရေရွတ်နေမိတာကို သိသော်လည်း ဘာပြောလို့ပြောမိမှန်းတော့ မအိမ်ကံကိုယ်တိုင်ပင် မသိခဲ့။ ကျေးဥက အိမ်မှာရှိနေသည့် ငန်းဆေးတစ်ခွက် ဝင်အောင်တိုက်သည်။ ဖျင်ကြမ်းစောင်ထူထူခြုံပေးကာ ခြေထောက်တွေကို ဆုပ်နယ်ပေးခဲ့သည်။ သည့်နောက်မှာတော့ ငန်းဆေးအရှိန်ကြောင့် မအိမ်ကံ ငြိမ်သက်သွားခဲ့လေသည်။

■

သည်တစ်ခေါက် သမီးကြီးမြိုင် မြင်းခြံကိုပြန်တော့ မအိမ်ကံနှင့် ကျေးဥတို့ကပဲ လိုက်ပို့ကြသည်။ မအိမ်ကံစိတ်ထဲမှာ ဘာမှမထားတော့။ သမီးကလည်း သူ့ဘက်က ဖြောင့်မတ်ခြင်းကို ယုံကြည်စွာဖြင့် နေရိုးနေစဉ် နေခဲ့သလို၊ မအိမ်ကံကလည်း သူ့ဆန္ဒတွေကို ချိုးနှိမ်ထားနိုင်ခဲ့သည်။ သမီး စိတ်ဆင်းရဲမှန်း သိသဖြင့်လည်း သက်ဦးဝေကိစ္စကို နှုတ်က မဟတော့ဘဲ မသိကျိုးကျွံ နေခဲ့ခြင်းဖြစ်သည်။ မအိမ်ကံ ဖျားစဉ်က သမီးမြိုင်ကပဲ ပြုစုခဲ့သည်။ ခိုင်ကလေးကလည်း မအေ့နားက မခွာ။ ကျေးဥမျှာ အိမ့်ဗာဟီရတွေကြားမှာ ခေါင်းမဖော်နိုင်ရှာ။ ယာထဲ အခင်းထဲ အလုပ်ဆင်းကြသည့် ကိုဖိုးငွေတို့သားအဖ မြေးအဘိုးတစ်တွေကို ထမင်းပို့ဖို့၊ ရက်ကန်းစင်ကို စောင့်ကြည့်ဖို့ကအစ ချက်ရေးပြုတ်ရေးတွေမှာ အေးငြိမ်နှင့်အတူ ဒလက်လည်အောင် လုပ်နေရရှာသည်။ ဆေးတိုက်တော့လည်း မြိုင်၊ မအေကို ခြေဆုပ်လက်နယ်ပြုတော့လည်း မြိုင်။ မအေနှင့်သမီး စကားတွေ ပြောခဲ့ကြသည်။ မအိမ်ကံက သူဖြစ်စေချင်တာတွေကို စောင်းပါးရိပ်ခြည် ပြောပြခဲ့သည်။ မအေပြောတော့လည်း မြိုင်က နားထောင်ရှာပါ၏။

"အမေတို့ အမေကြီးပန်းရုံတို့ လှူခဲ့သဲ့ကျောင်းကြီး မီးလောင်သွားတုန်းကများ အမေ့ဆိုသာ ရင်ကျိုးခဲ့ရသယ်...လူလူချင်းထားသဲ့ အာဃာတများ ကြောက်စရာကောင်းချက်တော့ သမီးရယ်...နှစ်ပေါင်းများစွာ ကျွဲများ နွားများ စားကျက်ကွင်းထဲ လံသလိုလံထားရာက အခွင့်သာတော့မှ လက်စားချေကြသာ...အမေ့ကို သေအောင် အမျိုးမျိုးကြံစည်ခဲ့ကြသယ်...အမေတို့ဝိုင်းတိုက်ထဲမှာ အစိမ်းတိုက် တိုက်ခဲ့ကြသယ်...အမေကတော့ ကံမြင့်နေတုန်း ဘာမှမဖြစ်ခဲ့ဖူးပေါ့ကွယ်...ဒါပေသိ အမေ ရင်နာလှသယ်...လက်စားချေသာကို အမေ မကြိုက်ပေမယ့် သင်းတို့ကို သည်တစ်သက် နိုင်ရမှ အမေ အသေဖြောင့်လိမ့်မယ်..."

"ဘယ်သူတွေက ဘာတွေလုပ်ခဲ့ကြလို့လဲအမေ...သမီးမသိရပါလား...အမေက တစ်ရွာလုံးအပေါ် စိတ်ကောင်း စေတနာကောင်း သည်လောက်ထားနေသဲ့ဟာကို..."

"ကျောင်းတော်က ရန်စပေါ့အေ...ဒါကြောင့်ပြောသာ အမေ့ဘဝမှာ တစ်ချက်ကလေး လမ်းလွဲခဲ့ရခြင်းဟာ တစ်သက် စိတ်မချမ်းသာစရာတွေ ဖြစ်ခဲ့ရသယ်...ရွာထဲက ဦးသာအောင်ကို သမီးသိသယ်မှတ်လား...မှုံနံ့သာတို့အဖေလေ...အဲသည် သာအောင်နဲ့အမေနဲ့ လူမသိ သူမသိ ကွင်းထဲက အခင်းစောင့်တဲကလေးထဲမှာ နှစ်ယောက်ချင်း တွေ့မိခဲ့ကြသာက စသာပါပဲ..."



"ဦးသာအောင်က အမေ့ငယ်ရည်းစားလား..."

မအိမ်မြိုင်က မအေကို မျက်တောင်မခတ်စတမ်း ကြည့်နေခဲ့သည်။ မအိမ်ကံက ချက်ချင်းပြန်မဖြေ။ မျက်လုံးတွေကိုသာ မှိတ်ထားခဲ့သည်။ ပိတ်ထားသော မျက်လုံးတွေထဲက မျက်ရည်တွေ သွန်ကျလာခဲ့ပါ၏။ မအိမ်မြိုင်က ဘာမှမမေးဘဲ မိခင်ကိုသာ ကြည့်နေခဲ့သည်။ အမေ ပိန်သွားတာကို သတိထားမိတာ ကြာပြီ။ မျက်ရစ်တွေက မိုးရေမဝသော လယ်ကွင်းတွေလို အကွက်အရေးအကြောင်းတွေ ထနေခဲ့လေပြီ။ ညိုရောင်လုလု မျက်လုံးအိမ်တွေက အသက်လေးဆယ်ကျော်နှင့်မလိုက်အောင် အိတွဲချင်ကြပြီ။ တစ်ခါက သတင်းကြီးခဲ့သော အမေ့အလှက အခုတော့ အမေ့ဆီက ခွာစပြုနေလေပြီ။ ဒါပေမဲ့ အမေ လှဆဲပင်။ အသားအရေက ဝင်းစက်နေဆဲပင်။ အမေ့မာနတွေက အခိုးအလျှံတွေ ထွက်နေသလား ထင်ရအောင် ပြင်းပြလွန်းလှသည်။ မာနဆိုပေသိ တလွဲမာနတော့မဟုတ်။ လောကဓံကို ရဲရဲရင်ဆိုင်ဝံ့သော၊ ခံဝံ့သော မိန်းမသားတစ်ယောက်၏ အားမာန်မာနမျိုးသာဖြစ်သည်။ မအိမ်ကံက မျက်လုံးတွေကိုဖွင့်ကာ သမီးကိုကြည့်သည်။ ပြောသင့်တာလောက်တော့ သမီးကြီးကို ပြောရမည်။

"*'အမေလေး x x သူ့စိတ်ဆိုးလို့ ရစ်ရိုးနဲ့ ရိုက်လို့လေ x x ကျေစိစိကြေ x x ပျို့တို့မောင်လာကာမှ ဒဏ်ရာကို လှန်ကာပြလို့ရယ် x x ငိုပါ့မယ်လေး x x '* တဲ့...အမေတို့ငယ်ငယ်က ဆိုခဲ့ကြသဲ့သီချင်းပေါ့အေ...မကောင်းမှုဆိုသာ ဆိတ်ကွယ်ရာ မရှိဘူး...သို့ပေသိ အမေ မကောင်းမှုလုပ်ခဲ့သာ မဟုတ်ဘူး...သည်ကနေ့ သည်အချိန်အထိ အမေ့မေတ္တာ အမေ့သစ္စာတရားဟာ သမီးတို့အဖေ တစ်ဦးတည်းအပေါ်မှာပဲ မယိုင်မလဲ ရှိနေခဲ့တာပါ...အဲသည်တုန်းက သမီးတို့ဘကြီးမြတ်သာက အင်္ဂလိပ်ကို တော်လှန်ရေးလုပ်နေသဲ့ကာလပေါ့...တော်လှန်ရေးအတွက် လိုအပ်သဲ့ရန်ပုံငွေကို ဘကြီးမြတ်သာက အမေ့ဆီ သာအောင်ကတစ်ဆင့် တောင်းခံခဲ့သယ်...အမေက အမေပိုင်သဲ့ ရွှေလက်ကောက်တွေကို သာအောင်ကတစ်ဆင့် လှူခဲ့သယ်...ဘကြီးမြတ်သာက လူမသိစေနဲ့ဆိုလို့ လျှို့ဝှက်ပြီး ပေးခဲ့ရသာ...အမေက အကြောက်လွန်ပြီး ကျေးဥနဲ့အတူ ကွင်းထဲက တဲပျက်ထဲမှာ ချိန်းတွေ့ပြီး ပေးခဲ့ရသာပေါ့...ဖြစ်ချင်တော့...သာအောင်က အမေ့ကို ကြိုက်နေလေတော့...အမေ ထုပ်ပေးလိုက်သဲ့ ရွှေထုပ်က လက်ကိုင်ပဝါကို သာအောင်က ယူထားလိုက်သယ်...ဒါကို သူ့အမေ ကြီးတော်စံရွှေ တွေ့သွားရာက အမေ့ကို သူ့သားနဲ့ မတူပါဘူး မတန်ပါဘူးနဲ့ လက်ညှိုးငေါက်ငေါက်ထိုးခဲ့သယ်...သည်တုန်းက အမေ ရှက်လိုက်ရပုံများ..."

"သြော်...အမေရယ်...အမေကြီးစံရွှေက အမေ့လက်ကိုင်ပဝါမှန်း သိလို့လား..."

"အမေက လက်ကိုင်ပဝါမှာ အမြဲတမ်း အမေ့နာမည်ကို ပန်းချည်နဲ့ ထိုးလေ့ရှိသယ်...တချို့အမှားတွေဟာ ကျေပျက်မသွားတတ်ဘူးသမီး...အမှားရဲ့နောက်မှာ မီးပွားတွေ ပါလာတတ်သယ်...အဲသည်က စလောင်လိုက်သဲ့မီး...ကြီးတော်စံရွှေ ဆုံးကာနီးအထိပါပဲ...အမေ ဆောက်သဲ့ကျောင်းကို မီးရှို့ပြီး လက်စားချေသွားလိုက်သေးသယ်..."

"အမေ့မှာ အပြစ်မရှိဘဲ ရှုံးခဲ့ရသာပေါ့...နော် အမေ..."

"အရှုံးဆိုသာ အပြစ်ရှိမှ ရှုံးသာမဟုတ်ဘူးသမီး...အပြစ်မရှိဘဲနဲ့လည်း ရှုံးသာရှိသယ်...မိန်းကလေးဆိုသာ သတိကြီးကြီးထားရသယ်...မီးပွားဆိုသာ အရှိုက်တောင်း

www.burmeseclassic.com

www.burmeseclassic.com


ကိုလည်း လောင်နိုင်သယ်…ရွှေနန်းတော်ကြီးကိုလည်း လောင်နိုင်သယ်…"

မအိမ်ကံ ဖြစ်ခဲ့သမျှ သမီးကို ပြောပြဖြစ်ခဲ့ပါ၏။ မအိမ်မြိုင်က မအေ့စကားကို မျက်လုံးကလေးပြူးနေအောင် နားထောင်နေခဲ့သည်။ ကြီးတော်စံရွှေက မမစိမ်းမြတို့ဝိုင်းထဲ လိုက်လာပုံ၊ ရန်တွေ့ပုံ၊ အော်ကြီးဟစ်ကျယ် အော်ခဲ့ပုံတွေကို ပြောပြတော့ မအိမ်မြိုင် မျက်ရည်တွေ ဝိုင်းနေခဲ့သည်။

"ငါ့သားက ကွမ်းတောင်ကိုင်နဲ့ယူမှာအေ့သဲ့…ညည်းရုပ်က ပပဝတီလောက်ချောသယ် ပဲပြောပြော နဂါးဘုံ ဂဠုန်မကူးနိုင်သလိုပဲသဲ့…ညည်း သည့်တစ်သက် ကွမ်းတောင်ကိုင် မဖြစ်ဖူးသဲ့…ညည်းမိဘက ငယ်လင်ငယ်မယား မဟုတ်လို့ ညည်းဖြစ်စရာလည်း အကြောင်းမရှိဘူးသဲ့…ငါ့သားနဲ့များ ဝေးပါသေးရဲ့အေသဲ့လေ…အဲသည်အချိန်တုန်းက အမေ့လက်ထဲ ဓားမတစ်ချောင်း ရှိနေခဲ့သယ်…အမေ ခုတ်ဝံ့သဲ့သတ္တိ ရှိပေမယ့် မခုတ်လိုက်ရဘူး…"

"ရှာက သည်ကိစ္စ သိကြသလားအမေ…"

"မသိဘဲရှိပ့ါမလား သမီးရယ်…အော်ကြီးဟစ်ကျယ် တမင်လုပ်သဲ့ကိစ္စပဲဟာ…သည်ပွဲမှာ အမေ နှစ်ခါရှုံးရသယ်…အမေဟာ ဗိုင်းကောင်းကျောက်ဖိ နေခဲ့သဲ့ကြားက ဂုဏ်သိက္ခာ ကျခဲ့ရသယ်…နောက်တစ်ချက်က အမေမျှော်လင့်ခဲ့သဲ့ ကွမ်းတောင်ကိုင် ဖြစ်ခွင့် မရတော့ဘူးဆိုသာ သိလိုက်ရသာပါပဲ…မြားတစ်ချောင်းတည်းနဲ့ ငှက်နှစ်ကောင် ပစ်လိုက်သာပေါ့အေ…အဲသည်ကတည်းက ကြီးတော်စံရွှေကို အမေ အနာကြီးနာကျည်းခဲ့သယ်"

ကြီးတော်စံရွှေကိုယ်တိုင် နောက်ပိုင်းမှာ ကန်တော့ပွဲရွက်ပြီး လာတောင်းပန်ခဲ့တာကိုလည်း မအိမ်ကံ ပြောပြခဲ့သည်။ မအိမ်ကံရင်ထဲမှာ သည်စကားတွေ ပြောရတာ မမောနိုင်ဘဲ ရှိခဲ့ရပါ၏။ သမီးနှင့် မအေ စကားရောက်တုန်းရောက်သခိုက် တမင်ပြောစရာမလိုဘဲ အကွက်ဆိုက်လာခဲ့တာကိုလည်း မအိမ်ကံ ဝမ်းသာနေခဲ့သည်။ သည်စကားတွေကို တမင်ထည့်ပေးနေမိခြင်းသည်ပင် မှားလေရော့သလား။ အို…မမှားဘူး။ မအေ့စိတ် အခဲမကျေမှုကို သမီးသိကိုယ်သိရမှာပေါ့။ အမေ့ခံစားမှုဟာ သမီးအတွက်လည်း စိတ်အမွေဖြစ်ရမှာပေါ့။

ကြီးတော်စံရွှေက သူ့တူကို အဝေးရှာကခေါ်ကာ ကျောင်းမီးရှို့ခဲ့ပုံ၊ အိမ်ဝိုင်းအတွင်း ကြီးတော်စံရွှေသားနှင့် ချွေးမက အစိမ်းတိုက်ခဲ့ကြပုံတွေပါ ပြောပြခဲ့သည်။ သည်က စကားစလိုက်တာ ရွှေမှုံတို့ မှုံနံ့သာတို့အထိ ရောက်လာခဲ့သည်။ အမေ ရင်နှင့်အမျှ ဖြစ်ချင်ခဲ့သော ကွမ်းတောင်ကိုင်ဘဝ မဖြစ်ခဲ့ရသည့်အခါ သမီးကို ဖြစ်စေချင်ကြောင်း၊ သမီး ကွမ်းတောင်ကိုင်ရပြီဆိုလျှင် အမေ့ရှိခဲ့သမျှ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းတွေ ပြေပျောက်နိုင်မှာဖြစ်ကြောင်း၊ ရုပ်ချော ပညာတတ်သမီးအဖို့ရာ ကွမ်းတောင်ကိုင်ဆိုသော ရှာ့ဂုဏ်ကို ဆောင်နိုင်ပြီဆိုလျှင် မြကို ရွှေနှင့်ကွပ်သည့် လည်ဆွဲပမာ ကျက်သရေရှိမှာဖြစ်ကြောင်းတွေပါ စိတ်လိုလက်ရ ပြောပြခဲ့သည်။ အဖျားသွေးက မကျချင်သေးသော်လည်း စကားတွေ တစ်ဝကြီး ပြောလိုက်ရတော့ ချွေးကလေး စို့လာသည်။ နောက်ဆုံးတော့လည်း ပြောချင်ခဲ့သည့်စကားကို ပြောဖြစ်အောင် ပြောလိုက်ရပါ၏။




"သမီးကို အမေစိုးရိမ်သာ သမီးနားလည်ပါအေ…အမေက ညည်းအဖေမရှိသာလည်း မပူဘူး…ဥစ္စာစည်းစိမ် ခြောက်ခန်းမှာလည်း မပူဘူး…အမေ ပဲနှတ်စားနိုင်သယ်…မောင်းထောင်းစားနိုင်သယ်…ရက်ကန်းခတ်စားနိုင်သယ်…တောသူတောင်သား ဆိုမှတော့ ကျောအရေပြားလန်အောင် ပူသဲ့အပူလည်း မကြောက်ပါဘူး သမီးရယ်…ဘဝက ကံပါလာလို့ အမေ ပြည့်ပြည့်စုံစုံ နေခဲ့ရသယ်…ရုပ်ရည်အဆင်း တင့်ခဲ့ရသယ်…လှူခဲ့ တန်းခဲ့သယ်…ပေးခဲ့ကမ်းခဲ့သယ်…ကျွေးခဲ့မွေးခဲ့သယ်…အမေပြုခဲ့သဲ့ ကုသိုလ်အဖို့ဟာ ညည်းအဖေနဲ့ ညည်းတို့အတွက်ပဲ…သမီးတို့ဆီက တစ်ဆုပ်တစ်ခဲ အမေ မမျှော်ဘူး…တစ်ခုပဲ…သမီးကို ရှာ့ကွမ်းတောင်ကိုင် ဖြစ်စေချင်သယ်…အမေ့ဘဝရဲ့ အကြီးမားဆုံး တောင့်တချက်ကြီးပဲ…အလှူတစ်ပွဲ တစ်ရက်တည်း ကိုင်ရ ကိုင်ရ ငါ့သမီး ကိုင်ပါ…အမေမြင်ချင်သယ်…အမေ့မှာရှိသမျှ အကျိတ်အခဲ ဒါနဲ့ပဲ ချေပါရစေအေ"

"ရှာက သမီးကို ကွမ်းတောင်ကိုင် ရွေးဦးမှကိုးအမေရဲ့…သမီးကိုရွေးရင် သမီး ကွမ်းတောင်ကိုင်ရဲ့ပေါ့အမေရယ်…"

မအိမ်ကံက ပြုံးသည်။ သမီးလက်တွေကို ဆုပ်ချေသည်။ လှလိုက်တဲ့သမီး။ ရွှေရေးမြတင် ရှိလိုက်တဲ့သမီး။ ဘဝေဘဝက ထူးခြားတဲ့ အခံဓာတ်ကြောင့် ရှုတိုင်းယဉ် ဆင်တိုင်းလှ မြင်သူတိုင်း တ,ရတဲ့သမီး။ ဘယ့်နှယ် ကွမ်းတောင်ကိုင်မဖြစ်ဘဲ ရှိပ့ါမလဲအေ…ညည်းနှယ်။ မေးမှမေးရက်ပလေ။ ဓောင်ချမ်းကုန်းမှာတောင်မကပါဘူး မြင်းခြံမြို့ကြီးတောင် တက်ပြိုင်လိုက်ချင်လှပါပကောအေ။ နှစ်ပါးမိဘစုံတယ်၊ ငယ်လင်ငယ်မယား ဖြစ်တယ်၊ ဥစ္စာရွှေငွေ ပြည့်စုံတယ်၊ အကျင့်စာရ ကောင်းတယ်၊ ရုပ်ရည်ရှိရမယ်ဆိုတဲ့ ငါးချက်မှာ ဘယ်အချက်များ လျော့လို့တုံး သမီးရဲ့။ ကြိုက်တဲ့ရာဇူနဲ့တိုက်စမ်းပါအေ…အလေးမကဲတော့ ပြောချင်တိုင်းပြော။ ကြိုက်တဲ့ ကိုက်တံ ယူခဲ့စမ်းပါအေ…တစ်တောင် တစ်မိုက် မပိုတော့ ပြောချင်တိုင်းပြော။ ကြိုက်တဲ့ တင်းတောင်း ယူခဲ့စမ်းပါအေ…စတုတ်တိုက်မချရတော့ ပြောချင်တိုင်းပြော။

"ငါ့သမီးပဲ ကိုင်ရမှာပေါ့…သည်တစ်ခါတော့ နတ်နေကိုင်းပါ ရောချိုင်ချင်လို့ မရနိုင်တော့ပါဘူး…မြေကြီး လက်နဲ့ပုတ်တာကမှ လွဲဦးမယ်…အမေ့သမီး မလွဲနိုင်တော့ပါဘူး…သမီးကလွဲလို့ ဘယ်သူ့ကိုမှလည်း အဖြစ်မခံနိုင်ပါဘူး…ကုန်ကုန်ပြောမယ် သမီးရယ်…တခြား ဘယ်သူပဲဖြစ်ဖြစ် အမေကျေနပ်မယ်ဆိုရင် ကျေနပ်နိုင်သေးသယ်…ရွှေမှုံသမီး မှုံနံ့သာ မဖြစ်စေရဘူး…အမေ နှစ်ခါအရှုံးမခံဘူး…"

မအိမ်ကံအသံတွေ တုန်လှိုက်နေသည်။ မအိမ်ကံက ပြောနေတာနှင့်မတူဘဲ နတ်ဝင်သည် မိန်းမတစ်ယောက်က နတ်စီးပြီး ပြောနေတာနှင့်ပင်တူသည်။ ကြားဖူးနေကျအသံမျိုး မဟုတ်။ အသံထဲမှာ လှိုင်းထနေခဲ့ပါ၏။ နက်ရှိုင်းသော ရေတွင်းထဲကို ကျောက်တုံးတစ်တုံး ကျသွားသလို အဆင့်ဆင့်ရိုက်ခတ်လာသော ပဲ့တင်သံမျိုးဖြစ်သည်။ သမီးဖြစ်သူကတော့ မအေ တက်ကြွလှုပ်ရှားနေသလောက် မတက်ကြွပဲ ရှိနေခဲ့သည်။ မအေတုန်ခါနေသလောက် မတုန်ခါပဲ ရှိနေခဲ့သည်။ အမေ ဘာဖြစ်လို့များ သည်ကွမ်းတောင်ကိုင်ကိစ္စကို အရေးတယူရှိနေရတာလဲ ဆိုတာ မအိမ်မြိုင်ကိုယ်တိုင် မသိ။ မအိမ်မြိုင် မှတ်မိသလောက် အကြောင်းရှိတိုင်း သည်စကားမျိုးကိုသာ တဖွဖွပြောနေခဲ့တာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က မြင်းခြံအလှူပွဲမှာ အမေ မအိမ်ကံက သမီးကို ကြီးရင် ကွမ်းတောင်ကိုင်ဖို့ ပြောခဲ့ဖူးတာကို မအိမ်မြိုင် မှတ်မိနေသည်။ မအိမ်မြိုင်က အမေမှ မကိုင်ရရင် သမီးလည်း မကိုင်ချင်ပါဘူးလို့ ကလေးပီပီ ရင်ထဲရှိတာပြောမိခြင်းကိုလည်း သတိရမိပါ၏။ အမေ့မျက်နှာ ကွက်ခနဲ ပျက်သွားခဲ့တာကိုလည်း မမေ့ပါ။ ကွမ်းတောင်ကိုင်ရတော့ ဘာဖြစ်သလဲ။ ကွမ်းတောင် မကိုင်ရတော့ ဘာဖြစ်သလဲ။ မအိမ်မြိုင့်အဖို့ရာ ဘာခံစားမှုမှမရှိ။ အထူးသဖြင့် မြို့ကျောင်းမှာ နေရပြီဆိုကတည်းက မြို့စိတ်ပဲရှိသည်။ မြို့ကျောင်းမှာ အတူနေရသည့် သူငယ်ချင်းမိန်းကလေး တွေကလည်း ရွာပြန်ပြီး ကွမ်းတောင် ကိုင်ရဦးမယ်လို့ ပြောကြတာ မကြားဖူးခဲ့။ သို့ပေသိ အမေဖြစ်စေချင်မှတော့ မငြင်းသာပါ။ အလှူရှိလို့ ကွမ်းတောင် လာကိုင်လှည့်ဆိုတော့လည်း ကိုင်လိုက်ရ၏။ သည်လိုစကားတွေ ကြားရပြန်တော့ သက်ဦးဝေနှင့်ပတ်သက်လို့ အမေစိတ်ဆင်းရဲ သွားတာကို မအိမ်မြိုင် သဘောပေါက်ခဲ့သည်။ အမေ့ကို ကြည့်ရတာ မသက်သာလိုက်တာ လောက်သာ တွေးရင်း မအိမ်မြိုင် မအေ့ဘေးမှာ ဝင်လှဲလိုက်သည်။

"သားအမိတွေ…ပြောလိုက်ကြသဲ့စကားတော်…ထမင်းစားကြရအောင်…မြိုင်ကြိုက်သဲ့ ဟင်းတွေ ကျေးကျေး ချက်ထားပါ့တော်…မအိမ်ကံရော စားမလား…"

မအိမ်ကံက ကျေးဥအသံကြောင့် မျက်လုံးတွေ ပြန်ဖွင့်သည်။ အတန်ငယ် မောပန်း သွားသလို ခံစားရသဖြင့် ထမင်းစားချင်စိတ်မရှိ။ ကျေးဥကို ငါးစိုကလေးများ ရွာထဲက ရှာရလျှင် ငါးကြော်တစ်ဖဲ့တစ်ရွဲ့ စားချင်ကြောင်းသာ ပြောလိုက်သည်။ မအိမ်မြိုင်ကတော့ ထ,ပြေးနှင့်ပြီ။ မြိုင်ဆင်းသွားတော့မှ ကျေးဥက မအိမ်ကံကို မေးသည်။

"မအိမ်ကံ…ကလေးကို ဘာတွေပြောနေသာလဲ…စကားတွေ ပြောလွန်းလိုက်သာ အေ…သည်လောက်ပြောရမယ့်ကလေးမဟုတ်ပေါင်အေ…မြို့ကို ပြန်ရတော့မယ့် ဟာ…စိတ်ချမ်းသာလက်ချမ်းသာ နေစမ်းပါစီ…"

"မပြောပါဘူးအေရယ်…ငါ့အဖြစ်တွေကို ပြောပြနေသာပါ…အင်းလေ…ဟုတ်ပါ ရဲ့…သမီးကိုတောင် ပို့ရမယ့်ရက် နီးလာပါပကော…"

သည်တစ်ခေါက် မြင်းခြံကို မအိမ်ကံနှင့် ကျေးဥတို့ သမီးပို့ ရောက်ခဲ့ကြသည်။ ကျေးဥက နေကောင်းကာစ မအိမ်ကံကို မလိုက်စေချင်။ မအိမ်ကံက လိုက်ချင်လွန်းသဖြင့် မတားသာပဲ ရှိခဲ့ရပါ၏။ သမီး မြို့ကိုမပြန်ခင် ပြောချင်တာတွေ ပြောလိုက်ရသဖြင့် ရင်ချောင် သွားခဲ့ရသည်။ သည်လိုနှင့် မောင်သက်မင်းတို့အိမ်မှာ နှစ်ရက်နေခဲ့သည်။ ကျောင်းမဖွင့်သေး သော်လည်း ဖွင့်ရက်နီးပြီ။ မြင်းခြံကိုရောက်တော့လည်း ကိုပြေသိမ်းကို လွမ်းမိရပါ၏။

"ကျွန်တော်က လူတွေကို လိုက်ပို့တာမဟုတ်ပါဘူးဗျာ…သနပ်ခါးတောင်ကလေးကို လိုက်ပို့တာပါ…တော်နေ မသူတော်လက် ပါမှာစိုးလို့ပါ…"

"မပါစေရပါဘူးရှင်…သနပ်ခါးလိမ်းမိတိုင်း မေတ္တာပို့သယ်မှတ်ပါ…"

ကိုပြေသိမ်းနှင့်တွေ့စ သနပ်ခါးတောင်ကလေး လိုက်ပေးရင်း အပျို လူပျိုပြောခဲ့သည့် စကားတွေကိုပါ သတိရမိပါ၏။ အခုထိလည်း သနပ်ခါးလိမ်းတိုင်း မေတ္တာပို့လျက်ပါ ကိုပြေသိမ်း ရယ်။ ကံမပေးလို့ ဝေးကြရပေမယ့် တောသူတွေရဲ့မေတ္တာဟာ ခန်းခြောက်ရိုးမရှိပါဘူး။ တော် အနေစိမ်းပေမယ့် ကျုပ် စိတ်မတိမ်းပါဘူးတော်။ ချစ်မြဲချစ်လျက် မျှော်မြဲမျှော်လျက်ပါ



လူစိမ်းကားကြီးရေ့…။ မအိမ်ကံ့ရင်ထဲ မချိတော့။ ဘယ်သူမှ မကြားနိုင်သည့်စကားတွေက ရင်ထဲမှာ စီကာစဉ်ကာ ရှိနေကြသော်လည်း မျက်နှာကတော့ တင်းမာနေခဲ့ပါ၏။ ကိုပြေသိမ်းကို သတိရမိတော့လည်း မြင်းခြံနှင့် ဖောင်ချမ်းကုန်း သွားချည်ပြန်ချည်ရက်တွေကို အောက်မေ့မိရ ပြန်သည်။

မြင်းခြံက ပြန်ကာနီးရက်တွင်ဖြစ်၏။ ကျေးဥနှင့် မအိမ်မြိုင် ဈေးဘက်လျှောက်ကြ သခိုက် မောင်သက်မင်းကို မအိမ်ကံ မရှင်းသည့်ကိစ္စ ထုတ်မေးဖြစ်ခဲ့သည်။ မအိမ်ကံ သမီးစာအုပ်တွေရှင်းရာက အော်တိုစာအုပ်တွေ့ခဲ့ပုံကအစ ရင်ထဲမှာ စနိုးစနောင့်ဖြစ်ရတာအဆုံး ပြောပြဖြစ်ပါ၏။ မောင်သက်မင်းဇနီးက တစ်လုံးတစ်ပါဒ ဝင်မပြောသော်လည်း မောင်သက်မင်း ကတော့ ဝေခွဲရခက်နေပုံမျိုးဖြင့် မယုတ်မလွန် ဖြေသည်။ မောင်သက်မင်းက မအိမ်ကံထက် ငယ်သဖြင့် မမကံ ခေါ်လေ့ရှိသည်။

"မြိုင်က ကျွန်တော့်တူမအရင်းပဲ မမကံ…အစ်ကိုသက်နှင်း မရှိတဲ့အခါ ကျွန်တော်က ဖခင်နေရာက စောင့်ရှောက်နေတာပါ…မိန်းကလေးသူငယ်ချင်း ယောကျာ်းလေး သူငယ်ချင်း ဆိုတာတွေတော့ မြို့မှာက ရှိကြတာပါပဲ…ကျောင်းအတူသွား ထမင်း အတူစားလည်း ရှိကြတယ်…ဒါက မဆန်းဘူး…ဒါပေမဲ့ သက်ဦးဝေဆိုတဲ့ကောင်လေး နဲ့တော့ အသွားအလာများတယ်…ကောင်လေးက လူကောင်း မျိုးရိုးကောင်းပါ… မမကံသိမှာပေါ့…ပွဲစားကြီးကတော်ရဲ့တူ ကိုဝေဠုရဲ့သားလေ…"

"ဩော်…ကိုဝေဠုသားလား…ဒါဆိုရင်တော့ မမှားတန်ကောင်းဘူး တွက်ရမှာပေါ့ မောင်သက္ခမင်းရယ်…မမကံက အရွယ်မတိုင်ခင် မဖြစ်သင့်သာဖြစ်မှာစိုးသာပါ… သစ်သီးများ နေလောင်မှည့်ရသာမျိုး မဖြစ်စေချင်ဘူး…မောင်သက်မင်းတို့ကို မယုံလို့ မဟုတ်ရပါဘူးကွယ်…ခေတ်ကာလက အရွယ်ကလေးရလာသာနဲ့ စိတ်ကစားကြရာ က မှားတတ်ကြလို့ စိုးရိမ်သာပါ…"

"ခက်တာက ကျွန်တော်တို့ကလည်း အလုပ်တစ်ဖက်နဲ့ဆိုတော့ အိမ်မှာပဲ ကြည့်နိုင် ကြတာပါ…ကျောင်းသွားနေတဲ့အချိန်မှာတော့ မစောင့်ရှောက်နိုင်တာလည်း အမှန်ပဲ… ကျောင်းပိတ်ရက်တွေမှာတော့ သည်ကို လာတတ်ကြတယ်…မရိုးမသားတော့ မတွေ့ ပါဘူး…"

"အေးကွယ်…ဘာပဲဖြစ်ဖြစ် မင်းတူမ စောင့်ရှောက်လိုက်ကြပါဦး"

မအိမ်ကံစိတ်တွေ ပေါ့ပါးသွားခဲ့ရပါ၏။ သက်ဦးဝေဆိုတာ ကိုဝေဠုရဲ့သားကိုး။ ကိုပြေသိမ်းနှင့် ဂျပန်တော်လှန်ရေး အတူပါသွားသည့် ကိုဝေဠုကို မအိမ်ကံ ကောင်းကောင်းသိ သည်။ ကိုပြေသိမ်း တော်လှန်ရေးက ပြန်မရောက်သော်လည်း ကိုဝေဠုတို့က တော်လှန်ရေး ပြီးသည်နှင့် မြင်းခြံကို ပြန်ပေါက်လာကြသူတွေဖြစ်သည်။ ဖောင်ချမ်းကုန်းအိမ်ကို နှစ်ခေါက် သုံးခေါက် ရောက်ဖူးတာကိုလည်း မအိမ်ကံ မှတ်မိပါ၏။ ကျောင်းနေအရွယ်ဆိုတော့ အိမ်ထောင် ပြုရန် မြိုင်ကလေးကလည်း စိတ်ကူးဝံ့စရာမရှိ။ လူငယ်သဘာဝ မေတ္တာရှိကြသည်ဆိုဦးတော့ ပညာစုံလျှင် မပေးစားနိုင်စရာလည်းမရှိ။ ဆွေကောင်းမျိုးကောင်းတွေမှန်း မအိမ်ကံ သိထားသည်။

သည်လိုနှင့် မြင်းခြံက ပြန်ခဲ့ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

၁၃၂၅ ခုနှစ်…။

အစ်ကိုမောင်မြတ်သာ ရွာကို တစ်ခေါက်ရောက်လာခဲ့သည်။ အစ်ကိုရောက်လာတော့လည်း အားရှိရသား။ သည်တစ်ခေါက် အစ်ကိုတို့ဇနီးမောင်နှံ လာကြတာ သမီးငယ် ခိုင့်ကို လာခေါ်ကြခြင်းဖြစ်၏။ ခိုင်ကလေးကလည်း ပျော်နေသည်။ မအိမ်ကံကတော့ အစ်ကိုနှင့်ယောက်မ ရွာကိုရောက်သခိုက် အဖေနှင့်အမေတို့ ပိုင်ဆိုင်ခဲ့သမျှပစ္စည်းစာရင်းကို ချပြသည်။ အစ်ကိုက ထန်းတောနှင့် ယာတောတွေကို မအိမ်ကံကိုပဲ ပေးရှာသည်။ အတွင်းပစ္စည်းချို့ကိုလည်း မအိမ်ကံ ဖြစ်စေချင်သလို လက်ခံခဲ့ပါ၏။ မအိမ်ကံကလည်း မရိုးမသားမရှိ။ ရှိသမျှ ချပြခြင်းဖြစ်သည်။ မောင်မြတ်သာကလည်း နှမ၏သီလကို ယုံကြည်သည်။

"အစ်ကို ဒါတွေလာယူသာမဟုတ်ပါဘူး ငါ့နှမရယ်…ညည်းက ယူပါတော့ ယူပါတော့ ဆိုလို့သာပါ…ဘာတွေရှိမှန်းလည်း အစ်ကိုမသိဘူး…မြေတွေ ထန်းတောတွေ အိမ်ခြံဝိုင်းတွေ အစ်ကို စာချုပ်စာတမ်းလုပ်ပေးထားခဲ့မယ်…အစ်ကို လာမနေဖြစ်တော့ပါဘူး…မြို့မှာပဲ ခြံကလေးတစ်ခြံဝယ်ထားပြီးပြီ…အခုတော့ စစ်ရုံးက ပေးသဲ့အိမ်မှာ နေသာဆိုပေသိ မြိုင်တို့ ခိုင်တို့နဲ့ အတူနေဖို့ အိမ်ဆောက်မယ်…"

"စာချုပ်စာတမ်း မလိုပါဘူး အစ်ကိုရယ်…သည်မောင်နှမရှိသာပဲဟာ…အစ်ကို လာနေတော့လည်း မအိမ်ကံ ဝမ်းတောင်သာရဦးမှာပါ"

"မဟုတ်ဘူး ကံကလေးရဲ့…တို့က အရွယ်ရကြပြီ…နောင်လာနောက်သားတွေက တို့လိုစိတ် ရှိချင်မှရှိမှာကိုး…စာချုပ်စာတမ်းနဲ့ တရားဝင်အောင် လုပ်ကြရသယ်"

"အစ်ကို့သဘောပါ အစ်ကိုရယ်…အားလုံး ခွဲစိတ်ပြီးကြရင် မအိမ်ကံ ရက်ကန်းရုံ ဖြုတ်တော့မယ်…သမီးနှစ်ယောက် အစ်ကို့ဆီမှာ နေကြရင် မအိမ်ကံတစ်ယောက်တည်း ကျန်မှာပဲ…ကျေးဥတို့တစ်တွေနဲ့ မအိမ်ကံ ယာခင်းကိုင်းခင်းက ထွက်သာနဲ့ စားလောက်ပါသယ်…အစ်ကို့တူမနှစ်ယောက် အစ်ကိုတာဝန်ယူသာကိုပဲ မအိမ်ကံ ဝမ်းသာလှပါပြီ"

"ကောင်းသာပေါ့ ငါ့နှမရာ…အပင်ပန်းမခံပါနဲ့တော့…အစ်ကိုလည်း သွားသွား လာလာ ရှိမှာပါ…သည်တစ်ခေါက် ခိုင်ကလေးကို အစ်ကိုတို့နဲ့ တစ်ပါတည်း ခေါ်သွားမယ်…မြိုင် စာမေးပွဲပြီးရင်တော့ ညီအစ်မနှစ်ယောက်စလုံး အစ်ကို စောင့်ရှောက်ထားမှာပါ…အစ်ကို့တူမတွေ တက္ကသိုလ်ကျောင်းသူကြီးတွေဖြစ်လို့ ပညာစုံသွားရင် အစ်ကိုလည်း နားမယ်…"

သည်လိုနှင့်ပင် မအိမ်ခိုင် မြို့ကို ပါသွားခဲ့သည်။ ကျေးဥကတော့ ငိုလို့ပင်မဆုံးနိုင်။ မအိမ်ကံကလည်း တစ်ယောက်ပဲ့ရပြန်ပြီဆိုသည့်စိတ် ဝင်လာတော့ ရင်မှာ နာလှပါ၏။ သမီးငယ် ခိုင်ကတော့ မြို့ကျောင်းသွားတက်ရမှာကို ဝမ်းသာနေရှာသည်။ တစ်ချက်ကလေး မျက်နှာမညှိုးတာကိုပဲ မအိမ်ကံ ရင်အေးရသေးသည်။ ခိုင်ကလေး တငိုငို တရယ်ရယ်ဆိုလျှင် စိတ်မကောင်းဖြစ်ရဦးမည်။ မျက်ရည်လည်ရွဲဖြစ်နေသည့် ကျေးဥကတော့ မအိမ်ခိုင် သွားကာနီးမှာပင် ထမင်းခွံ့နေရှာပါ၏။

"ဒါ ကျေးကျေး နောက်ဆုံးခွံ့သဲ့ထမင်းပေါ့အေ…ကျေးကျေးတော့ ထမင်းစားတိုင်း မျက်ရည်ကျရတော့မယ်နဲ့တူပါရဲ့…ငါတို့မှာတော့ ပညာမတတ်လို့လည်း ဘာပြဿ



နာမှမရှိဘူး…ငါ့သားနှစ်ယောက်လည်း ယာထဲ ကိုင်းထဲ လှည်းထဲ လှေထဲ သူ့အဘိုး သူ့အဖေတို့လို ကြီးကြဖို့ပါပဲ…ညည်းတို့သာ ခွဲကြရ ခွာကြရ သံယောဇဉ်မရှိခဲ့ရင် ကောင်းသား…ခုတော့ ကျေးကျေး ရင်နာလှသအေ…"

ကျေးဥစကားကြောင့် မအိမ်ကံပင် မျက်ရည်တွေတွေကျခဲ့ရသည်။ ဟုတ်ပါရဲ့။ ဖအေ ကျောင်းဆရာ ပညာတတ်ရဲ့သမီးတွေဆိုတော့ ပညာရှိရာ လိုက်ကြရတာပါလားလို့ တွေးမိသည်။ နောက်နှစ်ဆိုလျှင် မအိမ်မြိုင်ပါ လိုက်ရတော့မည်။ အစ်ကို မောင်မြတ်သာက မြိုင့်ကိုလည်း ရန်ကုန်တက္ကသိုလ်မှာပဲ ကျောင်းထားမည်ဆို၏။ အတန်းတွေပြီးတော့ကော သမီးတွေက တောကို ပြန်လာကြမှာတဲ့လား။ မအေ့ရင်ခွင်ကို ပြန်ခိုကြပါဦးမလား။ မြို့မှာပဲ အိမ်ထောင်ရက်သားတွေကျကြလို့ မြို့မှာပဲ အလုပ်တွေ အကိုင်တွေနဲ့ နေကြလေမလား။ သူတို့ဘဝ သူတို့အခြေ ရေမြင့်သလို ကြာလည်းမြင့်ကြပြီဆိုရင်တော့ ထမြစ် (ထန်းမြစ်) စားချင်လို့ ရွာပြန်နေကြမှာမဟုတ်တော့။ လှည်းစီးချင်လို့ ရွာစိတ်ရောက်စရာမရှိ။ မအေ တောသူမကြီးကကော။ သည်အိမ် သည်ဝိုင်း သည်ရွာကလေးကို ခွာပြီး မြို့ဆိုတာကြီးကို စမ်းတဝါးဝါး လိုက်နေမည့်သူမဟုတ်။ သည်ကတည်းက ဝေးကြရပြီဆိုတာ မအိမ်ကံ သိနှင့်ပြီ။

သည်အိမ်ကြီးက လူတွေ တစ်ယောက်စီ တစ်ယောက်စီ ခွာကြရပြီ။ အဖေဆုံးသည်။ အမေဆုံးသည်။ မလှအုံ ဆုံးသည်။ ကိုပြေသိမ်း ရှင်ကွဲကွဲရပြီ။ အခု သမီးငယ် ခိုင် ပါရပြန်ပြီ။ နောက်နှစ် သမီးကြီး မြိုင် ပါလိမ့်ဦးမည်။ ဟိုတစ်ချိန်က မီးခိုးမစဲ မီးမစဲ ရှိခဲ့သည့်အိမ်ကြီးမှာ အခုတော့ အခန်းလွတ်တွေ များခဲ့ပြီ။ နေ့မီး ညမီး မဆက်တော့ပြီ။

"သမီးဘကြီးနဲ့ ကြီးကြီးစိမ်း ပြောသဲ့စကားကို အမေပြောသဲ့စကားလို အောက်မေ့ပါ…ပညာကို စိတ်နှစ်ပြီးသင်…အမေ့ကို မငဲ့နဲ့နော်သမီး…အမေ နေတတ်သယ်…ကျေးကျေးလည်းရှိသယ်…သမီးအတွက် စားဖို့သောက်ဖို့ သုံးဖို့စွဲဖို့ အမေပို့ပေးမယ်…အမေလည်း လာမှာပါ…သမီးလည်း လာခဲ့ပေါ့…အမေ မျှော်ပို့နေမယ်…သမီးလေး…စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် တစ်လုံးတစ်ဝတည်း ပြည့်စုံပါစီတော်…"

မအိမ်ကံ စကားတွေကို အားတင်းပြီး တုန်တုန်ရီရီ ပြောခဲ့ရသည်။ ခိုင်က ထိုင်ကန်တော့သည့်အခါ သည်စကားတွေကို အတော်ထိန်းကာ ပြောရ၏။ လှိုက်တက်လာသော ဝေဒနာက ကြီးမားလွန်းသဖြင့် ဆုကိုပင် မနည်းပြီးအောင် ပေးခဲ့ရသည်။

ခိုင်တို့လှည်း ထွက်သွားတော့ မအိမ်ကံ ခြံဝအထိ လိုက်ပို့သည်။ ရွာအထွက်အထိ လိုက်ပို့ချင်သော်လည်း မအိမ်ကံ ဒူးမခိုင်ချင်တော့။ အိမ်ကြီးဘက်ကို ပြန်အလှည့်မှာတော့ အိမ်ကြီးက အခွံချည်း ကျန်ရစ်ခဲ့သလို မအိမ်ကံ ခံစားလိုက်ရသည်။ အိမ်ကြီးထဲမှာ ကျေးဥ၏ ငိုသံသာ ရှိတော့၏။ မအိမ်ကံက ပဲမှော်တိုက်နှင့် အိမ်မကြီးကြားက ထန်းပက်လက်ကုလားထိုင်တွေဆီ ရောက်လာခဲ့ရပြန်ပြီ။

မအိမ်ကံလည်း ငိုခဲ့ရသည်ပင်။

■

www.burmeseclassic.com

www.burmeseclassic.com

၁၃၂၅ ခုနှစ်အတွင်း အစိုးရ အပြောင်းအလဲဖြစ်ခဲ့သည့်နောက်ပိုင်း ရပ်ရွာအုပ်ချုပ်ရေးတွေကလည်း ပြောင်းလဲသွားခဲ့သည်။ မြို့မကျေးရွာရပ်ကွက် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဆိုသည့်အဖွဲ့တွေမှာ သာအောင် ပါမလာနိုင်တော့။ ရွာက လူရေးလူစွာရှိသော ကိုစံကောင်းကို ရွာဥက္ကဋ္ဌ တင်မြှောက်ခဲ့ကြသည်။ ကိုစံကောင်း ရပ်ရွာကို ချုပ်ကိုင်ခွင့်ရလာသည့်အခါ မအိမ်ကံအဖို့ အားကိုးခဲ့ရသည်။ ကိုစံကောင်းက လူဖြောင့်လူမှန်ဆိုတော့ အများ၏ ကိုးစားခြင်းခံရသူဖြစ်သည်။

၁၃၂၅ ခုနှစ်အတွင်း ဖောင်ချမ်းကုန်းမှာ အလှူကြီးတစ်လှူရှိသည်။ ကိုစံကောင်းတို့ ကိုယ်တိုင် ဝိုင်းကြဝန်းကြရှိရပြီ။ အလှူက တောင်သူကြီးဖြစ်သော ကိုမောင်သိန်းနှင့် မချောရင်တို့အလှူ။ တောင်သူကြီးဆိုတော့ အလှူကြီးပေးနိုင်ကြသူတွေမို့ ဝက်ဝက်ကွဲစည်မည့်အလှူလည်း ဖြစ်၏။ အလှူမတိုင်ခင် တရားပွဲ သုံးညကျင်းပမည်။ အလှူဝင်ညမှာ မန္တလေးဆိုင်းငှားထားသည်။ အလှူက လေး,ငါးလလောက် လိုသေးသော်လည်း ရွာရပ်ထုံးစံ တာဝန်တွေ အသီးသီး ခွဲဝေနှင့်ကြပြီ။

ထူးခြားသည်မှာ ရွာ့ကွမ်းတောင်ကိုင် ညိုချော အိမ်ထောင်ပြုခဲ့သည့်နောက်ပိုင်း ရွာ့ကွမ်းတောင်ကိုင်အသစ် ရွေးဖို့ ရွာက ရွာ့အပျိုတွေကို အကဲခတ်နေကြချိန်ဖြစ်၏။ ဖောင်ချမ်းကုန်းသူကလေးတွေက ပင်ကိုအားဖြင့် ရုပ်ရည်ရူပကာ တင့်တယ်လှပကြသူများဖြစ်၍ ခေါင်ကောက်ရွေးနိုင်သော်လည်း ကွမ်းတောင်ကိုင်ဖြစ်ဖို့ဆိုတာ လွယ်လှသည်မဟုတ်ပါ။

"ကျော်တင့်သမီးကလေး ချောပါ့အေ…ခမျာ နွမ်းပါးရှာလို့သာ…"

"တောကျော်တို့ ငှက်မတို့သမီး စိန်သွယ်လည်း မဆိုးပါဘူး…"

"တောကျော်နဲ့ ငှက်မက ကြီးပေါင်းတွေ…ငယ်လင်ငယ်မယားမှ မဟုတ်သာ…"

"ကျုပ်မျက်စိထဲမတော့ ရွှေမှုံတို့ သာအောင်တို့သမီး မှုံနံ့သာကိုပဲ မြင်သတော်…"

"ခင်ဗျားက စပ်ရင် အမျိုးကိုးဗျ…သဟာက ဘက်လိုက်လို့ဖြစ်သာမှုတ်ဘူး…"

"မအိမ်ကံသမီးထက်များ ဘယ်သူက သာဦးမှာတုံးတော့်…ရုပ်ရည်တော်…စည်းစိမ်တော်…ပညာတော်…မိဦးဘဦးတော်…မိဘတွေက ငယ်လင်ငယ်မယားတော်…အကျင့်စာရိတ္တ ကောင်းသတော်…"

"မအိမ်ကံ့သမီး မအိမ်မြိုင်လား…သည်ကလေးမ ဆိုလို့ကတော့ သည်နားရွာတွေနောက်ကောက်ကျရုံပေါ့…ရေသောက်သာတောင် လည်ချောင်းထဲဆင်းသွဲ့ရေ မြင်ရသဲ့မိန်းမမျိုး…"

"မအိမ်မြိုင်က မြို့နေမြို့ကြီး ပညာတတ်ဖြစ်နေပြီသဲ့…တောကိုလာပြီး ကွမ်းတောင်ကိုင်ပါ့မလား…"

"ဩော်…မြို့က ဆယ်တန်းဖြေပြီးလို့ ရွာရောက်နေသယ်တော်…ညည်း ဘယ်အိပ်ပျော်နေသာတုံး…ရွာကကောက်ရင် နေရမလားဟဲ့…"

ရွာ့အသံတွေက တစ်ယောက်တစ်ပေါက်ပင်။ ရွာအပျိုတွေ အားလုံးစေ့ငအောင် အကဲခတ်ကြသည်။ ရွာအပျိုကချည်း သုံး,လေးဆယ်ရှိနေသဖြင့် သူ့ဘက် ကိုယ့်ဘက် ဆွဲကြတာလည်း ရှိ၏။ သူ့အမျိုး ကိုယ့်အမျိုး ကွမ်းတောင်ကိုင်ဖြစ်ရေး ဆွယ်တရားဟောကြတာတွေ





ကလည်း ကွမ်းတောင်ကိုင် ရွေးရမည်ဆိုတိုင်း ကြားရသည့်အသံတွေဖြစ်သည်။ ရွာ့ကွမ်းတောင်ကိုင်လက်စ ညိုချော အိမ်ထောင်ကျပြီဆိုတော့ လာမည့်အလှူမှာ ကွမ်းတောင်ကိုင်ရှိမှ ဖြစ်တော့မည်။ မရွေးမဖြစ် ရွေးရတော့မည်။ ရွာဥက္ကဋ္ဌ ကိုစံကောင်းကတော့ သည်ကိစ္စကို ခပ်ရှောင်ရှောင်နေခဲ့သည်။ မအိမ်မြိုင်က သူ့တူမဝမ်းကွဲဆိုတော့ ရွာက ရွေးကြသည့်ကိစ္စမှာ သူ့ပယောဂမပါချင်။ တစ်ရက် မအိမ်ကံတို့အိမ်ကို ရောက်သဖြင့် သူ့သဘောထားကို ပြောဖြစ်ခဲ့သည်။

"ငါကြားရသလောက်တော့ ငါ့နှမရဲ့…မှန်သာပြောသာ နင့်သမီး မဲပေးနေကြသာပဲ…ဒါပေသိ…"

"ဘာ ဒါပေသိလဲ အစ်ကိုလေးရဲ့…ရွေးစရာမလိုသဲ့ဟာ ရွေးနေကြရော့လား…တောပတ်တင်လဲအိုး တွေ့နေသာတောင် ထမင်းအိုး ချီးခြစ်နေကြသာများ…အစ်ကိုလေးရယ်…"

"သူ့ဘက် ကိုယ်ဘက် ဆွဲကြသာပေါ့ဟာ…မြောက်ပိုင်းက မြောက်ပိုင်းသူဖြစ်စေချင်သယ်…တောင်ပိုင်းက တောင်ပိုင်းသူ ဖြစ်စေချင်သပေါ့ဟာ…အများကတော့ မအိမ်မြိုင်ကို အသံမြည်ကြသာပဲဟ…"

"အစ်ကိုလေးတို့ လူကြီးတွေသဘောကကော…"

"တို့ကတော့ ထမရေစည်းပေါ် ခွနေကြရသာပေါ့ဟာ…အများက ရွေးကြမယ့်ဟာ ပယောဂပါမှာ စိုးသယ်…"

တစ်ရွာလုံးက သည်အလှူကြီးအကြောင်းသာ ပြောနေကြလေသည်။ ယာခင်း ပဲခင်း၊ ရေတွင်း ရေကန်၊ ပဲရွေး မောင်းထောင်း စသည်ဖြင့် လူစုမိသည်နှင့် ဘယ်သူဘယ်ဝါတော့ အတော်သား၊ ဘယ်သူဘယ်ဝါတော့ ဘယ်လိုတဲ့ ပြောကြမြဲဖြစ်သည်။ အချင်းချင်း တီးခေါက်ကြသည်။ လူ့သဘာဝ ကိုယ့်လူကိုယ့်အပိုင်းက ဖြစ်စေချင်ကြသော်လည်း နောက်ဆုံးတော့ ရွာ့ကွမ်းတောင်ကိုင် မိန်းမချောကို သဘောညီသွားကြတာကလည်း ထူးဆန်းလှပါ၏။ ဒါကြောင့်လည်း ဖက်စိမ်းကွမ်းတောင်ကို ကိုင်ရမည့်မိန်းမသားသည်လည်း ဘုန်းကံကြီးသော မိန်းမသားအဖြစ် မှတ်ယူကြလေသည်။ မအိမ်ကံ မက်မောသောအချက်ကလည်း သည်အချက်ပဲဖြစ်၏။

ကာရန်သင့်ချင်တော့ ကွမ်းတောင်ကိုင် လစ်လပ်သည့်အချိန်နှင့် သမီးကြီးမြိုင် ရွာကို ပြန်ရောက်သည့်အချိန်က တစ်ထပ်တည်းကျနေသည်။ မအိမ်ကံကတော့ သည်တစ်ချီ သည်တမောင်း ဆွမ်းကြီးလောင်းရပြီ တွက်ခဲ့ပါ၏။ ရွှေမှုံ့သမီး မှုံနံ့သာကလည်း ညိုညက်ညက်လှရှာသည်သာ။ မအိမ်မြိုင်သာမရှိလျှင် မှုံနံ့သာ ကွမ်းတောင်ကိုင်ဖြစ်ဖို့ သေချာသည်။ မှုံနံ့သာကလည်း လိမ္မာရေးခြားရှိပုံကအစ ရပ်ရေးရွာရေး၊ ဖျိုရေး ဖျာရေးတွေမှာ လက်ကြောတင်းသူကလေးအဖြစ် သတင်းပြေးလှသည်။ သည်အကြောင်းတွေကိုလည်း မအိမ်ကံ ကြားရပါ၏။ မြိုင်ကတော့ ယဉ်ယဉ်နွဲ့နွဲ့၊ ဣန္ဒြေကျက်သရေ၊ ပညာ၊ ရုပ်အဆင်း မယှဉ်သာအောင် အထက်တန်းကျသူကလေးလို့ ရွာက မြင်ကြသည်။

သည်ရက်တွေထဲမှာ မအိမ်ကံက သမီးကို ဖြီးလိမ်းပြင်ဆင် ခြယ်သစေပြီး ရွာကို လှည့်ပြတော့သည်။ အဝတ်အမျိုးမျိုး၊ ရှိုးအသွယ်သွယ် ထုတ်စေကာ သားအမိနှစ်ယောက် ရွာလှည့်ကြသည်။ ခါတိုင်း မရောက်ဖူးသည့်ချောင်တွေအထိ သွားကာ မြိုင့်အလှကို ရွာက မြင်စေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရှင်အိမ်ကံ့သမီးများ...သင်္ကြန်တွင်း အပြင်ထွက်ရင် သိကြားမင်းကတောင် ကောက်လောက်သယ်...ကောင်းလိုက်သဲ့ပါ ရမ်နယ်တော်...ဘဝေဘဝက ဘာများလှူခဲ့လို့ ပါလိမ့်...မအေလှသာ ချောသာ ဘာဟုတ်သေးတုံး..."

"မအိမ်ကံက အရွယ်ရပါပြီ ကြီးတော်ရယ်...အခုက သမီးတွေအလှည့်ပါ...မိန်းကလေး ဆိုသာ ပန်းများလို ဖုံရာက ငုံ၊ ငုံရာက ဖူး၊ ဖူးရာက ပွင့်ရသာမျိုးပါ...သည်အရွယ် လှရသာမှုတ်လား...မြိုင်က ပညာတတ်ဆိုပေသိလို့ တောစိတ်တောင်စိတ် ရွာစိတ် ရပ်စိတ်ရှိလို့ ဝမ်းသာရသေး ကြီးတော်ရေ..."

ရပ်ရွာက ချီးမွမ်းကြတိုင်း သမီးအကြောင်း စကားထည့်ရတာ အမော။ မအိမ်ကံကို ကြည့်ကာ ကျေးဥပင် အံ့ဩရတော့သည်။ တလောက ရွာပြင်စေတီဘက်ကို စက်ကျရာက ခုတော့ ရွာထဲရပ်ထဲ ခြေစကြာလှည့်နေတာကို အံ့ဩရခြင်းဖြစ်၏။ မအိမ်ကံ ဘာကိစ္စ သည်လို လှည့်နေတာလဲဆိုတာကို သိသူပီပီ ဘာတစ်ခွန်းမှ ဝင်မပြောခဲ့ပါ။ ကျေးဥကြားရသလောက် ရွာက မြိုင့်ကို မဲပေးထားကြပြီးသား။ မြိုင်ပဲ ကွမ်းတောင်ကိုင်ဖြစ်ဖို့ရှိသည်။ သည်ကိစ္စက အရေးကြီးသည်လို့ ဆိုနိုင်သလို၊ အရေးမကြီးပါလို့လည်း ပြောနိုင်ပါ၏။ ဖြစ်တော့လည်း ကိုင်လိုက်ရုံပင်။ မဖြစ်တော့လည်း နေလိုက်ရုံပင်။ ဘယ်သူမှ မအိမ်ကံလို ယောက်ယက်ခတ်နေတာမျိုး မရှိ။ မအိမ်ကံ၏တစ်သက်လုံးက ခံစားနေရသော ဝေဒနာကို သိထားတော့လည်း အတွင်းသိတစ်ဦးအနေဖြင့် ကိုယ်ချင်းစာမိသည်။ သနားမိသည်။ မအိမ်ကံမှာ သည်ဝေဒနာက မွေးရာပါ နာတာရှည်ရောဂါလို အမြစ်တွယ်နေတာကိုလည်း သိပါ၏။ သည်ချင်ခြင်းသာပြေလျှင် ပြီးပြီ။ အခြားတောင့်တစရာ၊ ကြောင့်ကြစရာမရှိ။

အလှူပွဲကြီး နီးလာခဲ့ပြီ။ အလှူသံတွေလည်း ညံနေခဲ့ပြီ။ ရွာမောင်းဆိုင်း၊ ရွာဒိုးဝိုင်းများပင် အသံတစာစာပေးကြပြီ။ သီချင်းတွေ တိုက်ကြ ဆိုကြပြီ။ အဝတ်အစားတွေ ချုပ်ကြ လုပ်ကြပြီ။ အလှူဝေယျာဝစ္စတွေမှာ ကိုယ်စီကိုယ်င တတ်အားသရွေ့ တာဝန်တွေ ခွဲဝေယူကြပြီ။ သည်ရက်ထဲမှာ မအိမ်ကံကိုယ်တိုင် သမီးကို မြင်းခြံလွှတ်လိုက်ရသည်။ မြင်းခြံကတစ်ဆင့် ဘကြီးမြတ်သာရှိရာ ရန်ကုန်ကို တယ်လီဖုန်းဆက်ရန်ဖြစ်သည်။ မအိမ်မြိုင် တက္ကသိုလ်ပထမနှစ် တက်ရန် ရန်ကုန်ကို သွားရတော့မည်ဖြစ်၍ အကျိုးအကြောင်းသွားမေးဖို့ လိုအပ်တာကိုလည်း သိပါ၏။

"တစ်ညအိပ်ပြီး ပြန်ခဲ့သမီး...ထနောင်းတိုင်ဘက် မကူးနဲ့တော့...သမီး ရန်ကုန်သွား ရင်းနဲ့မှ အမေနဲ့အတူ ဝင်ကန်တော့ကြရအောင်...ဘကြီးကို သေသေချာချာမေး နော်...လာခေါ်မယ့်ရက်...ကျောင်းတက်ရမယ့်ရက်...ဘယ်သူလာခေါ်မှာလဲ...ဘာတွေ ယူခဲ့ရမှာလဲ...အကုန်မေးခဲ့...ရန်ကုန်ကို အမေပါလိုက်မှာလို့ပါ ထည့်ပြော..."

မအိမ်မြိုင် မျက်နှာမကောင်းတာကို မြင်တော့လည်း မအိမ်ကံ စိတ်မချမ်းသာ။ ဘာပဲဖြစ်ဖြစ် အလှူပွဲကြီးပြီးမှ ရန်ကုန်က ချက်ချင်းလာခေါ်မည်ဆိုလျှင် သမီး လိုက်ရတော့မည်။ အလှူက နှစ်လလား လိုတော့တာမဟုတ်လား။ မအိမ်မြိုင် ဒါကို စိတ်မကောင်းဖြစ်ထည့်မည်။ မအိမ်မြိုင် မြင်းခြံသွားမည့်နေက တစ်ရက်စာ အဝတ်အစားအိတ်တစ်အိတ်သာ ပါသည်။ ဖိုးကူး လှည်းကောက်ပြီးသည်နှင့် မအိမ်မြိုင် လှည်းပေါ် ရို့ခနဲ တက်လိုက်သည်။



"အမေ သွားပြီနော်...ကျေးကျေး သွားပြီ..."

"အေးအေး...မြန်မြန်ပြန်ခဲ့နော်သမီး..."

ထိုနှုတ်ဆက်ခြင်းသည် တစ်ဘဝစာဖြစ်ရတော့မည်ဆိုတာကို မအိမ်ကံရော မအိမ်မြိုင်ပါ မသိကြပြီ။ ရွာလမ်းကွေးမှာ လှည်းပျောက်သည်အထိ မအိမ်ကံ လိုက်ကြည့်နေခဲ့ရှာပါ၏။ သို့သော် နောက် သုံးလေးရက်။ ထိုလမ်းကွေးက ဖိုးကူး၏လှည်း ပြန်ပေါ်လာချိန်မှာတော့ မအိမ်မြိုင် ပါမလာခဲ့။ တစ်ညအိပ်ဆိုပြီး လွှတ်လိုက်သော သမီးမြိုင် တစ်ရက်၊ နှစ်ရက်၊သုံးလေးရက်။ မအိမ်ကံ လှည်းကို အကြိမ်ကြိမ်ထွက်မျှော်ခဲ့ရသည်။ ရောက်သင့်သည့်ရက်မှာ ရောက်မလာတော့ စိတ်ပူရပြီ။ မြင်းခြံမှာ အလုပ်ကိစ္စ မပြီးပြတ်လို့ တယ်လီဖုန်းစောင့်ဆက်နေရသည်ပဲထားပါဦး။ တစ်ည နှစ်ညပေါ့။ သုံးလေးည ကြာနေတာကို မအိမ်ကံ နားမလည်နိုင်ရှိခဲ့ရသည်။

"ကျေးဥရယ်...မြိုင်တို့ ပြန်လာဖို့ကောင်းပြီ...ဘယ့်နယ်ကြောင့်ပါလိမ့်..."

"ဟုတ်ပ...သာလီဖောင်းများ ဆက်မရလို့လားအေ..."

"အိုအေ...ဆက်မရ မရှိပါဘူး...သည်လောက်ကြာရမယ်လို့..."

နောက်ရက်ညနေမှာတော့ ဖိုးကူးနှင့်အတူ မောင်သက်မင်းပါ ရောက်လာကြသည်။ မြိုင့်ကိုမမြင်။ မောင်သက်မင်းက လှည်းပေါ်က ဆင်းဆင်းချင်း အိမ်ထဲတန်းဝင်သွားကာ တန်းလျားခုံမှာ ငူငူကြီးထိုင်လေ၏။ မအိမ်ကံခမျာတော့ ရင်တွေ တဒိန်းဒိန်းခုန်နေလေပြီ။ ဖိုးကူးက လှည်းချွတ်ပြီး အသာဝင်လာသည်။ ဘယ်သူကမှ စကားမဟတော့ မအိမ်ကံ ငေါက်ရတော့သည်။

"ဟဲ့...ဘာလဲ မောင်သက်မင်း...သမီးကော..."

"မမကံသမီး မိုက်တယ်...ရောက်လို့ တစ်ရက် နှစ်ရက် နေသေးတယ်...နောက်ရက် အိမ်ပြန်မလာလို့ ရှာကြတာနဲ့ ရက်ကြာခဲ့ရတယ်..."

"ဘယ်လို...ဘယ်လိုကွယ့်..."

"မအိမ်မြိုင်...သက်ဦးဝေနောက် ခိုးရာလိုက်သွားပြီ မမကံ...ရှာလို့ကိုမရတော့ဘူး..."

"အလို...ဘုရား...ဘုရား..."

မအိမ်ကံ တောင့်တောင့်ကြီး ထိုင်နေခဲ့သည်။ မလှုပ်မယှက်။ လှည်းသွားရာလိုက်ရသော လှည်းဦးက ကျေးကွေးရပ်လို စိတ်သွားရာ လိုက်နေသည်နှင့်ပင် တူပါ၏။ ညနေခင်း ရွာထဲ ဘက်ဆီက ဒိုးတိုက်သံတွေ ကြားနေရသည်။ ဝေဝေဝါးဝါး အော်သံ ဟစ်သံတွေ ကြားနေရသည်။ ရွာက မအိမ်မြိုင်ကို ဖက်စိမ်းကွမ်းတောင်ကိုင်အဖြစ် ရွေးလိုက်ပတဲ့ဆိုသည့် မင်္ဂလာသတင်းနှင့်အတူ အမင်္ဂလာသတင်းသည် တစ်ချိန်တည်း ရောက်လာခဲ့တာပါလား။

မောင်သက်မင်းက ဖြစ်ပုံပျက်ပုံ အလုံးစုံကို ရှင်းပြနေသော်လည်း မအိမ်ကံ့နားထဲ မရောက်။ နားတွေ ကန်းခဲ့ပြီ။ မျက်လုံးတွေ ကွယ်ခဲ့ပြီ။ နှလုံးသားတွေ တစ်စစီ ပဲ့ကြွေကုန်ကြပြီ။ မြင်မြင်သမျှ အရာရာတိုင်း ကမ်းပါးပြိုသလို တဝုန်းဝုန်း ပြိုကျနေကြပြီ။ မအိမ်ကံ အသက် နှစ်ဆယ်တုန်းက ကွမ်းတောင်ပြုတ်ကျခဲ့သည်။ အခု အသက်လေးဆယ်ကျော်ပြန်တော့ သမီး ကိုင်ရမည့်ကွမ်းတောင် ပြုတ်ကျရပြန်ပြီကော။ ငှက်ပျောဖက်စိမ်း၊ ငှက်ပျောဖက်ဝါတို့ ရောကာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ကာ ဖွဲ့ကာယှက်ကာ ထိုးထားသော လက်ရာမြောက် ဖက်ရှက်ကွမ်းတောင်သည် ငွေတန်ဖိုးအားဖြင့် ဘာမှမတန်သော်လည်း ထိုကွမ်းတောင်ကိုင်ရသည်ဆိုသော ဘဝတန်ဖိုးကတော့ နှိုင်းဆစရာမရှိလောက်အောင် တန်ဖိုးကြီးလှသည်။

မောင်သက်မင်းကတော့ ခေါင်ချမ်းကုန်းမှာ နှစ်ရက်လောက်နေခဲ့ပါသေးသည်။ မအိမ်ကံက မောင်သက်မင်းကို အပြစ်မတင်ရက်ပါ။ မိုက်မဲသူတစ်ယောက်အတွက် နောက်ထပ်မိုက်မဲမှုမျိုး မလိုချင်တော့သလို၊ ပြောမိတိုင်း ရင်နာရတာကို မခံနိုင်တာလည်း ပါပါ၏။ သက်ဦးဝေနှင့် မအိမ်မြိုင်တို့ သည်လိုဖြစ်သွားကြလိမ့်မည်ဆိုတာကို အဝေးက မအိမ်ကံက မထင်တာမပြောပါနှင့် အနီးကပ်နေထိုင်သူ ဦးလေးသက်မင်းပင် ရိပ်စားမိလိုက်ပုံ မပေါ်မှတော့ အစကောက်ဖို့ ခက်သည်။ သြော်…မအေ့ဆန္ဒကလေး ဖြည့်များသွားပါဦးတော့လား သမီးရယ်။ သည်လောက်ပြောပြထားပါလျက်ကနဲ့။ မိုက်လိုက်လေခြင်း။ ရှိပါစေတော့လေ…။ ဘယ်သူ့ကံကြမ္မာကို ဘယ်သူက ဖန်တီးနိုင်ကြလို့လဲ။ ဘဝထဲမှာ ဘယ်သူ့ကိုမှ ပုံသွင်းချင်လို့မရနိုင်။ ချစ်လှပါသည်ဆိုသော အိမ်ဦးနတ်ဆိုသူကပင် ဖနီးနှင့် သမီးတွေကိုခွဲကာ တောထဲတောင်ထဲ အဖော်ခေါ်ရာနောက် သုတ်ခနဲ ပါသွားသေးတာပဲ။ အားထားမိသော သမီးကြီးက ဆိုင်းမဆင့်ဗုံမဆင့် ထင်ရာစိုင်းခဲ့ပြီ။ သားအဖနှစ်ယောက် မအိမ်ကံကို နှိပ်စက်လို့ ဝသွားလောက်ကြရောပေါ့လေ။

မအိမ်ကံခမျာ အလှူက ဒိုးသံ၊ ရွှဲတိုက်သံ၊ မောင်းဆိုင်းသံတွေ ကြားရလေ အရှုးရင့်လေ။ ရင်တွေ တလှပ်လှပ်ခုန်လာသည်။ မတ်တတ်က ပြိုလုပြိုခြင်။ သည်ကိစ္စ အစ်ကိုမောင်မြတ်သာကို အကြောင်းကြားခိုင်းလိုက်ရသည်။ နို့မို့ သူ့ခမျာ တူမကြီးကို တမျှော်မျှော်ရှိရော့မည်။ ဘကြီးမြတ်သာ ကြားလျှင် ခိုင်လည်း ကြားနိုင်လောက်ပါ၏။ ရှိပါစေတော့။ ရှိကြပါစေတော့။ တစ်သက်လုံးက မာန်နှင့်ဌာန်နှင့် နေခဲ့သော မအိမ်ကံပဲလေ။ ညည်းခံလိုက်ပါဦး။

မအိမ်ကံတို့အိမ်ကို အလှူဖိတ်စာ ရောက်လာသည့်အခါ မအိမ်ကံ ရင်ကွဲရပြန်သည်။ မအိမ်မြိုင့်သတင်းက တားမနိုင် ဆီးမရ ရွာလုံးကြားခဲ့ကြပြီမဟုတ်လား။ သည်ကိစ္စကို သိုသိပ်ထားချင်လို့လည်း မဖြစ်နိုင်ပါ။ မအိမ်ကံကိုယ်တိုင်ကလည်း သိုသိပ်ထားလိုစိတ် မရှိ။ ရွာကွမ်းတောင်ကိုင်တစ်ယောက် ထပ်ရွေးကြရဦးမှာမဟုတ်လား။ မအိမ်မြိုင့်သတင်း ကြားရသူတိုင်းက စုတ်တသပ်သပ် ရင်ထုမနာ ဖြစ်ကြရတာကိုလည်း မအိမ်ကံ သိပါ၏။ မိုက်လိုက်တဲ့ကလေးမနယ် ဆိုသူတွေချည်း။ ကိုစံကောင်းပင် မျက်ထောင့်နီကြီးနှင့် ရောက်လာကာ သေချာရဲ့လားမေးနေခဲ့သည်။ သေချာပါတယ် အစ်ကိုလေးရယ်လောက်သာ ဖြေနိုင်ခဲ့သည်။

"အောင်ချာရွှေပြည် တိုင်းရဲ့ဌာနီ…ပုံဝေးလို့ကွာခဲ့ပြီ…မြူမြူတွေဖုံးပါလို့ မိုးလုံးပတ်လည်…တိမ်ပန်းတိမ်နီနော်ကွယ် မင်ဖော်ရန်းတွေနှင့်…ဘယ်ဝယ်မြောက်တောင်…ဘယ်ဝယ်လေမြောက်တောင်…ရော်လို့သာရမ်းရတယ်…လာလမ်းသိပေါင်လေး…"

ဒိုးပတ်သီချင်းသံက မအိမ်ကံကိုများ စောင်းဆိုနေကြရော့လား။ အလှူပွဲကြီးကလည်း နီးသထက်နီးလာခဲ့ပြီ။ မအိမ်ကံ အနောက်တန်းရွာတွေဘက် ရှောင်နေရန် စဉ်းစားလိုက်သည်။ အလှူလှည့်လာလျှင် ရင်ကျိုးရတော့မှာကို မအိမ်ကံ မခံနိုင်။ သမီး ကွမ်းတောင်မကိုင်ရတာထက် ရွှေမှုံသမီး မှုံနံ့သာ ကွမ်းတောင်ကိုင်ရတော့မှာကို မခံနိုင်ခြင်းဖြစ်သည်။

"ကျေးဥရယ်…သင်းတို့ ငါ့ကို နိုင်ကြပြန်ပါပကောအေ…"

"နိုင်သယ်မဟုတ်ပါဘူး မအိမ်ကံရယ်…မှုံနံ့သာက ကွမ်းတောင်ကိုင်ရမယ်လို့လည်း သူတို့ကိုယ်တိုင် မျှော်လင့်ထားကြသာ မှုတ်ပါဘူးအေ…ငါအသိဆုံးပါ…မြိုင့်ကိုသူတို့ မယှဉ်နိုင်သာ သိကြပါသယ်…မအပ်မရာ ဖြစ်ရသယ်လို့လည်း မတွေးကြပါဘူး…တလွဲမထင်ပါနဲ့…"

"အိုအေ…သူတို့က ဘယ်လိုသဘောထားထား…ငါရှုံးသာ ရှုံးသာပါပဲအေ…ငါရှုံးသယ်ဆိုမှတော့ သင်းတို့နိုင်သာပဲပေါ့…မအိမ်မြိုင်ကို ခုနေများတွေ့ရင် အရိုးတစ်ချောင်းစီထုတ်ပြီး ပုံပစ်လိုက်ချင်သယ်…အဲသလောက် နာသယ်…အင်းလေ…ငါ့သမီးကိုတောင် ငါရှုံးမှတော့ သူများ ငါ့ကိုနိုင်သာ ဘာဆန်းလို့တုံး…"

ကျေးဥခမျာ သည့်ထက် တရားမချဝံ့ပြီ။ အရာအားလုံး ကျေးဥအပေါ် သက္ကုကျလာနိုင်သည်။ မအိမ်ကံ့အနားက အသာခွာခဲ့ခြင်းသာ အကောင်းဆုံး။

သည်လိုနှင့် အလှူဝင်ရန် နှစ်ရက်အလိုကို ရောက်လာခဲ့ပါ၏။ မန္တလေးက ငှားထားသော ဆိုင်းသည်ပင် ရွာကို ကြိုရောက်နှင့်ကြပြီ။ မဏ္ဍပ်ကြီးက ဟည်းလို့။ ရွာပေါင်းစုံက ဧည့်တွေ လာကြတော့မည်။ မှုံနံ့သာအတွက် ရွှေမှုံတို့အမျိုးတွေ မန္တလေးဘက် ချိတ်ထည်အဝယ်ထွက်ကြသတဲ့။ သမီးအတွက် ဘယ်လောက်ကုန်ကုန် ကုန်ပစေစမ်းတဲ့။ အသားညိုချောမှုံနံ့သာက အဖြူရောင်ချိတ်ဝတ်လိမ့်မတဲ့။ ရွှေမှုံတို့က ဥဿဖယား ကျောက်မျက်တစ်စုံဝယ်ကြ သတဲ့။ မကြားချင်သော်လည်း ကြားနေရသည့်သတင်းတွေ။

အိမ်အပေါ်ထပ်ဆီက တစ်စုံတစ်ရာ ကျလာခဲ့ကာ အိမ်ရှေ့မြေပြင်မှာ အစိတ်စိတ်ကွဲကျေသွားတာကို ကျေးဥ ကြားလိုက်ရသဖြင့် ထွက်ကြည့်သည်။ မအိမ်မြိုင်၏ ဓာတ်ပုံ။ မှန်တွေကွဲ၊ ဘောင်တွေကျိုးကျေသွားသော်လည်း ဓာတ်ပုံထဲက မအိမ်မြိုင်က ပြုံးလျက်။ မအိမ်ကံအပေါ်ထပ်က ပစ်ချလိုက်ခြင်းဖြစ်၏။ ကျေးဥက အသာကောက်ယူကာ သိမ်းထားလိုက်သည်။

"ဟုတ်ပါရဲ့ မြိုင်ရယ်…ညည်း လုပ်ရက်လိုက်သာအေ…ညည်းအမေကို ညည်းမြင်လှည့်ပါဦး…"

သည့်နောက်မှာတော့ တိတ်ဆိတ်သွားပြန်လေသည်။

■

ရွာအလှူက ၁၃၂၆ ခုနှစ်၊ တပို့တွဲလပြည့်နေဖြစ်၍ ထိုရက်သည် မအိမ်ကံ အသက်လေးဆယ့်လေးနှစ်ပြည့်ရန် ဆယ့်တစ်ရက်အလိုဖြစ်သည်။ ဘာလိုလိုနှင့် ကိုပြေသိမ်း ရွာကထွက်သွားခဲ့တာပင် လေးနှစ်တင်းတင်းရှိခဲ့ပြီ။ ဘယ်လိုဖြစ်သည်မသိ။ သည်ရက်တွေထဲမှာမှ ကိုပြေသိမ်းကို မအိမ်ကံ လွမ်းနေမိသည်။ မကြင်နာ စိမ်းသူကြီးရေ ဆိုသော်လည်း မအိမ်ကံ ချစ်မြတ်နိုးလို့ ပေါင်းသင်းလာခဲ့သည့် လင်သားမဟုတ်လား။ တစ်နေ့တစ်ရက်မှ မေ့မရသလို၊ နေ့စဉ်နှင့်အမျှ မေတ္တာပို့ဖြစ်ခဲ့ပါ၏။ သည်အချိန်မှာ သူသာ ကိုယ့်အနားရှိခဲ့လျှင် ဆိုသည့်အတွေးဖြင့် လွမ်းဆွတ်တသ ရှိခဲ့ရသည်။ သူလည်း မအိမ်ကံကို ချစ်ရှာသူပဲ။ တစ်နေ့ ပြန်ရောက်လာလိမ့်မည်ဆိုတာ မအိမ်ကံ ယုံကြည်မျှော်လင့်နေဆဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'နွမ်းနယ်တစေ့၊ ရှေးကပါ၊ ကြမ္မာငွေ့ကြောင့်၊ မတွေ့ရတာ၊ ကြာညောင်းကြာမှ၊ မျက်နှာတူရူ၊ သူလည်းအလာ၊ မယ်သာအမျှော်' ဆိုသလို ကနေ့လား နက်ဖြန်ငယ် ရောက်လာလေမလား။ ဒါမှမဟုတ် 'တို့ချစ်ခြင်းကို၊ ကွင်းအောင်တစေ၊ နေ့တိုင်းမွေတဲ့၊ သက်ကြီးရွယ်အို၊ မြင်တိုင်း မုန်းစရာ့၊ ကုန်းမအို၊ ရေလို ခန်းခြောက်ပါစေသား' လို့ မမြင်ရသည့်ကံကြမ္မာကိုပဲ ကျိန်ဆဲရလေမလား။

သည်ရက်ပိုင်းထဲ မအိမ်ကံစိတ်တွေ ပုံမှန်မဟုတ်တော့တာတော့ သေချာသည်။ ဘယ်သူ့ကိုမှ အတွေ့မခံတော့ဘဲ အိမ်ကြီးပေါ်မှာ နေခဲ့သည်။ ငယ်ငယ်က ထိုင်နေကျ လေသာဆောင်က ခုံတန်းလျားမှာထိုင်ရင်း ခပ်ဝေးဝေးက သစ်ခင်းတွေကို ငေးနေတတ်သည်။ သွေ့ခြောက်သွားသော အိမ်ကြီးပေါ်မှာ လူသံသူသံတွေ မရှိတော့ပြီ။ အိမ်မြှောင်စုတ်ထိုးသံကလွဲ၍ အခြားမရှိ။ အလှူရက်မတိုင်ခင် အဝေးဖိတ်နေ့က သည်အိမ်ကြီးဆီကို ထူးဆန်းသော ဧည့်သည်တစ်ယောက် ရောက်လာခဲ့သည်။ ထူးဆန်းသည်ဆိုတာက သေလူအဖြစ် သဘောထားခဲ့သူဖြစ်ရုံမက တစ်လျှောက်လုံး ရွာနှင့် မအိမ်ကံတို့ကို ဒုက္ခအမျိုးမျိုးပေးခဲ့သောသူ ဖြစ်နေခြင်းကြောင့်ပင်။

အလှူအိမ်ဘက်ဆီက ဆိုင်းသံကြားနေရသည်။ ကြေးနောင်သံဖြစ်၏။ မနက်ဖြန်ညဘက် ဆိုင်းဝင်လိမ့်မည်။ သန်ဘက်ခါ အလှူကြီး။ ရွာထုံးစံ မနက်ဖြန် အလှူဝင်ရက်ညနေမှာ ရှင်လောင်းလှည့်လိမ့်မည်။ ကနဦးတုန်းကတော့ သည်ရက်တွေမှာ အနောက်တန်းရွာတွေဘက် ရှောင်နေဖို့ စိတ်ကူးခဲ့ပါ၏။ သို့သော် သွေးကြောင်သောအပြုအမူမျိုးကို မအိမ်ကံ လုပ်လိမ့်မည်မဟုတ်။ သတ္တိနည်းရာ ကျရော့မည်။ သည်တော့ စိတ်ကိုလျှော့ကာ အိမ်အပေါ်ထပ်မှာပဲ အသာလှဲနေခဲ့သည်။

"မအိမ်ကံ…အိမ်ဝမှာ လူတစ်ယောက် လာရပ်နေသယ်…ညည်းနဲ့တွေ့ချင်လို့သဲ့… အရေးကြီးလို့ပါလို့ ပြောသာပဲအေ့…"

"ဘယ်သူများပါလိမ့်…"

"မပြောတတ်ဘူး…ကစုတ်ကညစ်နဲ့…"

"ခေါ်လိုက်လေ ကျေးဥ…ဘာများပါလိမ့်…"

ဧည့်သည်က မအိမ်ကံ ချပေးသည့်နေရာတွင် ထိုင်သည်။ ပဲမှော်တိုက်နှင့် အိမ်မကြီးကြားက ထန်းကုလားထိုင်နှစ်လုံးမှာပင် ဖြစ်၏။ မုတ်ဆိတ်ကျင်စွယ်များနှင့် စုတ်ပေပေအကျီအဝတ်အစားက ထိုလူ၏ မူလရုပ်ရည်ပုံပန်းကို ဖုံးကွယ်ထားသလို ဖြစ်နေသည်။ ကုလားထိုင်နှစ်လုံးမှာ မျက်နှာချင်းဆိုင် ထိုင်ကြပြီးနောက် ထိုလူက အဘိုးကြီးစောင်း သိုးမွှေးခေါင်းစွပ်ကို ဖြုတ်သည်။ နဖူးပြောင်ပြောင် ဆံမွှေးပါးပါး ပေါ်လာသည်အထိ မအိမ်ကံ မမှတ်မိ။ ထိုလူက သူ့ကိုယ်သူ ကျော်ဒင်ပါဆိုတော့လည်း ဘယ်ကျော်ဒင်မှန်းမသိ။ အမှုပွဲစား ကျော်ဒင်ဆိုမှ မအိမ်ကံ ပါးစပ်အဟောင်းသား ဖြစ်ရတော့သည်။

"မှတ်မိစရာတောင် မရှိတော့ပါလား ကိုကျော်ဒင်ရယ်…တကွေ့ကွေ့တော့ တွေ့ကြသေးသာပေါ့ဆိုလို့ တစ်ခေါက်ရောက်လာခဲ့ပြန်သာလား…တွေ့ကြရုံပေါ့ရှင်…"

ကျော်ဒင်က မအိမ်ကံစကားကြောင့် မျက်နှာအိုသွားခဲ့သည်။ မဟုတ်ရကြောင်းငြင်းသည်။ တစ်ခါက နိုင်ငံရေးစကားတွေ ကျယ်ကျယ်လောင်လောင်ကြီးပြောခဲ့သော ကျော်ဒင်။ ဂျပန်ခေတ်တစ်လျှောက်လုံး ဂျပန်သတင်းပေးလုပ်ခဲ့သော ကျော်ဒင်။ အင်္ဂလိပ် ပြန်အဝင်မှာ ရွာက ပျောက်သွားခဲ့သော ကျော်ဒင်။ မအိမ်ကံတို့မိသားစုအပေါ် အညှိုးရှိခဲ့သော ကျော်ဒင်။ မအိမ်ကံစိတ်ထဲမှာ ပုံရိပ်ဟောင်းတွေက စီကာစဉ်ကာ ပေါ်လျက်ရှိ၏။ အခုတော့ ထိုကျော်ဒင် အမှတ်မထင် ဆိုက်ဆိုက်ကြီး ရောက်လာပြန်ပါပကော။

"ကျုပ် အခု တောထဲက ထွက်ပြေးလာသာ…ပြောရရင် ဆရာလေး ကိုပြေသိမ်းတို့နဲ့ အတူတူပဲ…ကျုပ်ပြုခဲ့သဲ့ အကုသိုလ်တွေကတော့ နောက်ဘဝကျမှ ခံရုံပေါ့ဗျာ… ဂျပန်ခေတ်တစ်လျှောက်လုံး ကြီးတော်စံရွှေနဲ့ပေါင်းပြီး စီးပွားရှာခဲ့သယ်…ကျုပ်တို့ လူမျိုးချင်း ဆိုးခဲ့သာထား…ကိုယ့်ရွာသူရွာသားချင်းအပေါ်မှာတောင် ကျုပ် မကောင်းခဲ့ပါဘူး…"

"အင်းပေါ့လေ…လူဆိုသာ မှားတတ်ပါသယ်…အမှားမြင်တော့လည်း ပြင်ကြရုံပေါ့…မအိမ်ကံကတော့ ရှင့်ကို ခေါင်းထဲတောင် မရှိတော့ပါဘူး…ရှင်သေပြီဆိုသဲ့သတင်း ရွာရောက်လာတော့ မှန်သာပြောရရင် သည်လိုပဲ ရှိရမှာပေါ့လို့တောင် တွေးမိသယ်…"

"အေးပေါ့ဗျာ…သည်လိုပဲ ရှိကြပါလိမ့်မယ်…ကျုပ်ကြောင့် ဥစ္စာပျက်စီး လူပျက်စီးတွေ ရှိခဲ့တော့ ကျုပ်လည်း နယ်ကျဉ်းသွားခဲ့သယ်…နောက်တော့ ကျုပ်လည်း တောခိုလိုက်သယ်…ကြီးတော်စံရွှေကြီးက ကျုပ်ကြောင့် ပိုချမ်းသာသာတောင် နောက်ပိုင်း ကျုပ်ကို ဂျပန်နဲ့ လှည့်တိုက်လို့ သွားတွေတောင် ကျွတ်ခဲ့ရသယ်…သည်မှာတင် ကျုပ်နောင်တရလိုက်သာပဲ…မအိမ်ကံအပေါ်မှာလည်း သူ အခဲမကျေဘူး မအိမ်ကံရဲ့…"

"ကျွန်မသိပါသယ် ကိုကျော်ဒင်ရယ်…ထားပါတော့…အခုက ဘာအကြောင်းများပါလိမ့်…"

ကိုကျော်ဒင် ရောက်လာပုံ ထူးသဖြင့် မအိမ်ကံက ပြောင်ဖွင့်မေးလိုက်သည်။ သူလည်း တောထဲရောက်သွားပြီဆိုတော့ ကိုပြေသိမ်းက လွှတ်လိုက်တာပဲ ဖြစ်ရမည်။ သည်လိုအချိန်မှာ ကိုပြေသိမ်းထံက ကောင်းသတင်းလည်း မကြားချင်၊ ဆိုးသတင်းလည်း မကြားချင်။ ကိုပြေသိမ်း လူကိုယ်တိုင် ကိုယ်ထင်ပြလာမှာကိုပဲ မျှော်လင့်သည်။ လူလုံးမှ လာမပြနိုင်လျှင် ဘဝနှစ်ခုခြားနေကြရမှတော့ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။

"ဆရာလေးအကြောင်းပဲ မအိမ်ကံ…ကျုပ်ကို ဘယ်သူကမှ သတင်းပေးလွှတ်လိုက်သာ မဟုတ်ပါဘူး…ဒါပေသိ ကျုပ် ရွာကိုရောက်အောင် သွားမယ်…ဖြစ်အောင်ပြောမယ်ဆိုပြီး လာခဲ့သာပဲ…အန္တရာယ်ကြီးပါသယ်ဗျာ…မပြောလို့ကလည်း မဖြစ်တော့…"

"ပြောပါ ကိုကျော်ဒင်…"

"ဆရာလေး တောထဲမှာ ကျသွားခဲ့ပြီ မအိမ်ကံ…တစ်လလောက်ရှိပြီ…ဖြစ်ပျက်ပုံတွေတော့ ထားပါတော့ဗျာ…စိတ်မချမ်းသာစရာတွေပါ…ကျုပ် ဒါကို လာပြောသာပဲ…ကျုပ်အမှားတွေကို မအိမ်ကံ ခွင့်သာလွှတ်တော့…"

မအိမ်ကံ မျက်လုံးတွေက နေရာမရွေ့စတမ်း ကြောင်ကြောင်ကြီးငေးလျက်ရှိ၏။ မျက်တောင်မခတ်၊ မျက်လုံးအိမ်မရွေ့၊ လူကလည်း တောင့်တောင့်ကြီး မတ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းလှချည့်လား။ သည်အိမ်ကြီးထဲက တစ်ဦးတည်းသော အဝေးရောက်နေသူ ကိုပင် ကံကြမ္မာက မညှာခဲ့ပါလား။ ကိုပြေသိမ်းအပေါ် နာတုန်းက နာခဲ့သော်လည်း တောထဲမှာ ကျဆုံးပြီဆိုတော့ ကြေကြေကွဲကွဲ ခံစားရပါ၏။ လင်သားရယ်လို့ ဘေးမှာ ငုတ်တုတ်မရှိသည့် တိုင် အဝေးမှာ ရှိနေသည်ဆိုသောစိတ်က ဖြေသာခဲ့သေးသည်။ မအိမ်မြိုင် မလိမ္မာခဲ့သည့်တိုင် မအိမ်ခိုင်အပေါ် မျှော်လင့်ချက်ရှိသေးသည်။ အခုတော့ ခိုင်ကလေးအတွက်ပါ မအိမ်ကံတို့မှာ လင်စုံမယားဖက် မဖြစ်နိုင်တော့ပြီ။ မိစုံဖစုံ မရှိရှာတော့ပြီ။

"မအိမ်ကံ…မအိမ်ကံ…"

"မအိမ်ကံ သတိရှိပါသယ် ကိုကျော်ဒင်…သည်လို သိရတော့ သူ့အတွက် မအိမ်ကံ ကုသိုလ်ကောင်းမှုပြုပြီး အမျှအတန်းဝေနိုင်သာပေါ့…ကျေးဇူးလည်း တင်ပါသယ်…ကိုင်း ပြန်ပါရော့ရှင်…ဘာများလိုအပ်သေးတုံး…"

"မလိုပါဘူး မအိမ်ကံ…ကျုပ်တာဝန်ကျေပါပြီ…လူသူတော်ကောင်းတစ်ယောက် ကျဆုံးခဲ့ပြီပေါ့ဗျာ…"

အမှုပွဲစား ကျော်ဒင်ပြန်သွားတော့ မအိမ်ကံ ကုလားထိုင်မှာပဲ ဆက်ထိုင်နေခဲ့သည်။ အိမ်မကြီးဘက်က သံစုံနာရီမြည်သံ နှစ်ချက်ကြားလိုက်ရသည်။ နေ့ခင်း နာရီပြန်နှစ်ချက်။ အလှူအိမ်ဆီက ကြေးနောင်သံက လွမ်းစရာကောင်းလှသည်။ ကနေ့ အဝေးဖိတ်။ မနက်ဖြန် အဖိတ်နေ့ အလှူဝင်။ သန်ဘက်ခါ အလှူကြီး။ မအိမ်ကံ မျက်စိထဲမှာ ကြိုးကြီးချိတ်အဖြူ ဝတ်ထားသော၊ ဥဿဖယား ကျောက်မျက်စုံ ဆင်ထားသော ကွမ်းတောင်ကိုင် မှုံနံ့သာကို မြင်ယောင်နေခဲ့သည်။ မအိမ်ကံ အံကို တင်းတင်းဖိကြိတ်လိုက်သည်။ သွားချင်းပွတ်သံကိုပင် ကြားလိုက်ရ၏။ ကျေးဥကို လှမ်းခေါ်လိုက်သည်။ ကျေးဥရောက်လာတော့ မအိမ်ကံဘေးမှာ ဝင်ထိုင်သည်။ မအိမ်ကံက အသံကိုထိန်းကာ တည်တည်ငြိမ်ငြိမ်ပဲ ပြောရှာ၏။

"ကိုကျော်ဒင်လာသာ သတင်းဆိုးပါလာသယ် ကျေးဥ…ညည်းဆရာလေး ကိုပြေသိမ်း တောထဲမှာ ကျသွားပြီသဲ့…ဆုံးရှာပြီပေါ့အေ…တစ်လလောက်တောင် ရှိပြီသဲ့…ကိုကျော်ဒင်က သည်သတင်းကို ငါ့ဆီရောက်အောင် လာပို့သာလေ…ညည်း ဆရာလေးအတွက် ကုသိုလ်ကောင်းမှု ပြုရမှာပေါ့…ညည်းပဲစီစဉ်ပါ သူငယ်ချင်း ရယ်…"

ကျေးဥမျက်နှာလေး ညှိုးချုန်းသွားရာက အသံမထွက်ဘဲ မျက်ရည်တွေတွေကျလာခဲ့ သည်။ စကားတစ်ခွန်းမှ မပြောဘဲ မအိမ်ကံကိုသာ ကြည့်နေလိုက်သည်။ ကျေးဥမှာ ပြောစရာ စကား မရှိတော့။ နှစ်သိမ့်စရာစကား မကျန်တော့။ မအိမ်ကံ ပြောမည့်စကားကိုသာ စောင့်စား နေခဲ့ပါ၏။ မအိမ်ကံကတော့ တည်ငြိမ်လွန်းလှသည်။ မအိမ်ကံ မျက်ရည်တစ်စက်မကျတာကို ကျေးဥ အံ့သြရသည်။ တကယ်ဆို မအိမ်ကံ ဆောက်တည်ရာမရ ဖြစ်ဖို့ကောင်းသည်။ ရင်တွေ ပေါက်ထွက်သွားအောင် ဟစ်ငိုပစ်လိုက်ဖို့ ကောင်းသည်။ အခုလို အေးစက်ထုံကျင် တည်ငြိမ် နေတာမျိုး ကျေးဥမကြိုက်။ မကြိုက်ဆိုတာထက် ကြောက်ဖို့ကောင်းသည်ဆိုလျှင် ပိုမှန်ပါ လိမ့်မည်။



"သည်အိုး သည်အိမ်ဟာ ငါ့အိုး ငါ့အိမ်လို့တောင် ပြောဖို့ခက်ပြီကော ကျေးဥရယ်…ဘဝတွေများ ကြောက်စရာကောင်းချက်တော့အေ…သြော် ကြီးတော်စံရွှေ…ကြီးတော် စံရွှေ…မနက်ဖြန် သူ့မြေး မှုံနံ့သာ ကွမ်းတောင်ကိုင်ရတော့မယ်…ငါ့မှာတော့ တွေးသော်လည်း မဟန်…ကြံသော်လည်း မထိုက်…သူတို့မှာသာ ဖုတ်သွင်းရထား ဆိုက်ရသဲ့ကိန်းပါလားအေ…"

"တရားနဲ့ဖြေပါ မအိမ်ကံရယ်…ငါလည်း မချိတော့ပါဘူး…ဖြစ်လာမှတော့ ရင်စည်း ခံကြရုံပေါ့…သည့်ထက်ဆိုးစရာလည်း မရှိတော့ပါဘူးအေ…ညည်းမှာ အစ်ကိုရှိသယ် …သမီးတွေရှိသယ်…သည်စည်းစိမ်တွေ ထုခွဲပြီး ညည်း ရန်ကုန်လိုက်သွားစေချင် သာပဲ…တို့တော့ မငဲ့ပါနဲ့အေ…တို့က တောမှာ နေတတ် စားတတ်ပါသယ်…" မအိမ်ကံက တစ်ချက်ပြုံးလိုက်သည်။ နာကျည်းခွေးမြေ့သောအပြုံး။

"ငါ ထွက်မပြေးဘူး ကျေးဥ…ရှုံးကြက်အဖြစ်မခံဘူး…ငါနိုင်ရမှာပေါ့…ကွမ်းတောင် ကိုင်ဖြစ်ရဖို့ ငါကိုယ်တိုင် အနှစ်နှစ်ဆယ် စောင့်ခဲ့ရသယ်…မဖြစ်ခဲ့ဘူး…မအိမ်မြိုင် ကွမ်းတောင်ကိုင်ဖို့ အနှစ်နှစ်ဆယ်လောက် စောင့်ခဲ့ရသယ်…မဖြစ်ပြန်ဘူး…တကယ် တော့ ဘာမှမဟုတ်ပါဘူးအေ…လူတွေကုန်မှ ငါ နောင်တရခဲ့ပါပြီ"

"အေးပါအေ…သည်စကားကြားရသာ ငါ စိတ်ချမ်းသာပါသယ်…"

"ညည်းမှတ်မိသေးလား ကျေးဥ…မမစိမ်းမြရဲ့အဖြစ်ကိုလေ…သူ ကွမ်းတောင်ကိုင်ရ မယ့်ညမှာ ရွာ စားပြဝင်တိုက်ရာက လူတစ်ယောက် သေနတ်မှန်လို့ သေရသယ်…ရွာမှာ နာရေးပေါ်တော့ သာရေးက နောက်ဆုတ်ပေးခဲ့ရသယ်…သူ့ဟာသူ နာရေး ပေါ်သဲ့ကိစ္စမှာ မဆီမဆိုင် မမစိမ်းမြက ကွမ်းတောင်ကိုင်လာဘ်ဦး လွဲခဲ့ရရှာသယ်…ကွမ်းတောင်ကိုင် ရကာနီးမှ လက်ထဲက ပြုတ်ကျခဲ့ရသာများ…ငါ တစ်သက်မမေ့ ဘူး…"

"ဒါတွေ တွေးမနေပါနဲ့တော့ သူငယ်ချင်းရယ်…ညည်း ကျန်းမာအောင်နေပါ…"

"အေး အေး…သွားတော့…ငါ သည်ပဲမှော်တိုက်နားမှာပဲ တစ်မှေးအိပ်လိုက်စမ်းပါရ စီ…ညည်းလုပ်စရာရှိတာသာ သွားလုပ်တော့နော်…"

နောက်ဆုံးတော့ မအိမ်ကံစကားတွေက နူးညံ့ပျော့ပျောင်းလို့နေသည်။ ကျေးဥ ကုလားထိုင်က ထလာခဲ့သည်။ မအိမ်ကံ ခုတလော သည်ကုလားထိုင်ပေါင်းနှစ်လုံးမှာ နာရီ နှင့်ချီကာ ထိုင်လေ့ရှိသည်။ တလောက ဖျားခဲ့ပြီးပြီ။ စိတ်ထောင်းရသည့်ကြားထဲ ကိုယ်မကျန်း မာမှာကို ကျေးဥ စိုးရိမ်သည်။ ကျေးဇူးရှင် သူငယ်ချင်းမအပေါ် တစ်ခုပြီးတစ်ခု ကျရောက် လာသော အကုသိုလ်တွေ သည်မှာတင် ရပ်စေချင်ပြီ။ ရှင်ကွဲ ကွဲခဲ့ရသော လင်သားခမျာ သေကွဲပါ ကွဲခဲ့ရပြီ။ ဖအေဆုံးတာကို မအိမ်မြိုင် သိစရာမရှိ။ မအိမ်ခိုင်လည်း သိဦးမှာမဟုတ်။ မအိမ်ကံကွယ်ရာ အိမ်မကြီးဆီရောက်တော့ တင်းဆည်ထားရသမျှစိတ်ကို ကျေးဥ လွှတ်ပစ်လိုက် သည်။ ကြမ်းပြင်မှာ လူးလိမ့်ပြီး အားရအောင် ငိုသည်။ မျက်ရည်မကျန်တော့လောက်အောင် ငိုပြီးမှ ကျေးဥ ထလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျေးဥက နွားစာကျွေးသည်။ ရေ သုံး,လေးခေါက် ပြေးခပ်လိုက်သေးသည်။ အပြန် ဟင်းအိုးတွေ နွှေးသည်။ အဖေဖိုးငွေနှင့် မြေးနှစ်ယောက်က ဘုန်းကြီးကျောင်းက အခေါ်လွှတ်သဖြင့် သွားကြသည်။ ခင်ပွန်းသည် ကိုဖိုးတုတ်နှင့် ဖိုးကူး ညီအစ်ကိုကတော့ အခင်းထဲမှာပဲ ရှိကြဦးမည်။ ထန်းကုလားထိုင်တွေဘက်ကို ကူးလာတော့ မအိမ်ကံ မရှိ။ ဘယ်များရောက်သွားပါလိမ့်။ အိမ်မကြီးဘက် ကူးလာတာတော့ မမြင်။ မအိမ်ကံ အိမ်မကြီးပေါ် မနေတာကြာပြီ။ အိမ်မကြီးက အခန်းတွေလွတ်နေတာကို မကြည့်ရက်နိုင်တာလည်း ပါလိမ့်မည်။ ကျေးဥက အိမ်ဝိုင်းအနှံ့ ဟိုဟိုသည်သည် လျှောက်ကြည့်သည်။ မအိမ်ကံ အရိပ်အယောင်ပင် မတွေ့။ ပဲမှော်တိုက် လှေကားရင်းမှာ ဖိနပ်ကလေး ချွတ်ထားတာ တွေ့လိုက်ရသည်။

ပဲမှော်တိုက်ပေါ်မှာ တကယ်တော့ လှဲစရာ လျောင်းစရာ နေရာမရှိ။ ပြောင်းရိုးခြောက်နှင့် ပဲရိုးကြေတွေသာ ရှိသည်။ သံစုံနာရီကြီး လေးချက်ထိုးသံနှင့်အတူ ပဲမှော်တိုက်လှေကားကတစ်ဆင့် ပဲမှော်တိုက်ပေါ် ကျေးဥ တက်လာခဲ့သည်။ လှေကားခုံပေါ် ရောက်ပြီဆိုသည်နှင့် မအိမ်ကံက ကျေးဥကို မျက်တောင်မခတ်စတမ်း လှမ်းကြည့်နေသည်။ ပြူးအစ်နေသော မျက်လုံးများဖြင့် ကြည့်နေခြင်းဖြစ်၏။ တင်းတောင့်နေသော နွားချည်လျှော်ကြိုးရှည်တစ်ချောင်းပေါ်မှာ ချိန်သီးလို ချာချာလည်နေသည့် မအိမ်ကံ။

"မအိမ်ကံရေ…အံမယ်လေး…လာကြပါဦး…လာကြပါဦးတော်…အံမယ်လေး…"

အာခေါင်ခြစ်အော်လိုက်သော ကျေးဥအော်သံက ချောက်ချားစရာကောင်းလှသည်။ မအိမ်ကံ၏ခန္ဓာကိုယ်ကြီးက တစ်ဖက်ကို လည်သွားချိန်မှာတော့ လှေကားခြေရင်းကို ကျေးဥ ခုန်ဆင်းမိခဲ့ပြီ။ ကြားသမျှသောလူတွေ ပဲမှော်တိုက်ရှိရာ ဝိုင်းတိုက်ထဲကို အပြေးရောက်လာကြလေ၏။

ဤသို့ဖြင့် နောက်တစ်ရက် အဖိတ်နေ့တွင် အားကြီးအားမောင်း ကျင်းပရန် အရက် ရက် အလလ ကတည်းက ရွာလုံးကျွတ် သိုင်းခဲ့ဝိုင်းခဲ့ကြသော အလှူပွဲကြီး ပျက်ခဲ့လေပြီ။ အလှူပွဲ ပျက်ခဲ့သကဲ့သို့ ကြိုးကြိုးချိတ်အဖြူ ဥဿဖယား ကျောက်အစုံဖြင့် လှပတင့်တယ်စွာ ဖက်စိမ်းကွမ်းတောင်ကိုင်ရမည့် မှုန့်သာသည်လည်း ကွမ်းတောင်ကိုင်လာဘ်ဦး လွဲခဲ့ရလေသည်။ ■

(၃၆)

၁၃၃၈ ခုနှစ်၊ တပို့တွဲလပြည့်နေ့…။

ဘုန်းကြီးကျောင်း အုတ်လှေကားကြီးပေါ်က အဆင်း အုတ်ခုံခြေတွင် ချွတ်ထားခဲ့သော ကွင်းထိုးခုံဖိနပ်ဟောင်းကို ငုံ့ကောက်ရင်း ဆွမ်းချိုင့်တစ်ဖက် ခုံဖိနပ်တစ်ဖက် တစ်ဖက်စီကိုင်ကာ နတ်လမ်းရိပ်ကို အရီးကျေးဥ ဝင်လာခဲ့သည်။ နတ်လမ်းကြီးက ရှည်လျားလှသည်။ တစ်ဖြောင့်တည်းတော့မဟုတ်။ ခပ်ဝေးဝေးမှာ တချိုးကွေ့သွားသော အဆစ်ကွေ့တစ်ကွေ့ရှိသည်။ ထိုနေရာမှာ စေတီဟောင်းကလေးရှိ၍ ကြီးမားလှသော မဏိသြဃပင်ကြီးတစ်ပင်ရှိသည်။ မဏိသြဃပင် အရိပ်က ကောင်းလှသဖြင့် အရီးကျေးဥ တစ်ထောက်နားရန် စိတ်ကူးကာ နတ်လမ်းအတိုင်း ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ အသက်ငါးဆယ်ကျော်လို့ ခြောက်ဆယ်တွင်း ဝင်လာတော့ မျက်လုံးကလည်း ဝေချင်ပြီ။ နားကလည်း ထွေချင်ပြီ။ အရွယ်နှင့်မလိုက်အောင် ဖြူဖွေးလှသော ဆံပင်တွေကတော့ သူ့အပူ ကိုယ့်အပူလုပ်ခဲ့ရသော ဘဝဒဏ်တွေပင် ဖြစ်လိမ့်မည်။

"ရှင်ကျေးဥ…ဆွမ်းလာပို့သာလား…"

"ဟုတ်ပါ့…ကနေ့ တပို့တွဲလပြည့်လေ…ရှင်အိမ်ကံဆုံးသာ ဆယ့်နှစ်နှစ်ရှိပြီ…ကျုပ်သူငယ်ချင်း ကျေးဖူးရှင်မကြီးအဖို့ရာ ဆွမ်းကလေးတစ်စလောင်းလှူနေကျကိုး… ဘယ်တုံး…ကျောင်းပဲလား…"

"ကျောင်းပါပဲ…ဆရာတော် ရှိကဲ့လား…"

"ရှိပါ့…ခုပဲ ကျုပ်နဲ့ စကားပြောခဲ့သေးသယ်"

နတ်လမ်းထဲမှာ တွေ့ကြသူ ရွယ်တူတွေက နှုတ်ဆက်ကြခြင်းဖြစ်သည်။ သည်အိမ်ကြီးမှာ လူတွေ ဆုံးပါးခဲ့ကြပြီ။ ဘိုးသာထန် ဆုံးခဲ့သည်။ ကြီးပန်းရုံ ဆုံးခဲ့ပြီ။ အရီးလှအုံ ဆုံးခဲ့ပြီ။ ကိုဖိုးငွေ ဆုံးခဲ့ပြီ။ ကိုဖိုးငွေကတော့ သည်ဆယ့်နှစ်နှစ်အတွင်း လူကြီးရောဂါနှင့် ဆုံးခဲ့ခြင်းဖြစ်၏။ ဘယ်သူ့အတွက်မှ နှစ်စဉ် ဆွမ်းရယ်လို့ မှတ်မှတ်ရရ မပို့ဖြစ်သော်လည်း မအိမ်ကံအတွက်တော့ သည်ရက်ရောက်တိုင်း ဝတ်မပျက် ဆွမ်းလှူခဲ့သည်ပင် ဆယ့်နှစ်နှစ်ရှိခဲ့ပြီ။ ပဲမှော်တိုက်ပေါ်မှာ ဘဝဆုံးခဲ့ရှာသူဆိုတော့ အသနားပိုရတာပါပါ၏။ ကံကုန်သက်ဆေ့မီးစာကုန် ဆီခန်း ဆုံးပါးရရှာသူ မဟုတ်တော့ ရှိခဲ့သမျှ အစွဲအလမ်းတွေကြောင့် မကျွတ်မလွတ်မှာ စိုးတာလည်း ပါပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

"ရှင်အိမ်ကံရယ်...ညည်းကိုရည်စူးပြီး အမျှအတန်းများ ဆဲပါသယ်...ဆွမ်းလှူခဲ့ပါသယ်...ညည်း မကျွတ်မလွတ်သေးရင်လည်း သာဓုခေါ်နိုင်ပါစီ...လွတ်ပါ ကျွတ်ပါစီ...ညည်းလုပ်ချင်သာ ညည်းလုပ်ခဲ့သာပဲလေ...တလျှောက်မှာ ညည်းစိတ်ချမ်းသာနေမှာလို့လည်း ငါတွက်ပါသယ်...ညည်းကို မျက်စိအောက်က အပျောက်မခံဘဲ တစ်လျှောက်လုံး စောင့်ရှောက်ခဲ့သာပါအေ...တအောင့်ကလေး ငါ့သတိလက်လွတ် ဖြစ်ရချိန်ကလေးမှာ ညည်း အရုပ်ဆိုးအောင် လုပ်သွားခဲ့သာကို ငါ ဖြေမဆည်နိုင်ဘူး...သူငယ်ချင်းမကြီး ကောင်းရာမွန်ရာ ဘဝမခြား ရောက်နိုင်ပါစီ..."

အရီးကျေးဥစိတ်ထဲမှာ စကားတွေ ပြည့်လျှံနေသည်။ နှစ်ကို သည်ရက်ကိုရောက်တိုင်း အရာအားလုံး အသစ်ဖြစ်ရမြဲပင်။ ဟိုတုန်းကတော့ သည်အိမ်ကြီးမှာ အဝေးဧည့်တွေ တရုန်းရုန်း။ ဝိုင်းထဲမှာ အဝေးဧည့်တွေ ချွတ်ထားတတ်သော လှည်းဆက် မပြတ်။ တစ်နယ်လုံးက သေနတ်ဆုရ ဓောင်ချမ်းကုန်းသူဌေးကြီး ဦးသာထန်ဆိုသည်နှင့် မီးမသေ အနောက် ချစ်ကြောက်ရိုသေရှိခဲ့ကြသည်။

သူကြီးကတော် မပန်းရုံကျတော့လည်း မာန်မာနမရှိလို့ ချစ်ခင်ကြသည်။ ရိုးဖြောင့်လို့ လေးစားကြသည်။ သူကြီးသမီး မအိမ်ကံကတော့ ထူးထူးခြားခြား ထူးလွန်းသောရုပ်ရည်ကြောင့် နယ်လုံးပေါက် ရွာလုံးပေါက် ကျော်ကြားခဲ့ပါ၏။ ရုပ်ရည်ချောအသလောက် စိတ်နှလုံး တည်ကြည်သည်။ အကျင့်စာရိတ္တကောင်းသည်။ သူတစ်ပါးအပေါ် ရက်ရောပေးကမ်းရှိသည်။ စွန့်ကြဲရာတွင် လက်ဖွာသူဖြစ်သည်။ မအိမ်ကံ ထမင်းလုတ်ကို စားခဲ့ကြသူတွေချည်းဖြစ်သည်။ အဖိုးတန်ကျောက်မျက်တိုင်း အနာအဆာကလေး တစ်ချက်ပါတတ်သလို၊ မအိမ်ကံတွင်လည်း အနာအဆာကလေးတစ်ချက် ပါသည်ဟုဆိုလျှင် ထိုအနာအဆာသည် ကွမ်းတောင်ကိုင်ဘဝကို အလွန်အမင်း တပ်မက်ခဲ့ခြင်းကိုသာ ပြရလိမ့်မည်။ သည်တစ်ချက်ကိုတော့ သိကြားမင်းဖျက်တောင် ပျက်နိုင်လိမ့်မည် မထင်။

မအိမ်ကံကိုယ်တိုင်အဖို့ရာ အနှစ်နှစ်ဆယ်လုံးလုံး မျှော်လင့်ခဲ့ရသည့်နည်းတူ သမီးကြီး မအိမ်မြိုင်အတွက် အနှစ်နှစ်ဆယ်တင်းတင်း စောင့်စားခဲ့သည်။ သည့်အနှစ်လေးဆယ်လုံး ကုသိုလ်တစ်ပိသာ၊ ငရဲ တစ်ရွေးသားဆိုသလို ထိုအစွဲတစ်ရွေးသားကို မစွန့်နိုင်ခဲ့တာလည်း ထူးဆန်းလှပါ၏။ တကယ်တန်း စွန့်ခွာသွားခဲ့တာက ရခဲလှသော လူ့ဘဝ အသက်တစ်ချောင်းသာဖြစ်၏။ မအိမ်ကံ ဆုံးကာနီးကလေးမှာပင် ကွမ်းတောင်ကိုင်ထားပြီး လွဲခဲ့ဖူးသော မမစိမ်းမြအကြောင်း ပြောသွားခဲ့သည်။ အလှူအတန်း လှည့်မည့်ရက်မှာ ရွာထဲ နာရေးပေါ်လျှင် အလှူပွဲပျက်သည်။ နောက်ဆုတ်ပေးရသည်။ ရွာက ရွေးချယ်ထားသော ကွမ်းတောင်ကိုင်ခများလည်း လာဘ်ဦးလွဲရ တော့သည်။ ကွမ်းတောင်ကိုင်အဖြစ်ကို ဖယ်ပေးရသည်။ မင်္ဂလာမရှိခြင်းနှင့် ကြုံကြိုက်ရသည့် မိန်းကလေးအဖြစ် သတ်မှတ်ခံရကာ ကွမ်းတောင်ကိုင်သစ် ရွေးကြရသည်။

ရွှေမှုံ့သမီး မှုန့်သာကို ကွမ်းတောင်ကိုင် ရွေးလိုက်ကြပြီဆိုကတည်းက မအိမ်ကံမှာ စိတ်ကူးဆန်းတွေ ရှိနေခဲ့ပုံရ၏။ နောက်ဆုံး ကိုယ့်အသက်နှင့်ရင်းကာ ရက်ရက်စက်စက် ပြုမူသွားခဲ့သည်အထိ တည်တည်ငြိမ်ငြိမ် ဆုံးဖြတ်ခဲ့သည်။ သို့သော် အိမ်ကံ ဣန္ဒြေကောင်းလွန်းလှသည်။ အေးဆေးလွန်းလှသည်။ အရာအားလုံးကို စွန့်ခွာရတော့မည့်အချိန်ကလေးမှာပင်



ညင်သာလွန်းလှသည်။ ကျေးဥပင် မရိပ်စားမိခဲ့။ သည်လောက် အကျည်းတန်အောင် လုပ်လိမ့်မည်မထင်ခဲ့။ နွားချည်ကြိုးတစ်ချောင်းကပဲ မအိမ်ကံကို ဘဝခြားစေခဲ့သည်။ မအိမ်ကံ အလောင်းကို တွေ့ရသူတိုင်းက အံ့သြကြသည်။ မျက်လုံးတွေ ပြူးအစ်နေသော်လည်း မျက်နှာက ပြုံးနေတာကို အံ့သြကြခြင်းဖြစ်သည်။ နောက်ဆုံးအချိန်ကလေးမှာ သူနိုင်ခဲ့ပြီဆိုသည့် အပြုံးဆိုတာ ကျေးဥက သူတကာထက် ပိုသိပါ၏။ တကယ်တော့ မအိမ်ကံ နိုင်ခဲ့ခြင်းမဟုတ်။ အရှုံးကြီးရှုံးခဲ့ခြင်းသာဖြစ်သည်။ စောစောကပဲ ကျောင်းပေါ်မှာ ဆရာတော်က မိန့်ခဲ့သေးသည်။

"ဒကာမကြီး မအိမ်ကံခမျာ ဘဝတစ်လျှောက်လုံး သဒ္ဓါတရားကြီးခဲ့သူဖြစ်သော်လည်းပဲ အဘိဇ္ဈာတည်းဟူသော မတရားသဖြင့် ကြံစည်မှုကလေးကြောင့် ဘဝဇာတ်သိမ်း အကျည်းတန်ရရှာသူ ဖြစ်ခဲ့ရသယ်...လူတွေဟာ ကာမဂုဏ် အာရုံတွေမှာ စွဲလမ်းသယ်...ဘဝမှာ စွဲလမ်းသယ်...ဘဝပျက်သောအယူမှာ စွဲလမ်းကြသယ်...ဒါကြောင့်ပဲ သူ့မှာ ဥပစ္ဆေဒက မရဏခေါ်သဲ့ သက်တမ်းမကုန် ကံစွမ်းမကုန် နှစ်ပါးစုံပါလျက်ကနဲ့ ကပ်၍ဖြတ်တတ်သော ကံကြောင့် ဘဝနစ်မွန်းရရှာသယ်...အဲဒါကို ဘယ်အရာက ဖြစ်စေသာလည်းဆိုတော့ ဗျာပါဒ, ပျက်စီးစေလိုသောစိတ်...ဥဒ္ဓစ္စ ကုက္ကုစ္စ, စိတ်ရဲ့ မငြိမ်သက်ခြင်းက လွှမ်းမိုးသဲ့စိတ်ကြောင့် ဝိစိကိစ္ဆာ ဖြစ်ရသာ...ယုံမှားတွေးတောမိသာပေါ့...အဲသည်ယုံမှားတွေးတောခြင်းက အမှန်တရားကို သို့မဟုတ် ဖြစ်အပ်သဲ့တရားကို ဖုံးလွှမ်းပစ်လိုက်နိုင်သဲ့ အာနိသင်ရှိကြသယ်...ဒါဟာ အမှားပဲ...ပြင်းပြစွာစွဲလမ်းမှုတိုင်းဟာ ဥပါဒါန်ပဲ ဒကာမကြီး..."

"တပည့်တော်မအဖို့ရာတော့ အကြောင်းသိသူငယ်ချင်းကလည်း ဖြစ်ပြန်...ကျေးဇူးရှင်ကလည်း ဖြစ်ပြန်ဆိုတော့ တပည့်တော်မ သိသလောက်တော့ ဖျောင်းဖျပါသယ်ဘုရား...မအိမ်ကံက သည်တစ်ချက်ကိုတော့ မပြင်နိုင်ခဲ့ရှာပါဘူးဘုရား"

"ပြင်းစွာစွဲလမ်းမှုဟာ အားကြီးသောအကြောင်းကို ဒကာမကြီးရဲ့...ချေဖျက်ဖို့ခက်သယ်...မိမိကိုယ်ကိုယ်မိမိ ပင်ပန်းဆင်းရဲအောင် ညှင်းဆဲသာ ဘယ်သူကမှ လုပ်သာမဟုတ်ဘူး...ဒါကို နှလုံးသွင်းပါ ဒကာမကြီး..."

ဆရာတော်က တရားတော်နှင့် ငြိမ်းတော့လည်း စိတ်ကလေး ငြိမ်းရပါ၏။ မဏ္ဍပ်ဝင်းကြီးနားရောက်တော့ နတ်လမ်းက တစ်ကွေ့ကြီးဂျန်သေးသည်။ ဘုန်းကြီးကျောင်းရိပ်ကလွတ်ပြီဖြစ်သဖြင့် ကွင်းထိုးခုံဖိနပ်ဟောင်းကို ချစီးကာ အနီးက စေတီကလေးဘက် ဆက်လျှောက်လာခဲ့သည်။ စေတီကလေးနှင့်ကပ်လျက်မှာ ဇရပ်ဟောင်းကလေးရှိသည်။ ရေချမ်းစင်ကလေးရှိသည်။ ရီးကျေးဥ ဆွမ်းချိုင့်ချကာ ရေတစ်မှုတ် ခပ်သောက်သည်။ ဇရပ်ခြေမှာထိုင်ရင်း ခဏနားသည်။ ရေနံရောင်မည်းချိတ်နေသည့် နတ်လမ်းကိုကြည့်ရင်း ဆရာလေး ကိုပြေသိမ်းကို သတိရသည်။ သည်နတ်လမ်းအတိုင်း လျှောက်ရင်း မအိမ်ကံကို ချစ်ခွင့်တောင်းခဲ့တာ မဟုတ်လား။ ဓောင်ချမ်းကုန်းကို မြင်းတစ်စီးနှင့်ရောက်လာတတ်သော မြို့သား ကိုလူချောကို မအိမ်ကံ အင်မတန်ချစ်ရှာသည်။ ဆရာလေး ကိုပြေသိမ်းကလည်း မြို့ရပ်က ခွာကာ တောမှာနေခဲ့ရှာပါ၏။ တောမှာပဲ ကျောင်းဆရာလုပ်ရင်း မအိမ်ကံအပါးက မခွာဘဲရှိခဲ့သည်။ သည်အိမ်ကြီးက ထွက်ချင်တော့လည်း အပမှီသူတစ်ယောက်လို ကောက်ကာ ငင်ကာ ထွက်သွားတတ်ပြန်ပါ၏။ ဆရာလေး မရှိတော့သည့်ရက်တွေမှာ မအိမ်ကံ နေတတ်အောင်နေခဲ့တာကိုလည်း ရီးကျေးဥ

www.burmeseclassic.com

www.burmeseclassic.com

သတိရသည်။ စိတ်မချမ်းသာသော်လည်း စိတ်ချမ်းသာသလို နေခဲ့သည်။ သမီးနှစ်ယောက်ကို အရိပ်တကြည့်ကြည့် ရှိခဲ့ရှာသည်။ နောက်တော့ သမီးငယ်က မြို့ရောက်။ သမီးကြီးက ချစ်သူနောက် ကောက်ကောက်ပါ။ တောထဲက လင် ဆုံးပြီဆိုတော့ မအိမ်ကံခမျာ လေ့ပျက် ရေဝင်သလို အိုးဒယ်နစ် နစ်ရရှာသည်။ ဒါတွေ တွေးမိတော့လည်း ရီးကျေးဥ မျက်ရည်စမ်းစမ်း ကျရပြန်ပါ၏။

"ဟဲ့…ကျေးဥလားလို့…ညည်း ဘာလုပ်နေသာတုံး"

ရီးကျေးဥက ဇရပ်ရိပ်ထဲကနေ နတ်လမ်းဘက်ကို လှမ်းကြည့်သည်။ ရွယ်တူမိန်းမတစ်ယောက်။ မိန်းကလေးနှစ်ယောက် သုံးယောက်လည်း ပါသည်။ ဘယ်သူတွေများပါလိမ့်တော်…။ မျက်လုံးကို မှေးစင်းကာ အားယူကြည့်၏။ နောက်မှ အသံကျက်မိသွားသည်။

"ရွှေမှုံလား…အေး သူငယ်ချင်းရယ်…ကျောင်းကို ဆွမ်းလာပို့သာ…အရိပ်ကောင်းလို့ တအောင့်နားသာပါ…ညည်း ကျောင်းကိုလား…"

"အေး…ထမနဲ လာလှူသာ…ရော့ သမီးတို့ ကျောင်းကိုသွားနှင့်ကြ…အမေကြီး လိုက်ခဲ့မယ်…"

ရီးရွှေမှုံက ဇရပ်မှာ လာထိုင်သည်။ ဆံပင်တွေ ဖြူကာ မျက်ရစ်ကျိုးခြေတွေနှင့် ဇရာဘက်ကို ယိမ်းနေပြီဖြစ်သော တစ်ခါက ရွာ့ကွမ်းတောင်ကိုင် ရီးရွှေမှုံကို ရီးကျေးဥ တွေတွေငေးငေး ကြည့်နေမိပါ၏။ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တတ်ပလေ။ ပြောလို့သာပြောရ၊ ရွှေမှုံ သူငယ်ချင်းမနှင့် မတွေ့ရတာတောင် ကြာပြီ။ ရွှေမှုံ၊ ကျေးဥ၊ မအိမ်ကံတို့ဆိုတာက ရွယ်တူ မတိမ်းမယိမ်း သူငယ်ချင်းတွေ။ မအိမ်ကံတို့ အိမ်ကြီးကို ကျေးဥမရောက်ခင်ကပင် ရွှေမှုံတို့နှင့် တပူးတွဲတွဲရှိခဲ့သူ။ ရွှေမှုံ့မိဘများနှင့် ကျေးဥမိဘတွေကလည်း သူငယ်ချင်းမိတ်ဆွေတွေပင်။ ရွှေမှုံက ကြီးတော်စံရွှေ့သား သာအောင်နှင့် အိမ်ထောင်ကျတော့မှ အနေဝေးခဲ့ကြခြင်းဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အခုတော့လည်း အရီးကျေးဥ၊ အရီးရွှေမှုံ ဖြစ်ခဲ့ကြပြီ။

"ဆွမ်းလာပို့သာလား ကျေးဥ…ရီးကြာညွန့်အတွက်ထင်ပ…ရီးကြာညွန့်လည်း သတိရပ့ါအေ…ငါ့ယောက္ခမက ညည်းအမေဆို လက်ကသုံးတောင်ဝေး အောက်မေ့သာ…"

"အမေ့အတွက် မဟုတ်ပါဘူးအေ…ရှင်အိမ်ကံအတွက်ပါ…ခမျာ ဆုံးသာ ဆယ့်နှစ်နှစ် ရှိရှာပြီ…ကံကုန်သက်စေ့ မဟုတ်ရှာတော့ ကုသိုလ်ကလေး ဖက်ပေးနေသာပါ…"

"အင်း…ဟုတ်ပါရဲ့…မအိမ်ကံဆုံးသာတောင် ဆယ့်နှစ်နှစ်ရှိပြီနော်…မနေ့တစ်နေ့က လိုပါပဲအေ…ပြန်တွေးရင် အသစ်တွေဖြစ်ရသယ်…မအိမ်ကံက ဘာလို့ တို့တစ်တွေအပေါ် အညှိုးကြီးရရှာသာလဲဆိုသာ ငါနားမလည်နိုင်ဘူး…ငါ့ယောက္ခမများနဲ့ ဘာတွေဖြစ်ခဲ့သယ်ဆိုသာထား…ငါကတော့အေ…မအိမ်ကံအပေါ် မကောင်းစိတ်မရှိရိုး အမှန်ပါ…ငါ့သမီး မှုံနံ့သာကဆိုသာ မအိမ်မြိုင် ကွမ်းတောင်ကိုင်ဖြစ်မှ ရွာ မျက်နှာရမှာ အမေရဲ့လို့ ပြောရှာသာ…သူ့ကိုယ်သူ ကွမ်းတောင်ကိုင် ဖြစ်ရမယ်လို့လည်း မတွက်ခဲ့ရှာပါဘူး…ဘာပဲဖြစ်ဖြစ်ပါအေ…မအိမ်ကံ သည်လိုအဖြစ်ဆိုးရရှာသာကို ငါ တကယ်စိတ်မချမ်းသာခဲ့ရပါဘူး ကျေးဥရယ်…"



"အေးပါ ရွှေမှုံရယ်…ငါသိပါသယ်…ဖြစ်ခဲ့သာတွေလည်း ဖြစ်ခဲ့ပါပြီအေ…သည်အဖြစ်အပျက်တွေကို ငါအသိဆုံးပါ…မအိမ်ကံမှာ နာစရာတွေ ရှိသယ်ဆိုရင်တော့လည်း သေရှာပါပြီပေါ့အေ…မအိမ်ကံခမျာ လူတကာအပေါ်မှာ ကောင်းခဲ့ရှာသူပါ…သူ့စိတ်ကို သူ့မအေအရင်း ကြီးပန်းရုံတောင် ငါ့လောက်မသိပါဘူး…ခမျာ ကံဆိုးရှာလွန်းသယ်…မအိမ်ကံ ဆုံးကာနီးအထိ အကုသိုလ်တွေ ကုတ်ခွစီးနေခဲ့သာပါ…မနေ့တစ်နေ့ကလိုပဲလို့ ညည်းပြောသဲ့စကား မှန်လိုက်သာအေ…ငါ့မှာ အဲသည်အိမ်ကြီးမှာနေရသာဆိုတော့ မနက်မိုးလင်းသာနဲ့ ကိုယ်နဲ့မဆိုင်သဲ့နေရာ ရောက်နေရသလိုပါပဲ…အိမ်ကြီးရှင်တွေကို မနက်တိုင်း ငါ မေတ္တာပို့ပါရဲ့…သြော် အိမ်ကြီးရှင်တို့ မရှိကြတော့တဲ့ အိမ်ကြီးမှာ တို့သားအမိ သားအဖတစ်တွေက မြဲနေကြရသယ်…ငါ့စိတ်ထဲမတော့ မအိမ်ကံ ရှိနေသလိုပဲ…တစ်ခါတလေ ကျေးဥရေလို့ ခေါ်လိုက်သလား ထင်မိသေးသာ…သည်လိုစိတ်ဖြစ်ရတိုင်း ငါ့မှာ မျက်ရည်ကျရသယ်အေ…"

"အေးပေါ့အေ…ညည်းကို ညီအစ်မအရင်းလို ချစ်ခဲ့ရှာသာ ငါသိပါသယ်…ကိုင်းကိုင်း…ပြန်ရော့…ငါလည်း မြေးတွေနောက် လိုက်လိုက်ဦးမယ်…မနက်က ထမနဲထိုးဖြစ်သာနဲ့ ဆရာတော့်ကျောင်း ပို့ချေဦးမယ်ဆိုပြီး ထွက်လာသာ…ငါ့အိမ်လည်း ဝင်ပါထွက်ပါအေ…ငါလည်း တစ်ခေါက် လာပါဦးမယ်…လိုသာရှိတော့လည်း ပြောပါအေ…နော် ကျေးဥ…"

"အေးပါအေ…ပြောပ့ါမယ်…ကိုင်း သွားမနော…"

အရီးကျေးဥ ဇရပ်ရိပ်မှ နတ်လမ်းအတိုင်း လျှောက်လာခဲ့သည်။ နတ်လမ်းအကွေ့က တစ်ဆစ်ချိုးလိုက်သည့်အခါ ကိုပြေသိမ်း မအိမ်ကံကောင်းမှုဆိုသည့် နတ်လမ်းအခန်း ငါးခန်းစာ အလှူရှင်အမည်ကို မြင်နေရသည်။ နတ်လမ်းဟောင်းကို အသစ်ပြန်ပြင်ခဲ့စဉ်က လှူခဲ့သည့် ကောင်းမှုဖြစ်သည်။ အခုတော့ အလှူဒကာ ကိုပြေသိမ်းလည်း မရှိတော့ပြီ။ အလှူ့အမ မအိမ်ကံလည်း ဆုံးပါးခဲ့ပြီ။ သူတို့နှစ်ဦး၏ ကုသိုလ်ကောင်းမှုကတော့ ရှိနေဆဲ။ အေးမြသောအရိပ်ကို ပေးနေဆဲပင်။ အရီးကျေးဥ နှုတ်က တတွတ်တွတ် ရွတ်နေခဲ့ပါ၏။

"ရှင်အိမ်ကံရယ်…ညည်းကုသိုလ်တွေ မနည်းခဲ့ပေါင်အေ…သည်ကုသိုလ်အဖို့ကြောင့် နောင်ဘဝဆက်တိုင်းဆက်တိုင်း ဖက်စိမ်းကွမ်းတောင် ပွေ့နိုင်ပါစေတော်…"

■

၁၃၄၀ ပြည့်နှစ်၊ ကဆုန်လ၏ ရက်တစ်ရက်တွင်ဖြစ်သည်။

သည်နှစ်တော့ ဖောင်ချမ်းကုန်း တောင်သူတို့ မိုးရေရသည့်နှစ်ဖြစ်သည်။ သင်္ကြန်အခါ ရက်တွေပြီးကတည်းက မိုးဦးကောင်းခဲ့သည်။ အချို့ရက်တွေဆိုလျှင် မိုးများပင် စွေနေခဲ့ပါ၏။ အိမ်မှာ အရီးကျေးဥတစ်ယောက်တည်း ရှိနေခဲ့သည်။ မအိမ်ကံတို့အိမ်ကြီးမှာ ရီးကျေးဥတို့ မနေတာ ကြာပြီ။ မအိမ်ကံ ဆုံးကတည်းကဖြစ်သည်။ အိမ်ကြီးကို တံခါးတွေ အလုံပိတ်ကာ သည်အတိုင်းထားခဲ့ကြသဖြင့် လှမ်းကြည့်လိုက်တိုင်း အထီးကျန်နိုင်လွန်းလှသည်။

မအိမ်ကံဆုံးကာစနှစ်တွေတုန်းက အစ်ကိုမောင်မြတ်သာနှင့် မမစိမ်းမြတို့ တစ်နှစ်တစ်ခေါက်ဆိုသလို ရောက်လာတတ်ကြသည်။ ရီးကျေးဥတို့မိသားစုကို အိမ်ကြီးမှာ နေကြဖို့

www.burmeseclassic.com

www.burmeseclassic.com


ခွင့်ပြုရှာကြသည်။ နေစေချင်ကြသည်။ ထိုစဉ်က အဖေဦးဖိုးငွေ ရှိနေသေးတော့ အဖေဦးဖိုးငွေကပဲ ငြင်းဆန်ခဲ့သည်။ အိမ်ဝိုင်းတိုက်ထဲမှာပဲ သီးသန့်အိမ်ကလေးတစ်လုံး ဆောက်နေရန်သာ ခွင့်ပြုဖို့ တောင်းဆိုသည်။ နွားစားကျင်းနှင့် နွားတင်းကုပ်ကိုလည်း ရွှေ့လိုက်ကြသည်။ ဦးမြတ်သာက အိမ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ထားပါရန် တာဝန်ပေးခဲ့သည်။ ထန်းတောနှင့် ကိုင်းမြေယာ တော်တော်များများ ရောင်းချခဲ့သော်လည်း ရီးကျေးဥတို့သားအဖတစ်တွေ ပိုပိုလျှံလျှံ စားလောက်သည့် မြေအတော်များများကို တရားဝင် လွှဲပေးခဲ့သည်။ ဆရာလေး ကိုပြေသိမ်းတို့ဘက်က ဆွေမျိုးတွေကဆိုလျှင် အမြဲတမ်းလိုလို ပေးပေးကမ်းကမ်းဆိုတော့ ရီးကျေးဥတို့ မပူမပင် မကြောင့်မကြ နေရပါ၏။

အရီးကျေးဥသားကြီး ထွန်းပက ရွာမှာပဲ အိမ်ထောင်ကျသဖြင့် တစ်အိုးတစ်အိမ် ထူထောင်ပေးလိုက်ရပြီ။ အငယ်ကောင် ထွန်းရကတော့ အနောက်တန်းရွာသူနှင့် အိမ်ထောင်ကျသဖြင့် အနောက်တန်းရွာတွေဘက်မှာ။ တစ်ခါတစ်ခါ သားတွဲလောင်း၊ သမီးတွဲလောင်းနှင့် ရောက်လာတတ်ကြသော်လည်း များသောအားဖြင့် သည်ဝိုင်းထဲကို မရောက်လေ့ကြ။ ရီးကျေးဥက မြေးတွေကို လွမ်းလျှင်တော့ လူလွှတ်အခေါ်ခိုင်းတတ်သည်။ အေးငြိမ်ကတော့ အရီးကျေးဥတို့နှင့်ပင် နေသည်။ အေးငြိမ်ကပဲ ချက်ပြုတ်လျှော်ဖွပ် အိမ့်ဗာဟီရတွေမှာ လက်လွှဲရသည်။ အဖိုးအခရယ် မဟုတ်ဘဲ နှစ်ကုန်မှ ယာထွက် ကိုင်းထွက် သီးနှံပေးရသည်။ အေးငြိမ်ကိုယ်တိုင်ကလည်း အမိအဖ မဲ့ရှာသူကလေးဆိုတော့ ရီးကျေးဥကို မအေလို ချစ်ရှာသည်။ မအိမ်ကံ့ရှိစဉ်ကတည်းက ရက်ကန်းခတ်ရင်းက အိမ်ကြီးကို ရောက်လာခဲ့သူပင်။ အခုတော့ အေးငြိမ်သည်လည်း အိမ်ပါမိသားစု ဖြစ်ရပြီ။

"အေးငြိမ်…ညည်းဘကြီးတုတ်တော့ သည်မိုးနဲ့ဆိုရင် ပြန်မလာလောက်ဘူး… ကိုင်းထဲမှာပဲ ရှိမှာ…ထမင်းသွားပို့ချေအေ…မိုးသိပ်အေးရင် ပြန်ခဲ့လို့ပြော…"

"ဟုတ်ကဲ့ မမကျေး…မမကျေး ထမင်းစားတော့လေ…ကျုပ် ခူးထားခဲ့မယ်"

"မဆာသေးပေါင်အေ…ညည်းပြန်မှ စားပါ့မယ်"

"ကျုပ်က ရွာထဲ ဝင်ဦးမှာ…ဒွေးလေးတို့ဆီ မရောက်သာကြာလို့…ဘကြီးတုတ်ဆီ ထမင်းပို့ပြီးမှပါ…"

"အေး အေး…သွားလေ…ထမင်းတောင်းကို ဝါတာဖလူး အုပ်သွား…"

ဝါတာဖလူးဆိုတာ မိုးကာစကိုပြောမှန်း အေးငြိမ်သိသည်။ အေးငြိမ်ထွက်သွားတော့မှ အရီးကျေးဥ အဝတ်ဟောင်းထုပ်ကို မ,ယူလာကာ အိမ်ရှေ့ကပြင် အလင်းရောင်ကောင်းကောင်းမှာ ထိုင်သည်။ အပ်ချည်ကို အပ်ပေါက်ထိုးတော့မှ အေးငြိမ်ကိုမှ မထိုးခိုင်းလိုက်ရလေခြင်းလို့ တွေးမိသည်။ ရီးကျေးဥ တစ်ကြိမ် နှစ်ကြိမ် ကြိုးစားကြည့်သော်လည်း အဆင်မပြေ။ မိုးကလေး ဖွဲဖွဲဆိုတော့ တာလမ်းပေါ်မှာ လူသွားလူလာ မရှိ။ အိမ်ဘေး ဝိုင်းတိုက်က ငတာကို လှမ်းခေါ်ရန် စိတ်ကူးသည်။ မိုးဖျောက်ဖျောက်ထဲမှာ ကစားနေကြသည့်ကလေးတွေတော့ ရှိသည်။ ဘယ်သူ တွေမှန်းလည်း မသိ။ ရီးကျေးဥက အဝတ်ဟောင်းပုံထဲက အပြဲတွေကို အရင်ရွေးကာ သီးသန့်ဖယ်သည်။ လူစလူနများ တွေ့ရလေမလား ဝိုင်းဝကို မျှော်ကြည့်သည်။

ပဲမှော်တိုက်…။ ရီးကျေးဥမျက်စိက ပဲမှော်တိုက်ဆီ ရောက်သွားခဲ့သည်။ သည်နှစ် မိုးကောင်းပုံနှင့်ဆိုလျှင် ပဲမှော်တိုက်များ ပြိုရော့မလား တွေးမိလိုက်ခြင်းဖြစ်၏။ ပြီးခဲ့သည့် သုံးလေးနှစ်အတွင်း မိုးဦးမကောင်း မိုးလယ်ကောင်း၊ မိုးလယ်မကောင်း မိုးနှောင်းကောင်း ဆိုသလို မိုးတွေ ခါတိုင်းနှင့်မတူအောင် ရွာခဲ့လို့ပဲလားတော့မသိ၊ အလွန်ခိုင်ခဲ့လှသော ပဲမှော်တိုက်ကြီး ပြိုလုပြိုခြင် စောင်းကျသွားခဲ့သည်။ ပိုးထိုးရာ အနာတွေ၊ ကျောက်ပေါက်မ ထိုးနေသည့် ကျွန်းတိုင်တွေဆိုသော်လည်း တိုင်ကြီးတွေက ခိုင်လှပါ၏။ ထရံတွေကလည်း မဆွေး၊ ဆင့်တန်းယက်မတွေကလည်း လေး,နှစ်တွေချည်းဖြစ်၏။ သို့သော် မအိမ်ကံ့ ဆုံးပါးခဲ့သည့်နောက်ပိုင်း ထူးထူးဆန်းဆန်း တစ်ဖက်ယိုင်သွားခဲ့သည်။ အိမ်မကြီးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သော်ငြား လည်း ပဲမှော်တိုက်ကိုတော့ ပစ်ထားခဲ့ကြသည်။ ပဲမှော်တိုက်ကြီးဘက် လူမသွားဝံ့ကြတာပင် ကြာပြီ။ ရီးကျေးဥတို့ အိမ်နောက်ဖေးဘက်တွင် ပဲမှော်တိုက်သေးသေးတစ်လုံး ထပ်ဆောက်ခဲ့ကြသည်။

ပဲမှော်တိုက်အိုကြီးမှာ စောင်းရသည့်ကြားထဲ နွားချေးကျင်းဟောင်းက ထပေါက်ကြသော ဘူးနှင့်ဖရုံပင်ကြီးတွေက ပဲမှော်တိုက်ပေါ် ကုတ်ကပ်တွယ်တက်ကြရာက ပဲမှော်တိုက်ကိုပင် ဖုံးပစ်လိုက်ကြသည်။ အသီးတွေ အပွင့်တွေ ထွားထွားကျိုင်းကျိုင်း သီးကြပွင့်ကြသော်လည်း ဘယ်သူကမှ မခူးကြ။ နွယ်ရှင်တွေကလည်း တိုးလို့တွဲလောင်းကျလျက်။ နောက်တော့ ပဲမှော်တိုက် စောင်းသွားသည့်အတိုင်း နွယ်ရှင်တွေကပါ လိုက်စောင်းကြရာက ပဲမှော်တိုက်နှင့် နွယ်ပင်တို့အချင်းချင်း ထူပေးထားကြသကဲ့သို့ ရှိလာခဲ့သည်။ နွယ်ရှင်တွေ။ ဖုန်တွေ၊ ပင့်ကူမျှင်တွေ ထလုံးလိုက်ကာ မူလရုပ်သွင် မရှိတော့သော ပဲမှော်တိုက်ဘက်ကို မျက်စောင်းပင် ထိုးမကြည့်ဝံ့အောင် ရှိခဲ့ရသည်။

ဦးမြတ်သာ တစ်ခေါက်ရောက်လာတုန်းကတော့ ပဲမှော်တိုက်ကို ဖြိုဖို့ ခွင့်ပြုခဲ့သည်။ ဦးစံကောင်းနှင့် ရွာသားအချို့ကိုပင် ခေါ်ထားပြီးပြီ။ မနက်ဖြန် ပဲမှော်တိုက် ဖြိုတော့မည်ဆိုလျှင်ပဲ သည်ကနေ့လိုညမှာ ကျေးဥ အိပ်မက်မက်ခဲ့သည်။ အိပ်မက်ထဲမှာ မအိမ်ကံ့က ပဲမှော်တိုက်ပေါ်မှာ ဒါန်းစီးနေခြင်းဖြစ်သည်။ ပဲမှော်တိုက် ခေါင်တန်းဆီးက ကြိုးနှစ်ချောင်းချကာ ဒါန်းစီးနေသော မအိမ်ကံ့က ပဲမှော်တိုက်ပေါ်မှာ ငါနေသာ မဖြိုကြနဲ့နော်လို့ ပြောတာကို ကျေးဥ မှတ်မှတ်ထင်ထင် ရှိခဲ့သည်။ ကျေးဥ လန့်နိုးတော့ မိုးပင် မလင်းသေး။ မနက်မိုးလင်းတော့ အစ်ကိုမောင်မြတ်သာကို အိပ်မက်အကြောင်း ပြောပြဖြစ်ခဲ့သည်။ အစ်ကိုမောင်မြတ်သာခမျာ တစ်ချက်တွေသွားခဲ့ကာ ခေါ်ထားသည့်လူတွေကို ပြန်လွှတ်လိုက်ရတော့သည်။ ပဲမှော်တိုက်ကို မဖြိုဖြစ်တော့။

"ကျေးဥ…ပဲမှော်တိုက်ကို မဖြိုနဲ့…သည်အတိုင်းသာ ထားပါဟာ…သူ့ဟာသူ ပြိုတော့လည်း ပြိုရုံပေါ့…ငါမပြန်ခင် ဆွမ်းကျွေးချင်သယ်…ပဲမှော်တိုက်နားမှာ ပရိတ်တော် ရွတ်ဖတ်ပြီး အမျှအတန်းဝေမယ်…ငါ့နှမကလေး မကျွတ်ရှာဖူးနဲ့ တူပါရဲ့…ကိုစံကောင်းတို့နဲ့ တိုင်ပင်ပြီး စီစဉ်တော့…"

တကယ်လည်း ဆွမ်းကျွေး အမျှဝေခဲ့ကြသည်။ ပရိတ်တော် ရွတ်ဖတ်ကြသည်။ အမျှအတန်းဝေကြသည်။ သည့်နောက်တော့ ပဲမှော်တိုက်သည်လည်း နှစ်ပေါင်းများစွာ ငုတ်[illegible] စောင်းစောင်း ရှိနေခဲ့တော့သည်။ အိမ်မကြီးကတော့ အကောင်းပကတိ ရှိသည်ဆိုသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

လူသူမနေကြသဖြင့် ခြောက်ကပ်စွာ ထီးထီးကြီး တည်နေခဲ့သည်။ ဦးမြတ်သာတို့ ရောက်လာသည့်အခါတွင်လည်း သည်အိမ်ကြီးမှာ မတည်းကြပါ။ မမစိမ်းမြတို့အိမ် တည်းကြကာ လိုအပ်မှ ရောက်လာကြခြင်းဖြစ်သည်။ သည်ဘက်နှစ်တွေမှာတော့ အလာကြဲသွားကြပြီ။ ခိုင်ကလေးလည်း အိမ်ထောင်ရက်သား ကျသွားခဲ့ပြီ။

တစ်ခါက ပန်းမျိုးစုံလင်တို့ ပွင့်လန်းခဲ့ရာ အိမ်ဝိုင်းတိုက်ကြီးမှာ ခုတော့ ပန်းတွေလည်း မပွင့်ကြတော့ပြီ။ အပြုအပြင်ကင်းမဲ့နေကြသော သီးပင်စားပင်တွေကလည်း ဝေဝေဆာဆာ မရှိကြ။ မအိမ်ကံ လွင့်မျောသွားခြင်းနှင့်အတူ သစ်ပင်ပန်းပင်တို့သည်လည်း တမလွန်သို့ လွင့်မျောကြတော့မည့်ပမာ အရာရာသည် ဆုတ်ယုတ်လျော့ပါးနေကြလေပြီ။ ခြံထောင့်က ဆပ်သွားဖူးရုံကြီးဆိုလျှင် အလိုလို ပုတ်ရိကာ မျိုးတုံးသွားခဲ့သည်။ ဆပ်သွားဖူးရုံကြီးထဲမှာ ခေါင်းစိုက်ကာသေနေသော ငှက်မည်းကြီးတစ်ကောင်ကို တွေ့လိုက်ရသည့်နေ့က ကျေးဥပင် အော်ဂလီဆန်ခဲ့ရသည်။ တစ်ခြံလုံး အသက်မရှုနိုင်လောက်အောင် ပုပ်စော်တွေနံသဖြင့် ရှာကြ ဖွေကြရာက ငှက်မည်းအသေကောင်ကို တွေ့လိုက်ရခြင်းဖြစ်၏။ မအိမ်ကံရှိစဉ်က ပြောခဲ့ဖူးသော ငှက်မည်းကြီးဆိုတာကို သည်တော့မှ ရီးကျေးဥ လက်ခံခဲ့ရသည်။ ခမျာ ကြောက်မည်ဆိုကြောက်စရာ…။

မိုးမှုန်မှုန်ဖွဲဖွဲကျနေသည့် ကဆုန်လ ကောင်းကင်အောက်တွင် အိမ်ကြီးနှင့် ပဲမှော်တိုက်တို့ကို ရီးကျေးဥ ခပ်ဝါးဝါးလှမ်းမြင်နေရလေ၏။ မိုးရေစွတ်စွတ်မြင်ကွင်းတွေကို ရီးကျေးဥ လှမ်းကြည့်နေခိုက်မှာပင် ဝိုင်းဝဆီက လူရိပ်လိုလို မြင်လိုက်ရသည်။ မျက်လုံးတွေက မကောင်းတော့ ဝိုးဝိုးဝါးဝါး ထင်လိုက်ခြင်းသာဖြစ်၏။ ခေါ်သံလိုလို ကြားလိုက်ရတော့ အနားက ဝါးဖပ်ခမောက်ကို ဆောင်းကာ ထွက်လာခဲ့သည်။

မိန်းမသားနှစ်ယောက်…။

တစ်ယောက်က ကြီးကြီး။ တစ်ယောက်က အပျိုပေါက်။ မိုးရေထဲမှာ အကာမပါ၊ အဆောင်းမပါကြဘဲ စုံးမွှားမွှား ရပ်နေကြခြင်းဖြစ်သည်။ တံခါးအပြင်မှာ ရပ်နေကြသဖြင့် တိတိပပတော့ ရှင်းရှင်းကြီး မမြင်ရသေး။ ဇလီကွက်တွေကြားက မြင်ရခြင်းသာဖြစ်သည်။ ဘယ်သူတွေများပါလိမ့်…။ အနောက်တန်းရွာက ဧည့်တွေများလား…။

"ကျေးကျေး…"

နှစ်ပေါင်းများစွာကအသံ…။ အားမပါလှသော အသံပေသိ သည်အသံကို ရီးကျေးဥ မမေ့နိုင်ပါ။ ဝင်းတံခါးထိပ်နှစ်ချပ်ကို တွဲခတ်ထားသော သံကွင်းကို လှမ်းမ,ပြီး တံခါးနှစ်ချပ်ကို ဖွင့်လိုက်တော့ အသံရှင်က ရီးကျေးဥကို လှမ်းဖက်လိုက်သည်။ သည်အထိလည်း ရီးကျေးဥ မဝေခွဲနိုင်သေးသလို ကြောင်ကြောင်ကြီး ရပ်နေခဲ့သည်။ ကျေးကျေးတဲ့…။ ဒါဆိုရင် ဘယ်သူဖြစ်ရဦးမှာလဲ…။

"မြိုင်ကလေး…မအိမ်မြိုင်…ဟုတ်ကဲ့လား…"

"ဟုတ်ပါသယ် ကျေးကျေး…မအိမ်မြိုင်ပါရှင်…"

"ရော်…ဝင်ခဲ့လေ…မိုးတွေ ဖျိုးဖျိုးဖျောက်ဖျောက်နဲ့ကွယ်…လာ လာ…ဩော်…ဖြစ်မှဖြစ်ရပလေသယ်အေ…"

အိမ်မကြီးနှင့် ပဲမှော်တိုက်စောင်းစောင်းကို မအိမ်မြိုင်က တွေတွေကြီး ရပ်ကြည့်နေခဲ့သည်။ ရီးကျေးဥက လက်ကို ဆွဲကာခေါ်လာခဲ့ရ၏။ အပျိုပေါက်မိန်းကလေးကတော့ ဘာကိုမှ အရေးမထားသည့် မျက်နှာမူနှင့် အရာရာကို ကြိတ်ကြောင်တောင် လိုက်လံကြည့်ရှုနေသည်။ နှစ်ယောက်လာခဲ့ကြသော်လည်း ပါလာကြသည်က လွယ်အိတ်ကလေးတစ်လုံးမျှသာ။ သည်မှာနေကြမှာလား…၊ ခဏတစ်ဖြုတ်လား…၊ ပြန်ကြမှာလား…။

အိမ်ပေါ်ရောက်တော့ ရွာထွက်ဖျင်တဘက်တစ်ထည် လှမ်းပေးကာ ခေါင်းက ရေတွေ သုတ်စေသည်။ အဝတ်အစားလဲစေသည်။ ရေနွေးပူပူတစ်ခွက်စီ သောက်စေသည်။ သည်အထိ စကားမပြောဖြစ်ကြ။ ရီးကျေးဥကတော့ မအိမ်မြိုင် ရောက်လာခြင်းကို သာ အံ့ဩနေတော့သည်။ အဆုံးထားသော အဖိုးတန်ပစ္စည်းတစ်ခုကို ပြန်တွေ့လိုက်ရသကဲ့သို့ ရင်ထဲ ကတုန်ကယင်ကြီး ဖြစ်လို့နေ၏။ ဘယ်လိုကဘယ်လိုများ ရောက်လာတာပါလိမ့်။

အိမ်က ထွက်သွားသည့်နေ့ကတည်းက သည်ကနေ့မှ ပြန်ရောက်လာသော အိမ်ကြီးရှင်ဧည့်သည်။ မအိမ်မြိုင် မြင်းခြံကိုသွားသည့်နေ့က ဖိုးကူး လှည်းနှင့် လိုက်ပို့ခဲ့ပြီးအပြန်မှာတော့ သတင်းဆိုးသာ ပါလာခဲ့သည်။ ဆယ့်ငါးနှစ်တောင် ရှိပါပေါ့လား။ သည်ဆယ့်ငါးနှစ်အတွင်းမှာ အရာရာသည် ပြောင်းလဲခဲ့ကြပြီ။ ထွက်သွားတုန်းက မိန်းမချော မိန်းမလှ။ ရွာ့ကွမ်းတောင်ကိုင်စာရင်းပေါက်ခဲ့သူ ပပဝတီ မင်းသမီးကလေး။ ပြန်ရောက်လာတော့လည်း မနွမ်းမရေရှိလှချည်းလားအေ…။ သည်အိမ်ကြီးမှာ ဘာတွေဖြစ်လို့ ဘာတွေတော့ဖြင့် ပျက်ခဲ့ပြီဆိုတာကော ညည်းသိရဲ့လား။ ရီးကျေးဥက ခွမ်းခနဲ ကျကွဲသွားသော ဓာတ်ပုံတစ်ချပ်ကို သတိရလိုက်သည်။ မအိမ်ကံကိုယ်တိုင် အပေါ်ထပ်ဆီက နာနာကျည်းကျည်း ပစ်ချခွဲချေပစ်လိုက်သော ဓာတ်ပုံ…။ အခုတော့ လည်း မှန်စတွေလို တစ်စစီ ကြေခဲ့ကြပြီကောအေ…။

"သူကလေးက…"

"မြိုင့်သမီးလေ…မအိမ်စိုတဲ့…"

မအိမ်စို…။ မအိမ်ကံတုန်းကတော့ အိမ်ကြီးရဲ့ကံအဖြစ် မအိမ်ကံလို့ အမည်မှည့်ခဲ့ကြသည်။ သမီးနှစ်ယောက်ကျတော့ မအိမ်မြိုင်တဲ့…၊ မအိမ်ခိုင်တဲ့…။ အိမ်ကြီးအဖို့ရာတော့ မမြိုင်ခဲ့၊ မခိုင်ခဲ့ကြသူတွေ။ အခုလာပြန်ပြီလား…မအိမ်စို။ မအိမ်စို ရောက်လာတော့ အရာရာခြောက်ခန်းချိန်ဆိုက်ခဲ့ပြီ။ အတိတ်နိမိတ်နှင့်အတူ တစ်ကျော့ပြန် စိုပြေလန်းဆန်းပါစေတော့။

"ကျေးကျေး…မြိုင့်ကို စိတ်ဆိုးနေမှာပေါ့နော်…မြိုင် သည်ဘက်ကို ခြေဦးမလှည့်တော့ဘူးလို့ ဆုံးဖြတ်ထားပြီးသားပါ…သည်ရွာ သည်နေရာ သည်အိမ်ကြီးကို စိတ်ရင်းအတိုင်းဆိုရင် လာစရာ မရှိတော့ပါဘူး…မလာချင်တော့ပါဘူး…မြိုင့်အမှားတွေဟာ မြိုင်နဲ့အတူပဲ ရှိရမှာပါ…ဒါပေသိ မြိုင် အိမ်ကြီးကို နေ့စဉ်နဲ့အမျှ သတိရသယ်…အမေ့ကို နေ့စဉ်နဲ့အမျှ သတိရသယ်…ကျေးကျေးတို့…ညီမလေးခိုင်တို့ကို သတိရသယ်…အခုလည်း မြိုင် အိမ်ကြီးကို လာကြည့်သာပါ…သင်္ချိုင်းမှာ အမေ့ကို ကန်တော့ချင်လို့ လာခဲ့သာပါ…ကျေးကျေးကို ကန်တော့ချင်လို့ လာခဲ့သာပါ…"

မြိုင်က ပြောရင်း ငိုလေသည်။ ရီးကျေးဥကတော့ သူ့ရှေ့မှာ ငုတ်တုတ်ထိုင်နေကြသည့် သားအမိကိုပဲ ငေးနေခဲ့သည်။ မအိမ်မြိုင်ရဲ့အလှတွေ ဘယ်ရောက်ကုန်ပါလိမ့်။ တကယ့်ကိုရင့်ရော်ရော်မိန်းမတစ်ယောက်လို ဖြစ်ခဲ့ပြီ။ ဒါတွေ ထားပါတော့…။ သက်ဦးဝေကကော…။

www.burmeseclassic.com



ပျောက်သွားခဲ့ပြီဆိုကတည်းက ဘာသတင်းမှ မကြားရတော့သော အိမ်သားတစ်ယောက်ကို ပြန်ပေါ်လာတော့ ဘာကစ,မေးရမှန်းမသိဘဲ ရှိခဲ့ရသည်။ တကယ်တော့ သည်အိမ်ကြီးက ရောက်လာသည့်ဧည့်သည်ရဲ့အိမ်။ ငါကသာ အိမ်ကြီးရဲ့ ဧည့်သည်။ သည်လိုအခြေအနေမျိုးမှာ ရိုးကျေးဥ ဘာပြောရမှန်းမသိ။ အပြစ်တင်ရမှာလား၊ ရေငုံနှုတ်ပိတ်နေရမှာလား။ ဒါကိုလည်း မတွေးတတ်တော့ပြီ။ မအိမ်မြိုင်ကိုသာ ငေးနေမိတော့သည်။ ရင်ထဲရောက်လာသည့် စကားတွေကိုတော့ ပြောမိပါ၏။

"ညည်းကိုတွေ့ရတော့ ရှင်အိမ်ကံကို သတိရလှသကွယ်...ဘိုးသာထန်...ကြီးပန်းရုံ...ဒွေးလှအုံ...အဖေကိုဖိုးငွေ...နောက် ညည်းအဖေ ဆရာလေး ကိုပြေသိမ်း...သွားလေသူတွေအားလုံးကို ငါသတိရလိုက်သာ...ဒုက္ခသုက္ခတွေကို ညည်းကိုယ်တိုင် မကြည့်ရက်လို့ ထွက်သွားသလိုပါပဲအေ...ကျေးကျေးကတော့ ညည်းတို့ဓာတ်ရုပ်တွေထဲမှာ မထင်မရှား ပါခဲ့ရပေသီလို့ ငါ့ရှေ့မှာ အကုန်ဖြစ်ခဲ့သာကိုး...သည်အိမ်ကြီးမှာ တစ်ခါက ပျော်ခဲ့ရွှင်ခဲ့ ရယ်ခဲ့မောခဲ့ရသဲ့အဖြစ်တွေဟာ ပဲလှေ့သဲ့အခါ လွင့်ကုန်သဲ့ အဖျင်းအမှော်တွေလိုပဲ...လွင့်ကုန်လိုက်သာ...ရက်ကန်းသံ တည်ည် ခြူကုံးသံ တလွင်လွင်နဲ့ မီးခိုးမစဲ မီးမစဲခဲ့သဲ့အိမ်ကြီးဟာ ချက်ချင်းပဲ သုသာန်လို ဖြစ်သွားခဲ့သာပါအေ..."

"နောက်ဆုံးအခေါက် မြင်းခြံကို သွားကာနီးမှာ အမေပြောခဲ့သဲ့စကားကို မြိုင်မှတ်မိသယ်...အပြစ်ရှိမှ ရှုံးသာမဟုတ်ဘူး...အပြစ်မရှိဘဲလည်း ရှုံးသာပါပဲသဲ့...အမှားရဲ့နောက်မှာ မီးပွားတွေ ပါလာတတ်သယ်သဲ့...မီးပွားဆိုသာ အမှိုက်တောင်းကိုလည်း လောင်နိုင်သယ်...ရွှေနန်းတော်ကြီးကိုလည်း လောင်နိုင်သယ်သဲ့...အမေမှန်ပါသယ်..."

"ကိုင်းပါအေ...ဒါတွေထားလိုက်ဦး...ထမင်းစားကြ...ကလေးမခမျာ ဆာရော့မယ်...ကျေးကျေးလက်ရာတော့ မဟုတ်တော့ပါဘူးအေ...အေးငြိမ်ပဲ ချက်ပြုတ်နေရသာပါ...ညည်းဦးလေးဖိုးတုတ်တော့ ကိုင်းထွန်နေသယ်...လာမှာပါ...ကိုင်း လာ..."

ရိုးကျေးဥက ထမင်းခူးခပ်နေစဉ် မအိမ်မြိုင်က ကျေးကျေးတို့အိမ်ရှေ့ခန်းကလေးကို လိုက်ကြည့်နေခဲ့သည်။ ဝါးထရံမှာ ဓာတ်ပုံတစ်ပုံ...။ မအိမ်မြိုင်၏ပုံပင်...။ မှန်မရှိ၊ ဘောင်မရှိ။ ဓာတ်ပုံအတိုင်း ထရံမှာ ဝါးနီးစကလေးများဖြင့် ထိုးကာ ကပ်ထားခြင်းဖြစ်၏။ ဓာတ်ပုံထဲက မအိမ်မြိုင်က အပြင်က မအိမ်မြိုင်ကို ပြုံးပြနေသည်။ မအိမ်မြိုင်နှင့် မအိမ်မြိုင် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသော်လည်း ကိုယ်မဟုတ်ကြသလို စိမ်းလွန်းလှသည်။

"မြိုင်ရေ...ထမင်းစားလိုက်ဦး"

မအိမ်မြိုင်တို့သားအမိ မီးဖိုဘက်ကို ထွက်လာခဲ့ကြသည်။

■

"မြိုင် မြင်းခြံကို မသွားခင်နေ့တွေအထိ မြိုင့်စိတ်ထဲမှာ တခြား ဘာမှမရှိခဲ့ပါဘူး ကျေးကျေးရယ်...ယုံပါတော့...အမေက တစ်ညလုံး အအေးကြီးထဲ ငုတ်တုတ်ထိုင်နေခဲ့သာတွေ...မြိုင့်ကို စကားတွေ မပြောစဖူး အများကြီးပြောခဲ့သာတွေကို မြိုင်



အံ့ဩရသာကလွဲလို့ အမေ့ကို အပြစ်မမြင်မိပါဘူး...အမေက မိဘဆိုတော့ မြိုင့်ကို ကလေးလို မြင်နေသာပေါ့ကျေးကျေးရယ်...မှန်သာပြောရရင် မြိုင့်မှာ ချစ်သူရှိနေပါပြီ...ချစ်သူဆိုပေသိ ချက်ချင်း ခိုးရာလိုက်ရမယ့်ချစ်သူမျိုး မဟုတ်သလို၊ အဲသလောက်လည်း မြိုင် မမိုက်မဲပါဘူး...ဦးဝေဠုရဲ့သား သက်ဦးဝေဟာ မြိုင့်ကို အင်မတန်ချစ်ခင်ရှာသူပါ...မြိုင်နဲ့သက်ဦးဝေဟာ သာမန်ချစ်သူမျိုး မဟုတ်ပါဘူး...အမှားလည်း မရှိခဲ့ကြပါဘူး...အဖေနဲ့ပတ်သက်လို့ မြိုင့်ကို ကူညီခဲ့သဲ့ မိတ်ကောင်းဆွေကောင်း အဖော်ကောင်း ချစ်သူမျိုးပါ...အမေမသိသဲ့အချက်က အဖေဟာ မြိုင့်ကို တောထဲက နေ အကြိမ်ကြိမ် ဆက်သွယ်ခဲ့သယ်ဆိုသာပါ...။ စာတွေ ရောက်ရောက်လာသယ်...မြင်းခြံအထွက်က မရှောင်သာဇရပ်မှာ အဖေဟာ လှည်းသမားယောင်ဆောင်ပြီး လာစောင့်နေသာမျိုးတောင် ရှိခဲ့သယ်...မြိုင် သွားတွေ့သဲ့အခါ သက်ဦးဝေကပဲ စက်ဘီးနဲ့ လိုက်ပို့သယ်...အဖေဟာ သူ့ယုံကြည်ချက်ကိုသူ ရဲရဲဆုတ်ကိုင်ထားသူ ဖြစ်ပေမယ့် အမေနဲ့မြိုင်တို့ကို ချစ်ခင်ရှာလွန်းသူပါ...ဒါကို အမေ မသိပေမယ့် မြိုင်သိသယ်...အဖေဟာ သူမပြောမဆိုရှိခဲ့သဲ့အမှားကြောင့် အမေ့ကို ရင်မဆိုင်တော့ပါဘူး...မပြောမဆို ရှိခဲ့ရသာကလည်း သူ့အကြောင်းနဲ့သူပါ...အဖေ့ကို သနားသဲ့စိတ်က မြိုင့်မှာ ဖိစီးနေသာကို အနားက သက်ဦးဝေပဲ သိသယ်...အင်မတန်အန္တရာယ်ကြီးသဲ့အလုပ်ကို မကြောက်မရွံ့ လိုက်ပါကူညီလို့ သူ့ကျေးဇူးကို မြိုင် မမေ့ဘူး...။ အဖေဟာ မြိုင်နဲ့ နီးလိုက် ဝေးလိုက်ပါပဲ...ပျောက်ချင်သဲ့အခါ ပျောက်သွားသလို၊ ပေါ်ချင်တော့လည်း ပေါ်လာတတ်သယ်...ရွာက ဦးကျော်ဒင်တောင် ရုပ်ဖျက်ပြီး ရောက်လာတတ်သယ်...အဖေ့ဆီက လာသဲ့စာတိုင်းကို မီးရှို့ပစ်ရသယ်...ဦးလေးသက်မင်း သိမှာလည်း စိုးရသေးသာကိုး...ကျောင်းရှေ့မှာ ပုဆိုးစုတ်ကလေး ဖြန့်ခင်းပြီး မုန့်ကလေး လေး,ငါးထုပ် ချရောင်းသဲ့ ခပ်စုတ်စုတ်လူတွေ့ရင် အဖေလွှတ်လိုက်သဲ့လူဆိုသာ မြိုင်သိသယ်...မုန့်ဝယ်ရင်း မေးလိုက်ရင် ဟုတ်နေသာပဲ...တစ်ခါတလေ အဖေ့ကို မြင်းခြံဆိပ်ကမ်းဘက်မှာ သွားတွေ့ရသယ်...သက်ဦးဝေ လိုက်ပို့သာပဲ...စာကတော့ ခဏခဏရသယ်...မာကြောင်း သာကြောင်း၊ အမေ့ကို သတိရကြောင်း၊ မြိုင်တို့ညီအစ်မကို လိမ္မာရေးခြား ရှိစေချင်ကြောင်း၊ အဖေ့ကို နားလည်ကြစေချင်ကြောင်းတွေလောက်ပါပဲ...အဖေ့လူတစ်ယောက်နဲ့တွေ့ပြီးရင်၊ အဖေ့စာတစ်စောင် ဖတ်ပြီးရင် မြိုင် ငိုသာပဲ...ဒါတွေ အမေမသိဘူး...အမေလုပ်ရမယ့်အလုပ်ကို မြိုင်လုပ်နေသာပါ ကျေးကျေးရယ်...တစ်ဖက်က ဖအေ...တစ်ဖက်က မအေ...မြိုင့်မှာ ဖအေ့သွေး ပါသယ်ပြောရမယ်...မြိုင် ဘာကိုမှ မကြောက်ဘူး...အဖေ့နောက်လိုက်ဖို့ပဲ စိတ်ရှိသယ်...အမေက ကွမ်းတောင်ကိုင် ဖြစ်စေချင်သလို၊ အဖေက သူ့စိတ် သွင်းပေးနေသဲ့ကြားမှာ မြိုင် ကြီးပြင်းခဲ့ရသာပါ ကျေးကျေး...။ မြိုင်ဟာ သမီးကြီးဖြစ်သလို ပညာတတ်လည်း ဖြစ်သယ်...အမေမသိသာတွေ အများကြီးရှိသယ်...အမေက ကွမ်းတောင်ကိုင်ဖြစ်ရင် ဘဝမှာ နေပျော်ပြီလို့ ရိုးရိုးကလေး မြင်ရှာသယ်...အပြစ်တင်သာမဟုတ်ပါဘူး ကျေးကျေးရယ်...သူ့သမီးကြီး မြိုင်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုသာ အမေမသိနိုင်ဘူး…ကျောင်းပိတ်လို့ ရွာပြန်နေရပေသိ မြိုင် မြင်းခြံကိုပဲ ပြန်ချင်နေခဲ့သာပါ…ချစ်သူကြောင့် မဟုတ်ဘူး…အဖေ့ကြောင့်…။ မြိုင့်မှာ မြင်းခြံသွားရမယ့်ရက်ကိုပဲ မျှော်နေရသယ်…အမေက ဖြီးလိမ်းဝတ်စားပြီး ရွာထဲသွားကြရအောင်ဆိုလို့သာ ကြော့ကြော့မော့မော့ ဝတ်ရစားရသာပဲရှိသယ်…မြိုင် ကွမ်းတောင်ကိုင်ဖြစ်ဖို့ လူလုံးပြရသာကို စိတ်မပါဘူး…အမေက ကွမ်းတောင်ကိုင်ရမယ် ဆိုတုန်းက ကိုင်ပါ့မယ် ပြောခဲ့ပါသယ်…တကယ်လည်း ဖြစ်ရင် ကိုင်မှာပါ…ဝန်လေးသဲ့အလုပ်မှ မဟုတ်သာပဲ…အမေလည်း စိတ်ချမ်းသာရမယ့်ကိစ္စပဲ…ဒါပေမဲ့ အဲသည့်မြင်းခြံကို သွားခွင့်ရလိုက်သဲ့ ရက်အတောအတွင်းမှာပဲ ဘယ်လိုမှ မရှောင်သာ မတိမ်းသာ မလှည့်သာ မပဲ့သာသဲ့အကြောင်းကိစ္စတွေ စုပြုံကျလာခဲ့သယ်…။

တစ်ချက်က ဘကြီးမြတ်သာနဲ့ ဖုန်းဆက်တော့ ငါ့တူမ ချက်ချင်းလာခဲ့ရမယ်သဲ့…တက္ကသိုလ်ဖွင့်ရက် လိုသေးပေမယ့် မြို့ကို ကြိုလာစေချင်သသဲ့…ဘကြီး လာမကြိုနိုင်ရင် ကြီးကြီးစိမ်းနဲ့ ခိုင်တို့ လာခေါ်လိမ့်မယ်သဲ့…။ မြိုင့်ရင်တွေ တုန်သွားခဲ့သယ်…မြိုင် ရန်ကုန်ရောက်သွားခဲ့ရင် အဖေနဲ့ ဝေးရတော့မယ်…ရွာအကြောင်း အိမ်အကြောင်း အဖေသိဖို့ ခက်ရှာတော့မယ်…နောက်တစ်ချက်က သက်ဦးဝေ ယူလာသဲ့ အဖေ့ရဲ့သတင်း…။

ဘကြီးဆီကို အမေ ကောင်းကောင်းမကျန်းမာသေးလို့ ကျောင်းဖွင့်မှပဲ လာပါရစေလို့ မြိုင် တယ်လီဖုန်းဆက်လိုက်သယ်…ညီမလေးခိုင်နဲ့ စကားပြောရတော့လည်း အဖေ့အကြောင်း ဘာကြားသလဲသဲ့…အဖေ့ကို လွမ်းသယ်သဲ့…မြိုင်တို့ညီအစ်မရဲ့စိတ်တွေက အဖေ့ဘက် ညွှတ်နေသလို ဖြစ်နေကြသာ မြိုင်တို့ကိုယ်တိုင်တောင် မသိခဲ့ကြဘူး…အမေ့ကို အော်တိုစာအုပ် ယူဖတ်ရပါ့မလားဆိုတုန်းက မိဘကို မြိုင် မပြောသင့်သဲ့စကား ပြောမိခဲ့သယ်…ကျေးကျေးမှတ်မိမှာပေါ့…မြိုင် မှားသွားမှန်း ချက်ချင်းသိပါသယ်…အမေဟာ ရိုးဖြောင့် စင်ကြယ်ရှာသယ်…သနားကြင်နာတတ်သယ်…တောသူ ကျောင်းဆရာကတော်ဆိုပေသိ ပညာနဲ့ဝေးရရှာသာကို မြိုင်တို့ သတိမထားမိခဲ့ကြဘူး…မိသားစုလေးယောက်မှာ ပညာတတ် သုံးယောက်နဲ့ အတူနေရသဲ့တောသူ မိန်းမသားကြီးတစ်ယောက်ရဲ့ စိတ်နှလုံးကို အဖေရော မြိုင်တို့ညီအစ်မပါ ခပ်ပေါ့ပေါ့ သဘောထားမိခဲ့ကြသယ်…အဖေ့အတွက် အမေ့လိုမိန်းမသား နောက်ထပ်မရှိနိုင်တော့သလို၊ အမေ့လိုအမေမျိုး မြိုင်တို့ နောက်ထပ်မရနိုင်တော့ဘူးဆိုသာ သိရပြီဆိုသဲ့အချိန်မှာ နောက်ကျသွားခဲ့ပါပြီ ကျေးကျေးရယ်…။

အမေ သည်လိုဖြစ်လိမ့်မယ် သည်လိုလုပ်လိမ့်မယ် သည်လိုအဖြစ်မျိုး ရောက်လိမ့်မယ်လို့ ဘယ်သူထင်မှာတုံး…ကျေးကျေးလည်း အနားမှာ ရှိနေသူပဲ…ကျေးကျေးတောင် မသိလောက်ဘူးဆိုသာ မြိုင်ယုံပါသယ်…မြင်းခြံကို မြိုင်ရောက်သွားချိန်မှာ သိပ်ပြီး မရေရာသဲ့သတင်းတစ်ခု ကြားသယ်…တောတွင်းမှာ အဖေကျသွားပြီဆိုသဲ့သတင်းပါ…မြိုင့်ခေါင်းကို မိုးကြိုးပစ်လိုက်သလိုပါပဲ…မြိုင် ဘာလုပ်ရမလဲ…။ ရန်ကုန်က





ဘကြီးကလည်း ခေါ်နေပြီ…အမေကလည်း ရွာပြန်ခဲ့…ကွမ်းတောင်ကိုင်လှည့် ဖြစ်နေပြီ…တောတွင်းမှာ အဖေကလည်း ကျသွားပြီ…။

အရွယ်နဲ့မမျှသဲ့ ဆုံးဖြတ်ချက်ကို မြိုင်ချလိုက်ရသယ်…မှားချင်လည်း မှားခဲ့ပါလိမ့်မယ်…သည်အမှားကြောင့် နောက် မီးပွားတွေ ပါလာသယ်လို့ပဲ ပြောပြော…မြိုင့်မှာ ကျဉ်းကြားကြပ်ကြားကျနေခဲ့သယ်…သည်သတင်းကို ပေးသူက သက်ဦးဝေဆိုတော့ မြိုင်စဉ်းစားရပြီပေါ့…။ အဖေကျဆုံးသာမှန်ရင် မြိုင် ကွမ်းတောင်ကိုင် ဖြစ်စရာမရှိတော့ဘူးလေ…အဖေ့အကြောင်း လူမသိပါဘူးလေဆိုပြီး နတ်ကြီးလှသဲ့ ကွမ်းတောင်ကို မြိုင် ညာပြီး မကိုင်ချင်ဘူး ကျေးကျေးရယ်…မြိုင့်တစ်သက်လုံး လိပ်ပြာမသန့်သာ မလုပ်ချင်ပါဘူး…သည်ကိစ္စ ပေါ်သွားရင် ရွာလည်း ကျက်သရေယုတ်မယ်…မြိုင်လည်း တစ်ဘဝလုံး အရှက်ရရမယ့်ကိစ္စ…မအိမ်ကံ့သမီး ဖအေမရှိတော့မှန်းသိလျက်နဲ့ ကွမ်းတောင်ကိုင်သေးသယ်ဆိုရင် မြိုင်တို့မိဘမျိုးရိုးဂုဏ်ကိုပါ ညစ်နွမ်းအောင်လုပ်ရာရောက်တော့မယ်…။ ဟုတ်ပြီ…။ သည်သတင်း အမေ့ကို ပြန်လာပြောဖို့ရာကျပြန်တော့ မြိုင် ဘယ်လိုပြောထွက်မှာသဲ့လဲ…အမေ့ခမျာ အဖေဆုံးသာရော…မြိုင့်လက်က ကွမ်းတောင်ပြုတ်ကျသွားသာရော ခံနိုင်ရည်ရှိမယ် မဟုတ်ဘူးလို့ မြိုင်တွက်သယ်…သတင်းကလည်း သေချာသေးသာမဟုတ်တော့ သက်ဦးဝေနဲ့ မြိုင် တိုင်ပင်သာပေါ့…။

ငါ အဖေ့နောက် လိုက်ချင်သယ်…ဘယ်လိုလိုက်ရမလဲဆိုတော့ သက်ဦးဝေက နင်တစ်ယောက်တည်း ဘယ်လိုလုပ်လိုက်မှာလဲ…တောထဲလိုက်ဖို့ဆိုသာ မှိုရှာ မျှစ်ချိုးသွားသာမျိုးမဟုတ်ဘူး…ဘယ်ဆီဘယ်ဝယ်မှန်းမသိသဲ့ လူတစ်ယောက်ကို နင့်လိုမိန်းကလေးတစ်ယောက်တည်း ဘယ့်နှယ်လုပ်ဖြစ်မှာလဲပေါ့လေ…သူပြောသာ မှန်ပါသယ်…ဒါပေမဲ့ မြိုင် ဆုံးဖြတ်ပြီးပြီ…နောက်မဆုတ်တော့ဘူးလို့ပေါ့…။

နောက်မနက်မှာ သက်ဦးဝေက သူပါ တောထဲလိုက်ခဲ့တော့မယ်လို့ ပြောလာသယ်…မြိုင် ယူကျုံးမရ ဖြစ်ရပြီပေါ့…သူလည်း ပညာသင်လက်စ အညွှန့်တလူလူနဲ့ မိကောင်းဖခင်သားသမီး မဟုတ်လား…မြိုင့်ကို ချစ်သူတစ်ယောက်အနေနဲ့ သည်အချိန်မှာ ရှေ့က မရပ်တည်ရင် ငါညံ့ရာကျတော့မယ်ဆိုသဲ့ သူ့စိတ်ဓာတ်ကို လေးစားပေမယ့် မြိုင် အတန်တန်တားခဲ့သယ်…မြိုင့်ကိစ္စမှာ သူ မပါစေချင်ဘူး…ပြောသာပြောရသာပါ ကျေးကျေးရယ်…မြိုင်တစ်ယောက်တည်းဆိုရင်လည်း ဘာလုပ်လို့ ဘယ်သွားရမယ်ဆိုသာ မသိပါဘူး…နောက်ဆုံးတော့ မြိုင့်အနွံ့အတာကို ခံနေကျအတိုင်း သက်ဦးဝေက မြိုင့်ကို လိုက်ပို့ဖို့ ပြင်တော့သယ်…။

ပြောပါရစေတော့…။ သက်ဦးဝေက မြိုင့်ကို စကားတစ်ခွန်းပြောသယ်…သည်စကားဟာ ထူးဆန်းသဲ့စကားပါ…တို့နှစ်ယောက် အတူသွားကြရင် လုံခြုံမှုရှိအောင် ချစ်သူဆိုသာထက် လက်ထပ်ပြီးမှ ဇနီးမောင်နှံအဖြစ် သွားချင်သသဲ့…ဒါကို မြိုင် စဉ်းစားသယ်…သူနဲ့မြိုင် ဘယ်သောင်ဆိုက်လို့ ဘယ်ကမ်းရောက်ကြရမယ် မသိဘူး…သည်တော့ နှစ်ဦးသား ပေါင်းဖက်ပြီးသွားရသာက ပိုအဓိပ္ပာယ်ရှိသယ်ဆိုသာလည်း မှန်ပါ

www.burmeseclassic.com

www.burmeseclassic.com

သယ်...မြိုင် ရွာကို မပြန်ချင်တော့ဘူး...အဖေ ကျသွားပြီဆိုသာကို စုံစမ်းမယ်... ကိုယ့်ချစ်သူနဲ့ ခိုးရာလိုက်ပြေးသွားပြီဆိုသဲ့ အဖြစ်မျိုးဆိုပေသိ မြိုင့်အတွက် လုံခြုံမှု ရှိမယ်ဆိုသာ မငြင်းနိုင်ဘူး...သူ့မိဘများဘက်ကလည်း မြိုင်နဲ့ ခိုးရာလိုက်ပြေးကြ သယ်ဆိုရင် နောက်ဆက်တွဲပြသနာ မရှိနိုင်တော့ဘူး...သည်လိုနဲ့ မြိုင်နဲ့သက်ဦးတေ တောထဲ ရောက်သွားကြသယ်...မြိုင် မြင်းခြံကိုထွက်လာပြီး ရက်မကြာခင်မှာပဲ အိမ် ထောင်ကျခဲ့သယ် ပြောပါတော့...မသေချာသဲ့သတင်းအပေါ်မှာ မြိုင်တို့နှစ်ယောက် ဆုံးဖြတ်ခဲ့ကြသာဆိုပေမယ့် နောင်တော့ သည်သတင်းဟာ မှန်နေသာပါပဲ...အဖေ တောထဲမှာ ကျသွားသယ်ဆိုသာ အမှန်ပဲ ကျေးကျေး..."

■

မအိမ်မြိုင် ရွာခြေ ပြန်ကပ်ပြီဆိုသည့်သတင်းက နောက်တစ်ရက်မှာပင် ရွာလုံးကြားခဲ့ ကြလေပြီ။ တချို့က ကရုဏာဖြင့် လာရောက်ကြည့်ခဲ့ကြသည်။ မအိမ်မြိုင့်သမီး မအိမ်စိုကို ကြည့်ကြသည်။ မအိမ်မြိုင်တောင် သားသယ်အမေ ဖြစ်ခဲ့ပြီတဲ့လား။ မအိမ်မြိုင် အိမ်ထောင်ကျ ပြီဆိုတာ ရွာက သိနှင့်ကြရိုး မှန်သော်လည်း ရွာကို ရောက်လာတော့ လင်သားမပါတာကို ထူးဆန်းနေကြသည်။ ဘယ်သူကမှတော့ ဖွင့်ဟမမေးကြပါ။ တချို့က ရွာထဲ အလည်ခေါ်ကာ ကျွေးကြမွေးကြသည်။

"ငါ့မြေး...နာမည်ဘယ်သူသဲ့တုံး"

"မအိမ်စို..."

"အဖေကကော..."

"သေပြီ..."

ကွယ်ရာမှာ မေးကြသော်လည်း မအိမ်စိုက သည့်ထက်မပြောတော့ ခက်သားပင်။ မိဘက သင်ထားတာမဟုတ်။ မအိမ်စိုကိုယ်တိုင်က ဉာဏ်ရည်မမီသည့် ကလေးတစ်ယောက်လို ဖြစ်နေတာကို သဘောပေါက်ကြသဖြင့်လည်း သည်လောက်ပဲ သိခွင့်ရခဲ့ကြသည်။ မအိမ်စိုက ရုပ်ရည်အားဖြင့် ချစ်စရာကောင်းသူကလေးပင်။ မအိမ်ကံတို့ဘက်ကို တူသဖြင့် ကြည်ကြည် စင်စင် ရှိရှာပါ၏။ သို့ပေသိ မျက်လုံးတွေက ဂနာမငြိမ်ဘဲရှိသည်။ မျက်နှာကလေးက နုနု နယ်နယ်ဆိုသော်လည်း စိတ်ကြီးချင်သည့်အခါ ကြီးတတ်သည်။ စကားကောင်း ပြောနေရာက ဒေါသတကြီး ရှိချင်ရှိသည်။ တစ်ခါတစ်ရံ အိမ်ဝိုင်းကျယ်ကြီးထဲမှာ ကလေးတစ်ယောက်လို ကစားချင်ကစားနေတတ်ပါ၏။ ပြိုလဲလုလု ပဲမှော်စင်ကို ပတ်ပြေးချင်ပြေးနေတတ်သည်။ ပဲမှော်စင်အောက် ဝင်နေတတ်သဖြင့် ရီးကျေးဥက ဆွဲထုတ်ရသည်ပင် အခါခါ။

"သည်အောက်ကို မဝင်ရဘူး ငါ့မြေးရဲ့...မြွေပါးကင်းပါးနဲ့...အမေကြီးကျေးတောင် မဝင်ဘူး...နောက် မဝင်နဲ့နော်...ကြားလား..."

"မြွေပါးကင်းပါးဆိုသာ ဘာလဲ ကျေးဥ..."

"မြွေလေ...မြွေကိုပြောသာ..."

"မကြောက်ဘူး..."



မအေက ကျေးကျေးခေါ်သော်လည်း မအိမ်စိုက ကျေးဥလို့ ခေါ်လေသည်။ အမေကြီး ကျေးလို့ ခေါ်ဖို့သင်သော်လည်း မရ။ တစ်ခါတစ်ခါ မအိမ်ကံများ ဝင်စားလေသလား ထင်မိ သည်။ မအိမ်ကံ ဆုံးသည့်အချိန်နှင့် မအိမ်စို မွေးသည့်ရက် တွက်ကြည့်တော့လည်း မအိမ်စို မွေးသည့်ရက်က နောက်ကျသည်ဆိုတော့ ဖြစ်ချင်လည်းဖြစ်နိုင်သည်။ ကျေးဥလို့ ခေါ်တာတင် မကပါ၊ စိတ်ကူးရလျှင် ရီးကျေးဥကို ငေးနေတတ်သည်။ ပြုံးပြတတ်သည်။ ထိုအခါမျိုးတွင် မအိမ်ကံ၏ စိုရွှန်းရွှန်းမျက်ဝန်းများကိုပင် သတိရမိတတ်သည်။ မအိမ်မြိုင်ကို သည်သဘောထား ပြောပြတော့ ဖြစ်နိုင်သည်ဆိုပါ၏။ မအိမ်မြိုင် ပြောပြသလောက် မအိမ်စို ကိုယ်ဝန်လွယ်ထားစဉ် မိခင် မအိမ်ကံကို အိပ်မက် မကြာခဏမက်သည် ဆိုပြန်ရာ ထင်မည်ဆို ထင်လောက်သည်။ မအိမ်စိုကလေးက တောတွင်းတစ်နေရာမှာ ကြီးပြင်းရသည့်အပြင် ဖတ်ဝန်းကျင် ခန်းခြောက်ရာ မှာ နေထိုင်ခဲ့ရသည့်အတွက်ပေလားတော့မသိ၊ မအိမ်စို၏စရိုက်က ကြမ်းချင်သည်။ တဖွတ်ထိုး နိုင်သည်။ ပြောမနိုင် ဆိုမကောင်းကလေးဖြစ်သည်။

မအိမ်မြိုင်ကတော့ သည်ကိစ္စတွေကို ဖြစ်ရိုးဖြစ်စဉ်လို့ သဘောထားပုံရသော်လည်း ရီးကျေးဥကတော့ ရေရှည်အတွက် စိတ်စနောင့်စနင်း ဖြစ်နေရပါ၏။ တစ်ခါလည်း အိမ်မှာ ကျိုထားသည့် နို့အိုးကို မှောက်ပစ်သည်။ ထမင်းစားရင်းက ဖိတ်ကျသော ထမင်းလုံးတွေကို ကောက်စားချင်စားသည်။ ကျန်ကောင်းကျန်ရာ ပန်းပင်တွေက ပန်းပွင့်တွေကို ခူးကာ ဓား တစ်ချောင်းနှင့် နုတ်နုတ်စဉ်းချင်စဉ်းနေတတ်သည်။ လူကြီးတွေ စကားပြောနေခိုက် ပျောက်သွား တတ်သဖြင့် လိုက်ရှာရတာလည်း ခဏခဏပင်။ ညကြီးသန်းခေါင်ကျော် အိပ်ရာထဲက ထသွား ကာ အိမ်ဝိုင်းကြီးထဲမှာ လျှောက်သွားနေလို့ ဘကြီးဖိုးတုတ်က ရှာခေါ်ခဲ့ရသည်။ ထိုညက မအိမ်စို ပြောစကားကြောင့် ရီးကျေးဥပင် လန့်သွားခဲ့ရသည်။

"ကျေးဥ...ညက မြင်းကြီးတစ်ကောင် တွေ့သယ်...သမီး မြင်းကြီးနဲ့ လျှောက်သွား သာ..."

မအိမ်ကံ ဆုံးကာနီးရက်တွေတုန်းက မြင်းကြီးစိန်ပွင့်ကို တွေ့ခဲ့ကြောင်း ပြောဖူးတာကို ရီးကျေးဥ သတိရမိ၍ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် မအိမ်မြိုင်တို့သားအမိ ပြန်ရောက်လာလို့ ဝိုင်းတိုက်ထဲမှာ စိုပြေလာခဲ့ရသည်။ မအိမ်မြိုင်ရောက်လာကြောင်း ရန်ကုန်က ဘကြီးမြတ်သာထံ နှင့် ထနောင်းတိုင်ရွာက ဆွေမျိုးများ သိစေရန် လူလွှတ်အကြောင်းကြားဖို့ တာဝန်ရှိသော်လည်း ရီးကျေးဥ လူမလွှတ်ဖြစ်သေး။ မအိမ်မြိုင်၏ရှေ့ရေးကို ရီးကျေးဥ မသိရသေး။ မေးလို့ကလည်း မကောင်းနိုင်။ သည်အိမ်ကြီးက သူတို့အိမ်၊ သည်ဝိုင်းက သူတို့ဝိုင်း။ သူတို့ယာတွေ ကိုင်းတွေ ရှိသေးသည်။ မအိမ်မြိုင်သားအမိသာ သည်အိမ်ကြီးမှာ တစ်သက်လုံးနေမည်ဆိုလျှင်တော့ ရီးကျေးဥ ဝမ်းသာလိုက်ရမယ့်ဖြစ်ခြင်း။

တစ်ရက်မှာတော့ မအိမ်မြိုင်က အိမ်ကြီးကို ဖွင့်ကြည့်ချင်သည် ဆိုလာခဲ့၏။ ပဲမှော် တိုက်ထဲကို ရနိုင်သလောက် ဝင်ကြည့်ချင်သည်ဆို၏။ အိမ်မကြီးကို သော့ရယ်လို့ ခတ်ထား တာမဟုတ်ဘဲ၊ တံခါးမကြီးကို သစ်သားနှစ်ချောင်း ကန့်လန့်ရိုက် ပိတ်ထားခြင်းသာဖြစ်သည်။ ဦးဖိုးတုတ်က သစ်သားချောင်းနှစ်ချောင်းကို ခွာကာ ဖွင့်ပြသည်။ ရီးကျေးဥကိုယ်တိုင်ပင် အိမ်မကြီး

www.burmeseclassic.com

www.burmeseclassic.com


ထဲကို မရောက်တာကြာပြီဆိုတော့ အောက်ထပ်ရော အပေါ်ထပ်ပါ လိုက်ကြည့်ခဲ့ပါ၏။ ဖုန်တွေက ထုကြီးတက်လျက်။ တံခါးတွေက ဖွင့်လိုက်တိုင်း ညည်းသံထွက်နေကြသည်။ ပိတ်ထားခဲ့စဉ်ကအတိုင်း အိမ်ထောင်မှုပရိဘောဂတွေ၊ အဝတ်ဟောင်းတွေ၊ အိုးခွက်ပန်းကန်တွေက သည်အတိုင်းပင်။ ပျဉ်နံရံတွေမှာ ကိုပြေသိမ်း မြေဖြူနှင့် ရေးခြစ်ထားသော အင်္ဂလိပ်စာတွေ၊ ဂဏန်းတွေ ရှိသေးသည်။ မအိမ်ကံ၏ အဝတ်အစားသေတ္တာများနှင့် အဝတ်အစားတွေကလည်း သည်အတိုင်း...။ ရီးကျေးဥက မအိမ်ကံ အဝတ်ဟောင်းတွေကို လှူပစ်ချင်ခဲ့သော်လည်း သူ့သဘောနှင့်သူ မလုပ်သလိုသဖြင့် သည်အတိုင်း ခေါက်ရိုးမပျက် ရှိနေခြင်းဖြစ်သည်။ မအိမ်မြိုင်သည်လိုလိုက်ကြည့်တာ အိမ်ကြီးပေါ်မှာများ နေချင်ရော့လား။ နေချင်တော့လည်း နေရုံပေါ့။

"အဖေနဲ့အမေ့ကို လွမ်းလို့ လိုက်ကြည့်သာပါ ကျေးကျေးရယ်...သည်လိုမြင်ရပြန်တော့ အရိပ်တွေက ခြောက်လှန့်နေသလိုပဲ...မြိုင့်ရှေ့ရေးကို ဘကြီးနဲ့ တိုင်ပင်ရဦးမယ်...ထနောင်းတိုင်က အမျိုးတွေဆီကိုလည်း မြိုင် သွားမှာပါ...သည်အိမ်ကြီးပေါ်ကို မြိုင် တက်နေလို့မဖြစ်ဘူး...မြိုင်လေ အမေ့ကို ခုထိ ကြောက်နေမိတုန်းပဲ..."

မအိမ်မြိုင်က သူ့ရှေ့ရေးကို တွေးပြီးသားဖြစ်လိမ့်မည်။ မြိုင်နှင့်ခိုင်တို့ညီအစ်မအတွက် အမွေတွေကို ဘကြီးမြတ်သာ ကိုင်ထားတာဆိုတော့ ပူစရာမရှိ။

"ပဲမှော်တိုက်ကတော့ ပြိုလုလုရယ်...အတွင်းကို မဝင်စေချင်ဘူး...ချုံတွေနွယ်တွေတိုးဖို့ရာလည်း မလွယ်ဘူး...တိုင်တွေက တစ်ဖက်ကျွံပြီး စောင်းနေသာလေ...ညည်းဘကြီးမြတ်သာက မဖြိုရဘူး ပြောခဲ့သယ်..."

"ချုံတွေ နွယ်တွေ ရှင်းလင်းပြီး ပဲမှော်တိုက်ကို ပြန်တည့်ရင်ကော ကျေးကျေး"

"ကြမ်းတွေ ဆွေးပြီး ယက်မတွေ ဆင့်တုံးတွေ စရွေးတွေ ချောင်ကုန်ပြီ...ကျေးကျေးသဘောတော့ မလုပ်စေချင်ဘူး...ပြီးတော့ မရှိကောင်းတော့ဘူး ထင်သာပဲလေ..."

"ဟုတ်ပါသယ်လေ..."

ချည်ထုပ်အဟောင်းတွေ၊ အထည်ရက်ပြီးသား အထုပ်တွေ၊ ဆိုးဆေးတွေ၊ ဆိုးဆေးအင်တုံကြီးတွေ၊ ရက်ကန်းပစ္စည်းဟောင်းတွေကတော့ အိမ်ထောင့်တစ်နေရာမှာ ရုံထိုးပြီးထားသည်။ ဖုန်တသောသော ရက်ကန်းစင်ဟောင်းတွေက မိုးရွာ အစို၊ နေပူ အခြောက်။ ဒါတွေမြင်ရပြန်တော့ အသစ်ဖြစ်ရပါ၏။ ရီးကျေးဥက အဝတ်အစား ပါမလာသော မအိမ်မြိုင်ကို မအေ့အဝတ်အစားတွေ ယူဝတ်ပါလို့ ပြောခဲ့သည်။ သည်အဝတ်အစားတွေ ညည်းအတွက် ထားခဲ့သလိုပါပဲအေလို့ ဆိုခဲ့သည်။ မအိမ်မြိုင်က များလှသော အဝတ်အထည်တွေကို ထုတ်ကြည့်ရင်း မျက်ရည်တွေ ကျနေခဲ့ပါ၏။

"ဒါတွေ မြင်ရတော့လည်း သွားလေသူကြီးကို သတိရလိုက်သာအေ...ညည်းနဲ့ညည်းအမေ ပြန်များဆုံလိုက်ရရင် သည်လိုဖြစ်လိမ့်မယ်မထင်ဘူး...မအိမ်မြိုင် ခိုးရာလိုက်သွားပြီဆိုသာ ကြားသဲ့နေ့က ဒေါသတွေ ကြီးလိုက်သာအေ...မြစ်နားရွာတွေမယ်ဝါဆိုဝါခေါင် ရေတိုးချိန် ကမ်းပါးပြိုသလိုပါပဲ...ညည်းကို တော်တော်မျှော်လင့်ရှာသယ်...သူ့တုန်းက မဖြစ်ခဲ့သဲ့ကွမ်းတောင်ကိုင် ငါ့သမီးကျ ဖြစ်ရစေ့မယ်ရယ်လို့ အနှစ်လေးဆယ်လုံးလုံး စောင့်ခဲ့ရရှာသူပါအေ...ညည်းအကြောင်းကြားတော့

တုန်လှုပ်သွားသလောက် ဆရာလေး ကိုပြေသိမ်း ဆုံးသာကြားရသဲ့အခါ ငြိမ်သွားခဲ့သယ်...မအိမ်ကံ သည်လောက်မငြိမ်ဖူးဘူး...ချက်ချင်းပဲ တရားရသွားသလို ငြိမ်သက်သွားသာဆိုတော့ ကျေးကျေးလည်း မထင်ခဲ့ဘူး...အဲသည့်ရက်က ရွာမှာ မကြုံဖူးသဲ့အလှူကြီးကလည်း ရှိသယ်...ညည်းသိသားပဲ...ဒါပေသိ သမီးမရှိတော့ဘူးဆိုသဲ့ နောက်မှ့နံ့သာ ကွမ်းတောင်ကိုင်တော့မယ်ဆိုသာလည်း ကြားရော ဆောက်တည်ရာမရရှာတော့ဘူး ပြောပါတော့အေ...သူဟာ ညည်းတို့နဲ့ တစ်နေ့ ခွဲရတော့မယ်ဆိုသာသိသူပါ...သမီးနှစ်ယောက် မြို့ကျောင်းရောက်လို့ ပညာတွေစုံကြရင် ရွာကို ပြန်စောင်ငဲ့ကြမယ် မဟုတ်ဘူးဆိုသာ သူသိပါသယ်...လင်ယောကျ်ားဆန္ဒ ပြည့်ဝပါစီတော့ရယ်လို့ သမီးတွေ ပညာတတ်ဖြစ်သွားရင် ပြီးရော့လို့ သဘောထားရှာသယ်...သူကတော့ တစ်ယောက်တည်း တောမှာပဲ ကျေးကျေးတို့နဲ့ နေရတော့မယ်ဆိုသာလည်း တွက်ပြီးသားအေ့...ညည်းအမေ ကွမ်းတောင်ကိုင်စေချင်သာ ကွမ်းတောင်ကိုင်ဆိုသဲ့ ပကာသနကို မက်လို့မဟုတ်ဘူး...ကွမ်းတောင်ကိုင်ဆိုသာ စည်းတွေ ကမ်းတွေနဲ့ ရွေးချယ်ထားသဲ့ ရွာမိန်းမကောင်းဆိုသာကို မက်သာ...တန်ဖိုးရှိသဲ့မိန်းမဆိုသာကို လိုချင်ရှာသာ...ရွှေကျက်သရေကို ဆောင်နိုင်သဲ့ မိန်းမမြတ်ဆိုသဲ့ဂုဏ်ကို ခံချင်ရှာသာ...ဒါပေမဲ့ရှင်အိမ်ကံက အရှုံးကို ရင်မဆိုင်ဝံ့ရှာဘူး...သူ့ဘဝမှာ အမြဲတမ်း နိုင်ခဲ့သူဆိုတော့သူရှုံးရမှာကို သေမလောက် ကြောက်ရှာသယ်...အသက်နဲ့လဲပြီး အနိုင်ယူလိုက်မဟဲ့ရယ်လို့ သူတွေးမိခဲ့ပုံရသယ်...မှန်ပါသယ်...သူ သည်လိုလုပ်လိုက်တော့ မှ့နံ့သာကွမ်းတောင်ကိုင် မဖြစ်ရရှာတော့ဘူးပေါ့...လာဘ်ဦး လွဲရသယ်ပေါ့လေ...တကယ်တော့ မအိမ်ကံမှာ အညှိုးတွေ အာဃာတတွေ မကောင်းသဲ့စိတ်တွေနဲ့ လက်စားချေခဲ့သာမျိုး မဟုတ်ဘူးဆိုသာ ကျေးကျေးယုံသယ်...သည်ကိစ္စနဲ့ပတ်သက်ပြီး သူ အခါခါရှုံးခဲ့ရခြင်းအပေါ် မခံမရပ်နိုင်လွန်းလို့ နိုင်ပေါက်ကို တိုးဝင်သွားခဲ့ရှာသာပဲ...သည်တော့ သူနိုင်သယ်လို့ ကျေကျေနပ်နပ်ကြီး ခံယူသွားရှာသာပေါ့အေ...ဒါပေသိအနိုင်မကျန်ခဲ့ဘူး...အကျည်းတန်သာ ကျန်ခဲ့သယ်..."

ရီးကျေးဥက ပါးပြင်ပေါ် တလိမ့်လိမ့် ကျဆင်းလာသော မျက်ရည်တွေကို သုတ်သည်။ ငယ်က ပေါင်းခဲ့သည့် ငယ်ပေါင်းသူငယ်ချင်းမအပေါ် အပြစ်ရယ်လို့ မြူမတင်စေချင်တော့ပါ။

"ကိုင်း...ပြီးခဲ့သာတွေလည်း ပြီးပါပြီလေ...မှိုတစ်ကျင်း မြင်းတစ်ပြေးသဲ့...မှိုကျင်းများ ကောင်းမိရင် မြင်းတစ်ပြေးစာ တစ်မျှော်တစ်ခေါ်ကြီး နုတ်လို့မနိုင်ဘူး...အကုသိုလ်များလည်း အဲသလိုပဲ...တစ်မျှော်တစ်ခေါ်ကြီးအေ့...မဆုံးနိုင်ဘူး...သံသရာပါကရောပေါ့လေ"

လမ်းပေါ်မှာ လူညီးတွေ တအီအီ။ ဇောင်ချမ်းကုန်းရွာကတော့ ပူပြင်းသော နယုန်လနေရောင်တွင် စူးစူးတောက်လျက်ရှိ၏။ အိမ်ကြီးပေါ်က ဆင်းလာကြတော့ မအိမ်စိုက လှေကားဆံတွေမှာ ရိုက်ထားသော ငွေမတ်စေ့ပြားကလေးတွေကို နင်းကာ နင်းကာ ဆင်းလာခဲ့သည်။ ရီးကျေးဥက ဒါကို မြင်လိုက်တော့ အမှတ်တရ ပြောလိုက်ပါ၏။

"ညည်းအမေ ရှင်အိမ်ကံလည်း အဲသလိုပဲ...လှေကားအတက်အဆင်းတိုင်း ငွေမတ်စေ့

www.burmeseclassic.com

www.burmeseclassic.com

ပြားတွေကို နင်းနင်းတက်သယ်...နင်းနင်းဆင်းသယ်...အဲသာ တစ်သက်လုံးပဲ... သေချာပါသယ်အေ...ညည်းသမီးက ရှင်အိမ်ကံပါ...မဟုတ်မှသာ လွဲကရော..."

■

"မြိုင်နဲ့သက်ဦးဝေ တောထဲမရောက်ကြခင် ရန္တပိုရွာကလေးမှာ တစ်လနီးပါးလောက် ခိုခဲ့ကြရသယ်...လူကြီးတွေက ရှာလေသလား မရှာလေသလား မသိပါဘူး ကျေးကျေးရယ်...အမေ့ကို သတိရလိုက်သာ မပြောပါနဲ့တော့...။ ရန္တပိုက သက်ဦးဝေရဲ့သူငယ်ချင်းတစ်ယောက်ရဲ့ရွာပါ...ရန္တပိုရွာမှာ မြိုင်တို့ဆက်သွယ်သဲ့လူ မလာမချင်း အောင်းနေခဲ့ကြသယ်...တစ်နေ့တော့ လူတစ်ယောက်က မြိုင်တို့ကို လှေကလေးတစ်စီးနဲ့ လာခေါ်သယ်...မြိုင်တို့ အဆက်အသွယ်လုပ်သဲ့လူတော့ မဟုတ်ဘူး...ကြားလူပါ... ဒါပေသိ စိတ်ချရမှန်းသိလို့ လိုက်သွားခဲ့ကြသယ်...မြိုင်နဲ့ သက်ဦးဝေတို့ အကြင်လင်မယားအဖြစ် ပေါင်းဖက်ခဲ့ကြပြီဆိုတော့ နှစ်ယောက်အားနဲ့ အကြောက်အရွံ့ မရှိခဲ့ကြဘူး ကျေးကျေးရဲ့...သည်လူကပဲ တစ်ဖက်ကမ်းကို ကူးပြီး မြေတော်နယ်တကြောကို ဖြတ်ပြီး ရွာတစ်ရွာကို လိုက်ပို့သယ်...အဲသည်ကမှ ပခုက္ကူဘက်ကို ကူးဖို့ပါ... အဲသည်ရွာမှာ ခဏခိုကြရင်း ကြာလာတော့ မြိုင် တစ်ရက်မှ မနေချင်တော့ဘူး... ခက်သာက တောထဲကို ဝင်ဖို့ဆိုသာ အဆက်အသွယ်မရှိဘဲ မဖြစ်ဖူးကိုး...နောက်တော့ လူတစ်ယောက် လာခေါ်ပါသယ်...သည်လူကလည်း အဖေ ကျဆုံးသွားပြီဆိုသာ မကြားပါဘူးလို့ပြောတော့ မြိုင် အားတက်သွားမိသယ်...သူခေါ်ရာနောက်ကို လိုက်ရင်း အဖေကျသွားပြီဆိုသာ မဟုတ်ပါစေနဲ့လို့ မြိုင် တစ်လမ်းလုံး ဆုတောင်းသယ်...။

ပြောကြစတမ်းဆိုရင် မြိုင်တို့မှာ နိုင်ငံရေးနဲ့ပတ်သက်လို့ တောထဲဝင်ဖို့အထိ စိတ်ရှိကြသာမဟုတ်ပါဘူး...မြိုင့်စိတ်ထဲမှာ တစ်ခုပဲရှိသယ်...အဖေရှိသေးရင် မြေပေါ်ကို ပြန်ခေါ်မယ်...အမေ့ကို စိတ်ချမ်းသာစေချင်သယ်...မြိုင်တို့ညီအစ်မ ပညာစုံကြရင် အဖေနဲ့အမေ့ကို လုပ်ကျွေးမယ်...မြိုင့်စိတ်ကူးတွေပေါ့လေ...မြိုင်တို့ကို လိုက်ပို့သဲ့သူက တောတွင်းမှာ အခြေအနေမကောင်းပုံတွေကို ပြောပြသယ်...ဒါတွေထားပါတော့ ကျေးကျေးရယ်...မြိုင်တို့လည်း ဝေခွဲရခက်နေသာပေါ့...မြိုင်တို့ တောထဲရောက်ပြီ...တောတွင်းအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်မိပြီဆိုရင် မြိုင်တို့လွတ်အောင် ရှောင်ရတော့မယ်...သည်တော့ နယ်မကျွံခင် စဉ်းစားကြရသာပေါ့...သက်ဦးဝေက တောထဲမဝင်ဘဲ ရွာတစ်ရွာမှာ အခြေချပြီး သတင်းစုံစမ်းကြည့်ချင်သယ်လို့ ပြောတော့ မြိုင်လည်း သဘောတူလိုက်သယ်...စမ်းတဝါးဝါး လိုက်နေသာနဲ့စာရင် သေချာမှ လိုက်ခေါ်သာ ကောင်းမှာကိုး...။

မြိုင်တို့ အဲသည်ရွာမှာရှိတုန်း မြိုင်တို့ကို ခေါ်လာသဲ့လူက နောက်လူတစ်ယောက်ကို ခေါ်လာခဲ့သယ်...သူက အဖေနဲ့ အတူနေခဲ့သဲ့လူ...ဦးဘသောင်းသဲ့...။ မြင်းခြံနယ်သားပဲ...သူက သတင်းနှစ်ခုပေးသယ်...နှစ်ခုစလုံး မကောင်းသတင်းတွေပါ ကျေးကျေးရယ်...သူက အဖေ ကျဆုံးသွားသယ်ဆိုသာ အမှန်ပဲသဲ့...သူ့မျက်စိရှေ့မှာ တွေ့မြင်



လိုက်ရသဲ့ အဖေ့ကျဆုံးပုံတွေ ပြောပြတော့ မြိုင်ဖြင့် ကြောက်လိုက်သာ...တောထဲ မလိုက်ကြနဲ့ အခြေအနေတွေက တော်တော့်ကို ဆိုးနေလို့ပြောသာသဲ့...နောက်သတင်းက အမေ ဇောင်ချမ်းကုန်းမှာ ဆုံးရှာပြီဆိုသဲ့သတင်းပဲ...အဲသည်အချိန်မှာ မြိုင် မူးလဲသွားခဲ့သယ်...ရွာကပဲ ဆေးဝါးကုသပေးကြသယ်...မြိုင့်မှာ ကိုယ်ဝန်ရှိနေပြီဆိုသာ သိလိုက်ရပြီ...။

ပြောရဦးမယ် ကျေးကျေးရယ်...မြိုင်တို့ကို အကျိုးအကြောင်း ပြောပြသဲ့ ဦးဘသောင်းက အမေ့ဆီကို အဖေလွှတ်လို့ တောပုန်းရည်သည်အဖြစ်နဲ့ ရွာကို နှစ်ခေါက်ရောက်ဖူးသယ်သဲ့...အဖေ ကျဆုံးသာကို အမေ့ဆီ အကျိုးအကြောင်းပြောမယ်ဆိုပြီးသွားတော့ အမေဆုံးသွားပြီဆိုသာ သိခဲ့သာသဲ့...သည်သတင်းတွေက သေချာပြီ...မိဘနှစ်ပါး မရှိကြတော့ဘူး...မြိုင်လည်း တောကျွံခဲ့ပြီ...ဘဝကျွံခဲ့ပြီ...မြိုင့်ကြောင့် သက်ဦးဝေ ခမျာလည်း ဒုက္ခရောက်ခဲ့ရသယ်...မြိုင့်မှာ အမေ့ကိုထားပြီး အဖေ့ဆီ လာခဲ့တော့လည်း အဖေက မရှိတော့ဘူး...နောက်လှည့်ကြည့်တော့ အမေကလည်း ဝေးရပြီ... ရောက်နေသဲ့နေရာက တောကြီးခေါင်ခေါင်...သည်ကြားထဲ ဖြစ်ချင်တော့ မြိုင့်ကိုယ်ဝန်က ရင့်လာခဲ့ပြီ...တောမရောက် တောင်မရောက်ဆိုသာ ဒါမျိုးနေမှာပါ ကျေးကျေးရယ်...အစာအာဟာရကလည်း မပြည့်စုံ၊ ဆေးဝါးဓာတ်စာကလည်း မစားရတော့ ရွာလက်သည်နဲ့ သမီးကိုမွေးတော့ ခြောက်ပေါင်တောင် ရှိပ့ါမလားမသိဘူး...တကယ့် ကြွက်ကလေးလို မွေးလာသာပါ...ကလေးဆိုသာ ငိုနိုင်သဲ့အားတောင် မရှိခဲ့ရှာဘူး... မြိုင်ကလည်း နို့မထွက်တော့ ရွာကပဲ နို့တိုက်ကြ ပြုစုကြသယ်...။

တိုတိုပြောကြပါစို့ ကျေးကျေးရယ်...ပြောရရင် ရင်နာစရာတွေချည်းပါ...ဦးဘသောင်းပြောသဲ့စကားထဲမှာ မြင်းခြံမှာ ဖြစ်နေသာက မြိုင်တို့နှစ်ယောက် ခိုးရာလိုက်ပြေးကြပြီဆိုသာထက် တောခိုသွားကြပြီဆိုသဲ့သတင်းက ပိုကြီးနေသသဲ့...မြိုင်တို့နှစ်ယောက်ကို ဖမ်းဖို့ရှိသယ်ဆိုသာ ပါလေတော့ မြို့တွေကို ရှောင်ကြရသာပေါ့...အဲသည့်အခါက တောရွာတွေမှာကလည်း အခြေအနေတွေ မကောင်းဘူးမဟုတ်လား...မြိုင်တို့မှာ ပြေးလို့ချည်း နေရသယ်ပြောပါတော့...ရွာပေါင်းကို အတော်စုံပါသယ်...မြိုင်တို့ကို နှစ်ဖက်စလုံးက မသင်္ကာဖြစ်နေသာဆိုတော့ အတော့်ကို ဓာတ်မြုပ်နေခဲ့ကြရသာပါလေ...နောက်တော့ ဖြစ်ချင်ရာဖြစ်စေတော့ဆိုပြီး တောမြို့ကလေးမှာ အိမ်ကလေးတစ်လုံး ငှားနေခဲ့ကြသယ်...သမီးကလေးက ဉာဏ်မမီရှာတော့ ခမျာ ကျောင်းရယ်လို့လည်း မတက်ခဲ့ရရှာပါဘူး...မြိုင်ကပဲ ရသလောက် စာသင်ပေးခဲ့သယ်...သမီးစိတ်က ဒေါ်တီဒေါ်ရာဆိုပေသိ သနားသာနဲ့ပဲ ခွင့်လွှတ်ထားခဲ့ရသယ်...သည်တော့ ပိုဆိုးလာပြန်ရော...စကားလည်း နားထောင်ချင်မှ ထောင်သာရယ်...။

သမီး ဆယ်နှစ်သမီးလောက်ရောက်တော့ သက်ဦးဝေ တီဘီရောဂါ ပြင်းပြင်းထန်ထန် ခံစားနေရပါပြီ...ဆေးရယ်ဝါးရယ်လို့လည်း ကောင်းကောင်းမကုရတော့ ဗုန်းဗုန်းလဲတော့သာပါပဲ...မြိုင်ဖြင့် ယူကျုံးမရဖြစ်လိုက်ရသာလေ...ခမျာ မြိုင့်အတွက် ဘဝပေးသွားရရှာသယ်လို့တောင် ပြောပါရစေတော့...သူဆုံးကာနီးတော့ မြိုင့်ကို ဘာပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မြင်းခြံကို ပြန်နေဖို့ မှာသွားခဲ့ရှာသယ်…သမီးအတွက် လုံခြုံမှုရှိစေချင် လို့ပါသဲ့…ဒါပေမဲ့ မြိုင် ဘယ်သူ့ကိုမှ ရင်မဆိုင်ရဲသာနဲ့ အဲသည်ရွာမှာပဲ ပေနေခဲ့ပါ သေးသယ်…။ သက်ဦးဝေကြောင့် မြိုင် သံဝေဂရခဲ့သာ ဘာလဲဆိုတော့ ထွက်လာကတည်းက သူ့မိ သူ့ဖ သူ့ဆွေသူ့မျိုး သူ့ရပ်သူ့ရွာကို ပြန်မရောက်ခဲ့ရရှာပါလားလို့ တွေးမိသယ်… မြိုင်က နေဦးတော့ သမီး အူတိအူချာကလေးအတွက် မြိုင် စဉ်းစားရတော့မယ်… မြိုင်မရှိတော့ဘူးဆိုရင် သည်သမီးကလေး ဘယ်သူ့လက်ကို အပ်ထားခဲ့ရမလဲ…မြိုင့် ဝန်းကျင်မှာ သူစိမ်းတွေပဲရှိသယ်…သည်တော့ သမီးအတွက် လုံခြုံမှုဟာ ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းရဲ့ ရင်ခွင်ပဲလို့ မြိုင်သဘောပေါက်လာခဲ့ပါ သယ်…မြိုင်တို့သားအမိရဲ့ဘဝဟာ ဆွေရိပ်မျိုးရိပ်အောက်မှာ ရှိမှသာ အဓိပ္ပာယ်ရှိမှာ ပေါ့လို့ တွေးမိသယ်…နဂိုက မြိုင် ဆွေရိပ်မျိုးရိပ်ကို မပြန်တော့ဘူး၊ မျက်နှာမပြ တော့ဘူးလို့ ဆုံးဖြတ်ထားသာပါ…သမီးအရွယ်ရောက်လာတော့ မြိုင့်ဆုံးဖြတ်ချက်ကို ပြင်ရတော့မယ်ဆိုသာ သိပြီ…သမီးကို မြိုင် မထိန်းနိုင်တော့ဘူး…သွားချင်ရာသွား နေသာမျိုး…ညကြီးသန်းခေါင် လမ်းထလျှောက်နေသာမျိုးကအစ မကြောက်မလန့် ရှိလေတော့ သမီးကလေး ဒုက္ခရောက်ရချေရဲ့ဆိုသဲ့စိတ်နဲ့ မြိုင် ပြန်ဖို့ရွေးချယ်လိုက် သယ်…။

မြိုင်တို့သားအမိ ဘယ်ကိုပြန်ရမလဲ…။ ဘကြီးမြတ်သာတို့ ညီမလေး ခိုင်တို့ဆီ လား…သက်ဦးဝေရဲ့ မိဘများဆီကိုလား…ထနောင်းတိုင်ရွာကိုလား…တကယ်တမ်း မြိုင် တမ်းတမိသာက အမေ့ရဲ့ရင်ခွင်ပဲ…သည်တော့မှ အမေ့ရဲ့ရွာ ဇောင်ချမ်းကုန်းကိုပဲ ပြန်မယ်လို့ ရွေးချယ်လိုက်သယ်…အမေမရှိပေမယ့် မြိုင့်အပေါ်မှာ အမေနဲ့မခြား မေတ္တာရင်ငွေ့ ပေးနိုင်သဲ့ ကျေးကျေးရှိရာအရပ်ကို မြိုင်ပြန်လာခဲ့သာပါ… ဇောင်ချမ်း ကုန်းကို ပထမဆုံး ခြေချသာ အမေ့သင်္ချိုင်းကို ကန်တော့ချင်လို့ပါ…။ မြိုင့်ရှေ့ရေး ဆိုသာထက် သမီးကလေး ရှေ့ရေးက ပိုအရေးကြီးသယ်မှတ်လား…။ ဘကြီးဆီကို လည်း မြိုင်ပဲ ဖုန်းဆက်ပါ့မယ်…မြင်းခြံကို တစ်ရက်သွားပြီး သက်ဦးဝေမိဘများကို လည်း ကန်တော့မယ်…ထနာင်းတိုင်က အမျိုးတွေဆီကိုလည်း ဝင်မယ်…မအိမ်စိုကို ဆွေပြမျိုးပြ သွားရမယ် ကျေးကျေး…။ မြိုင်လည်း ကျောင်းဆရာမအလုပ် လျှောက် မယ်…။

ခုတော့ မြိုင်တို့သားအမိ ကျေးကျေးနဲ့ နေလိုက်ဦးမယ်ဆိုသဲ့စိတ်ပဲရှိသယ်…မြိုင် မှားခဲ့သယ်ဆိုရင် ခွင့်သာလွှတ်ပါတော့ ကျေးကျေးရယ်…"

■

ရွာတောင်ပိုင်း အလှူ့အိမ်ဝိုင်းတိုက်ဆီက အသံချဲ့စက်သံ ညံလှသည်။ ဆောင်းကျွတ် လို့ သီးနှံပေါ်ချိန်ရောက်သည်နှင့် အလှူသံတွေ ကြားလာရပြီ။ တစ်ရွာလုံးလိုလို အလှူအတွက် အလုပ်တွေ များနေကြသည်။ ရီးကျေးဥပင် ကြက်သွန်လှီး ဆန်ရွေးလိုက်ရသေးသည်။ ဝိုင်းလုံး ပြည့် ထိုးထားသော မဏ္ဍပ်ကြီးထဲမှာ ဖျာကြမ်းတွေ အပြည့်ခင်းထားသဖြင့် အားသူက အားသလို ရောက်လာကြကာ ဆန်ရွေး ပဲရွေး လိုက်ကြတာ ရွာစလေ့ပင်။ သည်ရက်ထဲမှာ မအိမ်မြိုင်မရှိ။



မအိမ်စိုကို ရီးကျေးဥနှင့်ထားခဲ့ကာ မြင်းခြံကို အလှူပ်ကိစ္စနှင့် သွားနေခိုက် ဖြစ်သည်။ မအိမ်မြိုင် သားအမိကို ဘကြီးဖြစ်သူ ဦးမြတ်သာက ဝမ်းသာအားရ လာတွေ့ခဲ့ကာ ရှေ့ရေး စီမံပေးခဲ့သည်။ သက်ဦးဝေမိဘများနှင့် ထနောင်းတိုင်က ဆွေမျိုးတွေကလည်း လာနေ စေချင်ကြသည်။ မအိမ်မြိုင်က မူလတန်းပြဆရာမ လျှောက်ထားသည့်ကိစ္စ အဆင်ပြေလျှင် တစ်နေရာမှာ အခြေချဖို့ စိတ်ကူးထားခဲ့သည်။ သည်ရက်ထဲမှာ လူကိုယ်တိုင် လာတွေ့ပါ မှာသဖြင့် မြင်းခြံကို လိုက်သွားခြင်းဖြစ်သည်။ မအိမ်စိုကို ပထမတစ်ခေါက် နှစ်ခေါက် ခေါ်သွားခဲ့သော်လည်း အလုပ်ကိစ္စနှင့်မို့ သည်တစ်ခေါက် ရွာမှာပဲ ထားခဲ့ခြင်းဖြစ်သည်။

"မအိမ်မြိုင်သမီးက အချောလေးပဲ ရီးကျေးဥရဲ့…မအေက ဘယ်သွားလို့တုံး"

"မြင်းခြံကို နှစ်ရက်သုံးရက် ပြေးသာ…အလုပ်ကိစ္စခေါ်လို့…"

"ရီးကျေးဥနဲ့တော့ နေသားပါလား…"

"နေသယ်…ရောက်စတုန်းက စိမ်းသေးတော့ ပြောစကားဆိုစကား နားမထောင်ချင် ဘူး…ခုတော့ ခင်ရှာပါပြီ…ခေါ်သာတော့ ကျေးဥသဲ့လေ…"

မေးသူတွေက မေးတော့လည်း ရီးကျေးဥက အလိုက်သင့် ဖြေရပါ၏။

အလှူအဝင်ည…။

ညဦးပိုင်းတုန်းကတော့ မဏ္ဍပ်ထဲမှာ ရွာမောင်းဆိုင်းနှင့် ရွာမင်းသမီးတို့ ဧည့်ခံကလေး ပါသဖြင့် အလှူကူလုပ်ကြရင်း အလှူအိမ်ရောက်ကြရသည်။ ချက်သူတွေက ချက်၊ ဖက်စိမ်းကွမ်း တောင် ထိုးသူတွေက ထိုး၊ မနက်ဖြန် ရှင်လောင်းလှည့်ရန် ပြင်သူတွေက ပြင်၊ ပရိက္ခရာတွေ နေရာချသူတွေက ချ။ မောင်းဆိုင်းနှင့် မင်းသမီးက,တာကို မအိမ်စို သဘောကျနေသည်။ မင်းသမီးကို ကြည့်ရင်း သူကပါ မဏ္ဍပ်ထဲမှာ လိုက်က,နေသဖြင့် ပွဲကျနေကြသည်။ ရီးကျေးဥ ကတော့ သူ့အမေကြီး မအိမ်ကံသာရှိလျှင် သည်လိုက,တာကို ကြိုက်ပါ့မလား တွေးနေမိသည်။ မအိမ်စို ပျော်နေတာတွေ့တော့လည်း သူနေချင်သလောက် နေပေးရပါ၏။ မောင်းဆိုင်းပြီးလို့ သိမ်းတာတောင် မအိမ်စို မပြန်ချင်။ ရီးကျေးဥကို ကလန်ကဆန် လုပ်လာခဲ့သည်။ ဆူဆူပူပူ ဖြစ်လာခဲ့သည်။ ကျေးဥတစ်ယောက်တည်း ပြန်တော့၊ မဏ္ဍပ်ထဲမှာပဲ အိပ်တော့မည်ဆိုတာ မျိုးဖြင့် တင်းမာလာခဲ့တော့သည်။ ရီးကျေးဥက ချော့သော်လည်း မရ။ မဏ္ဍပ်ထဲက လူတွေက သည်အဖြစ်ကို မြင်သည့်အခါ ရယ်ကြပါ၏။

"ရီးကျေးဥရယ်…ကလေးက ပျော်နေသဲ့ဥစ္စာ…နေပါစေလား…ကျွန်မတို့ ပြန်ပို့ပါ့ မယ်…ထားခဲ့ပါတော့…"

"ညဉ့်နက်နေပါပြီအေ…ထားခဲ့လို့မဖြစ်ဘူး…ကလေးက တော်တော်ရယ်…"

တော်တော်ရယ် ဆိုသည့်စကားက ပြောမနိုင် ဆိုမနိုင် ခပ်ကြောင်ကြောင်ကလေးလို့ ပြောခြင်းဖြစ်ကြောင်း သဘောပေါက်ကြ၏။ အလှူမဏ္ဍပ်မှာ ထားခဲ့ဖို့ စိတ်မချစရာမရှိသော် လည်း ဒုံးပေကတ်သတ် ဖောက်တိဖောက်ထိုး လုပ်မည့်ကလေးမှန်း သိသဖြင့် မထားခဲ့လိုခြင်း ဖြစ်သည်။ ကလေးဆိုသော်လည်း ဆယ့်လေးငါးနှစ် အပျိုမပေါက်တစ်ပေါက်ဆိုတော့ ကိုယ်နှင့် မကွာ ထားချင်တာလည်းပါပါ၏။ ရီးကျေးဥက လူရှင်းသွားချိန်အထိ စောင့်နေပြီးမှ ချော့ချော့ မော့မော့ ပြန်ခေါ်လာခဲ့ရသည်။ သည်လိုဆိုတော့လည်း အသာတကြည် လိုက်ရှာပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"မနက်ဖြင် အမေပြန်လာတော့မှာပါ ကလေးရယ်…အမေလာတော့ မင်းသမီးက,သာလာကြည့်လှည့်…ကြားလား ငါ့မြေး…"

"မင်းသမီး က,မှာလား…"

"က,မှာပေါ့…မနက်ဖြင် ပိုတောင်က,ဦးမှာ…"

ထိုညက လရောင်ရှိသည်။ မအိမ်စိုနှင့် ရီးကျေးဥ ပြန်ကြတော့ သန်းခေါင်ကြက်ပင်တွန်ခဲ့ပြီ။ အလှူအိမ်ဘက်ဆီက အသံတွေပင် ငြိမ်သွားခဲ့ပြီ။ တအိုးတအောင့် နားကြခြင်းသာဖြစ်၍ မနက် အရုဏ်မတက်မီ ပြန်ထကြရတော့မည်။ အလှူ့ဝေယျာဝစ္စတွေက အများသားမဟုတ်လား။ မအိမ်စိုကို မနက် ရှင်လောင်းလှည့်တာ လိုက်ပြဖို့ ရီးကျေးဥ တွေးထားခဲ့ပါ၏။ မအိမ်စိုက ရီးကျေးဥဘေးမှာ အိပ်ရင်းက လက်ဆစ်တွေ တဖျောက်ဖျောက်ချိုးနေလို့ ညဘက်လက်ဆစ်မချိုးရဘူး ငါ့မြေးရဲ့ လုပ်ရသေးသည်။ ဒါတောင် ချိုးတော့ ဘာဖြစ်လို့တုံး မေးနေလို့ မနည်းအိပ်ခိုင်းရပါ၏။ မနက်စောစောထ၊ အလှူလှည့်ကြည့်ရဦးမှာ၊ မနိုးဘဲနေလိမ့်မယ်ဆိုတော့မှ ငြိမ်ကျသွားခဲ့သည်။ ရီးကျေးဥလည်း မှေးခနဲ အိပ်ပျော်သွားခဲ့ပါ၏။

■

"ရီးကျေးဥ…ရီးကျေးဥ…ဘကြီးဖိုးတုတ်…ထကြပါဦး…"

အသံတွေက ဝိုင်းဝဆီက ဖြစ်၏။ လူတွေ ဘာဖြစ်နေကြတာပါလိမ့်။ အော်သံတွေက ဆူပွက်နေသည်။ ရီးကျေးဥက အိပ်ချင်မူးတူးဖြင့် ထထိုင်ကာ မအိမ်စိုကို စမ်းသည်။ အိမ်ထဲမှာ မှောင်နေသေး၍ဖြစ်၏။ မအိမ်စို မရှိ။ ဘယ်များရောက်နေပါလိမ့်။ မအိမ်စိုကိစ္စ ခဏထားကာ အိမ်ရှေ့က ခေါ်သံတွေဆီ အရင်ထလာခဲ့သည်။ အိမ်က အိမ်သား ကိုဖိုးတုတ်ပင် တံခါးဝရောက်နေပြီ။ တံခါးကြီးနှစ်ချပ်မှာ ကန့်လန့်လျှိုထားသော ဝါးတွေမရှိ။ တန်းဖွင့်လိုက်ရုံဖြင့်ပွင့်သွားတာကလည်း ထူးဆန်းသား။ ဟုတ်ပါရဲ့။ အိမ်ရှေ့မှာ ယောကျ်ား မိန်းမ လေး,ငါးဆယ်ယောက် ရပ်နေကြသည်။

"ရီးကျေးဥ…ကလေးမလေးကော…"

"ဟဲ့…ဘယ်ကလေးမလေးလဲ…ဘာတွေဖြစ်နေကြသာတုံး…"

"မအိမ်မြိုင်သမီးကလေးဟာကောဗျာ…"

"ရှိသယ်…ပြောပါဦး ဘာဖြစ်လို့လဲ"

"မနက်ကြီး လေးနာရီလောက်က မဏ္ဍပ်ထဲ ရောက်လာသယ်…အားလုံး ခဏမှေးနေကြတုန်း ရောက်လာသာ…ထမင်းချက်သဲ့လူတွေက မအိပ်ကြတော့ မဏ္ဍပ်ထဲ စွတ်ခနဲဝင်သွားသာ တွေ့လိုက်ကြသယ်…အဲသာ…ဖက်စိမ်းကွမ်းတောင်ကြီး စားပွဲပေါ်တင်ထားသာ ပိုက်ပြေးလို့…"

"ဘုရား…ဘုရား…ဟုတ်ကဲ့လားဟယ်…ကိုဖိုးတုတ်ရေ…မအိမ်စို ရှာစမ်းပါဦး…မကြုံကောင်း မစည်ရာတော်…"

လူတွေအားလုံး ဝိုင်းတိုက်ထဲ ဝင်လာခဲ့ကြသည်။ ဒေါသဖြစ်သူတွေက ဖြစ်နေကြသည်။ ပြန်တွေ့လျှင်တွေ့, မတွေ့လျှင် တုတ်ဆွဲ ဓားဆွဲ ရှိကြတော့မည့်မျက်နှာတွေ။ မအိမ်စိုကို အရင်ရှာကြရသည်။ အိမ်ထဲမှာ မရှိ။ သေချာအောင် ရှာကြသည်၊ မရှိ။ တစ်ဝင်းလုံး ပတ်ရှာကြ



သည်၊ မတွေ့ပါ။ ရီးကျေးဥက နာမည်ကို တစာစာခေါ်သည်၊ မထူး။ ဒါဆိုလျှင် အလှူအိမ်က ဖက်စိမ်းကွမ်းတောင် သွားပွေ့ပြီးကတည်းက ပြန်မရောက်လာတာ သေချာပြီ။ ဖက်စိမ်းကွမ်းတောင် ပျောက်တာက ပြဿနာတစ်ခု။ လူကိုယ်တိုင် ပျောက်နေတာက ပိုဆိုးသည်။ မတော်တရော် တခြားရွာတွေဘက် လျှောက်သွားတာမျိုးလည်း ဖြစ်နိုင်သည်။ အရှေ့ကိုသွားသလား၊ အနောက်ကို သွားသလား။ အိမ်ကြိုအိမ်ကြားတွေကဖြတ်ပြီး သစ်ခင်းတွေဘက်ပဲ ဆင်းရော့လား။ ရီးကျေးဥတို့လင်မယား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရုံကလွဲ၍ မစဉ်းစားတတ်အောင် ဖြစ်ရပါ၏။ ကောင်းကင်ဆီက ရောင်နီပင် ပျို့ခဲ့ပြီ။ မဏ္ဍပ်ထဲက ထလိုက်လာခဲ့သည့်လူတွေသာမက ရပ်ရွာထဲက လူတွေပါ ဝိုင်းတိုက်ထဲမှာ ပြည့်နေကြပြီ။

"ဟော…ဟိုမှာ…ရက်ကန်းစင်ဟောင်းတွေကြားထဲ ပုန်းနေသာဟေ့…ပြေးပြီ…ပြေးပြီ"

ရိပ်ခနဲ လှုပ်ရှားလိုက်သော မအိမ်စို၏သဏ္ဌာန်ကို အားလုံးက လှမ်းမြင်လိုက်ကြရသည်။ ဖက်စိမ်းကွမ်းတောင်ကိုပိုက်ရင်း ပဲမှော်တိုက်ဘက်ကိုအထွက် မြင်လိုက်ကြခြင်းဖြစ်သည်။ မအိမ်စိုက ရက်ကန်းစင်ဟောင်းတွေကြားမှာ ပုန်းနေရာက လူတွေများလာတော့ ထိတ်လန့်သွားပုံပေါ်သည်။ ပိုမိုလုံခြုံသည့် ပဲမှော်တိုက် စောင်းစောင်းကြီးအောက်ကို ပြေးဝင်ရန် ရွေးလိုက်ခြင်းဖြစ်၏။ လူတွေအားလုံး ပဲမှော်တိုက်ကို ဝိုင်းလိုက်ကြလေပြီ။ အတွင်းကို မမြင်ရ။ ချုံတွေနွယ်တွေက သိပ်သိပ်သည်းသည်း ဖုံးအုပ်ထားသဖြင့် မအိမ်စိုကိုကော ဖက်စိမ်းကွမ်းတောင်ကိုပါ မမြင်နိုင်ကြဘဲ ဖြစ်နေခဲ့သည်။ ရီးကျေးဥက ဝင်ပေါက်ကို သိသဖြင့် စွတ်ခနဲ ဝင်လိုက်သွားခဲ့သည်။ ဖက်စိမ်းကွမ်းတောင်ကို ဘေးချကာ ရင်တုန်ပန်းတုန် ထိုင်နေသော မအိမ်စို…။ ရီးကျေးဥကို သနားစဖွယ် မော့ကြည့်နေရှာပါ၏။ အမှားလုပ်ခဲ့ပြီဆိုတာကို သိနေသည့်မျက်နှာကလေးက ညှိုးနွမ်းလွန်းလှသည်။

"ကျေးဥ…"

"လာ…ထွက်ခဲ့တော့သမီး…လာ…သည်အထဲက မကောင်းဘူး…"

မအိမ်စိုလက်ကို ဆတ်ခနဲ ဆွဲကာ ချုံတွေကြားက ထွက်လာခဲ့ကြသည်။ ဖက်စိမ်းကွမ်းတောင်ကတော့ ကျန်ရစ်ခဲ့သည်။ မအိမ်စိုနှင့် ရီးကျေးဥကို လူတွေက ဝိုင်းကြည့်နေကြဆဲ။ ဘယ်မှာလဲ ဖက်စိမ်းကွမ်းတောင်။ အလှူအိမ်က လိုက်လာသူတွေက စိတ်မရှည်နိုင်ကြတော့သလို ပဲမှော်တိုက်ဝင်ပေါက်ကို တိုးကြဖို့ ချုံတွေ နွယ်တွေ ဆွဲပစ်နေကြသခိုက်မှာပင်…။

အိခနဲ လှုပ်သွားခြင်းနှင့်အတူ ပဲမှော်တိုက်ကြီးတစ်ခုလုံး စောင်းစောင်းကြီး တည်နေရာမှ ဝုန်းခနဲ ပြိုကျသွားလေသည်။ ချုံတွေနွယ်တွေပါ ရောထွေးပါသွားသဖြင့်လည်းကောင်း၊ ယက်မ, ဆင့်တန်းများ, အခြင်ရနယ်များ, ခင်းပျဉ်ဟောင်းများ, ထရံဆွေးများအားလုံး ဦးစောက်ကျွမ်းပြန် ပြိုကျသွားသဖြင့်လည်းကောင်း ကြောက်စရာကောင်းလှသော အသံကြီး ဟည်းထသွားခဲ့လေသည်။ ပိုးထိုးကျွန်းတိုင်ကြီးတွေက မြေမှကျွတ်ကာ ပိုးလိုးပက်လန် လန်နေကြပြီ။ လေပြင်းမုန်တိုင်းဒဏ် ခံလိုက်ရသော တဲဟောင်းတစ်လုံးကဲ့သို့ ရစရာမရှိအောင် ပြိုကျသွားခဲ့သော ထိုမြင်ကွင်းသည် ရွာသူရွာသားတို့ရှေ့တွင် အချိန်ကိုက် တွန်းလှဲလိုက်သကဲ့သို့ ရှိလေ၏။ ရှိရှိသမျှ ကြည့်နေကြသူတွေအားလုံး သွေးဆုတ်သွားကြသလို ထုံခဲခဲ အေးစက်စက် မလှုပ်မယှက်

www.burmeseclassic.com

www.burmeseclassic.com

ရှိကြလေ၏။ ရီးကျေးဥကတော့ ထူးဆန်းလှသောအဖြစ်ကို တစ်စုံတစ်ရာ သိနေသည့်ပမာ 'မအိမ်ကံရေ အမှျ…အမှျ…အမှျ…' ဟူ၍ နှုတ်ခမ်းကလေးလှုပ်ရုံ အမှျဝေနေခဲ့ပါ၏။

"'နတ်ကတော်ကြီး အမေသုန်ဟောခဲ့သည့် ညည်းတို့အမျိုးထဲက ကွမ်းတောင်ကိုင်ထွက်ဦးမှာပါအေ ဆိုတဲ့စကား မှန်နေပါပကော…။ ဒါဆိုရင်ပဲ မအိမ်ကံတစ်ယောက် ကျေနပ်နိုင်ရောပေါ့လေ…ညည်း မအိမ်စိုအဖြစ် ဝင်စားပြီးများ ကွမ်းတောင်ကို ရအောင်ကိုင်ခဲ့ရော့သလား မအိမ်ကံရယ်…" လို့လည်း ရီးကျေးဥ ကိုယ့်ဘာသာ တွေးနေမိသည်။

တစ်ယောက်က ထအော်လိုက်သည်။

"ဟော့ စန်းမောင်…ပြေးစမ်း…မစိန်လှတို့ညီအစ်မကို ဖက်စိမ်းကွမ်းတောင်တစ်တောင် အမြန်ချိုးခိုင်းချေစမ်း…အလှူရှင်လောင်းလှည့် ပျက်လို့မဖြစ်ဘူး…ကိုင်း…အားသဲ့လူက အပြိုအပျက်တွေ ဝိုင်းရှင်းကြဗျာ…အလှူကူရမယ့်လူတွေက မဏ္ဍပ်ကိုသွားကြတော့…"

ဘကြီးဖိုးတုတ်က တဆတ်ဆတ် တုန်ရီနေရှာသည့် မအိမ်စိုကို ဝေးရာဘက် ခေါ်လာခဲ့သည်။ ထိုစဉ်မှာပင် မဏ္ဍပ်ဆီက မင်္ဂလာရေကင်းသံကြီး ထွက်ပေါ်လာခဲ့လေပြီ။ ဖောင်ချမ်းကုန်းရွာသည်လည်း ပျို့လာသော အလင်းရောင်နှင့်အတူ ပြန်လည်လှုပ်ခုန်လာခဲ့လေ၏။

■

BURMESE CLASSIC .com

တစ်ခါက မြင်းခြံနယ် ဖောင်ချမ်းကုန်းရွာကလေးတွင် အလွန်တရာ ချောမောလှပသလောက် စိတ်မနော ဖြူစင်သော မအိမ်ကံဆိုသူ မိန်းမသားတစ်ယောက်၏ ဘဝဇာတ်လမ်းသည် ဤတွင် တစ်ခန်းရပ်ခဲ့လေပြီ။ မျိုးဆက်သုံးဆက်အထိ အတိဒုက္ခ ပင်လယ်ဝေခဲ့သောအဖြစ်အပျက်များသည်လည်း အဆုံးသတ်သွားခဲ့ပါ၏။ ထူးဆန်းသည်ဟု ပြောနိုင်သည့်အချက်မှာ ပဲမှော်တိုက်ကြီး ပြိုကျသွားခဲ့ပြီးသည့်နောက်ပိုင်း မအိမ်ကံ ဝင်စားသည်ဆိုသော မအိမ်စို တစ်ယောက်မှုမှန်စိတ်ဖြင့် နူးညံ့ရည်မွန်သော မိန်းမချောတစ်ယောက်အဖြစ် ထင်ရှားလာခဲ့ခြင်း ဖြစ်သည်။

ထို့ထက်ထူးဆန်းသည်ဟု ဆိုနိုင်သည့်အချက်မှာ မအိမ်စိုက ဖောင်ချမ်းကုန်းကို ရွာနေပြည်ထိုင်တစ်ယောက်လို သံယောဇဉ်တွယ်နေခြင်းဖြစ်ပါ၏။ မိခင်ဖြစ်သူ မအိမ်မြိုင် ထနောင်းတိုင်ရွာတွင် ကျောင်းဆရာမ တာဝန်ကျပြီဆိုသည့်အခါမှာ မအိမ်စို လိုက်မသွားတော့ဘဲ အမေကြီးကျေးနှင့် နေခဲ့မည်ဆိုလာသည့်အခါ အားလုံးက အံ့သြခဲ့ကြရသည်။ တစ်နေ့တစ်နေ့ ပုံထားသည့် ရက်ကန်းစင်တွေကို ကြည့်သည်။ ချည်ထုပ်ချည်ထည်ဟောင်းတွေ၊ ဆိုးဆေးအင်တုံကြီးတွေကအစ ရက်ကန်းနှင့်ဆိုင်သမျှအားလုံး အာရုံဝင်စားနေတတ်သော မအိမ်စိုကို ရီးကျေးဥ မြင်တွေ့နေရသည်။ ရက်ကန်းနှင့်ပတ်သက်သမျှ ရီးကျေးဥကို မေးသည်။ မကြီးအေးငြိမ်ကို မေးသည်။ အမေကြီး မအိမ်ကံ၏ တစ်ခါက ကျော်ကြားခဲ့သော မအိမ်ကံ လက်ရက်ကန်းထည်တွေနှင့်မခြား မအိမ်စို လက်ရက်ကန်းထည်တွေ ပြန်လည်တစ်ခေတ်ဆန်းစေချင်ကြောင်း ပြောလာတော့ ရီးကျေးဥ မအံ့သြဘဲမနေနိုင်။ သည်တုန်းက ရီးကျေးဥကပင် ဟုတ်မှဟုတ်ပါ့မလား အောက်မေ့ခဲ့ပါသေးသည်။

"ဘိုးလေး ကိုစံကောင်းကိုခေါ်ပြီး ရက်ကန်းစင်တွေ ပြန်ဆင်ချင်သယ်…ရက်ကန်းသားတွေ ပြန်စုချင်သယ်…ရက်ကန်းရုံကြီး ခိုင်ခိုင်မာမာ ပြန်ဆောက်ချင်သယ် ကျေးဥရယ်…သမီး ရက်ကန်းခတ်ချင်သယ်…"

မအိမ်စိုသည် လူပင်မက စိတ်ကပါ မအိမ်ကံနှင့် တူလွန်းလှသည်။ သူဖြစ်ချင်ရာကို မရမက အကောင်အထည်ဖော်ပြီဆိုတော့ ရီးကျေးဥတို့တစ်တွေလည်း မနေသာတော့။ ရန်ကုန်က ဘကြီးမြတ်သာကပဲ မအိမ်စိုသဘောကျ စီမံဆောင်ရွက်ပေးရပါတော့၏။ မအိမ်စိုက အိမ်ကြီးကို ပြန်လည်ပြုပြင်ပြီး အိမ်ကြီးပေါ်မှာပဲ နေသည်။ ဘကြီးဖိုးတုတ်နှင့် ရီးကျေးဥကို မိဘအရာထား၍ မကြီးအေးငြိမ်က ရက်ကန်းခေါင်း ဖြစ်လာခဲ့သည်။

သူကြီးမင်း ဘိုးသာထန်တို့ မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်ခဲ့သော ပျဉ်ထောင်အိမ်ကြီးမှာ ရေနံရောင်တစိုစိုဖြင့် အသက်ပြန်ဝင်လာခဲ့ပြန်လေပြီ။ မအိမ်စိုက ပဲမှော်တိုက်နေရာမှာ ကံကော်ပင် (ကံ့ကော်ပင်)တစ်ပင်စိုက်ခဲ့သည်။ အမေကြီး မအိမ်ကံ ဖြစ်လေရာဘဝ ကံကောင်း အကြောင်းလှပါစေသားလို့လည်း ဆုတောင်းလိုက်ပါသေး၏။ ဆပ်သွားဖူးရုံဟောင်း မရှိတော့သည့် မြေပက်လက်မှာ ဆပ်သွားဖူးပင်သစ် စိုက်ခဲ့သည်။ သရက်တောအုပ်ကို ရှင်းလိုက်ပြီး နှင်းဆီတော၊ စံပယ်တော ဖြစ်စေခဲ့သည်။ ခတ္တာ၊ ဇလပ်ဖြူ၊ လေးကျွန်းစကြာပန်းတွေ ဝေကြပြီ။ ရက်ကန်းသံတွေ ညံခဲ့ပြီ။ ခြူကုံးသံတွေ လွင်ခဲ့ပြီ။

'ဖက်စိမ်းကွမ်းတောင် အမှတ်တံဆိပ်၊ မအိမ်စို လက်ရက်ကန်းထည်များ
အရောင်အသွေး အာမခံ၊ ဖောင်ချမ်းကုန်း၊ မြင်းခြံမြို့နယ်'

ရီးကျေးဥက ပုံနှိပ်စက္ကူစကလေးတွေကို ဖတ်ရင်း ပြုံးသည်။ ပါးပြင်ပေါ်သို့ မျက်ရည်တွေ တလိမ့်လိမ့် ကျဆင်းလာခဲ့သည်။

"ရှင်အိမ်ကံရယ်…ညည်း ငါ့ကိုလွမ်းလွန်းလို့ အစားပြန်ရောက်လာသာလားအေ… ညည်းမြေးမ မအိမ်စိုက ညည်းမှညည်းအစစ်ပါအေ…ငါဖြင့် စိတ်ချမ်းသာလိုက်သာတော်…သည်အိမ်ကြီးကို ညည်းပြန်ရောက်လာသလိုပါပဲလား…ခဲတံတစ်ချောင်း ဆံထုံးမှာထိုးပြီး ရက်ကန်းရုံထဲ ဝင်ထွက်နေသာများ ညည်းမှညည်းအတိုင်းပါအေ…"

ပင်နီ လည်ထောင်အင်္ကျီကလေး ဝတ်ထားသော ကိုယ်သားကိုယ်ရေ ဝင်းဖန့်ဖန့်မိန်းမချော မအိမ်စိုကို လှမ်းကြည့်ရင်း ရီးကျေးဥ စကားတွေ တတွတ်တွတ် ဆိုနေမိ၏။

လေအဝေ့မှာ ဆပ်သွားဖူးပန်းရုံပျိုဆီက ပန်းရနံ့တို့ ကြိုင်ခနဲ သင်းသွားလေသည်။ ဆပ်သွားဖူးပန်းတွေတောင် ပွင့်ကြပြီကော…။

"ပျိုလေးတို့ဗိုင်းရစ်ခုံ…ပန်းပုံလို့ပေး
ဘယ်အပျို ပန်ပြီလဲ…မောင်ကြီးကိုမေး…။
ဘယ်အပျိုမှ ပန်ပါဘူးကွယ်…ပန်ဦးမို့လေး…။
ဒေါင့်တလိပ် ခုနစ်စင်…ဘယ်ခင်ကမွှေး
ပျိုတို့မောင် စင်တော်မြင့်က…လေသင့်ရာမွှေး…။"

■

ခင်ခင်ထူး

www.burmeseclassic.com